ဗုဒ္ဓသာသနာ၊ ဘာသာလူမျိုး
မြတ်နိုးစည်ပင်၊ ဆင်ယင်ကျင်းပ
သုတစုံလင် ဗုဒ္ဓဝင်

# သုတစုံလင် ဗုဒ္ဓဝင်

## လေ့လာမှတ်သား သင်ခန်းစာများ

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲဝင်
ကျောင်းသား၊ ကျောင်းသူများအတွက် အထူးစီစဉ်သည်။

သာသနာနှစ် ၂၅၅၈ မြန်မာနှစ် ၁၃၇၆

ဗုဒ္ဓသာသနာ၊ ဘာသာလူမျိုး
မြတ်နိုးစည်ပင်၊ ဆင်ယင်ကျင်းပ
သုတစုံလင် ဗုဒ္ဓဝင်

# သုတစုံလင် ဗုဒ္ဓဝင်

## လေ့လာမှတ်သား သင်ခန်းစာများ

သာသနာနှစ် ၂၅၅၈ မြန်မာနှစ် ၁၃၇၇

ဤစာအုပ်ကို

သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲဝင်

ကျောင်းသား/ကျောင်းသူများအတွက်

အထူးစီစဉ်ထားပါသည်။

စာအုပ်ရနိုင်သည့်ဌာန

------

သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ရုံးခန်း
သီရိမင်္ဂလာကျောင်း၊ သာဓုပရိယတ္တိစာသင်တိုက်
နတ်စင်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖုန်း−၀၉၂၅၃၅၈၃၆၇၉၊ ၀၉၇၉၇၂၀၂၄၈၄။

# မာတိကာ

## အခန်း(၁)၊ အခြေခံယဉ်ကျေးမှု


| | |
|---|---|
| ကန်တော့ချိုး | ၁ |
| ရှိခိုးရခြင်းအကြောင်း | ၁၃ |
| ရှိခိုးခြင်း သုံးမျိုး | ၁၃ |
| ထိခြင်းငါးပါး ရှိခိုးခြင်း | ၁၄ |
| ကံ သုံးပါး | ၁၄ |
| ကံကို ယုံသလား | ၁၄ |
| ကံနှင့်လက်တွေ့ဘဝ | ၁၅ |
| ကံဆိုသည်မှာအဘယ်နည်း | ၁၈ |
| ကံ၏အခြေအမြစ် | ၁၉ |
| ကံ၏အကျိုးတရားများ | ၂၀ |
| ချိန်ကွဲကျိုးဖန် ကံသုံးတန် | ၂၂ |
| အဟောသိကံ | ၂၃ |
| လေးပါးအင်္ဂါ | ၂၄ |
| ကိစ္စအားဖြင့် ကံလေးမျိုး | ၂၅ |
| အလှည့်ကျတာဝန်ယူသော ကံလေးမျိုး | ၂၆ |
| ကံချင်းမတူ လူချင်းမတူ | ၂၇ |
| ရတနာမည်ပုံ | ၃၀ |
| ရတနာ၏လက္ခဏာ | ၃၀ |
| ဗုဒ္ဓရတနာ | ၃၀ |

# မာတိကာ

ဓမ္မရတနာ ............................ ၃၂
သံဃရတနာ ............................ ၃၃
ရတနာသုံးပါး၏ဂုဏ်တော်များ ............................ ၃၄
အနက်အကျဉ်းချုပ် ............................ ၃၄
ဘုရားဂုဏ်တော် အာရုံပြုရကျိုး ............................ ၃၅
တရားဂုဏ်တော်(၆)ပါး ပါဠိ ............................ ၃၅
အနက်အကျဉ်းချုပ် ............................ ၃၅
တရားဂုဏ် အာရုံပြုရကျိုး ............................ ၃၆
သံဃာ့ဂုဏ်တော်(၉)ပါး ပါဠိ ............................ ၃၆
အနက်အကျဉ်းချုပ် ............................ ၃၇
သံဃာ့ဂုဏ် အာရုံပြုရကျိုး ............................ ၃၈
လက္ခဏာတော်ကြီး၃၂-ပါး ............................ ၃၈
အပါယ်လေးပါး ............................ ၄၁
ကပ်သုံးပါး ............................ ၄၁
ကပ်ဆိုက်ပုံ ............................ ၄၂
ရပ်ပြစ်ရှစ်ပါး ............................ ၄၂
ရန်သူမျိုးငါးပါး ............................ ၄၃
ဝိပတ္တိတရားလေးပါး ............................ ၄၃
ဗျသနတရားငါးပါး ............................ ၄၃
သရဏဂုံကဏ္ဍ ............................ ၄၄
သရဏဂုံအကြောင်း ............................ ၄၅
သရဏဂုံ အရေးပါပုံ ............................ ၄၅
သရဏဂုံ ညစ်နွမ်းခြင်း(၄)မျိုး ............................ ၄၆
သရဏဂုံနှစ်မျိုး ............................ ၄၆
သရဏဂုံဆောက်တည်ခြင်းအကျိုး ............................ ၄၆
ငါးပါးသီလ လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး ............................ ၄၇
အပြဟ္မစရိယ သိက္ခာပုဒ်အဓိပ္ပါယ် ............................ ၅၁
ဝိကာလဘောဇနေသိက္ခာပုဒ်အဓိပ္ပါယ် ............................ ၅၁

နစ္စ, ဂီတ စသော သိက္ခာပုဒ်အဓိပ္ပါယ် ...................... ၅၂
ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အဓိပ္ပါယ်...................... ၅၂
ကိုးပါးသီလ အဓိပ္ပါယ်ဖွင့်ဆိုချက် ...................... ၅၃
မေတ္တာအကျိုး (၁၁)မျိုး ...................... ၅၅
သီလအမျိုးမျိုး ...................... ၅၆
ဒါနအကြောင်း သိကောင်းစရာ ...................... ၆၂
ဒါနအမျိုးမျိုး ...................... ၆၃

## အခန်း(၂) ကြီးပွားချမ်းသာမင်္ဂလာ တရားတော်များ

မင်္ဂလသုတ်အပျိုး ............. ၇၁
မင်္ဂလာတစ်ပါးစီ၏ အဓိပ္ပါယ်အကျဉ်း ............. ၇၂
၁။ အသေဝနာစဗာလာနံ=အတောင်ကျိုးသည့် ကြိုးကြာငှက် ....... ၇၉
၂။ ပဏ္ဍိတာနဉ္စသေဝနာ=ခေါင်းဆောင်နှစ်ဦး ............. ၈၁
၃။ ပူဇာစ ပူဇနေယျာနံ=သုမနပန်းသည် ............. ၈၃
၄။ ပတိရူပဒေသဝါသောစ=မာတိကမာတာနှင့် မထင်ရှားသောရဟန်း. ၈၅
၅။ ပုဗ္ဗေစ ကတပုညတာ=ထင်းခွေယောက်ျားနှင့်ဆင်ဆရာ ....... ၈၆
၆။ အတ္တသမ္မာပဏိဓိစ=အခါမဟုတ်တွန်သော ဥသြ ............. ၈၈
၇။ ဗာဟုသစ္စဉ္စ--=ခါင်းဆောင်ကောင်း ............. ၈၉
၈။ သိပ္ပဉ္စ=သဘော်သမှူးကြီး ............. ၉၁
၉။ ဝိနယောစ သုသိက္ခိတော=မင်းကောင်းမင်းမြတ်(၂)ပါး ......... ၉၂
၁၀။ သုဘာသိတာ စ ယာဝါစာ=စကားအရာလိမ္မာသူ ............. ၉၄
၁၁။ မာတာပိတု ဥပဋ္ဌာနံ=သားလိမ္မာ ............. ၉၆
၁၂။ ပုတ္တဒါရဿ သင်္ဂဟော=အနာထပိဏ်သူဌေး၏
သား မောင်ကာဠ ............. ၉၇
၁၃။ အနာကုလာစ ကမ္မန္တာ=ကြွက်သေတစ်ခု အရင်းပြု၍ .......... ၉၉
၁၄။ ဒါနဉ္စ=ဥမ္မာဒန္တီ၏ ဒါနကုသိုလ် ............. ၁၀၁

# မာတိကာ


၁၅။ ဓမ္မစရိယာစ=မိလကမထေရ်ဝတ္ထု ............. ၁၀၂

၁၆။ ဉာတကာနဋ္ဌ သင်္ဂဟော=ဘုရားလောင်းကျိုးမင်း ............. ၁၀၄

၁၇။ အနဝဇ္ဇာနိ ကမ္မာနိ=မဃလုလင် ............. ၁၀၅

၁၈။ အာရတီ(ပါပါ)=သစ္စာခိုင်ကြည် စန္ဒကိန္နရီ ............. ၁၀၇

၁၉။ ဝိရတီ(ပါပါ)=ကိုယ်နှုတ်ထိန်းသိမ်း မင်းသားလေး ............. ၁၀၈

၂၀။ မဇ္ဇပါနာ စ သံယမော=အရက်သောက်လျှင် သေပွဲဝင် ......... ၁၀၉

၂၁။ အပ္ပမာဒေါ စ ဓမ္မေသု=တရားမမေ့ ကောင်းရာတွေ့ ......... ၁၁၀

၂၂။ ဂါရဝေါစ=အာယုဝဍ္ဎနသတို့သား ............. ၁၁၁

၂၃။ နိဝါတောစ=အရှင်သာရိပုတ္တရာ၏ နိဝါတ ............. ၁၁၃

၂၄။ သန္တုဋ္ဌီစ=ရောင့်ရဲသူနှင့် မရောင့်ရဲသူများ ............. ၁၁၄

၂၅။ ကတညုတာ=ကျေးဇူးသိသူ ............. ၁၁၅

၂၆။ ကာလေန ဓမ္မဿဝနံ=ဖားနတ်သား ............. ၁၁၇

၂၇။ ခန္တီစ=ခန္တီပြည့်ဝရှင်ပုဏ္ဏ ............. ၁၁၈

၂၈။ သောဝစဿတာ=ရန်ကိုရန်ချင်း မတုံ့နှင်းသော် ............. ၁၁၉

၂၉။ သမဏာနဋ္ဌ ဒဿနံ=ခုနစ်နှစ်အရွယ် ရဟန္တာငယ် ............. ၁၂၁

၃၀။ ကာလေန ဓမ္မသာကစ္ဆာ=ပညာရှိနှစ်ဦး ............. ၁၂၃

၃၁။ တပေါစ=ငြိုးခြိစွာကျင့်နိုင်သူ ............. ၁၂၄

၃၂။ ဗြဟ္မစရိယဋ္ဌ=အရှင်မဟာကဿပဝတ္ထု ............. ၁၂၆

၃၃။ အရိယသစ္စာနဒဿနံ=ကျားပါးစပ်၌ တရားမြတ်ရသူ ......... ၁၂၇

၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ=သားနှင့်ဖခင် နိဗ္ဗာန်မြင် ............. ၁၂၈

၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ=
အသိတာဘူ မင်းသမီး ............. ၁၂၉

၃၆။ အသောကံ=တရားပြည့်ဝသော မိသားစု ............. ၁၃၀

၃၇။ ဝိရဇံ=အချစ်အတွက် လေးဘဝ ပေးဆပ်ခဲ့ရသူ ............. ၁၃၁

၃၈။ ခေမံ=ဘဒ္ဒိယဝတ္ထု ............. ၁၃၃

## အခန်း(၃) ဗုဒ္ဓဘာသာစာရိတ္တဆိုင်ရာ လိုက်နာကျင့်သုံးဘွယ်များ

ပရာဘဝသုတ်လာ ကျင့်ဝတ်များ ...................... ၁၃၅

**သိင်္ဂါလောဝါဒ ကျင့်ဝတ်များ**

သားသမီးကျင့်ဝတ်- ၅ ပါး ...................... ၁၄၂

မိဘကျင့်ဝတ် ၅-ပါး ...................... ၁၄၂

တပည့်ကျင့်ဝတ် ၅-ပါး ...................... ၁၄၃

ဆရာကျင့်ဝတ် ၅-ပါး ...................... ၁၄၃

လင်ကျင့်ဝတ် ၅-ပါး ...................... ၁၄၃

မယားကျင့်ဝတ် ၅-ပါး ...................... ၁၄၄

မိတ်ဆွေကျင့်ဝတ် ၅-ပါး၊ ...................... ၁၄၄

ကျေးဇူးခံ မိတ်ဆွေကျင့်ဝတ် ၅-ပါး ...................... ၁၄၅

အလုပ်ရှင်ကျင့်ဝတ် ၅-ပါး ...................... ၁၄၅

အလုပ်သမားကျင့်ဝတ် ၅-ပါး ...................... ၁၄၅

ဒါယကာကျင့်ဝတ် ၅-ပါး ...................... ၁၄၆

ရဟန်းကျင့်ဝတ် ၆-ပါး ...................... ၁၄၆

နာယကကျင့်ဝတ် ၆-ပါး ...................... ၁၄၇

ဝသလသုတ်လာ သူယုတ်မာဖြစ်ကြောင်းတရားများ ................ ၁၄၈

ဇနသန္ဓဇာတ်တော်လာကျင့်ဝတ်များ(နောင်တ ၁၀-ပါး) ........... ၁၄၉

သမ္မဒိတရားလေးပါး ...................... ၁၅၀

**ယဉ်ကျေးမှု**

ကာယကံယဉ်ကျေးမှု၊ ကိုယ်အမူအရာယဉ်ကျေးခြင်း ............. ၁၅၃

ဝစီကံယဉ်ကျေးမှု၊ အပြောအဆို အသုံးအနှုန်းယဉ်ကျေးခြင်း ....... ၁၅၆

မနောကံယဉ်ကျေးမှု ...................... ၁၅၆

သာသနာနှင့်စပ် ကပ္ပိယဝေါဟာရများ ...................... ၁၆၀

# မာတိကာ

## အခန်း(၄) နှစ်ကျိပ်ငါးဆူ မဟာဗုဒ္ဓဝင်(အကျဉ်း)


ဒီပင်္ကရာဗုဒ္ဓဝင် ........ ၁၆၄
ကောဏ္ဍညဗုဒ္ဓဝင် ........ ၁၆၆
မင်္ဂလဗုဒ္ဓဝင် ........ ၁၆၈
သုမနဗုဒ္ဓဝင် ........ ၁၇၁
ရေဝတဗုဒ္ဓဝင် ........ ၁၇၂
သောဘိတဗုဒ္ဓဝင် ........ ၁၇၄
အနောမဒဿီဗုဒ္ဓဝင် ........ ၁၇၇
ပဒုမဗုဒ္ဓဝင် ........ ၁၇၈
နာရဒဗုဒ္ဓဝင် ........ ၁၈၀
ပဒုမုတ္တရဗုဒ္ဓဝင် ........ ၁၈၂
သုမေဓဗုဒ္ဓဝင် ........ ၁၈၄
သုဇာတဗုဒ္ဓဝင် ........ ၁၈၆
ပိယဒဿီဗုဒ္ဓဝင် ........ ၁၈၉
အတ္ထဒဿီဗုဒ္ဓဝင် ........ ၁၉၁
ဓမ္မဒဿီဗုဒ္ဓဝင် ........ ၁၉၃
သိဒ္ဓတ္ထဗုဒ္ဓဝင် ........ ၁၉၄
တိဿဗုဒ္ဓဝင် ........ ၁၉၆
ဖုဿဗုဒ္ဓဝင် ........ ၁၉၈
ဝိပဿီဗုဒ္ဓဝင် ........ ၁၉၉
သိခီဗုဒ္ဓဝင် ........ ၂၀၁
ဝေဿဘူဗုဒ္ဓဝင် ........ ၂၀၃
ကကုသန္ဓဗုဒ္ဓဝင် ........ ၂၀၅
ကောဏာဂမနဗုဒ္ဓဝင် ........ ၂၀၇
ကဿပဗုဒ္ဓဝင် ........ ၂၀၉

ဂေါတမဗုဒ္ဓဝင်

ဒီပင်္ကရာဘုရားထံ သုမေဓာ ဗျာဒိတ်ခံပုံ …………………… ၂၁၀
သုမေဓာ၏ဘဝအမြင် …………………… ၂၁၀
သုမိတ္တာကမ်းသည့် ကြာပန်း ၅-ခိုင် …………………… ၂၁၁
ခိုင်မာသော အဓိဋ္ဌာန်နှင့် ရဲရင့်သော ကြုံးဝါးချက် …………… ၂၁၂
ဘုရားအလောင်းတော် ပါရမီဖြည့်ကျင့်ပုံ …………………… ၂၁၃
ဒါနပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၁၃
သီလပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၁၄
နေက္ခမ္မပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၁၅
ပညာပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၁၅
ဝီရိယပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၁၆
ခန္တီပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၁၆
သစ္စာပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၁၇
အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၁၈
မေတ္တာပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၁၉
ဥပေက္ခာပါရမီ ဖြည့်ကျင့်တော်မူပုံ …………………… ၂၂၀
ပါရမီ(၁၀)ပါး၊ အပြား (၃၀) …………………… ၂၂၁
စရိယ (၃) ပါး …………………… ၂၂၁
စွန့်ခြင်းကြီး(၅)ပါး …………………… ၂၂၂
အတုမရှိ စွန့်လွှတ်၍ အတုမရှိ အောင်မြင်ခြင်း …………………… ၂၂၂
ကြည့်ခြင်းကြီးငါးပါး …………………… ၂၂၃
လုမ္ဗိနီဥယျာဉ်၌ ဖွားတော်မူခြင်း …………………… ၂၂၄
ကျူးရင့်ကြွေးကြော်သော စကားသုံးခွန်း …………………… ၂၂၅
အလောင်းတော်အား ထီးနန်းလွှဲအပ်ခြင်း …………………… ၂၂၆
နိမိတ်ကြီးလေးပါး မြင်တော်မူခြင်း …………………… ၂၂၆
တောထွက်တော်မူခြင်း …………………… ၂၂၇
မာရ်နတ်တား၍ နတ်ပြဟ္မာများကြိုဆိုခြင်း …………………… ၂၂၈
တစ်နန်းတော်လုံး ငိုကြွေးကြခြင်း …………………… ၂၂၉

ဗိမ္ဗိသာရမင်း တွေ့ဆုံလျှောက်ထားခြင်း ........................ ၂၂၉
သိဒ္ဓတ္ထသေပြီဟု နတ်တို့ထင်ခြင်း(ဒုက္ကရစရိယ) .................... ၂၃၀
သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခြင်း ........................ ၂၃၁
မာရ်နတ်ရန်ကို အောင်တော်မူခြင်း ........................ ၂၃၁
ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း ........................ ၂၃၂
သဗ္ဗညုတဉာဏ်တော်၏ စွမ်းရည်သုံးမျိုး ........................ ၂၃၃
ဘုရားအမည်ခံ တိတ္ထိဆရာကြီး ၆-ဦး ........................ ၂၃၄
သတ္တသတ္တာဟ စံနေတော်မူခြင်း ........................ ၂၃၄
တပုဿ ဘလ္လိက ညီနောင် မုန့်ဆွမ်းဦး လှူရခြင်း ................ ၂၃၆
တရားဟောရန် သဟမ္ပတိပြဟ္မာကြီးတောင်းပန်ခြင်း ................ ၂၃၇
လောကီဆရာကြီးနှစ်ဦး ကွယ်လွန်သွားခြင်း ........................ ၂၃၈
ဓမ္မစကြာတရားဦး ဟောတော်မူခြင်း ........................ ၂၃၉
ဗာရာဏသီသူဋ္ဌေးသား ယသနှင့် ၅၅-ဦး ရဟန်းပြုခြင်း .......... ၂၄၀
သာသနာပြု စေလွှတ်တော်မူခြင်း ........................ ၂၄၀
ရသေ့တစ်ထောင်တို့အား တန်ခိုးဖြင့်ချွေချွတ်ခြင်း ................ ၂၄၁

**ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခြင်း**

ဗိမ္ဗိသာရမင်း၏ ချင်ခြင်း ငါးမျိုး ........................ ၂၄၂
ဝေဠုဝန်ကျောင်းလှူပွဲကြီး ........................ ၂၄၃
ဗိမ္ဗိသာရ၏ဆွေမျိုးဟောင်း ပြိတ္တာများ ........................ ၂၄၃
ဥပတိဿ၊ ကောလိတတို့နှင့် သိဥ္စည်းဆရာကြီး ................ ၂၄၅
သတိပဋ္ဌာန်က္ကန္ဓော၏ ဆွဲဆောင်မှု ........................ ၂၄၆
လူ့အတန်းအစား နှစ်မျိုး ........................ ၂၄၆
ပထမဆုံး သံဃာ့အစည်းအဝေးကြီး ........................ ၂၄၇

**ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း**

တမန်တော်အမတ်များ စေလွှတ်ခြင်း ........................ ၂၄၈
ကာဠုဒါယီအမတ် ပင့်ဆောင်ခြင်း ........................ ၂၄၈
နိဂြောဓာရုံကျောင်းတော်သို့ ပင့်ဆောင်ခြင်း ........................ ၂၄၉

ရေမီးအစုံအစုံတန်ခိုးပြာဋိဟာပြ၍သာကီဝင်မင်းတို့၏
မာနကိုချိုးနှိမ်တော်မူခြင်း ........................ ၂၅၀
ဗုဒ္ဓဝင် ဟောကြားရန် တောင်းပန်ခြင်း ........................ ၂၅၂
ကပိလဝတ်ပြည်၌ ဆွမ်းခံကြွတော်မူခြင်း ........................ ၂၅၃
ယသောဓရာတိုက်ခန်းသို့ ကြွတော်မူခြင်း ........................ ၂၅၄
ညီတော်နှင့် သားတော်တို့အား ရှင် ရဟန်းပြုပေးခြင်း ............ ၂၅၅
သာကီဝင်နောင်ရေး မင်းကြီးပူဆွေးခြင်း ........................ ၂၅၆
သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါကျောင်းအမကြီး . ၂၅၇
ကျောင်းဒကာကြီး အနာထပိဏ် ........................ ၂၅၇
ကျောင်းအမကြီး ဝိသာခါ ........................ ၂၅၈
ဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်မြဲ ဗုဒ္ဓကိစ္စငါးပါး .......... ၂၅၉
(က)ပုရေဘတ္တကိစ္စ=နံနက်ခင်း လုပ်ငန်းစဉ် .......... ၂၆၀
(ခ) ပစ္ဆာဘတ္တကိစ္စ= နေ့လယ် လုပ်ငန်းစဉ် .......... ၂၆၁
(ဂ) ပုရိမယာမကိစ္စ= ညဦးယံ လုပ်ငန်းစဉ် .......... ၂၆၂
(ဃ) မဇ္ဈိမယာမကိစ္စ= သန်းခေါင်ယံ လုပ်ငန်းစဉ် .......... ၂၆၃
(င) ပစ္ဆိမယာမကိစ္စ= မိုးသောက်ယံ လုပ်ငန်းစဉ် .......... ၂၆၃
မြတ်စွာဘုရားရှင် ဝါဆိုတော်မူရာ မြို့ရွာ ဒေသများ ............ ၂၆၃
သာသနာ့ဝန်ဆောင်(၄)ဦး ............ ၂၆၄
ဘုရားရှင်အား နှောင့်ယှက်ကြသူများ ............ ၂၆၅

**အောင်ခြင်းရှစ်ပါး**

၁။ မာရ်နတ်သားကို အောင်တော်မူခြင်း .................. ၂၆၅
၂။ အာဠဝကဘီလူးကြီးကို အောင်တော်မူခြင်း .................. ၂၆၆
၃။ နာဠာဂီရိဆင်ကို အောင်တော်မူခြင်း .................. ၂၆၈
၄။ အင်္ဂုလိမာလကို အောင်တော်မူခြင်း .................. ၂၆၉
၅။ စိဉ္စမာနဝိကာကို အောင်တော်မူခြင်း .................. ၂၇၁
၆။ သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း .................. ၂၇၂
၇။ နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူခြင်း .................. ၂၇၃
၈။ ဗကဗြဟ္မာကြီးကို အောင်တော်မူခြင်း .................. ၂၇၄

မြတ်ဗုဒ္ဓသော်မှ ရှောင်လွှဲမရခဲ့သည့်ဝဋ်တော် တစ်ဆယ့်နှစ်ပါး
(၁) ပဌမဝဋ်တော် .............................. ၂၇၆
(၂) ဒုတိယဝဋ်တော် .............................. ၂၇၆
(၃) တတိယဝဋ်တော် .............................. ၂၇၇
(၄) စတုတ္ထဝဋ်တော် .............................. ၂၇၇
(၅) ပဥ္စမဝဋ်တော် .............................. ၂၇၈
(၆) ဆဋ္ဌမဝဋ်တော် .............................. ၂၇၈
(၇) သတ္တမဝဋ်တော် .............................. ၂၇၈
(၈) အဋ္ဌမဝဋ်တော် .............................. ၂၇၉
(၉) နဝမဝဋ်တော် .............................. ၂၇၉
(၁၀) ဒသမဝဋ်တော် .............................. ၂၇၉
(၁၁) ဧကာဒသမဝဋ်တော် .............................. ၂၈၀
(၁၂) ဒွါဒသမဝဋ်တော် .............................. ၂၈၀
ဝိပါက်တော်(၁၂)ပါး မှတ်ဖွယ်လင်္ကာ .............................. ၂၈၀
ဘုရားရှင်၏ ပရိနိဗ္ဗာန် အကြိုခရီး .............................. ၂၈၁
နာဠန္ဒာနှင့် ပါဋလိရွာ တရားပွဲ .............................. ၂၈၂
ကမ္ဘာအရပ်ရပ်သို့ ဓာတ်တော်များ ကြွတော်မူခြင်း ................ ၂၈၃

## အခန်း(၅) တေဒင်္ဂဘွဲ့ရကြသူများ

တေဒင်္ဂဘွဲ့ရ ရဟန္တာမထေရ်ကြီး(၄၁)ပါး .............................. ၂၈၅
တေဒင်္ဂဘွဲ့ရ ထေရီမကြီး(၁၃)ပါး .............................. ၂၈၇
တေဒင်္ဂဘွဲ့ရ ဥပါသကာ(၁၀)ဦး .............................. ၂၈၇
တေဒင်္ဂဘွဲ့ရ ဥပါသိကာ(၁၀)ဦး .............................. ၂၈၈
မြတ်စွာဘုရား၏ အဂ္ဂသာဝက, မဟာသာဝက ရဟန္တာထေရ်ကြီးများ. ၂၈၉

## အခန်း(၆) ဓမ္မပဒနှင့် ငါးရာငါးဆယ်ဇာတ်တော်များ


၁။ မဋ္ဌကုဏ္ဍလီ သတို့သားဝတ္ထု ........................ ၂၉၁

၂။ ကာဠီဘီလူးမဝတ္ထု ........................ ၂၉၅

၃။ စုန္ဒ ဝက်သတ်သမားဝတ္ထု ........................ ၂၉၈

၄။ မဟာဓမ္မိက ဥပါသကာဝတ္ထု ........................ ၃၀၀

၅။ သာမာဝတီမိဖုရား ဝတ္ထု ........................ ၃၀၃

၆။ မဃလုလင်ဝတ္ထု ........................ ၃၁၇

၇။ ပတိပူဇိကာ သတို့သမီးဝတ္ထု ........................ ၃၂၂

၈။ ဝိသာခါကျောင်းအမကြီးဝတ္ထု ........................ ၃၂၄

၁၀။ သုပ္ပဗုဒ္ဓ လူနူဝတ္ထု ........................ ၃၃၅

၁၁။ မဟာကပ္ပိနမထေရ်ဝတ္ထု ........................ ၃၃၇

၁၂။ အနာထပိဏ်သူဌေးကြီးဝတ္ထု ........................ ၃၄၁

၁၃။ ကာလသတို့သားဝတ္ထု ........................ ၃၄၄

၁၄။ အပဏ္ဏကဇာတ် ........................ ၃၄၇

၁၅။ နိဂြောဓဇာတ် ........................ ၃၅၁

၁၆။ ဘောဇာဇာနီယဇာတ် ........................ ၃၅၄

၁၇။ နန္ဒိဝိလာသဇာတ် ........................ ၃၅၇

၁၈။ ပဉ္စာဝုဓဇာတ် ........................ ၃၅၉

၁၉။ ကုဒါလပဏ္ဍိတဇာတ် ........................ ၃၆၂

၂၀။ ဘီမသေနဇာတ် ........................ ၃၆၅

၂၁။ ဂုဏဇာတ် ........................ ၃၆၉

၂၂။ သံဝရဇာတ် ........................ ၃၇၃

၂၃။ ကေဒါရဇာတ် ........................ ၃၇၈

၂၄။ မဟာဥက္ကုသဇာတ် ........................ ၃၈၄

၂၅။ တိလမုဋ္ဌိဇာတ် ........................ ၃၉၁

# မာတိကာ


| | |
|---|---|
| ၂၆။ သန္ဓိဘေဒဇာတ် | ၃၉၅ |
| ၂၇။ ဒေဝဓမ္မဇာတ် | ၃၉၈ |
| ၂၈။ မတကဘတ္တဇာတ် | ၄၀၂ |
| ၂၉။ နဠကပါနဇာတ် | ၄၀၅ |
| ၃၀။ မဟိဠာမုခဇာတ် | ၄၀၇ |
| ၃၁။ နစ္စဇာတ် | ၄၀၉ |
| ၃၂။ တေမိယဇာတ် | ၄၁၀ |
| ၃၃။ မဟာဇနကဇာတ် | ၄၁၁ |
| ၃၄။ သုဝဏ္ဏသာမဇာတ် | ၄၁၂ |
| ၃၅။ နေမိဇာတ် | ၄၁၃ |
| ၃၆။ မဟာဥမင်(မဟောသဓ)ဇာတ် | ၄၁၄ |
| ၃၇။ ဘူရိဒတ္တဇာတ် | ၄၁၆ |
| ၃၈။ စန္ဒကုမာရဇာတ် | ၄၁၇ |
| ၃၉။ နာရဒဇာတ် | ၄၁၈ |
| ၄၀။ ဝိဓုရဇာတ် | ၄၁၉ |
| ၄၁။ ဝေဿန္တရာဇာတ် | ၄၂၁ |


## အခန်း(၇) အခြေခံအဘိဓမ္မာ


| | |
|---|---|
| ပရမတ္ထတရားလေးပါး | ၄၂၃ |
| (က) စိတ်အကြောင်း | ၄၂၄ |
| (ခ) စေတသိက်အကြောင်း | ၄၂၈ |
| (ဂ) ရုပ်အကြောင်း | ၄၃၃ |
| (ဃ) နိဗ္ဗာန်အကြောင်း | ၄၃၉ |

သတ္တဝါတို့လားရောက်ရာ ဘုံများကို ပြဆိုရာဝီထိမှတ်ပိုင်း(ဘုံပိုင်း) . ၄၄၀
ပဋ္ဌိသန္ဓိစတုက္က .............................. ၄၅၀
မရဏုပ္ပတ္တိစတုက္က .............................. ၄၈၀
ပရမတ္ထတရားတို့ကိုခန္ဓာ၊အာယတန၊ဓာတ်၊သစ္စာတို့ဖြင့်ဝေဖန်ခြင်း . ၄၈၆

## အခန်း(၈) အခြေခံဘာဝနာပွါးနည်း

ဝိပဿနာ ........................ ၄၉၀
သတိပဋ္ဌာန် ........................ ၄၉၄
ဝိပဿနာဉာဏ်(၁၀)ပါးနှင့် ဝိသုဒ္ဓိ(၇)ပါး ........................ ၅၀၂

## အခန်း(၉) ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်း

သာသနာတော်သုံးရပ် .............................. ၅၁၁

**သံဂါယနာသမိုင်းအကျဉ်း**

သံဂါယနာတင်ခြင်း .......... ၅၁၂
ထေရဝါဒနှင့်မဟာယာန ဗုဒ္ဓဘာသာ .......... ၅၁၉
၁။ သီရိလင်္ကာနိုင်ငံ၌ သာသနာ စတင်ပြန့်ပွားပုံ .......... ၅၂၀
၂။ ထိုင်းနိုင်ငံ၌ သာသနာစတင်ပြန့်ပွားပုံ .......... ၅၂၂
၃။ ကမ္ဘောဒီးယားနိုင်ငံ၌ သာသနာ စတင်ပြန့်ပွားပုံ .......... ၅၂၄
၄။ လော (လာအို)နိုင်ငံ၌ သာသနာ စတင်ပြန့်ပွားပုံ .......... ၅၂၆
၅။ မြန်မာနိုင်ငံသာသနာ့သမိုင်းအကျဉ်း ပထမဆုံး
သာသနာ စတင်ရောက်ရှိပုံ .......... ၅၂၆
ရွှေတိဂုံစေတီတော် .......... ၅၂၇
မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် သာသနာရောက်ရှိပုံ .......... ၅၂၈

မြန်မာနိုင်ငံသို့ တတိယအကြိမ် သာသနာရောက်ပုံ ............ ၅၂၉

မနုဿီဟာရုပ် ............ ၅၃၁

မဟာယာနဗုဒ္ဓဘာသာ ပြန့်ပွားသောနိုင်ငံများ ............ ၅၃၁

အိမ်တွင်း သာသနာပြုလုပ်ငန်း ............ ၅၃၂


## အခန်း(၁၀) ဗုဒ္ဓဒေသနာတော်ဖတ်နည်းနှင့် ဝေါဟာရအဓိပ္ပါယ်များ


ဗုဒ္ဓဒေသနာတော်ဖတ်နည်း ............ ၅၃၇

အသတ်အသံထွက်နည်း ............ ၅၄၃

ဗုဒ္ဓဒေသနာတော် ဝေါဟာရအဓိပ္ပါယ်များ ............ ၅၄၈

# နိဒါန်း

လောကရေးရာ၌ဖြစ်စေ၊ ဓမ္မရေးရာ၌ဖြစ်စေ၊ အကြောင်းအကျိုးဆက်နွယ်မှု နိယာမ သဘောအရ အကြောင်းတရားတို့ တိုက်ဆိုင်ဆုံစည်းမိသောအခါ အကျိုးတရားတို့ ဖြစ်ပေါ်လာရသည်မှာ ဓမ္မတာပင်ဖြစ်သည်။

အကျိုးရင်း အကျိုးဆက်တို့မည်သည် အကြောင်းတရားနှင့် ကင်းကွာ၍ မည်သည့်အခါမှ ဖြစ်ရိုးမရှိပေ။ ထိုသို့ အကျိုးဖြစ်ပေါ်ဖို့ရန် ဖန်တီးလာသော အကြောင်းကို ပါဠိဝေါဟာရဖြင့် နိဒါန၊ မြန်မာဝေါဟာရဖြင့် နိဒါန်းဟု ခေါ်ရပေသည်။ ဝေးကွာသော အကြောင်းကို ဒူရေနိဒါန်းဟု ခေါ်ဆို၍ မနီးမဝေးသော အကြောင်းကို အဝိဒူရေနိဒါန်းဟု သတ်မှတ်ပြီး နီးကပ်သောအကြောင်းကို သန္တိကေ နိဒါန်းဟု ဇာတကအဋ္ဌကထာ စသည့်ကျမ်းဂန်တို့၌ ဖွင့်ဆို ဖော်ပြခဲ့ကြပေသည်။

မြတ်ဗုဒ္ဓသာသနာကို ချစ်မြတ်နိုးပြီး ဤကမ္ဘာမြေပေါ်၌ ရှည်ကြာစွာတည်၍ တိုးတက်ပြန့်ပွားဖို့ရန် စိတ်ဆန္ဒတူညီကြသော ရဟန်းရှင်လူအပေါင်းတို့၏ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ အကြောင်းတို့ ဆုံဆည်းမိကြသောအခါ စစ်မှန်သည့် ထေရဝါဒ မြတ်ဗုဒ္ဓ သာသနာတော်မြတ်ကြီး ထွန်းကားတည်ရှိရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၌ မည်သည့်ခေတ် မည်သည့်အချိန်ကမှ မဖြစ်ပေါ်ဖူးသေးသော **"မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီး"**သည် ဝ္ငါးဝ္ငါးစွင့်စွင့် တင့်တင့်တယ်တယ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ရပေသည်။

ထိုသို့ ဖြစ်ထွန်းပေါ်ပေါက်ဖို့ရန် အကြောင်းဖန်တီးလာပုံကို ဒူရေနိဒါန်း အနေဖြင့် ဆိုရလျှင် ၁၃၆၀ (၂၀၀၆) ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကံ မြို့သစ်၊ မော်ကျွန်းပရိယတ္တိစာသင်တိုက်၌ စာသင်သားအဖြစ်ဖြင့် နေထိုင်စဉ် အစိုးရစာမေးပွဲ ဖြေဆိုပြီး၍ နွေရာသီ အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်ရန် ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းကျောင်းမှ ကလေးငယ်များနှင့် စိတ်ပါဝင်စားသည့် အစိုးရ မူလတန်းကျောင်းမှ ကလေးငယ်များကို စုစည်းကာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ် သင်ကြားပေးခဲ့ပါသည်။

သင်တန်းပြီးဆုံးသောအခါ တက်ရောက်သင်ကြားကြသည့် ကလေးငယ်များ စိတ်ပါဝင်စားမှု ထက်သန်စေလိုခြင်း၊ ထူးချွန်သည့် ကလေးငယ်များကို အသိအမှတ်ပြု ချီးမြှောက်လိုခြင်း စသည့်ရည်ရွယ်ချက်များဖြင့် "သုတစုံလင် ဗုဒ္ဓဝင်"အမည်ဖြင့် ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်တို့ကို ကလေးငယ်များ၊ ဗုဒ္ဓဘာသာကို စိတ်ဝင်စားကြသည့် ပုဂ္ဂိုလ်များ၊ ဗုဒ္ဓအပေါ် ယုံကြည်မှု သဒ္ဓါတရား ပိုမိုရရှိနိုင်ရန် ခေတ်နှင့်လျော်ညီစွာ လူငယ်များ စိတ်ဝင်စားမှုရှိအောင် မေးခွန်းများစီစဉ်၍ ကျင်းပပြုလုပ်ခဲ့ပေသည်။ ထိုပြိုင်ပွဲသည် အောင်မြင်မှုများစွာ ရရှိခဲ့ပါသည်။ နောက်နောင်နှစ်များတွင်လည်း ဆက်လက်ကျင်းပပေးရန် တိုက်တွန်းအားပေးမှုများစွာ ရရှိခဲ့ပါသည်။

စာရေးသူ(မိမိ)သည် စာသင်သားဘဝဖြစ်သဖြင့် ရေကြည်ရာ မြက်နုရာ ဆိုသလို မိမိပညာရေးအတွက် စာသင်တိုက်အသစ် နေရာအသစ်တို့၌ နေထိုင်ပြီး မပြီးဆုံးသေးသော ပညာရေးခရီးစဉ်ကို ဆက်လက်လျှောက်လှမ်းနေရ သောကြောင့် ပြိုင်ပွဲကို မပြုလုပ်ဖြစ်တော့ပေ။ (ဤကား ပြိုင်ပွဲ ဖြစ်ပေါ်ခဲ့ရာ ဝေးကွာသော အကြောင်း ဒူရေနိဒါန်းပင် ဖြစ်ပေသည်။)

ထို့နောက် ၁၃၇၀-ခု(၂၀၀၈)ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ကေလနိယ တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ရရှိပြီး ပညာသင်ကြားမှုကို ခေတ္တရပ်ကာ ဇာတိမွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့၌ (ဓမ္မစကူးလ်-တနင်္ဂနွေဗုဒ္ဓဓမ္မသင်တန်း)ကို ကိုယ်တိုင်ဦးစီး ဖွင့်လှစ်ကာ မြို့နယ်အဆင့် သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကို ပြန်လည်ကျင်းပခဲ့ပါသည်။

ဆက်လက်၍ ခရိုင်အဆင့် သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲကို ဖျာပုံမြို့တွင် ကျင်းပဖြစ်ခဲ့ပါသည်။ မြို့နယ်အဆင့်ပြိုင်ပွဲ၊ ခရိုင်အဆင့်ပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ များ၊ မိဘများ၊ ဘာသာသာသနာစိတ် ပြင်းပြကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ အားပေးချီးမြှောက်မှု စိတ်ပါဝင်စားမှုများစွာ ရရှိခဲ့ပါသည်။ ထို အားပေးမှု၊ ချီးမြှောက်မှုများကို စုစည်း၍ မြန်မာနိုင်ငံတဝန်းရှိ ကျောင်းသား/သူများ ပါဝင်စေလျက် "မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ"အဖြစ် ကျင်းပနိုင်ရန် ဆန္ဒများ ပြင်းပြစွာ ဖြစ်ပေါ်လာခဲ့ရပေသည်။

(ဤကား မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲကြီး ဖြစ်ပေါ် လာရန် မနီးမဝေးသောအကြောင်း အဝိဒူရေနိဒါန်းပင် ဖြစ်ပါသည်။)

**"ကောင်းသည့်ဝိဉာဉ်၊ စိတ်အကြံ၊ အမှန်ဖြစ်ရမည်"** ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ပြင်းပြသော ဆန္ဒဖြစ်ပေါ်နေစဉ် မြန်မာသက္ကရာဇ် ၁၃၇၄-ခုနှစ်သည် ဗုဒ္ဓဘာသာနှင့် ပက်သက်၍ အလွန်ထူးခြား မွန်မြတ်သော နှစ်တစ်နှစ် ဖြစ်ပါသည်။ ဤနှစ်သည် ဗုဒ္ဓသာသနာတော်နှစ် ၂၆၀၀-ပြည့်သည့် အချိန်အခါနှင့် တိုက်ဆိုင်သောနှစ် ဖြစ်သောကြောင့်ပေတည်း။

ဗုဒ္ဓသာသနာတော်နှစ်သည် ကမ္ဘာသုံးအရေအတွက်အားဖြင့် ၂၅၅၅-နှစ် ဖြစ်ပါသည်။ အဘယ့်ကြောင့် သာသနာတော်နှစ် ၂၆၀၀ ဖြစ်သွားရပါသနည်းဟု မေးသော် မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ သစ္စာသိမြင် မြတ်ဗုဒ္ဓ ဘုရားရှင်အဖြစ်သို့ ကေန်စင်စစ် ရောက်တော်မူခဲ့ပေသည်။ မြတ်ဗုဒ္ဓဖြစ်တော်မူသည်မှ စတင်၍ ၄၅-နှစ် ၄၅-ဝါ တိုင်တိုင် လောကသုံးပါးနေ သတ္တဝါများအတွက် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ကောင်းကျိုးတို့ကို ကေန် ဖြစ်စေနိုင်သော ဓမ္မဒေသနာများကို မနားမနေ ဟောကြားတော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်(အင်္ဂါ)နေ့တွင် ခန္ဓာဇာတ် ရုပ်သိမ်း၍ အနုပါဒိသေသ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပါသည်။ ထိုနှစ်မှစ၍ သာသနာတော်နှစ်ကို ၁-နှစ်အဖြစ် စတင် သတ်မှတ် ယူဆခဲ့ကြပေသည်။ **(ဤကား မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူသည့်နှစ်မှ စတင်၍ သာသနာတော်နှစ်ကို သက်မှတ်ခြင်းဖြစ်သည်။ ထိုသို့ သက်မှတ်ခြင်းကို ကမ္ဘာသုံးအနေဖြင့် သက်မှတ်၍ သာသနာတော်နှစ်သည် ၂၅၅၅-ခုနှစ် ဖြစ်နေခြင်းပေတည်း)**

သို့သော်....မြန်မာနိုင်ငံနှင့်တကွ ထေရဝါဒ ၅ နိုင်ငံနှင့် အခြားဗုဒ္ဓဘာသာကို စိတ်ဝင်စားကြသည့် နိုင်ငံများကမူ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် ၄၅-နှစ်၊ အနုပါဒိသေသ ပရိနိဗ္ဗာန်စံပြီး ၂၅၅၅၊ နှစ်ရပ်ပေါင်း ၄၅+၂၅၅၅=၂၆၀၀ နှစ်ကိုပင် ဗုဒ္ဓသာသနာတော်နှစ် ၂၆၀၀ ဟု ခေါ်ဆို သတ်မှတ်ရခြင်း ဖြစ်ပေသည်။ **(ဤကား မြတ်ဗုဒ္ဓ ဘုရားဖြစ်တော်မူသည့်နှစ်မှ စတင်၍ သာသနာတော်နှစ်ကို သတ်မှတ်ခြင်း ဖြစ်သည်။)** ထို့ကြောင့် သာသနာတော်နှစ်သည် မြတ်ဗုဒ္ဓ

ပရိနိဗ္ဗာန် စံတော်မူသည့်နှစ်မှ စတင်ရေတွက်လျှင် ကမ္ဘာသုံးအနေဖြင့် ၂၅၅၅-ခုနှစ်ဖြစ်သည်။ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသည့်နှစ်မှ စတင် ရေတွက်လျှင် မြန်မာသုံးအနေဖြင့် ၂၆၀၀-ပြည့်မြောက်ပြီ ဖြစ်ပေသည်။

ထိုကဲ့သို့ ထူးခြားမွန်မြတ်သော ဗုဒ္ဓဘာသာဝင်များအနေဖြင့် တွေ့ခဲကြုံခဲ ရခဲလှသော ဗုဒ္ဓသာသနာတော်နှစ် ၂၆၀၀-ပြည့် အချိန်အခါ၌ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကြကုန်သော မြတ်ဗုဒ္ဓသာဝက မြန်မာပြည်သူပြည်သားတို့က ထူးခြားသော ဗုဒ္ဓပူဇနိယပွဲတော်ကြီးများ ဆင်ယင်ကျင်းပကြ၍ အထိမ်းအမှတ် ပူဇော်ပွဲကြီးများကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပူဇော်ခဲ့ကြပါသည်။

ထိုပွဲတော်ကြီးများထဲတွင် မြန်မာနိုင်ငံရွှေတိဂုံစေတီတော် နှစ်၂၆၀၀-ပြည့် အထိမ်းအမှတ်၊ ရွှေတိဂုံပြည်သူ့ရင်ပြင် ဓမ္မပူဇာသဘင်ပူဇော်ပွဲကြီးကား အထင်ရှားဆုံး ဖြစ်သည်။ မြန်မာနိုင်ငံသား(ထိုစဉ်က ဥက္ကလာပတိုင်းသား) တပုဿ၊ ဘလ္လိက ညီနောင်တို့သည် မြတ်ဗုဒ္ဓဘုရားဖြစ်တော်မူသည့် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်တွင် မြတ်ဗုဒ္ဓ၏ ဆံတော်များကို လူသားများအနေဖြင့် ဦးဦးဖျားဖျား ရယူ၍ မြန်မာနိုင်ငံ သိင်္ဂုတ္တရကုန်းတော်၌ (တိကုမ္ဘ)ရွှေတိဂုံအမည်ဖြင့် ဆံတော်တို့ကို ဌာပနာပြု၍ စေတီတည်ထား ကိုးကွယ်ခဲ့ကြပေသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ကပင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ စတင်ရောက်ရှိခဲ့သည်ဟု အခိုင်အမာ မှတ်ယူသင့်ပေသည်။ ဤသည်ကို ရည်ရွယ်၍ ရွှေတိဂုံစေတီတော် နှစ်-၂၆၀၀ပြည့် ဓမ္မပူဇာသဘင်ပွဲတော်ကြီးကို ပြည်သူ့ရင်ပြင်၌ ကြီးကျယ် ခမ်းနားစွာ ဆင်ယင်ကျင်းပခဲ့ခြင်း ဖြစ်ပေသည်။ ထိုဓမ္မပူဇာသဘင်၌ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်ကြီး၊ သီတဂူဆရာတော်ကြီး၊ ပါမောက္ခချုပ်ဆရာတော်ကြီး၊ တိပိဋကဓရ ယောဆရာတော်ကြီးတို့ကိုယ်တိုင် ကြွရောက်၍ ဓမ္မဒါန ဓမ္မပူဇာအဖြင့် ဟောကြားပြသခြင်းဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပူဇော်တော်မူခဲ့ကြပါသည်။

ထူးခြားမွန်မြတ်၍ တွေ့ရခဲ ကြုံရခဲလှစွာသော မြတ်ဗုဒ္ဓသာသနာတော်နှစ် ၂၆၀၀ ပြည့် ပွဲတော်အထိမ်းအမှတ် ပွဲတော်ကြီးကို မိမိအနေဖြင့် ကြာမြင့်စွာ ကိန်းအောင်းနေခဲ့သော ရင်တွင်းဆန္ဒဖြစ်သည့် သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီး ဆင်ယင်

ကျင်းပခြင်းဖြင့်(တနည်းအားဖြင့်) ဗုဒ္ဓသာသနာကို ယုံကြည်သက်ဝင် ကြကုန်သော ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် မြတ်ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်တို့ကို သိရှိနားလည်၍ သာမည ဗုဒ္ဓဘာသာမှ ဝိသေသဗုဒ္ဓဘာသာအဖြစ်သို့ ကူးပြောက် စေနိုင်သည့် "သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲကြီး"ကို ဆင်ယင်ကျင်းပခြင်းဖြင့် ပူဇော်ရန် ဆန္ဒများ အလွန်အမင်း ဖြစ်ပေါ်ခဲ့ပါသည်။

**သုတ–ဆိုသည်မှာ** ကြားအမြင် ဗဟုသုတ၊ သင်ကြားအပ်သော အတတ် ပညာကို ဆိုလိုသည်။

**စုံလင်–ဆိုသည်မှာ** အကြွင်းအကျန်မရှိ ပြည့်ပြည့်ဝဝ စုံစုံလင်လင် ရှိခြင်းကို ဆိုလိုသည်။

**ဗုဒ္ဓဝင်–ဆိုသည်မှာ** (ဗုဒ္ဓဝံသ) ပွင့်တော်မူပြီးသော ဘုရားရှင်တို့၏ အစဉ်အဆက် ဗုဒ္ဓဖြစ်တော်စဉ် အကြောင်းအရာများကို ဆိုလိုသည်။

သို့ဖြစ်၍ **သုတစုံလင် ဗုဒ္ဓဝင်ဟူသည်** မြတ်ဗုဒ္ဓ ဘဝဖြစ်တော်စဉ်၊ မြတ်ဗုဒ္ဓအဖြစ် ရှိစဉ်က ဟောကြားခဲ့သည့်ဒေသနာများ၊ အဖြစ်အပျက်များကို ပြည့်ပြည့်စုံစုံ အကြားအမြင်ရှိခြင်း၊ အကြားအမြင်ရှိသူဟု အဓိပ္ပါယ်ကို ဖေါ်ဆောင်ရပေသည်။

မြတ်ဗုဒ္ဓ သာသနာတော် နောက်–နှောင်းကာလဖြစ်သော ယနေ့ အချိန် အခါတွင် ဗုဒ္ဓဘာသာဝင်(ကလေး+လူကြီး)အများစုသည် မြတ်ဗုဒ္ဓ ဖြစ်တော်စဉ် (မဟာဗုဒ္ဓဝင်)ကို နှံ့နှံ့စပ်စပ် သိမြင်သူ အလွန်ရှားပေသည်။

**တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကို အရိုအသေပြု၊ ထိုပုဂ္ဂိုလ်၏ ဟောပြောချက်၊ ညွှန်ကြားချက်တို့ကို အလေးဂရုပြု လိုက်နာ ကျင့်သုံးမည် ဆိုလျှင် ထိုပုဂ္ဂိုလ်၏ ဘဝဖြစ်စဉ်၊ ကျင့်စဉ်၊ ဟောကြားညွှန်ကြားချက်တို့ကို ပြည့်ပြည့်စုံစုံ သိရှိ နားလည်ပြီး အတုယူ လိုက်နာကျင့်သုံးပါက လိုက်နာဆောင်ရွက်သူအဖို့ အကျိုးတရားကို ရရှိနိုင်၊ ယုံကြည်မှုများလည်း နှစ်နှစ်ကာကာ ရနိုင်ပေသည်။**

**ထို့အတူ မြတ်ဗုဒ္ဓဖြစ်တော်စဉ် (မဟာဗုဒ္ဓဝင်)ကို ကောင်းမွန်စွာ**

**သိရှိ နားလည်လျှင် မြတ်ဗုဒ္ဓကို ရင်ထဲ နှလုံးသားထဲ၌ စွဲစွဲမြဲမြဲ ဆည်းကပ်ယုံကြည်မှု သဒ္ဓါစစ် သဒ္ဓါမှန်လည်း ဖြစ်ထွန်းနိုင်လေသည်။**

ထိုလိုအပ်ချက် ကွက်လပ်ကို ဖြည့်ဆည်းပေးသောအားဖြင့် "မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီး"ကို ကျင်းပပူဇော်ရန် ရင်တွင်းဆန္ဒဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါသည်။

(တစ်နည်းအားဖြင့်) မြန်မာနိုင်ငံတဝန်းလုံး ဖွင့်လှစ် သင်ကြားပေးနေကြသော အပတ်စဉ် ဓမ္မစကူးလ် သင်တန်းကျောင်းများ၊ နွေရာသီ ကျောင်းပိတ်ရက်များ၌ ဖွင့်လှစ် သင်ကြားပေးနေကြသော ယဉ်ကျေးလိမ္မာ သင်တန်းကျောင်းများတွင် တက်ရောက် သင်ကြားနေကြသော ကျောင်းသူ/သားများကို တွန်းအားပေးသောအားဖြင့် ပြိုင်ပွဲကို ဆင်ယင်ကျင်းပရန်၊ ကြိုးစား ဆောင်ရွက်ခဲ့ပါသည်။

ထိုအကြံအစည် စိတ်ဆန္ဒကို သဘောတူ ဆန္ဒတူ အနစ်နာ စေတနာဝါသနာ ကရုဏာ-နာ ၄ နာနှင့် ပြည့်စုံကြသည့် ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များ၊ ဓမ္မသဟာယ-ဓမ္မမိတ်ဆွေများနှင့် အကြိမ်ကြိမ် တိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်၍ အကြံပြုချက်များ ရယူကာ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ လမ်းညွှန်ချက်များကို ခံယူကာ မေးခွန်းထုတ်ပြန်ရေး ဆရာတော်များ၏ မေးခွန်းများ၊ ချီးမြှင့်မည့်ဆုများ၊ အချိန်နှင့် တပြေးညီ ထုတ်လွှင့်နိုင်ရန် ရွှေသံလွင်ကုမ္ပဏီ(စကိုင်းနက်)တို့နှင့် သဘောတူတိုင်ပင်၍ (ကမ္ဘာ့အရေအတွက်) သာသနာတော်နှစ် ၂၅၅၅၊ (မြန်မာအရေအတွက်)သာသနာတော်နှစ် ၂၆၀၀-ပြည့်၊ မြန်မာသက္ကရာဇ် ၁၃၇၄-ခုနှစ် ကဆုန်လပြည့်(၅.၅.၂၀၁၂) စနေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၊ အဓိပတိခန်းမ၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

အထက် ဖော်ပြပါ စကားရပ် အကြောင်းအရာများသည် မိမိအနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲကြီး စတင် ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းမှန်ကို နောင်လာနောက်သားတို့ သမိုင်းအမှန် သိရှိနိုင်စေရန် တင်ပြခြင်းသာ ဖြစ်ပါသည်။ မိမိ၏ ထင်ပေါ်ကျော်ကြားမှု (အတ္တုက္ကံသန)သဘောလုံးဝမရှိသည်ကို မိမိအနေဖြင့် ဝန်ခံပါသည်။ နောင်လာ နောက်သားတို့

သမိုင်းမှန်ကို သိရှိရေးကိုသာ ရှေးရှု တင်ပြခြင်းသာ ဖြစ်ပါသည်။ ဤကဲ့သို့ သမိုင်းမှတ်တမ်း အထောက်အထားမရှိ၊ မသေချာခဲ့၍ လောကရေးရာ သာသနာ့ရေးရာတို့၌ နစ်နာမှု များစွာရှိခဲ့သည်ကို သတိပြုစေလိုပါသည်။

**(ဓမ္မစေတီ ခေါင်းလောင်းကြီး ရှိသည်/မရှိ သည်ကို သမိုင်းမှတ်တမ်း သေချာစွာ မတင်မိ၍ နစ်နာမှုပေါင်းများစွာ၊ ပိဋကတ်စာပေ၌လည်း "အညတရေန ထေရေန ရစိတံ၊ ကေနစိ ပေါရာဏိကေန ထေရေန ရစိတာ"စသည်များ ရှိခဲ့သည်ကို အထူးသတိပြုစေလိုပါသည်။)**

ထိုကဲ့သို့ ပြိုင်ပွဲကြီးကို ၁၃၇၄-၁၃၇၅-၁၃၇၆(၂၀၁၂-၂၀၁၃-၂၀၁၄) သုံးနှစ် သုံးကြိမ်တိုင်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သော်လည်း အဖွဲ့၏ မူပိုင် ပြဋ္ဌာန်းစာအုပ်အနေဖြင့် သီးသန့် မရေးသား မထုတ်ဝေနိုင်ခဲ့ပေ။

နိုင်မာ၍ အများလက်ခံနိုင်သော

၁။ နိုင်ငံတော် ဗုဒ္ဓသာသနာမဟာဗုဒ္ဓဝင် ကျမ်းကြီး (သာသနာရေးဦးစီးဌာန)

၂။ ဗုဒ္ဓဘာသာတရားတော်(အခြေခံအဆင့်) (သာသနာရေးဦးစီးဌာန)

၃။ ဗုဒ္ဓဘာသာကောင်းတစ်ယောက် (သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန) စာအုပ်(၃)မျိုးထဲမှ ပါဝင်သည့် အကြောင်းအရာများကို မေးခွန်းများ စီစဉ်၍ မေးမြန်း ဖြေဆိုစေခဲ့ပါသည်။

သာသနာနှစ် ၂၅၅၇-ခု၊ မြန်မာနှစ် ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၀-ရက် (၂၇.၁၁.၂၀၁၄) ဗုဒ္ဓဟူးနေ့ **(၉၃-နှစ်မြောက် အမျိုးသားနေ့)**၌ ဤပြိုင်ပွဲကြီးကို စဉ်ဆက်မပြတ် ကျင်းပနိုင်ရန် လိုအပ်သည့် အတွက်လည်းကောင်း၊ လုပ်ငန်းဆိုင်ရာ လုပ်ဆောင်မှုအပိုင်းတွင် စနစ်တကျ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲအပြင် အခြားသော အမျိုး ဘာသာ သာသနာနှင့် ဆက်စပ်သော လုပ်ငန်းများ၊ လူမှုအကျိုးပြု ပရဟိတ လုပ်ငန်းများပါ စွမ်းနိုင်သမျှ ကူညီဆောင်ရွက် သွားနိုင်ကြစေရန် လည်းကောင်း၊ ရည်ရွယ်ချက်များဖြင့်-

၁။ ဩဝါဒါစရိယဆရာတော်များ

၂။ ဦးဆောင်နာယကဆရာတော်များ

၃။ ပညာရေးတာဝန်ခံဆရာတော်များ

၄။ အလုပ်အမှုဆောင်အဖွဲ့

၅။ အဖွဲ့ဝင်များ စသည်တို့ကို စုစည်း၍ **အဖွဲ့အစည်းတရပ်** အဖြစ် တည်ထောင်ခဲ့ပါသည်။

အဖွဲ့၏ လုပ်ငန်းစဉ်များတွင် ပါဝင်သော **ဘာသာရေးဆိုင်ရာ စာအုပ်စာပေများကို ရေးသားဖြန့်ချိခြင်းများ ပြုလုပ်ရန်** ဟူသော လုပ်ငန်းစဉ်အရ ပြိုင်ပွဲကို ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၊ ဗဟုသုတအဖြစ် လေ့လာလိုကြသော ပုဂ္ဂိုလ်များ အလွယ်တကူ သင်ကြားလေ့လာနိုင်စေရန် လည်းကောင်း၊ မဟာဗုဒ္ဓဝင်ကျမ်းများ၊ အခြေခံဗုဒ္ဓဘာသာတရားတော်၊ ဗုဒ္ဓဘာသာကောင်းတစ်ယောက် စသည့် ကျမ်းကြီးကျမ်းငယ်တို့သည် စာအုပ်တန်ဖိုး ကြီးမား များပြားခြင်း၊ အလွယ်တကူ ပြည့်ပြည့်စုံစုံ ရှာဖွေဝယ်ယူ၍ မရနိုင်ခြင်း စသော အခက်အခဲများကြောင့်လည်းကောင်း၊ **ပညာရေး တာဝန်ခံ ဆရာတော်များ အဖြစ်** –

၁။ **အရှင်တေဇာနန္ဒ**၊(သာသနဓဇဓမ္မာစရိယ၊ သာသနပါလဓမ္မာစရိယ၊ ရွှေဟင်္သာညဝါကျမ်းပြု) မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်အဖွဲ့၊

၂။ **ဒေါက်တာအရှင်ဝဏ္ဏသိရီ**–မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်အဖွဲ့၊

၃။ **ဒေါက်တာအရှင်သောပါက**–မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်အဖွဲ့၊

၄။ **ဒေါက်တာအရှင်ဥက္ကဋ္ဌ**(မြစ်ကျိုး)–မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်အဖွဲ့၊

၅။ **ဘဒ္ဒန္တသြဘာသ**–(ဂန္ထဝါစကပဏ္ဍိတ) မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်အဖွဲ့၊

၆။ **ဘဒ္ဒန္တဓမ္မကိတ္တိ**–(သာသနဓဇဓမ္မာစရိယ) မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်အဖွဲ့၊

၇။ **အရှင်နန္ဒမာလာ**–(ဓမ္မာစရိယ(M.A)India.)

၈။ **အရှင်ပဏ္ဍိတာဘိဝံသ**–(မဟာဓမ္မာစရိယ (M.A) Sri Lanka)–တို့ဖြင့် ဖွဲ့စည်းပြီး ပြိုင်ပွဲအတွက် လိုအပ်သော မူပိုင်ကျမ်းစာအုပ် ထုတ်ဝေနိုင်ရန် သက်ဆိုင်ရာ ကျမ်းဂန်စာအုပ်များမှ အကြောင်းအရာတို့ကို ထုတ်နုတ်ရေးသားရန် ဆုံးဖြတ်ခဲ့ကြသည်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းကျမ်းစာအုပ်များကို မူထား၍ မြန်မာနိုင်ငံတစ်ဝန်း ဖွင့်လှစ်သင်ကြားနေကြသော ဓမ္မစကူးလ်များ၊ ယဉ်ကျေးလိမ္မာသင်တန်းများမှ ကျောင်းသား/သူများ ဝင်ရောက် ဖြေဆိုနိုင်ရန် ရည်ရွယ်၍ ထိုကျောင်းများ သင်တန်းများတွင် အသုံးပြု သင်ကြားနေသော ပြဋ္ဌာန်းကျမ်းစာများမှ အကြောင်း အရာအချို့ကို ပါဝင်စေလျက် စီစဉ်ခဲ့ကြပါသည်။ ဤစာအုပ်နိဂုံးပါ မှီငြမ်း ကိုးကား ကျမ်းစာများစာရင်း၌ ထိုစာအုပ်များကို ပြုစု တင်ပြထားပါသည်။ ထိုသင်တန်းများ ကလည်း ဤကဲ့သို့ 'ထုတ်နုတ် ယူငင်သုံးစွဲထားသည်ကို နားလည်ခွင့်လွှတ် စေလိုပါကြောင်း ဤနေရာမှ မေတ္တာရပ်ခံလိုပါသည်။

ပညာရေးတာဝန်ခံဆရာတော်များအဖွဲ့ ပြုစုထားသော စာမူကို ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဦးဆောင်ဆရာတော်ကြီးများထံ ဆက်ကပ်၍ အဆင့်ဆင့်တည်းဖြတ်မှုကို ခံယူကာ သာသနာတော်နှစ် ၂၅၅၈၊ မြန်မာနှစ် ၁၃၇၇ ခုနှစ်၊(၂၀၁၅ ခုနှစ်) **"စတုတ္ထအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ"** ဝင်ခွင့်စာမေးပွဲအမီ စီစဉ်ထုတ်ဝေလိုက်ရပေသည်။

ဤစာအုပ်တွင် အခန်းပေါင်း (၁၀)ခန်း ရေးသား တင်ပြထားပါသည်။

**အခန်း(၁)**

ဗုဒ္ဓဘာသာ အခြေခံသင်ခန်းစာများဖြစ်သော ဩကာသကန်တော့ခန်းမှ စ၍ ဆုတောင်း အမျှဝေအထိ ပါဝင်သည်။ အခြေခံသင်ခန်းစာပါ အကြောင်း အရာများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များလည်း ပါဝင်သည်။ အစကောင်းမှ အနှောင်း သေချာ ဆိုသကဲ့သို့ ဗုဒ္ဓဘာသာဝင် ကလေးသူငယ်များ မဖြစ်မနေ ကျက်မှတ် သင့်သည့် အကြောင်းအရာများကို ရေးသားတင်ပြထားပါသည်။ ထိုမှတပါး ဒါနအမျိုးမျိုး၊ သီလအမျိုးမျိုး၊ မေတ္တာပို့သနည်း အမျိုးမျိုးတို့ကို ထည့်သွင်း ဖော်ပြထားပါသည်။

**အခန်း(၂)**

မင်္ဂလသုတ်ကို အခြေခံ၍ ကြီးပွားချမ်းသာမင်္ဂလာတရားတော်များကို မင်္ဂလာ တစ်ပါးစီ၏အဓိပ္ပါယ်အကျဉ်းနှင့် မင်္ဂလာတစ်ပါးစီနှင့် သက်ဆိုင်သော ဝတ္ထုကြောင်းများကို စီစဉ်ရေးသားထားပါသည်။

**အခန်း(၃)**

စာရိတ္တဆိုင်ရာလိုက်နာကျင့်သုံးဖွယ်ရာများကို ပရာဘဝသုတ်၊ သိင်္ဂါလောဝါဒသုတ်-စသည်တို့ကိုအခြေခံ၍ ရေးသားထားပါသည်၊ ကလေးသူငယ်များ ရဟန်းတော်များနှင့် ဆက်ဆံရာ၌ အပ်စပ်သော(ကပ္ပိယဝေါဟာရ) အခေါ်အဝေါ်များကိုလည်း စီစဉ်ရေးသားထားပါသည်။

**အခန်း(၄)**

ဂေါတမဘုရားရှင် နိယတဗျာဒိတ်ခံယူတော်မူရာ ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ ဂေါတမဘုရားရှင်အထိ နှစ်ကျိပ်ငါးဆူသော မြတ်ဗုဒ္ဓတို့၏ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်တို့ကိုစီစဉ်ရေးသားထားပါသည်။

**အခန်း(၅)**

ဘုရားသာသနာတော် တစ်ခေတ်တစ်ခေတ်၌ တစ်ဦးတစ်ဦးသာ ပေါ်ထွန်းသော လောကီနှင့်စပ်သော ရာထူးဌာနန္တရ၊ လောကုတ္တရာနှင့်စပ်သော ရာထူးဌာနန္တရတို့ကို ဘုရားရှင်ကိုယ်တော်တိုင် ချီးမြှင့်အပ်နှင်းပေးသည့် ရဟန္တာထေရ်ကြီးများ၊ ရဟန္တာထေရီမကြီးများ၊ ဥပါသကာယောက်ျားများ၊ ဥပါသိကာအမျိုးသမီးများကို သီးသန့်ဖော်ပြထားပါသည်။

**အခန်း(၆)**

ကလေးသူငယ်များနှင့် သင့်လျော်သည့်ဓမ္မပဒနှင့် ငါးရာငါးဆယ်ဇာတ်တော်လာ ဝတ္ထုကြောင်းများကို ဖတ်ရှုချင်စဖွယ် လိုက်နာချင်စဖွယ်ဖြစ်အောင်စုစည်း တင်ပြထားပါသည်။ဤအခန်းကိုလေ့လာသင်ကြားရာ၌ အထူးသတိပြုလိုသည်မှာ သင်ခန်းစာတစ်ပုဒ် ဆုံးတိုင်းဆုံးတိုင်း-

(က)မှတ်သားဖွယ်ရာဗဟုသုတများ

(ခ)ဆောင်ရန်၊ ရှောင်ရန်သင်ခန်းစာများ

(ဂ)ဝတ္ထုကြောင်းတစ်ခုလုံး လိုရင်းအနှစ်ချုပ်များကို မှတ်သား၍ လေ့လာသင်ကြားရန် အထူးလိုအပ်ပါသည်။

**အခန်း(၇)**

"တော်လည်းတော်ဖို့၊ ကောင်းလာဖို့၊ သင်စို့အဘိဓမ္မာ"ဟူသော ဥယျောဇဉ်နှင့်အညီ တကယ့်အရှိ ရုပ်ပရမတ် နာမ်ပရမတ်တို့၏ သဘော သဘာဝများကို ပိုင်းခြားသိရှိ၍ အသိဉာဏ်(ဝိဇ္ဇာ)နှင့်ပြည့်စုံသော လူတော်၊ ကိုယ့်ကျင့်သီလ အကျင့်(စရဏ)နှင့် ပြည့်စုံသော လူကောင်းကလေးများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ အခြေခံအဘိဓမ္မာ သင်ခန်းစာများကို စီစဉ်ထား ပါသည်။ ဤအခန်းကို သင်ကြားရာ၌ ရဟန်းတော်များ၊ အဘိဓမ္မာသဘော တရားများကို ဆရာကောင်းများထံ၌ စနစ်တကျ လေ့လာသင်ကြားထားသော လူပုဂ္ဂိုလ် ဆရာ/မများ ဖြစ်သင့်ပါသည်။ သို့မှသာ အဘိဓမ္မာသင်ခန်းစာကို သင်ကြားရာ၌ ဆရာတပည့် နှစ်ဦးစလုံး မပင်မပန်း လွယ်ကူစွာ သင်ကြား နိုင်ပေမည်ဖြစ်ပါသည်။

**အခန်း(၈)**

သာသနာတော်၏ အနှစ်သာရဖြစ်၍ ဝိမုတ္တိသုခကို ပေးစွမ်းနိုင်သော အခြေခံဝိပဿနာ ရှုမှတ်နည်းများကို ထည့်သွင်းထားပါသည်။ ဤအခန်းကို သင်ကြားပေးမည့် ဆရာသည် စာတွေ့ကိုယ်တွေ့ ဝိပဿနာကမ္မဋ္ဌာန်းကို ဆရာနည်းကျကျ ကျင့်ကြံ အားထုတ်နေသော ပုဂ္ဂိုလ်ဖြစ်သင့်ပါသည်။ သို့မှသာ သင်ကြားသူ၊ သင်ကြားပေးသူ ဆရာတပည့် နှစ်ဦးစလုံး သန္တိသုခ အအေးဓာတ်ကို လက်တွေ့ခံစားနိုင်မည် ဖြစ်ပါသည်။

**အခန်း(၉)**

မိမိတို့ကိုးကွယ်ဆည်းကပ်သော ထေရဝါဒဗုဒ္ဓသာသနာသမိုင်းကို ခြေခြေ မြစ်မြစ် သိရှိနိုင်ရန် သာသနာတော်စတင်ဖြစ်ပေါ်လာသည်မှ မြန်မာနိုင်ငံနှင့်တကွ ထေရဝါဒ ငါးနိုင်ငံသို့ သာသနာတော်ရောက်ရှိလာပုံကို ကလေးငယ်များနှင့် သင့်တော်ရုံမျှ ပြုစုတင်ပြထားပါသည်။ ထိုအပြင် ဗဟုသုတအလို့ငှာ မဟာယာန ဗုဒ္ဓသာသနာပြန့်ပွားသော နိုင်ငံများ၊ အိမ်တွင်းသာသနာပြုလုပ်ငန်းများကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။

**အခန်း(၁၀)**

ပါဠိစာပေများသည် များသောအားဖြင့် ပါဠိဆင့်များဖြင့်ရေးသားထားသော ဝေါဟာရစကားလုံးများဖြစ်၍လူပုဂ္ဂိုလ်များ အထူးသဖြင့် ကလေးငယ်များ ဖတ်ရှုလေ့လာရာ၌ အခက်အခဲများကို ကျော်လွှားနိုင်ရန် ဗုဒ္ဓဒေသနာတော်ဖတ်နည်းနှင့် ဝေါဟာရ အဓိပ္ပါယ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားပါသည်။ ရှေးရှေးသင်ခန်းစာ အခန်းတို့၌ ပါဝင်သော ပါဠိဝေါဟာရ(ပါဠိဆင့်)များကို မှတ်သား၍ ဤအခန်း၌ပါသောရွတ်ဖတ်ပုံ အသံထွက်ပုံတို့ကို လက်တွေ့သင်ကြားနိုင်လျှင် ပို၍ထိရောက်မည်ဖြစ်ကြောင်း သိစေပါသည်။

**အချုပ်အားဖြင့်ဆိုရလျှင် အခန်းတိုင်း အခန်းတိုင်းတို့၌ပါဝင်သော သင်ခန်းစာများကို သဒ္ဓါတရား လက်ကိုင်ထား၍ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ အဓိပတိတရားလေးပါးတို့ဖြင့် လေ့လာသင်ကြားကြပါမူ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားတို့ကို ကေန်ရရှိနိုင်ပါကြောင်း အထူးသတိပြု လေ့လာသင်ကြားရန် လိုအပ်မည် ဖြစ်ပေသည်။**

## ကျေးဇူးစကားပြန်ကြားပါသည်

ဤစာအုပ်ထုတ်ဝေနိုင်ရန် လမ်းညွှန်မှုပေးတော်မူသော

၁။ အဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊

၂။ ဦးဆောင်နာယကဆရာတော်ကြီးများ၊

၃။ စာမူကြမ်းဖြစ်အောင် ရှာဖွေပြုစုပေးတော်မူကြသော ပညာရေးအဖွဲ့ ဆရာတော်များ၊

၄။ ပထမအကြိမ် စာအုပ်ထုတ်ဝေရန် မတည်ငွေ ပဒေသာပင်အဖြစ် အလှူငွေ(၁,၁၀၀,၀၀၀)ကျပ် လှူဒါန်းသည့် **မေတ္တာဖြူအဖွဲ့အလှူရှင်များ။**

၅။ ဒုတိယအကြိမ်ပြင်ဆင်၍ ပြန်လည်ရိုက်နှိပ်ရာတွင် မတည်ငွေ ပဒေသာပင် အဖြစ် လှူဒါန်းပေးပါသော–

**ဆရာတော်ဦးသံဝရ၊ ဒက္ခိဏာရုံစာသင်တိုက်**၊ အိမ်တော်ရာ၊ ဒဂုံမြို့နယ်၊ သုံးသိန်းကျပ်။

**ဦးလှဋ္ဌေးဝင်း+ဒေါ်ခင်ရှုပါ**၊ အမှတ်(၃၆)၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ငါးသိန်းကျပ်။

**ဦးကြင်စိန်+ဒေါ်အုန်းမြင့်၊** ၁၈/၄၃၊ဇာတိမာန်လမ်း၊ ကုန်းမြင့်ရိပ်သာ၊ မရမ်းကုန်းမြို့နယ်၊ တစ်သိန်းကျပ်။

**ဆရာဦးဝင်းနိုင်၊** ၁၈/၄၃၊ ဇာတိမာန်လမ်း၊ ကုန်းမြင့်ရိပ်သာ၊ မရမ်းကုန်းမြို့နယ်၊ တစ်သိန်းကျပ်–တို့အားလည်းကောင်း၊

၆။ အဖွဲ့၏လုပ်ငန်းများတွင် သွားလာရာ၌ ချမ်းသာလွယ်ကူပါစေခြင်းအကျိုးငှာ မော်တော်ယာဥ်လှူဒါန်းသော ယာနဒါနအလှူရှင် ဝင်း–စားတော်ဆက်ပိုင်ရှင် ရဟန်းဒါယိကာမ **ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်မာဦး** မိသားစု၊

အထူးအားဖြင့် စာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ရောကိုယ်ပါ အားတက်သရော ကြီးကြပ်လမ်းညွှန်မှုပေးတော်မူကြသော–

၇။ **ရွှေညဝါ–အရှင်တေဇာနန္ဒ**

(ဥက္ကဋ္ဌ–မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်အဖွဲ့)

၈။ **ဒေါက်တာအရှင်သောပါက**

(ဒု–ဥက္ကဋ္ဌ–မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်အဖွဲ့)

၉။ **အရှင်ဓမ္မကိတ္တိ**

(ဦးဆောင်နာယက–ဥက္ကဋ္ဌ–မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်အဖွဲ့)

၁၀။ လိုအပ်သည့် ဒီဇိုင်းများကို စိတ်တိုင်းကျရေးဆွဲပေးပါသော Grapic Designer **ကိုရဲမင်းအောင်**၊ စာစီစာညှိလုပ်ငန်းများကို ကူညီပေးပါသော **ကိုဇာနည်မောင်** (ဘိုကလေးဓမ္မစကူးလ်) စသည့်ပုဂ္ဂိုလ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့်–အထူးထူးအပြားပြားသော စိန်ရွှေရတနာတို့ သက်ဝင်နစ်မြုပ် ကွယ်ဝှက်နေသော ပင်လယ်ကြီးထဲမှ အဖိုးတန် စိန်ရွှေရတနာများကို ဖေါ်ထုတ်သကဲ့သို့ မိမိတို့ **'မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်အဖွဲ့'**အနေဖြင့် မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဥ်အကြောင်းအရာတို့ကို သက်ဆိုင်ရာ ကျမ်းဂန်တို့မှ ကလေးငယ်များနှင့် သင့်တော်ရုံ ဉာဏ်အဆင့်အတန်းကို ချိန်ဆ၍ ရတတ်သမျှ ဉာဏ်မှီသမျှတို့ကို ကြိုးစား၍ ထုတ်ဖေါ်ရေးသားထားပါသည်။

ဤနေရာ၌ အလျဉ်းသင့်၍ ဥပမာတစ်ခုကို တင်ပြလိုပါသည်။ ပင်လယ်ကမ်းခြေ တစ်ခုခုသို့ အပန်းဖြေခရီးသွားစဉ် ရောက်ခဲ့ဖူးသူဖြစ်စေ၊ ပင်လယ်ကိုဖြတ်၍ သင်္ဘောခရီး နှင်ခဲ့ဖူးသူဖြစ်စေ ထိုသူများသည် ပင်လယ်ကြီးကို တွေ့မြင်ခဲ့ပြီးသူဟု ဆိုကောင်း ဆိုနိုင်ပါလိမ့်မည်။ သို့သော် ထိုနှစ်ယောက်စလုံးပင် အလုံးစုံ တကယ့် ပင်လယ်ကြီးကို တွေ့မြင်ခဲ့ကြသူများ မဟုတ်ပေ။

ထိုနည်းတူပင် မြတ်ဗုဒ္ဓ၏ အဆုံးအစမရှိ ဖြစ်တော်စဉ် ဂုဏ်တော်များကို ကျောင်းသား/သူများနှင့် သင့်တော်ရုံ ထုတ်နုတ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့အနေဖြင့် ဤစာအုပ်ကို ရေးသားထုတ်ဝေလိုက်ရပေသည်။ ပင်လယ်ကြီးကို တကယ်တွေ့လိုပါမူ ပင်လယ်ကြီးထဲသို့ တကယ်သက်ဆင်းပါမှ တွေ့မြင်နိုင်ဘိသကဲ့သို့ မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဉ်အကြောင်းအရာ(မဟာဗုဒ္ဓဝင်)ကို အကျယ်သိလိုပါက မူရင်းကျမ်းစာတို့ကို ဖတ်ရှုလေ့လာသင့်ပါကြောင်း တိုက်တွန်းရင်း အောက်ပါကဗျာလေးဖြင့် ရင်တွင်းဆန္ဒ ပြုလိုက်ရပါပေ သတည်း......။

<u>"သုတစုံလင် ဗုဒ္ဓဝင်"</u>

သမုဒ်ပြင်ထက် ခဏတက်သည့်<br>
ရေပွက်ပမာ လူဖြစ်လာရ ဤဘဝတွင်<br>
**ဗုဒ္ဓ**မြတ်စွာ ***သာသနာ***နှင့်<br>
***ဘာသာလူမျိုး*** ဂုဏ်ရှိန်တိုးဖို့<br>
***မြတ်နိုးစည်ပင်*** နည်းသစ်ထွင်၍ ***ဆင်ယင်ကျင်းပ***<br>
***သုတစုံလင် ဗုဒ္ဓဝင်***

..................။...............

သုတစုံလင် ဘိက္ခုပဏ္ဍိတအရှင်

အထွေထွေအတွင်းရေးမှူးဆရာတော်

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့(ဗဟို)

**"ရင်တွင်းသာသနာ တည်စေဖို့ ဗုဒ္ဓဝင်ပြိုင်ပွဲ နွဲကြစို့"**

# အခန်း(၁)

# ဗုဒ္ဓဘာသာအခြေခံ သင်ခန်းစာ

**ဩကာသကန်တော့ချိုး**

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ၊ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော် မြတ်ကို ရပါလို၏ အရှင်ဘုရား။

**သရဏဂုံနှင့် သီလတောင်းခံခြင်း**

**ငါးပါးသီလ**

**သရဏဂုံနှင့် ငါးပါးသီလတောင်း**

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**အနက်**။ ။ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည်၊ တိသရဏေန-သရဏဂုံသုံးပါးနှင့်၊ သဟ-တကွ၊ ပဉ္စသီလံ-ငါးပါးသီလဟူသော၊ ဓမ္မံ-တရားတော်မြတ်ကို၊ ယာစာမိ-တောင်းပါ၏၊ ဘန္တေ-အရှင်ဘုရား၊ မေ-တပည့်တော်အား၊ အနုဂ္ဂဟံ ကတွာ-ချီးမြှောက်ခြင်းကိုပြု၍၊ သီလံ-ငါးပါးသီလကို၊ ဒေထ-ပေးသနားတော်မူပါဘုရား။

**သံဃာ**- ယ-မဟံ ဝဒါမိ၊ တံ ဝဒေထ။

**အနက်**-ယံ-အကြင်စကားကို၊ အဟံ-ငါသည်၊ ဝဒါမိ-ဆို၏၊ တံ-ထိုငါဆိုသော စကားကို၊ ဝဒေထ-လိုက်၍ဆိုကြလော့။

**လူ** - အာမ ဘန္တေ။

**အနက်**-ဘန္တေ-အရှင်ဘုရား၊ အာမ-မှန်ပါ အရှင်ဘုရား။

**မှတ်ချက်**။ ။ဘုရားရှေ့တွင် မိမိဘာသာ သီလတောင်းပါက "အာမဘန္တေ"ဟု ဆိုရန်မလိုပါ။

## နမော တဿ ဘုရားရှိခိုး ပါဠိ+အနက်

**ပါဠိ** ။ ။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ကြိမ်ဆို)

**အနက်**။ ။ဘဂဝတော-ဘုန်းတော်ကြီးတော်မူသော၊ အရဟတော-ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ-ဆရာမရှိ မိမိအလိုလိုကိုယ်တော်တိုင် တရားအလုံးစုံကို သိတော်မူသော၊ တဿ-ထိုမြတ်စွာဘုရားအား၊ နမော-ရှိခိုးပါ၏။

## သရဏဂုံ ဆောက်တည်ခြင်း

## သရဏဂုံသုံးပါး ပါဠိ+အနက်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

**အနက်**။ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။
ဓမ္မံ-တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။
သံဃံ-သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။
ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ ဓမ္မံ-တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။
ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ သံဃံ-သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

တတိယမ္ပိ-သုံးကြိမ်မြောက်လည်း၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။
တတိယမ္ပိ- သုံးကြိမ်မြောက်လည်း၊ ဓမ္မံ-တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။
တတိယမ္ပိ-သုံးကြိမ်မြောက်လည်း၊ သံဃံ-သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

**သံဃာ** - တိသရဏဂမနံ ပရိပုဏ္ဏံ။

**အနက်**- တိသရဏဂမနံ-သရဏဂုံ ခံယူခြင်းသည်၊ ပရိပုဏ္ဏံ-ပြည့်စုံပြီ။

**လူ** - အာမ ဘန္တေ။

**အနက်**-ဘန္တေ-အရှင်ဘုရား၊ အာမ-မှန်ပါ အရှင်ဘုရား။

**မှတ်ချက်** ။ ။ ဘုရားရှေ့တွင် မိမိဘာသာ သီလတောင်းပါက "အာမဘန္တေ" ဟု ဆိုရန်မလိုပါ။

## ငါးပါးသီလ ဆောက်တည်ခြင်း

### ငါးပါးသီလဆောက်တည်ပုံ ပါဠိနှင့် အနက်

**ပါဠိ** ။ (၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

**အနက်** ။ (၁) ပါဏာတိပါတာ-သူ့အသက်ကိုသတ်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ-ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ယူငင်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၃) ကာမေသုမိစ္ဆာစာရာ-ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ-မဟုတ်မမှန်ပြောဆိုခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ-မူးယစ်မေ့လျော့စေတတ်သော သေရည်သေရက် စသည်တို့ကို သောက်စားသုံးစွဲခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

## ပါဠိ

**သံဃာ** - တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**အနက်**-တိသရဏေန-သရဏဂုံသုံးပါးနှင့်၊ သဟ-တကွ၊ ပဉ္စသီလံ-အင်္ဂါငါးပါးရှိသော၊ ဓမ္မံ-တရားတော်မြတ်ကို၊ သာဓုကံ ကတွာ-ကောင်းစွာပြည့်စုံလုံခြုံအောင်ပြု၍၊ အပ္ပမာဒေန-မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့်၊ သမ္ပာဒေထ-ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပါစေ။

**လူ** - အာမ ဘန္တေ။

**အနက်**-ဘန္တေ-အရှင်ဘုရား၊ အာမ-မှန်ပါ အရှင်ဘုရား။

## ရှစ်ပါးသီလ

### သရဏဂုံနှင့် ရှစ်ပါးသီလတောင်း ပါဠိနှင့်အနက်

**ပါဠိ**- အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**အနက်** - ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည်၊ တိသရဏေန-သရဏဂုံသုံးပါးနှင့်၊ သဟ-တကွ၊ အဋ္ဌင်္ဂသမန္နာဂတံ-အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော၊ ဥပေါသထသီလံ-ဥပုသ်သီလဟု ဆိုအပ်သော၊ ဓမ္မံ-တရားတော်မြတ်ကို၊ ယာစာမိ-တောင်းပါ၏။ ဘန္တေ-အရှင်ဘုရား၊ မေ-တပည့်တော်အား၊ အနုဂ္ဂဟံ ကတွာ-ချီးမြှောက်ခြင်းကိုပြု၍၊ သီလံ-ရှစ်ပါးသီလကို၊ ဒေထ-ပေးသနားတော်မူပါ အရှင်ဘုရား။

## ရှစ်ပါးသီလခံယူဆောက်တည်ပုံ ပါဠိနှင့် အနက်

**ပါဠိ**။ (၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

**သံယာ**-တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**လူ**- အာမ ဘန္တေ။

(၃) အဗြဟ္မစရိယာ-မမြတ်သော မေထုန်အကျင့်ကို ပြုကျင့်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၆) ဝိကာလဘောဇနာ-နေ့လွဲညစာ စားခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ-ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပြောင်းတို့ဖြင့် အပြေအပြစ်ပြုလုပ်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

(၈)ဥစ္စာသယန မဟာသယနာ-မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင်အိပ်စက်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

## ကိုးပါးသီလ

## ကိုးပါးသီလ ခံယူဆောက်တည်ပုံ ပါဠိနှင့်အနက်

**ပါဠိ** - အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**အနက်**-ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည်၊ တိသရဏေန-သရဏဂုံသုံးပါးနှင့်၊ သဟ-တကွ၊ နဝင်္ဂသမန္နာဂတံ-အင်္ဂါကိုးပါးနှင့်ပြည့်စုံသော၊ ဥပေါသထသီလံ-ဥပုသ်သီလဟု ဆိုအပ်သော၊ ဓမ္မံ-တရားတော်မြတ်ကို၊ ယာစာမိ-တောင်းပါ၏။ ဘန္တေ-အရှင်ဘုရား၊ မေ-တပည့်တော်အား၊ အနုဂ္ဂဟံ ကတွာ-ချီးမြှောက်ခြင်းကိုပြု၍၊ သီလံ-ကိုးပါးသီလကို၊ ဒေထ-ပေးသနားတော်မူပါ အရှင်ဘုရား။

**သံဃာ**- ယ-မဟံ ဝဒါမိ၊ တံ ဝဒေထ။

**လူ**- အာမ ဘန္တေ။

**ပါဠိ** ။(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၉) မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

**အနက်** (၉) မေတ္တာသဟဂတေန-မေတ္တာနှင့်တကွဖြစ်သော၊ စေတသာ-စိတ်ဖြင့်၊ သဗ္ဗပါဏဘူတေသု-အလုံးစုံသော သတ္တဝါတို့အပေါ်၌၊ ဖရိတွာ-ပျံ့နှံ့၍၊ ဝိဟရဏံ-နေထိုင်ခြင်းကို၊ သမာဒိယာမိ - ကောင်းစွာ ဆောက်တည်ပါ၏။

## ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူခြင်း

### (၁) ဆွမ်းတော်ကပ်နှင့် ဆုတောင်း

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူ နတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ၊ အဆင်း အနံ့, အရသာနှင့် ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတခါဒနီယဘောဇနီယံ၊ ဤဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ဘုရား။ ပူဇေမိ၊နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား။

**ဆုတောင်းပါဠိ။** ။ ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။

**အနက်။** ။ မေ၊ တပည့်တော်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာ ဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ကေန်ရောက်အောင် ရွက်ဆောင်နိုင်သည်၊ ဟောတု၊ ဖြစ်ပါစေသတည်း။

### (၂) ရေချမ်းကပ်နှင့် ဆုတောင်း

| | | |
|---|---|---|
| အရဟာတာဒိနဝဂုဏောဟိ | = | (ဆွမ်းကပ်နည်းတူဆို) |
| သမန္နာဂတံ | = | (ဆွမ်းကပ်နည်းတူဆို) |
| နာထံ | = | (ဆွမ်းကပ်နည်းတူဆို) |
| ဗုဒ္ဓံ | = | (ဆွမ်းကပ်နည်းတူဆို) |
| ဥဒ္ဒိဿ | = | (ဆွမ်းကပ်နည်းတူဆို) |
| စေတိယဿ | = | (ဆွမ်းကပ်နည်းတူဆို) |

သုဒ္ဓသီတလပသန္နံ၊ သန့်ရှင်းအေးမြ ကြည်လင်လှသော။
ဣဒံ ပါနီယပရိဘောဇနီယံ၊ ဤသောက်တော်ရေ သုံးတော်ရေကို။

| | | |
|---|---|---|
| သက္ကစ္စံ | = | (ဆွမ်းကပ်နည်းတူဆို) |
| ဒေမိ | = | (ဆွမ်းကပ်နည်းတူဆို) |
| ပူဇေမိ | = | (ဆွမ်းကပ်နည်းတူဆို) |
| **ဆုတောင်းပါဠိ+အနက်** | | (ရှေးနည်းတူ) |

**(၃) ပန်းတော်ကပ်နှင့် ဆုတောင်း**

| | | |
|---|---|---|
| အရဟတာဒိနဝဂုဏောဟိ | = | (ဆွမ်းကပ်နည်းတူဆို) |
| သမန္နာဂတံ | = | (ဆွမ်းကပ်နည်းတူဆို) |
| နာထံ | = | (ဆွမ်းကပ်နည်းတူဆို) |
| ဗုဒ္ဓံ | = | (ဆွမ်းကပ်နည်းတူဆို) |
| ဥဒ္ဒိဿ | = | (ဆွမ်းကပ်နည်းတူဆို) |
| စေတိယဿ | = | (ဆွမ်းကပ်နည်းတူဆို) |

ဝဏ္ဏ ဂန္ဓသမ္ပန္နံ၊ အဆင်းအနံ့နှင့် ပြည့်စုံသော။
ဣဒံ ပုပ္ဖံ၊ ဤပန်းကို။

| | | |
|---|---|---|
| သက္ကစ္စံ | = | (ဆွမ်းကပ်နည်းတူဆို) |
| ဒေမိ | = | (ဆွမ်းကပ်နည်းတူဆို) |
| ပူဇေမိ | = | (ဆွမ်းကပ်နည်းတူဆို) |
| **ဆုတောင်းပါဠိ အနက်** | = | (ဆွမ်းကပ်နည်းတူဆို) |

**(၄) ဆီမီးတော်ကပ်နှင့် ဆုတောင်း**

အရဟတာဒိနဝဂုဏောဟိ၊ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ သဗ္ဗညုတာနာဝရဏဉာဏောဟိ၊ သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ်တော်တို့ဖြင့်။ တိလောကေ၊ သုံးပါးသော လောက၌။ အဝိဇ္ဇာအန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်အမှောင်ကို။ ဝိဓမိတွာ၊ ပယ်ဖျောက်၍။ ဇလံဇလန္တော၊ ထွန်းလင်း တောက်ပတော်မူစေနိုင်သော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရား ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊

ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂ စေတီတော်မြတ်အား။ ပဘာဝဏ္ဏောဟိ၊ အရောင်အဆင်းတို့ဖြင့်။ အန္ဓကာရံ၊ အမိုက်အ မှောင်ကို။ ဝိနာသကံ၊ ပယ်ဖျောက်တတ်သော။ ဣမံ ဒီပဇာလံ၊ ဤဆီမီးလျှံကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော် ပါ၏ အရှင်ဘုရား။

**ဆုတောင်းပါဠိ**
**အနက်** = (ဆွမ်းကပ်နည်းတူဆို)

## ဒိသာဖရဏမေတ္တာပို့နည်း

(၁) အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
- နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၂) အနောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့

(၃) မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့

(၄) တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

(၅) အရှေ့တောင်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -

(၆) အနောက်မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

(၇) အရှေ့မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

(၈) အနောက်တောင်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -

(၉) အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အပါယ်ဘုံသား အနန္တသတ္တဝါတို့ -

(၁၀) အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အနန္တ နတ်ပြဟ္မာတို့ -

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
- နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

## မေတ္တာသုတ်တော်လာ မေတ္တာပို့နည်း (၁၁)နည်း

### သဗ္ဗသင်္ဂါဟကမေတ္တာ (၁)နည်း

(၁) လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

### ဒုကမေတ္တာပွါးနည်း

(၂) ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(၃) မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၄) ဝေးနေ နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၅) ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၆) ရှည်, တို, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၇) ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၈) ဆူ, ကြုံ, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## အပဟိတာပနယာန မေတ္တာပွါးနည်း

(၉) လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။
(၁၀) အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။
(၁၁) ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

## ဆုတောင်း အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏၊

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒြာဗြဟ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော်၊ ဝသုန္ဓရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေသော်။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု

# အခန်း(၁)ဆိုင်ရာ အကြောင်းအရာများ အဓိပ္ပါယ်ဖွင့်ဆိုချက်

## ဩကာသကန်တော့ခန်းအဖွင့်

**ရှိခိုးရခြင်းအကြောင်း**

ဘုရား တရား သံဃာ မိဘဆရာသမားတို့နှင့်အတူ နေထိုင်ကြသူတို့သည် ထိုသူတို့အပေါ် တမင်သက်သက်ဖြစ်စေ၊ အမှုမဲ့ အမှတ်မဲ့ဖြစ်စေ၊ ကိုယ်နှုတ်စိတ် တစ်မျိုးမျိုးဖြင့် ပြစ်မှားမိတတ်ကြသည်။ ထိုကဲ့သို့ ပြစ်မှားမိလျှင် မျက်မှောက်ဘဝ၌ စီးပွားချမ်းသာ ဆုတ်ယုတ်ပျက်စီးခြင်း၊ ဘေးအန္တရာယ် ကျရောက်ခြင်း စသော ဆိုးကျိုးများ ခံစားရနိုင်သကဲ့သို့ တမလွန်၌ နတ်ရွာနိဗ္ဗာန် လမ်းများပင်ပိတ်၍ အပါယ်တံခါးများ ပွင့်သွားတတ်သည်။

ထို့ကြောင့် ရှေးကဆရာသမားသူတော်ကောင်းကြီးများ ဩကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြရန် ညွှန်ပြပေးတော်မူခဲ့ကြသည်။ ထိုသို့ နှုတ်က ရွတ်ဆို၍ လက်အုပ်ချီမိုး ကန်တော့ခြင်းဖြင့် မိမိတို့ အပေါ်ကျရောက်နေသော အပြစ်များ ပြေပျောက်ကာ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ကောင်းကျိုးများ ရနိုင်ကြကုန်၏။ မည်သည့်အပြစ်မျှ မရှိသော် ရှိခိုးကန်တော့သဖြင့် ကုသိုလ်မင်္ဂလာ အသစ် ဖြစ်ပွားကာ ကောင်းကျိုးချမ်းသာများ တိုးပွားစေနိုင်ကုန်၏။

**ရှိခိုးခြင်းသုံးမျိုး**

(၁) ထိခြင်းငါးပါးနှင့်အညီ ကိုယ်ဖြင့်ရှိခိုးခြင်း (ကာယဝန္ဒနာ)
(၂) နှုတ်ဖြင့် ရွတ်ဆိုရှိခိုးခြင်း (ဝစီဝန္ဒနာ)၊
(၃) စိတ်ဖြင့် ရည်မှတ်ရှိခိုးခြင်း (မနောဝန္ဒနာ)

**ထိခြင်းငါးပါးရှိခိုးခြင်း**

ဒူးနှစ်ဘက်၊ လက်နှစ်ဘက်၊ နဖူးတို့ကို မြေ၌ သို့မဟုတ် ကြမ်းပြင်၌ ထိစေ၍ ရှိခိုးခြင်းသည် ထိခြင်းငါးပါးနှင့်အညီ ရှိခိုးသည်မည်၏။

**ဩကာသအဓိပ္ပါယ်**

ဩကာသ = ကန်တော့ပါရစေ၊ ခွင့်ပြုတော်မူပါ-ဟု ခွင့်တောင်းခြင်း။

**ကံ(၃)ပါး**

| | | |
|---|---|---|
| ကာယကံ | = | ကိုယ်ဖြင့် ပြစ်မှားမှု၊ |
| ဝစီကံ | = | နှုတ်ဖြင့် ပြစ်မှားမှု၊ |
| မနောကံ | = | စိတ်ဖြင့် ပြစ်မှားမှု၊ |
| သဗ္ဗဒေါသ | = | ကာယကံ ဝစီကံ မနောကံအပြစ်များ |
| ကန်တော့ | = | ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ဝန်ချခြင်း။ |

## ကံအကြောင်း

**ကံကို ယုံသလား**

လူတိုင်း၌ "ကံ၊ ဉာဏ်၊ ဝီရိယ"သုံးမျိုးရှိသည်။ "ဉာဏ်၊ ဝီရိယ"နှင့် ပတ်သက်၍ ပြဿနာ မပေါ်ချေ။ လူတိုင်းက လက်ခံကြသည်။ "ကံ"နှင့် စပ်လျဉ်းလာလျှင်မူကား "ကံ"မရှိဘူး ဆိုသူကဆို၊ "ကံ"ကို မယုံဘူးဟု ပြောသူက ပြောကြသည်။

သို့သော် "ကံမရှိဘူး၊ ကံ မယုံဘူး"ဟု ပြောသူများသည် မိမိ၏အခြေအနေ မိမိ၏ အပြုအမူများကို မသုံးသပ် မဆင်ခြင်မိကြသဖြင့် မိမိကိုယ်ကို ပြန်လည် ဆန့်ကျင်မိကြသူများသာ ဖြစ်ကြသည်။

ရှင်းပြဦးအံ့။ ပါဠိဘာသာ "ကမ္မ"မှ "ကံ"ဟူသော ပါဠိသက် မြန်မာ ဝေါဟာရ ဖြစ်လာသည်။ အဓိပ္ပာယ်မှာ အလုပ်ဟူ၍ ဖြစ်ပေသည်။ နေ့စဉ် လုပ်ရှားနေကြသော လောကလူသားတို့ကို ကြည့်ပါ။ မည်သူမဆို အလုပ်နှင့် ကင်းနိုင်ကြသည် မဟုတ်ပေ။ စားဝတ် နေရေး ပြေလည်မှုအတွက် နေထွက်မှ နေဝင်အထိ ရုန်းကန်လှုပ်ရှား နေကြရသူချည်း ဖြစ်ကြသည်။

**ကံနှင့်လက်တွေ့ဘဝ (ကုသိုလ် အကုသိုလ်)**

အလုပ်လုပ်သဖြင့် လုပ်အားတန်ဖိုးကို ရရှိကြသည်။ အစိုးရ အမှုထမ်းများသည် တိုင်းပြည်အတွက် အလုပ်လုပ်ကြသောကြောင့် ထိုလုပ်အားအတွက် တိုင်းပြည်က ပြန်လည် ချီးမြှင့်သော လစာရိက္ခာများ ရရှိနေကြသည်။ ကုန်သည်သည် ကုန်ရောင်း ကုန်ဝယ်လုပ်ငန်းမှ အမြတ်အစွန်း ရရှိခံစားရ၏။ စိုက်ပျိုးရေး သမားတို့သည် စိုက်ပျိုးမှုလုပ် ငန်းမှ သီးနှံများဖြစ်ထွန်းလာပြီး ထိုမှ အကျိုးအမြတ်ကို ပထမဦးဆုံး ခံစားကြရ၏။

နိုင်ငံတိုင်းတွင် လူမှုပညတ်ချက် ဥပဒေဟူသည်ရှိ၏။ ထိုဥပဒေကို လူတိုင်း လိုက်နာကျင့်သုံးနေကြရ၏။ ခိုးယူခြင်း၊ လုယက်ခြင်း၊ သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်း၊ ပုန်ကန်ခြင်းစသော အပြစ်တို့ကို ကျူးလွန်မိသူသည် မိမိ၏ မကောင်းသောအလုပ်ကြောင့် ဥပဒေအရ ငွေဒဏ်၊ ကြိမ်ဒဏ်၊ ထောင်ဒဏ်၊ ကြိုးဒဏ်၊ သေဒဏ်ခံကြရသည်။

အစိုးရဥပဒေကို ရိုသေလေးစား လိုက်နာပြီး ရာဇဝတ်ပြစ်မှုများကို ရှောင်ကြဉ်သူများမှကား စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြရသည်။ အများ ကောင်းကျိုးကို ဆောင်ရွက်သူများ၊ တိုင်းပြည်အတွက် အလုပ်လုပ်သူများလည်း အစိုးရ ဥပဒေအရ ဆုလာဘ်ပဏ္ဏာ ခံယူကြရသည်။

ကမ္ဘာ့နိုင်ငံ အသီးသီး၌လည်း အစိုးရဥပဒေများ ရှိကြ၏။ ထိုလူမှုပညတ်ချက် ဥပဒေများကိုလည်း ကျင့်သုံးလိုက်နာ နေကြရသည်သာ ဖြစ်၏။ ယင်းအပြင် အများအကျိုးအတွက် မိမိတို့ ပါဝင်နေသော ပါတီအဖွဲ့အစည်းတို့၏ စည်းမျဉ်း များကို ဦးလည်မသုန် လိုက်နာနေကြသူများသည်လည်း ကံကိုလုပ်နေကြခြင်းပင် ဖြစ်သည်။

တိုင်းပြည် တိုးတက်ရေး၊ ပြည်သူပြည်သားတို့ဘဝ သာယာရေးကို ဦးစီး ဦးကိုင်ပြုလုပ် ဆောင်ရွက်နေကြသူများလည်း မိမိတို့၏ ကောင်းသော လုပ်ငန်း ကြောင့် ကျော်စောခြင်း(ကိတ္တိ)ရရှိကြသည်။ တန်ခိုးအာဏာ ရှိကြသည်။ ချမ်းချမ်း သာသာ နေကြရသည်။ ဤကဲ့သို့ ကံကို ကိုယ်တိုင်လုပ်နေကြပြီး ကံအကျိုးကို နေ့စဉ် ခံစားနေကြပါလျက် "ကံမရှိဘူး၊ ကံ မယုံဘူး"ဟု ပြောဆိုမိကြပါက ဘူးသမားများသာ ဖြစ်ကြရာသည်။

ထို့ပြင် သက်ဆိုင်ရာလူမှုပညတ်ချက်နှင့် ဝါဒသဘောတရားအရ ပရဟိတ လုပ်အားကို သရုပ်ဖော်ပြ၏။ စုပေါင်းလုပ်ကိုင်ကြ၏။ တစ်ဦးနှင့် တစ်ဦး၊ ကူညီရိုင်းပင်းကြ၏။ ထောက်ပံ့ သကြိုဟ်ကြ၏။ ဖေးမ ကူညီကြ၏။ ဤအလုပ်တို့သည်လည်း ကံမဟုတ်လျှင် အဘယ်နည်း။

ဘာသာရေး လမ်းညွှန်ချက်များကြောင့် ကိုယ်ကျင့်တရား ထိန်းသိမ်းကြ၏။ တစ်ဦး နှင့်တစ်ဦး ရိုသေကိုင်းညွတ်ကြ၏။ လှူဒါန်းပေးကမ်း စွန့်ကြဲကြ၏။ ကူညီကြ၏။ ရိုင်းပင်း ကြ၏။ သနားကြ၏။ မေတ္တာထားကြ၏။ ဤသည်တို့လည်း ကံအလုပ်များပင် မဟုတ်ပါလော။

ဤသို့လျှင် လောကီရေး ရှုထောင့်မှ ကြည့်ကြည့်၊ လောကုတ္တရာရေး ရှုထောင့်မှ မြင်မြင်၊ ကံကို နေ့စဉ်ပြုလုပ်နေကြပါလျက် "ကံမရှိဘူး၊ ကံမယုံဘူး"ဟု ပြောနေပါလျှင် မြင်းစီးပြီး "မြင်းထီး၊ မြင်းမ"မသိသူနှင့် အဘယ်သို့လျှင် ခြားနားပါတော့အံ့နည်း။

လူသားတို့သည် ကံကို လုပ်နေကြခြင်းမှာ နည်းနည်းပါးပါးပင် မဟုတ်၊ အဆန်းတကြယ် အမြောက်အမြားပင် ဖြစ်၏။ လက်ရှိခေတ်တွင် လ-ကမ္ဘာသို့ ရောက်ပြီး အင်္ဂါဂြိုဟ်၌ ခြေချနိုင်ရန်အထိ ကံတွေကို အဆန်းတကြယ် ဖန်တီးနေကြပြီဖြစ်၏။

ဤကဲ့သို့ ကံတွေ အလုပ်တွေ ဆန်းကြယ်လေသည်မှာ လူသားတို့၏ စိတ်ဆန်းကြယ်၍ ဖြစ်သည်။ ထိုစကားမှန်၏။ ကျွန်ုပ်တို့ လူသားတို့၏ စိတ်ကား လောကတွင် ဆန်းကြယ်ပါသည်ဆိုသော အရာဟူသမျှထက် ဆန်းကြယ်လျက် ရှိ၏။ အကြောင်းကား ထို ဆန်းကြောင့်ဆန်းကြယ် အသွယ်သွယ်ကို လူ့စိတ်ကူးဖြင့် ဖန်တီးယူကြသောကြောင့်တည်း။ (အင်္ဂုတ္တိုရ်ပါဠိ၊ ပထမ၊ အဋ္ဌသာလိနီစသည်)။

စိတ်ဆန်းကြယ်သည်နှင့်အမျှ လူတို့၏လုပ်ငန်းများလည်း ဆန်းကြယ်လာ၏။ အလုပ် မတူ၍ လူတို့၏အသွင်အပြင်များလည်း ကွဲပြားလာ၏။ ဝတ်စားဆင်ယင်မှု၊ သွားလာနေ ထိုင်မှုတို့လည်း လုပ်ငန်းအရ ကွဲပြားလာရတော့သည်။

ဤကဲ့သို့ အသွင်အပြင်တွေ ပုံဟန်သဏ္ဌာန်တွေ တစ်ခုနှင့်တစ်ခု

မတူကြသောကြောင့် အမှတ်အသား အခေါ်အဝေါ်များလည်း သူ့နေရာနှင့်သူ ခေါ်ဝေါ်သုံးစွဲလာရသည်။ ဆရာ, ဆရာမဟူ၍လည်းကောင်း၊ ရှေ့နေ, တရားသူကြီးဟူ၍ လည်းကောင်း၊ ရဲသား, စခန်းမှူးဟူ၍ လည်းကောင်း၊ တပ်သား, တပ်ဗိုလ်ဟူ၍ လည်းကောင်း အခေါ်အဝေါ် ဝေါဟာရတွေ ကွဲပြားခြားနား လာရသည်။

အလုပ်ကို အခြေခံသော ဘဝအခြေအနေများ၊ အခေါ်အဝေါ်များ ကွဲပြားနေ၍ "ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်"စသည့် ဆန္ဒများ တဖွားဖွား ပေါ်လာရပေသည်။

မိမိစိတ်ဆန္ဒအလိုက် နှစ်ခြိုက်ရာလုပ်ငန်းများကို ပြုလုပ် ဆောင်ရွက် လာကြသည်။ အလုပ်၏ ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်များကိုလည်း ထိန်းသိမ်း လာကြရသည်။ တစ်ဘဝလုံး လုပ်ခဲ့သမျှ အလုပ်အတွက် လတ်လတ်ဆတ်ဆတ် လုပ်အားတန်ဖိုးကို ခံစားကြရသည့်အ ပြင် အလုပ်လုပ်သူ၏ စိတ်နေစိတ်ထားပေါ် မူတည်၍ စိတ်စေတနာ သတ္တိကလေးများ လည်း လူ့သန္တာန်၌ စွဲမြဲ ကျန်ရစ်ခဲ့၏။ ထို စေတနာ သတ္တိကလေးများသည် အချည်းအနှီး ပျောက်ကွယ်သွားသည် မဟုတ်ပေ။ သေသောအခါ ထိုစိတ်စေတနာ၏ အစွမ်းကြောင့် ဘဝသစ်ဆက်၍ ဖြစ်လာရသည်။ မိမိ၏ စိတ် စေတနာ ကောင်းမှု, ဆိုးမှုအပေါ် အခြေခံ၍ ဘဝကောင်း, ဘဝဆိုးကို ရလာကြသည်။ ဤသည်မှာ စိတ်ကူးတွေမြင်ချက်မဟုတ်၊ မျိုးစေ့ မှ အပင်ပေါက်သည်, မီးကြောင့် အခိုးထွက်သည် ဟူသကဲ့သို့ ကြောင်းကျိုးကွင်းဆက် ယထာဘူတသဘောမှန် ဖြစ်သည်။

အလုပ်နှင့် လုပ်အားတန်ဖိုးကို မငြင်းနိုင်သူမှန်သမျှ ကံကို မငြင်းနိုင်ပေ။ မည်သူမဆို အလုပ်ကံကိုသာ နေ့စဉ် ကြိုးစားနေကြရသည်ဖြစ်သောကြောင့် ကမ္ဘာသူ ကမ္ဘာသားအား လုံးသည် "ကံကို မယုံဘူး"ဟု ပြောလျှင် မိမိအလုပ်ကို "မယုံဘူး"ဟု ပြောမိလျက်သား ဖြစ်ရာသည်။ ဇာတ်ပွဲထဲက နတ်ကလေးပမာ ထွက်ဆိုလို့သာ ထွက်လာရသည် "ငါ ဘာကောင်ပါလိမ့်"ဟု ဆိုရာကျချေမည်။

ဤသို့သော အကြောင်းများကြောင့် လူတိုင်းသည် မိမိတို့ နေ့စဉ် ကံကို လုပ်နေကြ ကြောင်း၊ ကံ၏အကျိုးကို ခံစားနေကြကြောင်း ဆင်ခြင်သုံးသပ်သင့်၏။

"ကံမရှိ ကံမယုံ"ဟု မည်သည့်အခါမျှ မယူဆထိုက်ကြောင်း ယထာဘူတ ကျကျ တွေးဆသိမြင်အပ်ပေသည်။

**ကံဆိုသည်မှာ အဘယ်နည်း**

ကံဟူသည် ရုပ်နာမ်ဓမ္မ သမူဟသာဖြစ်သော လူသား၏ ကိုယ်၊ နှုတ်၊ စိတ် အမူအရာ စွမ်းအား ဖြစ်ပေသည်။

ထိုစကားသင့်စွ၊ ကျွန်ုပ်တို့သည် သက်ရှိလူသား တစ်ဦးစီအား စူးစူး စိုက်စိုက်ဉာဏ် ဖြင့် နှိုက်၍ ကြည့်ရှုဆင်ခြင်ပါမူ သူသည် သူ၏ ကိုယ်ကာယဖြင့်လည်း အလုပ်လုပ်နေသည်။ နှုတ်ဝစီဖြင့်လည်း ပြောဆိုနေသည်။ ကိုယ်လက် အမူအရာနှင့် ခံတွင်းမှ ထုတ်ဟ ပြောဆိုခြင်း မရှိသော်လည်း အဘိဇ္ဈာဖြစ်မှုကဲ့သို့ အတွင်း အဇ္ဈတ္တတွင် ကျိတ်ကာမှိတ်ကာ စိတ်သက်သက်ဖြင့်လည်း ကြံစည်လုပ်ကိုင် နေတတ် သည်။ ဤသို့သော မူမှန်သဘာဝတို့ကို အမှန်အတိုင်း သိမြင်ကြရပေမည်။ ယင်း ကာယ၊ ဝါစာ၊ မန အမူအရာများကို ဖယ်ရှားကြည့်လျှင် လူသားကို "အသုဘ"အနေဖြင့်သာ တွေ့ရပေမည်။

ဖော်ပြပြီး ကာယ၊ ဝါစာ၊ မန အမူအရာ အလုပ်တို့ကို ပါဠိဘာသာအားဖြင့် ဝေါဟာရ ထပ်တပ်ဆင်သောအခါ-

ကာယကမ္မ = ကာယကံ- ကိုယ်အမူအရာဖြင့် ပြုလုပ်မှု၊

ဝစီကမ္မ = ဝစီကံ- စကားဖြင့် ပြုလုပ်ဆောင်ရွက်မှု၊

မနောကမ္မ = မနောကံ- အတွင်းစိတ်သက်သက်ဖြင့် အတွင်းကြိတ် ကြံစည်ပြုလုပ်မှု-ဟူ၍ ဖြစ်လာသည်။

ဝစီကမ္မ၌ "ဝစီ"သို့မဟုတ် "ဝစ"သဒ္ဒါမှာ နှုတ်ခံတွင်းကို မဟောဆို၊ "စကား"ဟူသော အဓိပ္ပာယ်ကိုသာ ပေး၏။ ထို့ကြောင့် ဝစီကံကို "နှုတ်ဖြင့် ပြုလုပ်ချက်"ဟု ဘာသာပြန်ဆိုသည်ထက် "စကားဖြင့် လုပ်ဆောင်ချက်"ဟု အနက်ဖော်ထုတ်သည်က ပို၍ ရှင်းလင်းသည်။

ကံနှင့်လူသားသည် တစ်ခြားစီ မဟုတ်၊ ကံဟူသည် လူသား၏စွမ်းရည် တစ်မျိုးသာဖြစ်ကြောင်း သဘောပေါက်ရပေမည်။

ဗုဒ္ဓဘာသာအချို့သည် ကံကြမ္မာသည် သီးသီးသန့်သန့် ရှိနေသလို အထင်အမှတ် မှားနေ၏။ "အတ္တ"ရှိသည်ဟု ထင်သကဲ့သို့ ဖြစ်ချေ၏။ အဘိဓမ္မာအရ ကံသည် စေတနာ ဖြစ်၍ "ဥပါဒ်၊ ဋ္ဌီ၊ ဘင်"စနစ်ဖြင့် ချုပ်ပျက်မြဲ ဖြစ်၏။ "ကမ္မသတ္တိ၏ စွမ်းရည်သည် မည်သည့်အဆင့်ရောက်မှ အကျိုးဖြစ်ထွန်း လာသည်။ မိမိတွင် ဘယ်သို့သော ကမ္မသတ္တိရှိ နေသည်"ကို အတပ်မသိရှိဘဲ "ရှေးအတိတ် ကံကို ယုံပြီး စောင်ခြုံအိပ်နေမည်၊ ပျော့စိစိ ဆုတ်ဆုတ် နစ်နစ် ဖြစ်နေမည်"ဆိုပါက ရှေးအကြောင်းကံရှိမှ ချမ်းသာမည် (ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ) ဟု ကံတစ်ခုတည်း စွဲယူမှုမျိုးဖြစ်၍ "ဗုဒ္ဓလမ်းစဉ်မှ သွေဖည်နေပြီ"ဟု နားလည် ရန်သာရှိတော့၏။ ဖြစ်သမျှ ရှေးအတိတ်ကံလက်ချက်ဟု ပုံမချရ၊ အတိတ်နှင့် ပစ္စုပ္ပန် ပေါင်းစပ်ယူရသည်။ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံပေါင်းစပ်ပြီး လက်ရှိဘဝ ကောင်းကျိုးကို ရှာရမည်။ အနာဂတ်ကောင်းကျိုး ထူထောင်ရမည် ဖြစ်ပါသည်။

**ကံ၏အခြေအမြစ်**

မြတ်ဗုဒ္ဓက ရင်းမြစ်ကျကျ စေတနာကို "ကံ"ဟူ၍ ဤသို့ဟောပြ၏။

(က) စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။
စေတနာကို ကံဟူ၍ ငါဘုရားဟော၏။

(ခ) စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။
စေ့ဆော်ပြီး၍ ကိုယ်နှုတ်စိတ်တစ်မျိုးမျိုးဖြင့် လုပ်အားကို သရုပ်ဖော်၏။

မမြင်သာသော စေတနာနှင့် မြင်သာသည့် လုပ်အားလှုပ်ရှားမှုတို့၏ ဆက်သွယ်ပေါင်း ကူးမှုကို ပဋ္ဌာန်းဒေသနာတော်ကြီး၌ ဤသို့ ဖော်ပြပေသည်-

သဟဇာတာ ကုသလာစေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေနပစ္စယော။
သဟဇာတာ အကုသလာစေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

တိုက်ဆိုင်မိသော အာရုံအခိုက်၌ အုပ်စုလိုက် ဖြစ်ပေါ်လာသော စိတ်, စေတသိက် နာမ်တရားစုတွင် တစ်ခုအပါအဝင်ဖြစ်သော စေတနာသည် စိတ်စွမ်းအားကြောင့် ဖြစ်ထွန်းပေါ်ထင်လာသော ရုပ်တရားများအား ကမ္မသတ္တိဖြင့် ကျေးဇူးပြုသည် (ဝါ)စေတနာက ကမ္မသတ္တိ(မျိုးစေ့သဘော) စွမ်းအားဖြင့် လုပ်အား တွေ လှုပ်ရှားလာအောင် ဖန်တီးသည်။

"စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ"ဟူသော ဒေသနာတော်အရ ကာယလုပ်အား၊ ဝါစာလုပ်အား၊ မနလုပ်အား (ဉာဏ လုပ်အား)တို့သည် စေတနာကြောင့် သရုပ်ပေါ်လာသော ကံတို့ပေတည်း ဟု သုတ္တန်နည်းကျကျ နားလည်ရပေ၏။

ဤတွင် "စေတနာ ကောင်းရှာတယ်၊ တယ်စေတနာသန့်တဲ့ လူပဲ"စသော အရပ် ပြောစကားများတွင်ပါရှိသည့်(ရပ်သိရွာသိ)ဂါမေအသိ စေတနာမျိုးကို ဆွဲ၍ မသွင်းယူသင့်၊ စာပေအရှိ စေတနာသဘောကိုသာ သုံးသပ်ရမည် ဖြစ်သတည်း။

**ကံ၏အကျိုးတရား (ကမ္မဖလ)**

ကံ၏အကျိုးရှိကြောင်း မည်သို့ သိနိုင်ပါသလဲ-

ကမ္မပထမြောက်၍ အပါယ်သို့ လားရာလားကြောင်းဖြစ်သော နတ္ထိကဒိဋ္ဌိ အမြင်ရှိ သူများက "အလုပ်ကံနှင့် ကံ၏ အကျိုး (လုပ်အားတန်ဖိုး) မရှိ"ဟု မှတ်ထင်ကြသော်လည်း အမှန်စင်စစ် လုပ်အား (ကံ)၏ စွမ်းရည်သတ္တိ ကောင်းကျိုး၊ ဆိုးပြစ်သည် မီးနှင့် အခိုးအလျှံကဲ့သို့ ခွန်တွဲလျက်သာ တည်ရှိနေပေသည်။ အလုပ်(ကံ)၏ ကောင်းကျိုး၊ ဆိုးပြစ် ရှိမှုကို-

(၁) ကိုယ်တွေ့အားဖြင့် လည်းကောင်း၊

(၂) ဆင်ခြင်ဝေဖန်ဉာဏ်အားဖြင့် လည်းကောင်း၊

(၃) ဘုရားသမ္ဗုဒ္ဓ၏ ဟောကြားချက်အရ လည်းကောင်း-ယထာဘူတ ကျကျ သိရှိနိုင်ပေသည်။

**ကံသည် အကျိုးတရားကို ချက်ချင်း ဖော်ထုတ်သလော-**

ကံ၊ကံ၏အကျိုး ဆက်သွယ်မှုတွင် ဗုဒ္ဓဘာသာတိုင်းလိုလိုပင် ဘုရားမြတ် အလိုတော်ကျအတိုင်း မှန်ကန်စွာ နားလည်ထားရင်း ရှိခဲ့၏။

ကောင်းသောအလုပ် (ကုသိုလ်ကံ)၊ ဆိုးညစ်သောအလုပ် (အကုသိုလ်ကံ) တို့၏ အကျိုးတရား ဖြစ်ထွန်းစေမှုနှင့် ပတ်သက်၍ ဓမ္မပဒဒေသနာတော်တွင် မြတ်ဗုဒ္ဓက ဤ သို့ ဟောကြားထား၏-

**ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။**

**ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။**(ဂါထာ-၁၁၉)

မကောင်းမှုကို ပြုလုပ်ထားသူပင် ဖြစ်လင့်ကစား ထိုအကုသိုလ်ကံရင့်ကျက်လာပြီး ဆိုးပြစ်ကို ဖော်ထုတ်၍ မပေးမီ အချိန်ပိုင်း၌ ချမ်းသာသုခကို တွေ့မြင် ခံစားနေရသေး၏။ သို့သော်လည်း ပြုလုပ်ခဲ့သော ဒုစရိုက်ကံ ရင့်ကျက်၍ သူ၏ သတ္တိကို ပြသလာသော အခါ ဆိုးညစ်သော ကံပိုင်ရှင်သည် ယုတ်မာဆိုးဝါးသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို တွေ့မြင်ခံစားရတော့သည်။

**ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။**

**ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။**(ဂါထာ-၁၂၀)

ကောင်းသောအမှုကိုပြုလုပ် ဆောင်ရွက်ထားသည် ဖြစ်လင့်ကစား ထို ကောင်းမှုကုသိုလ်ကံ မရင့်ကျက်သေးသဖြင့် ကောင်းကျိုးသုခကို ပေးအပ်ဆက်နှင်းနိုင်ခြင်း မရှိသေးမီအတွင်း ဆင်းရဲဒုက္ခကို တွေ့ကြုံရတတ်သေး၏။ သို့တစေလည်း ပြုထားသော ကုသိုလ်ကံ ရင့်ကျက်လာ၍ သူ၏အကျိုးတရားကို ဖော်ထုတ်လာသောအခါ သုစရိုက်ကံသခင် လူသားသည် ချမ်းသာသုခ ဟူသမျှကို အားရပါးရ တွေ့မြင်ခံစားရပေသည်။

ကြားကာလတွင် စံစား ခံစားရသော အကျိုးတရားများမှာ ယခင့် ယခင်က လုပ်ခဲ့ပြီး ရင့်ကျက်သော ကံတစ်မျိုးမျိုးကြောင့်လည်းကောင်း၊ ဉာဏ်ဝီရိယကြောင်း ဆက်ကြောင့်လည်းကောင်း ဖြစ်ပေ၏။

အထက်ပါ ဒေသနာတော်၌ "ယာဝ ပါပံ န ပစ္စတိ၊ မကောင်းမှုကံ ရင့်ကျက်မှု မဖြစ်မီ" "ယာဝ ဘဒြံ န ပစ္စတိ၊ ကောင်းမှုကံ မရင့်ကျက်မီ"ဟူသော စကားတို့မှာ ကံတစ်ခုသည် ရင့်ကျက်လာမှသာ အကျိုးကို ဖြစ်စေနိုင်သည် (ဝါ) ရေတ်သီးစပ်သလို လတ်တလော တစ်ထိုင်တည်း အကျိုးပေးနိုင်ခြင်းမရှိဟု ထင်ထင်ရှားရှား ဟောပြထားခြင်းဖြစ်၏။

ဤသို့ တိုက်ရိုက်ဟောပြထားသော ဘုရားမြတ်၏ တရားတော်အရ လည်းကောင်း၊ နေ့စဉ် တွေ့မြင်နေကြရသော လက်တွေ့ကျသည့် အချက် အလက်ပေါ် သုံးသပ်၍လည်းကောင်း ကံတစ်ခုသည် ချက်ချင်းလက်ငင်း ဒရောသောပါး အကျိုးကို မပေးဆပ်နိုင်ကြောင်း ယထာဘူတကျကျ ဗုဒ္ဓဘာသာ ဝင်များက ခံယူထားကြပေသည်။

ထိုမှတပါး တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားနှင့်တကွ နတ်ပြဟ္မာ ပညာရှိများအားလည်းကောင်း၊ လူ့ပြည်တွင် လက်ယာတော်ရံ ရှင်သာရိပုတ္တရာအားလည်းကောင်း၊ ရှင်သာရိပုတ္တရာ မှတစ်ဆင့် ရဟန်း ငါးရာတို့အား လည်းကောင်း စတင်ဖော် ထုတ်ဟောပြခဲ့သော သဘာဝ ဒေသနာတော်ဖြစ်သည့် အဘိဓမ္မာ တရားတော်အရလည်း ကံအကျိုးတရား၏ သန့်စင်ဖွားမြောက်လာပုံ အခါကာလ အမျိုးမျိုး သိရှိမှတ်သားနိုင်ပေသေးသည်။

## ကံအမျိုးမျိုး (ကမ္မဘေဒ)

### ချိန်ကွဲကျိုးဖန် ကံသုံးတန်

ကောင်းမှုကံဖြစ်စေ၊ မကောင်းမှုကံဖြစ်စေ ကံတစ်ခုသည် သူ၏အကျိုးတရားကို-

(၁) လက်ရှိဘဝအတွင်း တစ်ချိန်ချိန်မှာ ဖော်ထုတ်သည်လည်း ရှိ၏။ ၄င်းကို **ဒိဋ္ဌဓမ္မဝေဒနီယကံ**ဟု ပါဠိလိုခေါ်၏။ မျက်မှောက်ဘဝမှာပင် အကျိုးကို ခံစားနိုင်စေရန် စွမ်းရည် ခံစားနိုင်စေရန် စွမ်းရည်ရှိသောကံဟူ၍ ဆိုလို၏။

(၂) အချို့သောကံသည် ပစ္စက္ခဘဝ၌ အကျိုးတရားကို ထုတ်ဆောင်အပ်နှင်း နိုင်ခြင်းမရှိ၊ ဒုတိယ ဘဝကျမှသာ ၄င်းတန်ခိုးကို ပြသနိုင်၏။ ဤကံမျိုးကိုမူ နောက်ဘဝကျမှ ခံ၊ စံရမည့် အကျိုးကို ဖြစ်ထွန်းစေသည့်အတွက် **ဥပပဇ္ဇဝေဒနီယကံ**ဟူ၍ သတ်မှတ်ပါသည်။

(၃) ကံတစ်မျိုးမှာမူ ယခုဘဝမှာရော နောက်ဘဝမှာပါ သူ၏အကျိုးတရားကို ထုတ်ဖော်နိုင်ခြင်း မရှိ၊ ရင့်ကျက်ရန် အချိန်လိုနေသေးသောကြောင့် ဖြစ်၏။ ထိုကံမျိုးသည် တတိယဘဝမှစ၍ ကံပိုင်ရှင်လူသား နိဗ္ဗာန်မရ မရောက်သေးမီ ကြားကာလ တစ်ချိန်ချိန်၌ အကျိုးပေးရန် အားစု နေရ ပေသည်။ အားပြည့်၍ ရင့်ကျက်လာသည်နှင့် တပြိုင်နက် ကောင်းသော ကံက ကောင်းကျိုးချမ်းသာ သီးပွင့်ကို ဝေဆာစေပြီး ဆိုးညစ်သော အကုသိုလ်ဖြစ်က မကောင်းကျိုးကို ကံအရှိန်နှင့် ဖော်ထုတ်ပေသည်။ **"အပရာပရိယဝေဒနီယကံ"**ဟူသည် မှာ ဤကံမျိုးဖြစ်ပေသည်။

ဆိုခဲ့ပါ ကံတို့သည် မိမိတို့သက်ဆိုင်ရာ အချိန်ပိုင်းအတွင်း၌ အကျိုးပေးရစမြဲ ဖြစ်၏။

**အဘိဓမ္မာပါဠိတော် ကထာဝတ္ထု၌-**

**ဒိဋ္ဌဓမ္မဝေဒနီယံ ကမ္မံ ဒိဋ္ဌဓမ္မဝေဒနီယဋ္ဌေန နိယတန္တိ၊ အာမန္တာ-** စသည်ဖြင့် ဝေဖန် ဟောပြောထား၏။

မျက်မှောက်ဘဝတွင် အကျိုးပေးနိုင်စွမ်းရှိသော ကံတစ်ခုသည် မျက်မှောက် ဘဝမှာပင် အကျိုးပေးခြင်းသဘောနှင့် မြဲရဲ့လား (ဝါ) မျက်မှောက်ဘဝမှာပင် အကျိုးပေးရဲ့လားဟု မေးသော်-

အစွမ်းရှိသောကံသည် သူ၏အကျိုးကို ထုတ်ဖော်ရန် ပျက်ကွက်ခြင်း မရှိပါ၊ မြဲပါသည်၊ အကျိုးပေးပါသည်ဟု ဖြေဆိုရပါမည်။

ဤတွင် သက်ဆိုင်ရာ အချိန်ပိုင်းနှင့် ကံ၏ ရင့်ကျက်မှုအရည်အချင်းကို သတိပြုရန်လို၏။ သက်ဆိုင်ရာ အချိန်ပိုင်း၌ ရင့်ကျက်ရမည့်ကံသည် တကယ် ရင့်ကျက်လာပါက ယင်းသို့ ရင့်ကျက်သည်နှင့် တပြိုင်နက် အကျိုးတရားကို ဖြစ်ထွန်းစေသည်။ ရင့်ကျက်ပြီးနောက် အချိန်ဆွဲနေသည် (ဝါ) ရင့်ကျက်ပြီးမှ အကျိုးမပေးလိုက်ရဘဲ ပျက်စီးသွား သည်ဟူ၍ မရှိချေ။

**အဟောသိကံ**

သို့သော် သက်ဆိုင်ရာ အချိန်ပိုင်းအတွင်း မရင့်ကျက်သော ကံတို့လည်း ရှိပေသည်။ ရင့်ကျက်ဖို့ အလားအလာရှိသော်လည်း မိမိထက် အားကြီးလှသော ဆန့်ကျင်ဖက်ကံ တစ်မျိုးမျိုးတို့က (အကုသိုလ်ကံနှင့် ကုသိုလ်ကံ ဆန့်ကျင် ဘက်တည်း) အလဲထိုးလိုက်သဖြင့် ပျက်စီးသွားရသော ကံတို့လည်းရှိပေ၏။

ယင်းသို့ မရင့်ကျက်နိုင်သောကံ အဖျက်ဆီးခံရသော ကံတို့သည် မိမိတို့နှင့် သက်ဆိုင်ရာ ကောင်းကျိုးဆိုးပြစ်ကို ဖော်ထုတ်နိုင်သည့် အခွင့် အရေးကို စွန့်လွှတ်ကြရ၏။ ကံအနေဖြင့် ဖြစ်ခဲ့ရသော်လည်း အကျိုးတရားကို ဖော်ထုတ်နိုင်ခြင်း မရှိတော့သောကြောင့် အလကားကံ၊ အချည်းနှီးကံတို့

ဖြစ်ရသည်။ အပွင့်သာ ပွင့်နိုင်ပြီး အသီးအဖြစ်သို့ မရောက်နိုင်သကဲ့သို့တည်း။ ဉသာဖြစ်လာပြီး အကောင်မပေါက်နိုင်သည့် လေဉပမာတည်း။ ဤသို့သော ကံမျိုးကို ပါဠိလို "အဟောသိကံ"ဟူ၍ ခေါ်ပေသည်။

ဤ၌ ရှင်အင်္ဂုလိမာလ၏ လူသတ်မှု အကုသိုလ်ကံတို့သည် ရှင်အင်္ဂုလိမာလ ရဟန္တာ ဖြစ်သွား၍ မကောင်းသောအကျိုး မပေးနိုင်သောကြောင့် အဟောသိကံ ဖြစ်သွားရပုံကို သတိရနိုင်၏။

အဘိဓမ္မာနည်းအရ ဝီထိတစ်ခုတွင် ပါဝင်သော ဇောစိတ်ခုနစ်ကြိမ်အနက် ပထမဇောစိတ်နှင့်ယှဉ်သော စေတနာကံသည် ဒိဋ္ဌဓမ္မအကျိုးပေး၏။သတ္တမဇောနှင့် ယှဉ်သော စေတနာကံသည် ဉပပဇ္ဇဝေဒနီယ (ဒုတိယ ဘဝ၌ အကျိုးပေးသောကံ) ဖြစ်၏။ အလယ်ဇော(၅)ချက်နှင့်ယှဉ်သော စေတနာကံတို့သည် အပရာပရိယ ဝေဒနီယ (နိဗ္ဗာန်မရမီ ဘဝတစ်ခု၌ အကျိုး ပေးသောကံ) ဖြစ်သည်။ ထိုကံတို့ သည်ပင် မရင့်ကျက်နိုင်လျှင် အဟောသိကံ ဖြစ်သွားကြသည်။

**ဤ၌ အရေးကြီးသော သင်ခန်းစာမှာ အကုသိုလ်လုပ်မိလျှင် မတိုးပွားအောင် တိုတိုနှင့်ဖြတ်၊ ကံ မရင့်ကျက်နိုင်၍ (အားမကောင်း၍) အကျိုးမပေးနိုင်ဘဲ အဟောသိကံဖြစ်ပွားလိမ့်မည်။ ကုသိုလ်ကောင်းမှု လုပ်ပြီးလျှင် အထပ်ထပ် ပွားအောင် အားဆင့်ပေး၊ သို့မှသာ အားစွမ်းရည် တိုးတက်ရင့်ကျက်လာပြီး ကောင်းကျိုးပေးမည်။ ဤအချက်ကို အထူးမှတ်သား၍ လက်တွေ့ကျင့်သုံးသင့်ပေသည်။**

**လေးပါးအင်္ဂါ= ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ပတ်သက်၍ ကုသိုလ်အရာ၌-**

(၁) စေတနာစင်ကြယ်ထက်သန်ခြင်း၊

(၂) တရားသဖြင့်ရရှိထားသော လှူဖွယ်ဝတ္ထုဖြစ်ခြင်း၊

(၃) အလှူခံပုဂ္ဂိုလ်မှာ အနာဂါမ်၊ သို့မဟုတ် ရဟန္တာဖြစ်ခြင်း၊

(၄) နိရောဓသမာပတ်မှ ထပြီးခါစဖြစ်ခြင်း-ဤအင်္ဂါလေးရပ်နှင့် ပြည့်စုံသော ဒါနကုသိုလ်ကံသည် ခုနစ်ရက်အတွင်း အကျိုးပေးမြဲဖြစ်သည်။ သို့သော် အင်္ဂါ(၃)နှင့် (၄)သည် ယခုခေတ်၌ ပြည့်စုံရန် မလွယ်ပေ။

အထက်တွင် သုံးသပ်ဖော်ပြခဲ့ပြီးသော ပါဠိတော်ကြီးများ၏ အဆိုအမိန့်အရ မည်သည့်ကံမျှ လောလောလတ်လတ် အကျိုးမပေးနိုင်ကြောင်း နားလည်နိုင်ပြီ။

လက်တွေ့ကျသော အဖြစ်အပျက် အထောက်အထားများအရလည်း အလုပ်(ကံ) ကို အလုပ်လုပ်လျှင်လုပ်ချင်း စက္ကန့်မဆိုင်း၊ မိနစ်မဆိုင်း ဝုန်းဝုန်းဒိုင်းဒိုင်း ချက်ချင်း အကျိုး ပေးခြင်း မရှိကြောင်း ပြတ်သားစွာ သိမြင်နိုင်ကြ၏။

ပါဏာတိပါတကံကို အခုကျူးလွန်၊ ခု-ချက်ချင်း အသက်တို၊ ခု-ရောဂါထူပြောခြင်း မရှိမှု။ ခု-အလှူပေး၊ ခု-ထပြီး ချမ်းသာခြင်းမရှိမှု။ ခု-ဝါပင်စိုက်၊ ခု-ချက်ချင်း အဝတ်အထည်ဖြစ်လာခြင်း မရှိနိုင်မှု စသောအားဖြင့် အလုပ်(ကံ)နှင့် ဆိုင်ရာများကို စဉ်းစားပါလေ။

အကျဉ်းချုပ်အားဖြင့် ရိုးရိုးကမ္မဝါဒနှင့် ပတ်သက်၍ ကျမ်းဂန်များအရလည်းကောင်း၊ လက်ရှိလောကဖြစ်ရပ်များအရလည်းကောင်း၊ အလုပ်(ကံ) တစ်ခုသည် ပူပူလောလော အကျိုးပေးနိုင်ခြင်းမရှိ။ အကျိုးပေး မြန်ဆန်လှသော ကံသော်မှ ခုနစ်ရက်အတွင်း၌ အကျိုးပေးသည်။ ဘာအကျိုးကိုမျှ ပေးအပ်ခြင်း မရှိသော ရင့်ကျက်ခွင့်မရသည့် ကံတွေလည်းရှိသည်ဟု သိရပေသည်။

## ကိစ္စအားဖြင့် ကံလေးမျိုး

အထက်တွင် တင်ပြခဲ့သည်မှာ လူသားတို့နေ့စဉ်လုပ်ကိုင်ပြောဆိုမှု တွေးကြံမှု၌ စိတ် ဖြစ်တိုင်းပါဝင်နေသော စေတနာကံ၏ အကျိုးပေးချိန်ကာလကို ခွဲပြခဲ့ခြင်း ဖြစ်၏။

ဤစေတနာကံသည် အကျိုးပေးချိန် ကာလအားဖြင့်သာ ကွဲပြားသည် မဟုတ်သေး၊ ဆောင်ရွက်ချက်လုပ်ငန်းအနေဖြင့်လည်း ကွဲပြားလျက်ရှိသည်။ အကျိုးတရပ်ကို ကိုယ်တိုင် ဖြစ်ပေါ်စေမည့် ကံမျိုးလည်းရှိ၏။ စိတ်တွေ ရုပ်တွေကို ထိုက်သင့်သလို ဖြစ်ပေါ်စေသည့် ဤကံမျိုးကို **"ဇနကကံ"**ဟု ခေါ်ပါသည်။

တစ်ချို့ကံမှာမူ မိမိကိုယ်တိုင် အကျိုးကို မဖြစ်စေဘဲ အခြားကံများ အကျိုးပေးခွင့်ရအောင် ကူညီပေးပါသည်။ ဤကံကို**"ဥပတ္ထမ္ဘကကံ"**ဟု ဆိုပါသည်။ ကုသိုလ်ကံက အခြားသော ကုသိုလ်ကံကို ထောက်ခံပေးပြီး အကုသိုလ်ကံက အခြားသော အကုသိုလ်ကံ ရင့်ကျက်အားသန်လာအောင် ကူညီပါသည်။

အချို့သော ကုသိုလ်ကံသည် အကုသိုလ်ကံ အကျိုးပေးခွင့် မရှိအောင်၊ ပေးထားသည့်အကျိုး မဖွံ့ဖြိုးအောင် ကပ်၍နှိပ်စက်တတ်သည်။ အချို့သော အကုသိုလ်ကံလည်း ကုသိုလ်ကံအကျိုး မပေးရအောင်၊ အကျိုးမဖွံ့ဖြိုး မထွန်းကားအောင် ကပ်၍ ညှဉ်းဆဲတတ်ပြန်ပါသည်။ ထိုသို့ အခြားသော ဆန့်ကျင်ဘက်ကံကို နှိပ်စက်ဟန့်တားသည့် ကံနှစ်မျိုးကို **"ဥပပီဠကကံ"**ဟု သတ်မှတ်ကြ၏။

အင်အားကြီးလှသည့် ကုသိုလ်ကံသည် အကုသိုလ်ကံစွမ်းကို တစ်ခါတည်း ဖြတ်ချတတ်၏။ အားကြီးသော အကုသိုလ်ကံကလည်း အားပျော့သော ကုသိုလ်ကံသတ္တိ စွမ်းရည်ကို ပယ်ဖျက်နိုင်သည်။ ကံတစ်ပါး၏ စွမ်းရည်ကို ဟန့်တားဖျက်ဆီးသော ဤကံမျိုးကို **"ဥပဃ္ဃာတကကံ"**ဟု သတ်မှတ်ကြသည်။

ခန္တီဝါဒီရှင်ရသေ့ကို စော်ကား၍ ကာလာဗုမင်း မြေမျိုသေရခြင်းသည် ကုသိုလ်ကံ အကျိုးဖြစ်သော လူ့ဘဝမင်းအဖြစ်ကို အကုသိုလ်ကံက ဖြတ်ချလိုက်ခြင်း ဖြစ်သည်။ ရှင်အင်္ဂုလိမာလ အရဟတ္တမဂ်ဉာဏ်(ကုသိုလ်)ကို ရသောအခါ လူသတ်မှု အကုသိုလ်များ ပျက်ပြယ်ကုန်၏။ ကုသိုလ်က အကုသိုလ်ကံကို သတ်ခြင်းမျိုးတည်း။ ဤကား လုပ်ငန်းကိစ္စအားဖြင့် ကံလေးမျိုးခွဲခြင်းဖြစ်သည်။

**အလှည့်ကျတာဝန်ယူသော ကံလေးမျိုး**

လာမည့်ဘဝသစ်၌ အလှည့်ကျ အကျိုးပေးမှုနှင့် စက်လျဉ်း၍လည်း "ကံ"လေးမျိုး ခွဲကြသေး၏။ အကုသိုလ်အရာ၌ မိဘကို သတ်ခြင်းကဲ့သို့ အပြစ်ကြီးလေးသော"ပဉ္စာနန္တရိယကံ"၊ ကုသိုလ်အရာ၌ ဈာန်ရခြင်းကဲ့သို့ ထွတ်မြတ်သော "မဟဂ္ဂုတ်ကံ"တို့သည် အခြားမည်သည့်ကံကိုမျှ အခွင့်မပေးဘဲ မိမိတို့ကိုယ်တိုင် ပဋိသန္ဓေကျိုး ပေးကြသည်။ ဤကံမျိုးကို **"ဂရုကံ"**(အင်အားစွမ်းရည် ကြီးလှသော ကံ) ဟုခေါ်သည်။

ကြီးလေးသည့်ကံ မရှိသောသူများ၌ သေခါနီးတွင် ပြုလုပ်သော၊ သေခါနီးတွင် ပေါ်လာသော (ကုသိုလ်၊ သို့မဟုတ် အကုသိုလ်) ကံက ဘဝသစ်၌ အကျိုးပေး၏။ ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေ၏။ ဤကံမျိုးကို **"အာသန္နကံ"**ဟုခေါ်၏။ ဘဝကူးကောင်းရေးအတွက် အထူးသတိပြုရမည့်အချက်တည်း။

အကယ်၍ သေခါနီး၌ ထူးထူးခြားခြား အာသန္နကံမရှိလျှင် တစ်ဘဝတာလုံး မိမိလေ့ကျင့်ခဲ့သည့် (ကုသိုလ်၊ သို့မဟုတ် အကုသိုလ်ကံ) ကံတစ်မျိုးမျိုးက ဝင်လာပြီး ဘဝသစ်အတွက်အကျိုး (ပဋိသန္ဓေဝိညာဉ်)ကိုဖြစ်စေသည်။ ဤကံမျိုးကို **"အာစိဏ္ဏကံ"**(အလေ့ကျင့်များခဲ့သောကံ)ဟု ဆိုသည်။

ထိုသုံးမျိုးမှ အလွတ်ဖြစ်သော ရဟန္တာများ ပြုလုပ်သောကံကဲ့သို့သော သာမန်အမှတ်တမဲ့ပြုလုပ်သော ကံတစ်မျိုးကို "ကဋတ္တာကံ"(ပြုကာမတ္တ ဖြစ်ကာမတ္တကံ)ဟု ခေါ်လေသည်။ အထက်ပါ ကံသုံးမျိုး အကျိုးပေးခွင့် မကြုံလျှင် ဤကဋတ္တာကံများက အကျိုးပေးကြလေသည်။

[နေ့စဉ်ဘဝတွင် လက်တွေ့အသုံးကျရုံမျှ အကျဉ်းတင်ပြပါသည်။
အကျယ်ကိုမူ အဘိဓမ္မတ္ထသင်္ဂြိုဟ် စသည်၌ ရှုပါ]

## ကံချင်းမတူ လူချင်းမတူ

ဘုရားရှင်လက်ထက်ဝယ် သုဘလုလင်သည် လူချင်းတူပါလျက် တစ်ဦးနှင့်တစ်ဦး အကျိုးပေးထူးခြားပုံကို မြင်ရသဖြင့် မရှင်းလင်းသည့်အတွက် တစ်ဆယ့်လေးချက်သော ပြဿနာတို့ကို လျှောက်ထားရာ၌ ဘုရားရှင်ဖြေတော်မူပုံကို ယခု ရဟန်းရှင်လူအများ နားလည်သဘောပေါက်စေရန် အကျဉ်းချုံး၍ ရေးသားဖော်ပြပါမည်-

### ၁။ အချို့မှာ အသက်တိုရခြင်း

ဤလောက၌ အချို့သော မိန်းမယောက်ျားတို့သည် သတ္တဝါတို့ အပေါ်၌ သနားခြင်း ကင်းမဲ့လျက် သူတပါး၏အသက်ကို ရက်ရက် စက်စက် သတ်ဖြတ်လေ့ရှိ၏။ ထိုသူမျိုးသည် သေလျှင် ငရဲသို့ ကျရောက်တတ်၏။ (ရှေးက ကုသိုလ်ကံ တစ်ခုခု၏ ထောက်ပံ့ မှုကြောင့်) ငရဲသို့ မကျဘဲ လူ့ပြည်သို့ရောက်လျှင် ကြာရှည်စွာ နေခွင့်မရ။ အသက်တိုရလေသည်။

### ၂။ အချို့မှာ အသက်ရှည်ရခြင်း

ဤလောက၌ အချို့သော မိန်းမယောက်ျားတို့ကား သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာထားလျက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ ထိုသူများသည် သေလျှင် အထက်နတ်ပြည်သို့ ရောက်ရတတ်၏။

နတ်ပြည်မရောက်ဘဲ လူ့ပြည်သို့ ရောက်ပြန်လျှင် လည်း အသက်ရှည်စွာ နေကြရလေသည်။

**၃။ အချို့မှာ အနာရောဂါများရခြင်း**

ဤလောက၌ အချို့သော မိန်းမယောက်ျားတို့သည် တစ်စုံတစ်ယောက်သော သတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ၊ တုတ်၊ ဓား စသော လက်နက်ဖြင့်သော်လည်းကောင်း ညှင်းဆဲ လေ့ရှိ၏။ ထိုသူမျိုးသေလျှင် ငရဲသို့ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ရောဂါထူပြော အနာပေါ်လေသည်။

**၄။ အချို့မှာ အနာရောဂါကင်းရှင်းရခြင်း**

ဤလောက၌ အချို့သော မိန်းမယောက်ျားတို့သည် တစ်စုံတစ်ယောက်သော သတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ၊ တုတ်၊ ဓား စသော လက်နက်တို့ဖြင့်သော်လည်းကောင်း၊ ညှဉ်းဆဲနှိပ်စက်လေ့မရှိ။ ထိုသူမျိုးသည် သေလျှင် အထက် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည် မရောက်ဘဲ လူ့ပြည်သို့ ရောက်လျှင်ကား အနာရောဂါကင်းရှင်းရပေသည်။

**၅။ အချို့မှာ အရုပ်ဆိုးရခြင်း**

ဤလောက၌ အချို့သော မိန်းမယောက်ျားတို့သည် အလွန်ဒေါသ ကြီး၏။ အနည်းငယ် စကားပြောစရာရှိလျှင် သူတပါးကို ထိပါး ပုတ်ခတ်၍ ပြောဆိုလေ့ရှိ၏။ ထိုသူမျိုး သေလျှင်ငရဲသို့ ကျရောက် တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ရောက်လျှင် မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်ပေသည်။

**၆။ အချို့မှာ ရုပ်အဆင်းလှခြင်း**

ဤလောက၌ အချို့သော မိန်းမယောက်ျားတို့သည် ဒေါသမထွက်၊ သူတပါး၏ အပြစ် ကို ပြောဆိုလေ့မရှိ၊ စိတ်ကြည်လင်အေးမြသူဖြစ်၏။ ထိုသူသေလျှင် နတ်ပြည်သို့ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ကြည်လင်လှပသော အဆင်း (ရုပ်ချောခြင်း)ကို ရရှိပေသည်။

**၇။ အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာနည်းပါးရခြင်း**

ဤလောက၌ အချို့သော မိန်းမယောကျ်ားတို့သည် ဣဿာ (ငြူစူခြင်း) တရား အားကြီး၏။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးရလေသည်။

**၈။ အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာကြီးမားရခြင်း**

ထိုကဲ့သို့ ဣဿာ(ငြူစူခြင်း)တရားမရှိသောသူသည် သေလျှင် နတ်ပြည်သို့ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း နာမည်ကျော်ကြား ခြွေရံများ၍ တန်ခိုးအာဏာ ဩဇာ ကြီးမားရပေသည်။

**မှတ်ချက်။** ။သူတပါးတို့၏ ကံ,ဉာဏ်,ဝီရိယအားလျော်စွာ စည်းစိမ်ဥစ္စာ ပေါများခြင်း၊ ဂုဏ်သိန်ကြီးမားခြင်း၊ ထင်ရှားကျော်စောခြင်း၊ တတ်သိ လိမ္မာခြင်းစသည်ကို မနာလိုမှု၊ မကြည့်နိုင်မှု၊ စောင်းမြောင်းမှု၊ (မျက် စောင်းထိုးကြည့်မှု)ငြူစူမှု၊ (သည်လိုယုန်တော့ ချုံတိုင်းမှာရှိရဲ့၊ ဇီးကွက် လောက်တော့ ငှက်တိုင်းလှရဲ့၊ စသည်ဖြင့် နှုတ်ခမ်းစူ၍ပြောဆိုမှုသည် အတွင်းက ဣဿာတရားအစွမ်းပင်တည်း။

**၉။ အချို့မှာ ဥစ္စာမဲ့မွဲ ဆင်းရဲရခြင်း**

ဤလောက၌ အချို့သော မိန်းမယောကျ်ားတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့မရှိ၊ မစ္ဆေရ(ဝန်တိုခြင်း)တရား အလွန်အားကြီး၏။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ဥစ္စာမဲ့မွဲ ဆင်းရဲရလေ၏။

**၁၀။ အချို့မှာ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝရခြင်း**

ထိုကဲ့သို့ မစ္ဆေရ(ဝန်တိုခြင်း)တရားမရှိဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ ရှိသောသူသည် သေလျှင် နတ်ပြည်သို့ရောက်ရ၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ရောက်ရလျှင်လည်း ဥစ္စာပြည့်စုံကုံလုံကြွယ်ဝ ရပေသည်။

**မှတ်ချက်။** ။မိမိ၌ ရှိသောပစ္စည်း၊ မိမိနှင့်သက်ဆိုင်သော ပစ္စည်း များကို သူတစ်ပါးနှင့်မဆက်ဆံလိုမှု၊ မပေးကမ်း, မလှူဒါန်းရက်မှုကို

လည်းကောင်း၊ မိမိ၏ စည်းစိမ်ဂုဏ်သိမ်မျိုး သူတပါးရမှာ စိုးရိမ်ခြင်းကို လည်းကောင်းမစ္ဆေရ (ဝန်တိုခြင်း)ဟု ခေါ်သည်။

**၁၁။ အချို့မှာ အမျိုးယုတ်ခြင်း**

ဤလောက၌ အချို့သော မိန်းမယောကျ်ားတို့သည် အလွန်မာန်မာန ကြီး၏။ သူတစ်ပါးကို အထင်အမြင်သေး၏။ ကိုယ့်ကိုယ်ကို အထင်ကြီး၏။ ရိုသေလေးစားထိုက်သူကိုမျှ ရိုသေလေးစားရမှန်းမသိ။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်လျှင်လည်း အောက်ကျနောက်ကျ ယုတ်ညံ့သော အမျိုး၌ ဖြစ်ရ၏။

**၁၂။ အချို့မှာ အမျိုးမြတ်ရခြင်း**

ထိုကဲ့သို့ မာန်မာနမကြီးဘဲ ရိုသေလေးစားထိုက်သူကို ရိုသေ လေးစား လေ့ ရှိသောသူသည် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်ကိုရောက်ရလျှင်လည်း မြင့်မြတ်သော အမျိုး၌ ဖြစ်ရရိုးရှိ၏။

**၁၃။ အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာနည်းပါးရခြင်း**

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် ပညာရှိရဟန်း ပုဏ္ဏားများသို့ ချဉ်းကပ်၍ ကုသိုလ်/အကုသိုလ်တရား၊ အပြစ်ရှိ/အပြစ်မရှိ သောတရား၊ မှီဝဲသင့်/မမှီဝဲသင့်သောတရား၊ ပြုမိသော် ရှည်ကြာစွာ ဆင်းရဲဒုက္ခကို ဖြစ်စေသောအမှု၊ ပြုမိသော် ရှည်ကြာစွာ ချမ်းသာ သုခကို ဖြစ်စေသောအမှု-တို့ကို မမေးမြန်း၊ ထိုသူမျိုးသေလျှင် ငရဲသို့ရောက်တတ်၏၊ ငရဲမကျဘဲ လူ့ပြည်သို့ရောက်လျှင်လည်း ဖြစ်ရာဘဝ၌ အသိအလိမ္မာ ဉာဏ်ပညာနည်းပါးတတ်၏။

**၁၄။ အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာကြီးမားရခြင်း**

ထိုကဲ့သို့သော ကုသိုလ်တရား၊ အကုသိုလ်တရား စသည်ကို မေးမြန်းသော အချို့သော ယောကျ်ား မိန်းမတို့သည် သေလျှင် နတ်ပြည်သို့ ရောက်တတ်၏၊ နတ်ပြည်မရောက်ဘဲ လူ့ပြည်ရောက်လျှင်လည်း ဖြစ်ရာဘဝ၌ အသိအလိမ္မာဉာဏ်ပညာကြီးသူဖြစ်ရ၏။

(ဥပရိပဏ္ဏာသပါဠိ၊ စူဠကမ္မဝိဘင်္ဂသုတ်၊ နှာ-၂၄၇၊၂၄၈)

## ရတနာမည်ပုံ

စိတ်နှလုံး မွေ့လျော် ရွှင်ပျော်နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိ-သက်မဲ့ အရာဝတ္ထုဟူသမျှသည် ရတနာမည်၏။

စိန် ရွှေ ငွေ ကျောက်သံ ပတ္တမြားရတနာတို့သည် လောကရှိ လူအပေါင်းတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ် မွေ့လျော်ပျော်ရွှင်စေတတ်သောကြောင့် လောကီရတနာဟု ခေါ်ဆိုရသည်။

ထို့အတူ ဘုရား၊ တရား၊ သံဃာတို့သည် လူနတ်ပြဟ္မာ သတ္တဝါတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာ ရတနာဟု ခေါ်ဆိုရပါသည်။

=====

**ရတနာ၏ လက္ခဏာ-**

- အလေးအမြတ်ပြု ခံရခြင်း၊
- အဖိုးများစွာ ထိုက်တန်ခြင်း၊
- အတုမရှိ အသာဆုံးဖြစ်ခြင်း၊
- တွေ့ခဲ၊ ကြုံခဲ၊ ရခဲခြင်း၊
- ဘုန်းကံရှိသူတို့၏ အသုံးအဆောင်၊ သို့မဟုတ် ကိုးကွယ်ရာဖြစ်ခြင်း။

**ဗုဒ္ဓရတနာ**

- ဗုဒ္ဓသည် အရဟံစသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံပြီး ဗုဒ္ဓတရားကို နာကြားရသူတို့မှာ စိတ်၏ အေးချမ်းသာယာမှု၊ အသိဉာဏ်တိုးတက်မှုကို ရသောကြောင့် ဆည်းကပ်ကိုးကွယ်သူတို့ အလေးအမြတ် ပြုအပ်သော ရတနာဖြစ်သည်။

- စိန် ရွှေ ငွေရတနာတို့သည် အဖိုးထိုက်တန်၏။ ထိုရတနာအတွက် ဥစ္စာရှင်မှာ စိတ်ချမ်းသာမှု အကျိုးခံစားရသကဲ့သို့ ဘုရားရှင်ကို ဖူးတွေ့ရ ကိုးကွယ်ရ ဆည်းကပ်ရသော ပုဂ္ဂိုလ်တို့သည် လောက၊ သံသရာ နှစ်ဖြာသော အကျိုးကို ရကြသည်။ ထိုပုဂ္ဂိုလ်များအတွက် ဗုဒ္ဓရတနာသည် တန်ဖိုးမဖြတ်နိုင်သော ရတနာ ဖြစ်သည်။

- ပြည်တန်ပတ္တမြားသည် အခြားတန်းတူ ရတနာမရှိနိုင်သကဲ့သို့ ဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့်တူသော ပုဂ္ဂိုလ်သည် လောကတွင်မရှိ၊ သို့အတွက် ဗုဒ္ဓသည် အတုမရှိသော ရတနာဖြစ်သည်။
- ပြည်တန်ပတ္တမြားကို တွေ့ဖို့ကြုံဖို့ ခဲယဉ်းသကဲ့သို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်ပြီးမှ ဘုရားဖြစ်လာရသော ဗုဒ္ဓမည်သော ပုဂ္ဂိုလ်ထူးနှင့် တွေ့ဖို့၊ ကြုံဖို့၊ ဖူးတွေ့ဖို့ အလွန် ခဲယဉ်းလှ၍ ဗုဒ္ဓသည် ရတနာဖြစ်သည်။
- လောက၌ ကျောက်သံပတ္တမြား စိန် ရွှေ ငွေ ရတနာတို့သည် လူသာမန်တို့ မသုံးနိုင်၊ ချမ်းသာကြွယ်ဝသူတို့သာ သုံးဆောင်နိုင်သကဲ့သို့ ဗုဒ္ဓရတနာကိုလည်း ဘုန်းကံရှိသူတို့သာ ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် ရတနာမည်ပေသည်။ လောကတွင် လူအချို့သည် လူနေအားဖြင့် အထက်တန်းကျကျ နေထိုင်စားသောက်နိုင်သည် မှန်သော်လည်း ဗုဒ္ဓရတနာကို မယုံကြည်သဖြင့် ကိုးကွယ် ဆည်းကပ်ခွင့် မရကြပေ။

**ဓမ္မရတနာ**

မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ္တိ ဤဆယ်မျိုးကို ဓမ္မဟုခေါ်သည်။

- ထိုဆယ်မျိုးသောဓမ္မကို ရှိသေလေးမြတ်စွာ နာယူမှတ်သားအပ် ကျင့်ကြံပွားများအပ်၏။
- တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးထိုက်တန်၏။
- မဂ်ဖိုလ်နိဗ္ဗာန်တရားတော်များကို မဆိုထားဘိ ၊ ပရိယတ္တိတရားတော်များသည်ပင် အတုမရှိ အသာဆုံး တရားတော်ဖြစ်၏။
- ထိုတရားတော်သည် ဘုရားပွင့်တော်မူမှ ကြားသိရသော တရားတော်များဖြစ်ရကား ဘုရားရှင်ကို ဖူးတွေ့ရဖို့ မလွယ်သလို တရားတော်ကိုလည်း ကြားနာရဖို့ မလွယ်ကူချေ။

- ထိုတရားတော်ကို ဘုန်းကံနည်းသူများ မသိနိုင် မသုံးစွဲနိုင်၊ ဘုန်းကံရှိသောသူတို့၏ အသုံးအဆောင် ဖြစ်၏။

ဤသို့လျှင် တရားတော်သည် ရတနာ၏ ဂုဏ်အင်္ဂါငါးပါးနှင့် ပြည့်စုံသောကြောင့် "ဓမ္မရတနာ" မည်ပါသည်။

**သံဃရတနာ**

သမ္မုတိနှင့် အရိယာနှစ်ဖြာသော သံဃာတော် အရှင်မြတ်အပေါင်းသည် သံဃရတနာ မည်၏။

- ထိုသံဃရတနာသည် ရှိသေလေးစားထိုက်၏။ မရှိမသေလုပ်လျှင် ထိုမရှိမသေလုပ်သူမှာ လောကကြီး၌ ကြီးပွားခြင်းအတွက် အန္တရာယ် ဖြစ်၏။ နောင်သံသရာ၌လည်း မကောင်းကျိုးကို ခံရမည်။

- သံဃာတော်ကို ရှိသေလေးမြတ် ဆည်းကပ်ကိုးကွယ်သူမှာ လောကသံသရာ နှစ်ဖြာသော ကောင်းသောအကျိုးကို ရရှိနိုင်၏။

- သံဃရတနာသည် ဗုဒ္ဓရတနာ ပေါ်ထွန်းချိန်၌သာ တွေ့ရကြုံရ ဖူးမြင်ရသောကြောင့် အလွန်တွေ့ကြုံခဲသော ရတနာဖြစ်သည်။

- ထို သံဃရတနာကို ဘုန်းကံကြီးသူ လူတို့သာ ဖူးတွေ့နိုင် ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် သံဃရတနာသည် ဘုန်းကံရှိသူတို့၏သာ ကိုးကွယ်ရာဖြစ်သည်။



## ရတနာသုံးပါး၏ ဂုဏ်တော်များ

### ဘုရားဂုဏ်တော်ကိုးပါး ပါဠိ

ဣတိပိ သော ဘဂဝါ
အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော,
သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ,
သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

### အနက်အကျဉ်းချုပ်

(၁) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက် သောကြောင့်။ အရဟံ၊ **အရဟ** မည်တော်မူ၏။

(၂) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ သိစရာမှန်သမျှကို အကြွင်းအကျန်မရှိ ဆရာမလို ကိုယ်တော်တိုင် သိတော်မူသောကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ **သမ္မာသမ္ဗုဒ္ဓ** မည်တော်မူ၏။

(၃) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏတို့နှင့် ပြည့်စုံတော်မူသောကြောင့်၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ **ဝိဇ္ဇာစရဏသမ္ပန္န** မည်တော်မူ၏။

(၄) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ကောင်းသောစကား ကို ဆိုတော်မူတတ်သောကြောင့်။ သုဂတော၊ **သုဂတ**မည်တော်မူ၏။

(၅) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟူသော လောကသုံးပါးကို ကောင်းစွာ သိမြင်တော်မူသောကြောင့်။ လောကဝိဒူ၊ **လောကဝိဒူ** မည်တော်မူ၏။

(၆) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ အလုံးစုံသော သတ္တဝါတို့ကို အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့်။ အနုတ္တရောပုရိသဒမ္မသာရထိ၊ **အနုတ္တရောပုရိသဒမ္မသာရထိ** မည်တော်မူ၏။

(၇) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ လူနတ်ပြဟ္မာ သတ္တဝါအားလုံးတို့၏ ရှေ့သွားလမ်းပြ ဆရာတစ်ဆူ ဖြစ်တော်မူသောကြောင့်။ သတ္ထာဒေဝမနုဿာနံ၊ **သတ္ထာဒေဝမနုဿာန** မည်တော်မူ၏။

(၈) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောကြောင့်။ ဗုဒ္ဓေါ၊ **ဗုဒ္ဓ** မည်တော်မူ၏။

(၉) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ ဘဂဝါ၊ **ဘဂဝါ** မည်တော်မူ၏။

## ဘုရားဂုဏ်တော် အာရုံပြုရကျိုး

ဘုရားမြတ်ဂုဏ် အာရုံညွတ်လို့၊
မပြတ်မလပ် အောက်မေ့လျှင်။
အမြဲတမ်းသာ ကောင်းစွာနိုးလို့၊
ကြီးမားဖွံ့ဖြိုး အကျိုးထင်။

=======

## တရားဂုဏ်တော် (၆)ပါး ပါဠိ

- သွာက္ခာတော ဘဂဝတာ ဓမ္မော
- သန္ဒိဋ္ဌိကော
- အကာလိကော
- ဧဟိပဿိကော
- ဩပနေယျိကော
- ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## အနက်အကျဉ်းချုပ်

(၁) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ ကောင်းစွာဟောကြားတော်မူအပ်ပါပေ၏။

(၂) သန္ဒိဋ္ဌိကော၊ ကျင့်ဆဲခဏ ယခုဘဝ၌ပင်လျှင် သိမြင်ခံစားရသော တရားတော် ဖြစ်ပါပေ၏။

(၃) အကာလိကော၊ အခါမလင့် ကောင်းကျိုးချမ်းသာကို ပေးတတ်ပါပေ၏။

(၄) ဧဟိပဿိကော၊ လာပါ ရှုပါ ကျင့်ကြံပါဟု ဖိတ်ခေါ် ထိုက်သောတရား ဖြစ်တော်မူပါပေ၏။

(၅) ဩပနေယျိကော၊ ကိုယ်၌မဂ်ဝ ကပ်၍ဆောင်ထားအပ်သော တရားတော် ဖြစ်ပါပေ၏။

(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိတို့သည်သာလျှင်။ ကိုယ်စီကိုယ်င ခံစားသိမြင်ရသော တရားတော်ဖြစ်ပါပေ၏။

## တရားဂုဏ် အာရုံပြုရကျိုး

တရားမြတ်ဂုဏ် အာရုံညွတ်လို့၊
မပြတ်မလပ် အောက်မေ့လျှင်။
အမြဲတမ်းသာ ကောင်းစွာနိုးလို့၊
ကြီးမားဖွံ့ဖြိုး အကျိုးထင်။

============

**သံဃာဂုဏ်တော် (၉)ပါး ပါဠိ**

- သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
- ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
- ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
- သာမီစိပဋိပန္နော ဘဂဝတော သာဝကသံဃော
  ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
  ဧသ ဘဂဝတော သာဝကသံဃော -
- အာဟုနေယျော
- ပါဟုနေယျော

- ဒက္ခိဏေယျော
- အဉ္ဇလီကရဏီယော
- အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## အနက်အကျဉ်းချုပ်

(၁) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သမ္မုတိ, အရိယာ နှစ်ဖြာသော တပည့်သား သံဃာတော်အပေါင်းသည်။ သုပ္ပဋိပန္နော၊ သီလ – သမာဓိ – ပညာ သိက္ခာ သုံးရပ်ကို ကောင်းစွာ ကျင့်ကြံတော်မူတတ်ပါ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သမ္မုတိ, အရိယာ နှစ်ဖြာသော တပည့်သား သံဃာတော်အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ ရိုးသားဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပါပေ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သမ္မုတိ, အရိယာ နှစ်ဖြာသော တပည့်သား သံဃာတော်အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အလို့ငှာ ကျင့်ကြံတော်မူတတ်ပါပေ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သမ္မုတိ, အရိယာ နှစ်ဖြာသော တပည့်သား သံဃာတော်အပေါင်းသည်။ သာမီစိပ္ပဋိပန္နော၊ အရိုအသေခံထိုက်အောင် ကျင့်တော်မူတတ်ပါ၏။

(၅) အာဟုနေယျော၊ အဝေးမှဆောင်ယူ၍ လှူဒါန်းအပ်သော ပစ္စည်းတို့ကို အလှူခံထိုက်၏။

(၆) ပါဟုနေယျော၊ ဧည့်သည်အတွက် အထူးစီမံထားသော ပစ္စည်းတို့ကို အလှူခံထိုက်၏။

(၇) ဒက္ခိဏေယျော၊ ကံ – ကံ၏ အကျိုးကို ယုံကြည်၍ လှူဒါန်းအပ်သော အလှူကိုလည်း ခံယူတော်မူထိုက်ပါပေ၏။

(၈) အဉ္ဇလီကရဏီယော၊ လူနတ်ပြဟ္မာတို့၏ လက်အုပ်ချီခြင်းကို ခံယူတော်မူထိုက်ပါပေ၏။

(၉) လောကသာ၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်း၏။ အနုတ္တရ၊ အတုမရှိမြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

## သံဃာ့ဂုဏ် အာရုံပြုရကျိုး

သံဃာမြတ်ဂုဏ် အာရုံညွတ်လို့၊
မပြတ်မလပ် အောက်မေ့လျှင်
အမြဲတမ်းသာ ကောင်းစွာနိုးလို့၊
ကြီးမားဖွံ့ဖြိုး အကျိုးထင်။

===========

## မြတ်စွာဘုရားရှင်၏ လက္ခဏာတော်ကြီးငယ် မှတ်သားဖွယ်

**၃၂-ပါးသော မဟာပုရိသလက္ခဏာတော်အကျဉ်း-လက္ခဏာတော်ငယ် ၈၀**

ယောက်ျားမြတ်ဟူ၍ (ဘုရားအလောင်းဟူ၍) သိမြင်ကြောင်း အမှတ်အသား လက္ခဏာတော်ကြီးတို့သည် (၃၂)ပါး ရှိကုန်၏။

သုံးဆယ့်နှစ်ပါးတို့ ဟူသည်ကား-

၁။ မြေ၌နင်းသောအခါ ကောင်းစွာတည်ထိသော ညီညွတ်သည့် ဖဝါးတော် အပြင်ရှိခြင်း လက္ခဏာတော်တစ်ပါး။

၂။ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော တစ်ရာ့ရှစ်ကွက် စက်အင်္ဂါအမှတ်အသားပါရှိခြင်း လက္ခဏာတော် တစ်ပါး။

၃။ ရှည်လျားသော ဖနောင့်တော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၄။ ရှည်သွယ်သော ခြေချောင်းတော် လက်ချောင်းတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၅။ နူးညံ့သိမ်မွေ့လှစွာသော လက်ဖဝါးတော် ခြေဖဝါးတော်အပြင်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၆။ လေသွန်နန်းတံခါး၌ စိုက်စီ၍ထားအပ်သော ရွှေပွတ်လုံး (ဇာလီ) တိုင်ကဲ့သို့ ညီညွတ်စွာ အချောင်းအချောင်း အကြားစိပ်သော လက်ချောင်းတော် ခြေချောင်းတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၇။ မြူမလိမ်းတွယ် စဉ်းငယ်မြင့်သော ခြေဖမျက်တော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၈။ ဏေဏီမည်သော သားကောင်၏ သလုံးမြင်းခေါင်းနှင့်တူသော သလုံးမြင်းခေါင်းတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၉။ ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းညွတ်ဘဲ လက်ဖဝါးတော် နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော်နှစ်ဖက်ကို သုံးသပ်ထိတွေ့နိုင်ခြင်း လက္ခဏာတော် တစ်ပါး။

၁၀။ ဆဒ္ဒန်ဆင်မင်းပမာ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားနိမိတ် ရှိတော်မူခြင်း လက္ခဏာတော် တစ်ပါး။

၁၁။ သိင်္ဂီနိက်ရွှေစင် အဆင်းကဲ့သို့ ဝါဝင်းသော အရေတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၁၂။ သိမ်မွေ့သော အရေတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။ (ဤလက္ခဏာတော်ကြောင့် မြူအညစ်အကြေးတို့ မလိမ်းမကပ်နိုင်။)

၁၃။ မွေးညှင်းတွင်း တစ်တွင်းတစ်တွင်းလျှင် မွေးညှင်းတော် တစ်ပင်စီ တစ်ပင်စီသာ ပေါက်ရောက်ခြင်း လက္ခဏာတော် တစ်ပါး။

၁၄။ မျက်နှာတော်ကို မော်၍ဖူးသည့်ပမာ အထက်သို့သာ အဖျားကော့သည့် မွေးညှင်းတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၁၅။ ပြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၁၆။ ခြေဖမိုးတော် နှစ်ဖက်၊ လက်ဖမိုးတော် နှစ်ဖက်၊ ပခုံးတော် နှစ်ဖက်၊ လည်ကုပ်တော်ဟု ဆိုအပ်သော ဤခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၁၇။ ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ကဲ့သို့ အောင်မောင်းပြည့်ဝသည့် ကိုယ်တော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၁၈။ ရွှေပျဉ်ချပ်ပမာ ခါးတော်မှစ၍ အထက်လည်ကုပ်တော်တိုင်အောင် ရေစီးကြောင်း (အကြား) မထင် ပြည့်ဖြိုးစင်သော ကျောက်ကုန်းတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၁၉။ အရပ်တော်နှင့် အလံတော် ညီမျှသဖြင့် ပညောင်ပင်အဝန်းကဲ့သို့ ဝန်းသော (လုံးချောသော) ကိုယ်တော်ရှိခြင်း လက္ခဏာတော် တပါး။

၂၀။ ညီလည်း ညီညွတ် လုံးလည်းလုံးသော လည်တိုင်တော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၂၁။ နှမ်းလုံးခန့်မျှ နည်းလှငယ်လှသော အရသာကိုသော်လည်း တကိုယ်တော်လုံး ပျံ့နှံ့အောင် ဆောင်နိုင်သည့် ခုနစ်ထောင်သော အရသာကြောတို့ အဖျားချင်းအပ် လည်မှာစွပ်လျက်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၂၂။ ခြင်္သေ့မင်း၏ မေးကဲ့သို့သော (ပြိုးတော့မည့် အရိပ်သွေးနေသည့်) မေးတော် ရှိခြင်း လက္ခဏာတော်တစ်ပါး။

၂၃။ သွားတော်ချောင်းရေ (၄၀) လေးဆယ် အစေ့အင ရှိတော်မူခြင်း လက္ခဏာ တော် တစ်ပါး။

၂၄။ ညီညွတ်သော သွားတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၂၅။ သွားတော် မကျဲမကွာ စေ့စပ်စွာရှိခြင်း လက္ခဏာတော် တစ်ပါး။

၂၆။ သောက်ရှူးကြယ်ပမာ လွန်စွာစင်ကြယ် ဖြူဝင်းသော အရောင် တလက်လက် ထွက်သည့် စွယ်တော်လေးဆူရှိခြင်း လက္ခဏာတော် တစ်ပါး။

၂၇။ ရှည်လျား + နူးညံ့ + ပြန့်သော လျှာတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၂၈။ ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အသံတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၂၉။ အလွန်ညိုကြည်သည့် မျက်လုံးတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၃၀။ ဖွားသစ်စ နွားသူငယ်၏ မျက်မွေးကဲ့သို့ အလွန်နူးညံ့နုပျိုသည့် မျက်မွေးတော်ရှိခြင်း လက္ခဏာတော် တစ်ပါး။

၃၁။ မျက်မှောင် (မျက်ခုံး) တော်နှစ်ဖက် အလယ်ချက်၌ ဥဏ္ဏာလုံ = မွေးရှင်တော် ပေါက်ရောက်ခြင်း လက္ခဏာတော် တစ်ပါး။

၃၂။ နဖူးတော်ဝယ် ပကတိ ပင်ကိုအားဖြင့်ပင် သင်းကျစ်ရွှေပြား တပ်စီ၍ ထားသကဲ့သို့ သင်းကျစ်တော် အသားလွှာပါရှိခြင်း လက္ခဏာတော် တစ်ပါး။

ဤကား မဟာပုရိသ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့တည်း။ (ဒီဃနိကာယ် မဟာပဒါနသုတ်၊ လက္ခဏာသုတ်တို့နှင့် မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသုတ် ပါဠိတော်တို့မှ ထုတ်ဖော်ပြဆိုသည်)

==================

# ဩကာသကန်တော့ခန်းတွင်ပါဝင်သော ဆုတောင်းပါ စကားရပ်များ

**အပါယ်လေးပါး**

| | | |
|---|---|---|
| အပါယ် (အပါယ) | = | ချမ်းသာကင်းသောဘုံ၊ ဘဝ။ |
| (၁) ငရဲ | = | ချမ်းသာကင်းပြီး ဆင်းရဲခြင်း အတိပြီးသော ဘုံ၊ ဘဝ။ |
| (၂) တိရစ္ဆာန် | = | မင်္ဂဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သော သတ္တဝါများ (ကျွဲ၊နွား၊ငါး၊ လိပ်၊ ကြက်၊ ငှက် စသော ကုန်းနေ၊ ရေနေ သတ္တဝါများ)။ |
| (၃) ပြိတ္တာ | = | ချမ်းသာအပေါင်းမှ ကင်းကွာသူများ။ (တစ္ဆေ၊ မှင်စာ၊ သရဲ၊ သဘက်၊ ဖုတ်ကောင်၊ ကျတ်ကောင်များ)။ |
| (၄) အသူရကာယ် | = | နတ်များကဲ့သို့ မရဲမရင့် မတောက်ပြောင်သော သူများ (တော၊ တောင်၊ သမုဒ္ဒရာကမ်း၌ နေသော ပြိတ္တာ အသူရာများ)။ |

**ကပ်သုံးပါး**

ကပ်သုံးပါး=ပျက်စီးခြင်းကို ကပ်ဟုခေါ်သည်။

(၁) ဝတ်မွတ်ဘေးကြောင့် ပျက်စီးခြင်း (ဒုဗ္ဘိက္ခန္တရကပ်)၊

(၂) လက်နက်ဘေးကြောင့် ပျက်စီးခြင်း (သတ္ထန္တရကပ်)၊
(၃) ရောဂါဘေးကြောင့် ပျက်စီးခြင်း (ရောဂန္တရကပ်)။

**ကပ်ဆိုက်ပုံ**

(၁) သတ္တဝါတို့ လောဘတရား ကြီးမားလွှမ်းမိုးလာသောအခါ ငတ်မွတ်ဘေးကပ် ဆိုက်ရောက်သည်။
(၂) သတ္တဝါတို့ ဒေါသတရား ကြီးမားလွှမ်းမိုးလာသောအခါ လက်နက်ဘေးကပ် ဆိုက်ရောက်သည်။
(၃) သတ္တဝါတို့ မောဟတရား ကြီးမားလွှမ်းမိုးလာသောအခါ ရောဂါဘေးကပ် ဆိုက်ရောက်သည်။

**ရပ်ပြစ်ရှစ်ပါး**

ရပ်ပြစ်ရှစ်ပါး = မဂ်ဖိုလ်တရားရအောင် အားထုတ်ခွင့် မရသောအရပ်ဖြစ်၍ "ရပ်ပြစ်"ဟု ခေါ်သည်။

**ဘုရားပွင့်ဆဲအခါ၌**

(၁)ငရဲဘုံ၊ (၂)တိရစ္ဆာန်ဘုံ၊ (၃)ပြိတ္တာ–အသူရကာယ်ဘုံ၊ (၄)ရုပ်သာရှိ၍ နာမ်မရှိသော (အသညသတ် )ပြဟ္မာဘုံ၊ နာမ်သာရှိ၍ ရုပ်မရှိသော (အရူပ)ပြဟ္မာဘုံ၊ (၅)ပစ္စန္တရစ်–တိုင်းစွန်နယ်ဖျား ဇနပုဒ်တို့၌ ဖြစ်ရခြင်း၊ (၆)မိစ္ဆာဒိဋ္ဌိ– မှားယွင်းသော အယူရှိသူဖြစ်ရခြင်း၊ (၇)တရားတော်ကို နားလည် နိုင်သောဉာဏ် မရှိသူဖြစ်ရခြင်း၊ (၈)ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သော အခါ၌ လူဖြစ်ရခြင်း။ (ဘုရားပွင့်ဆဲ အခါ ၇–ပါး+မပွင့်သောအခါ ၁ ပါး=ပေါင်း ရပ်ပြစ် ၈–ပါး)။

**ဆောင်ပုဒ်။** ။ဘုရားဖြစ်ခါ၊ ပါယ်သုံးရွာနှင့်၊
ဒီဃာယုနတ်၊ ဖြစ်လတ်ပစ္စန်၊
မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊
ဉာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်၊
ကျမ်းဂန်လှစ်သည်၊ ရပ်ပြစ်ရှစ်ပါး သရုပ်တည်း။

**ရန်သူမျိုးငါးပါး**

ရန်သူမျိုးငါးပါး- (၁) ရေ
(၂) မီး
(၃) မင်းဆိုး
(၄) ခိုးသူ
(၅) အမွေခံသားသမီးဆိုး။

**ဝိပတ္တိတရားလေးပါး**= ဖောက်ပြန်ချွတ်ယွင်းခြင်းကို ဝိပတ္တိဟု ခေါ်သည်။

(၁) မင်းဆိုးမင်းယုတ် အုပ်စိုးသည့်ကာလ၌ဖြစ်ရခြင်း(ကာလဝိပတ္တိ)။
(၂) အပါယ်လေးဘုံ၌ ဖြစ်ရခြင်း (ဂတိဝိပတ္တိ)၊
(၃) ရုပ်ဆင်းအင်္ဂါ (ဥပဓိရုပ်)‚ ချို့တဲ့ရခြင်း (ဥပဓိဝိပတ္တိ)၊
(၄) မှန်ကန်သော ကြိုးစားအားထုတ်မှု မရှိခြင်း (ပယောဂဝိပတ္တိ)။

**ဗျသနတရားငါးပါး**= ပျက်စီးဆုံးပါးခြင်းကို ဗျသန ဟုခေါ်သည်။

(၁) ဆွေမျိုးများပျက်စီးခြင်း (ဉာတိဗျသန)
(၂) စီးပွားဥစ္စာ ပျက်စီးခြင်း (ဘောဂဗျသန)
(၃) အနာရောဂါဖြစ်၍ ပျက်စီးခြင်း (ရောဂဗျသန)
(၄) မှားသောအယူ ယူမိသဖြင့် အယူမှန် ပျက်စီးခြင်း(ဒိဋ္ဌိဗျသန)
(၅) ကိုယ်ကျင့်သီလ ပျက်စီးခြင်း (သီလဗျသန)

မဂ်တရား = သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်အားဖြင့် မဂ်တရား လေးပါးရှိသည်။ ထိုမဂ်လေးပါး၌ ရှိသောဉာဏ်။

ဖိုလ်တရား = သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အားဖြင့် ဖိုလ်တရား လေးပါးရှိသည်။ ထိုဖိုလ်လေးပါး၌ ရှိသောဉာဏ်။

နိဗ္ဗာန်တရား = တဏှာ စသော ကိလေသာအားလုံး၊ ဒုက္ခအားလုံးတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန်။

## သရဏဂုံနှင့် သီလတောင်းခံခြင်းအဖွင့်

**သရဏဂုံအဓိပ္ပါယ်**

ဘေးရန်ဖယ်ရှား ကောင်းကျိုးများအောင်၊ ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးသော ကိုးကွယ်အားထားရာဟူ၍ အလေးအနက် အသိအမှတ်ပြု ယုံကြည်ခြင်း၊ ကိုးကွယ်အားထားခြင်းသည် သရဏဂုံ မည်၏။

**သရဏဂုံတည်ခြင်း၊ ပျက်ခြင်း**

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ရွတ်ဆို၍ ခံယူကိုးကွယ်သူသည် သရဏဂုံတည်သူမည်၏။ စေတီ ရုပ်ပွား ဘုရားထံ၌ဖြစ်စေ၊ ရဟန်းသံဃာတော်များထံ၌ဖြစ်စေ မည်သူမဆို "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည် ရွတ်ဆိုရုံမျှဖြင့် သရဏဂုံတည်သူ၊ အမြင်မှန်ရှိသူတစ်ဦး ဖြစ်လာတော့၏။ အသက်မသေသေးသမျှ အခြားအယူဝါဒသို့ မကူးပြောင်းသေးသမျှ ထိုသရဏဂုံသုံးပါးသည် သရဏဂုံတည်သူအား ဘေးရန်ဖယ်ရှား ကောင်းကျိုးများအောင်၊ ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် အမြဲအစောင့်အရှောက် အကာအကွယ် ပေးနေမည်သာ ဖြစ်၏။

### သရဏဂုံအကျိုးပြ ဝတ္ထုများ

ကဗျာ။ သရဏဂုံ တကယ်မြဲရင်၊အပါယ်ငရဲ ကြောက်ဖို့မလို။
နတ်ဖြစ်သော်ပင် တူနိုင်ရိုးလား၊ဆယ်မျိုးဂုဏ်စု သူ့ထက်ပို။
ငါးဖြာအာရုံ လာမတုနှင့်၊အာယု, ဝဏ္ဏ, သုခဆို။
အာဏာပိုင်စိုး၊ ခြွေရံတိုး၊ ဆယ်မျိုးဂုဏ်ကမို။
အဲဒါကြောင့် သရဏဂုံပန်း၊ အစဉ်လန်း ဆင်မြန်းပန်စေလို။

**အိပ်ရာဝင်ကဗျာ**

- မိုးချုပ်နေဝင် ပြင်မထွက်နှင့်၊ သရဲသဘက် ဆွဲတတ်တယ်။
- မဆွဲနိုင်အောင် ဘုရားပေးတဲ့၊ တရားဆေးနဲ့ ပေါက်လိုက်မယ်။
- တရားဆေးဟာ ဘယ်မှာတုံးကွဲ့၊ ငါ့လဲပေးအုံး (မောင်မောင်) ရယ်။
- ဗုဒ္ဓံ, ဓမ္မံ, သံဃံရွတ်ကွဲ့၊ သရဲလွတ်လို့ ပြေးလိမ့်မယ်။
- ပြေးမယ် ..... ပြေးမယ် ..... ။

- အိပ်ရာဝင်သော် သတိရဖို့၊ ဗုဒ္ဓ ဓမ္မ သံဃာရယ်။
- ကိုးကွယ်ပါတယ် စိတ်မှာညွတ်လို့၊ နှုတ်ပါတွတ်တွတ် ရွတ်ရတယ်။
- အိပ်ရာထပြန် တစ်ဖန်ထပ်၍၊ မှန်မှန်မပြတ် ရွတ်ပါကွယ်။
- ဘေးအန္တရာယ် ရန်စွယ်ကင်းလို့၊ ကောင်းခြင်းသုခရလိမ့်မယ်။
- ရမယ် ..... ရမယ် ..... ။

**သရဏဂမန(သရဏဂုံအကြောင်း)**

စစ်မှန်သော ဘုရား တရား သံဃာတော်များသည်သာ အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ခြင်းကို သရဏဂမန (သရဏဂုံ) ဟုခေါ်သည်။

**ဆောင်။** ရတနာသုံးဖြာ။ အားကိုးရာဟု၊ ဆည်းကပ်ပြု၊ ခေါ်မူသရဏဂုံ။

**သရဏဂုံ အရေးပါပုံ**

သရဏဂုံသည် ဗုဒ္ဓဘာသာတို့အတွက် အလွန်အရေးပါလှသည်။ ဗုဒ္ဓဘာသာသို့ စတင်ဝင်ရောက်မည့်သူသည် ရှေးဦးစွာ သရဏဂုံကို ဆောက်တည်ရပါသည်၊ သရဏဂုံမတည်က ဗုဒ္ဓဘာသာစစ်စစ် မဖြစ်နိုင်၊ ထို့ကြောင့် သရဏဂုံသည် သာသနာတော်သို့ အစကနဦးဝင်ပေါက်ဖြစ်၍ ဗုဒ္ဓဘာသာအဖြစ် စတင်ခံယူခြင်းဖြစ်ပါသည်။

မည်သည့်ပုဂ္ဂိုလ်ကိုမဆို ရှိခိုးတိုင်း သရဏဂုံမဖြစ်၊ ယုံကြည်ဆည်းကပ်မှု မဟုတ်၊ သီလ, သမာဓိ, ပညာ အကျင့်တရားတို့နှင့် ပြည့်စုံ၍ မြင့်မြတ်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် ရှိခိုးမှသာ သရဏဂုံဖြစ်သည်။ ယုံကြည်ဆည်းကပ်မှုဖြစ်သည်။

၁။ ဆွေမျိုးဖြစ်၍ ရှိခိုးခြင်း၊

၂၊ ကြောက်၍ရှိခိုးခြင်း၊

၃။ ဆရာဖြစ်၍ ရှိခိုးခြင်း၊ ဤရှိခိုးခြင်းများသည် သရဏဂုံမဖြစ်။

မြတ်ဘုရားကိုပင် ဆွေမျိုးဖြစ်၍ ရှိခိုးလျှင် သရဏဂုံ မဖြစ်ပေ။

ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်သဖြင့် သရဏဂုံတည်နေသော ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် တစ်ခြားဘာသာမှ ဘုရားဆိုသူများ။ ဘုန်းကြီး ဆိုသူများကို ဆွေမျိုးဖြစ်ခြင်း၊ ဆရာဖြစ်ခြင်းကြောင့် ရှိခိုးသော်လည်း တည်ပြီး သား သရဏဂုံမပျက်။ မြင့်မြတ်သောပုဂ္ဂိုလ်ဟု ယူဆ၍ ရှိခိုးမှသာ သရဏဂုံ ပျက်သည်။

**သရဏဂုံ ညစ်နွမ်းခြင်း ၄-မျိုး**

၁။ ရတနာသုံးပါး၏ဂုဏ်ကို မသိလျှင်ဖြစ်စေ။

၂။ အသိမှားလျှင်ဖြစ်စေ။

၃။ ယုံမှားသံသယရှိလျှင်ဖြစ်စေ။

၄။ ရတနာသုံးပါးကို မရိုသေလျှင်ဖြစ်စေ သရဏဂုံညစ်နွမ်း၏။ သရဏဂုံ ညစ်နွမ်းလျှင် ကြီးကျယ် ဖွံ့ဖြိုးသော ကောင်းကျိုးကို မရနိုင်ပေ။ ညစ်နွမ်းသော သရဏဂုံကို ပြန်လည်အရောင်တင်ရန် နေ့စဉ် သရဏဂုံကို ခံယူဆောက်တည်ဖို့ လိုအပ်ပါသည်။

**သရဏဂုံ နှစ်မျိုး**

သရဏဂုံသည် လောကီသရဏဂုံ၊ လောကုတ္တရာသရဏဂုံဟူ၍ (၂)ပါး အပြားရှိ၏၊ ထိုတွင်-

**၁။** ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်၌ ယုံကြည်ဆည်းကပ်မှုဖြင့်တည်သော သရဏဂုံသည် လောကီသရဏဂုံမည်၏။

**၂။** အရိယာတို့၏သန္တာန်၌ မဂ်ဉာဏ်နှင့်အတူတကွ ဖြစ်တည်လာသော သရဏဂုံသည် လောကုတ္တရာ သရဏဂုံမည်၏။

ထိုတွင် လောကီသရဏဂုံသည် ညစ်လည်း ညစ်နွမ်းနိုင်သည်၊ ပျက်လည်း ပျက်စီးနိုင်ပါသည်။ လောကုတ္တရာ သရဏဂုံသည် ညစ်လည်း မညစ်နွမ်း ပျက်လည်း မပျက်စီးနိုင်ပေ။

**သရဏဂုံဆောက်တည်ခြင်းအကျိုး**

သရဏဂုံတည်လျှင် ဘဝကောင်း ဘဝမွန်တွေကိုရခြင်း၊ စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းမှစ၍ ဆင်းရဲခပ်သိမ်းငြိမ်းသည့်အထိ ကောင်းကျိုးချမ်းသာကို ရရှိနိုင်ပါသည်။ ဤကား အကျဉ်းမျှသာဖြစ်၏။ ထိုမှတစ်ပါး သရဏဂုံပွား၍ အစာစားလျှင် အစာအဆိပ်မသင့်၊ ကိုယ်ဝန်ရှိနေစဉ် သရဏဂုံကို ရွတ်ပွားလျှင် ချမ်းသာစွာ မွေးဖွား၏၊ မွေးရလွယ်ကူ၏။ မွေးဖွားလာသော သားသမီးများ ဘေးရန်ကင်း၏။

သရဏဂုံကို အမြဲရွတ်ပွားနေလျှင် သရဲတစ္ဆေမခြောက်၊ ဘေးရန်မရောက်၊ သရဏဂုံကို ရွတ်ဆို၍ သစ်ပင်များကိုစိုက်ပျိုးလျှင်ပင် သီးနှံများပိုးမကျ၊ ကောင်းစွာ

ရှင်သန်၍ ဖွံ့ထွားသန်မာသော အသီးအနှံ အရွက်များကို ရနိုင်သည် စသည်ဖြင့် လက်တွေ့အကျိုးခံစားရသူတို့က ဝန်ခံကြသော သရဏဂုံအကျိုးတို့မှာလည်း များပြားလှပါသည်။ ဤသည်မှာ လောကီသရဏဂုံဆောက်တည်ခြင်း၏ အကျိုးတို့ပင်ဖြစ်ပါသည်။

လောကုတ္တရာ သရဏဂုံအကျိုးကား အကျိုးရင်းအားဖြင့် ဖိုလ်လေးပါး၊ အကျိုးဆက်အားဖြင့် ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရရှိနိုင်ခြင်းအကျိုးများ ရနိုင်ပါသည်။

=============

**ပါဏာတိပါတကံ လွန်ကျူးပြစ်နှင့် ရှောင်ကြဥ်ရကျိုး လင်္ကာနှင့်အဓိပ္ပါယ်**

မည်သည့် သက်ရှိသတ္တဝါကိုမဆို ညှဉ်းဆဲသတ်ဖြတ်သောသူသည် သေသောအခါ ငရဲ၌ဖြစ်ရသည်၊ ငရဲမှ လွတ်၍ လူဖြစ်လာလျှင်သော်မှ -

(၁) ကိုယ်အင်္ဂါချို့တဲ့တတ်ခြင်း။

(၂) အရုပ်ဆိုးခြင်း။

(၃) အားအင်ချည့်နဲ့ခြင်း။

(၄) လျင်မြန်ဖျတ်လတ်မှု မရှိခြင်း။

(၅) ဘေးရန်နှင့်တွေ့က ကြောက်ရွံ့လွယ်ခြင်း၊

(၆) သူများသတ်၍ သေရခြင်း၊ မိမိကိုယ်ကို မိမိသတ်၍လည်း သေရခြင်း။

(၇) အနာရောဂါများခြင်း။

(၈) ခွေရံပျက်စီးခြင်း။

(၉) အသက်တိုခြင်း။ ဤသို့ စသည်ဖြင့် များစွာသော အပြစ်များကိုလည်း ခံစားရတတ်သည်။

**လင်္ကာ** ။ ။ ပါဏာတိပတ်၊ သူ့သက် သတ်က၊ ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊
အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊
အသတ်ခံရာ၊ အနာများလျက်၊ ခွေရံပျက်၍၊ အသက်တိုလှ၊
ပြစ်များစွသည်၊ ရှောင်က အပြန်အကျိုးတည်း။

**အဒိန္နာဒါနကံ လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး လင်္ကာနှင့် အဓိပ္ပါယ်**

ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သက်ရှိသက်မဲ့ ပစ္စည်းကို ခိုးယူခြင်း၊ ဓားပြတိုက် ယူခြင်း၊ အာဏာဖြင့် ယူခြင်း၊ အလေး တင်းတောင်း ချိန်ခွင်တို့ဖြင့် လိမ်လည်လှည့်စား၍ ယူခြင်း၊ ရောင်းကုန်များ၌ ရေ စသည် ရောနှော၍ ရောင်းချခြင်း၊ ဖျင်း၊ အ သူတို့၏ ပစ္စည်းကို လိမ်ညာ၍ယူခြင်း၊ ခြောက်လှန့်၍ယူခြင်း၊ နှိုက်၍ ယူခြင်းစသော မတရားရယူမှုအားလုံးသည် ခိုးယူခြင်း ဖြစ်သည်။ ထိုအဒိန္နာဒါနအမှုကို ပြုသောသူသည် သေသောအခါ ငရဲ၌ဖြစ်ရသည်။

**ငရဲမှလွတ်၍ လူပြန်ဖြစ်ခွင့်ရလာလျှင်သော်မှ -**

(၁) မွဲတတ်ခြင်း၊
(၂) ကိုယ်စိတ် ဆင်းရဲခြင်း၊
(၃) ငတ်မွတ်ခြင်း၊
(၄) အလိုရှိသောအရာကို မရခြင်း၊
(၅) ဥစ္စာပျက်စီးခြင်း၊
(၆) ရန်သူမျိုးငါးပါး ဖျက်ဆီးခံရခြင်း။ ဤသို့စသော မကောင်းကျိုးများ ခံစားရသည်။

**လင်္ကာ ။ ။** အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊
ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုး အပြား၊
ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊
ရှောင်ခါအပြန်အကျိုးတည်း။

=============

**ကာမေသုမိစ္ဆာစာရကံ လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး လင်္ကာနှင့် အဓိပ္ပါယ်**

မိမိဇနီး ခင်ပွန်းလင်မှတပါး အခြားမည်သည့်မိန်းမ ယောကျ်ား တို့နှင့်မဆို ဖောက်ပြန်ပေါင်းသင်း ကျူးလွန်ခြင်း ကို ""ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်သည်"" ဟုခေါ်သည်။ ထိုသို့မှားယွင်းစွာကျင့်သူကို ကာမေသုမိစ္ဆာစာရကံ လွန်ကျူးသူဟု ဆိုသည်။ ထိုလွန်ကျူးသူသည် သေသောအခါ ငရဲ၌ဖြစ်ရသည်။ ငရဲမှလွတ်၍ လူပြန်ဖြစ်ခွင့်ရလျှင် သော်မှ -

(၁) မလိုမုန်းထားသူ ပေါများခြင်း၊

(၂) ရန်သူလည်းများခြင်း၊

(၃) လာဘ်တိတ်ရှားပါးခြင်း၊

(၄) ချမ်းသာမရှိခြင်း၊

(၅) မိန်းမဖြစ်ရခြင်း၊

(၆) မိန်းမ မဟုတ် ယောကျ်ားမဟုတ် (နပုံပဏ္ဍုက်)ဖြစ်ရခြင်း၊

(၇) ယောကျ်ားဖြစ်သော် အမျိုးယုတ်၌ ဖြစ်ရခြင်း၊

(၈) မျက်နှာပျက် အရုက်ကွဲရတတ်ခြင်း၊

(၉) ကိုယ်အင်္ဂါချို့တဲ့ သေးသိမ်ခြင်း၊

(၁၀) စိုးရိမ်ကြောင့်ကြအားကြီးခြင်း၊

(၁၁) ချစ်သူနှင့်ကွေကွင်းရခြင်း၊ အိမ်ထောင်မမြဲခြင်း -ဤသို့စသော များစွာသော အပြစ်များကိုလည်း ခံစားရတတ်သည်။

**လင်္ကာ** ။ ။ မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊
ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိ ပဏ္ဍုက်၊
မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရုက်ရလျက်၊ ရုပ်ပက္ကန္ဓေ၊
ယွင်းသွေချို့သိမ်၊ စိုးရိမ်စိတ်များစွာ၊ ချစ်သူကွာသည်၊
ရှောင်ခါ အပြစ်အကျိုးတည်း။

=============

## မုသာဝါဒကံကို လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး လင်္ကာနှင့် အဓိပ္ပါယ်

ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ သူတပါးအကျိုးပျက်စီးအောင် မဟုတ်မမှန်လိမ်လည်လျှင် မုသာဝါဒကံ လွန်ကျူးသည်ဟု ခေါ်သည်။ ထိုမဟုတ်မမှန်ပြောဆိုမှုသည် တစ်ဘက်သား အကျိုးပျက်စီးမှု ကြီးလျှင် ကြီးသလောက် အပြစ်ကြီးသည်။ ထိုသူသည် သေသောအခါ ငရဲ၌ဖြစ်ရသည်။ ငရဲမှလွတ်၍ လူပြန်ဖြစ်ခွင့် ရလျှင်သော်မှ -

(၁) စကားမပီသခြင်း၊

(၂) သွားမညီညွတ်ခြင်း၊

(၃) ခံတွင်းပုပ်ညှီခြင်း၊

(၄) အသားအရေမွဲခြောက်ခြင်း၊

(၅) မျက်စိ နား မကြည်လင်ခြင်း၊

(၆) ရုပ်အဆင်း ချို့တဲ့ခြင်း၊

(၇) ဩဇာအာဏာ မတည်ခြင်း၊

(၈) နှုတ် လျှာ ပြောဆိုမှု ကြမ်းတမ်းခြင်း၊

(၉) စိတ်မတည် လျှပ်ပေါ်လော်လည်တတ်ခြင်း၊-ဤသို့စသော များစွာသော အပြစ်များကိုလည်း ခံစားရတတ်သည်။

**လင်္ကာ ။** မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည့်၊
ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ကြွန်ဖြေယွင်းနှောက်၊
ရုပ်ဆင်းဖောက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊
လျှပ်ပေါ်လော်လည်၊စိတ်မတည်သည်၊
ရှောင်ကြဉ်အပြန် အကျိုးတည်း။

=============

## သုရာမေရယကံကို လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး လင်္ကာနှင့် အဓိပ္ပါယ်

သေရည်သေရက်စသော မူးယစ်ဆေးဝါးအားလုံးသည် တစ်ခါ သောက်သုံးမိလျှင် ထပ်ခါထပ်ခါ သောက်ချင် သုံးစွဲချင်၏။ ဤသောက်သုံးမှုသည် မူးယစ်မှုအားကြီးလာသောအခါ အချင်းချင်းကိုဖြစ်စေ၊ အခြားသူအားဖြစ်စေ၊ ရိုက်မှု၊ သတ်မှု၊ ခိုးမှု၊ လိမ်ညာမှု၊ သူ့သား အိမ်ရာပြစ်မှားမှု စသည်တို့ကို ဆက်လက် လွန်ကျူးမိတတ်ကြသည်။ ဤသေရည်သေရက် မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုသည် ဤဘဝမှာပင် အသက်ဆုံးရှုံးရသည်အထိ ဆိုးကျိုးများကိုသာ ဖြစ်စေတတ်ပြီး သေသောအခါ ငရဲ၌ ကျရတတ်သည်။

ထိုသေရည်သေရက် မူးယစ်ဆေးဝါးကို သောက်စားသုံးစွဲသော သူသည် မျက်မှောက်ဘဝ၊ နောက်ဖြစ်လေရာ ဘဝတို့၌

(၁) အရေးအခွင့် သင့် မသင့်ကို မသိတတ်ခြင်း၊

(၂) ပျင်းရိတတ်ခြင်း၊

(၃) မေ့လျော့မူးဝေတတ်ခြင်း၊

(၄) သူ့ကျေးဇူးကို မသိခြင်း၊

(၅) အရက်အကြောက်ကင်းခြင်း၊

(၆) ရှုံးသွပ်တတ်ခြင်း၊

(၇) မကောင်းမှု အားလုံး ကျူးလွန်လွယ်ခြင်း-ဤသို့စသော များစွာသော အပြစ်ကိုလည်း ခံစားရတတ်သည်။

**လင်္ကာ ။ ။** သေရည်သောက်လင့်၊ သင့် မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရှူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခါ အပြန်အကျိုးတည်း။

=============

## အဗြဟ္မစရိယ သိက္ခာပုဒ်အဓိပ္ပါယ်

ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို ဆောက်တည်ရသည်။ ရှစ်ပါးသီလတွင် ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်အစား အဗြဟ္မစရိယ သိက္ခာပုဒ်ကို ဆောက်တည်ရသည်။

အဗြဟ္မစရိယသိက္ခာပုဒ်၏ အနက်အဓိပ္ပါယ်မှာ- "မမြတ်သော ယုတ်ညံ့သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏"ဟူ၍ ဖြစ်ပါသည်။

"မမြတ်သော ယုတ်ညံ့သော မေထုန်အကျင့်"ဟူရာ၌ မေထုနဟူသော ပါဠိကို မြန်မာလို မေထုန်ဟု ခေါ်သည်။ အချင်းချင်းကိစ္စဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် မိန်းမယောကျ်ားနှစ်ဦးတို့၏ ပျော်မြူးပေါင်းဖက် ဆက်ဆံခြင်းကို မမြတ်သော ယုတ်ညံ့သော မေထုန်အကျင့်ဟု မှတ်ရမည်။

ကာမေသု မိစ္ဆာစာရသိက္ခာပုဒ်အရ မိမိတို့ဇနီး ခင်ပွန်း အချင်းချင်း ပေါင်းသင်းဆက်ဆံခွင့် ရသေး၏။ ဤအဗြဟ္မစရိယ သိက္ခာပုဒ်ကို စောင့်ထိန်းသူကား ဇနီး ခင်ပွန်းအချင်းချင်း ဆက်ဆံမှုကိုသာမက မေထုနကိစ္စ မှန်သမျှ လုံးဝရှောင်ကြဉ်ရသည်။

=============

## ဝိကာလဘောဇနေသိက္ခာပုဒ်အဓိပ္ပါယ်

"နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏"ဆိုရာ၌ နေ့လယ်မွန်းတည့် (၁၂)နာရီမှ နောက်ပိုင်းအချိန်ကို နေလွဲ၊ မွန်းလွဲ ဆိုပါသည်။ ထိုနေလွဲအချိန်မှစ၍ နောက်တနေ့ အရုဏ်တက်သည့်တိုင်အောင် ထမင်း၊ ဟင်းလျာ၊ လက်ဖက်၊

သစ်သီးစသော ခဲဖွယ်ဘောဇဉ်ဟူသမျှ မစားရ။ ဆာလောင်မွတ်သိပ်လျှင် မန်ကျည်း ဖျော်ရည် သံသရာဖျော်ရည်စသည်များကို သောက်ကောင်း၏ မကျန်းမာလျှင် ဆေးအမျိုးမျိုးနှင့် စတုမဓုစသည်တို့ကို စားသောက်ကောင်း၏။

=============

**နစ္စ, ဂီတ စသော သိက္ခာပုဒ်အဓိပ္ပါယ်**

| | |
|---|---|
| နစ္စ | = ကိုယ်တိုင်ကခြင်း၊ သူတစ်ပါးကို အကခိုင်းခြင်း၊ |
| ဂီတ | = ကိုယ်တိုင်သီဆိုခြင်း၊ သူတစ်ပါးကို အဆိုခိုင်းခြင်း၊ |
| ဝါဒိတ | = ကိုယ်တိုင် တီးမှုတ်ခြင်း၊ သူတစ်ပါးကို တီးမှုတ်ခိုင်းခြင်း။ |
| ဝိသူက ဒဿန | = ဝိသူက–ဘုရားအဆုံးအမ၏ ဆန့်ကျင်ဘက်ဖြစ်သော၊ ဒဿန–ကြည့်ရှုနားထောင်ခြင်း၊ မိမိအလိုအလျောက်သော်လည်းကောင်း၊ အခြားသူက ခိုင်း၍သော်လည်းကောင်း၊ က ဆို တီးမှုတ် နေသည်ကို တမင်တကာ သွား၍ ကြည့်ခြင်း၊ မိမိဘာသာနေစဉ် မြင်လောက် ကြားလောက်သော အရပ်သို့လာ၍ က ပြု, သီဆို, တီးမှုတ်သံကို ကြည့်ရှုမိသော်လည်းကောင်း၊ ကိစ္စဖြင့် သွားရင်းလာရင်း တွေ့မြင်သော်လည်းကောင်း သီလမပျက်ပါ။ |
| မာလာ | = ပန်းအမျိုးမျိုး |
| ဓာရဏ | = ပန်ဆင်ခြင်း။ |
| ဂန္ဓ | = သနပ်ခါးမှုန့် စသော နံ့သာမှုန့်။ |
| မဏ္ဍန | = ဖို့သိပ်ခြင်း။ |
| ဝိလေပန | = လိမ်းကျံခြယ်လှယ်၍ ရကောင်းသော ရေမွှေး နံ့သာရေ။ |
| ဝိဘူသန | = လိမ်းကျံခြင်း။ |
| ဌာန | = ကိလေသာ အကုသိုလ် တိုးပွားခြင်း၏ အကြောင်း။ |

=============

**ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အဓိပ္ပါယ်**

| | |
|---|---|
| ဥစ္စာသယန | = မြင့်သောနေရာ၌ အိပ်ခြင်း၊ နေထိုင်ခြင်းဆိုသည်မှာ– အခြေတစ်တောင်ထက် ရှည်သော အိပ်ရာ၊ ခုတင်၊ |

ကုလားထိုင်ကြီးများ စသည်၌ အိပ်ခြင်း၊ နေထိုင်ခြင်းကို ဆိုသည်။

မဟာသယန = မြတ်သောနေရာ၌ အိပ်စက်နေထိုင်ခြင်းဆိုသည်မှာ - စည်းစိမ်အားလျော်စွာ ခံစား စံစားလေ့ ရှိကြသော ဥစ္စာရှိသူများအိမ်၌ ရှိတတ်သော လက်လေးသစ်မက အမွေးရှည်သော သားမွေးခင်း၊ ခြင်္သေ့၊ သစ်၊ ကျား အရုပ်များဖြင့် ခမ်းနား ဆန်းကြယ်သော သားမွေးအခင်း၊ ရွှေချည် ငွေချည် တို့ဖြင့် ချုပ်လုပ်အပ်သော ပိုးအခင်း၊ လဲ, ဝါဂွမ်း၊ မှို့ သွတ်ထားသည့် မွေ့ရာများ ဖြစ်သည်။

=======

# ကိုးပါးသီလ အဓိပ္ပါယ်ဖွင့်ဆိုချက်

**မေတ္တာသဟဂတေန စေတသာ သိက္ခာပုဒ်၏အဓိပ္ပါယ်**

ရှစ်ပါးသီလ၏ ကျင့်ဝတ်သိက္ခာရှစ်ပါးတွင် "မေတ္တာသဟဂတေန စေတသာ" ကျင့်ဝတ်သီလကို ထည့်သွင်းဆောက်တည်က (၉)ပါးသီလဖြစ်ကြောင်း နဝကအင်္ဂုတ္တိုရ်ပါဠိတော်၌ တိုက်ရိုက်လာ၏။ သို့သော် မေတ္တာကား "ပါဏာတိပါတ" စသော သိက္ခာပုဒ်များကဲ့သို့ သိက္ခာတစ်ပါး မဟုတ်ချေ။ သူတစ်ပါးအသက်သတ်ခြင်း (ပါဏာတိပါတ) မှ တစ်နေ့လုံး ရှောင်ကြဉ်နေနိုင်သလို မေတ္တာစိတ်ဖြင့် တစ်နေ့လုံး မနေနိုင်သောကြောင့် ဖြစ်သည်။

သို့သော် မေတ္တာကား အကျိုးများလှသဖြင့် မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် အချို့ပုဂ္ဂိုလ်များ ဆောက်တည် ကျင့်သုံးကြလေသည်။ မည်သို့ပင်ဖြစ်စေ မေတ္တာဟူသည် ပွားများရသော ဘာဝနာတရားဖြစ်၍ (၈) ပါးသီလ ဆောက်တည်ပြီးနောက် "မေတ္တာသဟဂတေန စေတသာ" ဟု မဆို မဆောက်တည်ဘဲ စွမ်းနိုင်သမျှ မေတ္တာပွားနေက (၉)ပါးသီလ မည်တော့သည် သာဟု အာစရိယဝါဒတစ်ရပ်ကို မိန့်ဆိုကြလေသည်။

ဤစကားမှန်၏ "မေတ္တာသဟဂတေန စေတသာ"ဟု သီလဆောက်တည်ပြီးမှ မေတ္တာပွားများသည် ဖြစ်စေ၊ မဆောက်တည်ဘဲ ပွားများသည်ဖြစ်စေ မိမိပွားများမှုနှင့် ထိုက်တန်သလောက် မေတ္တာပွားများခြင်း၏ အကျိုးရရှိမည်သာဖြစ်သည်။ ထိုသို့ဆိုသဖြင့် "မေတ္တာသဟဂတေန စေတသာ" ဟုဆို၍ သီလဆောက်တည်ခြင်းသည် မလို၊ အပိုဟုကား အပြစ်မမြင်သင့်။ ကုသိုလ်ဆိုင်ရာ ကြံစည်ခြင်း၊ ရွတ်ဆိုခြင်းဖြစ်၍ မနောကံ ကုသိုလ်၊ ဝစီကံကုသိုလ်များ ရရှိသည်သာဖြစ်သည်။

ချုံ၍ဆိုရလျှင် ၉-ပါးသီလ ဆောက်တည်ကျင့်သုံးလိုသူသည် (၈) ပါးသီလ ဆောက်တည်ပြီးနောက် "မေတ္တာသဟဂတေန စေတသာ" စသည်ဖြင့် ရွတ်ဆိုဆောက်တည်၍ မေတ္တာပွားနည်း တစ်မျိုးမျိုးကို ပွားများနေပါက (၉) ပါးသီလ ကျင့်ဝတ်သိက္ခာပုဒ်ကို ဆောက်တည်ကျင့်သုံးခြင်းပင်ဖြစ်ကြောင်း မှတ်ယူသင့်ပါသည်။

**မေတ္တာ**

မေတ္တာဆိုသည်မှာ ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ပုဂ္ဂိုလ် သတ္တဝါ ပညတ်ကို အာရုံပြု၍ "ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ" စသည်ဖြင့် သတ္တဝါတို့၏ ကြီးပွားချမ်းသာမှုကို လိုလား တောင့်တသော အဒေါသ စေတသိက်ကိုပင် "မေတ္တာ"ဟု ခေါ်သည်။

မေတ္တာကို ချစ်ခြင်းဟု မြန်မာမှု ပြုကြပါသည်။ ထို ချစ်ခြင်းဟူသော ဝေါဟာရသည်-

(၁) လင်ချစ် မယားချစ်ဟူသော တဏှာပေမချစ်ခြင်း၊

(၂) မိဘ ညီအစ်ကိုမောင်နှမချစ် ဟူသော ဂေဟဿိတပေမချစ်ခြင်း၊

(၃) သူတစ်ပါး ကြီးပွားချမ်းသာစေလိုမှု ဟူသော မေတ္တာချစ်ခြင်း- ဟူ၍ (၃)မျိုး ရှိသည်။

**မေတ္တာပို့သနည်း**

မိမိမေတ္တာပို့မည့်သူကို ဓာတ်ပုံရိုက်သကဲ့သို့ ခြေဆုံး ခေါင်းဆုံး တစ်ကိုယ်လုံး

ထင်မြင်အောင် အာရုံယူလျက်၊ စိတ်ကို ညွတ်လျက် "ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ"ဟူသော မေတ္တာဘာဝနာစိတ်ကို ထိုသူ့ထံသို့ရောက်အောင် ပို့လွှတ်ခြင်း၊ ဖြန့်ကြက်ခြင်းကို မေတ္တာပို့သည်ဟု ခေါ်သည်။

**မေတ္တာပို့သခြင်းအကျိုး**

ဗုဒ္ဓရှင်တော်ဘုရား လက်ထက်တော်အခါက တောကျောင်းနေ ရဟန်းငါးရာတို့ကို နတ်ဘီလူးတို့က ခြောက်လှန့်ကြ၏။ ထို့ကြောင့် ရဟန်းတို့သည် တရားအားထုတ်သော်လည်း တရားထူးကို မရနိုင်ကြ။ မြတ်ဗုဒ္ဓက ထိုရဟန်းတို့အား နတ်ဘီလူးတို့ ခြောက်လှန့်မှုမပြုရန် မေတ္တသုတ်ပရိတ်တော်ကို ဟောကြားသင်ပြတော်မူသည်။ ထိုရဟန်းတို့သည် မေတ္တသုတ် ပရိတ်တော်ကို ရွတ်ဆို၍ မေတ္တာပို့သဖြင့် နတ်ဘီလူးတို့ ခြောက်လှန့်မှု ကင်းဝေးခဲ့၏။

ထိုမျှသာမက မေတ္တာ၏ အကျိုး (၁၁)မျိုးကို ရရှိနိုင်ကြပေသေးသည်။ ယင်းတို့ကား-

(၁) ချမ်းသာစွာ အိပ်ရခြင်း၊

(၂) ချမ်းသာစွာ နိုးထရခြင်း၊

(၃) အိပ်မက်ဆိုးကို မမြင်မက်ခြင်း၊

(၄) နတ်တို့က စောင့်ရှောက်ခြင်း၊

(၅) လူအများ ချစ်ခင်ခြင်း၊

(၆) မီးဘေး မသင့်နိုင်ခြင်း၊

(၇) အဆိပ်၊ လက်နက် မသင့်ရောက်နိုင်ခြင်း၊

(၈) စိတ်တည်ကြည်ခြင်း၊

(၉) မျက်နှာကြည်လင်ခြင်း၊

(၁၀) တွေဝေစွာ မသေရခြင်း၊

(၁၁) သေလွန်လျှင် ဗြဟ္မာ့ပြည် ရောက်နိုင်ခြင်း၊ ဟူ၍ တစ်ဆယ့်တစ်ပါး ရှိကြောင်း ပြဆိုထားပါသည်။

## (ခ) သီလအမျိုးမျိုး

သီလဟူသည် ကာယကံမှု၊ ဝစီကံမှု၊ မနောကံ၏ စင်ကြယ်ခြင်းများပင် ဖြစ်ပါသည်။ ဟိရီဩတ္တပ္ပတရား နှစ်ပါးရှိမှ သီလကိုဆောက်တည်နိုင် စောင့်ထိန်း နိုင်သောကြောင့် ဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါးသည် သီလ၏ အနီးဆုံးသော အကြောင်းဖြစ်၏။

(၁) ဤအမှုကို ပြုကျင့်ရမည်ဟု ပညတ်တော်မူအပ်သော အာစရိယဝတ်အစ ရှိသည့် သိက္ခာပုဒ်များကို ဘုရားရှင် အလိုတော်ကျအတိုင်း လိုက်နာပြု ကျင့်ခြင်းသည် "စာရိတ္တသီလ"ဖြစ်သည်။

(၂) ဤအမှုကို မပြုကျင့်ရဟု တားမြစ်ပညတ်တော်မူအပ်သော ပါရာဇိက အစရှိသည့် သိက္ခာပုဒ်တို့ကို ဘုရားရှင် အလိုတော်ကျအတိုင်း စောင့်စည်းထိန်းသိမ်း ခြင်းသည် "ဝါရိတ္တသီလ"ဖြစ်သည်။

(၃) မဂ်သီလ၊ ဖိုလ်သီလနှင့် ပြည့်စုံစေရန် ဟောကြားပညတ်အပ်သော အာဇီဝဋ္ဌ မကသီလမှ ကြွင်းသော သီလအစုသည် "အာဘိသမာစာရိကသီလ" ဖြစ်သည်။

(၄) မြတ်သော အရိယာမဂ်အကျင့်ကိုရရန် ရှေးဦးစွာ ဤတရားစုကို ကျင့်ကြံစေ ရမည်ဟု ဟောကြားအပ်သော အာဇီဝဋ္ဌမက သီလသည် "အာဒိဗြဟ္မစရိယ သီလ"ဖြစ်သည်။ မြတ်သောအကျင့်၏ အစဖြစ်သော သီလဟူလို၊

(၅) ကောင်းသော စကားပြောခြင်း၊ ကောင်းသော အမှုကိစ္စပြုလုပ်ခြင်း၊ ကောင်းသော အသက်မွေးမှုပြုခြင်းတည်းဟူသော ဝိရတီစေတသိက်သုံးပါး သည် "ဝိရတီသီလ"ဖြစ်သည်။

(၆) စေတနာ၊ အလောဘ၊ အဒေါသ၊ အမောဟနှင့် သံဝရငါးပါး အဝီတိက္ကမ တရားတို့သည် "အဝိရတိသီလ"ဖြစ်သည်။

(၇) တဏှာကိုဖြစ်စေ၊ ဒိဋ္ဌိကိုဖြစ်စေ အမှီပြု၍ စောင့်ထိန်းအပ်သော သီလသည် "နိဿိတသီလ"ဖြစ်သည်။

(၈) တဏှာဒိဋ္ဌိနှစ်ပါးကို အမှီမပြုဘဲ မြတ်သောအကျင့်ကို ငါကျင့်မည်ဟူ၍ နှလုံးသွင်းပြီး ကျင့်အပ်သော လောကီသီလသည်"အနိဿိတသီလ"ဖြစ်သည်။

(၉) မိစ္ဆာအယူရှိသော အလေ့အကျင့်သီလမျိုးသည် "ဒိဋ္ဌိနိဿိတသီလ"ဖြစ်သည်။ ဤသီလကို ဗုဒ္ဓဝါဒီအယူရှိသူများ စောင့်သုံးခြင်း မရှိပါ။

(၁၀) အလိုရှိသလောက် ကာလကို ပိုင်းခြား၍ စောင့်သုံးအပ်သော သီလသည် "ကာလပရိယန္တသီလ" ဖြစ်သည်။

(၁၁) ကာလကို မပိုင်းခြားဘဲ အသက်ထက်ဆုံး စောင့်သုံးအပ်သော သီလသည် "အာပါဏကောဋိကသီလ"ဖြစ်သည်။

(၁၂) ဥစ္စာ၊ အခြံအရံ၊ ဆွေမျိုး၊ အင်္ဂါကြီးငယ်၊ အသက် ဤငါးပါးတို့တွင် တစ်ပါးပါးကြောင့် ချိုးဖျက်လိုက်ရသော သီလသည် အဆုံးရှိသော "သပရိယန္တသီလ"ဖြစ်သည်။

(၁၃) ဤငါးပါးတို့ဖြင့် ဖျက်၍မရဘဲ ကောင်းစွာ စောင့်သုံးအပ်သောသီလသည် အဆုံးမရှိသော "အပရိယန္တသီလ"ဖြစ်သည်။

(၁၄) အာသဝေါတို့၏ အာရုံဖြစ်သော အာသဝေါတရားတို့ အာရုံအပြုခံရသော သီလသည် "လောကိယသီလ"ဖြစ်သည်။

(၁၅) အာသဝေါတရားတို့၏ အာရုံမဟုတ်သော အာသဝေါတရားတို့၏ အာရုံအပြု မခံရသော သီလသည်"လောကုတ္တရသီလ"ဖြစ်သည်။

(၁၆) ကျော်စောဂုဏ်သတင်းကို လိုလား၍ ဆောက်တည် ကျင့်သုံးအပ်သော သီလသည်"ဟီနသီလ"ဖြစ်သည်။

(၁၇) ကောင်းမှု၏ ဘဝချမ်းသာကို လိုလားတောင့်တ၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် "မဇ္ဈိမသီလ"ဖြစ်သည်။

(၁၈) တရားတော်၏ မြင့်မြတ်မှုကို နှလုံးသွင်းကာ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် အမြတ်စားဖြစ်သော "ပဏီတသီလ"ဖြစ်သည်။

(၁၉) မိမိ၏ မသင့်လျော်သော အကျင့်အကြံများကို စွန့်ပစ်လိုသဖြင့် မိမိကိုယ်ကို မိမိအလေးဂရုပြု၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် "အတ္တာဓိပတေယျသီလ"ဖြစ်သည်။

(၂၀) လူအများ ကဲ့ရဲ့ရှုတ်ချခြင်းကို ပယ်ရှားလိုသဖြင့် လူအများကို အလေးဂရုပြု၍ ဆောက်တည် ကျင့်သုံးအပ်သော သီလသည် "လောကာ ဓိပတေယျ သီလ"ဖြစ်သည်။

(၂၁) တရားတော်၏ မြင့်မြတ်မှု ဂုဏ်ကျေးဇူးကို ပူဇော်လိုသဖြင့် တရားတော်ကို အလေးဂရုပြု၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် "ဓမ္မာ ဓိပတေယျ သီလ"ဖြစ်သည်။

(၂၂) တဏှာဒိဋ္ဌိတို့ဖြင့် လွဲမှား သုံးသပ်အပ်သော သီလသည် "ပရာမဋ္ဌသီလ" ဖြစ်သည်။

(၂၃) ကလျာဏ ပုထုဇဉ်တို့ ဆောက်တည်ကျင့်သုံးအပ်သည့် မဂ်၏ အဆောက်အဦးဖြစ်သော သီလသည်လည်းကောင်း၊ သေက္ခအရိယာ ပုဂ္ဂိုလ်တို့၏ မဂ်ခဏာ၌ဖြစ်သောသီလသည်လည်းကောင်း၊ "အပရာမဋ္ဌသီလ" ဖြစ်သည်။

(၂၄) ဖိုလ်စိတ်လေးပါး၌ ရှိသော သီလသည် "ပဋိပဿဒ္ဓိသီလ"ဖြစ်သည်။

(၂၅) စင်ကြယ်သော ပုဂ္ဂိုလ်၏ သီလသည် "ဝိသုဒ္ဓသီလ"ဖြစ်သည်။

(၂၆) မစင်ကြယ်သောပုဂ္ဂိုလ်၏ သီလသည် "အဝိသုဒ္ဓသီလ"ဖြစ်သည်။

(၂၇) ယုံမှားသံသယရှိနေသော ပုဂ္ဂိုလ်၏ သီလသည် "ဝေမတိကသီလ" ဖြစ်သည်။

(၂၈) မဂ်တရား လေးပါး၊ အောက်ဖိုလ်သုံးပါးတို့နှင့် ယှဉ်သော သီလသည် "သေက္ခသီလ"ဖြစ်သည်။

(၂၉) အရဟတ္တဖိုလ်နှင့် ယှဉ်သောသီလသည် "အသေက္ခသီလ"ဖြစ်သည်။

(၃၀) ပုထုဇဉ်တို့၏သီလအစုသည် "နေဝသေက္ခနာသေက္ခသီလ" ဖြစ်သည်။

(၃၁) ယုတ်လျော့သွားမည်ဖြစ်သော သီလသည် "ဟာနဘာဂိယသီလ"ဖြစ်သည်။

(၃၂) တည်တံ့နေမည်သာဖြစ်သောသီလသည် "ဌိတိဘာဂိယသီလ"ဖြစ်သည်။

(၃၃) ထူးမြတ်မည်သာဖြစ်သောသီလသည်"ဝိသေသဘာဂိယသီလ"ဖြစ်သည်။

(၃၄) ကိလေသာအမှောင်ကို ဖောက်ထွင်းဖြိုးခွဲနိုင်သော သီလသည် "နိဗ္ဗေဓဘာဂိယသီလ"ဖြစ်သည်။

(၃၅) ရဟန်းယောကျ်ားများ စောင့်ရှောက် ထိန်းသိမ်းအပ်သောသီလသည် "ဘိက္ခုသီလ"ဖြစ်သည်။

(၃၆) ရဟန်းမများ စောင့်ရှောက် ထိန်းသိမ်းအပ်သော သီလသည် "ဘိက္ခုနီသီလ" ဖြစ်သည်။

(၃၇) သာမဏေယောကျ်ား၊ သာမဏေမိန်းမများ စောင့်ထိန်းကျင့်သုံးအပ်သော ဆယ်ပါးသီလသည် "အနုပသမ္ပန္နသီလ"ဖြစ်သည်။

(၃၈) လူတို့စောင့်သုံးအပ်သော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့သည် "ဂဟဋ္ဌသီလ"ဖြစ်သည်။

(၃၉) လူများကျင့်သုံးအပ်သော သီလအဖြစ်ဖြင့် ငါးပါးသီလ၊ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့အပြင် ဗြဟ္မစရိယ ပဉ္စမသီလလည်း ရှိသေး၏။ ယင်းသီလမှာ ငါးပါးသီလပင် ဖြစ်၏။ ပကတိငါးပါးသီလမှ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အစား "အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟူ၍ ဆောက်တည်လိုက်လျှင် "ဗြဟ္မစရိယ ပဉ္စမသီလ"ဖြစ်သည်။

(၄၀) "ဗြဟ္မစရိယပဉ္စမကေဘတ္တိကသီလ"ဟူ၍လည်း ရှိသေး၏။

ကေဘတ္တိက ဟူသည် နံနက်စာ ထမင်းတစ်ထပ်တည်းကိုသာ စားရခြင်းဖြစ်သည်။ သို့ဖြစ်၍ ယင်းသီလကို စောင့်သုံးလိုလျှင် ဗြဟ္မစရိယ ပဉ္စမသီလ စောင့်သုံးခံယူသည့်အခါ အဆုံးတွင် "ဝိကာလဘောဇနာ

ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"ဟု သိက္ခာပုဒ်တစ်ခုတိုး၍ ဆောက်တည် လိုက်လျှင် "ဗြဟ္မစရိယ ပဉ္စမ ကောဘတ္တိကသီလ" ဖြစ်သွားသည်။

(၄၁) လူတို့သည် ပါဏာတိပါတ စသောသိက္ခာပုဒ်ငါးပါးတို့ကို မလွန်ကျူးခြင်း သည် ပင်ကိုသဘောအားဖြင့် ပြည့်စုံသော "ပကတိသီလ"ဖြစ်သည်။

(၄၂) အမျိုးအားဖြင့်ဖြစ်စေ၊ အရပ်ဒေသအားဖြင့် ဖြစ်စေ၊ ပါသဏ္ဍခေါ်အယူဝါဒ အားဖြင့်ဖြစ်စေ၊ မိမိတို့၏ ရှေးလူကြီးများက ထားရှိခဲ့သော အပိုင်းအခြား စည်းကမ်းအတိုင်း ကျင့်ကြံခြင်းသည် "အာစာရသီလ"ဖြစ်သည်။

(၄၃) မိမိတို့ အမျိုးစဉ်ဆက် ရှောင်ကြဉ်လာသော မကောင်းမှုဖြစ်သည့်အတွက် ရှောင်ကြဉ်ခြင်းသည် "ကုလအာစာရသီလ"ဖြစ်သည်။

(၄၄) မိမိတို့၏ အရပ်ဒေသမှာ အများရှောင်ကြဉ်ကြသော မကောင်းမှုဖြစ်သည့် အတွက် ရှောင်ကြဉ်ခြင်းသည် "ဒေသအာစာရသီလ"ဖြစ်သည်။

(၄၅) တဏှာဒိဋ္ဌိကျော့ကွင်းတို့ကို ဖြစ်စေတတ်သော ပါသဏ္ဍအယူဝါဒအရ ရှောင်ကြဉ်ခြင်းသည် "ပါသဏ္ဍသီလ"ဖြစ်သည်။

(၄၆) ဘုရားအလောင်း၏ ပဋိသန္ဓေတည်နေသည့်အခါမှစ၍ မယ်တော်၏ စိတ် သန္တာန်တွင် ယောကျ်ားများ၌ ကာမဂုဏ်အတွက် နှစ်သက်မက်မောသည့် စိတ်မရှိခြင်းတည်းဟူသော သီလသည် "ဓမ္မတာသီလ"ဖြစ်သည်။

(၄၇) ရှေးရှေးဘဝများစွာက ကျင့်သုံးခဲ့ဖူးသော ကံကြောင့် ယခုဘဝမှာ မည်သူကမျှ မဟောပြောဘဲ အလိုအလျောက် စောင့်သုံးဖြစ်ပေါ်လာသော သီလကြီး လေးပါးမှာ-

(က) ပါတိမောက္ခသံဝရသီလ

(ခ) ဣန္ဒြိယသံဝရသီလ

(ဂ) အာဇီဝပါရိသုဒ္ဓိသီလ

(ဃ) ပစ္စယသန္နိဿိတသီလ-ဟူ၍ဖြစ်ပါသည်။ ဤလေးပါးတို့မှာ ရဟန်းတို့နှင့် အထူးသက်ဆိုင်သော သီလဖြစ်သည်။

(၄၈) လူသာမညောတို့၏ သီလသည် အရေအတွက်အားဖြင့် အပိုင်းအခြားရှိ၍ စင်ကြယ်စေအပ်သောသီလဖြစ်သောကြောင့် "ပရိယန္တပါရိသုဒ္ဓိသီလ" ဖြစ်သည်။

(၄၉) ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော ရဟန်းတို့၏ ဝိနည်း ကျင့်ဝတ်များကို သင်္ဂါယနာတင် အရှင်မြတ်များက အကျဉ်းချုပ် ပြဆိုတော်မူကြသော သိက္ခာပုဒ် သီလအပေါင်းသည် "အပရိယန္တပါရိသုဒ္ဓိသီလ"ဖြစ်သည်။

(၅၀) ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အပြည့်အစုံ စင်ကြယ်စေအပ်သော သီလသည် "ပရိပုဏ္ဏပါရိသုဒ္ဓိသီလ" ဖြစ်သည်။

(၅၁) သေက္ခအရိယာပုဂ္ဂိုလ်တို့၏ ဒိဋ္ဌိဖြင့် မသုံးသပ်အပ်သော သီလနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ တဏှာရာဂဖြင့် မသုံးသပ်အပ်သော သီလများသည် "အပရာမဋ္ဌပါရိသုဒ္ဓိသီလ"ဖြစ်သည်။

(၅၂) ရဟန္တာပုဂ္ဂိုလ်စသည်တို့၏ သီလသည် အလုံးစုံသော ကိလေသာအပူအပင်ဟူသမျှ ငြိမ်းချမ်းခြင်းဖြင့် စင်ကြယ်သည်၏အဖြစ်ကြောင့် "ပဋိပဿဒ္ဓိသီလ" ဖြစ်သည်။

(၅၃) အဆင့်ဆင့်သော ကုသိုလ်တရားဖြင့် ပယ်ရှားသင့်သော အရာဟူသမျှကို ပယ်ရှားခြင်းသည် "ပဟာနသီလ"ဖြစ်သည်။

(၅၄) ပါဏာတိပါတ စသော ရှောင်ကြဉ်ဖွယ်တို့ကို ရှောင်ကြဉ်ခြင်း ဝိရတီစေတသိက်ပြဋ္ဌာန်းသည့် ကုသိုလ် စေတသိက်စုသည် "ဝေရမဏီသီလ" ဖြစ်သည်။

======================

**ဒါနဟူသည်-**

(၁) အလှူပေးပုဂ္ဂိုလ်၊

(၂) လှူလိုသော စေတနာ၊

(၃) လှူဖွယ်ဝတ္ထု၊

(၄) ထင်ရှားရှိနေသော အလှူခံပုဂ္ဂိုလ်-ဤအင်္ဂါ လေးပါးရှိမှ ပြည့်စုံ၏။ ပေးအပ်သော အရာဟူသမျှနှင့် ပေးခြင်း ဟူသမျှသည် ဒါနချည်းပင်ဖြစ်၏။ ယင်းဒါနခေါ်သော တရားနှင့် စပ်လျဉ်း၍-

(၁) စေတနာစေတသိက်ကို ဒါနဟု ခေါ်၏။

(၂) စေတနာနှင့် အလားတူသောကြောင့် စေတနာနှင့်ယှဉ်သောအလောဘ စေတသိက်ကိုလည်း ဒါနဟု ခေါ်၏။

(၃) သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့ကိုလည်း ဒါနဟုပင် ခေါ်၏။

(၄) ဒေယျဓမ္မော ဒါနန္တိ အာမန္တာ-အရ ဆွမ်းသင်္ကန်းစသော လှူဖွယ်ဝတ္ထု ကိုလည်း ဒါနဟူ၍ပင် ခေါ်ပေသည်။

အဖန်ဖန် ပဋိသန္ဓေနေခြင်းဖြင့် သံသရာကို ရှည်စေတတ်သည့် တရားမှာ တဏှာ(လောဘ)ဖြစ်၏။ ဒါနဟူသော အလောဘသည် ယင်းတဏှာ (လောဘ)၏ ဆန့်ကျင် ဘက်ဖြစ်၍ တဏှာ(လောဘ)ကိုလည်း ပယ်သတ်နိုင်သည့် တရား ဖြစ်သည်။ စစ်မှန်သော ဒါနသည် သံသရာကို တိုစေသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ဒါနဟူသည် တရားလေးမျိုး ဖော်ပြထားသော်လည်း အလောဘနှင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့မှာ စေတနာ၏ အသင်းအပင်းများဖြစ်၍ စေတနာ ဒါနအဖြစ် တစ်ခုတည်း မှတ်ယူရပါမည်။ ဆွမ်းသင်္ကန်းစသော လှူဖွယ်ဝတ္ထု ဟူသော ဒေယျဓမ္မကို ဝတ္ထုဒါနအဖြစ် မှတ်ယူပါမည်။ထို့ကြောင့်ပင် ဒါန နှစ်မျိုးသာ ရှိပါသည်။

လှူဒါန်းရာမှာ စေတနာမရှိလျှင် မလှူဒါန်းနိုင်၊ စေတနာရှိမှသာ လှူဒါန်းနိုင်၏။ စေတနာဆိုရာမှာလည်း လှူဒါန်းနေစဉ်အတွင်း ဖြစ်ပေါ်သော "မုဉ္စစေတနာ"ကိုခေါ် သည်။ မုဉ္စဟူသည် စွန့်လွှတ်ခြင်းပင်ဖြစ်သည်။ စွန့်လွှတ်လှူဒါန်းနေစဉ်ဖြစ်သော မုဉ္စစေတနာသည်သာလျှင် ဒါန၏ တရားကိုယ် အစစ်ဖြစ်ပါသည်။

မစွန့်လွှတ်မီ ရှေးက ကြံတင်၍ ဖြစ်သော စေတနာကို “ပုဗ္ဗစေတနာ”ဟုခေါ်၏။ စွန့်လွှတ်ပြီးမှဖြစ်သော စေတနာကို “အပရစေတနာ”ဟု ခေါ်၏။ ယင်းစေတနာ သုံးတန်ကို “စေတနာဒါန”ဟု ခေါ်သည်။

━━━━━━━━

## ဒါနအမျိုးမျိုး

(၁) ကိုယ်တွင်းဆိုင်ရာ အသက်ခန္ဓာအင်္ဂါကြီးငယ်တို့ကို လှူဒါန်းခြင်းဒါန (အဇ္ဈတ္တိကဒါန-ဟုခေါ်၏။)၊

(၂) အပြင်အပဖြစ်သော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခြင်းဒါန(ဗာဟိရဒါန-ဟု ခေါ်၏)။

(၃) အသက်စည်းစိမ် ဘေးမဲ့ပေးခြင်းဒါန(အဘယဒါန-ဟု ခေါ်၏)၊ ဤဒါနသည် အထူးသဖြင့် မင်းတို့နှင့်သာ သက်ဆိုင်၏။

(၄) ဆွမ်းစသည့် ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဒါန (အာမိသဒါန-ဟုခေါ်၏)၊

(၅) လောဘဒေါသ စသည်တို့ဖြင့် ညစ်နွမ်းသောစိတ်အလျှင်းမရှိဘဲ သူတစ်ပါးတို့အား မဖောက်မပြန် မှန်ကန်သော တရားဟောပေးခြင်းကြောင့် တရားကို ပေးလှူခြင်းဒါန (ဓမ္မဒါန-ဟုခေါ်၏။)၊

(၆) အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်လာသောအခါ လှူဖွယ်ဝတ္ထုကို အကြွင်းထား၍ လှူဒါန်းခြင်းဒါန (သာဝသေသဒါန-ဟု ခေါ်၏)၊

(၇) အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်လာသောအခါ လှူဖွယ်ဝတ္ထုကို အကြွင်းမထားဘဲ အကုန်လှူဒါန်းခြင်းဒါန (နိရဝသေသဒါန-ဟုခေါ်၏)၊

(၈) ပုဂ္ဂိုလ်တစ်ဦး နှစ်ဦးစသည်အား ပိုင်းခြားသတ်မှတ်၍ လှူဒါန်းခြင်းဒါန (ပုဂ္ဂလိကဒါန-ဟုခေါ်၏)၊

(၉) သံဃာတော်ကို ရည်မှန်း၍ လှူဒါန်းခြင်းဒါန (သံဃိကဒါန-ဟုခေါ်၏)၊ (ပုဂ္ဂလိကဒါနမှုပြုရန် လွယ်ကူ၏။ သံဃိကဒါနမှု ပြုရန်အတွက် အလှူပြု

လုပ်မည့်ပုဂ္ဂိုလ်တိုင်း သတိချပ်ရပေမည်။ အကြောင်းမှာ သံဃာတော်ဟု ဆိုလျှင် အရိယာပုဂ္ဂိုလ်များ အားလုံးပါဝင်၏။ သို့ရာတွင် ပါဝင်သည့် ပုဂ္ဂိုလ်များကို အာရုံမထား ဘဲ အများအစုအပေါင်းကိုသာ အာရုံထား၍ လှူဒါန်းမှသာ သံဃိကဒါနမြောက်ပါသည်။ သံဃိကဒါနချည်း သက်သက်ပင် ခုနစ်ပါး ထပ်မံ ခွဲခြားထားပါသည်။ မှတ်ရန်မှာ သံဃိကဒါန ခုနစ်ပါးရှိသည်ဟုပင် ဖြစ်ပါသည်။)

(၁၀) ဝဋ်ဆင်းရဲဖြစ်သော လောကီစည်းစိမ်ချမ်းသာကိုသာ တောင့်တ၍ လှူဒါန်း သောဒါန (ဝဋ္ဋနိဿိတဒါန–ဟုခေါ်၏)၊

(၁၁) ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ချမ်းသာကို တောင့်တ၍ လှူဒါန်းသောဒါန (ဝိဝဋ္ဋနိဿိတဒါန–ဟုခေါ်၏)၊

(၁၂) အချိန်အခါနှင့် တိုက်ဆိုင်သော စီမံလှူဒါန်းသော ကထိန်သင်္ကန်း၊ ဝါဆို သင်္ကန်း၊ ဖျားနာသောရဟန်းအတွက် ဂိလာနဆွမ်း၊ ဧည့်သည်အာဂန္တု ရဟန်းတို့အတွက် ဆွမ်း၊ ခရီးထွက်မည့် ဂမိကရဟန်းတို့အတွက် ဆွမ်းလှူ ခြင်း စသည့်ဒါန (ကာလဒါန–ဟုခေါ်၏)၊

ကာလဒါန ငါးမျိုးရှိပါသည်။ ၎င်းတို့မှာ–

(က) ဧည့်သည် အာဂန္တုအား ပေးလှူခြင်း၊
(ခ) ခရီးထွက်မည့် ခရီးသည်အား ပေးလှူခြင်း၊
(ဂ) မကျန်းမမာ ဖျားနာသောသူအား ပေးလှူခြင်း၊
(ဃ) ငတ်မွတ်ခေါင်းပါးသောအခါ၌ ပေးလှူခြင်း၊
(င) လုပ်ကိုင်ရရှိသော ကောက်ဦး ကောက်သစ်ဦးတို့ကို သီလရှိသော ပုဂ္ဂိုလ်တို့အား ပေးလှူခြင်း–ဟူ၍ ငါးမျိုးရှိပါသည်။

(၁၃) ဤကဲ့သို့ အချိန်အခါကို မရွေးချယ်ရဘဲ လှူလိုသည့်အချိန် လှူလိုက်နိုင် သောဒါန (အကာလဒါန–ဟုခေါ်၏)၊

(၁၄) တဏှာဒိဋ္ဌိတို့ဖြင့် သုံးအပ်သောဒါန (ပရာမဋ္ဌဒါန–ဟုခေါ်၏)၊ ကုသိုလ်ဆန္ဒ ပတ္ထနာဖြင့် မဂ်ဖိုနိဗ္ဗာန်ကို မတောင့်တဘဲ "ဤဒါန ကုသိုလ်ကြောင့်ငါသည်

သိကြားမင်းအစရှိသည့် ထင်ရှားသောနတ် သို့မဟုတ် သာမညနတ် ဖြစ်ရပါလို၏။ ထိုနတ်ပြည်၌ မြဲမြံခိုင်မာသော နတ်စသည်ဖြစ်ရပါလို၏” စသည်ဖြင့် တဏှာဒိဋ္ဌိဦးစီးလျက် တောင့်တလျှင် ထိုဒါနသည် မဂ်ဖိုလ် နိဗ္ဗာန်၏ ပစ္စည်းအထောက်အပံ့ မဖြစ်နိုင်သောကြောင့် ဆုံးရှုံးခြင်းသို့ ရောက်အောင် ပို့ဆောင်တတ်သော ဒါနဟု ဆိုပါသည်။

(၁၅) တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်သောဒါန(အပရာမဋ္ဌဒါန-ဟုခေါ်၏)၊ ဝဋ်ဆင်းရဲ ကင်းရာ နိဗ္ဗာန်ချမ်းသာကို တောင့်တ၍ လှူဒါန်းသော ဒါနဟုဆိုပါသည်။

(၁၆) နေ့ရာတည်မြဲနေမည့် ဘုရားတန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် စသည်တို့ကို လှူဒါန်းသောဒါန (ထာဝရ-ဒါနဟုခေါ်၏)၊

(၁၇) ခေတ္တခဏမျှသုံးစွဲရသော ဆွမ်းသင်္ကန်းစသည်တို့ကို လှုဒါန်းခြင်းဒါန (အထာဝရဒါန-ဟုခေါ်၏)၊ ထိုဒါနနှစ်ခုတွင် ထာဝရဒါနသည် အကျိုးပေး ကြီးမြတ်ခိုင်မြဲ၏။

(၁၈) မိမိ အသက်ထင်ရှားရှိစဉ် လှူဒါန်းသော ဒါန (သဇီဝဒါန-ဟု ခေါ်၏)၊

(၁၉) မိမိသေပြီးနောက် မိမိပိုင်ပစ္စည်းစုကို မည်သူ့အား ပေးခဲ့သည်၊ ထိုသူယူ၍ အလိုရှိတိုင်း အသုံးပြုလော့ဟူ၍ သေသည့်နောက် ရည်မှန်း၍ ပေးကမ်း လှူဒါန်းခြင်းဒါန (အစ္စယဒါန-ဟုခေါ်၏)၊ ဗုဒ္ဓဘာသာတို့ အနေဖြင့် သေတမ်းစာဖြင့် မိမိပစ္စည်းကို ပေးခွင့်ရှိပါသည်။ သားသမီးများအားလည်း သေတမ်းစာနှင့်တကွပေးနိုင်၏။ ဤကား အစ္စယဒါန၌ အကျုံးဝင်ပါသည်။

(၂၀) ဆွမ်းတစ်မျိုးတည်း လောင်းလှူခြင်းဒါန (အပရိဝါရဒါန-ဟုခေါ်၏)၊

(၂၁) ဆွမ်းဟင်းနှင့်တကွ လောင်းလှူခြင်းဒါန (သပရိဝါရဒါန-ဟုခေါ်၏)၊

(၂၂) အကြွင်းအကျန် အညံ့အဖျင်းဖြစ်သော ပစ္စည်းကို လှူဒါန်းခြင်းဒါန (ဥစ္ဆိဋ္ဌဒါန-ဟုခေါ်၏)

(၂၃) အကြွင်းအကျန် အညံ့အဖျင်း မဟုတ်သောပစ္စည်းကို လှူဒါန်းခြင်းဒါန (အနုစ္ဆိဋ္ဌဒါန-ဟုခေါ်၏)၊ ၎င်းဒါနကို “အဂ္ဂဒါန”ဟုလည်း ခေါ်၏။)

(၂၄) တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထုလှူဒါန်းခြင်း ဒါန (ဓမ္မိယဒါန-ဟု ခေါ်၏)၊

(၂၅) တိုက်ခိုက် ခိုးဝှက် သတ်ဖြတ်ခြင်း စသည်ဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထု လှူဒါန်းခြင်းဒါန (အဓမ္မိယဒါန-ဟုခေါ်၏)၊

(၂၆) အလှူဒါနပြုကြရာမှာ အခြားသူတို့နှင့်တန်းတူညီမျှ ရနိုင်လှူဒါန်းနိုင် အလှူဒါန (သဒိသဒါန-ဟုခေါ်၏)၊

(၂၇) အချင်းချင်း အပြိုင်အဆိုင် လှူကြရာမှာ တစ်ဖက်သားများ မလိုက်နိုင်အောင် အနိုင်လှူအပ်သောဒါန (အသဒိသဒါန-ဟုခေါ်၏)၊

(၂၈) မျက်မြင်ကိုယ်တွေ့ဖြစ်သော ဒါန (ပစ္စက္ခဒါန-ဟုခေါ်၏)၊

(၂၉) မျက်မြင်ကိုယ်တွေ့မဟုတ် ကိုယ့်မျက်ကွယ်၌ လှူအပ်သော ဒါန (အပစ္စက္ခဒါန-ဟုခေါ်၏)၊

(၃၀) ကွယ်လွန်လေပြီးသော ဆွေမျိုးသားချင်းများ တမလွန်ဘဝ၌ ကြီးပွား ချမ်းသာရေးအတွက် ရည်ရွယ် လှူဒါန်းအပ်သော အလှူဒါန (ပေတဒါန-ဟု ခေါ်၏)၊

(၃၁) မိမိနောင်တမလွန်ဘဝ ကြီးပွားချမ်းသာရေးအတွက် ရည်မှန်း၍ လှူဒါန်း အပ်သော အလှူဒါန (နိဓိဒါန-ဟုခေါ်၏)၊

(၃၂) ကံ၊ကံ၏အကျိုးကို သိရှိ၍ လှူဒါန်းအပ်သော အလှူဒါန (သမ္ဗဇာနကဒါန-ဟုခေါ်၏)၊

(၃၃) ကံ၊ကံ၏အကျိုးကို မသိဘဲ လှူဒါန်းအပ်သော အလှူဒါန (အသမ္ဗဇာနက ဒါန-ဟုခေါ်၏)၊

(၃၄) နေ့စဉ်မပြတ် ဆွမ်းလောင်းခြင်း စသည်ဖြင့် အမြဲမပြတ် ပြုလုပ်အပ်သော ဒါန (နိဗဒ္ဓဒါန-ဟုခေါ်၏)၊

(၃၅) နေ့စဉ်မဟုတ်ဘဲ တတ်နိုင်သည့်အခါမှသာ ဆွမ်းလောင်းခြင်း စသည်ဖြင့် ပြုလုပ်အပ်သောဒါန (အနိဗဒ္ဓဒါန-ဟုခေါ်၏)၊

(၃၆) သားငါးစသော သတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းအပ်သောဒါန (သာဝဇ္ဇဒါန-ဟုခေါ်၏)၊

(၃၇) သားငါးစသော သတ္တဝါများကို သတ်ဖြတ်ခြင်း မပြုဘဲ ဈေးမှဖြစ်ပေါ်သော သားငါးဖြင့် ကျွေးမွေးလှူဒါန်းသောဒါန (အနဝဇ္ဇဒါန-ဟုခေါ်၏)၊

(၃၈) ကိုယ်တိုင်ကိုယ်ကျ မိမိလက်ဖြင့် ကိုင်တွယ်လှူဒါန်းအပ်သော အလှူဒါန (သာဟတ္ထိကဒါန-ဟုခေါ်၏)၊

(၃၉) မိမိကိုယ်စား သူတစ်ပါးကို စေခိုင်း၍ လှူဒါန်းအပ်သော အလှူဒါန (အာဏတ္တိက ဒါန-ဟုခေါ်၏)၊

(၄၀) မိမိသဘောဖြင့် ပြုအပ်သော အလှူဒါန (သယံကာရဒါန-ဟုခေါ်၏)၊

(၄၁) သူတပါးတို့ပြုသည်ကိုမြင်၍ ပြုအပ်သော အလှူဒါန (ပရကာရဒါန-ဟုခေါ်၏)၊

(၄၂) စိတ်နေ ရွှင်လန်းချမ်းသာစွာ လှူဒါန်းအပ်သောဒါန (သောမနဿဒါန ဟုခေါ်၏)၊

(၄၃) ဝမ်းလည်းမသာ၊ ဝမ်းလည်းမနည်း၊ အလယ်အလတ် ခံစားခြင်းရှိ၍ လှူဒါန်း အပ်သော အလှူဒါန (ဥပေက္ခာဒါန-ဟုခေါ်၏)၊

(၄၄) ကံ၊ ကံ၏အကျိုးကို သိမြင်နားလည်၍ လှူဒါန်းခြင်းသည် ဉာဏ်နှင့်ယှဉ်သည့် ဒါန (ဉာဏသမ္ပယုတ္တဒါန-ဟုခေါ်၏)၊

(၄၅) ကံ၊ ကံ၏အကျိုးကို မသိမမြင်ဘဲ သူတပါးတို့၏ အတုအပဖြင့် လှူဒါန်းခြင်း သည် ဉာဏ်နှင့်မယှဉ်သည့်ဒါန (ဉာဏဝိပ္ပယုတ္တဒါန-ဟုခေါ်၏)၊

(၄၆) သူတပါးတို့ တိုက်တွန်းခြင်းရှိ၍ ပြုအပ်သောဒါန (သသင်္ခါရိကဒါန-ဟုခေါ်၏)၊

(၄၇) သူတပါးတို့ တိုက်တွန်းခြင်း မရှိဘဲ မိမိဆန္ဒအတိုင်း ပြုအပ်သောဒါန (အသင်္ခါရိကဒါန-ဟုခေါ်၏)၊

(၄၈) ကောင်းမှု၏ အရာဖြစ်သော ပေးလှူခြင်းဒါန (ပုညဝိသယဒါန-ဟုခေါ်၏)၊

(၄၉) ကောင်းမှု၏ အရာမဟုတ်ဘဲ လောကဌ် ပြုကျင့်ကြမြဲ ဝတ္တရားအတိုင်း ပေးခြင်းမျိုးသည် "လောကဝိသယဒါန"ဖြစ်သည်။
(ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးခြင်းမဟုတ်ဘဲ ချစ်ကြိုက်၍ ပေးခြင်း၊ စိတ်ဆိုး၍ပေးခြင်း၊ မိုက်မဲ၍ပေးခြင်း၊ ကြောက်ရွံ့၍ပေးခြင်းမှစ၍ ပေးခြင်းဟူသမျှကို "လောကဝိသယဒါန"ဟုခေါ်၏။ ဒါနပါရမီနှင့် လုံးဝ မသက်ဆိုင်ကြောင်းမှတ်သားရပါမည်။)

(၅၀) လှူဖွယ်ဝတ္ထုများကို ကောင်းမွန်စွာပြုပြင်၍ ရိုသေစွာလှူဒါန်းခြင်းဒါန (သက္ကစ္စဒါန-ဟုခေါ်၏)၊

(၅၁) လှူဖွယ်ဝတ္ထုများကို ကောင်းမွန်စွာ မပြုပြင်ဘဲ ဖြစ်သလို လှူဒါန်းခြင်းဒါန (အသက္ကစ္စဒါန-ဟုခေါ်၏)၊

(၅၂) မြတ်သောပုဂ္ဂိုလ်၊ ကြီးသောပုဂ္ဂိုလ်တို့အား ငယ်သူက ပူဇော်သောအားဖြင့် ပေးလှူခြင်းဒါန (ပူဇဒါန-ဟုခေါ်၏)၊

(၅၃) ကြီးမြတ်သူက ငယ်ရွယ်သူအား ချီးမြှောက်ပေးလှူခြင်းဒါန (အနုဂ္ဂဟဒါန-ဟုခေါ်၏)၊

(၅၄) တဏှာ၏ကျွန်အဖြစ်ဖြင့် လောကီစည်းစိမ်ချမ်းသာကို တောင့်တ၍ လှူဒါန်းအပ်သော အလှူဒါန (ဒါသဒါန-ဟုခေါ်၏)၊

(၅၅) တဏှာသခင် အရှင်ကို ပုန်ကန်၍ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းတောင့်တပြီး လှူသောအလှူဒါန (ဘုဇိဿဒါန-ဟုခေါ်၏)၊

(၅၆) မိဘတို့က သားသမီးတို့ကို နောင်အခါတွင် ငါတို့အား ဤကဲ့သို့ပင် ပြန်လည် ကျွေးမွေးလိမ့်မည်ဟု မျှော်မှန်း၍ သားသမီးတို့အား ကျွေးမွေးခြင်းဒါန (ဣဏပယောဇနဒါန-ဟုခေါ်၏)၊

(၅၇) သားသမီးတို့က အိုမင်းမစွမ်းရှိသည့် မိဘတို့ကို ကျေးဇူးဆပ်သောအားဖြင့် ပြန်လည်ကျွေးမွေးခြင်းဒါန (ဣဏမောက္ခဒါန-ဟုခေါ်၏)၊

(၅၈) အလှူခံပုဂ္ဂိုလ်များအား လှူဒါန်းကျွေးမွေးခြင်းဒါန (နိမိဒါန-ဟုခေါ်၏)၊

(၅၉) အလှူဒါန ပြုလုပ်ရာမှာ လိုလားမှု၊ အားထုတ်မှု၊ ပိုင်းခြားသိမြင်မှုနှင့် ထိုးထွင်း သိမြင်ခြင်း တရားလေးပါး အားနည်းလျှင် ထိုဒါနသည် ညံ့သော အလှူဒါန (ဟီနဒါန-ဟုခေါ်၏)၊

(၆၀) တရားလေးပါးကို အတန်အသင့် နားလည်ပြီး လှူဒါန်းလျှင် အလတ်စား အလှူဒါန (မဇ္ဈိမဒါန-ဟုခေါ်၏)၊

(၆၁) တရားလေးပါးကို အသေအချာ သဘောပေါက်နားလည်ပြီး လှူဒါန်းလျှင် မြင့်မြတ်သော အလှူဒါန (ပဏီတဒါန-ဟုခေါ်၏)၊

(၆၂) အလွန်တရာ ပြုနိုင်ခဲသောဒါန (ဒုက္ကရဒါန-ဟုခေါ်၏)၊

(၆၃) ကြီးကျယ်ခမ်းနားအံ့ဖွယ်ကောင်းအောင် ပြုသောဒါန (မဟာဒါန-ဟုခေါ်၏)၊

(၆၄) ပြုလုပ်ရန် ခဲယဉ်းသည်လည်း မဟုတ်၊ ကြီးကျယ်များပြားလှသည်ဟု ပြောဆိုဖွယ်ရာလည်း မရှိသောဒါန (သာမညဒါန-ဟုခေါ်၏)၊

(၆၅) တရားသဖြင့် လှူဒါန်းအပ်သော တရားနှင့်ညီညွတ်သောဒါန(ဓမ္မိကဒါန-ဟုခေါ်၏)၊ ယင်းဒါနသည်-

(က) သံဃာတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ထားပြီးသော ပစ္စည်းကို သံဃာတော်အားသာ လှူဒါန်းခြင်း၊

(ခ) စေတီတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ထားပြီးသောပစ္စည်းကို စေတီတော်အားသာ လှူဒါန်းခြင်း၊

(ဂ) ပုဂ္ဂိုလ်တပါးပါးအား လှူဒါန်းမည်ဟု နှုတ်မြွက်ထားပြီးသောပစ္စည်းကို ပုဂ္ဂိုလ်အားသာ လှူဒါန်းခြင်း ဟူ၍ ဓမ္မိကဒါန သုံးမျိုးရှိသည်။

(၆၆) သူတပါး အသက်ကို ရှည်အောင် ပြုလုပ်လှူဒါန်းခြင်း ဒါန (ဇီဝိတဒါန-ဟုခေါ်၏)၊

(၆၇) ရံဖန်ရံခါ စေတနာသဒ္ဓါတရားမရှိဘဲ လူကဲ့ရဲ့မည်စိုး၍ ပေးလှူသောဒါန (လောကာဓိပတေယျဒါန-ဟုခေါ်၏)၊

(၆၈) ရံဖန်ရံခါ စေတနာသဒ္ဓါတရားမရှိဘဲ မိမိဂုဏ်ပျက်မည်စိုး၍ ပေးလှူမှလျော်မည်ဟု မိမိဂုဏ်ကိုငဲ့ကွက် ပေးလှူသောဒါန (အတ္တာဓိပတေယျဒါန-ဟုခေါ်၏)၊

(၆၉) သူတော်ကောင်းတရားကို အလေးပြုဂရု၍ ပေးလှူသောဒါန (ဓမ္မာဓိပတေယျ ဒါန-ဟုခေါ်၏)၊

(၇၀) အဆွေခင်ပွန်းအား ပြုစုသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင် စားသောက်သည့်အတိုင်း တစ်တန်းတစားတည်း လှူဒါန်းခြင်းဒါန (ဒါနသဟာယ-ဟုခေါ်၏)၊

(၇၁) အရှင်သခင်အား ပေးလှူသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင် စားသောက်သည်ထက် မြင့်မြတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဒါန (ဒါနသာမိ-ဟုခေါ်၏)၊

(၇၂) အလှူခံပုဂ္ဂိုလ်အား မိမိသုံးဆောင် စားသောက်သည်အောက် ညံ့သော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းဒါန၊ -ကျွန်ကို ပေးလှူသည်နှင့်တူသောဒါန (ဒါနဒါသ-ဟုခေါ်၏)

## အခန်း(၂)

# ကြီးပွားချမ်းသာ မင်္ဂလာတရားတော်များ

**မင်္ဂလသုတ်အပျိုး**

မြတ်စွာဘုရားသည် မင်္ဂလသုတ္တန်တရားတော်ကို မဟောမီ ၁၂-နှစ် ကာလကပင် ကြီးပွားချမ်းသာရေး(မင်္ဂလာတရား)များ ပေါ်လာလိမ့်မည်ဟု လောက၌ ကောလာဟလ ကြီးတင် ဖြစ်ပေါ်နေနှင့်သည်။

ထိုကောလာဟလအရ ကြီးပွားချမ်းသာရေး(မင်္ဂလာ)တရားကို အမျိုးမျိုး အဓိပ္ပါယ်ဖော်ဆောင်ကြသည်။ အချို့က ကောင်းသောအဆင်းကို မြင်ရလျှင် ကြီးပွားကြောင်း (ဒိဋ္ဌမင်္ဂလာ) ဖြစ်သည်။ အချို့က ကောင်းသောအသံကို ကြားရလျှင် ကြီးပွားကြောင်း (သုတမင်္ဂလာ) ဖြစ်သည်။ အချို့က ကောင်းသောအနံ့အရသာ အတွေ့ခံစားရလျှင် ကြီးပွားကြောင်း (မုတမင်္ဂလာ) ဖြစ်သည်ဟု အယူရှိကာ ပြောဆိုနေကြသည်။

ဤသို့ မင်္ဂလာနှင့်စပ်၍ လူတို့သုံးအုပ်စု ကွဲပြားကာ အငြင်းပွားကြကုန်၏။ လူတို့မှတဆင့် ကိုယ်စောင့်နတ်များ မှ စ၍ ဗြဟ္မာ့ပြည်တိုင်အောင် ငြင်းခုံကြသည်။ သို့သော် တိကျသောအဖြေကို မရကြပေ။ နောက်ဆုံးတွင် နတ်သား တစ်ယောက် သည် မြတ်စွာဘုရားသခင်ထံ ရောက်ရှိလာပြီး ကြီးပွားချမ်းသာကြောင်း မင်္ဂလာ တရားတော်ကို ဟောကြား တော်မူပါရန် တောင်းပန်သဖြင့် ဤမင်္ဂလသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားသခင်သည် ၃၈-မျိုးသော ကြီးပွား

ချမ်းသာရေးတရားတော်များကို ဟောတော်မူ၏။ ဤကြီးပွားချမ်းသာရေး တရားတော်များ၌ ခြုံ၍ သုံးသပ်ကြည့်လျှင် ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်း ဆက်ဆံရေး၊ ကျန်းမာရေးစသော အမျိုးဘာသာ သာသနာရေးကိစ္စအားလုံး ပါဝင်လေသည်။

ထို့ကြောင့် ဤ ၃၈-ဖြာ ကြီးပွားချမ်းသာရေး မင်္ဂလာတရားတို့သည် လူမျိုးဘာသာမရွေး ကြီးပွားချမ်းသာ လိုသူတိုင်း လိုက်နာကျင့်သုံးထိုက်သော နည်းလမ်းများဖြစ်ပေသည်။

## မင်္ဂလာတစ်ပါးစီ၏ အဓိပ္ပါယ်အကျဉ်း

(၁) **အသေဝနာ စ ဗာလာနံ** = လူမိုက်တို့ကို မဆည်းကပ်ရခြင်းဆိုရာ၌ မိမိ သူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားပျက်စီးအောင် ကြံစည်ပြောဆို ပြုမူ တတ်သောသူကို "လူမိုက်"ဟု ခေါ်သည်။ ထိုလူမိုက်နှင့် မပေါင်း သင်းခြင်းသည် မင်္ဂလာမည်၏။

(၂) **ပဏ္ဍိတာနဉ္စ သေဝနာ** = ပညာရှိလူလိမ္မာတို့ကို မှီဝဲဆည်းကပ်ရခြင်း ဆိုရာ၌ မိမိသူတပါး နှစ်ဦးသားတို့ အကျိုးစီးပွား ဖြစ်ထွန်းအောင် ကြံစည် ပြောဆို ပြုမူတတ်သော သူကို "ပညာရှိ လူလိမ္မာ"ဟု ခေါ်၏။ ထိုသူတို့နှင့် မှီဝဲဆည်းကပ်ခြင်းသည် မင်္ဂလာမည်၏။

(၃) **ပူဇာ စ ပူဇနေယျာနံ** = ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းဆိုရာ၌ ပူဇော်ထိုက်သော ရတနာသုံးပါး မိဘဆရာနှင့် မိမိထက်အသက်ဂုဏ်သိက္ခာ ကြီးသူများသည် ပူဇော်ထိုက်သူများ ဖြစ်ပါသည်။ ပူဇော်ခြင်းသည် အာမိသပူဇာ-ပစ္စည်းဝတ္ထုတို့ဖြင့်ပူဇော်ခြင်း၊ ဓမ္မပူဇာ-ကိုယ်ကျင့်တရားဖြင့် ပူဇော်ခြင်းဟု နှစ်မျိုး ရှိသည်။ ဤနှစ်မျိုးဖြင့် ပူဇော်ခြင်းသည် မင်္ဂလာမည်၏။

(၄) **ပတိရူပဒေသဝါသော စ** = သင့်တင့်လျောက်ပတ်သော အရပ်၌နေခြင်း ဆိုရာ၌ ကုသိုလ် ပညာ ဥစ္စာ ရရာအရပ်သည် သင့်လျော်သောအရပ်၊ နေသင့်သော အရပ်မည်၏။ ထိုအရပ်ဒေသမျိုး၌ နေထိုင်ခြင်းသည် မင်္ဂလာ မည်၏။

(၅) **ပုဗ္ဗေ စ ကတပုညတာ** = ရှေးရှေးဘဝ ရှေးရှေးကာလက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်းသည် မင်္ဂလာမည်၏။

(၆) **အတ္တသမ္မာပဏိဓိ စ** = မိမိကိုယ်စိတ်ကို ကောင်းစွာထိန်းသိမ်းခြင်း ဆိုရာ၌ ဆင်ယင်ထုံးဖွဲ့မှု စသော ကိုယ်အမူအရာနှင့် စိတ်နေ သဘောထား များကို ယဉ်ကျေးသိမ်မွေ့အောင် ပြုလုပ် နေထိုင်ခြင်းသည် မိမိကိုယ်စိတ်ကို ကောင်းစွာထိန်းသိမ်းခြင်းမည်၏။

(၇) **ဗာဟု သစ္စဉ္စ** = ကြီးပွားချမ်းသာကြောင်းဖြစ်သော လောကီလောကုတ္တရာ အကြားအမြင် ဗဟုသုတများခြင်းသည် ဗာဟုသစ္စမင်္ဂလာမည်၏။

(၈) **သိပ္ပဉ္စ** = စက်မှုလက်မှု အတတ်ကို တတ်ရခြင်းဆိုရာ၌ စက်မှုလက်မှု အတတ်ဆိုသည်မှာ လူအများ ကောင်းကျိုးချမ်းသာကို ဖြစ်စေသော စက်မှု အတတ်ပညာရပ်များ၊ လက်မှုအတတ်ပညာရပ်များ ဖြစ်သည်။ ထိုပညာ ရပ်များကို တတ်မြောက်ခြင်းသည် မင်္ဂလာမည်၏။

(၉) **ဝိနယော စ သုသိက္ခိတော** = ကျင့်ဝတ်စည်းကမ်းများကို သင်ယူ လိုက်နာခြင်းဆိုရာ၌ ကျင့်ဝတ် စည်းကမ်းများ ဆိုသည်မှာ ကိုယ် နှုတ် နှလုံး သုံးပါးလုံး ယဉ်ကျေးသိမ်မွေ့အောင် သတ်မှတ်ထားသော ရဟန်း ကျင့်ဝတ်၊ လူ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ သားသမီး ကျင့်ဝတ်၊ မိဘကျင့်ဝတ် စသည်တို့ ဖြစ်သည်။ ထိုကျင့်ဝတ်စည်းကမ်းများကို သင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် မင်္ဂလာမည်၏။

(၁၀) **သုဘာသိတာ စ ယာ ဝါစာ** = ကောင်းသောစကားကို ပြောဆို တတ်ခြင်း ဆိုရာ၌ ကောင်းသောစကား ဆိုသည်မှာ မှန်ကန်သောစကား၊ နူးညံ့သောစကား၊ ချိုသာသောစကား၊ ကုန်းမတိုက်သောစကား၊ သူများအကျိုးရှိသောစကား၊ ထိုစကားများကို ပြောဆိုခြင်းသည် မင်္ဂလာ မည်၏။

(၁၁) **မာတာပိတု ဥပဋ္ဌာနံ** = မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း ဆိုသည်မှာ မိဘတို့အား စားဝတ်နေရေးတို့၌ ချမ်းသာအောင် ဆောင်ရွက်ပေးခြင်း၊

အချိန်အခါ ရာသီအလိုက် ဝတ်ကြီး၊ဝတ်ငယ် ပြုလုပ်ပေးခြင်း၊ ခြေဆုပ်လက်နယ် ပြုလုပ်ပေးခြင်း စသည်ဖြင့် မိဘနှစ်ပါး သက်ရှည်ချမ်းသာအောင် ပြုလုပ် ပေးခြင်းတို့ဖြစ်သည်။ ထိုသို့ ပြုစုလုပ်ကျွေးခြင်းသည် မင်္ဂလာမည်၏။

(၁၂) **ပုတ္တဒါရဿ သင်္ဂဟော** = သားသမီး ဇနီးမယားတို့ကို ချီးမြှင့် ထောက်ပံ့ခြင်း ဆိုသည်မှာ သားသမီးတို့ကို မိဘဝတ်တရားငါးပါးနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ ဇနီးမယားတို့ကို လင့်ကျင့်ဝတ်တရား ငါးပါးနှင့် အညီ ထောက်ပံ့ချီးမြှင့်ခြင်း ဖြစ်သည်။ ထိုသို့ထောက်ပံ့ချီးမြှင့်ခြင်းသည် မင်္ဂလာမည်၏။

(၁၃) **အနာကုလာ စ ကမ္မန္တာ** = သူတပါးကို မထိခိုက်သောအလုပ် ဆိုသည်မှာ သူတပါးအကျိုးစီးပွားကို မထိခိုက်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ဖြစ်သည်။ ထိုလုပ်ငန်းတို့ကို အချိန်အခါအမြဲအခါခနေ အားလျော်စွာ တရားသဖြင့်ပြုလုပ် ဆောင်ရွက်ခြင်းသည် မင်္ဂလာမည်၏။

(၁၄) **ဒါနဉ္စ** = လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းသည် မင်္ဂလာမည်၏။

(၁၅) **ဓမ္မစရိယာ စ** = သုစရိုက်တရားဆယ်ပါးကို လိုက်နာပြုကျင့်ခြင်းသည် မင်္ဂလာမည်၏။

(၁၆) **ဉာတကာနဉ္စ သင်္ဂဟော** = ဆွေမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်းဆိုရာ၌ ချီးမြှင့်၊ထောက်ပံ့ခြင်းဟူသည် ပေးကမ်းခြင်း၊ ချစ်ဖွယ်စကားကိုဆိုခြင်း၊ အကျိုးရှိအောင် လုပ်ပေးခြင်း၊ ကိုယ်နှင့်ထပ်တူ ပြုစုဆောင်ရွက် ပေးခြင်းတို့ဖြစ်သည်။ ဤသင်္ဂဟတရား လေးပါးနှင့်အညီ အမိဘက် အဖဘက်မှ ဆွေမျိုးသားချင်းများကို ထောက်ပံ့ခြင်းသည် မင်္ဂလာမည်၏။

(၁၇) **အနဝဇ္ဇာနိ ကမ္မာနိ** = အပြစ်ကင်းသောအလုပ်၊ အများအကျိုးပြု အလုပ်တို့ကို လုပ်ဆောင်ခြင်းဆိုသည်မှာ ဥပုသ်သီလ စောင့်ခြင်းစသော မိမိအကျိုးနှင့် ရပ်ကျိုး၊ ရွာကျိုး၊ တိုင်းကျိုး၊ ပြည်ကျိုး၊ အမျိုးဘာသာ သာသနာကျိုး စသော သူတပါးအကျိုးတို့ကို ပြုလုပ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ထိုသို့ ပြုလုပ်ဆောင်ရွက်ခြင်းသည် မင်္ဂလာမည်၏။

(၁၈) **အာရတိ (ပါပါ)** = မကောင်းမှုတို့ကို ကြိုတင်ဆုံးဖြတ်၍ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

(၁၉) **ဝိရတိ ပါပါ** = ကျူးလွန်ခွင့် ကြုံပါလျက် မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်း ဆိုရာ၌ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း၊ လိမ်ညာပြောဆိုခြင်းဟူသော ဤလေးမျိုးကို ပါပ ဟုခေါ်သည်။ ထိုကဲ့သို့သော မကောင်းမှု "ပါပ"မှ ကြိုတင်သီလ ဆောက်တည်ထားခြင်းအားဖြင့် ရှောင်ကြဉ်ခြင်းသည် အာရတိ (ပါပါ)မည်၏။ ကျူးလွန်ခွင့် ကြုံပါလျက် မကျူးလွန်ဘဲ ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်းသည် ဝိရတိ (ပါပါ) မည်၏။ ထိုရှောင်ကြဉ်ခြင်းနှစ်မျိုးဖြင့် ရှောင်ကြဉ်ခြင်းသည် မင်္ဂလာ မည်၏။

(၂၀) **မဇ္ဇပါနာ စ သံယမော** = အရက်သေစာ၊ မူးယစ်ဆေးဝါး၊ သောက်စား သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း ဆိုရာ၌ မူးယစ်ဆေးဝါးဆိုသည်မှာ ဘိန်း ဘင်း ကစော် လော်စာ အရက် ဘိန်းဖြူ ဖင်စိဒိုင်း စသော မူးယစ် မေ့လျော့စေတတ်သည့် ဆေးဝါးပစ္စည်းမျိုးတို့ ဖြစ်သည်။ ထိုမူးယစ် ဆေးဝါးများကို သောက်စားခြင်း၊ နည်းမျိုးစုံဖြင့် သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း သည် မင်္ဂလာမည်၏။

(၂၁) **အပ္ပမာဒေါ စ ဓမ္မေသု** = ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်းဆိုရာ၌ ကုသိုလ်တရား ဆိုသည်မှာ ဒါန သီလ ဘာဝနာ အလုပ်များနှင့်၊ လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းမှုလုပ်ငန်းတို့ဖြစ်သည်။ ထိုလုပ်ငန်းတို့ကို ပြုလုပ်ဆောင်ရွက်ရန် အစဉ် သတိရှိနေခြင်းသည် မင်္ဂလာမည်၏။

(၂၂) **ဂါရဝေါ စ** = ရိုသေထိုက်သူတို့ကို ရိုသေခြင်း ဟူသည်မှာ လေးလေးစားစား အမြတ်တနိုး ပြုမူ ဆောင်ရွက်ခြင်း၊ ဂရုစိုက်ခြင်းတည်း။ လေးစားထိုက် ရိုသေထိုက်သူများမှာ ရဟန်းသံဃာများ၊ ဆရာ၊ မိဘ၊ ဘိုးဘွား၊ ဘကြီး၊ ဘထွေး၊ အဒေါ်၊ အရီး၊ အစ်ကို၊ အစ်မတို့နှင့် မိမိထက် အသက် ဂုဏ် သိက္ခာကြီးသူများတည်း။ ထိုသူများကို လမ်းရှောင်ပေးခြင်း၊ ကား ရထားသည်တို့၌ မိမိနေရာကို ဖယ်ပေးခြင်း၊ ထိုသူတို့အနီးမှ ဖြတ်သွားလျှင်

ခပ်ယို့ယို့ ကုန်း၍သွားခြင်း၊ လက်နှစ်ဖက်ဖြင့် လေးလေးစားစားပေးခြင်း၊ ယူခြင်း၊ ထိုသူတို့၏ အထက်အမြင့်နေရာ၌ မထိုင်ခြင်းသည် ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်းဖြစ်သည်။ ထိုသို့ ရိုသေလေးစားခြင်းသည် မင်္ဂလာမည်၏။

(၂၃) **နိဝါတော စ** = မာန်မာနမရှိရခြင်း ဆိုသည်မှာ ရိုသေလေးစားသော အမူအရာ ရှိရုံမျှသာ မဟုတ်သေးဘဲ မိမိ ကိုယ် နှုတ် စိတ် သုံးပါးလုံးကို နှိမ့်ချထားခြင်းဖြစ်သည်။ ထိုသို့ နှိမ့်ချထားခြင်းသည် မင်္ဂလာမည်၏။

(၂၄) **သန္တုဋ္ဌီစ** = နှစ်သိမ့်ရောင့်ရဲခြင်း ဆိုသည်မှာ တိုးတက်ကြီးပွားရေးအတွက် အစွမ်းကုန် တရားသဖြင့် ရှာဖွေကြိုးပမ်း လုပ်ကိုင်ရမည်ပင် ဖြစ်သော်လည်း ရသမျှ၊ အခြေအနေပေးသမျှနှင့် ရောင့်ရဲကျေနပ်နိုင်ခြင်း ဖြစ်သည်။ ထိုသို့ ရောင့်ရဲ ကျေနပ်နိုင်ခြင်းသည် မင်္ဂလာမည်၏။

(၂၅) **ကတညုတာ စ** = သူပြုဖူးသော ကျေးဇူးကိုသိခြင်း ဆိုသည်မှာ သူပြုဖူးသော ကျေးဇူးကို အသိအမှတ် ပြုရုံသာမဟုတ်ဘဲ မိမိအပေါ်၌ သူတပါးပြုဖူးသော ကျေးဇူးကိုသိ၍ ပြန်လည်ပေးဆပ်ခြင်းဖြစ်သည်။ ထိုသို့ ပြန်လည်ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာမည်၏။

(၂၆) **ကာလေန ဓမ္မဿဝနံ** = အခါအားလျော်စွာ တရားနာယူရခြင်း ဆိုသည်မှာ လောကီ လောကုတ္တရာ ကြီးပွားကြောင်းလမ်းညွှန်တရားများကို နားထောင်ခြင်း၊ နာယူခြင်းဖြစ်သည်။ ထိုသို့နားထောင် နာယူခြင်းသည် မင်္ဂလာမည်၏။

(၂၇) **ခန္တီ စ** = သည်းခံခွင့်လွှတ်ခြင်း ဆိုသည်မှာ သူတပါးတို့၏ ဆဲဆို ရိုင်းပြစွာ ဆက်ဆံမှုကို စိတ်ထဲတွင် အခဲမကျေ လက်စားချေရန်ဖြစ်မနေဘဲ သည်းခံခွင့်လွှတ်ခြင်းဖြစ်သည်။ ထိုသို့ သည်းခံခွင့်လွှတ်ခြင်းသည် မင်္ဂလာမည်၏။

(၂၈) **သောဝစဿတာ** = ဆုံးမစကားကို နားထောင်လွယ်သူဖြစ်ခြင်း ဆိုသည်မှာ ဆရာ မိဘ တတ်သိနားလည် သူတို့က မိမိအကျိုးရှိအောင် ပြောဆို

ဆုံးမလျှင် မငြင်းဆန်ဘဲ နာယူလွယ်ခြင်းဖြစ်သည်။ ထိုသို့ နာယူလွယ်ခြင်းသည် မင်္ဂလာမည်၏။

(၂၉) **သမဏာနဉ္စ ဒဿနံ** = ရဟန်းသံဃာတော်များကို ဖူးမြော်ရခြင်းဆိုရာ၌ ရဟန်းသံဃာတော်တို့ကို ရှိခိုးပူဇော် လှူဒါန်းခွင့်မရသည့်တိုင်အောင် ဖူးမြင်ရရုံကလေးမျှနှင့်ပင် စိတ်ချမ်းသာမှု၊ စိတ်ကြည်နူးမှု၊ ရောဂါဝေဒနာများ ပျောက်ကင်းမှု၊ ဘေးအန္တရာယ်များ ကင်းပျောက်မှု၊ ကုသိုလ်တရား ပွားများမှု စသော အကျိုးများကို ဖြစ်စေနိုင်ပေသည်။

(၃၀) **ကာလေန ဓမ္မသာကစ္ဆာ** = အခါအားလျော်စွာ တရားဆွေးနွေးရခြင်းဆိုရာ၌ လောကီ လောကုတ္တရာ နှစ်ဖြာသော လမ်းညွှန်တရားများကို အချင်းချင်းပြောဆိုဆွေးနွေးခြင်းဖြင့် မိမိမသိသေးသည်ကို သိရခြင်း၊ သိပြီးသဘောတရားများကို ခိုင်မြဲခြင်း၊ အယူအမြင် ဖြောင့်မှန်ခြင်း၊ ယုံမှားသံသယ ပျောက်ကင်းခြင်း၊ စိတ်ကြည်လင်ခြင်း အကျိုးများကို ရရှိနိုင်သောကြောင့် အခါအားလျော်စွာ တရားဆွေးနွေးခြင်းသည် မင်္ဂလာမည်၏။

(၃၁) **တပေါ စ** = အကုသိုလ်စိတ်များမဝင်အောင် ခြိုးခြံထက်သန်စွာ ကျင့်ရခြင်းသည် မင်္ဂလာမည်၏။

(၃၂) ဗြဟ္မစရိယဉ္စ = မဂ် ဖိုလ်ရအောင် မြတ်သောအကျင့်ကို ကျင့်ရခြင်းဆိုသည်မှာ မဂ် ဖိုလ်ရအောင် သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသန ဗြဟ္မစရိယ အကျင့်ကို ကျင့်ခြင်း၊ မဂ်ဖိုလ်ရရန် သမထ ဝိပဿနာ အကျင့်ကို ကျင့်ခြင်းဖြစ်သည်။ ထိုသို့ ကျင့်ခြင်းသည် မင်္ဂလာမည်၏။

(၃၃) **အရိယသစ္စာနဒဿနံ** = သစ္စာလေးပါးတို့ကို သိခြင်းဆိုရာ၌ သစ္စာလေးပါးဟူသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ဖြစ်သည်။ ထိုအမှန်တရား အရိယသစ္စာများကို သိခြင်းသည် မင်္ဂလာမည်၏။

(၃၄) **နိဗ္ဗာန သစ္ဆိကိရိယာ စ** = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဆိုရာ၌ ရဟန္တာဖြစ်ရခြင်းသည် နိဗ္ဗာန်ကို အထွတ်အထိပ် မျက်မှောက်ပြုသည်မည်၏။

ထိုသို့ မျက်မှောက်ပြုရခြင်းသည်ပင်လျှင် ယခုလက်ရှိဘဝ၌ နိဗ္ဗာန်ချမ်းသာကို ရရှိခံစားရသဖြင့် မင်္ဂလာမည်၏။

(၃၅) **ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ** = လောကဓံနှင့် ကြုံသောအခါ စိတ်ဓါတ် မတုန်လှုပ်ခြင်း ဆိုရာ၌ လောကဓံဟူသည် လာဘော - ဥစ္စာပစ္စည်းရခြင်း၊ အလာဘော - ဥစ္စာပစ္စည်း မရခြင်း၊ ယသော - အခြွေအရံ ပေါခြင်း၊ အယသော - အခြွေအရံ မရှိခြင်း၊ နိန္ဒာ - ကဲ့ရဲ့ခံရခြင်း၊ ပသံသာ -ချီးမွမ်းခံရခြင်း၊ သုခံ - ချမ်းသာခြင်း၊ ဒုက္ခံ - ဆင်းရဲခြင်းတို့ဖြစ်သည်။ ဤတရားရှစ်ပါးကို လောက၌ နေသူ မှန်လျှင် မကင်းနိုင်သောကြောင့် လောကဓံ ဟု ခေါ်သည်။

ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် လောကဓံရှစ်ပါးနှင့် တွေ့ကြုံ ဆုံစည်းသော အခါ၌ တုန်လှုပ်မှု မရှိပေ၊ လောကသဘာဝကို ကြံ့ကြံ့ခံနိုင်၏။ ထိုသို့ လောကဓံနှင့် ကြုံလျှင် မတုန်လှုပ်ခြင်းသည် မင်္ဂလာမည်၏။

(၃၆) **အသောကံ** = ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် စိုးရိမ်မှု၊ ကြောင့်ကြမှု မရှိသောကြောင့် မင်္ဂလာမည်၏။

(၃၇) **ဝိရဇံ** = ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် တပ်မက် တွယ်တာမှု ရာဂ ဒေါသ မောဟ မြူမှုန်ကင်းသဖြင့် မင်္ဂလာမည်၏။

(၃၈) **ခေမံ** = ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ကိလေသာရန် ဟူသမျှ ကင်းဝေးသည်ဖြစ်၍ မင်္ဂလာမည်၏။

ဤဆိုခဲ့ပြီးသော (၃၈)ဖြာ မင်္ဂလာတရားတို့ကို ပြုကျင့် လိုက်နာသူတို့သည် အရာရာ ရန်ဟူသမျှတို့ကို အရှုံးမရှိ အနိုင်ရ၍ မည်သည့်အရပ်မှာမဆို ချမ်းသာ အမျိုးမျိုးကို ရရှိနိုင်ကုန်၏။ ထိုတရား (၃၈)ပါးသည် လိုက်နာကျင့်ကြံသူတို့အတွက် ကြီးပွားချမ်းသာကြောင်း ဖြစ်သောကြောင့် မင်္ဂလာတရားဖြစ်ပါပေ၏။

# မင်္ဂလာနှင့်စပ် သိမှတ်ဖွယ်ရာဇာတ်တော်များ

## ၁။ အသေဝနာစ ဗာလာနံ = လူမိုက်ကို မပေါင်းသင်း မဆည်းကပ်ခြင်း

### အတောင်ကျိုးသည့် ကြိုးကြာငှက်

ရှေးအခါက ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသည့် မဟာဓန သူဌေးကြီး တစ်ဦးတွင် သားတစ်ယောက်ရှိခဲ့လေသည်။ ထိုသားသည် အသက်မွေးဝမ်းကျောင်းတွင် အတတ်ပညာ တစ်စုံတစ်ရာမသင်ယူဘဲ ပျော်ပျော်ပါးပါး နေလေသည်။

ထိုဗာရာဏသီပြည်၌ပင် တစ်ခြားသူဌေးကြီးတစ်ယောက်၌ သမီး တစ်ယောက် ရှိခဲ့လေ သည်။ ထိုသူဌေးသမီးသည်လည်း အတတ်ပညာသင်ယူမှုမပြုဘဲ အဆိုအက များဖြင့်သာ ပျော်သလို နေခဲ့လေသည်။

အရွယ်ရောက်လာသော သူဌေးသားနှင့် သူဌေးသမီးတို့ကို မိဘများက ထိမ်းမြား လက်ထပ်ပေးခဲ့ကြလေသည်။ ရှေ့သွားနောက်လိုက်ညီညွတ်လှသော ဇနီးမောင်နှံသည် စီးပွား ရေးကိစ္စများကို စိတ်မဝင်စားဘဲ စားသောက်ပျော်ပါးခြင်းဖြင့် အချိန်ကုန်၍ နေခဲ့လေသည်။

ယင်းသို့နေကြစဉ် မိဘများကွယ်လွန်ခဲ့ကြလေ၏။ မိဘများ ထိန်းကွပ်မှု မရှိကြတော့သဖြင့် ဇနီးမောင်နှံတို့သည် ရှိသမျှပစ္စည်းဥစ္စာများကို ထင်သလိုသုံးဖြုန်း နေခဲ့ကြသည်။

ထိုအခါ ဗာရာဏသီမြို့ပေါ်၌ လှည့်လည်စားသောက် နေသော သေသောက်ကြူး တစ်စုတို့သည် သူဌေးသားကိုမြင်လျှင် "ဒီသူဌေးသားနှင့် ပေါင်းဖော်မိပါက တို့ပါထင်သလို သုံးဖြုန်း စားသောက်နိုင်မှာပဲ"ဟု စဉ်းစားမိကြ၏။ ထို့နောက် သူဌေးသားအား အစမ်းသောက် ကြည့်ရန် ဆွဲဆောင်သိမ်းသွင်းလေ၏။ ထိုမှ သူသည် တစ်စတစ်စ သေအရက်စွဲလာပြီး သေသောက်ကြူးများနှင့် ပေါင်းဖော်မိလေတော့သည်။

သူဌေးသားသည် သေသောက်ကြူးများကို နေ့စဉ်မပြတ် အိမ်သို့ဖိတ်၍ သေသောက် ပွဲကြီးကို ကျင်းပလေသည်။ နေ့စဉ်စားသောက်စရိတ်များသည် တစ်စထက်တစ်စ များလာသောအခါ သူဌေးအိမ်မှ ဥစ္စာပစ္စည်းများ လျော့ပါးလာလေတော့သည်။ ရက်လ ကြာလာသော အခါ ပစ္စည်းဥစ္စာများ မကျန်သလောက်ဖြစ်သွားသည်။ ကျန်ဥစ္စာ ပစ္စည်းများကို ရောင်းချ၍ သုံးဖြုန်းပြန်ရာ နောက်ဆုံး၌ နေအိမ်ကိုပင် ရောင်းရလေတော့သည်။ အိုးမဲ့၊ အိမ်မဲ့ဖြစ်သွား သော ဇနီးမောင်နှံအား သေသောက်ကြူးတို့သည် အနားသို့ပင် မလာကြ တော့ချေ။ နေစရာ၊ စားစရာမဲ့သော သူဌေးလင်မယားမှာ လမ်းဘေးဇရပ်တစ်ခု၌ ခိုကပ် နေထိုင်ရင်းခွက်လက်စွဲကာ တောင်းရမ်း စားသောက်ရသောဘဝသို့ ရောက်ခဲ့သည်။

တစ်နေ့သ၌ မယားဖြစ်သူနေမကောင်းသဖြင့် တစ်ယောက်တည်းလှည့်လည် တောင်းရမ်းနေရသော သူဌေးသားသည် ရဟန်းများ ဆွမ်းဘုဉ်း ပေးသောဇရပ်သို့ ရောက်လေသည်။ ထိုအခိုက် မှာပင် ဗုဒ္ဓမြတ်စွာကြွရောက်လာပြီး ဆွမ်းကျန် ဟင်းကျန်များကို မျှော်နေသော ထိုသူဌေးသား ကို မြင်တော်မူလျှင် မသိမသာ ပြုံးတော်မူခဲ့သည်။ အရှင်အာနန္ဒာက အကြောင်းကို မေး လျှောက်သောအခါ ဤသို့ မိန့်ကြားတော်မူလေ၏။

"အာနန္ဒာ.. ဤကုဋေရှစ်ဆယ်ကြွယ်ဝသောသူဌေးသားသည် ခွက်လက်စွဲ၍ တောင်းစား နေရရှာ၏။ သူသည် အမွေအနှစ်များကို ဖြုန်းတီးမပစ်ဘဲ ပထမ အရွယ်ကပင် စီးပွားရေးကို လုပ်ဆောင်ပါက ဤမြို့၌ ပထမတန်းစားသူဌေးကြီး ဖြစ်နိုင်၏။ လူ့ဘောင်၌ မပျော်မွေ့၍ ရဟန်းပြုမည်ဆိုလျှင် ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။ ဒုတိယအရွယ်၊ တတိယအရွယ်တို့၌ စီးပွားရေးကို လုပ်ဆောင် ပါကလည်း ဒုတိယတန်းစား၊ တတိယတန်းစား သူဌေးကြီးဖြစ်နိုင်သေး၏။

ရဟာန်းပြုမည်ဆိုပါကလည်း သကဒါဂါမ်၊ အနာဂါမ်အဆင့်အထိရောက်နိုင်၏။ ယခုမူ ဤသူဌေးသားသည် မိဘအမွေအနှစ်များကို အကျိုးမဲ့ဖြုန်းတီးပစ်ခဲ့သောကြောင့် လူ့စည်းစိမ်၊ ရဟန်းစည်းစိမ်တို့မှ ဆုံးရှုံးလျက် အတောင်ကျိုးသော ကြိုးကြာငှက်ကဲ့သို့ ဖြစ်ရာ လေပြီ"

ထို့နောက် ခိုကိုးရာမဲ့ဖြစ်သော ဇနီးမောင်နှံတို့တွင် မယားဖြစ်သူမှာ အစားဆင်းရဲ၊ အနေဆင်းရဲခြင်းဒုက္ခကြောင့် မကြာမီ ကွယ်လွန် သွားလေတော့သည်။ တစ်ယောက်တည်း ကျန်ရစ်သော သူဌေးသားသည် စိတ်လက်မချမ်းမြေ့စွာဖြင့် ဗာရာဏသီပြည်မှ ခြေဦးတည့်ရာသို့ ထွက်ခွာသွားလေတော့သည်။

**(ဓမ္မပဒ၊ မဟာဓနသေဋ္ဌိပုတ္တဝတ္ထု)**

❖ ❖ ❖

## ၂။ ပဏ္ဍိတာစရိယ သေဝနာ= ပညာရှိကို ပေါင်းသင်း ဆည်းကပ်ခြင်း

**ခေါင်းဆောင်နှစ်ဦး**

တစ်ရံရောအခါ ဗာရာဏသီပြည်အနီး လက်သမားတစ်ထောင် နေထိုင်သော ရွာကြီးတစ်ရွာ ရှိခဲ့လေသည်။ သူတို့သည် ထိုရွာတွင်နေထိုင်လာခဲ့ရာမှ လုပ်ငန်းများ မအောင်မြင်ဘဲ ကြွေးမြီများထူလာကြသည်။ သို့ဖြင့် ထိုရွာမှထွက်ခွာ၍ နယ်ပယ်သစ်ရှာရန် ရေယာဉ်ကြီးတစ်စင်း ပြုလုပ်ကာ မိသားစုများကိုပါ တင်ဆောင်၍ ထွက်ခွာလာခဲ့ကြသည်။

သမုဒ္ဒရာအလယ်သို့ရောက်သော် ဆန်ရေစပါးနှင့် သီးနှံမျိုးစုံ ပေါများသော ကျွန်းငယ် တစ်ခုကို တွေ့ရှိကြသည်။ ထိုကျွန်းတွင် သင်္ဘောပျက်သဖြင့် ရောက်ရှိ နေထိုင်နေသော ယောကျ်ားတစ်ယောက်ကို သူတို့တွေ့သည်။ ထိုသူက "အဆွေတို့ ဤကျွန်းတွင် အစားအစာ ပေါများသည်။ ဘေးအန္တရာယ်လည်းမရှိ၊ သို့သော် ဤကျွန်းကို စောင့်သော နတ်တို့သည် လူသားတို့၏ကျင်ကြီး ကျင်ငယ်တို့ကို စက်ဆုပ်ကြသည်။ ဤကျွန်းတွင်နေလိုပါက ကျင်ကြီး၊ ကျင်ငယ်များကို သဲများယက်၍ တွင်းပြုပြီးမှစွန့်ပါ။ ထို့နောက် သဲဖြင့် ပြန်၍ဖုံးအုပ်ပါ"ဟူ၍ သတိပေး၏။

လက်သမားတို့သည် ထိုကျွန်းမှာပင် အခြေချနေထိုင်ရန် ဆုံးဖြတ်လိုက်ကြသည်။ တစ်ထောင်ရှိသော ထိုလက်သမားတို့ တွင် လက်သမားငါးရာကို ပညာရှိသောခေါင်းဆောင် က အုပ်ချုပ်၍ ကျန်ငါးရာကို ပညာမဲ့သောခေါင်းဆောင်က အုပ်ချုပ်သည်။

ကျွန်းပေါ်တွင် အခြေချနေလာရာမှ ပညာမဲ့ခေါင်းဆောင် နှင့်အဖွဲ့သားများသည် ကြံရည်ကိုသေအရက်ပြု၍ သောက်စားပြီး သီဆိုကခုန်ကြသည်။ အညစ်အကြေးတို့ကို ထင်သလိုစွန့်ကြ၏။ ထိုအခါ ကျွန်းစောင့်နတ်တို့သည် လွန်စွာအမျက်ထွက်၍ "၁၅-ရက်လွန် မြောက်လျှင် သမုဒ္ဒရာရေကိုတက်စေ၍ ကျွန်းဆေးအံ့။ လူအများကို သေစေအံ့"ဟု စီစဉ်ကြသည်။ ထိုနတ်တို့တွင် ကြင်နာတတ်သော နတ်တစ်ပါးက လူတို့မပျက်စီးစေလို၍ ကျွန်းနေ လက်သမားများထံ ဘေးဖြစ်မည့်အကြောင်းစုံ ကိုပြော၍ ၁၅-ရက်မတိုင်မီ ထွက်ပြေးကြရန် နှိုးဆော်သည်။ ရက်စက်သော နတ်တစ်ပါးကမူ လက်သမားတို့အား "ပထမနတ်သည် သင်တို့ကို မလို၍ ပြောဆိုခြင်းဖြစ်သည်။ ဤကျွန်းတွင် ဘေးတစ်စုံတစ်ရာမရှိပါ။ ထို့ကြောင့် နေမြဲတိုင်းသာနေကြပါ"ဟုပြောဆိုပြန်၏။

ဤတွင် ပညာရှိသူက စဉ်းစားချင့်ချိန်ပြီး "အဆွေတို့၊ လှေတို့ကို အသင့်ပြုထားမှသင့်မည်။ ပထမနတ်၏ စကားမှန်သော် ရေတက်လျှင် လှေဖြင့်ထွက်မည်။ ဒုတိယနတ်၏ စကားမှန်ပါက လှေကို သင့်ရာ၌ထား၍ ဆက်လက်နေကြမည်"ဟု ဆိုလေ၏။ ထိုစကားကို ပညာမဲ့သောခေါင်းဆောင်က လက်မခံ၊ "အဆွေ၊ သင်သည် အလုပ်ပို လုပ်လိုသူ ဖြစ်သည်။ ပထမနတ်သည် မှန်း၍ဆိုခြင်းဖြစ်ပြီး ဒုတိယနတ်သားကား ချစ်၍ဆိုခြင်းဖြစ်သည်၊ ကျွန်းကို ငါတို့ မစွန့်အံ့၊ လှေလုပ်ရန်လည်း မလို"ဟု ဆိုသည်။

ဆိုသည့်အတိုင်းလည်း လှေမပြုလုပ်ရန် တပည့်တို့ကို ပြောကြားပြီး သောက်စား မူးယစ်၍သာ ဆက်လက်နေကြလေသည်။ ပညာရှိ ခေါင်းဆောင်ကမူ လှေပြုလုပ်စေ၍ စားနပ်ရိက္ခာအပြည့်အစုံ လှေပေါ်သို့ တင်စေသည်။ အစစအရာရာ အသင့် ပြုလုပ်ထား စေသည်။ (၁၅)ရက်စေ့သော် ကျွန်းပေါ်သို့ ရေများ တရိပ်ရိပ် တက်လာသည်။ ခါးလယ်ခန့် ရောက်သောအခါ ပညာရှိခေါင်းဆောင်နှင့် ယေသားများတို့သည် လှေကြီးဖြင့်လှော်ခတ် ထွက်ခွာသွားကြလေသည်။

ပညာမဲ့ခေါင်းဆောင်နှင့် ငယ်သားများမှုကား မမှုကြ။ "ကျွန်းဆေးခြင်းမျှသာ ဖြစ်သည်။ ရေတို့သည် ခါးလယ်ထက်တိုး၍ မရောက်နိုင်"ဟုဆိုကာ အေးဆေးစွာနေကြ သည်။ သို့ရာတွင် ရေသည် ခါးလယ်မှတစ်ဆင့် တဖြည်းဖြည်း တက်ရာ ထန်းတစ်ဖျားတိုင် ရောက်လေတော့သည်။ သည်တွင် ပညာမဲ့သော ခေါင်းဆောင်နှင့် ငယ်သားငါးရာလုံး ရေနစ် သေဆုံးသွားကြလေ၏။

**(မင်းယုဝေ–ဒုစရိုက်လာပုံပြင်များ)**

❖ ❖ ❖

## ၃။ ပူဇာစ ပူဇနေယျာနံ = ပူဇော်ထိုက်သူကို ပူဇော်ခြင်း

### သုမနပန်းသည်

တစ်ရံရောအခါ ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီး အုပ်စိုးစဉ်အခါက သုမနအမည်ရှိ ပန်းသည်တစ်ဦး ရှိခဲ့လေသည်။ ထိုသုမနပန်းသည်သည် မင်းကြီးအား နံနက်စောစော အချိန်၌ ရှစ်အသပြာဖိုးမျှရှိသော မြတ်လေးပန်းတို့ဖြင့် နေ့စဉ် ခစားဆည်းကပ် ဆက်သရလေသည်။

တစ်နေ့သ၌ ထိုပန်းသည်သည် ပန်းတို့ကိုယူ၍ မြို့သို့ဝင်လာလေလျှင် မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းခြံရံလျက် ဆွမ်းအလို့ငှာ ကြွဝင်တော်မူသည်ကို ဖူးတွေ့မြင်ရလေ၏။

ထိုအခါမြတ်စွာဘုရား၏ခြောက်သွယ်သော ရောင်ခြည်တော်တို့နှင့် တင့်တယ် စံပယ်ခြင်းကို ဖူးမြင်ရလေလျှင် ကြည်ညိုသောစိတ်တို့ ဖြစ်ပေါ်လျက် အဘယ်သို့သော ပူဇော်ခြင်းအမှုကို ပြုရအံ့နည်းဟု ကြံစည်၏၊ ထို့နောက် မြတ်လေးပန်းတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်အံ့ဟု ကြံပြီးမှ တစ်ဖန်လည်း မင်းကြီးသည် ပန်းတို့ကို မရရှိသော် ငါ့အား နှောင်ဖွဲ့လိုက နှောင်ဖွဲ့ပေရာ၏၊ သတ်လိုက သတ်ပေရာ၏၊ တိုင်းပြည်မှ နှင်လိုက နှင်ပေရာ၏၊ သို့သော်လည်း မင်းကြီး သတ်လိုက သတ်စေ တော့၊ မြတ်စွာဘုရားအား ပူဇော်လှူဒါန်း ရခြင်းကိုသာ ငါအလိုရှိ၏။ "မြတ်စွာဘုရားအား လှူဒါန်းပူဇော်ရခြင်းကား အတိုင်းအဆမရှိ အကျိုးများလှ ပေ၏"ဟု စိတ်အကြံဖြစ်လျက် မိမိ၏ အသက်ကို ပဓာနမထားဘဲ ပန်းတို့ဖြင့် လှူဒါန်းပူဇော်လေ၏။

ရှေးဦးစွာ နှစ်ဆုပ်မျှသောပန်းတို့ကို မြတ်စွာဘုရား၏အထက်သို့ ကြဲမြှောက်ပစ် လေလျှင် ပန်းမျက်နှာကြက်အဖြစ် ဦးခေါင်းထက်၌ တည်လေ၏။ ထိုမှတစ်ဖန် ပန်းနှစ်ဆုပ်စီတို့ကို လက်ယာနံပါးတော်၊ လက်ဝဲနံပါးတော်၊ ကျောက်ကုန်းတော်တို့၌ ကြဲဖြန့်လိုက်လေသော် ပန်းအမိုးအကာအဖြစ် တည်လေ၏။ ဤသို့ဖြင့် ရှစ်အသပြာဖိုးဖြစ်သော ပန်းရှစ်ဆုပ်သည် မြတ်စွာဘုရားအား ပန်းတံတိုင်း လိုက်ကာအဖြစ် တည်ရှိလေ၏။

မြတ်စွာဘုရား၏ကိုယ်တော်မှ ရောင်ခြည်တော် အထူးထူးအပြား ပြားဖြင့် ပြိုးပြိုး ပြက်ပြက် ထွက်တော်မူကြလေကုန်၏။ ရာဇဂြိုဟ်ပြည် အလုံးစုံ၌ ယောကျ်ား မိန်းမတို့သည် လှူဖွယ်တို့ဖြင့် ပူဇော်လှူဒါန်းကြလေ၏။ သုမနပန်းသည်၏ တစ်ကိုယ်လုံး ပီတိဖုံးလျက် ပန်းမပါ ခြင်းတောင်းဗလာဖြင့် ပြန်လာ၏၊ ဇနီးသည်သည် အကြောင်းစုံသိသောအခါ ပြစ်တင်ရှုတ်ချ၍ ၄င်းအားစွန့်ခွာပြီး နန်းတော်သို့သွားကာ ဘုရင်အား လျှောက်ထားခဲ့လေ၏။

ဖြစ်ကြောင်းကုန်စင်ကို ဘုရင်သိလေသော် "သုမနပန်းသည်ကို အသင် စွန့်ပစ်သဖြင့် ကောင်းသောအမှုကို သင်ပြုအပ်၏"ဟု ပရိယာယ်ဖြင့်ဆိုလျက် မိုက်မဲသော ပန်းသည်၏ မိန်းမကို လွှတ်လိုက်ပြီးလျှင် မြတ်စွာဘုရားအား ရာဇဂြိုဟ်မြို့တွင်း၌ သွားရောက် ဖူးမြော်လေ၏။

ပန်းကန့်လန့်ကာ၊ ပန်းတံတိုင်းတို့ဖြင့် တင့်တယ်သပ္ပါယ်လှသော မြတ်စွာ ဘုရားအား ဖူးတွေ့ရသောအခါတွင် မင်းကြီးလည်း ဝမ်းမြောက်ပီတိ ဖြစ်ခဲ့လေသည်။ အသက်စွန့်၍ မြတ်စွာဘုရားအား ပန်းတို့ဖြင့်ပူဇော်ခြင်းကို ပြုသော သုမန ပန်းသည်အား ချီးမွမ်း၍ "အသင်သည် ယောကျ်ားမြတ်မည်ပေသည်"ဟု မိန့်ဆိုပြီး ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ ကျွန်မိန်းမ ရှစ်ယောက်၊ ကျွန်ယောကျ်ား ရှစ်ယောက်၊ မြတ်သောတန်ဆာရှစ်ခု၊ ရွာရှစ်ရွာအားဖြင့် ရှစ်စုစီ ချီးမြှင့်မြောက်စား ပေးသနား တော်မူခဲ့ပေ၏။

**(ဓမ္မပဒ–သုမနပန်းသည်ဝတ္ထု)**

❖ ❖ ❖

## ၄။ ပတိရူပဒေသဝါသောစ = သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အရပ်၌ နေရခြင်း၊

### မာတိကမာတာ နှင့် မထင်ရှားသော ရဟန်း

တရံရောအခါ ရဟန်းခြောက်ကျိပ်တို့သည် ဝါမဆိုမီ၊ မြတ်စွာဘုရားရှင်ထံတွင် ကမ္မဋ္ဌာန်းနည်းများ သင်ယူခဲ့ပြီး ဆွမ်းအလို့ငှာ ကောသလမင်း၏နိုင်ငံရှိ "မာတိက"အမည်ရှိသောရွာသို့ ဝင်ကြလေကုန်၏၊ ထိုရွာ၏ သူကြီးသည် "မာတိက"အမည်ရှိပြီး မိခင်သည် "မာတိကမာတာ"မည်၏။ ရဟန်းတို့သည် "မာတိကမာတာ"ပေးလှူသောကျောင်း၌ ဝါတွင်းသုံးလပတ်လုံး ချမ်းသာစွာ နေထိုင်ကြရ၏၊ မယ်တော်ကြီးကပ်လှူသော သင့်တင့်မျှတသည့် ဆွမ်းဘောဇဉ်များကို မှီဝဲပြီး၊ အရဟတ္တဖိုလ် ချမ်းသာကို ရရှိခဲ့ကြလေသည်။

ဝါကျွတ်ပြီးနောက် ထိုရဟန်းခြောက်ကျိပ်တို့သည် သာဝတ္ထိပြည်ရှိ မြတ်စွာဘုရားရှင်ထံသို့ လာရောက်ကန်တော့ကြရာ ဘုရားရှင်က ရဟန်းတို့အား "ချစ်သားတို့ ခံ့ကျန်းခြင်း၊ မျှတခြင်း၊ ဆွမ်းဖြင့်လည်း မပင်ပန်းခြင်းတို့ ရှိကြကုန်၏လော"ဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့က"မာတိကမယ်တော်ကြီး"၏ အရိပ်အာဝါသအောက်တွင် နေထိုင်ရ၍ ဆွမ်းဖြင့်လည်း ပင်ပန်းခြင်း အလျင်းမရှိကြောင်း၊ မယ်တော်ကြီးသည် ဘုရားတပည့်တော်တို့၏ စိတ်ကြံတိုင်း ကြံတိုင်း သိမြင်ကာ အာဟာရများကို သင့်လျော်အောင် စီရင်၍ လှူဒါန်းပေးပါကြောင်း မယ်တော်ကြီး၏ ဂုဏ်ကျေးဇူးနှင့်စပ်ဆိုင်သော စကားများကို လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရား၏ အနီးတွင်ရှိနေသော အညတရ ရဟန်းငယ်လေးက ကြားရာ မိမိလည်း ထိုရွာသို့ သွားလိုကြောင်း မြတ်စွာဘုရားအား လျှောက်ထား၏။ ထိုနောက် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် "မာတိက"ရွာသို့ ထွက်ခွာသွားလေ၏။

မာတိကမယ်တော်ကြီးရှိရာ ရွာကျောင်းသို့ရောက်သော် ရဟန်းငယ်လေး၏ စိတ်ကြံတိုင်းကြံတိုင်း မယ်တော်ကြီးက သိမြင်၍ တောင့်တရာရာတို့ကို ဖြည့်ဆည်းလှူဒါန်းပေးခဲ့၏။ မယ်တော်ကြီးသည် ရဟန်းငယ်လေး၏ စိတ်အကြံ အလုံးစုံကို သိမြင်သောကြောင့် ရဟန်းငယ်သည် ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ အကယ်၍

မလျှောက်ပတ်သည်ကို မတော်တဆ ကြံမိသည်ရှိသော် သူခိုး ဥစ္စာ ထုပ်နှင့် မိသလို ဖြစ်မည်ကို စိုးရိမ်ကြောက်ရွံ့၍ မယ်တော်ကြီးအား ခွင့်တောင်း ပြီး မြတ်စွာဘုရားထံသို့ ပြန်လာ၏။

ထိုအခါ မြတ်စွာဘုရားသည် "အနာဂတံသဉာဏ်" ဖြင့် ဆင်ခြင်တော်မူရာ ရဟန်းငယ်သည် ထိုအရပ်ဒေသနှင့် မာတိကမယ်တော်ကြီးကို အမှီပြု၍သာ ရဟန္တာဖြစ်မည်ကို မြင်တော်မူသောကြောင့် "ထိုကျောင်း၌ပင် သင်နေခြင်းငှာ သင့်၏၊ သင်၏ စိတ်တစ်ခုတည်းကိုသာလျှင် လုံခြုံအောင် စောင့်ရှောက်လော့၊ တစ်ပါးသော တစ်စုံတစ်ခုကို မကြံစည်နှင့်"ဟု မိန့်တော်မူ၏။

ထို့နောက် အညတရ ရဟန်းငယ်လေးသည် မာတိကမယ်တော်ကြီး၏ အရပ်သို့ ပြန်သွားပြီး မယ်တော်ကြီး၏ စောင့်ရှောက်မှုကို အမှီပြု၍ တရားအားထုတ်ရာ နှစ်ရက်သုံးရက်မျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရှိပြီး ရဟန္တာဖြစ်ခဲ့လေ၏။

**(ဓမ္မပဒ၊ မထင်ရှားသော ရဟန်းဝတ္ထု)**

❖ ❖ ❖

## ၅။ ပုဗ္ဗေစ ကတပုညတာ =ရှေးက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း

## ထင်းခွေယောကျာ်းနှင့်ဆင်ဆရာ

တစ်ခါက ဗာရာဏသီပြည်တွင် ထင်းခွေအလုပ်ဖြင့် အသက်မွေးသော ယောကျာ်း တစ်ဦးရှိခဲ့၏။ တစ်နေ့တွင် ထင်းခွေပြီး အိမ်အပြန်နောက်ကျသဖြင့် မြို့တံခါး ပိတ်ထား၍ မြို့ထဲသို့မဝင်နိုင်တော့ဘဲ မြို့တံခါးဝအနီးရှိ နတ်ကွန်း တစ်ခုဘေး၌ အိပ်ခဲ့ရလေ၏။

ထိုနတ်ကွန်းအနီး သစ်ပင်တစ်ပင်ပေါ်၌ ဘေးမဲ့လွှတ်ထားသော ကြက်များ အိပ်ကြ၏။ သစ်ပင်၏ အပေါ်ကိုင်း၌ အိပ်သော ကြက်တစ်ကောင်သည် မစင်စွန့်ချရာ အောက်ကိုင်းတွင် အိပ်သောကြက်ပေါ်သို့ ကျလေသည်။ ထိုကြက်နှစ်ကောင် စကားများရန်ဖြစ်ကြရာမှ တစ်ကောင်နှင့်တစ်ကောင် ဂုဏ်ပြိုင်ကြ

လေသည်။ အောက်ကိုင်းမှကြက်က "သင်သည် ငါ့တန်ဖိုးကို မသိသလော၊ ငါ့ကိုသတ်၍ မီးကျီးခဲ၌ ကင်စားသူသည် နံနက်စောစောမှာပင် အသပြာ တစ်ထောင် ရမည်" ဟုဆို၏။

ထိုအခါ အပေါ်ကိုင်းမှကြက်က "ငါ၏တန်ဖိုးကား သင့်ထက် အဆတစ်ရာမက ကြီးမြတ်သည်။ ငါ့ကိုသတ်၍ ငါ့ဦးခေါင်းကိုစားသူသည် မင်းဖြစ်မည်။ အပြင်သားကိုစားသူသည် ယောကျ်ားဖြစ်လျှင် စစ်သူကြီးဖြစ်မည်။ မိန်းမဖြစ်က မိဖုရားဖြစ်မည်။ အရိုး၌ကပ်နေသော အသားကိုစားသူသည် ရဟန်းဖြစ်လျှင် မင်းဆရာဖြစ်မည်။ လူဝတ်ကြောင်ဖြစ်လျှင် ဘဏ္ဍာစိုးဖြစ်မည်" ဟူ၍ ပြန်ပြော၏။

ထိုကြက်နှစ်ကောင်၏စကားကို ထင်းခွေယောကျ်ားကြားသောအခါ အပေါ်ကိုင်းမှ ကြက်ကို ဖမ်းယူလာပြီး၊ မိုးလင်း၍ မြို့တံခါးဖွင့်သောအခါ အိမ်သို့ပြန်လာ၏။ အိမ်သို့ရောက် သောအခါ ဇနီးအား အကျိုးအကြောင်းရှင်းပြ၍ ကောင်းမွန်စွာ ချက်စေသည်။ ချက်ပြီးသောကြက်သားဟင်းကို ချက်ချင်း မစားသေးဘဲ ကြက်သားအိုးနှင့် ထမင်းအိုးကို တောင်းတစ်ခု၌ထည့်ကာ ဂင်္ဂါမြစ်သို့သွား၍ ရေဆင်းချိုးကြသည်။

ထိုစဉ် ရုတ်တရက် လေထန်၍ ရေလှိုင်းတို့သည် ကြက်သားဟင်းအိုး ထည့်ထားသောတောင်းကို တိုက်ခတ်သဖြင့် မြစ်ရေတွင်မျောပါသွားလေရာ အောက်ဆိပ်၌ ဆင်ကို ရေချိုး ပေးနေသော ဗာရာဏသီမင်း၏ ဆင်ဆရာအနီးသို့ ရောက်သွားလေသည်။

ဆင်ဆရာသည် တောင်းကို ဆယ်ယူကြည့်ရာ ထမင်းနှင့် ကြက်သားဟင်း ဖြစ်နေသဖြင့် အိမ်သို့ယူဆောင်သွားလေသည်။ အကြားအမြင်ရသည့် ရသေ့သည် ထိုအခြေအနေကို ကြိုတင်သိရှိသဖြင့် ဆင်ဆရာအိမ်သို့ ဦးစွာရောက်နှင့် နေလေသည်။

ဆင်ဆရာ အိမ်သို့ရောက်လာသော် ရှင်ရသေ့သည် အရိုး၌ကပ်နေသော အသားကို မိမိအားဆက်ကပ်စေ၍ ဘုဉ်းပေးတော်မူသည်။ ကြက်ဦးခေါင်းကို ဆင်ဆရာအားလည်းကောင်း၊ အပြင်သားကို ဆင်ဆရာ၏ ဇနီးမယား အား

လည်းကောင်း စားစေသည်။ ထို့နောက် ဆင်ဆရာအား "သင်သည် မကြာမီ မင်းဖြစ်လိမ့်မည်။ သင့်ဇနီးသည်လည်း မိဖုရားဖြစ်လိမ့် မည်။ မမေ့ မလျော့နှင့်" ဟူ၍ဆိုကာ ပြန်ကြွသွားလေသည်။

ရက်အနည်းငယ်ကြာသော် အခြားတိုင်းပြည်တစ်ပြည်မှ မင်းတစ်ပါးသည် ဗာရာဏသီပြည်ကို လာရောက် တိုက်ခိုက်ရာ ဗာရာဏသီမင်းက မိမိ၏ ဆင်ဆရာကို မင်းအသွင် ဝတ်ဆင်၍ စစ်ထိုးစေသည်။ မိမိမူကား ရဲမက်ဗိုလ်ပါများ အကြားတွင် စီမံကွပ်ကဲသည်။ ထိုစဉ် ရန်သူများပစ်လွှတ်လိုက်သော မြားတစ်စင်းသည် ဗာရာဏသီမင်းကို လာရောက် ထိမှန်၍ နတ်ရွာစံသွားလေသည်။

ထိုအခါ ဆင်ဆရာသည် ဘဏ္ဍာတိုက်တွင်းမှ ရွှေ၊ ငွေ တို့ကို ထုတ်ယူစေကာ "ဥစ္စာလိုသူတို့ ရန်သူကို ရှုပ်ရှုပ်ချုံချုံ တိုက်ကြလော့"ဟု ရွှေငွေများ ပေးကာ တိုက်စေသောကြောင့် ရန်သူတို့ အရေးနိမ့်ကာ ဆုတ်ခွာပြေးကြရ၏။

စစ်ပွဲပြီးသော် မှူးမတ်တို့ကအရှင်မင်းမြတ်သက်တော်ထင်ရှားရှိစဉ်ကပင် ဆင်ဆရာကို မင်းအသွင် ပြုစေခဲ့သည်၊ ယခု ဆင်ဆရာ ကိုယ်တိုင်လည်း ဦးဆောင် စီမံသဖြင့် ရန်သူတို့ကို ချေမှုန်းနိုင်သောကြောင့် ဆင်ဆရာသာ မင်းဖြစ်ထိုက်သည်ဟု ဆုံးဖြတ်ကြပြီး၊ ဆင်ဆရာကို မင်းမြှောက်ခဲ့ကြသည်။ **(သိရီဇာတ်)**

❖ ❖ ❖

## ၆။ အတ္တသမ္မာပဏိဓိစ= မိမိကိုယ်နှင့်စိတ်ကို ကောင်းစွာ ထိန်းသိမ်းထားခြင်း

### အခါမဟုတ် တွန်သော ဥဩ

တစ်ရံရောအခါက သရက်ပင်တစ်ပင်ဝယ် ကျီးသိုက်တစ်ခုရှိ၏။ ထိုကျီးသိုက်၌ ဥဩ ငှက်မ တစ်ကောင်သည် မိမိ၏ ဥကို ဥထားခဲ့၍သွား၏။ ဥဩဥသည် ကျီးဥနှင့် ဆင်တူနေ၍ ကျီးမက မခွဲခြားနိုင်ဘဲ ဥဩဥကို မိမိ၏ ဥများနှင့်အတူ ရောနှောဝပ်ပေးကာ စောင့်ရှောက် ထားလေသည်။ အကောင် ပေါက်ချိန်တန်သောအခါ ထိုဥမှ ဥဩအကောင်ငယ်လေး ပေါက်လာ၏။

အကောင်ငယ် ဖြစ်လာသောအခါ၌လည်း ကျီးနှင့်ဥညြကို ခွဲခြားမသိ၍ **"ငါ့သား"** ဟူသောအမှတ်ဖြင့် နှုတ်သီးနှင့် အစာကိုဆောင်၍ ဥညြငှက်ငယ်ကို ကျွေးမွေး၏။ ထိုဥညြငှက်ငယ်သည် အတောင်မပေါက်သေးသောကြောင့် မိမိ၏အတောင် နှင့် ပျံသန်းနိုင်သော အချိန်အခါကို မရောက်မီကပင်လျှင် တွန်ချင်သည့်စိတ်ကို မထိန်းသိမ်းနိုင်ဘဲ ဥညြသံကို ပေးမိ၏။

ကျီးမက ကြားသောအခါ "ဤငှက်ငယ်ကား ငါ့သားမဟုတ်၊ ယခုက ပင်လျှင် တစ်ပါးသော အသံကို မြည်၏။ ကြီးသော် အဘယ်သို့ ပြုလတ္တံ့နည်း" ဟုတွေးကာ နှုတ်သီးဖြင့် ထိုးသတ်၍ အသိုက်မှမြေသို့ချ၏။ အကယ်၍သာ ဥညြငယ်လေးသည် အတောင်အလက်စုံ၍ ပျံသန်းနိုင်ပါမှ တွန်ကျူးလျှင် ဘေးလွတ် ရာသို့ ပျံသန်းနိုင်မည်ဖြစ်သော်လည်း ကိုယ်နှင့် စိတ်ကို မထိန်းသိမ်းနိုင်ဘဲ ဥညြသံကို ပြုမိသောကြောင့် အသက်ဆုံးရှုံးရခြင်း ဖြစ်ပေသည်။ **(ကောကိလဇာတ်)**၊

❖ ❖ ❖

## ၇။ ဗာဟုသစ္စဥ္စ = အကြားအမြင် (ဗဟုသုတ) များခြင်း

**ခေါင်းဆောင်ကောင်း**

လွန်လေပြီးသောအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး စိုးစံ အုပ်ချုပ်သော တိုင်းစွန်ပြည်ဖျားက တောအုပ်ကြီးတစ်ခုကို "သေမင်းတောအုပ်" ဟုခေါ်ခဲ့ကြလေသည်။ နှစ်စဉ် ဤတောအုပ်ကို ဖြတ်သွားသမျှသော လှည်းသမား များသည် မကြာခဏ သေကြ၏။ ထိုအခါ တောအုပ်အနီးရှိရွာမှ လူများသည် ကျန်ရစ်သော ကုန်ပစ္စည်း လှည်း,နွား,ရွှေ,ငွေ များကို ရကြလေ၏။

တစ်ခါသော် လှည်းအစီးငါးရာသည် ကုန်အပြည့်ဖြင့် လှည်းတပ်ကြီးဖွဲ့၍ ထိုတော အုပ်ကိုဖြတ်ရာ ဘေးအန္တရာယ်တစ်စုံတစ်ရာ မရှိဘဲ တောအုပ်အစပ်သို့ ရောက်လာကြ၏။ လူနှင့်နွားများလည်း ပင်ပန်းနေကြသဖြင့် ခေတ္တနားရန် လှည်းမှူးကြီးကို ခွင့်တောင်း၏။

လှည်းမှူးကား လှည်းနွား ကျိုးပဲ့သူ၊ ခွန်အားချို့တဲ့သူ၊ အကြောင်း တစ်စုံတစ်ရာရှိသူ တို့ကို ဖေးမစောင့်ရှောက်ရန်ရှိသဖြင့် နောက်ဆုံးမှ လိုက်ပါလာသော လှည်းမှူးကို စောင့်ဆိုင်းရင်း နားနေ၏။ ထိုနားနေသည့်

နေရာအနီး၌ ကိုင်းဖျားများ ညွတ်နေအောင် သီးသည့် သရက်ပင်ကြီးတစ်ပင်ရှိ၏။ ထိုအခါ လှည်းသားတို့က သရက်သီးကို ခူးသူကခူး၊ ဝေငှ၍ စားသူက စား၍ လှည်းမှူးကြီးစားရန်အတွက်လည်း အဆင်သင့်ပြင်ထား၏။

အချို့လူတို့ကလည်း "လှည်းမှူးကြီးအမိန့်မရဘဲ မစားသင့် သေးကြောင်း၊ လှည်းမှူးကြီးကို ပြပြီးမှ စားသင့်ကြောင်း" ပြောရာ "အထူးအဆန်း အသီးမဟုတ်၊ စားနေကြ သရက်သီးဖြစ်၍ စားလို့ရသည်"ဟု လူအချင်းချင်း အယူအဆမတူဘဲ ပြောဆိုကြလေသည်။

မကြာခင် လှည်းမှူးကြီးရောက်လာသောအခါ သရက်သီးကို ပြသကြ၍ စားရန် ပေးကြ၏။ ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသောလှည်းမှူးကြီးသည် သရက်ပင်အောက် သို့သွားရောက်၍ ကြည့်ရှုသုံးသပ်ပြီး စားနေသူများကို "ထိုအသီးက သရက်သီးမဟုတ်၊ အဆိပ်သီး ဖြစ်လေ၏"ဟုဆိုလျက် မစားရန် တားမြစ်၏။

လှည်းမှူးကြီးက ထိုအသီးများကို စားပြီးသောသူများအား အော့အန် စေသော ဆေးဝါးခါတ်စာများကျွေး၏။ အန်ပြီးသောသူများကိုလည်း စတုမဓု ဆေးများကို တိုက်ကျွေးသဖြင့် အသက်အန္တရာယ်မှ လွတ်ကင်းစေ၏။

နံနက်မိုးသောက်သော် တောစပ်အနီးရှိရွာမှ လူများကလာရောက်၍ လူအပေါင်း သေကျေပျက်စီးနေခြင်း မရှိသဖြင့် အံ့ဩစွာဖြင့် "ဒီအပင်ကို အဆိပ်ပင်ဟု ဘယ်လိုသိပါသလဲ"ဟု မေးကြ၏။ လှည်းမှူးကြီးက "ဤအပင်သည် ခက်ခက်ခဲခဲ ခူးဆွတ်စရာမလိုသောကြောင့်လည်းကောင်း၊ ရွာနှင့်အလှမ်းမဝေးပါဘဲ အသီးတွေဝေနေပြီး ခူးယူတဲ့အမှတ်အသား မတွေ့ရသဖြင့်လည်းကောင်း အဆိပ်ပင်ဟု သိနိုင်ကြောင်း" ပြောလေသည်။

ယခင်က ရွာသူရွာသားများသည် သေသွားသောသူများထံမှ လှည်း၊နွား၊ ပစ္စည်းများ ကို ရဖူးသဖြင့် အဆိပ်ပင်ကို မခုတ်ဘဲထားသော စိတ်ယုတ်မာမျိုးရှိ၏၊ ပညာရှိသူတော်ကောင်း လှည်းမှူးကြီးက ထိုအပင်အား ခုတ်ပစ်စေပြီး ရွာသူ ရွာသားများ အားလည်း စိတ်ကောင်းထားရန် တရားဟောပြပြီး ခရီးဆက်ကြလေ၏။

**(ကိံဖလ ဇာတ်)**

## ၈။ သိပ္ပဋ္ဌ = အပြစ်ကင်းသော စက်မှုလက်မှုပညာတတ်ခြင်း

### သင်္ဘောမှူးကြီး

လွန်လေပြီးသောအခါ ကုရုတိုင်း၌ ကုရုမင်းကြီးစိုးစံနေစဉ် ဘုရားအလောင်းသည် ကုရုကစ္ဆဟုခေါ်သော သင်္ဘောဆိပ်မြို့ကြီးတွင် သင်္ဘောသူကြီး၏သား "သုပ္ပါကရ"ဟု အမည်ရှိသော လုလင်တစ်ယောက် ဖြစ်ခဲ့လေသည်။

သုပ္ပါကရသည် ဖခင်ထံတွင် သင်္ဘောတည်ဆောက်ပုံနှင့် ရေကြောင်းလေ့လာမှု အတတ်ပညာတို့ကို စာတွေ့လက်တွေ့သင်ယူပြီး ပြင်ပဗဟုသုတတို့ကိုလည်း လေ့လာသည့်အတွက် စုံလင်စွာ သိမြင်သော လုလင်ငယ်လေး ဖြစ်လာခဲ့၏။

ဖခင်ကြီး ကွယ်လွန်ပြီးနောက် သင်္ဘောသူကြီးအဖြစ်နှင့် အသက်မွေးဝမ်းကြောင်း ပြုနေစဉ် သူ၏မျက်စိအတွင်းသို့ အဆိပ်ရည်ဝင်ပြီး မျက်စိကွယ်သွားလေသည်။

သူသည် မျက်စိကွယ်သွားသဖြင့် သင်္ဘောသူကြီးမလုပ်တော့ဘဲ ကုရုဘုရင်ကြီး ထံ၌ ခစားပြီး "ရာဖြတ်"အမှု ထမ်းရွက်၏။ ဗဟုသုတနှင့်ပြည့်စုံ၍ ဘုရင်ကြီးထံ ဆက်သလာသော မင်္ဂလာဆင်၊ မင်္ဂလာမြင်း၊ မင်္ဂလာရထားတို့နှင့် ပတ်သက်ပြီး အကျိုးအပြစ် သင်-မသင့်ကို လက်နှင့်ကိုင်တွယ်စမ်းသပ်၍ အတတ်ပြောနိုင်သည်။

သို့သော် မင်းသည် မင်းကျင့်တရားနှင့်မညီသောကြောင့် မင်းမှုထမ်းဘဝမှ နုတ်ထွက်ပြီး ကုရုကစ္ဆမြို့ကို ပြန်လာလေ၏။ ရွာတွင် သင်္ဘောလုပ်ငန်းနှင့် အသက်မွေးကြသော သင်္ဘောသားများက စုဝေးတိုင်ပင်ပြီး သုပ္ပါကရကို သင်္ဘောသူကြီးအရာ တင်မြှောက်ကြလေသည်။

မျက်စိမမြင်သော်လည်း သူတို့ထက် အတွေ့အကြုံ၊ ဗဟုသုတရှိပြီး တတ်ကျွမ်းသဖြင့် ကွပ်ကဲပေးပါရန် အတန်တန်တောင်းပန်၍ အများဆန္ဒအရ သင်္ဘောသူကြီးအဖြစ် လက်ခံလိုက်ရ၏။

ငယ်ရွယ်စဉ်ကတည်းက ဆည်းပူးလေ့လာခဲ့သောကြောင့် သမုဒ္ဒရာ၏

ရေအခြေအနေ၊ အရောင်အဆင်း၊ ရေသတ္တဝါတို့၏ အသွင်သဏ္ဌာန် ပြုမူပုံတို့ကို ပြောပြလျှင် သမုဒ္ဒရာ၏အမည်၊ ထိုသမုဒ္ဒရာတွင် ရှိနိုင်သော ရတနာပစ္စည်းများနှင့် သမုဒ္ဒရာတွင် တွေ့ကြုံနိုင်သောအရာတို့ကို ပြောပြနိုင်လေသည်။

တစ်ခါသော် ခရီးထွက်ရင်း အလွန်ကြောက်စရာကောင်းသော ရေဝဲဇလုပ်ကြီးရှိသည့် သမုဒ္ဒရာကို ဖြတ်သွားသောအခါ သင်္ဘောမြုပ်မည့်အခြေအနေ၌ သင်္ဘောသားများသည် အလွန်ကြောက်ရွံ့ကြပြီး ဆောက်တည်ရာမရ ငိုကြွေးမြည်တမ်းကြ၏။ သုပ္ပါကရ ပညာရှိ ခေါင်းဆောင်ကြီးသည် တပည့်တို့ကို အားပေးစကား ပြောကြားပြီး “တပည့်အပေါင်း၏ အားကိုးရာ ငါသည် သစ္စာလက်နက်ဖြင့်ပင် ကာကွယ်ရန် ရှိတော့၏ ”ဟု ဆုံးဖြတ် လိုက်သည်။

ထို့နောက် မိမိကိုယ်ကို နံ့သာရေများနှင့် စင်ကြယ်အောင် ရေချိုး၊ အဝတ်သစ်များ ဝတ်ဆင်ကာ သင်္ဘောဦးသို့သွားပြီး ရေတစ်ဖလား အပြည့်ကိုင်ကာ သစ္စာအဓိဋ္ဌာန် ပြုလေသည်။

“ငါသည် မိမိကိုယ်ကို အောက်မေ့မိသော် သိတတ်သောအရွယ်မှစ၍ သေစေလို သောစေတနာဖြင့် မည်သည့်သတ္တဝါ တစ်ဦးတစ်ယောက်ကိုမျှ သတ်ဖြတ် ညှဉ်းဆဲခဲ့သည် မရှိဖူးပါ။ ဤမှန်သောသစ္စာစကားကြောင့် သင်္ဘောသည် အန္တရာယ်မှ ကင်းဝေး၍ ချမ်းသာစွာ ပြန်ရောက်ပါစေသတည်း”ဟု အဓိဋ္ဌာန်ပြုဆုတောင်းသောအခါ မှန်ကန်သော သစ္စာစွမ်းအားကြောင့် အန္တရာယ်မှ ကင်းလွတ်ပြီး မိမိတို့နေထိုင်ရာမြို့သို့ ပြန်လည် ရောက်ရှိလာကြ လေသည်။

**(သုပ္ပါကရဇာတ်တော်)**

❖ ❖ ❖

## ၉။ ဝိနယောစ သုသိက္ခိတော = လူ့ကျင့်ဝတ်ဝိနည်းများကို ကောင်းစွာ သင်ကြားလိုက်နာခြင်း

**မင်းကောင်းမင်းမြတ်(၂)ပါး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းထီးနန်းစိုးစံစဉ်၊ အဂတိ တရား (၄)ပါးကို မလိုက်စားဘဲ မင်းကျင့်တရား(၁၀)ပါးနှင့်ညီစွာ မင်းပြုခဲ့၏။

အမတ်တို့ သည်လည်း ပြစ်မှုရေးရာများကို မှန်ကန်စွာ ဆုံးဖြတ်ခဲ့ကြသည်။

သို့အတွက် ကောက်ကျစ်စဉ်းလဲသူများ၊ တရားရုံး၌ ဝင်ထွက်သူများ နည်းပါးသွား ကြ၏။ ထို့ကြောင့် မင်းကြီးက "ငါသည် တရားနှင့်အညီ မင်းပြုသဖြင့် ငါတို့တရားရုံး၌ အမှုတို့ ဆိတ်သုဉ်း၏။ ငါ့အား အပြစ်ဆိုသူ တစ်စုံ တစ်ယောက်ကို တွေ့လျှင် အပြစ်မပေးဘဲ ဂုဏ်ပြုမည်"ဟု ကြေညာ၏။ မင်းကြီးအား အပြစ်ဆိုသူ မရှိချေ။ ဂုဏ်ကျေးဇူးကိုသာ ချီးကျူးကြ၏။ နယ်စွန်နယ်ဖျားထိ မင်းကြီးကိုယ်တိုင် ရုပ်ဖျက်၍ အရှာထွက်သော်လည်း မတွေ့သဖြင့် ဗာရာဏသီပြည် သို့ ပြန်လာ၏။

လမ်းတွင် ကောသလမင်း စီးလာသည့် ရထားနှင့် ရထားချင်း ဆုံမိကြ၏။ ကောသလမင်းသည်လည်း ဗြဟ္မဒတ်မင်းကဲ့သို့ပင် သူ့ကိုအပြစ်ဆိုသူအား ရှာရန် ထွက်လာခြင်းဖြစ်သည်။

ထိုအခါ ရထားမှူးချင်း အသက်ကိုမေး၍ အသက်ငယ်သူမှ လမ်းဖယ် ပေးရန် ပြောကြလေသည်။ ကောသလမင်းနှင့် ဗြဟ္မဒတ်မင်းသည် သက်တော်ချင်း တူ၏။ နိုင်ငံ၏ အကျယ်အဝန်း၊ စစ်သည်အင်အား၊ စည်းစိမ်ချမ်းသာ အခြွေအရံနှင့် အမျိုးအနွယ်တို့ကလည်း တူညီနေကြသည်ချည်း ဖြစ်၏။

ထိုအခါ ဗြဟ္မဒတ်မင်း၏ ရထားမှူးက တစ်ဖက်ကောသလမင်း၏ အကျင့်သီလကို မေးသည်ရှိသော် ရထားမှူးက "ငါတို့အရှင်ကောသလ မင်းသည် ကြမ်းကြုတ်ခက်ထန်သောသူအား ကြမ်းကြုတ်ခက်ထန်သော အပြစ်ကိုပေး၏။ နူးညံ့သိမ်မွေ့သောသူအား နူးညံ့သိမ်မွေ့သောအပြစ်ကို ပေး၏။ ကောင်းသောသူကို ကောင်းခြင်းဖြင့် အောင်ပွဲခံ၏။ မကောင်းသောသူကို မကောင်းသည့်နည်းဖြင့် ဆုံးမ၏။ ငါတို့အရှင်သည် သီလနှင့်ပြည့်စုံ၏။ အသင်ဗြဟ္မဒတ်မင်း၏ ရထားမှူး လမ်းဖယ်လော့"ဟုဆို၏။

ထိုအခါ ဗြဟ္မဒတ်မင်း၏ ရထားမှူးက "ငါတို့အရှင်သည် အမျက်ဒေါသ ကြီးသူကို မေတ္တာဖြင့် အောင်နိုင်၏။ မကောင်းသူကို ကောင်းခြင်းဖြင့် အောင်နိုင်၏။ လိမ်ညာသော ဝါဒရှိသူကို မှန်ကန်သော စကားဖြင့် ဆုံးမ၏။ ထို့ကြောင့် ငါတို့ မင်း၏ အကျင့်သီလသည် ပြည့်စုံ၏၊ လမ်းဖယ်ပေးပါ"ဟုဆို၏။

ထိုစကားကိုကြားသောအခါ ကောသလမင်းနှင့်ရထားမှူးတို့သည် ရထားပေါ်မှဆင်း၍ မြင်းတို့ကို ချွတ်ကာ လမ်းဖယ်ပေးကြသည်။ ဗြဟ္မဒတ်မင်းသည် ကောသလ မင်းအား ဆုံးမစကားပြောဆို၍ ခရီးဆက်သွားလေသည်။

**(ရာဇောဝါဒဇာတ်)**

❖ ❖ ❖

## ၁၀။ သုဘာသိတာ စ ယာဝါစာ = ကောင်းသောစကားကို ပြောဆိုခြင်း

### စကားအရာ လိမ္မာသူ

လွန်လေပြီးသောအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံနေစဉ် ဘုရင်ကြီး၏ မင်းမှုထမ်းများက ခိုးသား(၃)ယောက်ကို လိုက်လံဖမ်းဆီးရာ တောအစပ် လယ်ကွင်းသို့ ရောက်ရှိလာခဲ့ကြလေသည်။ ထိုအခါ လယ်ကွင်း၌ လယ်ထွန်နေသူသုံးဦးကိုတွေ့၏။ မင်းချင်းတို့က "မင်းတို့သုံးဦးဟာ ပစ္စည်းတွေကို ခိုးယူထွက်ပြေးပြီး လယ်ထွန်ချင်ယောင် ဆောင်နေကြသည်"ဟုဆို၏။ ထိုလူသုံးဦးက "သူခိုးမဟုတ်ကြောင်း၊ ဘာမှမသိရကြောင်း" ငြင်းဆို၏။ သို့သော် ငြင်းဆို၍မရ၊ ဗြဟ္မဒတ်မင်းကြီးထံ စစ်ဆေးရန် ခေါ်ဆောင်သွားကြပြီး ဘုရင့်အကျဉ်းစခန်း၌ ခေတ္တ ချုပ်နှောင်ထားလေသည်။

နောက်တစ်နေ့တွင် လယ်သူမ တစ်ဦးသည် ဘုရင့်ရွှေနန်းတော်သို့ မကြောက်မရွံ့ လာရောက်ပြီး "အဝတ်ကို ပေးတော်မူပါဘုရား၊ အဝတ်ကို ပေးတော်မူပါ ဘုရား"ဟု အထပ်ထပ် ဆို၍ငိုကြွေး၏။ ဘုရင်မင်းကြီးကြားသော် မင်းချင်းများအား အဝတ်ကို ပေးစေ၏။

လယ်သူမက "ကျွန်မတောင်းသော အဝတ်သည် ဤအဝတ်မဟုတ်ပါ။ လင်ယောကျ်ားဟူသော အဝတ် ဖြစ်ပါသည်"ဟု ငိုသံဖြင့် ဟစ်ကြွေး ပြောဆိုပြန်သည်။ ဘုရင်ကြီးထံ မင်းချင်းတို့က ပြန်လည်လျှောက်ထားလေရာ ဘုရင်ကြီးက "ဒီစကားထူးဆန်းလှချေ၏၊ ဘာကို ဆိုလိုသနည်း၊ ရှေ့တော်သို့သွင်းစေ"ဟု မိန့်တော်မူ၏။ ရှေ့တော်သို့ ရောက်သော် ဘုရင်ကြီးက "လင်ယောကျ်ားဟူသော အဝတ်ကို မယ်မင်းက တောင်းဆိုသည်မှာ ဘာကို ဆိုလိုသနည်း"ဟု မေးတော်မူ၏။

သူမက လျှောက်တင်သည်မှာ "မြတ်သောမင်းကြီး မိန်းမများအတွက် လင်ယောကျ်ားသည် ဖုံးလွှမ်းစရာ အဝတ်အထည်မည်ပါ၏။ လင်ယောကျ်ား သာ မရှိလျှင် အဖိုးတစ်ထောင်ထိုက်သော အဝတ်ကို ဝတ်ဆင်သော်လည်း မတင့်တယ်နိုင်ပါ၊ မိန်းမသား၏ ဘဝကို လင်ယောကျ်ားဆိုသော အဝတ်အထည်ကသာ တင့်တယ်ကောင်း မွန်အောင် ကာကွယ် ဖုံးလွှမ်းထားကြပါ၏၊ အရှင်မင်းကြီး ပေးသော အဝတ်အထည်ကို ကျွန်တော်မ မလိုချင်ပါ။ လယ်ထွန်ယက်နေစဉ် ဖမ်းဆီးသွားသော ကျွန်တော်မ၏ လင်ယောကျ်ားဆိုသော အဝတ်အထည်ကို ပေးသနားပါ"ဟု လျှောက်၏။

ဗာရာဏသီဘုရင်ကြီးက မိန်းမသား၏ ပညာရှိမှု၊ စကားကို ချိုသာ ယဉ်ကျေးလိမ္မာ စွာ ပြောဆိုမှု၊ ရဲရင့်တည်ငြိမ်မှုများကို အထင်ကြီး လေးစားသဖြင့် "ထိုသုံးဦးနှင့် မည်သို့ တော်စပ်ကြသနည်း"ဟု မေး၏။ "အကြီးဆုံးက ကျွန်တော်မ၏ လင်ယောကျ်ားပါ၊ အလတ်က မောင်ငယ်ပါ၊ အငယ်ဆုံးက သားပါ"ဟုလျှောက်၏။ ဘုရင်ကြီးက လျှောက်တင်မှုကို လက်ခံတော်မူပြီး "ထိုသုံးယောက်ထဲမှ တစ်ယောက်ကို ပေးမည်။ မည်သူ့ ကို ယူမည်နည်း"ဟု လျှောက်တင်စေရာ မိန်းမသားက "ကျွန်မသည် အရွယ်ရှိဆဲ နုပျိုဆဲဖြစ်၍ လင်ယောကျ်ား တစ်ယောက် ထပ်မံရရှိနိုင်ပါသည်။ လင်ယောကျ်ားရှိလျှင် သားလည်း ရနိုင်ပါသည်။ မောင်ကြီးမောင်ငယ်တို့က ကျွန်တော်မ၏ မိခင်နှင့် ဖခင်နှစ်ပါးလုံး သေဆုံးကုန်၍ မောင်ဖွားသည် ထပ်မရနိုင်တော့ပါ။ ထို့ကြောင့် မောင်ငယ်ကို ပေးသနားတော်မူပါ၊ ကျန်နှစ်ယောက်ကို အရှင်မင်းကြီး ကိုယ်ချင်းစာနာမှုဖြင့် သဘောအတိုင်း ပြုတော်မူပါ"ဟု လျှောက်၏။

ထိုအခါ ဘုရင်ကြီးက မယ်မင်းလျှောက်တင်သောစကားများသည် မှတ်သား လိုက်နာရန်ကောင်းသောစကားများ ဖြစ်၏။ ထိုစကားများကို ငါကိုယ်တော် လက်ခံတော်မူသည်။ ထို့ကြောင့် "သုံးယောက်လုံး လွတ်ကင်းကြစေ"ဟု ခွင့်ပေး၍ အကျဉ်းမှ ပြန်ခေါ်ဆောင်သွားစေသည်။

**(ဥစ္စင်္ဂဇာတ်)**

## ၁၁။ မာတာပိတု ဥပဋ္ဌာနံ = အမိအဖတို့ကို လုပ်ကျွေးပြုစုခြင်း

**သားလိမ္မာ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ လုလင်ပျိုတစ်ယောက် ရှိခဲ့သည်။ သူသည် အမိအဖတို့ကို လွန်စွာချစ်မြတ်နိုး၏။ နတ်သိကြားကဲ့သို့ အသိအမှတ်ပြု၍ ရိုသေစွာ လုပ်ကျွေးပြုစု စောင့်ရှောက်ခဲ့၏၊ ထို့ကြောင့် ထိုလုလင်သည် **"မာတုပေါသက ပိတုပေါသကလုလင်"**ဟူ၍ အမည်တွင်ခဲ့လေသည်။

တစ်နေ့သောအခါ လုလင်သည် အမိအဖတို့ကို ချမ်းသာစွာထားနိုင်ရန် အခကြေး ငွေ ရလို၍ သင်္ဘောဖြင့် စွန့်စားလိုက်ပါသွားလေသည်။ ထိုသင်္ဘောသည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ဆိုက်ကပ်သည်။ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ သဲမိုးတို့ အဆက်မပြတ်ရွာသောကြောင့် လယ်ယာစိုက်ခင်းများ ပျက်စီးကာ လူအများ အတိဒုက္ခရောက်နေကြသည်။ သီဟိုဠ်မင်းလည်း သဲမိုးရွာသော ကပ်မှ လွတ်မြောက်စေရန် မည်သို့ပြုလုပ်ရမည်ကို သမားဖြူ, သမားညိုတို့ကိုခေါ်၍ မေးမြန်းသည်။

သမားဖြူ,သမားညိုတို့က "အရှင်မင်းကြီး ဤသဲမိုးရွာသောကပ်သည် အလွန် ထူးခြားသောသစ္စာကို ပြုလျှင် ပျောက်ပါလိမ့်မည်"ဟု လျှောက်တင်ကြ၏။ "အဘယ်သစ္စာကို အဘယ်သူအား ပြုစေရမည်နည်း"ဟူ၍ မင်းကြီးက မေးမြန်း၏။ "အရှင်မင်းကြီး အမိအဖ တို့ကို နတ်သိကြားကဲ့သို့ မှတ်ယူသူ၊ လုပ်ကျွေးသူကို သစ္စာပြုစေရပါမည်"ဟူ၍ လျှောက်၏။

မင်းကြီးလည်း "အမိအဖတို့ကို နတ်သိကြားကဲ့သို့ မှတ်ယူ၍ ရိုသေစွာ လုပ်ကျွေးသူကို ဆုလာဘ်များစွာ ပေးမည်၊ မောင်းခတ်၍ ရှာလေ"ဟူ၍ အမိန့်တော်ရှိ၏။ မှူးမတ်တို့လည်း မောင်းခတ်၍ ရှာလေသည်၊ တစ်ပြည်လုံးတွင် တစ်ယောက်မျှမရှိ၊ အခက်တွေ့နေကြသည်။ ထိုအချိန်တွင် မာတုပေါသက ပိတုပေါသကလုလင်သည် သင်္ဘောထက်ကနေ၍ "အို အချင်းတို့ ငါသည် အမိအဖတို့ကို နတ်သိကြားကဲ့သို့ မှတ်ယူ၍ ရိုသေစွာ လုပ်ကျွေးသူတည်း" ဟု လှမ်းအော်၍ ပြောလေသည်။

မှူးမတ်တို့လည်း မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားသည်။ ထိုအခါ မင်းကြီးက "ထိုသူကို ခေါ်၍ သစ္စာဆိုလော့"ဟူ၍ မိန့်တော်မူလိုက်သည်။

မှူးမတ်တို့သည် လုလင်ထံသွား၍ သူတို့၏ ဒုက္ခကို ပြောပြသည်။ ထိုဒုက္ခမှ လွတ်မြောက်အောင် သစ္စာဆိုပါရန်လည်း ပန်ကြားကြသည်။

ထိုအခါ လုလင်သည် သင်္ဘောဦးသို့တက်ပြီး "ငါသည် သိတတ်သည့်အရွယ်မှစ၍ အမိအဖနှစ်ပါးတို့၏ကျေးဇူးကို အောက်မေ့ဆင်ခြင်ခဲ့သည်။ ကြည်ညိုမြတ်နိုးမဆုံးရှိခဲ့သည်။ ထို့ကြောင့် အမိအဖနှစ်ပါးတို့ကို မငတ်မွတ်၊ မနွမ်းနယ်စေရ၊ အိမ်ဦးနတ်ကဲ့သို့လည်းကောင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းကဲ့သို့လည်းကောင်း အမှတ်ထား၍ ရိုသေစွာ လုပ်ကျွေးသူ မှန်ပါသည်။ ဤသစ္စာအတိုင်း ဟုတ်မှန်ပါက ဤသဲမိုးတို့သည် ချက်ချင်းရပ်ပါစေသတည်း။ သဲမိုးရပ်သဖြင့် ပြည်သူပြည်သား၊ မင်း၊ မှူးမတ်၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ကုန်သည် လယ်လုပ်မှစ၍ သတ္တဝါအားလုံး ချမ်းသာကြပါစေသတည်း"ဟူ၍ သစ္စာပြုလေသည်။ ထိုသို့ သစ္စာပြုသော ခဏမှာပင် သဲမိုးသည် ရပ်လေသဖြင့် အားလုံးချမ်းသာရာ ရကြလေသည်။

ထိုအခါ မင်းနှင့်တကွ မှူးမတ်၊ပုဏ္ဏား၊ သူဌေးသူကြွယ်၊ ကုန်သည်၊ လယ်လုပ်မှစ၍ ပြည်သူ ပြည်သားအပေါင်းတို့သည် လုလင်အား များပြားလှစွာသော ပစ္စည်းဥစ္စာတို့ဖြင့် ပူဇော်ကြသည်။ လုလင်သည် ထိုပစ္စည်း ဥစ္စာတို့ကို သင်္ဘောငါးစင်းဖြင့်တင်၍ အိမ်သို့ပြန်ခဲ့သည်။ အိမ်သို့ရောက်သော် အမိအဖတို့အား အကျိုးအကြောင်းပြောပြကာ ရရှိသောပစ္စည်းများဖြင့် ပူဇော်လေသည်။ သူတို့သုံးဦးသည် ဒါန၊ သီလစသောကောင်းမှုများကို ပြု၍ ချမ်းမြေ့စွာ နေထိုင်သွားကြသည်။ သေသောအခါ နတ်ပြည်သို့ လားကြလေသည်။

**(၃၈-ဖြာမင်္ဂလာပုံပြင်များ၊ မင်းယုဝေ)**

❖ ❖ ❖

## ၁၂။ ပုတ္တဒါရဿ သင်္ဂဟော = သားသမီးဇနီးမယားတို့အား ချီးမြှင့်ထောက်ပံ့ခြင်း

### အနာထပိဏ်သူဌေး၏သား မောင်ကာဠ

ဘုရားရှင်သည် သတ္တဝါအများ ချမ်းသာစေရေးအတွက် လူတို့ လိုက်နာ

ရမည့် ကျင့်ဝတ်များကို ခွဲခြားညွှန်ပြ ဆုံးမတော်မူခဲ့၏။ ညွှန်ကြားချက်ထဲတွင် ဖခင် (သို့မဟုတ်) အိမ်ထောင်ရှင်အမျိုးသားများ၏ တာဝန်များလည်း ပါဝင်၏၊ ထိုတာဝန်အတိုင်း သား-သမီး-ဇနီးမယားကို ချီးမြှောက်ထောက်ပံ့ခြင်းသည် "ပုတ္တဒါရဿ သင်္ဂဟ"မင်္ဂလာမည်၏။

သားသမီးကို ချီးမြှောက်ထောက်ပံ့ရာ၌ အနာထပိဏ်သူဌေးကြီးကို နမူနာယူသင့် ၏၊ အနာထပိဏ်သူဌေးကြီးတွင် **"ကာဠ"**အမည်ရှိသော သားတစ်ယောက်ရှိလေ၏၊ သူဌေးကြီးသည် ရတနာသုံးပါးကို အလွန်ကြည်ညိုသူဖြစ်သော်လည်း သားဖြစ်သူ မောင်ကာဠသည်ကား ရတနာသုံးပါးကို အလေးမထား၊ ဖခင်၏ စကားကိုလည်း မနာခံသူ ဖြစ်နေလေ၏။

တစ်နေ့သောအခါ သူဌေးကြီးသည် အကြံရ၍ သားဖြစ်သူမောင်ကာဠအား "ကျောင်းသွား၍ ဥပုသ်စောင့်၊တရားနာပါက အသပြာတစ်ရာပေးမည်"ဟု ပြောလေ၏၊ ငွေလိုချင်သော မောင်ကာဠလည်း ကျောင်းတော်သို့သွား၍ ဥပုသ်စောင့်ကာ တရားမနာဘဲ တော်ရာမှာအိပ်၍ အိမ်ပြန်ခဲ့လေ၏၊ သူဌေးကြီးသည် ထိုအကြောင်းကို သိသော်လည်း လက်မလျှော့ဘဲ နောက်တစ်နေ့၌ "ဘုရားရှင်ထံမှ တရားတစ်ပုဒ် မှတ်မိအောင်နာခဲ့ပါက အသပြာတစ်ထောင်ပေးမည်"ဟု ပြောကာ ကျောင်းသို့ လွှတ်လိုက်ပြန်၏။

မောင်ကာဠသည် တရားနာလို၍ မဟုတ်သော်လည်း အသပြာတစ်ထောင်ရမည် ဖြစ်၍ တရားကို မှတ်မိအောင်နာပြီး အိမ်ပြန်မည်ဟု ကြံကာ တရားနာယူလေရာ နာရင်းနာရင်း တရားတော်၌ သက်ဝင်ယုံကြည်ကာ သောတာပန်ဖြစ်သွားလေတော့၏၊ အနာထပိဏ် သူဌေးကြီး၏ သားအပေါ် ကောင်းမွန်သော ချီးမြှောက်ထောက်ပံ့မှုပင်ဖြစ်ပါသည်၊ ထို့အတူ မိမိ၏ သားသမီးအပေါ်မှာ သာမက ဇနီးမယားအပေါ်မှာပါ လင့်ဝတ်တရား ကျေပွန်စွာဖြင့် ချီးမြှောက်ထောက်ပံ့သူတို့အား သိကြားမင်းကပင် ရှိခိုးဦးခိုက်မှု ပြုလေ၏။

ထို့ကြောင့် ရတနာသုံးပါးကို အမြဲမပြတ်ဆည်းကပ်၍ တရားနှင့်အညီ သမီးသား နှင့်ဇနီးမယားကို ချီးမြှောက်ထောက်ပံ့ခြင်းသည် "ပုတ္တဒါရဿ သင်္ဂဟမင်္ဂလာ"မည်ပါသည်။ **(ဓမ္မပဒအဋ္ဌကထာ)**

❖ ❖ ❖

## ၁၃။ အနာကုလာစ ကမ္မန္တာ =အပြစ်ကင်းသောအလုပ်ကို လုပ်ခြင်း

## ကြွက်သေတစ်ခု အရင်းပြု၍

ဘုရားအလောင်းသည် ဗာရာဏသီပြည်၌ စူဠကသူဌေးဖြစ်နေစဉ် တစ်နေ့သ၌ ဘုရင်မင်းမြတ်ထံ အခစားသွားရာလမ်းတွင် ကြွက်သေကိုမြင်၍ နက္ခတ်ကို ကြည့်ပြီးလျှင် "ဤကြွက်သေကို အရင်းပြုသူမှာ လုပ်ငန်းအောင်မြင်၍ ကြွယ်ဝနိုင်သည်"ဟု ဆို၏။ ထိုစကားကိုကြားရသော ဆင်းရဲသားတစ်ဦးသည် "ဤသူဌေးသည် ပညာရှိ၍မသိဘဲ မပြောရာ" ဟုမှတ်ယူပြီး ထိုကြွက်သေအား ကောက်ယူသွားလေ၏။

ထိုဆင်းရဲသားသည် ကြွက်သေကိုယူ၍ အိမ်ဈေး၌ ကြောင်စာအဖြစ် ရောင်းရာ တစ်ရွေးသောအသပြာကို ရသည်။ ထိုတစ်ရွေးသောအသပြာဖြင့် တင်လဲကိုဝယ်ကာ သောက်ရေအိုးကို တည်ထား၏။ တောမှလာသော ပန်းသည်တို့အား တင်လဲနှင့်ရေကို ပေး၏။ ပန်းသည်တို့သည် ထိုယောကျ်ားအား ပန်းတစ်ဆုပ်စီ ပေးကုန်၏။ ထိုယောကျ်ား သည် ပန်းတို့ဖြင့် တင်လဲကိုဝယ်ကာ သောက်ရေအိုးကို ယူ၍ နောက်နေ့၌ ပန်းဥယျာဉ်သို့ သွား၏။ ထိုနေ့၌ ပန်းသည်တို့သည် ထိုယောကျ်ားအား ထက်ဝက်ကုန်သောပန်းပွင့်တို့ကို ပေး၏။ ထိုပန်းတို့ကို ရောင်းချရာ ရှစ်အသပြာတို့ကိုရ၏။

တစ်ဖန် လေနှင့်မိုးတို့ ရွာသောနေ့၌ မင်းဥယျာဉ်ဝယ် များစွာသော သစ်ကိုင်းနှင့် သစ်ခက် သစ်ရွက်တို့သည် လေကြောင့်ကြွေကျကုန်၏။ ဥယျာဉ်စောင့်သည် သိမ်းဆည်း ခြင်းငှာမစွမ်းနိုင်။ ထိုအခါ ဆင်းရဲသား ယောကျ်ားသည် ဥယျာဉ်သို့သွား၍ "ဤသစ်ကိုင်း သစ်ရွက်တို့ကို ငါ့အား ပေးပါက ငါရှင်းလင်းပေးမည် "ဟုဆိုရာ ဥယျာဉ်စောင့်သည် ပေး၏။ ထိုယောကျ်ားသည် သူငယ်တို့ ကစားရာနေရာသို့ သွား၍ သူငယ်တို့အား တင်လဲကို ပေးကာ သစ်ကိုင်း သစ်ခက်တို့ကို ထုတ်ဆောင်၍ ဥယျာဉ်တံခါး၌ စုပုံစေ၏။

မင်း၏ အိုးထိန်းသည်သည် အိုးဖုတ်ရန်အတွက် ထိုသစ်သား သစ်ခက်တို့ကို ယူ၍ တစ်ဆယ့်ခြောက်အသပြာနှင့် အိုးစရည်း အစရှိသည်တို့ကို ပေး၏။ ဤသို့ဖြင့် ထိုယောကျ်ား၌ နှစ်ဆယ့်လေးအသပြာ ဖြစ်လာသည်။ ထိုယောကျ်ားသည် မြို့အနီး၌

သောက်ရေအိုး တည်၍ ငါးရာသော မြက်ရိတ်ယောက်ျားတို့ကို သောက်ရေဖြင့် လုပ်ကျွေး၏။ မြက်ရိတ် ယောက်ျားတို့လည်း "သင်သည် ငါတို့အား များစွာသော ကျေးဇူးကို ပြု၏။ သင်၏ အဘယ်အမှုတို့ကို ငါတို့ပြုရ ကုန်အံ့နည်း" ဟုဆိုရာ ထိုယောက်ျားသည် "ငါ့အား ကိစ္စဖြစ်သော အခါမှ ငါ့ကိစ္စကို သင်တို့ပြုကြကုန်"ဟုဆိုကာ ရေကြောင်း ကြည်းကြောင်းတို့၌ ကုန်သည်တို့နှင့် အဆွေခင်ပွန်းဖွဲ့၏။

ထိုအခါ ကြည်းကြောင်းမှ ကုန်သည်တစ်ယောက်သည် "နက်ဖြန်၌ မြင်းကုန်သည် ငါးရာတို့သည် မြင်းတို့ကိုယူ၍ လာလိမ့်မည်"ဟုပြော၏။ ထိုယောက်ျားသည် မြက်ရိတ် ယောက်ျားတို့အား ငါ့အား မြက်တစ်စည်း စီပေးကြလော့၊ ငါ၏မြက်များ မရောင်းမီ သင်တို့၏ မြက်တို့ကို မရောင်းကြပါနှင့်" ဟုပြောရာ မြက်ရိတ်သမားတို့လည်း "ကောင်းပါပြီ"ဟုဆိုကာ မြက်စည်းငါးရာကို ထိုယောက်ျား၏ အိမ်သို့ပို့၏။ မြင်းကုန်သည်တို့သည် တစ်ခြား၌ မြက်မရ၍ ထိုယောက်ျားအား တစ်ထောင်သော အသပြာကိုပေး၍ မြက်တို့ကို ဝယ်ယူ၏။

နှစ်ရက် သုံးရက်ကြာသော် ရေကြောင်းမှ ကုန်သည်လည်း "ဆိပ်ကမ်း၌ သင်္ဘော ရောက်နေသည်"ဟု ထိုယောက်ျားအား ပြော၏။ ထိုယောက်ျားလည်း ရှစ်အသပြာတို့ဖြင့် ရထားအား ငှား၍ များစွာသောအခြံအရံတို့ဖြင့် ဆိပ်ကမ်းသို့ သွားကာ လက်စွပ်ကို စရံအဖြစ်ပေးပြီး သင်္ဘောပေါ်တွင် နေ၏။

ထိုအချိန်၌ တစ်ရာသောကုန်သည်တို့ ရောက်လာ၍ ထိုယောက်ျားအား တစ်ယောက်လျှင် တစ်ထောင်သော အသပြာကိုစု၍ တစ်သိန်းသော အသပြာတို့ကို စရံ အဖြစ် ပေးပြီးမှ တွေ့ခွင့်ရလေသည်။ ထို့နောက် ကုန်ပစ္စည်း၏ မူလတန်ဖိုး ထက် အသပြာတစ်သိန်းအမြတ်အစွန်းပေး၍ ကုန်များကို ဝယ်ယူကြသဖြင့် ထိုယောက်ျားသည် အသပြာနှစ်သိန်းရရှိလေ၏။

ထိုယောက်ျားသည် အသပြာတစ်သိန်းကိုယူ၍ စူဠကသူဌေးအား ကျေးဇူးဆပ်သည်။ အလုံးစုံသော အကြောင်းအရာကို ပြောပြသည်။ သူဌေးလည်း ထိုယောက်ျားအား သမီးနှင့်ထိမ်းမြားလက်ထပ်ပေး၏။ သူဌေးကွယ်လွန်သော် ထိုယောက်ျားသည် သူဌေးအရာကို ရလေသတည်း။ **(စူဠသေဋ္ဌိဇာတ်)**

## ၁၄။ ဒါနဠ = စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း

### ဥမ္မာဒန္တီ၏ ဒါနကုသိုလ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ အလွန်ဆင်းရဲသော မိန်းကလေး တစ်ယောက်ရှိခဲ့လေ၏။ ထိုမိန်းကလေးသည် ပွဲလမ်းသဘင်တစ်ခု၌ လှပသောအဝတ်တို့နှင့် ပြည့်စုံသော မိန်းမပျိုတို့ကိုမြင်၍ သူတို့ကဲ့သို့ ဝတ်ချင်စိတ်များ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် သူဆင်းရဲ မလေးသည် လှပသောအဝတ်ကို ရရန်အတွက် သူဌေးတစ်ဦးထံတွင် သုံးနှစ်တိတိ ကျွန်ခံခဲ့ရလေသည်။

ထိုသို့ သုံးနှစ်ကျွန်ခံပြီးနောက် အလိုရှိသော အဝတ်ကို ရရှိခဲ့လေသည်။ အားရဝမ်းသာစိတ်ဖြင့် ရှေးဦးစွာမဝတ်သေးဘဲ ကိုယ်လက်သန့်စင်ပြီးမှ ဝတ်ရန် မြစ်ဆိပ်သို့ သွား၍ ရေချိုး၏။

ထိုခဏ၌ ကဿပမြတ်စွာဘုရားရှင်၏ တပည့်ရဟန်းတော်တစ်ပါးသည် သင်္ကန်းခိုးယူ ခံရ၍ သစ်ခက်ကိုချိုးကာ ဝတ်ရုံလျက် ထိုအရပ်သို့ ရောက်ရှိလာ၏။ ထိုအခါ သူဆင်းရဲမလေးသည် "ဤအရှင်၏သင်္ကန်းသည် ခိုးသူလုယက်ခံရသည် ဖြစ်လတ္တံ့၊ ငါသည် ရှေးဘဝက မလှူခဲ့ဖူးခြင်းကြောင့် ယခုဘဝ၌ ဒီအဝတ်ပိုင်းကို ဆင်းရဲပင်ပန်းခံကာ ရရှိခဲ့ရ၏"ဟုကြံ၍ ရဟန်းတော်အား အဝတ်ကို လှူလိုက်လေသည်။

ထိုသို့လှူပြီးနောက် မိန်းကလေးသည် "အရှင်ဘုရား ဤသို့လှူဒါန်းရသော ကုသိုလ်ကြောင့် တပည့်တော်မသည် ဖြစ်လေရာဘဝတိုင်းတွင် မြင်မြင်သမျှသူတို့က ဘဝင်ကျကာ ဆောက်တည်ရာမရလောက်အောင် အလွန်လှပသော အဆင်းရှိသောသူ ဖြစ်ရပါလို၏"ဟု ဆုတောင်းခဲ့လေသည်။ မထေရ်မြတ်လည်း အနုမောဒနာပြု၍ ကြွသွားလေ၏။

ထိုအဝတ်ကို လှူဒါန်းခဲ့သော မိန်းကလေးသည် သေလွန်ပြီးနောက် နတ်ပြည်၌ တစ်ဖန် ကျင်လည်၍ နတ်ပြည်မှစုတေကာ သိဝိတိုင်း အရိဋ္ဌပြည်နယ်၌ တိရိဋ္ဌိဝစ္ဆအမည်ရှိ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးကြီး၏ သမီးဖြစ်လေ၏။ ထိုမိန်းကလေးသည် အလွန်လှပသော အဆင်းနှင့် ပြည့်စုံသောကြောင့်

မြင်မြင်သမျှယောကျ်ားတို့ ဆောက်တည်ရာမရ ရူးသွပ် သွားကြလေသည်။ ထို့ကြောင့် ထိုသူဌေးသမီးအား **“ဥမ္မာဒန္တီ”**ဟု အမည် မှည့်ခေါ်ကြကုန်၏။ ရှေးဘဝပြုပြုသမျှ ကောင်းမှုတို့ကို အကြောင်းပြု၍ တောင်းသောဆုနှင့် ပြည့်စုံခဲ့သော ဥမ္မာဒန္တီ သူဌေးသမီးလေး၏ သတင်းကို သိဝိတိုင်း၏ရှင်ဘုရင် သိဝိမင်းကြီး သိရှိသွားလေသည်။ သို့သော် အထောက်တော် ပုဏ္ဏားတို့၏ မဟုတ်မမှန် လုပ်ကြံတင်လျှောက်မှုကြောင့် မိန်းမယုတ်ဟု မှတ်ထင်ကာ မိဖုရား မမြှောက်တော့ချေ။ သူဌေးကြီးက အဘိပါရကစစ်သူကြီးနှင့် လက်ဆက်ပေးခဲ့၏။

ထို့နောက်မှ မြို့တွင်းသို့လှည့်လည်စဉ် ဥမ္မာဒန္တီ၏ အလှကိုမြင်တွေ့ရသော သိဝိမင်းကြီးသည် တပ်မက်သောစိတ် ဖြစ်ပေါ်လာလေသည်။ ထိုစိတ်ကြောင့် မင်းကြီးသည် မစားနိုင် မအိပ်နိုင် ဖြစ်ခဲ့ရသည်။ သူ၏ တပ်မက်သော ရာဂစိတ်ကြောင့် ယုတ်မာသည့်အဖြစ်ကို လောကဌ်ရှိသောသူတို့ သိသွားလေပြီဟု တွေးမိကာ နောက်ဆုံးတွင် မင်းကြီးသည် ဥမ္မာဒန္တီအပေါ်၌ တပ်စွန်းသောစိတ်ကို ပယ်ဖျောက်ကာ သတိသံဝေဂ ရသွားလေသည်။

**(ဥမ္မာဒန္တီဝတ္ထု၊ ပဏ္ဏာသနိပါတ်၊ ဇာတ်အဋ္ဌကထာ)**

❖ ❖ ❖

## ၁၅။ ဓမ္မစရိယာစ = သုစရိုက်တရားကို ကျင့်ခြင်း

**မိလကမထေရ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ သူတစ်ပါး၏အသက်ကို သတ်ခြင်း ပါဏာတိပါတ အမှုဖြင့် အသက်မွေးသော **“မိလက”** အမည်ရှိ မုဆိုးတစ်ယောက် ရှိလေ၏။ ထိုသူသည် သားကောင်တို့ကို သတ်စား၍ တောထဲ၌ပင် လှည့်လည် သွားလာနေ၏။ တစ်နေ့သ၌ မီးကျီး၌ ကင်သောအသားကို စားပြီး ကျော့ကွင်း ထောင်ရာအရပ်သို့ လှည့်လည်သည်ရှိသော် ရေငတ်သည်ဖြစ်၍ တောနေ မထေရ် တစ်ပါး၏ကျောင်းသို့ ချဉ်းကပ်လေ၏။ မိလကမုဆိုးလည်း စကြံသွားနေသော မထေရ်၏ အနီး၌ရှိသော သောက်ရေအိုးကိုဖွင့်၍ သောက်လေ၏။ သို့သော် ထိုသောက်ရေအိုး၌ ရေမတွေ့ရ၍ အမျက်ထွက်ပြီး မထေရ်အား ပြစ်တင်ကဲ့ရဲ့ တော့၏။

ထိုအခါ မထေရ်သည် "မုဆိုး ငါသည် သောက်ရေကို အပြည့်ခပ်ထား၏၊ သင်၏ ကြီးမားသောအကုသိုလ်ကံကြောင့်သာ ရေကို မမြင်ရခြင်း ဖြစ်သည်" ဟု ပြောဆိုလျက် မုဆိုးအား မိမိလက်ဖြင့် ရေကိုခပ်၍ ပေးလေ၏။ မုဆိုးလည်း မိမိ၏ အကုသိုလ်ကံကြီးမားပုံ ကို သိရှိပြီး ထိတ်လန့်သောစိတ်ဖြစ်ကာ "ကျွန်ုပ်ကို ရဟန်းပြုပေးပါလော့"ဟု မထေရ်အား လျှောက်တင်လေ၏။ မထေရ်လည်း မိလက မုဆိုးအား ရဟန်းပြုပေးလေ၏။

ထိုမိလကမထေရ်သည် ရဟန်းပြု၍ ကမ္မဋ္ဌာန်းတရားတို့ကို အားထုတ်သော်လည်း မုဆိုးဘဝကပြုခဲ့သော အာရုံတို့သာ ထင်လာသည်ဖြစ်၍ စိတ်နှလုံး ပူပန်ခြင်း ဖြစ်ရလေ၏။ ထို့ကြောင့် ရဟန်းတရားကို ကျင့်ခြင်းငှာမစွမ်းနိုင်ကြောင်း မထေရ်အား လျှောက်တင်လေ၏၊ ထိုအခါ မထေရ်သည် မိလကမထေရ်အား စိုသော ရေသဖန်းသားတို့ကို စုပုံ၍ မီးတိုက် ခိုင်းလေ၏။ မိလကမထေရ်သည် အကြိမ်ကြိမ်ကြိုးစား၍ မီးတိုက်သော်လည်း မလောင်နိုင်ဘဲ ရှိတော့၏။ မီးလောင်ခြင်းငှာ မစွမ်းနိုင်ကြောင်း လျှောက်တင်သောအခါ မထေရ်သည် မြေကြီးကို နှစ်ဖြာခွဲ၍ အဝီစိမှ ပိုးစုန်းကြူးမျှသော မီးကိုတို့ယူ၍ ထင်းပုံ၌ ထည့်လေ၏။ ထိုထင်းပုံသည် သစ်ရွက်ခြောက်ကဲ့သို့ ခဏချင်းပင် လောင်၍ ပြာအတိ ဖြစ်သွားလေတော့၏။

ထိုအခါ မိလကအား မထေရ်သည် အဝီစိငရဲကိုပြ၍ "အကယ်၍ လူထွက်သည် ဖြစ်အံ့၊ ထိုအဝီစိသို့ ဖြစ်လတ္တံ့"ဟု ထိတ်လန့်ခြင်းကို ဖြစ်စေ၏။ မိလကမထေရ်သည်လည်း အဝီစိငရဲကို မြင်ရသည်မှစ၍ တုန်လှုပ်လျက် သံသရာမှ လွတ်မြောက်ရာဖြစ်သော ဘုရားသာသနာတော်၌သာနေ၍ ရဟန်းတရားတို့ကို လုံ့လပြု အားထုတ်လေတော့၏။ နောက်ဆုံးတွင် မိလကမထေရ်သည် မြင့်မြတ်သော တရားတို့ကို မအိပ်မနေ ကျင့်ကြံမှုကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက် ရလေတော့၏။

**(မိလကမထေရ်ဝတ္ထု၊ ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ)**

## ၁၆။ ဉာတကာနဋ္ဌ သင်္ဂဟော = ဆွေမျိုးတို့ကို ပေးကမ်း ချီးမြှင့်ထောက်ပံ့ခြင်း

### ဘုရားလောင်းကျီးမင်း

ရှေးလွန်လေပြီးသောအခါ ဘုရားအလောင်းသည် ကျီးဖြစ်၍ ကျီးအပေါင်းရှစ်သောင်း ခြံရံလျက် သုသာန်ကြီး၌ နေခဲ့လေ၏။

တစ်နေ့သ၌ ဗာရာဏသီမင်း၏ ပုရောဟိတ်ပုဏ္ဏားတစ်ယောက်သည် မြစ်ဆိပ်မှ ရေချိုး၍ မြို့တွင်းသို့ ဝင်လာလေ၏။ ထိုအခိုက် မြို့တံခါး၏ တိုင်ဖျား၌ နားနေသော ကျီးနှစ်ကောင် ရှိလေ၏။ ထိုနှစ်ကောင်ထဲမှ တစ်ကောင်သည် ပုဏ္ဏား၏ ဦးခေါင်းထက်၌ မစင်စွန့်ချရန် အားထုတ်လေ၏။ အဖော်ကျီးက "အစိုးရသောသူနှင့် ရန်ဘက်မပြုရန်နှင့် ၎င်းတို့ အမျက်ထွက်သည်ရှိသော် ဘေးဒုက္ခရောက်နိုင်ကြောင်း" ပြောလေ၏။ သို့သော် ထိုကျီးသည် နားမထောင်ဘဲ မစင်စွန့်ချလေတော့၏။ ပုဏ္ဏားသည် အမျက်ထွက်သည်ဖြစ်၍ ကျီးတို့အပေါ်၌ ရန်ငြိုး ဖွဲ့လေတော့၏။

အခါတစ်ပါး၌ စပါးတို့ကို နေပူလှန်း၍ စောင့်နေသောမိန်းမသည် စပါးကို လာစား သော ဆိတ်အား မီးစဖြင့် ရိုက်လိုက်လေ၏။ မီးနှင့်တကွ ဆိတ်သည် ဆင်တင်းကုပ်သို့ ပြေးဝင်လေရာ ဆင်တင်းကုပ်ရှိ ဆင်တို့ကိုပါ မီးလောင်နာသင့်လေကုန်၏။ ဆင်တို့ကို ဆေးကုသော ဆေးဆရာတို့သည် မတတ်နိုင်ကုန်သည်ဖြစ်၍ မင်းကြီးအား လျှောက်ကြား ကြကုန်၏။

မင်းကြီးသည် ကျီးတို့အပေါ် ရန်ငြိုးဖွဲ့ထားသော ပုဏ္ဏားကြီးအား "ဆေးကိုသိပါ၏ လော" ဟုမေးလေ၏။ ကျီးတို့အပေါ် ရန်ငြိုးဖွဲ့ထားသော ပုဏ္ဏားကြီးသည် "ကျီးဆီကိုရခြင်းငှာ သင့်၏"ဟု လျှောက်တင်လေ၏။ မင်းကြီးသည် ထိုသို့ဖြစ်လျှင် "ကျီးတို့ကို သတ်၍အဆီကို ယူဆောင်ကုန်လော့"ဟု စေခိုင်းလေ၏။ ကျီးတို့မှာမူ အဆီမရှိရကား အလုံးစုံသော ကျီးအပေါင်းတို့ ဘေးဒုက္ခ ရောက်ရကုန်တော့၏။

ထိုအခါ ဘုရားလောင်းကျီးမင်းသည် ဘေးဒုက္ခရောက်နေသော ဆွေမျိုးအပေါင်းကို ကယ်တင်ရန် ပါရမီတို့ကို ဆင်ခြင်၍ မေတ္တာကို ရှေ့သွား ပြုလျက်

မင်းကြီးထံ ဝင်ရောက် ပြီးလျှင် အမြဲထိတ်လန့်ခြင်းရှိကုန်သော ကျီးတို့၌ အဆီ မရှိခြင်းကို လျှောက်တင်လေ၏။ ထို့နောက် မင်းကြီးအား အဂတိမလိုက်ဘဲ မင်းကျင့်တရားနှင့်အညီ နေထိုင်ရန် ဆုံးမခဲ့လေ၏။

ထိုအခါမှစ၍ မင်းကြီးသည် ဘုရားလောင်းကျီးမင်း၏ ဆွေမျိုးနှင့်တကွသော အလုံးစုံသော သတ္တဝါတို့ကို ဘေးမဲ့ ပေးသနားတော်မူခဲ့လေ၏။

**(ကာကဝဏ္ဏ၊ ဧကကနိပါတ်၊ စုဒ္ဒသမဝဂ်)**

❖ ❖ ❖

## ၁၇။ အနဝဇ္ဇာနိ ကမ္မာနိ = အပြစ်ကင်းသောအမှုတို့ကို ပြုလုပ်ခြင်း

### မဃလုလင်

လွန်လေပြီးသောအခါ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည် မစလရွာ၌ **"မဃ"** အမည်ရှိသော အမျိုးကောင်းသား လုလင်တစ်ယောက် ရှိခဲ့သည်။ သူသည် ငါးပါးသီလမြဲသည်၊ အလှူ ဒါနနှင့် ပရဟိတကိစ္စများ ပြုလုပ်ဆောင်ရွက်လေ့ ရှိသည်။

မစလရွာ၌ မဃလုလင်နှင့် စိတ်တူကိုယ်တူရှိကြသော အခြားလုလင် (၃၃)ယောက်လည်း ရှိ၏။ မဃလုလင် ဦးဆောင်လျက် သူတို့သည် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ လမ်းဖောက်ခြင်း၊ တံတားခင်းခြင်း၊ လမ်းခင်းခြင်း၊ ဇရပ်ဆောက်ခြင်း၊ ရေတွင်း ရေကန်တူးခြင်း အစရှိသော အတ္တဟိတ, ပရဟိတ ကိစ္စများ ဆောင်ရွက်ကြသဖြင့် မစလရွာသားများလည်း သီလ ဆောက်တည် လာကြ၍ ကျေးရွာတိုးတက် သာယာလာလေသည်။

ရှေးအခါက မစလရွာသားများ ဆိုးသွမ်း၍ မစလရွာစားမှာ အမှုစီရင် ရသော်လည်း ယခုအခါ၌ မစလရွာမှာ ငြိမ်းချမ်းသာယာလာသဖြင့် အမှုမရှိ၍ လာဘ်လာဘ ဆုတ်ယုတ် လာလေတော့သည်။

ယုတ်မာသောရွာစားသည် မဃလုလင်တို့အား ပျက်စီးရန်ကြံစည်၍ မင်းထံသို့ ချဉ်းကပ်ပြီးလျှင် "မဃလုလင် ခေါင်းဆောင်သည့် လူငယ်(၃၃)ယောက် တို့သည် ရွာကို ဖျက်ဆီးနေကြပါသည်"ဟု လျှောက်တင်လေသည်။ မင်းသည်

မဃလုလင်တို့ကို စစ်ဆေး ခြင်း မပြုဘဲ "ဆင်ဖြင့် နင်းသတ်စေ"ဟု အမိန့်ချမှတ်လိုက်သည်။

မင်းချင်းတို့သည် မဃလုလင်နှင့် အဖော်တို့ကို ဆင်ဖြင့် နင်းသတ်ရန် ပြင်ဆင် ကြ၏။ မဃလုလင်က အဖော်တို့အား "အဆွေတို့ မကြောက်ကြလင့်၊ ဒေါသလည်း မထွက် ကြလင့်၊ မင်း၊ ရွာစား၊ ဆင်နှင့် မင်းချင်းတို့အား မေတ္တာပို့ကြ၊ ငါတို့ပြုခဲ့သော ကောင်းမှု ကုသိုလ်နှင့် သီလကို ဆင်ခြင်ကြ၊ သစ္စာဆိုကြ"ဟု မှာကြား၏။ အဖော်တို့ကလည်း လိုက်နာကျင့်ဆောင်ကြ၏။

မင်းချင်းတို့သည် ဆင်ကို အကြိမ်ကြိမ်နင်းစေသော်လည်း ဆင်သည် မဃလုလင်တို့ကို မနင်းဝံ့ဘဲ အနီးသို့ရောက်သောအခါ အော်၍သာ ပြေးလေသည်။

ထိုအကြောင်းကို မင်းကြီးကြားသော် "ဆေးစွမ်းကောင်း ရှိသောကြောင့် ဖြစ်တန် ရာ၏""ဟု ဆို၍ မဃလုလင်တို့၏ ကိုယ်တွင် ရှာစေ၏၊ မတွေ့ရချေ။ ထို့နောက် "ဂါထာ မန္တန် အစွမ်းကြောင့် ဖြစ်တန်ရာ၏"ဟုဆို၍ တစ်ဖန်မေးစေ၏။ မဃလုလင်က "ကျွန်တော်မျိုးတို့၌ ဆေးစွမ်းကောင်းလည်း မရှိပါ၊ ဂါထာမန္တန်လည်း မရှိပါ၊ သီလမြဲခြင်း၊ သူတစ်ပါးအကျိုး၊ ရပ်ရွာအကျိုး ဆောင်ရွက်ခြင်း၊ အလုံးစုံသော သတ္တဝါတို့အပေါ် မိမိနှင့် ထပ်တူ မေတ္တာထားခြင်း စသည်တို့ကို ပြုပါသည်။ ဤအကျိုးကြောင့် ရန်အပေါင်းမှ ကင်းဝေးခြင်း ဖြစ်ရပါသည်"ဟူ၍ လျှောက်ထား၏။

မင်းကြီးလည်း အဖြစ်မှန်ကို သိရှိသွား၍ မဃလုလင်တို့ကို လေးစား မြတ်နိုးသွားလေသည်။ ကုန်းချောသူ ရွာစားအား ချက်ခြင်းပင် ရာထူးမှချ၍ ပြစ်ဒဏ်ပေးသည်။ မဃ လုလင်အား ဆင်ကိုလည်းပေးသည်၊ ရွာစားလည်း ခန့်သည်။ ရွာစားပိုင် ရွာသူ-ရွာသားတို့ကိုလည်း ပေးအပ်သည်။ ထို့နောက် ရပ်ရွာအကျိုးကို ဆက်လက်ဆောင်ရွက် စေသည်။ မဃလုလင်တို့လည်း ဆထက် တိုး၍ ဆောင်ရွက်ကြလေသည်။ ဤကောင်းမှုကြောင့် သက်တမ်းစေ့၍ ကွယ်လွန်သောအခါ မဃလုလင်သည် တာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်လာ သည်။ အပေါင်းအဖော်တို့သည်လည်း နတ်သားများ ဖြစ်လာကြလေသည်။

**(မဃဝတ္ထု၊ အပ္ပမာဒဝဂ်၊ ဓမ္မပဒအဋ္ဌကထာ)**

❖ ❖ ❖

**၁၈။ အာရတိ (ပါပါ) = မကောင်းမှုမှ စိတ်ဖြင့် ဝေးစွာ ရှောင်ကြဉ်ခြင်း သစ္စာခိုင်ကြည် စန္ဒကိန္နရီ**

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာရှိ ငွေတောင်ပေါ်တွင် ကိန္နရာမောင်အဖြစ် ကျက်စားနေထိုင်ခဲ့၏။ တစ်နေ့တွင် သူသည် ဇနီးသည်စန္ဒာမည်သော ကိန္နရီမယ်နှင့်အတူ ငွေတောင်ပေါ်မှ ဆင်းသက်၍ ပျော်ရွှင်ကြည်နူးစွာ ယှဉ်တွဲသီဆိုကခုန်နေခဲ့သည်။

ထိုမြင်ကွင်းကို မုဆိုးအသွင်ယူ၍ တောထွက်ကစားတော်မူလာသော ဗြဟ္မဒတ်မင်းကြီး တွေ့မြင်လေရာ စန္ဒကိန္နရီမယ်လေးအပေါ် ချစ်ကြိုက်ယိုဖိတ်တပ်စွန်းစိတ် ဝင်လာလေ၏။ ထို့ကြောင့် ကိန္နရာမောင်ကို လေးဖြင့်ပစ်သဖြင့် မြားဒဏ်သင့်၍ လဲကျသတိမေ့သွားခဲ့သည်။ စန္ဒကိန္နရီမယ်လေးသည် ဗြဟ္မဒတ်မင်းကိုမြင်လျှင် ငွေတောင်ပေါ်တက်ပြေး၍ ကျိန်ဆဲလေသည်။ ဗြဟ္မဒတ်မင်းက "ပြန်ချစ်လျှင် မိဖုရားမြှောက်မည်"ဟု ဖြားယောင်း၏။ သို့သော် ကိန္နရီမယ်လေးက "ပြန်မချစ်နိုင်။ မိမိကိုယ်ကိုသာ အဆုံးစီရင်ပစ်မည်"ဟု အချစ်သစ္စာ ခိုင်မြဲတည်ကြည်မှု အရင်းခံလျက် ဗြဟ္မဒတ်မင်းအား တုံ့ပြန်ပြောကြားလိုက်သည်။ နောက်ဆုံး၌ မင်းကြီးသည် တစ်ဖက်သတ်အချစ်အား လက်လျှော့၍ ပြည်တော်ပြန်သွားရတော့၏။

ကိန္နရီမယ်လေးသည် ကိန္နရာမောင်ထံ အပြေးဆင်းလာ၍ ငွေတောင်ပေါ်သို့ သယ်ဆောင်လျက် အမျိုးမျိုးအဖုံဖုံ သီကျူးငိုကြွေးပြန်သည်။ ထိုအခိုက် ကိန္နရာမောင် ရင်ဘတ်ပေါ် လက်တင်စမ်းသပ်မိစဉ် အသက်ရှင်နေသေးကြောင်း သိရသောကြောင့် လောကပါလနတ်တို့အား သစ္စာပြု တိုင်တည်လေ၏။ သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် ရောက်လာလျှင် ကိန္နရာမောင်အား နတ်ရေစင် သွန်းဖြန်းပေးလိုက်သည်။ ကိန္နရာမောင်လည်း မြားဆိပ်ပျောက်ကင်း မူးမေ့ရှင်း၍ ချက်ချင်းထလာနိုင်လေသည်။ ကိန္နရီမယ်လေးသည် ပုဏ္ဏားအသွင် သိကြားမင်းအား ကျေးဇူးတင်စွာ အဖန်ဖန်ရှိခိုးသည်။ ထို့နောက် ကိန္နရာကိန္နရီမောင်နှံတို့သည် တူစုံယှဉ် ပျော်စံလျက် ရွှေလက်တွဲမြဲကာ သစ္စာရှိရှိ မေတ္တာအပြည့်ဖြင့် ပေါင်းသင်းနေထိုင်သွားတော့သည်။

**(စန္ဒကိန္နရီဇာတ်)**

## ၁၉။ ဝိရတိ (ပါပါ) = မကောင်းမှုမှ ကိုယ် နှုတ်ဖြင့် အထူးရှောင်ကြဉ်ခြင်း

### ကိုယ်နှုတ်ထိန်းသိမ်း မင်းသားလေး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ သားတော်ပေါင်း တစ်ထောင်တို့တွင် အငယ်ဆုံးသားတော် ဖြစ်ခဲ့၏။ တစ်နေ့သော် ထိုမင်းသားလေးသည် နန်းတော်သို့ နေ့စဉ် ဆွမ်းဘုဉ်းပေး ကြွတော်မူ နေကျဖြစ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား အဖအမွေဖြစ်သော ဗာရာဏသီထီးနန်း ဆက်ခံနိုင်ခွင့်ရှိ-မရှိကို မေးလျှောက်လေသည်။ အရှင်မြတ်တို့က "ဆက်ခံနိုင်ခွင့်မရှိချေ။ ဤပြည်မှ ယူဇနာ (၁၈၀) ဝေးကွာသော တက္ကသိုလ်ပြည်သို့ သွားလျှင်မူ(၇)ရက်မြောက်နေ့၌ မင်းဖြစ်လိမ့်မည်။ သို့သော် လမ်းခရီးအကြားတွင် တောအုပ်ရှိ ဘီလူးများ၏ အာရုံငါးပါးဖြင့် သွေးဆောင်ဖမ်းယူမှု အန္တရာယ်ကို သတိပြုရှောင်ရှားလော့"ဟု ဖြေကြားတော်မူကြ၏။

ဘုရားလောင်းမင်းသားငယ်သည် အရှင်မြတ်တို့ထံမှ ပရိတ်ချည်၊ သဲ၊ ရေတို့ကို လက်ခံရယူ၍ နောက်လိုက်ငါးယောက်နှင့်တကွ တက္ကသိုလ်သို့ သွားလေသည်။ ရူပါရုံ (အဆင်းအာရုံ)၊ သဒ္ဒါရုံ (အသံအာရုံ)၊ ဂန္ဓာရုံ (အနံ့အာရုံ)၊ ရသာရုံ (အရသာအာရုံ)၊ ဖောဋ္ဌဗ္ဗာရုံ (အတွေ့အာရုံ) ဟူသော အာရုံငါးပါးရှိရာတွင် နောက်လိုက် ငါးယောက်တို့က မိမိတို့ကြိုက်ရာ အာရုံအလိုက် တစ်ယောက်စီ နောက်ကျချန်နေရင်း လိုက်ပါသွားကြသောကြောင့် ဘီလူး အစားခံလိုက်ကြရလေ၏။

ဘီလူးမတစ်ယောက်ကား မင်းသားနောက်သို့ ဖွဲမလျှော့ဘဲ လိုက်နေဆဲပင်။ မင်းသားကို သူ့လင်ဖြစ်ကြောင်း လူအများအား ဘီလူးမက သိစေ၏။ မင်းသားက လက်မခံ။ တက္ကသိုလ်ပြည်ရောက် မြို့အဝင် ဇရပ်ပေါ်တွင် မင်းသားတည်းခိုနေစဉ် ဘီလူးမသည် မင်းသားနှင့်မကွာ ဇရပ်တံခါးဝတွင် နေ၏။ မနက်လင်း၍ တက္ကသိုလ်ပြည်ဘုရင်သည် ဥယျာဉ်တော်ထွက်စဉ် ထိုဘီလူးမ၏ ရုပ်ရည်လှပမှုတွင် တပ်မက်၍ လင်ရှိ-မရှိ စုံစမ်းရာ လင်မရှိ စုံစမ်းစေရာ ဘီလူးမနှင့် မင်းသားတို့က

လူထုပရိသတ်အား ယခင် ပြောကြား သကဲ့သို့ပင် ဘီလူးမက မင်းသားကို သူမ၏ လင်ဖြစ်ကြောင်းနှင့် မင်းသားက မဟုတ်မမှန်ကြောင်း ပြောကြားသည့်အပြင် မိမိ၏ သူငယ်ချင်းငါးဦးကို စားသော ဘီလူးမ ဖြစ်ကြောင်း စုံစမ်းလာသူတို့အား ပြောကြားခဲ့သည်၊ ထိုသူတို့က နှစ်ဦးနှစ်ဖက် ပြောစကားကို ဘုရင့်ထံသို့ သံတော်ဦး တင်ခဲ့သည်။ ဘုရင်က ပိုင်ရှင်မရှိသော ပစ္စည်းသည် မင်းဘဏ္ဍာဖြစ်သည်ဟု ဆုံးဖြတ်ပြီး လူယောင်ဆောင် ထားသော ဘီလူးမကို ဆင်ပေါ်တင်ပြီး မြို့တွင်းသို့ လှည့်လည်ပြီးနောက် မိဖုရား အရာ မြှောက်လိုက် လေသည်။

ဘီလူးမသည် ညသန်းခေါင်ယံရောက်လျှင် ဘုရင်ကြီးထံမှ နန်းတွင်း လူများအား "စိုးပိုင်ခွင့်အာဏာ"ကို ရယူလိုက်၏။ ထို့နောက် ဘုရင်အိပ်ပျော်နေစဉ် ဘီလူးအပေါင်းတို့ကို သွားခေါ်၍ ဘုရင်နှင့်တကွ နန်းတွင်းလူအားလုံးကို ဖမ်းယူ စားသောက်လေ၏။ ပြည်သူတို့သည် မနက်လင်း၍ နန်းတော်အတွင်းသို့ တံခါး ရိုက်ချိုးဝင်ကြရာ နန်းတော်တစ်ခုလုံး အရိုးအသွေးတို့ဖြင့် ပြန့်ကြဲနေသည်ကို တွေ့မှ "မနေ့ကတွေ့ခဲ့သော မိန်းမချောသည် ဘီလူးမ၊ မင်းသားလေးသည် ပညာရှိ"ဟု သိရှိကြလေသည်။ ထို့ကြောင့် ကိုယ်နှုတ်ထိန်းသိမ်း စောင့်ရှောက် နိုင်သော မင်းသားလေးကို တက္ကသိုလ်ပြည်ဘုရင်အဖြစ် တင်မြှောက်ပူဇော် လိုက်ကြ လေသည်။ **(တေလပတ္တဇာတ်)**

❖ ❖ ❖

## ၂၀။ မဇ္ဇပါနာ စ သံယမော = မူးယစ်ဆေးဝါး သုံးစွဲ သောက်စားခြင်းမှ စောင့်စည်းခြင်း

### အရက်သောက်လျှင် သေပွဲဝင်

ရှေးအခါက ဗာရာဏသီပြည်၌ ငါးပါးသီလစောင့်ထိန်းသည့် သောတ္ထိယ အမျိုးသည် ရှိ၏။ ထိုအမျိုးထဲမှ ရုပ်ရည်ချောမောခန့်ညား၍ မိဘတို့ ချစ်ရသော အမျိုးသား တစ်ယောက်ရှိ၏။ သူသည် ထိုခေတ်အခါကာလဝယ် ခေတ်စားသော ဗေဒင်သုံးပုံကို တဖက်ကမ်းခတ် တတ်သိသဖြင့် ပညာရှိတစ်ယောက်ဖြစ်ခဲ့သည်။ စာပေရဲရင့်၏။ သူသည် အရွယ်တူအရက်သမားများကို အပေါင်းအသင်း မိတ်ဆွေ လုပ်၍ လှည့်လည် သွားလာ နေထိုင်တတ်သည်။ အပေါင်းအသင်းများသည်

အသားငါးနှင့်အရက်တို့ကို စားသောက်ပါသော်လည်း သူသည်ကား မစားသောက်တတ်ပေ။ သူသည် အရက်သမားများနှင့်သာ ပေါင်းဖော်မှိဝဲ သွားလာဖန်များသဖြင့် နောက်ပိုင်းတွင် အပေါင်းအသင်းများ၏ လှည့်ပတ် ဖျက်ဆီးမှုကြောင့် အရက်သမား ဖြစ်လာခဲ့လေ၏။

သူ့ဖခင်ကြီး သိရှိသွားသောအခါ သူ့အား အမျိုးပျက်မည့်အရေး၊ စီးပွားပျက်မည့် အရေးတို့ကို ညွှန်ပြ၍ ဆုံးမသွန်သင်သည်။ ဆုံးမရခက်သောကြောင့် "အရက်မဖြတ်လျှင် အိမ်မှ နှင်ထုတ်မည်"ဟုပင် သတိပေးတားမြစ်ခဲ့၏။ သို့သော် အရက်စွဲနေပြီဖြစ်သော ထို သားသည် ဖခင်စကားကို နားမထောင်နိုင်တော့ချေ။ အရက်၏ ကျေးကျွန်ဖြစ်၍ အရက် သမားဖြစ်မြဲ ဖြစ်နေတော့သည်။ ထိုကြောင့် ဖခင်သည် သူ၏သားမိုက်ကို ရုံးတော်သို့ ခေါ်သွားလျက် သားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်၍ အိမ်မှ နှင်ထုတ်လိုက်လေသည်။

နောင်သောအခါ၌ကား ထိုအရက်သမား ပညာရှိအမျိုးသားသည် ပုဆိုးဟောင်းကိုသာ ဝတ်ဆင်နိုင်ပြီး ခွက်လက်စွဲတောင်းစားရသည့် သူတောင်းစား ဘဝ ရောက်ရှာလျက် သူတစ်ပါးအိမ်နံရံကို အမှီပြု၍သာလျှင် အားကိုးရာမဲ့ ဘဝပျက် သေဆုံးရှာလေတော့သည်။

**(မဟာသုတသောမဇာတ်အဝင်၊ ဇာတကအဋ္ဌကထာ)**

❖ ❖ ❖

## ၂၁။ အပ္ပမာဒေါ စ ဓမ္မေသု = သုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း

### တရားမမေ့ ကောင်းရာတွေ့

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဓနသန္တမင်းသည် မင်းကျင့်တရား (၁၀)ပါးနှင့်အညီ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေခဲ့သည်။ ထို့ကြောင့် ပြည်သူအများသည် ဘုရင်အား လေးစားရိုသေ ချစ်ကြောက်ကြည်ညိုသောအားဖြင့် ကောင်းမှုကုသိုလ်ကို စိတ်ဝင်တစား ပြုလုပ်ဆောင်ရွက်ကြလျက် မကောင်းမှုကို မပြုလုပ် မကျူးလွန်ကြကုန်။ မင်းနှင့် ပြည်သူများသည် ဗြဟ္မစိုရ်တရားလေးပါးကို

ကျင့်သုံးလိုက်နာကြ၏။ ထို့ကြောင့် ပြစ်မှုများ မဖြစ်ပေါ်မထင်ရှားကြကုန်။ တရားရုံးများကို ပိတ်ထားရသည်။ အချုပ်ထောင်များတွင် အချုပ်သားများ မရှိ။ အချုပ်ထောင်များ ဟင်းလင်းဖွင့်ထားရသည်။

မင်းကြီးသည် (၁၅)ရက်နေ့ ဥပုသ်နေ့တိုင်း တိုင်းသူပြည်သားများအား ဥပုသ်သီလ ဆောက်တည်စေ၍ နန်းရင်ပြင်၌ စုရုံးစေ၏။ ထို့နောက် နောင်တ (၁၀)မျိုး မဖြစ်ရလေ အောင် ကုသိုလ်တရားတို့တွင် မမေ့မလျော့ကြစေရန် ပြောဆို ဆုံးမ သွန်သင် တိုက်တွန်းပေးသည်။ တစ်လ(၂)ကြိမ်ကျ ဩဝါဒပေးတော်မူသောကြောင့် ပြည်သူများ လိမ္မာယဉ်ကျေးမှု ပိုလာကြသည်။ ဗာရာဏသီပြည်ကြီး တစ်ခုလုံး ပြစ်မှုကင်းစင်၍ ဘေးရန်ရှင်းသောကြောင့် ငြိမ်းချမ်းသော တိုင်းပြည် အဖြစ်ဖြင့် ထင်ရှားလာသည်။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည့်ရေးရာအဖြာဖြာ တို့သည်လည်း အဆင်ပြေချောမွေ့၍ တိုင်းပြည်သာယာဝပြောလာလေ၏။

ဤသို့ဖြင့် ဗာရာဏသီပြည်သူပြည်သားတို့သည် ဓနသန္ဓမင်းကြီး၏ ကျေးဇူးစွမ်းအားကြောင့် အလှူဒါနပြုခြင်း၊ ကိုယ်ကျင့်ကောင်းမွန်လာအောင် သီလဆောက်တည်ခြင်း၊ စိတ်ဓာတ် တည်ကြည်မြင့်မြတ်လာအောင် တရားဘာဝနာ အားထုတ်ခြင်းစသော ကုသိုလ်တရားတို့၌ မမေ့မလျော့ဘဲ ကျင့်သုံးနေထိုင်ခဲ့ကြသည်၊ ထို့ကြောင့် သူတို့သည် ပစ္စုပ္ပန်ဘဝ၌လည်း ကိုယ်စိတ်ချမ်းသာမှုများနှင့် တွေ့ကြုံ ခံစားကြရ၏။ နောင်တမလွန် ဘဝ၌လည်း နတ်ရွာသုဂတိ ကောင်းသော ဘုံဌာနသို့ ရောက်ကြရလေတော့သည်။ **(ဓနသန္ဓဇာတ်)**

❖ ❖ ❖

## ၂၂။ ဂါရဝေါ စ = အသက်သိက္ခာ ဂုဏ်ဝါကြီးမား ပုဂ္ဂိုလ်များကို ရိုသေလေးစားခြင်း

**အာယုဝဍ္ဎနသတို့သား**

မြတ်ဗုဒ္ဓလက်ထက်တော်အခါက လူဦးရေ အိမ်ခြေများပြားပြီး သာယာ လှပသည့် ဒီဃလမ္ဗိက အမည်ရှိသော ရွာကြီးတစ်ရွာ ရှိလေသည်။ ထိုရွာကြီး၌ ပုဏ္ဏားဇနီးမောင်နှံနှင့် ခုနစ်နှစ် အရွယ် သားငယ်လေးတို့ နေထိုင်ကြသည်။

တစ်နေ့သောအခါ ပုဏ္ဏားဇနီး မောင်နှံတို့သည် သားငယ်လေးကို ခေါ်ယူပြီး သူတို့ကိုးကွယ်သော ရသေ့တစ်ပါးထံသို့ သွားရောက် ကန်တော့ခဲ့ကြသည်။

ရသေ့က မိဘနှစ်ဦး ကန်တော့သည့်အခါ "အသက်ရှည်ပါစေ"ဟု ဆုပေးသည်။သားငယ်လေး ကန်တော့သည့်အခါ ဆုမပေးဘဲ ဆိတ်ဆိတ်နေ၏။ "အဘယ့်ကြောင့် သားငယ်လေးကို ဆုမပေးဘဲ နေပါသနည်း"ဟုမေးသောအခါ "သားငယ်လေး၏ အသက် အပိုင်းအခြားသည် ခုနစ်ရက်သာ ရှိတော့သည်။ ခုနစ်ရက်ပြည့်လျှင် သေမည်ကို သိမြင်၍ ဆုမပေးခြင်း ဖြစ်သည်"ဟု ဖြေကြား လိုက်သည်။

ပုဏ္ဏားဇနီးမောင်နှံတို့သည် အလွန်စိုးရိမ်ထိတ်လန့်၍ "သားငယ်လေး အသက်ရှည်အောင် အဘယ်သို့ ပြုလုပ်ရမည်နည်း"ဟု မေးလေသည်။ "အသက်ရှည်အောင် အဘယ်သို့ ပြုလုပ်ရမည်ကို ငါမသိပြီ၊ မြတ်စွာဘုရားကတော့ အသက်ရှည်နိုင်မည့်နည်းကို ပေးနိုင်လိမ့်မည်"ဟု ဖြေကြားလိုက်သည်။

ပုဏ္ဏားဇနီးမောင်နှံတို့သည် သားငယ်လေးကိုခေါ်၍ မြတ်စွာဘုရားထံ သွားရောက်ပြီး ကန်တော့ကြသည်။ မြတ်စွာဘုရားက မိဘနှစ်ဦးကန်တော့သည့် အခါ "အသက်ရှည်ပါစေ"ဟု ဆုပေးပြီး သားငယ်လေး ကန်တော့သည့်အခါ ဆုမပေးဘဲ ဆိတ်ဆိတ်နေတော်မူသည်။ ထိုအခါ မိဘနှစ်ဦးက"အဘယ့်ကြောင့် သားငယ်လေးကို ဆုမပေးပါသနည်း"ဟု မေးလျှောက်လေသည်။ မြတ်စွာဘုရားက "သားငယ်လေး၏ အသက်အပိုင်းအခြားသည် ခုနစ်ရက်သာရှိတော့သည်။ ခုနစ်ရက် ပြည့်လျှင် သေမည်ကို မြင်၍ ဆုမပေးခြင်း ဖြစ်သည်"ဟု မိန့်တော်မူသည်။ မိဘနှစ်ဦး တို့သည် လွန်စွာစိတ်ပူပန်ပြီး "သားငယ်လေး အသက်ရှည်အောင် အဘယ်သို့ပြုလုပ်ရမည်နည်း"ဟု မေးလျှောက်လေသည်။

မြတ်စွာဘုရားက"ငါဘုရားနှင့် သံဃာတော်တို့ကို သင်တို့၏ အိမ်သို့ ပင့်ဖိတ်ပြီး သားငယ်လေးကို အလယ်မှာထား၍ပရိတ်တရားကို ခုနစ်ရက်တိုင်တိုင် နာကြားစေရန်၊ ငါဘုရားနှင့် သံဃာတော်တို့ကို ရှိခိုးကန်တော့၍ အရိုအသေပြုရန် စီစဉ်ပေးပါ"ဟု မိန့်တော်မူသည်။

မိဘနှစ်ဦးတို့သည် မြတ်စွာဘုရားမိန့်ကြားသည့်အတိုင်း သားငယ်လေး

အတွက် စီစဉ်ပေးကြသည်။ သားငယ်လေးကလည်း မြတ်စွာဘုရားနှင့် သံဃာတော်တို့ ရွတ်ဆိုအပ်သော ပရိတ်တရားတော်ကို ကောင်းစွာနာကြားသည်။ မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ရှိခိုးကန်တော့အရိုအသေ ပြုလေသည်။ ထိုကုသိုလ်ကောင်းမှုကြောင့် ခုနစ်ရက်ပြည့်လျှင် သေဆုံးမည့်ဘေးမှ လွတ်ကင်းချမ်းသာသွားသည်။ သားငယ်လေးသည် မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာပြီး ဘုရား၊တရား၊သံဃာ၊မိဘ၊ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို ဦးထိပ်ထား၍ နေ့စဉ်နေ့တိုင်း ရှိခိုးဦးချအရိုအသေပြုသည်။ ထိုကုသိုလ် ကောင်းမှုကြောင့် အသက် (၁၂၀) ရှည်၍ ကြီးပွားချမ်းသာသူအဖြစ်သို့ ရောက်ရှိသွားသည်။ ထို့ကြောင့်ပင် သူ၏အမည်ကို "အာယုဝဍ္ဎန"ဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်သည်။

မြတ်စွာဘုရား၏ တရားတော်ကို နာကြားရ၍ အာယုဝဍ္ဎန သတို့သားနှင့် ငါးရာသော ဥပါသကာတို့သည် သောတာပတ္တိမဂ်ဖိုလ် တရားအထူးကိုလည်း ရရှိသည်၊ သေလွန်သောအခါ သုဂတိနတ်ပြည်သို့ ရောက်ရှိပြီး နတ်စည်းစိမ် ချမ်းသာကို ခံစားရလေသည်။ **(ဓမ္မပဒ အဋ္ဌကထာ)**

❖ ❖ ❖

## ၂၃။ နိဝါတောစ = မာန်မာနကို နှိမ့်ချခြင်း

### အရှင်သာရိပုတ္တရာ၏ နိဝါတ

တစ်ခါက ပညာအရာ အကြီးမားဆုံးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သည် ကျောင်းဝင်းအတွင်း စင်္ကြံကြွတော်မူလာခဲ့၏၊ ကြွတော်မူလာလျက် ရှိသော မထေရ်၏ သင်္ကန်းသည် အစွန်းနှစ်ဖက် ညီညာမှုမရှိဘဲ အစွန်းထွက် နေသည်ကို ကိုရင်လေးတစ်ပါးက မြင်လိုက်သည်၊ ကိုရင်လေးသည် "ရဟန်း သာမဏေများ သင်္ကန်းဝတ်ရုံသည့်အခါ အစွန်းနှစ်ဖက်ညီအောင် ဝတ်ရုံရမည် ဟူသော"အဆုံးအမကို သိထားသောကြောင့် အရှင်သာရိပုတ္တရာမထေရ်၏ အမှတ်တမဲ့အစွန်းထွက်နေသော သင်္ကန်းအစွန်းကို ကြည့်လျက် မထေရ် ကြီးအား လက်အုပ်ချီကာ "အရှင်ဘုရား..အရှင်ဘုရား၏သင်္ကန်းဟာ အစွန်းမညီ ဖြစ်နေပါတယ် ဘုရား"ဟု လျှောက်ထားလိုက်လေ၏။

မထေရ်ကြီးသည် "ကိုရင်လေးက ငါ့ကို ပြောရကောင်းလား"ဟူသော သဘောထားတော်မမူဘဲ ကိုရင်လေးနှင့် မလှမ်းမကမ်းတစ်နေရာသို့ သွားကာ မိမိ၏ မညီမညာ ဖြစ်နေ သော သင်္ကန်းကို ချက်ချင်း ပြင်ဝတ်တော်မူလိုက်သည်၊ ထို့နောက် ကိုရင်လေးဆီ ပြန်လာကာ ကိုရင်လေးအား လက်အုပ်ချီလျက် "ကိုရင် တပည့်တော်ရဲ့သင်္ကန်း ဒီလောက်ဆို ညီပြီလားဘုရား"ဟု မေးတော်မူ လိုက်သည်၊ ကိုရင်လေးကလည်း "မှန်လှပါ"ဟု ညီညွတ်ကြောင်း ပြန်လျှောက်ထား၏။

အရှင်သာရိပုတ္တရာမထေရ်သည် ထိုနေရာ၌ပင် **"ထိုနေ့၌ သင်္ကန်း ဝတ်သော အသက်အားဖြင့် ခုနစ်နှစ်သာရှိသေးသော ကိုရင်လေးကပင် သွန်သင်ဆုံးမလာခဲ့လျှင် ထိုသွန်သင်ဆုံးမမှုကို ဦးခေါင်းထက်မှာ ခံယူပါ မည်"**ဟု ဥဒါန်းကျူးရင့်တော်မူခဲ့ပါသည်။

**(သံယုတ်အဋ္ဌကထာ)**

❖ ❖ ❖

## ၂၄။ သန္တုဋ္ဌိစ = ရသမျှဖြင့် ရောင့်ရဲလွယ်ခြင်း

### ရောင့်ရဲသူနှင့် မရောင့်ရဲသူများ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် လှည်းကုန်သည်တို့၏ အကြီးအမှူး ဖြစ်သူ လှည်းမှူးတစ်ဦးရှိ၏။ သူသည်လောဘနည်း၍ တင်းတိမ် ရောင့်ရဲသူ ဖြစ်သည်။

တစ်နေ့သ၌ လှည်းမှူးသည် လှည်းကုန်သည်တို့နှင့်အတူ လှည်းတို့တွင် ကုန်စည် များတင်သည်။ ထို့နောက် အရပ်တစ်ပါးသို့ ကုန်သွယ်ရန် ဗာရာဏသီ ပြည်မှ ထွက်ခွါလာခဲ့သည်။

သူတို့သည် လမ်းခရီး၌ ကန္တာရတစ်ခုကို ဖြတ်သန်းသွားရသည်။ ကန္တာရ အလယ်သို့ ရောက်သောအခါ ရေတွင်းဟောင်းတစ်ခုကို တွေ့ကြသည်။ ရေအလိုရှိ ကြသဖြင့် ရေတွင်းဟောင်းကို တူးကြသည်။ ထိုအခါ မမျှော်လင့်ဘဲ ကြေးမဲ-ကြေးနီတို့ကို တွေ့ကြသည်။ထို့နောက် ဆက်လက်တူးကြရာ ငွေ၊ ရွှေ၊ ပုလဲ၊ ကျောက်မျက်ရွဲနှင့် ပတ္တမြားတို့ကို အဆင့်ဆင့် တွေ့ကြသည်။

လှည်းကုန်သည်တို့သည် ဤရတနာတို့ကို ရရှိသော်လည်း မရောင့်ရဲကြ။ လောဘဇောတက်ကာ အခြားရတနာတို့ တွေ့ဦးမည်ထင်ပြီး ဆက်လက်တူးကြမည် ပြုသည်။ ထိုအခါ လှည်းမှူးက"အချင်းတို့ ဤမျှဖြင့် တော်လောက်ပါပြီ၊ ရောင့်ရဲကြပါ၊ ရှေ့ဆက် မတူးပါနှင့်"ဟူ၍ တားမြစ်သည်။

လှည်းကုန်သည်တို့ကား မတင်းတိမ်မရောင့်ရဲနိုင်၊ လှည်းမှူး၏ စကားကိုမနာယူ၊ လောဘဇောတက်ကာ ဆက်လက်တူးကြသည်။ ထိုတွင်း ဟောင်းကား သာမန်တွင်းမဟုတ်၊ နဂါးမင်းနေထိုင်ရာတွင်း ဖြစ်သည်။ လှည်းကုန်သည်တို့ အလွန်နက်စွာတူးကြသဖြင့် တွင်းအောက်တွင်နေသော နဂါးမင်းဗိမာန် ပျက်လေတော့သည်။

ဤတွင် နဂါးမင်းသည် အမျက်ထွက်သဖြင့် နှာခေါင်းလေဖြင့် မှုတ်လိုက်ရာ အဆိပ်ငွေ့များ ထွက်လာသည်။ လှည်းမှူးမှတစ်ပါး လှည်းကုန်သည်အားလုံး အဆိပ်သင့်၍ သေကျေ ပျက်စီးကြကုန်၏။

ထိုအခါ နဂါးလုလင်တို့သည် လူယောင်ဖန်ဆင်းလျက် တွင်းအောက်မှ ထွက်လာ ကြသည်။ တင်းတိမ်ရောင့်ရဲမှုရှိသော လှည်းမှူးကို ရန်မပြုရုံမက ရတနာတို့ကို လှည်းပေါ်သို့ တင်ပေးပြီး အတူအိမ်သို့ လိုက်ပို့ကာ နဂါးပြည်သို့ ပြန်သွားကြလေသည်။

လှည်းမှူးသည် ထိုရတနာတို့ကို လူအများအား ပေးကမ်းလှူဒါန်းသည်။ သီလ ဆောက်တည်၍ တင်းတိမ်ရောင့်ရဲသည်။ သေလွန်သောအခါ နတ်ပြည်သို့ ရောက်ရလေသည်။

**(ငါးရာ့ငါးဆယ်၊ မဟာဝါဏိဇဇာတ်)**

❖ ❖ ❖

## ၂၅။ ကတညုတာ = သူတစ်ပါးကျေးဇူးကို သိခြင်း

**ကျေးဇူးသိသူ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် စိတ်ထားကောင်းသော

ဘုရင်တစ်ပါး အုပ်စိုးခဲ့သည်။ တစ်နေ့သ၌ နယ်စွန်နယ်ဖျားအရပ်တွင် သူပုန်များ ထကြွသောင်းကျန်းရာ ဘုရင်ကိုယ်တော်တိုင် စစ်သည်ဗိုလ်ပါတို့ကို ဦးဆောင်လျက် သွားရောက်နှိမ်နင်းသည်။

အစတွင် သူပုန်များက ချုံခိုတိုက်ခိုက်ရာ ဘုရင်သည် အရေးနိမ့်သွားသည်။ အဖော်များနှင့်ကွဲကာ ရွာတစ်ရွာသို့ တစ်ကိုယ်တည်း ရောက်ရှိသွားသည်။ ရွာသားတို့သည် ဘုရင်မှန်းမသိကြ၊ ကြောက်လန့်ကာ ထွက်ပြေးကြသည်။ သတ္တိရှိပြီး စိတ်ကောင်းရှိသောရွာသား တစ်ယောက်သည် ထွက်မပြေးဘဲ လမ်းမှား လာသော ခရီးသွားတစ်ယောက်ဟု ထင်မှတ်ကာ ခရီးဦးကြိုပြုသည်။ ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံသည်။ နေရာထိုင်ခင်းများကို စီစဉ် ပေးသည်။

ဘုရင်သည် မိမိမင်းဖြစ်ကြောင်း ဖွင့်မပြောပေ။ (၄-၅)ရက်ခန့် ကြာသောအခါ ဘုရင်သည် ရွာမှထွက်ခွာသွားမည် ပြု၏။ မသွားမီ သူနေထိုင်ရာ မင်းနေပြည်တော်သို့ လာရောက်လည်ပတ်ရန် မှာကြားသည်။ "အဆွေ ကျွန်ုပ်၏ အမည်ကား "မြင်းစီးကြီး"ဟု ခေါ်ပါသည်။ မြို့တော်သို့ သင်လာလျှင် တောင်ဘက်တံခါးစောင့်အား "မြင်းစီးကြီးအိမ်ကို ပို့ပေးပါဟု ပြောလျှင် သူက လိုက်ပို့ပေးပါလိမ့်မည်" ဟူ၍ မှာကြားသွားသည်။

ဘုရင်သည် ထိုရွာမှထွက်ခွာပြီး မကြာမီပင် စစ်သည်ဗိုလ်ပါတို့ကို စုရုံးကာ သူပုန်များကို ဒုတိယအကြိမ် ထပ်မံတိုက်ခိုက်သည်။ သူပုန်များ အရေးနိမ့် သွားသည်။ ဘုရင်သည် အောင်ပွဲခံကာ နေပြည်တော်သို့ ပြန်လာခဲ့လေသည်။

အတန်ကြာသောအခါ ရိုးသားသော ရွာသားသည် မိမိနေထိုင်ရာ ကျေးရွာတွင် ရွာသူရွာသားများ အခွန်အတုတ်ကိစ္စ မတန်တဆ ပေးဆောင် နေရသဖြင့် အကြောင်းစုံသိရန် မင်းနေပြည်တော်သို့ သွားလေသည်။ သူ၏ မိတ်ဆွေ မြင်းစီးကြီး မှာထားသည့်အတိုင်း တောင်တံခါးမှဝင်ပြီး တံခါးစောင့်ကို မြင်းစီးကြီးအိမ်သို့ ပို့ပေးရန် ပြောရာ တံခါးစောင့်က ဘုရင်၏နန်းတော်သို့ ပို့လိုက်သည်။ ထိုအခါမှ ရွာသားသည် မိမိအိမ်၌ တည်းခိုသွားသော မိတ်ဆွေမှာ ဘုရင်မင်းမြတ်ဖြစ်ကြောင်း သိလိုက်ရ၍ အံ့ဩသွားလေသည်။

ကျေးဇူးသိ၍ စိတ်ထားမွန်မြတ်လှသော ဘုရင်သည် ရွာသားကို

ကောင်းမွန်စွာ ကြိုဆိုဧည့်ခံပြီး မင်းစည်းစိမ်တစ်ဝက်ကို ခွဲဝေပေးသည်။ ရွာသားနေထိုင်ရာ ကျေးရွာကိုလည်း အခွန်အတုတ်ပေးဆောင်ခြင်းမှ လွတ်ကင်းခွင့် ပေးလိုက်သည်။ ထိုအခါ အိမ်ရှေ့ မင်းနှင့်မှူးမတ်တို့က မကျေမနပ်ဖြစ်ကြသည်။ "ကျေးတောသားအား အကြောင်းမဲ့ မြှောက်စားပေးသည်"ဟူ၍ ဆိုကြသည်။

ဤတွင် ဘုရင်သည် "ငါစစ်ရှုံး၍ ဒုက္ခရောက်စဉ် ငါ့ကျေးဇူးရှင် ရွာသားက ကယ်၍ သာ ငါတစ်ဖန် စစ်အောင်ရသည်။ သူ့ကျေးဇူး ကြီးလှသည်။ "လောက၌ ကျေးဇူးပြုသူကို တုံ့ပြန်ပူဇော်ရမည်မှာ သူတော်ကောင်းတို့၏ ကျင့်စဉ် ဖြစ်သည်"ဟူ၍ ဆုံးမပြောဆိုသည်။ ထိုအခါမှ အိမ်ရှေ့မင်းနှင့်မှူးမတ်တို့သည် အဖြစ်မှန်ကို သိ၍ အမြင်မှန်ရကာ ကျေနပ် သွားကြလေတော့သည်။

❖ ❖ ❖

## ၂၆။ ကာလေန ဓမ္မဿဝနံ = သင့်လျော်သောအခါ၌ တရားနာခြင်း

**ဖားနတ်သား**

တစ်ရံရောအခါ မြတ်စွာဘုရားရှင်သည် စမ္ပာပြည်ရှိ ဂဂ္ဂရ ရေကန်အနီးဝယ် သီတင်းသုံးလျက် ရှင်လူအများကို တရားဟောတော်မူသည်။

ထိုစဉ် ရေကန်တွင်း၌ နေသော ဖားငယ်တစ်ကောင်သည် ရေကန်ထဲမှ ထွက်လာပြီး ပရိသတ်အစွန်တစ်နေရာ၌ ဝပ်လျက်"ဤအသံသည် သာယာ နာပျော်ဖွယ် ကောင်းသော အသံပေတည်း"ဟူ၍ အာရုံပြုကာ နားထောင်လျက် ရှိသည်။

ထိုအခိုက် နွားကျောင်းသား တစ်ယောက်သည် ထိုနေရာသို့ ရောက်လာပြီး ကြည်ညိုစိတ်ဖြင့် တရားနာသည်။ ထိုအခါ သူ၏နှင်တံတုတ်သည် ဖားငယ်၏ ဦးခေါင်းပေါ်သို့ မတော်တဆ ထောက်မိသွားသည်။ နွားကျောင်းသားသည် ဖားငယ်ကိုလည်း မမြင်။ ထိုအဖြစ်ကိုလည်း မသိ၊ ဖားငယ်သည် ထိခိုက်ဒဏ်ရာ ရသဖြင့် ထိုနေရာမှာပင် သေဆုံး သွားရှာသည်။

ဖားငယ်သည် တရားတော်ဟူ၍လည်းမသိ၊ အနက်အဓိပ္ပာယ်ကို လည်း နားမလည်၊ သို့ရာတွင် တရားတော်ကို အာရုံပြုလျက် ကြည်သာရွှင်လန်းသော

စိတ်ရှိနေစဉ် သေဆုံး သွားသဖြင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သားဖြစ်၍ နတ်သမီးအခြံအရံပေါင်းများစွာဖြင့် နတ်စည်းစိမ်ကို ခံစားရပေသည်။

**(မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသပါဠိ၊ ၁၊ ၅၈-၁၊ ၉၄)**

❖ ❖ ❖

## ၂၇။ ခန္တီစ = မြေကြီးပမာ အရာရာ၌ သည်းခံခြင်း

### ခန္တီပြည့်ဝ ရှင်ပုဏ္ဏ

သုနာပရန္တတိုင်းမှ သူဌေးကြီးပုဏ္ဏားသည် ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် သာဝတ္ထိ ပြည်သို့ ရောက်ရှိလာစဉ် မြတ်စွာဘုရားရှင်၏တရားတော်ကို နာကြားရသဖြင့် ရဟန်းပြုလို၍ ပစ္စည်း ဥစ္စာအားလုံးကို ညီငယ်ဖြစ်သော စူဠပုဏ္ဏအား လွှဲပေးလိုက်ပြီး ရဟန်းပြုလေသည်။

ထို့နောက် ပုဏ္ဏမထေရ်သည် သုနာပရန္တတိုင်း၊ သုနာပရန္တဇနပုဒ်သို့ သွား၍ တရား အားထုတ်လိုပါကြောင်း ဘုရားရှင်ထံ အခွင့်တောင်းသဖြင့် ခွင့်ပြုတော်မူ၏။

"ချစ်သားပုဏ္ဏ သုနာပရန္တတိုင်းသားတို့သည် ဒေါသကြီး၏၊ ကြမ်းကြုတ်၏၊ ထိုသူတို့သည် သင့်အား ဆဲရေး၊ပုတ်ခတ်ကုန်အံ့၊ သင်သည် အသို့လျှင် ·သည်းခံ လတ္တံ့နည်း"ဟု မေး၏။ ထိုအခါ ရှင်ပုဏ္ဏသည် "မြတ်စွာဘုရား သုနာပရန္တ တိုင်းသားတို့သည် တပည့်တော်ကို ဆဲရေးပုတ်ခတ်ကုန်အံ့၊ သူတို့သည် ငါ့အား ဆဲရေးခြင်းကိုသာပြုကုန်၏၊ လက်ဖြင့်ပုတ်ခတ်ခြင်းကို မပြုကုန်၊ တော်ကြပါပေ သည်"ဟု သည်းခံခြင်း(ခန္တီ)တရားဖြင့်သာ နေပါမည်ဘုရား။

"သုနာပရန္တတိုင်းသားတို့သည် လက်ဖြင့်ပုတ်ခတ်ခြင်းကိုပြုကုန်အံ့၊ သူတို့သည် ငါ့အား လက်ဖြင့်ပုတ်ခတ်ခြင်းကိုသာ ပြုကုန်၏၊ အုတ်ခဲဖြင့် ပစ်ခတ်ခြင်းကို မပြုကုန်သေး၊ တော်ကြပါပေသည်"ဟု သည်းခံခြင်း(ခန္တီ)တရား ဖြင့်သာ နေပါမည်ဘုရား။

"သုနာပရန္တတိုင်းသားတို့သည် အုတ်ခဲဖြင့် ပုတ်ခတ်ခြင်းကို ပြုကုန်အံ့၊ ထိုသူတို့သည် ငါ့အား အုတ်ခဲဖြင့် ပစ်ခတ်ခြင်းကို ပြုကုန်၏၊ တောင်ဝှေး၊

တင်းပုတ်တို့ဖြင့် ပုတ်ခတ်ခြင်းကို မပြုကုန်သေး၊ တော်ကြပါပေသည်” ဟု သည်းခံခြင်း (ခန္တီ)တရားဖြင့်သာ နေပါမည်ဘုရား။

“သုနာပရန္တတိုင်းသားတို့သည် တောင်ဝှေး၊တင်းပုတ်တို့ဖြင့် ပုတ်ခတ်ခြင်းကို ပြုကုန်အံ့၊ ထိုသူတို့သည် ငါ့အား တောင်ဝှေး၊တင်းပုတ်တို့ဖြင့် ပုတ်ခတ်ခြင်းကိုသာ ပြုကုန်၏၊ ဓား၊လှံ လက်နက်တို့ဖြင့် ခုတ်ဖြတ်ခြင်းကိုကား မပြုကုန်သေး၊ တော်ကြပါပေသည်”ဟု သည်းခံခြင်း(ခန္တီ) တရားဖြင့်သာ နေပါမည်ဘုရား။

“သုနာပရန္တတိုင်းသားတို့သည် ဓား၊လှံလက်နက်တို့ဖြင့် ခုတ်ဖြတ်ခြင်းကို ပြုကုန်အံ့၊ ထိုသူတို့သည် ဓား၊လှံလက်နက်တို့ဖြင့် ခုတ်ဖြတ်ခြင်းကိုသာပြုကုန်၏၊ ငါ့ကိုသေအောင် မသတ်ကြပါတကား၊ တော်ကြပါပေသည်”ဟု သည်းခံခြင်း(ခန္တီ) တရားဖြင့်သာ နေပါမည် ဘုရား။

“သုနာပရန္တတိုင်းသားတို့သည် ဓား၊လှံလက်နက်တို့ဖြင့် တပည့်တော်အား သေအောင် သတ်ကုန်ငြားအံ့၊ ကိုယ်နှင့်အသက်ကို ငြီးငွေ့နေသူတို့အတွက် ကိုယ့်ဟာကိုယ် မသတ်ရဘဲ ဓားဖြင့် ခုတ်သတ်ပေးကုန်၏၊ ထိုသူတို့သည် တော်ကြပါပေသည်၊ ကျေးဇူး ကြီးပါပေသည်”ဟု သည်းခံခြင်း (ခန္တီ)တရားဖြင့်သာ နေပါမည်ဘုရား။

ဤသို့လျှင် ပုဏ္ဏမထေရ်သည် သည်းခံခြင်း(ခန္တီ)တရားဖြင့်သာ နေထိုင်ပါမည်ဟု မြတ်စွာဘုရားရှင်အား လျှောက်ထားပြီး သုနာပရန္တတိုင်းသို့သွား၍ မကုလကကျောင်း၌ ဝါကပ်၏။ ထိုဝါတွင်း၌ပင် ရဟန္တာအဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

**(ထေရဂါထာ၊ ပုဏ္ဏတ္ထေရဝတ္ထု ၂)**

❖ ❖ ❖

## ၂၈။ သောဝစဿတာ = ဆုံးမခံယူ လွယ်ကူသောသူ ဖြစ်ခြင်း

**ရန်ကိုရန်ချင်း မတုံ့နှင်းသော်**

တစ်ခါသော် ပြဟ္မဒတ်မင်းသည် ဒီဃီတိကောသလမင်းကို စစ်တိုက်ရန် စစ်အင်အား အလုံးအရင်းနှင့် ချီတက်လာသည်။ ဒီဃီတိမင်းမှာ အင်အားချင်း

မမျှသဖြင့် မိဖုရားကို ခေါ်ကာ မြို့စွန်တစ်နေရာရှိ အိုးထိန်းသည်အိမ်၌ ရုပ်ဖျက်ကာ မထင်မရှား နေထိုင်သည်။

မိဖုရားကြီး၌ ကိုယ်ဝန်ရလာပြီး သားတော်ကလေး ဖွားမြင်သည်။ "**ဒီဃာဝု**"မင်းသား ဟု အမည်ပေးသည်။ ဒီဃီတိမင်းက "ငါတို့ရုပ်ဖျက်နေသည်ကို ဗြဟ္မဒတ်မင်းသိလျှင် သားတော်ပါ အသတ်ခံရလိမ့်မည်"ဟု ဆင်ခြင်ကာ မင်းသားကို လုံခြုံသောတစ်နေရာသို့ ပို့ပြီး အတတ်ပညာများကို သင်စေသည်။

တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် ဒီဃီတိမင်းနှင့်မိဖုရားကို တွေ့ရှိရာ ဖမ်းဆီးစေပြီး သူသတ်ကုန်းတွင် သတ်စေသည်။ ဒီဃာဝုမင်းသားသည် ပညာစုံသဖြင့် မိဘတို့ထံ ပြန်လာစဉ် လူများအကြားမှ သူသတ်ကုန်းသို့ ခေါ်ဆောင်သွားသော မိဘနှစ်ပါးကို တွေ့မြင်လိုက် ရသည်။

ကောသလမင်းသည် သားတော်ကို မြင်သောအခါ "ရန်တို့မည်သည် ရန်တုံ့မူသဖြင့် မငြိမ်းအေးကုန်၊ ရန်တုံ့မမူသဖြင့်သာ ငြိမ်းအေးကုန်၏"ဟု ဆုံးမစကား ဆိုလေသည်။ ထိုအခါ လူတို့က ဤမင်းသည် ရူးသွပ်နေသဖြင့် ယောင်ယမ်း မြည်တမ်းနေသည်ဟု ဆိုကြ၏။ မင်းကြီးက "အမောင်တို့ ရူးသွပ်သဖြင့် ငါယောင်ယမ်း မြည်တမ်းခြင်းမဟုတ်၊ ငါ့စကားကို ပညာရှိတို့ သိကြလိမ့်မည်"ဟု ပြန်ပြော၏။

သူသတ်ကုန်းတွင် မင်းမိဖုရားနှစ်ပါးကို အဆုံးစီရင်လိုက်ကြသည်။ ဒီဃာဝုမင်းသားသည် အစောင့်တို့အား အရက်မူးလဲအောင်တိုက်ပြီး အမိအဖတို့၏ အလောင်းကိုယူ၍ အားရအောင်ငိုကြွေးပြီးလျှင် ကောင်းစွာမီးသင်္ဂြိုဟ်သည်။ ထို့နောက် ဗြဟ္မဒတ်မင်း၏ ဆင်ဆရာထံ၌ တပည့်ခံကာနေထိုင်သည်။ နံနက်တိုင်းစောင်းတီးလျက် သီချင်းဆိုရာ မင်းကြီးကြားလျှင် နှစ်သက်သဖြင့် အတွင်းတော်၌ ခစားထမ်းရွက် စေသည်။

တစ်နေ့တွင် မင်းကြီးသည် ဒီဃာဝုမင်းသားကို ရထားမောင်းစေလျက် ဥယျာဉ်တော်သို့ ထွက်တော်မူရာ မင်းကြီးအား မင်းချင်းများနှင့်ဝေးရာသို့ ပရိယာယ်ဖြင့် ခေါ်ဆောင် သွားသည်။ မင်းကြီးပင်ပန်းသဖြင့် တစ်ရေးအိပ်မည်ဆိုကာ ဒီဃာဝုမင်းသား၏ပေါင်ကို ခေါင်းအုံး၍ အိပ်ပျော်သွား၏။ မင်းသားက

"ငါ့အမိအဖတို့ကို သတ်သူကို ယခုပြန်သတ်ခွင့် ရပြီ"ဟုကြံလျက် လက်ဝဲလက်ဖြင့် မင်း၏ ဥသျှောင်ကိုဆွဲပြီး လက်ယာလက်ဖြင့် သန်လျက်ကိုင်ကာ သတ်မည်ပြုစဉ် ဖခင်ဆုံးမသောစကားကို သတိရသဖြင့် မင်းကြီးကို မသတ်ဘဲ သုံးကြိမ် တိုင်တိုင် ချီတုံချတုံ ဖြစ်နေ၏။

ထိုစဉ် မင်းကြီးနိုးလာသည် အရှင်မင်းကြီး အကျွန်ုပ်သည် ကောသလမင်း၏သား ဒီဃာဝုမင်းသားဖြစ်သည်၊ အရှင်မင်းကြီး "ရန်တို့မည်သည် ရန်တုံ့မူသဖြင့် မငြိမ်းအေးကုန်၊ ရန်တုံ့မမူသဖြင့်သာ ငြိမ်းအေးကုန်၏" ဟု ဖခင်၏ဆုံးမစကားအတိုင်း သင့်ကို ရန်မပြုတော့ပါ။ သင်မင်းကြီး အကျွန်ုပ်ကို သတ်လိုက သတ်နိုင်ပါသည် ဟုဆိုကာ သန်လျက်ကို ပေး၏။

မင်းကြီးလည်း ဒီဃာဝုမင်းသားအား အပြစ်မယူတော့ဘဲ သမီးတော်နှင့် ထိမ်းမြားပေးပြီး သူ၏ဖခင် ဒီဃီတိကောသလ မင်း၏ ထီးနန်းကို ပြန်လွှဲပေးပြီး ငြိမ်းချမ်းစွာ ကိုယ်စီမင်းပြုကြလေသည်။

**(ဇာ၊ ၄-၃၊ ဒီဃီတိကောသလဇာတ်)**

❖ ❖ ❖

## ၂၉။ သမဏာနဥ္စ ဒဿနံ = ရဟန်းတော်တို့ကို ဖူးမြင်ရခြင်း

### ခုနစ်နှစ်အရွယ် ရဟန္တာငယ်

သီရိဓမ္မာသောကမင်းကြီးသည် ဘိုးဘေးအစဉ်ဆက် ကိုးကွယ်လာသည့် ပရိဗိုဇ်တွေကို ကိုးကွယ်နေရပေမယ့် စိတ်ချမ်းသာမှု မရခဲ့ပေ။ တစ်နေ့တွင် ပရိဗိုဇ်များ နန်းတော်ထဲ ကြွလာစဉ် စမ်းသပ်သည့်သဘောဖြင့် အရှင်ဘုရားတို့နှင့် သင့်တော်ရာမှာ ထိုင်ကြပါဟု ပြောသဖြင့် သူ့ထက်ငါ တိုးဝှေ့ပြီး လုထိုင်ကြ၏။ ဘုရင်၏ ရာဇပလ္လင်ပေါ်ကို မည်သူ တစ်ဦးတစ်ယောက်မျှ တက်မထိုင်ဝံ့ကြပေ။

တစ်နေ့တွင် (၇)နှစ်အရွယ်သာရှိသည့် နိဂြောဓသာမဏေ (ကိုရင်) လေးသည် ဣန္ဒြေရရ စက္ခုန္ဒြေချပြီး နန်းတော်ရင်ပြင်ကို ဖြတ်သွားစဉ် သီရိဓမ္မာသောကမင်းကြီး မြင်လိုက်သဖြင့် ချက်ချင်းလိုက်ပင့်ခိုင်းပြီး နန်းတော်ထဲ ရောက်လျှင် "ကိုရင်နှင့်သင့်တော်တဲ့ နေရာမှာထိုင်ပါ"ဟုလျှောက်ထား၏။

ကိုရင်လေးသည် သူ့ထက် အသက်၊ သိက္ခာ၊ ဂုဏ်ဝါ ကြီးမားသော ရဟန်းသံဃာ မရှိခြင်းကြောင့် ဤနန်းတော်ထဲတွင် "ငါသာလျှင်အမြတ်ဆုံး"ဟူသော အမြင်ဖြင့် ရာဇပလ္လင်ပေါ်၌ တက်ထိုင် လိုက်သည်။

မင်းကြီးလည်း ချစ်ကြည်ညိုလှသဖြင့် ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းပြီး "ကိုရင်လေး ကိုရင့်ဆရာရဲ့ အဆုံးအမတွေကို သိရင် ပြောပြပါ"ဟု လျှောက်သဖြင့် ကိုရင် လေးက "အရှင်မင်းကြီး.. မမေ့မလျော့ခြင်းဟာ မသေခြင်းရဲ့ အကြောင်း၊ မေ့လျော့ခြင်းဟာ သေခြင်း ရဲ့ အကြောင်းဖြစ်တယ်။ မမေ့မလျော့သူသည် သေသူမမည်။ မေ့လျော့သူသည်သာ သေသူ မည်၏"ဟု ဟောပြသဖြင့် ဘုရင်ကြီးလည်း ဝမ်းသာအားရဖြစ်ကာ သာဓုသုံးကြိမ်ခေါ်၍ ဦးသုံးကြိမ်ချပြီး နေ့စဉ်ဆွမ်းအုပ်တို့ကို လှူဒါန်းပါသည်။

ပထမ ဆွမ်းရှစ်အုပ်ကို လှူသောအခါ ကိုရင်လေးက အပြစ်ကြီးအပြစ်ငယ် အသွယ်သွယ်ကို ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာကို လှူလိုက်ပါသည်။

ဒုတိယဆွမ်းရှစ်အုပ်ကို ထပ်လှူသောအခါ ဘုရားဟောဒေသနာ တော်တို့ကို သင်ပေးသော ဆရာကို လှူလိုက်ပြန်သည်။

တတိယ ဆွမ်းရှစ်အုပ်ကို ထပ်လှူသောအခါ ဘုရားသားတော် သံဃာတော်တို့ကို လှူဒါန်းလိုက်ပါသည်။

စတုတ္ထ ဆွမ်းရှစ်အုပ်ကို ထပ်လှူသောအခါမှသာ ကိုရင်လေးက သူ့အတွက် လက်ခံပါသည်။

သီရိဓမ္မာသောကမင်းကြီးသည် နိဂြောဓသာမဏေငယ်လေးကို ဖူးတွေ့လိုက်ရသည့် အတွက် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လာပြီး၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်း လေးထောင်တို့ကို ဆောက်လုပ်လှူဒါန်းသည့်အပြင် ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်တော်မူပြီး ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို စည်ပင်ပြန့်ပွား၊ ထွန်းကားလာအောင် သာသနာပြုနိုင်ခဲ့ခြင်းပါ။ ဤကဲ့သို့ သာသနာပြုနိုင်ခြင်းသည် နိဂြောဓသာမဏေလေးကို ဖူးတွေ့ခွင့်ရခဲ့ခြင်းကြောင့်သာ ဖြစ်ပါသည်။

**(ဓိ၊ဌ-၃၊၃၄။ နိဂြောဓသာမဏေရဝတ္ထု)**

❖ ❖ ❖

## ၃၀။ ကာလေန ဓမ္မသာကစ္ဆာ = သင့်လျော်သောအခါ၌ ပညာရှိတို့နှင့် တရားဓမ္မ ဆွေးနွေးတိုင်ပင်ခြင်း

### ပညာရှိနှစ်ဦး

တစ်ခါသော် အင်းဝဘုရင်မင်းခေါင်၏ ပညာရှိအမတ်**"ဘိုးရာဇာ"**နှင့် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်၏ ပညာရှိအမတ်"သီဟပတေ့"တို့ တွေ့ဆုံ၍ စကားပြောဆိုဆွေးနွေးကြသည်။

အမတ်ကြီးသီဟပတေ့သည် ဘိုးရာဇာအောက်အသက်ငယ်သဖြင့် နိမ့်သောနေရာ တွင်ထိုင်၏၊ ထိုအခါ ဘိုးရာဇာက "ကေဝဋ္ဋပုဏ္ဏားနှင့် မဟော်သဓာတို့ စစ်ထိုးသောအခါနှင့် တူပါပေတယ်"ဟု ဆို၏။ အသက်ငယ်သော မဟောသဓာသည် အနိမ့်တွင်နေခဲ့သည်။

ဘိုးရာဇာက"ငါတို့နှစ်ပါး တိုင်းရေးပြည်ရေးကိုဆိုကြရာတွင် ပညာရှိကဲ့သို့ ဆိုမည်လော သို့တည်းမဟုတ် မှူးမတ်တို့ကဲ့သို့ ဆိုမည်လော"ဟု မေး၏။ သီဟပတေ့သည် ထိုအကြောင်းကို ရှင်းပြပါဟု ဆိုသဖြင့် "ပညာရှိတို့ဆိုခြင်းကား ဟုတ်မှန်လျှင် ဟုတ်မှန်သည်၊ မဟုတ်မှန်လျှင် မဟုတ်မှန်ဟု အကြည်အသာဆို၏။ မှူးမတ်တို့ဆိုခြင်းကား အလိုနှင့်ညီသော် ဝမ်းမြောက်၏၊ အလိုနှင့်မညီသော် ရန်ငြိုးဖွဲ့၏"ဟု ဘိုးရာဇာက ရှင်းပြ၏။

ထိုအခါ "သီဟပတေ့"က "ပညာရှိတို့ ဆိုခြင်းကိုသာ ဆိုချင်ပါသည်"ဟု ဆို၏။ သီဟပတေ့သည် ကြံဖြူကို ကွမ်းချပ်တွင်ထည့်ကာ ဘိုးရာဇာအား ဆက်ကပ်၏၊ ဘိုးရာဇာလည်း ကြံဖြူကိုယူပြီး အဖျားမှစ၍အရင်းအထိ တရွေ့ရွေ့ အရသာခံကာ သုံးဆောင်၏။

ဤတွင်"သီဟပတေ့"က "အဘိုးရာဇာ အတုမရှိသော ပညာရှိဖြစ်ပါလျက် အဘယ်ကြောင့် ကြံကို အဖျားကစ၍ စားဘိသနည်း"ဟုမေး၏။ အဘိုးရာဇာက "အမတ်ကြီးသီဟပတေ့ ငါသည် နီတိကျမ်းကိုမှီ၍ အရသာကို တရွေ့ရွေ့ခံကာ သုံးဆောင်၏"ဟုဆို၏။

ထိုအခါ သီဟပတေ့က"အဘိုးရာဇာ ဘုရားတရားတော်တွင်

"ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ ခဏ္ဍသည် အနိစ္စ ဖြစ်သည်"ဟုဆိုပါသည်။ အဘယ်ကြောင့် ကြံကို အဖျားကစ၍ အရသာခံကာ စားဘိသနည်း။ အရသာကောင်းတည်ရာ ကြံအရင်းသို့ မရောက်မီ အနိစ္စဖြစ်ပါမူ အရသာကောင်းကို မမှီဝဲရ ရှိတော့မည် မဟုတ်ပါလော"ဟုဆို၏။

ထိုအခါ ဘိုးရာဇာက စကားနိုင်မဆို၊ "အမတ်ကြီး ငါသည် လူတို့သုံးစွဲရိုး နီတိကျမ်းကို လိုက်၍စားသည်၊ သင်သော်ကား ဘုရားတရားတော်ကို လိုက်၍ဆိုသည်၊ သင့်စကားသည် ငါ့စကားထက် သင့်လှပေသည်"ဟုဆိုကာ ချီးကျူးပြောဆို၏။

သီဟပတေ့သည် "အဘိုးရာဇာကား ပညာရှိရုံသာမက သူတော်ကောင်းလည်း ပီသပါပေသည်၊ အဘိုးရာဇာနှင့်တူသောသူကို အကျွန်ုပ်တွေ့ရခဲသည်"ဟုဆို၏။

ဤသို့လျှင် ပညာရှိနှစ်ပါးသည် ပညာရှိသူတော်ကောင်းထုံးကို နှလုံးမူကာ ချစ်ကြည် ရင်းနှီးစွာ ပြောဆိုဆွေးနွေးရာ ပရိသတ်များလည်း ဝမ်းသာကြည်နူးမဆုံး ရှိကြလေသည်။ **(၃၈-ဖြာ မင်္ဂလာပုံပြင်များ၊ မင်းယုဝေ)**

❖ ❖ ❖

## ၃၁။ တပေါ်စ = ကိလေသာအပူဝေး၍ ငြိမ်းအေးစေတတ် အကျင့်မြတ်ကို ကျင့်ခြင်း

### ငြိုးခြံစွာ ကျင့်နိုင်သူ

ရှေးသရောအခါ ဗာရာဏသီပြည်ဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပြာဟ္မဏ သူဋ္ဌေးလင်မယား နှစ်ယောက်ရှိ၏။ သူတို့တွင် **"အကိတ္တိ"**ဟူသော သားတစ်ယောက်နှင့် **"ယသဝတီ"**ဟူသော သမီးတစ်ယောက် ရှိ၏။

အရွယ်ရောက်၍ ပညာစုံသောအချိန်၌ မိဘတို့သည် ကွယ်လွန်သွားသည်။ များပြား လှသော ပစ္စည်းဥစ္စာများကို ရရှိရာ အကိတ္တိက "ဥစ္စာစည်းစိမ်များနှင့် ကာမဂုဏ်အာရုံများကို လိုက်စားခံစားရန် အလိုမရှိပါ၊ ရသေ့ရဟန်းပြုပါမည် နှမငယ်ယူပါလော"ဟုဆို၍ နှမငယ် ယသဝတီအား သူပိုင်ပစ္စည်းများကို ပေး၏။ နှမငယ်ကလည်း ဥစ္စာစည်းစိမ်များနှင့် ကာမဂုဏ်အာရုံများ လိုက်စားခြင်းကို တံတွေးကဲ့သို့ ရွံရှာလျက် မယူဘဲ သဘောတူစွန့်ကြလျှဒါန်းပြီးလျှင် ရသေ့ရဟန်းပြုကာ

တောသို့ ဝင်လေ၏။ ရသေ့မောင်နှမသည် တောအရပ်၌ ကျောင်းသခ်မ်းဆောက်ကာ ငြိမ်းချမ်းစွာဖြင့် အကျင့်မြတ်ကို ပွားများ အားထုတ် နေလေ၏။ လူအပေါင်းတို့သည် ကြည်ညိုလှသဖြင့် ရသေ့ပြုလာကြ၍ အခြံအရံများလာ၏။ လာဘ်လာဘလည်း ပေါများလာ၏။ ထိုအခါ အကိတ္တိ ရသေ့သည် မနှစ်မြို့လာသဖြင့် လာဘသက္ကာရဟူသော အာရုံတို့နှင့် ဝေးရာသို့ ထွက်ခဲ့၍ ဥယျာဉ်တစ်ခု၌ တစ်ပါးတည်း နေထိုင်ကာ တရားကို ကြိုးစားအားထုတ် သောအခါ ဗျာနိရ ရသေ့ဘဝသို့ ရောက်ရှိခဲ့လေ၏။ ထိုအခါ လူအပေါင်းတို့ ရောက်ရှိလာကာ ပူဇော်ကြပြန်သည်။ လာဘ်လာဘများ ပေါများလာပြန်၏။

ထို့ကြောင့် ထိုနေရာမှ ဖယ်ခွါ၍ လူသူဝေးသော ကျွန်းတစ်ကျွန်းသို့ သွားရောက် နေထိုင်သော် ကံပြင်းပင်ကြီး တစ်ပင်ကို အမှီပြု၍ ကျောင်းဆောက်ကာ တစ်ပါးတည်း နေထိုင်၏။ ကံပြင်းပင် အသီးသီးသောအခါ အသီးကို စား၏။ အသီးမရှိသောအခါ အရွက်ကို ပြုတ်၍ ငြိမ်းချမ်းစွာ အသက်မွေး၏။ ထိုအခါ သိကြားမင်းသည် ရသေ့ကို စုံးစမ်းရန် ပုဏ္ဏား အသွင် ဖန်ဆင်း၍ စားလတ္တံ့သော ကံပြင်းရွက်ပြုတ်ကို သုံးကြိမ်တိုင်တိုင် အလှူခံ၏။ ရသေ့ကလည်း အစာမစားဘဲ နတ်စည်းစိမ်၊ သိကြားစည်းစိမ်ကို အလိုမရှိ သဗ္ဗညုတဉာဏ်အလို့ငှာ ထက်သန်စွာ လှူဒါန်း၏။

အကြောင်းစုံသိသောအခါ "အသင်ရသေ့သည် ဘုရားဖြစ်ရန် ကာမဂုဏ်အာရုံများ ရှောင်ခွာ၍ တရားမြတ်တို့ကို အားထုတ်၏။ ငါကြည်ညိုလှသည် လိုရာဆုကို ပေးပါမည်"ဟု ဆို၏။ ရသေ့ကလည်း "ဆုကိုလက်ခံပါက လောဘ၊ ဒေါသစသည်တို့ ပွားတော့မည်၊ သင်၏ နတ်အဆင်းကို မြင်ရသည်ပင် ငါ၏ ခေါင်းပါးသော အကျင့်ကို အနှောင့်အယှက် ဖြစ်စေ၏၊ ငါ့ထံသို့ နောင်မလာရန်သာ ငါတောင်း ဆို၏"ဟုဆိုရာ သိကြားမင်းကလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ ရှိသေစွာရှိခိုးပြီး နတ်ပြည်သို့ ပြန်သွားလေသည်။

**(ဇာတကအဋ္ဌကထာ၊ အကိတ္တိဇာတ်)**

❖ ❖ ❖

## ၃၂။ ပြဟ္မစရိယဥ္စ = မေထုန်အမှု ရှောင်ကြဉ်ပြုလျက် ကောင်းမြတ်သောအကျင့်ကို ကျင့်ခြင်း

**အရှင်မဟာကဿပဝတ္ထု**

ဘုရားရှင်လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည်၌ ကပိလပုဏ္ဏားတွင် **"ပိပ္ပလိ"**မည်သော သားတစ်ဦးရှိ၏။ ဖခင်ဖြစ်သူသည် သားဖြစ်သူ အရွယ်ရောက်လာသဖြင့် အိမ်ထောင်ချပေးမည်ပြု၏။

သားဖြစ်သူ **ပိပ္ပလိ**လုလင်သည် ငြင်းဆန်၍ အိမ်ယာမထောင်ဘဲ မိဘတို့ကို အသက်ရှင်သရွေ့ လုပ်ကျွေးပြုစုလို၏။ မိဘတို့က အကြိမ်ကြိမ် တိုက်တွန်းသဖြင့် လှပသော ရွှေစင်အမျိုးသမီးရုပ်တု ပြုလုပ်၍ "ဤရွှေစင်ရုပ်ကဲ့သို့ လှပသော မိန်းမကိုရလျှင် အိမ်ထောင်ပြုပါမည်"ဟု ကတိပြု၏။

မိဘတို့သည် ပုဏ္ဏားရစ်ယောက်တို့ကို လှည့်လည်ရှာဖွေစေရာ သာဂလမြို့၌ ရွှေစင်ရုပ်တုနှင့်တူသော **"ဘဒ္ဒါ"**မည်သောသူဌေးသမီးကိုတွေ့၍ ထိမ်းမြားရန်စီစဉ်၏။ ပိပ္ပလိလုလင်သည် အိမ်ယာမထောင်လိုသဖြင့် သတို့သမီးထံ စာချွန်လွှာရေး၍ ပို့လေ၏။ ထိုနည်းတူ သတို့သမီး **ဘဒ္ဒါ**ကလည်း အိမ်ယာမထောင်လိုကြောင်း အကြောင်းကြား၏။ ထိုသူနှစ်ဦးတို့၏ စာလွှာတို့ကို ယူဆောင်လာသော သူတို့သည် လမ်းခရီး၌ ဆုံမိကြလျှင် ဖွင့်ဖတ်၍ ဖြဲဆုတ်ပြီး ဝမ်းမြောက် နှစ်သက်ပါကြောင်း ပြင်ဆင်ရေးသားကာ ပေးပို့ကြလေ သည်။

သို့ဖြင့် မောင်နှံနှစ်ဦးသည် အလိုမရှိဘဲ လက်ထပ်ထိမ်းမြား ဖြစ်သွား၏။ သူတို့သည် အကြင်လင်မယားဘဝ ရောက်ရသော်လည်း ဖြူစင်သန့်ရှင်းစွာဖြင့် မြတ်သောပြဟ္မစရိယအကျင့်ကို ကျင့်လျက် မောင်နှမရင်းချာကဲ့သို့သာ နေထိုင်ကြ၏။

အိပ်စက်သောအခါ အလယ်၌ ပန်းကုံးခြား၍ အိပ်စက်နေထိုင် ကြလေ၏။ ဤသို့ ပြဟ္မစရိယအကျင့်ကို ကျင့်လျက် နှစ်များစွာ နေလာကြရာမှ မိဘတို့ ကွယ်လွန်ကြလျှင် နှစ်ဦးစလုံး သဘောတူတိုင်ပင်၍ ပစ္စည်းဥစ္စာတို့ကို စွန့်ကြဲပေးကမ်းလျက် ဆံပင်တို့ကို ဖြတ်တောက်ပြီးလျှင် ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်ကာ ရွာမှထွက်လာခဲ့ကြသည်။ လမ်းခွဲတစ်ခုသို့ ရောက်သောအခါ တိုင်ပင်၍ တစ်ယောက်တစ်လမ်းစီ ခွဲခွါ သွားကြလေသည်။

နောက်ဆုံးတွင် ပိပ္ပလိလုလင်သည် ဘုရားနှင့်တွေ့၍ ရဟန်းပြုလေသည်။ ရဟန်း တရားများကို ပွားများအားထုတ်လေရာ (၈)ရက်မြောက်နေ့တွင် ရဟန္တာ ဖြစ်သွားလေသည်။ "ရှင်မဟာကဿပမထေရ်" ဟု ဘွဲ့တော်ထင်ရှား၏။ ဘဒ္ဒါသည်လည်း နောက်ဆုံးတွင် ဘိက္ခုနီမ ပြုခွင့်ရကာ တရားကို ကြိုးစား အားထုတ်ပြီး **ဘဒ္ဒကာပိလာနီ** ဟူသောအမည်ဖြင့် ရဟန္တာမ ဖြစ်သွားလေသည်။

**(ထေရအပါဒါန်)**

❖ ❖ ❖

## ၃၃။ အရိယသစ္စာနုဒဿနံ = သစ္စာလေးပါး မြတ်တရားကို သိမြင်ခြင်း

### ကျားပါးစပ်၌ တရားမြတ်ရသူ

ဘုရားရှင်လက်ထက်တော်အခါက အမျိုးသား(၃၀)တို့သည် ရဟန်းပြုကြ၍ မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းသင်ယူ၍ တောကျောင်း၌ ဝါကပ်ကြကုန်၏။ ညဥ့်သုံးယံပတ်လုံး တရားအားထုတ်ကြရန် အချင်းချင်း မဆက်သွယ်ကြရန် ကတိကဝတ် ပြုထားကြ၏။ မိုးသောက်ချိန်၌ ကျားဆိုးတစ်ကောင်သည် ရဟန်းတစ်ပါးအား ကိုက်ချီသွားရာ ကျားကိုက်ခံရသော ရဟန်းသည် ကျန်ရဟန်းတို့ တရားအားထုတ်ရာတွင် အနှောင့်အယှက် မဖြစ်စေရန် ကြိတ်မှိတ်သည်းခံ၍ အသေခံခဲ့သည်။ ဤနည်းဖြင့်(၁၀)ပါးခန့် ကျားဆွဲခံရပြီးသောအခါ ကတိကဝတ်ကို ပြင်၍ ကျားကိုက်ခံရလျှင် အချင်းချင်း အသိပေးရမည်ဟု တိုင်ပင်ကြ၏။

တစ်နေ့သ၌ ရဟန်းငယ်တစ်ပါးအား ကျားဆွဲလေရာ ဟစ်အော်၍ အသံပေး၏။ ထိုအခါ ကျန်ရဟန်းတို့က တောင်ဝှေး မီးရှူးတိုင်တို့ကို ကိုင်၍ ထိုရဟန်း လွတ်မြောက် စေရန် ခြောက်လှန့်အသံပေးကာ ကျားနောက်သို့ လိုက်ကြလေ၏။ ကျားဆိုးသည် ရဟန်းများ မလိုက်နိုင်သည့် ချောက်ကမ်းပါးပြတ် တစ်နေရာသို့ တက်၍ ခြေဖမိုးမှစ၍ စားလေ၏။ ထိုအခါ ရဟန်းတို့က "အိုသူတော် ကောင်း ယခုအခါ ငါတို့သည် ဘာမှမတတ်နိုင်၊ ရဟန်းတရားကိုသာ ပွားများ၍ အရိယသစ္စာကို သိမြင်အောင် အားထုတ်ပါ"ဟု ဆိုကြကုန်၏။

ထိုရဟန်းငယ်သည် ကျားပါးစပ်ဝ၌ တုံးလုံးလှဲလျက် နာကျင်မှုဝေဒနာကို ပယ်ခွါပြီး ဝိပဿနာကို ပွားများနေ၏။ ခြေကျင်းဝတ်ကို ကျားစားပြီးသောအခါ အရိယာတို့ သိအပ် သော သောတာပတ္တိမဂ်ဉာဏ်ကိုရ၍ သောတာပန် ဖြစ်လေ၏။

ဒူးဆစ်ကို ကျားစားပြီးသောအခါ သကဒါဂါမ် ဖြစ်လေ၏။ ချက်ထိ တိုင်အောင် စားပြီးသောအခါ အနာဂါမ် ဖြစ်လေ၏။ ရင်ဝရောက်၍ နှလုံးသားကို အစားမခံရမီ အချိန်တွင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံဝင်သွားလေသည်။

(မူလပဏ္ဏာသ၊ ဋ၊ ၁၊ ၂၃၈)

❖ ❖ ❖

## ၃၄။ နိဗ္ဗာန သစ္ဆိကိရိယာ စ = အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း

### သားနှင့်ဖခင် နိဗ္ဗာန်မြင်

ဘုရားရှင်လက်ထက်တော်အခါက ဗာရာဏသီပြည်၌ သူဌေးကြီးတစ်ဦးတွင် **"ယသ"**ဟူသော သားတစ်ဦး ရှိလေသည်။ သူဌေးကြီးနှင့် သူဌေးကတော်တို့သည် တစ်ဦး တည်းသော သားဖြစ်၍ နွေ၊ မိုး၊ ဆောင်းအလိုက် စံနန်းသုံးဆောင်ဖြင့် ခမ်းနားကြီးကျယ်စွာ စည်းစိမ်ခံစားနိုင်ရန် စီမံပေးထားကြသည်။ သို့သော်လည်း ယသသည် လောကီအာရုံ ကာမဂုဏ်အပေါ်၌ ငြီးငွေ့လာ၏။

တစ်နေ့သောအခါ မိုးမလင်းမီ အချိန်တွင် အိမ်မှထွက်၍ မိဂဒါဝုန် တောဘက်သို့ ရွှေခြေနင်းစီးလျက် တစ်ဦးတည်း ထွက်လာခဲ့သည်။ ဘုရားရှင်သည် ယသ၏ အကြောင်းကို သိမြင်တော်မူသဖြင့် ထိုတော၌ စောင့်နေတော်မူ၏။ ဘုရားရှင်ထံရောက်၍ တရားတော်ကို နာယူပြီးနောက် သောတာပန်တည်လေ၏။ အိမ်၌ကား **ယသ**သတို့သားပျောက်၍ ပူပင် သောကရောက်ကာ နေရာအနှံ့ ရှာကြသော်လည်း မတွေ့သဖြင့် အရပ်လေးမျက်နှာသို့ မြင်းသည်တော်များလွှတ်၍ ရှာဖွေစေ၏။

သူဌေးကြီးကိုယ်တိုင်မူကား မိဂဒါဝုန်တောဘက်သို့ သားကိုရှာရန် ထွက်လာခဲ့သည်။ သူဌေးကြီးသည် တစ်နေရာသို့ အရောက်တွင် သားဖြစ်သူ၏ ခြေနင်းရာကို တွေ့၍ မျက်ခြေ မပြတ်လိုက်ရာ ဘုရားရှင်အားတွေ့၍ မေးလျှောက်ရာ ဘုရားရှင်က "ဤနေရာ၌ စောင့်ပါ" ဟုဆိုသဖြင့် စောင့်၍ တရားနာယူရာ သူဌေးကြီးလည်း သောတာပန်တည်လေ၏။

**ယသ**သတို့သားသည် ဖခင်အား ဘုရားရှင် တရားဟောနေစဉ်တွင် မိမိသိမြင်ခဲ့သော တရားတို့ကို သုံးသပ်ဆင်ခြင်အားထုတ်နေလေရာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုက် ၍ ရဟန္တာဖြစ်လေသည်။ သူဌေးကြီးမှာလည်း သားဖြစ်သူကို တွေ့ရသဖြင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရလေတော့သည်။

**(ဝိ-၃၊ ၂၁။ ယသဝတ္ထုရဝတ္ထု)**

❖ ❖ ❖

## ၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ= လာဘ၊ အလာဘ စသည့်ရှစ်တန်လောကဓံနှင့်တွေ့ကြုံသော သူ၏ စိတ်သည် မတုန်လှုပ်ခြင်း

**အသိတာဘူမင်းသမီး**

ရှေးအခါက ဗြဟ္မဒတ်ဟု အမည်တွင်သော မင်းသားတစ်ပါးရှိသည်။ သူသည် အခြံအရံပေါ်များ လွန်းသဖြင့် ဖခင်ဘုရင်ကပင် မိမိ၏ ထီးနန်းကို လုယူလိမ့်မည်ဟု စိုးရိမ်သဖြင့် တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။ မင်းသားသည် **အသိတာဘူ**မည်သော ကြင်ရာတော် မင်းသမီးနှင့်အတူ ဟိမဝန္တာတောအုပ်သို့ သွားရောက်နေထိုင်သည်။ ထိုမင်းသမီးသည် လုပတင့်တယ်ရုံမက စိတ်ထားကောင်းပြီး လောကဓံကိုလည်း သည်းခံနိုင်စွမ်းရှိသည်။ သူတို့နှင့်မနီးမဝေးတွင် ပြင်းထန်စွာ တရားအားထုတ်နေသော ရသေ့ကြီးတစ်ပါးလည်း ရှိသည်။ တစ်နေ့တွင် မင်းသားသည် တောထဲသွားရင်း ကိန္နရီမ တစ်ယောက်ကိုတွေ့ရပြီး တပ်မက်စိတ်ကြောင့် အသိတာဘူမင်းသမီးကို ထားခဲ့ကာ နောက်ယောင်ခံ လိုက်သွားလေသည်။ အသိတာဘူ မင်းသမီးသည် လောကဓံကို နားလည်သူဖြစ်သောကြောင့် ဝမ်းနည်းပူဆွေးမှုမဖြစ်။ ရသေ့ကြီးထံတွင် တရားနည်းလမ်းကို သင်ယူကာ ကြိုးစားအားထုတ်သဖြင့် ဈာန်တန်ခိုးများ ရရှိသွားသည်။ မင်းသားလည်း ကိန္နရီမနောက်သို့လိုက်ရာ မအောင်မြင်သဖြင့် မင်းသမီးထံ ပြန်လာသည်။ မင်းသမီးသည် မင်းသားကိုမြင်လျှင် ဈာန်ဖြင့် ကောင်းကင်သို့ ပျံတက်၍ "သင့်ကြောင့် ငါသည် တရားအားထုတ်နိုင်သဖြင့် ဈာန်ရခဲ့လေပြီ။ သင့်ကို အလိုမရှိတော့ပြီ"ဟုဆိုကာ အရပ်တစ်ပါးသို့ သွားလေတော့သည်။ မင်းသားမိုက်သည် နောင်တတရားဖြင့် ကျန်ရစ်လေတော့၏။

**(ငါးရာ့ငါးဆယ်၊ အသိတာဘူဇာတ်)**

❖ ❖ ❖

## ၃၆။ အသောက်= စိုးရိမ်ပူဆွေးငိုကြွေးမှု မရှိခြင်း

**တရားပြည့်ဝသော မိသားစု**

ရှေးအခါက ရွာတစ်ရွာတွင် ဒါန, သီလနှင့်ပြည့်စုံရုံမက "သတ္တဝါတို့၏ ရှင်ခြင်းကား မမြဲ၊ သေခြင်းကား မြဲ၏"ဟု သေခြင်းတရားကို အမြဲနှလုံးသွင်းသော လယ်သမားမိသားစု တစ်စုရှိ၏။

တစ်နေ့ သားအဖနှစ်ယောက် လယ်ထွန်သွားရာ မြွေကိုက်၍ သားဖြစ်သူ သေလေ၏၊ သား၏အလောင်းကို သစ်ပင်အောက်၌ ကောင်းစွာထားပြီး ပူဆွေး ငိုကြွေးခြင်း မပြုဘဲ "သေမျိုးတို့မည်သည် သေရမည်သာတည်း"ဟု တရားနှလုံး သွင်းကာ ဆက်လက် လယ်ထွန် နေ၏။ သူ၏အိမ်သားလေးယောက် ရောက်လာ ကြသောအခါ အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ကြ၏။ တရားပြည့်ဝကြသည်ဖြစ်၍ တစ်ယောက်မျှ မျက်ရည်မကျ ကြပါပေ။

ထိုသူတို့၏ သီလတန်ခိုးကြောင့် သိကြားမင်း ဆင်းသက်လာပြီးလျှင် "အမောင်တို့ အလွန်ချစ်သော သားအရင်း သေသည်ဖြစ်ပါလျက် အဘယ့်ကြောင့် မငိုကြသနည်း" ဟု မေး၏။

ထိုအခါ ရှေးဦးစွာ ဖခင်က "အရှင်၊ မြွေသည် အရေဟောင်းကို စွန့်၍ သွားသကဲ့သို့ ငါတို့၏သားသည် မိမိကိုယ်ကို စွန့်၍သွား၏။ ဤကျန်ရစ်သော ကိုယ်သည် သားမဟုတ်၊ သားသည် မိမိလားရာ ဂတိသို့ သွားလေပြီ။ ထို့ကြောင့် ငါသည် သားအတွက် မစိုးရိမ်ပါ"ဟု ဆို၏။

ထို့နောက် မိခင်က "အရှင် ထိုသားသည် ငါတို့က မခေါ်ဘဲ ငါတို့အိမ်၌ ဖြစ်လာ၏၊ ငါတို့ ခွင့်မပြုဘဲ ဘဝတစ်ပါးသို့ ပြောင်းသွား၏။ ဤသို့ အလိုအလျောက်လာ၍ အလို အလျောက် ပြန်သွားသော သားအတွက်ငို၍ အဘယ်အကျိုးရှိအံ့နည်း။ မိဘဆွေမျိုးတို့ ငိုကြွေးသည်ကို သိသည် မဟုတ်ဘဲ ဘဝတစ်ပါးသို့ သွားလေပြီ" ဟု ဆို၏။

ထို့နောက် နှမက "အရှင် အကျွန်ုပ်ငိုသော် ကြုံလှီ၍ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ စိတ်မချမ်းသာရုံသာ ရှိမည်။ အဘယ်မှာ ပူဆွေးရန် ရှိတော့အံ့နည်း" ဟု ဆို၏။

ထို့နောက် မယားက "အရှင် သေပြီးသောသူအတွက် ငိုကြွေးခြင်းသည် သွားနေသော လမင်းကို ပေးပါဟု ငို၍ တောင်းသော သူငယ်နှင့်တူ၏၊ ကျွန်ုပ်တို့ ငိုကြွေးခြင်းကို သိတော့မည်မဟုတ်" ဟု ဆို၏။

ထို့နောက်ကျွန်မက "အရှင်.. သေပြီးသူကို တောင့်တငိုကြွေးသူ သည် ကွဲလေပြီးသော အိုးကို ပြန်စေ့စပ်ရန် တောင့်တသည်နှင့်တူ၏။ အကျွန်ုပ်၏ အရှင်သည် ထိုက်ရာသို့ သွားလေပြီ။ ပူဆွေးရန် မရှိတော့ပြီ"ဟု ဆိုလေသည်။ ထိုကဲ့သို့အသီးအသီး ပြောဆိုကြရာ သိကြားမင်းသည် ထိုသူတို့အား အလွန်ကြည်ညို သဖြင့် "သင်တို့သည် အလုပ် လုပ်စရာ မလိုတော့။ ဒါန သီလ ဘာဝနာကိုသာ ကြိုးစားပြုကြလော့" ဟု ဆိုကာ ထိုသူတို့အိမ်ကို ရတနာခုနစ်ပါးဖြင့် အပြည့် ဖြည့်ပေးခဲ့လေသည်။

**(ငါးရာ့ငါးဆယ်၊ ဥရဂဇာတ်)**

❖ ❖ ❖

## ၃၇။ ဝိရဇ် = ရာဂစသော ကိလေသာမြူကင်းခြင်း

### အချစ်အတွက် လေးဘဝ ပေးဆပ်ခဲ့ရသူ

လွန်လေပြီးသောအခါက အလွန်ချစ်ခင်သော ညီအစ်ကိုနှစ်ယောက် ရှိခဲ့လေသည်။ အစ်ကို၏မယားသည် ညီအငယ်နှင့်အိမ်ထောင်ရေး ဖေါက်ပြန်၍ နေ၏၊ ထိုမိန်းမသည် "ငါတို့၏အကြောင်းကို လူအများသိချေက ကဲ့ရဲ့ဖွယ် ဖြစ်ရာ၏၊ သင့်အစ်ကိုကို သတ်လော့"ဟု သုံးကြိမ်တိုက်တွန်းသဖြင့် ညီငယ်လည်း အစ်ကိုကြီးကို သတ်၏။

ထိုအစ်ကိုကြီးသည် မိန်းမ၌ချစ်ခြင်းဟူသော ကိလေသာရာဂကို မစွန့်နိုင်ရကား၊ ထိုအိမ်၌ပင် မြွေပြန်ဖြစ်၏၊ ထိုမြွေသည် ညီနှင့်အတူနေကြသော မယား၏ကိုယ်ပေါ်သို့ ကျလေ၏။ ထိုအခါ မယားကြီးက "ဤမြွေသည် လင်ကြီးပင် ဖြစ်လတ္တံ့"ဟုဆိုကာ သတ်စေ၏၊ ထိုမြွေလည်း မယား၌ ချစ်ခြင်းကြောင့် ထိုအိမ်၌ပင် ခွေးဖြစ်ပြန်၏။ ထိုခွေးသည် ခြေဖြင့်သွားလာနိုင်သောအရွယ်မှစ၍ ထိုမိန်းမ၏ နောက်သို့သာ လိုက်လေ၏။ တောသို့ သွားသော်လည်း ထိုမိန်းမနှင့်

အတူလိုက်သွား၏၊ ထိုအခါ လူအများက "ခွေးမုဆိုးက ထွက်သွားပြန်ပြီ၊ အဘယ်တောဝယ် လှည့်လည်လတ္တံ့နည်း"ဟု ကဲ့ရဲ့ကုန်၏။ ထိုသို့ ကဲ့ရဲ့ခံရသဖြင့် ထိုမိန်းမသည် ခွေးကို တစ်ဖန် သတ်စေပြန်၏။

ထိုခွေးသည် မယားကြီးကို ချစ်ခြင်းကြောင့် ထိုအိမ်၌ပင် နွားဖြစ်ပြန်လေ၏၊ နွားငယ်လည်း ထိုမိန်းမ၏ နောက်သို့ပင် တကောက်ကောက် လိုက်ပြန်၏။ ထိုသို့လိုက်သည် ကို မြင်လျှင် လူတို့သည် "နွားကျောင်းမကား ထွက်သွားလေပြီ၊ ယနေ့ အဘယ်အရပ်မှာ နွားကိုကျောင်းလတ္တံ့နည်း"ဟု ကဲ့ရဲ့ကုန်၏။ ထိုသို့ ကဲ့ရဲ့ခံရသဖြင့် ထိုမိန်းမသည် ထိုအရပ် ၌ပင် နွားငယ်ကို သတ်စေပြန်၏။

ထိုအခါ၌လည်း နွားငယ်သည် ထိုမိန်းမ၏ အပေါ်၌ ချစ်ခြင်းကို မဖြတ်နိုင်ရကား လေးကြိမ်မြောက်၌ ထိုမိန်းမ၏ ဝမ်း၌သာ ပဋိသန္ဓေနေ၏။ ဖွားမြင်သောအခါ ဇာတိဿရဉာဏ်ကို ရသည်ဖြစ်၍ လေးဘဝဆက်တိုက် ထိမိန်းမ၏ အသတ်ခံရသည်၏အဖြစ်ကို မြင်၍ "ဤကဲ့သို့သော ရန်သူ၏ဝမ်း၌ ပဋိသန္ဓေနေရဘိတကား"ဟု မည်တမ်းလျက် ထိုအခါမှ စ၍ထိုမိန်းမ၏ လက်ဖြင့်အထိမခံ ထိလျှင် ပြင်းစွာငိုကြွေး၏၊ ထိုသို့ငိုသဖြင့် သူငယ်ကို အဖွားသည်သာ ကျွေးမွေးပြုစုရ၏၊ အရွယ်ရောက်လာသောအခါ မြေးအား အဖွားသည် " ချစ်သား အဘယ့်ကြောင့် သင်သည် အမိ၏လက်ဖြင့် ထိသောအခါ ပြင်းစွာ ငိုကြွေးဘိ သနည်း"ဟု မေးလေသော် "အဖွား ဤမိန်းမသည် ကျွန်ုပ်၏ မိခင်မဟုတ်၊ ကျွန်ုပ်အား လေးဘဝဆက်တိုက် သတ်စေခဲ့သော ရန်သူမိန်းမတည်း" ဟု ရှင်းပြ၏။ အဖွားလည်း မြေးကိုဖက်ပြီး ငိုယိုလျက် **"ချစ်သား လာလော့၊ ငါတို့သည် ဤကဲ့သို့ ကိလေသာ ထူပြော လူဘောင်တောဝယ် မနေသင့်တော့ပြီ"**ဟုဆိုကာ မြေးကို ခေါ်ပြီးလျှင် အိမ်မှ ထွက်ပြီး ကျောင်းသို့သွားကာ ရဟန်းပြုကြကုန်၏။ မြေး၊အဖွား နှစ်ယောက်တို့သည် တရားအလုပ် ကြိုးစားအားထုတ်ကြရာ ရာဂစသော ကိလေသာမြူ ကင်းစင်ကြကုန်သည်ဖြစ်၍ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ကြလေကုန်၏။

(အင်္ဂုတ္တိုရ် အဋ္ဌကထာ)

❖ ❖ ❖

## ၃၈။ ခေမံ = ကြောက်လန့်ဖွယ်ရေး ဘေးမရှိခြင်း

**ဘဒ္ဒိယဝတ္ထု**

မြတ်စွာဘုရားသည် အနုပိယမည်သော မလ္လမင်းတို့၏နိဂုံး၌ သီတင်းသုံးနေတော် မူသောအခါ ထင်ရှားကျော်စောသော သာကီဝင်မင်းသားတို့သည် မြတ်စွာဘုရားသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။ သာကီဝင်မင်းသား အနုရုဒ္ဓါသည် မိခင်ကို "အမေ အကျွန်ုပ်သည် လူ့ဘောင်ကို စွန့်ခွာ၍ ရဟန်းပြုလိုပါ၏၊ အကျွန်ုပ်ကို ခွင့်ပြုပါလော့"ဟု ရဟန်းပြုရန် ခွင့်တောင်း၏၊ မိခင်က ခွင့်မပြုပေ။ သုံးကြိမ်မြောက် တောင်းသောအခါမှ "ချစ်သား အနုရုဒ္ဓါ ဘဒ္ဒိယမည်သော သာကီဝင်မင်းသားသည် ရှင်ဘုရင်ဖြစ်နေ၏၊ ထိုမင်းသည် ရဟန်းပြုပါမူ သင်လည်း ရဟန်းပြုလေ"ဟု ပြောဆိုသည်။

ထိုဘုရင်ဘဒ္ဒိယသည် အနုရုဒ္ဓါ၏ မိတ်ဆွေရင်းဖြစ်၏၊ အနုရုဒ္ဓါသည် ဘဒ္ဒိယ မင်းသို့ ချဉ်းကပ်ပြီးလျှင် "အဆွေ အကျွန်ုပ်၏ ရဟန်းပြုမှုသည် သင်နှင့်ဆက်စပ်နေပါ၏၊ အကျွန်ုပ်တို့နှစ်ယောက် ရဟန်းပြုကြပါကုန်စို့"ဟု ပြောသောအခါ ခုနစ်နှစ် စောင့်ပါရန် ပြောဆိုလေသော် ခုနစ်နှစ်ဆိုသည်မှာ ကြာလွန်းသောကြောင့် မစောင့်နိုင်ဟုဆိုသဖြင့် ခြောက်နှစ်မှသည် ခုနစ်ရက်ထိ ရောက်အောင် အလျော့ပေးကာ ခုနစ်ရက်ဖြင့် ထီးနန်းကို လွှဲအပ်ပြီး အတူလိုက်၍ ရဟန်းပြုမည် ဖြစ်ကြောင်း ကတိပေးလိုက်သည်။

သာကီဝင်မင်းသားခြောက်ယောက်တို့သည် မြတ်စွာဘုရားအထံ တော်၌ ရဟန်း ပြုကြ၏။ အရှင်ဘဒ္ဒိယသည် ထိုဝါတွင်းမှာပင် ဝိဇ္ဇာသုံးပါးကို မျက်မှောက်ပြုပြီး အရှင် အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခု အဘိညာဉ်ရ၏။ အရှင်ဘဒ္ဒိယသည် တော-သစ်ပင်ရင်း-ဆိတ်ငြိမ်ရာ အရပ်တို့၌ ကပ်ရောက်သောအခါ "ဩော် ချမ်းသာလေစွ၊ ချမ်းသာလေစွ"ဟု ဥဒါန်းကျူးရင့်၏။ အခြားရဟန်းတို့သည် "အရှင်ဘဒ္ဒိယသည် မပျော်မွေ့ဘဲ မြတ်သောအကျင့်ကို ကျင့်နေပါ၏၊ ရှေးက မင်းချမ်းသာကိုပင် အောက်မေ့လျက် ဥဒါန်းကျူးရင့်နေပါ၏"ဟု မြတ်စွာဘုရားအား လျှောက်ထားကြသည်။

ထိုအခါ မြတ်စွာဘုရားသည် ဘဒ္ဒိယကို ခေါ်တော်မူ၍ "အဘယ့်ကြောင့် ထိုဥဒါန်းကို ကျူးရင့်သနည်း"ဟု မေးတော်မူလျှင် -"အရှင်ဘုရား၊ တပည့်တော်သည် မင်းဖြစ်စဉ်က နန်းတွင်းနန်းပြင် မြို့တွင်းမြို့ပြင် အရပ်အားလုံးတို့၌ လုံခြုံအောင် အစောင့်အရှောက်တို့ဖြင့် ကောင်းစွာ စီမံထားပါသော်လည်း ကြောက်လန့် တုန်လှုပ်လျက်ပင် နေရပါ၏။ ယခုမူ ထို ကြောက်လန့် တုန်လှုပ်မှုမျိုး မရှိတော့ဘဲ လွတ်လပ်သောစိတ်ဖြင့် နေရပါ၏။ ထိုသို့သော အကြောင်းကြောင့် တပည့်တော်သည် ထိုတောစသောအရပ်တို့၌ ရောက်သောအခါဝယ် ထိုဥဒါန်းကို ကျူးရင့်ရခြင်း ဖြစ်ပါသည်"ဟု ရှင်းလင်း လျှောက်ထားလေတော့သည်။

(စူဠဝါပါဠိ)

# အခန်း(၃)

# ဗုဒ္ဓဘာသာ စာရိတ္တဆိုင်ရာလိုက်နာကျင့်သုံးဖွယ်များ

## ပရာဘဝသုတ်လာ ကျင့်ဝတ်များ

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နတ်အပေါင်းတို့သည်၊ မြတ်စွာဘုရားထံတော်မှ မင်္ဂလသုတ်တော်ကို ကြားနာရ၍ မိမိတို့သိလိုလှသော သတ္တဝါတို့၏ ကြီးပွားချမ်းသာ ကြောင်းများကို သိရှိသွားကြသည်။ ထို့အပြင် သတ္တဝါတို့၏ ပျက်စီးဆုတ်ယုတ် ကြောင်းကိုလည်း သိလိုကြပြန်သေးသည်၊ ထိုအခါ မြတ်စွာဘုရားထံ ထပ်မံ လျှောက်ထားရန် အကြံဖြစ်ပေါ်လာသည်၊ မင်္ဂလသုတ်တော်ကို ကြားနာရပြီး နောက်တစ်နေ့၌ သိကြားမင်း၏ ခိုင်းစေချက်အရ နတ်သားတစ်ပါးက လျှောက်ထား မေးမြန်း၍ ဤပရာဘဝသုတ်တော်ကို အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

### ပျက်စီးကြောင်းတရား ဆယ့်နှစ်ပါး

၁။ **ဤသူ တိုးမည်၊ မတိုးမည်ဟု၊**
**ဉာဏ်ဖြင့်ရှုက၊ သိလွယ်လှ၏။**
**ဓမ္မတရား၊ ချစ်ပါငြားမူ၊ ထိုသူမုချ၊ ကြီးပွားရ၏။**
**ဓမ္မတရား၊ မုန်းခဲ့ငြားမူ၊ ထိုသူမုချ၊ ပျက်စီးရ၏။**

ဒုစရိုက်တရားဆယ်ပါးကို နှစ်သက်ခြင်း၊ ပြုကျင့်ခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း အကြောင်းဖြစ်၏။

(က) ပဋိသန္ဓေဉာဏ်ထက်သန်၍ သိလွယ်မြင်လွယ်သောသူသည် ကြီးပွားချမ်းသာတတ်သည်။ အသိအမြင်မရှိသောသူသည် ဆုတ်ယုတ် ပျက်စီးတတ်သည်။

(ခ) တရားမှန်ကို လိုလားနှစ်သက်သောသူသည် ကြီးပွားချမ်းသာတတ်သည်။ တရားမှန်ကိုမလိုလား မနှစ်သက်သောသူသည် ဆုတ်ယုတ်ပျက်စီးတတ်သည်။

**၂။ သူယုတ်ကိုချစ်၊ သူမြတ်ပစ်ငြား၊**
**သူယုတ်များ၏ တရားကိုသာ၊ နှစ်သက်ပါမူ၊**
**ထိုသူမှချ ပျက်စီးရ၏။**

မိစ္ဆာဒိဋ္ဌိအယူရှိသူများနှင့် သူယုတ်မာတို့ကို ပေါင်းသင်းဆက်ဆံခြင်း၊ သူတော်ကောင်းတို့နှင့် မပေါင်းသင်းမဆက်ဆံခြင်း၊ မိစ္ဆာဒိဋ္ဌိများနှင့်သူယုတ်မာတို့၏ တရားနှင့် အယူဝါဒများကို နှစ်သက်ခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

သူယုတ်မာနှင့် သူယုတ်မာတို့၏ တရားကိုချစ်သောသူ၊ သူတော်ကောင်းနှင့် သူတော်ကောင်းတို့၏တရားကို မုန်းသောသူတို့သည် ပျက်စီးတတ်၏။ တရားဟူသည် သူတော်ကောင်းတရားဖြစ်စေ၊ သူယုတ်မာတရားဖြစ်စေ လိုက်နာကျင့်သုံးသောသူကို ကောင်းကျိုး မကောင်းကျိုးပေးမြဲဖြစ်၏။ လူသောရှင်သော မျက်နှာကြီးငယ် မလိုက်တတ်ပါ၊ မသူတော်တရားကို လိုက်နာကျင့်သုံးသော လူရှင်တို့သည်ယခုဘဝ၌ပင် ချမ်းသာပျက်၍ ဆင်းရဲနှင့် တွေ့ရမည်မှာ အမှန်ပင်ဖြစ်ပါ၏။

**၃။ အအိပ်လွန်တောင်း၊ ဖော်ပေါင်းနှင့်သာ၊**
**မွေ့လျော်စွာလှ၊ လုံ့လမရှိ၊ ပျင်းရိလှလျက်၊**
**အမျက်ကြီးမူ၊ ထိုသူမှချ၊ ပျက်စီးရ၏။**

အလွန်အကျွံအိပ်ခြင်း၊ အပေါင်းအဖော်၌မွေ့လျော်ပြီး အချိန်ဖြုန်းတီးနေခြင်း၊ထကြွလုံ့လ မရှိခြင်း၊ အလွန်ပျင်းရိခြင်းနှင့် အမျက်ဒေါသကြီးခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏အကြောင်းဖြစ်၏။

အအိပ်များသူ၊ အပေါင်းအဖော်တို့၌ မွေ့လျော်သူ၊ လုံ့လမရှိပျင်းရိသူ၊ အမျက်ကြီးသူတို့သည် ပျက်စီးတတ်၏။ ဤအင်္ဂါရပ်များနှင့်ပြည့်စုံလျှင် ပစ္စုပ္ပန်တမလွန်မကောင်းကျိုးများ တိုးပွားလာမည် ဖြစ်သည်။ ကြီးပွားလိုသူသည် လိုသည်ထက်ပို မအိပ်ဖို့နှင့် လုံ့လဝီရိယရှိဖို့ လိုအပ်ပါ၏။ အရာရာကိုသည်းခံစိတ်မွေးပြီး အပေါင်းအသင်းများနှင့်လည်း မိမိအချိန်ကို မဖြုန်းသင့်ပါ။ ရှိးသားကြိုးစားနိုးကြား တတ်ဖို့ အရေးကြီးပါ၏။ စီးပွားရေးကိစ္စ၊ ပညာရေး၊ လူမှုရေးကိစ္စတို့၌ အသာနေလျှင် အသေနာတတ်သည်ကိုသတိပြုပါ။

**၄။ မွေးမြူခြင်းငှာ၊ စွမ်းနိုင်ပါလျက်၊**
**အသက်လည်းကြီး၊ အရွယ်ကြီးလှ၊**
**မိနှင့်ဖအား၊ မမွေးငြားမူ၊ ထိုသူမုချ၊ ပျက်စီးရ၏။**

မိဘတို့ကို ကျွေးမွေးပြုစုနိုင်ပါလျက် မကျွေးမွေး မပြုစုခြင်းသည် ဆုတ်ယုတ်၏။ မိဘတို့က ငွေရှိရင်ရှိသလောက် သားသမီးတို့ကို ချမ်းသာနိုင်သမျှ ချမ်းသာအောင် မွေးမြူခဲ့ကြပါသည်။ ဤမျှလောက် ကျေးဇူးကြီးမားသော မိဘတို့ကို ပြန်လည်ပြီး ကျွေးမွေးရန် ဝတ္တရားပျက်ကွက်သော သားသမီးတို့သည် ပျက်စီးရမည်မှာ အလွန်သေချာပါသည်။

**၅။ ရဟန်းပုဏ္ဏား၊ စကားချိုသာ၊**
**တောင်းလာသူအား၊ မုသားပြောကာ၊**
**လှည့်ပတ်ပါမူ၊ ထိုသူမုချ၊ ပျက်စီးရ၏။**

ရဟန်းစသော သူတော်စင် အလှူခံများနှင့် သူတောင်းစားတို့ကို ပေးလှူမည်ဟု ဖိတ်ကြားဝန်ခံထားပြီး မလှူဒါန်း မပေးကမ်းခြင်းသည် ဆုတ်ယုတ်ပျက်စီး ခြင်း၏ အကြောင်းဖြစ်၏။

အလှူခံပုဂ္ဂိုလ်တို့ကို အလိုရှိသောပစ္စည်းကို တောင်းခံပါဟု ဖိတ်ကြားထားပြီးမှ အလှူခံပုဂ္ဂိုလ် လာသောအခါ မလှူဘဲလိမ်လည်လှည့်စား တတ်သောသူသည် ပျက်စီးရ၏။ လိမ်ညာခြင်းသည် အလှူခံပုဂ္ဂိုလ်၏ သီလရှိမရှိ အပေါ်မူတည်ပြီး အပြစ်ကြီးသေး ကွာခြားပါ၏။ ဘာသာရေးရှုထောင့်ဘက်က ကြည့်လျှင် ဖိတ်ကြားပြီးမှ လှူဒါန်းမှုမပြုခြင်းသည် လူသားဆန်သော လူသား

တစ်ယောက်၏ အပြုအမူ မဟုတ်ပေ။ မိမိမတတ်နိုင်ဘဲ လောကွတ်ပြုမျက်နှာလုပ်၍ မည်သည့်အလှူခံပုဂ္ဂိုလ်ကိုမျှ မဖိတ်ကြားသင့်ကြောင်း သတိပြုအပ်ပါ၏။

၆။ **ဥစ္စာလည်းများ၊ ရွှေငွေများ၍၊**
**အစားပေါလည်း၊ တစ်ယောက်တည်းသာ၊**
**ကောင်းနိုးရာကို၊ မပါအဖော်၊**
**စားသော်မုချ၊ ပျက်စီးရ၏။**

ပစ္စည်းဥစ္စာပေါများသူဖြစ်ပါလျက် အခြားသူများကို မလှူဒါန်း မဝေငှဘဲ မိမိတစ်ဦးတည်း သုံးဆောင်ခံစားခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏အကြောင်း ဖြစ်၏။

ဥစ္စာရွှေငွေနှင့် အစားအစာများစွာရှိသော်လည်း မိမိ၏သားမယားကို သော်မှ မဝေငှဘဲတစ်ဦးတည်း စားသောသူသည် ပျက်စီးရ၏။ မင်္ဂလာကျင့်ဝတ်အရ မိမိသားမယားများအားပြုစုလုပ်ကျွေးဖို့ရန် တာဝန်ရှိပါ၏။ မိမိသားမယား အပေါ် စေတနာမရှိတာဝန်ချို့ယွင်းသဖြင့် အခြွေအရံနည်းခြင်း၊ ကူညီမည့်သူ ရှားပါးခြင်း၊ မိတ်ဆွေများ၏ ရှောင်ရှားမှုကိုခံရခြင်းနှင့် သေသောအခါအပါယ်သို့ ကျရခြင်း ဟူသော ဆိုးကျိုးများရ၍ ပျက်စီးတတ်ပါသည်။

၇။ **အမျိုး၏မာန်၊ ဥစ္စာ၏မာန်နှင့်၊**
**ဥစ္စာမာန်တိုး၊ ဆွေးမျိုးသားပေါ်၊**
**မောက်မော်လွန်းက၊ မုချထိုသူ၊ ပျက်မည်ဟူ၏။**

မာန်မာန တက်ကြွမောက်မာခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်း ဖြစ်၏။

အမျိုးအနွယ်မာန်၊ ပစ္စည်းမာန်တက်၍ ခက်ထန်သော စိတ်ရှိ၏။ ဆွေမျိုးကိုသော်လည်း မထီမဲ့မြင် ပြုတတ်၏။ ထိုသူသည်ပျက်စီးရ၏။ မာန်မာန ဟူသမျှ မည်သည့်မာန်မာနမှ ကောင်းကျိုးမပေးပါ။ မာနသည် သံသရာကိုလည်း ရှည်စေတတ်ပါ၏။ အပါယ်သို့လည်း ပို့ဆောင်ပေးတတ်ပါ၏။ ထို့ကြောင့် ဝဋ်ဝဲ ပလွှားခြင်းသဘောရှိသော မာနကို တတ်နိုင်သမျှ နှိမ်နင်း၍ နှိမ့်ချသော စိတ်ထားပြီး ဆက်ဆံသင့်သူတိုင်းနှင့်ဆက်ဆံခြင်းဖြင့် ကောင်းကျိုးများကို ရယူကြရမည် ဖြစ်ပါ၏။

**၈။ မိန်းမပျော်ကြူး၊ အရက်ကြူးငြား၊**
**ကစားကြူးလှ၊ ရသမျှကို၊**
**ဖျက်ကထိုသူ၊ ပျက်မည့်ဟူ၏။**

ကာမဂုဏ်အပျော်အပါး လိုက်စားခြင်း၊ အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားမှီဝဲခြင်းနှင့်လောင်းကစားခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်း ဖြစ်၏။

မိန်းမလိုက်စား၏။ အရက်သောက်၏။ လောင်းကစားပြုလုပ်၏။ ရှာဖွေ၍ ရသမျှသောပစ္စည်းတို့ကို ဖြုန်းတီးပစ်၏။ ထိုသူသည် ပျက်စီးရ၏။ ကာမဂုဏ် လိုက်စားသူသည် ဆိုးကျိုးများကို ရရှိတတ်ပါ၏။ ကာမဂုဏ်လိုက်စားချင်သော ရောဂါကိုကုစားဖို့အတွက် မိမိ၏ သတိပညာမှတစ်ပါး အခြားသောဆေး မရှိပါ။ ထို့အတူပဲ လောင်းကစားမှုသည် သူတပါးပစ္စည်းကို လွယ်လွယ်ကူကူနှင့် များများရယူလိုသော လောဘဇောနှင့် ပြုရသောကိစ္စဖြစ်၏။ ထိုလောဘ ဇောကြောင့်ပင် ပစ္စည်းများကုန်ခန်းပြီး လူလည်းဘဝပျက် ဒုက္ခရောက်ရ၏။

**၉။ တစ်ယောက်နှင့်မျှ၊ အားမရငြား၊**
**သူ့မယားပါ၊ ပြည့်တန်ဆာ၌၊**
**အပျော်လိုက်မူ၊ ထိုသူမုချ၊ ပျက်စီးရ၏။**

ပြည့်တန်ဆာမနှင့် သူတစ်ပါးမယားတို့၌ ပြစ်မှားလွန်ကျူးခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

မိမိဇနီးမယားနှင့်အားမရ၍ မိန်းမပျက်တို့နှင့် ပျော်ပါးသောသူ၊ သူတစ်ပါး မယားနှင့် ဖောက်ပြန်သော သူတို့သည် ပျက်စီးရ၏။ အိမ်ထောင်ရေး ဖောက်ပြန် ခြင်းသည် မိမိ၏ဇနီးကြင်ဖက်နှင့် သားသမီးများအပေါ် အကြီးမားဆုံးသော သစ္စာဖောက်မှုပင် ဖြစ်ပါ၏။ လင်နှင့်မယားပေါင်းစည်းမှုကို မြဲမြံအာမခံထားသည် မှာ သစ္စာပင်ဖြစ်၏။ သစ္စာကြိုး ပြေလျော့လာလျှင် လင်နှင့်မယား သံယောဇဉ် သည် ချိနဲ့ယိမ်းယိုင်လာတော့၏။ သစ္စာကြိုးပြတ်လျှင် အိမ်ထောင်ရေးဘဝပြိုကွဲ ပျက်စီးရတော့သလို အပါယ်လေးပါးသို့လည်း ကျရောက်ကာ ပျက်စီးတတ်ပါသည်။

**၁၀။ သားမြတ်မကြီး၊ တည်သီးခန့်ရွယ်၊**
**မိန်းမငယ်ကို၊ အရွယ်လွန်ငြား၊**
**လူအိုများက၊ ယူထားပြီးမှ၊**
**စိတ်မချ၍၊ သောကပိုလျက်၊**
**မအိပ်စက်မူ၊ ထိုသူမုချ၊ ပျက်စီးရ၏။**

အသက်ကြီး အရွယ်လွန်သူဖြစ်ပါလျက် ငယ်ရွယ်သူ အမျိုးသမီးနှင့် အိမ်ထောင်ပြုခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏အကြောင်းဖြစ်၏။

ငယ်ရွယ်သော မိန်းမကိုယူထားသောအသက်ကြီးသည့် အဘိုးအိုသည် မိမိ၏ဇနီးမယားအပေါ် စိတ်မချနိုင်ဘဲ သောကများဖြင့် မအိပ်နိုင်မစားနိုင်ဖြစ်ပြီး ပျက်စီးရ၏။ အိမ်ထောင်ပြုရာ၌ သက်တူရွယ်တူ သို့မဟုတ် အသက်မတိမ်းမယိမ်း ကွာလျှင် အကောင်းဆုံးဖြစ်၏။ မိမိနှင့်အသက်အလွန်ကွာသောသူနှင့် အိမ်ထောင်ပြုခြင်းသည် လူမှုရေးပြဿနာ၊ အိမ်ထောင်ရေးပြဿနာစသော ပြဿနာပေါင်းစုံကို ဖိတ်ခေါ်လျက်ရှိ၏။ ထို့ကြောင့် ဘုရားရှင်က မိန်းမငယ်ကို ယူထားသော သက်ကြားအိုသည် ပျက်စီးရ၏ဟု ဟောတော်မူခြင်းဖြစ်ပါ၏။

**၁၁။ အမဲသားငါး၊ စားသောက်လွန်ကဲ၊**
**သုံးစွဲကြီးလှ၊ မိန်းမယောက်ျား၊**
**ထိုသူများကို၊ ကြီးပွားစေမူ၊**
**အလုပ်စုမှာ၊ မှူးခန့်ပါက၊**
**မုချထိုသူ၊ ပျက်မည်ဟူ၏။**

အဝတ်အစား မက်မောလွန်းသူ၊ အသုံးအစွဲမတတ်သူကို အကြီးအကဲ အရာ၌ ခန့်ထားခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

အစားအသောက်အသုံးအစွဲကြီးသော ယောက်ျားမိန်းမကို အကြီးအမှူး အရာ၌ ခန့်ထားလျှင်၊ ပျက်စီးတတ်သည်။ စီးပွားရေးဖြစ်ထွန်းဖို့အတွက် အသုံးနှင့်အဖြုန်းကို ခွဲခြားနားလည်ဖို့လို၏။ အတိုင်းအထွာမရှိ လွန်ကဲစွာ ပြုလုပ်တတ်သောသူနှင့် လုပ်ငန်းတာဝန်များကို နိုင်နိုင်နင်းနင်း မစီမံတတ်သူကို အကြီးအကဲခန့်လျှင် ပစ္စည်းဥစ္စာများလုံးပါးပါးကုန်ခန်းပျက်စီးမည်သာဖြစ်ပါ၏။

## ၁၂။ စည်းစိမ်နည်းလှ၊ လောဘကြီးလတ်၊ မင်းဇာတ်လည်းဖြစ်၊ မင်းအဖြစ်ကို၊ လိုမှုမုချ ပျက်စီးရ၏။

မိမိနှင့်မတန်သောအရာကို အလိုရှိခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

အခြံအရံစည်းစိမ်ဥစ္စာနည်းလျက် မင်းအဖြစ်ကို အလိုရှိမှု ပျက်စီးမည်။ မိမိနှင့်မတန်သောအရာကို အလိုရှိမှု ပျက်စီးတတ်၏။ လူသည်ကိုယ်နှင့်တန်ရာကို တောင်းတခြင်းသည် အကောင်းဆုံးဖြစ်၏။ ရဟန်းရှင်လူ မည်သူမဆို မတန်မရာကို တောင်းတလျှင် လက်ရှိပစ္စည်းလည်း ကုန်ခန်းတတ်ပါ၏။ ဂုဏ်သိက္ခာလည်း ကျဆင်းတတ်ပါ၏။ လောဘဇောကို လက်စမသတ်နိုင်၍ ရသည့်နည်းနှင့် ရှာဖွေကြသည်ဖြစ်ရာ အမှားအမှန်ခွဲခြားနိုင်မှုမရှိတော့ဘဲအကုသိုလ်များကို ကျူးလွန်မိတတ်သောကြောင့် ဘဝလည်းပျက်တတ်ပါ၏။

ဤသို့ မြတ်စွာဘုရားဟောကြားတော်မူသော-ဆုတ်ယုတ်ပျက်စီးကြောင်း တရားတို့ကို ရှုဆင်ခြင်၍ ရှောင်ကြဉ်လိုက်နာသူသည် ယခုဘဝတွင် ကြီးပွား ချမ်းသာရသည့်အပြင် နောက်ဘဝတွင်လည်း နတ်ပြည်လောကမှာ ဖြစ်ရပါသည်။

## သိင်္ဂါလောဝါဒ ကျင့်ဝတ်များ

တစ်လောကလုံး၊ ညွှတ်ရုံးဦးချ၊ နိုင်းမမျှသား၊ ဘုရားရှေ့စက်၊ ရောင်ပြိုး ပြက်ကို၊ ဦးထက်တင်ထား၊ ရိုညွတ်တွား၍၊ သားနှင့်မိဘ၊ တပည့်စသည်၊ ပြုရအံ့ဝတ်၊ ချွတ်မှုပါယ်ရှာ၊ လားမည်တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်း၌ပြသည့်၊ လောကကျင့်ရာ၊ အကျဉ်းမှာပိမ့်၊ နတ်ရွာသို့လုံးလုံး၊ ကျင့်၍သုံး။

**သားသမီးကျင့်ဝတ်– ၅ ပါး**

**ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ။**

(၁) မိဘကိုလုပ်ကျွေးခြင်း၊
(၂) မိဘတို့၏ အမှုကိစ္စကို ဆောင်ရွက်ခြင်း၊
(၃) မိဘစကားကို နားထောင်၍ မိဘတို့အမွေကို ခံထိုက်အောင် ပြုလုပ်ခြင်း၊ (မိဘစကား နားမထောင်ပါက အမွေမခံထိုက်ပါ)
(၄) မိဘတို့ ကွယ်လွန်သောအခါ မိဘတို့အတွက် ရည်စူး၍ ကုသိုလ်ပြုလုပ် အမျှပေးဝေခြင်း၊
(၅) မိဘတို့၏ မျိုးနွယ် အမျိုး ဘာသာ သာသနာကို စောင့်ရှောက်ရခြင်း။

**မိဘကျင့်ဝတ် ၅–ပါး**

**မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ။**

(၁) မကောင်းမှုများကို တားမြစ်ခြင်း၊
(၂) ကောင်းမှု ကောင်းရာများကို ညွှန်ပြရခြင်း၊
(၃) အတတ်ပညာ သင်ကြား ပေးရခြင်း၊
(၄) ရင်းနှီးလုပ်ကိုင်စားဖို့ရန် ပေးရခြင်း၊
(၅) လက်ထပ်ထိမ်းမြား ပေးရခြင်း။

**တပည့်ကျင့်ဝတ် ၅-ပါး**

**ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီး၊ လုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ။**

(၁) ဆရာသင်ကြား၊ ဆုံးမသမျှကို လေးစားစွာ ဂရုတစိုက် နာခံမှတ်သားရခြင်း (ဆုံးမနာယူ)၊

(၂) ဆရာလာသောအခါ ညီညာစွာ မတ်တတ်ရပ်လျက် ခရီးဦးကြိုဆိုရခြင်း (လာမှုကြိုဆီး)၊

(၃) ဆရာ့ထံပါး ဆည်းကပ် ခစားရခြင်း (ထံနီး)၊

(၄) ဆရာ့ထံပါးဝယ် ပြုဖွယ်ကိစ္စများကို ပြုလုပ်ပေးရခြင်း (လုပ်ကျွေး)၊

(၅) ဆရာသင်ပေးပြီးသော သင်ခန်းစာများကို လေးစားစွာတွေးတောကြံစည် သင်အံ လေ့ကျက် နှုတ်တက်ရွတ်ဆိုရခြင်း (သင်တွေးအံရွတ်)။

**ဆရာကျင့်ဝတ် ၅-ပါး**

**အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။**

(၁) သိသင့်သမျှ အတတ်ပညာများကို သင်ကြားပေးရခြင်း၊

(၂) ဆုံးမ ဩဝါဒပေး၍ ပြုပြင်ပေးရခြင်း၊

(၃) မိမိတတ်သမျှ အကုန်သင်ပေးရခြင်း၊

(၄) တပည့်များ ဘေးအန္တရာယ် မဖြစ်စေရန် ကြိုတင်တားဆီး ကာကွယ်ပေးရခြင်း၊

(၅) မိမိထက် ကျေးဇူးပြုနိုင်မည့် ဆရာထံသို့ အပ်နှံပေးရခြင်း။

**လင်ကျင့်ဝတ် ၅-ပါး**

**မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင် ငါးအင် လင်ကျင့်ရာ။**

(၁) မိမိ မယားအား မထီလေးစား မပြုလုပ်ရခြင်း၊

(၂) မိမိ ရှာဖွေရသမျှ ဥစ္စာများကို အပ်နှံရခြင်း၊

(၃) အခြားမိန်းမများနှင့် ဖောက်ပြားကျူးလွန်မှု မရှိရခြင်း၊
(၄) အဝတ်အစားများကို ဆင်ယင်ပေးရခြင်း၊
(၅) မြတ်နိုးကြင်နာစွာ ဆက်ဆံရခြင်း။

**မယားကျင့်ဝတ် ၅-ပါး**

**အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။**

(၁) အိမ်တွင်းမှု လုပ်ငန်းကိစ္စကို အဆင်ပြေစေရန် စီမံပြုလုပ်ရခြင်း၊
(၂) မိမိလင်ယောကျ်ား အပ်နှံလာသော ဉစ္စာများကို စနစ်တကျ သိမ်းဆည်းထိန်းသိမ်းထားရခြင်း၊
(၃) မိမိယောကျ်ားမှတစ်ပါးသော ယောကျ်ားတို့နှင့် မဖှားယွင်း မဖောက်ပြန်ရခြင်း၊
(၄) မိမိဘက်ဆွေမျိုး၊ လင်ဘက်ဆွေမျိုးတို့၌ မျှမျှတတ ပေးကမ်းရခြင်း၊
(၅) လုပ်ငန်းကိစ္စအဝဝ၌ ပျင်းရိခြင်းကင်း၍ ကျွမ်းကျင်ရခြင်း၊

**မိတ်ဆွေကျင့်ဝတ် ၅-ပါး၊**

**ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။**

(၁) မိမိတတ်နိုင်သလောက် ပေးကမ်းချီးမြှင့်ခြင်း၊
(၂) ကိုယ့်အောက်သို့ မနှိမ့်ချမူ၍ ကိုယ်နှင့်တန်းတူထားကာ ဆက်ဆံခြင်း၊
(၃) နှစ်ဦးနှစ်ဝ ကြီးပွားရန်အတွက် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊
(၄) ပြောဆိုဆက်ဆံရာ၌ စကားအရာ ပြေပြစ်ချိုသာစွာ ပြောရခြင်း၊
(၅) စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် သစ္စာဖောက်ဖျက်မှု မရှိဘဲ မှန်ကန်တိကျခြင်း၊

**ကျေးဇူးခံ မိတ်ဆွေကျင့်ဝတ် ၅-ပါး**

**မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ဘေးတွယ်မပစ်၊ သားစဉ်မြေးဆက်၊ မပျက်ချီးပင့်၊ ဝတ်ငါးဆင့်၊ ပြုကျင့်မိတ်ဆွေများ။**

(၁) မေ့လျော့နေသော ဥစ္စာများကို စောင့်ရှောက်ရခြင်း၊
(၂) တစ်ဘက်မိတ်ဆွေများ၏ ဥစ္စာများကို စောင့်ရှောက်ပေးရခြင်း၊
(၃) မိမိမိတ်ဆွေ ဘေးဒုက္ခရောက်သောအခါ အားကိုးရာ ဖြစ်ရခြင်း၊
(၄) ဘေးဒုက္ခရောက်သောအခါ ပစ်ပယ်စွန့်ခွာ၍ မသွားရခြင်း၊
(၅) သားစဉ်မြေးဆက် အဆက်ဆက် မိတ်ဝတ်မပျက်ဘဲ ပေးကမ်းချီးမြှင့်ရခြင်း။

**အလုပ်ရှင်ကျင့်ဝတ် ၅-ပါး**

**ဝစွာ ကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ။**

(၁) မိမိအလုပ်သမားကို ဝလင်စွာ ကျွေးမွေးရခြင်း၊
(၂) သူတို့လုပ်နိုင်သော အလုပ်ကိုသာ လုပ်စေပြီး သင့်လျော်သော အချိန်၌ ခိုင်းစေရခြင်း၊
(၃) မကျန်းမမာသောအခါ၌ ရောဂါပျောက်အောင် ကုသပေးရခြင်း၊
(၄) ထူးဆန်းသော အစားအစာကို ရသောအခါ ဝေငှပေးကမ်းရခြင်း၊
(၅) ဥပုသ်နေ့၊ ပွဲတော်နေ့၊ အလုပ်ပိတ်ရက် စသောအခါတို့၌ အခိုင်းအစေ စားရင်းငှား ကျွန်များတို့ကို မခိုင်းစေဘဲ အနားပေးရခြင်း၊ အခွင့်လွှတ်ရခြင်း။

**အလုပ်သမားကျင့်ဝတ် ၅-ပါး**

**အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။**

(၁) နောက်ကျမှ အိပ်ရခြင်း၊
(၂) အိပ်ရာမှ စောစောထရခြင်း၊
(၃) မိမိအရှင် ပေးကမ်းမှသာ ယူရခြင်း၊

(၄) မိမိအရှင်၏ လုပ်ငန်းများကို မခိုမကပ်ဘဲ စေတနာရှေ့ထား၍ စေ့စေ့စပ်စပ် ဆောင်ရွက်ရခြင်း၊
(၅) မိမိအရှင်၏ ဂုဏ်ကျေးဇူးကိုသာ ပြောဆိုရခြင်း။

**ဒါယကာကျင့်ဝတ် ၅-ပါး**

**မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊**
**လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။**

(၁) ရဟန်းသံဃာတို့အပေါ်၌ မေတ္တာစိတ် ရှေ့ထားရခြင်း၊
(၂) ရဟန်း သံဃာတို့အတွက် ဆောင်ရွက်စရာများကို ချစ်ခင်လေးစား စေတနာထား၍ ဆောင်ရွက်ရခြင်း
(၃) ခင်ခင်မင်မင် လေးလေးစားစား နှုတ်ချိုကြည်သာစွာ ပြောဆိုရခြင်း၊
(၄) အလိုရှိသောအရာများကို တောင်းပါဟု ဖိတ်ထားရခြင်း၊
(၅) တတ်နိုင်သမျှ လှူဒါန်းရခြင်း။

**ရဟန်းကျင့်ဝတ် ၆-ပါး**

**မကောင်းမြစ်ထား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊**
**နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှန်သေချာ။**

(၁) မကောင်းမှု မပြုလုပ်ရန် တားမြစ်ဟောပြရခြင်း၊
(၂) ကောင်းမှုကုသိုလ် ပြုလုပ်ရန်အတွက် ညွှန်ပြဟောပြရခြင်း၊
(၃) ထူးခြားသော တရားအသစ်များကို ဟောကြားရခြင်း၊
(၄) နာဖူးသော တရားများကို ထပ်မံ၍ ဟောကြားရခြင်း၊
(၅) နတ်ပြည်သို့ရောက်ဖို့ နည်းလမ်းကို ညွှန်ကြားဟောပြ ရခြင်း၊
(၆) ဒကာ ဒကာမတို့အား စေတနာ မေတ္တာထား၍ ဆုံးမဟောကြားရခြင်း။

**နာယကကျင့်ဝတ် ၆-ပါး**

**ထကြွ, နိုးကြား၊ သနား, သည်းခံ၊ ဝေဖန်, ကြည့်မှု၊ ဤခြောက်ခု၊ ကြီးသူ့ ကျင့်ရာတရားတည်း။**

(၁) သူများထက် လုံ့လရှိရခြင်း၊
(၂) သူများကို မိမိက ရှေ့ဆောင်ပြုလုပ်နိုင်အောင် နိုးကြားတက်ကြွခြင်း၊
(၃) မိမိလက်အောက်ငယ်သားများကို သနားကြင်နာခြင်း၊
(၄) သည်းခံ ခွင့်လွှတ်တတ်ခြင်း၊
(၅) အရာရာကို ချင့်ချိန်ဝေဖန် ထောက်ဆ၍ ပြုလုပ်ရခြင်း၊
(၆) အရာရာမှာ ဉာဏ်ပညာဖြင့် ဆင်ခြင်ကြည့်ရှုခြင်း။

## ဝသလသုတ်လာ သူယုတ်မာဖြစ်ကြောင်းတရားများ

(၁) အမျက်ကြီးသူ၊ ရန်ငြိုးဖွဲ့သူ၊ သူတပါးဂုဏ်ကျေးဇူးကို ချေဖျက်သူ၊ မိစ္ဆာဒိဋ္ဌိအယူရှိသူ၊ မိစ္ဆာအယူရှိသူ၊ မိစ္ဆာဒိဋ္ဌိအယူသို့ ကူးပြောင်းသူနှင့် မိမိအပြစ်ဖုံးလွှမ်း၍ လှည့်စားတတ်သူတို့သည် သူယုတ်မာဖြစ်၏။

(၂) သတ္တဝါတို့အား သနားကြင်နာမှု မရှိဘဲ သတ်ဖြတ်သူသည် သူယုတ်မာဖြစ်၏။

(၃) မြို့ရွာတို့ကို တိုက်ခိုက်ဖျက်ဆီးသူသည် သူယုတ်မာဖြစ်၏။

(၄) သူတစ်ပါးအကြွေးကို ပြန်မပေးသူသည် သူယုတ်မာဖြစ်၏။

(၅) သူတစ်ပါးပစ္စည်းကို ခိုးယူသူသည် သူယုတ်မာဖြစ်၏။

(၆) လူသတ်၍ ပစ္စည်းယူသူသည် သူယုတ်မာဖြစ်၏။

(၇) မတရားသက်သေ ထွက်ဆိုသူသည် သူယုတ်မာဖြစ်၏။

(၈) သူတစ်ပါးသားမယားကို ပြစ်မှားလွန်ကျူးသူသည် သူယုတ်မာဖြစ်၏။

(၉) အမိအဘကို မကျွေးမွေး မပြုစုသူသည် သူယုတ်မာဖြစ်၏။

(၁၀) မိဘ ညီအစ်ကို မောင်နှမ ယောက္ခမတို့ကို ကိုယ်နှုတ်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲနေသူသည် သူယုတ်မာဖြစ်၏။

(၁၁) သူတပါးက အကျိုးစီးပွားရှိရာရှိကြောင်းကို မေးပါလျက် အကျိုးမဲ့ကို ပြောသူနှင့် အကျိုးစီးပွားရှိကြောင်းနည်းလမ်းကို ပေးပါသော်လည်း မေးသူမသိနိုင်အောင်ပြောသူသည် သူယုတ်မာဖြစ်၏။

(၁၂) မိမိပြုလုပ်ထားသော မကောင်းသော အမှုများကို တစ်ပါးသူမသိအောင် ဖုံးကွယ်ထားသူသည် သူယုတ်မာဖြစ်၏။

(၁၃) သူတစ်ပါးအိမ်သို့သွားသောအခါ ဧည့်ဝတ်ပြုစုသည်ကို စားသောက်ပြီး မိမိအိမ်သို့ လာသည့်အခါ ဧည့်ဝတ်မပြုစုသူသည် သူယုတ်မာဖြစ်၏။

(၁၄) ဖိတ်ကြားဝန်ခံထားသူ အလှူခံပုဂ္ဂိုလ်များနှင့် သူတောင်းစားတို့ကို မလှူဒါန်း မပေးကမ်းဘဲ လှည့်ပတ်နေသူသည် သူယုတ်မာဖြစ်၏။

(၁၅) ဆွမ်းခံလာသောရဟန်းကို ဆွမ်းမလောင်းဘဲ ကြမ်းတမ်းစွာ ပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၁၆) သူတစ်ပါးပစ္စည်းကို ရယူလိုသဖြင့် မဟုတ်မမှန် လှည့်ပတ်ပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၁၇) မိမိကိုယ်ကို ဂုဏ်တင်မြှောက်စားပြီး သူတပါးကိုနှိမ့်ချပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၁၈) သူတစ်ပါးကို ရန်ရှာသူ၊ မိမိကိုယ်တိုင် မလှူဒါန်း မပေးကမ်းရုံမျှမက သူတစ်ပါးတို့ လှူဒါန်းပေးကမ်းသည်ကိုပင် နှမြောတွန့်တိုသူ၊ မိမိမှာ မရှိသော ဂုဏ်သိက္ခာဖြင့် ချီးမွမ်းခံလိုသူ၊ နှမြောဝန်တိုသူ၊ မိမိမှာ မရှိသော ဂုဏ်ကို ရှိလေဟန်ဆောင်သူနှင့် မကောင်းမှုကိုပြုရန် မရှက် မကြောက်သူသည် သူယုတ်မာဖြစ်၏။

(၁၉) ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူများကို ရှုတ်ချပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၂၀) ရဟန္တာမဟုတ်ပါဘဲလျက် ရဟန္တာဟု ဝန်ခံသူသည် လောက၌ အယုတ်မာဆုံး ဖြစ်၏။

## ဇနသန္ဓဇာတ်တော်လာကျင့်ဝတ်များ

**နောင်တ (၁၀) ပါး**

၁။ မသင်ပညာ၊ ငယ်စဉ်ခါ၊ နောင်ခါ နောင်တ ရတတ်သည်။
၂။ ဥစ္စာမရှာ၊ ငယ်စဉ်ခါ၊ နောင်ခါ နောင်တ ရတတ်သည်။
၃။ သူ့ချစ်ကိုသာ၊ ဖျက်လေပါ၊ နောင်ခါ နောင်တ ရတတ်သည်။
၄။ သူ့သက်သတ်ပါ၊ နောင်အခါ၊ ပူဆာ နောင်တ ရတတ်သည်။
၅။ သူ့သားမယား၊ ဖျက်ဆီးငြား၊ နောင်မှာ နောင်တ ရတတ်သည်။
၆။ ပစ္စည်းရှိရာ၊ မလှူပါ၊ နောင်ခါ နောင်တ ရတတ်သည်။
၇။ လုပ်ကျွေးမိဘ၊ မပြုက၊ နောင်မှ နောင်တ ရတတ်သည်။
၈။ ဆုံးမဩဝါ၊ မလိုက်နာ၊ နောင်ခါ နောင်တ ရတတ်သည်။
၉။ ပညာရှိထံ၊ နည်းမခံ၊ ပူပန် နောင်တ ရတတ်သည်။
၁၀။ မြတ်ကျင့်ဖြာဖြာ၊ မကျင့်ပါ၊ နောင်ခါ နောင်တ ရတတ်သည်။

# သမ္ပဒါတရားလေးပါး

## ၁။ ဥဋ္ဌာနသမ္ပဒါ=ထကြွလုံ့လ ဝီရိယနှင့်ပြည့်စုံခြင်း

မိမိပြုလုပ်သောအလုပ်၌ ကျွမ်းကျင်လိမ္မာရမည်။ မနားမနေကြိုးပမ်း ရမည်။ ပျင်းရိခြင်းမရှိရ၊ အမြဲတမ်း တက်ကြွနေရမည်။ ကိုယ်တိုင်လုပ်နိုင်၊ စီမံခန့်ခွဲနိုင်ရမည်။ အလုပ်ကို မကြိုးစားဘဲကံကောင်းထောက်မ၍ ကြီးပွားလာနိုင် သည်ဟု ဘုရားရှင်မဟောကြား၊ ကံ၊ ဉာဏ်၊ ဝီရိယသုံးမျိုးထဲက ကံကောင်း မကောင်းကို သိရှိနိုင်ရန်ခဲယဉ်းသည့်အတွက် အတိတ်ကံကိုအားကိုးနေ၍မရ၊ လက်ရှိပစ္စုပ္ပန် ကံဟုဆိုအပ်သော ဝီရိယကိုသာ ဉာဏ်နှင့်ယှဉ်ပြီးအားထုတ်ရမည်။ ဤသည်ကိုပင် ဥဋ္ဌာနသမ္ပဒါဟုခေါ်ရ၏။

- လုံ့လဝီရိယရှိရမည်ဟုဆိုရာ၌ ထိုလုံ့လ ဝီရိယသည် ဉာဏ်နှင့် ပြည့်စုံခြင်း (ဉာဏသမ္ပတ္တိ)၊
- အကွက်ကောင်း နေရာကောင်း ရှိရခြင်း (ဂတိသမ္ပတ္တိ)၊
- အသွင်အပြင်လုပခံ့ညားပြီး ကိရိယာတန်ဆာပလာတို့နှင့် ပြည့်စုံရခြင်း (ဥပဓိသမ္ပတ္တိ)၊
- သင့်လျော်အံဝင်သော အချိန်ကာလ ဖြစ်ခြင်း (ကာလသမ္ပတ္တိ)၊
- အားထုတ်သင့်သည်ကို အားထုတ်ခြင်း၊ အားမထုတ်သင့်သည်ကို

အားမထုတ်ခြင်း (ပယောဂသမ္ပတ္တိ)-ဟူသော အင်္ဂါရပ်တို့နှင့် ပြည့်စုံမှသာ လုံ့လဝီရိယရှိသလောက် အကျိုးစီးပွား ဖြစ်ထွန်းပေလိမ့်မည်။

## ၂။ အာရက္ခသမ္ပဒါ= ဥစ္စာစီးပွားမပျက်ပြားအောင် စောင့်ရှောက်ရခြင်း။

အာရက္ခသမ္ပဒါဆိုသည်မှာ-ကာကွယ်စောင့်ရှောက်မှု၏ ပြည့်စုံခြင်း၊ စုဆောင်းထားသော ပစ္စည်းဥစ္စာကို မင်း၊ ရေ၊ မီး၊ ခိုးသားဓားပြစသည်တို့ မဖျက်ဆီး မလုယူနိုင်အောင် ဘဏ်၌အပ်နှံခြင်း၊ အာမခံထားခြင်းစသည်ဖြင့် ကာကွယ်ခြင်းကို အာရက္ခသမ္ပဒါဟု ခေါ်ဆိုရ၏။

မင်းဘေးမှ ကာကွယ် စောင့်ရှောက်ခြင်းဆိုသည်မှာ မင်းကောင်းမင်းဆိုး နှစ်မျိုးလုံးကို ဆိုလို၏။ မင်းကောင်းများ၊ အုပ်စိုးချိန်၌ဖြစ်စေ၊ မင်းဆိုးများ စိမ်အုပ်ချုပ်ချိန်၌ဖြစ်စေ၊ မင်းဘေးမင်းဒဏ် မသင့်အောင် နေထိုင်ခြင်းသည် မင်းဘေးမှ လုံခြုံအောင် ကာကွယ်စောင့်ရှောက်ခြင်းမည်၏။

ရေနှင့်မီးသည် ပင်ကိုအားဖြင့်ရန်သူများ မဟုတ်ကြ၊ သုံးစွဲသူ၏ ပေါ့ဆမှုကြောင့်သာ ရန်သူကဲ့သို့ ဖြစ်သွားရခြင်းဖြစ်ပါ၏။ ထို့ကြောင့် ရေနှင့်မီးကို သုံးသောအခါ မိမိပိုင်ဆိုင်သောပစ္စည်းများကို မထိခိုက်အောင် သတိ၊ ဝီရိယ ရှေ့ထားပြီး သုံးစွဲသင့်ပါ၏။

ခိုးသား၊ ဓားပြဆိုသည်မှာ မူလကတည်းက ဥစ္စာရှင်များအား မည်သည့် ကောင်းကျိုးမှ ပေးသည်မဟုတ်၊ ထို့ကြောင့် မိမိပိုင်ပစ္စည်းများကို ထိုသူတို့၏ ဘေးမှ ကင်းလွတ်အောင် စောင့်ရှောက်ထားသင့်ပါ၏။

## ၃။ သမဇီဝိတသမ္ပဒါ = ဝင်ငွေထွက်ငွေမျှတစွာဖြင့် အသက်မွေးမြူရခြင်း။

သမဇီဝိတသမ္ပဒါဆိုသည်မှာ-ညီမျှသော အသက်မွေးမှုဖြင့် အသက် မွေးခြင်း ဖြစ်၏။ ဥစ္စာအဝင်နည်း၍ အကုန်အကျများအောင် သုံးစွဲသူကို ညီမျှသော အသက်မွေးမှုမရှိသူဟုဆိုရ၏။ သိင်္ဂါလသုတ်၌ ပစ္စည်းအသုံးချ နည်းကို ဟောခဲ့ရာ ရလာသောဥစ္စာကို လေးဖို့ခွဲ၍ တစ်ဖို့ကိုသုံးစား၊ နှစ်ဖို့ကိုရင်းနှီး မြှုပ်နှံ၊ တစ်ဖို့ကို အရေးကြုံလာသောအခါသုံးဖို့ သိမ်းထားရန်ညွှန်ပြတော်မူ၏။ လှူဒါန်းဖို့အတွက်မှာ စားသုံးဖို့ထဲမှ သင့်တော်သလိုခွဲ၍ လှူဒါန်းရမည်။ ဝင်ငွေနည်းသော်လည်း မိမိပမာဏကိုမကြည့်ဘဲ ပစ္စည်းဥစ္စာအင်အားနှင့်မမျှမတ အထက်တန်းကျကျ ဝတ်စားနေနိုင်သောသူသည် ရေသဖန်းသီးကို လှုပ်ခြွေစား သောက်သည်နှင့်တူ၏။ ရေသဖန်းသီးမှည့်ကိုစားလိုသောသူသည် သဖန်းပင်ကို လှုပ်ခြွေပြီး မိမိအလိုရှိရာ တစ်လုံး နှစ်လုံးမျှကိုသာစားပြီး များစွာသော သဖန်းသီးတို့ကို အကျိုးမဲ့ချန်ထား ခဲ့၏။ ထို့အတူ ဝင်ငွေနှင့်မမျှအောင် အထက်တန်းကျကျ သုံးစွဲသူသည်လည်း မိမိပစ္စည်းများကို အကျိုးမဲ့ဖြစ်အောင် ဖန်တီးသူဖြစ်၏။ ဝင်ငွေများသော်လည်း မစားရက် မသောက်ရက် မပေးကမ်း မစွန့်ကြဲရက်သဖြင့် ဆင်းဆင်းရဲရဲ ဝတ်စားနေထိုင်သူများကား ဝတ်တော်ပြတ်ပြတ် ဆင်းဆင်းရဲရဲနှင့်ပင် ဘဝနိဂုံး

အဆုံးသတ်ကြရသူများဖြစ်ကြ၏။ ထို့ကြောင့် အလွန်လည်း မသုံးမဖြုန်းရ၊ အလွန်လည်း မချွေတာရဘဲ ဝင်ငွေနှင့်ထွက်ငွေ မျှတအောင် သုံးစွဲကြရမည်ဟု ဆိုပေ၏။ ဤသို့ မိမိရသောပစ္စည်းများကို အဝင်အထွက် မျှတစွာ သုံးစွဲခြင်းကိုပင် သမဇီဝိတသမ္ပဒါဟု ခေါ်ဆိုရ၏။

## ၄။ ကလျာဏမိတ္တသမ္ပဒါ= မိတ်ကောင်းဆွေကောင်း ရှိရခြင်း။

ကလျာဏမိတ္တသမ္ပဒါဆိုသည်မှာ- မိတ်ကောင်းဆွေကောင်းရှိခြင်း၊ လောကရေး ဓမ္မရေးတို့၌ တိုးတက်ကြီးပွားကြောင်း နည်းကောင်းညွှန်ပြနိုင်သော အတုယူလောက်သည့် ဂုဏ်အင်္ဂါရှိသူ မိတ်ကောင်းဆွေကောင်းများကို ပေါင်းသင်း ဆက်ဆံခြင်းကို ကလျာဏမိတ္တသမ္ပဒါဟု ခေါ်ဆိုရ၏။

"အမျိုးကောင်းလျှင် တစ်ချက်"ဆိုသကဲ့သို့ မိတ်ဆွေကောင်းတည်းဟူသော အမျိုးကောင်းကိုရလျှင် တစ်ချက်တည်းဖြင့် ကြီးပွားချမ်းသာနိုင်သည်။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓသည် ကြီးပွားချမ်းသာလိုသူများအဖို့ မိတ်ကောင်း ဆွေကောင်း ရရှိရန် အထူးလိုအပ်ပုံကို ကြီးပွားချမ်းသာရေး လမ်းညွှန်တရား၌သာ မဟုတ်၊ သမ္ပတ္တိစက်လေးပါးတွင် သူတော်ကောင်းကို အမှီပြုရခြင်းစက်ဟုလည်းကောင်း၊ မင်္ဂလာတရားတွင် ပညာရှိတို့ကို မှီဝဲရမည်ဟုလည်းကောင်း၊ ဟောတော်မူသည်ကို တွေ့ရှိရသည်။ ဤနေရာတွင် မိတ်ဆွေစစ်၊ မိတ်ဆွေတုတို့ကို ကွဲကွဲပြားပြား ခွဲခြားသိနိုင်ရန် အရေးကြီးပေသည်။ အစစ်နှင့်အတုကို ခွဲခြားသိမှ အစစ်ကို ရွေးချယ်နိုင်စွမ်းရှိ၍ မိတ်ကောင်းဆွေကောင်းရနိုင်၏။

**ဆောင် =** **ထကြွသိမ်းဆည်း၊ မျှသုံးစွဲ၊**
**ပေါင်းမြဲမိတ်ဆွေကောင်း၊**
**ဤလေးပါးသာ၊ လောကီမှာ၊**
**မုန်စွာကြီးပွားကြောင်း။**

# ယဉ်ကျေးမှု

## ကာယကံ ယဉ်ကျေးမှု ကိုယ်အမူအရာ ယဉ်ကျေးခြင်း

(၁) ရဟန်းသံဃာ၊ သီလသိက္ခာရှိသူ၊ အသက်အရွယ်ကြီးသူများအနီး၌ နေထိုင်သောအခါ ဝေးလွန်း၊ နီးလွန်း၊ ရှေ့တည့်တည့်၊ နောက်ဘက်၊ မြင့်သောနေရာနှင့် လေညာလေတင်နေရာများ၌ မနေထိုင်ရပါ။

(၂) ရဟန်းသံဃာ၊ သီလသိက္ခာရှိသူ၊ အသက်အရွယ် ကြီးသူများအနီးမှ ဖြတ်သန်းသွား လာသောအခါနှင့် ပရိသတ်အတွင်း သွားလာသောအခါတို့၌ ခါးကိုကုန်း၍ ခေါင်းကိုညွတ်ကာ သွားလာရမည်။

(၃) ပစ္စည်းဝတ္ထုတစ်စုံတစ်ခုကို ပေးသောအခါ၊ ယူသောအခါတို့၌ အလွန်သေးငယ်သော အရာဝတ္ထုကိုပင် ဖြစ်စေကာမူ လက်နှစ် ဘက်ဖြင့် ပေးရ/ယူရမည်။

(၄) ရဟန်းသံဃာ၊ ဆရာမိဘများအား ရှိခိုးရာတွင် ခြေ ဒူးနှစ်ဘက်၊ လက်နှစ်ဘက်၊ နဖူးတို့ကို မြေ၌(သို့မဟုတ်)ကြမ်းပြင်၌ထိ၍ ရှိခိုးရမည်။

(၅) ခရီးလမ်းမပေါ် ရဟန်းသံဃာတို့နှင့် တွေ့သောအခါ ဦးထုပ်၊ ဖိနပ်တို့ကို ချွတ်၍ ထီးကိုရုပ်ကာ လက်အုပ်ကို နဖူးပြင်အထိ မြှောက်တင်လျက် ခြေစုံရပ်တန့်ပြီး ရှိခိုးရမည်။

(၆) ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ်ကြီးသူတို့အနီးမှ ပြန်လည် ထွက်ခွာလာသောအခါ လက်အုပ်ချီကာ ကိုယ်ကိုညွတ်လျက် လေးငါးလှမ်း နောက်ဆုတ်ပြန်ပြီးမှ လိုရာအရပ်သို့သွားရမည်။ ချက်ချင်း နောက်ကျောပေး မပြန်ရ။

(၇) ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ်ကြီးသူတို့အနီး၌ ထိုင်သောအခါ မြင့်သောနေရာ၊ မြတ်သောနေရာ၊ ခေါင်းရင်းနေရာတို့၌ မထိုင်ရ။

(၈) လမ်းခရီးသွားလာရာတွင် ကျဉ်းကျပ်သောနေရာများ၌ ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ် ကြီးသူတို့အား ခြေစုံရပ်တန့်၍ လမ်းဖယ်ပေးရမည်။ တိုးဝှေ့ကျော်တက်၍ မသွားရ။

(၉) မီးရထား၊ ကား၊ သင်္ဘောများပေါ်တွင် ရဟန်းသံဃာနှင့် အိုမင်းမစွမ်းသော လူပုဂ္ဂိုလ်များ၊ သာသနာ နွယ်ဝင် သီလရှင်များအား နေရာပေးလှူရမည်။ ထိုပုဂ္ဂိုလ်တို့နှင့် နေရာလုယက်၍ မထိုင်ရ။

(၁၀) ရဟန်းသံဃာ၊ ဆရာမိဘတို့ ကျိန်းစက်အိပ်ပျော်နေသောအခါ ထိုသူတို့၏အနီး၌ ခြေသံမကြားအောင် ခြေကိုဖော့နင်းလျက် သွားရမည်။

(၁၁) ခရီးသွားလာရာတွင် ရဟန်းသံဃာများ၊ သာသနာနွယ်ဝင် သီလရှင်များ၊ အိုမင်းမစွမ်းသော လူပုဂ္ဂိုလ်များအား လိုအပ်လျှင် ဖေးမတွဲကူခြင်း၊ အထုပ်အပိုး သယ်ယူပေးခြင်းဖြင့် ဖေးမကူညီရမည်။

(၁၂) တရားဓမ္မနာယူသောအခါ ဓမ္မကထိကကိုသာမက တရားတော်ကိုပါ အလေးဂရုပြုသောအားဖြင့် ဦးထုပ်ချွတ်ရမည်။ ခေါင်းပေါင်းဖြစ်လျှင် ဆံစဖော်ရမည်။ တရားအသံသွင်း ကြိုးခွေကို အမြင့်၌ ထား၍ ဖွင့်ရမည်။ ဒူးတုပ်လျက်ဖြစ်စေ၊ လက်အုပ်ချီလျက်ဖြစ်စေ၊ တရားရှုမှတ်သည့် ပုံစံဖြင့်ဖြစ်စေ အရိုအသေပြု နာယူရမည်။

(၁၃) ဘုရားဆင်းတုတော်၊ ပုံတော်၊ ဓမ္မကျမ်းဂန်များကို မြင့်မြတ်သော နေရာ၌ထား၍ ကိုင်တွယ်လိုလျှင် လက်အုပ်ချီရှိခိုးပြီးမှ ကိုင်တွယ်ရမည်။ ကြမ်းပြင်မှာချထားခြင်း၊ ချိုင်းကြားညှပ်ယူခြင်း စသည်ဖြင့် မရိုမသေ မပြုရ။

(၁၄) ရဟန်းသံဃာနှင့် သာသနာနွယ်ဝင် သီလရှင်များအား လက်ဆွဲ နှုတ်ဆက်ခြင်း၊ ဆလံပေးခြင်း၊ လက်ယပ်ခေါ်ခြင်းဖြင့် မဆက်ဆံရ၊ လက်အုပ်ချီ အရိုအသေပြု၍ ဆက်ဆံရမည်။

(၁၅) အမျိုးသမီးများသည် ရဟန်းသံဃာတော်များ၊ သီလ သိက္ခာရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများ ရှေ့မှောက်တွင် ကိုယ်ဝတ်ထဘီပြင်ဝတ်ခြင်း၊ အလှအပပြင်ဆင်ခြင်း မပြုလုပ်ရ။

(၁၆) အမျိုးသမီးများသည် မလုံခြုံ၊ မယဉ်ကျေးသော ဝတ်စားဆင်ယင်မှုဖြင့် ဝတ်စားဆင်ယင်၍ ရဟန်းသံဃာတော်များ၊ လူကြီးသူမများထံ သွားလာ ဝင်ထွက်ခြင်း မပြုရ။

(၁၇) မမြင် ဆိတ်ကွယ်ရာအရပ်ရှိ ရဟန်းတော်ထံ အမျိုးသမီးတစ်ဦးတည်း မချဉ်းကပ်ရ။

(၁၈) အမျိုးသမီးတစ်ဦးသည် ရဟန်းတော်တစ်ပါးပါးနှင့် ပြောဆိုဆွေးနွေးမှု ပြုလုပ်လိုပါက သိကြားနားလည်သော အမျိုးသားတစ်ဦးကို ခေါ်သွားရမည်။

(၁၉) အမျိုးသမီးများသည် ရဟန်းသံဃာတော်များအား ဆံပင်ခင်းဖြန့်၍ဖြစ်စေ၊ လက် စသည်ဖြင့် ကိုင်တွယ်ထိတွေ့၍ဖြစ်စေ ရှိမခိုးရ၊ အရိုအသေမပြုရ။

(၂၀) လမ်းတွင်တွေ့၍ နှုတ်ဆက်ရာ၌ ချစ်ခင်လေးစားသော အမူအရာဖြင့် "လက်အုပ် ကြာငုံ ရင်မှာ ထားပြီး"နှုတ်ဆက်သင့်သူကို လက်အုပ်ရင်မှာ ထားလျက်၊ ဦးညွတ်နှုတ်ဆက်သင့်သူကို ဦးညွတ်လျက်၊ ပြုံးပြ နှုတ်ဆက်သင့်သူကို ပြုံးပြလျက် နှုတ်ဆက်ရမည်။

(၂၁) ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ်ကြီးသူများထံသို့ ချဉ်းကပ်သော အခါ မကောင်းသော ကိုယ်နံ့များရှိက ဆေးကြောသုတ်သင်ပြီးမှ ချဉ်းကပ်ရမည်။

(၂၂) ဘုရားရင်ပြင်-ကျောင်းဝင်း-ဆေးရုံ-စာသင်ကျောင်း စသော လူများ စုဝေးရာ နေရာဌာနများ၌ ကွမ်းတံတွေးထွေးခြင်း၊ ချွဲ နှပ် စသော အညစ်အကြေး စွန့်ခြင်း မပြုရ။

(၂၃) ချောင်းဆိုးခြင်း၊ ချေဆတ်ခြင်းကို တစ်စုံတစ်ဦးဘက်လှည့်၍ မပြုလုပ်ရ။ လူသူမရှိရာသို့ဖြစ်စေ၊ အခြားနေရာသို့ ထသွား၍ဖြစ်စေ၊ လက်ကိုင်ပဝါဖြင့် အုပ်၍ဖြစ်စေ ပြုလုပ်ရမည်။ လေလည်လိုလျှင် လူများမရှိရာနေရာသို့ ထသွားရမည်။

(၂၄) တစ်စုံတစ်ဦး ဘုဉ်းပေး စားသောက်နေစဉ် ကြားလောက် မြင်လောက် သော နေရာ၌ ချွဲဟက်ခြင်း၊ နှပ်ညှစ်ခြင်း စသည် မပြုရ။

**ဝစီကံယဉ်ကျေးမှု အပြောအဆို အသုံးအနှုန်း ယဉ်ကျေးခြင်း**

(၁) မြတ်စွာဘုရားကို "ဗုဒ္ဓ"ဟု နာမည်ဖော်၍ ခေါ်ဝေါ်မသုံးစွဲရ။ မြတ်စွာဘုရား၊ ဘုရားရှင် စသည်ဖြင့် ခေါ်ဝေါ် သုံးစွဲရမည်။

(၂) စေတီတော်၊ ဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော်၊ ရဟန်းသံဃာတော်နှင့် သာသနာ့ဝန်ထမ်း သီလရှင်များကို "သပ္ပာယ်သည်၊ တင့်တယ်သည်၊ ကြည်ညိုဖွယ်ကောင်းသည်"ဟု ပြောရမည်။ "ချောသည်၊ လှသည်"ဟု မပြောဆိုရ။

(၃) မြတ်စွာဘုရား ဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော် ထားရှိသောနေရာကို "ဘုရားကျောင်းဆောင်" "ဘုရားဆောင်"ဟု ပြောဆိုရမည်။ "ဘုရားစင်" ဟု မပြောဆိုရ။

(၄) ဘုရားရှိခိုးရာ၊ ဝတ်ပြုရာ အဆောက်အအုံကို "ဘုရားရှိခိုးကျောင်း" "ဝတ်ကျောင်း"ဟု ပြောဆိုရမည်။

(၅) တရားဓမ္မဟောပြောနာယူရာ အဆောက်အအုံကို "ဓမ္မာရုံ"ဟု ပြောဆိုရမည်။

(၆) ရဟန်းသံဃာတော်များ၊ သာမဏေများကခေါ်လျှင် "ဘုရား" "အရှင်ဘုရား" ဟု ထူးရမည်။ ဆရာမိဘစသော ရိုသေလေးစား ထိုက်သူတို့ကခေါ်လျှင် "ခင်ဗျာ" "ရှင်"ဟု ထူးရမည်။

(၇) ရဟန်းသံဃာတော်များ၊ သာမဏေများနှင့် စကားပြောဆိုရာတွင် ဟုတ်မှန်ကြောင်းဝန်ခံလျှင် "မှန်ပါအရှင်ဘုရား" "တင်ပါအရှင်ဘုရား"ဟု ပြောဆိုရမည်။ ဆရာမိဘစသော ရိုသေလေးစား ထိုက်သူတို့နှင့် ပြောဆိုရာတွင် ဟုတ်မှန်ကြောင်းဝန်ခံလိုလျှင် "ဟုတ်ကဲ့ခင်ဗျား၊ ဟုတ်ကဲ့ရှင့်" "မှန်ပါတယ်ခင်ဗျား၊ မှန်ပါတယ်ရှင့်"ဟု ပြောဆိုရမည်။

(၈) ရဟန်းသံဃာတော်များ၊ သာမဏေများနှင့် ပြောဆိုရာတွင် မဟုတ်မမှန် ကြောင်း လျှောက်တင်လိုလျှင် "မဟုတ်ပါ အရှင်ဘုရား" "မမှန်ပါ အရှင် ဘုရား" "ဘုရားတပည့်တော် မှားပါတယ် အရှင်ဘုရား" ဟု ပြောဆိုရမည်။ ဆရာမိဘစသော ရိုသေထိုက်သူတို့နှင့် မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုလျှင်

"မဟုတ်ပါခင်ဗျား၊ မဟုတ်ပါရှင်" "မမှန်ပါခင်ဗျာ၊ မမှန်ပါရှင်" "ကျွန်တော်များပါတယ်ခင်ဗျား၊ ကျွန်မ များသွားပါတယ်ရှင်"ဟု ပြောဆိုရမည်။

(၉) ရဟန်းတော်များကို ထေရ်ဝါကြီးလျှင် "ဆရာတော်ဘုရား" "ဘုန်းတော်ကြီးဘုရား" ဟု လျှောက်ထား ပြောဆိုရမည်။ ထေရ်ဝါ ငယ်လျှင် "ဦးပဥ္စင်းဘုရား"ဟု ပြောဆိုရမည်။ သာမဏေ များကို "ကိုရင်ဘုရား" "အရှင်ဘုရား"ဟု ပြောဆိုရမည်။ (ဘုန်းဘုန်း၊ ဘဘုန်း၊ ဘဘုရား စသည် မခေါ်ဝေါ်မပြောဆိုရ။)

(၁၀) သက်တော် ဝါတော် ဂုဏ်သိက္ခာကြီးရင့်သော ဆရာတော်ကြီးများ၏ အမည်ကို သုံးနှုန်းပြောဆို သောအခါ "ဦးသောဘဏ" "ဦးသောဘိတ" ဟု ဘွဲ့နာမည်တပ်၍ မသုံးနှုန်း မပြောဆိုရ။ ကျောင်းတိုက်ကို စွဲ၍ဖြစ်စေ၊ မြို့ကို စွဲ၍ဖြစ်စေ"မဟာစည်ဆရာတော်" "ရွှေကျင်တိုက်သစ်ဆရာတော်" "အောင်မင်္ဂလာဆရာတော်""ပဲခူးဆရာတော်" "မန္တလေးဆရာတော်" စသည်အားဖြင့် သုံးနှုန်းပြောဆိုနိုင်သည်။

(၁၁) ရဟန်းသံဃာတော်များ၊ သာမဏေများ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ပြောဆိုရာတွင် မိမိ ကိုယ်ကို ရည်ညွှန်းပြောဆိုလိုပါက "ဘုရားတပည့်တော်" "ဘုရားတပည့်တော်မ"ဟု ပြောဆိုရမည်။ မိဘဆရာ စသော ရိုသေထိုက်သူများနှင့် ပြောဆိုရာတွင် မိမိကိုယ်ကို ရည်ညွှန်းပြောဆိုလိုက "ကျွန်တော်" "ကျွန်မ"ဟု ပြောဆိုရမည်။

(၁၂) မြတ်စွာဘုရား၊ ရဟန်းသာမဏေများ၏ ဖခင်အား "ခမည်းတော်"၊ မိခင်အား "မယ်တော်"၊ အစ်ကိုအား "အစ်ကိုတော်၊ နောင်တော်"၊ အစ်မအား "အစ်မတော်"၊ ညီ၊ ညီမအား "ညီတော်၊ ညီမတော်"၊ ဆွေမျိုးများအား "ဆွေတော်၊ မျိုးတော်"ဟု ပြောဆိုရမည်။

(၁၃) ရဟန်းသံဃာများ နေထိုင်သည်ကို "သီတင်းသုံးသည်"ဟု ခေါ်သည်။ "ဆရာတော် ဘယ်မြို့မှာ နေပါသလဲ"ဟု မမေးရ၊ "ဆရာတော် ဘယ်မြို့မှာ သီတင်းသုံးပါသလဲ အရှင်ဘုရား"ဟု မေးလျှောက်ရမည်။

(၁၄) ရဟန်းသံဃာများ အိပ်စက်သည်ကို "ကျိန်းနေသည်" "ကျိန်းစက်နေသည်"ဟု ပြောဆိုရမည်။

(၁၅) ဘုရား၊ ရဟန်းသံဃာများ ရေချိုးသည်ကို "ရေသပ္ပါယ်သည်"ဟု ပြောဆိုရမည်။

(၁၆) ရဟန်းသံဃာများသုံးသော အိမ်သာကို "ကုဋီ"ဟုခေါ်သည်။ ရဟန်းသံဃာများ ကျင်ကြီး၊ ကျင်ငယ်ကိစ္စပြုသည်ကို "ကိုယ်လက် သန့်စင်သည်"သို့မဟုတ် ဆီးသွားသည်ကို "ကျင်ငယ် စွန့်သည်"၊ ကျင်ကြီးစွန့်သည်ကို "ကုဋီတက်သည်"ဟု ပြောဆိုရမည်။

(၁၇) ရဟန်းသံဃာများ သွားလာသည်ကို "ကြွသွားသည်" "ကြွလာသည်"ဟု ခေါ်သည်။ "ဘယ်က ကြွလာပါသလဲ အရှင်ဘုရား" "ဘယ်ကိုကြွမှာလဲ အရှင်ဘုရား"ဟု မေးမြန်းလျှောက်ထားရမည်။

(၁၈) ရဟန်းသံဃာများအား မေးမြန်းသည်ကို "လျှောက်၊ လျှောက်ထား၊ လျှောက်တင်"ဟု သုံးနှုန်းသည်။ "လျှောက်ထားပါရစေ အရှင်ဘုရား၊ လျှောက်တင်ပါရစေ အရှင်ဘုရား"စသည်ဖြင့် ပြောဆိုရမည်။

(၁၉) ရဟန်းသံဃာများ ပြောဆိုသည်ကို "မိန့်တော်မူသည်" "မိန့်ကြားသည်" ဟု ပြောဆိုရမည်။

(၂၀) ရဟန်းသာမဏေများ ကွယ်လွန်သည်ကို "ပျံလွန်တော်မူသည်" "ဘဝနတ်ထံ စံတော်မူသည်" ဟု ပြောဆိုရမည်။

(၂၁) ဘုန်းကြီးများ၏ အသုဘပွဲ ပြုလုပ်သည်ကို "ဈာပနပွဲ" "ဘုန်းကြီးပျံပွဲ"ဟု ပြောဆိုရမည်။

(၂၂) မြတ်စွာဘုရား သာသနာသုံး ဝေါဟာရအနေဖြင့် အမျိုးသားများကို "ဒါယကာ(ဒကာ) ဥပါသကာ"။ အမျိုးသမီးများကို "ဒါယိကာမ (ဒကာမ) ဥပါသိကာမ"ဟု ပြောဆိုရမည်။

(၂၃) မြန်မာ့ယဉ်ကျေးမှုအရ ပြောဆိုဆက်ဆံရာတွင် အရွယ်ကိုလိုက်၍ အဘိုး၊

အဘွား၊ ဦးကြီး၊ ဒေါ်ကြီး၊ ဦးလေး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မဟု ခေါ်၍ ကိုယ့်အောက်ငယ်သူဖြစ်လျှင် မြေး၊ သား၊ သမီး၊ တူ၊ တူမ၊ ညီ၊ ညီမ၊ လူကလေး စသည်ဖြင့် သုံးနှုန်းကြသည်။ ရှေးလူကြီးများက လူရွယ်များကို "ကိုရင်"ဟု ချစ်စနိုးခေါ်ကြသည်။

(၂၄) တစ်ဦးနှင့်တစ်ဦး တွေ့ဆုံလျှင် "အရှင်ဘုရား ကျန်းမာပါရဲ့လား" "ဦးလေး ကျန်းမာပါရဲ့လား" "မင်္ဂလာပါခင်ဗျား" "မင်္ဂလာပါရှင့်"စသည်ဖြင့် နှုတ်ဆက်ရမည်။

(၂၅) တစ်ဦးနှင့်တစ်ဦး ခွဲခွာလျှင်လည်း "အရှင်ဘုရား တပည့်တော် (တပည့်တော်မ)ကို ပြန်ခွင့်ပြုပါဦး ဘုရား" "ကျွန်တော်(ကျွန်မ) ပြန်ပါဦးမယ်၊ ခွင့်ပြုပါဦး"စသည်ဖြင့် လေးလေးစားစား ရည်မွန် ဖော်ရွေစွာ ပြောဆိုရမည်။

(၂၆) တစ်ဦးတစ်ယောက်ကို မတော်တဆ ထိခိုက်မိ၍ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ တောင်းပန်ရန် ရှိလျှင် "ခွင့်လွှတ်ပါခင်ဗျား၊ ကန်တော့၊ ကန်တော့ပါ၊ သည်းခံပါ"စသော သင့်လျော်ရာ စကားအသုံးအနှုန်းတို့ဖြင့် ယဉ်ကျေးစွာ ပြန်လည်ပြောဆိုရမည်။

**မနောကံယဉ်ကျေးမှု**

(၁) သူတစ်ပါး၏ပစ္စည်းဥစ္စာကို မတရားလိုချင်သောစိတ် မထားရ။

(၂) သူတစ်ပါး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဂုဏ်သိန်ကို ဖျက်ဆီးလိုသောစိတ် မထားရ။

(၃) ကြီးသူနှင့်ဖြစ်စေ၊ ငယ်သူနှင့်ဖြစ်စေ တွေ့ဆုံသောအခါ ထိုပုဂ္ဂိုလ်တို့အား ကျန်းမာပါစေ၊ ချမ်းသာပါစေ ဟု မေတ္တာပွားရမည်။

(၄) ကံ၊ ကံ၏အကျိုးကို ယုံကြည်၍ ကိုယ်ချင်းစာနာသည့် စိတ်ကောင်း စိတ်မွန်ကို မွေးမြူရမည်။

(၅) ကိုယ့်ထက်သာသူကို မနာလိုသောစိတ်ထားမျိုး၊ ကိုယ့်အောက်နိမ့်သူကို နှိမ့်ချလိုသောစိတ်ထားမျိုး၊ ကိုယ်နှင့်တန်းတူသူကို ပြိုင်လိုသော စိတ်ထားမျိုးနှင့် မဆက်ဆံရ။

## သာသနာနှင့်စပ် ကပ္ပိယဝေါဟာရများ

(၁) ရဟန်း သာမဏေများနှင့်ပတ်သက်လျှင် ထမင်းကို "ဆွမ်း"၊ ဟင်းကို "ဆွမ်းဟင်း"ဟု ပြောဆိုရမည်။

(၂) ဆွမ်းမှတစ်ပါး အခြားစားသောက်ဖွယ်ရာများကို "ခဲဖွယ်"ဟု ပြောဆိုရမည်။

(၃) ဘုန်းကြီး၊ သီလရှင်များ ဆွမ်းစသည် အလှူခံလာသောအခါ "အလှူခံကြွသည်၊ ဆွမ်းခံကြွသည်၊ ဆွမ်းဆန်ရပ်သည်" စသည်ဖြင့် ပြောဆိုရမည်၊ မလှူနိုင်လျှင် "ကန်တော့ဆွမ်းပါဘုရား၊ ကန်တော့ပါဘုရား" ဟု ပြောဆိုရမည်။

(၄) ရဟန်းသာမဏေများ စားသောက်ခြင်းကို"ဘုဉ်းပေးသည်"ဟု ပြောဆိုရမည်။

(၅) ရဟန်းသံဃာများသည် "ထမင်းစားကြွပါ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ငါး၊ အမဲစားကြွပါ"ဟု လူတို့ဝေါဟာရဖြင့်သုံးစွဲပြီး ပင့်ဖိတ်သည်ကို ကြွရောက်စားသောက်က ဝိနည်းဒေသနာအရ အပြစ် သင့်လေသည်။ ရဟန်းသံဃာများနှင့် ပတ်သက်လျှင် လူတို့ဝေါဟာရအစား သာသနာသုံးဝေါဟာရဖြင့် "ဆွမ်းဘုဉ်းပေးကြွပါ" "မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်း ဘုဉ်းပေးကြွပါ"စသည်ဖြင့် ပြောဆိုပင့်လျှောက်ရမည်။

(၆) ရဟန်း သာမဏေများနှင့်ပတ်သက်လျှင် "ထမင်းပွဲ"ဟု မပြောရ။ "ဆွမ်းပွဲ" "ဆွမ်းပြင်နေတယ်" "ဆွမ်းပြင်ပြီးပြီ"ဟု ပြောဆိုရမည်။

(၇) သင်္ကန်းနှင့်စပ်၍ ကိုယ်ဝတ်ကို သင်းပိုင်ဟုခေါ်သည်။ အပေါ်ကိုယ်ရုံကို ကေသီဟုခေါ်သည်။ နှစ်ထပ်သင်္ကန်းကြီးကို သင်္ကန်းကြီး (ဒုကုဋ်)ဟု ခေါ်သည်။ သင်္ကန်း၊ သပိတ် စသော ရဟန်းတော်တို့၏ အသုံးအဆောင်များကို ပရိက္ခရာဟု ခေါ်သည်။

(၈) ရဟန်းသံဃာတော်များသည် ရေနှင့် ဒန်ပူ(သွားပွတ်တံ)မှတစ်ပါး အခြား ဘုဉ်းပေးမည့် စားသောက်ဖွယ်များကို လူ သာမဏေတို့က ကိုယ်ထိ လက်ရောက် ပေးကပ်မှသာ ဘုဉ်းပေးတော်မူကြသည်။ ထိုသို့ပေးအပ်သည်ကို "ကပ်တယ်" "ဆွမ်းကပ်တယ်" "လက်ဖက်ရည် ကပ်တယ်"စသည်ဖြင့် ပြောဆိုရမည်။

မှတ်ချက် ။ (က) ရဟန်းသံဃာများအား ကပ်လှူမည့် ဆွမ်းပွဲ လက်ဖက်ရည်ပွဲသည့် အင်အားအလယ်အလတ်ရှိ ယောကျ်ားတစ်ဦး မြှောက်ချီနိုင်လောက်သော ဆွမ်းပွဲ လက်ဖက်ရည်ပွဲမျိုး ဖြစ်လျှင် တစ်ဦးတည်း ဖြစ်စေ၊ နှစ်ဦးသုံးဦး ချီမြှောက်၍ဖြစ်စေ ကပ်ကောင်းသည်။ ထိုထက်ကြီးသော ဆွမ်းပွဲ လက်ဖက်ရည်ပွဲဖြစ်လျှင် တစ်ပန်းကန်စီ ကပ်ရမည်။

(ခ) ဆွမ်းကပ်ရာ၌ အကပ်ခံသော ရဟန်းတစ်ပါးပါးနှင့် ကပ်လှူသူတစ်ဦးဦးသည် ၂-တောင့်ထွာ နေရာအတွင်းမှာ ရှိရသည်။ ၂-တောင့်ထွာ ထက်ဝေးလျှင် အကပ်မမြောက်၍ ဘုဉ်းပေးသောရဟန်းမှာ အာပတ်သင့်လေသည်။ ၂-တောင့်ထွာ အတိုင်းအတာကို အကပ်ခံသော ရဟန်းနှင့် ကပ်လှူသူတို့၏ အပြင်ဘက်တင်ပါးစွန်းများမှစ၍ ခန့်မှန်းတိုင်းတာရသည်။

အစေ့ပါကိုက်စားရသောအသီး အပင်ပေါက်စေနိုင်သော အသီး အရွက် ပင်စည် အမြစ်ဥ စသည်တို့ကို ရဟန်းက "ကပ္ပိယံ ကရောဟိ" ဟုဆိုလျှင် မိမိက "ကပ္ပိယံ ဘန္တေ"ဟု ဆိုလျက် ထိုမျိုးစေ့ရှိရာ အသီးအရွက်ကို လက်သည်းဖြင့် ဆိတ်လိုက်ရသည်။ သို့မဟုတ် ဓားဖြင့်လှီးဖြတ် လိုက်ရသည်။ ဤသို့ပြုလုပ်သည်ကို "ကပ္ပိသည်" (အပ်အောင် ပြုလုပ်သည်) ဟု ခေါ်သည်။

မှတ်ချက်။ ။သံချေးတက်သော ကြွေရည်ကွာနေသော ပန်းကန်ဖြင့်လည်းကောင်း အကွဲအအက်ပါသော ပန်းကန်ဖြင့်လည်းကောင်း ထည့်၍ မကပ်ရ။

(၁၀) ရဟန်းသံဃာများသည် ဝိနည်းဒေသနာအရ အကပ်ခံပြီးမှသာ ဘုဉ်းပေးခွင့်ရှိသဖြင့် ရဟန်းသံဃာများ ဘုဉ်းပေးနေစဉ် ကြိုတင်အသိမပေးဘဲ ဆွမ်း၊ ဆွမ်းဟင်း၊ အခြားတစ်စုံတစ်ခုကို အကပ်ခံပြီးသော ခံပေါ်ကပန်းကန်တွင် မထည့်ရ။ "အကပ်ခံတော် မူပါဘုရား" "ဆွမ်းထည့်ပါရစေဘုရား" "ဆွမ်းဟင်းထည့်ပါရစေဘုရား" "အလှူခံတော်မူပါဘုရား"ဟု ပြောပြီး ရဟန်းသံဃာများက အလှူခံမှ ထည့်ပေးရမည်။

(၁၁) ရဟန်းသံဃာတော်များအား ကပ်ထားသော စားဖွယ်သောက်ဖွယ်များကို မစွန့်လွှတ်သေးသမျှ၊ မပြီးသေးသမျှ လူဒါယကာ၊ ဒါယိကာမများ

သွားရောက်ကိုင်သော်လည်း အကပ်မပျက်၊ သို့သော်လည်း အလေးဂရု ထားသောအားဖြင့် မကိုင်ရပါ။

(၁၂) တစ်စုံတစ်ခုသော ခဲဖွယ်ဘောဇဉ်ကို ကပ်သောအခါ ရဟန်းတော်က "ပြည့်စုံပြီ"ဟု ဆိုလျှင် ထပ်မဆက်ကပ်ရ။ ရဟန်းတော်အား "ဝပြီလား ဘုရား" "တော်ပြီလားဘုရား"ဟု မမေးရ။ "ပြည့်စုံပြီလားဘုရား" ဟု မေးလျှောက်ရမည်။

(၁၃) ဆွမ်းဘုဉ်းပေးချိန် အရုဏ်ဆွမ်းချိန် (နံနက်၅-နာရီမှ ၆-နာရီအတွင်း)၊ နေ့ဆွမ်းအချိန် (နံနက် ၁၀-နာရီမှ ၁၂-နာရီထိုးလုခါးနီး)၌ ခရီးသွားရဟန်း သာမဏေများကို ဖူးတွေ့ရလျှင် "ဆွမ်းကိစ္စပြီးပြီလားဘုရား" "ဆွမ်းကပ်ပါမယ်ဘုရား"ဟု လျှောက်ထား ရမည်။

(၁၄) ရဟန်းသံဃာများသည် ရွှေ ငွေ စသည့်ရတနာပစ္စည်းများကို ကိုယ်တိုင် မခံယူကောင်း၊ ခံယူလျှင် အာပတ်သင့်သည်။ စာအိပ် လက်ကိုင်ပုဝါစသည် တို့ဖြင့် ထည့်ထား ထုပ်ထားသော ငွေစက္ကူကိုလည်း ရဟန်းသံဃာတို့အား ကိုယ်ထိလက်ရောက် မလှူဒါန်း ကောင်းပါ။ ထို့ကြောင့် ရွှေ ငွေ စသည် ရတနာပစ္စည်းများကို ရဟန်းတော်များအား လှူလိုသည့်အခါ "ဘုရား တပည့်တော် (တပည့်တော်မ)သည် အရှင်ဘုရားများ၏ နဝကမ္မ (အမှုကိစ္စသစ်)အတွက် ငွေတစ်ရာကျပ်တန် ပစ္စည်းလေးပါးကို လှူဒါန်း လိုပါသည်။ ကပ္ပိယညွှန်တော်မူပါဘုရား"ဟု လျှောက်ထားရမည်။ ရဟန်း သံဃာက ကပ္ပိယညွှန်သည့်အခါ ထိုကပ္ပိယထံ ငွေကို အပ်နှံလိုက်ရသည်။

ဖော်ပြခဲ့သည့်အတိုင်း ပြုမူ၊ ပြောဆိုပါမူ ကုသိုလ်မင်္ဂလာများတိုးပွားပြီး ဤဘဝမှာလည်း ယဉ်ကျေးသူအဖြစ် ဂုဏ်ယူထင်ပေါ်မည်ဖြစ်သည်။ တမလွန် ဘဝမှာလည်း ကောင်းကျိုးချမ်းသာများကို ဆင့်ကဲရရှိနိုင်မည် ဖြစ်ပါသည်။

ဖော်ပြခဲ့သည့်အတိုင်း မပြောဆိုတတ်လျှင် ဂါဝရ နိဝါတ သုဘာသိတ မင်္ဂလာများ ပျက်ပြား၍ အပြောအဆို ရိုင်းစိုင်းမှု ဖြစ်သည်။

ဗုဒ္ဓသာသနာတော် အဆုံးအမအရ ဘိုး ဘေး ဘီ ဘင် အစဉ်အဆက်

ကျင့်သုံးနေထိုင်လာခဲ့ကြသော မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ကိုယ် နှုတ် စိတ် ယဉ်ကျေး၍ ငြိမ်းအေး ချမ်းသာကြသူများဖြစ်ကြသည်။

ယောကျ်ားကလေးများမှာ အရွယ်ရောက်သည်နှင့် ဘုန်းတော်ကြီး ကျောင်းများ၌ ပညာသင်ယူကြရရာ ငယ်စဉ်ကပင် ယဉ်ကျေးလိမ္မာသူများ ဖြစ်ခဲ့ကြ၏။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ စသော စာဆိုကျော်တို့ ဆုံးမစာ လင်္ကာများသည် ရှေးအခါဘုန်းတော်ကြီးကျောင်းမှ ပေးအပ် လိုက်သော "ပြည်သူ့နီတိ"များ ဖြစ်ခဲ့ကြ၏။ ရှင်သာမဏေ ပြုရသောအခါ လိင်၊ ဒဏ်၊ သေခိယ ကျင့်ဝတ်များကို သင်ယူကြရပြန်ရာ နေနည်း၊ စားနည်း၊ ပြောဆို ထားသိုနည်း၊ ယုတ်စွအဆုံး ကုဋီ အိမ်သာ တက်နည်း အထိ လိုလေသေးမရှိ၊ အောက်ခြေသိမ်း ဟောကြားဆုံးမချက်များကို ရရှိလိုက်နာခဲ့ကြသည်။ ကိုယ် နှုတ် စိတ် နှလုံး ယဉ်ကျေးခြင်းသည် မေတ္တာစိတ်ဓာတ်ကို အခြေခံရသဖြင့် ဆရာသမား မိဘတို့သည် မေတ္တာ စိတ်ဓာတ်ကိုပါ ထူထောင်ပေးခဲ့ကြလေသည်။ "ကြီးသူ ရိုသေ၊ ရွယ်တူ လေးစား၊ ငယ်သူ သနား"ဟူသော မြန်မာပြည်သားတို့၏ ယဉ်ကျေးမှု အမွေကို ထိန်းသိမ်းကြရာ၏။

# အခန်း (၄)
# နှစ်ကျိပ်ငါးဆူ မဟာဗုဒ္ဓဝင်

## ၁။ ဒီပင်္ကရာဗုဒ္ဓဝင်အကျဉ်း

### မြို့တော် စသည်ကို ပြဆိုချက်

ဒီပင်္ကရာမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ ရမ္မဝတီမြို့တော် ဖြစ်၏။ ခမည်းတော်မှာ သုဒေဝမင်းဖြစ်၏။ မယ်တော်မှာ သုမေဓာ မိဖုရား ဖြစ်၏။

အဂ္ဂသာဝကအစုံကား သုမင်္ဂလမထေရ်နှင့် တိဿမထေရ်တို့ ဖြစ်ကြကုန်၏၊ အလုပ်အကျွေးကား သာဂတမထေရ် ဖြစ်၏။

အဂ္ဂသာဝိကာ = (မြတ်သောတပည့်မ) အစုံကား နန္ဒာထေရီမနှင့် သုနန္ဒာထေရီမ တို့ဖြစ်ကြကုန်၏၊ ပွင့်တော်မူရာ ဗောဓိပင်ကား ညောင်ကြတ်ပင် ဖြစ်၏။

အလုပ်အကျွေး ဒါယကာတို့ကား တပုဿနှင့် ဘလ္လိကတို့ ဖြစ်ကြကုန်၏၊ အလုပ်အကျွေး ဒါယိကာမတို့ကား သိရိမာနှင့် သောဏာတို့ ဖြစ်ကြကုန်၏။

ဒီပင်္ကရာမြတ်စွာဘုရား၏ အရပ်တော်မှာ အတောင်ရှစ်ဆယ် မြင့်တော်မူ၏။ အလျှံတဝင်းဝင်း ထွန်းလင်းတောက်ပသော တန်ဆောင်ဆီမီးတိုင်ကြီးကဲ့သို့ လည်းကောင်း..၊ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးကဲ့သို့လည်းကောင်း ...

တင့်တယ်တော်မူလှ၏။

*(ဤဖွားတော်မူရာ မြို့တော်စသည်ကို ပြဆိုရခြင်း၏ အကျိုးကား- ထိုဖွားတော်မူရာ မြို့တော် စသည်ကို မပြဆိုခဲ့သည်ရှိသော် " ဤဘုရား၏ ဖွားတော်မူရာ မြို့တော်လည်း မထင်ခဲ့၊ ခမည်းတော် မယ်တော် စသည်လည်း မထင်ခဲ့၊ နတ်သော်လည်းကောင်း၊ မာရ်သော် လည်းကောင်း၊ ဘီလူးသော်လည်းကောင်း၊ ပြဟ္မာသော်လည်းကောင်း ဤသူ ဖြစ်အံ့ထင်၏။ နတ်ပြဟ္မာတို့အား ဤသို့သော အံ့ဖွယ် ဖြစ်သည်မှာ အထူးမဟုတ်၊ အံ့ဖွယ်မရှိဟု အောက်မေ့ကာ ဟောသမျှ တရားကို နာကြားကောင်းသည် ယုံကြည်ကောင်းသည်ဟု မမှတ်ကုန် လေရာ။ ထိုသို့ ဖြစ်သည်ရှိသော် သစ္စာတရားကိုသိခြင်း (အကျွတ်တရား ရခြင်း) မဖြစ်နိုင်လေရာ။ ဖွားတော်မူရာ မြို့တော် ခမည်းတော် မယ်တော်စသည်ကို ပြအပ်သော်ကား "လူသားစင်စစ်က သို့စဉ် တန်ခိုးအာနုဘော် ကြီးပေ၏"ဟု အောက်မေ့ကာ သတ္တဝါ တို့သည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို နာကြား ယုံကြည်ကြသဖြင့် သစ္စာတရားကို သိခြင်း (အကျွတ်တရားရခြင်း) ဖြစ်နိုင်၏။ ထို့ကြောင့် ဖွားတော်မူရာမြို့တော် ခမည်းတော် မယ်တော်စသည်တို့ကို ပြဆိုခြင်းဖြစ်သည်။)*

ဒီပင်္ကရာမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် (၁၂)တဆယ့်နှစ်ယူဇနာတိုင်အောင် *(တန်ခိုးတော်ဖြင့် အထူးဖန်ဆင်းရခြင်းမရှိဘဲ)* ပကတိအလိုလို ပျံ့နှံ့ထွက်၏။ ထိုဒီပင်္ကရာမြတ်စွာဘုရား၏ အသက်တော်မှာ တစ်သိန်း ဖြစ်၏။ (ဤကား ပါဠိတော်၌ တိုက်ရိုက်လာသော အပိုင်းအခြားတည်း။)

ပါဠိတော်၌ တိုက်ရိုက်မလာသော်လည်း ထုတ်ဆောင်၍ ပြရမည်ဟု အဋ္ဌကထာတို့၌ ဖွင့်ပြသော အပိုင်းအခြား (သမ္ဗဟုလဝါရ) သည်ကား... ဒီပင်္ကရာ မြတ်စွာဘုရားအလောင်းတော် လူဖြစ်စဉ်ကာလ သုံးဆောင် အပ်သော နန်းတော် ပြာသာဒ်တို့ကား ဟံသပါသာဒ=(ဟင်္သာရွှေနန်းဆောင်)၊ ကောဉ္စပါသာဒ=(ကြိုးကြာ ရွှေနန်းဆောင်)၊ မယူရပါသာဒ=(ဥဒေါင်း ရွှေနန်းဆောင်) ဟူ၍ သုံးပါးတို့တည်း။

မောင်းမမိဿံပေါင်းကား သုံးသိန်း အတိုင်းအရှည် ရှိ၏။ အဂ္ဂမဟေသီ မိဖုရားကြီးကား ပဒုမာဒေဝီ အမည်ရှိ၏။ သားတော်ကား ဥသဘက္ခန္ဓမင်းသား တည်း၊ ရွှေနန်းစိုးစံသော နှစ်ပေါင်းကား အနှစ်တစ်သောင်း တို့တည်း။

တောထွက်တော်မူသောအခါ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏။ ဘုရားဖြစ်တော်မူသောအခါ နန္ဒာရာမ=(နန္ဒဥယျာဉ်)အရပ်၌ သီတင်းသုံး နေတော်မူ၏။

ဒီပင်္ကရာမြတ်စွာဘုရားသည် ထိုမျှလောက်သော ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော သတ္တဝါ အပေါင်းကို ကယ်တင်တော်မူ၏။

တပည့်သား သံဃာတော်နှင့်တကွသော ထိုဒီပင်္ကရာ မြတ်စွာဘုရားသည် သင်ကြားခြင်း (ပရိယတ်)၊ ကျင့်ကြံခြင်း (ပဋိပတ်)၊ ထိုးထွင်းသိမြင်ခြင်း (ပဋိဝေဓ) တည်းဟူသော သဒ္ဓမ္မသုံးပါးကို တစ်လောကလုံး ထွန်းပစေလျက် သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ အလျှံတပြောင်ပြောင် ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ အေးငြိမ်းခြင်းသဘောသို့ ဆိုက်ရောက်တော်မူလေပြီ။

## ၂။ ကောဏ္ဍညဗုဒ္ဓဝင်အကျဉ်း

ကောဏ္ဍညမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ ရမ္မဝတီ မြို့တော်ဖြစ်၏။

ခမည်းတော်မှာ သုနန္ဒမင်းဖြစ်၍ မယ်တော်မှာ သုဇာတာဒေဝီမိဖုရားဖြစ်၏။

အဂ္ဂသာဝက အစုံတို့မှာ ဘဒ္ဒမထေရ်နှင့် သုဘဒ္ဒမထေရ်တို့ ဖြစ်ကုန်၏။ အလုပ်အကျွေးမှာ အနုရုဒ္ဓမထေရ် ဖြစ်၏။

အဂ္ဂသာဝိကာအစုံမှာ တိဿာထေရီမနှင့် ဥပတိဿာထေရီမ တို့ဖြစ်ကုန်၏။ ပွင့်တော်မူရာ ဗောဓိပင်ကား သာလကလျာဏီ (ခေါ်) ကြောင်လျှာပင် (သို့မဟုတ်) (နံ့ပဲ) နဘဲပင် ဖြစ်၏။

အလုပ်အကျွေးဒါယကာတို့မှာ သောဏဒါယကာနှင့် ဥပသောဏ ဒါယကာတို့ ဖြစ်ကြကုန်၏။ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ နန္ဒာဥပါသိကာနှင့် သိရိမာဥပါသိကာတို့ဖြစ်ကုန်၏။

ကောဏ္ဍညမြတ်စွာဘုရား၏ အရပ်တော်မှာ ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူကာ လမင်းကဲ့သို့ မွန်းတည့်နေကဲ့သို့ တင့်တယ်တော်မူ၏။

ထိုကောဏ္ဍည မြတ်စွာဘုရား ပွင့်တော်မူသည့်အခါမှာ အသက် တစ်သိန်းတမ်းဖြစ်၍ ထိုမျှလောက် ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာရေအယဉ်မှ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။

ကောဏ္ဍည မြတ်စွာဘုရားအလောင်းတော် လူဖြစ်စဉ်ကာလ သုံးဆောင်အပ်သော နန်းတော်ပြာသာဒ်တို့ကား သုစိရွှေနန်းဆောင်၊ သုရုစိရွှေနန်းဆောင်၊ သုဘရွှေနန်းဆောင် ဟူ၍သုံးဆောင်တို့တည်း။

မောင်းမမိဿံ အပေါင်းကား သုံးသိန်းအတိုင်း အရှည်ရှိ၏။ အဂ္ဂမဟေသီ မိဖုရားကြီးကား ရုစိဒေဝီ အမည်ရှိ၏။ သားတော်ကား ဝိဇိတသေန အမည်ရှိ၏။ ရွှေနန်းစိုးစံသော နှစ်ပေါင်းကား အနှစ်တစ်သောင်းတို့တည်း။

တောထွက်တော်မူသောအခါ အာဇာနည်မြင်း ကသောရထားယာဉ်ဖြင့် တောထွက်တော်မူ၏။ ဘုရားဖြစ်တော် မူသောအခါ စန္ဒာရာမ = (စန္ဒဥယျာဉ်) အရပ်၌ သီတင်းသုံးနေတော်မူ၏။

ကောင်းကင်အပြင်သည် ကြယ် နက္ခတ်တာရာတို့ဖြင့် ဆန်းကြယ် တင့်တယ်သကဲ့သို့ ထို့အတူ ကောဏ္ဍည မြတ်စွာဘုရား သာသနာတော် ပွင့်လင်းရာ ထိုအခါ၌ မဟာပထဝီ ဤမြေကြီးသည် ကိလေသာအာသဝေါ ကုန်ခန်း၍ အညစ်အကြေးကင်းစင်ပြီးသော ရဟန္တာတို့ဖြင့် ဆန်းကြယ်တင့်တယ်လှပေ၏။ (မြေတစ်ပြင်လုံး သင်္ကန်းရောင် လွှမ်းလျက်ရှိသည်ဟု ဆိုလိုသည်။)

ထိုရဟန္တာ အရှင်မြတ်တို့သည် နှိုင်းယှဉ်မရအောင် မွန်မြတ်လှကုန်၏။ လောကဓံတရား ရှစ်ပါးတို့ကြောင့် တုန်လှုပ်ချောက်ခြားခြင်း အလျှင်းမရှိကုန်၊

စိတ်မာန်တင်းသူတို့ ချဉ်းကပ်ရန်ခဲယဉ်းလှကုန်၏။ များစွာ ကျော်စောခြင်း ရှိကုန်သော ထိုရဟန္တာအရှင်မြတ်တို့သည် ပရိနိဗ္ဗာန် စံလိုတော်မူလတ်ကုန်သည်ရှိသော် ထန်းလုံးခုနစ်ဆင့်ခန့် ကောင်းကင်သို့ ပျံတက်တော်မူကြ၍ (မိုယ်းတိမ်ညို၏အကြား လျှပ်နွယ်ပြက်၍ ဝင်သွားသကဲ့သို့) တေဇော ကသိဏစျာန်ကို ဝင်စား တော်မူကြပြီး လျှင် ကြီးစွာသော အရောင်အလင်းကို ပြုလျက် မိုးကောင်းကင်ဝမှာပင် တေဇော ဓါတ်လောင်ကျွမ်းကာ ပရိနိဗ္ဗာန် စံတော်မူကြလေကုန်ပြီ။

## ၃။ မင်္ဂလဗုဒ္ဓဝင်အကျဉ်း

မင်္ဂလမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ ဥတ္တရမြို့တော်ဖြစ်၏။ ခမည်းတော်မှာ ဥတ္တရမင်းဖြစ်၍ မယ်တော်မှာ ဥတ္တရာဒေဝီ မိဖုရားဖြစ်၏။

အဂ္ဂသာဝကအစုံတို့မှာ သုဒေဝမထေရ် နှင့် ဓမ္မသေနမထေရ်တို့ ဖြစ်ကြကုန်၏။ အလုပ်အကျွေးမှာ ပါလိတမထေရ် ဖြစ်၏။

အဂ္ဂသာဝိကာအစုံတို့မှာ သီဝလာထေရီမနှင့် အသောကာထေရီမတို့ ဖြစ်ကြကုန်၏။ ပွင့်တော်မူရာ ဗောဓိပင်ကား ကံ့ကော်ပင်ဖြစ်၏။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ နန္ဒသူဌေးနှင့် ဝိသာခသူဌေးတို့ ဖြစ်ကြကုန်၏။ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ အနုလာဒါယိကာမနှင့် သုတနာ ဒါယိကာမတို့ဖြစ်ကြကုန်၏။

မင်္ဂလမြတ်စွာဘုရား၏ အရပ်တော်မှာ (၈၈) ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်သည်ကား ရှေးကပြဆိုခဲ့သော အတိုင်း ထက်ဝန်းကျင် တစ်သောင်းသော လောကဓာတ်နယ်တွင် အထူး တင့်တယ်စွာ အမြဲထွက်၍ နေ၏။ ရံခါရံခါမူကား လောကဓာတ်တစ်သောင်းမျှမက သိန်းပေါင်းများစွာသော လောကဓာတ် တို့တိုင်အောင် ထွက်၏။

ထိုမင်္ဂလမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်(၉၀၀၀၀) ကိုးသောင်းသက်တမ်းဖြစ်၍ ထိုမျှလောက်သောကာလပတ်လုံး တည်နေတော်မူလျက်

များစွာသော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအလျဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

မင်္ဂလမြတ်စွာဘုရားအလောင်းတော် လူဖြစ်စဉ်ကာလ သုံးဆောင်အပ်သော ရွှေနန်းပြာသာဒ်တို့ကား ယသဝန္တရွှေနန်းဆောင်၊ ရုစိမန္တရွှေနန်းဆောင်၊ သိရိမန္တရွှေနန်းဆောင်ဟူ၍ သုံးဆောင်တို့တည်း။

မောင်းမမိဿံအပေါင်းကား သုံးသောင်းအတိုင်းအရှည်ရှိ၏။ အဂ္ဂမဟေသီမိဖုရားကြီးကား ယသဝတီအမည်ရှိ၏။ သားတော်ကား သီလဝအမည်ရှိ၏။ ရွှေနန်းစိုးစံသော နှစ်ပေါင်းကား (၉၀၀၀) ကိုးထောင်တည်း။

တောထွက်တော်မူသောအခါ ပဏ္ဍုရအမည်ရှိသော မြင်းယာဉ်တော်ကို စီး၍ တောထွက်တော်မူ၏။ ဘုရားဖြစ်တော်မူသောအခါ ဉတ္တရာရာမ=(ဉတ္တရဥယျာဉ်) အရပ်၌ သီတင်းသုံးနေတော်မူ၏။

မဟာသမုဒြာ၌ရှိသော လှိုင်းတံပိုးတို့ကို ရေတွက်ခြင်းငှာ မတတ်နိုင်သကဲ့သို့ ထိုမင်္ဂလမြတ်စွာဘုရား၏ သာဝကရဟန္တာတို့ကို ရေတွက်ခြင်းငှာ မတတ်နိုင်ကုန်။

လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူသော မင်္ဂလမြတ်စွာဘုရား ထင်ရှားသက်တော်တည်နေတော်မူသမျှ ကာလပတ်လုံး မြတ်စွာဘုရား၏ သာသနာတော်မှာ ကိလေသာနှင့်တကွ သေဆုံးသော ရဟန်းမည်သည်မရှိ။ (ကိလေသာကုန်ခန်း ရဟန္တာချည်းဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူကြသည်။)

များသောအခြံအရံ မြတ်သော အကျော်အစော ရှိတော်မူသော မင်္ဂလမြတ်စွာဘုရားသည် တရားတည်းဟူသော ဆီမီးကို ညှိထွန်းတော်မူပြီး၍ များစွာသောလူအပေါင်းကို သံသရာတည်းဟူသော ရေအလျဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူပြီးလျှင် ထွန်းလင်းတောက်ပပြီး ငြိမ်းအေးသွားသော မီးပုံကြီးကဲ့သို့လည်းကောင်း၊ ကွယ်ဝင်သွားသော နေမင်းကြီးကဲ့သို့၎င်း၊ နတ်ပြဟ္မာနှင့်တကွသော လူအပေါင်းအား သင်္ခါရတရားတို့၏ မမြဲသောသဘော ဆင်းရဲသောသဘော အစိုးမရသောသဘောကို ထင်ရှားပြတော်မူ၍ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

မင်္ဂလမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူသည်နှင့် တပြိုင်နက် စကြဝဠာတိုက်တစ်သောင်းတို့ နဂိုရ်ရှိရင်း ဘုရား အရောင် ကွယ်ပသဖြင့် မှောင်အတိ ကျသွားကုန်၏။ ထိုစကြဝဠာတိုက်တို့၌ လူတို့၏ သည်းစွာသော ငိုကြွေး မြည်တမ်းခြင်းသည် ဖြစ်၏။

**သံဝေဂ**

ထိုမင်္ဂလမြတ်စွာဘုရား၏ အတုမရှိ မနှိုင်းယှဉ်အပ်သော တန်ခိုးတော်သည်လည်းကောင်း၊ သဗ္ဗညုတဉာဏ်တော်ဖြင့် ထုံမွှန်းအပ်သော သမာဓိတော်သည်လည်းကောင်း၊ ထိုအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်သွားလေပြီ၊ ခပ်သိမ်းသော သင်္ခါရတရား တို့သည် မြဲခိုင်သော အနှစ်မရှိ အချည်းအနှီးသာ ဖြစ်ကုန်စွတကား။

ဤသို့လျှင် သစ္စာလေးပါးတရားတို့ကို အကြွင်းမရှိ သိမြင်တော်မူသော မင်္ဂလမြတ်စွာဘုရားသည် (အခြားဥယျာဉ် များထက် လွန်ကဲထူးချွန်စွာ အသီးပင်ဟူသမျှတို့က သီးကြ၍ အပွင့်ပင်ဟူသမျှတို့က ပွင့်ကြသောကြောင့်) ဥတ္တရ အမည်ရှိ သော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုဥယျာဉ်၌ပင်လျှင် ဆေးဒန်း မြင်းသီလာတို့ကို မြေညက်(အင်းကတေမှုန့်)၊ ဆီ ထောပတ်တို့ကို ရေပြုလုပ်လျက် မင်္ဂလမြတ်စွာဘုရား၏ စေတီတော်ကို တည်ထားကြရာ အမြင့် ယူဇနာ(၃၀)သုံးဆယ် ရှိ၏။

သက်တော်ရှည်ကြသော မြတ်စွာဘုရားတို့၏ ထုံးတမ်းစဉ်လာဓမ္မတာအရ အစိတ်စိတ်မကွဲ တခဲတည်းတစုတည်း တည်ရှိသော အသမ္ဘိန္နဓာတ်တော်တို့သည် ရွှေဆင်းတုကဲ့သို့ တည်တော်မူ၏။ ထိုအသမ္ဘိန္နဓာတ်တော်ကို စေတီတော်အတွင်း ဌာပနာသွင်းကြကုန်၍ ဇမ္ဗူဒိပ်ကျွန်း၌နေကုန်သူ လူအားလုံးတို့သည် ရတနာ ခုနစ်ပါးတို့ဖြင့် မွမ်းမံချယ်လယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေကြကုန်၏။

# ၄။ သုမနဗုဒ္ဓဝင် အကျဉ်း

## မြို့တော်စသည်ကို ပြဆိုချက်

သုမနမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ မေခလမြို့တော်ဖြစ်၏။

ခမည်းတော်မှာ သုဒတ္တမင်းကြီး ဖြစ်၍ မယ်တော်မှာ သိရိမာ မိဖုရားကြီး ဖြစ်သည်။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ အနှစ်ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်မှာ စန္ဒပြာသာဒ်၊ သုစန္ဒပြာသာဒ်၊ ဝဋံသပြာသာဒ်တို့ဖြစ် လေသည်။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ ခြောက်သန်း သုံးသိန်းသော ရံရွေတော် အခြံအရံရှိသည့် ဝဋံသိကာ မိဖုရားကြီး ဖြစ်၍ သားတော်မှာ အနုပမမင်းသား ဖြစ်လေသည်။

အဂ္ဂသာဝကအစုံတို့မှာ သရဏမထေရ် ဘာဝိတတ္တမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ ဥဒေနမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ သောဏာထေရီမနှင့် ဥပသောဏာထေရီမ တို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်ကား ကံ့ကော်ပင်ဗောဓိ ဖြစ်၏။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ ဝရုဏသူဌေးနှင့် သရဏသူဌေးတို့ ဖြစ်ကြ၍ မြတ်သောအလုပ် အကျွေး ဒါယိကာမတို့မှာ စာလာနှင့် ဥပစာလာတို့ ဖြစ်ကြကုန်၏။

သုမနမြတ်စွာဘုရား၏ အရပ်တော်မှာ အတောင်ကိုးဆယ်မြင့်တော်မူ၏။ ပူဇော်ဖွယ်ရာ စီမံထားသည့် ရွှေတိုင်ကြီးနှင့် တူတော်မူ၍ လောကဓာတ် စကြဝဠာပေါင်း တစ်သောင်းကို ထွန်းလင်းတောက်ပသော ကိုယ်တော်ရောင်ဖြင့် တင့်တယ်တော်မူပေ၏။

ထိုသုမနမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၉၀၀၀၀) ကိုးသောင်းတမ်းဖြစ်၍ ထိုမျှ လောက်သော ကာလပတ်လုံး တည်နေတော်မူလျက်

များစွာသော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

မဟာကပ္ပဝါ သံသရာအတွင်းမှ ကူးမြောက် ကျွတ်လွတ်ထိုက်သော သူတို့ကို ကူးမြောက်ကျွတ်လွတ်စေတော်မူ၍ သစ္စာလေးပါးတရားကို သိထိုက်သော သူတို့ကိုလည်း သိစေတော်မူပြီးလျှင် လမင်းကြီး ကွယ်ဝင်သွားသကဲ့သို့ သုမနမြတ်စွာ ဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူခဲ့လေပြီ။

အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူကြသည့် ထိုအရှင်မြတ်တို့သည်၄င်း လောကသုံးပါး၌ အတုမရှိသော ထိုသုမနမြတ်စွာဘုရားသည်လည်းကောင်း အတုမရှိသော တရားအရောင်အလင်းကြီးကို ထွန်းလင်းတောက်ပစေတော်မူကြ၍ များမြတ်သော ကျော်စောခြင်း ဂုဏ်သတင်းရှိတော်မူကြသည့် သုမန မြတ်စွာဘုရားနှင့် တကွ သာဝကများစွာ ရဟန္တာအရှင်မြတ်တို့သည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော် မူကြကုန်ပြီ။

# ၅။ ရေဝတဗုဒ္ဓဝင်အကျဉ်း

## မြို့တော်စသည်ကို ပြဆိုချက်

ရေဝတမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ သုဓညဝတီ မြို့တော်ဖြစ်၍ ခမည်းတော်မှာ ဝိပုလ မင်းကြီး၊ မယ်တော်မှာ ဝိပုလာ မိဖုရား ကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၆၀၀၀) ခြောက်ထောင်ဖြစ်၍ စံနန်းတော် သုံးဆောင် တို့မှာ သုဒဿန စံနန်းတော်၊ ရတနဂ္ဃိစံနန်းတော်၊ အာဝေဠ စံနန်းတော်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်းသုံးထောင်သော ရံရွေတော် အခြံအရံရှိသည့် သုဒဿနာ မိဖုရားကြီး ဖြစ်၍ သားတော်မှာ ဝရုဏမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါး တို့ကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ အာဇာနည်မြင်းကသည့် ရထားယာဉ်ဖြစ်၍ ခုနစ်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ ဝရုဏမထေရ် ဗြဟ္မဒေဝမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ သမ္ဘဝမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ ဘဒ္ဒါထေရီမ၊ သုဘဒ္ဒါထေရီမတို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်ကား ကံ့ကော်ပင် ဗောဓိဖြစ်သည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ ပဒုမသူဌေးနှင့် ကုဥ္ဇရသူဌေးတို့ ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ သိရိမာ နှင့် ယသဝတီ တို့ဖြစ်ကြကုန်၏။

ရေဝတမြတ်စွာဘုရား၏ အရပ်တော်မှာ အတောင်(၈၀)ရှစ်ဆယ် မြင့်တော်မူ၍ စိုက်ထောင်ထားအပ်သော သိကြားမှန်ကင်းပမာ အလုံးစုံသော အရပ်မျက်နှာတို့ကို ထွန်းလင်းတောက်ပ၏။ ကိုယ်တော်မှထွက်သော ပကတိ ရောင်ခြည်တော်သည် နေ့နေ့ညဥ့်ညဥ့် ပတ်ဝန်းကျင် တယူဇနာတိုင်တိုင် ပျံ့နှံ့၏။

ထိုရေဝတမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၆၀၀၀၀) ခြောက်သောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာရေအလျဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။

မြတ်စွာဘုရားတို့၏ ဆယ်ပါးသော ဉာဏ်တော်အစွမ်းကို မြင်စေကာ လောကကြီး၌ အမြိုက်တရားကို ဖော်ပြတော်မူ၍ မီးစာကုန်သဖြင့် ငြိမ်းစဲသွားသော မီးတောက် မီးလျှံကြီးပမာ ရေဝတမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းတော်မူခဲ့လေပြီ။

သံဝေဂ

ရတနာတုံး ရတနာခဲကြီးနှင့်တူသော ထိုမြတ်စွာဘုရား၏ ရူပကာယတော်သည်လည်းကောင်း၊ အတုမရှိသော ထိုမြတ်စွာဘုရား၏ ဆယ်ပါးသော တရားတော်သည်လည်းကောင်း ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်ခဲ့လေပြီ၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သော အနှစ်မရှိအချည်းနှီးသာ ဖြစ်ကုန်စွာတကား ...။

ရေဝတမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးတွင် "ငါဘုရား မရှိသည့်နောက် အလုံးစုံသော သတ္တဝါများ နတ်ရွာနိဗ္ဗာန်သို့ ပေါက်ရောက်ကြစေရန် ငါ၏ဓါတ်တော်တို့သည် တစ်လုံတစ်ခဲတည်း မတည်ကြဘဲ စိတ်စိတ်အမြွာမြွာ ကွဲပြားပျံ့နှံ့ ကြစေကုန်သတည်း"ဟု အဓိဋ္ဌာန်တော်မူခဲ့ပြီးလျှင် မြို့တော်ကြီး၏ မနီးမဝေးဖြစ်သော ကံ့ကော်တော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန် စံတော်မူလေသည်။ ပရိနိဗ္ဗာန်စံတော်မူသော ထိုရေဝတမြတ်စွာဘုရား၏ ဓါတ်တော်တို့သည် သက်တော်ရှည် ဘုရားရှင်တို့၏ ဓါတ်တော်များ မကွဲမပျက် တခဲနက် တစုတည်း တည်ရှိရိုး ဓမ္မတာအတိုင်းမဟုတ်ဘဲ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ်အမြွာမြွာ ကွဲပြားပြီးလျှင် ဇမ္ဗူဒိပ်ကျွန်း တခွင်၌ အနှံ့အပြားတည်ရှိ၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူကြလေကုန်သတည်း။

## ၆။ သောဘိတဗုဒ္ဓဝင်အကျဉ်း

### မြို့တော်စသည်ကို ပြဆိုချက်

သောဘိတမြတ်စွာဘုရား၏ ဖွားတော်မူရာ သုဓမ္မမြို့တော်ဖြစ်၍ ခမည်း တော်မှာ သုဓမ္မမင်းကြီး၊ မယ်တော်မှာ သုဓမ္မာမိဖုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀)ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ ကုမုဒစံနန်းတော် နာဠိနစံနန်းတော်၊ ပဒုမစံနန်းတော်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်းခုနစ်ထောင်သော ရံရွေတော် အခြံအရံရှိသည့် မဏိလာဒေဝီ မိဖုရားကြီး ဖြစ်၍ သားတော်မှာ သီဟမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ စံနန်းတော် ပြာသာဒ်တော်ပင် ဖြစ်သည့်ပြင် ခုနစ်ရက်ကြာမျှသာ နန်းတော်အတွင်းမှာပင် ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ အသမမထေရ်နှင့် သုနေတ္တမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ အနောမမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ နကုလာထေရီမနှင့် သုဇာတာထေရီမတို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်ကား ကံ့ကော်ပင်ဗောဓိဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ ရမ္မသူဌေးနှင့် သုဒတ္တသူဌေး တို့ ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ နကုလာဉပါသိကာ နှင့် မိတ္တာဉပါသိကာ တို့ဖြစ်ကြကုန်၏။

သောဘိတမြတ်စွာဘုရား၏ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင်မြင့်လျက် ထွန်းတက်သော နေလုံးပမာ အလုံးစုံသော အရပ်မျက်နှာတို့ကို အလိုတော်ရှိသမျှ တောက်ပနိုင်သော ကိုယ်တော်ရောင်လည်း ရှိတော်မူပေ၏။

လောက၌ ပန်းမျိုးစုံပေါင်း ကောင်းစွာပွင့်ကာ အထူးထူးသော ရနံ့တို့ဖြင့် သင်းထုံကြိုင်လှိုင်သော တောအုပ်ကြီးပမာ ထိုသောဘိတမြတ်စွာဘုရား၏ စကားတော်တည်းဟူသော သာသနာတော် တောအုပ်ကြီးသည်လည်း သီလတည်း ဟူသော ရနံ့တို့ဖြင့် သင်းထုံကြိုင်လှိုင်၍ နေပေ၏။

ဉပမာတနည်းသော်ကား... လောက၌ သမုဒ္ဒရာကြီးကို လှိုင်းတံပိုး တအိအိတရွရွ ထကြွနေခြင်း စသည်ကို ကြည့်ရှု၍ မရောင့်ရဲနိုင်သကဲ့သို့ ထို့အတူ သောဘိတမြတ်စွာဘုရား၏ စကားတော်ကိုလည်း လူနတ်ဗြဟ္မာ သတ္တဝါ တို့ကြားနာရသဖြင့်အားမရနိုင် မရောင့်ရဲနိုင် တင်းမတိမ်နိုင် ဖြစ်ရပေသည်။

ထိုသောဘိတ မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၉၀၀၀၀) ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံတစ်ပုံ) ကာလပတ်လုံး တည်နေတော်မူလျက် လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို သံသရာရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

ကိုယ်တော့် မျက်မှောက်ကျွတ်တမ်းမရောက်ကြသေးသည့် နောက် အနာဂတ ဝေနေယျတို့အတွက် အကျဉ်းအကျယ် အဆုံးအမ ဩဝါဒအသွယ်သွယ်တို့ကို ကိုယ်တော်စား ထားတော်မူခဲ့၍ မီးတောက်ကြီး ငြိမ်းသည့်ပမာ သောဘိတ မြတ်စွာဘုရားသည် သာဝကများနှင့်တကွ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘဝဇာတ်သိမ်း တော်မူခဲ့လေပြီ။

**သံဝေဂ**

> အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူတော်မူသည့် ထိုသောဘိတ မြတ်စွာဘုရားသည်လည်းကောင်း၊ အဘိညာဉ်စသော အားအစွမ်းသို့ ရောက်တော်မူကြသည့် သာဝကများစွာ ဂိုရဟန္တာတို့သည် လည်းကောင်း ထိုအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ ...၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သော အနှစ်မရှိ အချည်းနှီးသာ ဖြစ်ကုန်စွ တကား....။

သောဘိတမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မမူမီ "ငါဘုရား မရှိသည့်နောက် သတ္တဝါများ နတ်ရွာ နိဗ္ဗာန်သို့ ပေါက်ရောက်ကြစေရန် ငါ၏ သာရီရိက ဓာတ်တော်တို့သည် တစ်လုံးတစ်ခဲတည်း မတည်ရစ်ကြဘဲ အစိတ်စိတ်အမွှာမွှာ ကွဲပြားပျံ့နှံ့စေကုန်သတည်း"ဟု အဓိဋ္ဌာန်တော်မူခဲ့ပြီးလျှင် သီဟာအမည်ရှိသော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန်စံတော်မူလေသည်။ ပရိနိဗ္ဗာန်စံတော်မူပြီးသော ထိုသောဘိတ မြတ်စွာဘုရား၏ ဓာတ်တော်တို့သည် သက်တော်ရှည် ဘုရားရှင်တို့၏ ဓာတ်တော်များ မကွဲမပျက် တခဲနက် တစုတည်း တည်ရှိရိုး ဓမ္မတာတိုင်း ကွဲပြားပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင်၌ အနှံ့အပြားတည်ရှိ၍ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူကြလေကုန်သတည်း။

# ၇။အနောမဒဿီဗုဒ္ဓဝင်အကျဉ်း

## မြို့တော်စသည်ကို ပြဆိုချက်

အနောမဒဿီ မြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ စန္ဒဝတီမြို့တော် ဖြစ်၍ ခမည်းတော်မှာ ယသဝါမင်းကြီး၊ မယ်တော်မှာ ယသောဓရာမိဖုရားကြီး တို့ဖြစ်ကြသည်။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀)တစ်သောင်းဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ သိရီစံနန်းတော်၊ ဥပသိရီစံနန်းတော်၊ ဝဍ္ဍစံနန်းတော်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားကြီးမှာ ရံရွေတော်ပေါင်း နှစ်သောင်းသုံးထောင် အခြံအရံရှိသည့် သိရီမာဒေဝီ မိဖုရားကြီးဖြစ်၍ သားတော်မှာ ဥပဝါဏမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ တောထွက်တော်မူသော ယာဉ်မှာ ရွှေထမ်းစင်ဖြစ်၍ ဆယ်လကြာအောင် ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ နိသဘမထေရ်နှင့် အနောမမထေရ်တို့ ဖြစ်၍ အလုပ်အကျွေးမှာ ဝရုဏမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ သုန္ဒရီထေရီမနှင့် သုမနာထေရီမတို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်ကား ထောက်ကြံ့(ဖောက်ကြံ့)ပင် ဗောဓိဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ နန္ဒိဝဍ္ဍသူဌေးနှင့် သိရိဝဍ္ဍသူဌေး တို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေးဒါယိကာမတို့မှာ ဥပ္ပလာဥပါသိကာနှင့် ပဒုမာဥပါသိကာတို့ ဖြစ်ကြကုန်၏။

အနောမဒဿီမြတ်စွာဘုရား၏ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင် မြင့်လျက် ထွန်းတက်သော နေလုလင်ကဲ့သို့ ရောင်ခြည်တော်မှာ ထက်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာတိုင်အောင် ထွက်ကွန့်တော်မူလေသည်။

အနောမဒဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်

(၁၀၀၀၀၀)တစ်သိန်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ) တည်နေတော်မူလျက် လူနတ်ပြဗ္ဗာသတ္တဝါအပေါင်းကို သံသရာရေ အလျဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။

မြတ်သော တရားစကားတော်တည်းဟူသော အနောမဒဿီမြတ်စွာ ဘုရား၏ သာသနာတော်သည် လောကဓံတရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်ရှင် ဖြစ်တော်မူကြကုန်သော ရာဂကင်းကွာ ကိလေသာအညစ်အကြေး ကင်းဝေးတော်မူကြသည့် ရဟန္တာသခင် အရှင်မြတ်တို့ဖြင့် ပွင့်လင်းတင့်တယ်ခဲ့လေပြီ။

**သံဝေဂ**

အနှိုင်းရှည်နိုင်သော အခြံအရံ အကျော်အစောနှင့် ပြည့်စုံတော်မူသည့် ထိုအနောမဒဿီ မြတ်စွာဘုရားသည်လည်းကောင်း၊ အတုမရှိသောဂုဏ်နှင့် ပြည့်စုံကြသည့် သာဝကအစုံ အစရှိသည်တို့ သည့်ငှင်း၊ ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်ခဲ့ လေပြီ ...၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲနိုင်သော အနှစ်မရှိ အချည်းနှီးသာ ဖြစ်ကုန်စွ တကား....။

**စေတီတော်**

မာရ်ငါးပါးကို အောင်တော်မူပြီးသော အနောမဒဿီမြတ်စွာဘုရားသည် ဓမ္မာရာမခေါ်သော အရံကြီး အတွင်း၌ ပရိနိဗ္ဗာန်စံတော်မူခဲ့၏။ ထိုအရံ အတွင်းမှာပင် တည်ထားအပ်သော ထိုအနောမဒဿီ မြတ်စွာဘုရား၏ စေတီတော်ကြီးသည် နှစ်ဆယ့်ငါးယူဇနာ မြင့်တော်မူ၏။

## ၈။ ပဒုမ ဗုဒ္ဓဝင်အကျဉ်း

**မြို့တော်စသည်ကိုပြဆိုချက်**

ပဒုမမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ စမ္ပကမြို့တော်ဖြစ်၍ ခမည်းတော်မှာ အသမမင်းကြီး၊ မယ်တော်မှာ အသမာဒေဝီမိဖုရားကြီးတို့ ဖြစ်ကြကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀)တစ်သောင်းဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ နန္ဒုတ္တရစံနန်းတော်၊ ဝသုတ္တရ စံနန်းတော်၊ ယသုတ္တရ စံနန်းတော်တို့ ဖြစ်ကုန်၏။ အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်းသုံးထောင်သော မောင်းမမိဿံ (ရံရွေတော်) အခြံအရံရှိသည့် ဥတ္တရာမိဖုရားကြီးဖြစ်၍ သားတော်မှာ ရမ္မမင်းသားဖြစ်လေသည်။

နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ အာဇာနည်မြင်းကသည့် ရထားယာဉ်ဖြစ်ပြီးလျှင် ရစ်လကြာ ဒုက္ကရစရိယကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ သာလမထေရ်နှင့် ဥပသာလမထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ ဝရုဏမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ ရာမာထေရီမနှင့် သုရာဓာထေရီမတို့ ဖြစ်ကြပြီးလျှင် ပွင့်တော်မူရာ ဗောဓိပင်ကား ကြောင်လျှာကြီးပင် ဗောဓိဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ ဘိယျသူဌေးနှင့် အသမသူဌေးတို့ ဖြစ်ကြပြီးလျှင် မြတ်သော အလုပ်အကျွေးဒါယိကာမတို့မှာ ရုစိဥပါသိကာနှင့် နန္ဒရာမာ ဥပါသိကာတို့ ဖြစ်ကြသည်။

ပဒုမမြတ်စွာဘုရား၏ အရပ်တော်မှာ (၅၈)ငါးဆယ့်ရှစ်တောင်မြင့်လျက် ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည် အလုံးစုံသောအရပ်မျက်နှာတို့သို့ အလိုတော်ရှိသမျှ ထိုမှဤမှ ထွက်ကြွကွန့်မြူး၏။

လရောင် နေရောင် ရတနာရောင် မီးရောင် ပတ္တမြားရောင်တို့သည် မြတ်စွာဘုရားရှင်၏ ကိုယ်တော်ရောင်သို့ရောက်လျှင် (ကိုယ်တော်ရောင်နှင့် တိုက်ဆုံလျှင်) ကွယ်ပျောက်ကြရလေကုန်သည်။

ပဒုမမြတ်စွာဘုရား ပွင့်တော်မူရာအသက်တမ်းမှာ အနှစ်(၁၀၀၀၀၀)တစ်သိန်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာရေအလျဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

ဣန္ဒြေရင့်ကျက်သော သတ္တဝါတို့ကို အကြွင်းအကျန်မထား ကိုယ်တော်မြတ်သက်တော်ထင်ရှား ရှိစဉ်မှာပင် သစ္စာလေးပါး တရားကို သိစေပြီးလျှင် ထိုမှကြွင်းကျန်သော အခြားလူနတ်ပြဟ္မာ သတ္တဝါတို့ကို သစ္စာလေးပါးတရားကို သိရစ်ကြရန် အဆုံးအမဩဝါဒတရား ဟောကြားတော်မူ၍ ထိုပဒုမမြတ်စွာဘုရားသည် သာဝကများစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

လောက၌ မြွေနဂါးသည် အရေဟောင်းကို စွန့်သကဲ့သို့လည်းကောင်း၊ သစ်ပင်သည် အရွက်ဟောင်းကို စွန့်သကဲ့သို့လည်းကောင်း၊ တပြောင်ပြောင်ထွန်းပကာ မီးစာကုန်သဖြင့် ငြိမ်းအေးသွားသော မီးကဲ့သို့လည်းကောင်း ပဒုမမြတ်စွာဘုရားသည် အလုံးစုံသော အတွင်းအပ သင်္ခါရတရားတို့ကို ပယ်စွန့်တော်မူကာ ငြိမ်းစဲအေးချမ်းသွားတော်မူလေပြီ။

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော ပဒုမမြတ်စွာဘုရားသည် ဓမ္မာရာမမည်သော အရံကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူ၏၊ ဓါတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့်နည်းတူ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ် အမြွာမြွာ ကွဲပြားပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင်၌ အနှံ့အပြား တည်ရှိကြ၍ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

## ၉။ နာရဒဗုဒ္ဓဝင်အကျဉ်း

### မြို့တော်စသည်ကို ပြဆိုချက်

နာရဒမြတ်စွာဘုရား၏ ဖွားမြင်တော်မူရာ မြို့တော်မှာ ဓညဝတီမြို့တော်ဖြစ်၍ ခမည်းတော်မှာ သုဒေဝစကြာမင်းကြီး၊ မယ်တော်မှာ အနောမာဒေဝီ မိဖုရားကြီးတို့ ဖြစ်ကြသည်။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀)ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ ဇိတ စံနန်းတော်၊ ဝိဇိတစံနန်းတော်၊ အဘိရာမစံနန်းတော်တို့ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ လေးသောင်းသုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် ဝိဇိတသေနာမိဖုရားကြီးဖြစ်၍ သားတော်မှာ နန္ဒုတ္တရမင်းသား ဖြစ်လေသည်။ နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ ယာဉ်မစီးဘဲ ခြေလျင်သာ တောထွက် တော်မူပြီးလျှင် ခုနစ်ရက်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ ဘဒ္ဒသာလမထေရ်နှင့် ဇိတမိတ္တမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ ဝါသေဋ္ဌမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ ဥတ္တရာထေရီမနှင့် ဖဂ္ဂုနီထေရီမတို့ ဖြစ်ကြပြီးလျှင် ပွင့်တော်မူရာ ဗောဓိပင်ကား ကြောင်လျှာကြီးပင်(ကြောင်လျှာနီပင်)ဗောဓိ ဖြစ်လေသည်။

မြတ်သော အလုပ်အကျွေးဒါယကာတို့မှာ ဥဂ္ဂရိန္ဒသူဌေးနှင့် ဝသဘသူဌေး တို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ ဣန္ဒာဝရီဥပါသိကာနှင့် ဝဏ္ဏီ (ဂဏ္ဍီ) ဥပါသိကာတို့ ဖြစ်ကြသည်။

နာရဒမြတ်စွာဘုရား၏ အရပ်တော်မှာ (၈၈)ရှစ်ဆယ့်ရှစ်တောင်မြင့်လျက် ပူဇော်ဖွယ်ရာ စီမံထားသည့် ရွှေတိုင်ကြီးအလား ဇာတိခေတ် စကြဝဠာတိုက်ပေါင်း တစ်သောင်းတွင် တင့်တယ်တော်မူသည့်ပြင် ကိုယ်တော်မှထွက်သော ရောင်ခြည်တော် သည်ကား ထိုမှဤမှ ထွက်ကြွကွန့်မြူးလျက် နေ့ညဥ့်ဆက်စပ် အကြားမလပ်အောင် တစ်ယူဇနာတိုင်တိုင် ပျံ့နှံ့တော်မူပေ၏။

နာရဒမြတ်စွာ ထင်ရှားရှိစဉ် ထိုအခါ၌ မြတ်စွာဘုရား၏ ရောင်ခြည်တော် လွှမ်းမိုးထွန်းလင်းခြင်းကြောင့် တယူဇနာအတွင်း နေထိုင်ကြသူ လူအပေါင်းတို့သည် မီးရှူးမီးတိုင်တို့ကို မညှိမထွန်းကြရကုန်။

နာရဒမြတ်စွာဘုရား ပွင့်တော်မူရာအသက်တမ်းမှာ အနှစ်(၉၀၀၀၀) ကိုးသောင်း တမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ)ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင် တော်မူခဲ့၏။

အဇ္ဈောပြင် မိုးကောင်းကင်ကြီးသည် ကြယ်နက္ခတ်တာရာတို့ဖြင့် အဆန်း တကြယ် တင့်တယ်သကဲ့သို့ ထို့အတူ နာရဒမြတ်စွာဘုရား၏ သာသနာတော်သည် ရဟန္တာအရှင်မြတ်တို့ဖြင့် ဆန်းကြယ်တင့်တယ်လှပေ၏။

(ရဟန္တာ ပုဂ္ဂိုလ်တို့မှ) ကြွင်းကျန်သော ပုထုဇဉ်နှင့်တကွ သေက္ခပုဂ္ဂိုလ်တို့ သံသရာရေအလျင်ကို အလွယ်တကူ ကူးမြောက်နိုင်ကြရန် မဂ်တရားတည်းဟူသော တံတားကြီးကို မြဲမြံခိုင်ခံ့စွာ တည်ဆောက်တော်မူပြီးလျှင် ကိုယ်တော်မြတ်ပြုလုပ်ရန် ဗုဒ္ဓကိစ္စအဝဝ ပြီးဆုံးပြီဖြစ်ရကား နာရဒမြတ်စွာဘုရားသည် သာဝကများစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူလေပြီ။

**သံဝေဂ** အတုမရှိသော ဘုရားရှင်တို့သာ တူတော်မူသော ထိုနာရဒမြတ်စွာ ဘုရားသည်လည်းကောင်း၊ အတုမရှိသော တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော် မူကြသည့် ထိုရဟန္တာသခင် အရှင်မြတ်တို့သည်လည်းကောင်း ထိုအလုံး စုံသည် ချုပ်ဆုံး ကွယ်ပျောက်ခဲ့လေပြီ…၊ ခပ်သိမ်းသော သင်္ခါရတရား တို့သည် မြဲခိုင်သော အနှစ်သာရမရှိ အချည်းနှီးသာ ဖြစ်ကုန်စွတကား….။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော နာရဒမြတ်စွာဘုရားသည် သုဒဿနမြို့တော်၌ ပရိနိဗ္ဗာန် စံလွန်တော်မူ၏။ ထိုမြို့၌ပင်လျှင် (ရှေးဆိုအပ်ပြီးသည့် အတိုင်း) တည်ထားအပ်သော နာရဒမြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးသည် လေးယူဇနာ အမြင့်ရှိလေသည်။

# ၁၀။ ပဒုမုတ္တရဗုဒ္ဓဝင်အကျဉ်း

**မြို့တော်စသည်ကို ပြဆိုချက်**

ပဒုမုတ္တရ မြတ်စွာဘုရား၏ ဖွားမြင်တော်မူရာ မြို့တော်မှာ ဟံသဝတီ မြို့တော်ဖြစ်၍ ခမည်းတော်မှာ အာနန္ဒမင်းကြီး၊ မယ်တော်မှာ သုဇာတာမိဖုရားကြီးတို့ ဖြစ်ကြသည်။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀)တစ်သောင်းဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ နရဝါဟနစံနန်းဆောင်၊ ယသဝါဟန စံနန်းဆောင်၊ ဝသဝတ္တိ စံနန်းဆောင်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားကြီးမှာ လေးသောင်းသုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် ဝသုဒတ္တာ မိဖုရားကြီးဖြစ်၍ သားတော်မှာ ဥတ္တရမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသော ယာဉ်မှာ ပြာသာဒ်ယာဉ်ဖြစ်ပြီးလျှင် ခုနစ်ရက်ကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ ဒေဝလမထေရ်နှင့် သုဇာတမထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ သုမနမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ အမိတာထေရီမနှင့် အသမာထေရီမ တို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ ထင်းရှူးပင်ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေးဒါယကာတို့မှာ ဝိတိဏ္ဏသူဌေးနှင့် တိဿ သူဌေးတို့ ဖြစ်ကြ၍ မြတ်သောအလုပ် အကျွေး ဒါယိကာမတို့မှာ ဟဋ္ဌာဉပါသိကာမနှင့် ဝိစိတ္တာဉပါသိကာမတို့ ဖြစ်ကြသည်။

ပဒုမုတ္တရ မြတ်စွာဘုရား၏ ကိုယ်အရပ်တော်မှာ ရှစ်ဆယ့်ရှစ် တောင်မြင့်လျက် သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံကာ ပူဇော်ဖွယ်ရာ စီမံထားသော ရွှေတိုင်ကြီးနှင့် တူတော်မူ၏။

ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်မှာ တံခါးမှုတ်တံခါးရွက် နံရံ သစ်ပင် မြင့်မောက် ကြီးမားသော မြေတောင် ကျောက်တောင် စသည်တို့ မပိတ်ပင် မတားဆီးနိုင်ပဲ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာအတွင်း ထွန်းလင်းပျံ့နှံ့တော်မူ၏။

ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ နှစ်ပေါင်း (၁၀၀၀၀၀)တသိန်းတမ်းဖြစ်၍ ထိုမျှလောက်(အသက်တမ်း၏ ငါးပုံ လေးပုံ အနှစ်ရှစ်သောင်း)ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ပြဟ္မာ

သတ္တဝါအပေါင်းကို သံသာရာ ရေအလျင်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် သတ္တဝါအပေါင်းတို့၏ အလုံးစုံသော ယုံမှားခြင်းဟူသမျှကို ပယ်ရှား ဖြတ်တောက်ဖျက်ဆီးတော်မူကာ သတ္တဝါတို့ကို သံသရာတည်းဟူသော ရေလျင်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူပြီးလျှင် တပည့်သား သံဃာတော်အပေါင်းနှင့်တကွ (ထွန်းလင်းတောက်ပပြီး ငြိမ်းစဲသွားသည့် မီးပုံကြီးကဲ့သို့) ဘဝဇာတ်သိမ်း ငြိမ်းတော်မူလေပြီ။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် နန္ဒာရာမအမည်ရှိသော ဥယျာဉ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုဥယျာဉ်ကြီး အတွင်း၌ပင် (ရှေးဆိုအပ်ပြီးသည့်အတိုင်း)တည်ထားအပ်သော ပဒုမုတ္တရမြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးသည် တဆယ့်နှစ်ယူဇနာ အမြင့်ရှိလေသည်။

# ၁၁။ သုမေဓာဗုဒ္ဓဝင်အကျဉ်း

## မြို့တော်စသည်ကို ပြဆိုချက်

သုမေဓမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ သုဒဿနမြို့တော်ဖြစ်၍ ခမည်းတော်မှာ သုဒတ္တမင်းကြီး၊ မယ်တော်မှာ သုဒတ္တာဒေဝီမိဖုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀)ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ သုစန္ဒန စံနန်းတော်၊ ကဥ္စနစံနန်းတော်၊ သိရိဝမုန စံနန်းတော်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ လေးသောင်းရှစ်ထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် သုမနာဒေဝီ မိဖုရားကြီးဖြစ်၍ သားတော်မှာ ပုနဗ္ဗသုမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောယာဥ်မှာ ဆင်ယာဥ်ဖြစ်ပြီးလျှင် တစ်ဆယ့်ငါးရက်ကြာ ဒုက္ကရစရိယာကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ သရဏမထေရ်နှင့် သဗ္ဗကာမမထေရ် တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ သာဂရမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ ရာမာထေရီမနှင့် သုရာမာထေရီမတို့ ဖြစ်ကြပြီးလျှင် ပွင့်တော်မူရာ ဗောဓိပင်ကား မအူကြီးပင် ဗောဓိဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ ဥရုဝေလသူဌေးနှင့် ယသဝါသူဌေးတို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေးဒါယိကာမတို့မှာ ယသောဓရာဥပါသိကာ နှင့် သိရိမာဥပါသိကာ တို့ဖြစ်ကြသည်။

သုမေဓမြတ်စွာဘုရား၏ ကိုယ်အရပ်တော်မှာ (၈၈)ရှစ်ဆယ့်ရှစ်တောင်မြင့်တော်မူလျက် ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည် ကြယ်တာရာအပေါင်းတို့ကို ထွန်းလင်းတောက်ပ ထင်စွာပြသော လမင်းကဲ့သို့ ထိုအတူအလုံးစုံသော အရပ်မျက်နှာတို့ကို ထွန်းလင်းတောက်ပ၏။

ဥပမာ တနည်းသော်ကား... စကြာမင်း၏ ပတ္တမြားရတနာသည် ထက်ဝန်းကျင် တယူဇနာအတွင်း ထွန်းလင်း တောက်ပသကဲ့သို့ မြတ်စွာဘုရား၏ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည်လည်း ထက်ဝန်းကျင် တစ်ယူဇနာအတွင်း အမြဲပင်ထွန်းလင်းပျံ့နှံ့၍ နေ၏။

သုမေဓမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၉၀၀၀၀) ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို သံသရာရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။

ဤသုမေဓမြတ်စွာဘုရား၏ သာသနာတော်သည် ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးတရားတို့နှင့် ပြည့်စုံကုန်လျက် အားအစွမ်းသို့ရောက်ကုန်ပြီးလျှင် လောကဓံတရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်ရှင် သူတော်စင် စင်စစ် ဖြစ်တော်မူ

ကြသည့် ရဟန္တာအရှင်မြတ်တို့နှင့် ကောင်းစွာရောပြွမ်း၏။ (နေရာတိုင်း ရဟန္တာများ ရှိကြ၏ဟု ဆိုလိုသည်။)

မန္ထိုင်းယှည်အပ်သည့် ကျော်စောသတင်း ရှိတော်မူကြသော ထိုအလုံးစုံ ကုန်သော ရဟန္တာသခင် အရှင်မြတ်တို့သည် ကိလေသာမှလည်း လွတ်မြောက်တော်မူကြ၊ ဥပဓိလေးပါးမှလည်း ကင်းစင်တော်မူကြပေကုန်၏။ များသော အခြံအရံ ရှိတော်မူကြသော ထိုမြတ်စွာဘုရား၏ တပည့်သား ရဟန္တာအရှင်မြတ်တို့သည် ဉာဏ်ပညာတည်းဟူသော အလင်းရောင်ကို ထွန်းပြတော်မူကြပြီးလျှင် ပရိနိဗ္ဗာန်စံယူ ငြိမ်းအေးတော်မူကြကုန်ပြီ။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော သုမေဓမြတ်စွာဘုရား သည် မေခါရာမ အမည်ရှိသော ဥယျာဉ်တော်ကြီး အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ဓာတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့်နည်းတူ အဓိဋ္ဌာန်တော် ပြုချက်အရ အစိတ်စိတ်အမြွှာမြွှာ ကွဲပြားကြပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင် အနှံ့အပြား တည်ရှိကြ၍ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

## ၁၂။ သုဇာတဗုဒ္ဓဝင်အကျဉ်း

### မြို့တော်စသည်ကို ပြဆိုချက်

သုဇာတမြတ်စွာဘုရား၏ဖွားတော်မူရာ မြို့တော်မှာ သုမင်္ဂလမြို့တော်ဖြစ်၍ ခမည်းတော်မှာ ဥဂ္ဂတမင်းကြီး မယ်တော်မှာ ပဘာဝတီမိဖုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀) ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ သိရီစံနန်းတော်၊ နန္ဒစံနန်းတော်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ နှစ်သောင်း သုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် သိရီနန္ဒာဒေဝီမိဖုရားကြီးဖြစ်ပြီးလျှင် သားတော်မှာ ဥပသေန မင်းသားဖြစ်သည်။

နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ မြင်းယာဉ်ဖြစ်၍ ကိုးလကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ သုဒဿနမထေရ်နှင့် သုဒေဝမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ နာရဒမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ နာဂါထေရီမ နှင့် နာဂသမာလာထေရီမတို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ ကြခတ်ဝါးပင်ဗောဓိဖြစ်လေသည်။

(ထို ကြခတ်ဝါးပင်သည် တခဲနက် ထူထဲပြည့်သိပ်သော ပင်စည်အသားရှိ၏၊ အရွက်များစွာထွက်သဖြင့် နေပြောက်ထိုးနိုင်ရန် အပေါက်မရှိပေ၊ ထိုဝါးပင်သည် ရှုချင်ဖွယ်ရာ စိတ်ထဲမှာ မွေ့လျော်နှစ်သက်စေနိုင်အောင် ဖြောင့်မတ် လုံးပတ်လည်း ကြီးမားလှပေ၏။ ပင်ရင်းမှ ဝါးတစ်လုံးတည်း တိုးပွားမြင့်တက်ကာ ထိုဝါးတလုံးတည်းမှ တဖန် အခက်များခွဲဖြာ၍ ကောင်းစွာ ဖွဲ့စည်းထားသော ဒေါင်းမြီးစည်းပမာ လွန်စွာ တင့်တယ်လှပေ၏။ ထိုဝါးပင်မှာ ဆူးများ လုံးဝမရှိသည့်ပြင် အခေါင်းလည်း များစွာမကျယ် (ပါသည်ဆိုရုံမျှ) အခက်များသည် အရပ်လေးမျက်နှာ ပျံ့နှံ့ကာ တစ်ခက်နှင့်တစ်ခက် မကျဲသည့်အတွက် နှစ်သက်ဖွယ်ရာ အေးချမ်းပြည့်သိပ်သော အရိပ်နှင့်လည်း ပြည့်စုံ ပေ၏။)

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ သုဒတ္တသူဌေးနှင့် စိတ္တသူဌေး တို့ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ သုဘဒ္ဒါဥပါသိကာ နှင့် ပဒုမာဥပါသိကာတို့ ဖြစ်ကြသည်။

သုဇာတ မြတ်စွာဘုရား၏ ကိုယ်အရပ်တော်မှာ အတောင်(၅၀) ငါးဆယ် မြင့်တော်မူလျက် အလုံးစုံကောင်းမြတ်သောအခြင်းအရာ အလုံးစုံသော ရူပကာယ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံပေ၏။

သုဇာတမြတ်စွာဘုရား၏ (အတုမရှိသော ရှေးဘုရားတို့၏ ကိုယ်တော် ရောင်နှင့်သာတူသည့်) ကိုယ်တော်ရောင်သည် ထက်ဝန်းကျင် အရပ်မျက်နှာတို့သို့ အလိုရှိသမျှ ထိုမှ ဤမှ ထွက်ကြွကွန့်မြူးပေ၏။ နှိုင်းယှဉ်ခြင်းငှာ မတတ်နိုင်ပေ၊ တစုံတခုနှင့်မျှ အတူမရှိဘဲ နှိုင်းခိုင်းဖွယ်ဥပမာကို လွန်မြောက်ပေ၏။

သုဇာတမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၉၀၀၀၀) ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအလျင်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

သမုဒြာ၌ တအိအိ တရွရွထကြွနေသော လှိုင်းတံပိုးသည် ဆန်းကြယ် သကဲ့သို့လည်းကောင်း၊ ကောင်းကင်၌ ပြိုးပြိုးပြက်ပြက် တလက်လက် ထွန်းပ နေကြသော နက္ခတ်ကြယ်တာရာအပေါင်းတို့သည် ဆန်းကြယ်ကုန်သကဲ့သို့ လည်းကောင်း၊ ထို့အတူပင်လျှင် သုဇာတမြတ်စွာဘုရား၏ သာသနာတော်သည် ရဟန္တာအရှင်မြတ်တို့ဖြင့် တင့်တယ် ဆန်းကြယ်လှပေ၏။

**သံဝေဂ**

အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသည့် ထိုသုဇာတ မြတ်စွာဘုရားသည်လည်းကောင်း၊ အတုမရှိသော ထိုဘုရားရှင်၏ ဂုဏ်ကျေးဇူး တော်တို့သည်လည်းကောင်း၊ ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက် ခဲ့လေပြီ...။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲနိုင်သော အနှစ်သာရမရှိ အချည်းနှီးသာ ဖြစ်ကုန်စွ့တကား....။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော သုဇာတမြတ်စွာဘုရား သည် သီလာရာမ အမည်ရှိသော အရံကြီးအတွင်း၌ ပရိနိဗ္ဗာန် စံလွန်တော်မူ၏။ ထိုအရံ၌ပင်လျှင် (ရှေးဆိုအပ်ပြီးသည့်အတိုင်း) တည်ထား အပ်သော သုဇာတ မြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးသည် သုံးဂါဝုတ်အမြင့် ရှိလေသည်။

# ၁၃။ ပိယဒဿီဗုဒ္ဓဝင်အကျဉ်း

## မြို့တော်စသည်ကို ပြဆိုချက်

ပိယဒဿီမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ အနောမမြို့တော် ဖြစ်၍ ခမည်းတော်မှာ သုဒိန္နမင်းကြီး၊ မယ်တော်မှာ စန္ဒာဒေဝီမိဖုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀)ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ သုနိမ္မလ ရွှေနန်းဆောင်၊ ဝိမလရွှေနန်းဆောင် နှင့် ဂိရိဂုဟာ ရွှေနန်းဆောင်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရား သုံးသောင်းသုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် ဝိမလာဒေဝီမိဖုရားကြီးဖြစ်၍ သားတော်မှာ ကဥ္စနာဝေဠုမင်းသား ဖြစ်သည်။

နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသော ယာဉ်မှာ အာဇာနည်မြင်း ကသော ရထားယာဉ်ဖြစ်ပြီးလျှင် ခြောက်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ ပါလိတမထေရ် နှင့် သဗ္ဗဒဿီမထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ သောဘိတမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ သုဇာတာထေရီမနှင့် ဓမ္မဒိန္နာထေရီမတို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ ရေခံတက်ပင် ဗောဓိဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ သန္ဒကသူဌေးနှင့် ဓမ္မိကသူဌေး တို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ ဝိသာခါဥပါသိကာ နှင့် ဓမ္မဒိန္နာဥပါသိကာ တို့ဖြစ်ကြသည်။

ပိယဒဿီ မြတ်စွာဘုရားသည် မနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော် အစောနှင့် ပြည့်စုံတော်မူပေ၏။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ တော်ကြီးတို့နှင့်လည်း ပြည့်စုံတော်မူပေ၏။ အရပ်တော်အမြင့်မှာ အတောင်ရှစ်ဆယ် မြင့်လျက် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးနှင့် အလား သဏ္ဌာန် တူလှပေ၏။

အတုမရှိသော ပိယဒဿီမြတ်စွာဘုရား၏ ကိုယ်တော်ရောင်ကဲ့သို့ ထွန်းတောက်ပသော မီးရောင် လရောင် နေရောင်တို့ မရှိကုန်။ မီးရောင် လရောင် နေရောင်တို့ကို သာလွန်၍ မြတ်စွာဘုရား၏ ကိုယ်တော်ရောင်ကသာ ထွန်းတောက်ပတော်မူလေသည်။

ပိယဒဿီ မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၉၀၀၀၀) ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ပြဟ္မာ သတ္တဝါတို့ကို သံသရာရေအလျဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့လေသည်။

**သံဝေဂ**

အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသည့် ထိုပိယဒဿီ မြတ်စွာဘုရားသည်လည်းကောင်း၊ ထိုမြတ်စွာဘုရား၏ အတုမရှိသော သာဝကအစုံ စသည်တို့သည်လည်းကောင်း ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်ခဲ့လေပြီ...။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သော အနှစ်သာရမရှိ အချည်းနှီးသာ ဖြစ်ကုန်စွတကား...။

**စေတီတော်**

ဤသို့လျှင် ရဟန်းမြတ်ဖြစ်တော်မူသော ပိယဒဿီမြတ်စွာဘုရားသည် အဿတ္ထအရံ (ညောင်ဗုဒ္ဓဟေ အရံ) ကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူခဲ့ရာ ထိုအရံအတွင်း၌ပင်လျှင် (ရှေးဆိုအပ်ပြီးသည့်အတိုင်း) တည်ထား အပ်သော မြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးသည် သုံးယူဇနာအမြင့် ရှိလေသည်။

# ၁၄။ အတ္ထဒဿီဗုဒ္ဓဝင်အကျဉ်း

## မြို့တော်စသည့်ကို ပြဆိုချက်

အတ္ထဒဿီ မြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ သောဘနမြို့တော် ဖြစ်၍ ခမည်းတော်မှာ သာဂရမင်းကြီး၊ မယ်တော်မှာ သုဒဿနာဒေဝီမိဖုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀)တသောင်းဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ အမရဂိရိရွှေနန်းဆောင်၊ သုဂိရိရွှေနန်းဆောင်၊ ဝါဟနရွှေနန်းဆောင်တို့ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်း၊ သုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် ဝိသာခါဒေဝီ မိဖုရားကြီးဖြစ်၍ သားတော်မှာ သေလမင်း သားဖြစ်သည်။

နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသော ယာဉ်မှာ သုဒဿန အမည်ရှိသော မြင်းယာဉ်ဖြစ်၍ ရှစ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ သန္တမထေရ်နှင့် ဥပသန္တမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ အဘယမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ ဓမ္မာထေရီမနှင့် သုဓမ္မာထေရီမတို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ စကားပင်ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ နကုလသူဌေးနှင့် နိသဘသူဌေးတို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ မကိလာဥပါသိကာမနှင့် သုနန္ဒာဥပါသိကာမတို့ ဖြစ်ကြသည်။

အတုမရှိသော မြတ်စွာဘုရားတို့နှင့်သာ တူတော်မူသော အတ္ထဒဿီ မြတ်စွာဘုရားသည် အရပ်တော် အတောင်ရှစ်ဆယ်မြင့်လျက် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့လည်းကောင်း၊ နက္ခတ်ကြယ်တာရာအပေါင်းတို့၏ မင်းဖြစ်သော လပြည့်ဝန်းကြီးကဲ့သို့လည်းကောင်း တင့်တယ်လှပေ၏။

အတ္ထဒဿီ မြတ်စွာဘုရား၏ (တန်ခိုးဖြင့် မဖန်ဆင်းရပဲ) ပင်ကိုပကတိ ထွက်နေသော ကုဋေရာပေါင်း များစွာ အရောင်အဆင်းအားရှိသည့် ရောင်ခြည်တော်တို့သည် အထက်အောက် အရပ်ဆယ်မျက်နှာ တစ်ယူဇနာတိုင်တိုင် အမြဲပျံ့နှံ့ကွန့်မြူးကုန်၏။ (အလိုတော်ရှိ၍ အဓိဋ္ဌာန်တော်မူလျှင် ကုဋေရာပေါင်းများစွာ စကြဝဠာတို့သို့ ထွန်းပနိုင်၏)

အလုံးစုံသော သတ္တဝါတို့ထက် မြတ်တော်မူသော အတ္ထဒဿီ မြတ်စွာဘုရားသည် မျက်စိငါးပါးနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ အနှစ်တစ်သိန်းတို့ကာလပတ်လုံး လောက၌ တည်နေတော်မူ၏။ (အသက်တမ်း အနှစ်တစ်သိန်းဖြစ်၍ အနှစ်တစ်သိန်းကာလပတ်လုံး တည်နေသည်ဟု ဆိုသည်။ စင်စစ်ကား အသက်တမ်း၏ ငါးပုံလေးပုံ အနှစ် ရှစ်သောင်း သက်တော်တည်နေသည်ဟု မှတ်ယူ ရာ၏။)

အတ္ထဒဿီ မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ အတုမရှိသော တရားအလင်းရောင်ကို ဟောပြထွန်းပစေပြီး၍ မီးစာကုန်သဖြင့် ငြိမ်းအေးသွားသော မီးတောက်ကြီးကဲ့သို့ မမြဲသောသဘောသို့ ရောက်ကာ ပရိနိဗ္ဗာန် စံတော်မူလေပြီ။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော အတ္ထဒဿီ မြတ်စွာဘုရားသည် အနောမအမည်ရှိသော အရံကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ဓာတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့်နည်းအတူ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ် အမွှာမွှာ ကွဲပြားကြပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင် အနှံ့အပြား တည်ရှိကြ၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

# ၁၅။ ဓမ္မဒဿီဗုဒ္ဓဝင်အကျဉ်း

## မြို့တော်စသည်ကို ပြဆိုချက်

ဓမ္မဒဿီမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ သရဏမြို့တော်ဖြစ်၍ ခမည်းတော်မှာ သရဏမင်းကြီး၊ မယ်တော်မှာ သုနန္ဒာဒေဝီ မိဖုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၈၀၀၀) ရှစ်ထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ အရဇရွှေနန်းဆောင်၊ ဝိရဇရွှေနန်းဆောင်၊ သုဒဿန ရွှေနန်းဆောင်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ လေးသောင်းသုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် ဝိစိကောဠိ ဒေဝီ မိဖုရားကြီးဖြစ်၍ သားတော်မှာ ပုညဝဍ္ဎမင်းသား ဖြစ်သည်။

နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ ပြာသာဒ် ယာဉ်ဖြစ်ပြီးလျှင် ခုနစ်ရက်ကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ ပဒုမမထေရ်နှင့် ဖုဿဒေဝမထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ သုနေတ္တမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ ခေမာထေရီမနှင့် သစ္စနာမာထေရီမတို့ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိပင်မှာ မျက်နှာပန်းပင်ဗောဓိ ဖြစ်လေသည်။

မြတ်သော အလုပ်အကျွေးဒါယကာတို့မှာ သုဘဒ္ဒသူဌေးနှင့် ကဋ္ဋိဿဟသူဌေးတို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ သာဠိယာ ဥပါသိကာမနှင့် ကဠိယာဥပါသိကာမတို့ ဖြစ်ကြသည်။

အတုမရှိသော မြတ်စွာဘုရားတို့နှင့်သာ တူတော်မူသော ဓမ္မဒဿီမြတ်စွာ ဘုရားသည် အတောင်ရှစ်ဆယ် အရပ်တော်မြင့်လျက် တစ်သောင်းသော လောကဓာတ်၌ တန်ခိုးတော်ဖြင့် အလွန်ပင် တင့်တယ်တော်မူ၏။

ဓမ္မဒဿီမြတ်စွာဘုရားသည် ပင်လုံးကျွတ် ပွင့်သော အင်ကြင်း ပင်မင်းကဲ့သို့ လည်းကောင်း၊၊ ကောင်းကင်တလျှောက် ထွန်းထောက်သော လျှပ်ပန်းလျှပ်နွယ် ကဲ့သို့ လည်းကောင်း၊ မွန်းတည့်နေဝန်းကဲ့သို့လည်းကောင်း တင့်တယ်တော်မူပေ၏။

အတုမရှိသော တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော ထိုဓမ္မဒဿီ မြတ်စွာဘုရား၏ အသက်တော်သည် အသက်တမ်းနှင့် အညီအမျှရှည်၏။ လောက၌ အသက်တမ်းတည်ရှိနေသော အနှစ်တစ်သိန်းတို့ ကာလပတ်လုံး စကြွငါးပါးနှင့် ပြည့်စုံတော်မူသော ဓမ္မဒဿီမြတ်စွာဘုရားသည် တည်နေတော်မူ၏။

တလောကလုံး၌ မိမိ၏ တန်ခိုးတော်ရောင် ဉာဏ်တော်ရောင်တို့ကို အထင်အရှား ပြတော်မူပြီးလျှင် သာသနာတော်ကိုလည်း အညစ်အကြေး ကင်းစင်အောင် ပြုတော်မူကာ (ကောင်းကင်၌ ထွန်းပပြီးလျှင် ချုပ်ဝင်၍ သွားသော လဝန်းကဲ့သို့) တပည့်သားတော်များနှင့်တကွ ဓမ္မဒဿီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း တော်မူလေပြီ။

**စေတီတော်**

ဤသို့လျှင် ကြီးမြတ်သော ဝီရိယရှိတော်မူသော ဓမ္မဒဿီ မြတ်စွာဘုရား သည် သာလဝတီမြို့ သာလာရာမ အရံကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ထိုအရံကြီးအတွင်း၌ပင်လျှင် တည်ထားအပ်သော ဓမ္မဒဿီ မြတ်စွာဘုရား၏ စေတီတော်ကြီးမှာ သုံးယူဇနာ အမြင့်ရှိလေသည်။

## ၁၆။ သိဒ္ဓတ္ထဗုဒ္ဓဝင်အကျဉ်း

**မြို့တော်စသည်ကို ပြဆိုချက်**

သိဒ္ဓတ္ထမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ ဝေဘာရမြို့တော်ဖြစ်၍ ခမည်းတော်မှာ ဇယသေန မင်းကြီး၊ မယ်တော်မှာ သုဖဿာဒေဝီ မိဖုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀)တစ်သောင်းဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ ကောကမည်သော ရွှေနန်းဆောင်၊ သုပ္ပလမည်သော ရွှေနန်းဆောင်၊ ကောနာဒမည်သော ရွှေနန်းဆောင်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ လေးသောင်းရှစ်ထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် သောမနဿဒေဝီ မိဖုရားကြီးဖြစ်၍ သားတော်မှာ အနုပမ မင်းသားဖြစ်သည်။

နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ ထမ်းစင် ယာဉ် ဖြစ်ပြီးလျှင် ဆယ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

မြတ်သော အဂ္ဂသာဝကအစုံတို့မှာ သမ္ဗလမထေရ်နှင့် သုမိတ္တမထေရ် တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ ရေဝတမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ သီဝလာထေရီမနှင့် သုရာမာထေရီမတို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ မဟာလေ့ကားပင် ဗောဓိဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ သုပ္ပိယသူဌေးနှင့် သမုဒ္ဒသူဌေး တို့ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ ရမ္မာဥပါသိကာမနှင့် သုရမ္မာ ဥပါသိကာမတို့ ဖြစ်ကြသည်။

သိဒ္ဓတ္ထမြတ်စွာဘုရား၏ အရပ်တော်သည် အတောင်ခြောက်ဆယ် မြင့်သည် ဖြစ်၍ ပူဇော်ဖွယ်ရာ စီမံထားအပ်သော ရတနာတိုင်ကြီးသဖွယ် တသောင်းသော လောကဓာတ်တိုက်နယ်တွင် တင့်တယ်တော်မူပေ၏။

အတုမရှိသာ ရှေးဘုရားတို့နှင့်သာ တူတော်မူသော အတုမရှိ ပြိုင်ဖက် ပုဂ္ဂိုလ်ကင်း၍ စက္ခုငါးမျိုးနှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် အနှစ်တစ်သိန်းတိုင်အောင်တို့ပတ်လုံး လောက၌ တည်တော်မူ၏။

ထိုသိဒ္ဓတ္ထ မြတ်စွာဘုရားသည် ပြန့်ပြောများစွာသော ကိုယ်တော်ရောင် ဉာဏ်တော်ရောင်တို့ကို ပြတော်မူလျက်လည်းကောင်း၊ တပည့်သားတော်တို့ကို မဂ်ဖိုလ်တရား ကားကားစွင့်စွင့် ပွင့်စေတော်မူလျက်လည်းကောင်း၊ လောကီ လောကုတ္တရာ နှစ်ဖြာသော သမာပတ်ဖြင့် နှစ်သက်စဖွယ် တင့်တယ်ကွန့်မြူး

စေလျက်လည်းကောင်း တပည့်များစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူလေပြီ။

**စေတီတော်**

ဤသို့လျှင် ရဟန်းမင်းမြတ်ဖြစ်တော်မူသော သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ကဥ္စနဝေဠုမြို့အနီး အနောမ အမည်ရှိသော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန်စံလွန်တော်မူ၏။ ထိုဥယျာဉ်ကြီးအတွင်း၌ပင် ရှေးဆိုအပ်ပြီးသည့် နည်းအတိုင်း တည်ထားအပ်သည့် သိဒ္ဓတ္ထမြတ်စွာဘုရား၏ ရတနာအတိပြီးသော စေတီတော်ကြီးမှာ လေးယူဇနာ အမြင့် ရှိလေသည်။

# ၁၇။ တိဿဗုဒ္ဓဝင်အကျဉ်း

**မြို့တော်စသည်ကို ပြဆိုချက်**

တိဿမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ ခေမမြို့တော်ဖြစ်၍ ခမည်းတော်မှာ ဇနသန္ဓမင်းကြီး၊ မယ်တော်မှာ ပဒုမာဒေဝီ မိဖုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၇၀၀၀)ခုနှစ်ထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ ရဟာသေလမည်သော ရွှေနန်းဆောင်၊ နာရိသယမည်သော ရွှေနန်းဆောင်၊ နိသဘမည်သော ရွှေနန်းဆောင်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်းသော မောင်းမမိဿံ အခြံအရံ ရှိသည့် သုဘဒ္ဒါဒေဝီ မိဖုရားကြီးဖြစ်၍ သားတော်မှာ အာနန္ဒမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ တောထွက်တော်မူသော ယာဉ်မှာ သောနုတ္တရ အမည်ရှိသော အာဇာနည် မြင်းယာဉ်ဖြစ်ပြီးလျှင် ရှစ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ ဗြဟ္မဒေဝမထေရ်နှင့် ဥဒယမထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ သမင်္ဂမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ ဖုသ္သထေရီမနှင့် သုဒတ္တာထေရီမတို့ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိပင်မှာ ပိတောက်ပင်ဗောဓိဖြစ်သည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ သမ္ဗလသူဌေးနှင့် သိရိမာသူဌေး တို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေးဒါယိကာမတို့မှာ ကိသာဂေါတမီ ဥပါသိကာမနှင့် ဥပသေနာဥပါသိကာမ တို့ဖြစ်ကြသည်။

တိဿမြတ်စွာဘုရားသည် အရပ်တော်အတောင်ခြောက်ဆယ်မြင့်လျက် နှိုင်းယှဉ်ဖွယ်ရာ ဥပမာလည်း မရ၊ တူမျှသောသူလည်း ရှိတော်မမူဘဲ ဟိမဝန္တာ တောင်ကြီးအသွင် ဖူးရသူတို့ ထင်မြင်ရ၏။

အတုမရှိသော တန်ခိုးတေဇော်နှင့် ပြည့်စုံတော်မူသော ထိုတိဿ မြတ်စွာဘုရား၏ အသက်တော်သည်လည်း မတိုလွန်း မရှည်လွန်းချေ။ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော တိဿမြတ်စွာဘုရားသည် အနှစ်တစ်သိန်းတို့ ကာလပတ်လုံး လောက၌ တည်နေတော်မူ၏။

အဝိဇ္ဇာအမှောင်ကို ပယ်နုတ်အပ်ပြီးဖြစ်၍ အလွန်မြင့်မြတ်ကာ ချီးမွမ်းအပ်သော သူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်တော်မူသော များလှစွာသော ကျော်စောခြင်း ဂုဏ်သတင်းသံကို အစဉ်ခံယူသုံးဆောင်တော်မူပြီးလျှင် တပြောင် ပြောင်ထွန်းပပြီး အေးငြိမ်းသွားသည့် မီးပုံကြီးကဲ့သို့ တပည့်များစွာ ရဟန္တာ အရှင်မြတ်တို့နှင့်တကွ တိဿ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံလွန်တော်မူလေပြီ။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်တော်မူပြီးသော တိဿမြတ်စွာဘုရားသည် သုနန္ဒဝတီမြို့အနီး နန္ဒာရာမ အမည်ရှိသော အရံကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုအရာမ်ကြီးအတွင်းမှာပင် ရှေးဆိုအပ်ပြီးသည့်နည်းအတိုင်း တည်ထားအပ်သော တိဿမြတ်စွာဘုရား၏ စေတီတော်ကြီးမှာ သုံးယူဇနာ စွင့်စွင့် အမြင့်ရှိလေသည်။

# ၁၈။ ဖုဿဗုဒ္ဓဝင်အကျဉ်း

## မြို့တော်စသည်ကို ပြဆိုချက်

ဖုဿမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ ကာသိ မြို့တော်ဖြစ်၍ ခမည်းတော်မှာ ဇယသေန မင်းကြီး၊ မယ်တော်မှာ သိရီမာမိဖုရားကြီး တို့ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀) ကိုးထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ ဂရုဠပက္ခ ရွှေနန်းဆောင်၊ ဟံသရွှေနန်းဆောင်၊ သုဝဏ္ဏဘာရ ရွှေနန်းဆောင်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်းသော မောင်းမမိဿံ အခြံအရံ ရှိသည့် ကိသာဂေါတမီ မိဖုရားကြီးဖြစ်၍ သားတော်မှာ အနုပမမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ ဆင်ယာဉ်ဖြစ်ပြီး ခြောက်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ သုရက္ခိတမထေရ်နှင့် ဓမ္မသေနမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ သဘိယမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ စာလာထေရီမနှင့် ဥပစာလာ ထေရီမတို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ ရှိရှားပင် ဗောဓိဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ နေဓဿယသူဌေးနှင့် ဝိသာခသူဌေးတို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ ပဒုမာဥပါသိကာမနှင့် နာဂါဥပါသိကာမတို့ ဖြစ်ကြသည်။

ဖုဿမြတ်စွာဘုရားသည် အရပ်တော် ငါးဆယ့်ရှစ်တောင်မြင့်လျက် နေမင်းကဲ့သို့ တင့်တယ်လျက် လမင်းကဲ့သို့ နှစ်သက်ဖွယ်သော ဂုဏ်ကျေးဇူးတို့ဖြင့် ပြည့်ဝတော်မူပေ၏။

ဖုဿမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်ကိုးသောင်း တမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံတစ်ပုံ) ကာလပတ်လုံး တည်နေတော်

မူလျက် များစွာသော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအလျင်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

လူနတ်ပြဟ္မာ များစွာသော သတ္တဝါတို့ကို ဆုံးမတော်မူကာ များစွာသော နတ်လူတို့ကို သံသရာရေအယဉ်မှ ထုတ်ဆယ်ကယ်တင်တော်မူပြီးလျှင် အတုမရှိသော အခြံအရံအကျော်အစောနှင့် ပြည့်စုံတော်မူသည့် ထိုဖုဿမြတ်စွာဘုရားသည် တပည့်များစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်တော်မူပြီးသော ဖုဿမြတ်စွာဘုရားသည် ကုသိနာရာပြည်၏အနီး သေနာအမည်ရှိသော အရံကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ဓါတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့်နည်းအတူ အဓိဋ္ဌာန်တော် မူချက်အရ အစိတ်စိတ်အမြွှာမြွှာ ကွဲပြားကြပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင် အနှံ့အပြား တည်ရှိကြ၍ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

# ၁၉။ ဝိပဿီဗုဒ္ဓဝင်အကျဉ်း

## မြို့တော်စသည်ကို ပြဆိုချက်

ဝိပဿီမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ ဗန္ဓုမတီ မြို့တော်ဖြစ်၍ ခမည်းတော်မှာ ဗန္ဓုမ မင်းကြီး၊ မယ်တော်မှာ ဗန္ဓုမတီ မိဘုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သောနှစ်ပေါင်းမှာ (၈၀၀၀)ရှစ်ထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ နန္ဒစံနန်းတော်၊ သုနန္ဒစံနန်းတော်၊ သိရိမာစံ နန်းတော်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ မောင်းမပေါင်း (၁၂၀၀၀၀) တစ်သိန်း နှစ်သောင်း အခြံအရံရှိသည့် သုဒဿနာဒေဝီ မိဖုရားကြီးဖြစ်၍ သားတော်မှာ သမဝတ္တက္ခန္ဓမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသော ယာဉ်မှာ အာဇာနည်မြင်းကသော ရထားယာဉ် ဖြစ်ပြီး ရှစ်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ ခဏ္ဍမထေရ်နှင့် တိဿမထေရ်တို့ဖြစ်ကြ၍ အလုပ်ကျွေးမှာ အသောကမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ စန္ဒာထေရီမနှင့် စန္ဒမိတ္တာထေရီမတို့ ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိပင်မှာ သခွတ်ပင် ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်ကျွေး ဒါယကာတို့မှာ ပုနဗ္ဗသုမိတ္တသူဌေးနှင့် နာဂသူဌေးတို့ ဖြစ်ကြ၍ မြတ်သောအလုပ် အကျွေး ဒါယိကာမတို့မှာ သိရိမာ ဥပါသိကာမနှင့် ဥတ္တရာဥပါသိကာမတို့ ဖြစ်ကြသည်။

လောကသုံးပါး၏ ရှေ့သွားနာယကဖြစ်တော်မူသော ဝိပဿီ မြတ်စွာဘုရား၏ အရပ်တော်မှာ အတောင် ရှစ်ဆယ်မြင့်လျက် ရောင်ခြည်တော်သည် ထက်ဝန်းကျင် ခုနစ်ယူဇနာတို့တိုင်တိုင် ထိုမှ ဤမှ ထွက်ကြွကွန့်မြူးပေ၏။ (ပကတိကိုယ်တော် ရောင်ကို ဆိုသည်။)

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူရာအသက်တမ်းမှာ အနှစ်ရှစ်သောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ)ကာလတို့ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ပြဟ္မာသတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအလျဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင် တော်မူခဲ့၏။

ဝိပဿီမြတ်စွာဘုရားသည် များစွာသောနတ်လူတို့ကို ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ ကျွတ်လွတ် စေတော်မူ၏။ အရိယာမှကြွင်းသော ပုထုဇဉ်ပုဂ္ဂိုလ်တို့အား နိဗ္ဗာန်ရောက်ကြောင်း မဇ္ဈိမပဋိပဒါ လမ်းကြောင်းနှင့် နိဗ္ဗာန်လမ်းကြောင်းမဟုတ်သည့် အယုတ်တရားနှစ်ပါးတို့ကို ထုတ်ဖော်ခွဲခြား ဟောကြားတော်မူပေ၏။

တရားတည်းဟူသော အရောင်အလင်းကိုပြပြီးလျှင် သေခြင်းကင်းရာ

နိဗ္ဗာန်ကို ဟောကြားတော်မူလျက် (ထွန်းလင်းတောက်ပပြီး ငြိမ်းအေးသွားသော မီးပုံကြီးပမာ)ထို ဝိပဿီမြတ်စွာဘုရားသည် တပည့်များစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

**သံဝေဂ**

ဝိပဿီမြတ်စွာဘုရား၏ မြတ်သောတန်ခိုးတော်၊ မြတ်သောဘုန်းတော်၊ စက်လက္ခဏာစသည်တို့ဖြင့် တန်ဆာဆင်အပ်သည့် မြတ်သောရူပကာယတော် ထိုအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ...။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သောအနှစ်သာရမရှိ အချည်းနှီးတို့သာ ဖြစ်ကုန်စွတကား...။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကိုအောင်မြင်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် သုမိတ္တအမည်ရှိသော အရံကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုအရံကြီးအတွင်းမှာပင် တည်ထားအပ်သည့် ဝိပဿီမြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးမှာ ခုနစ်ယူဇနာ စွင့်စွင့် အမြင့်ရှိလေသည်။

## ၂၀။ သိခီဗုဒ္ဓဝင်အကျဉ်း

**မြို့တော်စသည်ကို ပြဆိုချက်**

သိခီမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ အရုဏဝတီမြို့တော် ဖြစ်၍ ခမည်းတော်မှာ အရုဏမင်းကြီး၊ မယ်တော်မှာ ပဘာဝတီ မိဘုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၇၀၀၀)ခုနစ်ထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ သုစန္ဒက ရွှေနန်းဆောင်၊ ဂိရိရွှေနန်းဆောင်၊ ဝသဘ ရွှေနန်းဆောင်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီမဟေသီမိဖုရားမှာ မောင်းမပေါင်း (၂၄၀၀၀) နှစ်သောင်းလေးထောင် အခြံအရံရှိသည့် သဗ္ဗကာမာဒေဝီမိဘုရားကြီးဖြစ်၍ သားတော်မှာ အတုလမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသောယာဉ်မှာ ဆင်ယာဉ် ဖြစ်ပြီးလျှင် ရှစ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ အဘိဘူမထေရ်နှင့် သမ္ဘဝမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ ခေမင်္ကရမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ သခိလာထေရီမနှင့် ပဒုမာထေရီမတို့ ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိမှာ သရက်ဖြူပင် ဗောဓိဖြစ်လေသည်။

မြတ်သောအလုပ်အကျွေးဒါယကာတို့မှာ သိရိဝဍ္ဎသူဌေးနှင့် နန္ဒသူဌေးတို့ ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ စိတ္တာဉပါသိကာမနှင့် သုဂုတ္တာ ဉပါသိကာမတို့ ဖြစ်ကြသည်။

သိခီမြတ်စွာဘုရားသည် အရပ်တော်အမြင့်အားဖြင့် အတောင်ခုနစ်ဆယ် မြင့်တော်မူလျက် ပူဇော်ဖွယ်ရာ စီမံထားသည့် ရွှေတိုင်ကြီးနှင့်တူပြီးလျှင် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် တင့်တယ်တော်မူပေ၏။

သိခီမြတ်စွာဘုရား၏ ပကတိကိုယ်တော်ရောင်သည် နေ့ရောညဉ့်ပါ အကြားမလပ် သုံးယူဇနာတိုင်တိုင် ထိုထို အရပ်သို့ ထွက်ကြွ ကွန့်မြူးတော်မူပေ၏။ (အလိုတော်ရှိပါမူကား အလိုတော်ရှိသမျှ စကြာဝဠာပေါင်း များစွာတို့တိုင်တိုင် တောက်ပနိုင်ပေ၏။)

ထိုသိခီမြတ်စွာဘုရားပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်(၇၀၀၀၀) ခုနစ်သောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလတို့ ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအလျင်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။

တရားမိုးကြီးကို ရွာဖြိုးစေလျက် နတ်နှင့်တကွသော သတ္တဝါတို့ကို တရားစကားတည်းဟူသော ရေစင်ဖြင့် စိုစွတ်စေတော်မူ၍ ဝဋ္ဋဒုက္ခကုန်ဆုံးရာ နိဗ္ဗာန်သို့ ရောက်စေတော်မူပြီးလျှင် တပည့်များစွာ ရဟန္တာတို့နှင့်တကွ ထိုသိခီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

**သံဝေဂ**

နီမြန်းသော လက်သည်းတော် ခြေသည်းတော် အစရှိသည့် ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံသော သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်အပ်သော မြတ်စွာဘုရားရှင်၏ ရူပကာယကိုယ်တော် အလုံးစုံပင် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ...။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သော အနှစ်သာရမရှိ၊ အချည်းနှီးသာ ဖြစ်ကုန်စွာ့ တကား ....။

**စေတီတော်**

သိဒ္ဓိမြတ်စွာဘုရားသည် သီလဝတီမြို့၏အနီး (အဿ)အမည်ရှိသော အရံကြီး၌ ပရိနိဗ္ဗာန်စံတော်မူ၏။ မြတ်စွာဘုရား၏ဓါတ်တော်တို့မှာ ဖရိုဖရဲမကြဲ တစ်စုတည်း တစ်ခဲတည်းဖြစ်၍ တည်ကုန်၏။ ဇမ္ဗူဒိပ်ကျွန်းသူ လူအပေါင်းတို့သည် သုံးယူဇနာစွင့်စွင့် အမြင့်ရှိသော ရတနာခုနစ်ပါးဖြင့် ပြီးသည့် (မြင်းမိုရ်တောင်တမျှ တင့်တယ်လှသော)စေတီတော်ကြီး တည်ထားကိုးကွယ်ကြလေကုန်သတည်း။

## ၂၁။ ဝေဿဘူဗုဒ္ဓဝင်အကျဉ်း

**မြို့တော်စသည်ကို ပြဆိုချက်**

ဝေဿဘူမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ အနောမမြို့တော်ဖြစ်၍ ခမည်းတော်မှာ သုပ္ပတီတ မင်းကြီး၊ မယ်တော်မှာ ယသဝတီ မိဖုရားကြီးတို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၆၀၀၀)ခြောက်ထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ ရုစိရွှေနန်းဆောင်၊ သုရုစိရွှေနန်းဆောင်၊ ရတိဝဍ္ဎန ရွှေနန်းဆောင်တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ မောင်းမပေါင်း(၃၀၀၀၀)သုံးသောင်း အခြံအရံရှိသည့် သုစိတ္တာဒေဝီ မိဖုရားကြီးဖြစ်၍ သားတော်မှာ သုပ္ပဗုဒ္ဓမင်းသား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသောယာဥ်မှာ ရွှေထမ်းစင်ဖြစ်ပြီးလျှင် ခြောက်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ ဥပသန္တမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ ဒါမာထေရီမနှင့် သမာလာထေရီမတို့ ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိမှာ အင်ကြင်းပင် ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ် အကျွေးဒါယကာတို့မှာ သောတ္ထိကသူဌေးနှင့် ရမ္မသူဌေးတို့ ဖြစ်ကြ၍ မြတ်သောအလုပ် အကျွေးဒါယိကာမတို့မှာ ဂေါတမီဥပါသိကာမနှင့် သိရိမာဥပါသိကာမတို့ ဖြစ်ကြသည်။

ဝေဿဘူမြတ်စွာဘုရား၏ ကိုယ်အရပ်တော်မှာ အတောင်ခြောက်ဆယ် မြင့်လျက် ရွှေတိုင်ကြီးပမာ တင့်တယ်လှပေ၏။ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည်လည်း ညဥ့်အခါ၌ တောက်ပသော တောင်ထိပ်မီးကဲ့သို့ ထိုမှ ဤမှ ထွက်လည်ကွန့်မြူး၍ အထူးပင် တင့်တယ်လှပေ၏။

ဝေဿဘူမြတ်စွာဘုရား ပွင့်တော်မူရာသက်တမ်းမှာ အနှစ် (၆၀၀၀၀) ခြောက်သောင်းတမ်းဖြစ်၍ ထိုမျှ အတိုင်းရှည်ရှိသော (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလတို့ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ် ပြဟ္မာ သတ္တဝါ အပေါင်းကို သံသရာတည်းဟူသော ရေအလျဥ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။

များစွာသောလူအပေါင်းကို ထိုသူတို့၏စရိုက်နှင့် တိုက်ဆိုင်ညီညွတ်စေရန် ဝေဖန်ခွဲခြားကာ တရားတော်ကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူ၍ နောက်လာဝေနေယျတို့ အကျိုးများကြစေရန် တရားတည်းဟူသော လှေသင်္ဘောကြီး ကို အထင်အရှား ကောင်းစွာ ထားတော်မူခဲ့၍ ထိုဝေဿဘူမြတ်စွာဘုရားသည် တပည့်များစွာ ရဟန္တာတို့နှင့်တကွ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

**သံဝေဂ**

ပြဟ္မာနတ်လူအပေါင်းတို့ ညွတ်ညောင်းပူဇော် ဖူးမြော်ထိုက်သည့် ဘုရားရဟန္တာတည်းဟူသော အလုံးစုံသော ပုဂ္ဂိုလ်မြတ်ကြီးများသည်လည်းကောင်း၊ ဣရိယာပထ မျှတတော်မူရာကျောင်းတော် အဆောင်ဆောင်သည်လည်းကောင်း ထိုအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ...။ အလုံးစုံသော သင်္ခါရတရားတို့သည် မြဲခိုင်သော အနှစ်သာရမရှိ၊ အချည်းနှီးသာ ဖြစ်ကုန်စွတကား...။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကိုအောင်တော်မူ၍ လူနတ်တို့၏ ဆရာဖြစ်တော်မူသော ဝေဿဘူမြတ်စွာဘုရားသည် ဥသဘဝတီမြို့၏အနီး ခေမ အမည်ရှိသော ဥယျာဉ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ဓါတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့် နည်းအတူ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ် အမြွှာမြွှာ ကွဲပြားပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင်၌ အနှံ့အပြား တည်ရှိကြ၍ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

## ၂၂။ ကကုသန္ဓဗုဒ္ဓဝင်အကျဉ်း

**မြို့တော်စသည်ကို ပြဆိုချက်**

ကကုသန်မြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ ခေမဝတီမြို့တော် ဖြစ်၍ ခမည်းတော်မှာ ခေမင်္ကရ မင်းကြီး၏ ပုရောဟိတ်ကြီး အဂ္ဂိဒတ္တပုဏ္ဏားဖြစ်၍ မယ်တော်မှာ ဝိသာခါပုဏ္ဏေးမ ဖြစ်ကုန်၏။

အိမ်ရာစိုးအုပ်၍ နေတော်မူသောသော နှစ်ပေါင်းမှာ (၄၀၀၀) လေးထောင် ဖြစ်၍ ပြာသာဒ်တော် သုံးဆောင်တို့မှာ ရုစိ ကာမပြာသာဒ်၊ ကာမဝဏ္ဏ ပြာသာဒ်၊ ကာမသုဒ္ဓိပြာသာဒ်တို့ ဖြစ်ကုန်၏။

ကြင်ဖက်တော်မှာ ရံရွေတော်ပေါင်း (၃၀၀၀၀)သုံးသောင်း အခြံအရံရှိသည့် ရောစိနီပုဏ္ဏေးမဖြစ်ပြီးလျှင် သားတော်မှာ ဥတ္တရ သတို့သား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသောယာဉ်မှာ အာဇာနည်မြင်းကသော ရထားယာဉ် ဖြစ်၍ ရှစ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရ သည်။

အဂ္ဂသာဝကအစုံတို့မှာ ဝိဓုရမထေရ်နှင့် သဉ္ဇီဝမထေရ်တို့ ဖြစ်ကြ၍ အလုပ် အကျွေးမှာ ဗုဒ္ဓိဇမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ သာမာထေရီမနှင့် စမ္ပာထေရီမတို့ ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိမှာ ကုက္ကိုပင် ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေးဒါယကာတို့မှာ အစ္စုတသူဌေးနှင့် သုမနသူဌေးတို့ ဖြစ်ကြ၍ မြတ်သောအလုပ် အကျွေးဒါယိကာမတို့မှာ နန္ဒာဥပါသိကာမနှင့် သုနန္ဒာ ဥပါသိကာမတို့ ဖြစ်ကြသည်။

ဝေဿဘူမြတ်စွာဘုရားသည် အရပ်တော် အတောင်လေးဆယ် မြင့် တော်မူလျက် ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည်လည်း ထက်ဝန်းကျင် ဆယ်ယူဇနာတိုင်တိုင် ပျံ့နှံ့ကွန့်မြူးပေ၏။

ကကုသန်မြတ်စွာဘုရား ပွင့်တော်မူရာသက်တမ်းမှာ အနှစ် (၄၀၀၀၀) လေးသောင်းတမ်းဖြစ်၍ ထိုမျှ အတိုင်းရှည်ရှိသော (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလတို့ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းကို သံသရာတည်းဟူသော ရေအလျဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

နတ်နှင့်တကွသော လောကကြီး၌ ယောက်ျားမိန်းမဖြစ်သူ သူတော်ကောင်း တို့အတွက် တရားတည်းဟူသော ဈေးဆိုင်ကြီးကို ခင်းကျင်းတော်မူ၍ "ငါသည် အလုံးစုံသောတရားကို သိသော ဘုရားစင်စစ်ဖြစ်ပြီ၊ ငါ့မှာ ကိလေသာအာသဝေါ ဝါသနာနှင့်တကွ ကုန်ခန်းပြီ"အစရှိသည်ဖြင့် ရဲရင့်စွာ ခြင်္သေ့သံဖြင့် ကြုံးဝါး ဟောကြား တော်မူပြီးလျှင် တပည့်သား သံဃာတော်နှင့်တကွ ထိုကကုသန် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

**သံဝေဂ**

သန့်ရှင်းခြင်း၊ သာယာခြင်း၊ သိလွယ်ခြင်း၊ နာချင်ဖွယ်ရှိခြင်း၊ ဖရိုဖရဲ မကွဲခြင်း၊ လုံးလုံးလျောင်းလျောင်း ရှိခြင်း၊ နက်နဲခြင်း၊ ပွဲတင်ထပ်ခြင်းဟူသော အင်္ဂါရှစ်ပါးရှိသော စကားသံနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လည်းကောင်း၊ ကာလမပြတ် အကြား၊ အပေါက်၊ အပြောက်ကင်းသည့် သီလဂုဏ်နှင့် ပြည့်စုံတော်မူကြသည့် သာဝကအစုံ အစရှိသည်တို့သည်လည်းကောင်း ထိုအလုံးစုံတို့သည် ချုပ်ဆုံး ကွယ်ပျောက်ကုန်ကြလေပြီ...။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် ခိုင်မာသော အနှစ်သာရမရှိ၊ အချည်းနှီးသာ ဖြစ်ကုန်စွတကား...။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော ကကုသန်မြတ်စွာ ဘုရားသည် ခေမအမည်ရှိသော အရံကြီး၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုအရံကြီး အတွင်းမှာပင် ရှေးဆိုအပ်ပြီးသည့်နည်းအတိုင်း တည်ထားအပ်သော ကကုသန် မြတ်စွာဘုရား၏ ဓာတုစေတီတော်မြတ်သည် တစ်ဂါဝုတ်တိုင်တိုင် မြင့်တော်မူပေ၏။

## ၂၃။ ကောဏာဂမနဗုဒ္ဓဝင်အကျဉ်း

**မြို့တော်စသည်ကို ပြဆိုချက်**

ကောဏာဂုံမြတ်စွာဘုရား ဖွားတော်မူရာမြို့တော်မှာ သောဘမင်းကြီး ထီးနန်းအုပ်စိုးရာဖြစ်သည့် သောဘဝတီနေပြည်တော်ဖြစ်၍ ခမည်းတော်မှာ ယညဒတ္တပုဏ္ဏား၊ မယ်တော်မှာ ဥတ္တရာ ပုဏ္ဏေးမတို့ ဖြစ်ကုန်၏။

အိမ်ရာစိုးအုပ်၍ နေတော်မူသော နှစ်ပေါင်းမှာ (၃၀၀၀)သုံးထောင်ဖြစ်၍ စံတော်မူရာ ပြာသာဒ်တော်သုံးဆောင် တို့မှာ တုသိတပြာသာဒ်၊ သန္တုသိတပြာသာဒ်၊ သန္တုဋ္ဌပြာသာဒ်တို့ ဖြစ်ကုန်၏။

ကြင်ဖက်တော်မှာ ရုံရွှေတော် ပုဏ္ဏေးမ အမျိုးသမီးပေါင်း (၁၆၀၀၀)

တစ်သောင်းခြောက်ထောင် အခြံအရံရှိသည့် ရှစိဂတ္တာပုဏ္ဏေးမ ဖြစ်ပြီးလျှင် သားတော်မှာ သတ္တဝါဟသတို့သား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသောယာဉ်မှာ ဆင်ယာဉ်ဖြစ်၍ ခြောက်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ ဘိယျောသမထေရ်နှင့် ဥတ္တရမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ သောတ္ထိဇမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ သမုဒ္ဒါထေရီမနှင့် ဥတ္တရာထေရီမတို့ ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိမှာ ရေသဖန်းပင် ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေးဒါယကာတို့မှာ ဥဂ္ဂသူဌေးနှင့် သောမဒေဝ သူဌေးတို့ ဖြစ်ကြ၍ မြတ်သောအလုပ် အကျွေးဒါယိကာမတို့မှာ သီဝလာဥပါသိကာမ နှင့် သာမာဥပါသိကာမတို့ ဖြစ်ကုန်၏။

ကောဏာဂုံမြတ်စွာဘုရား၏ ကိုယ်အရပ်တော် အတောင်(၃၀) သုံးဆယ် မြင့်တော်မူလျက် ပန်းထိမ်တို့၏ မိုက်ခွက်၌ သီဂီနိုက်ရွှေစင်ကဲ့သို့ ရောင်ခြည်တော် ခြောက်ပါးတို့ဖြင့် တန်ဆာဆင်အပ်ပေ၏။

ကောဏာဂုံမြတ်စွာဘုရား ပွင့်တော်မူရာအသက်တမ်းမှာ အနှစ် (၃၀၀၀၀) သုံးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလတို့ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအလျဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

သတ္တဝါအပေါင်းတို့ ဝိပဿနာဉာဏ်ပညာတည်းဟူသော စေတီတော် ရင်ပြင်၌ တည်ကြလျက် ရှိခိုးဝတ်ပြု နိုင်ကြရန် သစ္စာလေးပါး တရားတည်းဟူသော တံခွန်ဖြင့် တန်ဆာဆင်အပ်သော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတည်း ဟူသော တရားစေတီကြီးကို တည်ဆောက်တော်မူပြီးလျှင် တရားဖြင့်ပြီးသော ပန်းစည်းပန်းခိုင်ကို ပြုတော်မူ၍ တပည့်သား သံဃာတော်နှင့်တကွသော ကောဏာဂုံ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

# ၂၄။ ကဿပဗုဒ္ဓဝင်အကျဉ်း

## မြို့တော်စသည်ကို ပြဆိုချက်

ကဿပမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ ကိကီမင်းကြီး ထီးနန်းစိုးအုပ်ရာ ဖြစ်သည့် ဗာရာဏသီနေပြည်တော်ဖြစ်၍ ခမည်းတော်မှာ ဗြဟ္မဒတ္တပုဏ္ဏား၊ မယ်တော်မှာ ဓနဝတီပုဏ္ဏေးမတို့ ဖြစ်ကုန်၏။

အိမ်ရာစိုးအုပ်၍ နေတော်မူသောနှစ်ပေါင်းမှာ (၂၀၀၀)ဖြစ်၍ စံတော်မူရာ ပြသာဒ်တော်မှာ ဟံသပြသာဒ်၊ ယသပြသာဒ်၊ သိရိနန္ဒပြသာဒ်တို့ ဖြစ်ကုန်၏။

ကြင်ဖက်တော်မှာ ရံရွေတော်ပုဏ္ဏေးမအမျိုးသမီးပေါင်း (၄၈၀၀၀) အခြံအရံရှိသည့် သုနန္ဒာပုဏ္ဏေးမ ဖြစ်ပြီးလျှင် သားတော်မှာ ဝိဇိတသေန သတို့သား ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသောယာဉ်မှာ စံနန်းပြသာဒ်တော်ပင်ဖြစ်၍ ခုနစ်ရက်မျှသာ ဒုက္ကရစရိယာ ကျင့်တော်မူခဲ့ရသည်။

အဂ္ဂသာဝကအစုံတို့မှာ တိဿမထေရ်နှင့် ဘာရဒွါဇမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ သဗ္ဗမိတ္တမထေရ် ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ အနုဠာထေရီမနှင့် ဥရုဝေလာထေရီမတို့ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိပင်မှာ ပညောင်ပင်ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ သုမင်္ဂလနှင့် ဃဋီကာရ အိုးထိန်းသည်တို့ ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ ဝိဇိတသေနာ ဥပါသိကာမနှင့် ဘဒ္ဒါဥပါသိကာမတို့ ဖြစ်ကြကုန်၏။

အရပ်တော်အမြင့်မှာ အတောင်(၂၀)မြင့်တော်မူ၍ ပွင့်တော်မူသော သက်တမ်းမှာ အနှစ် (၂၀၀၀၀)တမ်းဖြစ်ပြီး အသက်တမ်း၏ ငါးပုံ့ လေးပုံ ကာလ ပတ်လုံး တည်နေတော်မူလျက် သာဝကများစွာ ရဟန္တာ အရှင်သူမြတ် တို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူခဲ့သည်။

ကဿပမြတ်စွာဘုရားသည် ကာသိတိုင်း သေတဗျမြို့၏အနီး သေတဗျ အမည်ရှိသော ဥယျာဉ်ကြီးအတွင်း၌ ပရိနိဗ္ဗာန် ပြုတော်ပြီး ကျန်ရှိသော တပည့် သာဝက အပေါင်းတို့က အဆိုပါဥယျာဉ်တော်ကြီး အတွင်း၌ပင် တစ်ယူဇနာ အမြင့်ရှိသော စေတီတော်ကြီးကို တည်ထားကော်ရော် ပူဇော်ကြကုန်၏။

## ၂၅။ ဂေါတမဗုဒ္ဓဝင်

### ဒီပင်္ကရာဘုရားထံ သုမေဓာ ဗျာဒိတ်ခံပုံ

လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော သာကီဝင်မင်းသား မြတ်စွာဘုရားသခင်သည် သုမေဓာဘဝမှ စ၍ပါရမီများကို ဖြည့်ကျင့်ခဲ့သည်။

ဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ အမရဝတီ မင်းနေပြည်၌ သုမေဓာ အမည်ဖြင့် သူဌေးသားဖြစ်ခဲ့လေသည်။အမိဘက် အဖဘက် (ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်) ဆင်းသက်လာခဲ့သော သူဌေးမျိုးဖြစ်ခဲ့သည်။ ကိုယ်ကျင့်သီလစင် ကြယ်၍ အခြားအမျိုးနှင့် မရောမစပ် အမျိုးသန့်၏။

### သုမေဓာ၏ဘဝအမြင်

သုမေဓာဘဝ သူဌေးကလေးသည် တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လျှင် တတ်သင့်သောပညာ တတ်မြောက်လေသည်။ မိဘနှစ်ပါးကား သုမေဓာ သတို့သား ငယ်စဉ်ကပင် ကွယ်လွန်သွားကြ၏။ ဥစ္စာပစ္စည်းအားလုံးကို ပစ္စည်းထိန်း အမတ်ကြီးက ထိန်းသိမ်းထား၏။ ပညာတတ်မြောက်၍ တစ်ဆယ့် ခြောက်နှစ် အရွယ်ရောက်သောအခါ ပစ္စည်းထိန်းအမတ်ကြီးက ရွှေတိုက် ငွေတိုက် စသော ဘဏ္ဍာ တိုက်များကို စာရင်းနှင့်တကွ အပ်နှံလေသည်။

သုမေဓာ သတို့သားသည် ဥစ္စာပစ္စည်းများကို ကြည့်၍“ငါ၏မိဘ ဘိုးဘွား ဆွေမျိုး အဆက်ဆက်တို့သည် ဥစ္စာပစ္စည်းကို ရှာရုံသာ ရှာတတ်၍ကိုယ့်နောက်

ပါအောင် ယူဆောင်မသွားနိုင်ခဲ့ရှာပေ၊ ငါကားကိုယ့် နောက်ပါအောင် ယူဆောင်သွားမည်"ဟု ကြံစည်လေသည်။အပူရှိလျှင် အအေးရှိသကဲ့သို့ သေခြင်း သဘောရှိလျှင် မသေခြင်းသဘောလည်း ရှိရမည်ဟု စွဲမြဲစွာ ယုံကြည်ထားလေသည်။

ထို့နောက် ရှိသမျှ ဘဏ္ဍာတိုက်များကို ဖွင့်၍ ပစ္စည်းအားလုံးကို စွန့်ကြဲကာ ဟိမဝန္တာသို့ထွက်၍ ရှင်ရသေ့ပြုလေသည်။ရသေ့ဝတ်ပြီးနောက် တရားအားထုတ်တော်မူရာ (၇)ရက်အတွင်းမှာပင် ဈာန်အဘိညာဉ် တန်ခိုးကိုရ၍ ကောင်းကင်၌ သွားလာ လှည့်လည်၍ နေလေသည်။

## သုမိတ္တာကမ်းသည့် ကြာပန်း ၅-ခိုင်

ထိုအခါ လောက၌ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူနေသည်၊ ဒီပင်္ကရာမြတ်စွာဘုရားသည် ရမ္မာဝတီနေပြည်တော်သို့ ကြွတော်မူမည်ရှိစဉ် မြို့သူမြို့သားတို့သည် ဘုရားကြွလာမည့်လမ်းကို ပြင်ဆင်နေကြသည်၊ထိုအခါ သုမေဓာရှင်ရသေ့သည် ကောင်းကင်ခရီးဖြင့် လှည့်လည်လာစဉ် လမ်းပြင်နေသူတို့ကိုမြင်၍ ကောင်းကင်မှသက်ဆင်းကာ အကြောင်းအရာကိုမေးလေသည် ဘုရားသခင် ကြွလာမည်ဖြစ်၍ လမ်းပြင်နေကြကြောင်းကို ပြောကြသည်။

သုမေဓာရှင်ရသေ့သည် "အော်-ဘုရားဖြစ်ဖို့မဆိုထားနှင့် ဘုရားဟူ သောအသံလောက်ကိုပင် ကြားရဖို့ မလွယ်ပါချေတကား"ဟု လွန်မင်းစွာ ဝမ်းမြောက်လျက် လမ်းပြင်ရန် တစ်နေရာတောင်း၍ လမ်းပြင်နေသည်။

တန်ခိုးဖြင့်ပြင်လျှင် အမြန်ပြီးမည်ဖြစ်သော်လည်း ကိုယ်ဖြင့်ရင်းနှီးမှ ပို၍အကျိုးရှိမည်ဖြစ်သောကြောင့် ကိုယ်တိုင်မြေထမ်း၍ ရွှံ့ညွန်ထူထပ်သော လမ်းကိုပြင်နေစဉ် လမ်းမပြီးခင် ဘုရားရှင်ကြွလာလေသည်၊ ရှင်ရသေ့သည် ဘုရားရှင် ရွှံ့ပေါ်မကြွရလေအောင် ကိုယ်ကိုခင်း၍ ဝမ်းလျားမှောက်လျက် တံတားခင်းလှူခဲ့လေသည်။

ဘုရားရှင်ကို ကြိုဆိုနေကြသော ပရိတ်သတ်ထဲတွင် သုမိတ္တာမည် သောအမျိုးသမီးတစ်ယောက်လည်းပါဝင်၏။ ထိုအမျိုးသမီးသည် ရှင်ရသေ့ကို မြင်လျှင်မြင်ချင်း ဝမ်းမြောက်ကြည်နူးသွားသည်၊ ထို့ကြောင့် မိမိတွင်ပါလာသော

ကြာပန်းရှစ်ခိုင်တွင် ၃-ခိုင်ကိုချန်၍ ကျန်-၅ခိုင်ကို ရှင်ရသေ့လက်သို့ ဆက်ကပ်လိုက်လေသည်။ ရှင်ရသေ့လည်း ကိုယ်ကိုဝပ်စင်း တံတားခင်းလျက် က ထိုကြာပန်း ၅-ခိုင်ဖြင့် ဘုရားရှင်အား ပူဇော်လေသည်။

## ခိုင်မာသော အဓိဋ္ဌာန်နှင့် ရဲရင့်သော ကြုံးဝါးချက်

ဘုရားရှင်၏ ကျက်သရေတော်ကို မြင်ရဖူးတွေ့ရသဖြင့် သုမေဓာရသေ့ကလေးသည် အောက်ပါအတိုင်း စဉ်းစားမိပြီး ချက်ချင်းပင် စိတ်ပိုင်းဖြတ်လိုက်သည်။

"ငါသည် ကိလေသာ ကုန်ခန်းသည့် ရဟန္တာဖြစ်လိုလျှင် ယနေ့ပင် ဖြစ်နိုင်ရာ၏။သို့သော် သတ္တဝါအများကို ကယ်တင်နိုင်လောက်သော အစွမ်းသည် ရှိပါလျက် တစ်ဦးတည်း ကိုယ်လွတ်ရုန်းသွားခြင်းကား မသင့်လျော်ချေ၊ ငါလည်း ဒီပင်္ကရာဘုရားကဲ့သို့ ဘုရားဖြစ်အောင် ကြိုးစားတော့အံ့"ဟု စိတ်၌စွဲမြဲစွာ အဓိဋ္ဌာန်လိုက်လေသည်။

- ဗုဒ္ဓေါ် ဗောဓေယျံ = သစ္စာတရားကို ငါသိသလို သတ္တဝါ ဝေနေယျတို့ကိုလည်း သိစေမည်။
- မုတ္တော မောစေယျံ = ဘဝအနှောင်အဖွဲ့မှ ငါလွတ်သို သတ္တဝါ ဝေနေယျတို့ကိုလည်း လွတ်စေမည်။
- တိဏ္ဏော တာရေယျံ = သံသရာဝဲဂယက်မှ ငါကူးမြောက်နိုင်သလို သတ္တဝါ ဝေနေယျတို့ကိုလည်း ကူးမြောက်စေမည်ဟုလည်း ကြွေးကြော် ကြုံးဝါးတော်မူလိုက်လေသည်။

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍-

"အသက်ကိုစွန့်ကာ ခန္ဓာကိုယ်ကိုဝပ်စင်း၍ တံတားခင်းနေသော ဤရသေ့သည် နောင်သောအခါ ငါ့ကဲ့သို့ ဘုရားတစ်ဆူဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ပေးတော်မူသည်၊ ပရိသတ်ကြီးကလည်း ကောင်းချီးပေးကြလေသည်။

ဘုရားရှင်သည် ရသေ့ကိုယ်ပေါ် နင်းကြွတော်မမူဘဲ ရှောင်လွှဲကြွသွားတော်မူ၏၊ ဗျာဒိတ်ရလိုက်သော ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ သည် အလွန်ရွှင်ပျသောစိတ်ဖြင့် ဝမ်းလျားမှောက်ရာမှထ၍ ထက်ဝက်ဖွဲ့ခွေ ထိုင်နေပြီးလျှင် ဘုရားဖြစ်အောင် ကျင့်ဆောင်ရမည့် တရားများကို ဆင်ခြင်တော်မူလေရာ ဒါန၊ သီလ စသော ပါရမီဆယ်ပါးကို တွေ့မြင် တော်မူ၏၊ ပါရမီတော်များကို အပြန်အလှန် စဉ်းစားဆင်ခြင်သောအခါ မဟာပထဝီမြေကြီးကပင် ကောင်းချီးပေးသည့်ပမာ မြေလျှင် ပြင်းစွာ တုန်လှုပ်လေသည်။

**ဘုရားအလောင်းတော် ပါရမီဖြည့်ကျင့်ပုံ**

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို ဆင်ခြင်တော်မူသောအခါ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ ဟူသော ပါရမီဆယ်ပါးတို့ကို အစဉ်အတိုင်း တွေ့မြင်တော်မူကာ ဘဝများစွာ ဖြည့်ကျင့်ခဲ့ရလေသည်။

**ဒါနပါရမီ ဖြည့်ကျင့်တော်မူပုံ**

မိမိပိုင် သက်ရှိသက်မဲ့ ပစ္စည်းများကို သူတစ်ပါးအား ပေးကမ်းစွန့်ကြဲလှူဒါန်းမှု ဒါနပါရမီကို ပထမဆုံး ဖြည့်ကျင့်တော်မူသည်၊ ဘဝများစွာ ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ ဤကောင်းမှုကြောင့် လူ့စည်းစိမ် နတ်စည်းစိမ် လောကီ ဂုဏ်သိန်များကို သူတကာတို့ကဲ့သို့ မတောင့်တ မမျှော်မှန်း၊ သတ္တဝါအများအတွက်ကို သဗ္ဗညုတဉာဏ်ရဖို့သာ ရည်သန်တောင့်တတော်မူသည်။

ဘဝများစွာ ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ သိဝိမင်းဘဝနှင့် ဝေဿန္တရာမင်းဘဝက အလွန်ထင်ရှား၍ အသိများသော ဘဝများဖြစ်ပေသည်။

ဘုရားလောင်းတော်သည် သိဝိမင်းဖြစ်စဉ် အလှူဒါနဘက်၌ စိတ်အားထက်သန်ပုံကို စုံစမ်းလို၍ သိကြားမင်းသည် မျက်မမြင်ပုဏ္ဏားအိုယောင်ဆောင်ကာ မျက်စိတစ်ဘက်ကို အလှူခံသည်၊ သိဝိမင်းကြီးသည် မျက်စိ နှစ်ဖက်ကိုပင်ထုတ်၍ ရက်ရက်ရောရောပင် လှူတော်မူ၏။

ဝေဿန္တရာမင်းဘဝ၌လည်း ဘုရားအလောင်းတော်သည် အလှူမဏ္ဍပ် ၆–

ခုဆောက်လုပ်၍ နေ့စဉ် ၆-သိန်းတန် အဝတ်တန်ဆာ အစားအစာများကို လှူ၏၊ တစ်ခါကမူ ကလိင်္ဂတိုင်းမှ ပုဏ္ဏားတို့သည် တန်ဖိုးမဖြတ်နိုင်သော ဆင်ဖြူတော်ကိုပင် အလှူခံလာကြရာ ရက်ရက်ရောရောပင် လှူတော်မူ၏။

ဆင်ဖြူတော်လှူ၍ ပြည်သူတို့မကျေနပ်သဖြင့် ထီးနန်းစွန့်ကာ ဟိမဝန္တာ ဝင်္ကဘာတောင်သို့ ထွက်ခွာသွားရ၏၊ မဒ္ဒီမိဖုရား သားတော်ဇာလီ၊ သမီးတော် ကဏှာဇိန်တို့နှင့်အတူ ရသေ့ဝတ်ဖြင့် နေလေသည်၊ ထိုအခါ၌လည်း အလှူခံ လာသော ဇူဇကာပုဏ္ဏားအား သားတော်သမီးတော်တို့ကို လှူပြန်၏၊ ပုဏ္ဏားယောင် ဆောင်လျက် မိဖုရားကို အလှူခံလာသော သိကြားမင်းအားလည်း မဒ္ဒီမိဖုရားကို လှူပြန်သည်။

ဤသို့လျှင် ဘုရားအလောင်းတော် ဘဝများစွာ ဖြစ်လေရာတို့၌ ဒါနပါရမီကို ဖြည့်ကျင့်ရာတွင်၊ ပစ္စည်းဥစ္စာကိုသာမက ဇနီး၊ မယား၊ သမီး သား တို့ကိုပင် စွန့်လှူခဲ့ဖူးသည်မှာ များလှလေပြီ။

## သီလပါရမီ ဖြည့်ကျင့်တော်မူပုံ

အကုသိုလ်မဖြစ်အောင် ကိုယ်နှုတ်တို့ကို စောင့်ထိန်းခြင်းကို သီလဟု ခေါ်သည်၊ ထိုသီလမှာ ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ဖြင့် များစွာရှိသည်၊ ဘုရားအလောင်းတော်သည် ဘဝများစွာတို့၌ သီလပါရမီတော်ကိုလည်း ဖြည့်ကျင့်ခဲ့ သည်၊ အလီနသတ္တုမည်သော မင်းသားဖြစ်စဉ်က သီလပါရမီ ဖြည့်ကျင့်ပုံမှာလည်း ထင်ရှားသော ဖြစ်ရပ်တစ်ခုဖြစ်သည်။

အလီနသတ္တုမင်းသား၏ ခမည်းတော်သည် သမင်လိုက်ရာမှ နယ်ကျွံ၍ ဘီလူးတစ်ဦး စိုးပိုင်သော ညောင်ပင်အောက်သို့ ရောက်သွားသည်။ "နောက် တစ်နေ့ ပြန်လာ၍ ဘီလူးအစားခံပါမည်"ဟူသော ကတိဖြင့် ဘီလူးထံခွင့်ပန်၍ နန်းတော်သို့ပြန်လာခဲ့သည်၊ ထိုအကြောင်းကို သားတော်အလီနသတ္တု မင်းသားသိ သဖြင့် ခမည်းတော်ကိုယ်စား ဘီလူးအစားခံရန် သွားခဲ့လေသည်၊ မင်းသားသည် မိမိစောင့်ထိန်းထားသော ကိုယ်ကျင့်သီလ ညှိုးနွမ်းမည် စိုးရိမ်၍ လက်နက်တစ်စုံ တရာကိုမျှ ယူမသွားခဲ့ပေ။

ဘီလူးသည် ဘုရားအလောင်းတော် အလီနသတ္တုမင်းသား၏ မကြောက်မရွံ့ ရဲဝံ့သော အမူအရာကိုမြင်၍ မသတ်စားဝံ့တော့ဘဲ နောက်ဆုံး တွင် မင်းသား၏ အဆုံးအမကို လိုက်နာကာ ငါးပါးသီလစောင့်ထိန်းသူ ဖြစ်လာ လေသည်။

ဒါနပါရမီဖြည့်ရာ၌ အသက်ကိုပင် စွန့်လှူရဲသော ဘုရားလောင်းတော်သည် သီလပါရမီဖြည့်ကျင့်ရာ၌ ကိုယ်ကျင့်သီလကို အဘယ်ကြောင့် အသက်နှင့် မလဲဝံ့ဘဲ ရှိအံ့နည်း။

## နေက္ခမ္မပါရမီ ဖြည့်ကျင့်တော်မူပုံ

လောကီအာရုံ ကာမဂုဏ်များကို မစုံမက်ဘဲ စွန့်ခွာ၍ တစ်ကိုယ်တည်း ရသေ့ရဟန်းပြုလိုခြင်း(တောထွက်ခြင်း)မျိုးကို နေက္ခမ္မပါရမီ ဖြည့်သည်ဟု ခေါ်၏။ ဘုရားအလောင်းတော်၏ နေက္ခမ္မပါရမီဖြည့်ကျင့်သော ဘဝများမှာ လွန်စွာ များလှ၏၊ အယောဃ မည်သော မင်းသားဘဝကို မှတ်သားနိုင်ရန် ထုတ်ပြမည်။

အယောဃရမင်းသား ဖွားမြင်ပြီးနောက် ဘီလူးရန်ကို ကြောက်သဖြင့် ၁၆–နှစ်အရွယ်တိုင်အောင် သံလျှောင်အိမ်အတွင်းမှာပင် ထား၍ ပညာသင်ပေးကြရ၏ ။ ၁၆–နှစ်အရွယ်ရောက်သော် ထီးနန်းအပ်မည်ဟု စီစဉ်ကာ အပြင်သို့ ထုတ်ဆောင်ကြ၏၊ ထိုအခါ ဘုရားအလောင်းတော်မင်းသားသည် "အမိ ဝမ်းတွင်း၌ ဆယ်လ၊ သံလျှောင်အိမ်အတွင်း၌ ၁၆–နှစ် နေ၍ လွတ်မြောက် လာခဲ့ရသော်လည်း သေခြင်းဘေးကမူ မလွတ်မြောက်နိုင်သေး"ဟု တွေးမိကာ ထီးနန်းစည်းစိမ်ကို လက်မခံဘဲ တောထွက်ကာ ရသေ့ပြုလုပ်သွားလေသည်။

## ပညာပါရမီ ဖြည့်ကျင့်တော်မူပုံ

ပညာပါရမီဖြည့်သည်ဆိုရာ၌ ပဋ္ဌမမိမိတတ်သိနားလည်အောင် သင်ရ၏၊ တိုးတက်အောင် ကြံစည် စဉ်းစားရ၏၊ ထိုသို့ တတ်သိနားလည်ထားသော ပညာကို သူတပါးတို့အား တတ်အောင် သင်ပြပေးခြင်း၊ ထိုပညာဖြင့် အများ အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းကို ပညာပါရမီဖြည့်ကျင့်သည်ဟု ခေါ်သည်။

ဘုရားအလောင်းတော်သည် ဘဝများစွာ ပညာပါရမီဖြည့်ကျင့်ရာတွင် မဟောသဓာပညာရှိဖြစ်စဉ်က ပညာတန်ခိုးဖြင့် အများအကျိုးရှိအောင်

ရွက်ဆောင်ပုံမှာ ထင်ရှားပေသည်၊ စူဠနီဗြဟ္မဒတ်မင်းသည် ဇမ္ဗူဒိပ် မင်းပေါင်း တစ်ရာကို ဖမ်းပြီးလျှင် အဆိပ်ခပ်သောအရက်ကိုတိုက်၍ သတ်ဖို့ ကြံစည် ထား၏၊ မဟောသဓာသည် ထိုအကြံကို သူ၏ဉာဏ်ပညာစွမ်းဖြင့် ပျက်အောင် ဖျက်ခဲ့လေသည်၊ စူဠနီဗြဟ္မဒတ်မင်းနှင့် ဝိဒေဟရာဇ်မင်းတို့ စစ်ခင်းရာ၌လည်း မဟောသဓာသည် တစ်ယောက်တလေမျှ အသက်မသေရအောင်သူ၏ ပညာ စွမ်းဖြင့် စစ်ပြေငြိမ်းသည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။

## ဝီရိယပါရမီ ဖြည့်ကျင့်တော်မူပုံ

သတ္တဝါအများ ကောင်းစားချမ်းသာရေး လုပ်ငန်းမှန်သမျှ သက်စွန့် ကြိုးပမ်း အစွမ်းကုန်အားထုတ် ပြုလုပ်ရွက်ဆောင်ခြင်းကို ဝီရိယပါရမီ ဖြည့်ကျင့်သည် ဟု ခေါ်၏။

ဘုရားအလောင်းတော်သည် မည်သည့်အခါမျှ လုံ့လဝီရိယ လျှော့ချ လေ့မရှိ၊ ကိုယ်ရေးကိုယ်တာအတွက်ဖြစ်စေ၊ သူတပါး အတွက်ဖြစ်စေ မကြောက်မရွံ့ စွန့်စွန့်စားစား အားထုတ် ပြုလုပ်မြဲဖြစ်သည်၊ ပူသည် အေးသည် ရမယ်ရှာ၍ မည်သည့်အခါမျှ ပျင်းရိလက်လျှော့ခြင်းမရှိ၊ မဟာဇနကမင်းသား ဘဝ၌ လုံ့လဝီရိယပြုတော်မူပုံမှာ မှတ်သားဖွယ်ကောင်းလှသည်။

မဟာဇနကမင်းသားသည် သင်္ဘောဖြင့် ကုန်ရောင်းကုန်ဝယ် ထွက်ခဲ့ရာ သင်္ဘောစီးသူ လူအပေါင်းခုနစ်ရာရာနှင့်အတူ ပင်လယ်ကူးစဉ် သင်္ဘောပျက်လေ သည်၊ လူအားလုံးတို့ အားလျှော့၍ မကြိုးစားဘဲ အသေခံကြသော်လည်း ဘုရားအလောင်းတော်သည် ရှိသည့်အားကို အချည်းနှီးမထားဘဲ ၇-ရက်လုံးလုံး လက်ပစ်ကူးကာ ကြိုးစားခဲ့လေသည်။ ထို့နောက် မဏိမေခလာနတ်သမီး ကယ်ဆယ်၍ အသက်ဘေးမှ လွတ်မြောက်ရရုံမျှမက မိထိလာပြည်ကြီးကိုပင် စိုးစံရလေသည်။ လက်ပစ်ကူး၍ မကြိုးစားခဲ့လျှင်ကား ကယ်ဆယ်သူနှင့် တွေ့နိုင် မည်မဟုတ်၍ အများနည်းတူ အသက်သေရပေမည်။

## ခန္တီပါရမီ ဖြည့်ကျင့်တော်မူပုံ

“ငါ့အပေါ်၌ လူမိုက်တို့ပြုလုပ်လာသော စော်ကားမှုကို ငါကပြန်၍

တို့ပြန်ပြုမူလျှင် ငါလည်း ထိုသူတို့ကဲ့သို့ မိုက်မဲသူသာ ဖြစ်ပေမည်" ဟု ကြံစည်၍ ဒေါသမထွက် စိတ်ပျက်အားငယ်မှု မရှိဘဲ စိတ်အေးအေးနှင့် မိမိက အလျှော့ပေး အနစ်နာခံလိုက်ခြင်းကို ခန္တီပါရမီဖြည့်သည်ဟုခေါ်၏။

ဘုရားအလောင်းတော်သည် အများအကျိုး သယ်ပိုးရွက်ဆောင်၍ ခေါင်းဆောင်ရသော ဘဝတိုင်း သည်းခံခြင်း ခန္တီပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်။ မျောက်မင်းဘဝ တစ်ခုသည်ကား ခန္တီပါရမီ ဖြည့်ကျင့်မှုနှင့် စပ်၍ မှတ်သားဖွယ်ကောင်းလှသည်။

ဘုရားအလောင်းတော်သည် တစ်ခါက အားကောင်းသော မျောက်မင်း ဖြစ်၏၊ ဒေဝဒတ်လောင်း ပုဏ္ဏားတစ်ဦးသည် သစ်ပင်တက်ရာ၌ သစ်ကိုင်းကျိုး ၍ ချောက်ထဲကျသွား၏။ ငိုယိုမြည်တမ်းနေသော ထိုပုဏ္ဏားကို မျောက်မင်း တွေ့၍ ချောက်ထဲမှ ကယ်တင်လေသည်၊ ထို့နောက် မောပန်းသဖြင့် ထိုပုဏ္ဏား ၏ ပေါင်ပေါ် ခေါင်းအုံးကာ အိပ်ပျော်သွားခိုက် ပုဏ္ဏားမိုက်သည် ကျေးဇူး တရားကို မထောက်ထားဘဲ မျောက်မင်းအသား စားလို၍ ကျောက်ခဲဖြင့် ထုရိုက်လေသည်။

မျောက်မင်းလန့်နိုးကာ ချက်ချင်း သစ်ပင်ပေါ် ခုန်တက်ပြေးရ၏၊ ထိုရန်သူပုဏ္ဏားမိုက် တောထဲမှာ မျက်စိလည်ကာ သေရှာမည်ကိုလည်း စိုးရိမ်၏၊ အောက်သို့လည်း မဆင်းလာဝံ့။ သစ်ပင်ချင်း ခုန်ကူးကာ ဦးခေါင်းမှ ကျသော သွေးစက်များကို ခြေရာခံ၍ လိုက်ပါရန် မှာကြားလျက် လူသွားလမ်း အရောက် လမ်းပြပို့ဆောင်ပေးခဲ့သည်။

## သစ္စာပါရမီ ဖြည့်ကျင့်တော်မူပုံ

သူတပါးကို လိမ်၍ပြောခြင်း၊ ပြောသည့်အတိုင်း ကတိခံသည့်အတိုင်း မလုပ်ခြင်းသည် သူတစ်ပါးအကျိုးပျက်အောင် ပြုလုပ်သည်မည်၏၊ လိမ်လည် လှည့်ဖြား မပြောကြားဘဲ ပြုလုပ်နိုင်သလောက်ကိုသာပြော၍ ပြောသည့်အတိုင်း ပြုလုပ်ခြင်း၊ မှန်ရာကိုသာ ပြောဆိုခြင်းသည် သစ္စာပါရမီမည်၏။

ဘုရားအလောင်းတော်သည် ဖြစ်လေရာဘဝတိုင်း သူတပါးအကျိုး

ပျက်အောင် မုသားစကားကို မည်သည့်ဘဝတွင်မျှ မဆိုခဲ့ပေ၊ ဘဝတိုင်း သစ္စာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့လေသည်၊ သစ္စာပါရမီဖြည့်ရာ၌ သုတသောမ မင်းဘဝကား ထင်ရှားလှလေသည်။

ဘုရားအလောင်းတော်သည် မဟာသုတသောမမင်းဖြစ်စဉ် ရှင်ဘုရင် ဘဝမှ လူသားစားမှုကြောင့် တိုင်းပြည်မှ ထွက်ခွာသွားရသော ပေါရိသာဒသည် တောထဲမှာပင် နေရ၏၊ လူသားစား ပေါရိသာဒသည် တစ်နေ့သောအခါ သစ်ငုတ်စူး၍ ခြေဖဝါး၌ ဖြစ်သော အနာကို "နတ်မင်း ကယ်မပါ၊ ၇-ရက် အတွင်းပျောက်အောင် ကယ်မလျှင် ဇမ္ဗူဒိပ်မင်းအပေါင်း၏ လည်ချောင်း သွေးဖြင့် ယဇ်ပူဇော်ပါမည်" ဟု ညောင်ပင်စောင့်နတ်မင်းကြီးအား ကတိခံထား၏၊ ထိုအနာ သူ့ဘာသာ ပျောက်သွားသည်ကို နတ်မသည်ဟု ထင်ကာ ဇမ္ဗူဒိပ်မင်းတို့ကို ယဇ်ပူဇော်ရန် ဖမ်းထားသည်။

တက္ကသိုလ်ပညာသင်စဉ်က ဆရာ-တော်ဖူးသော သုတသောမင်း ကိုလည်း ဖမ်းသွားသည်၊ သုတသောမမင်းသည် အဖမ်းမခံရမီကလေးကမှ ပုဏ္ဏားတစ်ဦး အထံ၌ တရားဂါထာ နာယူရန် ဝန်ခံခဲ့သော ကတိစကားကို သတိရ၍ "တရားနာပြီးလျှင် ပြန်လာပါမည်"ဟု ပေါရိသာဒထံ ခွင့်တောင်း၏၊ ပေါရိသာဒလည်း လွယ်လွယ်ပင် ပြန်လွှတ်လိုက်သည်၊ တရားနာပြီးသောအခါ သတ်တော့မည် ကိုသိပါလျက် သစ္စာမဖျက်ဘဲ မကြောက်မရွံ့ အသက်စွန့်၍ ပေါရိသာဒထံ ပြန်လာခဲ့သည်။ သုတသောမမင်း၏ သေဘေးမှ ကြောက်ရွံ့မှု မရှိပုံကို မေးမြန်းရာမှ အစပြု၍ အလောင်းတော်သုတသောမမင်း ပြောပြသော တရားစကားကြောင့် ဇမ္ဗူဒိပ်မင်းအားလုံးလည်း အသတ်မခံရတော့ဘဲ ပေါရိသာဒ လည်း လူကောင်းတစ်ယောက် ဖြစ်လာကာ သူ့ထီးနန်းကို ပြန်ရခဲ့လေသည်။

## အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်တော်မူပုံ

ဒါနစသော ပါရမီ ကောင်းမှုများကို သတ်မှတ်ထားသည့်အတိုင်း မပျက်မကွက် စွဲစွဲမြဲမြဲ အောင်မြင်ပြီးမြောက်အောင် ပြုလုပ်မည်ဟု စိတ်ကို ဆုံးဖြတ်ထားမှု၊ ဆုံးဖြတ်သည့်အတိုင်း ပြုလုပ်မှုကို အဓိဋ္ဌာန် ဟုခေါ်၏၊ ဘုရားအလောင်းတော်သည် ဘဝများစွာ အဓိဋ္ဌာန်ပါရမီတော်ကိုလည်း ဖြည့်ကျင့်

ခဲ့သည်။ တေမိယမင်းသားဖြစ်စဉ်က အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်ပုံမှာ အလွန်ထင်ရှားလှပေသည်။

ဘုရားအလောင်းတော်သည် တေမိယမင်းသား မဖြစ်မီ ဘဝတစ်ခု တွင် ရှင်ဘုရင်ဖြစ်စဉ်က အငြင်းပွားမှုများကို တရားအဆုံးအဖြတ်ပေးရာတွင် အနည်းငယ်မှားယွင်းခဲ့သဖြင့် ငရဲကျခဲ့ရဖူးသည်၊ တေမိယမင်းသားကလေးသည် တစ်လသားအရွယ် ထီးဖြူအောက်၌ ပက်လက်နေစဉ် ထီးဖြူကို မြင်ရသည်မှစ၍ ရှေးဘဝများကိုပြန်လည် သိမြင်နိုင်သော ဇာတိဿရဉာဏ်ကို ရလေသည်။ ရှေးမင်းဖြစ်စဉ်က အဆုံးအဖြတ် အမိန့်ပေးလွဲ၍ ငရဲကျခဲ့ရပုံကို ပြန်လည်သတိရကာ မင်းဖြစ်ရမည်ကို လွန်စွာ ကြောက်ရွံ့ထိတ်လန့်သွားလေသည်။

ထိုအခါ ရှေးဘဝက မိခင်ဟောင်းဖြစ်ခဲ့ဖူးသော ထီးချက်စောင့်နတ်သမီး သိသွားသဖြင့် "ချစ်သား-တေမိယမင်း-မကြောက်ပါနှင့်၊ မင်းမလုပ်ချင်လျှင် ဆွံ့၊အ၊နားပင်းဟန် ဆောင်နေလိုက်ပါ"ဟု တိုက်တွန်းအကြံပေးလေသည်။

ထိုအခါမှစ၍"မည်သည့်အကြောင်းကြောင့်မျှ စကားမဆိုတော့အံ့၊ ဆွံ့၊အယောင် ဆောင်နေတော့မည်"ဟု စိတ်ကို ခိုင်မာစွာဆောက်တည် အဓိဋ္ဌာန်ပြုလေသည်။ မပြော မဆို၊ ငိုလည်း မငိုဘဲ အရွယ်ရောက်လည်း မထိုင်မထ၊ ပြောသမျှလည်း မကြားဟန် ဆောင်နေခဲ့ရာ အသက်တစ်ဆယ့် ခြောက်နှစ်အရွယ်သို့တိုင်အောင် အခိုင်အမာ ဆုံးဖြတ်၍ နေထိုင်ခဲ့လေသည်၊ ထိုအခါကျမှ ခမည်းတော်မင်းကြီးက "ထီးနန်းနှင့်မတန်"ဟု ဆုံးဖြတ်၍ တောထဲသို့နှင်ထုတ်သတ်ပစ်ရန် အမိန့်ပေးလေရာ တောထဲရောက်သောအခါ ရသေ့ရဟန်းပြုသွားလေသည်။

## မေတ္တာပါရမီ ဖြည့်ကျင့်တော်မူပုံ

သူတစ်ဖက်သား ကြီးပွားချမ်းသာစေလိုသော စိတ်ထားသည် မေတ္တာမည်၏၊ မေတ္တာစိတ်ထားရှိသူသည် မိမိအပေါ် သူတပါးက မတော်မတရားပြုမူ ပြောဆိုစေကာမူ ထိုသူ၏ အပြစ်ကို မရှု၊ ထိုသူ၏ ကောင်းကွက်ကိုသာ ရှာကြည့်ကာ သူ့အကျိုးကို ဆောင်ရွက်မြဲ ဆောင်ရွက်ကြလေသည်။

ဘုရားအလောင်းတော်သည် ဘဝများစွာ၌ မေတ္တာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်၊ သုဝဏ္ဏသာမ ရသေ့ဖြစ်စဉ် တောထဲ၌ မျက်မမြင် မိဘနှစ်ပါးကိုပြုစုနေ၏၊ ခြင်္သေ့၊ သစ်၊ ကျား၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင် ဆတ် စသော သားကောင်များအပေါ်၌ပင် တကယ့်မေတ္တာစိတ်ဖြင့်ချစ်ခင်နေ၏။ မိမိအား သားကောင်မှတ်၍ လေးဖြင့်ပစ်သတ်ခဲ့သော ပီဠိယက္ခမင်းကိုပင် မေတ္တာမပျက်ခဲ့ပေ၊ နောက်ဆုံး မေတ္တာ၊ သစ္စာကြောင့်မြားဆိပ်လည်းပြေ၊ အသက်လည်း မသေဘဲ မျက်မမြင်မိဘနှစ်ပါလည်းမျက်စိနှစ်ကွင်း အလင်းရကြလေသည်။

## ဥပေက္ခာပါရမီ ဖြည့်ကျင့်တော်မူပုံ

သူတစ်ဖက်သားအား မုန်းလည်းမမုန်း၊ ချစ်လည်းမချစ်၊ဘက်မလိုက် မျှမျှ တတ အလယ်အလတ် တည့်မတ်သောစိတ်ထားကို ဥပေက္ခာပြုခြင်း လျစ်လျူ ရှုခြင်းဟု ခေါ်၏။ ဘုရားအလောင်းတော်သည် ဘဝများစွာတွင် ဤဥပေက္ခာ ပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်၊ လောမဟံသ ခေါ်သောဘဝမှာ ထင်ရှား လှလေသည်။

ဘုရားအလောင်းတော်သည် မိဘတို့ကွယ်လွန်သောအခါ များစွာသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်၍ တောသို့ဝင်လေသည်၊ ရသေ့ပြုလုပ်လို သော်လည်း ရသေ့ပြုလျှင် လူအများအထင်ကြီး၍ ချီးမွမ်းကြမည်ကို စိုးရွံ့သဖြင့် ရသေ့လည်းမလုပ်ဘဲ အဝတ်တစ်ထည်ဖြင့်သာ လှည့်လည် သွားလာနေခဲ့သည်။

မိမိအား လေးစားသမှု ပြုမှုဆက်ဆံသောနေရာ၌ ကြာကြာမနေ၊ တစ်ရက်လောက်သာနေ၏၊ ရွာတစ်ရွာသို့ ရောက်သောအခါ ကလေး သူငယ်များနှင့် သေသောက်ကြူးများက ပြက်ရယ်ပြု ပြောင်လှောင်ကြသော်လည်း ဘုရားအလောင်းတော်ကား စိတ်မဆိုး။ သုသာန်၌ လူရိုးကို ခေါင်းအုံးလျက် အိပ်၏။ ကလေးများ ဝိုင်းအုံလာရောက်ကာ အလောင်းတော်အား တံတွေးဖြင့် ထွေးကြ၊ ကျင်ကြီးကျင်ငယ် စွန့်ချကြကုန်၏။ ဘုရားအလောင်းတော်သည် ထိုသူတို့အပေါ်၌ စိတ်မဆိုး၊ အပြစ်မယူ၊ စိတ်ပျက်အားငယ်ခြင်းမဖြစ်။ တစ်ချို့လည်း ပန်းနံ့သာနှင့် စားကောင်း သောက်ဖွယ်များကို ပေးလှူကြကုန်၏၊ ထိုသူတို့ အပေါ်၌လည်း ချစ်ခင်တွယ်တာမှုမထား၊ ကောင်းဆိုးနှစ်ဖြာ၌ လျစ်လျူရှုကာ

မည်သည့်ဘက်မှ မတိမ်းညွတ်ဘဲ တည့်မတ်သော စိတ်ထား (ဥပေက္ခာ)ဖြင့်သာ နေတော်မူလေသည်။

**ပါရမီ (၁၀) ပါး အပြား (၃၀)**

ဒါန စသောပါရမီ (၁၀)ပါးကို-

(က) ရိုးရိုးဖြည့်ကျင့်လျှင် ပါရမီ ဟုခေါ်၏ ။

(ခ) ကိုယ်လက်အင်္ဂါ နှစ်နာပျက်စီးခံစွန့်လွှတ်၍ ဖြည့်ကျင့်လျှင်မူ ဥပပါရမီ ဟုခေါ်၏။

(ဂ) အသက်ကိုအသေခံ၍ အသက်ကိုစွန့်၍ ဖြည့်ကျင့်လျှင် ပရမတ္ထ ပါရမီဟုခေါ်သည်။

ပါရမီတစ်ပါးတစ်ပါးလျှင် ရိုးရိုး၊ အလတ်စား၊ အမြင့်ဆုံးဟူ အနုအရင့်ဖြည့်ကျင့်ပုံ သုံးမျိုးစီကွဲပြားသဖြင့် "ပါရမီ ၁၀-ပါး၊ အပြား-၃၀"ဟု ခေါ်ရသည်။ ဘုရားအလောင်းတော်သည် ထိုပါရမီ ၁၀-ပါး၊ အပြား-၃၀- တို့ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာအောင် ဖြည့်ကျင့်တော်မူခဲ့ရာ ဝေဿန္တရာမင်းဘဝ၌ ပါရမီတော်အားလုံး ပြီးပြည့်စုံခဲ့လေပြီ။

**စရိယ(၃)ပါး**

ဘုရားအလောင်းတော်သည် ဘဝများစွာ ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ ရည်မှန်းချက်ကြီးသုံးချက်ကို ဦးထိပ်ထား၍ ကျင့်ဆောင်ခဲ့သည်။

(၁) လောကတ္ထစရိယ = လောကလူသား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ ကောင်းစား ချမ်းသာရေး ကျင့်စဉ်၊

(၂) ဉာတတ္ထစရိယ = မိမိ၏ အမျိုးသား မိမိလူမျိုးကောင်းစား ချမ်းသာရေးကျင့်စဉ်၊

(၃) ဗုဒ္ဓတ္ထစရိယ = သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညုဘုရား ဖြစ်ရေးကျင့်စဉ်။

ဘဝတိုင်း၊ ပါရမီဖြည့်ကျင့်တိုင်း ဤရည်မှန်းချက်ကြီးသုံးရပ်ကို ဦးထိပ်ထားခဲ့လေသည်၊ စရိယသုံးပါး ဟု ခေါ်၏ ။

## စွန့်ခြင်းကြီး(၅)ပါး

ထိုအပြင် ဘဝများစွာ ပါရမီဖြည့်ရာတွင်-

(၁) တိုင်းပြည်နိုင်ငံ ထီးနန်းစည်းစိမ် ရွှေငွေစသည်တို့ကို စွန့်၍ ပါရမီဖြည့်ခြင်း (ဓနပရိစ္စာဂ)

(၂) သားသမီးတို့ကို စွန့်လှူခြင်း (ပုတ္တပရိစ္စာဂ)

(၃) ဇနီးမယားကိုပ စွန့်လှူခြင်း (ဘရိယပရိစ္စာဂ)

(၄) မိမိခန္ဓာ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စွန့်လှူခြင်း(အင်္ဂပရိစ္စာဂ)

(၅) နောက်ဆုံးအသက်ကိုပင်လျှင် နှမြောတွန့်တိုမှုမရှိဘဲ စွန့်လှူခြင်း (ဇီဝိတပရိစ္စာဂ)တို့ကိုလည်း ပြုလုပ်ခဲ့ရသည်၊ စွန့်လွှတ်နိုင်ခဲသော စွန့်လွှတ်ခြင်းကြီးဖြစ်၍ "ပဥ္စမဟာပရိစ္စာဂ= စွန့်ခြင်းကြီးငါးပါး"ဟု ခေါ်ရသည်။

ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါး တို့ကို ဘဝဆက်တိုင်း စဉ်ဆက်မပြတ် ဖြည့်ကျင့်ကြိုးပမ်းခဲ့သည့်အတွက် ဘုရားအလောင်းတော် ရယူလိုသော ဆုမှာ တစ်ခုတည်းသာဖြစ်၏။ သဗ္ဗညုတဉာဏ် ရရှိရေးသာဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်မှာ လွန်စွာ ကြီးမြတ်လှသဖြင့် ထိုမျှအချိန်ကြာကြာ ပါရမီတို့ကို ဖြည့်ကျင့် စုဆောင်းခဲ့ရခြင်း ဖြစ်ပေသည်။

## အတုမရှိ စွန့်လွှတ်၍ အတုမရှိ အောင်မြင်ခြင်း

ဘုရားအလောင်းတော်သည် ကမ္ဘာပေါင်းများစွာ ဘဝပေါင်းများစွာ ဒါနစသော ပါရမီ ၁၀-ပါး၊ စွန့်ခြင်းကြီး ၅-မျိုးတို့ကို ပြုလုပ်ဆည်းပူးတော်မူခဲ့ရသည်။ ဖြစ်လေရာဘဝတိုင်း၌ ကာယ ဉာဏ ဓန စသည်တို့ကို စွန့်လွှတ်ပေးလှူခြင်းဖြင့် သတ္တဝါအများ ကောင်းစားချမ်းသာရေးကို ဆောင်ရွက်တော်မူခဲ့သည်။ ထိုစွန့်လွှတ်မှုအားလုံးအတွက် မျှော်မှန်းချက်မှာ သဗ္ဗညုတဉာဏ်ရရေး တစ်ခုတည်းသာလျှင် ဖြစ်သည်။ သဗ္ဗညုတဉာဏ်ရရန် မျှော်မှန်းခြင်းသည်လည်း မိမိအတွက်မဟုတ်၊ သတ္တဝါအများ ကောင်းစား ချမ်းသာရေးကို ပို၍ပြုလုပ်ဖြည့်စွမ်းပေးရန်သာလျှင် ဖြစ်သည်။

မည်သူမဆို ဖြစ်လေရာ ဘဝတိုင်းတွင် သူတပါးတို့ ကောင်းစားချမ်းသာ

ရေးအတွက် ကိုယ်ကျိုးမဖက် မျှော်လင့်ချက်မနော ရက်ရက်ရောရော စွန့်လွှတ် ကူညီတတ်သောစိတ်ဓာတ် ထားရှိရန်လိုပေသည်။ ထိုပါရမီအလုပ်တို့သည် မိမိအပါအဝင် လူသား လောကတစ်ခုလုံး၏ ချမ်းမြေ့သာယာမှု၊ စည်ပင် ဝပြောမှုကို ပြုလုပ်ပေးရာ ရောက်သဖြင့် စွန့်လွှတ်နိုင်သလောက် အနစ်နာခံကြရပေမည်။ မိမိအတွက်လည်း အဆများစွာ အကျိုးသက်ရောက်လာလေသည်။

ဘုရားအလောင်းတော်သည် လောကတွင် ကာယ၊ဉာဏ၊ဓန စသည်တို့ကို အတုမရှိ စွန့်လွှတ်နိုင်ခဲ့သူဖြစ်၍ ဘုရားဖြစ်တော်မူသော နောက်ဆုံးဘဝတွင် ကာယ ဉာဏ ဓန စသည် ဘာမျှ လိုလေသေးမရှိ၊ လောကတွင် အတုမရှိ၊အတူမရှိ အထွတ်အထိပ် ပြည့်စုံသူ ဖြစ်တော်မူရသည်ကို နမူနာအဖြစ် အတုယူကြကုန်ရာ၏။

**နတ်ပြည်မှ စုတေတော်မူခြင်း**

ဒီပင်္ကရာ မြတ်စွာဘုရား၏ ထံတော်၌ ဗျာဒိတ်ခံယူ ရရှိပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ပွင့်တော်မူသော ၂၃-ဆူသော ဘုရားရှင်တို့၏ ထံတော်တို့၌လည်း ဆက်လက် ဗျာဒိတ်ခံယူကာ ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့သည်။

အလောင်းတော်သည် ပါရမီများကို ဝေဿန္တရာမင်းဘဝတွင် ပြည့်စုံစွာဖြည့်ကျင့်ပြီးနောက် တုသိတာနတ်ပြည်၌ သေတကေတုမည်သော နတ်သား ဖြစ်လေသည်၊ သက်တမ်းစေ့ နတ်စည်းစိမ်ခံစားပြီးနောက် စုတေခါနီးသော အခါ စကြဝဠာတစ်သောင်း၌ ရှိကြသော နတ်ဗြဟ္မာတို့သည် အလောင်းတော်ထံ စုဝေးရောက်လာကြ၏။ "အရှင်နတ်မင်း-ဘုရားဖြစ်ဖို့ အချိန်တန်ပါပြီ၊ လူ့ပြည်၌ ပဋိသန္ဓေယူ၍ ဘုရားဖြစ်တော်မူပါ"ဟု တောင်းပန်ကြလေသည်။

**ကြည့်ခြင်းကြီးငါးပါး**

အလောင်းတော်နတ်မင်းသည် နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်ကို ချက်ချင်း ဝန်မခံသေးဘဲ ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်တော်မူသည်။

(၁) ကာလ (အခါကာလ) - လူတို့၏ အသက်တမ်း အနှစ်တစ်သိန်းမှ အောက် အနှစ်တစ်ရာ အထက်၌သာ ဘုရား ဖြစ်နိုင်သော အချိန်အခါ ဖြစ်သည်။

(၂) ဒီပ (ကျွန်း) - ကျွန်းကြီးလေးကျွန်းတွင် ဇမ္ဗူဒီပခေါ် တောင်ကျွန်း၌သာ ဘုရားပွင့်ရိုး ရှိသည်။

(၃) ဒေသ (အရပ်) - တောင်ကျွန်းတွင်လည်း မဇ္ဈိမဒေသ၌သာ ဘုရားပွင့်ရိုးရှိသည်။

(၄) ကုလ (အမျိုး) - မဇ္ဈိမဒေသတွင်လည်း ခတ္တိယ (မင်း)မျိုးနှင့် ဗြာဟ္မဏ (ပုဏ္ဏား)မျိုးတို့၌သာ ဘုရားပွင့်ရိုး ရှိသည်။

(၅) မာတု အာယုပရိစ္ဆေဒ - (မယ်တော်အသက်အပိုင်းအခြား)-မယ်တော် ဖြစ်မည့်သူလည်း သီလစင်ကြယ်သူဖြစ်၍ ဘုရားအလောင်း ဖွားပြီးနောက်(၇)ရက် ကြာလျှင် နတ်ရွာစံရလောက်သော အသက် နေချိန် ရှိရသည်၊ သည့်ထက် ရှည်လည်း မရှည်ရ၊ တိုလည်း မတိုရ ။

**လုမ္ဗိနီဥယျာဉ်၌ ဖွားတော်မူခြင်း**

ကြည့်ခြင်းကြီး ငါးပါးကို ကြည့်ရှုဆင်ခြင်ပြီးသောအခါ "ဘုရားဖြစ်ရန် လူ့ပြည်၌ ပဋိသန္ဓေယူတော့မည်"ဟုဝန်ခံကတိပြုတော်မူလေသည်။ ထိုသို့ ဝန်ခံပြီး မကြာမီပင် တုသိတာနတ်ပြည်မှ စုတေခဲ့လေသည်။

စုတေပြီးနောက် ကပိလဝတ်ပြည် သာကီဝင်မျိုးတို့၏ ဘုရင် သုဒ္ဓေါဒန မင်းကြီး၏ မိဖုရားခေါင်ကြီး မယ်တော် မာယာဒေဝီ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေတော်မူသည်၊ အလောင်းတော် ပဋိသန္ဓေတည်သည်နှင့် တပြိုင်နက် မြေငလျင်ကြီး ပြင်းစွာ တုန်လှုပ်လေသည်။

ပဋိသန္ဓေတည်သောနေ့ကား မဟာသက္ကရာဇ် ၆၇-ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့ ဖြစ်သည်။ မယ်တော် မာယာဒေဝီသည် ဥပုသ်သီလ စောင့်သုံး လျက် ကျက်သရေတိုက်ခန်း၌ စက်တော်ခေါ်နေစဉ် အောက်ပါ အိမ်မက်ကို မြင်မက်သည်။

"နတ်မင်းကြီးလေးယောက်တို့သည် ဟိမဝန္တာ၌ ရှိသော အနဝတတ် အိုင်၌ မိမိအား ရေချိုးစေပြီးလျှင် နတ်ဝတ်တန်ဆာများ ဝတ်ဆင်စေသည်၊ ထို့နောက် ငွေတောင်၏ အတွင်းရှိ ရွှေဗိမာန်ကြီး၌ အရှေ့ဘက်သို့ ဦးခေါင်းပြု လျက် အိပ်စေကြလေသည်၊ ထိုအခါ ဆင်ဖြူတော်တစ်စီးသည် လက်ယာနံ ပါးကို ဖောက်ထွင်း၍ ဝမ်းတွင်းဝင်သကဲ့သို့ ဖြစ်သွားသည်"ဟု အိမ်မက် မက်လေသည်။

## ကျူးရင့်ကြွေးကြော်သော စကားသုံးခွန်း

အလောင်းတော် သန္ဓေခ၍ ဆယ်လစေ့သော ကဆုန်လပြည့်နေ့တွင် မယ်တော်မာယာသည် ဆွေမျိုးများရှိရာ ဒေဝဒဟပြည်သို့ ခရီးထွက်ခွာ လေသည်၊ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား လုမ္ဗိနီအင်ကြင်း ဥယျာဉ်တော်ရှိသည်၊ အင်ကြင်းပန်းများ ပင်လုံးကျွတ် ဖူးပွင့်နေချိန်ဖြစ်၏၊ မယ်တော်မာယာသည် ဥယျာဉ်တော်အတွင်း ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းပင်၏အခက်ကို လက်တစ် ဖက်ဖြင့် လှမ်းကိုင်စဉ်မှာပင် အလောင်းတော်မြတ်ကို ဖွားမြင်တော်မူခဲ့သည်၊ ထိုအခါ၌လည်း မြေငလျင် ကြီးစွာတုန်လှုပ်ပြန်သည်။

ဖွားတော်မူလျှင် နတ်ပြဟ္မာတို့သည် ဘုရားအလောင်းတော်အား ပူဇော်ကြကုန်၏၊ ဘုရားအလောင်းမင်းသားသည် မြေပေါ်၌ ရပ်တော်မူလျက် အရပ်ဆယ်မျက်နှာကို ကြည့်တော်မူ၏၊ ထို့နောက် မြောက်အရပ်သို့ ခြေခုနစ်လှမ်း လှမ်းကြွတော်မူသည်၊ မြေပြင်တွင် တည့်တည့်မတ်မတ် ရပ်တော်မူပြီးနောက် အောက်ပါစကားသုံးခွန်းကို မြွက်ဆို ကျူးရင့်ကြွေးကြော်တော်မူသည်။

-အဂ္ဂေါဟမသ္မိ လောကဿ-ငါသည် လောကတွင် အဦးဆုံးဖြစ်၏ ။
-ဇေဋ္ဌောဟမသ္မိ လောကဿ-ငါသည် လောကတွင် အကြီးအကဲဆုံးဖြစ်၏၊
-သေဋ္ဌောဟမသ္မိ လောကဿ-ငါသည် လောကတွင် အမြတ်ဆုံးဖြစ်၏

ထို့နောက် မယ်တော်မာယာသည် သားတော်အလောင်းမင်းသားနှင့်အတူ ကပိလဝတ်နေပြည်တော်သို့ ပြန်ကြွခဲ့လေသည်၊ ဘုရားအလောင်းတော်ကို မဟာသက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့် သောကြာနေ့၌ ဖွားတော်မူပြီး ခုနစ်ရက်မြောက်သောအခါ မယ်တော်မာယာစုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်လေသည်။

## အလောင်းတော်အား ထီးနန်းလွှဲအပ်ခြင်း

ဘုရားအလောင်းတော် ဖွားမြင်ပြီးနောက် ၅-ရက် အရတွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဗေဒင်တတ်ကျွမ်းသူ ပုဏ္ဏားတို့ကို ဖိတ်ခေါ်ပြီး ဘုရားအလောင်းတော်၏ လက္ခဏာကို ကြည့်ရှုခိုင်းသည်၊ ပုဏ္ဏား ၇-ဦးတို့က "လူ့ဘောင်မှာနေလျှင် စကြဝတေးမင်းဖြစ်လိမ့်မည်၊ တောထွက်သွားလျှင် ဘုရားဖြစ်လိမ့်မည်"ဟု ဟောကြသည်။ ကောဏ္ဍညပုဏ္ဏားကမူ "မုချကေန် ဘုရားဖြစ်ရမည်"ဟု ဟောလေသည်၊ သတ္တဝါတို့၏ အကျိုးစီးပွား ဆန္ဒများကို ပြည့်ဝစေတတ်သဖြင့် "သိဒ္ဓတ္ထ"ဟု မှည့်ကြသည်၊ အနွယ်တော်အားဖြင့် ဂေါတမအနွယ်ဖြစ်သည်။

သုဒ္ဓေါဒနမင်းကြီးသည် မယ်တော်မာယာဒေဝီနတ်ရွာစံပြီးနောက် ညီမတော် မဟာပဇာပတိဂေါတမီကို မိဖုရားကြီးအရာ တင်မြှောက်၍ မိထွေးတော် ဂေါတမီကသာ အလောင်းမင်းသားကို အစ်မတော်ကိုယ်စား ပြုစု စောင့်ရှောက်ခဲ့ရသည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သက်တော်တစ်ဆယ့်ခြောက်နှစ်ရှိသောအခါ မင်းသားတို့ တတ်သင့်သော အတတ်များတတ်မြောက်ပြီးဖြစ်လေသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်ကို စကြာမင်းဖြစ်စေလို၍၊ တောထွက်၍ မသွားနိုင်အောင် အလွန်ခမ်းနားသော ရမ္မ၊ သုဘ၊ သုရမ္မ ခေါ်ရာသီအလိုက် နန်းမသုံးဆောင် စီမံ၍ ၁၆-နှစ်အရွယ်တော် မှာပင် ရှင်ဘုရင်အရာကို လွှဲအပ်လေသည်။

မယ်တော်မာယာ၏ မောင်အရင်းဖြစ်သော ဒေဝဒဟပြည် သုပ္ပဗုဒ္ဓ၏ သမီးတော်"ယသောဓရာ"ကို ဘုရားအလောင်းတော်၏ ကြင်ယာတော်အဖြစ် ရွေးချယ်၍၊ သိဒ္ဓတ္ထမင်းသားသည် ယသောဓရာကို မိဖုရားခေါင်ကြီးမြှောက်၍ နန်းမသုံးဆောင်၌ ရာသီအလိုက် ချမ်းမြေ့စွာ စံနေတော်မူလေသည်။

## နိမိတ်ကြီးလေးပါး မြင်တော်မူခြင်း

ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားသည် တစ်ဆယ့်သုံးနှစ်မျှ ထီးနန်းစည်းစိမ်ကို ခံစားတော်မူ၍ သက်တော်-၂၉နှစ်အရွယ်သို့ ရောက်လာလေသည်၊ အလောင်းတော်သည် ဥယျာဉ်တော်သို့ အခြံအရံများစွာဖြင့် ထွက်လေ့ရှိရာ

နတ်တို့၏ ဖန်ဆင်းပြသမှုကြောင့် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီး လေးပါးကို လေးလစီ ခြားကွာ၍ မြင်တွေ့ရလေသည်၊ ယခင်ကမူ တောထွက်မည် စိုးသောကြောင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ထိုသို့သော အနိဋ္ဌာရုံများကို မမြင်တွေ့ရအောင် အစောင့်အရှောက်များချ၍ ဆောင်ရွက်ထားခဲ့သည်။ ဘုရားအလောင်းသည် ထိုအချိန်အထိ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့ကို မမြင်ဖူးသေးချေ။ ထိုနိမိတ်ကြီးလေးပါးတို့ကို အစဉ်အတိုင်း မြင်ရသောအခါ ထိတ်လန့် သံဝေဂ ရတော်မူ၍ "ငါလည်း တစ်နေ့တွင် ဤသို့ပင် အိုရ၊ နာရ၊ သေရမည်"ဟူသော အသိဉာဏ်ပွင့်သွားလေသည်။ နန်းစည်းစိမ်တွင် မပျော်ရွှင်နိုင်တော့ပေ။

ထိုသို့ ထိတ်လန့်ကြောက်ရွံ့နေစဉ်မှာပင် လေးလကြာသောအခါ တရားကျင့်နေသော ရဟန်းတော်အသွင်ကို မြင်ရ၍ အို နာ သေ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ရေးလမ်းကို သဘောပေါက်သွားသည်၊ "ယနေ့ပင် တောထွက်၍ ရဟန်းပြုတော့အံ့"ဟုလည်း ကြံစည်တော်မူသည်၊ အလောင်းတော်မင်းသားသည် ဥယျာဉ်တော်၌ စံနေတော်မူစဉ်မှာပင် ယသောဓရာမိဖုရားမှ သားဦးရတနာ ဖွားမြင်ကြောင်း သံတော်ဦးတင်ကြရာ "အနှောင်အဖွဲ့ တစ်ခုတိုးလာပြီ"ဟုပင် ထိတ်လန့်တုန်လှုပ်သွားသည်၊ "ယနေ့ညပင် တောထွက်တော့အံ့"ဟု ဆုံးဖြတ်တော် မူလိုက်သည်။

"ရာဟုဂြိုဟ်သည် လကိုဖမ်းသကဲ့သို့ တောမထွက်နိုင်အောင် ငါ့ကိုဖမ်းမည့် သားတော်ပဲ"ဟု ညည်းတွား ရေရွတ်လိုက်လေသည်၊ ထို့ကြောင့် သားတော် ကလေးကို "ရာဟုလာ"ဟု နာမည်မှည့်ကြသည်။

## တောထွက်တော်မူခြင်း

ဥယျာဉ်တော်မှနန်းတော်သို့ ပြန်ရောက်သောအခါ သီဆို တီးမှုတ် ဖြေဖျော် ကြသည်ကိုပင် ခါတိုင်းကဲ့သို့ ပျော်ရွှင်စွာ မရှုစားလို၊ စောစော စက်တော် ခေါ်လေသည်၊ အခြွေအရံမောင်းမတို့လည်း အနီးအပါး၌ အိပ်ကြလေသည်၊ နံ့သာဆီမီးတိုင်များလည်း လင်းလျက်ရှိသည်၊ မောင်းမတို့လည်း ဒူးပေါ် ပေါင်ပေါ်နှင့်၊ တစ်ချို့က ပါးစပ်မှ အပုပ်ရေများ စီးကျလျက်၊ တစ်ချို့က လျှာထွက်လျက်၊

တစ်ချို့က ဟောက်လျက်၊ တစ်ချို့ကလည်း မဖွယ်မရာ လူးလည်းယောင်ယမ်းလျက် အိပ်မောကျနေကြကုန်၏။

ဘုရားအလောင်းသည် သန်းခေါင်အချိန် စက်တော်ခေါ်ရာမှ နိုးသောအခါ သချိုင်းကုန်းမှာ ရောက်နေရသလို၊ အိပ်နေသော မောင်းမတို့ကိုလည်း သူသေကောင်များသဖွယ် ထင်မှတ်ကာ ယခုပင် တောထွက်တော့မည် ဟု ဆုံးဖြတ်တော်မူလေသည်။

## မာရ်နတ်တား၍ နတ်ဗြဟ္မာများကြိုဆိုခြင်း

ချက်ချင်းပင် ဆန္နအမတ်ကို နှိုးကာ ကဏ္ဍကမြင်းတော်ကို အသင့်ပြင်ခဲ့ရန် မိန့်တော်မူလေသည်။တောမထွက်မီ ဖွားမြင်စ သားတော်ကလေးကို ရှုစားတော်မူလို၍ ယသောဓရာ အဆောင်တော်သို့ ကြွတော်မူသည်။ယသောဓရာသည် သားတော်ကလေးကို ယုယပိုက်ထွေး ဘေးချင်းယှဉ်လျက် စက်တော်မူနေသည်၊ သားတော်ကလေးကို ပွေ့ယူပိုက်ထွေးလိုလှသော်လည်း ယသောဓရာနိုးလျှင် တောထွက်မှုအတွက် အနှောင့်အယှက် ဖြစ်မည်စိုး၍ စက်တော်ခန်းဝ တံခါးခုံမှပင် ပြန်လှည့်တော်မူခဲ့သည်။

အသင့်ပြင်ထားသော ကဏ္ဍကမြင်းတော်ကို စီးလျက် ဆန္နအမတ်နှင့် အတူ တောထွက်တော်မူလေသည်။ထိုနေ့ကား မဟာသက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့ ဖြစ်လေသည်။ထိုသို့ ထွက်တော်မူလာ၍ မြို့တံခါး ပြင်ဖက်သို့ ရောက်သောအခါ မာရ်နတ်သားသည် ကောင်းကင်၌ ရပ်လျက် "ခုနစ်ရက်ကြာလျှင် လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းဖြစ်ရန် စကြာယာဉ်ပျံတော် ရောက်လာပါလိမ့်မည်၊ တောမထွက်ပါနှင့်"ဟု တားဆီးလေသည်။

"အို မာရ်နတ် .... ခုနစ်ရက်ကြာလျှင် စကြာရတနာ ဆိုက်ရောက်လာမည်ကို ငါသိပါ၏။စကြဝတေးမင်း စည်းစိမ်ကိုလည်း ငါအလိုမရှိ၊ ဘုရားဖြစ်အောင်သာ ကြိုးစားတော့မည်"ဟု အလောင်းတော်က ငြင်းဆန်၍ ကြွမြဲ ထွက်ကြွတော်မူလေသည်၊ဘုရားဖြစ်ရန် စောင့်မျှော်ငံ့လင့်နေကြသော နတ်ဗြဟ္မာတို့သည် လွန်စွာ အားရပျော်ရွှင်ကြပြီး လှပသော မီးရောင်စုံများ ထွန်းညှိကိုင်ဆောင်လျက် ပန်းနံ့သာမျိုးစုံ ကြဲဖြန့်ကာသီကျူးတီမှုတ်ရင်း ဝန်းရံ လိုက်ပါသွားကြလေသည်။

## တစ်နန်းတော်လုံး ငိုကြွေးကြခြင်း

ဘုရားအလောင်းတော်သည် နံနက် မိုးလင်းသောအခါ အနော်မာမြစ်တစ်ဖက်ကမ်းသို့အရောက် ဖြတ်ကျော်ကူးမြောက်ပြီးနောက် ဆံထုံးတော်ကိုလက်တစ်ဖက်ဖြင့်ကိုင်၍ သန်လျက်ဖြင့် ကိုယ်တော်တိုင် ရိတ်ဖြတ်လေသည်။

"ငါ ဘုရားဖြစ်မည် မှန်လျှင် ဤဆံတော်သည် ကောင်းကင်၌တည်ပါစေသတည်း"ဟု အဓိဋ္ဌာန်၍ မြှောက်ပစ်လိုက်ရာ ကောင်းကင်၌ပင်တည်နေလေသည်၊ သိကြားမင်းသည် ရတနာပန်းကလပ်ဖြင့် ဆံတော်ကို ခံယူကာတာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီ တည်၍ ကိုးကွယ်ထားသည်။

ထို့နောက် ဃဋိကာရဗြဟ္မာမင်း လာရောက်လှူဒါန်းသော သပိတ်သင်္ကန်းကို လက်ခံတော်မူကာ ရဟန်းပြုလေသည်။ဃဋိကာရ ဗြဟ္မာမင်းသည်လည်း ဘုရားအလောင်း၏ ဝတ်လဲတော်များကို ယူဆောင်သွားပြီးလျှင် ဗြဟ္မာပြည်၌ ဒုဿစေတီ တည်ထား ကိုးကွယ်လေသည်။ဆန္နအမတ်ကိုလည်း နေပြည်တော်သို့ပြန်လွှတ်တော်မူ၏။ကဏ္ဍကမြင်းလည်း အရှင်နှင့်ခွဲ၍ ပြန်အလာ မြစ်တစ်ဘက်သို့အရောက်တွင် အရှင်သခင်ကို တမ်းတ-လွမ်းကာ ဝမ်းနည်းလွန်းလှသဖြင့် ထိုနေရာ၌ပင် သေဆုံးခဲ့ရရှာလေသည်။ဆန္နအမတ်မှ တစ်ဆင့် သတင်းစကားကြားရသောအခါ တစ်နန်းတော်လုံး ယူကျုံးမရ ငိုကြွေးကုန်ကြသည်။

## ဗိမ္ဗိသာရမင်း တွေ့ဆုံလျှောက်ထားခြင်း

ဘုရားအလောင်းတော်သည် ရဟန်းပြုပြီးသောအခါ အနော်မာမြစ်ကမ်းအနီး အနုပ္ပိယခေါ် သရက်တော၌ ခုနစ်ရက်မျှ နေတော်မူပြီးနောက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံလှည့်လည်သောအခါ ချောမောသပ္ပါယ်လွန်း လှသော ဘုရားအလောင်းတော် ရဟန်းကို မြို့သူမြို့သားတို့ တအံ့တဩ ငေးမောကြည့်ရှုကြကုန်၏။ ဗိမ္ဗိသာရမင်းလည်း သတင်းအရ ကိုယ်တိုင်လိုက်လာမေးလျှောက်ပြီး ပဏ္ဍဝတောင်ခြေ၌ ဆွမ်းကြမ်းများကို ဘုဉ်းပေးနေသောဘုရားအလောင်းတော်အား အလွန်ကြည်ညိုလှသဖြင့် မိမိ၏ ထီးနန်းစည်းစိမ်ကိုပင် ပေးလှူကာ ငယ်ငယ်ရွယ်ရွယ်နှင့် တောမထွက်သင့်သေးကြောင်း တောင်းပန်လေသည်။ဘုရားအလောင်းတော်က ငြင်းပယ်သောအခါ ဘုရားအဖြစ်သို့ရောက်လျှင် မိမိနိုင်ငံသို့ ဦးစွာ ကြွရောက်ပါရန် လျှောက် ထားလေသည်။

## သိဒ္ဓတ္ထသေပြီဟု နတ်တို့ထင်ခြင်း(ဒုက္ကရစရိယ)

ထို့နောက် ဘုရားအလောင်းတော်သည် ရာဇဂြိုဟ်မှ တောင်အရပ်ပါရှိ တောအုပ်များဆီသို့ ဆက်လက် ထွက်ခွာတော်မူ၍ တောအုပ်တစ်ခုအတွင်း အာဠာရနှင့်ဥဒကရသေ့ကြီးတို့ထံ အသီးသီး တပည့်ခံပြီး တရားအားထုတ်ရာ မကြာမီ လောကီဈာန်သမာပတ်တရားတို့ကို ရရှိတော်မူသည်။ဘုရား အလောင်းတော်၏ ပညာအရည်အချင်းကို သိ၍ အသီးသီး ဂိုဏ်းဆရာကြီး အရာကို ပေးအပ်ကြသော်လည်း လက်မခံ၊ လောကီ ဈာန်သမာပတ်သည် သဗ္ဗညုတဉာဏ် ရနိုင်သော လမ်းစဉ်မဟုတ်ဟု ဆုံးဖြတ်ကာ ဥရုဝေလတောအုပ်သို့ ဆက်လက် သွားတော်မူသည်။

ခေါင်းခေါင်း ပါးပါး ပြင်းပြင်း ထန်ထန် ခြိုးခြံကျင့်နိုင်မှ တရားထူးရမည် ဟူသော အတွေးအခေါ်များ လွှမ်းမိုးနေသောခေတ်ဖြစ်၍ အလောင်းတော်လည်း ဥရုဝေလတော၌ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူသည်။ အစားအစာကို စားသည်ဆိုရုံသာ စားသည်၊ တစ်နေ့လုံးမှ သစ်သီးတစ်လုံး လောက်သာ သုံးဆောင်ပြီး ပြင်းပြင်း ထန်ထန် မနေမနား တရားကျင့်တော်မူသည်၊အစားအစာနည်းပါး၍ ရံခါ လုံးဝမစား သည့်အပြင် အလွန်အမင်းကြိုးစားမှုကြောင့် ခန္ဓာကိုယ်အသားအရေလည်း ခြောက်ကပ် သွား၏။ ၃၂-ပါးသော လက္ခဏာများ ပျောက်ကွယ်၍ ဝါဝင်းသော အဆင်းတော်သည် ညိုမည်းသွား၏။ ဝမ်းဗိုက်သားနှင့် ကျောပြင်သည် ကပ်နေ၏။ အရိုးပေါ် အရေတင်ကာ မသေရုံ တစ်မည်သာ ရှိတော့သည်။ အရိုးပြိုင်းပြိုင်း ထကာ ဦးခေါင်းတော်မှာ နေပူလောင် သောဗူးသီးနကဲ့သို့ ရှုံ့ပိန်နေတော့သည်။ ထွက်လေ ဝင်လေ တရားအားထုတ်ရင်း စကြံကြွရာ မတ်တပ်က လဲကျ၏။ အချို့သောနတ်များက သိဒ္ဓတ္ထသေရှာပြီဟုပင် ထင်ကြသည်။

ထိုသို့ ၆-နှစ်မျှကျင့်ပြီးသောအခါ ခန္ဓာကိုယ် အင်အားမရှိလျှင် တရားမရနိုင်ဟု ဆင်ခြင်တော်မူကာ ဆွမ်းခံစား၍ “မဇ္ဈိမပဋိပဒါ”ခေါ် အလယ်အလတ်လမ်းစဉ်အရ တရားကျင့်တော်မူပြန်သည်။ အသားအရေ စိုပြေ ဝါဝင်း၍ အားအင်ပြည့်လာ၏၊ ၃၂-ပါးသော ယောကျ်ားမြတ်လက္ခဏာ

တော်များလည်း ပြန်၍ပေါ်လာတော့သည်။ဘုရားအလောင်းတော် ဒုက္ကရစရိယာ ကျင့်တော်မူစဉ်က ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ မည်သော ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားဖြစ်လျှင် တရားဦးနာမည်ဟု မျှော်လင့်ကာ ဘုရား အလောင်းကို ပြုစုလုပ်ကျွေးနေကြသည်။ဆွမ်းခံစား၍ မျှမျှတတ တရားအား ထုတ်သောအခါ ပဉ္စဝဂ္ဂီတို့သည် အလောင်းတော်အပေါ် စိတ်ပျက်အားလျော့ကာ မိဂဒါဝုန်တောသို့ ထွက်ခွာသွားကြလေသည်။

## သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခြင်း

ဥရုဝေလတော၏ အနီး၌"သေနာ"ခေါ်သော ရွာကြီးရှိ၏။ ထိုရွာကြီး၌ "သုဇာတာ"ခေါ်သော သူဌေးသမီးသည် တောင့်တတိုင်းပြည့်သောကြောင့် ကဆုန်လပြည့်နေ့ရောက်တိုင်း ရုက္ခစိုးနတ်မင်းအား နှစ်စဉ်သွားရောက် ပသ၏။ ယခုအကြိမ် ကဆုန်လပြည့်နေ့၌လည်း ဘုရားအလောင်းတော်သည် ညောင်ပင်အောက်၌ တောက်ပသော ကိုယ်ရောင်ဖြင့် ထိုင်နေတော်မူစဉ် သုဇာတာ သည် နတ်မင်းကြီး ကိုယ်ထင်ရှားပြ၍ အပူဇော်အပသ ခံယူသည်ဟု အောက့်မေ့ ကာ ဃနာနို့ဆွမ်းကို ရွှေခွက်ပါ လှူဒါန်းဆက်ကပ်လိုက်လေသည်။

ဘုရားအလောင်းတော်သည် နေရဥ္စရာမြစ်၌ ရေသုံးသပ်(ရေချိုး) ပြီးနောက် နို့ဃနာဆွမ်းကို လေးဆယ့်ကိုးလုတ် ဘုဉ်းပေးတော်မူသည်။ဆွမ်းဘုဉ်းပေးပြီးလျှင် "ယနေ့ ငါဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက် စေသတည်း"ဟု အဓိဋ္ဌာန်၍ မြစ်ရေမျှောလေ၏။ရွှေခွက်လည်း ရေညာသို့ အတောင်ရှစ်ဆယ်ခန့် ဆန်တက်ပြီးမှ နစ်မြုပ်သွားလေသည်။

## မာရ်နတ်ရန်ကို အောင်တော်မူခြင်း

ထို့နောက် နေရဥ္စရာမြစ်ကမ်းအနီး အင်ကြင်းတော၌ နေ့သန့် နေတော် မူလျက် ကာယဂတာသတိပဋ္ဌာန်တရားကို ရှုပွားတော်မူသည်။ ညနေချမ်းအခါ ဗောဓိညောင်ပင်ရှိရာ အရပ်သို့ ကြွတော်မူရာ လမ်းခရီး၌ မြက်ထမ်းသမား သောတ္ထိယလှူသော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့သည်။ ဘုရား အလောင်းတော်သည် အရှေ့ဘက်အရပ်မှ ဗောဓိပင်ဆီသို့ ကပ်ဝင်၍လက်ယာရစ် သုံးပတ်လှည့်ပြီးလျှင် အသင့်ယူလာသော မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းတော်မူလိုက်ရာ

ဆန်းကြယ်သော "အပရာဇိတ ရတနာပလ္လင်"ဖြစ်ပေါ်လာလေသည်။ ဗောဓိပင်စည်ကို ကျောပေးလျက် အရှေ့ဘက်သို့ မျက်နှာမူကာ ဗောဓိပင်ခြေရှိ ရတနာပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည်။

"အရေ အကြော အရိုးတို့သာ ကြွင်းကျန်၍ အသားအသွေးတွေ ခြောက်ခန်းသွားပါစေ။ ဘုရားမဖြစ်သမျှ ဤတင်ပလ္လင်ခွေကို ငါမဖျက်တော့အံ့" ဟု အပြင်းအထန် အဓိဋ္ဌာန်၍ ထိုင်နေတော်မူကာ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွားများကာ စတုတ္ထဈာန်ဝင်စားလျက် နေတော်မူသည်။

ဘုရားအလောင်းတော် ထိုသို့ ခိုင်မာသော အဓိဋ္ဌာန်ဖြင့် ထိုင်နေပုံကိုမြင်ရပြီး ယနေ့ပင် ဘုရားကေန်ဖြစ်တော့မည်ကိုသိသော မာရ်နတ်သည် ဂိရိမေခလာ ဆင်ပြောင်ကြီးကို တက်စီးကာ စစ်သည်အင်အား များပြားစွာ လက်နက်အမျိုးမျိုး ကိုင်စွဲလျက် နတ်စစ်သည်အပေါင်း ဦးဆောင်လာရောက် တိုက်ခိုက်နှောင့်ယှက် လေသည်၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ လက်နက်မိုး၊ ပြာပူမိုးရွာချခြင်း စသည် ဖြင့် ကမ္ဘာပျက်သည့်အလား မနားမရပ် တရစပ် ထိုးနှက် တိုက်ခိုက်သော်လည်း ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့သော ပါရမီတော်စွမ်းအားဖြင့် မာရ်နတ်ရန်ကို ခုခံအနိုင်ယူခဲ့လေသည်။နေမဝင်မီမှာပင် နှောင့်ယှက်လာသော မာရ်နတ်ရန်ကို အောင်မြင်စွာ တွန်းလှန်တော်မူခဲ့လေသည်။

## ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ဘုရားအလောင်းတော်သည် ထွက်လေ ဝင်လေခေါ် အာနာပါန စတုတ္ထ ဈာန်ကို ဝင်စား၍ ဝိပဿနာတရား ဆက်လက် ရှုပွားတော်မူရာ ညဉ့်ဦးယံအချိန်၌ မိမိသူတစ်ပါးတို့၏ ရှေးဘဝများစွာကို မြင်နိုင်စွမ်းသော "ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်"ကို ရတော်မူသည်။ သန်းခေါင်ယံခေါ် ညဉ့်လယ်ယံ၌ အကြီး အသေး၊ နီးဝေးမဟူ နတ်မျက်စိပမာ ထိုးဖောက်မြင်တော်မူနိုင်စွမ်းသော "ဒိဗ္ဗစက္ခု ဉာဏ်တော်"ကို ရတော်မူလေသည်။ မိုးသောက်ယံခေါ် အရုဏ်တက်ချိန်၌ သစ္စာလေးအင် သိမြင်တော်မူကာ ကိလေသာအလုံးစုံ ကုန်ခန်းသည့် "အာသဝက္ခယ ဉာဏ်"ခေါ် "အရဟတ္တမဂ်ဉာဏ်တော်"ကို ရတော်မူလေသည်။

ထိုသို့ အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်နှင့် တပြိုင်နက်ပင်လျှင် "" သဗ္ဗညုတဉာဏ်ခေါ် အလုံးစုံကို အကုန်သိမြင်သော ဉာဏ်တော်မြတ် ကိုလည်း ရပြီးဖြစ်လေတော့၏။ သက်ရွယ်တော်အားဖြင့် ၃၅-နှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ ထိုဘုရားဖြစ်တော်မူသောနေ့ကား မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဖြစ်လေသည်။ လူနတ် ပြဟ္မာ သတ္တဝါ အားလုံးတို့၏ ရှိခိုးဦးခိုက်ပူဇော်ခြင်းကို ခံယူတော်မူထိုက်သော အတုအတူမရှိ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူသော အခါ စကြဝဠာ တိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့သည် ဝမ်းသာရွှင်ပျပူဇော် ကြကုန်၏။ ကမ္ဘာမြေကြီးသည်လည်း ပြင်းစွာမြည်ဟည်းလျက် ငလျင် ကြီးစွာလှုပ်လေ၏။ ထက်ကောင်းကင်၌လည်း လျှပ်စစ်မိုးကြိုး ထစ်ကြိုးရိုက်ချုန်း၍ ကုန်းကြည်း တောင်တော တစ်လောကလုံး ရှိရှိသမျှ သစ်ပင်အားလုံးတို့လည်း ညွတ်ရုံး ဦးခိုက်သည့်ပမာ အခါမဲ့ ဖူးပွင့်လာကြလေကုန်၏။

## သဗ္ဗညုတဉာဏ်တော်၏ စွမ်းရည်သုံးမျိုး

ဘုရားရှင်သည် ပါရမီတော်ဆယ်ပါး၊ စရိယာသုံးပါး၊ စွန့်ခြင်းကြီးငါးပါး တို့ကို ဖြည့်ကျင့်ခဲ့သဖြင့် နောက်ဆုံးဘဝဝယ် သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ရရှိတော်မူခဲ့သည်။ထိုသဗ္ဗညုတဉာဏ်တော်ဖြင့် သိရမည့်အရာ အားလုံးကို အကြွင်း အကျန်မရှိ အလုံးစုံ အကုန်သိမြင်တော်မူသည်။ မသိသည့်အကြောင်းအရာ ဟူ၍ မရှိပေ။

သိစရာ အကြောင်းအရာအားလုံးထဲက အကြောင်းအရာတစ်ခုစီ၊ အဖြစ် အပျက်တစ်ခုစီကို သိတော်မူရာ၌လည်း အစ အလယ် အဆုံး သိမ်းကျုံး ကုန်စင် အကြွင်းမရှိ သိမြင်တော်မူသည်။ ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်၏ စွမ်းရည်သုံးပါးအနေဖြင့်-

(၁) ဟောကြားရမည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ အကြွင်းမရှိအားလုံး သိမြင်တော်မူသည်။

(၂) တရားနာယူမည့် ပုဂ္ဂိုလ်၏ သဘာဝ အခြေအနေမှန်ကိုလည်း အကြွင်းမရှိ အားလုံး သိမြင်တော်မူသည်။

(၃) ဟောပုံဟောနည်းနှင့် စပ်၍လည်း အကြွင်းမရှိ အားလုံး သိမြင်တော်မူသည်။

## ဘုရားအမည်ခံ တိတ္ထိဆရာကြီး ၆-ဦး

ဤသို့လျှင် မြတ်စွာဘုရားသည် တစ်လောကလုံးတွင် အတု အတူမရှိသော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအဖြစ် ဖြစ်ထွန်းပွင့်ပေါ်တော်မူသည်။ ထိုသို့လောက၌ ဘုရားစစ်ဘုရားမှန် ပွင့်ပေါ်မည်ကို အနှစ်တစ်ထောင်ကပင် ကြိုတင်၍ ကောလာဟလဖြစ်နှင့်သည်။

"ဤသူကား ဘုရား"ဟု သိရန် မဟာပုရိသလက္ခဏာကျမ်းစသော အတတ်ပညာများလည်း ဖြစ်ပေါ်နေနှင့်သည်။ ထိုအခါ လူအများသည် အလွန်ထူးခြား မြင့်မြတ်လှသော "ဘုရား"ဟူသော ပုဂ္ဂိုလ်ကို သိလို မြင်လိုလာကြသည်။ ထိုကောလာဟလအရ "အစစ်တစ်ခု၊ အတုတစ်ထောင်"ဟူသော စကားနှင့်အညီ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင် အစစ် မဖြစ်ပေါ်မီ မိမိကိုယ်ကို ဘုရားဟု ဝန်ခံသူ အောက်ပါတိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ပေါ်ထွန်း နေခဲ့ကြသည်။

**ထိုတိတ္ထိဆရာကြီး ခြောက်ဦးတို့မှာ-**

(၁) ပူရဏကဿပ၊

(၂) မက္ခလိဂေါသာလ၊

(၃) အဇိတကေသကမ္ဗလ၊

(၄) ပကုဓကစ္စာယန၊

(၅) သဉ္စယဗေလဋ္ဌပုတ္တ၊

(၆) နိဂဏ္ဌနာဋ္ဋပုတ္တ -တို့ဖြစ်ကြသည်။

စင်စစ် ထိုဘုရားအမည်ခံ ပုဂ္ဂိုလ်တို့သည် အစစ်မပေါ်မီ ဖြစ်ပေါ်နှင့်သော အတုများသာဖြစ်၍ စဉ်းစားဉာဏ်ရှိသော လူတို့သည် ထိုဘုရားဆိုသော ဆရာကြီးများကို ဘုရားအဖြစ် ကိုးကွယ်ဆည်းကပ်ကာ ထိုဆရာကြီးများ၏ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိခေါ် "လူထောင်မြှုံးကြီး"၌ပင် တိုးဝင် ဖမ်းမိလေကြကုန်တော့သည်။

## သတ္တသတ္တာဟ စံနေတော်မူခြင်း

၁။ ဘုရားအဖြစ်သို့ရောက်တော်မူပြီးသောအခါ ထိုဗောဓိပင်အောက် ရွှေပလ္လင်

ထက်ဝယ် ၇-ရက်ကြာအောင် ဖလသမာပတ်ဝင်စားတော်မူကာ ထိုင်နေတော်မူသည်။(ထို ၇-ရက်ကို ပလ္လင်္ကသတ္တာဟ ဟုခေါ်သည်။)

၂။ ထိုပလ္လင်မှ ထတော်မူကာ ဗောဓိပင်၏အရှေ့မြောက်ဘက် ၄၈-တောင် ဝေးကွာသောအရပ်၌ ရပ်တော်မူလျက် ကိလေသာအောင်ပွဲခံရာ ဗောဓိပင်နှင့်ရွှေပလ္လင်ကို ၇-ရက်တိတိ မမှိတ်သောမျက်စိဖြင့် ကြည့်ရှုတော်မူသည်။(ထို ၇-ရက်ကို အနိမိသသတ္တာဟ ဟု ခေါ်သည်။)

၃။ ထို့နောက် ထိုရပ်တော်မူရာနှင့် ဗောဓိပင်အကြား အရှေ့အနောက် အတောင် ၆၀-ရှည်လျားသော ရတနာစင်္ကြံ လမ်းဝယ် ၇-ရက်လုံးလုံးစင်္ကြံ ကြွလျက်နေတော်မူသည်။(ထို ၇-ရက်ကို စင်္ကမသတ္တာဟ ဟုခေါ်သည်။)

၄။ ထို့နောက် ဗောဓိပင်၏ အနောက်မြောက် အတောင် ၄၀-ကွာ အရပ်သို့ ကြွတော်မူကာ နတ်တို့ဖန်ဆင်းထားသော ရတနာဃရ ရတနာစံကျောင်းတော်၌ ၇-ရက်တိုင် စံနေတော်မူကာ အလွန်လေးနက်သော အဘိဓမ္မာတရားတော်များကို ဆင်ခြင်တော်မူသည်။အဘိဓမ္မာအဆုံးဖြစ်သော မဟာပဋ္ဌာန်း တရားတော်ကြီးကို ဆင်ခြင်တော် မူသောအခါ စိတ်တော်အထူး ကြည်လင်သဖြင့် အသွေးအသားတော်တို့လည်း ကြည်လင်လာကာ ကိုယ်တော်အစိတ်စိတ်မှ တဖိတ်ဖိတ် တလက်လက်ထွက်သော ရောင်ခြည်တော် ခြောက်ဖြာတို့သည် စကြာဝဠာ အဆုံးတိုင် တဖြိုင်ဖြိုင် ကွန့်မြူးတော်မူကြလေသည်။(ထို ၇-ရက်ကို ရတနာဃရသတ္တာဟ ဟုခေါ်သည်။)

၅။ ထို့နောက် ဗောဓိပင်၏ အရှေ့ဘက် ၁၂၈-တောင် ဝေးကွာသော အဇပါလခေါ်သော ဆိတ်ကျောင်းသမားတို့ နားနေရာ ညောင်ပင်သို့ ကြွတော်မူလျက် ၇-ရက်ကြာ ဖလသမာပတ်ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသည်။ထိုအတွင်း စစ်ရှုံး၍ လက်မှိုင်ချနေသော မာရ်နတ်မင်း၏ သမီးသုံးယောက်တို့သည် ဖခင်ကိုသနားလှ၍ ဘုရားရှင်အား ဆက်လက်ဖြားယောင်းရန်လာကြသည်ကို ဆုံးမတော်မူသည်။(ထို ၇-ရက်ကို အဇပါလသတ္တာဟ ဟု ခေါ်သည်။)

၆။ ထို့နောက် ဗောဓိပင်၏အရှေ့တောင်ဘက် အတောင် ၂၀၀-ကွာ အရပ်၌ မုစလိန္ဒခေါ် ကျည်းပင်ရှိ၏၊ ထိုကျည်းပင်အနီးရှိ ရေအိုင်ကိုလည်း မုစလိန္ဒာအိုင်ဟု ခေါ်သည်၊ ထိုကျည်းပင်အောက်သို့ ကြွ၍ ၇-၇က်ကြာ ဖလသမာပတ်ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသည်။ ထိုအခါ ၇-ရက်စွေသော မိုးကြီးရွာသွန်းသဖြင့် လွန်စွာချမ်းအေး၏၊ ထိုရေအိုင်၌ အုပ်စိုးသော နဂါးမင်းသည် မြတ်စွာဘုရား အအေးဒဏ် မခံစားရစေရန် ရည်ရွယ်လျက် မိမိခန္ဓာကိုယ် ကျွန်ခုနစ်ခွေတို့ဖြင့် ဘုရားရှင်ကို ရစ်ပတ်ကာ ဦးထိပ်၌ ပါးပျဉ်းဖြင့် အုပ်မိုးထားလေသည်။ (ထို ခုနစ်ရက်ကို မုစလိန္ဒသတ္တာဟ ဟုခေါ်သည်။)

၇။ ထို့နောက် မြတ်စွာဘုရားသည် ဗောဓိပင်နှင့် အတောင် ၁၆၀-အကွာ ရာဇာယတနမည်သော လင်းလွန်းပင်အောက်သို့ ကြွရောက်တော်မူပြီး ၇-ရက် ပတ်လုံး ဖလသမာပတ်ဝင်စားကာ နိဗ္ဗာန်ချမ်းသာကိုခံစားတော်မူသည်။ (ထို ၇-ရက်ကို ရာဇာယတနသတ္တာဟ ဟုခေါ်သည်။)

## တပုဿ ဘလ္လိက ညီနောင် မုန့်ဆွမ်းဦး လှူရခြင်း

၇-ရက် ပြည့်သောအခါ သိကြားမင်းဆက်ကပ်သော သျှိသျှားသီးကို ဘုဉ်းပေးတော်မူ၍ ဝမ်းသက်စေတော်မူသည်၊ သိကြားမင်း ကပ်လှူသော နွယ်ချိုတံပူကို ဝါး၍ အနဝတတ် ရေစင်ဖြင့် မျက်နှာသစ်တော်မူသည်၊ ထို၇-ရက် ၇-လီ၊ ၄၉-ရက်အတွင်း မည်သည့်အာဟာရကိုမျှ ဘုဉ်းပေးတော်မမူ၊ မျက်နှာတော်သစ်ခြင်း စသော ကိုယ်လက်သုတ်သင်ပေးရခြင်းလည်းမရှိ၊ အလိုလို သန့်စင်၏။ နိဗ္ဗာန်ချမ်းသာကို ခံစားကာ အေးမြကြည်လင်တော်မူလျက်ရှိသည်။သုဇာတာ၏ ဃနာနို့ဆွမ်း ၄၉-ရက်လုံးလုံး ဘုရားရှင်သန္တာန်တော် တစ်ခုလုံး ဩဇာပျံ့နှံ့လျက် ရှိလေသည်။

ထိုသို့ လင်းလွန်းပင်အောက်၌ သီတင်းသုံးတော်မူစဉ် ဥက္ကလာပတိုင်း ပေါက္ခရဝတီမြို့သား တပုဿနှင့် ဘလ္လိကမည်သော လှည်းကုန်သည် ညီနောင်နှစ်ယောက်တို့သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားကြလေရာ ဆွေမျိုးတော်စပ်ဖူးသော နတ်၏ ညွှန်ပြချက်အရ ဘုရားရှင်ကိုဖူးတွေ့ရန် ရောက်လာကြလေသည်။

ကုန်သည်ညီနောင်တို့သည် ဘုရားရှင်ကို သကြား၊ ထောပတ်၊ ပျားရည်တို့ ပေါင်းစပ်၍ မုန့်မှုန့်နှင့် ဆုပ်ထားသော မုန့်ဆုပ်ကို ကပ်လှူလေသည်။ ဘုရားရှင်သည် ထိုအာဟာရကို ဘုဉ်းပေးတော်မူပြီးသောအခါ တရားဟောတော်မူ၏။ ကုန်သည်ညီနောင်တို့သည် ဘုရားနှင့်တရား သရဏဂုံ နှစ်ပါးကို ပဌမဆုံး ကိုးကွယ် ဆည်းကပ်ရသော ဥပါသကာများ ဖြစ်ကြလေသည်။ (ထိုသရဏဂုံကို ဒွေဝါစိက သရဏဂုံ ဟုခေါ်၏၊)ထို့နောက် အမြဲကိုးကွယ်ဖို့ ချီးမြှင့်ပါရန် လျှောက်ကြလေရာ မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ပါလာသော ဆံတော်များကို ချီးမြှင့်တော်မူလိုက်လေသည်။ ထိုညီနောင်နှစ်ယောက်တို့သည်လည်း ဥက္ကလာတိုင်းသို့ ပြန်ရောက်ကြသောအခါ သိင်္ဂုတ္တရကုန်းတော်၌ တိကုမ္ဘမည်သော စေတီတည်၍ ဆံတော်များကို ဌာပနာကြလေသည်။ ထိုစေတီကား ယခုအခါ မြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီတော်မြတ်ပင် ဖြစ်သည်ဟု အစဉ်အလာအရ သိမှတ်ယုံကြည်လေသည်။

## တရားဟောရန် သဟမ္ပတိဗြဟ္မာကြီးတောင်းပန်ခြင်း

သတ္တသတ္တာဟ စံနေတော်မူပြီးနောက် မြတ်စွာဘုရားသည် ရာဇာယတနမှ အဇပါလညောင်ပင်သို့ ပြန်လည် ကြွတော်မူပြီး မိမိရရှိသိမြင်ခဲ့သော တရားတော်ကို ဆင်ခြင်၍ ကြံစည် စဉ်းစားတော်မူသည်မှာ-"မိမိကိုယ်တော် အတွက်မူ ဗောဓိပင်ရင်းမှာပင် သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိပြီး၍ ပြုဖွယ်ကိစ္စအားလုံးပြီးဆုံး ပြည့်စုံပြီဖြစ်သည်။ သို့သော်လည်း သုမေဓာဘဝမှ စတင်ကြုံးဝါး ခဲ့သော-

ဗုဒ္ဓေါ ဗောဓေယျံ = ငါ သိသလို သတ္တဝါတို့ကိုလည်း သိစေမည်။
မုတ္တော မောစေယျံ = ငါ လွတ်သလို သတ္တဝါတို့ကိုလည်း လွတ်စေမည်။
တိဏ္ဏော တာရေယျံ= သံသရာမှ ငါ ကူးမြောက်သလိုသတ္တဝါတိုကိုလည်း ကူးမြောက်စေမည် - ဟူသော ကြုံးဝါးချက်အရ

ငါသိသည့်အတိုင်း ဝေနေယျသတ္တဝါတို့အား တရားဟောပြတော်မူရန် အချိန်တန်ပြီ။

သို့သော် ငါသိသော တရားကား ခက်လည်းခက်ခဲ၏။ နက်လည်းနက်နဲ၏။ အလွန်တရာ သိမ်မွေ့၏။ သိနိုင် မြင်နိုင်ခဲ၏။ ဤကမ္ဘာလောက အတွင်းရှိ ဝေနေယျ သတ္တဝါတို့ကား လောဘ၊ ဒေါသ၊ မောဟ ဖုံးကာ ငါ့တရားကို

နားလည်ကြမည်မဟုတ်၊ တရားဟောလျှင် ငါသာလျှင် ပင်ပန်းရုံ ရှိတော့မည်"ဟု အောက်မေ့ကာ တရားမဟောဘဲ အေးချမ်းစွာနေရန် အကြံဖြစ်တော်မူလေသည်။

ထိုအခါ သဟမ္ပတိမည်သော ဗြဟ္မာကြီးသည် မြတ်စွာဘုရား အကြံတော်ကို သိ၍ နတ်ဗြဟ္မာတို့နှင့်အတူ လာပြီးလျှင် တရားဟောတော်မူပါရန် တောင်းပန် လျှောက်ထားသည်။

တရားဟောရန် တောင်းပန်ရခြင်းသည် ဘုရားရှင်တို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာလည်းဖြစ်၏။ တောင်းပန်၍ ဟောရခြင်းသည် တရားတော်လည်း ဂုဏ်တက်သည်။ အထူးသဖြင့် ထိုခေတ်အခါက တစ်လောကလုံးက ဘုရား အဖြစ် ကိုးကွယ်နေကြသော ဗြဟ္မာကြီးကိုယ်တိုင် ဦးညွှတ်တောင်းပန်ရသည်ဖြစ်၍ ဘုရားရှင်တရားသည်သာ၍ပင် လေးစားဖွယ်ဖြစ်လေသည်။

## လောကီဆရာကြီးနှစ်ဦး ကွယ်လွန်သွားခြင်း

စင်စစ် မြတ်စွာဘုရားကိုယ်တော်တိုင်ပင် လောကကြီးတစ်ခုလုံး မောဟတည်း ဟူသော အမိုက်မှောင် ဖုံးနေသော်လည်း တရားဟောလျှင် သိနိုင်လောက်သော အသိဉာဏ်ပါရမီရှိသူများ ရှိနေသေးကြောင်း၊ ဟောမည့်သူ မရှိက ထိုအသိဉာဏ် ပါရမီရှိသူများ မဂ် ဖိုလ် နိဗ္ဗာန်မှ ဆုံးရှုံးကြရရှာတော့မည့် အကြောင်း သိမြင်တော် မူပြီးပင်ဖြစ်သည်။

တရားဟောရန် ဆုံးဖြတ်ဝန်ခံတော်မူပြီးနောက် မိမိကိုယ်တော်မြတ်အပေါ် ကျေးဇူးပြုဖူးသည့်အပြင် ဟောလျှင် သိနိုင်သူများအား တရားဦးဖြင့်ကျေးဇူးတုံ့ ဆပ်ရန် အကြံဖြစ်တော်မူသည်။ ထိုအကြံအရ ဘုရားမဖြစ်မီ အလောင်းတော်ဘဝက မိမိအား လောကီစျာန်အဘိညာဉ်ရအောင် ကျေးဇူး ပြုခဲ့ပေးဖူးသော လောကီဆရာ အာဠာရရသေ့ကြီးနှင့် ဥဒကရသေ့ကြီးတို့ အဘယ်အရပ်၌ ရှိနေကြသည်ကို ဆင်ခြင်ကြည့်ရှုတော်မူသည်။ အာဠာရဆရာကြီး ကွယ်လွန် သည်မှာ ၇-ရက်မျှသာ ရှိသေး၍ ဥဒကဆရာကြီးကား ယမန်နေ့ည သန်းခေါင်ယံ ကလေးကမှ ကွယ်လွန် သွားသည်။ ဘဝလွတ်မြောက်မှုကို မရရုံသာမက သူတပါး တရားဟော၍ပင် မနာကြားနိုင်သော ရုပ်ကိုယ်ခန္ဓာမရှိသည့် အရူပဗြဟ္မာဘုံ၌ ဖြစ်နေကြကြောင်း မြင်တော်မူရာ-

"ဆုံးရှုံးခြင်းကြီး ဆုံးရှုံးကာ နစ်နာကြရှာလေစွ၊ ငါ့တရားကို နာရသော် လွတ်မြောက်ကြလေရာ၏"ဟု ရင်သပ်တော်မူလေ၏။

## ဓမ္မစကြာတရားဦး ဟောတော်မူခြင်း

ထိုနောက် ကျေးဇူးလည်းရှိ၍ တရားဟောလျှင် သိနိုင်သောသူများအား ဆက်လက် ဆင်ခြင်တော်မူရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ထွက်ခွာသွားကြသော ပဉ္စဝဂ္ဂီ ၅–ဦးတို့ကို မြင်တော်မူ၍ မဟာဗောဓိပင်မှ ၁၈–ယူဇနာ (၁၄၄–မိုင်ခန့်)ဝေးသော မိဂဒါဝုန်သို့ ခြေလျင်ကြွတော်မူသည်။

မြတ်စွာဘုရားရှင်သည် သားသမင်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ၅–ဦးတို့အား ရှောင်ကြဉ်ရန် ဝဲယာအစွန်းလွတ် လမ်းစဉ်နှစ်မျိုး လိုက်နာကျင့်ကြံရန် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ခေါ် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော "ဓမ္မစက္ကပဝတ္တနသုတ္တန်"(ဓမ္မစကြာ) တရားကို ဟောကြားတော်မူရာ အရှင်ကောဏ္ဍညထေရ်သည် နတ်ဗြဟ္မာ ၁၈–ကုဋေတို့နှင့်အတူ သောတာပန် တည်တော်မူလေသည်။ တရားဒေသနာအပြီးတွင် မဟာပထဝီမြေကြီးလည်း မြည်ဟည်း တုန်လှုပ်သွားသည်။

ဓမ္မစကြာတရားဦးဟောရာ ထိုနေ့ကား မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ နေလည်းဝင်စ၊ လလည်းထွက်ပြူချိန်ဖြစ်သော ဝါဆိုလပြည့် စနေနေ့ ညနေချမ်း ဖြစ်သည်။ နေလနက္ခတ်တာရာနှင့် ပျားပန်းခတ်မျှ တရားနာလာကြ သွားကြသော နတ်ဗြဟ္မာတို့၏ အရောင်အဝါများ၊ တစ်လောကလုံး အခါမဲ့ပွင့်သော ပန်းများကြောင့် ထူးခြားသော နေ့ကြီးတစ်နေ့လည်း ဖြစ်တော့သည်။

လပြည့်ကျော်၁–ရက်နေ့မှစ၍ ၄–ရက်တိုင်တိုင် ဓမ္မစကြာတရားတော် အတိုင်း ကျင့်ကြံအားထုတ်စေတော်မူရာ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ လေးဦးတို့လည်း တစ်ရက်ပြီး တစ်ရက် တစ်ပါးပြီးတစ်ပါး သောတာပန် တည်ကြလေ၏။ ဝါဆိုလပြည့်ကျော် ၅–ရက်နေ့တွင် "အနတ္တလက္ခဏာသုတ္တန်" ကို ဟောတော်မူရာ ပဉ္စဝဂ္ဂီငါးပါးလုံး ရဟန္တာဖြစ်တော်မူကြလေသည်။

## ဗာရာဏသီသူဌေးသား ယသနှင့် ၅၅-ဦး ရဟန်းပြုခြင်း

ထို့နောက် မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့နှင့်အတူ မိဂဒါဝုန်တော၌ ဝါကပ်တော်မူသည်။ ထိုအခါ ဗာရာဏသီသူဌေးနှင့် သူဌေးကတော် သုဇာတာတို့၏ သား ယသ သတို့သားသည် ချမ်းသာစွာဖြင့် စည်းစိမ်ခံကာ နေထိုင်စဉ် တစ်နေ့သောအခါ ယသသတို့သားသည် ကာမဂုဏ်တို့ကို ရွံရှာစက်ဆုပ်ပြီး နံနက်မိုးမလင်းမီ မိဂဒါဝုန်ဖက်သို့ အိမ်မှ ထွက်ပြေးလာသည်။ မြတ်စွာဘုရားနှင့် တွေ့သောအခါ တရားဟောတော်မူသဖြင့် သောတာပန်တည်သွားသည်၊ သားပျောက် လိုက်ရှာသော ဖခင်သူဌေးကြီးအား တရား ဟောပြန်ရာ ဖခင်လည်း သောတာပန်တည်၍ ဖခင်အားဟောသောတရားကို ထပ်မံနာကြားရသော ယသ-သတို့သားမှာ ရဟန္တာဖြစ်သွားသည်။ နောက်တစ်နေ့ မြတ်စွာဘုရားနှင့် ယသထေရ်တို့ မိခင် ဖခင်တို့ အိမ်သို့ ဆွမ်းစားကြွကြပြီး တရားဟောတော်မူရာ မိခင်နှင့်လူ့ဘဝက ယသဇနီးတို့ သောတာပန်တည်ကြလေသည်။ ထိုဗာရာဏသီ သူဌေးကြီး ဇနီးမောင်နှံနှင့် ယသထေရ်၏ဇနီးဟောင်းတို့သည် လောက၌ ပထမဆုံး (တေဝါစိက)သရဏဂုံသုံးပါး ဆောက်တည်ရသူတို့ ဖြစ်ကြသည်။

ယသ-သူဌေးသား ရဟန်းပြုသွားသည် ဟူသော သတင်းကို ကြားရသဖြင့် "ယသလိုပုဂ္ဂိုလ်မျိုး ဝင်ရောက်သော သာသနာတော်သည် အမှန်တကယ် မြင့်မြတ် ကောင်းမွန်၍သာဖြစ်ရမည်"ဟု ဆုံးဖြတ်ကြကာ ယသထေရ်၏ သူငယ်ချင်း ငါးကျိပ်လေး(၅၄)ဦးတို့ ရှေ့ဆင့်နောက်ဆင့် ရဟန်းဘောင်သို့ဝင် ရောက်လာကြသည်။

## သာသနာပြု စေလွှတ်တော်မူခြင်း

ထိုအခါမှစ၍ ဤကမ္ဘာလောကကြီးတွင် မြတ်စွာဘုရားနှင့်တကွ ကိလေသာ အာသဝေါ ကုန်ခန်းသော ရဟန္တာခြောက်ကျိပ်တစ်ပါး ထင်ရှားဖြစ်ပေါ်တော်မူကြ၏။ ပဥ္စဝဂ္ဂီ ၅-ပါး၊ ယသ အမှူးရှိသော ၅၅-ပါး တို့ကား "ဧဟိ ဘိက္ခု" ရဟန်းများ ဖြစ်ကြကုန်၏။ "ချစ်သား လာလော့"ဟု ခေါ်ရုံမျှဖြင့် လူ့အသွင် ပျောက်ကာ ရဟန်းအသွင်ရောက်လာသူများဖြစ်သည်။

ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ ပဌမဝါကပ်တော်မူပြီး

ဝါကျွတ်သောအခါ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတော်ခြောက်ကျိပ်တို့ကို ခေါ်တော်မူ၍ သတ္တဝါများ စီးပွားချမ်းသာများစေရန် အလို့ငှာ အစ အလယ် အဆုံး ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသောတရားကို ဟောကြား၍ မဂ္ဂမပဋိပဒါ မဂ္ဂင်ကျင့်စဉ်များကို ပြသပေးရန် သာသနာပြုစေလွှတ်တော်မူသည်။ ခရီး တစ်ကြောင်းတွင် နှစ်ပါးပေါင်း၍ မသွားရန်လည်း မှာကြားတော်မူသည်။

ထိုသို့ သာသနာပြု စေလွှတ်ပြီးနောက် ကိုယ်တော်တိုင်လည်းဥရုဝေလ ကဿပ၊ နဒီကဿပ၊ ဂယာကဿပ အမည်ရသော ကဿပညီနောင် လေးဦးတို့ ဦးဆောင်သော ရသေ့တစ်ထောင်ကို ကယ်ချွတ်တော်မူရန် ဥရုဝေလတောအရပ်သို့ ကြွတော်မူ၏။

မြတ်စွာဘုရားသည် တပည့်ရဟန်းတော်များနှင့် ခွဲခွာ၍ ဥရုဝေလ တောသို့ အကြွ၊ လမ်းခရီးအကြားရှိ တောအုပ်တစ်ခုအတွင်း သစ်ပင်ရင်း၌ နေတော်မူစဉ် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့သည် ပျော်ပါးရန် ခေါ်လာခဲ့သော အမျိုးသမီးတစ်ဦးက လက်ဝတ်တန်ဆာများ ယူငင်ထွက်ပြေး၍ ထိုအမျိုးသမီးကို လိုက်လံ ရှာဖွေရင်း ဘုရားရှင်ထံရောက်လာကြသည်။

ထိုအခါ ဘုရားရှင်က"သူတပါးကို ရှာဖွေခြင်းထက် မိမိကိုယ်ကို တွေ့မြင်အောင် ရှာခြင်းက ပို၍ အကျိုးရှိကြောင်း"ဟောတော်မူရာ မင်းသား အားလုံး သောတာပန်စသည်တည်၍ ဟေိဘိက္ခု ရဟန်းများ ဖြစ်တော်မူကြသည်။

## ရသေ့တစ်ထောင်တို့အား တန်ခိုးဖြင့် ချွေချွတ်ခြင်း

ထိုမှတစ်ဆင့် ရသေ့တစ်ထောင်တို့နေထိုင်ရာ ဥရုဝေလတောအုပ်သို့ ခရီးဒေသစာရီ ဆက်လက် ကြွချီတော်မူ၏။

ထိုရသေ့တို့နေရာရှိ မီးတင်းကုပ်၌နေသော နဂါးမင်းအား တန်ခိုး အမျိုးမျိုးဖြင့် နှိမ်နင်း၍ ဆုံးမတော်မူပြီး သပိတ်အတွင်း၌ ထည့်သွင်း ပြတော်မူသည်။ သိကြား နတ် ဗြဟ္မာတို့ အကြိမ်ကြိမ်လာ၍ ဘုရားရှင်အား ပူဇော်ကြသည်ကိုလည်း ဥရုဝေလကဿပရသေ့ကြီး တွေ့မြင်ရ၏။

"ဂေါတမသည် တန်ခိုးတော့ ကြီးပါ၏။ ငါ့ကဲ့သို့ ရဟန္တာကား

မဖြစ်ရှာသေး”ဟုပင် ထင်နေရာ နောက်ဆုံး ၁၅၀၆–မျိုးသော တန်ခိုးများကို ပြသဆုံးမတော်မူမှ ကြည်ညိုလေးစားပြီး ရသေ့အားလုံး ရဟန်းပြုကြလေသည်။

ထို့နောက် ရဟန်းတော်တစ်ထောင်တို့နှင့်အတူ ဂယာသီသသို့ ကြွတော်မူ၍ တစ်ကမ္ဘာလုံး၊ တစ်လောကလုံး တစ်ကိုယ်လုံး အမြဲမီးလောင် ခံနေရပုံ အာဒိတ္တပရိယာယသုတ္တန်တရားတော်ကို ဟောပြတော်မူရာ အားလုံး ရဟန္တာ ဖြစ်ကြလေသည်။

## ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခြင်း

**ဗိမ္ဗိသာရမင်း၏ ချင်ခြင်း ငါးမျိုး**

ဘုရားအလောင်းတော် တောထွက်စက ဗိမ္ဗိသာရမင်းအားပေးထား ခဲ့သော ကတိအရ ဘုရားရှင်သည် ကဿပညီနောင်တို့ ဦးဆောင်သော ရဟန်း တစ်ထောင်တို့နှင့်အတူ ပြာသိုလပြည့်နေ့လောက်တွင် ရာဇဂြိုဟ်မြို့သို့ ကြွတော်မူရာ ရာဇဂြိုဟ်မြို့အနီး ထန်းပင်ပျိုဥယျာဉ်ကြီးသို့အရောက် မင်းနှင့် ပြည်သူ တစ်သိန်းနှစ်သောင်းတို့ ခမ်းခမ်းနားနား သောင်းသောင်းဖြဖြ ကြိုဆို ဖူးမြော်လာကြလေသည်။

ထို၌ ဘုရားရှင်သည် “မဟာနာဒကဿပဇာတ်ကြီး”ကို ဟောတော်မူရာ ဗိမ္ဗိသာရမင်းကြီးနှင့် လူတစ်သိန်းတစ်သောင်းတို့ သောတာပန် တည်ကြ၍ လူတစ်သောင်းတို့ သရဏဂုံတည်ကြလေသည်။

သောတာပန်ဖြစ်ပြီးသော ဗိမ္ဗိသာရမင်းကြီးသည် အလွန်နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်လျက်–

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား– ဘုရားတပည့်တော် မင်းသား ဘဝက တောင့်တခဲ့သော ချင်ခြင်းငါးပါးလုံး ယခုအခါ ပြည့်စုံပြီဖြစ်၍ အတိုင်းမသိ ဝမ်းမြောက်ပါသည်ဘုရား”ဟု လျှောက်ထားလေသည်။

မင်းပျို မင်းလွင်ဘဝက ဗိမ္ဗိသာရမင်းကြီး တောင့်တခဲ့သော ချင်ခြင်း ငါးမျိုးကား –

(၁) မင်းကေရာဇ်ဖြစ်ရမှု ကောင်းလေစွ၊

(၂) မင်းကေရာဇ်ဖြစ်သောအခါ ဘုရားရှင် ကြွရောက်လာပါမူ ကောင်းလေစွ၊
(၃) ကြွရောက်တော်မူသောအခါ ရိုသေ လေးမြတ် ဆည်းကပ် ပူဇော်ရမူ ကောင်းလေစွ၊
(၄) ဝဋ်ဒုက္ခ လွတ်ကြောင်း တရားကောင်း တရားမှန်ကို ဟောကြားတော်မူပါမူ ကောင်းလေစွ၊
(၅) ဟောကြားသည့်အတိုင်း သိမြင်၍ မိစ္ဆာလွတ်ကင်း အသိမှန် အမြင်မှန် ရှင်းသူဖြစ်ရမူ ကောင်းလေစွ ဟူ၍ ဖြစ်လေသည်။

ဆောင်ပုဒ်။ ။ မင်းပျိုငယ်ခါ၊ ဗိမ္ဗိသာ၊ ဖြစ်လာချင်ခြင်းငါး။
မင်းဖြစ်လည်းရ၊ ဘုရားကြွ၍၊ ခ ယ လုပ်ကျွေး၊
အမြိုက်ဆေးကို၊ တိုက်ကျွေးစေချင်၊ ဟောတိုင်းမြင်၍
ကင်းစင်မိစ္ဆာ၊ ယူသမွှာ မှန်ရာ သိရပါစေသား။

**ဝေဠုဝန်ကျောင်းလှူပွဲကြီး**

ထို့နောက် ဗိမ္ဗိသာရမင်းတရားသည် ဥပါသကာအဖြစ် ခံယူ၍ သံဃာတော် တစ်ထောင်နှင့်အတူ နောက်တစ်နေ့ နံနက်ဆွမ်းကို နန်းတော်သို့ ကြွရောက် ဘုဉ်းပေးပါရန် ပင့်လျှောက်၍ ပြန်သွားသည်။

နောက်တစ်နေ့ နံနက် မင်းနန်းတော်သို့ ဆွမ်းစားကြွတော်မူသော အခါ ဖူးမြော်သူ ပရိသတ်များ များပြားလှသဖြင့် သိကြားမင်း ကိုယ်တိုင်လုလင် ယောင်ဆောင်၍ ဓမ္မဂီတများကို သီကျူးလျက် နိမ္မာန်ဆော်အဖြစ် ရှေ့က ပင့်ဆောင် သွားရလေသည်။

နန်းတော်သို့ ရောက်သောအခါ ဆွမ်းကပ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့ သီတင်းသုံးရန် ဝေဠုဝန်ဥယျာဉ်တော်ကို နှင်းအပ်လှူဒါန်း လေသည်။ ဝေဠုဝန်ဥယျာဉ်ကြီးကို ကျောင်းအရံအဖြစ် ရေစက်ချ လှူဒါန်းလိုက်ရာ သာသနာ့ရေသောက်မြစ်ကြီး အမြစ်တွယ်လာသည့်အလား မဟာပထဝီ မြေကြီးသည် တုန်ခါမြည်ဟည်း လျှောင်ကြီး လှုပ်လေသည်။

**ဗိမ္ဗိသာရ၏ ဆွေမျိုးဟောင်း ပြိတ္တာများ**

ထိုနေ့ညဉ့်ပင် ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်တစ်ခုလုံး ပြိတ္တာများ၏

အလွန်ကြောက်မက်ဖွယ်ကောင်းသော ဟစ်အော်ငိုညည်းသံများ၊ ခြောက်လှန့်သံများကို ကြားရသဖြင့် ကြောက်ရွံ့ ထိတ်လန့်ကာ စက်တော် မခေါ်နိုင်ဘဲ ရှိလေသည်။ ထို့ကြောင့် နောက်တစ်နေ့ နံနက် ဘုရားရှင်ထံသို့ သွားရောက်လျှောက်ထားရာ တိရောကုဋ္ဋသုတ္တန်ကို ဟောကြားတော်မူသဖြင့် သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာသိမြင် ကျွတ်တမ်းဝင်ကြလေတော့သည်။

တိရောကုဋ္ဋသုတ္တန်ဟောခြင်းအကြောင်းမှာ လွန်ခဲ့သည့် ၉၂-ကမ္ဘာကာလ ဖုဿမြတ်စွာဘုရားရှင် လက်ထက်တွင် ဗိမ္ဗိသာရလောင်းလျာ အတွင်းဝန်နှင့် ဆွေမျိုးသားချင်းများသည် ဘုရားအမှူးရှိသော သံဃာတော်များ၏ ဆွမ်းကွမ်း ဝေယျာဝစ္စများကို ဆောင်ရွက်ကြရလေရာ ဝေယျာဝစ္စကောင်းမွန်စွာ လုပ်သူများသည် နတ်ပြည်သို့ ရောက်ကြသည်။ သံဃာ့ပစ္စည်းကို ခိုးယူသိဝှက် စားသုံး ဖျက်ဆီးသူတို့ကား ငရဲကျပြီးနောက် ကဿပဘုရားရှင်လက်ထက်တွင် ပြိတ္တာဘဝသို့ ရောက်ရှိသွားကြသည်။ ထိုပြိတ္တာများသည် မိမိ၏ ဆွေမျိုးများက ကုသိုလ်အမျှတန်းပေးဝေ၍ သာဓုခေါ်ရသဖြင့် ကျွတ်သွားသော ပြိတ္တာများကို ကြည့်ကာ မိမိတို့အားရည်စူး၍ ကုသိုလ်ပြုအမျှဝေမည့်သူကို မသိနိုင်ကြသဖြင့် ကဿပဘုရားရှင်အား လျှောက်ထားကြသည်။

နောက်ပွင့်မည့် ဂေါတမဘုရားရှင် လက်ထက်တွင် ထိုပြိတ္တာတို့၏ ဆွေမျိုးဟောင်းဖြစ်သော အတွင်းဝန်မင်းသည် ဗိမ္ဗိသာရမင်းအမည်ဖြင့် ဖြစ်သောအခါ အမျှဝေသဖြင့် ပြိတ္တာဘဝမှ ကျွတ်လွတ်ကြမည်အကြောင်းကို ဟောတော်မူသည်။ ဗိမ္ဗိသာရမင်း၏ ဆွေမျိုးဟောင်း ပြိတ္တာတို့သည် ဘဝပေါင်းများစွာ ကြာကြီးကြာမှ ကျွတ်လွတ်ရမည်ကို ယနေ့ နက်ဖြန် ကျွတ်လွတ်ရမည့်အလား များစွာ ဝမ်းမြောက် မျှော်လင့်နေခဲ့ကြကုန်၏။

ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကျွေးပြီးနောက် ကျောင်းအရံလှူပြီးသော်လည်း ကုသိုလ်အမျှမဝေမိသဖြင့် ဆွေမျိုးဟောင်း ပြိတ္တာတို့ တစ်ညလုံး ခြောက်လှန့်ကြခြင်းဖြစ်လေသည်။

ထိုပြိတ္တာတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တိရောကုဋ္ဋသုတ္တကို ဟောပြောတော်မူလေရာ ကုသိုလ်ဒါနပြုတိုင်း ဆွေမျိုးဟောင်းများအား

ကုသိုလ်အမျှဝေရန် ညွှန်ကြားတော်မူလေသည်။ ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားအမှူးရှိသော သံဃာတော်များ နောက်တစ်နေ့နံနက် နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးပါရန် ပင့်လျှောက်လေရာ ဘုရားရှင်သည် နံရံတံတိုင်းစသည်တို့၌ အဝတ်အစား ဆင်းရဲကာ ကြောက်မက်ဖွယ် အရုပ်အဆင်းများဖြင့် စောင့်မျှော်နေကြသော ပြိတ္တာများကို မင်းကြီးအား တန်ခိုးတော်ဖြင့် ပြတော်မူ လေသည်။ ဆွမ်းခဲဖွယ်ဘောဇဉ်များကို ဆက်ကပ်ပြီး အမျှအတန်း ပေးဝေ လိုက်ရာ ပြိတ္တာဘဝမှ ကျွတ်လွတ်၍ ကိုယ်ရေအဆင်း လှပစွာဖြင့် နတ်တို့၌ဖြစ်သော ခဲဖွယ်ဘောဇဉ်များ စားသုံးနေသည်ကို မြင်ရလျှင် မင်းကြီးသည် လွန်စွာ ဝမ်းမြောက်သွားလေသည်။

ထို့နောက် အဝတ်သင်္ကန်း အိပ်ရာ နေရာ စသည့် လှူဒါန်းပြီး အမျှဝေပြန်ရာ နတ်ဝတ်တန်ဆာများနှင့် အိပ်ရာ နေရာ ဗိမာန်များ ရရှိသွားသည်ကို မြင်သောအခါ မင်းကြီးသည် ပို၍ ဝမ်းသာကြည်နူး ဖြစ်သွားလေသည်။

## ဥပတိဿ၊ ကောလိတတို့နှင့် သိဉ္စည်းဆရာကြီး

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသောအခါ တိတ္ထိဆရာကြီး ၆-ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သော သိဉ္စည်းဆရာကြီး (သဉ္စယဗေလဋ္ဌပုတ္တ)သည် ဘုရားအမည်ခံကာ တပည့်ပရိသတ်အများ ခြံရံလျက် ရာဇဂြိုဟ်၌ ရှိနေနှင့်၏။ ထိုဆရာကြီးထံ၌ ဥပတိဿနှင့် ကောလိတ အမည်ရှိသော ပရိဗိုဇ်နှစ်ဦးသည် နောက်လိုက် တပည့်ပရိသတ် ၅၀၀-တို့နှင့်အတူ ပရိဗိုဇ်ရဟန်း ပြု၍နေကြလေသည်။ ဥပတိဿနှင့် ကောလိတတို့ကား ပုဏ္ဏားသူဌေးသားများ ဖြစ်ကြ၍ပရိဗိုဇ် မဝတ်မီနောက်လိုက်နောက်ပါများနှင့်အတူတောင်ထိပ် သဘင်ပွဲသို့ သွားကြရာမှ သံဝေဂ ဖြစ်ကာ ပရိဗိုဇ်ဝတ်လာသူများ ဖြစ်သည်။

သိဉ္စည်းဆရာကြီးထံသို့ ရောက်သောအခါ ၂-ရက် ၊ ၃-ရက် အတွင်းမှာပင် သိဉ္စည်းဆရာကြီး၏ တရားသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းမဟုတ်၊ အနှစ်သာရရှိသော လမ်းစဉ်မဟုတ်သည်ကို ကောင်းစွာ သဘောပေါက် သွားကြသဖြင့် အမြိုက်တရားကို လှည့်လည်ရှာဖွေရန် ဆုံးဖြတ်ကြသည်။ အမြိုက်တရားကို အလျင်တွေ့သူက မိမိသူငယ်ချင်းအား ပြန်လည်ပြောပြရန်လည်း ကတိထားကြလေသည်။

**သတိပဋ္ဌာန်ကုလန္ဓြေ၏ ဆွဲဆောင်မှု**

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ရောက်၍ ၁၅-ရက်လောက်အရ တပို့တွဲလဆန်းစတွင် ပဉ္စဝဂ္ဂီငါးဦးတို့တွင် တစ်ဦးအပါအဝင်ဖြစ်သော ရှင်အဿဇိမထေရ်သည်လည်း ဝေဠုဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ဥပတိဿပရိဗိုဇ်သည် အဿဇိမထေရ်၏ ကြည်လင်သော အသွားအရေ၊ ကုလန္ဓြေတည်ငြိမ်စွာ ဆွမ်းခံကြွတော်မူသည်ကို မြင်ရသဖြင့် တရားထူးရှိသည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ကောင်းစွာ အကဲခတ်မိလေသည်။ အရှင် အဿဇိနောက်သို့ လိုက်သွားကာ ဆွမ်းဘုဉ်းပေးပြီးနောက် "သင်၏ ဆရာကား မည်သူပါနည်း၊ အဘယ်တရားကို နှစ်သက်ပါသနည်း"စသည်ဖြင့် မေးလျှောက်ရာ သစ္စာလေးပါးကို ဟောကြားတော်မူသဖြင့် ဥပတိဿ သောတာပန်တည်လေသည်။

ဥပတိဿပရိဗိုဇ်လည်း ကတိအရ သူငယ်ချင်း ကောလိတထံ သွား၍ မိမိရရှိသော တရားကို ပြောပြရာ ကောလိတပရိဗိုဇ်လည်း သောတာပန် တည်လေသည်။ ဥပတိဿနှင့် ကောလိတတို့ အချင်းချင်း တိုင်ပင်ကာ မြတ်စွာ ဘုရားသခင် သီတင်းသုံးရာ ဝေဠုဝန်ကျောင်းတော်သို့ သွား၍ ရဟန်းပြုရန် ဆုံးဖြတ်ကြလေသည်။

**လူ့အတန်းအစား နှစ်မျိုး**

ဘုရားရှင်ထံ မသွားမီ မိမိတို့ဆရာ သိဉ္စည်းဆရာကြီးထံ သွား၍ ပြော ဆိုခေါ်ငင်သော်လည်း လိုက်ပါရန် ငြင်းဆန်၍ နေ၏။ "ဆရာကြီး-လောက၌ ဘုရားစစ် ဘုရားမှန် ပွင့်ပေါ်နေပါပြီ၊ ဘုရားဆိုသည်ကို မျှော်လင့်နေကြသော လူတို့သည် ထိုဘုရားရှင်ထံ သွားရောက်ဖူးမြော်ပူဇော်ကြလိမ့်မည်။ ဆရာကြီး ဘဝသည် အချည်းအနှီး အနှစ်သာရမရှိ မဖြစ်ပါစေနှင့်"စသည်ဖြင့် သုံးကြိမ်တိုင်တိုင် အမျိုးမျိုးဖျောင်းဖျ ပြောဆိုကြသော်လည်း"အမောင်တို့-ဆရာကြီးလုပ်ပြီးမှ ငါတပည့်မခံလိုပြီ၊ ရှိပါစေတော့အမောင်တို့၊ လောက၌ လူမိုက်နှင့်ပညာရှိတွင် လူမိုက်သာများသည်မဟုတ်လော၊ ပညာရှိသူများ ပညာရှိသော ဂေါတမထံ သွားကြလိမ့်မည်၊ လူမိုက်များ ငါ့ထံသို့ လာကြလိမ့်မည်"ဟု အဆုံးသတ် ပြောဆို၍ သူ၏ ကျောင်း၌ပင် နေရစ်ခဲ့ လေသည်။

ဥပတိဿ ကောလိတတို့ ထွက်ခွာသွားသောအခါ ပရိသတ်ပြိုကွဲ အခြေအရံနည်း၍ဝမ်းနည်းကြေကွဲကာ သွေးပွက်ပွက်အန်လျက် ကျန်ရစ်ခဲ့လေသည်။

ဥပတိဿ ကောလိတတို့နောက်သို့ လိုက်ပါသွားသော တပည့် ၅၀၀-တို့တွင်လည်း တပည့် ၂၅၀-သည် သိဥ္စည်းဆရာကြီးအား သနားလှ သဖြင့် လိုက်ပါမသွားဘဲ လှည့်ပြန် ကျန်ရစ်ခဲ့ကြ၏။

ဥပတိဿနှင့်ကောလိတ ပရိဗိုဇ်တို့သည်မြတ်စွာဘုရားထံ ရဟန်း ပြုခွင့်တောင်းပန်ကြသောအခါ "ဧဟိ ဘိက္ခု"ရဟန်းများဖြစ်လာကြသည်။ ကောလိတ ပရိဗိုဇ် ၇-ရက်၊ ဥပတိဿပရိဗိုဇ် ၁၅-ရက် ကြာမှ ရဟန္တာဖြစ်တော် မူကြသည်။ ဥပတိဿသည် ပညာအရာ တေဒဂ်ဘွဲ့ခံမည့် အရှင်သာရိပုတ္တရာ ရဟန္တာ အရှင်မြတ်ကြီး ဖြစ်လာသည်။ ကောလိတပရိဗိုဇ်ကား တန်ခိုး ဣဒ္ဓိအရာ တေဒဂ်ဘွဲ့ခံမည့် အရှင်မဟာမောဂ္ဂလ္လာန် ရဟန္တာအရှင်မြတ်ကြီး ဖြစ်လာသည်။

**ပထမဆုံး သံဃာ့အစည်းအဝေးကြီး**

ထိုအချိန်ကား ဝေဠုဝန်ကျောင်းတော်၌ တန်ခိုး အဘိညာဉ်နှင့် ပြည့်စုံသော ဧဟိ ဘိက္ခု ရဟန်းသံဃာ ရဟန္တာပေါင်း ၁၂၅၀- ပါးတို့ စုံညီစုဝေးမိသော တပို့တွဲလပြည့်နေ့ဖြစ်ရာ ပထမဆုံးသော သာဝက အစည်းအဝေးကြီး (ပထမသာဝကသန္နိပါတ) ဖြစ်လေသည်။ ထိုအစည်းအဝေးကြီး၌ အရှင်သာရိပုတ္တရာအား လက်ယာတော်ရံအဂ္ဂသာဝကရာထူး၊ အရှင်မဟာမောဂ္ဂလ္လာန်အား လက်ဝဲတော်ရံ အဂ္ဂသာဝကရာထူးကို အသီးသီး ပေးသနားချီးမြှင့်တော် မူလေသည်။ မြတ်စွာဘုရားရှင်သည် ရှေးဘုရားရှင်တို့၏ အစဉ်အလာအရ သံဃာ့ပရိသတ် အလယ်၌ "ခန္တီ ပရမံ တပေါ တိတိက္ခာ..သဗ္ဗပါပဿ အကရဏံ.." စသော သုံးဂါထာကို မြွက်ဆိုတော်မူ၍ ဩဝါဒပါတိမောက်ပြ(ဟောကြားဆုံးမ)တော် မူလေသည်။

# ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း

## တမန်တော်အမတ်များ စေလွှတ်ခြင်း

ကပိလဝတ်ပြည်ရှိ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော် ဘုရားရဟန်းပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းစံနေသည့် သတင်းကို ကြားသိရသည်နှင့်တပြိုင်နက် စကားချေငံသော အမတ်တစ်ဦးအား နောက်လိုက်နောက်ပါ မင်းချင်းတစ်ထောင် အခြံအရံဖြင့် ရာဇဂြိုဟ်ပြည်သို့ သွားရောက် ပင့်ဆောင်ရန် မိန့်တော်မူလေသည်။

ထိုတမန်တော်အမတ်နှင့် မင်းချင်းတို့သည် မြတ်စွာဘုရားအား ဟောတော်မူနေစဉ် ဝေဠုဝန်ကျောင်းတော်သို့ ရောက်ရှိ၍ ပရိသတ်အစွန်က ပင် တရားတော်ကို နာယူနေခဲ့ကြသည်၊ တရားဒေသနာ ပြီးဆုံးသောအခါ ထိုတမန်တော်အမတ်နှင့် မင်းချင်းများအားလုံး ရဟန္တာချည်း ဖြစ်တော်မူသွားကြ၏။ နိဗ္ဗာန်ချမ်းသာကိုသာ ခံစားနေကြသဖြင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးထံ သတင်းပြန့်ကြားရန်ကို မဆိုထားဘိ၊ ဘုရားရှင်ကိုပင် မလျှောက်ထားတော့ချေ၊

သုဒ္ဓေါဒနမင်းကြီးသည် သတင်းပြန်ကြားချက် မရရှိသဖြင့် နောက်ထပ် အမတ်တစ်ဦးနှင့် မင်းချင်းတစ်ထောင်တို့ကို ထပ်မံ စေလွှတ်တော်မူ၏။ ထိုအမတ်နှင့် မင်းချင်းတို့သည်လည်း ရှေးနည်းတူ ရဟန္တာချည်းဖြစ်တော်မူသွားကြ၍ သတင်းပြန်ကြားရန် ကြောင့်ကြတော်မမူကြပေ၊ ဤနည်းဖြင့် (၉)ကြိမ်တိုင်တိုင် စေလွှတ်တော်မူရာ အမတ်(၉)ဦး၊ မင်းချင်း(၉)ထောင်တို့ အားလုံး ရဟန္တာချည်း ဖြစ်တော်မူသွားကြသည်၊ ထို့ကြောင့် ယုံကြည်စိတ်ချ ရသော ကာဠုဒါယီအမတ်ကြီးအား မင်းချင်း တစ်ထောင်နှင့်အတူ စေလွှတ်ရာ“ ရဟန်းပြုခွင့်ရပါလျှင် ပင့်ဆောင်ပေးပါမည်”ဆို၍ မင်းကြီး ကတိဝန်ခံကာ စေလွှတ်တော်မူသည်။

## ကာဠုဒါယီအမတ် ပင့်ဆောင်ခြင်း

ကာဠုဒါယီအမတ်နှင့် မင်းချင်းတို့လည်း ရဟန္တာချည်းပင် ဖြစ်တော်မူကြပြန်ရာ မြတ်စွာဘုရားရှင်အား ခမည်းတော်နှင့် ဆွေတော်မျိုးတော်တို့အား ချီးမြှောက်ပါရန် ကြွရောက်ပါမည့်အကြောင်း လျှောက်ထားလေသည်။

ထိုအချိန်ကားတပေါင်းလဖြစ်၍မအေးလွန်း မပူလွန်း၊ ရွက်သစ်လောင်း၍ ရွက်ဟောင်းကြွေချိန်လည်းဖြစ်၏၊ သီးနှံရိတ်သိမ်းပြီးစဖြစ်၍ ခရီးလမ်းပန်းလည်း ချောမော၏၊ ခရီးလမ်းတလျှောက် ပန်းမျိုးစုံ ဖူးပွင့်သော အခါသမယ လည်းဖြစ်သည်၊ အရှင်ကာဠုဒါယီမထေရ်သည် အခါရာသီ တောတောင်သဘာဝ သာယာလှပမှုတို့ကို ၆၄-ပုဒ်သော ဂါထာကဗျာများ ဖွဲ့ဆိုကာ ကပိလဝတ်နေပြည် တော်သို့ကြွရန် တောင်းပန် လျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်သည် တပေါင်းလပြည့်ကျော်(၁)ရက်နေ့တွင် ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်မှ နောက်ပါရဟန်းအပေါင်း နှစ်သောင်းခြံရံ တော်မူလျက် ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူလေသည်။ ရာဇဂြိုဟ်ပြည်နှင့် ကပိလဝတ်နေပြည်တော်သည် ယူဇနာ ၆၀-ဝေးကွာသဖြင့် တစ်နေ့လျှင် တစ်ယူဇနာကျ ကြွတော်မူရာ (၂)လတိုင်တိုင် ကြွတော်မူရလေသည်။ ကာဠုဒါယီ မထေရ်သည် ဈာန်အဘိညာဉ်ဖြင့် ကောင်းကင်မှ ကြွကာ ခမည်းတော်မင်းကြီးထံ သတင်းပို့ရာ အရှင်ကာဠုဒါယီကို မြင်သည်နှင့် မင်းကြီးမှာ လွန်စွာ နှစ်ထောင်း အားရ ဝမ်းမြောက်မဆုံး ရှိရလေတော့သည်။

အရှင်ကာဠုဒါယီကား ဆွမ်းကပ်လှူသောအခါ နန်းတွင်းမှာ မဘုဉ်းပေးဘဲ "မြတ်စွာဘုရားရှင်အား ဆက်ကပ်ရဦးမည်"ဟု မင်းကြီးအား ပြောကြားရာ မင်းကြီးမှာ ပို၍ ဝမ်းမြောက်သွားလေသည်။ အရှင်ကာဠုဒါယီသည် မြတ်စွာ ဘုရားရှင်နှင့် တပည့်ရဟန်း နှစ်သောင်းတို့ ဘယ်စခန်းသို့ ရောက်လာပြီ ဖြစ်ကြောင်း၊ မင်းကြီးထံ သတင်းပို့ရင်း ခမည်းတော်ကြီး၏ ဆွမ်းကို ကောင်းကင် ခရီးဖြင့် ယူဆောင်ကာ နေ့စဉ်ပင် ဆက်ကပ်ရလေသည်။ ကဆုန်လပြည့် ကျော်(၁)ရက်နေ့တွင် မြတ်စွာဘုရားသခင်သည် ကပိလဝတ် နေပြည်တော်သို့ ဆိုက်ရောက်တော်မူလေသည်။

## နိဂြောဓာရုံကျောင်းတော်သို့ ပင့်ဆောင်ခြင်း

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနှင့် သာကီဝင် ဆွေတော် မျိုးတော် အကြီးအကဲတို့သည် ဘုရားအမှူးရှိသော သံဃာတော်များအား ကြိုဆို ပင့်ဆောင်ရန် စည်းဝေး တိုင်ပင်ကြလေသည်။ ကပိလဝတ်နေပြည်တော်၏

အရှေ့ဘက်၌ရှိသော နိဂြောဓမင်းသား၏ ဥယျာဉ်သည် မိုး ရေ အရိပ်အာဝါသ ကောင်းသည့်အပြင် နေပြည်တော်နှင့် မနီးလွန်း၊ မဝေးလွန်းသဖြင့် ဆိတ်ငြိမ်ခြင်း၊ သွားရ လွယ်ကူခြင်းတို့ကြောင့် ဘုရားအမှူးရှိသော သံဃာတော်များ သီတင်းသုံးရန် သတ်မှတ်ကြလေသည်၊ ဆွေတော် မျိုးတော်တို့သည် ကောင်းမွန်စွာ ဝတ်စား ဆင်ယင်၍ ပန်းနံ့သာများ ကိုယ်စီ ကိုင်ဆောင်ကာ ဘုရားအမှူးရှိသော သံဃာတော်များအား ကြိုဆို၍ နိဂြောဓာရုံ ဥယျာဉ်ကျောင်းတော်သို့ ခမ်းနား ကြီးကျယ်စွာ ပူဇော်ပင့်ဆောင်ကြလေသည်။

**ရေမီးအစုံအစုံတန်ခိုးပြာဋိဟာပြ၍သာကီဝင်မင်းတို့၏မာနကိုချိုးနှိမ်တော်မူခြင်း**

ဆွေတော် မျိုးတော် သာကီဝင် အကြီးအကဲတို့သည် မိမိတို့၏ တူသားဖြစ်၍ အရွယ်အားဖြင့် ငယ်သော ဘုရားရှင်အား ဦးချ ကန်တော့ရန် ဝန်လေးနေကြ၏။ ထို့ကြောင့် သာကီဝင် ကလေးသူငယ်များကိုသာ ဘုရားရှင် အနီးအပါး ရှေ့ကထား၍ လူကြီးများကမူ နောက်ပိုင်း၌သာ ထိုင်နေကြ လေသည်။

ဘုရားရှင်သည် သာကီဝင် ဆွေတော် မျိုးတော်တို့၏ မာနကို နှိမ့်ချ ပယ်ချိုးရန် စင်္ကြံဝဋ္ဋာနှင့်အမျှ ထက်ကောင်းကင်၌ ရတနာစင်္ကြံကြီးကို ဖန်ဆင်းတော်မူလိုက်သည်၊ သာကီဝင် မာနအိုးတို့အား ဘုရားရှင်တို့၏ တန်ခိုး အားအစွမ်းကို ပြတော်မူလိုသဖြင့် ရတနာစင်္ကြံပေါ်၌ လူးလာတုံ့ခေါက် စင်္ကြံ လျှောက်တော်မူ၏၊ စင်္ကြံဝဋ္ဋာတိုက်တစ်သောင်းမှ နတ်ပြဟ္မာတို့သည်လည်း ကောင်းကင်မလပ် နေရာစပ်မျှ ထက်ရပ်တခွင်၌ ဖူးမြော် ပူဇော်လာကြကုန်၏

ဘုရားရှင်သည် စင်္ကြံလျှောက်ရင်း စင်္ကြံဝဋ္ဋာ တစ်ခွင်လုံး လင်းလင်း ထအောင် တောက်ပ ဖြူဖွေးသော ရောင်ခြည်တို့ကို လွှတ်တော်မူ၏၊ နတ်ပရိသတ်များ မမြင်စဖူး ဖူးမြော် အံ့သြနေကြစဉ် ဆံပင် မျက်ခုံး စသော ခန္ဓာကိုယ်တော်မှ ညိုသောရောင်ခြည်တော်များ၊ နှုတ်ခမ်းတော် ခြေဖဝါးတော် စသော နီမြန်းသော ကိုယ်တော်မှ နီမြန်းသော ရောင်ခြည်တော်များ၊ ဝါဝင်းသော ကိုယ် ရေ အသားတော်မှ ဇမ္ဗူရာဇ်ရွှေအဆင်းကဲ့သို့ ဝင်းဝါတောက်ပ သော ရောင်ခြည်တော်များ၊ သွားတော်လေးဆယ် စွယ်တော်လေးဆူ ဖြူဖွေး သော ခန္ဓာကိုယ်အစိတ်အပိုင်းမှ ပုလဲငွေရောင်အဆင်းကဲ့သို့ ဖြူဝင်းသော

ရောင်ခြည်တော်များ စသည်ဖြင့် ရောင်ခြည်တော်ခြောက်သွယ်တို့ကို အလှယ်လှယ် အပြန်ပြန် ဖန်ဆင်းပြတော်မူလေသည်။

လူနတ်ပြဟ္မာတို့သည် ရောင်ခြည်တော်ခြောက်ဖြာတို့ကို အံ့အားသရဲ ကြည်ညိုနေကြစဉ် ဘုရားရှင်သည် ညာဘက်မျက်လုံးတော်မှ ရေအလျဉ်များ ဘယ်ဘက်မျက်လုံးတော်မှ မီးအလျှံများ အပြန်ပြန်အလှန်လှန် ဖန်ဆင်း၍ ပြတော်မူရာ သာကီဝင် မင်းအပေါင်းတို့သည် မာန်မာန ကျ၍ နှစ်ထောင်းအားရ ဖူးမြော်၍ မဝဖြစ်ကာ အကြိမ်ကြိမ်ဦးချ ပူဇော်ကြကုန်၏။

ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရားရှင်အား ဤသို့ လျှောက်ထားလေသည်။

၁။ " ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား–ခမည်းတော်သည် သားတော် ဖွားသည့်နေ့ကပင် ခမည်းတော်၏ ဆရာဖြစ်သော ကာဠဒေဝီလ ရသေ့ကြီးအား ရှိခိုးရန် သားတော်၏လက်နှစ်ဖက်ကို ယုက်၍ ချီမိုးပေးစဉ် သားတော်သည် အပေါ်သို့ တက်ကာ သားတော်၏ ခြေနှစ်ဖက်မှာ ဆရာရသေ့ကြီး၏ ဦးခေါင်းထက်၌ ကျရောက်သည်ကို တွေ့မြင်ရပါသည်၊ ထိုအခါကပင် ခမည်းတော်သည် သားတော်အား ပထမဆုံး လက်အုပ်ချီမိုး ရှိခိုးခဲ့ပါသည်။

၂။ ထိုမှတစ်ဖြာ လယ်ထွန်မင်္ဂလာ ပြုလုပ်စဉ်က လသားမျှသာဖြစ်သော သားတော်အား သပြေပင်ရိပ်၌ သိပ်၍ထားရာ နေပင်ရွေ့သော်လည်း သားတော်အပေါ်မှ သစ်ရိပ်လည်းမရွေ့ဖယ်၊ သားတော်ငယ်လည်း ထက်ဝယ်ဖွဲ့ ခွေနေတော်မူလျက်အာနာပါနပဌမစျာန်ဝင်စားနေသည်ကို ခမည်းတော် ဖူးတွေ့ခဲ့ရ သဖြင့် ဒုတိယအကြိမ် လက်အုပ်ချီမိုး ရှိခိုး ဖူးပါသည်။

၃။ သားတော်မြတ်ဘုရား– ခမည်းတော်သည် ရှေးအခါက တစ်ကြိမ် တစ်ခါမျှ မမြင်စဖူး ထူးကဲ ဆန်းကြယ်သော အသွယ်သွယ် အဖုံဖုံ တန်ခိုးအစုံတို့ကို ယခုအခါ တွေ့ကြုံ ဖူးမြော်ရသဖြင့် ခမည်းတော်သည် သားတော်အား သုံးကြိမ်မြောက် လက်အုပ်ချီမိုး ရှိခိုးရပါပြီဘုရား ။

## ဗုဒ္ဓဝင် ဟောကြားရန် တောင်းပန်ခြင်း

ယင်းသို့လျှင် ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့အား ရေမီးအစုံအစုံ (ယမိုက်ပြာဋိဟာ) တန်ခိုးအဖုံဖုံပြနေစဉ် ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်၌ တပည့်ရဟန်း (၅၀၀) နှင့် အတူ သီတင်းသုံးနေခဲ့သော လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုတော်မူရာ ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့အား ရေမီးအစုံအစုံ(ယမိုက်ပြာဋိဟာ) တန်ခိုးအဖုံဖုံ ပြနေပုံကို သိမြင်တော်မူလေသည်။

လောက၌ ဘုရားဟူ၍ဖြစ်ပေါ်ရန် မည်မျှခက်ခဲကြောင်း မည်သို့ဆည်းပူးရကြောင်း၊ ဘုရားရှင်၏ အားအစွမ်းသည် မည်မျှကြီးကျယ် မြင့်မြတ်ကြောင်း၊ လူ နတ် ပြဟ္မာ သတ္တဝါအားလုံးတို့ သိရှိကြည်ညိုစေလိုသဖြင့် အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ဗုဒ္ဓဝင်ဇာတ်ကြောင်းကို ပြန်ပြောင်းဟောပြတော်မူရန် တောင်းပန်လိုစိတ် ဖြစ်ပေါ်လာလေသည်၊ ထို့ကြောင့် တပည့်ရဟန်း(၅၀၀)ကို ခေါ်ဆောင်၍ ကောင်းကင်ခရီးဖြင့် ဘုရားရှင်ထံ သွားရောက် ဖူးမြော်ကြလေသည်။

ဘုရားရှင်သည် ကောင်းကင်ယံ စင်္ကြံအထက်၌ သီတင်းသုံးတော်မူ စဉ် အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် စသော သံဃာတော် နှစ်သောင်းတို့သည် ဘုရားရှင်အနီး ထက်ကောင်းကင်၌ပင် ရှိသေစွာ ခစားနေကြခိုက် အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ဗုဒ္ဓဝင်တရား ဟောကြားရန် လျှောက်ထား တောင်းပန်၍ ဗုဒ္ဓဝင်တရားတော်ကို စင်္ကြံလျှောက်ရင်း ဟောကြားတော်မူသည်၊ နတ် ပြဟ္မာ ကုဋေတစ်သိန်းတို့ ရဟန္တာဖြစ်ကြ၍ သောတာပန်စသည် ကျွတ်တမ်းဝင်သော ပုဂ္ဂိုလ်တို့ကား မရေမတွက်နိုင်အောင် ရှိလေသည်။

ဗုဒ္ဓဝင်တရား ဟောကြားအပြီး ရတနာစင်္ကြံမှ သက်ဆင်းတော်မူ၍ ဆွေတော်မျိုးတော်တို့၏အလယ် ဘုရားရှင်တို့၏ မြတ်သောနေရာတော်၌ သီတင်းသုံးတော်မူစဉ် ပေါက္ခရဝဿမိုးကြီး ရွာချသည်။ ပေါက္ခရဝဿမိုးဟူ သည် စိုစွတ်လိုသူတို့သာ စိုစွတ်၍ မစိုစွတ်လိုသူတို့ မစိုစွတ်အောင် ရွာသွန်း သော

မိုးဖြစ်သည်။ ထိုအံ့ဖွယ်ကောင်းသော ပေါက္ခရဝဿမိုးနှင့် စပ်လျဉ်းပြီး လျှင် တအံ့အသြ ပြောဆိုကြသည်ကို အကြောင်းပြု၍ ဝေဿန္တရာ ဇာတ်တော်ကြီးကို ဟောတော်မူရပြန်လေသည်။

## ကပိလဝတ်ပြည်၌ ဆွမ်းခံကြွတော်မူခြင်း

ဆွေတော်မျိုးတော်များအားလုံး တရားနာပြီး ကျောင်းတော်မှ ပြန်သွားကြသော်လည်း တစ်ဦးတစ်ယောက်မျှ နောက်တစ်ရက် နံနက်ဆွမ်းအတွက် ပင့်ဖိတ်လျှောက်ထားခြင်း မရှိခဲ့ချေ။ ခမည်းတော် မင်းတရားကြီးကား မိမိသဘောနှင့်မိမိ နန်းတော်တွင်း၌ ဆွမ်းကပ်ရန် စီမံထားလေသည်။ ဘုရားရှင်ကား ရှေးဘုရားရှင်တို့၏ အစဉ်အလာအရ အိမ်စဉ်ဆွမ်းခံ၍ ဘုဉ်းပေးရသောဝတ်ကို မချွတ်ယွင်းစေရအောင် နောက်တစ်ရက်နံနက်တွင် သံဃာတော်ပေါင်း နှစ်သောင်းခြံရံလျက် ကပိလဝတ်နေပြည်တော်အတွင်း ဆွမ်းခံလှည့်တော်မူသည်။

ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးလျက် အထူးတင့်တယ် ကြည်ညိုစဖွယ် ဆွမ်းခံကြွတော်မူသည်ကို ပြည်သူပြည်သားတို့သည် တအံ့တသြ ကြည့်ရှုကြည်ညိုနေကြလေသည်၊ ရာဟုလာမယ်တော် ယသော်ဓရာသည် အဆောင်တော်မှ လမ်းမျှော်ကြည့်ကာ တစ်လမ်းပြီး တစ်လမ်း၊ တစ်အိမ်ပြီး တစ်အိမ် လှည့်လည်တောင်းခံသည်ကို မြင်ရသောအခါ ရင်ထုမနာဖြစ်ရလေ၏၊ သားတော်ရာဟုလာကိုလည်း ပွေ့ချီကာ “အဲဒါ သားရဲ့ ခမည်းတော်ပဲ”ဟု ပြောဆို ညွှန်ပြလေသည်။

ယသော်ဓရာသည် ချက်ချင်းပင် ခမည်းတော်မင်းကြီးထံ သွား၍ လျှောက်တင်လေရာ မင်းကြီးလည်း ဘုရားရှင်ထံ အဆောတလျင်သွားရောက်၍ ထိုသို့ပြုလုပ်ရန် မသင့်လျော်ကြောင်း လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်က အိမ်စဉ်လှည့်၍ ဆွမ်းခံစားသော အကျင့်သည် ဘုရားရှင်အဆူဆူတို့၏ မြတ်သောအကျင့်ဖြစ်ကြောင်း ဟောတော်မူရာ မင်းကြီး သောတာပန်တည်လေသည်၊ မင်းကြီးသည် ဘုရားရှင်သပိတ်တော်ကို လှမ်းယူ၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား နန်းတော်သို့ ဆွမ်းကပ်ရန် ပင့်ဆောင်လာသည်။

ယသောဓရာမှတပါး သာကီဝင် ဆွေတော်မျိုးတော်များအားလုံး လည်း စုရုံးရောက်ရှိလာကြ၏၊ နေရာတော်၌ ထိုင်ပြီးလျှင် အိမ်စဉ် လှည့်လည်၍ တရားသဖြင့် ဆွမ်းခံစားရသော ကျင့်ဝတ်သည် အသက်မွေးမှု စင်ကြယ်၍ ပစ္စုပ္ပန်သံသရာ ချမ်းသာကြီးပွားကြောင်း ဖြစ်သည်ဟု ဆွမ်းခံဝတ်အကြောင်း ကို ဆက်လက် ဟောပြတော်မူရာ မိထွေးတော် မဟာပဇာပတိဂေါတမီ သောတာပန်တည်၍ ခမည်းတော်မင်းကြီး သကဒါဂါမ်တည်သွားသည်။

## ယသောဓရာတိုက်ခန်းသို့ ကြွတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသည်နှင့် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်တို့ကို နောက်ပါခေါ်ဆောင်၍ ခမည်းတော်မင်းကြီးအား သပိတ်ကို ထမ်းစေလျက် ယသောဓရာ တိုက်ခန်းသို့ ကြွလှမ်းတော်မူလေသည်။ ဘုရားရှင်ကြွလာသည်ကို မြင်လျှင် ယသောဓရာသည် မောင်းမအခြွေ အရံတို့အား မိမိကဲ့သို့ သစ်ခေါက်ဆိုးအဝတ်ကို ဝတ်ရုံစေလျက် ဘုရားရှင်အား ကြိုဆို ကန်တော့ရန် ပြောကြားလေသည်၊ ယသောဓရာအဆောင်တိုက်ခန်းသို့ ရောက်သောအခါ မြတ်စွာဘုရားရှင်သည် အသင့်ခင်းထားအပ်သော နေရာတော်၌ ထိုင်တော်မူ၍ ယသောဓရာ ဖူးမြော်ကန်တော့လာသောအခါ တစ်စုံတစ်ရာ ဟန့်တားခြင်း မပြုကြရန် မိန့်တော်မူသည်။

ယသောဓရာသည် ကျက်သရေတိုက်ခန်းမှ ဖြည်းညင်းစွာ ထွက်လာ ပြီးလျှင် ဘုရားရှင်၏ ခြေတော်အစုံကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် ခြေဖမိုးတော်ထက် မျက်နှာထိခိုက်ကာ အလှိုက်လှိုက်ဆွေ့ခုန် တစုံတရာ မလျှောက် ထားနိုင်တော့ဘဲ စီးကျသော မျက်ရည်များဖြင့် အားပါးတရ ပူဇော်လေတော့သည်။ ခမည်းတော်မင်းကြီးသည် သမီးတော်ဖြစ်အင်ကို တွေ့မြင်ရသောအခါ သမီးတော် ယသောဓရာ ကျေးဇူးဂုဏ်ကို မျိုသိပ်မထား နိုင်တော့ဘဲ မြတ်စွာဘုရားရှင်အား "ဘုန်းတော်ကြီးသော သားတော်ဘုရား၊ သမီးတော်သည် သားတော်ကြီး သစ်ခေါက်ဆိုးသော အဝတ်ကို ဝတ်သည်ဟု ကြားလျှင် သမီးတော်လည်း သစ်ခေါက်ဆိုးသော အဝတ်ကို ဝတ်၍နေပါသည်။မြင့်မြတ်သော အိပ်ရာနေရာကို စွန့်ပယ်ကြောင်းကြားလျှင် ကြိုးပြာဖြင့် ရက်သော ညောင်စောင်းပေါ်မှာသာ

အိပ်ရာပါသည်၊ ပန်းနံ့သာကို သားတော်ကြီး ရှောင်ကြဉ်ကြောင်းကြား သိလေလျှင် အကျော် ကရမက်စသော ပန်းနံ့သာများကို မသုံးဆောင်ရှာပါ။ ဆွေတော်မျိုးတော်ဖြစ်သော မင်းညီမင်းသားများက စကားကမ်းလှမ်းလာပါ သော်လည်း လက်မခံဘဲ ပယ်လှန် မြစ်တားကာ သားတော်အပေါ်၌သာ ချစ်ခင်လေးမြတ်ခြင်း ရှိခဲ့ပါသည်”ဟု လျှောက်ထားလေသည်။

ခမည်းတော်စကား ဆုံးသောအခါ ဘုရားရှင်က မိမိအပေါ်၌ ယသောဓရာ ချစ်ခြင်း မေတ္တာ သစ္စာကြီးပုံ စန္ဒကိန္နရီဇာတ်ကြောင်းဖြင့် ထပ်လောင်း ဟောပြတော်မူလေသည်။

## ညီတော်နှင့် သားတော်တို့အား ရှင် ရဟန်းပြုပေးခြင်း

မြတ်စွာဘုရားရှင် ကပိလဝတ်သို့ ရောက်တော်မူပြီးနောက် သုံးရက်မြောက်နေ့ နန်းတော်သို့ ဆွမ်းစားကြွရာတွင် ခမည်းတော်မင်းကြီးသည် မဟာပဇာပတိ ဂေါတမီ၏ သားဖြစ်သူ နန္ဒမင်းသားအား ဇနပဒကလျာဏီနှင့် ထိမ်းမြားလက်ထပ်၍ အိမ်ရှေ့မင်းအရာ အပ်နှင်းသည်၊ နန်းတက်မင်္ဂလာ ဆွမ်းကျွေးပွဲအပြီး ညီတော်နန္ဒမင်းသားအား သပိတ်ထမ်းခေါ်ဆောင်၍ ကျောင်းတော်သို့ ပြန်ကြွတော်မူသည်။

“မြန်မြန် ပြန်လာခဲ့ပါ မောင်တော်”ဟူသော ဇနပဒကလျာဏီ၏ စကားသည် နန္ဒမင်းသား၏နှလုံးသားဝယ် တံကျင်လျှိုသကဲ့သို့ ဖြစ်သွားကာ နောက်ဆံတင်းတင်းနှင့် မငြင်းမဆန်သာလိုက်ပါသွားရသည်၊ ကျောင်းတော်သို့ ရောက်လျှင် ရဟန်းပြုပေး၍ တရားသဖြင့် မမွေ့လျော်နိုင်ဘဲရှိရာ ဇနပဒကလျာဏီ အလှကို မျှောက်မနှင့်လည်းကောင်း၊ နတ်သမီးများနှင့်လည်းကောင်း လက်တွေ့ နှိုင်းယှဉ်ပြတော်မူလေသည် နန္ဒမထေရ်သည် နတ်သမီးကိုအကြောင်းပြု၍ ရဟန်းတရားကို ဆက်လက်အားထုတ်ရာ ရဟန္တာဖြစ်တော်မူလေသည်။

ခုနစ်ရက်မြောက်သောနေ့ နန်းတော်သို့ ဆွမ်းခံကြွရာ ယသောဓရာသည် ခုနစ်နှစ်အရွယ်သို့ ရောက်လာသော သားတော်ရာဟုလာအား ကောင်းစွာ ဝတ်စားဆင်ယင်စေ၍ ဘုရားရှင်ထံ စေလွှတ်ကာ အမွေတောင်း ခိုင်းလေသည်။

ဘုရားအလောင်းတော် ဖွားတော်မူသည့်နေ့တွင် တစ်နေ့တည်း ဖွားမြင်ဖြစ်ပေါ်လာသော "ယသောဓရာမင်းသမီး၊ အာနန္ဒာမင်းသား၊ ကာဠုဒါယီအမတ်၊ ဆန္နအမတ်၊ ကဏ္ဍကမြင်းတော်၊ ဗောဓိပင်နှင့် ရွှေအိုးကြီးလေးလုံး"ဟူသော ဖွားဘက်တော် ၇-မျိုးရှိရာတွင် တောထွက်သည့် အချိန် မှစ၍ ပျောက်ကွယ်သွားသော ရွှေအိုးကြီးလေးလုံးကို ရည်ညွှန်း၍ အမွေ တောင်းနိုင်းခြင်းဖြစ်သည်။

ဘုရားရှင်ဆွမ်းစားပြီး၍ နိဂြောဓာရုံကျောင်းသို့ ပြန်သောအခါ သားတော် ရာဟုလာလည်း ခမည်းတော်၏ သင်္ကန်းကိုဆွဲကာ တစာစာ အမွေတောင်းရင်း ကျောင်းတော်သို့ ပါသွားလေသည်။ကျောင်းတော်သို့ ရောက်သောအခါ ချစ်လှစွာသော သားတော်အား လောကီ အမွေထက် တန်ဖိုးရှိသော လောကုတ္တရာအမွေကိုသာ ပေးတော်မူလိုသဖြင့် အရှင်သာရိပုတ္တရာ အား ရှင်သာမဏေပြုပေးစေသည်။

**သာကီဝင်နောင်ရေး မင်းကြီးပူဆွေးခြင်း**

ထိုသတင်းကို ကြားသောအခါ ခမည်းတော်မင်းတရားကြီးသည် နှလုံးသည်းပွတ် ကြေပြတ်သည့်အလား ကျောင်းတော်သို့ ဆောလျင်စွာ သွား၍ ဘုရားရှင်အား လျှောက်ထားသည်မှာ -

"ဘုန်းတော်ကြီးသော သားတော်ဘုရား-ခမည်းတော်သည် ပုဏ္ဏားတော်တို့၏ လျှောက်တင်ချက်အရ သားတော်ကို စကြဝတေးမင်းအဖြစ်တွေ့မြင်လိုလှသော်လည်း ထီးနန်းကိုစွန့်ခွာ၍ တောထွက်သွားသောအခါ လွန်စွာကြေကွဲခြင်းဖြစ် ခဲ့ရပါသည်"။

"ညီတော်နန္ဒမင်းသား မွေးဖွားစဉ်ကလည်း အလားတူ နိမိတ်ဖတ်ကြသော စကားအရ စိတ်အားတင်းဖြေဆည်၍ နှစ်ရှည်လျားစွာ အားကိုး မျှော်လင့်ခဲ့ပါသော်လည်း သားတော် ရဟန်းပြုပေးလိုက်သောအခါ တစ်ခါထပ်၍ ဝမ်းနည်းအားငယ်ခြင်း ဖြစ်ရပြန်ပါသည်"။

"ယခုအခါ စကြဝတေးမင်းလောင်းလျာလည်းဖြစ်"သားသမီးအချစ်၊ မြေးအနှစ်"ဆိုသကဲ့သို့ မြေးတော်ချစ် ရာဟုလာအား ရှင်သာမဏေပြုပေးသဖြင့် စကြဝတေးမင်း စည်းစိမ်ကို မြင်ရဖို့ မဆိုထားဘိ၊ သာကီဝင် မင်းဆက်ပင်ပျက်သုဉ်း

တိမ်ကောရတော့မည် ဘုရား”ဟု ဝမ်းနည်းကြေကွဲစွာ လျှောက်ထားလေသည်။

ရှစ်ရက်မြောက်သောနေ့တွင် “ငါးပါးသီလ ငယ်ကမသေ”ဟူသော မဟာဓမ္မပါလ ဇာတ်တော်ကို နာယူရသဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ် တည်လေသည်။သာကီဝင်မင်းသားများဖြစ်ကြသော ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ ညီတော်အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တနှင့် ဆတ္တာသည် (ခေါင်းရိတ်သမား) ဥပါလိ စသော သာကီဝင် မင်းညီမင်းသား တစ်ထောင်ကျော် တို့သည် တစ်သုတ်ပြီးတစ်သုတ် ရဟန်းပြုကာ သာသနာ့ဘောင်သို့ ဝင်ရောက်ကြလေသည်။

ဘုရားဖြစ်ပြီးနောက် ငါးနှစ်မြောက်သောအခါ သာကီဝင် မင်းသမီး များ ဖြစ်ကြသော မိထွေးတော် မဟာပဇာပတိဂေါတမီ၊ ယသောရော၊ ဇနပဒကလျာဏီ၊ ကိသာဂေါတမီ စသော အမျိုးသမီးများလည်း ဘိက္ခုနီ သာသနာတော်သို့ ဝင်ရောက်လာကြသဖြင့် သာသနာတော် စည်ပင်ပြန့်ပွားလာလေသည်။

## သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါကျောင်းအမကြီး

ဘုရားလက်ထက်တော်က ကောသလတိုင်း သာဝတ္ထိပြည်၌ လူဦးရေ ၇-ကုဋေရှိသည်။ ၅-ကုဋေမှာ အရိယာဖြစ်၍ ကျန် ၂-ကုဋေမှာ ပုထုဇဉ်များ ဖြစ်ကြ၏။ သာဝတ္ထိပြည် အနာထပိဏ်နှင့် ဝိသာခါတို့သည် သာသနာကို ထောက်ပံ့ရာ၌ ထင်ရှားသူနှစ်ဦးဖြစ်သည်။

## ကျောင်းဒကာကြီး အနာထပိဏ်

အနာထပိဏ်၏ ငယ်မည်မှာ သုဒတ္တဖြစ်၍ ရာဇဂြိုဟ်သူ သူဌေး ဝိသာလ၏ နှမ ပုညလက္ခဏာနှင့် ထိမ်းမြားခဲ့သည်။ကာဠမည်သော သားနှင့် မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနာဟူသောသမီးသုံးယောက် ထွန်းကားခဲ့သည်၊ ဘုရားရှင်သည် ဒုတိယဝါအဖြစ် ရာဇဂြိုဟ်၌ သီတင်းသုံးတော်မူသောနှစ်မှာပင် အနာထပိဏ်သည် ရာဇဂြိုဟ်သို့ အရောင်းအဝယ်သွားရာမှ မြတ်စွာဘုရား အား ဖူးတွေ့ရပြီး သောတာပန်အရိယာ ဖြစ်ခဲ့သည်။သာဝတ္ထိပြည်သို့ ကြွရောက်သီတင်းသုံးပါရန် လည်း ဘုရားရှင်အား ပင့်လျှောက်ခဲ့သည်။

သူဌေးကြီးသည် သာဝတ္ထိပြည် ဇေတမင်းသား၏ ၁၆-ပယ် ကျယ်သော

ဥယျာဉ်မြေကို ငွေအသပြာ ၁၈-ကုဋေဖြင့် ဝယ်ယူကာ "ဇေတဝန်"အမည်ဖြင့် ကျောင်းတော် ဆောက်လှူသည်။ ဂန္ဓကုဋီကျောင်းတော် အပါအဝင် ကျောင်းပေါင်းများစွာကို အလုပ်သမား တစ်ထောင်ဖြင့် ခြောက်လဆောက် လုပ်ရသည်၊ ၁၈-ကုဋေ ကုန်ကျလေသည်၊ ဇေတဝန် ကျောင်းတော်ကြီး ပြီးစီး သောအခါ ဘုရားရှင်ကို ပင့်ဖိတ်ပြီး ၁၈-ကုဋေအကုန်ခံ၍ ခမ်းနားစွာ ရေစက်ချပွဲ ကျင်းပလှူဒါန်းသည်၊သံဃာတော်တစ်ထောင်နေ့စဉ်ဆွမ်းကပ်သည်။

အိမ်ရှိအမှုထမ်းအားလုံး ဥပုသ်နေ့တွင် ရှစ်ပါးသီလစောင့်ထိန်းကြ ရသည်။ နို့စို့ကလေးများကိုပင် မွန်လွဲချိန်၌ နို့မတိုက်ဘဲ ပါးစပ်ကို ရေပတ်တိုက်ပြီး စတုမဓုကိုသာ ခွံ့ကျွေးရသည်။ ၅၄ -ကုဋေသော အသပြာငွေကို သာသနာ တော် အတွက် လှူဒါန်းခဲ့သော သူဌေးကြီးဖြစ်လေသည်။

အနာထပိဏ်နှင့် ဝိသာခါကျောင်းအမကြီးတို့အိမ်၌ သံဃာတစ် ထောင်စီသီတင်းသုံးနိုင်အောင် နေရာထိုင်ခင်းများနှင့် အချိန်မရွေး ဆက်ကပ်နိုင် အောင် ပစ္စည်းလေးပါး စားသောက်ဖွယ်ရာများကို အသင့်စီမံ ထားရှိကြ လေသည်။

## ကျောင်းအမကြီး ဝိသာခါ

ဝိသာခါကျောင်းအမကြီးကား သာကေတမြို့ ဓနဉ္စယသူဌေးကြီး၏ သမီးဖြစ်၍ ၇-နှစ်သမီးအရွယ်ကပင် သောတာပန်တည်ခဲ့သူဖြစ်သည်။မေဏ္ဍက သူဌေးကြီး၏ မြေးဖြစ်၏။ သာဝတ္ထိပြည်မှ ချမ်းသာကြွယ်ဝသော မိဂါရ သူဌေး ကြီး၏သား ပုဏ္ဏဝဓနနှင့် ထိမ်းမြားခဲ့သည်။ ဝိသာခါအတွက် ရွှေစင်နိက္ခ တစ်ထောင် အလေးချိန်ရှိပြီး ပတ္တမြား၊ ပုလဲ စသော ရတနာခုနစ်ပါးဖြင့် စီခြယ်ထားသော အသပြာ ၉-ကုဋေတန် မဟာလတာ တန်ဆာပြုလုပ်ပြီး ဖခင်ကြီးက လက်ဖွဲ့သည်။ ဦးခေါင်း၌ စွပ်လိုက်လျှင် ခြေဖမိုးအထိ ရောက်သည်။အခြားရတနာ မျိုးစုံကိုပါ လက်ဖွဲ့ပြီး၊ ဆုံးမဩဝါဒပေးကာ သာဝတ္ထိသို့ ထည့်လိုက်သည်။

ယောက္ခမသူဌေးကြီးသည် ယခင်က တိတ္ထိတို့ကို ကိုးကွယ်သော် လည်းဝိသာခါ၏ ကျေးဇူးကြောင့် ဘုရားရှင်ကို ကိုးကွယ်လာရာမှ ဝိသာခါလည်း "မိဂါရမာတာ- မိဂါရသူဌေးကြီး၏မိခင်" ဟုပင် ခေါ်တွင်လာလေသည်။ အသက် ၁၂၀-ရှည်၍ ဆံဖြူသွားကျိုးခြင်းမရှိ၊ အစဉ်နုပျိုနေသည်။

တစ်နေ့သော တရားပွဲတစ်ခုတွင် တရားနာလာရာ မဟာလတာ တန်ဆာကို ချွတ်၍ ကျွန်မကို သိမ်းထားခိုင်းသည်။ တရားပွဲပြီး၍ ပြန်လျှင် ကျွန်မ မေ့ကျန်ရစ်ခဲ့သဖြင့် အရှင်အာနန္ဒာမထေရ်က သိမ်းထားခဲ့သည်။ ရဟန်းတော်များ အတွက် ဖြစ်သင့်သည်ဟု ကြံစည်ကာ ထိုတန်ဆာကို ရောင်းချအဖိုးထား၍ သာဝတ္ထိမြို့တွင် ဇေတဝန်ကျောင်းတော်ကြီးနှင့် အလားတူ ပုဗ္ဗာရုံကျောင်းတော်ကြီး ဆောက်လုပ်သည်။ သာဝတ္ထိမြို့၏ အရှေ့ဘက်၌ တည်ရှိ၍ ရှစ်ပယ် ကျယ်သည်၊ ၉-ကုဋေဖြင့် မြေ ဝယ်ယူသည်။

၉-လတိုင်တိုင် ကျောင်းများစွာကို ဆောက်လုပ်ရသည်။ ၉-ကုဋေ ကုန်ကျသည်။ရေစက်ချပွဲ ခမ်းနားစွာ ပြုလုပ်ပြီး ၂၇-ကုဋေသော အသပြာကို သာသနာတော် အတွက် စွန့်လှူခဲ့သည်။ဤကဲ့သို့ ပစ္စည်းလေးပါး လှူဒါန်းမှု၌ အလွန်မွေ့လျော် ကြသော ကြောင့် အနာထပိဏ်သူဌေးအား လှူဒါန်းစွန့်ကြသည့် အမျိုးသား များတွင် အသာလွန်ဆုံးဖြစ်သည့် ဒါယကာ တေဒဂ်ဘွဲ့ကို ချီးမြှင့်တော် မူ၍ ဝိသာခါကျောင်းအမကြီးအား လှူဒါန်းစွန့်ကြသည့် အမျိုးသမီးများတွင် အသာလွန်ဆုံးဖြစ်သည့် ဒါယိကာမ တေဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူခဲ့သည်။

ဘုရားရှင်သည် ၄၅-ဝါအနက် ဇေတဝန်ကျောင်းတော်တွင် အချိန်အကြာ မြင့်ဆုံး ၁၉-ဝါ တိုင်တိုင် သီတင်းသုံးတော်မူသဖြင့် သာဝတ္ထိပြည်၌ ဟောသော တရားများသည် အများဆုံး ဖြစ်တော့သည်။ပုဗ္ဗာရုံကျောင်းတွင် ၆-ဝါ သီတင်း သုံးတော်မူသည်။

မြတ်စွာဘုရားသည် မည်သည့်မြို့ရွာ၌ သီတင်းသုံးသည်ဖြစ်စေ၊ နေ့စဉ်နှင့် အမျှ ပြုလုပ်ဆောင်ရွက်ဖွယ်များကို တစ်နေ့တာလျှင် အချိန်ငါးပိုင်းပိုင်း၍ သတ်မှတ် ဆောင်ရွက်တော်မူလေ့ရှိသည်။

## ဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်မြဲ ဗုဒ္ဓကိစ္စငါးပါး

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

မြတ်စွာဘုရားရှင်သည် သတ္တဝါအားလုံး အကျိုးစီးပွား များစေရန် ပွင့်ထွန်း ပေါ်ပေါက်တော်မူလာရသည်"

မိမိတစ်ဦးတည်းအကျိုးအတွက် ဆိုရပါမူ ဘုရားရှင်သည် ဖလသမာပတ် ဝင်စား၍ ချမ်းသာစွာ နေတော်မူသည်။ ဘုရားရှင်၏ နေ့စဉ် ဆောင်ရွက် တော်မူမြဲဖြစ်သော လုပ်ငန်းစဉ်(ဗုဒ္ဓကိစ္စငါးပါး)ကို လေ့လာကြည့်လျှင်ပင် သတ္တဝါ များအပေါ် ထားတော်မူသော မဟာကရုဏာတော်ကို အလွယ်တကူပင် တွေ့မြင်ရဖြစ်၏။

တစ်နေ့တာအချိန်ကို ငါးပိုင်းပိုင်း၍ သူ့အချိန်နှင့်သူ မလစ်မလပ်စေ ရအောင် နေ့စဉ်နှင့်အမျှ ဆောင်ရွက်တော်မူသည်။နံနက်ခင်း လုပ်ငန်း၊ ဆွမ်းစားပြီးချိန် လုပ်ငန်း၊ ညဉ့်ဦးယံ လုပ်ငန်း၊ သန်းခေါင်ယံ လုပ်ငန်း၊ မိုးသောက်ရန် လုပ်ငန်းဟူ၍ တစ်နေ့တာ ဆောင်ရွက်ဖွယ် လုပ်ငန်းစဉ် များကို ငါးပိုင်းပိုင်း၍ နေ့စဉ်ဆောင်ရွက်တော်မူသည်။

## (က)ပုရေဘတ္တကိစ္စ=နံနက်ခင်း လုပ်ငန်းစဉ်

မြတ်စွာဘုရားရှင်သည် အရုဏ်တက်ချိန် စောစော အိပ်ရာမှထတော်မူ၍ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းကိုပြုတော်မူသည်။ ထို့နောက် ဂန္ဓကုဋီတိုက်ခန်းသို့ ပြန်လည်ဝင်တော်မူပြီး သမာပတ်ဝင်စားကာ ခဏမျှ ချမ်းသာစွာနေတော်မူသည်။ ထို့နောက် ဆွမ်းခံချိန်ရောက်သောအခါ သင်္ကန်း တော်ကို ရုံတော်မူပြီး တစ်ခါတစ်ရံ ကိုယ်တော်တစ်ပါးတည်း၊ တစ်ခါတရံ သံဃာ တော်များ ခြံရံလျက် ဆွမ်းခံကြွတော်မူသည်။ ထိုသို့ ကြွတော်မူသောအခါ၌လည်း တစ်ခါတရံ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်း၍လည်းကောင်း၊ တစ်ခါတရံ ပကတိ သဘာဝအတိုင်းလည်းကောင်း ကြွတော်မူသည်။

မြတ်စွာဘုရား ကြွတော်မူလေရာတိုင်း ပါရမီတော်ကြောင့် ခလုတ်ကံ သင်း ဆူးငြောင့် နှောင့်ယှက်ခြင်းမရှိ၊ ကမူချိုင့်ဝှမ်း နိမ့်မြင့်မညီ ဖြစ်နေသော လမ်းများလည်း အလိုလို ချောမွေ့ပြေပြစ်၍ သွားကြ၏။ ဒကာ ဒကာမတို့လည်း ပန်းနံ့သာလက်စွဲကာ ဘုရားရှင်ကိုဖူးမြော်ရန် စုဝေးရောက်လာကြကုန်၏။ မိမိတို့ တတ်နိုင်သလောက် သံဃာတော်ဆယ်ပါး၊ အပါးနှစ်ဆယ်၊ အပါးတစ်ရာစသည့် တောင်းယူ ပင့်ဆောင်ကြကုန်လျက် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူဆောင်ကာ နေရာတော်ခင်း၍ ရိုသေစွာ ဆွမ်းလုပ်ကျွေးကြကုန်၏။ ဆွမ်း ဘုဉ်းပေးပြီးနောက်

မြတ်စွာဘုရားရှင် သည် ဒကာ၊ ဒကာမတို့၏ စရိုက်ဓာတ်ခံကို ဆင်ခြင်တော်မူလျက် သင့်လျော်သော အနုမောဒနာတရားကို ဟောကြားတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။ ပန်းနံ့သာတို့ဖြင့် ထုံမွမ်းထားသော စုဝေးရာမဏ္ဍပ် နေရာတော်၌ ထိုင်နေတော်မူ၍ ဆွမ်းစားစရာမှ ပြန်လာကြသော ရဟန်းတော်တို့ကို စောင့်လျက် နေတော်မူ၏။ ထို့နောက် သံဃာတော်များ စုံလင်သောအခါ ဂန္ဓကုဋီ ကျောင်းဆောင်ဖက်သို့ ကြွတော်မူလေသည်။ ဤကား နေ့စဉ် နံနက်တိုင်း ပြုလုပ်လေ့ရှိသော နံနက်ခင်း လုပ်ငန်းစဉ်ဖြစ်ပေသည်။

## (ခ) ပစ္ဆာဘတ္တကိစ္စ= နေ့လယ် လုပ်ငန်းစဉ်

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးသည့်နောက် တစ်နေ့တာ ဆောင်ရွက်မြဲ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက် တော်မူ၏။ ဂန္ဓကုဋီကျောင်းတော်အနီး အသင့်ခင်းထားသော နေရာတော်၌ ထိုင်တော်မူပြီးနောက် ခြေဆေးအင်ပျဉ်၌ ရပ်တော်မူလျက် ရဟန်းတော်များအား ဒုလ္လဘတရား ငါးပါးကို နေ့စဉ်ပင် ဟောကြား သတိပေးတော်မူမြဲဖြစ်သည်။

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ = ရဟန်းတို့ မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံကြပစေ။

၁။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ = ရဟန်းတို့- လောက၌ ဘုရားရှင် ပွင့်ထွန်းတော်မူခြင်း ဖြစ်ပေါ်ခဲ၏။
၂။ မနုဿတ္တဘာဝေါ ဒုလ္လဘော = လူအဖြစ်ရခြင်းသည် ခက်ခဲ၏။ (လူ့အဖြစ် ရခဲ၏)။
၃။ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘော = (ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုးကို ယုံကြည်မှု) သဒ္ဓါတရားနှင့် ပြည့်စုံခြင်းသည် ခက်ခဲ၏၊ (သဒ္ဓါနှင့် ပြည့်စုံခြင်းကို ရခဲ၏)။
၄။ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော = ရဟန်းအဖြစ်ကို ရခဲ၏။
၅။ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ = သူတော်ကောင်းတရား ကြားနာရဖို့ ခက်ခဲ၏။

ဒုလ္လဘတရား ဟောကြားသတိပေးပြီးလျှင် ကမ္မဋ္ဌာန်း မေးလျှောက်သော ရဟန်းတို့အား သင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူသည်။ ကမ္မဋ္ဌာန်း

သင်ယူပြီးသော ရဟန်းတော်များ မိမိတို့နှင့် သင့်လျော် ဆိတ်ငြိမ်ရာသို့ အသီးသီး ကြွရောက်၍ ကမ္မဋ္ဌာန်းဘာဝနာ တရား ပွားများ အားထုတ် ကြလေသည်။

ကမ္မဋ္ဌာန်းပေးပြီးနောက် ဂန္ဓကုဋီကျောင်းတော်သို့ ဝင်တော်မူကာ အလိုတော်ရှိလျှင် တစ်မဟုတ်ခန့် လျောင်းတော်မူသည်။ လျောင်းရာမှ ထတော်မူပြီးလျှင် တစ်လောကလုံးကိုခြုံ၍ ချွေချွတ်ထိုက်သော သတ္တဝါဝေနေယျများ ရှိ-မရှိ အမြဲ ရှုကြည့်တော်မူလေသည်။

မြတ်စွာဘုရား သီတင်းသုံးရာဒေသရှိ ဒကာ ဒကာမတို့သည် ညနေချမ်းကာလရောက်လျှင် အဖျော်ယမကာ၊ ပန်းနံ့သာစသည် ယူဆောင်လျက် တရားနာယူရန် ကျောင်းတော်သို့ ရောက်လာ စည်းဝေးကြသည်။ ထိုအခါ မြတ်စွာဘုရားသည် ထိုတရားမဏ္ဍပ်ရှိ နေရာတော်၌ သီတင်းသုံးတော်မူလျက် သင့်လျော်သော တရားကို ဟောကြားတော်မူလေသည်။ ညနေစောင်းအချိန်လောက်တွင် တရားပွဲပြီးဆုံး၍ ပရိသတ်တို့ ကျောင်းတော်မှ ပြန်ကြလေသည်။

## (ဂ) ပုရိမယာမကိစ္စ= ညဉ့်ဦးယံ လုပ်ငန်းစဉ်

မြတ်စွာဘုရားရှင်သည် တစ်နေ့တာ ဆောင်ရွက်ဖွယ်လုပ်ငန်းများ ပြုလုပ်ပြီးနောက် ရေချိုးတော်မူလိုလျှင် ရေချိုးအိမ်သို့ ဝင်တော်မူကာ ရေသပ္ပါယ်တော်မူသည်။ အလုပ်အကျွေးရဟန်းကလည်း ဘုရားရှင် နေရာတော်ကို ဂန္ဓကုဋီပရိဝုဏ်အတွင်း၌ ခင်းထားရလေရာ ရေသုံးသပ်တော် မူပြီးလျှင် ထိုနေရာတော်သို့ကြွကာ နှစ်ထပ်သင်္ကန်းကို ဝတ်၊ ခါးပန်းကြိုးကို ဖွဲ့ချည်ပြီးလျှင် ကိုယ်ရုံလက်ကန်တော့ထိုးတော်မူလျက် တစ်မဟုတ်ခန့် တစ်ပါးတည်း ကိန်းအောင်းစံနေတော်မူလေသည်။

ခဏကြာလျှင် ထိုထိုအရပ်မှ ရဟန်းတော်များ လာရောက် ဆည်းကပ်ကြကုန်၏။ မြတ်စွာဘုရားသည် ညဉ့်ဦးယံတစ်ချိန်လုံး ထိုရဟန်းတော်များ မေးလျှောက်သမျှ ဖြေဆိုတော်မူ၍ တရားဓမ္မဟောပြပေးတော်မူ၏။ ဤသို့ဖြင့် ညဉ့်ဦးယံအချိန်ပိုင်း ကုန်လွန်သွား၏။

## (ဃ) မဇ္ဈိမယာမကိစ္စ = သန်းခေါင်ယံ လုပ်ငန်းစဉ်

ညဉ့်ဦးယံလုပ်ငန်းပြီးဆုံး၍ ရဟန်းတော်များ ပြန်ကြပြီးသောအခါ နတ်ပြဟ္မာတို့ ဆည်းကပ်ရန် အချိန်ဖြစ်တော့သည်။ စကြာဝဠာပေါင်း တိုက်တစ်သောင်း၌ နေကြကုန်သော နတ်ပြဟ္မာတို့သည် မိမိတို့ ဆင်ခြင်စဉ်းစားခဲ့ကြသော အမေးပုစ္ဆာ ပြဿနာများကို မေးလျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် သန်းခေါင်ယံ တစ်ချိန်လုံး အမေးပုစ္ဆာ ပြဿနာအလိုက် နတ်ပြဟ္မာတို့ သံသယ ပြေကြင်းအောင် ဖြေရှင်းဟောပြတော်မူလေသည်။ မင်္ဂလသုတ် စသော သုတ်တော်များသည် နတ်ပြဟ္မာများ မေးလျှောက်သဖြင့် ဤသန်းခေါင်ယံ၌ ဟောကြားဖြေရှင်းတော်မူခဲ့သော–သုတ်တော်များ ဖြစ်လေသည်။

## (င) ပစ္ဆိမယာမကိစ္စ = မိုးသောက်ယံ လုပ်ငန်းစဉ်

ပစ္ဆိမယံခေါ် မိုးသောက်ယံကို သုံးပိုင်းခွဲဝေတော်မူလျက် တစ်ပိုင်းကို အထိုင်များသောကိုယ်ကို ပင်ပန်းမှုမှ လွတ်ကင်းစေရန် စင်္ကြံသွားခြင်းဖြင့်လည်းကောင်း၊ ဒုတိယအပိုင်း၌ ဂန္ဓကုဋီတိုက်ထဲဝင်၍ လက်ယာနံတောင်းဖြင့် သတိညာဏ်ယှဉ် ကျိန်းစက်တော်မူခြင်းဖြင့်လည်းကောင်း၊ တတိယအပိုင်း၌ စောစောထ၍ထိုင်လျက် ရှေးဘုရားရှင်များထံ ကောင်းမှုပြုခဲ့သော ပါရမီရှင်တို့ကို တွေ့မြင်ရန် ဗုဒ္ဓစက္ခုဖြင့် လောကကိုကြည့်ခြင်းဖြင့်လည်းကောင်း လွန်မြောက်တော်မူသည်။

❖❖❖❖❖

## မြတ်စွာဘုရားရှင် ဝါဆိုတော်မူရာ မြို့ရွာ ဒေသများ

(၁) ဝါ – ဗာရာဏသီပြည်၊ ဣသိပတန မိဂဒါဝုန်တော။
(၂၊ ၃၊ ၄) ဝါ – ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း။
(၅) ဝါ – ဝေသာလီပြည်၊မဟာဝုန်တော၊ကူဋာဂါရသာလာကျောင်း။
(၆) ဝါ – မကုဠတောင်၊ ချရားတော။
(၇)ဝါ – တာဝတိံသာနတ်ပြည်။
(၈) ဝါ – ဘဂ္ဂတိုင်း၊ သံသုမာရဂိရိပြည်၊ ဘဂ္ဂါသယ ဇနပုဒ်အနီး ဘေသကဠာ မိဂဒါဝုန်တော။

(၉) ဝါ - ကောသမ္ဗီပြည်၊ ဃောသိတာရုံ၊ ကုက္ကုဋ္ဌာရုံ၊ ပါဝါရိ ကာရုံ ကျောင်းများ။
(၁၀) ဝါ - ပါလိလေယျကတောအုပ်။
(၁၁) ဝါ - နာဠပုဏ္ဏားရွာ၊ နာဠိကာရုံကျောင်း။
(၁၂) ဝါ - ဝေရဉ္ဇတိုင်း၊ နဠေရုတမာပင်ရင်း။
(၁၃) ဝါ - စာလိယတောင်။
(၁၄) ဝါ - သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း။
(၁၅) ဝါ - ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း။
(၁၆) ဝါ - အာဠဝီပြည်အနီး၊ မဟာဝုန်ကျောင်း။
(၁၇) ဝါ - ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း။
(၁၈၊ ၁၉) ဝါ - စာလိယတောင်။
(၂၀) ဝါ - ရာဇဂြိုဟ်ပြည်အနီး၊ ဝေဠုဝန်ကျောင်း။
(၂၁) ဝါမှ(၃၉)ဝါ- သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း။
(၄၀) ဝါမှ(၄၄)ဝါ- သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း။
(၄၅) ဝါ - ဝေဠုဝရွာ။

❖❖❖❖❖

**သာသနာ့ဝန်ဆောင်(၄)ဦး**

မာရ်နတ်သည် မြတ်စွာဘုရားရှင်အား ပရိနိဗ္ဗာန်ပြုရန် အကြိမ်ကြိမ် လျှောက်ထားခဲ့၏။ တစ်ချိန်က မြတ်စွာဘုရားရှင်သည် မာရ်နတ်အား......"ဟယ် မာရ်နတ်...သာသနာ့ကျက်သရေဆောင် သာသနာ့ဝန်ဆောင်ဖြစ်ကြသော ငါ၏ တပည့်သားရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာ လေးဦးတို့သည် ငါဘုရားရှင် ဟောကြားတော်မူသော တရားများကို ကိုယ်တိုင်လည်း ကျင့်သုံး၍ တစ်ပါးသော သူတို့အားလည်း အကျိုးအကြောင်းသင့် တရားသဖြင့် ဟောကြား ဖြေရှင်း၍ မပေးနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မမူသေး"ဟု မိန့်တော် မူလေသည်။

**ဘုရားရှင်အား နှောင့်ယှက်ကြသူများ**

မာရ်နတ်
ဗကဗြဟ္မာ
သစ္စကကဲ့သို့သော ပရိဗိုဇ်များ
အင်္ဂုလိမာလခိုးသူကြီး
အာဠဝကနတ်ဘီလူး
နန္ဒောပနန္ဒနဂါးမင်း
ဒေဝဒတ်
နာဠာဂီရိဆင်
သုန္ဒရီပရိဗိုဇ်မ
စိဉ္စမာဏဝိကာမိန်းမ

❖❖❖❖❖

## အောင်ခြင်းရှစ်ပါး

### ၁။ မာရ်နတ်သားကို အောင်တော်မူခြင်း

ဘုရားအလောင်းတော်သည် "အသွေးအသားတို့ခန်းခြောက်ပြီး အရေ အကြောတွေ အရိုးချည်းသာ ကျန်ချင် ကျန်ပါစေ ဘုရားမဖြစ်သမျှ ငါမထ"ဟု စိတ်ကိုအခိုင်အမာဆုံးဖြတ်၍ အပရာဇိတပလ္လင်တော်ထက်၌ ထိုင်တော်မူနေစဉ် ဝသဝတ္တီနတ်ဘုံမှ မာရ်နတ်သည် "သိဒ္ဓတ္ထမင်းသားသည် ငါ၏နယ်ပယ် ဘုံသုံးပါးမှ လွတ်မြောက်ရန် ကြိုးပမ်းနေလေပြီ၊ သူ့အား ငါ၏နယ်ပယ်မှ လွတ်မြောက်ခွင့် မပေးနိုင်"ဟု ကြံစည်ကာ နတ်စစ်သည်အပေါင်းကို အမျိုးမျိုး သော လက်နက် စွဲကိုင်စေလျက် ဘုရားအလောင်းတော်အား နည်းမျိုးစုံဖြင့် ပစ်ခတ် တိုက်ခိုက်လေသည်။ သူကိုယ်တိုင်လည်း ဂီရိမေခလာ ဆင်ကိုစီးပြီး လက်ရှန်း တစ်ထောင်ဖန်ဆင်းကာ လက်နက်အမျိုးမျိုးဖြင့် တိုက်ခိုက်သည်။

ဘုရားအလောင်းတော်ကား "မာရ်နတ်သည် ငါ့ကို တိုက်ခိုက်ရန်လာပြီ ဤအရပ်၌ ငါ၏မိဘဆွေမျိုးများလည်းမရှိ၊ ကာလကြာမြင့်စွာဖြည့်ကျင့်ခဲ့သော ပါရမီဆယ်ပါးသာရှိသည်၊ ပါရမီအင်အားဖြင့်သာ ဤစစ်ပွဲကို ငါရင်ဆိုင်တော့

မည်”ဟု ကြံစည်ကာ ပါရမီဆယ်ပါးကို ဆင်ခြင်လျက် မဟာပထဝီမြေကြီးအား လက်ညှိုးညွှန်ပြီး“ ဤပလ္လင်သည် ငါပြုခဲ့သော ပါရမီကြောင့် ဖြစ်ပေါ်လာသော ပလ္လင်တည်း”ဟု မဟာပထဝီမြေကြီးကို သက်သေထူသည်။ မဟာပထဝီမြေကြီးသည် သက်သေခံသောအားဖြင့် ပြင်းစွာတုန်လှုပ်မြည်ဟီးလေသည်။ မာရ်နတ်စစ်သည်များလည်း ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးကြကုန်၏။ ထိုသို့ ဘုရားအလောင်းတော်သည် မာရ်နတ်သားကို အောင်တော်မူခဲ့ပါသည်။

## ၂။ အာဠဝကဘီလူးကြီးကို အောင်တော်မူခြင်း

အာဠဝကဘီလူးကြီးသည် အာဠဝီပြည်အနီး ညောင်ပင်ကြီးတစ်ပင်ရှိ ဗိမာန်၌နေ၏။ ဘွဲ့ဖြူလက်နက်ကို ပိုင်ဆိုင်၏၊ ဒေါသမာနကြီး၍ အလွန်ရက်စက်ကြမ်းကြုတ်၏၊ ရသေ့ရဟန်းတို့ကိုလည်း မလေးစားမရှိသေ၊ သူသည် နေမွန်းတည့်၍ ညောင်ပင်ရိပ်ကျရာအရပ်အတွင်းသို့ ခိုဝင်လာသူတို့အား သတ်ဖြတ်စားသောက်ခွင့်ကို ဝဿဝဏ်နတ်မင်းကြီးထံမှ ရရှိထားသည်။

တစ်နေ့သ၌ မြတ်စွာဘုရားသည် ဒေါသမာနကြီး၍ ရက်စက်ကြမ်းကြုတ်သော အာဠဝကဘီလူးကြီးကို ဆုံးမကယ်ချွတ်ရန် တစ်ပါးတည်း ကြွတော်မူလာပြီး ဘီလူးကြီး၏ ဗိမာန်ရှိပလ္လင်ထက်၌ နေတော်မူသည်၊ ထိုအချိန်ကား ဘီလူးကြီးသည် နတ်ဘီလူးတို့၏ အစည်းအဝေးသို့ သွားရောက်နေခိုက်ဖြစ်၏၊ မြတ်စွာဘုရားသူ့ဗိမာန်၌ ရောက်ရှိနေကြောင်းကို တံခါးစောင့်ဂဒြဘ ဘီလူး ဟေမဝတနှင့် သာတာဂိရိနတ်ဘီလူးတို့ ပြောဆိုသောစကားကို ကြားသိရသည်နှင့်တပြိုင်နက် အာဠဝကဘီလူးကြီးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ သူ့ဗိမာန်သို့ ဆင်းသက်လာ၏။

ဘီလူးကြီးသည် သူ့၏ဗိမာန်သို့ ရောက်သောအခါ မြတ်စွာဘုရားကို သေကျေပျက်စီးစေရန် ရှေးဦးစွာလက်နက် မျိုးစုံဖြင့် တိုက်ခိုက်၏၊ ထိုကဲ့သို့ လက်နက်အမျိုးမျိုး နည်းအမျိုးမျိုးတို့ဖြင့် သန်းခေါင်ကျော်သည့်တိုင်အောင် အဆက်မပြတ် တိုက်ခိုက်သော်လည်း မအောင်မြင်နိုင်သဖြင့် နောက်ဆုံး ဘွဲ့ဖြူလက်နက်ဖြင့်ပစ်ခတ်ရန် ဆုံးဖြတ် လိုက်သည်။

(ထိုဘွဲ့ဖြူလက်နက်သည်-ကောင်းကင်သို့ ပစ်လွှတ်လျှင် သစ်ပင်များ

ခြောက်သွေ့ပြီး တစ်ဆယ့်နှစ်နှစ် မိုးခေါင်စေနိုင်၏။ မြေပြင်သို့ ပစ်လွှတ်လျှင် သစ်ပင်များ ခြောက်သွေ့ပြီး တစ်ဆယ့်နှစ်နှစ်အတွင်း တစ်ဖန်ပြန်လည် မပေါက်နိုင်၊ သမုဒ္ဒရာ အတွင်းသို့ပစ်ခတ်ပါက သမုဒ္ဒရာရေများ ခန်းခြောက်ပြီး မြင်းမိုရ် တောင်လောက်ရှိ တောင်မျိုးကို ပစ်ခတ်ပါလျှင် အပိုင်းပိုင်း ပြတ်ကြွေသွားနိုင် လေသည်။)

ထိုဘွဲ့ဖြူလက်နက်ဖြင့် မြတ်စွာဘုရားကို တိုက်ခိုက်သောအခါ ထိုလက်နက်သည် မြတ်စွာဘုရားအနီးသို့ ရောက်သည်နှင့် စွမ်းရည်ကင်းမဲ့သော ခြေသုတ်အဝတ်ပုဆိုးအဖြစ် ပြောင်းလဲသွားလေသည်၊ အာဠဝကဘီလူးကြီးသည် မြတ်စွာဘုရားအား အကြမ်းနည်းဖြင့် မအောင်မြင်သဖြင့် အနုနည်းဖြစ်သော စိတ်ကို လှည့်စားသောနည်းဖြင့် တိုက်ခိုက်သော်လည်း မအောင်မြင်နိုင် သဖြင့် နောက်ဆုံး ကဿပမြတ်စွာဘုရားလက်ထက် မိဘတို့ထံမှ သင်ယူခဲ့ဖူးသော တရားဓမ္မနှင့် စပ်သော အမေးအဖြေများကိုမေး၍ မဖြေနိုင်မှ ခြေထောက်ကို ဆွဲကိုင်ကာ ဂင်္ဂါမြစ် တစ်ဖက်ကမ်းသို့ ပစ်ချလိုက်မည်ဟု ကြံစည်ပြန်သည်။

ထိုအကြံအစည်အတိုင်း မြတ်စွာဘုရားကို "အိုရဟန်းကြီး ဂေါတမ- လောက၌ မြတ်သောဥစ္စာကား အဘယ်နည်း၊ အဘယ်အရာကို ကောင်းစွာကျင့်လျှင် ချမ်းသာစေနိုင်သနည်း၊ အဘယ်အရသာသည် အကောင်းဆုံးဖြစ်သနည်း၊ အဘယ်အသက်မွေးခြင်းကို အမြတ်ဆုံးဟု ဆိုရသနည်း"ဟု ဤပြဿနာများကို မေးပါသည်။ မြတ်စွာဘုရားကလည်း "အာဠဝက-လောက၌ မြတ်သော ဥစ္စာကား သဒ္ဓါတည်း၊ ချမ်းသာစေနိုင်သောတရားကား ကုသလကမ္မပထတရား ဆယ်ပါးတည်း၊ မုသားမပါ မှန်ရာကို ပြောဆိုခြင်းသည် အကောင်းဆုံးအရသာ တည်း၊ ပစ္စုပ္ပန်သံသရာကို မြော်မြင်သောပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံးတည်း"ဟု ချက်ချင်းပင် ဖြေဆိုတော်မူလိုက်ပါသည်။

မြတ်စွာဘုရားသည် ဘီလူးကြီးမေးသော အခြားမေးခွန်းများကိုလည်း ဆက်လက်ဖြေဆိုတော် မူလိုက်ရာ အာဠဝကဘီလူးကြီးသည် လွန်စွာနှစ်သက် ဝမ်းမြောက်လျက် ဒေါသအမျက်ပြေကာ မာန်စွယ်ကျ၍ စိတ်နှလုံးနူးညံ့ သိမ်မွေ့ လာ၏၊ တရားနာရင်းနာရင်း အသိဉာဏ်အမြင်ရှင်းကာ သောတာပန် တည်လေ၏၊ ဤသို့လျှင် အာဠဝကဘီလူးကြီးကို အောင်မြင်တော်မူခြင်း ဖြစ်ပါသည်။

## ၃။ နာဠာဂီရိဆင်ကို အောင်တော်မူခြင်း

နာဠာဂီရိဆင်ကား ခက်ထန်ကြမ်းတမ်း၍ နေ့စဉ် သေရည်ရှစ်အိုး သောက်လေ့ရှိ၏၊ လူကို နင်းသတ်တတ်သော ဆင်ရိုင်းကြီးဖြစ်၏၊ လက်ဝဲရံ လက်ယာရံရာထူးနှင့်အပ်မှုနှင့်စပ်၍ မြတ်စွာဘုရားအပေါ် မကျေမနပ်ဖြစ်ကာ အမြဲရန်ရှာနေခဲ့သူ အရှင်ဒေဝဒတ်သည် လေးသမားတို့အား စေလွှတ်၍ မြတ်စွာဘုရားကို သတ်စေခဲ့သော်လည်း မအောင်မြင်၊ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံး လှိမ့်ချ၍ မြတ်စွာဘုရားကို ကိုယ်တိုင်လုပ်ကြံခဲ့သော်လည်းမသေ ခြေမတော်မှာ သွေးခြည်ဥရုံလောက်သာ ဖြစ်ခဲ့သည်။

သို့ဖြစ်၍ ယခုတစ်ကြိမ်တွင်လည်း မြတ်စွာဘုရားကို နာဠာဂီရိဆင်ဖြင့် နင်းသတ်ရန် အဇာတသတ်ဘုရင်၏ အကူ အညီကိုယူ၍ ဆင်ဆရာထံချဉ်းကပ်ကာ နာဠာဂီရိဆင်အား ခါတိုင်းထက် တစ်ပြန် တိုး၍သေရည် တစ်ဆယ့်ခြောက်အိုးကို တိုက်ကျွေးစေ၏၊ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်လာချိန်၌ ဆင်ရိုင်းကြီးကို လွှတ်၍ နင်းသတ်စေရန် စီမံစေခိုင်းသည်၊ နောက်တစ်နေ့ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တွင်းသို့ သံဃာတော်များနှင့်အတူ ကြွဝင်လာ၏၊ ထိုစဉ် အရှင်ဒေဝဒတ်၏ အစီအမံအတိုင်း နာဠာဂီရိဆင်ကို ဘုရားထံသို့လွှတ်ရာ ဆင်ကြီးသည် လမ်း၌ မြင်မြင်သမျှကို ရိုက်ချိုးချေဖျက်ကာ အမြီးနှာမောင်းတို့ကို မြှောက်ချီပြီး မြတ်စွာဘုရားထံသို့ ပြေးဝင်လာ၏။

အရှင်သာရိပုတ္တရာနှင့်မဟာသာဝက ရှစ်ကျိပ်တို့က ဆင်ကြီးကို ဆုံးမရန်ခွင့်တောင်းရာ မြတ်စွာဘုရားက ခွင့်ပြုတော်မမူချေ။ ချစ်ကြည်ညို စိတ်အားကြီးသော ညီတော်အာနန္ဒာက ဘုရားရှေ့မှ ကာကွယ်ရပ်တည်ခြင်းကို လည်း မြတ်စွာဘုရားသည် ဖယ်ရှားတော်မူကာ တစ်လောကလုံးသို့ ဖြန့်ကျက် ထားနိုင်သော အနန္တမေတ္တာဓာတ်တော်ကို နာဠာဂီရိဆင်တစ်ကောင်တည်း အပေါ်၌သာ သီးခြားရည်စူးကာ လွှမ်းခြုံ၍ ပို့လွှတ်တော်မူသည်။

နာဠာဂီရိ ဆင်ကြီးသည် မြတ်စွာဘုရား၏ အနန္တမေတ္တာဓာတ်စွမ်းအားကို ထိတွေ့ခံစား လိုက်ရသည်နှင့်တစ်ပြိုင်နက် ချက်ချင်းပင် စိတ်ကောင်းဝင်ကာ သတိသံဝေဂရပြီး ခဏအတွင်းမှာပင် ယဉ်ကျေးသိမ်မွေ့လာလျက် မြှောက်ချီ

ထားသော နှာမောင်းကို အောက်သို့ချကာ မြတ်စွာဘုရားထံသို့ ဖြည်းညှင်းစွာ တိုးရွေ့သွားပြီး ခြေတော် ရင်း၌ ပုဆစ်တုပ်လျက်အရိုအသေ ပြုနေလေသည်၊ မြတ်စွာဘုရားသည် နာဠာဂီရိ ဆင်ကြီး၏ ဦးခေါင်းပေါ်လက်တော်တင်လျက် သတ္တဝါများကို မေတ္တာထားရန် ဒုစရိုက်မှုမပြုရန် ဟောပြဆုံးမတော်မူသည်။ လူထုပရိသတ်ကြီးက ယဉ်ကျေးသိမ်မွေ့နေသော ဆင်ကြီးအား ကောင်းချီးပေးကာ အမျိုးမျိုးသော ရတနာတန်ဆာများကို ပစ်ပေါက်လျက် နာဠာဂီရိဆင်ကြီးကို ဖုံးလွှမ်းစေ၏။ ထိုအခါမှစ၍ နာဠာဂီရိဆင်သည် "ဓနပါလ"ဟုအမည်တွင်လေသည်။ နာဠာဂီရိ ဆင်သည် မြတ်စွာဘုရားကို အရိုအသေပြုကာ နောက်သို့တဖြည်းဖြည်း ဆုတ် လျက် သူ၏ဆင်တင်းကုပ်ဆီသို့ ပြန်သွားလေတော့သည်၊ ဤသို့လျှင် နာဠာဂီရိဆင်အား အောင်မြင်တော်မူခဲ့ပါသည်။

## ၄။ အင်္ဂုလိမာလကို အောင်တော်မူခြင်း

အင်္ဂုလိမာလကား သာဝတ္ထိပြည် ကောသလမင်းကြီး၏ ပရောဟိတ် ဘဂ္ဂဝပုဏ္ဏားနှင့် မန္တာဏီပုဏ္ဏေးမ၏သားဖြစ်သည်။ အင်္ဂုလိမာလကို မွေးဖွားသောညဉ့် တစ်နိုင်ငံလုံးရှိ လက်နက်များ ထူးထူးခြားခြား အရောင်တောက်ပကြ၏၊ ကောသလမင်းကြီး၏ အိပ်စက်ရာဆောင်စောင်းရှိ လက်နက်လည်း အရောင် ထွက်၏၊ ထို့ကြောင့် မင်းကြီးကြောက်ရွံ့ပြီး စက်တော်မခေါ်နိုင်ချေ၊ ဖခင်ပုရော ဟိတ်ကြီးကား နက္ခတ်ကိုကြည့်ပြီး သူ၏သားကြီးပြင်းသောအခါ လူဆိုးကြီး ဖြစ်လိမ့်မည်ကို သိလေသည်၊ နံနက်မိုးလင်းပြီး မင်းကြီးထံခစားစဉ် မင်းကြီးက ပုရောဟိတ်ကြီးအား လက်နက်အရောင်တောက်ခြင်း၏ အကျိုးအပြစ်ကို မေးလေ လျှင် ပုရောဟိတ်ကြီးက အရှင်မင်းကြီးအတွက် စိုးရိမ်ဖွယ်မရှိကြောင်း ကျွန်ုပ်အိမ်၌ သားလေးမွေး၍ လက်နက်များအရောင်တောက်ကြောင်း ထိုကလေးကြီးလာလျှင် လူဆိုးကြီးဖြစ်မည်အကြောင်းကိုလျှောက်တင်ရာ မင်းကြီးက တစ်ဦးတည်း ဆိုး မည်လော အဖွဲ့လိုက်ဆိုးမည်လောဟုမေးရာ ပုရောဟိတ်က တစ်ဦးတည်းသာ ဆိုးပါလိမ့်မည်၊ ကလေးကို သတ်တော်မူပါဟု လျှောက်တင်သော် မင်းကြီးက တစ်ဦးတည်းဆိုးသွမ်းမည့် လူဆိုးဖြစ်က မှုဖွယ်မရှိဟုပြော၍ မွေးမြူခွင့် ပေးလိုက်၏၊ ထိုသားအား အဟိံသက (မညှဉ်းဆဲတတ်သူ)ဟုမှည့်ခေါ်ကြသည်။

အဟိံသကအရွယ်ရောက်၍ တက္ကသိုလ်၌ ပညာသင်ယူစဉ် ဆရာကြီး၏ မိသားစု တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ပေးခြင်း၊ ချစ်ခင်ဖွယ်ပြုမူ ပြောဆိုတတ်ခြင်း စသည်တို့ကြောင့် ဆရာကြီးဇနီးမောင်နှံတို့၏ အရေးပေး ချီးမြှောက်မှုကို အခြားကျောင်းသားများထက် ပိုမိုရရှိလေသည်။ ထိုအခါ အခြားသော ကျောင်းသား များသည် အဟိံသကကို မနာလိုမရှုစိမ့်ဖြစ်လာပြီး ဆရာကြီး၏ ဇနီးနှင့်မှားယွင်းလေဟန် ဆရာကြီးအား ကုန်းချောလေသည်။

ပထမတွင် မယုံကြည်သော်လည်း ပြောဖန်များသော် သံသယဝင်၍ အဟိံသကအား သေကြောင်းကြံသည်အထိ ကုန်းချောစကားကို ယုံကြည်သွား၏၊ တစ်နေ့တွင် အဟိံသကကို ခေါ်၍ "အဟိံသက လူတို့၏ ညာလက်ညှိုးတစ်ထောင် ဖြတ်ပြီးပါမှ သင့်ပညာ ပြီးဆုံးမည်" ဟု ပရိယာယ်ဖြင့် ပြောဆိုစေခိုင်းလိုက်သည်၊ အဟိံသကသည် ဆရာကြီးစေခိုင်းချက်အရ လက်နက်စွဲကိုင်၍ ဇာလိနတောအုပ်သို့ ဝင်ပြီး ခရီးသွားတို့အား သတ်ဖြတ်ကာ လက်ညှိုးကို ဖြတ်ယူလေသည်၊ ဖြတ်ပြီးသောလက်ညှိုးများကို သစ်ခက် သစ်ခွအကြားတို့၌ ထားလေလျှင် ကျီးလင်းတတို့ ချီသွားသဖြင့် လက်ညှိုးတစ်ထောင် မပြည့်နိုင်ဘဲ ဖြစ်နေ၏၊ ထိုအခါ အဟိံသကသည် လက်ညှိုးများ မပျောက်ပျက်ရန် ကြိုးဖြင့် ပန်းကုံး သဖွယ်သီ၍ လည်ပင်း၌ ဆွဲထားလေသည်၊ ထိုအခါမှစ၍ **"အင်္ဂုလိမာလ"** (လက်ညှိုးပန်းကုံးဆွဲသူ)ဟု အမည်တွင်လေသည်။

လူတို့သည် အင်္ဂုလိမာလဘေးရန်ကြောင့် တောအုပ်သို့မဝင်ရဲ နောက်ဆုံး အိမ်တွင်းမှ အိမ်ပြင်သို့ပင် မထွက်ရဲဖြစ်ကာ တံခါးခြံစည်းရိုးတို့ကို လုံခြုံစွာကာရံ၍ နေကြရ၏၊ ထို့နောက် ပြည်သူများသည် အင်္ဂုလိမာလအား နှိပ်ကွပ်ရန် မင်းကြီးအားတိုင်ကြားရာ မင်းကြီးသည် အင်္ဂုလိမာလကို ဖမ်းရန် စီစဉ်လေ၏။

ထိုအကြောင်းကို မိခင်ပုဏ္ဏေးမကြီးသိ၍ သားဇောဖြင့် မနေသာတော့ဘဲ တောအုပ်အတွင်းသို့ သားနှင့်တွေ့ရန်အလာ ထိုနေ့ကား လက်ညှိုးတစ်ထောင် ပြည့်ရန် တစ်ချောင်းသာလိုသောနေ့ဖြစ်၍ ပထမဆုံးတွေ့သူကို လက်ညှိုး ဖြတ်မည် ဟု စောင့်ဆိုင်းနေခိုက် မြတ်စွာဘုရားသည် အင်္ဂုလိမာလ ကျွတ်တမ်းဝင်မည်ကို သိတော်မူ၍ တောအုပ်သို့ ကြွဝင်လာ၏၊ အင်္ဂုလိမာလသည် ရှေးဦးစွာ တွေ့ရသော မိခင်နောက်သို့ လက်ညှိုးဖြတ်ရန် လိုက်လေရာ မြတ်စွာဘုရားက ကြားဝင်၍

ကြွလေ၏၊ ထိုအခါ အင်္ဂုလိမာလသည် မိခင်နောက်သို့ မလိုက်တော့ဘဲ ဘုရားနောက်သို့ ပြေးလိုက်လေ၏၊ သို့သော် ဘုရားတန်ခိုးတော်ကြောင့် လိုက်မမီပေ။

ထို့ကြောင့် အင်္ဂုလိမာလသည် မြတ်စွာဘုရားအား "အို- ရဟန်း ရပ်လော့၊ ရပ်လော့"ဟု ဆိုသည်။ မြတ်စွာဘုရားက"အင်္ဂုလိမာလ ငါကား ရပ်နေ၏၊ သင်သည်သာ ရပ်လော့"ဟုမိန့်၏၊ အင်္ဂုလိမာလသည် မြတ်စွာဘုရား ဆိုလိုသည့် အဓိပ္ပါယ်ကို နားမလည်သဖြင့် အကြောင်းကိုမေးရာ မြတ်စွာဘုရားက "အင်္ဂုလိမာလ ငါကား မည်သည့်သတ္တဝါကိုမျှ သတ်ဖြတ်ညှဉ်းဆဲမှု မပြု၊ တုတ်,လှံ,ဓားလက်နက်တို့ကို အပြီးတိုင် ပယ်စွန့်ပြီးသူဖြစ်သည်၊ သို့ဖြစ်၍ သံသရာ၌ မပြေးသွားရတော့ချေ၊ သင်ကား လူတို့ကို ညှဉ်းဆဲသတ်ဖြတ်နေသူဖြစ်၍ သင့်ခြေက ရပ်နေသော်လည်း သင်သည် သံသရာတစ်ခွင်၌ ကျင်လည် ပြေးသွားရဦးမည့်သူဖြစ်သည်"ဟု မိန့်တော်မူရာ အင်္ဂုလိမာလသည် ဘုရားမှန်း သိ၍"မြတ်စွာဘုရား ငါ့ကို ချီးမြှောက်ရန် ကြွလာပေသည်"ဟု ပီတိသောမနဿ ဖြစ်ပေါ်လာကာ ချက်ချင်းပင် အသိတရားရ၍ လက်နက်များစွန့်ကာ ဘုရားရှေ့ ရောက်၍ ရှိခိုးပြီး ရဟန်းပြုခွင့်တောင်းရာ မြတ်စွာဘုရားသည် "ဧဟိ ဘိက္ခု" ခေါ်၍ ရဟန်းပြုပေးတော်မူလေ၏။ မျှားမကြာမီ အင်္ဂုလိမာလသည် တရားအားထုတ်၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူပါသည်။ ဤသို့လျှင် အင်္ဂုလိမာလကို အောင်မြင်တော်မူခြင်းဖြစ်ပါသည်။

## ၅။ စိဉ္စမာနဝိကာကို အောင်တော်မူခြင်း

စိဉ္စမာနဝိကာသည် သာဝတ္ထိပြည်၌နေသူ တိတ္ထိတို့၏ တပည့်မတစ်ဦးဖြစ်၍ ရုပ်ရည် ချောမောလှပသော မိန်းမပျိုတစ်ဦးဖြစ်သည်။ သူမကို မန်ကျည်းပင်၌ သံသေဒဇပဋိသန္ဓေတည်ခဲ့သူ ဖြစ်ခြင်းကြောင့် **"စိဉ္စမာနဝိကာ"**ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

မြတ်စွာဘုရား ပွင့်တော်မူသောအခါ တိတ္ထိတို့သည် နေ၏အလင်းရောင်အောက်ရှိ ပိုးစုန်းကြူးပမာ တန်ခိုးအရှိန်အဝါလျော့ပါးပြီး လာဘ်လာဘ ဆုတ်ယုတ်လာကြသဖြင့် မြတ်စွာဘုရား၏ မကောင်းသတင်း လွှင့်ထုတ်ရန်အတွက် စိဉ္စမာနဝိကာကို အသုံးချရန်စီစဉ်သည်။ စိဉ္စမာနဝိကာအား မြတ်စွာဘုရားနှင့် ပေါင်းသင်း၍ ကိုယ်ဝန်ရသယောင် လူတို့အားသိစေလျက် ကိုယ်ဝန်အတု ပြုလုပ်

ထားသော သစ်သားကို ဝမ်းဗိုက်မှာဖွဲ့ချည်၍ ကိုယ်ဝန်အရင့်မာ ရှိနေသည့်ဟန် ပြုလုပ်ကာ မြတ်စွာဘုရားတရားဟောတော်မူနေစဉ် ပလ္လင်ရှေ့မှာ ရပ်ပြီး ပရိသတ်မျက်မှောက်၌ မြတ်စွာဘုရားကို ကိုယ်ဝန်နှင့်ပတ်သက်၍ တာဝန် မယူရကောင်းလား စသည်ဖြင့် စွပ်စွဲပြောဆိုလေသည်။

ထိုအခြေအနေကို သိသောသိကြားမင်းက နတ်သားလေးယောက်နှင့်အတူ ရောက်လာပြီး နတ်သား လေးယောက်သည် ကြွက်အယောင်ဆောင်ကာ ဗိုက်တွင် သစ်သားနှင့်ညှပ်ချည် ထားသောကြိုးများကို ကိုက်ဖြတ်ကြ၏၊ ဝတ်ထားသော အဝတ်တို့ကိုလည်း လေဖြင့် တိုက်ထုတ်လိုက်သောအခါ လွင့်သွားလေ၏။ ကြိုးပြတ်သောကြောင့် သစ်သားများလည်း စိဉ္စမာနဝိကာ၏ ခြေဖမိုးထက်ကျသဖြင့် ခြေဖျားများ ကျိုးသွား လေတော့၏။ တရားနာသူတို့က ယုတ်မာသော စိဉ္စမာနကို ပရိသတ်အတွင်းမှာ ဆွဲထုတ်လိုက်ကြသည်။ ဘုရားရှင် မျက်မြင်ဆုံးသောအရပ် အရောက်တွင်မူ မြေမျိုခြင်းခံလိုက်ရပြီး အဝီစိငရဲသို့ သက်ဆင်းရပါတော့သည်။ ဤသို့လျှင် စိဉ္စမာနဝိကာကို အောင်တော်မူခဲ့ပါသည်။

## ၆။ သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း

နိဂဏ္ဌတက္ကတွန်းမိဘနှစ်ပါး၏ သားဖြစ်သော သစ္စကပရဗိုဇ်သည် ဝါဒတစ်ထောင် သင်ယူတတ်မြောက်သဖြင့် ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ ဆရာ ဖြစ်၍ အယူဝါဒရေးရာ စကားပြိုင်ဆိုင်ပြောဆိုလေ့ရှိပြီး "ငါပညာရှိ"ဟု ကြွေးကြော် လျက် မာနထောင်လွှား၍ နေလေသည်။

သူသည် မြတ်စွာဘုရား၏ အစိုးမရခြင်းဟူသော အနတ္တဝါဒကို စုံစမ်း သိရှိခဲ့ပြီးနောက် မြတ်စွာဘုရားနှင့်ဝါဒပြိုင်ရန် လိစ္ဆဝီပရိသတ်ကို ခေါ်ဆောင်ပြီး ဘုရားသီတင်းသုံးရာ မဟာဝုန်တောအတွင်း ကူဋာဂါရ (ပြာသာဒ်ကျောင်း)သို့ သွားရောက်၍ မြတ်စွာဘုရား၏ အနတ္တဝါဒကို ခန္ဓာငါးပါးတို့သည် မည်သည့် အခါမျှ မပျက်စီးသော အမာခံအတ္တသာဖြစ်ကြောင်း ပြောဆို၍ မြတ်စွာဘုရား၏ အနတ္တဝါဒကို ဆန့်ကျင်တိုက်ခိုက်လျက် ဝါဒပြိုင်ပါသည်။

ထိုအခါ မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်အား "သစ္စက-သင်က ခန္ဓာငါးပါးကို အစိုးရသည် ပိုင်ဆိုင်သည် အတ္တဖြစ်သည်ဟု သင်ယူဆပြောဆို

လျှင် သင့်ရုပ်ကို ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေနှင့်ဟု သင်အာဏာထားနိုင်သလော"ဟု အကြိမ်ကြိမ်မေးလေရာ နောက်ဆုံးတွင် သစ္စကပရိဗိုဇ်သည် ခန္ဓာငါးပါးတို့ကို အစိုးမရသော အနတ္တသာလျှင်ဖြစ်ကြောင်း ဝန်ခံလျှောက်ထားစေလျက် သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခဲ့ပါသည်။

## ၇။ နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူခြင်း

နန္ဒောပနန္ဒနဂါးမင်းကား နတ်နဂါးမျိုးနွယ်ဖြစ်၏၊ အလွန်ကြီးကျယ်သော ကိုယ်ခန္ဓာကို ဖန်ဆင်းနိုင်၏၊ အလွန်ပြင်းထန်သော အခိုးအငွေ့များ မီးလျှံများ နှာခေါင်းလေများကို လွှတ်လျက် သတ္တဝါများကို သတ်ဖြတ်နိုင်၏၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုမသိ၊ မိစ္ဆာအယူရှိ၏၊ တစ်နေ့သ၌ သူသည် နတ်နဂါးတို့စီစဉ်ထားသော သေသောက်ပွဲသဘင်ကို ပျော်ရွှင်ခံစားရန် နတ်ပလ္လင်ထက်မှာ နတ်နဂါးမင်းတို့၏ စည်းစိမ်ဖြင့် ထိုင်လေသည် အရွယ်စုံကချေသည် နတ်နဂါးမတို့ကလည်း သူ့အား ဝန်းရံခစားနေကြ၏၊ ထိုနေ့တွင် မြတ်စွာဘုရားသည် ကျွတ်ထိုက်သောသတ္တဝါများကို ကြည့်တော်မူသောအခါ နန္ဒောပနန္ဒနဂါးမင်းကို မြင်တော်မူ၏၊ နောက်ပါရဟန်းငါးရာနှင့်အတူ နဂါးမင်းကြီး၏ သေသောက်ပွဲသဘင် အခမ်းအနားပေါ်မှဖြတ်ကျော်၍ တာဝတိံသာနတ်ပြည်သို့ ကြွချီတော်မူလေ သည်၊ ထိုအခြင်းအရာကို မြင်သော နဂါးမင်းကြီးသည် "ဤရဟန်းတို့သည် ငါတို့အထက်က တာဝတိံသာနတ်ပြည်သို့ သွားလေ့ရှိ၏၊ ယခုလည်း ငါတို့အပေါ်သို့ မြေမှုန်များကြဲချလျက် သွားကြပြန်သည်"ဟု ဒေါသတကြီးဖြင့် မြင့်မိုရ်တောင်ခြေသို့ သွားပြီးလျှင် တန်ခိုးဖြင့် မြင့်မိုရ်တောင်ကို ခုနစ်ပတ်ရစ်ပတ်လျက် အလွန်ကြီးမားသော ပါးပျဉ်းကြီးဖြင့် တာဝတိံသာနတ်ပြည်ကို မမြင်အောင် ဖုံးလွှမ်းထား၏၊ ထိုအကြောင်းကိုသိသော အရှင်ရဋ္ဌပါလစသော ရဟန်းတော်များက နဂါးကို ဆုံးမဖို့ခွင့်တောင်းရာ ခွင့်မပြုဘဲ အရှင်မောဂ္ဂလာန်ခွင့်တောင်းမှ ခွင့်ပြုတော်မူသည်။

အရှင်မောဂ္ဂလာန်သည် နဂါးမင်းထက် ပိုမိုကြီးမားသော ခန္ဓာကိုယ်ကို ဖန်ဆင်းလျက် နဂါးမင်း၏ အခွေပေါ်မှ တစ်ဆယ့်လေးပတ် ရစ်ပတ်လိုက်ကာ နဂါးမင်းထက် ပြင်းထန်သော အခိုးအငွေ့မီးလျှံများကို လွှတ်ကာ နဂါးမင်းကို ထိခိုက်စေ၏၊ ထို့နောက် ပကတိရဟန်းအသွင်ဖြင့် နဂါးကြီးခန္ဓာကိုယ်အတွင်းသို့

ဝင်ပြုခြင်း၊ခန္ဓာကိုယ်အတွင်း၌ စကြံလျှောက်ပြုခြင်း၊ နဂါးမင်း၏ ပြင်းထန်စွာ မှုတ်ထုတ်လိုက်သော နှာခေါင်းလေကို စတုတ္ထစျာန်ဝင်စားကာ ကာကွယ်ခြင်း၊ စသည်ဖြင့် နဂါးမင်းအား ဆုံးမ၏။ နောက်ဆုံး အရှင်မောဂ္ဂလာန်သည် ဂဠုန် ငှက်မင်းအသွင် ဖန်ဆင်း၍ နဂါးမင်းအားထိုးသုတ်ဟန်ဖြင့် နောက်ကလိုက်ရာ နဂါးမင်း ပြေးမလွတ်သဖြင့် လုလင်ငယ်အသွင် ဖန်ဆင်း၍ "အရှင်ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏"ဟုလျှောက်ကာ အရှင်မြတ်အား ရှိသေစွာရှိခိုးလေ၏။ ထို့နောက် အရှင်မောဂ္ဂလာန်သည် နန္ဒောပနန္ဒနဂါးမင်းအား မြတ်စွာဘုရားထံ ခေါ်ဆောင်သွား၏၊ နဂါးမင်းသည် မြတ်စွာဘုရားထံရောက်သောအခါ ရှိသေစွာရှိခိုးပြီး သရဏဂုံ ဆောက်တည်၍ ဉပါသကာအဖြစ် ခံယူလေသည်။ ဤသို့လျှင် နန္ဒောပနန္ဒနဂါးမင်းအား အောင်မြင်တော်မူခဲ့ပါသည်။

**၈။ ဗကဗြဟ္မာကြီးကို အောင်တော်မူခြင်း**

ဗကဗြဟ္မာသည် ပထမစျာန်ဘုံ၌နေသောမဟာဗြဟ္မာကြီးဖြစ်၏၊ သူ၏ တန်ခိုးအာဏာသည် လောကဓာတ်စကြဝဠာပေါင်းတစ်ထောင်အတွင်း၌ ပြန့်နှံ့ ၏၊ ကျော်စောသတင်းကြီး၍ အခြွေအရံလည်းများပြား၏၊ သူသည် ဗြဟ္မာ့ဘုံ၌ အနေကြာလာခဲ့သဖြင့် အတိတ်ဖြစ်စဉ်များကို မေ့ပျောက်ပြီး ဤကိုယ်ခန္ဓာနှင့် ဗြဟ္မာလောကသည် မပြိုမကွဲအစဉ်မြဲ၏၊ ထာဝရခိုင်ခန့် တည်တံ့၏ စသည်ဖြင့် သဿတမိစ္ဆာဒိဋ္ဌိအယူကို ဆွဲယူလေသည်။

မြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့ သုဘဂ တောအုပ် အင်ကြင်းပင်ရင်း၌ သီတင်းသုံးတော်နေတော်မူစဉ် ဗကဗြဟ္မာ၏ မိစ္ဆာဒိဋ္ဌိအကြံကို သိတော်မူ၍ ဗြဟ္မာကြီးကို ကယ်ချွတ်ရန် ဗြဟ္မာ့ပြည်သို့ ကြွတော်မူသည်၊ ဗကဗြဟ္မာကြီးသည် ဘုရားကြွလာသည်ကို ခရီးဦးကြိုဆို၍ သူ၏အယူဖြစ်သော သဿတဒိဋ္ဌိမိစ္ဆာ အယူကို မြတ်စွာဘုရားအား ဗြဟ္မာ့ပရိသတ်ရှေ့တွင် ပြောဆို၏။

မြတ်စွာဘုရားကလည်း ဗကဗြဟ္မာ၏ အယူမှားနေပုံ သင်္ခါရတရားတို့၏ မမြဲပုံ ပဋိသန္ဓေနေသူ၊ အိုသူ၊ နာသူ၊သေသူရှိပုံ၊ ဤဘုံမှတစ်ပါး (ပထမစျာန်ဘုံမှ တစ်ပါး)အခြား ဒုတိယစျာန်ဘုံရှိပုံ၊ ထိုမှတစ်ဖန် မဂ်ဖိုလ်နှင့်နိဗ္ဗာန်ဟူသော သာလွန်မြင့်မြတ် ထွက်မြောက်ရာလမ်းများ ရှိပုံကို ဟောပြပါသည်။ သို့သော်လည်း

ဗကပြဟ္မာကြီးက ဘုရားမိန့်ဆိုချက်ကို ငြင်းပယ်လျက် သူ့အယူအဆသာ မှန်ကန်ကြောင်း ပြောဆို၏၊ ထိုအခါ မြတ်စွာဘုရားက ဗကပြဟ္မာ၏ ရှေးဘဝက ကျင့်ခဲ့သောတရားများ ဝေဟပ္ဖိုလ်ဘုံ စသည်၌ ဗကပြဟ္မာဖြစ်ခဲ့ပုံများ ရှေးလူ့ဘဝတွင် ဗကပြဟ္မာလောင်းရသေ့ကြီး ပြုလုပ်ခဲ့သောကုသိုလ်ကံများကိုပါ အကျယ်တဝင့် ဟောပြလေရာ ဗကပြဟ္မာကြီး အသိတရားရလာ၏။

ထို့အပြင် မြတ်စွာဘုရားက ပထဝီဓာတ်စသော အနိစ္စစသည်ဖြစ်ပုံနှင့် နိဗ္ဗာန်၏ သဘောတရားတို့ကို ဆက်လက်ဟောပြရာ ပြဟ္မာကြီးသည် မိမိ၏ အယူဝါဒကို စွဲမြဲစွာ ဆုတ်ကိုင်မထားနိုင်တော့ချေ။ သို့ရာတွင် မိမိအရှုံးကို ဖုံးကွယ်လို၍ တန်ခိုးပြိုင်သည့်အနေအားဖြင့် မြတ်စွာဘုရားနှင့်ကိုယ် ကွယ်ပျောက်ခြင်း စသည်အားဖြင့် တန်ခိုးပြိုင်သော်လည်း ဘုရားကို မနိုင်၍ ပရိသတ်အလယ်၌ အရှက်ရကာ မှိုင်တွေနေရ၏၊ နောက်ဆုံးတွင် မြတ်စွာဘုရားက ပြဟ္မာအားလုံး မမြင်နိုင်အောင် ကိုယ်တော်ကို ကွယ်ပျောက်စေလျက် အသံတော်သက်သက်ဖြင့် သံသရာမှ လွတ်မြောက်ကြောင်းတရားတော်တို့ကို ဟောတော်မူရာ ပြဟ္မာအပေါင်း တရုံးသိမြင် ကျွတ်တမ်းဝင်ကြကုန်၏၊ ပြဟ္မာကြီးလည်း မြတ်စွာဘုရား၏ ဂုဏ်တော်များကို ချီးမွမ်းပြောဆိုပြီး မိစ္ဆာအယူကို စွန့်လေတော့သည်။ ဤသို့လျှင် ဗကပြဟ္မာအား အောင်မြင်တော်မူခဲ့ပါသည်။

❖❖❖❖❖

# မြတ်ဗုဒ္ဓသော်မှ ရှောင်လွှဲမရခဲ့သည့် ဝဋ်တော် တစ်ဆယ့်နှစ်ပါး

## (၁) ပဌမဝဋ်တော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ဇောတိပါလမည်သော ပုဏ္ဏားလုလင်ဖြစ်ခဲ့၍ ကဿပမြတ်စွာ ဘုရားကို "ဤဦးပြည်းရဟန်းအဖို့ရာ သဗ္ဗညုတရွှေဉာဏ်တော်သည် အဘယ်မှာ ဖြစ်နိုင်အံ့နည်း၊ သဗ္ဗညုတရွှေဉာဏ်တော်ဟူသည်မှာ အလွန်တရာ ရခဲသော တရားဖြစ်သည်"ဟု နှုတ်ဖြင့် ပြစ်မှားပြောကြားခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် ဤနောက်ဆုံး ပစ္ဆိမဘဝဝယ် တောထွက်၍ ဘုရားဖြစ်ရန် ဒုက္ကရစရိယာ ကျင့်တော်မူသောအခါ အခြားတစ်ပါးသော ဘုရားအလောင်းတို့မှာ ရက်, လ အနည်းငယ်သာ ထိုက်သည်အလျောက် ကျင့်ကြရသော်လည်း အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် အလောင်းတော်မှာမူ ဖော်ပြပါ ဝစီဝိပါက်ဝဋ်တော်လိုက်မှုကြောင့် ခြောက်နှစ် ကြာအောင် ဒုက္ကရစရိယာကို ကျင့်တော်မူရလေသည်။

## (၂) ဒုတိယဝဋ်တော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် သဗ္ဗာဘိ အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို "သီလမရှိ သူယုတ်မာသာ ဖြစ်ဘိ၏"ဟု စွပ်စွဲစကား ပြောမှားခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကြောင့် အနှစ်တစ်သောင်းကြာ ငရဲ၌ ဒုက္ခ ဝေဒနာကို ခံစံခဲ့ရပြီး လူဖြစ်သော ဘဝများစွာတို့၌လည်း လူသူလေးပါးတို့၏ မဟုတ်မတရား စွပ်စွဲသည်ကို ခံခဲ့ရ၍ ဤယခုနောက်ဆုံး ပစ္ဆိမဘဝ ဘုရားဖြစ်တော် မူသောအခါ ပရိသတ်ဗိုလ်ပုံအလယ်၌ စိဥ္စမာဏမိန်းမယုတ်၏ မဟုတ်မတရား စွပ်စွဲခြင်းကို ခံတော်မူရလေသည်။

## (၃) တတိယဝင်္ဂတော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် မုနာဠိမည်သော သေသောက်ကြူးဖြစ်၍ သုရာဘိအမည်တော်ရှိသော ပစ္စေကဗုဒ္ဓါကို "ဤသူကား လူသူလေးပါး ဆိတ်ကွယ်ရာအရပ်၌ ကာမလိုက်စား မွေ့လျော်ပျော်ပါး၍ တရားမရှိ ဒုဿီလပုဂ္ဂိုလ်ဖြစ်ဘိ၏"ဟု စွပ်စွဲစကား ပြောမှားတော်မူခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ဒုက္ခဝေဒနာကို ခံစားခဲ့ရပြီး ဤယခု နောက်ဆုံး ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ လူသူအများအထင်မှားအောင် သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို ခံတော်မူရလေသည်။

## (၄) စတုတ္ထဝင်္ဂတော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် လူအများ လေးစားကော်ရော် ပူဇော်အပ်သော ဗေဒင်သုံးရပ် ကမ်းဆုံးခတ်အောင် တတ်မြောက်သူ ပုဏ္ဏားပါမောက္ခ ဆရာကြီးဖြစ်၍ တပည့်လုလင် ငါးရာတို့ကို မဟာဝုန်တောအ၌ ဗေဒင်ကျမ်းများ သင်ကြားပို့ချ ပြသနေစဉ် အဘိညာဉ် တန်ခိုးရှင် ဘီမ,မည်သော ရသေ့သူမြတ် ထိုအရပ်သို့ ကြွရောက်လာသည်ကို မြင်ရ၍ ကြည်ညို ရမည့်အစား နှလုံးသွင်းမှားယွင်းကာ "ဤရသေ့ကား ကာမစည်းစိမ်ကို ခံစားသူ ရသေ့စဉ်းလဲဖြစ်သည်" ဟု စွပ်စွဲစကား တပည့်တို့ကို ပြောကြားလေရာ ထိုတပည့်ငါးရာတို့သည်လည်း ဆရာကြီးစကားကို အားရဝမ်းသာ လက်ခံကြကာ ကာမစည်းစိမ်ကိုခံစားသူ ရသေ့စဉ်းလဲဖြစ်သည်ဟု အိမ်တိုင်း အိမ်တိုင်းရှိ လူများအား ပြောကြားကြ လေသည်။

ထိုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ထိုတပည့်ငါးရာတို့သည် နောက်ဆုံးဘဝ ဘုရားရှင်လက်ထက်တော် အခါ တပည့်ရဟန်းငါးရာဖြစ်လာကြကာ သုန္ဒရီပရိဗိုဇ်မ (တိတ္ထိတို့သတ်၍) သေခြင်းဟူသောအကြောင်းကြောင့် လူအများ၏ မဟုတ်မတရား စွပ်စွဲကဲ့ရဲ့ခြင်းကို ခံရလေသည်။ သာဝကတို့ကို အစွပ်စွဲခံရခြင်းသည်လည်း ကိုယ်တော်မြတ် အစွပ်စွဲခံရသည်သာ မည်လေသည်။

## (၅) ပဥ္စမဝင်္ဂတော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် မိကျွဲဖတူ ဖြစ်သော ညီငယ်ကို ဥစ္စာလိုချင်တပ်မက်သောကြောင့် သတ်ဖြတ်၍ ထောင်ချောက်ကြား၌ ပစ်ချရုံမျှမက ကျောက်တုံးဖြင့် တဖန်ထပ်၍ ဖိညှပ်ကြိတ်ချေမှု ပြုခဲ့လေသည်။

ထိုမကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် နောက်ဆုံးပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါဝယ် ရှင်ဒေဝဒတ် ကျောက်မောင်းဆင်၍ ပစ်ချသည်ကို ခံရ၍ ခြေမတော်ကို ကျောက်ချပ်ကျောက်လွှာ စင်ထွက်လာကာ သွေးစိမ်း တည်အောင် အထိအနိုက် ခံတော်မူရလေသည်။

## (၆) ဆဋ္ဌမဝင်္ဂတော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် အမြော် အမြင် အဆင်အခြင်နည်းပါးသည့် သူငယ်ဆိုး (လမ်းသူရဲ) ဖြစ်၍ လမ်းခရီးမဝယ် မြူးထူးပျော်ပါး ကစားနေစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို မြင်ရလျှင် ကြည်ညိုရမည့်အစား နှလုံးသွင်းမှားကာ လမ်းခရီး၌ရှိသည့် ကျောက်ခဲ များကို ကောက်ယူကာ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ပစ်ခတ် ပြစ်မှားလေသည်။

ထိုမကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် နောက်ဆုံးပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ကိုယ်တော်မြတ်ကို အသေသတ်ဖို့ရန် ရှင်ဒေဝဒတ်က လူသတ်လေးသမားများ စေလွှတ်သည်ကို ခံတော်မူရလေသည်။

## (၇) သတ္တမဝင်္ဂတော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် ဆင်ထိန်းယောကျ်ားဖြစ်ခဲ့၍ ဆွမ်းခံကြွဝင်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးကို ဆင်ဖြင့်နင်းသတ်တော့မည့်ဟန် အဖန်ဖန် ခြောက်လှန့်ခဲ့လေသည်။

ထိုမကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ရာဇဂြိုဟ်ပြည်ဝယ် အရက်များစွာသောက်၍ အကြမ်းစိတ်၊ အရိုင်းစိတ်ပေါက်နေသော နာဠာဂီရိဆင်က ကိုယ်တော်မြတ်ကို နင်းသတ်ရန် ရှေးရှုချဉ်းကပ်လာ သည်ကို ခံတော်မူရလေသည်။

## (၈) အဋ္ဌမဝင်္ဂတော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် ပြည့်ရှင်မင်းဖြစ်၍ မင်းမာန်တက်ကာ (ဒုစရိုက်မှုကို မစဉ်းစားဘဲ) ယောကျ်ား တစ်ယောက်ကို ကိုယ်တိုင်ပင် လုံဖြင့်ထိုးဆွ သတ်ဖြတ်ခဲ့လေသည်။

ထိုမကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ငရဲ၌ အနှစ်များစွာ ကျခဲ့ရပြီးလျှင် ဤနောက်ဆုံး ပစ္ဆိမဘဝ၌ ရှင်ဒေဝဒတ် ကျောက်မောင်းဆင်၍ ချသောအခါ ကျောက်လွှာကျောက်ချပ် ခြေမတော်၌ထိခိုက်၍ သွေးစိမ်းတည်သော အနာရောဂါကို ကုစားရန်အတွက် ဆရာဇီဝက,က ခြေမတော်ကို ဓားဖြင့်ခွဲသည်ကို ခံတော်မူရလေသည်။

## (၉) နဝမဝင်္ဂတော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် တစ်ခုသော တံငါရွာ၌ တံငါသားငယ်ဖြစ်၍ မိမိဆွေမျိုး တံငါတို့က ငါးတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ကြသည်ကို မြင်ရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိခဲ့လေသည်။

ထိုမကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် နောက်ဆုံးပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ဦးခေါင်းကိုက်ရောဂါ မကြာခဏဖြစ်သည်ကို ခံတော်မူရလေသည်။ ရှေးအခါက ငါးတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသော ဆွေမျိုးတံငါတို့သည်ကား ယခုအခါ သာကီဝင်မင်းများဖြစ်လာကြ၍ ဝိဋူဍူဘ၏ ဥပစ္ဆေဒကကံဖြင့် ခံရကာ သေကြရလေသည်။

## (၁၀) ဒသမဝင်္ဂတော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် ဖုဿမြတ်စွာဘုရားရှင်၏ သာသနာတော်၌ တပည့်သာဝက ရဟန်းတော်တို့ကို "သင်တို့သည် မုယောကို ခဲကြ, စားကြလော့၊ သလေးဆွမ်း တို့ကို မစားကြကုန်လင့်" ဟု ရေရွတ်စကား ပြောမှားခဲ့လေသည်။

ထိုမကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် နောက်ဆုံးပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ဝေရဥ္စာပြည်၌ ဝေရဥ္စာပုဏ္ဏား လျှောက်ထား ပင့်ဖိတ်ချက်အရ ဝါကပ်တော်မူစဉ် ဝါတွင်းသုံးလပတ်လုံး မုယောမှုန့်ကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူရလေသည်။

## (၁၁) ကောဒသမဝဋ်တော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် လက်ဝှေ့သမား ဖြစ်တော်မူ၍ အခြားလက်ဝှေ့သမားတစ်ဦးကို ခါးရိုးကျိုးအောင် ရိုက်ချိုးထိုးသတ်ခဲ့လေသည်။

ထိုမကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် နောက်ဆုံးပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ခါးတော်ညောင်းညာနာကျင်ကိုက်ခဲခြင်း ဆင်းရဲဒုက္ခကို ခံတော်မူရလေသည်။

## (၁၂) ဒွါဒသမဝဋ်တော်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် ဆေးဆရာဖြစ်ခဲ့၍ ဆေးဖိုးဝါးခမပေးလိုသော သူဌေးသားတစ်ယောက်ကို ဝမ်းလားဆေး တိုက်ကျွေးခဲ့လေသည်။

ထိုမကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ဤနောက်ဆုံးပစ္ဆိမဘဝ ဘုရားဖြစ်တော်မူပြီး ပရိနိဗ္ဗာန် စံတော်မူခါနီးကာလ၌ပင် သွေးဝမ်းသွန်သည့် ရောဂါဝေဒနာ ကိုယ်တော်မြတ်မှာ စွဲကပ်လာရလေသည်။

**ဝိပါက်တော် (၁၂) ပါး မှတ်ဖွယ်လင်္ကာ**

၁။ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ ကျင့်ရှာဘယ်ဝိပါက်။
ကဿပမည်တွင်၊ ဘုရားရှင်၊ ပြစ်တင် ဝစီတွက်။
၂။ စိဥ္စမာဏ ကိုယ်ဝန်ပြ၊ စွဲရာ ဘယ်ဝိပါက်။
ရှင်ပစ္စေကာ၊ ကျင့်ယုတ်မာ၊ စွဲရ ဝစီတွက်။
၃။ သုန္ဒရီ ပရိဗိုဇ်မ၊ စွပ်စွဲရ၊ ရှေးက ဘယ်ဝိပါက်။

ရှင်ပစ္စေကာ၊ ဒုဿီလာ၊ ပြောထ ဝစီတွက်။
၄။ သုန္ဒရီသေ၊ တိတ္ထိတွေ၊ စွဲလေ ဘယ်ဝိပါက်။
ရှင်ရသေ့အား၊ ကျင့်ဖောက်ပြား၊ ပြောကြား ဝစီတွက်။
၅။ ဘုရားခြေမ၊ ကျောက်မှန်ကျ၊ ရှေးကဘယ်ဝိပါက်။
ညီငယ်ပျိုနု၊ အမွေလု၊ ကျောက်ထုသတ်သည့်တွက်။
၆။ လူသတ်လေးသမား၊ စေလွှတ်ငြား၊ ဘုရားဘယ်ဝိပါက်။
ဆွမ်းခံကြွဝင်၊ ပစ္စေရှင်၊ လမ်းတွင် ခဲပစ်ချက်။
၇။ နာဠာဂီရိဆင်၊ တိုက်သည့်အင်၊ ဘုန်းရှင်ဘယ်ဝိပါက်။
ဆွမ်းခံကြွဝင်၊ ပစ္စေရှင်၊ လမ်းတုင်ဆင်တိုက်ချက်။
၈။ ခြေမ ကိုက်လှ၊ ဇီဝက ခွဲရ ဘယ်ဝိပါက်။
မင်းဖြစ်လေငြား၊ သေသောက်စား၊ သူများသတ်သည့်တွက်။
၉။ ခေါင်းတော်ရုံဖန်၊ ခဲရပြန်၊ ဘယ်ကံဘယ်ဝိပါက်။
တံငါအပေါင်း၊ ငါးဦးခေါင်း၊ ထုထောင်းဝမ်းမြောက်ချက်။
၁၀။ ဆွမ်းမုယောဆန်၊ စားရပြန်၊ ရှေးကံဘယ်ဝိပါက်။
သံဃာတော်များ၊ ဆွမ်းကြမ်းစား၊ ပြစ်မှားဝစီတွက်။
၁၁။ ခါးတော်ရုံဖန်၊ နာရပြန်၊ ရှေးကံဘယ်ဝိပါက်။
လက်ဝှေ့သမား၊ တစ်ဖက်သား၊ ခါးချိုးသတ်သည့်တွက်။
၁၂။ ဝမ်းတော်လားရ၊ ကြီးဒုက္ခ၊ ဖြစ်ရဘယ်ဝိပါက်။
ဆေးခမပေးငြား၊ သူဌေးသား၊ ဝမ်းသွားဆေးပေးချက်။

## ဘုရားရှင်၏ ပရိနိဗ္ဗာန် အကြိုခရီး

မြတ်စွာဘုရားသည် ပါရမီဖြည့်ကျင့်တော်မူသည်မှစ၍ ပရိနိဗ္ဗာန် ပြုတော်မူရသည့် ကာလတိုင်အောင် ၄၅-ဝါ ကာလပတ်လုံး မည်သည့်အချိန်က မည်သည့်မြို့ရွာဒေသ၌ သီတင်းသုံး၍ မည်သူမည်ဝါတို့အား မည်သည့်တရားကို ဟောကြားကြောင်း နေရာ ဒေသ ဟောပြသောတရား ဖြစ်ပွါးသောအကြောင်းအရာ ၄၅-နှစ်တာ တွေ့ကြုံဆုံဆည်းရသူများအကြောင်း အသေးစိတ်မှတ်တမ်း တင်ထားလျက် ရှိသည်မှာ ဗုဒ္ဓနှင့် ဗုဒ္ဓသာသနာတော်၏ ထူးခြားသော ဝိသေသ လက္ခဏာကြီး ဖြစ်ပေသည်။

ဘုရားရှင်သည် ၄၄-ဝါမြောက်ဝါကို ဝိသာခါ ကျောင်းအမကြီး ဆောက်လှူသော သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူပြီးနောက် နောက်ပါ ရဟန်းများနှင့်အတူ မာဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည်။ ရာဇဂြိုဟ်ပြည်၌ ကျောင်းတိုက်ကြီး ၁၈-တိုက် ရှိရာတွင် ဂိဇ္ဈကုဋ်တောင်ကျောင်း၌ ကိန်းအောင်း စံနေတော်မူလေသည်။

ထိုစဉ်အခါ အဇာတသတ်မင်းသည် ဝေသာလီ၊ ဝဇ္ဇီမင်းများကို တိုက်ခိုက်ရန်အတွက် ဝဿကာရပုဏ္ဏားကြီးအား ဥပါယ်တံမျဉ်ဖြင့် ဘုရားရှင်ထံ စေလွှတ်၍ ဘုရားရှင်၏ ဆန္ဒတော်ကိုရယူရန် စီမံလေသည်။

စစ်တိုက်ရာ၌ လက်နက်ဖြင့် အကြမ်းဖက်၍ သွေးထွက်သံယို မရှိစေဘဲ ပညာရှိများ၏ အကြံဉာဏ်ယူကာ ငြိမ်းချမ်းစွာ အောင်ပွဲခံနိုင်ရန် ရည်ရွယ်၍ စေလွှတ်ခြင်း ဖြစ်သည်။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူ၍ "မင်းလုပ်သူတို့၏ ကြီးပွားကြောင်းတရားများ၊ ရဟန်းတို့၏ ကြီးပွားကြောင်းတရား များကိုသာ ဟောပြတော်မူလိုက်လေသည်။

အထူးသဖြင့် ရဟန်းတော်များအား ဟောကြားရာ၌ သီလ သမာဓိ ပညာ "သိက္ခာသုံးပါး"ကို တစ်ပါးနှင့် တစ်ပါး အမှီသဟဲပြုကာ ခိုင်မာရင့်ကျက်အောင် ထူထောင်ကြရမည်၊ ထိုသို့ ထူထောင်မှသာ သံသရာဝဋ်ဒုက္ခမှ လျင်စွာ လွတ်မြောက်ကြမည်ဟု ကြိမ်ဖန်များစွာ အထူးဟောကြားတော်မူခဲ့သည်။ အကြောင်းကား ပရိနိဗ္ဗာန် ပြုတော်မူရန် နီးကပ်လာပြီ ဖြစ်သောကြောင့်တည်း။

## နာဠန္ဒာနှင့် ပါဋလိရွာ တရားပွဲ

မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်မှ အမ္ဗလဋ္ဌိကာဥယျာဉ်၊ ထိုမှတဆင့် နာဠန္ဒာမြို့သို့ ကြွတော်မူရာ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ထိုနေရာတို့၌လည်း ရဟန်းတို့အား "သိက္ခာသုံးပါး"ကိုသာ ဦးစားပေး ဟောပြတော်မူ၏။

ထိုမှတစ်ဆင့် ရဟန်းတော်များနှင့်အတူ ပါဋလိပုတ်နေပြည်တော်ဖြစ်လာမည့် ပါဋလိရွာသို့ ကြွတော်မူရာ ညနေချမ်းတွင် ဆိုက်ရောက်တော်မူသည်။

ပါဠေယျလိစ္ဆဝီသားများလည်း ဝမ်းသာအားရ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ကြိုဆိုကာ ဝေဠုဝန်သိုမ်သို့ ပင့်ဆောင် သွားကြသည်။ ဝေဠုဝန်သိုမ်၌ သီတင်းသုံးရန် နေရာတော်များခင်း၍ အမွှေးနံ့သာနှင့် ဆီမီးတိုင်များလည်း ညှိထွန်းထားသည်။

မြတ်စွာဘုရားသည် ဝေဠုဝန်သိုမ် အလယ်ရှိ တိုင်ခြေ၌ ခင်းထားအပ်သော နေရာတော်၌ အရှေ့ဘက်သို့ မျက်နှာမူလျက် ထိုင်တော်မူသည်။ ရဟန်းတော်များနှင့် ပရိသတ်များက မြတ်စွာဘုရားရှိရာ အနောက်ဘက်သို့ မျက်နှာမူ၍ ဝန်းရံ နေရာယူ ကြသည်။ မြတ်စွာဘုရားသည် ပါဠေယျလိစ္ဆဝီသားများအား ကိုယ်ကျင့်သီလ တရားမရှိလျှင်...

(၁) စီးပွါးဥစ္စာများ ဆုတ်ယုတ်ခြင်း၊

(၂) မကောင်းသတင်း ကျော်ကြားခြင်း၊

(၃) ပရိသတ်အလယ် ညှိုးငယ်ခြင်း၊

(၄) မိန်းမောတွေဝေ သေရခြင်း

(၅) သေသည့်နောက် အပါယ်ငရဲသို့ ကျရောက်ခြင်း...အပြစ်ငါးမျိုး၊ ကိုယ်ကျင့်သီလ ပြည့်စုံသူ၏ အပြန်အကျိုးငါးပါးနှင့် ကျောင်းအိပ်ရာ နေရာ လှူဒါန်းရသော အကျိုးများကို ညဥ့်နက်သည်အထိ ဟောကြားတော်မူသည်။

## ကမ္ဘာအရပ်ရပ်သို့ ဓာတ်တော်များ ကြွတော်မူခြင်း

မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ကောက်ယူ၍ ၇-ရက်တိုင်တိုင် ပူဇော်ပွဲကြီး ကျင်းပကြစဉ် ရာဇဂြိုဟ်၊ ဝေသာလီ၊ ကပိလဝတ်စသော (၇)ပြည်ထောင် မင်းများသည် စစ်အင်္ဂါလေးပါး ခင်းကျင်း၍ ဓာတ်တော် မွေတော်များကို မရ-ရသည့်နည်းဖြင့် ယူမည်ဟု ချီတက်လာကြသည်။ မင်းဆရာဖြစ်သော ဒေါဏပုဏ္ဏားကြီး၏ ဖျောင်းဖျမှုဖြင့် မလ္လာမင်းများနှင့်အတူ ရှစ်ပြည်ထောင်မင်းများ အညီအမျှ ခွဲယူကြကာ မိမိတို့နေပြည်တော်၌ စေတီတည်၍ အသီးသီး ပူဇော် ထားကြလေသည်။

အရှင်မဟာကဿပဦးစီးသော ပထမသံဂါယနာတင် မထေရ်ကြီးတို့၏ ဆန္ဒအရ အဇာတသတ်မင်းကြီးသည် ဓာတ်တော် မွေတော်များ အားလုံး စုရုံး

ပင့်ဆောင်ပြီးလျှင် ရာဇဂြိုဟ်ပြည်၌သာ လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်၍ ပူဇော်ထားရှိလေသည်။

သာသနာတော်နှစ် ၂၃၅-ခုနှစ်သို့ရောက်၍ တတိယသံဂါယနာတင်သော အခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီး၏ ညွှန်ကြားချက်အရ သီရိဓမ္မာသောက မင်းတရားကြီးသည် သာသနာတော် ပြန့်ပွားသည်ထက် ပြန့်ပွါးစေရန် မြတ်စွာဘုရားဓာတ်တော်များကို ရာဇဂြိုဟ်ပြည်မှ ပင့်ဆောင်၍ (၈၄၀၀၀)သော မြို့ရွာတို့၌ (၈၄၀၀၀)သော စေတီများတည်ကာ နေရာဒေသအနှံ့ ဖြန့်ချိ ကိုးကွယ်စေလေသည်။

**(ဂေါတမဗုဒ္ဓဝင်ပြီး၏)**

❖❖❖❖❖

# အခန်း (၅)

## တေဒဂ်ဘွဲ့ရ ရဟန္တာမထေရ်ကြီး(၄၁)ပါး

| စဉ် | ဘွဲ့တော် | ရရှိသည့်တေဒဂ် |
|---|---|---|
| ၁။ | အရှင်ကောဏ္ဍည | ဝါရင့်ခြင်း=ရတ္တညူ |
| ၂။ | အရှင်သာရိပုတ္တရာ | ဉာဏ်ကြီးခြင်း |
| ၃။ | အရှင်မဟာမောဂ္ဂလာန် | တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း |
| ၄။ | အရှင်မဟာကဿပ | ဓုတင်ဆောင်ခြင်း |
| ၅။ | အရှင်အနုရုဒ္ဓါ | ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း |
| ၆။ | အရှင်ဘဒ္ဒိယ | အမျိုးမြတ်ခြင်း |
| ၇။ | အရှင်လကုဏ္ဍကဘဒ္ဒိယ | အသံသာယာခြင်း |
| ၈။ | အရှင်ပိဏ္ဍောလဘာရဒွါဇ | ရဲတင်းသောစကားကိုဆိုခြင်း |
| ၉။ | အရှင်ပုဏ္ဏ | ဓမ္မကထိကအရာ တရားဟောကြားခြင်း |
| ၁၀။ | အရှင်ကစ္စာန | အကျဉ်းကိုအကျယ်ဟောခြင်း |
| ၁၁။ | အရှင်စူဠပန္ထက | မနောမယ အဘိညာဉ်ဖန်ဆင်းခြင်း |
| ၁၂။ | အရှင်မဟာပန္ထက | အရူပဈာန်မှထ၍ ရဟန္တာဖြစ်ခြင်း |
| ၁၃။ | အရှင်သုဘူတိ | အပြစ်မရှိသောနေခြင်း၊ အလှူခံထိုက်ခြင်း |
| ၁၄။ | အရှင်ခဒိရဝနိယရေဝတ | တောရဆောက်တည်ခြင်း |
| ၁၅။ | အရှင်ကင်္ခါရေဝတ | ဈာန်ဝင်စားခြင်း |
| ၁၆။ | အရှင်သောဏကောဠိဝိသ | လုံ့လဝီရိယကြီးခြင်း |
| ၁၇။ | အရှင်သောဏကုဋိကဏ္ဏ | အဟောအပြောကောင်းခြင်း |
| ၁၈။ | အရှင်သီဝလိ | လာဘ်ပေါ်များခြင်း |

| | | |
|---|---|---|
| ၁၉။ | အရှင်ဝက္ကလိ | သဒ္ဓါတရားလွန်ကဲခြင်း |
| ၂၀။ | အရှင်ရာဟုလာ | သိက္ခာသုံးပါး ကျင့်ဆောင်ခြင်း |
| ၂၁။ | အရှင်ရဋ္ဌပါလ | သဒ္ဓါ၍ရဟန်းပြုခြင်း |
| ၂၂။ | အရှင်ကုဏ္ဍဓာန | စာရေးတံမဲပဌမ ယူခြင်း |
| ၂၃။ | အရှင်ဝင်္ဂီသ | ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်း |
| ၂၄။ | အရှင်ဥပသေန | ကြည်ညိုဖွယ်ရာဖြစ်ခြင်း |
| ၂၅။ | အရှင်ဒဗ္ဗ | သံဃာတော်များအတွက် နေရာချထားခြင်း |
| ၂၆။ | အရှင်ပိလိန္ဒဝစ္ဆ | နတ်တို့ချစ်မြတ်နိုးခြင်း |
| ၂၇။ | အရှင်ဒါရုစီရိယ | လျင်မြန်စွာထိုးထွင်းသိခြင်း |
| ၂၈။ | အရှင်ကုမာရကဿပ | ဆန်းကြယ်စွာတရားဟောခြင်း |
| ၂၉။ | အရှင်မဟာကောဋ္ဌိက | ပဋိသမ္ဘိဒါ ၄ ပါး ရခြင်း |
| ၃၀။ | အရှင်အာနန္ဒာ | အကြားအမြင်များခြင်း၊ သတိ ကောင်းခြင်း ဉာဏ်ကောင်းခြင်း၊လုံ့လကြီးခြင်း၊ အလုပ်အကျွေး အပြုအစုကောင်းခြင်း |
| ၃၁။ | အရှင်ဥရုဝေလကဿပ | အခြံအရံများခြင်း |
| ၃၂။ | အရှင်ကာဠုဒါယီ | ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း |
| ၃၃။ | အရှင်ဗာကုလ | ကျန်းမာရေးနှင့် ပြည့်စုံခြင်း |
| ၃၄။ | အရှင်သောဘိတ | ပုဗ္ဗေနိဝါသအဘိညာဉ်ရခြင်း |
| ၃၅။ | အရှင်ဥပါလိ | ဝိနည်းဆောင်ခြင်း |
| ၃၆။ | အရှင်နန္ဒက | ဘိက္ခုနီတို့အား ဆုံးမခြင်း |
| ၃၇။ | အရှင်နန္ဒ | ဣန္ဒြေစောင့်ခြင်း |
| ၃၈။ | အရှင်မဟာကပ္ပိန | ရဟန်းများအား ဆုံးမခြင်း |
| ၃၉။ | အရှင်သာဂတ | တေဇောဓာတ်သမာပတ်၌ ဝင်စားခြင်း |
| ၄၀။ | အရှင်ရာဓ | ဒေသကဘုရားရှင်အား ဒေသနာဉာဏ် အဆင့်ဆင့် ပွင့်စေခြင်း |
| ၄၁။ | အရှင်မောဃရာဇ | ခေါင်းပါးသောသင်္ကန်းကိုဆောင်ခြင်း၊ |

## တေဒဂ်ဘွဲ့ရ ထေရီမကြီး(၁၃)ပါး

| ဘွဲ့တော် | ရရှိသည့်ဘွဲ့ထူး |
|---|---|
| ၁။ မဟာပဇာပတိဂေါတမီ | ရတ္တညူ<br>(ရှည်လျားသောညဥ့်တို့ကိုသိခြင်း) |
| ၂။ ခေမာထေရီ | ပညာကြီးမားခြင်း |
| ၃။ ဥပ္ပလဝဏ်ထေရီ | တန်ခိုးကြီးမားခြင်း |
| ၄။ ပဋာစာရီ | ဝိနယဓရဘွဲ့ရခြင်း |
| ၅။ ဓမ္မဒိန္နာထေရီ | တရားဟောဓမ္မကထိက |
| ၆။ နန္ဒာထေရီ<br>(တစ်နည်း)ဇနပဒကလျာဏီထေရီ | ဈာန်၌မွေ့လျော်ခြင်း |
| ၇။ သောဏာထေရီ | ထက်သန်သောလုံ့လရှိခြင်း |
| ၈။ မကုလာထေရီ<br>(တစ်နည်း)သကုလာထေရီ | ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း |
| ၉။ ဘဒ္ဒါကုဏ္ဍလကေသာထေရီ | မင်ဖိုလ်ရရန်လျင်မြန်သောဉာဏ်ရှိခြင်း |
| ၁၀။ ဘဒ္ဒါကာပိလာနီထေရီ | ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရခြင်း |
| ၁၁။ ဘဒ္ဒကစ္စနာထေရီ | မြတ်သော အဘိညာဉ်သို့ရောက်ခြင်း |
| ၁၂။ ကိသာဂေါတမီထေရီ | အညံ့စားသင်္ကန်းကို ဆောင်ခြင်း |
| ၁၃။ သိင်္ဂါလကမာတာထေရီ<br>(တစ်နည်း)သိင်္ဂါလမာတာထေရီ | သဒ္ဓါတရား အားကောင်းခြင်း |

❖❖❖❖❖

## တေဒဂ်ဘွဲ့ရ ဥပါသကာ(၁၀)ဦး

| အမည် | ရရှိသည့်ဘွဲ့ထူး |
|---|---|
| ၁။ တပုဿနှင့်ဘလ္လိက | ပထမဆုံး သရဏဂုံဆောက်တည်ခြင်း |
| ၂။ သုဒတ္တမည်သောအနာထပိဏ်သူဌေး | လှူဒါန်းမှု၌ မွေ့လျော်ခြင်း |
| ၃။ မစ္ဆိကာသဏ္ဍမြို့သားစိတ္တသူကြွယ် | တရားဟောဓမ္မကထိက |
| ၄။ ဟတ္ထကအာဠဝက | သင်္ဂဟဝတ္ထုလေးပါးဖြင့်ပရိသတ်ကို<br>ချီးမြှောက်ထောက်ပံ့ခြင်း |

| | | |
|---|---|---|
| ၅။ | သာကီဝင်မင်းမျိုးမဟာနာမ် | မွန်မြတ်သောအလှူကို ပေးခြင်း |
| ၆။ | ဝေသာလီပြည်သားဥဂ္ဂသူကြွယ် | နှစ်သက်ဖွယ်ရာကို ပေးလှူခြင်း |
| ၇။ | ဟတ္ထိရွာသားဥဂ္ဂတသူကြွယ် | သံဃာကို အလုပ်အကျွေးပြုခြင်း |
| ၈။ | သူရမ္ဗဋ္ဌ(တစ်နည်း)သူရမ္ဗဋ္ဌ | သာသနာတော်ကို မတုန်မလှုပ် ကြည်ညိုခြင်း |
| ၉။ | အဘယမင်းသား၏ မွေးစားသား ဆရာဇီဝက | ပုဂ္ဂိုလ်ကို ကြည်ညိုခြင်း |
| ၁၀။ | နကုလပိတာသူကြွယ် | ဘုရားရှင်နှင့် အကျွမ်းတဝင်ပြောဆိုခြင်း |

❖❖❖❖❖

## တေဒဂ်ဘွဲ့ရ ဥပါသိကာ(၁၀)ဦး

| | အမည် | ရရှိသည့်ဘွဲ့ထူး |
|---|---|---|
| ၁။ | သေနိယသူဌေး၏သမီး သုဇာတာ | ပထမဆုံး သရဏဂုံဆောက်တည်ခြင်း |
| ၂။ | မိဂါရသူဌေး၏မိခင်အရာ၌တည်သော ဝိသာခါကျောင်းအစ်မ | လှူဒါန်းမှု၌ မွေ့လျော်ခြင်း |
| ၃။ | ခုဇ္ဇုတ္တရာ | အကြားအမြင် ဗဟုသုတ များခြင်း |
| ၄။ | သာမာဝတီမိဖုရား | မေတ္တာဖြင့်နေခြင်း |
| ၅။ | နန္ဒ၏မိခင် ဥတ္တရာ | ဈာန်၌မွေ့လျော်ခြင်း |
| ၆။ | ကောလိယမင်း၏သမီး သုပ္ပဝါသာ | မွန်မြတ်သောအလှူကို ပေးခြင်း |
| ၇။ | သုပ္ပိယာဥပါသိကာမ | ဂိလာနအားပြုစုလုပ်ကျွေးခြင်း |
| ၈။ | ကာတိယာနီ | သာသနာတော်ကို မတုန်မလှုပ် ကြည်ညိုခြင်း |
| ၉။ | နကုလမာတာသူကြွယ်မ | ဘုရားရှင်နှင့် အကျွမ်းတဝင်ရှိခြင်း |
| ၁၀။ | ကုလဃရမြို့သူ ကာဠီဥပါသိကာမ | တဆင့်စကားဖြင့် ရတနာမြတ် သုံးပါးကို ကြည်ညိုခြင်း |

## မြတ်စွာဘုရား၏

## အဂ္ဂသာဝက မဟာသာဝက ရဟန္တာထေရ်ကြီးများ

| လက်ယာရံ | | လက်ဝဲရံ | |
|---|---|---|---|
| ၁။ | အရှင်သာရိပုတ္တရာ | ၁။ | အရှင်မဟာမောဂ္ဂလာန် |
| ၂။ | အရှင်အညာသိကောဏ္ဍည | ၂။ | အရှင်အင်္ဂုလိမာလ |
| ၃။ | အရှင်ဝပ္ပ | ၃။ | အရှင်ဝက္ကလိ |
| ၄။ | အရှင်ဘဒ္ဒိယ | ၄။ | အရှင်ကာဠုဒါယီ |
| ၅။ | အရှင်မဟာနာမ် | ၅။ | အရှင်မဟာဥဒါယီ |
| ၆။ | အရှင်အဿဇိ | ၆။ | အရှင်ပိလိန္ဒဝစ္ဆ |
| ၇။ | အရှင်နာလက | ၇။ | အရှင်သောဘိတ |
| ၈။ | အရှင်ယသ | ၈။ | အရှင်ကုမာရကဿပ |
| ၉။ | အရှင်ဝိမလ | ၉။ | အရှင်ရဋ္ဌပါလ |
| ၁၀။ | အရှင်သုဗာဟု | ၁၀။ | အရှင်ဝင်္ဂီသ |
| ၁၁။ | အရှင်ပုဏ္ဏဇိ | ၁၁။ | အရှင်သဘိယ |
| ၁၂။ | အရှင်ဂဝမ္ပတိ | ၁၂။ | အရှင်သေလ |
| ၁၃။ | အရှင်ဥရုဝေဠကဿပ | ၁၃။ | အရှင်ဥပါဝန |
| ၁၄။ | အရှင်နဒီကဿပ | ၁၄။ | အရှင်မေဃိယ |
| ၁၅။ | အရှင်ဂယာကဿပ | ၁၅။ | အရှင်သာဂတ |
| ၁၆။ | အရှင်မဟာကဿပ | ၁၆။ | အရှင်နာဂိတ |
| ၁၇။ | အရှင်မဟာကစ္စည်း | ၁၇။ | အရှင်လကုဏ္ဍကဘဒ္ဒိယ |
| ၁၈။ | အရှင်မဟာကောဋ္ဌိက | ၁၈။ | အရှင်ပိဏ္ဍောလဘာရဒွါဇ |
| ၁၉။ | အရှင်မဟာကပ္ပိန | ၁၉။ | အရှင်မဟာပန္ထက |
| ၂၀။ | အရှင်မဟာစုန္ဒ | ၂၀။ | အရှင်စူဠပန္ထက |

**လက်ျာရံ**

၂၁။ အရှင်အနုရုဒ္ဓါ

၂၂။ အရှင်ကင်္ခါရေဝတ

၂၃။ အရှင်အာနန္ဒာ

၂၄။ အရှင်နန္ဒက

၂၅။ အရှင်ဘဂု

၂၆။ အရှင်နန္ဒိယ

၂၇။ အရှင်ကိမိလ

၂၈။ အရှင်ဘဒ္ဒိယ

၂၉။ အရှင်ရာဟုလာ

၃၀။ အရှင်သီဝလိ

၃၁။ အရှင်ဥပါလိ

၃၂။ အရှင်ဒဗ္ဗ

၃၃။ အရှင်ဥပသေန

၃၄။ အရှင်ခဒိရဝနိယရေဝတ

၃၅။ အရှင်မဟာပုဏ္ဏ

၃၆။ အရှင်စူဠပုဏ္ဏ

၃၇။ အရှင်သောဏကုဋိကဏ္ဏ

၃၈။ အရှင်သောဏကောဠိက

၃၉။ အရှင်ရာဓ

၄၀။ အရှင်သုဘူတိ

**လက်ဝဲရံ**

၂၁။ အရှင်ဗာကုလ

၂၂။ အရှင်ကုဏ္ဍဓာန

၂၃။ အရှင်ဒါရုစီရိယ

၂၄။ အရှင်ယသောဇ

၂၅။ အရှင်အဇိတ

၂၆။ အရှင်တိဿမေတ္တေယျ

၂၇။ အရှင်ပုဏ္ဏက

၂၈။ အရှင်မေတ္တဂူ

၂၉။ အရှင်ဓောတက

၃၀။ အရှင်ဥပသီဝ

၃၁။ အရှင်နန္ဒ

၃၂။ အရှင်ဟေမက

၃၃။ အရှင်တောဒေယျ

၃၄။ အရှင်ကပ္ပ

၃၅။ အရှင်ဇတုကဏ္ဏိ

၃၆။ အရှင်ဘဒြာဝုဓ

၃၇။ အရှင်ဥဒယ

၃၈။ အရှင်ပေါသာလ

၃၉။ အရှင်ပိင်္ဂိယ

၄၀။ အရှင်မောဃရာဇ

# အခန်း(၆)
# ဓမ္မပဒနှင့် ငါးရာ့ငါးဆယ်ဇာတ်တော်များ

## ၁။ မဋ္ဌကုဏ္ဍလီ သတို့သားဝတ္ထု
## (စိတ်ထားကောင်းမှုကြောင့် နတ်ပြည်ရောက်ရသူ)

ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗက အမည်ရှိ ပုဏ္ဏားနှင့် ဇနီးတို့ ရှိခဲ့ကြသည်။ သူတို့တွင် မဋ္ဌကုဏ္ဍလီအမည်ရှိ တစ်ဦးတည်းသော သားလေး ရှိသည်။ တစ်ဦးတည်းသော သားလေးဖြစ်၍ အမိအဖနှစ်ဦးစလုံးက အလွန်ချစ်မြတ်နိုးသည်။

သူဌေးကြီး အဒိန္နပုဗ္ဗကသည် အမည်နှင့်လိုက်အောင် မည်သူ့ကိုမှ လှူဒါန်းပေးကမ်းဖူးသည်ဟူ၍မရှိ၊ ရှေးကမလှူဒါန်း မပေးကမ်းခဲ့ဖူးသကဲ့သို့ ယခုလည်း လှူဒါန်းပေးကမ်းခြင်းမပြု။ နောင်တွင်လည်း လှူဒါန်းပေးကမ်းရန် စိတ်ကူး မရှိချေ။ ထို့ကြောင့် သူ့ကို လူအများက "အဒိန္နပုဗ္ဗက"ဟု ခေါ်နေကြခြင်းဖြစ်သည်။

**ပစ္စည်းချမ်းသာသော်လည်း စေတနာမဲ့သူများ**

သားလေး အရွယ်ရောက်လာသောအခါ ဖျော့တော့သော ရောဂါဝေဒနာ အပြင်းအထန် ဖြစ်လာသည်။ သမားကျော်တို့ဖြင့် မိခင်က ကုသပေးလိုသည်။ သို့သော် ဖခင်က ဆေးဖိုးဝါးခ ကုန်ကျမည်ကို စိုးရိမ်သည်။ သူ့နည်းနှင့်သူ ဆေးမြီးတိုဖြင့်သာ ကုသပေးသည်။ သို့ဖြင့် တဖြည်းဖြည်း ရောဂါရင့်လာသည်။ ထိုအခါမှ အပင့်အခေါ်ခံရသူ သမားကျော်တို့ကလည်း ရောဂါကျွမ်းနေပြီဖြစ်သဖြင့် ကုသပေးလိုခြင်း မရှိကြတော့။ ပုဏ္ဏားကြီးသည် သားလေး ဆုံးပါးတော့မည်ကို သိသဖြင့် သားကို အိမ်ခန်းအတွင်းမှ အိမ်ဦးအပြင်ဘက်သို့ ထုတ်ထားလိုက်သည်။ သူ၏ရည်ရွယ်ချက်မှာ သတင်းလာမေးသူတို့ အိမ်ရှိ ပစ္စည်းတို့ကို မမြင်စေရန်။ တစ်နည်းအားဖြင့် သူတို့၏ရုပ်ပစ္စည်း ကြွယ်ဝချမ်းသာမှုကို အခြားသူတို့ မမြင်မသိနိုင်စေရန်ဖြစ်သည်။

သို့သော် ဝေဒနာခံစားနေရသော သား၏အဖြစ်ကိုကြည့်ကာ အခြားသူများက အဒိန္နပုဗ္ဗကတို့ ဇနီးမောင်နှံ၏ စိတ်စေတနာ ခေါင်းပါးမှုကို သိမြင်နေကြသည်။ ဘုရားရှင်သည် နံနက်လင်းသော် ကျွတ်ထိုက်သော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူရာ မဋ္ဌကုဏ္ဍလီသူဌေးသားကို မြင်တော်မူသည်။ သို့ဖြင့် ဘုရားရှင်သည် သာဝတ္ထိမြို့တွင်းသို့ အစဉ်အတိုင်း ဆွမ်းခံကြွတော်မူရာ အဒိန္နပုဗ္ဗကတို့၏ အိမ်ရှေ့သို့ ရောက်တော်မူလာသည်။ ရောင်ခြည်တော်အစုံတို့ဖြင့် ရဟန်းသံဃာတော်တို့နှင့်အတူ ဆွမ်းခံကြွလာတော်မူသော ဘုရားရှင်ကို အိမ်ဦးအပြင်၌ လဲလျောင်းနေရရှာသော မဋ္ဌကုဏ္ဍလီသူဌေးသားက မြင်တွေ့သွားသည်။

**စိတ်ဖြင့် ဘုရားကြည်ညိုခြင်း၏အကျိုး**

ထိုအခါ မဋ္ဌကုဏ္ဍလီသည် တစ်ကိုယ်လုံး မလှုပ်ရှားနိုင်သော်လည်း စိတ်ဖြင့် ဘုရားရှင်ကို အထူးအလေးအနက်ထား ဖူးမြော်ကြည်ညိုလိုက်သည်။ ဤသို့ ဖူးမြော်ကြည်ညိုရင်းက ကွယ်လွန်သွားသော မဋ္ဌကုဏ္ဍလီသည် ဒါနကိုလည်း မပြုဖူး၊ သီလကိုလည်း မဆောက်တည်ဖူး၊ မည်သည့် ဘာဝနာကိုမျှလည်း မပွားများ ဖူးသေးသော သူဌေးသား မဋ္ဌကုဏ္ဍလီသည် ဘုရားရှင်အား ကြည်ညိုလိုက်သည့် ဗုဒ္ဓါနုဿတိကုသိုလ်ကြောင့် မကြာမီ ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌

ဖြစ်ရလေသည်။ သေခါနီးကာလ၌ ပြုလုပ်မိသော ကောင်းမှုကံ၏အကျိုးခံစားရခြင်း ဖြစ်သည်။

သားလေးကွယ်လွန်သွားသော် မိဘနှစ်ပါးသည် အပြင်းအထန်ပူဆွေးသောက ဖြစ်ကြရသည်။ ဆေးဝါးကောင်း၊ သမားကောင်းတို့ဖြင့် ကုသမပေးလိုက်မိ လေခြင်းဟုလည်း နောင်တကြီးစွာ ရကြသည်။ ထို့ကြောင့် ဖခင်ပုဏ္ဏားကြီးသည် သားလေးမြှုပ်နှံရာ သုသာန်သို့ နေ့တိုင်းသွားလျက် ငိုကြွေးသည်။

## ဖခင်ကို ပညာပေးရန် နတ်သား၏ အစီအစဉ်

ထိုအခါ တစ်ချိန်က မဋ္ဌကုဏ္ဍလီဖြစ်ခဲ့ဖူးသော နတ်သားကလည်း ထိုသုသာန်၌ ငိုကြွေးသည်၊ သူက လနှင့်နေတို့ကို ရထားဘီးပြုလုပ်လျက် သူ့ရထား၌ သုံးလိုသောကြောင့် တမ်းတငိုကြွေးနေရသည်ဟု ပြောပြလိုက်သည်။ ထိုအခါ ပုဏ္ဏားကြီးက မဖြစ်နိုင်သည်ကို တမ်းတ၍ ငိုကြွေးခြင်းမပြုရန် ပြန်ပြောသည်။ နတ်သားက သေသွားပြီးဖြစ်၍ ပြန်မလာနိုင်တော့သော သားကို တမ်းတကာ ငိုကြွေးနေသူနှင့် မြင်လည်းမြင်နေရ၍ တကယ်လည်းရှိသော လနှင့်နေကို တမ်းတကာ ငိုကြွေးနေသူ နှစ်ဦးတွင် အဘယ်သူက ပို၍ မိုက်မဲသနည်း။ အဘယ်သူ၏ ဆန္ဒသည် ပြည့်ဝနိုင်၍ အဘယ်သူ၏ ဆန္ဒသည် မပြည့်ဝနိုင်သနည်းဟု ပြန်လည် မေးခွန်းထုတ်လိုက်သည်။

ပုဏ္ဏားကြီးသဘောပေါက်သွားသည်၊ သူသည်သာ ပို၍မိုက်မဲသူဖြစ်သည်။ သူ့ဆန္ဒကသာ မဖြစ်နိုင်သောဆန္ဒ ဖြစ်သည် ဟု သိရှိသွားသည်။ အကျိုး အကြောင်းပြောပြသူ နတ်သားအားလည်း သူ၏ ပူပင်သောကကို ငြိမ်းအောင် ငြိမ်းပေးသူအဖြစ် အသိအမှတ်ပြုကြောင်း ရှင်းပြသည်။

ထိုအခါ နတ်သားသည် လူ့ဘဝတုန်းက မဋ္ဌကုဏ္ဍလီ သူဌေးသားဖြစ်ခဲ့ပုံ အလုံးစုံကို ပုဏ္ဏားကြီးအား အသေးစိတ် ပြန်လည်ရှင်းပြလိုက်သည်။ ထို့မျှသာမက ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အမှုများကို ပြုလုပ်စောင့်ထိန်းပွားများရန်၊ ပြုလုပ်စောင့်ထိန်းပွားများခြင်း၏ အကျိုးကြီးမားပုံနှင့် အနိမ့်ဆုံးအားဖြင့် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းနေထိုင်ရန် ဟောပြောလိုက်သည်။ သူ၏စိတ်ထားကောင်း

လေးဖြင့် ဘုရားရှင်ကို ကြည်ညိုရာမှ ရရှိလိုက်သော လက်ငင်းအကျိုးတရားကိုလည်း သက်သေအဖြစ် ထုတ်ပြပြောဆိုသည်။

ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကိုခေါ်ကာ ဘုရားကျောင်းတော်သို့ သွားသည်။ ယနေ့အဖို့ တပည့်တော်၏ အိမ်တွင် ရဟန်းသံဃာများနှင့်အတူ ကြွရောက်၍ ဆွမ်းအလှူခံပါဟု ပင့်လျှောက်သည်။ ဆွမ်းကိစ္စ ပြီးစီးသောအခါ နတ်သားပြောသမျှကို ဘုရားရှင်အား လျှောက်ထားမေးမြန်းသည်။ ဘုရားရှင်ကလည်း နတ်သားနှင့် ပုဏ္ဏားကြီးတို့ တွေ့ဆုံပြောကြားပုံတို့ကို ပြန်လည် မိန့်ကြားကာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အမှုသည် အကျိုးကြီးမားသည်မှာ မှန်ကန်ကြောင်း ဟောတော်မူသည်။ ပုဏ္ဏားကြီးသဘောကျနှစ်ခြိုက်သွားသည်။ ထိုနေ့မှစ၍ ကောင်းမှုကုသိုလ်အစုစုကို ဘဝတစ်လျှောက်လုံး ပြုလုပ်မည်ဖြစ်ကြောင်း လည်း ဝန်ခံကတိပြုလျက် ကောင်းမှုကုသိုလ်များ ပြုလုပ်သည်။

## မှန်မြတ်သော ကျေးဇူးဆပ်ခြင်း

ကျေးဇူးကြီးလှသော မိဘများအား ကျေးဇူးဆပ်ရာ၌ ရတနာသုံးပါးကို ကြည်ညိုစေကာ အသိအမြင်မှန် သမ္မာဒိဋ္ဌိ ဖြစ်စေခြင်းဖြင့် ကျေးဇူးဆပ်ခြင်းသည် အမွန်မြတ်ဆုံး ကျေးဇူးဆပ်ခြင်း မဟုတ်ပါလော။

ဘုရားရှင်သည် မဋ္ဌကုဏ္ဍလီနတ်သားအား အကြောင်းပြုကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဤတရား ဒေသနာတော် အဆုံး၌ မဋ္ဌကုဏ္ဍလီ နတ်သားနှင့် ဘဝဟောင်းမှ ဖခင်ဖြစ်သူ ပုဏ္ဏားကြီးတို့ သောတာပန်ဖြစ်ကြသည်။ များစွာသော ဝေနေယျသတ္တဝါတို့သည်လည်း တရားသိကာ ကျွတ်တမ်းဝင်ကြရသည်။

၂။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန ၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ မန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

## ဒေသနာ၏ အဓိပ္ပါယ်

၂။ ဓမ္မတို့၏ ဦးဆောင်အကြီးအမှူးကား စိတ်ဖြစ်၏။ စိတ်သည် ဝေဒနာ့

သညာ, သင်္ခါရဟူသော နာမ်ခန္ဓာ သုံးပါးတို့ကို ဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် ကြည်လင်ကောင်းမြတ်သောစိတ်ဖြင့် ကြံစည်ပြောဆို၊ ပြုမူလျှင် ခရီးသွားသူ၏ နောက်သို့ အရိပ်သည် အစဉ်လိုက်ပါနေသကဲ့သို့ စိတ်ကောင်းဖြင့် ပြုလုပ်သူ၏နောက်သို့ ထိုသူပြုလုပ်သော ကောင်းမှုသည် အစဉ်လိုက်ပါနေလေ၏။

မဋ္ဌကုဏ္ဍလီ သတို့သားဝတ္ထု ပြီး၏။

## ၂။ ကာဠီဘီလူးမဝတ္ထု

## (သုံးဘဝတိုင်အောင် အပြန်အလှန်ရန်ပြုနေရသူ)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် ထိုပြည်၌ သားတစ်ယောက်သာ ထွန်းကားသော သူကြွယ်ဇနီးမောင်နှံ နှစ်ယောက်ရှိခဲ့ဖူးသည်။ ဖခင်ကွယ်လွန်သွားသောအခါ သားသည် ဖခင်၏လက်ငုပ်လက်ရင်း အလုပ်များကို လုပ်ကိုင်ရင်း မိခင်ကို ပြုစုလုပ်ကျွေးနေခဲ့သည်။ တစ်နေ့တွင် သားကိုယ်တိုင် နှစ်သက်မြတ်နိုးသူ အမျိုးသမီးတစ်ယောက်နှင့် မိခင်က ထိမ်းမြားပေးလိုက်သည်။ သားယူထားသူ အမျိုးသမီးသည် သားသမီးမထွန်းကား၊ အမြုံမ ဖြစ်နေသည်။ သို့ဖြင့် သားသည်ဒုတိယအိမ်ထောင် ပြုရပြန်သည်။ ဒုတိယဇနီးသည်မှာ ပထမဇနီးသည်က ရှာဖွေပေးစားထားသော အမျိုးသမီးဖြစ်သည်။

**ဆုတောင်းခဲ့ပြီ**

ဒုတိယဇနီးသည် ကိုယ်ဝန်ရှိလာသော် ပထမဇနီး (မယားကြီး)က သူ့ထက်သာသွားမည်ကို မနာလို၍ အစာတွင် ကိုယ်ဝန်ဖျက်ဆေး ထည့်၍ တိုက်ကျွေးသည်။ နှစ်ကြိမ်တိုင် ကိုယ်ဝန်ပျက်ကျသည်။ တတိယအကြိမ် ကိုယ်ဝန်ကိုမူ ကိုယ်ဝန်ရင့်မှ မယားကြီးသိသည်။ ဆေးပေးကာ တိုက်သေးသည်။ ကိုယ်ဝန်ရင့်နေသောကြောင့် မယားငယ်မှာ ဝေဒနာ အပြင်းအထန်ခံစား ရသည်။ အကြိမ်ကြိမ် ငါ့ကိုယ်ဝန်ကို ဖျက်ခဲ့သောကြောင့် နောင်ဖြစ်လေရာဘဝ၌ သင်၏သားငယ်တို့ကို စားနိုင်ကာ လက်စားချေရပါလို၏ ဟု သေခါနီးကာလတွင် ဆုတောင်းလျက် မယားငယ် ကွယ်လွန်သွားတော့သည်။

အိမ်ထောင်သည် အမျိုးသမီးတိုင်းသည် သားသမီးမွေးဖွားမှ တန်ဖိုးရှိသည်။ သို့မှသာ မျိုးဆက်ကို ထိန်းသိမ်းနိုင်သည် ဟု ထိုအချိန်က မဇ္ဈိမဒေသ၌ ထုံးတမ်းစဉ်လာ အယူအဆ ရှိသည်။

## အပြန်ပြန်အလှန်လှန် ဝဋ်လည်ကြပြီ

မယားငယ် ကွယ်လွန်ပြီးနောက် ထိုအိမ်၌ပင် ကြောင်မဖြစ်လာသည်။ မယားကြီးသည်လည်း လင်ဖြစ်သူက သူ့အမျိုးအနွယ်ကို တုံးအောင်ပြုလုပ်သူ ဟုဆိုကာ ပြင်းစွာရိုက်ပုတ်သဖြင့် ကွယ်လွန်ရသည်။ ကွယ်လွန်ပြီးနောက် ထိုအိမ်၌ပင် ကြက်မဖြစ်ရသည်။ ကြက်မ ဥသမျှကြက်ဥကို ကြောင်မက စားသည်။ ထိုအခါ ကြက်မက ရန်ငြိုးဖွဲ့ကာ ထိုကြောင်မကို သူ့သားသမီးနှင့်တကွ စားနိုင်ရပါလို၏ဟု ဆုတောင်းပြီး ကွယ်လွန်သော် ကြက်မသည် တောတစ်ခု၌ သစ်ကျုတ်မ ဖြစ်လာသည်။ ကြောင်မက သမင်မဖြစ်လာသည်။ သမင်မွေးရင်း သစ်ကျုတ်မက စားရင်းဖြင့် ထိုဘဝ၌လည်း ရန်ငြိုးမပြေကြ။ ထိုဘဝမှ အသီးသီး ကွယ်လွန်ကြသော် သမင်မသည် ဘီလူးမဘဝသို့ ရောက်သွားသည်။ သစ်ကျုတ်မသည် သာဝတ္ထိပြည်သူ အမျိုးသမီးတစ်ဦး ဖြစ်လာရသည်။

အမျိုးသမီး မီးဖွားသောအခါ ကလေးကို ပထမအကြိမ်ရော၊ ဒုတိယအကြိမ်ပါ ဘီလူးမက စားသွားသည်။ တတိယ အကြိမ် ကိုယ်ဝန်ရင့်လာသောအခါ မိဘအိမ်သို့ ပြန်ပြီး မိဘအိမ်၌ သားငယ်ကို အန္တရာယ်ကင်းစွာ မွေးဖွားခဲ့သည်။

ဘီလူးမသည် တာဝန်ဖြင့် ဝေဿဝဏ် နတ်မင်းကြီးထံ သွားနေရ၍ မီးဖွားပြီးပြီးချင်း ကလေးကိုစားဖို့ မကြိုးစားနိုင်။ နောက်မှ သိသဖြင့် ကလေးကိုစားရန် လိုက်လာခဲ့သည်။ သို့သော် အခါနှောင်းသွားပြီ။ ကလေးသည် ထိုအချိန်၌ "နာမကရဏ"ခေါ် နာမည်ပေးမင်္ဂလာ ပြုတော့မည့်အရွယ် ရောက်နေပြီ။ အမည်မပေးမီ ရေချိုးရန် မိသားစုသုံးယောက် ဇေတဝန်ကျောင်း အလယ်ကို ဖြတ်လျက် ရေကန်သို့ သွားကြသည်။

ကလေးမိခင်က ပထမရေချိုးသည်။ ကလေးဖခင် ရေချိုးနေ၍ မိခင်သည် ရေမှတက်ကာ သားကို နို့တိုက်သည်။ ထိုစဉ်အဝေးမှ လူယောင်ဆောင်သော ဘီလူးမ ပြေးလာသည်။ ကလေးမိခင်က ဘီလူးမ လိုက်လာနေပြီဟု အော်ဟစ်လျက်

ဇေတဝန်ကျောင်းတော်အတွင်းသို့ ပြေးဝင်သွားသည်။ ပရိသတ်အလယ်၌ တရားဟောနေသော ဘုရားရှင်၏ ခြေဖမိုးပေါ်သို့ သားငယ်ကို သိပ်ကာ ကလေးမိခင်က ဤသို့လျှောက်ထားသည်။

"အရှင်မြတ်ဘုရား၊ တပည့်တော်၏ သားငယ်ကို လှူဒါန်းပါ၏။ ဤသားငယ်အား အသက်ရှည်ရန် ကယ်မတော်မူပါဘုရား"

နောက်မှ ပြေးလိုက်လာသော ဘီလူးမကို တံခါးစောင့် သုမနနတ်မင်းက ကျောင်းတော်တွင်းသို့ မဝင်နိုင်ရန် တားထားသည်။ ဘုရားရှင်က အရှင်အာနန္ဒာအား ဘီလူးမကို ခေါ်စေသည်။ ဘီလူးမ ဘုရားရှင်ရှေ့သို့ရောက်သော် ကလေးမိခင်က ကြောက်ကြောက်လန့်လန့်ဖြစ်လျက် "ကလေးကိုစားမည့် ဘီလူးမပါဘုရား"ဟု ထပ်မံ လျှောက်ထား ပြန်သည်။

## ရန်ကိုရန်ချင်း မတုံ့လျှဉ်းနှင့်

ထိုအခါ ဘုရားရှင်က သင်တို့နှစ်ဦးသည် ငါဘုရားရှင်၏ ရှေ့တော်သို့ ရောက်မလာလျှင် ကမ္ဘာ့ရန်ဖြစ်နေကြမည်။ မြွေနှင့် မြွေပါကဲ့သို့လည်းကောင်း၊ ဝံနှင့် ကြို့ပင်စောင့်နတ်ကဲ့သို့လည်းကောင်း၊ ကျီးနှင့် ခင်ပုတ်ကဲ့သို့ လည်းကောင်း သံသရာတစ်လျှောက်လုံး တစ်ဦးနှင့်တစ်ဦး တည့်ကြတော့မည် မဟုတ်။ ရန်ကို ရန်ချင်း မတုံ့လျှဉ်းနှင့်စသည်ဖြင့် မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာ၏ အဆုံး၌ သောတာပန်တည်လေ၏။

၅။ န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။

## ဒေသနာ၏ အဓိပ္ပါယ်

၅။ ရန်ကိုရန်ချင်း မတုန့်ပြန်ရာ၊ ရန်ကိုရန်ချင်း တုန့်ပြန်လျှင် ရန်သည်မငြိမ်း၊ ရန်တုန့်မူခြင်း မပြုမှသာ ရန်သည်အေးငြိမ်းသည်။ ဤသည်မှာ သူတော်ကောင်းတို့၏ အစဉ်အလာ ဓမ္မတာသဘောတည်း။

ဘုရားရှင်၏ အမိန့်တော်ဖြင့် အမျိုးသမီးသည် ဘီလူးမအား ရွာအပြင်ဘက် တစ်နေရာသို့ ပို့ဆောင်ကာ နေရာပေးထား သည်။ ယာဂုထမင်းစသည့် စားဖွယ်

တို့ကို ပို့ဆောင်ပေးသည်။ ဘီလူးမကလည်း အပြန်အလှန် ကျေးဇူးပြုသည့်အနေဖြင့် ရာသီဥတုအခြေအနေတို့ကို ပြောကြားပေးသည်။ ဘီလူးမ ပြောသည့်အတိုင်း ရာသီဥတုအခြေအနေကိုလိုက်ကာ စိုက်ပျိုးသဖြင့် ကောက်ပဲသီးနှံများ ဖြစ်ထွန်းသည်။ ဘီလူးမ၏ ကျေးဇူးပြုတတ်ပုံအကြောင်းကို တစ်ဆင့်ကြားပြီး အခြားသူတို့ကလည်း ဘီလူးမအား စားစရာများ ကျွေးမွေးပေးကမ်းကြသည်။

**ကာဠီဘီလူးမဝတ္ထု ပြီး၏ ။**

## ၃။ စုန္ဒ ဝက်သတ်သမားဝတ္ထု

### (တူသော အကုသိုလ်ကံ အကျိုးခံစားရသူ)

စုန္ဒသည် ဝက်ကိုသတ်၍ အသက်မွေးသူ ဖြစ်သည်။ ရာဇဂြိုဟ်မြို့ကြီးသား ဖြစ်သော်လည်း သူ့အိမ်အနီးတွင် ရှိသော ဘုရားရှင် သီတင်းသုံးနေတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ တစ်ခေါက်တလေမျှ ရောက်ဖူးသွားဖူးသူ မဟုတ်။ ဝေဠုဝန်ကျောင်းတော်နေ ရဟန်းသံဃာများကမူ သူ့အိမ်အနီးမှ ဖြတ်သန်းလျက် နေ့စဉ်သွားလာနေသည်ကိုမူ သူမြင်၏။ ရဟန်းသံဃာတို့၏ အသံကိုလည်း သူကြားသည်။ သို့သော် ရတနာသုံးပါးနှင့် ဆက်စပ်သော လုပ်ငန်းမှန်သမျှသည် သူနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်သည်။

**နေရာအနှံ့မှ ဝက်ကိုဝယ်သည်**

စုန္ဒသည် သူ၏ လုပ်ငန်း ဝက်ကြီးဝက်ငယ်တို့ကို နေရာဒေသအနှံ့အပြားမှ ဝယ်သည်။ ဝယ်ယူရသမျှဝက်တို့ကို သူ့အိမ်နောက်ဘေးရှိ ဝက်ခြံထဲ၌ စုဆောင်းမွေးမြူထားသည်။ ကောင်းကောင်းလည်း ကျွေးထားသည်။ တန်ရာတန်ဖိုး ပေး၍လည်း ဝယ်သည်။ အခြားနည်းလမ်းဖြင့်လည်း ဝယ်သည်။ သတ်သင့်သော ဝက်တို့ကို နေ့စဉ်သတ်ကာ ရောင်းဝယ် စားသောက်ခြင်းဖြင့် မိသားစုဘဝကို ထူထောင်နေထိုင်သည်။

သူ၏ ဝက်သတ်နည်းမှာ သူများနှင့်မတူ ရက်စက်လွန်းသည်။ ဝက်များကို တိုင်၌ချည်နှောင်ပြီး တင်းပုတ်နှင့် ထုသည်။ အသားများ ရောင်ကိုင်းဖူး

ထလာသောအခါမှ ဝက်တို့၏ အာခေါင်ကို တုတ်နှင့်ထောက်လျက် ပါးစပ်ဟအောင် လုပ်သည်။ ဟနေသော ပါးစပ်အတွင်းသို့ ရေနွေးပူပူ ကျက်ကျက်ကို လောင်းထည့် သည်။ အကြိမ်ကြိမ် ရေနွေးလောင်းထည့်သော် ဝက်တို့၏ အူအတွင်းမှ အညစ်အကြေးဟောင်းတို့သည် ထွက်လာသည်။ ရေနွေးအရောင်ကြည်လာမှ လောင်းထည့်မှုကို ရပ်သည်။ ထို့နောက်အမွေးများကို မီးမြှိုက်ပြီး ဓားထက်ထက်ဖြင့် လည်ပင်းမှ ပိုင်းချသတ်မှတ်လိုက်သည်။

အနှစ်ငါးဆယ်ကျော်မျှ ဤသို့နေ့စဉ် သတ်ဖြတ်ရောင်းဝယ်လျက် အသက်မွေးနေခဲ့ရာ တစ်နေ့တွင် သူ၏ကိုယ်ပေါ်၌ အနာများပေါက်လာသည်။ နေရာအနှံ့ပေါက်လာသော အနာများကြောင့် သူအော်ဟစ်နေရသည်။ တစ်နေ့ထက် တစ်နေ့ ပိုပိုဆိုးလာသော အနာများကြောင့် သတိလစ်သည့်အခါ လစ်သည်။ သူ့ကို အပြင်မထွက်နိုင်ရန် မိသားစုတို့က အိမ်ကို ပိတ်ထားသည်။ အိမ်အတွင်း ဝက်ကဲ့သို့ အော်ဟစ်ကာ ဟိုမှသည်မှ ပြေးနေရသည်။ ဤသည်မှာ သူလုပ်ခဲ့သော အကုသိုလ်ကံ၏ တူသောအကျိုးကို ခံစားရခြင်းပင်ဖြစ်သည်။

**ကံတရား၏ ဓမ္မတာ**

ကောင်းမှုကုသိုလ်ကံသည် ကောင်းသောအကျိုးကိုပေးသည်။ အကုသိုလ် ကံသည် မကောင်းသောအကျိုးကို ပေးသည်။ ဤသည်မှာ ကံတရား၏ မျက်နှာကြီးငယ် မလိုက်တတ်သော နိယာမ၊ ကံတရား၏ ဓမ္မတာဖြစ်သည်။

ဤသို့ အိမ်အတွင်း၌ အော်ဟစ်ပြေးလွှားကာ နေ့စဉ်ခံစားနေရရာမှ တစ်ပတ်ခန့်ကြာသော် စုန္ဒကွယ်လွန်သွား တော့သည်။ သူ့အိမ်အနီးမှ ကြွသွားကြ ရသော ရဟန်းတော်တို့က တစ်ပတ်ခန့် အော်ဟစ်ဆူညံစွာ ခံစားနေရသော စုန္ဒ၏ အသံတို့ကို ကြားရသောအခါ ဘုရားရှင်အား အကျိုးအကြောင်း လျှောက်ထား ကြသည်။

ထိုအခါ ဘုရားရှင်က သူပြုခဲ့သော အကုသိုလ်ကံ၏ အကျိုးတူကို ခံစားရခြင်း ဖြစ်သည်ဟု မိန့်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၅။ ဣဓ သောစတိ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

**ဒေသနာ၏ အဓိပ္ပါယ်**

၁၅။ မကောင်းမှုပြုသူသည် ဤဘဝ၌လည်း စိုးရိမ်ပူပန်ရ၏။ နောင်ဘဝ၌လည်း စိုးရိမ်ပူပန်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်ဘဝလုံး၌ စိုးရိမ်ပူပန်ရ၏။ ထိုမကောင်းမှုကို ပြုထားသူသည် သူ၏ မကောင်းသော အကုသိုလ် ကံကြမ္မာကို မြင်၍ စိုးရိမ်ပူပန်ရခြင်း ဖြစ်၏။ စိုးရိမ်ပူပန်ရသည်နှင့်အမျှလည်း ပင်ပန်းရသည်။

**စုန္ဒဝက်သတ်သမားဝတ္ထု ပြီး၏။**

## ၄။ မဟာဓမ္မိက ဉပါသကာဝတ္ထု

## (တူသော ကုသိုလ်ကံအကျိုး ခံစားရသူ)

သာဝတ္ထိပြည်၌ တရားရှိသူ၊ တရားစောင့်သူတို့အဖွဲ့ဖြစ်သော“ဓမ္မိက ဉပါသကာ”အမည်ရှိ အဖွဲ့တစ်ဖွဲ့ရှိခဲ့သည်။ ထိုအဖွဲ့၏ ဥက္ကဋ္ဌမှာ မဟာဓမ္မိက ဉပါသကာဖြစ်သည်။ သူ့တွင် သားခုနစ်ယောက်နှင့် သမီးခုနစ်ယောက်ရှိသည်။ သူနှင့် သူ့ဇနီးပါဆိုလျှင် သူတို့မိသားစုမှာ ၁၆ ယောက်ရှိသည်။ မိသားစု အားလုံးတို့သည် ကုသိုလ်ကောင်းမှုကို အမြဲမပြတ် ပြုသူများဖြစ်သည်။

ဓမ္မိကဉပါသကာအဖွဲ့သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက်ရှိသော ဘုရားအမှူးရှိသော သံဃာတော်များအတွက် အလှူဒါန အမျိုးမျိုးတို့ကို နေ့စဉ်ပြုလုပ်ကြလေသည်။

**အပြန်အလှန် ကြောင်းကျိုးပြုကြပုံ**

စာရေးတံယာဂု ကပ်လှူခြင်း၊ စာရေးတံဆွမ်းကပ်လှူခြင်း၊ လဆန်းပက္ခ၊ လဆုတ်ပက္ခတို့၌ ဆွမ်းကပ်လှူခြင်း၊ ပင့်ဖိတ်၍လှူသော ဆွမ်းကပ်လှူခြင်း၊

ဥပုသ်နေ့၌ လှူသောဆွမ်းကပ်လှူခြင်း၊ ညွှန်သည့် အာဂန္တုရဟန်းတို့အား ဆွမ်းကပ်လှူခြင်း၊ ကျောင်းနေသံဃာတို့အား ဆွမ်းကပ်လှူခြင်း၊ ဝါဆိုသင်္ကန်း ကပ်လှူခြင်းတို့ ဖြစ်သည်။

အပြန်အလှန်အားဖြင့် ဇေတဝန်ကျောင်းတော်နေ သံဃာတော်တို့က ဒါယကာတို့အား တရားဓမ္မများ ချီးမြှင့်ခြင်းဖြင့် ပြန်လည်ချီးမြှောက်ကြသည်။

**မဟာသတိပဋ္ဌာန်ဒေသနာတော် ရွတ်ဆိုပေး**

တစ်နေ့တွင် မဟာဓမ္မိက ဥပါသကာကြီး မကျန်းမမာ ဖြစ်လာသည်။ ဥပါသကာကြီးအတွက် တရားဓမ္မများ ရွတ်ဖတ်သရဇ္ဈာယ်ရန် ဘုရားရှင်ထံ လျှောက်ထားကြသဖြင့် ဘုရားရှင်က ရဟန်းတော်များကို စေလွှတ်ပေးသည်။ ရောက်လာသော ရဟန်းတော်များက ဥပါသကာကြီး၏ ဆန္ဒနှင့်အညီ "မဟာသတိပဋ္ဌာန်" ဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ် ပေးကြသည်။

**နတ်ရထားတို့ ရောက်လာကြပြီ**

သံဃာတော်တို့ မဟာသတိပဋ္ဌာန်သုတ်တရားကို ရွတ်ဖတ်သရဇ္ဈာယ် ပေးနေစဉ် နတ်ပြည်ခြောက်ထပ်မှ နတ်ရထား ခြောက်စင်းတို့သည် ဥပါသကာကြီး၏ အိမ်အထက် ကောင်းကင်သို့ ရောက်လာကြသည်။ နတ်သားတို့က သူ့နတ်ပြည်မှ ရထားပေါ်ကို တက်ပါ။ ငါ့နတ်ပြည်မှ ရထားပေါ်ကို တက်ပါဟုလည်း ခေါ်ယူကြသည်။ သံဃာတော်တို့၏ ရွတ်ဖတ်သရဇ္ဈာယ်နေမှုကို အနှောင့်အယှက်မဖြစ်စေရန် ဥပါသကာကြီးက "ခေတ္တခဏ နေကြပါဦး"ဟု အသံထွက်လျက် နတ်ရထားတို့ကို တားဖြစ်သည်။ သံဃာတော်တို့က မိမိတို့၏ ရွတ်ဖတ်သရဇ္ဈာယ်မှုကို တားသည်ဟု ထင်မှတ်ကာ ရွတ်ဖတ်မှုကို ရပ်ဆိုင်းပြီး ကျောင်းတော်သို့ ပြန်ကြွသွားကြသည်။

ဥပါသကာကြီး သတိပြန်လည် ရရှိသောအခါ သံဃာတော်များကို မမြင်သဖြင့် အကျိုးအကြောင်း မေးသည်။ သားသမီးတို့က ဖခင်၏ "ခေတ္တခဏ နေကြပါဦး"ဟူသော စကားကြောင့် သံဃာတော်များ ကျောင်းသို့ပြန်ကြွ သွားကြပြီဟု ရှင်းပြကြသည်။ ဥပါသကာကြီးက "ခေတ္တခဏ နေကြပါဦး"ဟု အသံထွက်ကာ ပြောမိရခြင်း၏ အကြောင်းကို ပြန်ပြောပြသည်။

သားသမီးတို့က ဖခင်ပြောသော ရထားတို့သည် ယခုအဘယ်မှာ ရှိသနည်းဟု မေးသော် ကောင်းကင်၌ ရှိနေသည်ဟု ပြောပြသည်။ ဘုရားအလောင်းတော်၊ မယ်တော်နှင့် ခမည်းတော်တို့စံရာ တုသိတာနတ်ပြည်သို့သာ လိုက်သွားသင့်ကြောင်း သားသမီးတို့က အကြံပေးကြသည်။ ဥပါသကာကြီးသည် သူ့အတွက် ရည်မှန်းပြုလုပ်ထားသော ပန်းကုံးကို "တုသိတာ နတ်ပြည်မှ ရထားဦးတွင် ချိတ်စေသတည်း"ဟု အဓိဋ္ဌာန်ပြုရာ ပန်းကုံးသည် တုသိတာနတ်ရထား၏ ရထားဦး၌ သွား၍ ချိတ်စွပ်နေလေသည်။

ဥပါသကာကြီးက "ငါသည် တုသိတာနတ်ပြည်သို့ လိုက်ပါအံ့။ သင်တို့လည်း တုသိတာနတ်ပြည်သို့ ရောက်လိုလျှင် ငါကဲ့သို့ ကောင်းမှုကုသိုလ်ကို ပြုကြ"ဟု မှာကြားပြီး ကွယ်လွန်ကာ တုသိတာနတ်ပြည်၌ အခြံအရံတို့နှင့်တကွ နတ်သား ဖြစ်လေသည်။ သားသမီးတို့သည် ဖခင်၏စကားကို လိုက်နာကာ တစ်သက်လုံး ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

ဤအကြောင်းများကို ဘုရားရှင်သိရှိတော်မူသဖြင့် ကောင်းမှုပြုသူတို့သည် ယခုဘဝရော နောင်ဘဝ၌ပါ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရပုံကို ဤဒေသနာဖြင့် ဘုရားရှင်က ဟောကြားတော်မူသည်။

၁၆။ ဣဓ မောဒတိ၊ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။

**ဒေသနာ၏အဓိပ္ပါယ်**

၁၆။ ကောင်းမှုပြုသူသည် ဤဘဝ၌ရော နောင်ဘဝ၌ပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ ဤသို့ ဝမ်းမြောက် ဝမ်းသာဖြစ်ကြရခြင်းမှာ မိမိပြုခဲ့သော ကုသိုလ်၏ စင်ကြယ်ခြင်းကို သိမြင်ရ၍ ဝမ်းမြောက်ရခြင်း ဖြစ်သည်။

မဟာဓမ္မိက ဥပါသကာဝတ္ထု ပြီး၏။

## ၅။ သာမာဝတီမိဖုရား ဝတ္ထု

## (အကုသိုလ်အကျိုး ခံစားရသူ)

သာမာဝတီသည် ကောသမ္ဗီဘုရင် ဥတေနဧ၏ မိဖုရားကြီးသုံးဦးအနက် မိဖုရားကြီး တစ်ဦးဖြစ်သည်။ ကောသမ္ဗီသူဌေးကြီး ဃောသက၏ မွေးစားသမီးလည်း ဖြစ်သည်။ မိဘအရင်းမှာ ဘဒ္ဒဝတီသူဌေးကြီးဖြစ်သည်။ ကောသမ္ဗီဘုရင် ဥတေနတွင် အခြားမိဖုရားကြီးတို့လည်း ရှိသေးသည်။ တစ်ဦးမှာ မာဂဏ္ဍီဖြစ်သည်။ ကုရုတိုင်းမှ ဗြာဟ္မဏမျိုးရိုး ဖြစ်သည်။ အခြား တစ်ဦးမှာ ဝါသုလဒတ္တာ ဖြစ်သည်။ ဥဇ္ဇေနီပြည်မှ စဏ္ဍပဇ္ဇောတမင်း၏ သမီးဖြစ်သည်။

### ငှက်ဆင်သုတ်ခံရသူ မိဖုရား

မိဖုရားကြီး သုံးဦးတို့၏ အရှင်သခင် ဥတေနမင်းသည် ပူရန္တပမင်း၏ သားတော်ဖြစ်သည်။ ပူရန္တပ၏ နန်းမြို့တော်သည် ကောသမ္ဗီဖြစ်သည်။ ဥတေနမင်းသားအား ကိုယ်ဝန်လွယ်ထားသော မယ်တော်သည် ဘုရင်ကြီးနှင့်အတူ နန်းရင်ပြင်၌ ကမ္ဗလာအနီကို ခြုံလျက် နေပူဆာလှုံနေသည်။ မင်းတံဆိပ်ပါသော ဘုရင်ကြီး၏ လက်စွပ်တော်ကိုလည်း သူ့လက်၌ ဝတ်ကြည့်နေလေသည်။ ထိုစဉ်တွင် ငှက်ဆင်ကြီးတစ်ကောင်သည် ကောင်းကင်မှ ဆင်းသက်လာပြီး မိဖုရားကြီးကို အသားတစ် အမှတ်ဖြင့် ဟိမဝန္တာရှိ ညောင်ပင်ကြီးတစ်ပင်ပေါ်သို့ သုတ်ချီ သွားတော့သည်။ ငှက်ဆင်ကြီးသည် ထိုညောင်ပင်အပေါ်၌ သူ သုတ်ချီလာသော သတ္တဝါတို့ကို ထိုးဆိတ်သတ်ဖြတ်၍ စားနေကျနေရာဖြစ်သည့် ညောင်ပင်ခွအကြား၌ မိဖုရားကြီးကို ချထားစဉ် မိဖုရားကြီးက အော်ဟစ်၍ လက်ခုပ်လက်ဝါးတီးကာ ငှက်ဆင်ကြီးကို ခြိမ်းခြောက်မောင်းထုတ် လိုက်တော့သည်။ ထိုညောင်ပင်ခွ အကြား၌ပင် ဥတေနမင်းသားကို ဖွားမြင်သည်။

ညောင်ပင်ကြီးအနီး၌ အလ္လကပ္ပရသေ့ နေသည်။ ငှက်ကြီးစားထားသော အသားအကြွင်းအကျန်နှင့် အသီးအရွက် စသည်ကို ချက်ပြုတ်စားသောက်နေကျ ဖြစ်သည်။ ထိုနေ့ကလည်း အာဟာရရှာရန် ထွက်လာစဉ် ညောင်ပင်ပေါ်၌ မွေးကင်းစ

ဖြစ်သော ဥတေနမင်းသားတို့သားအမိကို တွေ့မြင်လွှားသည်။ သားအမိတို့ကို အောက်သို့ဆင်းစေရန်ပြောရာ မိဖုရားကြီးက မင်းမိဖုရားဖြစ်၍ သူ၏မျိုးရိုးပျက်မည်ကို စိုးရိမ်သည်ဟု ပြောသည်။ ရသေ့က သူသည်လည်း မင်းဘဝမှ ရသေ့ပြုလာသူ ဖြစ်ကြောင်း၊ သူ၏ဘဝအကြောင်းကို ပြန်ပြောပြသည်။ ထိုအခါ မိဖုရားကြီးက "အကျွန်ုပ်ကို လက်ဖြင့် မထိပါစေနှင့်"ဟု ပြောသဖြင့် သားငယ် ဥတေနကိုရော မိဖုရားကိုပါ ညောင်ပင်အောက်သို့ရောက်အောင် စီစဉ်ဆောင်ရွက်လျက် ကျောင်း၌ ခေါ်ယူပြုစုထားခဲ့သည်။ ရသေ့ကျောင်း၌နေစဉ် မိဖုရားကြီးက "ငါတို့သားအမိကို စွန့်ခွာပြီး ရသေ့ကြီးအခြား တစ်နေရာသို့ သွားလျှင် တို့သားအမိ ဒုက္ခရောက်ရလိမ့်မည်"ဟု တွေးမိရာမှ ရသေ့၏ သီလကိုပျက်စေကာ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြသည်။

## ဟတ္ထိကန္တ မန္တန်ဟူသည်

အလ္လကပ္ပရသေ့သည် အလ္လကပ္ပတိုင်းပြည်၏ ဘုရင်ဖြစ်ခဲ့ပြီး သူ့မိတ်ဆွေ ဝေဋ္ဌဒီပသည် ဝေဋ္ဌဒီပတိုင်းပြည်၏ ဘုရင်ဖြစ်သည်။ မိတ်ဆွေ ဝေဋ္ဌဒီပမင်းသည် ကွယ်လွန်ကာ တန်ခိုးကြီးနတ် ဖြစ်သွားသည်။ ထိုနတ်သည် ဆင်အန္တရာယ်များကြားတွင် နေထိုင်ရသော မိတ်ဆွေဟောင်း အလ္လကပ္ပရသေ့ထံလာပြီး ဟတ္ထိကန္တစောင်းကို လည်းကောင်း၊ မန္တန်ကိုလည်းကောင်း သင်ပေးခဲ့သည်။ ဟတ္ထိကန္တမန္တန်သည် ဆင်တို့ကို လိုသလို စီစဉ်ခိုင်းစေနိုင်သောမန္တန်ဖြစ်သည်။

တစ်နေ့သ၌ အလ္လကပ္ပရသေ့သည် ကောင်းကင်ရှိ နက္ခတ်အသွားအလာကို ကြည့်ရာ ကောသမ္ဗီပြည်မှ ပူရန္တပ္ပမင်း နတ်ရွာစံပြီကို သိသဖြင့် မိဖုရားကြီးကို ပြောပြလိုက်သည်။ မိဖုရားကြီးက ငိုကြွေးရင်း သူ့သားငယ်သည် ကောသမ္ဗီပြည် နန်းတော်၌သာ ရှိနေလျှင် ထီးဖြူစိုးအုပ် မင်းလုပ်ရပေမည်။ ယခုတော့ တောထဲမှာရောက်နေ၍ ဖခမည်းတော်၏ အမွေဖြစ်သော မင်းအဖြစ်ကို ဆုံးရှုံးရပြီ" ဟု ပြောဆိုသည်။ အလ္လကပ္ပရသေ့သည် ဥတေနမင်းသားလေးအား ဟတ္ထိကန္တ မန္တန်နှင့် စောင်းအတတ်ကို သင်ပေးသည်။ မိဖုရားကြီးက ပါလာသော ကမ္ဗလာနီနှင့် မင်းတံဆိပ်ပါရှိသော လက်စွပ်တို့ကို ပေးပြီး နန်းတော်ရှိ စစ်သူကြီး၊ မှူးမတ် စသည်တို့၏ အမည်များကို ပြောပြလျက် ထီးမွေနန်းမွေ ဆက်ခံနိုင်ရန် နတ်ရွာစံ ဖခင်ဘုရင်ကြီးအုပ်ချုပ်ရာ ကောသမ္ဗီနန်းတော်သို့ စေလွှတ်လိုက်ကြသည်။

ဥတေနမင်းသားလေးသည် ဟတ္ထိကန္တ မန္တန်နှင့် စောင်းအတတ်တို့ကို အသုံးပြုကာ ပစ္စန္တရဇ်အရပ်မှ စစ်အင်အားကို စုရုံးသည်။ ရလာသော စစ်အင်အားဖြင့် ဆင်တပ်ကို ဖွဲ့စည်းလျက် နန်းတော်ကို သွားရောက်ဝန်းရံကာ စစ်တိုက်မည်လော။ မင်းအဖြစ်ကို ပေးမည်လော။ ငါသည် ပူရန္တပ္ပမင်းနှင့် ငှက်ဆင်ကြီး ချီသွားသော မိဖုရားတို့၏ သားတည်းဟုပြောလျက် ရာဇသံပေးလိုက်သည်။ စစ်သူကြီးနှင့် အမတ်တို့၏ အမည်များကိုလည်း ပြောပြလိုက်သည်။ မြို့သူမြို့သားများနှင့် နန်းတွင်းသားတို့ကို သူယူဆောင်လာသော ကမ္ဗလာနီနှင့် တံဆိပ်ပါ လက်စွပ်တို့ကိုလည်း ပြလိုက်သည်။ ထိုအခါ မြို့သူမြို့သားများနှင့် နန်းတော်အသိုင်းအဝိုင်းက သူ့အား အဘိသိက်သွန်းကာ မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။

## ကူးစက်ရောဂါကြောင့် ပြေးလာရသူ

သာမာဝတီနှင့် မိဘတို့နေထိုင်သော ဘဒ္ဒဝတီမြို့တွင် ကူးစက်ရောဂါကပ်ဆိုး ကျရောက်သဖြင့် မိသားစုအားလုံး ကောသမ္ဗီမြို့တော်သို့ ထွက်ပြေးခဲ့ကြသည်။ ကောသမ္ဗီတွင် သူတို့နှင့် ခင်မင်သော ဃောသကသူဌေးသည်ရှိ၏။ သာမာဝတီတို့ မိသားစုသည် ဇရပ်တစ်ခု၌ ခေတ္တတည်းခိုနေထိုင်ကြသည်။ သာမာဝတီသည် ထိုဇရပ်မှ ဃောသကသူဌေး နေ့စဉ် လှူဒါန်းသော အလှူမဏ္ဍပ်ရှိရာသို့ သွားပြီး စားစရာများ တောင်းယူကာ မိဘများကိုကျွေးမွေးသည်။ ပထမနေ့ ယူလာသော အစားအစာများကို စားပြီးသည့်နောက် ဖခင်ကြီးသည် ကွယ်လွန်သွားရှာသည်။ ဒုတိယနေ့တွင် သာမာဝတီက သူ့အမေနှင့် သူ့အတွက် နှစ်ယောက်စာ သွားတောင်းသည်။ ရလာသမျှသော အစာကို သာမာဝတီက မိခင်ကြီးအား ကျွေးမွေးသည်။ မိခင်ကြီးသည် သမီးကျွေးသမျှကို စားပြီးနောက် ကွယ်လွန်သွားပြန်သည်။ ထို့ကြောင့် တတိယနေ့တွင် သူတစ်ယောက်တည်းအတွက်သာ သွားတောင်း သည်။

## သာမာဝတီ မိဖုရားကြီးဖြစ်ပြီ

ထိုအခါ အလှူမဏ္ဍပ်ကြီးမှူးသူ မိတ္တသူကြွယ်က သုံးယောက်စာ၊ နှစ်ယောက်စာမှ တစ်ယောက်စာ ဖြစ်ရသည့် အကြောင်းကို မေးသည်။ သာမာဝတီက သူတို့မိသားစု၏ အဖြစ်မှန်ကို ပြောပြသည်။ အကြောင်းစုံကို ကြားရသဖြင့် မိတ္တသူကြွယ်သည် သာမာဝတီအား သမီးအဖြစ် မွေးစားထားလိုက်သည်။

ထိုအကြောင်းကို ဃောသကသူဌေးကြီး သိရှိကာ မိတ္တသူကြွယ်ထံမှတစ်ဆင့် သာမာဝတီကို ခေါ်ယူပြီး သမီးအဖြစ် မွေးစားထားခဲ့သည်။

နက္ခတ်ပွဲသဘင်ရှိသော နေ့တစ်နေ့တွင် သာမာဝတီသည် နန်းတော်မင်းရင်ပြင်ကိုဖြတ်လျက် မြစ်ဆိပ်သို့ ရေချိုးသွားရာ ဥတေနမင်းက မြင်တွေ့သွားသည်။ ဥတေနမင်းက ဃောသကသူဌေးထံ သမီးသာမာဝတီကို သူ့ထံပေးဆက်ရန် မင်းစေတမန်တို့ကို စေလွှတ်သည်။ ဃောသကသူဌေးက မပို့သောအခါ ဃောသကသူဌေးအိမ်ကို မင်းမိန့်တံဆိပ် ခတ်စေပြီး မိဘတို့ကို အိမ်မှနှင်ထုတ်စေသည်။ မြစ်ဆိပ်မှရေချိုးပြီး ပြန်လာသော သာမာဝတီသည် အိမ်၌ဖြစ်ပျက်နေသော အခြေအနေကို သိသွားသည်။ ထို့ကြောင့်"လက်ရှိ အခြံအရံနှင့်တကွ ပို့ဆက်ခွင့်ရပါက ပို့ဆက်ပါမည်"ဟု ဖခင်အား ဘုရင့်ထံ ပြန်ကြား စေသည်။ ဘုရင်က လက်ခံသည်။ သို့ဖြင့် ဥတေနမင်းသည် သာမာဝတီ အား အခြံအရံနှင့်အတူ ခေါ်ဆောင်ပြီး အဘိသိက်သွန်းလျက် အဂ္ဂမဟေသီ မိဖုရားကြီးအရာ၌ ထားလေသည်။

## ဥတေနမင်းကို ဖမ်းမိပြီ

ဥဇ္ဇေနီမြို့တော်မှ စဏ္ဍပဇ္ဇောတမင်းသည် မိမိထက်စည်းစိမ်ချမ်းသာ အားကြီးသူ ဥတေနမင်းကို မနာလို ဝန်တိုစိတ်ရှိသူ ဖြစ်သည်။ သို့ဖြစ်၍ ဥတေနမင်းကို ဖမ်းဆီးကာ တိုင်းပြည်ကို သိမ်းပိုက်ရန်ကြံစည်သည်။ ဥတေနမင်း၌ ဆင်တို့ကို နိုင်သော ဟတ္ထိကန္တမန္တန်ရှိသောကြောင့် သက်မဲ့ဆင်ရုပ်ကို ပြုလုပ်စေသည်။ ထိုဆင်ရုပ်အတွင်း၌ စစ်သည်ဗိုလ်ပါ အင်အားအလုံအလောက် ထည့်သွင်းထားသည်။ သက်ရှိဆင်ဟု ထင်မှတ်စေရန် ဆင်ရုပ်အနီးတွင် ဆင်ချေးများကို ချထားသည်။ ထို့နောက် ဥတေနမင်း၏ပိုင်နက် ရေကန်အနီး၌ သွားရောက် ချထားသည်။ မကြာမီ တစ်ကိုယ်လုံးဖွေးဖွေးဖြူသော ဆင်ဖြူတစ်ကောင် မိမိပိုင်နက်အတွင်း ရောက်နေသည်ဟု ဥတေနမင်းသိသောအခါ ဟတ္ထိကန္တမန္တန်အားကိုးဖြင့် ဆင်စီးပြီး လိုက်ခဲ့သည်။ ဥတေနမင်းသည် မန္တန်ကိုရွတ်ဆို၍ စောင်းကိုတီးခတ်သော်လည်း ဆင်ရုပ်သည် ဝေးရာသို့ အလျင်အမြန် ထွက်ပြေးသွားသည်။ ထို့ကြောင့် မြင်းကိုစီးကာ လိုက်သည်။ မိမိပိုင်နက်နယ်မှ ဝေးရာသို့ ကျွံဝင်သွားသောကြောင့် စဏ္ဍပဇ္ဇောတမင်း၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

စဏ္ဍပဇ္ဇောတမင်းက ဟတ္ထိကန္တမန္တန်ကို သင်ပေးလျှင် လွှတ်မည်ဟု ပြောသည်။ "မိမိအား ရှိခိုး၍ သင်ယူလျှင် သင်ပေးမည်"ဟု ဥဒေနမင်းက ပြန်ပြောလိုက်သည်။ ထိုအခါ စဏ္ဍပဇ္ဇောတမင်းသည် ဂါထာကို သင်ယူမည့်သမီးတော် ဝါသုလဒတ္တာကို ခါးကုန်းမ အဖြစ်လည်းကောင်း၊ ဂါထာကိုသင်ပေးသည့် ဥဒေနမင်းကို ခရုသင်းဖြူစွဲနေသူ လူနူအဖြစ်လည်းကောင်း နှစ်ဦးစလုံးကို လိမ်ညာ၍အသိပေးကာ ကန့်လန့်ကာခြား၍ ဂါထာကိုသင်စေသည်။ အကြိမ်အကြိမ် သင်ပေးသော်လည်း ဝါသုလဒတ္တက ဂါထာကို ပီပီသသမရွတ်ဆိုနိုင်သောကြောင့် ဥဒေနမင်းက စိတ်ဆိုးပြီး"ဟယ်..ခါးကုန်းမ၊ သင်ထိုလှချေတကား"ဟု ကြိမ်းမောင်းလိုက်သည်။ ခါးကုန်းမအမည်ခံကာ သင်ယူနေရသော မင်းသမီးကလည်း "ဟယ်.. ခရုသင်းဖြူ စွဲနေသူနူနာသည်၊ ငါကဲ့သို့သော မင်းသမီးကို ခါးကုန်းမဟု ပြောရသလော"ဟု ဒေါသဖြင့် ပြန်ပြောလိုက်ပြီး ကန့်လန့်ကာကို ဆွဲဖယ်လိုက်သည်။ ထိုအခါ ဥဒေနမင်းသားနှင့်ဝါသုလဒတ္တာတို့သည် မိမိတို့၏အဖြစ်မှန်ကို သိကြရသောအခါ မန္တန်ကိုသင်ဟန်ဆောင်ကာ နေ့စဉ်ချစ်ကျီစယ်၍သာ နေကြလေတော့သည်။

ဥဒေနမင်းက "ချစ်နှမ၊ လင်ယောကျ်ားတို့ ပေးနိုင်သော စည်းစိမ်မျိုးကို မိဘတို့ကမပေးနိုင်။ အကယ်၍ ငါ့အား လွတ်မြောက်စေပြီး ငါ၏အသက်ကို ကယ်ဆယ်နိုင်လျှင် ငါသည်ချစ်နှမကို အခြံအရံများစွာပေးပြီး မိဖုရားကြီးအရာ၌ ထားမည်"ဟု ပြောသည်။ ဝါသုလဒတ္တာက လက်ခံသဘောတူပြီး ဥဒေနမင်း လွတ်မြောက်စေနိုင်မည့် အစီအစဉ်တစ်ခုကို စီစဉ်လိုက်သည်။

## ဝါသုလဒတ္တာ မိဖုရားဖြစ်ပြီ

မင်းသမီးဝါသုလဒတ္တာ၏ အစီအစဉ်မှာ "ဟတ္ထိကန္တမန္တန်ရဖို့ အထောက်အကူဖြစ်စေမည့် ဆေးမြစ်သွားတူးစရာ ရှိသည်။ နက္ခတ်ယှဉ်ခိုက် ထွက်တူးရမည်ဖြစ်၍ အချိန်မရွေးထွက်နိုင်သော တံခါးပေါက်နှင့် ဆင်တစ်စီး ပေးထားပါရန် "ဖခင်ကြီးထံ လျှောက်ထားသည်။ ဖခင်ကြီးက လိုက်လျောသည်။ စဏ္ဍပဇ္ဇောတမင်းကြီး ဥယျာဉ်ကစားရန် ထွက်သွားသောနေ့တွင် ဥဒေနမင်းနှင့် ဝါသုလဒတ္တာတို့သည် ဆင်ပေါ်၌ ရွှေ ငွေထည့်ထားသော အိတ်များ တင်ဆောင်လျက် ထွက်ပြေးခဲ့ကြသည်။ စဏ္ဍပဇ္ဇောတမင်း သိသွားသောအခါ သူတို့နောက်သို့ စစ်သည်တို့ကို လိုက်စေသည်။ ထိုအခါ ဥဒေနမင်းသည် ပါလာသော ငွေအိတ်၊ ရွှေအိတ်များမှ

ငွေနှင့် ရွှေများကို ကြဲချပေးသည်။ ဥတေနမင်းသည် ပြင်ပ၌ သူ့အားစောင့်နေသော စစ်သည်ဗိုလ်ပါအပေါင်းနှင့် ပြန်လည်ဆုံမိသဖြင့် နန်းတော်သို့ အရောက်ပြန်ခဲ့သည်။ ဝါသုလဒတ္တာကိုလည်း အဘိသိက် သွန်း၍ မိဖုရားကြီးအရာ၌ ထားလိုက်သည်။

## မာဂဏ္ဍီမိဖုရားကြီး

ဥတေနမင်း၏ အခြားမိဖုရားကြီးတစ်ဦးမှာ မာဂဏ္ဍီဖြစ်သည်။ မျိုးရိုးကို အစွဲပြုလျက် မာဂဏ္ဍီဟု ခေါ်ခြင်းဖြစ်သည်။ သူသည် အလွန်ချောမောလှပသူ ဖြစ်သည်။ ရုပ်ရည်ရူပကာယ ချောမောလှပသလောက် မာနခက်ထန်လွန်းသူ၊ အာဃာတ ပြင်းထန်လွန်းသူ၊ အကြံပက်စက်လွန်းသူဟု ဆိုနိုင်သည်။ မာဂဏ္ဍီကို လိုချင်ကြသူ ထင်ရှားသည့် အမျိုးကောင်းသားတို့က တောင်းဆိုလာသော် ပုဏ္ဏားကြီးက "သင်တို့နှင့် မတန်"ဟု ပြောလွှတ်လေ့ရှိကြသည်။

တစ်နေ့သ၌ ဘုရားရှင်သည် မာဂဏ္ဍီပုဏ္ဏားကြီးနှင့် ဇနီးတို့ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် ပုဏ္ဏားကြီးတို့ မီးပူဇော်ရာဌာနသို့ တစ်ပါးတည်း ကြွလာတော်မူခဲ့သည်။ ပုဏ္ဏားကြီးသည် ဘုရားရှင်၏ တင့်တယ်သပ္ပါယ်သော ရူပကာယတော်ကို မြင်ရသောအခါ "ဤယောကျ်ားကောင်းသည်သာ ငါ့သမီးနှင့် အထိုက်တန်ဆုံးဖြစ်သည်။ ဤယောကျ်ား ကောင်းအား ငါ့သမီး မာဂဏ္ဍီကိုပေးအံ့" ဟု စဉ်းစားသည်။

ထို့နောက် ဘုရားရှင်ထံသွားကာ "အကျွန်ုပ်တွင် အလွန်ချောမောလှပသော သမီးတစ်ယောက် ရှိပါသည်။ အခြားသူ တို့နှင့် လုံးဝမထိုက်တန်၊ အသင်နှင့်သာ ထိုက်တန်သဖြင့် အသင့်အား သမီးကိုပေးအပ်ပါမည်။ အခြားတစ်နေရာသို့ မသွားဘဲ ဤနေရာ၌ စောင့်နေပါ"ဟု ပြောကြားပြီး ရွာတွင်းသို့ပြန်ကာ ဇနီးနှင့်သမီးတို့ကိုခေါ်၍ ပြန်လာခဲ့သည်။

## ခြေရာတို့နှင့် အဓိပ္ပါယ်

ဘုရားရှင်သည် ပုဏ္ဏားကြီးနှင့် တွေ့သောနေရာတွင် ခြေတော်ရာ ချထားခဲ့ပြီး အခြားတစ်နေရာ၌ သီတင်းသုံး နေတော်မူသည်။ ပုဏ္ဏားကြီးတို့ ပြန်ရောက်လာသော အခါ ဘုရားရှင်ကိုမတွေ့ဘဲ ခြေတော်ရာကိုသာ တွေ့သည်။ ထိုအခါ ဇနီးပုဏ္ဏေးမကြီးက "ဤခြေရာရှင်သည် ကာမဂုဏ်ခံစားသူ၏ ခြေရာမဟုတ်"ဟု

သူတို့တတ်သိထားသော လက္ခဏာပညာ အရကောက်ချက်ချ ပြောပြသည်။ "ရာဂရှိသူ၏ ခြေရာသည် အလယ်ခွက်သည်၊ ဒေါသရှိသူ၏ ခြေရာသည် အလျင်အမြန် နင်းသူဖြစ်၍ ဖနောင့်တွင်းနက်သည်။ မောဟကြီးသူ၏ ခြေရာသည် အပျင်းဖက်သူဖြစ်၍ တရွတ်တိုက်ဆွဲယူငင်သော ခြေရာဖြစ်သည်။ ဤခြေရာကား အရှေ့၊ အလယ်၊ အနောက်၊ ပမာဏတူညီစွာကျပြီး တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတို့ ပါရှိသဖြင့် ရာဂ၊ ဒေါသ၊ မောဟကိုစွန့်ပယ်လျက် ဘဝမှ လွတ်မြောက်သူ၏ခြေရာ"ဟု ရှင်းပြသည်။

ပုဏ္ဏားကြီးမိသားစုသည် ဘုရားရှင်ကို ထိုဤအနံ့ကြည့်လတ်သော် ဘုရားရှင်ကို တွေ့ပြီး သမီးကိုအလုပ်အကျွေးအဖြစ် ပေးအပ်ရာ ဘုရားရှင်က "တဏှာ၊ အရတီ၊ ရဂါမည်သော မာရ်နတ်၏ သမီးသုံးယောက်တို့က ကာမဂုဏ်နှင့် စပ်သော မာယာအမျိုးမျိုးဖြင့် ပလီပလာမြူဆွယ်ကြသော်လည်း ငါအလိုမရှိခဲ့"ဟု ဟောတော်မူလျက် "ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်နေသော သင်တို့၏သမီးမာဂဏ္ဍီကို ငါအဘယ်မှာ လက်ခံနိုင်မည်နည်း ခြေဖြင့်ပင် မထိလိုပါ"ဟု မိန့်ဆိုပြတော်မူသည်။ ထို့နောက် ဘုရားရှင်က ကာမဂုဏ်တို့၏အပြစ်ကို ဟောတော်မူရာ မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံသည် အနာဂါမ် တည်သွား ကြသည်။ ထို့နောက် သမီးမာဂဏ္ဍီကို ဘထွေးတော်သူ စူဠမာဂဏ္ဍီ ထံအပ်ကာ ရဟန်းပြုသွားကြတော့သည်။"

## မာဂဏ္ဍီ မိဖုရားဖြစ်ပြီ

သမီး မာဂဏ္ဍီ၏ဘထွေး စူဠမာဂဏ္ဍီသည် မာဂဏ္ဍီကို ကောင်းမွန်စွာ ဝတ်စားဆင်ယင်စေလျက် ကောသမ္ဗီအရပ်ရှိ ဥတေနမင်းထံ သွားရောက်ပို့ဆက်သည်။ ဥတေနမင်းက မာဂဏ္ဍီကိုမြင်သည်နှင့် အလွန်စုံမက် မြတ်နိုးသဖြင့် အဘိသိက် သွန်းကာ မိဖုရားအရာ၌ ထားလေသည်။

ကောသမ္ဗီပြည်၌ ဃောသက၊ ကုက္ကုဋနှင့် ပါဝါရိကဟူသော သူဌေးကြီးသုံးယောက် ရှိသည်။ သူတို့ ကိုးကွယ်သော ရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ကြွလာကြစဉ် တောအုပ်အတွင်းရှိ ညောင်ပင်စောင့်နတ်မင်းထံမှ "ဘုရားပွင့်နေပြီ၊ ယခု သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တပည့်သား သံဃာတော်တို့နှင့်အတူ သီတင်းသုံးနေသည်"ဟု ကြားသိသွားကြသည်။

## အလုပ်သမားဘဝမှ နတ်ဖြစ်သွားသူ

ထိုဩောင်ပင်စောင့်နတ်သည် လွန်ခဲ့သောဘဝက ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ်သူဌေးကြီးအိမ်မှ အလုပ်သမား ဖြစ်သည်။ နေ့တစ်ဝက်တာမျှ ဥပုသ်စောင့်ရင်း ကွယ်လွန်ခဲ့ရသဖြင့် ဤဩောင်ပင်၌ နတ်လာဖြစ်နေရသည်။ ရသေ့တို့သည် ဘုရားရှင်ရှိရာသို့ သွားကြရာမှ တရားတော်ကိုနာကြားရသဖြင့် အရဟတ္တဖိုလ်သို့ရောက်ပြီး ဧဟိဘိက္ခုအဖြစ် ရသွားကြသည်။ သူဌေးကြီး သုံးဦးတို့လည်း ဘုရားရှင်ထံသို့ လိုက်သွားကြသည်။ ဘုရားရှင်ထံမှ တရားတော်ကို နာကြားရသော် သောတာပန်ဖြစ်သွားကြသည်။

သူဌေးကြီး သုံးယောက်သည် ကောသမ္ဗီမြို့တော်သို့ ပြန်လာကာ ဃောသကသူဌေးက ဃောသိတာရုံကျောင်း၊ ကုက္ကုဋသူဌေးက ကုက္ကုဋာရုံကျောင်းနှင့် ပါဝါရိက သူဌေးက ပါဝါရိကာရုံကျောင်းတော်တို့ကို ဆောက်လုပ်ပြီး သာဝတ္ထိမှ ဘုရားရှင်ကို ပင့်ဆောင်ကိုးကွယ်ကြသည်။

## သုမနပန်းသည်

သူဌေးကြီးများထံနေ့စဉ် ပန်းပေးသွင်းရသူ သုမနပန်းသည်သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား တစ်နေ့တာ ဆွမ်းကပ်လှူခွင့်ရရှိသည်။ သာမာဝတီမိဖုရားအား နေ့စဉ် ပန်းဝယ်ပေးရသူ ခုဇ္ဇုတ္တရာသည် သုမနပန်းသည် ဆွမ်းကပ်လှူရာ၌ ဝေယျာဝစ္စ ကူညီဆောင်ရွက်ပေးစဉ် ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် သောတာပန်ဖြစ်သွားသည်။ သောတာပန် ဖြစ်သွားပြီးနောက် ခုဇ္ဇုတ္တရာသည် နေ့စဉ်လေးအသပြာဖိုး ပန်းဝယ်ပေးရာမှ ထိုနေ့က ရှစ်အသပြာဖိုး ပန်းဝယ်ပေးသည်။ ဥတေနမင်းကြီးက သာမာဝတီမိဖုရားအား နေ့စဉ်ပန်းဖိုး ရှစ်အသပြာပေးသည်။ ခုဇ္ဇုတ္တရာက ထိုရှစ်အသပြာဖိုး အကုန်မဝယ်ဘဲ လေးအသပြာ ဖိုးသာ နေ့စဉ်ဝယ်ပေးသည်။ ကျန်လေးအသပြာကို ခိုးယူဝှက်ထားသည်။ သောတာပန်ဖြစ်သောအခါ ရှစ်အသပြာဖိုးအပြည့် ဝယ်ပေးလိုက်သည်။ ပန်းအများအပြား ရရှိလာခြင်းကို သာမာဝတီမိဖုရားက မေးသောအခါ ခုဇ္ဇုတ္တရာက အဖြစ်မှန်ကိုပြောပြီး ဘုရားရှင်ထံတော်မှ မြတ်တရားတော်ကို နာကြားလာခဲ့ရပုံကို ပြောပြသည်။ ထိုအခါ သာမာဝတီမိဖုရားကြီးက မြတ်စွာဘုရားထံမှ ခုဇ္ဇုတ္တရာ

နာယူခဲ့ရသည့် တရားတော်ကိုပြန်လည် ဟောပြပေးပါရန် တောင်းပန်သဖြင့် ဟောပြရာမှ မိဖုရားကြီးနှင့်တကွ ငါးရာသော မောင်းမမိဿံတို့လည်း သောတာပန်တည်သွားကြတော့သည်။

## သံဃာကို ကြည်ညိုပုံ

သာမာဝတီ မိဖုရားနှင့် မောင်းမမိဿံတို့သည် ဘုရားရှင်ထံ ကိုယ်တိုင် သွားရောက်၍ တရားနာလိုကြသော်လည်း နန်းတွင်းအခြေအနေကြောင့် မသွားဝံ့ကြချေ။ ထို့ကြောင့် ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းခံကြွလာမှသာ အဆောင်နံရံ၌ ဖောက်ထားသော နံရံပေါက်များမှ ဖူးမြော်ကြရသည်။

မာဂဏ္ဍီမိဖုရားသည် သူ့မိဘများက သူ့ကို ဘုရားရှင်ထံ ပို့ဆက်စဉ်က ဘုရားရှင်က သူ့အား ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်နေသူဖြစ်၍ ခြေဖျားဖြင့်ပင်မတို့လိုဟု မိန့်ဆိုခဲ့သည်ကို သူလုံးဝမကျေနပ်။ ထို့ကြောင့် သူသည် ဘုရားရှင်အပေါ် ရန်စရန်ငြိုး အစပျိုးထားခဲ့သည်။ ယခုသာမာဝတီ မိဖုရားက ဘုရားရှင်အပေါ် ကြည်ညိုလေးစားနေသည်ကို သူမနာလို။ ထို့ကြောင့်သူက သာမာဝတီသည် ဘုရားရှင်အပေါ် စိတ်ညွတ်နေသည်။ လော်မာနေသည်ဟု စွပ်စွဲပြီး ဥတေနမင်းအား လျှောက်ထားသည်။ သာမာဝတီမိဖုရားကြီး၏ အဆောင်နံရံမှ အပေါက်များကို သက်သေအဖြစ် ဘုရင်ဥတေနအား ထုတ်ပြသည်။ ဥတေနမင်းက အပေါက်များကို ပိတ်စေပြီး မြင့်သောနေရာ၌ လေသာပြတင်းများကို ပြုလုပ်စေသည်။ ဥတေနမင်းက သူပြောသည်ကို မယုံသဖြင့် မာဂဏ္ဍီသည် နောက်တစ်မျိုး ကြံပြန်သည်။

## ငွေပေးပြီး ဘုရားရှင်ကို အပြစ်တင်စေသူ

သူ့အကြံမှာ ကောသမ္ဗီမြို့တွင်း၌ ဆွမ်းခံကြွနေသော ဘုရားရှင်ကို လူကြမ်း၊ လူဆိုး၊ လူရမ်းကားများ စုဆောင်းကာ ငွေပေးပြီး ဆဲရေးတိုင်းထွာမှု ပြုစေရန်ဖြစ်သည်။ သို့သော်အမြင့်သို့ လှမ်းထွေးလိုက်သော တံတွေးသည် အနိမ့်တွင်ရှိ ထွေးသူထံ ပြန်ရောက်တတ်သော လောကသဘာဝဓမ္မသည် ရှိ၏။ မာဂဏ္ဍီသည် နိမ့်သူ၊ ဘုရားရှင်သည် မြင့်မြတ်သူ ဖြစ်သည်။ ငွေရသဖြင့် ဆွမ်းခံရာနောက်သို့ တကောက်ကောက် လိုက်ပါလျက် ဆဲရေးသူတို့၏

အဆဲအဆိုခံသောအခါ အရှင်အာနန္ဒာက ဘုရားရှင်အား ဤသို့လျှောက်ထားသည် "အရှင်ဘုရား၊ ရွှေငွေမျက်နှာကြောင့် မိုက်ရိုင်းသူအချို့ လိုက်လံ ဆဲဆိုနေကြပါသည်။ အခြားမြို့ရွာသို့ ရွှေ့ပြောင်းပြီး ဆွမ်းခံကြွသင့်ပါသည်ဘုရား" ထိုအခါ ဘုရားရှင်က "အာနန္ဒာ၊ အခြားအရပ်မှာလည်း ဤအမိုက်အရိုင်းတွေလို ဆဲရေးပြန်သော် ဘယ်အရပ်သို့ သွားမည်နည်း။ သည်းခံပါ။ သည်းခံခြင်းလောက် ကောင်းသော ရန်သူကိုအောင်နိုင်သည့် လက်နက်မရှိ" ဟု မိန့်တော်မူသည်။ ရက်များမကြာမီပင် ဆဲရေးသူတို့ ရပ်စဲသွား ကြသည်။ ကလဲ့စားချေလိုသည့် သူ့အစီအမံ မအောင်မြင်သော်လည်း မာဂဏ္ဍီမိဖုရားသည် ကလဲ့စားချေမှုအလုပ်ကိုကား မရပ်သေးပေ။

## ကြက်အရှင်ပို့ကာ တစ်နည်းကြံပြန်ပြီ

အကြံတစ်ခုပျက်သော် အခြားတစ်နည်း ကြံပြန်သည်။ ဥတေနမင်း သေအရက်သောက်ရာနေရာ၌ မာဂဏ္ဍီသည် ရှိနေ၏။ ဘထွေးတော် စူဠမာဂဏ္ဍီက ဘုရင်အား ကြက်အရှင်ရှစ်ကောင်ကို ဆက်သည်။ ထိုကြက်အရှင်များကို သာမာဝတီ မိဖုရားကြီးထံ ပို့စေပြီး ဘုရင့်ပွဲတော်အတွက် စီစဉ်ပါစေဟု မာဂဏ္ဍီက အကြံပြုသည်။ ဘုရင်ကလည်း သဘောတူလိုက်သည်။ သောတာပန်ဖြစ်သော သာမာဝတီ မိဖုရားကြီးက ကြက်အရှင်များဖြစ်၍ ပွဲတော်မချက်လိုဟုဆိုကာ ပြန်ပို့လိုက်သည်။ ထိုအခါ မာဂဏ္ဍီက ဘုရင်အား ရဟန်းဂေါတမအတွက် ချက်ပြုတ်၍ပို့စေဟု မိန့်တော်မူပါဟု ပြောကြားသဖြင့် ထိုအတိုင်းသာ အမိန့်ပေးလိုက်သည်။ မာဂဏ္ဍီက လမ်းတွင် ကြက်အသေနှင့်အရှင်ကို လဲလှယ်ပေးလိုက်သဖြင့် သာမာဝတီတို့က ချက်ပြီး ပြန်ပို့သည်။ ထိုအခါ မာဂဏ္ဍီက "ကြည့်ပါ အရှင်မင်းကြီး၊ မင်းကြီးထက် ရဟန်းဂေါတမဖက်သို့ ညွတ်နေသည်ကို တွေ့ပြီမဟုတ်လား"ဟု အချက်ကျကျ လျှောက်ထားပြန်သည်။

သို့သော်မင်းကြီးကား အရေးမယူ၊ ရုပ်ရည်ရူပကာယ ချောမောသလောက် စိတ်ဓါတ်အားဖြင့်ကောက်ကျစ်လွန်းသူ မာဂဏ္ဍီသည် သူ၏ပြင်းထန်လွန်းသော အာဃာတစိတ်အတိုင်း သူ့အလုပ်ကို ဆက်၍လုပ်ပြန်သည်။

ဥတေနမင်းကြီးသည် မိဖုရားသုံးဦးတို့ထံ တစ်ယောက်ပြီးတစ်ယောက် လှည့်လည်စံစားသည်။ မာဂဏ္ဍီအဆောင်မှ သာမာဝတီအဆောင်သို့ ကူးသောအခါ

မာဂဏ္ဍီသည် အစွယ်ချိုးထားသော မြွေဟောက်တစ်ကောင်ကို စောင်းပေါက်ထဲသို့ ထည့်ပိတ်လိုက်သည်။ သူကိုယ်တိုင်လည်း မင်းကြီးနှင့်အတူ လိုက်လာခဲ့သည်။ သာမာဝတီအဆောင်ရောက်၍ သလွန်ပေါ်၌ လဲလျောင်းနေစဉ် မာဂဏ္ဍီသည် စောင်းဝ၌ ပိတ်ထားသော ပန်းကုံးကိုဖွင့်ပေးလိုက်သည်။ ပိတ်လှောင်ထားရာမှ လွတ်လာသော မြွေဟောက်သည် ဒေါသကြီးစွာဖြင့် ပါးပျဉ်းထောင်၍ထွက်လာသည်။ မာဂဏ္ဍီမိဖုရားသည် မာယာဖြင့် ထိတ်လန့်တုန်လှုပ်သော အသံကိုပြုလျက် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ မင်းကြီးသည် သာမာဝတီမိဖုရားအပေါ် အထင်လွဲ ဒေါသဖြစ်သွားတော့သည်။

ထို့ကြောင့် သာမာဝတီမိဖုရားနှင့် မောင်းမငါးရာကို တန်းစီစေလျက် ဗိုလ်ခြေတစ်ထောင်တင်မှရအပ်သော လေးတွင် အဆိပ်လူးမြားတပ်လျက် ကိုယ်တော်တိုင် သတ်မည်ဟု အမိန့်ချလိုက်သည်။

သာမာဝတီမိဖုရားသည် မင်းကြီးအား လည်းကောင်း၊ မာဂဏ္ဍီအားလည်းကောင်း အခြားတစ်စုံတစ်ဦးပေါ်မျှ အမျက်မထွက်ဘဲ အားလုံးအပေါ် လေးလေးနက်နက် မေတ္တာပွားရန် သူ့အခြံအရံတို့ကို ဆုံးမသည်။

**ပစ်သောမြားမင်းကြီးထံပြန်လာ**

ဥတေနမင်းကြီးသည် သူချမှတ်ထားသော အမိန့်အတိုင်း သာမာဝတီမိဖုရားကို ရှေ့ဆုံးမှထားလျက် တန်းစီစေပြီး အဆိပ်လူးမြားဖြင့် ပစ်သည်။ ကျောက်တောင်ကျောက်တုံးကိုပင် ထွင်းဖောက်နိုင်သောမြားသည် သာမာဝတီတို့ထံ မသွားဘဲ သူ့ထံပြန်လာပြီး သူ့ကိုပင်ဖောက်ထွင်းတော့မလို ဖြစ်သွားသည်။

ထိုအခါ မင်းကြီး၏စိတ်တွင် အသိတစ်မျိုးဝင်သွားတော့သည်။ သက်မဲ့ဖြစ်သော မြားသည် သာမာဝတီတို့၏ သစ္စာနှင့် မေတ္တာတန်ဖိုးကို သိသည်။ လူတို့ထိပ်ထား မင်းတစ်ပါးဖြစ်သော ငါသည် သစ္စာနှင့်မေတ္တာတန်ဖိုးကို မသိပါတကား။ မင်းကြီးသည် လေးကိုချကာ သာမာဝတီ၏ ခြေရင်း၌ ထိုင်လျက် ငါ့ကိုကယ်ပါ။ ငါ၏အားထားကိုးကွယ်ရာဖြစ်ပါစေဟု ပြောကြားတောင်းပန်သည်။ သာမာဝတီမိဖုရားက "မင်းကြီး၊ ကျွန်မအား ကိုးကွယ်အားထားရာဟူ၍ မဆည်းကပ်ပါနှင့်၊ အကျွန်ုပ်သည် ဘုရားရှင်ကို ကိုးကွယ်ပါသည်။ အရှင်မင်းကြီးလည်း ဘုရားရှင်ကို

ကိုးကွယ်ပါ။ ရတနာသုံးပါးကိုသာ အားထားဆည်းကပ် ကိုးကွယ်ပါ"ဟု တိုက်တွန်းသည်။

ထိုအခါ ဥတေနမင်းကြီးသည် သရဏဂုံဆောက်တည်ပြီး ဘုရားရှင်နှင့် သံဃာတော်များကို ခုနစ်ရက်တိုင်တိုင် ဆွမ်းကပ်သည်။ တရားတော်ကိုလည်း နာကြားသည်။ သာမာဝတီမိဖုရားကြီး လိုချင်သောဆုကိုပေးသည်။ မိဖုရားကြီး လိုချင်သော ဆုမှာ ဘုရားရှင်နှင့် သံဃာတော်တို့အား နန်းတော်သို့ အမြဲကြွလာစေရန်ဖြစ်သည်။ အရှင်အာနန္ဒာသည် ဘုရားရှင်နှင့် သံဃာတော်များကိုယ်စား ကြွလာပြီး တရားဟောသည်။ နန်းတွင်းသူတို့က အရှင်အာနန္ဒာ၏ တရားကို ကြည်ညိုသဖြင့် အသပြာငါးရာတန် အပေါ်ရုံ အဝတ်ပုဆိုးများကိုလှူသည်။ မောင်းမအားလုံး အပေါ်ရုံအဝတ်ပုဆိုးများ ဝတ်ဆင်သည်ကို မမြင်၍ မင်းကြီးက မေးသော် အရှင်အာနန္ဒာအား လှူလိုက်ကြောင်း လျှောက်ထားသည်။

မင်းကြီးသည် အရှင်အာနန္ဒာအား အကျိုးအကြောင်း မေးလျှောက်သော် အရှင်အာနန္ဒာက ဟုတ်မှန်ကြောင်း မိန့်တော်မူ သည်။ "ဤမျှ များပြားသော အဝတ်ပုဆိုးတို့ကို အလှူခံပြီး မည်သို့အသုံးပြုပါသနည်း"ဟု မေးလျှောက်ပြန်သည်။ အရှင်အာနန္ဒာက မိမိအတွက် လိုသလောက်သာ ချန်ပြီး အခြားလိုအပ်သော ရဟန်းများအား လှူဒါန်းပုံနှင့် သင်္ကန်းကို ဟောင်းနွမ်းစုတ်ပြဲသည်အထိ အဆင့်ဆင့် အသုံးပြုပုံကို မိန့်ကြားသည်။ ဥတေနမင်းကြီးသည် ကြည်ညိုလှသဖြင့် နောက်ထပ် အဝတ်ပုဆိုးငါးရာကို လှူဒါန်းသည်။

## သာမာဝတီတို့ ကွယ်လွန်ကြပြီ

မာဂဏ္ဍီမိဖုရားသည် အဆင့်ဆင့်သော လုပ်ဆောင်ချက်များ မအောင်မြင်သောအခါ သာမာဝတီတို့၏ နန်းဆောင်ကို မီးရှို့ရန် သူ၏ဦးရီးတော် စူဠမာဂဏ္ဍီကို စေခိုင်းသည်။ သာမာဝတီအားလုံး မီးလောင်ကျွမ်း၍ ကွယ်လွန်သွားကြသည်။

သာမာဝတီနှင့် အခြံအရံငါးရာတို့သည် အတိတ်ဘဝတစ်ခုက မြက်ချုံ အတွင်း၌ ဈာန်သမာပတ် ဝင်စားနေသော ပစ္စေကဗုဒ္ဓါတစ်ပါးကို မီးတိုက်ရှို့ခဲ့ဖူးသည်။ ပစ္စေကဗုဒ္ဓါရှိမှန်းမသိ၍ မီးတိုက်ခဲ့သော်လည်း မိမိတို့၏ အရှင်သခင်ကိုးကွယ် နေသော ပစ္စေကဗုဒ္ဓါဖြစ်မှန်းသိသော် အပြစ်မရစေရန် ထင်းမီးဖြင့် ဆက်၍ မီးရှို့ခဲ့ဖူးသည်။

သာမာဝတီတို့သည် ထိုအကုသိုလ်ကံကြောင့် ဧရာ ရေ၌ ကျခံခဲ့ရပြီး ဘဝများစွာ မီးလောင်ခံရပြီး ကွယ်လွန်ခဲ့ရသည်။

သာမာဝတီ မိဖုရား၏အိမ်နန်းပြာသာဒ် မီးလောင်သည်ဟု ကြားသော် ဥတေနမင်းကြီးသည် တောကစားထွက်ရာမှ အလျင်အမြန် ပြန်လာသည်။ ထိုသို့ဖြစ်ရခြင်းကို မောင်းမဲခြိမ်းခြောက်မေးသော် မည်သူမျှဝန်ခံမည် မဟုတ်သဖြင့် ဥပါယ်တံမျဉ်ဖြင့် မင်းကြီးသည် စုံညီပရိသတ်အလယ်၌ "အမတ်တို့၊ သာမာဝတီသည် ငါ၏အကျိုးမဲ့ကို ပြုသူဖြစ်သည်။ ယခု သူမရှိတော့၍ ငါစိတ်ချမ်းသာရာ ရပေတော့မည်။ ငါ့အပေါ် လေးစားမြတ်နိုးသူတစ်ဦးဦးက ဤသို့မီးတိုက်လိုက်ခြင်း ဖြစ်ပေမည်"ဟု မိန့်ကြားလိုက်သည်။

ထိုအခါ မာဂဏ္ဍီမိဖုရားက မိမိသည် ဦးရီးတော်ကို မီးတိုက်ခိုင်းခြင်း ဖြစ်ကြောင်း အသိပေးလျှောက်ထားသည်။ မင်းကြီးက ဆုလာဘ်ပေးမည် ဆွေမျိုးအပေါင်းကို နန်းရင်ပြင်၌ စုရုံးကြဟု မိန့်သည်။ ဆုလာယူကြသူများကို ဖမ်းဆီးကာ မြေ၌ တွင်းတူးစေပြီး ထိုတွင်းထဲ၌ထည့်ကာ အပေါ်မှ ကောက်ရိုးဖုံး၍ မီးရှို့ သေဒဏ်ပေးလိုက်သည်။

## အောင်နိုင်မှုလော ကျရှုံးမှုလော

မာဂဏ္ဍီမိဖုရား၏ အောင်နိုင်မှုကား နိဂုံးချုပ်သော် ကျရှုံးမှုဖြစ်သွားရတော့သည်။ မင်းကြီးက မာဂဏ္ဍီ၏ အသားများကို ဓားဖြင့်လှီးပြီး ကြော်စေသည်။ ကြော်ပြီးအသားများကို မာဂဏ္ဍီကို စားစေသည်။ သို့ဖြင့် မာဂဏ္ဍီသည် စိတ်ရောကိုယ်ပါ ဝေဒနာပြင်းစွာ ခံစားရပြီး ကွယ်လွန်သွားရသည်။

## ဘုရားကြည်ညိုသူ

ဝါသုလဒတ္တာမိဖုရားသည် ဘုရားရှင်ကို အလွန်ကြည်ညိုသူဖြစ်သည်။ ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့၏ သားတော် ဗောဓိမင်းသားသည် သရဏဂုံမြဲသူဖြစ်သည်။ ဘဂ္ဂတိုင်း သုသုမာရဂီရိမြို့၌ ဘုရားရှင် ရှစ်ဝါမြောက် ဝါကပ်စဉ် ဗောဓိရာဇ ကုမာရသုတ်တော်ကို ဟောကြားသည်။ ထိုတရားတော်ကို နာကြားရသဖြင့် ဗောဓိမင်းသား သောတာပန်ဖြစ်သွားရသည်။

တစ်နေ့သောအခါ ရဟန်းတို့သည် တရားသဘင်၌ "သာမာဝတီနှင့် အခြံအရံတို့သည် သူတို့နေရာ နန်းဆောင်ကို မီးရှို့သဖြင့် သေကြရသည်။ မာဂဏ္ဍီ၏ ဆွေမျိုးတို့သည် နန်းရင်ပြင်၌ တွင်းတူးလျက် မြေမြှုပ်ကာ သေဒဏ်ပေးခံကြရသည်။ မာဂဏ္ဍီကမူ ကိုယ့်အသားကိုယ်ပြန်ကြော်စားလျက် စိတ်ရောကိုယ်ပါ ဆင်းရဲကြီးစွာ ခံစားရပြီး ကွယ်လွန်ရသည်။ ဤသူတို့တွင် အဘယ်သူသည် အသက်ရှင်၍ အဘယ်သူတို့သည် အသက်သေသည်မည်ကုန်သနည်း"ဟု ပြောဆိုနေကြသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၁။ အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

၂၂။ ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ၊
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

၂၃။ တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ၊
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

**ဒေသနာ၏အဓိပ္ပါယ်**

၂၁။ မမေ့မလျော့ခြင်း၏ အကြောင်းဖြစ်သော သတိရှိမှုသည် မသေရာ နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်းတည်း။ မေ့လျော့ခြင်းသည် ဇာတိမကင်း သေရခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သူတို့သည် ဝဋ်မှထွက်မြောက် နိုင်ကြသဖြင့် သေသည်မမည်ကုန်၊ မေ့လျော့သူတို့သာ ဝဋ်မှထွက်မြောက်နိုင်မှု မရှိကြသဖြင့် သေသည်မည်ကုန်၏။

၂၂။ မမေ့မလျော့သော ပညာရှိတို့သည် ဤသို့ထူးခြားချက်ကို သိ၍ အသိတရားရှိကာ ရွှင်လန်းဝမ်းမြောက်ကြပြီး အရိယာတို့ ကျက်စားရာ လောကုတ္တရာ တရားတို့၌ မွေ့လျော်ကြကုန်၏။

၂၃။ ထိုပညာရှိတို့သည် ကိလေသာကို (သမထဝိပဿနာစျာန်ဖြင့်) လောင်ကျွမ်းစေပြီးလျှင် အမြဲမပြတ် မတွန့်မဆုတ် လုံ့လထုတ်လျက် ယောဂ လေးပါးတို့ကုန်ရာ မြတ်သောနိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

သာမာဝတီမိဖုရားဝတ္ထုပြီး၏။

## ၆။ မဟာလိသုတ္တံ

## (သိကြားမင်းကို တကယ်တွေ့နိုင်၊ မြင်နိုင်သလော)

သိကြားမင်း တကယ်ရှိ-မရှိ၊ ရှိလျှင် မြင်နိုင်၊ မမြင်နိုင် ရင်တွင်း၌ မတင်မကျ ပြဿနာဖြစ်နေသူ လိစ္ဆဝီမင်းသား မဟာလိသည် ဘုရားရှင်ထံ ရောက်လာသည်။ သူ့ရင်တွင်း၌ ဖြစ်နေသော သိကြားမင်းပြဿနာကို ဘုရားရှင်အား လျှောက်ထား မေးမြန်းသည်။ ဘုရားရှင်သည် သိကြားမင်းနှင့် အမေးအဖြေပြုလုပ်သော "သက္ကပဉှသုတ်"ကို ဟောကြားသည်ဟု ကြားသိသောကြောင့် ဘုရားရှင်ထံ အမြန်လာမေးခြင်းဖြစ်သည်။ ရာဇဂြိုဟ်ပြည်၏ အရှေ့မျက်နှာ အမ္ဗသဏ္ဍရွာ၏ မြောက်ဘက် ဝေဒိယကတောင်ယံရှိ ဣန္ဒသာလလိုဏ်၌ ဘုရားရှင်သည် သိကြားမင်းနှင့် အမေးအဖြေ ပြုလုပ်သော သက္ကပဉှသုတ်ကို ဟောတော်မူသည်။

**မဟာလိကမေးပုံ**

ဘုရားရှင်သည် ဝေသာလီမြို့တော် ကူဋာဂါရကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဟာလိရောက်လာသည်။ ရောက်ရောက်ချင်းပင် မဟာလိက "အရှင်ဘုရား၊ သိကြားမင်းကို မြင်ရပါသလော"ဟု မေးလျှောက်၏။ ဘုရားရှင်က မြင်ရသည်ဟု ဖြေကြားသည်။ "မြင်ရသည်ဆိုလျှင် အရှင်ဘုရားမြင်သော သိကြားမင်းသည် အတုဖြစ်ပေမည်"ဟု လျှောက်ထားလေသည်။

မဟာလိသည် ပညာတတ်တစ်ယောက် ဖြစ်သည်။ ဒိသာပါမောက္ခ ဆရာကြီးထံ ပညာသင်ယူစဉ်က စစ်သူကြီး ဗန္ဓုလနှင့် ပသေနဒီကောသလမင်း တို့သည် သူ၏အပေါင်းအဖော်ရောင်းရင်းများ ဖြစ်ကြသည်။ ဝေဒကျမ်းအရ သိကြားမင်း သည် အလွန်တန်ခိုးကြီးသည်။ ယခုဘုရားရှင်နှင့် အပြန်အလှန်မေးကြ၊ ဖြေကြသည်ဟု ဆိုသဖြင့် မဟာလိ ခေါင်းရှုပ်သွားသည်။

**ဘုရားရှင်ဖြေကြားပုံ**

ဘုရားရှင်က "မဟာလိ၊ ငါဘုရားသည် သိကြားမင်းကိုရော သိကြားမင်းဖြစ်ကြောင်း ကျင့်စဉ်ကိုပါ သိသည်"ဟု ဖြေကြားလိုက်သည်။ ဆက်လက်၍ ဘုရားရှင်က"မဟာလိ၊ သိကြားမင်းမဖြစ်မီ လူ့ဘဝတုန်းက သူသည် "မဃ"

အမည်ရှိ လုလင်ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် သူ့ကို "မဃဝ"ဟုလည်းကောင်း၊ ရှေးဦးစွာ အလှူပေးတတ်သောကြောင့် "ပုရိန္ဒဒ"၊ ရိုသေလေးမြတ်စွာ အလှူပေးတတ်သောကြောင့် "သက္က"၊ တည်းခိုစရာဇရပ်ကို လှူတတ်သောကြောင့် "ဝါသဝ"၊ မျက်လုံးတစ်ထောင်ရှိသူကဲ့သို့ အမြင်ကျယ်သောကြောင့် "သဟဿ နေတ္တ"၊ အသုရာနတ်မင်းကြီး၏သမီး သုဇာတာ၏ခင်ပွန်း ဖြစ်သောကြောင့် "သုဇမ္ပတိ"၊ တာဝတိံသာနတ်တို့ကို အစိုးရသောကြောင့် "ဒေဝါနမိန္ဒ"ဟုလည်း ခေါ်ဆိုကြသည်။ လူဖြစ်စဉ် အခါက ခုနစ်ပါးသော ကျင့်ဝတ်တို့ကို ကျင့်သုံးခဲ့ဖူး သူလည်း ဖြစ်သည်။ ထိုကျင့်ဝတ်ခုနစ်ပါးတို့မှာ ..

## သိကြားမင်းဖြစ်ကြောင်း ကျင့်ဝတ်

၁။ မိဘနှစ်ပါးအား အသက်ထက်ဆုံး ပြုစုလုပ်ကျွေးခြင်း။
၂။ ကြီးသူတို့ကို ရိုသေလေးစားခြင်း။
၃။ နူးညံ့သိမ်မွေ့ချိုသာသော စကားကို ပြောဆိုခြင်း။
၄။ နှစ်ဖက်သူတို့အကြားတွင် ကုန်းတိုက်သောစကားကို မဆိုခြင်း။
၅။ အသက်ထက်ဆုံး မစ္ဆရိယဟူသော ဝန်တိုမှုကင်းအောင် နေထိုင်ပြောဆို ကျင့်ကြံခြင်း။
၆။ ပေးကမ်းစွန့်ကြဲရာ၌မွေ့လျော်၍ သစ္စာနှင့်ယှဉ်သောစကားကိုပြောဆိုခြင်း။
၇။ မုန်ကန်ဖြောင့်မတ်သော စကားကိုပြောဆို၍ အမျက်ဒေါသကို နှိပ်ကွပ် နိုင်ခြင်း၊ ထိန်းသိမ်းခြင်းတို့ ဖြစ်သည် မဟာလိ။

ဤသို့ မိန့်တော်မူသောအခါ လိစ္ဆဝီမင်းသား မဟာလိသည် သိကြားမင်း မဖြစ်မီက မာဃလုလင်၏ ဘဝအကြောင်းကို ဟောကြားပါရန် တောင်းပန်သဖြင့် မြတ်စွာဘုရားက ဤသို့ဟောကြားသည်။

ရာဇဂြိုဟ်ပြည်၌ မဂဓမင်းကြီး ထီးနန်းစိုးစံစဉ်က မာဃလုလင်သည် မစလရွာ၌ အမျိုးမြတ်သူ၏ သားဖြစ်၍ "မဃ"ဟု အမည်တွင်သည်။ သူသည် သူ၏အပေါင်းအဖော် သုံးကျိပ်သုံးယောက်တို့နှင့်အတူ ငါးပါးသီလဆောက်တည်၍ လမ်းတံတားများ ပြုပြင်ဖောက်လုပ်ခြင်း၊ ရေတွင်းရေကန်များ တူးဖော်ခြင်းစသည့် ကုသိုလ်ပြု လုပ်ငန်းများကို ဆောင်ရွက်သည်။ အခြားသူများကိုလည်း သူတို့ကဲ့သို့ ဥပုသ်သီလဆောက်တည်၍ အများအကျိုးကို ဆောင်ရွက်ရန် ဟောပြောဆုံးမသည်။

သူတို့အဖွဲ့ ဤကဲ့သို့ ညီညီညွတ်ညွတ်ဖြင့် ကုသိုလ်ပြုလုပ်ငန်းများ လုပ်ကိုင်သည်ကို မနှစ်မြို့ မနာလိုသူတစ်ဦး ရှိသည်။ ထိုသူမှာ မစလရွာ၏ သူကြီးပင်။ ဒုစရိုက်မှု နည်းပါးလာသဖြင့် ဝင်ငွေလျော့နည်းလာသော သူကြီးသည် မာဃလုလင်တို့ အဖွဲ့အား "လူဆိုးသူခိုး"များဟု စွပ်စွဲကာ မင်းကြီးထံ ရှေ့နားတော်ကြား လျှောက်ထားသည်။ ဖမ်းဆီးခွင့်ကိုလည်း တောင်းခံသည်။ မင်းကြီးလည်း အကယ်ပင် လူဆိုးသူခိုးများထင်သည်၊ ဖမ်းဆီး၍ မင်းကြီးထံပို့သည်။ မင်းကြီးကလည်း ကြားနာစစ်ဆေးခြင်းမပြုဘဲ အကျဉ်းနည်းဖြင့် သေဒဏ်စီရင်လိုက်သည်။

မင်းမှုထမ်းတို့သည် မာဃလုလင်တို့အဖွဲ့အား မင်းရင်ပြင်၌ လဲလျောင်းစေပြီး ဆင်ဖြင့်နင်းသတ်ရန် စီစဉ်သည်။ နင်းသတ်ရန် လွှတ်လိုက်သောဆင်သည် မာဃလုလင်တို့၏ သီလတန်ခိုး၊ မေတ္တာတန်ခိုးကြောင့် အနီးသို့ပင် မကပ်ဘဲ ဝေးရာမှ ရှောင်သွားသည်။ ထိုအခါ မာဃလုလင်တို့တွင် အဆောင်လက်ဖွဲ့ ဂါထာမန္တရားများ ရှိ၊ မရှိ မင်းကြီးကမေးသည်။ မာဃလုလင်က သူတို့တွင် အဆောင်လက်ဖွဲ့ မရှိပါ။ ငါးပါးသီလ စောင့်ထိန်းခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်းနှင့် အလှူဒါနပြုလုပ်ခြင်းတို့သည်သာ သူတို့၏ဂါထာမန္တရားဖြစ်ကြောင်း လျှောက်ထားသည်။

မင်းကြီးလည်း မာဃလုလင်တို့အဖွဲ့တွင် အပြစ်ကင်းစင်ကြောင်း သိလျှင် မတရားစွပ်စွဲသော သူကြီးအား သူပိုင်ပစ္စည်း ဥစ္စာကျေးကျွန်များနှင့် သူ့ကိုလည်း မာဃလုလင်တို့၏ ကျွန်အဖြစ် အသုံးပြုရန် ဆုအဖြစ်ပေးသနားသည်။ ဆင်ကိုလည်း မာဃလုလင်တို့၏ ကုသိုလ်ပြုလုပ်ငန်းတွင် အသုံးပြုရန် ပေးလိုက်သည်။

ထိုနေ့မှစ၍ မာဃလုလင်တို့အဖွဲ့သည် လမ်းလေးခွဆုံရာအရပ်၌ ခရီးသွားများ တည်းခိုနားနေရန် ဇရပ်ကြီးတစ်ဆောင်ကို ဆောက်လုပ်သည်။ မာဃလုလင်၏ အိမ်သူလေးဦးအနက် "သုဓမ္မာ"က ဇရပ်၏ ထုပိကာကို ပါဝင် လှူဒါန်းသည်။ "သုစိတ္တာ"က ဇရပ်အနီး၌ ဥယျာဉ်ကြီးတစ်ခုကို တည်ဆောက်၍ ကုသိုလ်ပါဝင်ပါသည်။ "သုနန္ဒာ"က ရေကန်တစ်ခုကို တူးဖော်၍ ကုသိုလ်ပြုသည်။ "သုဇာတာ"ကမူ ကိုယ့်ယောက်ျား အလှူသည် ကိုယ့်အလှူသာဖြစ်သည်ဟုဆိုကာ မည်သည့် ကုသိုလ်ကောင်းမှုကိုမှ မပြုဘဲ နေသည်။

ထိုဘဝမှလွှန်သော် မာဃလုလင်သည် တာဝတိံသာ၌ သိကြားနတ်မင်းလာဖြစ်ရသည်။ သူ့အဖော်သုံးကျိပ် သုံးယောက် တို့သည်လည်း တာဝတိံသာ၌ပင် နတ်သားများလာဖြစ်ကြသည်။ သိကြားမင်းသည် တာဝတိံသာ၌ သေအရက်သောက်စား မူးယစ်နေသော အသုရာတို့နှင့်အတူ နေရခြင်းကိုမနှစ်မြို့ပေ။ ထို့ကြောင့်တစ်နေ့တွင် အသုရာတို့အား နတ်အဖျော်ယမကာတို့ဖြင့် မူးအောင်တိုက်သည်။ အသုရာတို့ မူးယစ်နေစဉ် သမုဒ္ဒရာအတွင်းသို့ ပစ်ချလိုက်ကြသည်။ သို့သော် အသုရာတို့၏ ကုသိုလ်ကံကြောင့် မြင်းမိုရ်တောင်ခြေရင်း သခွတ်ပင်ရှိရာ အရပ်သို့ ကျရောက်သွားသည်။ သခွတ်ပင်မှ အပွင့်များပွင့်သောအခါ အသုရာတို့သည် ၎င်းတို့၏ မူလနေရာ တာဝတိံသာသို့ စစ်ချီတက်သည်။ စစ်ပြိုင်ထိုးကြရာ ထိုစစ်ပွဲတွင် အသုရာတို့ ရှုံးနိမ့်သွားသဖြင့် သခွတ်ပင်ရှိရာ အရပ်သို့ ပြန်လာကြသည်။ ယခုအခါ ထိုနေရာကို အသုရာပြည်ဟုခေါ်ဆိုကြသည်။ အသုရာတို့ စစ်ရှုံးပြီးနောက် တာဝတိံသာ၏ အကျယ်အဝန်းသည် ယူဇနာတစ်သောင်းတိုင် ကျယ်ဝန်းသည်။

သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာတို့ ကွယ်လွန်ကြသောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ မိဖုရားများ ဖြစ်ကြသည်။ သုဇာတာ တစ်ယောက်မှာ ယခုတိုင် ပေါ်မလာသေး။ ထိုအခါသိကြားမင်း စိတ်ပူပြီး ဆင်ခြင်ကြည့်ရှုရာ ဗျိုင်းမလေးဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် သိကြားမင်းသည် ဗျိုင်းမကလေး သုဇာတာရှိရာသို့လာပြီး အကုသိုလ်အမှုကို မပြုလုပ်ဘဲ သီလဆောက်တည်နေထိုင်ရန် ဆုံးမသည်။ ထိုအခါ ဗျိုင်းမလေး သုဇာတာသည် အသက်ထက်ဆုံးတိုင် သီလကို ဆောက်တည်သည်။ ထိုဘဝမှ သေလွန်သော် ဗာရာဏသီပြည်၌ အိုးထိန်းသည်၏ သမီးလာဖြစ်သည်။ ထိုဘဝ၌လည်း သီလကိုအမြဲမပြတ် ဆောက်တည်သည်။ ထိုမှတစ်ဖန် သေလွန်ပြန်သော် အသုရာနတ်မင်းကြီး ဝေပစိတ္တိ၏ သမီးတော်လာဖြစ်သည်။ သီလတန်ခိုးကြောင့် ရုပ်ရည်ရူပကာ ကိုယ်ဟန်အနေအထားအများတကာထက် ပိုချော ပိုလှသည်။

သုဇာတာ ကြင်ဖော်ရွေးသည့်အခါ ခမည်းတော်ခိုးမြှင့်ထားသော ပန်းကုံးဖြင့် အဘိုးအိုယောင်ဆောင်ထားသော သိကြားမင်းကို စွပ်ပေးလိုက်သည်။ ထိုအခါ သိကြားမင်းက အားရဝမ်းသာစွာဖြင့် သုဇာတာ၏လက်ကိုဆွဲလျက် "ငါကား တာဝတိံသာကို အစိုးရသော သိကြားမင်းဖြစ်သည်" ဟု ဟစ်ကြွေးကြော်ကာ

ဝေဇယန္တာနတ်ရထားဖြင့် တာဝတိံသာသို့ မောင်းပြေးသည်။ အသုရာတို့သည် "သိကြားမင်းသည် လူအိုယောင်ဆောင်၍ ငါတို့ကို လှည့်စားသည် အမီလိုက်ကြ"ဟု ကြွေးကြော်ကာ လိုက်သည်။

မာတလိသည် ဝေဇယန္တာနတ်ရထားကို တောင်သမုဒ္ဒရာ ရေပြင်ပေါ်ဖြတ်၍ မောင်းပြေးသည်။ လက်ပံတောသို့ ရောက်သော် လက်ပံပင်များနှင့် တိုက်မိ၍ လက်ပံကိုင်းများ အပိုင်းပိုင်းပြတ်သွားသည်။ ထိုအခါ လက်ပံပင်ပေါ်၌ ဂဠုန်အသိုက်ထဲမှ ဂဠုန်ငှက်ငယ်များ လန့်ဖျပ်၍အော်ဟစ်ငိုယိုကြသည်။ ထိုအသံများကို ကြားရသဖြင့် သိကြားမင်းသည် မာတလိအား အဖြစ်မှန်ကို မေးသည်။ မာတလိက ဂဠုန်ငှက်ငယ်များ အသက်ဘေးကိုကြောက်၍ ငိုယိုအော်ဟစ်ကြကြောင်း သိကြားမင်းအား ပြောပြသည်။ ထိုအခါ သိကြားမင်းက ငါသည် ဂဠုန်ငှက်ငယ်များ၏ အသက်ဘေးမှ လွတ်မြောက်စေရန် ယခုပင်လျှင် ငါ၏အသက်ကို အသုရာတို့အားပေးမည်ဟု ဆုံးဖြတ်ကာ ရထားကို နောက်သို့ပြန်လှည့်စေသည်။

အသုရာတို့က သိကြားမင်းသည် အခြားသော စကြဝဠာတစ်ခုမှ သိကြားနတ်မင်းများ စစ်ကူရောက်လာသည့်အတွက် ငါတို့ထံ ပြန်လာသည်ဟု အတွေးများပြီး သခွတ်ပွင့်ပွင့်ရာ အသုရာပြည်သို့ ပြန်ပြေးသွားသည်။ ထိုအခါ တာဝတိံသာ နတ်ပြည်၌ ပြာသာဒ်ကြီးတစ်ခုပေါ်ပေါက်လာသည်။ ရန်သူကို အောင်မြင်သည့် အချိန်၌ ပေါ်ပေါက်လာသဖြင့် ဝေဇယန္တာဟု အမည်ပေးကြသည်။

သိကြားမင်းသည် တာဝတိံသာနတ်ပြည်ကို အသုရာတို့ အလွယ်တကူ ကျူးကျော်မဝင်ရောက်စေရန်အတွက် မြင်းမိုရ်တောင်၏ ပထမအာလိန်တွင် နဂါး၊ ဒုတိယအာလိန်တွင် ဂဠုန်၊ တတိယအာလိန်တွင် ကုမ္ဘဏ်၊ စတုတ္ထအာလိန်တွင် ဘီလူး၊ ပဥ္စမအာလိန်တွင် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ကို အစောင့်အဖြစ် ထားလိုက်သည်။ ထိုအခါမှစ၍ တာဝတိံသာနတ်ပြည်ကို အသုရာတို့ မကျူးကျော်နိုင်တော့ပေ။

မဟာလိမင်းသား၊ မာဃမည်သော သတို့သားသည် ဤသို့ဖြင့် ကုသိုလ်ကောင်းမှုကို မမေ့မလျော့သည့်အတွက် စတုမဟာရာဇ်နှင့်တကွ တာဝတိံသာဟူသော နတ်ပြည်နှစ်ရပ်ကို အုပ်စိုးရသော သိကြားမင်းအဖြစ်ကို ရရှိခဲ့သည်ဟု ဟောကြားမိန့်ဆိုသည်။

**မဟာလိဘုရားရှင်ကို ယုံကြည်ပြီ**

ဘုရားရှင်က ဤသို့ဟောတော်မူသောအခါ မဟာလိသည် ဘုရားရှင်အား "အတုလ=အတုမရှိသူ၊ အနှိုင်းမဲ့သူ" အဖြစ် ယုံကြည်သွားတော့သည်။ သောတာပတ္တိဖိုလ်သို့လည်း ရောက်ရှိလေတော့သည်။

ဆက်လက်၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၀။ အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။

**ဒေသနာ၏အဓိပ္ပါယ်**

၃၀။ သိကြားမင်းသည် မဃလုလင်ဖြစ်ခဲ့စဉ်က ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းကြောင့် စတုမဟာရာဇ် တာဝတိံသာနတ်တို့၏ အကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းကို ပညာရှိတို့ ချီးမွမ်းကြကုန်၏။ မေ့လျော့ခြင်းကို ကဲ့ရဲ့ကြကုန်၏။

မဃလုလင်ဝတ္ထု ပြီး၏။

## ၇။ ပတိပူဇိကာ သတို့သမီးဝတ္ထု

## (တောင်းသောဆုနှင့် ပြည့်ဝသူ)

နတ်သမီးတစ်ထောင် အခြံအရံဖြင့် တာဝတိံသာနတ်သား မာလာဘာရီသည် ပန်းဥယျာဉ်သို့ ထွက်လာ၏။ နတ်သမီး ငါးရာတို့သည် ပန်းပင်ပေါ်သို့တက်၍ ပန်းခူးကြကုန်၏။ ငါးရာသော နတ်သမီးတို့က ထိုပန်းတို့ဖြင့် မာလာဘာရီ နတ်သားကို ပန်ဆင်ပေးကြကုန်၏။ ထိုသို့ ပြုလုပ်နေကြစဉ် နတ်သမီး တစ်ယောက်သည် သစ်ပင်ပေါ်၌ပင် ပန်းခူးရင်း ကွယ်လွန်ကာ သာဝတ္ထိမြို့တော်၌ အမျိုးသမီး ဖြစ်လာသည်။ သတို့သမီးငယ်သည် ဘဝဟောင်းကို ပြန်သိနိုင်သော ဇာတိဿရဉာဏ် ရှိသူ ဖြစ်၍ ဘဝဟောင်းကို ပြန်ကြည့်သော မာလာဘာရီနတ်သား၏ ဇနီး ဖြစ်ခဲ့ကြောင်း သိသွားသည်။

## လင်ဟောင်းကို လေးစားသူ

အရွယ်ရောက်သော် သာဝတ္ထိပြည်သားနှင့် အိမ်ထောင်ကျပြီး သားလေး ယောက်ရရှိသည်။ ဘာသာတရား လေးစားသူ ဖြစ်၍ ကောင်းမှုအမျိုးမျိုးပြုလုပ်သည်။ သံဃာတော်များအတွက် လိုအပ်သမျှ ဝေယျာဝစ္စပြုလုပ်ပေးသဖြင့် သံဃာတော်များနှင့် ခင်မင်ရင်းနှီးသည်။ ကုသိုလ်ကောင်းမှု ပြုတိုင်း တာဝတိံသာမှ မာလာဘာရီနတ်သား၏ ဇနီးပြန်ဖြစ်ရန် ဆုတောင်းသည်။ လင်ကိုလေးစားပြီး ကောင်းမှုပြုသောကြောင့် သူမကို "ပတိပူဇိကာ"ဟု ခေါ်ကြသည်။ သို့သော် သူလေးစားသောလင်မှာ ယခုလက်ရှိ လင်မဟုတ်၊ ယခင်ဘဝက ခင်ပွန်းဖြစ်သူ မာလာဘာရီနတ်သားဖြစ်နေသည်။

## လူ့ပြည်မှာတစ်သက်၊ တာဝတိံသာ၌တစ်ရက်

တစ်နေ့သ၌ ပတိပူဇိကာသည် ရောဂါတစ်ခုကြောင့် ထိုညနေပိုင်း၌ သေဆုံးသွားသည်။ သူ့ဆုတောင်းအတိုင်း မာလာဘာရီနတ်သားထံ ပြန်ရောက်သွားသည်။ သူပြန်ရောက်ချိန်တွင် မာလာဘာရီနတ်သားနှင့် နတ်သမီးတို့သည် ပန်းဥယျာဉ်၌ ပျော်မြူးနေကြတုန်းပင် ရှိသေးသည်။ လူ့ပြည်၌ အနှစ်တစ်ရာသည် တာဝတိံသာနတ်ပြည်၌ တစ်ရက်ဖြစ်သည်။ ခဏ ပျောက်သွားသော ပတိပူဇိကာကို ပြန်မြင်ရသောအခါ "စောစောက နင်ဘယ်သွားနေသလဲ"ဟု နတ်သားက မေးသဖြင့် လူ့ပြန်၌ လူ့သက်တမ်းပြည့် အမျိုးသမီးဘဝ ဖြစ်နေခဲ့ပုံနှင့် ကောင်းမှုများပြုလျက် ဆုတောင်းခဲ့၍ တာဝတိံသာသို့ ယခု ပြန်ရောက်ရပုံတို့ကို ပြောပြသည်။

ရဟန်းတို့က ဘုရားရှင်ကို ပတိပူဇိကာ ကွယ်လွန်သွား၍ မည်သည့်ဘုံ၌ ဖြစ်နေပါသနည်းဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "ပတိပူဇိကာသည် တာဝတိံသာရှိ ခင်ပွန်းဟောင်းထံ၌ ဇနီးပြန်ဖြစ်နေပြီ"ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၈။ ပုပ္ဖာနိ ဟေဝ ပစိနန္တံ၊ ဗျာသတ္တမာနသံ နရံ။
အတိတ္တံယေဝ ကာမေသု၊ အန္တကော ကုရုတေ ဝသံ။

**ဒေသနာ၏အဓိပ္ပါယ်**

၄၈။ ပန်းဥယျာဉ်၌ ကောင်းနိုးရာရာ ပန်းများကို ရွေးချယ်ဆွတ်ခူးသူကဲ့သို့ ကာမဂုဏ်ချမ်းသာအမျိုးမျိုးကို ရွေးချယ် ခံစားလျက် မရသေးသော ကာမဂုဏ်ကို တောင့်တပြီး၊ ရပြီးသည်ကို တွယ်တာ ကပ်ငြိလွန်းသူတို့သည် သူတို့၏ အလိုဆန္ဒ မပြည့်ဝမီပင် လိုက်ပါသွားရလေသည်။

ပတိပူဇိကာ သတို့သမီးဝတ္ထု ပြီး၏။

## ၈။ ဝိသာခါကျောင်းအမကြီးဝတ္ထု

## (သားသမီး၊ မြေး၊ မြစ်၊ ၈၄၂၀ ရှိသူ)

ဝိသာခါသည် အင်္ဂတိုင်း ဘဒ္ဒိယမြို့နေ ဓနဉ္စယသူဌေးနှင့် သူဌေးကတော် သုမနဒေဝီတို့၏ သမီးရတနာဖြစ်သည်။ တစ်နေ့တွင် ဘုရားရှင်သည် အင်္ဂတိုင်း ဘဒ္ဒိယမြို့သို့ နောက်ပါရဟန်းသံဃာတော်များ ခြံရံလျက် ကြွလာတော်မူသည်။ ဝိသာခါ၏ အဘိုး မေဏ္ဍကသူဌေးကြီးသည် ခုနစ်နှစ်အရွယ်သာ ရှိသေးသော မြေးမလေးဝိသာခါကို ဘုရားရှင်အား ကြိုဆိုရာ၌ ဦးဆောင်ရန်တာဝန်ပေးလိုက်သည်။ ဝိသာခါသည် အခြံအရံ အမျိုးသမီးငယ်ငါးရာနှင့်အတူ ရထားစီးလျက် ဘုရားရှင်ထံ ရောက်လာသည်။ ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် ဝိသာခါနှင့် အမျိုးသမီးငယ်ငါးရာတို့ သောတာပန် ဖြစ်သွားကြသည်။

အဘိုးဖြစ်သူ မေဏ္ဍကသူဌေးကြီးသည်လည်း သူ၏စရိုက်နှင့်ညီသော တရားတော်ကို နာကြားရသဖြင့် သောတာပန်ဖြစ်ပြီး ဘုရားရှင်နှင့် သံဃာတော်တို့အား ၁၅ ရက်တိုင်တိုင် ဆွမ်းခဲဖွယ်တို့ဖြင့် ပြုစုလုပ်ကျွေးသည်။

**သာကေတမြို့ တည်ပြီးနေထိုင်**

အင်္ဂတိုင်းနှင့် မာဂဓတိုင်းကို ဗိမ္ဗိသာရမင်းက အုပ်စိုးပြီး ကောသလတိုင်းကို ပသေနဒီကောသလမင်းက အုပ်စိုးသည်။ သူတို့နှစ်ယောက်သည် သမီးယောက်ဖ

တော်စပ်ကြသည်။ ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံ၌ သူဌေးကြီးငါးဦးရှိပြီး ပသေနဒီ ကောသလမင်း၏နိုင်ငံ၌ သူဌေးတစ်ဦးမျှ မရှိပေ။ ထို့ကြောင့် ကောသလမင်းကြီးက ဗိမ္ဗိသာရမင်းထံ သူဌေးတစ်ဦးပေးရန် တောင်းသည်။ အင်္ဂတိုင်း ဘဒ္ဒိယမြို့နေ မေဏ္ဍကသူဌေး၏သား ဓနဥ္စယသူဌေးကို ပေးလိုက်သည်။ တစ်ညအိပ်ခရီးလာခဲ့ ပြီးနောက် သာဝတ္ထိနှင့် ခုနစ်ယူဇနာအကွာတွင် ကောသလမင်းကြီး၏ ခွင့်ပြုချက်ဖြင့် ဓနဥ္စယသူဌေးသည် သာကေတမြို့ကို တည်ကာ နေထိုင်သည်။

## ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသူရှာဖို့

သာဝတ္ထိမြို့နေ မိဂါရသူဌေးသည် သားဖြစ်သူ ပုဏ္ဏဝဍ္ဎနအတွက် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသည့် ဇနီးလောင်း ရှာဖွေရန် ပုဏ္ဏားရှစ်ယောက်တို့အား ရွှေပန်းကုံးနှင့် စရိတ်များပေးလျက် စေလွှတ်လိုက်သည်။ ပုဏ္ဏားတို့သည် သာကေတမြို့ သို့ ရောက်လာပြီး မြို့ပြင်မြစ်ဆိပ်ရှိ ဇရပ်တစ်ခု၌ တည်းခိုကြသည်။ ဝိသာခါနှင့် အခြံအရံတို့သည် နက္ခတ်ပွဲ နွဲပျော်ဖို့ ရေချိုးရန် မြစ်ဆိပ်သို့လာခဲ့ရာ ဇရပ်အနီးရောက်သောအခါ မိုးသည်းထန်စွာ ရွာသဖြင့် အခြံအရံ အမျိုးသမီးတို့ ဇရပ်အတွင်းသို့ ပြေးဝင်သွားကြသည်။

## အချိန်မီ ထမင်းစားရဖို့မလွယ်

ဝိသာခါကမူ ဖြည်းဖြည်းမှန်မှန်ပင် ဇရပ်ဆီသို့ လျှောက်လာခဲ့သဖြင့် မိုးရေစိုကုန်သည်။ ပုဏ္ဏားတို့သည် မိမိတို့ တွေ့မြင်နေရသော သတို့သမီး၏ ကောင်းခြင်းငါးဖြာအနက် ဆံပင်၏ကောင်းခြင်း၊ အသား၏ကောင်းခြင်း၊ အရေ၏ကောင်းခြင်းနှင့် အရွယ်၏ကောင်းခြင်းတို့ကို တွေ့မြင်ရသော်လည်း အရိုး၏ကောင်းခြင်းကို မတွေ့ရသဖြင့် ဝိသာခါကြားလောက်အောင် "ဤသူငယ်မသည် အခြားမိန်းကလေးများကဲ့သို့ လျင်မြန်သွက်လက်မှုမရှိ၊ သူနှင့်အိမ်ထောင်ကျသော ယောကျ်ားသည် အချိန်မီ ပုန်းရည်ဟင်းနှင့်ပင် ထမင်းစားရဖို့ မလွယ်"ဟု ပြောဆိုကြသည်။

ပုဏ္ဏားတို့သည် ဝိသာခါစကား ပြန်ပြောလျှင် သူတို့ သိချင်သောအရိုး၏ ကောင်းခြင်းဖြစ်သည့် သွားများ၏ အခြေအနေကို မြင်သိရုံမက စိတ်တိုမှု၊

စိတ်ရှည်မှုတို့ကို ကြည့်ကာ ဝိသာခါ၏ စိတ်နေသဘောထားကိုပါ သိရန် "စ" လိုက်ခြင်း ဖြစ်သည်။

## ပြေးမသွားသင့်သူ လေးဦး

ထိုအခါ ဝိသာခါက "ဖခင်တို့၊ သာမန်အရေးအကြောင်း မျှလောက်ကြုံရရုံဖြင့် အလျင်အမြန် ပြေးမသွားသင့်သူ လေးဦးရှိပါသည်။ (၁) မင်းမြောက်တန်ဆာ ငါးပါး ဆင်မြန်းထားသော မင်း။ (၂) ကကြိုးတန်ဆာဆင်ထားသော မင်္ဂလာဆင်တော်။ (၃) ရဟန်းသံဃာတော်များနှင့် (၄) အမျိုးသမီးတို့သည် ပြေးမသွားသင့်သူများ ဖြစ်ကြပါသည်။ အမျိုးသမီးတို့သည် ရောင်းကုန်များနှင့် တူပါသည်။ ပြေးသွား၍ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းမှုဖြစ်ရလျှင် အမျိုးသမီးများအတွက် တန်ဖိုးကျနိုင်ပါ သည်။ "အမျိုးသမီးတို့ဣန္ဒြေ ရွှေပေးလို့မရ"ဟူသောစကားအတိုင်း အမျိုးသမီးများသည် ဣန္ဒြေရှင်များ ဖြစ်သင့်ပါသည်"ဟု ရှင်းပြပြောဆိုပါသည်။

## ပုဏ္ဏားတို့ ပြန်ကြပြီ

ပုဏ္ဏားတို့သည် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသူအဖြစ် ဆုံးဖြတ်လျက် ရွှေပန်းကုံးကို ဝိသာခါအား ပေးအပ်လိုက်ကြ သည်။ ဝိသာခါသည် ဖခင်ထံသို့ ရထားငါးရာ လွှတ်ပေးရန်မှာကြားလိုက်ပြီး ပုဏ္ဏားတို့နှင့်အတူ အိမ်သို့ပြန်လာသည်။ ဓနဥ္စယသူဌေးကြီးကလည်း သတို့သား၏ အမည်နှင့် အမျိုးအနွယ်ကို မေးပြီး ဝိသာခါ၏ ဆုံးဖြတ်ချက်အတိုင်း လက်ခံလျက် ထိမ်းမြားပေးရန် သဘောတူလိုက်သည်။

ပုဏ္ဏားတို့ထံမှ အကြောင်းစုံ သိရပြီဖြစ်သဖြင့် သတို့သားပုဏ္ဏဝဍ္ဎန၏ ဖခင် မိဂါရသူဌေးကြီးသည် ကောသလမင်းကြီး အား အသိပေးလျှောက်ထားသည်။ မင်းကြီးကိုယ်တိုင် စစ်သည်ဗိုလ်ပါနှင့်အတူ သတို့သမီးတောင်းရာသို့ လိုက်လာသည်။

ဝိသာခါသည် လိုက်ပါလာမည့် မင်းကြီးနှင့် စစ်သည်များအတွက်ရော ဂုဏ်သရေရှိ လူကြီးလူကောင်းတို့ အတွက်ပါ အဘက်ဘက်မှ လိုလေသေးမရှိအောင် စီစဉ်ဧည့်ခံသည်။

**မဟာလတာတန်ဆာ**

ဓနဉ္စယသူဌေးသည် သမီးဝိသာခါအတွက် မဟာလတန်ဆာပြုလုပ်ရန် ပန်းထိမ်သည် ငါးရာတို့အား တာဝန်ပေးသည်။ မဟာလတာတန်ဆာတွင် ရွှေစင်နိက္ခတစ်ထောင်၊ စိန်လေးကွမ်းစား၊ ပုလဲ ၁၁ကွမ်းစား၊ သန္တာ ၂၂ကွမ်းစား၊ ပတ္တမြား ၃၃ ကွမ်းစားတို့ ပါရှိသည်။ ထိပ်တည့်တည့်အလယ်၌ ဥဒေါင်းရုပ်ပါရှိပြီး ဝတ်ဆင်လိုက်လျှင် ဦးခေါင်းမှ ခြေဖမိုးအထိ ဖုံးသည်။ လေးလကြာအောင် ပြုလုပ်မှပြီးသည်။ ဘုရားရှင်လက်ထက်တော်က မဟာလတာတန်ဆာ ဝတ်ဆင်ရသူ သုံးယောက် ရှိသည်။ ဝိသာခါသတို့သမီး၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာနှင့် ဗာရာဏသီ သူဌေးသမီးတို့ ဖြစ်ကြသည်။

**ရှေးကောင်းမှုကံကြောင့် မဟာလတာရရှိ**

ဝိသာခါသည် ကဿပဘုရားရှင်လက်ထက်၌ ကိကီမင်းကြီး၏ အငယ်ဆုံး သမီးတော်ဖြစ်နေပြီး ဘုရားရှင်နှင့်တကွ သံဃာနှစ်သောင်းတို့အား သင်္ကန်း၊ အပ်၊ အပ်ချည်နှင့် ဆိုးရည် စသည်တို့ကို လှူခဲ့သော ကောင်းမှုကြောင့် မဟာလတန်ဆာ ဝတ်ဆင်ရသည့် အကျိုးခံစားရခြင်းဖြစ်သည်။

မိဂါရသူဌေးကြီးတို့သည် ချွေးမလောင်း ဝိသာခါနေသည့် သာကေတမြို့သို့ ရောက်နေသည်မှာ ယနေ့တန်ဆောင်မုန်း လပြည့်နေ့ဆိုလျှင် လေးလပြည့်ပြီ ဖြစ်သည်။ မဟာလတာတန်ဆာသည်လည်း ထိုနေ့မှာပင် လုံးဝဥဿုံပြီးစီးသွားသည်။ နောက်နေ့တွင် ဝိသာခါသည် ခင်ပွန်းနှင့်အတူ ယောက္ခမအိမ်သို့ လိုက်ရတော့မည် ဖြစ်သဖြင့် ဖခင်ဓနဉ္စယသူဌေးကြီးက သမီးဝိသာခါအား ဤသို့ဆုံးမစကား မှာကြားသည်။

**ဖခင်၏ မှာကြားချက် ၁၀-ချက်**

"သမီး၊ ယောက္ခမအိမ်၌နေသူ ချွေးမသည်-

(၁) အိမ်တွင်းမီးကို အပြင် မထုတ်ရ။

(၂) အပြင်မီးကိုလည်း အိမ်တွင်းသို့ မသွင်းရ။

(၃) ပြန်ပေးသူကိုသာ ပေးရ၏။

(၄) ပြန်မပေးသူအား မပေးရ။

(၅) ပေးသောသူကိုဖြစ်စေ၊ မပေးသော သူကိုဖြစ်စေ ပေးရ၏။
(၆) ချမ်းသာစွာ ထိုင်နေရ၏။
(၇) ချမ်းသာစွာ စားရ၏။
(၈) ချမ်းသာစွာ အိပ်ရ၏။
(၉) မီးကို ရှိသေစွာ လုပ်ကျွေးရ၏။
(၁၀) အိမ်ဦးနတ်ကို ရှိသေရ၏။"

ဤဆုံးမချက်များကို အဓိပ္ပါယ်နှင့်တကွ ရှင်းလင်းမှာကြားပြီး ကောသလ မင်းကြီးနှင့် ဧည့်သည့်တို့စုံနေရာရှေ့တွင် "သမီးဝိသာခါ၌ အပြစ်ရှိလျှင် ဆုံးမရန်"ဟု ဆိုကာ သူဌေးကြီးရှစ်ဦးထံလည်း ထပ်မံ၍ အပ်နှံလိုက်သည်။ သမီးဝိသာခါ အတွက် အခြားလိုအပ်မည့် အထောက်အပံ့မျိုးစုံကို ဖခင်နေဥ္စယသူဌေးကြီးက ပေးအပ်ကာ သမီးဝိသာခါကို ခင်ပွန်းရှိရာ သာဝတ္ထိမြို့သို့ ထည့်ပေးလိုက်သည်။

သာဝတ္ထိမြို့သူကြီးသားများက မင်္ဂလာလက်ဖွဲ့အဖြစ် ပေးပို့သော ပစ္စည်းများကို သာဝတ္ထိမြို့သူမြို့သားများထံ ဝိသာခါက လက်ဆောင်အဖြစ် ပြန်လည် ပေးအပ်သည်။

**မင်္ဂလာဆွမ်းကျွေး**

သတို့သား ပုဏ္ဏဝဍ္ဍနနှင့် သတို့သမီး ဝိသာခါတို့အတွက် သတို့သား၏ မိဘတို့သည် သူတို့ကိုးကွယ်သော တိတ္ထိငါးရာ တို့ကိုပင့်ကာ မင်္ဂလာဆွမ်းကျွေးသည်။ ဝိသာခါအား "ရဟန္တာများကို ဖူးမြော်ရန်လာပါ"ဟု ခေါ်သဖြင့် "ရဟန္တာ"ဟူသော အသံကြား၍ အားရဝမ်းသာစွာဖြင့် ဖူးမြော်ရန် လိုက်လာခဲ့သည်။ အဝတ်မဆီး ကိုယ်လုံးတီးနေသော တိတ္ထိများကိုမြင်သော် "စက်ဆုပ်ဖွယ်ရာတွေပါကလားဟု" ဆိုကာ မျက်နှာလွှဲလျက် ဝိသာခါ ပြန်လာခဲ့သည်။

ကိုးကွယ်မှု မှားခြင်းသည် မှားခြင်းတကာတို့တွင် အကြီးမားဆုံးအမှားဖြစ်၍ ဝိသာခါသည် စိတ်မကောင်းခြင်းကြီးစွာ ခံစားလိုက်ရသည်။

ဝိသာခါ၏ အပြောနှင့် အပြုအမူကြောင့် သူဌေးကြီးတို့ မိသားစုရော တိတ္ထိတို့ကပါ စိတ်ဆိုးသဖြင့် "ဝိသာခါကို အိမ်မှ နှင်ထုတ်ကြ"ဟု တိုက်တွန်း

ကြသည်။ သို့ရာတွင် "ဆွေကြီးမျိုးကြီးအသိုင်းအဝိုင်း"မှ လာသူဖြစ်၍ ဝိသာခါကို ချက်ချင်းနှင်မထုတ်ဝံ့သေးဘဲ အပြစ်ကိုသာ "တေး"ထားလိုက်ကြသည်။

## ဝိသာခါကို နှင်ထုတ်ကြ

တစ်နေ့တွင် မိဂါရသူဌေးကြီးသည် နို့ဃနာကို ရွှေခွက်၌ထည့်၍ စားနေစဉ် ရဟန်းတော်တစ်ပါး ဆွမ်းခံကြွလာသည်။ သူဌေးကြီးက မမြင်ချင်ယောင်ဆောင်နေကာ စားမြဲသာ ဆက်စားနေသည်။ ထိုအခါ ဝိသာခါက "ကန်တော့ပါ၏ဘုရား၊ တပည့်တော်၏ ယောက္ခမသည် အဟောင်းကိုသာ စားနေသူဖြစ်ပါသည်" ဟု လျှောက်ထားသည်။ အဟောင်းဆိုသည်မှာ "မစင်"ကို ဆိုလိုခြင်းဖြစ်သည်ဟု ခံစားသွားပြီး သူဌေးကြီးစိတ်ဆိုးသွားကာ "ဝိသာခါကို အိမ်မှနှင်ထုတ်ကြ"ဟု ကျွန်အမှုလုပ်တို့အား သူဌေးကြီးက အမိန့်ပေးသည်။ ဝိသာခါက "အပြစ်ရှိလျှင် အဆုံးအဖြတ်ပေးဖို့ သူဌေးကြီးရှစ်ဦးထံ အပ်ထားပြီးဖြစ်၍ သူဌေးကြီးတို့၏ အဆုံးအဖြတ် ခံယူမည်"ဟု ပြောသဖြင့် သူဌေးများကို အိမ်သို့ပင့်လျက် အပြစ်ကိုတိုင်ကြားသည်။ ဝိသာခါက "အဟောင်းဟူသည်မှာ အတိတ်ဘဝကပြုခဲ့သော ကောင်းမှု၏ အကျိုးကို ခံစားနေသူဖြစ်သည်။ ဆွမ်းခံကြွလာသော ရဟန်းကိုမြင်သော်လည်း ဆွမ်းလောင်းခြင်းဖြင့် ကုသိုလ်အသစ် မပြုပါ"ဟု ပြောလိုရင်းဖြစ်သည်ဟု ရှင်းပြလိုက်ရာ အပြစ်မှ လွတ်သွားတော့သည်။

တစ်ဖန် ဝိသာခါသည် ညတစ်ည၏ သန်းခေါင်ယံအချိန်ကြီးတွင် အိမ်ပြင်သို့ထွက်သည်ဟု တိုင်ကြားပြန်သည်။ ဝိသာခါက "အိမ်ပြင်သို့ထွက်ခြင်းမှာ အိမ်ရှိအာဇာနည်မြင်းကို ကိုယ်ဝန်လွယ်ထားသော မြင်းမကြီး ကလေးမွေးဖွားနေသဖြင့် အခြံအရံများနှင့်အတူ သွားပြီးပြုစုခြင်း ဖြစ်ပါသည်။"ဟု ရှင်းပြသောအခါ အားလုံးကျေနပ်သွားကြပြန်သည်။

## လျှို့ဝှက်ချက် ရှင်းပြပါ

"ဝိသာခါသည် ဤအိမ်သို့ လိုက်ခါနီးအချိန်က သူ့ဖခင်က လျှို့ဝှက်မှာကြားလိုက်သော အဆုံးအမ ၁၀ ချက်ရှိသည်။ ထိုအချက်များကို ရှင်းပြပါ"ဟု စွဲချက်ထပ်တင်ပြန်သည်။ ထိုအခါ ဝိသာခါက ဤသို့တစ်ချက်ချင်း ရှင်းပြလိုက်သည်။

အတွင်းမီး အပြင်မထုတ်ရ – ဆိုသည်မှာ ချွေးမတစ်ယောက်အနေဖြင့် မိမိတို့၏အိမ်တွင်းရေးကို အခြားသူများအား ပြောမပြရဟု မှာကြားခြင်းဖြစ်ပါသည်။

အပြင်မီး အတွင်းမသွင်းရ – ဆိုသည်မှာ မိမိတို့အိမ်သူအိမ်သားများ၏ အပြစ်အနာအဆာကို အခြားအိမ်သူ အိမ်သားများက ပြောဆိုကြလျှင် ထိုစကားများကို မိမိတို့အိမ်သူအိမ်သားများအား ပြန်မပြောပြရဟု မှာကြားခြင်း ဖြစ်ပါသည်။

ပြန်ပေးသူကိုသာ ပေးရ၏– ဆိုသည်မှာ မိမိတို့၏ ပစ္စည်းများကို ငှားရမ်းပြီး အမှေ့မခံဘဲ ပြန်ပေးသူအားသာ ပစ္စည်းများ ငှားရမ်းရမည်ဟု မှာကြားခြင်းဖြစ်ပါသည်။

ပြန်မပေးသူကို မပေးရ – ဆိုသည်မှာ မိမိတို့၏ ပစ္စည်းပစ္စယများကို ငှားရမ်းပြီး ပြန်မပေးတတ်သူအား ပစ္စည်း ပစ္စယမငှားရန် မှာကြားခြင်း ဖြစ်ပါသည်။

ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ ပေးရမည် – ဆိုသည်မှာ ဆင်းရဲသော ဆွေမျိုးနှင့် မိတ်ဆွေများအား ပြန်ရကောင်းစေဟူ၍ သဘောမထားဘဲ မိမိစွမ်းနိုင်သလောက် ထောက်ပံ့ရမည်ဟု မှာကြားခြင်းဖြစ်ပါသည်။

ချမ်းသာစွာ နေထိုင်ရမည်– ဆိုသည်မှာ လူကြီးမိဘများနှင့် နေထိုင်ရာတွင် မနီးလွန်း၊ မဝေးလွန်း၊ လေညာ၊ လေအောက် စသည့် အပြစ်ခြောက်ပါးကင်းသည့် နေရာ၌ နေထိုင်ရမည်ဟု မှာကြားခြင်းဖြစ်ပါသည်။

ချမ်းသာစွာ အိပ်ရမည်– ဆိုသည်မှာ ယောက္ခမ၊ မိဘများနှင့် ခင်ပွန်းသည်တို့ မအိပ်မီ သင့်လျော်သော ဝတ္တရားကို ပြုပေး၍ သူတို့အိပ်ပြီးမှ အိပ်ရမည်ဟု မှာကြားခြင်းဖြစ်ပါသည်။

မီးကို ရိုသေစွာလုပ်ကျွေးရမည် – ဆိုသည်မှာ မိမိ၏ ယောက္ခမနှင့် ခင်ပွန်းတို့အား မီးပုံကြီးကဲ့သို့ ကြောက်ရွံ့ ရိုသေစွာဖြင့် ပြုစုလုပ်ကျွေးရမည်ဟု မှာကြားခြင်း ဖြစ်ပါသည်။

အိမ်ဦးနတ်ကို ရှိခိုးရမည် – ဆိုသည်မှာ မိမိ၏ခင်ပွန်းကို အိမ်ဦးနတ်ကဲ့သို့ ရိုသေလေးစားစွာ ဆက်ဆံရမည်ဟု မှာကြားခြင်း ဖြစ်ပါသည်။

**ဤအိမ်၌ ဆက်နေပါ**

ဤသို့ ရှင်းပြပြီးနောက် ဝိသာခါသည် အိမ်မှထွက်သွားရန် ပြင်ဆင်သည်။ မိဂါရသူဋ္ဌေးကြီးသည် ဝိသာခါကိုရော သူ့ဖခင် ဓနဥ္စယသူဋ္ဌေးကြီးကိုပါ အထူးလေးစားကြည်ညိုသွားသည်။ ဝိသာခါကိုလည်း ဤအိမ်၌ ဆက်နေထိုင်ရန် တောင်းပန်သည်။ ထိုအခါ ဝိသာခါက သူသည်ဂေါတမဘုရားရှင်ကို ကြည်ညိုသူဖြစ်၍ ဘုရားရှင်နှင့် သံဃာတော်များအား ပြုစုလုပ်ကျွေးခွင့် ရမှသာလျှင် ဤအိမ်၌ ဆက်နေပါမည်ဟုပြော၍ အားလုံးက လက်ခံသဘောတူလိုက်ကြသည်။

နောက်ရက်များ၌ ဝိသာခါသည် ဘုရားရှင်နှင့်တကွ သံဃာတော်များကို ပင့်ဖိတ်ကာ ဆွမ်းကပ်လှူသည်။ မိဂါရသူဋ္ဌေးမှာ သူ့ဆရာ တိတ္ထိများက ဂေါတမဘုရားရှင်အား ဆွမ်းမကပ်ရ။ တရားမနာရဟု တားမြစ်သဖြင့် တင်းတိမ်ကာရံလျက် တရားနာရသည်။ သို့သော် ပါရမီရှိသူဖြစ်သဖြင့် တရားတော်ကို ဘုရားရှင်ထံမှ နာကြားပြီးသည်နှင့် သောတာပန်ဖြစ်သွား တော့သည်။

မိဂါရသူဋ္ဌေးကြီးသည် ကာရံထားသော တင်းတိမ်ကို မြှောက်ဖွင့်၍ "အရှင်မ ဝိသာခါသည် ကျွန်ုပ်၏ မိခင် ဖြစ်ပါသည်။"ဟု ကြွေးကြော်လိုက်သည်။ ထိုအချိန်မှစ၍ ဝိသာခါကို "မိဂါရမာတာ" မိဂါရ၏ မိခင်ဟုလည်း ခေါ်ဆိုကြသည်။ ဝိသာခါ၏ ကျေးဇူးကြီးလှသည်ကို ပူဇော်သောအားဖြင့် ထိုခေတ်တန်ဖိုးအရ သိန်းကျော်တန် ရွှေအတိပြီးသော "ဃနမဋ္ဌက" အဆင်တန်ဆာပြုလုပ်ပေးကာ ဝိသာခါကို ပူဇော်သည်။

**မိဂါရသူဋ္ဌေး၏ မိခင်ဖြစ်သွားပြီ**

ထို့နောက် သူဋ္ဌေးကြီးက "မိမိ၏ ချွေးမဝိသာခါကြောင့် သူသည် ကိုးကွယ်မှုမှားရာမှ ကိုးကွယ်မှုအမှန်ရလာပြီ။ အပါယ်ဘေးဒုက္ခမှ လွတ်မြောက်ရပြီ"ဟု ဘုရားရှင်အား လျှောက်ထားသည်။

နောက်နေ့တွင် ဘုရားရှင်နှင့် သံဃာတို့အား ဆွမ်းကပ်ပြန်သဖြင့် ဘုရားရှင်၏ တရားကိုနာယူရသောအခါ သူဋ္ဌေးကတော်ကြီးသည် သောတာပန် ဖြစ်သွားရပြန်သည်။

ဝိသာခါသည် ပုဏ္ဏဝမုနနှင့် အိမ်ထောင်ကျရာမှ သားတစ်ကျိပ်၊ သမီးတစ်ကျိပ် ဖွားမြင်သည်။ ထိုသားသမီးတို့က တစ်ယောက်တစ်ယောက်လျှင် သားတစ်ကျိပ်၊ သမီးတစ်ကျိပ် ဖွားမြင်ပြန်သည်။ မြေးတို့ကလည်း တစ်ယောက်လျှင် သားတစ်ကျိပ် သမီးတစ်ကျိပ် ဖွားပြန်သဖြင့် ရှေးဆရာတို့က "နှစ်ကျိပ် သားသမီး၊ မြေးကြီးလေးရာ၊ မြစ်မှာ ရှစ်ထောင်"ဟု ဝိသာခါ၏ အကြောင်း ရေးဖွဲ့ထားခဲ့ကြသည်။

တစ်နေ့တွင် ဝိသာခါသည် မဟာလတာတန်ဆာကို ဆင်မြန်းပြီး မင်္ဂလာပွဲတစ်ခုသို့ သွားရာမှ ဇေတဝန်ကျောင်း တော်သို့ ဆက်၍လာခဲ့သည်။ ဘုရားရှင်ရှေ့တော်၌ မဝတ်ဆင်လိုသဖြင့် ကျွန်မတစ်ဦးထံ မဟာလတာကို အပ်နှံထားကာ ဘုရားရှင်ထံ၌ တရားနာယူသည်။ အပြန်တွင် ဝတ်ဆင်ရန် သတိရ၍ တောင်းသောအခါ ကျွန်မက မေ့ကျန်ခဲ့ကြောင်း ပြောပြီး ကျောင်းဝင်းသို့ ပြန်ဝင်လာသည်။ အရှင်အာနန္ဒာက တွေ့သဖြင့် စောင်းတန်းဘေး၌ ကောက်ယူ ချိတ်ထားသည်။

## ပုဗ္ဗာရုံကျောင်းဆောက်လှူပြီ

ဝိသာခါသည် မဟာလတာတန်ဆာကို အရှင်အာနန္ဒာက ကောက်ယူချိတ်ဆွဲထားခဲ့သဖြင့် ထိုအဆင်တန်ဆာကို အရှင်မြတ်အား လှူဒါန်းပြီးဖြစ်၍ ပြန်မယူတော့ပေ။ သို့သော် အရှင်မြတ်များအနေဖြင့်လည်း ဤအဆင်တန်ဆာကို ထိန်းသိမ်းရန် ခက်ခဲနေမည် ဖြစ်သည်ဟု စဉ်းစားပြီး ထို့နောက်မဟာလတာတန်ဆာကို ပြန်ယူ၍ လှည့်လည်ရောင်းသည်။ ဝယ်မည့်သူ မရှိ၍ မိမိဘာသာ ငွေကိုးကုဋေဖြင့် ပြန်ဝယ်သည်။ ထိုကိုးကုဋေဖြင့် ပုဗ္ဗာရုံကျောင်းဆောက်လုပ်ရန် မြေနေရာဝယ်သည်။ ကျောင်းဆောက်ရာ၌ ကိုးကုဋေ၊ ကျောင်းပူဇော်ပွဲအတွက် ကိုးကုဋေ အကုန်အကျခံ ဆောက်လုပ်ပြီး ပုဗ္ဗာရုံကျောင်းကို သာသနာတော်သို့ လှူဒါန်းသည်။ ထို့ကြောင့် ဝိသာခါသည် အလှူဒါနပြုကြသူ ဥပါသိကာမတို့တွင် အထွတ်မြတ်ဆုံးဟူသော တေဒဂ်ဘွဲ့ထူးကို ရရှိခဲ့သည်။

ကျောင်းလှူဒါန်းပွဲပြီးသော ညနေချမ်းတွင် ဝိသာခါသည် သားသမီး မြေးမြစ်အပေါင်း ခြံရံလျက် ကျောင်းတော်ကြီးကို လှည့်လည်ကာ ဤသို့

ဥဒါန်းကျူးလေသည်။

**ဝိသာခါ ဥဒါန်းကျူးပုံ**

(က) ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

(ခ) ကဒါဟံ မဉ္စပီဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

(ဂ) ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပသေစနံ။
ဘောဇနဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

(ဃ) ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

(င) ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ၊
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

**ဥဒါန်း၏ မြန်မာပြန်အဓိပ္ပါယ်**

(က) ငါသည် ကျောင်းတိုက်ကြီး ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်။ ယခု ငါ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား။

(ခ) ငါသည် ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှို၊ ခေါင်းအုံးနှင့် ပရိဘောဂများကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်။ ယခု ငါ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား။

(ဂ) ငါသည် စင်ကြယ်သော သားပြွမ်းစာရေးတံဆွမ်းကို ဘယ်အခါ လှူရပါမည်နည်း ဟု တောင့်တခဲ့သည်။ ယခုငါ၏ တောင့်တချက်သည် ပြည့်ဝပေပြီ တကား။

(ဃ) ငါသည် ကာသိတိုင်း ခေါမတိုင်းဖြစ် သက်န်းကို ဘယ်အခါလှူရပါမည်နည်းဟု တောင့်တခဲ့သည်။ ယခုငါ၏ တောင့်တချက်သည် ပြည့်ဝေပေပြီတကား။

(င) ငါသည် ထောပတ်၊ ဆီဦး၊ ပျား၊ တင်လဲတည်းဟူသော ဆေးအလှူကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်။ ယခုငါ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား။

ကျောင်းအမကြီး ဝိသာခါ ဝမ်းသာလွန်းသဖြင့် ဤဥဒါန်းများကျူးလျက် သားသမီးမြေးမြစ်တို့နှင့်အတူ ပုဗ္ဗာရုံကျောင်းတော်ကြီးကို လှည့်လည်သည်။ မြင်ရသူရဟန်းများက ဝိသာခါ သည်းခြေပျက်ပြီဟု ထင်မြင်ပြီး ဘုရားရှင်ကို လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က သည်းခြေပျက်၍မဟုတ်၊ ဘဝပေါင်းများစွာက တောင်းဆုပြုခဲ့သောဆုများ တောင့်တချက် ပြည့်ပြီဖြစ်၍ ဝမ်းသာဥဒါန်းကျူးခြင်းသာ ဖြစ်သည်ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၅၃။ ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။
ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

**ဒေသနာ၏ အဓိပ္ပါယ်**

၅၃။ (လိမ္မာသော သူသည်) အထူးထူးသော ပန်းအပေါင်းမှ ပန်းကောင်းများ ရွေးချယ်ကာ ပန်းကုံးများကို ပြုရာသကဲ့သို့ (လိမ္မာသော သူသည်) ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး၊ စသော များစွာသော ကုသိုလ်ကောင်းမှု တည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

**ဝိသာခါ ကျောင်းအမကြီးဝတ္ထု ပြီး၏။**

## ၁၀။ သုပ္ပဗုဒ္ဓ လူနူဝတ္ထု

## (ပစ္စေကဗုဒ္ဓါကို တံတွေးဖြင့် ထွေးခဲ့မိ၍ နူရသူ)

သာဝတ္ထိပြည်၌ သုပ္ပဗုဒ္ဓအမည်ရှိ တောင်းစားနေရသူ အနူတစ်ယောက်သည် လူစုလူဝေးတစ်ခုကိုမြင်၍ တောင်းရန် ထိုလူအုပ်ရှိရာသို့ လာခဲ့သည်။ လူအုပ်ကြီးမှာ ဘုရားရှင်၏ တရားတော်ကို နာယူနေကြသူများဖြစ်သည်။ သူလည်း လူအုပ်အကြား ဝင်ထိုင်ကာ တရားနာသည်။ ဘုရားရှင်သည် သုပ္ပဗုဒ္ဓကို မြင်တော်မူသဖြင့် သူ့အားရည်ရွယ်ကာ တရားဟောလေရာ သုပ္ပဗုဒ္ဓသည် တရားရပြီး သောတာပတ္တိဖိုလ်၌ တည်လေတော့သည်။ သူတရားကို သိမြင်ပြီဖြစ်ကြောင်း လျှောက်ထားရန် ကျောင်းတော်သို့ ပြန်ကြွနေသော ဘုရားရှင်၏နောက်တော်သို့ လိုက်လာသည်။

### သိကြားမင်း အကဲစမ်းပုံ

ဘုရားရှင်ထံ သွားနေသော သုပ္ပဗုဒ္ဓကို အကဲစမ်းလိုသဖြင့် သိကြားမင်းသည် "အချင်း သုပ္ပဗုဒ္ဓ၊ သင်သည် နူလည်းနူနေပြီး တောင်းရမ်းပြီးတော့လည်း စားနေရသည်။ ဘုရားရှင်ကို ဘုရားမဟုတ်၊ တရားတော်သည်လည်း တရားမဟုတ်၊ သံဃာသည်လည်း သံဃာစစ်မဟုတ်၍ အလိုမရှိဟု ပြောပါ။ သင့်ဘဝ တစ်သက်စာ လုံလောက်အောင် သင့်အား ငါပစ္စည်း ဥစ္စာပေးမည်" ဟုပြောဆိုခိုင်းလေသည်။

### ငါဆင်းရဲသူမဟုတ်

သောတာပန်တည်ပြီးဖြစ်သူ သုပ္ပဗုဒ္ဓသည် ယခုလာ၍ ပြောခိုင်းနေသူမှာ သိကြားမင်းဟု သိသဖြင့် "သိကြားမင်း၊ ငါသည် သင်ပြောသကဲ့သို့ ဆင်းရဲသူမဟုတ်။ ငါ့မှာ ရတနာသုံးပါးကို ယုံကြည်သည့် **သဒ္ဓါ**။ စာရိတ္တ၊ ဝါရိတ္တဟူသော **သီလ**။ မကောင်းမှုပြုရန် ရှက်တတ်သည့် **ဟိရီ**၊ လန့်တတ်သည့် **ဩတ္တပ္ပ**၊ အကြားအမြင်များခြင်း **သုတ**။ ပေးကမ်း စွန့်ကြဲတတ်သည့် **စာဂ**နှင့် အမှန်ကို သိတတ်သော **ပညာ**ဟုဆိုသည့် သူတော်ကောင်းဥစ္စာခုနစ်ပါး အပြည့်အဝရှိသည်။ ငါသည် ဆင်းရဲသူမဟုတ်၊ ထိုတရားတော်ကိုလည်း ငါရရှိထားသည်ကို သင်မသိလေသလော"ဟု ပြန်မေးလိုက်သည်။

**သုပ္ပဗုဒ္ဓသေရှာပြီ**

သိကြားမင်းသည် သုပ္ပဗုဒ္ဓပြောစကားများကို ဘုရားရှင်ထံ အရင်ရောက်အောင်သွားကာ လျှောက်ထားသည်။ ဘုရားရှင်က "ဒကာတော်ကဲ့သို့သော သိကြားမင်း အရာအထောင်တို့က အပြောခိုင်းသော်လည်း ပြောကြားလိမ့်မည်မဟုတ်။ သုပ္ပဗုဒ္ဓသည် ရတနာသုံးပါးကို အကြွင်းမဲ့ယုံကြည်သူဖြစ်နေပြီ"ဟု မိန့်တော်မူလိုက်သည်။ သုပ္ပဗုဒ္ဓလည်း မိမိ၏ ဂုဏ်ကျေးဇူးကို ဘုရားရှင်အား လျှောက်ထားပြီး ပြန်လာစဉ် သားဧကြောင့် ဒေါသဖြစ်နေသော နွားမက ဝှေ့လိုက်သဖြင့် သုပ္ပဗုဒ္ဓ သေဆုံးသွားရရှာသည်။

**အတိတ်မှ မကောင်းမှုကံ**

သုပ္ပဗုဒ္ဓသည် လွန်ခဲ့သော ဘဝတစ်ခု၌ အခြားသူငယ်ချင်းတို့နှင့်အတူ ပြည့်တန်ဆာမကို ခေါ်ယူပျော်ပါးပြီး ငွေမပေးဘဲ သတ်ရန် တိုင်ပင်ကြသည်။ ပြည့်တန်ဆာမက သိသွားပြီး ငါအသတ်ခံရလျှင် သူတို့လေးယောက်ကို ပြန်သတ်နိုင်သည့် ဘီလူးမဖြစ်ရပါလို၏ဟု ဆုတောင်းသောကြောင့် ယခုဘဝ၌ ဘီလူးမ၏ အသတ်ခံရခြင်းဖြစ်သည်။ နူနာရောဂါသည် ဖြစ်ရခြင်းမှာ တဂ္ဂရသိခိ အမည်ရှိသော ပစ္စေကဗုဒ္ဓါကို တံတွေးဖြင့် ထွေးခဲ့သော မကောင်းမှုကံကြောင့် ဖြစ်ရသည်။

ဤအကြောင်းများကို ဘုရားရှင်က ပြန်လည်မိန့်ကြားပြီးနောက် ဤဒေသနာတော်ကို ဆက်၍ဟောတော်မူသည်။

၆၆။ စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ။
ကရောန္တာ ပါပကံ ကမ္မံ၊ ယံ ဟောတိ ကဋုကပ္ဖလံ။

**ဒေသနာ၏အဓိပ္ပါယ်**

၆၆။ စပ်ရှားခံခက် ဆင်းရဲခြင်းသက်သက်မျှသော အကျိုးကို ပေးတတ်သည့် မကောင်းမှု အကုသိုလ်ကံကို ပြုနေကြသူ လူမိုက်တို့သည် ကိုယ့်ကိုယ်ကိုယ် ရန်သူပြုလျက် သံသရာ၌ လှည့်လည်နေကြသူများ ဖြစ်ကြကုန်သည်။

**သုပ္ပဗုဒ္ဓလူနူဝတ္ထု ပြီး၏။**

## ၁၁။ မဟာကပ္ပိနမထေရ်ဝတ္ထု

## (မင်းစည်းစိမ်စွန့်လျက် ရဟန်းပြုသူ)

မဇ္ဈိမဒေသ ကုက္ကုဋ္ဋဝတီပြည်၌ရှင် ဘုရင် မဟာကပ္ပိနမင်းကြီးနှင့် အနောဇာ မိဖုရားကြီး၊ မင်းကြီး၏ အမတ်တစ်ထောင်နှင့် အမတ်ကတော် တစ်ထောင်တို့သည် ရှေးရှေးဘဝပေါင်း များစွာကပင် ကုသိုလ်ကောင်းမှုကို အတူပြုခဲ့ကြသူများ ဖြစ်ကြသည်။ လွန်ခဲ့သော ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တရမြတ်စွာဘုရားထံတော်၌ လည်းကောင်း၊ ကဿပဘုရားရှင်ထံတော်၌လည်းကောင်း သူတို့အားလုံးသည် ကုသိုလ်ကောင်းမှု အတူပြုခဲ့ကြ၍ ဗျာဒိတ်တော် ခံယူကြပြီး ပါရမီထူးရှိကြသူများ ဖြစ်ကြသည်။

ယခု ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်တွင် တာဝတိံသာနတ်ပြည်မှ စုတေခဲ့ကြပြီး မဟာကပ္ပိနမထေရ် လောင်းလျာက မဇ္ဈိမဒေသ ကုက္ကုဋ္ဋဝတီမြို့၌ မွေးဖွားခဲ့ပြီး အနောဇာသည် မဒ္ဒရာဇ်တိုင်း သာဂလမြို့၌ မွေးဖွားခဲ့သည်။

### ဘုရားပွင့်နေပြီ

တစ်နေ့တွင် မင်းကြီးသည် သုပတ္တအမည်ရှိ စီးတော်မြင်းကိုစီးကာ အမတ်များခြံရံလျက် ဉယျာဉ်သို့ ထွက်လာစဉ် သာဝတ္ထိမြို့တော်မှ လာကြသူ လှည်းကုန်သည်တို့နှင့် တွေ့ဆုံမိလေသည်။ ထိုကုန်သည်တို့ထံမှ "ဘုရားရှင် ပွင့်ထွန်းတော် မူနေပြီ၊ ဘုရားရှင်နှင့်အတူ တရားရတနာနှင့် သံဃာရတနာ တို့သည်လည်း ဖြစ်ထွန်းတော်မူနေပြီ" ဟူသော သတင်းများ ကြားသိရသည်နှင့် မင်းကြီးသည် နှစ်သက်ကြည်နူးကာ ဝမ်းသာလုံးဆို့၍ မူးမေ့သွားသည်အထိ ခံစားတော်မူရရှာသည်။

### မင်းစည်းစိမ် စွန့်ပြီ

ထို့နောက် မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် ဘုရားရှင်ရှိရာသို့ ရည်မှန်းလျက် မြင်းစီးကာ ထွက်လာခဲ့ကြသည်။ မဟာကပ္ပိနမင်းကြီး သည် ရွှေပေလွှာတစ်ခုကို ရေးသား၍ လှည်းကုန်သည်တို့မှတစ်ဆင့် မိဖုရားကြီးထံ ပေးပို့လိုက်သည်။ ထိုရွှေပေလွှာတွင် "အနောဇာမိဖုရားကြီးက လှည်းကုန်သည်

တို့အား ဆုတော်ငွေ သုံးသိန်းကို ချီးမြှင့်လိုက်ပါ။ မိမိ အစိုးရသော မင်းစည်းစိမ်ကို လည်း မိဖုရားကြီးအား လွှဲအပ်ပါသည်။ ချမ်းသာစွာ ခံစားရစ်ပါ။ မိမိနှင့်တကွ အမတ်တစ်ထောင်တို့သည် ဘုရားရှင်ထံ သွားရောက်၍ ရဟန်းပြုတော့မည်"ဟု ရေးသားပါရှိသည်။

## ဘုရားရှင်က ကြိုနေပြီ

ဘုရားရှင်သည် မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ လာနေပြီဟု ရွှေဉာဏ်တော်ကွန်ရက်ဖြင့် သိမြင်တော်မူသဖြင့် စန္ဒဘာဂါမြစ်ကမ်းရှိ ညောင်ပင်ကြီးအောက်သို့ ကြွရောက် သီတင်းသုံးတော်မူလျက် ကြိုဆိုနေသည်။

## ဂုဏ်တော်တို့ တန်ခိုး

မဟာကပ္ပိနမင်းနှင့် အမတ်တို့သည် ဘုရားရှင်ရှိရာသို့ အသွားတွင် ပထမ အနက်တစ်ဂါဝုတ် အကျယ်နှစ်ဂါဝုတ်ရှိသော အပရစ္ဆာမြစ်၊ ဒုတိယ အနက်/အကျယ်နှစ်ဂါဝုတ်(ယူဇနာဝက်)ရှိသော နီလဝါဟိနာမြစ်နှင့် တတိယ အနက်/အကျယ်တစ်ယူဇနာရှိသော စန္ဒဘာဂါမြစ်တို့ကို ဖြတ်သန်းခဲ့ရသည်။ ထိုမြစ်သုံးတန်ကို ဖြတ်ရာ၌ ပထမမြစ်ကို ဖြတ်သွားရသောအခါ "အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ"စသော ဘုရားဂုဏ်တော် ကိုးပါးကို အကြိမ်ကြိမ်အထပ်ထပ် ပွားများလျက် လည်းကောင်း၊ ဒုတိယမြစ်ကို ကူးဖြတ်သောအခါ "သွာက္ခာတော ဘဂဝတော ဓမ္မော" စသော တရားဂုဏ်တော်ခြောက်ပါးကို အထပ်ထပ် အခါခါ ပွားများလျက် လည်းကောင်း၊ တတိယမြစ်ကို ကူးဖြတ်သောအခါ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"စသော သံဃာ့ဂုဏ်တော်ကိုးပါးကို ပွားများလျက် လည်းကောင်း ကူးဖြတ်လာခဲ့ကြသည်။

## တရားစောင့်သူကို တရားကစောင့်

သူတို့ ကူးဖြတ်ရသော မြစ်သုံးတန်မှာ နက်လည်းနက်ရှိုင်းပြီး ကျယ်လည်း ကျယ်ပြန့်သော မြစ်များဖြစ်ကြသည်။ သို့သော်မင်းကြီးနှင့် အမတ်တို့ ကူးဖြတ်သွားသောအခါ မြစ်တို့သည် ကုန်းပြင်ကဲ့သို့ ဖြစ်နေကြသည်။ ဘုရား၊ တရားနှင့် သံဃာ့ဂုဏ်တော်တို့ကို ယုံယုံကြည်ကြည်ဖြင့် အလေးအနက်ထား

ပွားများလျှင် ထိုပွားများသူတို့အား "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ "ဟု ဟောတော်မူသည်နှင့်အညီ တရားစောင့်သူကို တရားတော်သည် စောင့်ရှောက်သည်မှာ ယုံမှားဖွယ်ရာ မရှိပါပေ။

မင်းကြီးနှင့် အမတ်တို့မြစ်သုံးစင်းအနက် နောက်ဆုံး စန္ဒဘာဂါမြစ်ကို ကူးပြီးသော် မြစ်ကမ်းနံဘေးရှိ ညောင်ပင်ကြီး ဆီမှ ဗုဒ္ဓ၏ရောက်ခြည်တော်များကို သူတို့ဖူးမြင်ရသည်။ သို့ဖြင့် သူတို့အားလုံး ဘုရားရှင်ထံ လာခဲ့ကြသည်။ ဘုရားရှင်ထံမှ တရားတော်ကို နာကြားရသောအခါ သူတို့အားလုံး သောတာပန်ဖြစ်သွားကြသည်။ ဘုရားရှင်က "ဧထ ဘိက္ခဝေါ" ဟု ခေါ်တော်မူသောအခါ ဘဝများစွာက ပြုခဲ့သောကောင်းမှုနှင့် ပါရမီရှိသူတို့ဖြစ်သောကြောင့် ပရိက္ခရာအစုံအလင်ဖြင့် ရဟန်းများ ဖြစ်သွားတော်မူကြသည်။

အနောဇာမိဖုရားကြီးသည် မင်းကြီးက သူ့အား လွှဲအပ်လိုက်သော ထီးနန်းစည်းစိမ်ကို မမက်မောပေ။ စွန့်ထွေးပြီးသော တံတွေးပေါက်သို့ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်လိုက်၏။ ထို့နောက် ငါသည်လည်း ဘုရားရှင်ထံတွင် ရဟန်းပြုမည်ဟု ဆုံးဖြတ်၍ အမတ်တစ်ထောင်တို့၏ ဇနီးတို့နှင့်အတူ မြစ်သုံးတန်ကို ဂုဏ်တော်ပွား ကူးမြောက်ပြီး ဘုရားရှင်ထံ လာခဲ့ကြသည်။ ဘုရားရှင်ထံရောက်သော် တရားတော်ကို ကြားနာရသောကြောင့် တရားသိကာ သောတာပန်ဖြစ်သွားကြသည်။ မဟာကပ္ပိနမထေရ်နှင့်အတူ ပေါ်ဘိက္ခု ဖြစ်တော်မူကြသော ရဟန်းတော်တို့ အားလုံးသည်လည်း အနောဇာမိဖုရားတို့အား ဘုရားရှင်က ဟောကြားသော တရားတော်ကို နာကြားရသဖြင့် အားလုံးပင် ပဋိသမ္ဘိဒါပတ္တရဟန္တာများ ဖြစ်သွားကြသည်။

**အားလုံး ရဟန္တာဖြစ်ကြပြီ**

အနောဇာမိဖုရားတို့အုပ်စုသည် ဘုရားရှင်ထံ ရောက်ရောက်ချင်း မဟာကပ္ပိနတို့နှင့် မတွေ့ရချေ။ မဟာကပ္ပိနတို့ အားလုံး ရဟန္တာဖြစ်ပြီးမှ အနောဇာတို့နှင့် တွေ့နိုင်ရန် ဘုရားရှင်က စီစဉ်တော်မူထားသည်။ ရဟန္တာဖြစ်ပြီးမှ တွေ့စေလို သောကြောင့် ဖြစ်သည်။ အနောဇာမိဖုရားကြီးတို့အုပ်စုသည် ရဟန်းတော်များအဖြစ် မိမိတို့ခင်ပွန်းများကို တွေ့ရသောအခါ သူတို့လည်း

ရဟန်းပြုခွင့်ရရန် ဘုရားရှင်ထံ လျှောက်ထားပန်ကြားကြသည်။ ဘုရားရှင်က သာဝတ္ထိရှိ ဘိက္ခုနီတို့ထံသွားပြီး ရဟန်းပြုရန် မိန့်ကြားသဖြင့် အနောဇာတို့ တစ်အုပ်စုလုံး သာဝတ္ထိသို့သွားပြီး ဘိက္ခုနီဝတ်လိုက်ကြသည်။ ဘိက္ခုနီဖြစ်ပြီး မကြာမီပင် အားလုံး ရဟန္တာဖြစ်တော်မူကြသည်။

မဟာကပ္ပိနမထေရ်သည် ရဟန္တာဖြစ်တော်မူပြီး နောက်နေ့ ညဉ့်သန့်ရာ အရပ် နေ့သန့်ရာအရပ်တို့၌နေရင်း "အဟော သုခံ၊ အဟော သုခံ"ဟု ရွတ်ဆို ဥဒါန်းကျူးသည်။ ထိုအသံကို ကြားကြရသော ရဟန်းများက မဟာကပ္ပိနမထေရ်သည် မင်းဘဝက ခံစားခဲ့ရသော မင်းစည်းစိမ်နှင့် ကာမဂုဏ် ချမ်းသာကို ပြန်လည် တမ်းတကာ ရွတ်ဆိုနေသည်ဟု ပြောကြားကြသည်ကို ဘုရားရှင်ကြားသိတော်မူသွားသည်။

ထိုအခါ ဘုရားရှင်က အရှင်မဟာကပ္ပိနထေရ်ကိုခေါ်၍ ဥဒါန်းကျူးရခြင်း အကြောင်းကို မေးတော်မူသည်။အရှင်မဟာကပ္ပိန မထေရ်က "ကာမဂုဏ်ချမ်းသာကို ရည်မှန်း၍ ဥဒါန်းကျူးရင့်ခြင်း မဟုတ်ကြောင်း ရှင်တော်မြတ်ဘုရား သိပါသည်ဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "ငါ့သားတော် ကပ္ပိနမထေရ်သည် စိုးရိမ်ပူပန်ရခြင်း အမျိုးမျိုးတို့မှ ကင်းလွတ်လျက် တရား၏အရသာဖြင့် စံစားနေထိုင်ရခြင်းသည် ချမ်းသာပေစွဟု အမြိုက်နိဗ္ဗာန် တရားတော်ကို ရည်မှန်း အာရုံပြုလျက် ဥဒါန်းကျူးနေခြင်း ဖြစ်သည်ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၇၉။ ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

**ဒေသနာ၏အဓိပ္ပါယ်**

၇၉။ လောကုတ္တရာ တရားတည်းဟူသော အမြိုက်ရေအေးကို သောက်ရ သူသည် အထူးသဖြင့် သန့်ရှင်းကြည်လင် သော စိတ်ရှိသည်ဖြစ်၍ ချမ်းသာစွာ နေရ၏။ ပညာရှိသည် ဘုရား စသောအရိယာသူတော်ကောင်းတို့ ဟောကြား အပ်သော ဗောဓိပက္ခိယတရား၌ အမြဲမွေ့လျော်၏။

**မဟာကပ္ပိနမထေရ်ဝတ္ထု ပြီး၏၊**

# ၁၂။ အနာထပိဏ်သူဌေးကြီးဝတ္ထု

## (ကောင်းမှုပြုသူဖြစ်၍ ကောင်းကျိုးပြန်ရသူ)

အနာထပိဏ်သူဌေးကြီး၏ ငယ်မည်မှာ သုဒတ္တဖြစ်သည်။ သူဌေးဘဝ၌ အားထားရာ၊ ခိုကိုးရာမဲ့သူတို့အား အစားအစာ စသည်ကျွေးမွေးပေးကမ်းတတ်သဖြင့် (အနာထ=အားထားရာ၊ ခိုးကိုးရာမဲ့သူတို့အား၊ ပိဏ္ဍိက=ထမင်းစသည် ပေးလှူတတ်သူ) အနာထပိဏ်သူဌေးဟု ခေါ်ဝေါ်ကြသည်။

### ဇေတဝန်ကျောင်းတော်လှူခဲ့သူ

အနာထပိဏ်သူဌေးသည် သာသနာတော်၌ အလွန်ကြည်ညိုသူ၊ အလှူဒါနပြုရာ၌ တေဒဂ်ဘွဲ့ထူးရသူလည်း ဖြစ်သည်။ ဇေတမင်းသားထံမှ ဇေတဝန်ကျောင်းတော်ရာကို ဝယ်ယူပြီး ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

### စီးပွားပျက်ခဲ့ရပုံ

အဆုံး အစမထင်သော သံသရာခရီးကို လျှောက်ခဲ့ရပြီး ဘဝမျိုးစုံ၌ ကျင်လည်ခဲ့ရသဖြင့် အနာထပိဏ်သူဌေးသည် ကောင်းမှုများလည်း ပြုခဲ့ဖူးမည်။ မကောင်းမှု တစ်စုံတစ်ရာကိုလည်း ပြုခဲ့မိလျှင် ပြုခဲ့မိပေမည်။ ကောင်းကံကြောင့် စံရပြီး မကောင်းကံအကျိုးပေး အလှည့်ကြုံသောအခါ နိမ့်ကျသည့် ဘဝတွင် နေရသည်လည်း ရှိပေသည်။ ကံသာလျှင် အမိ၊ ကံသာလျှင်အဖ ဖြစ်သော ကံလူသား အနာထပိဏ်သူဌေးသည် ဘုရားရှင်ထံ တစ်နေ့ သုံးကြိမ်သွားလျက် အလှူဒါန အမျိုးမျိုးပြုနေသော်လည်း ကံဟောင်း၊ ကြမ္မာဟောင်းက အကျိုးပေးခွင့်ကြုံတော့ ဥစ္စာစီးပွား ပျက်စီးသွားရသည်။ သူ့ထံမှ ငွေချေးယူထား သူတို့က ချေးငွေ ၁၈ ကုဋေကို ပြန်မပေးကြသကဲ့သို့ မိဘဘိုးဘွားအမွေ ၁၈ကုဋေတို့သည်လည်း မြှုပ်ထားရာ မြစ်ကမ်းပြိုသောကြောင့် သမုဒ္ဒရာသို့ မျောပါသွားကြသည်။

### ဝေလာမဇာတ်တော်ကို ဟောပြီ

ထိုအခါ ဘုရားရှင်က "ဒါယကာကြီး၊ ယခင်ကလို တန်ဖိုးကြီးပစ္စည်းများဖြင့် အများအပြား မလှူရသဖြင့် စိတ်မကြည်မလင် မဖြစ်ပါနှင့်။ လှူရာ၌

စိတ်ထားမွန်မြတ်ခြင်းသာ အဓိကပါ။ သင် ဒါယကာကြီးထံ အလှူခံကြသော ပုဂ္ဂိုလ်တို့တွင် အရိယာ သံဃာတော်များ ပါဝင်ကြသည်။ ငါဘုရား ဝေလာမပုဏ္ဏား ဖြစ်စဉ်က ထမင်းရည်ချောင်းစီး လှူခဲ့ပါသည်။ အလှူခံပုဂ္ဂိုလ်များတွင် သရဏဂုံတည်သူပင် မပါရှိခဲ့ပါ"ဟု ဝေလာမဇာတ်တော်ကို ဟောတော်မူခဲ့သည်။

အနာထပိဏ်သူဌေးကြီး၏ အိမ်တံခါးစောင့်နတ်သည် ဘုရားရှင်နှင့် သံဃာတော်များအိမ်သို့ ကြွလာတိုင်း တံခါး အထက်မှ ဆင်းဆင်းပေးရသည်ကို မကျေနပ်။ ထို့ကြောင့် သူဌေးကြီး ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်ခြင်းမပြုရန် တစ်စုံတစ်ရာသောစကားကို ပြောဆိုလိုသော်လည်း အစိုးတရဖြစ်သည့် စည်းစိမ်ရှင်ဖြစ်နေသဖြင့် လည်းကောင်း၊ မိမိပြောစကားကို အလွယ်တကူ လက်ခံမည် မဟုတ်ဟု ယူဆ၍ မပြောဖြစ်ခဲ့ပေ။

ယခုအခါ၌ကား သူဌေးသည်စည်းစိမ်ပျက်၍ ဆင်းရဲနေပေပြီ။ မိမိပြောဆိုသော စကားကို ကေန်မုချ လက်ခံမည်ဟု ယူဆ၍ သူဌေးကြီးရှိရာ တိုက်ခန်းသို့ဝင်၍ ကိုယ်ထင်ပြကာ "သူဌေးကြီး၊ သင်သည် ရဟန်းဂေါတမ၏ သာသနာ၌ စည်းစိမ်ဥစ္စာ ကုန်ခန်းအောင် ပရမ်းပတာလုပ်ပြီသည်။ ယခုလည်း သင် လုပ်နေဆဲ ဖြစ်သည်။ သူဌေးကြီး၊ အလှူအတန်းများဖြင့် စည်းစိမ်ဥစ္စာ ကုန်ခန်းအောင် မပြုလုပ်ပါနှင့် ရပ်ပါတော့။ စီးပွားဖြစ်အောင် ပြန်လုပ်ပါ"ဟု လာပြောသည်။

သူဌေးကြီးက တံခါးစောင့်နတ်၏ စကားကို လက်မခံဘဲ အိမ်မှနှင်လွှတ် လိုက်သည်။ အခြား၌ နေစရာမရှိသဖြင့် မိမိ၏နေရာ ပြန်ရရေးအတွက် ကူညီပါရန် မြို့စောင့်နတ်မင်းထံ သွားပြောသည်။ မြို့စောင့်နတ်မင်းက မကူညီသောအခါ စတုမဟာရာဇ်နတ်မင်းကြီးလေးဦးထံ သွားသည်။ နတ်မင်းကြီးများက လက်မခံ။ သိကြားမင်းအထိ လိုက်လံအကူအညီ တောင်းသည်။ သိကြားမင်းက တခြား အကူအညီတော့ မပေးနိုင်။ အကြံတစ်ခုတော့ ပေးမည်ဟု ပြောကာ နတ်သား ဆောင်ရွက်ပေးရမည့် တာဝန်များကို ညွှန်ပြလိုက်သည်။ ချေးငွေ ၁၈ ကုဋေကို ချေးထားသူတို့ ထံမှ ပြန်ရအောင် ပြုလုပ်ပေးပါ။ သမုဒ္ဒရာတွင် မျောသွားသော ပစ္စည်းများနှင့် ပိုင်ရှင်မရှိသော ပစ္စည်းများကို စုဆောင်းလျက် သူဌေးဘဝ ပြန်လည်

ရောက်ရှိသွားအောင် ဆောင်ရွက်ပေးပါဟု ညွှန်ပြလိုက်သည်။ တံခါးစောင့်နတ်သည် သိကြားမင်း ညွှန်ပြသည့်အတိုင်း ပြုလုပ်ပြီးသောအခါ သူဌေးကြီးကို သူပြုလုပ်ပြောဆိုမိသော အမှားအတွက် ဝန်ချတောင်းပန်သည်။

### ဘုရားရှင်ထံ လျှောက်ထားလေသောအခါ

အနာထပိဏ်သူဌေးကြီးသည် တံခါးစောင့်နတ်နှင့်အတူ ဘုရားရှင်ထံ သွားရောက်ဖူးမြော်ပြီး အဖြစ်စုံကို လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ တံခါးစောင့်နတ်သည် သောတာပန်ဖြစ်သွားတော့သည်။

၁၁၉။ ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

၁၂၀။ ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ၊
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

### ဒေသနာ၏ အဓိပ္ပါယ်

၁၁၉။ မကောင်းမှု ပြုထားသူပင် ဖြစ်သော်လည်း မကောင်းမှုက မကောင်းကျိုး မပေးသေးသမျှ ကောင်းသည့် အာရုံကို တွေ့မြင်နေတတ်သေးသည်။ မကောင်းမှုက အကျိုးပေးသောအခါ မကောင်းမှုပြုသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရတော့သည်။

၁၂၀။ ကောင်းမှု ပြုထားသူပင် ဖြစ်သော်လည်း ကောင်းမှုက အကျိုးမပေးသေးသမျှ မကောင်းသော အာရုံကို တွေ့မြင်နေတတ်သေးသည်။ ကောင်းမှုက အကျိုးပေးသောအခါ၌ကား ကောင်းမှုပြုသူသည် ကောင်းကျိုးကိုသာ တွေ့မြင် ရတော့သည်။

**အနာထပိဏ်သူဌေးကြီးဝတ္ထု ပြီး၏။**

## ၁၃။ ကာလသတို့သားဝတ္ထု

### (အသပြာမက်သူဘဝမှ တရားကို တန်ဖိုးထားသူဘဝ ရောက်သွားသူ)

ကာလသတို့သားသည် ဇေတဝန်ကျောင်းဒါယကာကြီး အနာထပိဏ် သူဌေးကြီး၏ သားဖြစ်သည်။ ဖခင် သူဌေးကြီးသည် ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးကို အလေးအနက်ယုံကြည်ကိုးကွယ်သည်။ ထိုသို့ ယုံကြည်သည့်အလျောက် ဘုရားကို ဆည်းကပ်သည်။ တရားတော်ကို ကျင့်သုံးသည်။ သံဃာတော်တို့ကို ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေကောင်းဟု သဘောထားသည်။

### ဘမျိုးဘိုးမတူသူ သတို့သား

"ဘမျိုး ဘိုးတူ"ဟူသော စကားပုံတော့ရှိသည်။ သို့ရာတွင် အနာထပိဏ် သူဌေးကြီး၏သား ကာလကား ထိုစကားနှင့် မပတ်သက်။ အဖေနှင့်လည်း မတူသကဲ့သို့ အဘိုးတို့အမျိုးဖက်သို့လည်း မလိုက်ပါ။ ဖခင်ကြီးသည် ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်သော်လည်း ကာလကတော့ အိမ်သို့ ဘုရားရှင်ကြွလာလျှင် ရှောင်နေသည်။ ဘုရားရှင် ဟောသော တရားကို သာမက အဘယ်တရားကိုမျှ လိုက်နာကျင့်သုံးမှု မပြု။ သံဃာဆိုလျှင် ဦးမချ။ သံဃာနှင့် တွေ့ရလျှင် ဦးချကန်တော့ ရ၍ ပုဆိုးနွမ်းသည်၊ ပေသည်၊ ဒူးပွန်းသည်၊ ထိခြင်း ငါးပါးအညီ ရှိခိုးရ၍ဟု ယူဆသူဖြစ်သည်။

### သုံးသည်၊ ဖြုန်းသည်၊ သူ့အတွက်သာ

သူဌေးသားပီပီ သုံးသည်။ ဘာသာ သာသနာရေးအတွက်တော့ မဟုတ်။ သူ့အတွက်သာ ဖြုန်းသည်။ သူနှင့် သူ့ အပေါင်းအသင်းအတွက် လိုလျှင်အမေ့ထံ တောင်းသည်။ အမေက သားကိုပေးလွန်း၍ အပေးကြောင့် မပျက်စီးစေရန် ဖခင်သူဌေးကြီးက အမေကိုပါ အပေးမများဖို့ ထိန်းထားရသည်။

အနာထပိဏ်သူဌေးကြီးသည် သောတာပန်ကြီးဖြစ်၍ အရိယာရှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်နေပြီ။ သားကို ယခုအတိုင်းထားလျှင် "အောက်သို့" စုန်မည်ဟု သိ၍ ပြုပြင်ရန် နည်းလမ်းရှာသည်။ သားကြိုက်တတ်သော အရာကိုရှာသော် "အသပြာ"ကို သွားတွေ့သည်။ အသပြာပေးလျှင် သားကို အောက်သို့မစုန်စေဘဲ

အထက်သို့ နတ်ဂတိ၊ ပြဟ္မာဂတိသို့ ဆန်သည်ဟု တွေးသိသဖြင့် အသပြာပေးကာ ဘုရားကျောင်းကန်သို့ သွားစေသည်။

"ချစ်သား၊ ဘုရားရှင်၏ ကျောင်းတော်သို့ သွားပြီး တရားနာခဲ့ပါ။ အသပြာတစ်ရာ ပေးမည်" ဟု ဖခင်သူဌေးကြီးက ပြောသည်။ ကာလသည် အသပြာလိုချင်၍ ကျောင်းတော်သို့ "ဥပုသ်စောင့် တရားနာ"ဟုပြောလျက် သွားသည်။

သို့သော် ဇေတဝန်ကျောင်းတော်သို့ ရောက်သော် တရားသံမကြားရသည့် ချောင်တစ်ခုတွင် သွားအိပ်သည်။ နံနက် စောစော ပြန်လာပြီး အိမ်ရောက်လျှင် "ဥပုသ်သည်"ဟု ဆိုကာ မိဘများက စားဖွယ်သောက်ဖွယ်များကို အရင်ကျွေးသည်။ ကာလက အသပြာတစ်ရာ အရင်ရပြီးမှ စားဖွယ်သောက်ဖွယ်များကို စားသည်။

**တစ်ထောင်ပေးမည် တရားတစ်ပုဒ် မှတ်သားခဲ့**

နောက်နေ့တွင် ဖခင်သူဌေးကြီးက နည်းဗျူဟာပြောင်းလိုက်သည်။ အသပြာတစ်ထောင်ပေးမည်။ ဘုရားရှင်ဟောသော တရားဂါထာတစ်ပုဒ်ရအောင် လေ့လာမှတ်သားခဲ့ဟု မှာကြားလိုက်သည်။ ဆယ်ဆ ပိုလာသောအသပြာကို လိုချင်သဖြင့် ကာလသည် ဘုရားရှင်နှင့် အနီးဆုံးနေရာသို့ သွားကာ တရားနာသည်။ မှတ်သားမိစေရန် အကြိမ်ကြိမ် အထပ်ထပ် ရွတ်အံလေ့လာသည်။ သို့သော် သူမှတ်သားထားသည့် တစ်ပုဒ်တည်းသာဖြစ်သော တရားသည် မှတ်ဉာဏ်တွင် ပျောက်လိုက် ပေါ်လိုက် ဖြစ်နေသည်။ မှတ်မိပြီဟုထင်၍ စဉ်းစားသော် ပျောက်သွားပြန်သည်။ ပျောက်သွား၍ မည်သို့မျှ မစဉ်းစားဘဲ နေသည့်အခါ သူ့အလိုလို ပြန်လည်သတိရလာပြန်သည်။ ဘုရားရှင်က တန်ခိုးတော်ဖြင့် ပြုလုပ်ထား၍ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေရခြင်းဖြစ်သည်။

**တရားသိကာ သောတာပန်ဖြစ်ပြီ**

ကာလသည် ဘုရားရှင်ဟောသော တရားတစ်ပုဒ်ရလျှင် အသပြာ တစ်ထောင်ရမည်ဖြစ်၍ ကြိုးစားမှတ်သားသော်လည်း တရားတစ်ပုဒ်ကားမရ။ သို့ရာတွင် မှတ်သားရင်း မှတ်သားရင်း ပွားများရာမှ တရား၏အဓိပ္ပါယ်များကို သဘောပေါက် နားလည်သိမြင်လာပြီး တရားသိသွားတော့သည်။ တရားသိ၍ သောတာပန် ဖြစ်သွားတော့သည်။ ကာလသည် နောက်နေ့ မနက်တွင်

ဘုရားအမှူးရှိသော သံဃာတော်တို့ သူဌေးကြီးအိမ်သို့ ကြွလေသောအခါ နောက်တော်ပါးမှ တည်ငြိမ်ရင့်ကျက်သော ကလေးတို့ဖြင့် လိုက်ပါလာခဲ့သည်။ သူ့စိတ်ထဲ၌"ဖခင်ကြီးသည် ယခင်နေ့များကကဲ့သို့ အသပြာကို မပေးလျှင် ကောင်းမည်"ဟု စိတ်ကူးလာခဲ့သည်။

## အသပြာကို မယူတော့ဘဲ ငြင်းပြီ

သူဌေးကြီးသည် ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းခဲဖွယ်များ ကပ်လှူပြီးနောက် သားအတွက် အသပြာ တစ်ထောင်ပေးသည်။ ကာလသည် မယူတော့။ ယခင်နေ့များကကဲ့သို့ အစာကို နောက်မှမစားဘဲ ငွေမပြမီ အစားအသောက်ကို အရင်စားသည်။ အသပြာပေးသော် ငြင်းလိုက်သည်။ မယူတော့။

ဖခင် သူဌေးကြီးသည် ကာလ၏ ငွေအသုံးအဖြုန်းများပုံမှအစ ရတနာ သုံးပါးကို မကြည်ညိုပုံ၊ အသပြာပေး၍ ကျောင်းတော်သို့ စေလွှတ်ရပုံများကို ဘုရားရှင်အား လျှောက်ထားလိုက်သည်။ ထိုအခါ ဘုရားရှင်က "သူဌေးကြီး ယနေ့ သင့်သား၏ သန္တာန်၌ စကြဝတေးမင်း၏ စည်းစိမ်၊ နတ်စည်းစိမ်၊ ပြဟ္မာ့စည်းစိမ် တို့ထက် သာလွန်သော သောတာပန်၏ အသိရသွားပြီ"" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၇၈။ ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ၊
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

## ဒေသနာ၏အဓိပ္ပါယ်

၁၇၈။ မြေအပြင်တစ်ခုလုံးကို တစ်ယောက်တည်း ပိုင်စိုး အုပ်ချုပ်ရသော စကြဝတေးမင်း၏ စည်းစိမ်ထက် လည်းကောင်း၊ နတ်စည်းစိမ်၊ ပြဟ္မာစည်းစိမ်ထက် လည်းကောင်း သောတာပန်အဖြစ်သည် ပို၍ မွန်မြတ်လှပါပေ၏။

**ကာလ သတို့သားဝတ္ထု ပြီး၏။**

## ၁၄။ အပဏ္ဏကဇာတ်

## ကုန်သွယ်သွားမှု စီစဉ်ပြု

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်ဝယ်ဗြဟ္မဒတ်မင်း မင်းပြုစဉ်အခါ ဘုရားအလောင်းသည် လှည်းကုန်သည် အမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် လှည်းမှူးပြုလျက် လှည်းငါးရာတို့ဖြင့် အရပ်လေးမျက်နှာသို့ လှည့်လည်သွားလာကာ ရောင်းဝယ်၍ အသက်မွေးလေ၏။

ထိုဗာရာဏသီပြည်မှာပင် လှည်းငါးရာတို့ဖြင့် ရောင်းဝယ်၍ အသက်မွေးသော လှည်းမှူးမိုက် တစ်ယောက်လည်းရှိလေ၏။

တစ်နေ့သ၌ ဘုရားအလောင်းလှည်းမှူးသည် အရပ်တစ်ပါးသို့သွားရန် ဗာရာဏသီပြည်မှ အဖိုးများစွာထိုက်တန်သသော ပစ္စည်းဥစ္စာတို့ကို လှည်းငါးရာ၌ တင်ကာ အသင့်စီစဉ်ထားလေ၏။

### နှစ်ဦးနှစ်ဝ တိုင်ပင်ကြ

ဘုရားအလောင်း လှည်းမှူးသည် ထိုအကြောင်းကို သိလျှင် ဤလှည်းမှူး မိုက်နှင့် တပေါင်းတည်းသွားလျှင် လှည်းတစ်ထောင် ဖြစ်နေသဖြင့်ခရီးလမ်း လ်ည်းဆံ့နိုင်မည်မဟုတ်၊ ထင်း၊ ရေ၊ မြက်မှစ၍ အစာရေစာလည်း ရရှိရန် ခဲယဉ်းမည်၊ သို့အတွက် တစ်ဦးက အလျင်သွားနှင့်၍ တစ်ဦးက နောက်မှသွားနှင့် မည်လော၊ သို့မဟုတ် နောက်မှသွားမည်လော"ဟုမေးလေ၏။

လှည်းမှူးမိုက်လည်း "ငါ အလျင်သွားသော် မပျက်မစီးသေးသောလမ်း၌သွားရမည်၊ နွားများလည်း မြက်ဦးကို စားရမည် ၊ လူများလည်း ဟင်းရွက်ဦးကို စားရမည်၊ ရေကြည်ကို သောက်ရမည်၊ လိုသမျှအဖိုးထား၍ ရောင်းရမည်"ဟု အလျင်သွားသူတို့ရရှိမည့် အကျိုးတို့ကို မြော်မြင်ကာ"အဆွေ…ငါ အလျင် သွားမည်"ဟု ပြောကြားလေ၏။

### နောက်မှလိုက်ရ အကြိုက်ကျ

ဘုရားအလောင်း လှည်းမှူးလည်း လှည်းမှူးမိုက်စကားကိုကြားလျှင်

“ငါနောက်မှသွားလျှင် မညီညွတ်သော နေရာ၌ ပြင်ဆင်ပြီးဖြစ်၍ ညီညွတ်သော လမ်း၌ သွားရမည်၊ နွားများလည်း မြက်ဟောင်း ကုန်၍ မြက်သစ်မြက်နုကို စားရမည်၊ ...များလည်း ဟင်းရွက်ဟောင်းကုန်၍ ဟင်းရွက်သစ် ဟင်းရွက်နုကိုစားရမည်၊ ရေမရှိသောအရပ်၌ ရေတွင်းတူးပြီးဖြစ်၍ ရေအသင့်ရရှိမည်၊ သူတစ်ပါးတို့ သတ်မှတ်ထားပြီး အဆုံးနှုန်းဖြင့် ရောင်းရ၍ လွယ်ကူမည်”ဟု နောက်မှ သွားသူတို့ ရရှိမည့် အကျိုးထူးကို မြော်မြင်ကာ“အဆွေ…အဆွေ အလျင်သွားနှင့်ပါ၊ ငါတို့ နောက်မှသွားပါမည်”ဟု ပြောကြားပြီးလျှင် နောက်မှ သွားရန် စီစဉ်လေ၏။

လှည်းမှူးမိုက်လည်း လှည်းငါးရာတို့ဖြင့် ယူဇနာခြောက်ဆယ်ရှိသော ခရီးလမ်းကို အစဉ်အတိုင်း သွားလတ်သော် လူတို့နေရာကို ကျော်လွန်၍ ရေမရှိသည့် “နိရုဒက ကန္တာရ”၊ ဘီလူးတို့နေရာဖြစ်သည့် “အမနုဿ ကန္တာရ”အလယ်သို့ ရောက်လေ၏။

## လူယောင်ဖန်ဆင်း ဘီလူးအသင်း

ထိုအခါ ဘီလူးတို့သည် လှည်းကုန်သည်တို့ ယူဆောင်လာသော ရေကို စွန့်ပစ်၍ အားနည်းသောအခါ စားမည်ဟု ကြံစည်လျက် တစ်ကိုယ်လုံး ရေစိုစွတ်စေ၍ ကြာပန်းတို့ကို ပန်ဆင်ကာ ကြာစွယ် ကြာရင်းတို့ကို စားလျက် လှည်းဘီးတို့၌ ရွှံ့ညွန်အလိမ်းလိမ်း ကပ်စေပြီးလျှင် မိုးရွာသောအဟန် ဖန်ဆင်း ကုန်လျက် ရှေ့တူရူမှ လှည်းတို့ကိုမောင်းနှင်ကာ လာကြကုန်၏။

လှည်းမှူးမိုက်သည် လှည်းသမားဟန်ဆောင်ကာ ရှေ့တူရူမှ မောင်းနှင် လာသော ဘီလူးတို့ကို မြင်လျှင်“အမောင်တို့ အဘယ်အရပ်မှ လာကြသနည်း၊ လာခဲ့သောလမ်းခရီးမှာ ရေရှိသလော”စသည်ဖြင့် မေးမြန်းသောအခါ ဘီလူးတို့ သည်“အဆွေ…အသို့ဆိုနည်း၊ ဤအရပ်မှမြင်ရသော တောအုပ်ကြီးဝယ် မပြတ် မိုးရွာသည်၊အင်းအိုင်ချောက်တို့၌ ရေပြည့်လျက်ရှိသည်၊ရေကိုယူဆောင်သွားရန် မလို” စသည်ဖြင့် လှည့်ဖြား၍ ပြောဆိုကာ ဖဲသွားပျောက်ကွယ်လျက် ဘီလူးရွာသို့ ဝင်ကြကုန်၏။

## ဘီလူးအလိုလိုက် လှည်းမှူးမိုက်

လှည်းမှူးမိုက်လည်း အလိမ္မာ အသိဉာဏ် နည်းပါးဘီလူးတို့ စကားကို ယုံကြည်လျက် ယူဆောင်ခဲ့သော ရေအိုးတို့ကို ခွဲစေ၍ ဝန်ပေါ့သော လှည်းတို့ကို မောင်းစေ၏။

နေဝင်သောအခါ ရောက်သောနေရာ၌ လှည်းတို့ကိုချွတ်၍ နွားတို့ကို ချည်နှောင်ပြီးလျှင် စခန်းချကုန်၏။ လူတို့သည် ရေလည်းမသောက်ရ၊ ထမင်းလည်းမချက်ရ၊ အားနည်းကာ အိပ်ပျော်ကြကုန်၏။ ထိုအခါ ဘီလူးတို့သည် လာလတ်ကုန်၍ အလုံးစုံသော လူနှင့်နွားတို့ကို စားသောက်ကြသဖြင့်၊ လူရိုးနှင့် နွားရိုးတို့ ဖရိုဖရဲ ပြန့်ကြဲကာ ပျက်စီးကြရကုန်၏။

## လှည်းမှူးလိမ္မာ ထွက်၍လာ

ဘုရားလောင်း လှည်းမှူးလည်း လှည်းမှူးမိုက်သွား၍ ဆယ့်ငါးရက်မျှ လွန်လျှင် လှည်းငါးရာတို့ဖြင့် သွားပြန်ရာ ကန္တာရအဝင်ဝသို့ ရောက်လေ၏။ ထိုအခါ လှည်းသမားတို့ကို စည်းဝေးစေပြီးလျှင်“အမောင်တို့ ဤသွားရမည့် ကန္တာရ၌ ရေမရှိ၊ ငါ့ကို မပြောကြားဘဲ ရေတစ်ခွက်မျှ မသုံးကြနှင့်၊ အဆိပ်ပင် များလည်း ရှိသည်၊ ငါ့ကို မပြောကြားဘဲ ဘယ်အသီး ဘယ်အရွက်ကိုမျှ မစားကြနှင့်”ဟု အဆုံးအမပေးကာ ကန္တာရသို့ဝင်ပြီးလျှင် ခရီးလမ်းစဉ်အတိုင်း သွားကြကုန်၏။

## လူယောင် ဖန်ဆင်းလာပြန်ခြင်း

ကန္တာရအလယ်သို့ ရောက်လတ်သော် ဘီလူးတို့သည် ရှေးနည်းအတူ လှည်းသမားဟန်ဆောင်၍ ရှေ့တူရူမှ လာကြပြန်ရာ ရင်ဆိုင်မိကြကုန်၏။ လှည်းမှူးသည် ဘီလူးတို့ကိုမြင်လျှင် “ဤကန္တာရကား ရေမရှိ၊ ဤသူတို့သည် ကြောက်ခြင်း မရှိကုန်၊ မျက်စိလည်း နီမြန်းကုန်၏။ အရိပ်လည်းမထွက်ကုန်၊ လူမဟုတ်မုချ ဘီလူးတို့ ဖြစ်လိမ့်မည်၊ ရှေ့အလျင်သွားနှင့်သည့် လှည်းမှူးမိုက်၏ လှည်းသမားတို့ကို လှည့်ဖြားကာ စားသောက်ကြပေလိမ့်မည်၊ ငါ့အား အသိဉာဏ်ပညာရှိသည့်အဖြစ်ကို မသိယောင်တကား”ဟု ကြံစည်မိလေ၏။

ဘီလူးတို့သည် ဘုရားအလောင်း လှည်းမှူးအား ရှေးနည်းတူ ရှေ့က

မြင်ရသော တောအုပ်ကြီးဝယ် မပြတ်မိုးရွာကြောင်း၊ အင်း အိုင် ချောက်တို့၌ ရေအပြည့်ရှိကြောင်း စသည် ပြောကြားပြီးလျှင် ခရီးမှ ဖဲသွား၍ ပျောက်ကွယ်ကာ ဘီလူးတို့နေရာသို့ ဝင်ကြကုန်၏။ ဘုရားအလောင်းလှည်းမှူးလည်း ဘီလူးတို့သွားလျှင် လှည်းသမားတို့အား-

"အမောင်တို့...ဤကန္တာရ၌ ရေကန် ရေအိုင်ရှိသည်ဟု ကြားဖူးသလော၊ ရှေ့က တွေ့မြင်ရသော တောအုပ်၌ မိုးမပြတ်ရွာသည်ဟု ပြောဆိုကြ၏။ စဉ်းစားကြကုန်လော။ မိုးသက်လေသည် တစ်ယူဇနာ အရပ်ရောက်အောင်လာ၏။ မိုးတိမ်ကို သုံးယူဇနာ အရပ်မှ မြင်ရ၏။ လျှပ်စစ်ရောင်ကို ငါးယူဇနာ အရပ်မှ မြင်ရ၏။ မိုးချုန်းသံကို နှစ်ယူဇနာ အရပ်မှ ကြားရ၏။

ယခုအခါ အမောင်တို့သည် ထိုအခြင်းအရာတို့ကို ကြားကြ၊ မြင်ကြသလော"ဟု မေးမြန်းလေ၏။ လှည်းသမားတို့လည်း"အရှင်...မကြားကြရ မမြင်ကြရပါ"ဟု ပြောကြားကြကုန်၏။

ထိုအခါ လှည်းမှူးသည် "အမောင်တို့...ဤသူတို့ကား လူမဟုတ်ကုန်၊ ဘီလူးတို့သာ ဖြစ်ကုန်၏။ ငါတို့အား အစာရေစာပြတ်၍ အားနည်းသောအခါ စားသောက်လိုကြသောကြောင့် လှည့်ဖြား ပြောဆိုခြင်းဖြစ်သည်။ သို့အတွက် ငါမသိဘဲ ရေတစ်ခွက်စာမျှ မသုံးကြနှင့်" ဟုပြောဆိုဆုံးမကာ ခရီးစဉ်အတိုင်း သွားကြကုန်၏။

## အကျိုးပြီးမြောက် ပြည်ပြန်ရောက်

လှည်းမှူးမိုက်၏ လှည်းသမား ငါးရာတို့ ပျက်စီးသောနေရာသို့ ရောက်လျှင် ပစ္စည်းဥစ္စာတို့ ပြည့်သော လှည်းတို့ကို မြင်ကြရကုန်၏။ ဖရိုဖရဲ ကြဲပြန့် ပျက်စီးနေသော လူရိုး၊ နွားရိုးတို့ကိုလည်း မြင်ကြရကုန်၏။ ထိုအခါ လှည်းသမားတို့သည် ကောင်းသော ခိုင်ခံ့သော လှည်းတို့ကို လဲလှယ်၍ ယူကြပြီးလျှင် ပစ္စည်းဥစ္စာတို့ကိုလည်း အလိုရှိတိုင်း ယူကြ၍ တစ်ညအိပ်ပြီးလျှင် မိမိတို့ အလိုရှိရာအရပ်သို့ သွားကြ၍ ပါသမျှပစ္စည်းဥစ္စာတို့ကို နှစ်ဆ သုံးဆတက်သော အဖိုးနှုန်းတို့ဖြင့်ရောင်းချပြီးလျှင် မိမိနေရာ ဗာရာဏသီပြည်သို့ ပြန်သွားကြကုန်၏။

# ၁၅။ နိဂြောဓဇာတ်

## နိဂြောဓအမည်တွင် ရွှေသမင်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ရွှေအဆင်းရှိသော ဘုရားအလောင်းနိဂြောဓ သမင်မင်းသည် သမင်ငါးရာ အခြံအရံနှင့်တကွ တောတွင်နေလေ၏။ ၄င်း၏အနီး၌ ရွှေအဆင်းရှိသော သာခ သမင်လည်း အခြံအရံ သမင်ငါးရာနှင့်ပင် နေလေ၏။

ဗာရာဏသီမင်းကြီးကား သမင်တို့ကို သတ်လေ့ရှိ၏။ အသားနှင့်ကင်း၍ ပွဲတော် မတည်ပေ။ တိုင်းသူပြည်သားတို့ကို အလုပ်ပျက်စေလျက် စုရုံးကာ နေ့တိုင်း သမင် လိုက်သွားလေ့ရှိ၏။

### ပွဲတော်စာတွက် ရှာဖွေထွက်

ထိုအခါ လူတို့သည်“ငါတို့မင်းကြီးကား ငါတို့ကို နေ့စဉ် အလုပ်ပျက် စေသည်၊ ဥယျာဉ်တော်ဝယ် အစာရေစာတို့ကို ပြည့်စုံအောင် စီမံ၍ လုံခြုံစွာ ဝင်းခြံကာလျက် တံခါးတို့ကို တပ်ဆင်ပြီးလျှင် တောတွင်းရှိ သမင်တို့ကို ခြောက်လှန့်စုရုံးကာ ဥယျာဉ်တော်သို့သွင်း၍ ပေးထားရလျှင် သင့်လျော်မည်”ဟု ကြံစည်၍ သမင်တောသို့ သွားပြီးလျှင် ပိုက်ကွန်တို့ဖြင့် စုရုံးကာ ဥယျာဉ်တော် သို့သွင်း၍ တံခါးကိုလုံခြုံစွာ ပိတ်ပြီးလျှင် မင်းကြီးအား လျှောက်ကြားကြလေ၏။

### နေ့စဉ်သတ်စား သမင်သား

မင်းကြီးလည်း နှစ်သက်အားရတော်မူသဖြင့် ဥယျာဉ်တော်သို့ သွားကာ ကြည့်ရှုလေလျှင် ရွှေသမင်နှစ်ကောင်ပါလာသည်ကို မြင်၍“အမောင်တို့...ဤ ရွှေသမင် နှစ်ကောင်ကို မသတ်ကြနှင့်”ဟုဘေးမဲ့ပေးလေ၏။ မင်းကြီးသည် ရံခါ ဥယျာဉ်တော်သို့ သွားစေလျက် သမင်တစ်ကောင်ကိုပစ်၍ ယူဆောင်စေ၏။

သမင်တို့သည် လေးကိုမြင်လျှင် သေဘေးမှ ကြောက်၍အတင်းပြေးကြသည့် အတွက် တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့မိကြသဖြင့် ဆင်းရဲပင်ပန်းခြင်း နာကျင်ခြင်း၊ သေကျေပျက်စီးခြင်းသို့ ရောက်ကြကုန်၏။ ထိုအခါ သမင်တို့သည် ထိုအကြောင်းကို ဘုရားအလောင်း သမင်မင်းအား ပြောကြားကုန်၏။

**အသေခံတွက် တိုင်ပင်ချက်**

ဘုရားအလောင်း သမင်မင်းလည်း သာခ သမင်မင်းကို ခေါ်စေ၍ "အဆွေ... ယခုအခါ သမင်တို့ ကြောက်လန့်တကြား ပြေးကြသဖြင့် ပျက်စီးကြကုန်၏။စင်စစ်သော်ကား တစ်နေ့နေ့တွင် မုချ သေကြရမည်။ ယနေ့မှစ၍ မြားဖြင့်မပစ်စေဘဲ စဉ်းတီတုံးပေါ်တွင် သင့်ပရိသတ်မှ တစ်ရက်၊ ငါ့ပရိသတ်မှ တစ်ရက်အားဖြင့် တစ်လှည့်စီ သမင်တစ်ကောင်သွား၍ စဉ်းတီတုံးပေါ်တွင် အိပ်စေရမည်။ သို့မှသမင်တွေ မပင်ပန်းဘဲ ရှိကြမည်"ဟု တိုင်ပင်လေ၏။ သာခ သမင်လည်း ကောင်းပြီဟု ဝန်ခံကာ တစ်လှည့်စီ တိုင်ပင်သည့်အတိုင်း နေ့စဉ် သမင်တစ်ကောင်စီသွား၍ စဉ်းတီတုံးပေါ်တွင် အိပ်စေ၏။

တစ်နေ့သ၌ သာခသမင်မင်း၏ ပရိသတ်ထဲမှ ကိုယ်ဝန်ရှိသော သမင်မယ်တစ်ကောင် အလှည့်သို့ ရောက်လေ၏။ ထိုအခါ သမင်မယ်သည် သာခ သမင်မင်းထံကပ်၍"အရှင်...ကျွန်ုပ် အလှည့်ကို ကျော်လွန်ပါစေဦး၊ ကျွန်ုပ်မှာ ကိုယ်ဝန်ရှိပါသည်၊ မွေးဖွားပြီးသောအခါ သား၊ အမိနှစ်ယောက်လုံး၏ အလှည့်သည် ဖြစ်လာပါလတ္တံ့"ဟု ဆိုလေလျှင် သာခသမင်မင်းက"သင့်အလှည့်ကို သူတစ်ပါးအပေါ်သို့မချလို၊ သင်သာ ယူလော"ဟု ဆိုလေ၏။

**ကယ်ဆယ် မ စ လောင်းတော်ဘ၀**

သမင်မယ်လည်း သာခသမင်မင်းထံမှ တစ်စုံတစ်ရာ အထောက်အပံ့ကို မရလတ်သော် နိဂြောဓ သမင်မင်းထံကပ်၍ အကြောင်းကြားလေ၏။ နိဂြောဓ သမင်မင်းလည်း"ကောင်းပြီ၊ သင်ပြောတိုင်း မှန်စေ"ဟုဆိုကာ သမင်မယ်ကို လွှတ်လိုက်၍ သမင်မယ်၏ အလှည့်ကို မိမိကိုယ်တိုင်ယူကာ စဉ်းတီတုံးပေါ်တွင် အိပ်လေ၏။ စားတော်ချက်လည်း ဘေးမဲ့ပေးထားသော ရွှေသမင်မင်းကို မသတ်ဝံ့သဖြင့် မင်းကြီးထံ အကြောင်းကြားလေ၏။

**အများသတ္တဝါ ချမ်းသာရာ**

မင်းကြီးလည်း ဥယျာဉ်တော်သို့ လာလတ်၍ စဉ်းတီတုံးပေါ်တွင် အိပ်နေသော ဘုရားအလာင်း ရွှေသမင်မင်းကို မြင်လျှင် မေးလေ၏။

မင်းကြီးမေး။ အို သမင်မင်း...သင့်အား ဘေးမဲ့ပေးထားသည် မဟုတ်ပါလော၊ အဘယ်ကြောင့် စဉ်းတီတုံး၌ အိပ်သနည်း။

သမင်ဖြေ။ ကိုယ်ဝန်ရှိသော သမင်မယ်တစ်ကောင် လာ၍ ကျွန်ုပ်အလှည့်ကို တစ်ပါးသော သမင်သို့ ရောက်ပါစေဦး ဆိုလာသဖြင့် သေခြင်း ဆင်းရဲကို သူတစ်ပါးထံ မပို့လို၊ မိမိပင်ခံ၍ သမင်မယ်အား အသက်ကိုပေးမည်ဟု အိပ်ပါသည်။ အလိုရှိတိုင်း ပြုတော်မူပါ။

အို သမင်မင်း...သမင်မင်းကဲ့သို့ သူတစ်ပါးအပေါ် မေတ္တာ၊ ကရုဏာရှိသူကို လူထဲ၌သော်လည်းကောင်း မမြင်ဖူးပါ။ သို့အတွက် သမင်မင်းအားလည်းကောင်း၊ ကိုယ်ဝန်ရှိသော သမင်မယ်အား လည်းကောင်း ဘေးမဲ့ပေးပါသည်။

မင်းကြီးမေး။ ကြွင်းသော သမင်များအတွက် အသို့နည်း။

သမင်ဖြေ။ ဥယျာဉ်တော်၌ရှိသည့် ကြွင်းသောသမင်များကိုလည်း ဘေးမဲ့ပေးပါသည်

မင်းကြီးမေး။ တောထဲ၌ရှိသော သမင်များကိုအတွက် အသို့နည်း။

သမင်ဖြေ။ တောထဲ၌ရှိသော သမင်များကိုလည်း ဘေးမဲ့ပေးပါသည်။

မင်းကြီးမေး။ သမင်မှတစ်ပါး အခြားလေးချောင်းရှိ သားများအတွက်အသို့နည်း။

သမင်ဖြေ။ သမင်မှတစ်ပါး အခြေလေးချောင်းရှိသားများကိုလည်း ဘေးမဲ့ပေးပါသည်။

မင်းကြီးမေး။ အခြေနှစ်ချောင်းရှိ ငှက်များအတွက် အသို့နည်း။

သမင်ဖြေ။ အခြေနှစ်ချောင်းရှိ ငှက်များကိုလည်း ဘေးမဲ့ပေးပါသည်။

မင်းကြီးမေး။ ငါး၊ လိပ် စသော ရေသတ္တဝါများအတွက် အသို့နည်း။

သမင်ဖြေ။ ငါး၊ လိပ်စသော ရေသတ္တဝါများကိုလည်း ဘေးမဲ့ပေးပါသည်-ဟု ပြောဆိုပြီးလျှင် မင်းကြီးသည် အလုံးစုံသော သတ္တဝါတို့အား ဘေးမဲ့ပေးလေ၏။

**ဗုဒ္ဓလောင်းလျှာ တရားပြ**

နိဂြောဓသမင်မင်းလည်း မင်းကြီးထံမှ အလုံးစုံသော သတ္တဝါတို့အား ဘေးမဲ့ပေးခြင်းကိုရရှိလျှင် စဉ်းတီတုံးမှထ၍ မင်းကြီးအား ငါးပါးသီလ၌ တည်စေ၍မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြုရန် အဆုံးအမပေးကာ ဥယျာဉ်တော်ဝယ် နှစ်ရက်၊ သုံးရက်နေပြီးလျှင် သမင်အပေါင်း ခြံရံကာ တောသို့ဝင်လေ၏။

သမင်မယ်လည်း သားငယ် ဖွားမြင်ပြီးလျှင် မိမိသားငယ်ကို- "ချစ်သား... အကျိုးစီးပွားကိုလိုလျှင် နိဂြောဓသမင်မင်းကိုသာ ဆည်းကပ် လေ၊ သာခသမင်မင်းကို မဆည်းကပ်လေနှင့်၊ သာခသမင်မင်းထံ အသက်ရှည် နေရခြင်းထက် နိဂြောဓသမင်မင်းထံမှာ သေရခြင်းက မွန်မြတ်သေးသည်"-ဟု ဆုံးမလေ့ရှိ၏။

ထိုအခါမှစ၍ လူတို့ ကောက်ပဲသီးနှံတို့ကို စားကုန်သော်လည်း သမင်တို့ကို မပစ်ခတ် မညှဉ်းဝံ့ကြသဖြင့် မင်းကြီးထံ လျှောက်ကြလေ၏။ မင်းကြီးလည်း နိဂြောဓသမင်မင်းထံ အကြောင်းကြားစေ၏။ သမင်မင်းလည်း သမင်အပေါင်းတို့ကို စည်းဝေးစေပြီးလျှင် လူတို့ ကောက်ပဲသီးနှံတို့ကို မစားကြရန်နှင့် မဖျက်ဆီးကြရန် အဆုံးအမပေးလေ၏။ လူတို့အားလည်း မိမိတို့ ကောက်ပဲသီးနှံခင်းတို့၌ တိုင်တို့ကို စိုက်ထူလျက် သစ်ရွက်အမှတ်အသား ဖွဲ့ချည်၍ ထားကြကုန်ဟု မှာထားလေ၏။

သမင်တို့လည်း သစ်ရွက် အမှတ်အသားရှိသော လယ်ခင်း၊ ယာခင်းတို့ကို ဖျက်ဆီး စားသောက်ခြင်းမှ ရှောင်ကြဉ်ကြကုန်၏။ ထိုအခါမှစ၍လယ်ခင်း ယာခင်းတို့၌ ပန်းလုံးတိုင်စိုက်သော အထိမ်းအမှတ် ဖြစ်စေခဲ့သတည်း။

## ၁၆။ ဘောဇာဇာနိယဇာတ်

**မင်္ဂလာမြင်းတွက် ဂုဏ်ရောင်ထွက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ထိုမင်း၏ မင်္ဂလာ မြင်းတော်သည် ဘောဇာဇာနိယ သိန္ဓောမြင်းမျိုးဖြစ်၏။ အလုံးစုံသော အဆင်းအင်္ဂါတို့နှင့် ပြည့်စုံ၏။ ထိုမင်္ဂလာမြင်းသည် သုံးနှစ်ပတ်လုံး

နံ့သာမျိုးဖြင့် ထုံအပ်သည်ဖြစ်၍ အထူးထူးသော အရသာတို့နှင့် ပြည့် စုံသော မွှေးကြိုင်သည့် သလေးထမင်းကို အဖိုးတစ်သိန်းတန် ရွှေခွက်၌ထည့်ကာ စားရ၏။ နေသောအရပ်ဝယ် ကမ္ဗလာ တင်းတိမ်တို့ဖြင့် ကာရံထား၏။ အထက်က ရွှေကြယ်စီအပ်သော ပုဆိုး မျက်နှာကြက်ကိုကြက်၏။ ပတ်ပတ်လည် နံ့သာပန်းဆိုင်းတို့ကိုဆွဲကာ ဆီမီးကို အမြဲထွန်းလျက်ရှိ၏။

ထိုမင်္ဂလာမြင်းတော်ကို အစွဲပြုကာ မင်းကြီးမှာ အလွန်ကျက်သရေရှိ၏။ ဗာရာဏသီမင်းအဖြစ်ကို မတောင့်တမိသောသူ မည်သည်မရှိ။

## စစ်ထိုးထွက်ရန် တိုင်ပင်ပြန်

အခါတစ်ပါးဝယ် ခုနစ်ပြည်ထောင်သောမင်းတို့သည် စစ်သည်ဗိုလ်ပါ မြောက်မြားစွာဖြင့် ဗာရာဏသီပြည်ကြီးကိုဝန်းရံကာ“ငါတို့အား တိုင်းပြည်ကို အပ်နှင်းကာ မင်းအဖြစ်ကို ပေးမည်လော၊ သို့တည်းမဟုတ် စစ်တိုက်မည်လော” ဟု ဗာရာဏသီမင်းကြီးအား သဝဏ်စာ ပေးကြကုန်၏။

ထိုအခါ မင်းကြီးသည် အမတ်တို့ကို စည်းဝေးစေ၍“အမတ်မင်းတို့... ယခု ခုနစ်ပြည်ထောင်မင်းများ တိုင်းပြည်ကို ဝိုင်း၍ထားကြပြီ၊ အဘယ်သို့ ပြုလုပ်ကြမည်နည်း”ဟုမေးလေ၏။ အမတ်ကြီးတို့လည်း“အရှင်မင်းကြီး...အရှင်မင်းကြီးကိုယ်တိုင် ရှေးဦးသွား၍ စစ်မထိုးလေနှင့်၊ ဤမည်သော မြင်းစီးသူရဲ (မြင်းတပ်ဗိုလ်) ကို စစ်ထိုးခိုင်းပါ၊ ထိုမြင်းစီးသူရဲမအောင်မြင်မှ မင်းကြီးကိုယ်တိုင် စစ်ထိုးသင့်၊ မထိုးသင့် သိရမည်”ဟု လျှောက်ထားကြကုန်၏။

## မင်းကြီးစေချက် စစ်တိုက်ထွက်

မင်းကြီးသည် မြင်းစီးသူရဲကောင်းကို ခေါ်စေ၍“အမောင်...ခုနစ်ပြည်ထောင် မင်းတို့နှင့် စစ်ထိုးဝံ့မည်လော”ဟု မေးလေ၏။ မြင်းစီးသူရဲက “အရှင်မင်းကြီး...မင်းကြီး၏ ဘောဇာဇာနိယ မင်္ဂလာ သိန္ဓောမြင်းတော်ကိုရလျှင် ခုနစ်ပြည်ထောင် မင်းလောက်ကို ထားပါဦး၊ ဇမ္ဗူဒိပ်ကျွန်းရှိ အလုံးစုံသော မင်းတို့နှင့်ပင် စစ်ထိုးဝံ့ ပါသည်”ဟု ရဲဝံ့စွာ လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးက“အမောင် ဘောဇာဇာနိယ သိန္ဓောမြင်းဖြစ်စေ၊ တစ်ခြားမြင်းဖြစ်စေ လိုရာမြင်းကို သဘောရှိယူ၍ စစ်ထိုးလော့”ဟု ခွင့်ပြုတော်မူ၏။

**ဝိရိယကြီးကုတ် ခြောက်မင်းပြုတ်**

မြင်းစီးသူရဲလည်း ဘောဇာဇာနိယ သိန္ဓောမြင်းကိုဆောင်ယူကာ ချပ်ဝပ်တန်ဆာဖြင့် ကောင်းစွာဖွဲ့၍ မိမိကိုယ်ကိုလည်း ချပ်ဝပ်တန်ဆာဖြင့် ကောင်းစွာဖွဲ့ပြီးလျှင် သန်လျက်ကိုလွယ်ကာ သိန္ဓောမြင်းကိုစီးလျက် မြို့မှထွက်၍ လျှပ်စစ်နွယ်ကဲ့သို့ ပြိုးပြိုးပြက်ပြက်သွားကာ ဗိုလ်ထုတစ်ခုကို ဖျက်ဆီး၍ မင်းတစ်ပါးကို အရှင်ဖမ်းပြီးလျှင် မြို့တွင်းသို့ဝင်၍ ဗိုလ်ထုအားအပ်နှင်းလေ၏။ နောက်တစ်ဖန် ဒုတိယဗိုလ်ထုကို ဖျက်ဆီး၍ ဒုတိယမင်းတစ်ပါးကို၊ ထို့အတူ တတိယဗိုလ်ထုကို ဖျက်ဆီး၍ တတိယ မင်းတစ်ပါးကို၊ နောက် စတုတ္ထဗိုလ်ထုကို ဖျက်ဆီး၍ စတုတ္ထမင်းတစ်ပါးကို၊ နောက် ပဉ္စမဗိုလ်ထုကို ဖျက်ဆီး၍ ပဉ္စမမင်းတစ်ပါးကို၊ နောက် ဆဋ္ဌမဗိုလ်ထုကို ဖျက်ဆီး၍ ဆဋ္ဌမ မင်းတစ်ပါးကို ဖမ်းယူကာ မိမိတို့ဗိုလ်ထုအား အပ်နှင်းပြန်လေ၏။

**သိန္ဓဝမြင်း မြားထိခြင်း**

ထိုဆဋ္ဌမခြောက်မင်းကို ဖမ်းသောအခါ ဘောဇာဇာနိယသိန္ဓောမြင်းကို မြားမှန်သဖြင့် သွေးယိုစီးကာ ပြင်းထန်သောဝေဒနာရသဖြင့် မင်းအိမ်တံခါးကို ဆောင်ယူ၍ ချမ်းသာစွာ အိပ်စေလျက် ချပ်ဝပ်တန်ဆာတို့ကို အသာဖြေပြီးလျှင် သတ္တမခြောက်မင်းကို ဖမ်းယူခြင်းငှာ မြင်းတစ်ကောင်ကို ချပ်ဝပ်တန်ဆာဖွဲ့ရန် ပြင်ဆင်လေ၏။

**သေလုနီးတောင် လုံ့လဆောင်**

ဘောဇာဇာနိယ သိန္ဓောမြင်းလည်း ပြင်းထန်သော ဝေဒနာကို ခံစားကာ အိပ်လျက် မြင်းစီးသူရဲကို ကြည့်လတ်သော် မြင်းတစ်ကောင်အား ချပ်တန်ဆာဖွဲ့နေသည်ကို မြင်လေ၏။ ထိုအခါ သိန္ဓောမြင်းသည်“ယခု ချပ်တန်ဆာ ဖွဲ့နေသောမြင်းဖြင့် သတ္တမခြောက်မင်းကို ဖမ်းယူနိုင်မည် မဟုတ်ပေ၊ ငါပြုလုပ်ပြီးသောလုပ်ငန်း ပျက်စီးလိမ့်မည်၊ အတုမရှိသော သူရဲကောင်းလည်း ပျက်စီးလိမ့်မည်၊ ငါတို့မင်းလည်း ရန်သူမင်းလက်သို့ ရောက်လိမ့်မည်”ဟု ကြံစည်ကာ မြင်းစီးသူရဲကို ခေါ်စေ၍“အို မြင်းစီးသူရဲ...ငါ့ကိုထား၍ တစ်ခြားမြင်းဖြင့် ဖမ်းယူနိုင်မည်မဟုတ်၊ ငါတို့ ပြုလုပ်အပ်သော လုပ်ငန်းလည်း ပျက်စီးလိမ့်မည်၊ သို့အတွက် ငါ့ကိုပင် ချပ်ဝပ်တန်ဆာဖွဲ့ချည်လော”ဟု ဆိုလေ၏။

ထိုအခါ မြင်းစီးသူရဲကောင်းသည် ဘောဇာဇာနိယ သိန္ဓောမြင်းကိုပင် မ,ထူကာ များမှန်သော ဒဏ်ရာကို မြဲစွာကျပ်စည်းလျက် ချပ်တန်ဆာဖွဲ့ချည်ပြီးလျှင် သိန္ဓောမြင်းကိုစီးကာ သတ္တမမြောက် ဗိုလ်ထုကိုဖျက်ဆီး၍ သတ္တမမြောက် မင်းကိုဖမ်းယူကာ ဒိမိတို့ ဗိုလ်ထုအား အပ်နှင်းပြန်လေ၏။ သိန္ဓောမြင်းကိုလည်း မင်းကြီး အိမ်တံခါးသို့ဆောင်ယူ၍ မင်းကြီးအား လျှောက်ကြားလေ၏။

## တရားပြကာ သေလွန်ရှာ

မင်းကြီးလည်း မင်္ဂလာ သိန္ဓောမြင်းထံ လာ၍ရှုလတ်သော် သိန္ဓောမြင်း လည်းမသေမီ မင်းကြီးကို"အရှင်မင်းကြီး...ခုနစ်ပြည်ထောင်မင်းတို့ကို မသတ်ဘဲ သစ္စာရေတိုက်၍ လွှတ်ပါ၊ အကျွန်ုပ်နှင့် မြင်းစီးသူရဲအား ပေးထားသည့် အခြံအရံ ကိုလည်း မြင်းစီးသူရဲအားပေး၍ အထူးသဖြင့် ချီးမြှောက်တော်မူပါ၊ မင်းကြီးလည်း မင်းကျင့်တရားနှင့်အညီ မင်းပြု၍ ကုသိုလ်ကောင်းမှုကို အားထုတ် ပါ"ဟု မင်းကြီးအား အဆုံးအမပေးပြီးသော် ချပ်တန်ဆာတို့ကိုဖြေစေလျှင် ခဏ ချင်းပင် သေလွန်လေ၏။

မင်းကြီးလည်း မင်္ဂလာမြင်းအလောင်းကို သင်္ဂြိုဟ်ပြီးလျှင် မြင်းစီးသူရဲအား များစွာသောစည်းစိမ်ကို ပေး၍ချီးမြှောက်ကာ ခုနစ်ပြည်ထောင်မင်းတို့ကိုလည်း နောက်တစ်ဖန် ရန်မပြုနိုင်အောင် သစ္စာရေတိုက်၍ လွှတ်လိုက်၏။ အသက်ထက်ဆုံး တရားနှင့်အညီ မင်းပြုလေ၏။ ဤဒေသနာတော်၏ အဆုံး၌ လုံ့လဝီရိယလျှော့သော ရဟန်းသည် အရဟတ္တဖိုလ်၌တည်ကာ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

## ၁၇။ နန္ဒိဝိသ...ဇာတ်

## မွေးကျေးဇူးရှိ ဆပ်လိုဘိ

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ဝယ် ဂန္ဓာရမင်း မင်းပြုသည်ရှိသော် ပုဏ္ဏား တစ်ယောက်သည်အလှူခံ၍ရသော နွားငယ်တစ် ကောင်ကို အလွန်ချစ်မြတ်နိုးသဖြင့် နန္ဒိဝိသာလဟု အမည်ပေးကာ သားအရာ၌ ထားလျက် ယာဂုထမင်းဖြင့် မွေးမြူလေ၏။

ထိုနွားငယ်သည်အရွယ်ရောက်သောအခါ"ဤပုဏ္ဏားသည် ဆင်းရဲငြိုငြင်စွာ

ငါ့ကို လုပ်ကျွေးရ၏၊ ဇမ္ဗူဒီပါမြေအပြင်ဝယ် ငါကဲ့သို့ အားကောင်းသော နွားမရှိ၊ ငါ၏အားအစွမ်းဖြင့် ပုဏ္ဏားဏ်၏ မွေးကျေးဖူးကို ဆပ်မည်”ဟုကြံစည်ကာ ပုဏ္ဏားကို “ဖခင်…ဂေါဝိန္ဒသူဌေးထံသွားချေ၊ အရှင်သူဌေး ကျွန်ုပ်၏နွားသည် တစ်စပ်တည်း ဖွဲ့ချည်ထားသော လှည်းတစ်ရာကို တစ်ကောင်တည်းဖြင့် ရုန်းနိုင်သည်၊ အသပြာတစ်ထောင် လောင်းတမ်းလုပ်မည် ပြောချေ”ဟုစေလွှတ်လေ၏။

## လှည်းတစ်ရာ ရုန်းမှု လောင်းတမ်းပြု

ထိုအခါ ပုဏ္ဏားသည် ဝမ်းမြောက်ဝမ်းသာ ဂေါဝိန္ဒသူဌေးထံသွားကာ နွားချင်းပြိုင်ပြီးလျှင် “ကျွန်ုပ်နွားကား အားအကောင်းဆုံးဖြစ်သည်၊ တစ်စပ်တည်း ဖွဲ့ချည်ထားသော လှည်းတစ်ရာကို တစ်ကောင်တည်း ရုန်းစေမည်၊မရုန်းနိုင်လျှင် ကျွန်ုပ်က အသပြာတစ်ထောင် ပေးမည်၊ ရုန်းနိုင်လျှင် သူဌေးက အသပြာတစ်ထောင် ပေးရမည်”ဟု ကတိထားကာ လောင်းတမ်းပြုမည်ဟု ဆိုလေ၏။ ဂေါဝိန္ဒသူဌေးလည်း ကောင်းပြီဟု ဝန်ခံ၍ ပုဏ္ဏားနှင့် သူဌေးသည် လောင်းတမ်းပြုကြကုန်၏။

## စကားရိုင်းပျ ရှုံးခံရ

ထိုနောက် ပုဏ္ဏားလည်း လှည်းတစ်ရာကို သဲ၊ ကျောက်စရစ်တို့ဖြင့် အပြည့်တင်စေပြီးလျှင် ဝင်ရိုးတို့ကို တစ်စပ်တည်း လွန်ကြိုးဖြင့် ဖွဲ့ချည်ကာ ထားပြီးလျှင် နန္ဒိဝိသာလနွားကိုရေချိုး၍ ပန်းကုံးစွပ်လျက် ကျောဝယ် နံ့သာ လက်ငါးချောင်းရာ ရိုက်နှိပ်၍ ရှေ့ဆုံးလှည်း၌ ကပြီးလျှင် လှည်းဦးကထိုင်ကာ နှင်တံကို မြှောက်လျက် “ဟဲ့ ကောက်ကျစ်စဉ်းလဲသော နွား၊ သွားလော့ ရုန်းလော့”ဟု မဟုတ်မမှန် ကြမ်းတမ်းသောစကားကို ဆို၍ မောင်းနှင်လေ၏။ နန္ဒိဝိသာလနွားလည်း ငါ မကောက်ကျစ် မစဉ်းလဲပါလျက် ကောက်ကျစ်စဉ်းလဲသည် ဆိုရာသလောဟု မနှစ်သက်သဖြင့် မရုန်းဘဲ ခြေစုံရပ်၍ နေလေ၏။

ထိုအခါ ဂေါဝိန္ဒသူဌေးက“သင့်နွား မရုန်းနိုင်၊ အသပြာတစ်ထောင် ပေးလော့”ဟု ပြောဆိုကာအသပြာတစ်ထောင်ကို တောင်း၍ ယူသွားသည့်အတွက် ပုဏ္ဏားမှာ အသပြာတစ်ထောင် ဆုံးရှုံးသွားသဖြင့် မအိပ်နိုင်၊ မစားနိုင် ပူပန်ဆင်းရဲကာ နေလေ၏။

**ချီးမွမ်းပြောမှ အနိုင်ရ**

နန္ဒိဝိသာလ နွားသည် ပုဏ္ဏားထံလာ၍"ဖခင် ပုဏ္ဏား...အကျွန်ုပ်သည် အိမ်၌နေသမျှ ကာလပတ်လုံး ပစ္စည်းဥစ္စာကိုလည်း မဖျက်ဆီးစဖူး၊ နေရာ မဟုတ်သည့်၌လည်း ကျင်ကြီးကျင်ငယ် မစွန့်စဖူး၊ သို့ပါလျက် အဘယ်ကြောင့် ကောက်ကျစ်စဉ်းလဲ၏ဟူသော အသုံးအနှုန်းကို သုံးနှုန်းရပါသနည်း၊ ဖခင်ပုဏ္ဏား၏ အပြစ်သာ ဖြစ်သည်၊ ယခုတစ်ဖန်သွား၍ အသပြာ နှစ်ထောင်နှင့် လောင်းချေဦး"ဟု စေလွှတ်ပြန်၏။

ပုဏ္ဏားလည်း ဂေါဝိန္ဒသူဌေးထံ တစ်ဖန်သွားကာ အသပြာနှစ်ထောင် လောင်းတမ်းပြုပြန်၏။ ရှေးနည်းအတိုင်း လှည်းတစ်ရာကို တစပ်တည်းဖွဲ့ချည် ကာ လှည်းဦး၌ထိုင်လျက် နွားကို က၍ ပွတ်သပ်ကာ"အို လိမ္မာသောနွား... ကောင်းသောနွား၊ သွားပါလော့၊ ဝန်ကို ရုန်းပါလော့"ဟုချိုသာစွာ ခိုင်းလေလျှင် နန္ဒိဝိသာလနွားလည်း ရုန်းဆွဲလျက် နောက်ဆုံးလှည်းကို ရှေ့ဆုံးလှည်းနေရာတွင် ထားလေ၏။

ထိုအခါ ဂေါဝိန္ဒသူဌေး ရှုံးလေ၏။ ပုဏ္ဏားကား အသပြာနှစ်ထောင်နှင့် နန္ဒိဝိသာလနွားအား ပေးကမ်းကြသော ပစ္စည်းဥစ္စာ အလုံးစုံကို ရရှိသဖြင့် ဝမ်း မြောက်ဝမ်းသာ ဖြစ်လေ၏။

## ၁၈။ ပဥ္စာဝုဓဇာတ်

**ဆရာ ခွင့်ပန် ပြည်တော်ပြန်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် မိဖုရားကြီးဝယ် သားတော်တစ်ပါးမွေးဖွားလေ၏။ ထိုအခါ ခမည်းတော် မင်းကြီးသည် လက္ခဏာဖတ် ပုဏ္ဏားတို့ကို ခေါ်၍ မေးလတ်သော် ပုဏ္ဏားတို့က "အရှင်မင်းကြီး...ဤသတို့သားကား ဘုန်းကြီး၍ ထီးမွေနန်းမွေ ခံထိုက်သော သတို့သား ဖြစ်သည်၊ အထူးသဖြင့် လက်နက်ငါးပါး အမှုဝယ် အလွန် ထင်ရှား လိမ့်မည်"ဟုဟောကြ၏။ ထိုပုဏ္ဏားတို့ စကားကို အစွဲပြုကာ ပဥ္စာဝုဓဟူသော

အမည်ကို မှည့်ကြလေ၏။

ထိုပဉ္စာဝုဓ မင်းသားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်လတ်သော် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးယံသွားကာ ပညာသင်ကြားလေ၏။ ပညာတတ်မြောက်လျှင် ဆရာကို ရှိခိုးခွင့်ပန်၍ ဆရာပေးလိုက်သောလက်နက်ငါးပါးကို ယူဆောင်လျက် ဗာရာဏသီပြည်သို့ ပြန်ခဲ့ရာ (ကပ်စေးနဲ) ဘီလူးစောင့်သော တောအုပ်သို့ ရောက်လေ၏။

## မင်းသားလို့လ မလျှော့ချ

တောအုပ်အဝတွင် နေသောလူတို့ မြင်လျှင်"အမောင်...ဤတောအုပ်ထဲသို့မဝင်လေနှင့်၊ ဤတောအုပ်ထဲမှာ အလွန်ကပ်စေးသော အမွေးများပေါက်သည့် ကပ်စေးနဲဘီလူးကြီးတစ်ယောက်ရှိသည်၊ ဝင်သမျှတို့ကို အကုန်စားသည်"ဟု ပြောဆိုကာ တားမြစ်ကြကုန်၏။

ပဉ္စာဝုဓ မင်းသားလည်း ထိုသူတို့ ပြောကြားသော်လည်း ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ကြောက်ရွံ့ခြင်းမရှိဘဲ တောထဲသို့ ဝင်လေ၏။ အလယ်လောက်သို့ ရောက်လျှင် ကပ်စေးနဲ ဘီလူးကြီးသည် အလွန်ကြီးမားလှသော ကိုယ်ကြီးကို ကြောက်မက်ဖွယ် ဖြစ်လောက်အောင် ဖန်ဆင်း၍-

"ဟေ့ လူသား ရပ်လိုက်ပါ၊ နင် ငါ့အစာဖြစ်ပြီ"ဟုပြောလေ၏။

ထိုအခါ ပဉ္စာဝုဓမင်းသားသည် အနည်းငယ်မျှ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိဘဲ-

"ဟေ့ ဘီလူး...ငါ့မှာ လက်နက် အပြည့်အစုံ စီမံလာသည်၊ ငါ့အနားကို သတိနှင့်ကပ်"ဟု ဆိုကာ-

လတ်တလော သေနိုင်သည့် အဆိပ်လူးမြားဖြင့် ပစ်လေ၏၊ မြားသည် ဘီလူးကြီး အမွေးမှာ ကပ်၍နေ၏၊ နောက်ထပ် မြားငါးဆယ်ကုန်အောင် ပစ်လေ၏၊ ပစ်တိုင်းပစ်တိုင်း အမွေးမှာ ကပ်လေ၏၊ ဘီလူးကြီးသည် မြားတို့ကိုခါ၍ ခြေရင်းမှာ ကျစေပြီးလျှင် မင်းသားအနားသို့ ကပ်လေ၏၊ မင်းသားသည် သန်လျက်ဖြင့် ခုတ်ပြန်၏၊ အမွေးမှာ ကပ်ပြန်၏၊ မြားတောင့်ဖြင့် ရိုက်ပြန်၏၊ အမွေးမှာ ကပ်ပြန်၏၊ ဆောက်ပုတ်ဖြင့် ရိုက်ပြန်၏၊ အမွေးမှာ ကပ်ပြန်၏၊ လှံဖြင့် ထိုးပြန်၏၊

အမွေးမှာ ကပ်ပြန်၏။

လက်နက်ကုန်သော်လည်း တစ်ဖန်"ဟေ့ ဘီလူးကြီး နင့်ကို မှုန့်မှုန့်ညက်ညက်ကျေအောင် လုပ်မည်"ဟု တောအားလုံး ပွဲတင်ထပ်အောင် ကြုံးဝါးလျက် လက်တစ်ဖက်ဖြင့် သတ်၏၊ အမွေးမှာ ကပ်ပြန်၏၊ နောက်တစ်ဖက်ဖြင့် သတ်ပြန်၏၊ အမွေးမှာ ကပ်ပြန်၏၊ ခြေတစ်ဖက်ဖြင့် သတ်ပြန်၏၊ အမွေးမှာ ကပ်ပြန်၏၊ နောက်တစ်ဖက်ဖြင့် သတ်ပြန်၏၊ အမွေးမှာ ကပ်ပြန်၏၊ ခေါင်းဖြင့် တိုက်ပြန်၏၊ အမွေးမှာ ကပ်ပြန်၏၊ ဤသို့ ခက်မငါးဖြာ ကပ်ငြိကာ မိနေသော်လည်း ကြောက်ရွံ့ခြင်း မရှိလေ။

## ပညာရှိထုံး ဥပါယ်သုံး

ဘီလူးကြီးသည် လောကတွင် ဤယောက်ျားမျိုးကို ငါတစ်ခါမျှ မတွေ့မမြင်စဖူး၊ ဤယောက်ျားကား ကြောက်ခြင်းလည်း မရှိ။ အဘယ်ကြောင့် မကြောက်သနည်းဟု စဉ်းစား ဆင်ခြင်ကာ-

"အမောင်လုလင်... သင် အဘယ်ကြောင့် မကြောက်သနည်း"

"အို ဘီလူးကြီး... အဘယ်ကြောင့် ကြောက်ရမည်နည်း၊ တစ်ဘဝ တစ်ကြိမ်သေမြဲ ဖြစ်သည်။ အကြောင်းတစ်မျိုးမှာလည်း ငါ့ဝမ်းထဲမှာ ဝရဇိန်လက်နက်ရှိသည်။ အကယ်၍ သင် စားလျှင် သင့် အသည်း၊ အူတို့သည် အပိုင်းအပိုင်းပြတ်၍ သေရမည်၊ သင်နှင့်ငါနှစ်ယောက်လုံး သေမည်ဖြစ်၍ ငါမကြောက်"ဟု ရဲရံ့စွာ ဆိုလေ၏။

## ဘီလူးရှုံး ဩဝါဒ

ထိုအခါ ဘီလူးကြီးသည် "ဤသူကား မှန်သော စကားကို ဆိုဘိသည်၊ ငါ့မှာ ဤယောက်ျား အာဇာနည်၏ အသားကို အကယ်၍စားလျှင် ပဲနောက်စေ့လောက်မျှ အသားပင် အစာကြေနိုင်မည် မဟုတ်၊ ငါ မစားဝံ့ပေ၊ လွှတ်မည်" ဟုကြံစည်ကာ "အမောင်လုလင်...သင့်ကို ငါ မစားတော့ပါ၊ အလိုရှိရာ သွားပါလော့" ဟု လွှတ်လိုက်လေ၏။

မင်းသားလည်း ဘီလူးကြီးကို "အို ဘီလူးကြီး...သင့်မှာ ရှေးရှေးဘဝတို့က

အကုသိုလ်ကို ပြုခဲ့သည့်အတွက် သူတစ်ပါး အသား၊ အသွေးတို့ကို စား ရသည့် ဘီလူး ဖြစ်ရသည်၊ ဤဘဝမှာ အကုသိုလ် ထပ်ပြုပြန်လျှင် အမိုက်ဘဝ မှ အမိုက်ဘဝသို့ပင် လားရလိမ့်မည်၊ သို့အတွက် ယနေ့မှစ၍ အကုသိုလ်ကို မပြုပါနှင့်"ဟု ဆုံးမ၍ ငါးပါးသီလ၌ တည်စေ၏။ ဘီလူးကြီးအားလည်း တော အုပ်၌ ကိုးကွယ်ရာ နတ်အဖြစ်ကို ပြုခဲ့၍ တောအုပ်မှ ထွက်ကာ လူတို့အား အကြောင်း စုံပြောကြားပြီးလျှင် လက်နက်ငါးပါးကို ဆောင်ယူလျက် မိဘတို့ထံ ပြန်လေ၏။

အဖမင်းကြီး နတ်ရွာစံသောအခါ မင်းအဖြစ်ကိုရ၍ တရားသဖြင့် မင်းပြု လျက် ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်လေ၏။

## ၁၉။ ကုဒ္ဒါလပဏ္ဍိတဇာတ်

### ပစ္စည်းတစ်မက် ခြောက်ကြိမ်ထွက်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ဟင်းရွက်သည်မျိုး၌ဖြစ်၍ သိကြားလိမ္မာသောအခါ ဘုရားအလောင်းကို ကုဒ္ဒါလပဏ္ဍိတဟု ခေါ်ဆိုကြလေ၏။

ထိုကုဒ္ဒါလပဏ္ဍိတသည် ပေါက်တူးတစ်ချောင်းဖြင့် မြေကို တူးဆွကာ ဟင်းရွက်ဟင်းသီး စိုက်ပျိုးရောင်းချလျက် ဆင်းဆင်းရဲရဲ အသက်မွေးရ၏။ ကုဒ္ဒါလပဏ္ဍိတအား ပေါက်တူးတစ်ချောင်းကလွဲ၍ တစ်ခြားကိုယ်ပိုင် ပစ္စည်း ဥစ္စာမရှိလေ။

တစ်နေ့သ၌ ကုဒ္ဒါပဏ္ဍိတသည် ငါ့မှာ အိမ်၌နေရသဖြင့် အကျိုးမရှိ၊ တောထွက်ပြီး ရသေ့ရဟန်းပြုတော့မည်ဟု ကြံစည်ပြီးလျှင် မိမိပိုင် ပေါက်တူး ကို တစ်နေရာတွင် ဝှက်ထား၍ ရသေ့ရဟန်း ပြုလေ၏။

နောက်အခါ ပေါက်တူးကို သတိရပြန်၍ ပေါက်တူး၌စွဲလမ်းနေသော လောဘကို မသတ်နိုင်သဖြင့် လူထွက်၏။ ဤနည်းဖြင့် ပေါက်တူးကို စွဲလမ်းကာ ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြုတုံ၊ လူထွက်တုံ ဖြစ်ကာ နေလေ၏။

**ကိလေရန်ဟူ အောင်မြင်သူ**

ခုနစ်ကြိမ်မြောက် ရဟန်းပြုမည့်အခါ၌ကား ငါသည် ဘာမဟုတ် အဖိုး မတန် တုံးအိုနေသော ပေါက်တူး တစ်ချောင်းကိုပင် မစွန့်ပစ်နိုင်၊ သူတစ်ပါး တို့မှာ မရေတွက်နိုင်သော စည်းစိမ်ဥစ္စာကိုပင် စွန့်ပစ်၍ ရဟန်းပြုကြသည်။ ဤသို့ သတိသံဝေဂဖြစ်ကာ သည်တစ်ခါတော့ ပေါက်တူးတုံး၌စွဲလမ်းနေသော လောဘကို နှိပ်စက် ဖျက်ဆီးတော့မည်၊ နောက်၌ လောဘမဖြစ်နိုင်အောင် ဤ ပေါက်တူးတုံးကို အစဖျောက် စွန့်ပစ်တော့မည်ဟု ကြံစည်လျက် မြစ်ကမ်းနား သို့သွားပြီးလျှင် ပေါက်တူးကိုမြှောက်၍ ခေါင်းပေါ်တွင် သုံးပတ်အားကုန်ယမ်းပြီး မျက်စိမှိတ်ကာ မြစ်ထဲသို့ ပစ်လွှင့်ပြီးလျှင် ဝမ်းသာအားရ အောင်ပြီ...အောင်ပြီ ...အောင်ပြီ”ဟု သုံးကြိမ်တိုင်အောင် ကြွေးကြော်လေ၏။

**အောင်ပုံနည်းပြ တရားချ**

ထိုစဉ်အခါ ဗာရာဏသီမင်းကြီးသည် ပစ္စန္တရစ်သူပုန်ရန်ကို အောင်နိုင်၍ စစ်သည်ဗိုလ်ပါနှင့် ကြွလာခိုက် ကြားသဖြင့် အောင်ပြီ ကြွေးကြော်သံကိုကြား၍ ကုဒါလပဏ္ဍိတကို ခေါ်စေကာ “အမောင်...ငါကား ပစ္စန္တရစ်သူပုန်ရန်ကို အောင်မြင်၍ လာခဲ့သည်၊ သင်ကား ဘယ်အရာကို အောင်မြင်သနည်း” ဟု မေးလေ၏။

ကုဒါလပဏ္ဍိတသည် မင်းကြီးအား“မြတ်သော မင်းကြီး...သင်မင်းကြီး ၏ အောင်မြင်ခြင်းကား စစ်မြေပြင် ဝယ်ရန်သူကို အောင်မြင်ခဲ့ခြင်း ဖြစ်၍ ကောင်းသာ အောင်မြင်ခြင်း မဟုတ်ပါ၊ အကျွန်ုပ်၏ အောင်မြင်ခြင်းကား ကိုယ်တွင်းရှိ ကိလေသာ ရန်သူကို အောင်မြင်ခြင်းဖြစ်၍ ကောင်းသော အောင်မြင်ခြင်းဖြစ်သည်” ဟု ပြောကာ မြစ်တွင်းရှိ ရေကို အာပေါကသိဏ်းရှု၍ ဈာန်ကို ဖြစ်စေလျက် ကောင်းကင်၌ နေပြီးလျှင် မင်းကြီးအား တစ်ဖန်-

“မြတ်သောမင်းကြီး...သင်မင်းကြီး အောင်မြင်ခြင်းကား ရန်သူပုန် ထလာလျှင် ပြန်၍ နှိမ်နင်းရဦးမည်ဖြစ်၍ ကောင်းသော အောင်မြင်ခြင်းမဟုတ်၊ အကျွန်ုပ်၏ အောင်မြင်ခြင်းကား ကိုယ်တွင်းရှိ ကိလေသာ ပြန်၍မဖြစ်နိုင်အောင် အောင်မြင်ခြင်းဖြစ်၍ ကောင်းသော အောင်မြင်ခြင်း ဖြစ်သည်”-ဟု တရားဟော

လေ၏။ မင်းကြီးလည်း တရားကို ကြားနာရသဖြင့် ရဟန်းပြုလိုသော စိတ်ရှိ၍ ကုဒါလပဏ္ဍိတအား“အို ပညာရှိ...သင် ယခု ဘယ်ကိုသွားမည်နည်း” ဟု မေးရာ “ဟိမဝန္တာသို့သွား၍ ရဟန်းပြုမည်”ဟုဆိုလေ၏။“သို့ဖြစ်လျှင် ငါလည်း ရဟန်း ပြုမည်”ဟု ပြောဆိုကာ ကုဒါလပဏ္ဍိတနှင့်အတူ လိုက်လေ၏။ ထိုနေရာတွင် စုဝေးမိသော ပရိသတ်အားလုံးလည်း ရဟန်းပြုရန် လိုက်ကြကုန်၏။

**တောထွက်ဖို့ရေး ဖန်ဆင်းပေး**

မြို့နေလူတို့လည်း ငါတို့မင်းကြီးသည် စစ်သည်ဗိုလ်ပါနှင့်တကွ ရဟန်း ပြုရန် ကုဒါလပဏ္ဍိတ နောက်သို့ လိုက်လေပြီဟု ကြားလျှင် ငါတို့သည်း ဤမြို့ တွင် နေရစ်သဖြင့် ဘာအကျိုးရှိမည်နည်း ရဟန်းပြုမည်ဟု တစ်ဆယ့်နှစ်ယူဇနာရှိ ပရိသတ်သည် ကုဒါလပဏ္ဍိတနောက်သို့ လိုက်ကြပြန်၏။
ထိုအခါ သိကြားမင်းသိ၍ ရသေ့တို့ ပရိက္ခရာ နေရာထိုင်ခင်း အစာ အာဟာရ အရိပ် ရေမှစ၍ အလုံးစုံ ပြည့်စုံအောင် ဖန်ဆင်းစီမံချေဟု စေခိုင်းလိုက် သဖြင့် ဝိသကြုံနတ်သားလည်း ယူဇနာသုံးဆယ် ကျယ်ဝန်းသောနေရာ၌ အလုံး စုံ ပြည့်စုံအောင် ဖန်ဆင်းပြီးလျှင် မိမိနေရာသို့ ပြန်လေ၏။

**ခုနစ်ပြည်မင်းများ နတ်ရွာလား**

ကုဒါလပဏ္ဍိတလည်း ဝိသကြုံနတ်သား ဖန်ဆင်းစီမံထားခဲ့သော ရသေ့ ပရိက္ခရာတို့ကိုယူကာ ရှေးဦးစွာ ရသေ့ရဟန်းပြု၍ နောက်ပါပရိသတ်ကိုလည်း အသီးသီး ရသေ့ ရဟန်းပြုစေပြီးလျှင် အရိပ်၊ သင်္ခမ်း၊ နေရာ၊ ထိုင်ခင်းတို့ကို ဝေဖန်ပေးလေ၏။

နောက်တစ်ခါ ခုနစ်ပြည်ထောင်မင်းတို့ ကြားပြန်၍ ပရိသတ်နှင့်တကွ တောထွက်လာကြပြန်ရာ ယူဇနာ သုံးဆယ်ကျယ်ဝန်းသော ရသေ့တို့နေရာသည် အလုံးစုံ ပြည့်လေ၏။

ကုဒါလပဏ္ဍိတမှစ၍ ရသေ့အပေါင်းတို့သည် ကသိုဏ်းပရိကံကို ပြုလုပ် ကာ ဈာန်အဘိညာဉ်ကို ရကြလျက် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက် ကြကုန်၏။

ရသေ့သူတော်ကောင်းတို့ကို ပူဇော်လုပ်ကျွေးသောသူတို့လည်း ကုသိုလ်

တရားကို အားထုတ်ကာ သေသည်အခြားမဲ့၌ နတ်ပြည်သို့ လားကြကုန်၏။

ဤဒေသနာတော်၏ အဆုံး၌ ရဟန်းတို့သည် အချို့သောတာပန်၊ တစ်ချို့ သကဒါဂါမ်၊ တစ်ချို့ အနာဂါမ်၊ တစ်ချို့ ရဟန္တာ အဖြစ်သို့ ရောက်ကြကုန်၏။

## ၂၀။ ဘီမသေနဇာတ်

### ပညာတတ်ရာ တပည့်ရှာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခ ဆရာကြီးထံဝယ် ဗေဒင်သုံးပုံနှင့်တကွ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ကို သင်ကြားလေ၏။ တတ်မြောက်၍ အပြီးသို့ရောက်သောအခါ စူဠဓနုဂ္ဂဟဟု အမည်တွင်လေ၏။ အနည်းငယ် ပုကွ၍ ကုန်းသော ခန္ဓာကိုယ်ရှိ၏။

ထိုစူဠဓနုဂ္ဂဟသည်ကား စင်စစ်အားဖြင့် လေးအတတ်ဝယ် ဇမ္ဗူဒိပ်တွင် ပြိုင်ဘက်မရှိအောင် တတ်မြောက်၏။ သို့သော်လည်း တစ်စုံတစ်ယောက်သော မင်းသို့ ဆည်းကပ်ငြားအံ့၊ ခန္ဓာကိုယ် ပုကွကုန်းကိုင်းသဖြင့် အမှုကိစ္စကို မဆောင် ရွက်နိုင်ဟု မှတ်ထင်ကာ တစ်စုံတစ်ရာ ရာထူးဖြင့်ချီးမြှောက်မည် မဟုတ်။ အလုံးအရပ်နှင့် ပြည့်စုံခံ့ညားသောသူကို ရှာပြီးလျှင် ၎င်းသူကို ရာထူးယူစေလျက် အယောင်ပြကာ ၎င်းသူကိုမှီ၍ အသက်မွေးမည်ဟု ကြံစည်၍ မဟိံသကတိုင်းသို့ သွားကာ ရက်ကန်းရက်သမားတို့ နေရာအရပ်သို့ ရောက်လေ၏။

### နှစ်ဦးနှစ်ဝ ညီညွတ်ကြ

ထိုအခါ ဘီမသေနမည်သော ရက်ကန်းသည် တစ်ယောက်ကိုမြင်လျှင် အလုံးအရပ် ကိုယ်အင်္ဂါလက္ခဏာကိုကြိုက်နှစ်သက်သဖြင့် အမည်ကိုမေး၍ နှုတ်ဆက်ပြီးလျှင် "အဆွေ... သင်သည် ဤမျှလောက် အလုံးအရပ် ကိုယ်အင်္ဂါ လက္ခဏာပြည့်စုံပါလျက် အဘယ်ကြောင့် ရက်ကန်းရက်ပါသနည်း၊ ဇမ္ဗူဒိပ်ကျွန်း ဝယ် ငါနှင့်တူသောလေးသမား မရှိ၊ သို့သော်လည်း ငါ့မှာ ခန္ဓာကိုယ် ပုကွ

ကုန်းကိုင်းနေသဖြင့် အမှုကိစ္စ ဆောင်ရွက်နိုင်မည် မဟုတ်ဟု မှတ်ထင်လျက် တစ်စုံတစ်ရာ ရာထူးဖြင့် ချီးမြှောက်မည်မဟုတ်၊ သင်နှင့်အကျွန်ုပ် မင်းကြီးထံ အတူသွား၍ သင့်ကိုအယောင်ပြပြီး ရာထူးကို တောင်းမည်၊ သင်က ဟန်ကောင်း ကောင်းနှင့်နေပါ၊ ပြုလုပ်ဖွယ်ကိစ္စဟူသမျှကို အကျွန်ုပ်က ပြုလုပ်ပါမည်၊ ပစ္စည်း ဥစ္စာရသောအခါ အတူတကွ စားသောက် အသက်မွေးမည်၊ အကျွန်ုပ်စကား နားထောင်ပါ"ဟုပြောလေ၏။ ဘီမသေနလည်း"အဆွေ...ကောင်းပြီ၊ အဆွေ စီမံသောအတိုင်း လိုက်နာမည်"ဟု ဝန်ခံလေ၏။

## မင်းထံဝင်ကာ မှုထမ်းရာ

စူဠဓနုဂ္ဂဟလည်း ဘီမသေနကို ခေါ်ယူပြီးလျှင် ဗာရာဏသီမင်းကြီးထံ ဝင်၍ ရှိခိုးကာ နေလေ၏။ မင်းကြီးသည် ထိုသူတို့အား"အမောင်တို့...ဘာအ တွက်လာကြသနည်း"ဟုမေးလေ၏။ ဘီမသေနသည်"အရှင်မင်းကြီး...အကျွန်ုပ် လေးသမားပါတည်း၊ ဇမ္ဗူဒိပ်ကျွန်းဝယ် အကျွန်ုပ်နှင့်တူသော လေးသမား မရှိပါ၊ လေးအတတ်ဖြင့် ခစားရန် လာပါသည်"ဟု လျှောက်ထားရာ၊ "လခရိက္ခာဘယ် လောက်ရလျှင် ခစားမည်နည်း"ဟု မေးလေ၏။"အသပြာတစ်ထောင်ရလျှင် ခစားပါမည်"ဟု လျှောက်လေ၏။ "ဤသူမှာ သင်နှင့် အသို့တော်စပ်သ နည်း"ဟုမေးပြန်ရာ "အကျွန်ုပ်၏ အလုပ်အကျွေးငယ် ဖြစ်ပါသည်"ဟုလျှောက် လေ၏။ မင်းကြီးလည်း ဘီမသေနကို အလွန်နှစ်သက်တော်မူသဖြင့် စစ်သူကြီး ခန့်ထားလေ၏။

## မင်းကြီးစေချက် ကျားဖမ်းထွက်

ထိုအခါမှစ၍ ဘီမသေနသည် စစ်သူကြီးဖြစ်ကာ မင်းကြီးထံ အမြဲခစား ရလေ၏။ ဘီမသေနက စစ်သူကြီးရာထူးကိုယူကာ လူယောင်ပြရ၏။ ပြုလုပ်ဖွယ် အမှုကိစ္စဟူသမျှကို စူဠဓနုဂ္ဂဟက ရွက်ဆောင်လုပ်ကိုင်ရ၏။ ဤသို့လျှင် ထိုသူ နှစ်ယောက်တို့သည် အညီအညွတ် ချမ်းချမ်းသာသာ အသက်မွေးကြကုန်၏။

ထိုအခါ ကာသိတိုင်း တောတစ်ခုဝယ် ကျားတစ်ကောင်သည် လမ်းသွား လမ်းလာ လူတို့ကို သတ်စားကာသောင်းကျန်းနေသဖြင့် အသွားအလာ ပြတ်လေ ၏။ လူတို့သည် မင်းကြီးအား ထိုအကြောင်းကို လျှောက်ကြားကုန်၏။ မင်းကြီး

လည်း ဘီမသေနကို ခေါ်၍"အမောင်...ကျားကို ဖမ်းနိုင်မည်လော"ဟုမေး၏။ "အရှင်မင်းကြီး... ကျားလောက်ကိုမျှ မဖမ်းနိုင်လျှင် အဘယ်မှာ လေးသမား ဖြစ်တော့မည်နည်း"ဟု လျှောက်ထားလေလျှင် မင်းကြီးသည် ကျားကိုဖမ်းရန် ဘီမသေနအား စရိတ်ရိက္ခာပေး၍ လွှတ်လိုက်လေ၏။

## နည်းညွှန်ပြပေး ကျားဖမ်းရေး

ဘီမသေနလည်း အိမ်သို့ပြန်၍ စူဠဓနုဂ္ဂဟအား ပြောကြားလေ၏။ စူဠဓနုဂ္ဂဟလည်း"အဆွေ...အကျွန်ုပ်လိုက်ရန် မလို၊ သွားသာသွားပါ မကြောက်ပါနှင့်၊ နည်းပေးလိုက်ပါမည်၊ ကျားဖမ်းသွားသောအခါ ကျားရှိရာသို့ အလျင်အမြန် မသွားလေနှင့်၊ ဇနပုဒ်သား လေးသမားတို့ကိုခေါ်၍ စည်းဝေးစေပြီးလျှင် ကျားရှိရာအရပ်သို့ သွားကာ ကျားကိုရှာဖွေ ခြောက်လှန့်ကြသောအခါ ကျားထလာသည်ကိုမြင်လျှင် မယောင်မလည် ချုံတစ်ခုတွင် ပုန်းနေပါ၊ ဇနပုဒ်သားတို့ ကျားကိုသတ်၍ ဖမ်းပြီးသောအခါမှ နွယ်တစ်ခုကိုယူကာ ၎င်းတို့ထံသွား၍ "အချင်းတို့...မည်သူ ကျားကိုသတ်သနည်း၊ ငါ အရှင်ဖမ်းပြီး မင်းကြီးထံ ဆက် သဖို့ နွယ်ဆုတ်နေသည်ကို မသိရှာသလော"ဟု အပြစ်တင်၍ ခြိမ်းခြောက်ပါ၊ ထိုအခါ ဇနပုဒ်သားတို့ ကြောက်လန့်သဖြင့် အရှင်မင်းကြီးကို မလျှောက်ပါနှင့် ဤမျှသော ပစ္စည်းဥစ္စာကို ယူသွားပါဟု ဆိုကြလိမ့်မည်၊ ထိုအခါ ကျားသေကို ယူကာ မင်းကြီးထံ ဆက်သလျှင် သင့်အဖမ်းလည်း ဖြစ်မည်၊ မင်းကြီးလည်း ဝမ်းသာအားရတော်မူသဖြင့် ဆုလာဘ်လည်းပေးလိမ့်မည်၊ ထိုအခါ သင့်မှာ ပစ္စည်းဥစ္စာဥစ္စာလည်းရ၊ နာမည်ကောင်းလည်းရမည်"ဟုအသေအချာ နည်းပေးကာ လွှတ်လိုက်၏။

## နာမည်ကောင်းကြီးလာဘ်လည်းရ

ဘီမသေနလည်း စူဠဓနုဂ္ဂဟ ပေးသော နည်းအတိုင်းသွား၍ ကျားကို ဖမ်းရာ အောင်မြင်ခဲ့သဖြင့် ကျားသေကို မင်းကြီးထံ ဆက်သသောအခါ ဆုလာဘ်လည်း များစွာရလေ၏။ နာမည်ကောင်းလည်း ရလေ၏။

တစ်နေ့သ၌ တောတစ်ခုဝယ် ကျွဲရိုင်းကြီးတစ်ကောင် ထကြွသောင်းကျန်းနေသဖြင့် ရှေးနည်းအတိုင်း ဘီမသေနသွားပြီး ဖမ်းဆီးကာ မင်းကြီးထံ ဆက်သပြန်သောအခါ ဆုလာဘ်လည်းရ နာမည်ကောင်းလည်း ရပြန်လေ၏။

## တပ်ကိုပြင်ဆင် တိုက်ပွဲဝင်

ထိုအခါ ဘီမသေနသည် မိမိ၏ အစွမ်းသတ္တိ အရည်အချင်းကို မစဉ်းစားဘဲ ရာထူးစည်းစိမ် မာန်ယစ်ကာ ဆရာစူဠဓနုဂ္ဂဟကိုပင် မလေးမခန့် ပြုလေ၏။ ပြောစကားကိုနားမထောင်။ "ငါ သင့်ကိုမှီ၍ အသက်မွေးသူ မဟုတ်၊ သင်သာ ယောက်ျားပီသသလော" ဤသို့ စသည်ဖြင့် ကြမ်းကြုတ်သော စကားကိုပြောဆိုကြုံးဝါးကာ ရှုတ်ချလေ၏။

နှစ်ရက်၊ သုံးရက်လွန်လျှင် ပြည်နီးချင်း မင်းတစ်ပါးသည် စစ်သည် ဗိုလ်ပါအများနှင့်လာ၍ ဗာရာဏသီမြို့တော်ကို ဝန်းရံကာ "တိုင်းပြည်ကိုလည်း အပ်မည်လော၊ စစ်ကိုလည်း တိုက်မည်လော"ဟု ဗာရာဏသီမင်းကြီးထံ တင်းမာသော ရာဇသံကို ပေးလေ၏။ ထိုအခါ ဗာရာဏသီမင်းကြီးသည် ဘီမသေနစစ်သူကြီးကို ခေါ်စေ၍"အမောင်...ရန်သူမင်းသည် မြို့ကိုဝိုင်း၍ ထားလေပြီ၊ ယခု အမြန်စစ်တိုက်ရမည်" ဟု စေခိုင်းလေ၏။

## ကြောက်ဒူးတုန်လျက် ကျင်ကြီးထွက်

ဘီမသေန စစ်သူကြီးလည်း ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ကာ မင်းကြီး၏ အသွင်ကိုယူလျက် ဆင်ကျောက်ကုန်းထက်၌ နေလေ၏။ စူဠဓနုဂ္ဂဟလည်း လေးမြားစသော လက်နက်တို့ကို ကိုင်စွဲလျက် ဆင်ကျောက်ကုန်းထက်၌ ဘီမသေနစစ်သူကြီး၏ နောက်မှာနေလေ၏။ ဆင်လည်း စစ်သည်ဗိုလ်ထု ခြံရံကာ မြို့တော်မှထွက်ပြီးလျှင် စစ်မြေပြင်သို့ အရောက်သွားလေ၏။ မိမိကိုယ်ကို အထင်ကြီးကာ သူတစ်ပါးအား ရှုတ်ချ ကဲ့ရဲ့လေ့ရှိသော ဘီမသေန စစ်သူကြီးလည်း စည်သံ၊ မောင်းသံကိုကြားလျှင် အလွန်ကြောက်လန့်လျက် တစ်ကိုယ်လုံး နတ်ဝင်သကဲ့သို့ ဆတ်ဆတ်ခါ တုန်လှုပ်၍ နေလေ၏။ စူဠဓနုဂ္ဂဟလည်း ဘီမသေန စစ်သူကြီးကို ဆင်ကျောက်ကုန်းထက်မှ မကျရလေအောင် ကြိုးဖြင့် ဖွဲ့ဆိုင်းကာ ထားရ၏။ တစ်ဦးနှင့် တစ်ဦး လက်နက်တို့ဖြင့် ထိုးခုတ် သတ်ဖြတ်ကြသည်ကို မြင်သောအခါ မရပ်တည်နိုင်တော့ဘဲ သေဘေးမှ အလွန်ကြောက်လန့်ရကား ကျင်ကြီး၊ ကျင်ငယ်တွေထွက်လျက် ဆင်ကျောက်ကုန်း တွင် ပေကျံ၍ နေလေတော့၏။

"အဆွေ ဘီမသေန… သင်သည် ရှေးအခါက ငါ့ကို သင်သာ ယောက်ျား ပီသသလော စသည်ဖြင့် သူတစ်ပါးကို ရှုတ်ချကဲ့ရဲ့၍ သတ္တိပြကာ ဝါကြွားပြောဆိုခဲ့၏။ ယခုအခါ အလွန်ကြောက်လန့်သဖြင့် ဆင်ကျောက်ကုန်းတွင် ကျင်ကြီး၊ ကျင်ငယ်တွေ ပေကျံ၍ နေဘိ၏။ သင် သတ္တိပြကာ ကြုံးဝါးပြောဆိုခဲ့သော စကားနှင့် ကျင်ကြီး၊ ကျင်ငယ်တွေ ထွက်၍နေခြင်းမှာ ရှေ့နောက် မညီခဲ့တကား"ဟု ရှုတ်ချကဲ့ရဲ့လေ၏။ ထိုနောက် စူဠဓနုဂ္ဂဟသည် ဘီမသေန စစ်သူကြီးအား "အဆွေ… မကြောက်နှင့် ငါထင်ရှားရှိလျက်နှင့် သည်လောက်တောင် ကြောက်ရသလောဟု အားပေးကာ ဆင်ကျောက်ကုန်းမှချ၍ ရေချိုးစေပြီးလျှင် အိမ်သို့ပြန်လေ"ဟု လွှတ်လိုက်လေ၏။

## လောင်းတော်ပညာရှိ ထင်ရှားဘိ

စူဠဓနုဂ္ဂဟလည်း အခွင့်ကောင်းရသဖြင့် ငါသည် ယနေ့ ငါ့ပညာဖြင့် ဇမ္ဗူဒိပ် တစ်ကျွန်းလုံး၌ ထင်ရှားသူဖြစ်ရမည်ဟု နှလုံးသွင်းကာ စစ်မြေပြင်သို့ တရကြမ်းဝင်လျက် မိုလ်ထုကို ဖျက်ဆီးကာ ရန်သူမင်းကို အရှင်ဖမ်းပြီးလျှင် ဗာရာဏသီမင်းကြီးအား ဆက်သလေ၏။

မင်းကြီးလည်း အလွန်နှစ်သက် အားရတော်မူသဖြင့် စူဠဓနုဂ္ဂဟအား များစွာသော စည်းစိမ်အခြံအရံပေး၍ သူကောင်းပြုလေ၏။ ထိုအခါမှစ၍ ဇမ္ဗူဒိပ်ကျွန်း အပြင်ဝယ် စူဠဓနုဂ္ဂဟပဏ္ဍိတဟု ထင်ရှားစွာ ဖြစ်လေ၏။ စူဠဓနုဂ္ဂဟပဏ္ဍိတလည်း ဘီမသေနကို စရိတ်ရိက္ခာ ပြည့်စုံစွာပေး၍ မိမိနေရာသို့ ပြန်စေ၏။

# ၂၁။ ဂုထဇာတ်

## သေးငယ်သတ္တဝါ ကျက်စားရာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ခြင်္သေ့မျိုး၌ဖြစ်၍ တောင်ခြေရှိဂူတစ်ခုတွင် နေလေ၏။

တစ်နေ့သ၌ ထိုခြင်္သေ့မင်းသည် ဂူမှထွက်၍ တောင်ထိပ်၌ ရပ်လျက် တောင်ခြေရင်းသို့ ကြည့်လေ၏။ တောင်ခြေရင်းတွင် ရစ်ပတ်လျက် တည်သော

အိုင်ကြီးတစ်ခုလည်းရှိ၏။ ထိုအိုင်ကြီး၏ တစ်ခုသောမြင့်ရာ အထက်အရပ်၌ မာသော ညွှန်အပြင်ဝယ် စိမ်းလန်းနုနယ်သော မြက်ပင်တို့သည် ပေါက်ကြကုန်၏။ မြေခွေး၊ ကြောင်၊ ယုန်စသော သေးငယ် ပေါ့ပါးသော သတ္တဝါတို့သည် ထို ညွှန်အပြင်ဝယ် လှည့်လည် ကျက်စားကြကုန်၏။ ထိုနေ့၌ သမင်တစ်ကောင်သည် စိမ်းလန်းသောမြက်တို့ကို စားလျက်သွားလေ၏။

## ခြင်္သေ့ညွှန်နစ် တောင်းပန်လင့်

ထိုအခါ ခြင်္သေ့မင်းသည် သမင်ကို ဖမ်းမည်ဟု ဂေါင်ထိပ်မှဆင်းကာ လျင်သောအဟုန်ဖြင့် လိုက်လေ၏။ သမင်လည်း သေဘေးမှ ကြောက်သဖြင့် မြည်လျက်ပြေးလေ၏။ ခြင်္သေ့မင်းသည် အဟုန်ကို မရပ်တန့်နိုင်တော့ဘဲ ညွှန်အပြင်၌ကျ၍ ကျွံနစ်ကာ မတက်နိုင်တော့သဖြင့် ခုနစ်ရက်ပတ်လုံး အစာမစားရဘဲ နေလေ၏။

မြေခွေးတစ်ကောင်သည် ခြင်္သေ့မင်းကိုမြင်၍ ကြောက်သဖြင့် ပြေး၏။ ခြင်္သေ့မင်းသည်“အိုမြေခွေး...မပြေးပါလင့်၊ ငါညွှန်အပြင်၌ နစ်နေသည်၊ အသက်ကို ကယ်ဆယ်ပါ”ဟု ပြော၏။“အရှင်...ညွှန်မှ ထုတ်လိုပါ၏။ ထွက်လာလျှင် အကျွန်ုပ်ကို စားမည်မှ ကြောက်ပါသည်”ဟု ပြောသောအခါ “မြေ ခွေး...မကြောက်ပါလင့်၊ သင့်ကို ငါမစားပါ၊ သင့်အား ငါကျေးဇူးဆပ်ပါမည် တစ်နည်းနည်းနှင့် ညွှန်မှ ထုတ်ယူပါ”ဟု ဝန်ခံပြောဆိုလေ၏။

## ကျေးဇူးတုံ့ပြန် လုပ်ကျွေးရန်

မြေခွေးသည် ခြင်္သေ့မင်း ဝန်ခံသဖြင့် ယုံကြည်စိတ်ချကာ ခြင်္သေ့မင်း ခြေလေးချောင်းတို့အပေါ်တွင် ညွှန်တို့ကို ယက်ထုတ်၍ ရေမြောင်းလေးခုသွယ်ကာ ရေသွင်းလျက် ညွှန်တို့ကို ပျော့လာအောင် စီမံလေ၏။ ညွှန်တို့ ပျော့လာသဖြင့် ခြေလေးချောင်းတို့သည် ချောင်၍လာကုန်၏။ ထိုအခါ မြေခွေးသည် ခြင်္သေ့မင်း ဝမ်းဗိုက်အောက်ကိုဝင်၍“အရှင် ကြိုးစားရုန်းပါဟု အော်ပြောလျက် ဦးခေါင်းဖြင့် ရွက်ကာ ချီမလေ၏။ ခြင်္သေ့မင်းသည် လျင်သောအဟုန်ဖြင့် ညွှန်မှ ခုန်တက်ပြီးလျှင် ကြည်းကုန်း၌ တည်လေ၏။ အတန်ငယ် အပန်းဖြေလျက် အိုင်သို့ ဆင်းသက်ကာ ရေချိုး၍ ပူပန်ခြင်းကို ငြိမ်းစေပြီးလျှင် ကျွဲတစ်ကောင်ကို ကိုက်သတ်၍

အသားကိုထွင်ကာ "အို ကောင်းသောမြေခွေး... စားပါ" ဟု ပေးလေ၏။ မြေခွေး စားပြီးမှ မိမိ စားလေ၏။

## ပေါင်းသင်းညီညာ လုပ်ကျွေးရှာ

တစ်ဖန် မြေခွေးသည် အသားတစ်တစ်ခု ကိုက်ချီလေ၏။ ခြင်္သေ့ မင်းသည် "ကောင်းသောမြေခွေး...ဘယ်သူ့အတွက် ချီသနည်း"ဟု မေးလေ၏။ "အရှင်...အရှင်တို့၏ ကျွန်မအတွက် ချီပါသည်"ဟု ပြော၏။ "ကောင်းသောမြေခွေး ကိုက်ချီပါ" ဟုဆို၍ မိမိလည်း ခြင်္သေ့မအတွက် သားတစ်တစ်ခုကို ကိုက်ချီပြီးလျှင် မြေခွေးကိုခေါ်၍ မိမိနေရာဂူသို့ ပြန်ကာ ခြင်္သေ့မအား ပေးလေ၏။ တစ်ဖန် မြေခွေးနှင့်အတူ မြေခွေးမထံ သွား၍ ကိုက်ချီလာသော သားတစ်ကို မြေခွေးမအား စားစေပြီးလျှင် မြေခွေးဖို၊ မြေခွေးမ နှစ်ဦးလုံးကို ခေါ်ယူကာ၍ နေ့မှစ၍ သင်တို့ကို ငါလုပ်ကျွေးမည်ဟု ဝန်ခံလျက် မိမိနေရာဂူ၏ အနီးတွင်ရှိသောဂူတစ်ခုမှာ နေစေ၏။

ထိုနေ့မှစ၍ ခြင်္သေ့နှင့် မြေခွေးတို့သည် အစာရှာသွားသောအခါ အတူသွား၍ မိမိတို့ဝအောင် စားပြီးလျှင် အသီးအသီး အသားတစ် တစ်ခုစီချီကာ ခြင်္သေ့မနှင့် မြေခွေးမတို့ဖို့ ယူခဲ့ကြကုန်၏။ နောက် ကာလရှည်ကြာလတ်သော် ခြင်္သေ့မ၌ သားနှစ်ကောင်၊ မြေခွေးမ၌လည်း သားနှစ်ကောင် မွေးဖွားကြကုန်၏။ အလုံးစုံသော ခြင်္သေ့၊ မြေခွေးတို့သည် ချစ်ခင်ရင်းနှီးစွာ အညီအညွတ် နေကြကုန်၏၏

## ပေါင်းသင်းကြာလျှင် အပြစ်မြင်

တစ်နေ့သ၌ ခြင်္သေ့မသည် ဤခြင်္သေ့မင်းကား မြေခွေးဖို၊ မြေခွေးမ မြေခွေးငယ် တို့အား အလွန်ချစ်ခင် မြတ်နိုးသည်။ မြေခွေးမနှင့် စပ်ယှက်ခြင်းရှိလိမ့်မည်။ မြေခွေးမကိုခြိမ်းခြောက်ကာ ဤအရပ်မှ ပြေးစေရမူ ကောင်းလိမ့်မည်ဟု ကြံ စည်လျက် ခြင်္သေ့မင်းနှင့် မြေခွေးဖိုတို့ အစာရှာသွားသောအခါ မြေခွေးမအား "အဘယ်ကြောင့် သည်မှာ လာနေသနည်း၊ အဘယ်ကြောင့် သည်အရပ်မှ မပြေး ကြသေးသနည်း"ဟု ခြိမ်းခြောက် မောင်းမဲကာ နှိပ်စက်ညှဥ်းဆဲလေ၏။ ခြင်္သေ့ ငယ်တို့ကလည်း မြေခွေးငယ်တို့အား နှိပ်စက်ညှဥ်းဆဲကြကုန်၏။

ထိုအခါ မြေခွေးမသည် မြေခွေးဖိုအား ထိုအကြောင်းကို ပြောကြားလေလျှင် မြေခွေးဖိုသည် "ရှင်မ...ခြင်္သေ့မင်းနိုင်း၍ ခြင်္သေ့မက ဤသို့ပြုလုပ်သလား မသိပါ၊ ဘယ်လိုပဲဖြစ်စေ၊ ငါတို့နေသည်မှာ ကြာမြင့်ကြပြီ၊ ကြာမြင့်လျှင်လည်း မုန်းတီးမြဲ ဖြစ်သည်။ သို့အတွက် ငါတို့နေရာအရပ်သို့ သွားကုန်အံ့"ဟု တိုင်ပင်ကုန်၏။

## ခြင်္သေ့တောင်းပန် ထွက်သွားရန်

မြေခွေးဖိုသည် ခြင်္သေ့မင်းထံသို့ကပ်၍ "အရှင်...အရှင့်ထံမှာ အကျွန်ုပ်တို့နေသည်မှာ ကြာမြင့်ပြီ၊ ကြာမြင့်စွာ နေသောသူတို့အား မုန်းတီးမြဲဖြစ်သည်။ အကျွန်ုပ်တို့ အစာရှာသွားသောအခါ ခြင်္သေ့မသည် မြေခွေးမကို နှိပ်စက်ညှဉ်းဆဲသည်၊ ခြင်္သေ့ငယ်တို့သည် မြေခွေးငယ်တို့ကို ညှဉ်းဆဲကြသည်"ဟု ပြောဆိုပြီးလျှင် တစ်ဖန် ခြင်္သေ့မင်းအား-

"အို ခြင်္သေ့မင်း...အစိုးရသူတို့သည် မိမိထံ ခစားဆည်းကပ်နေသူကို သွားစေလိုသောအခါ နှင်ထုတ်နိုင်ခြင်းကို အရှင် သိသည်မဟုတ်ပါလော၊ နှိပ်စက်ညှဉ်းဆဲခြင်းကား အကျိုးမရှိပါ၊ အကျွန်ုပ်တို့အား ကိုးကွယ်ရာမှ ဘေးဖြစ်လာသောကြောင့် မိမိတို့နေရာသို့ ပြန်သွားကြပါမည်"ဟု ပြောဆိုလေ၏။ ခြင်္သေ့မင်းသည် မြေခွေးဖို စကားကိုကြားလျှင်-

## ကျေးဇူးပြောပြ ဆိုဆုံးမ

ခြင်္သေ့မအား "အို ကောင်းသောခြင်္သေ့မ...ဟိုစဉ်အခါ အစာရှာသွား၍ ခုနစ်ရက်တိုင်ကြာအောင်နေပြီးမှ မြေခွေးဖို၊ မြေခွေးမတို့နှင့် အတူပြန်လာသည်ကို သင်အမှတ်ရသလော"ဟု မေး၏။ "အရှင်...အမှတ်ရပါသည်"ဟုပြော၏။ "ခြင်္သေ့မ...ခုနစ်ရက်တိုင်ကြာအောင် မလာဘဲနေခြင်း အကြောင်းကို သိပါသလော"ဟု မေးပြန်၏။"အရှင်...မသိပါ" ဟု ပြောလေ၏။ "ရှင်မ...ငါသည် သားကောင် တစ်ကောင်ကိုဖမ်းရာ ညွှန်အပြင်မှာနစ်၍ မတက်နိုင်သဖြင့် ခုနစ်ရက် အစာမစား ရဘဲနေခိုက် ဤမြေခွေးဖိုကယ်ဆယ်၍ ငါ့မှာ အသက်ချမ်းသာသည်။ ဤမြေ ခွေးဖိုကား ငါ့အသက်ကိုပေးသော အသက်သခင် ကျေးဇူးရှင် အဆွေခင်ပွန်း ဖြစ်သည်"ဟု ဆိုပြီးလျှင် တစ်ဖန် ခြင်္သေ့မအား-

"အို ခြင်္သေ့မ... အဆွေခင်ပွန်း မည်သည်မှာ အားနည်းသော်လည်း အဆွေခင်ပွန်းတို့ကျင့်ဝတ်၌တည်ရှိပါမူ အမျိုးလည်းဖြစ်သည်၊ အဆွေခင်ပွန်း လည်းဖြစ်သည်။ အသက်ကိုပေးသော အဆွေခင်ပွန်းကောင်း ဤမြေခွေးကို လည်းကောင်း၊ ဤမြေခွေးမကိုလည်းကောင်း၊ မြေခွေးငယ်တို့ကိုလည်းကောင်း မထီမဲ့မြင် မပြုပါလေနှင့်"ဟု အကြောင်းပြကာ ဆုံးမတားမြစ်လေ၏။

## သည်းခံနေရ ပျော်ရွှင်ကြ

ခြင်္သေ့မလည်း ခြင်္သေ့မင်း၏ စကားကိုကြားလျှင် မြေခွေးကို သည်းခံ စေလျက် ထိုနေ့မှစ၍ ခြင်္သေ့မ သားအမိတို့သည် မြေခွေးမ သားအမိတို့နှင့် အညီအညွတ် နေကြကုန်၏။ ခြင်္သေ့မတို့သည်လည်း မြေခွေးငယ်တို့နှင့်ဝမ်းမြောက် ဝမ်းသာ အတူတကွ ကစားကြကုန်၏။ မိဘတို့ သေလွန်သောအခါ၌လည်း အချစ် မပျက်ကြသေးဘဲ အဆွေခင်ပွန်းအဖြစ်၌ တည်ကြကုန်၏။ ထိုခြင်္သေ့ မြေခွေး တို့ကား ဆွေခုနစ်ဆက်တိုင်အောင် အချစ်မပျက်ဘဲ အဆွေခင်ပွန်းအဖြစ်၌ တည်ကြ ကုန်၏။

# ၂၂။ သံဝရဇာတ်

## မင်းသားများနေရေး နယ်အသီးသီးပေး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် သံဝရမင်းသားသည် သားတော်တစ်ရာတို့တွင် အငယ်ဆုံးဖြစ်၏။ မင်းကြီး သည် တစ်ယောက် တစ်ယောက်သောသားတော်ကို ပညာသင်ကြားရန် တစ်ယောက် တစ်ယောက်သောအမတ်အား အပ်နှင်း၍ထား၏။ သံဝရမင်းသား၏ ဆရာဖြစ်သော အမတ်ကား ပညာရှိ၏။ လိမ္မာ၏။ အဖအရာ၌တည်၏။

အမတ်တို့သည် မိမိတို့ထံအပ်နှံထားသော မင်းသားတို့ကို အတတ်သင်စေ ပြီးလျှင် မင်းကြီးအား အတတ်ပညာကို ပြစေကုန်၏။ မင်းကြီးလည်း သားတော် တို့၏ အတတ်ပညာကိုမြင်ရလျှင် အလွန်အားရနှစ်သက်တော်မူသဖြင့် အသီးအသီး ဇနပုဒ်တို့ကိုပေးကာ လွှတ်လိုက်၏။ သားတော်တို့လည်း မိမိတို့စားရသော ဇနပုဒ်သို့ သွား၍ နေကြကုန်၏။

## သားတော်အထွေး ခြေရင်းလုပ်ကျွေး

သံဝရမင်းသားသည် အတတ်ပညာသင်ကြားပြီးလျှင် ဆရာအား "ဆရာ... အကျွန်ုပ်ခမည်းတော်သည် ဇနပုဒ်ကိုပေး၍ စေလွှတ်လတ်သော် အသို့ပြုရအံ့နည်း" ဟု မေး၏။ "မင်းသား ... သင်သည် ဇနပုဒ်သို့ မသွားလင့်" ဟု မှာကြား၏။ "အရှင်မင်းကြီး ... အကျွန်ုပ်ကား အငယ်ဆုံးသားတော်ဖြစ်ပါ၏။ အကျွန်ုပ်သွားသော် ခမည်းတော်၏ ခြေရင်း၌ သားတော်တစ်ယောက်မျှ မရှိသဖြင့် ဆိတ်ငြိမ်လတ္တံ့၊ သို့အတွက် ခမည်းတော်၏ခြေရင်း၌ နေလိုပါသည်" ဟု လျှောက်ထားလော့ဟု မှာထား၏။

တစ်နေ့သ၌ မင်းကြီးသည် သံဝရမင်းသားအား "ချစ်သား ... သင် အတတ်ပညာ တတ်မြောက်ပြီလား"ဟု မေး၏။ "ခမည်းတော် ... တတ်မြောက်ပါပြီ" ဟု လျှောက်၏။ "ချစ်သား ... သင်သည် နောင်တော်တို့ကဲ့သို့ ဇနပုဒ်သို့ သွားမည်လော"ဟု မေး၏။ "ခမည်းတော် ... မသွားလိုပါ၊ အကျွန်ုပ်ကား အငယ်ဆုံးသားဖြစ်ပါ၏။ အကျွန်ုပ်သွားသော် ခမည်းတော်ထံ၌ သားတော်တစ်ယောက်မျှ မရှိသဖြင့် အန္တရာယ်ဖြစ်လတ္တံ့၊ သို့အတွက် ခမည်းတော်ထံ၌သာ နေလိုပါသည်" ဟု လျှောက်ထား၏။ ထိုအခါ မင်းကြီးသည် အလွန်နှစ်သက်တော်မူသဖြင့် ခြေရင်း၌ပင် အမြဲခစားစေ၏။

## နန်းတွင်းနန်းပြင် သားငယ်ခင်

သံဝရမင်းသားသည် တစ်ဖန် ဆရာအား "ဆရာ ... အကျွန်ုပ်ဘယ်အမှုကို ပြုရအံ့နည်း" ဟု မေး၏။ "မင်းသား ဥယျာဉ်ဟောင်းတစ်ခုကို တောင်း၍ ပြုပြင်ကာ အသီးအပွင့်တို့ဖြင့် အစိုးရသောသူတို့အား သဂြိုဟ်ထောက်ပံ့လော့" ဟု ပြောပြန်၏။ သံဝရမင်းသားလည်း ဆရာပြောတိုင်းပြု၏။ တစ်ဖန် အသို့ပြုအံ့နည်းဟု မေးပြန်၏။ ဆရာသည် မင်းသားအား ထမင်းရိက္ခာကို ပေးစေပြန်၏။ နောက်လည်း ဆရာ ဆုံးမတိုင်းပြုလေ၏။ ဤသို့လျှင် သံဝရမင်းသားသည် အလုံးစုံသောအမှုကိစ္စတို့ကို ဆောင်ရွက်ရသဖြင့် နန်းတွင်းနန်းပြင် အလုံးစုံသော တိုင်းသူပြည်သားတို့သည် သံဝရမင်းသားကို ချစ်ခင်နှစ်သက်ကြကုန်၏။

## မှူးမတ်တိုင်ပင် သားငယ်တင်

နောက်အဖို့၌ မင်းကြီးသည် သေရာညောင်စောင်း၌ လျောင်းစက်သည်ရှိသော် အမတ်တို့သည် မင်းကြီးကို "အရှင်မင်းကြီး ... နတ်ရွာစံလျှင် ဘယ်သူအား ထီးနန်းကိုပေးရအံ့နည်း" ဟု လျှောက်၏။ "အမတ်တို့ ... ငါ့သားတော် အလုံးစုံသည်ပင် ထီးနန်းနှင့် ထိုက်တန်ကုန်၏။ သို့သော်လည်း သင်တို့နှစ်သက်သောသူအား ပေးရစ်ကြကုန်" ဟု မှာထားခဲ့၏။ အမတ်တို့လည်း မင်းကြီးနတ်ရွာစံလျှင် သင်္ဂြိုဟ်ခြင်းကိစ္စကိုပြု၍ ခုနစ်ရက်လည်သောအခါ စည်းဝေးကြ၍ "အမတ်မင်းတို့ ... အကျွန်ုပ်တို့ အရှင်မင်းကြီးသည် သင်တို့နှစ်သက်သောသူအား ထီးနန်းကိုပေးကြကုန်" ဟု မှာထားခဲ့၏။ အကျွန်ုပ်တို့လည်း သံဝရမင်းသားကို နှစ်သက်ကြ၏။ သို့အတွက် ထီးနန်းကို သံဝရမင်းသားအားပေးမည်ဟု တိုင်ပင်ညှိနှိုင်းကာ သံဝရမင်းသားကို မင်းမြှောက်ကြကုန်၏။ သံဝရမင်းသားလည်း ဆရာအဆုံးအမကို လိုက်နာသောကြောင့် သားတော်အငယ်ဆုံးပင်ဖြစ်သော်လည်း ထီးနန်းကိုရသဖြင့် တရားသဖြင့် မင်းပြုလေ၏။

ထိုအကြောင်းကို နောင်တော် ကိုးကျိပ်ကိုးယောက်တို့ကြားလျှင် စည်းဝေးကုန်၍ သံဝရမင်းသားသည် အငယ်ဆုံးဖြစ်၍ ထီးနန်းနှင့်မထိုက်တန်၊ အကြီးဆုံးဖြစ်သော ဥပေါသထမင်းသားသာ ထိုက်သည်ဟု တိုင်ပင်ညှိနှိုင်းကာ စစ်သည်ဗိုလ်ပါနှင့်တကွ လာကြပြီးလျှင် ငါတို့အား ထီးနန်းကိုလည်း ပေးမည်လော၊ သို့တည်းမဟုတ် စစ်ကိုလည်း ထိုးမည်လော ဟု ညီတော် သံဝရမင်းကြီးထံ ရာဇသံ စေလွှတ်ကြကုန်၏။ မြို့ကိုလည်း ခိုင်လုံစွာ ဝန်းရံ၍ထားကုန်၏။

## နောင်တော်ရာဇသံ ညီငယ်ပြန်

သံဝရမင်းကြီးသည် ဆရာ ပညာရှိအမတ်အား "ဆရာ ... ယခုအခါ အဘယ်သို့ ပြုရအံ့နည်း" ဟု မေးတော်မူ၏။ ဆရာလည်း "အရှင်မင်းကြီး ... နောင်တော်တို့နှင့် စစ်ထိုးဖို့ကိစ္စမရှိ၊ အဖ၏အမွေဖြစ်သော ဥစ္စာစု အစုတစ်ရာပုံ၍ နောင်တော်တို့အတွက် ကိုးဆယ့်ကိုးစုကို ပို့စေပြီးလျှင် နောင်တော်တို့၏ အဖအမွေဖြစ်သောဥစ္စာကို ယူကြပါကုန်၊ အကျွန်ုပ်သည် နောင်တော်တို့နှင့် စစ်မထိုးလိုပါဟု ရာဇသံကို ပြန်ကြားတော်မူပါ" ဟု လျှောက်ထားလေ၏။ မင်းကြီးလည်း ဆရာ အမတ်ကြီးပြောသောအတိုင်း ပြုလုပ်တော်မူ၏။

## အများသဘောအရ တိုင်ပင်ကြ

ထိုအခါ အစ်ကိုအကြီးဆုံးဖြစ်သော ဥပေါသထမင်းသားသည် ညီတော်တို့ကို ခေါ်၍ "ညီတော်တို့ ... မင်းမည်သည် နှိပ်စက်နိုင်သူမရှိ၊ ညီထွေး သံဝရမင်းသည် ရန်သူအဖြစ်ဖြင့် မခံပေ၊ ငါတို့အားလည်း အဖအမွေဖြစ်သောဥစ္စာကို ပို့လာ၍ အကျွန်ုပ်သည် နောင်တော်တို့နှင့် စစ်မထိုးလိုပါဟုရာဇသံပို့လာပေ၏။ ငါတို့ အလုံးစုံသည်လည်း တစ်ပြိုင်နက်တည်း မင်းမလုပ်နိုင်ကြကုန်၊ ညီထွေး သံဝရအားသာ ဆောင်နှင်းစေအံ့၊ ညီထွေးသံဝရသာ မင်းလုပ်ပါစေ၊ လာကြကုန်၊ ညီထွေး သံဝရ ထံသွား၍ ဖူးမြင်ကြကုန်အံ့၊ မင်းဆွေမင်းမျိုးတို့ကို အပ်နှင်း၍ ငါတို့နေရာ ဇနပုဒ်သို့ ပြန်ကုန်အံ့" ဟု တိုင်ပင်ညီညွတ်ကာ အလုံးစုံသောမင်းသားတို့သည် ရန်သူမဟုတ်ကုန်ဘဲ မြို့တံခါးကိုဖွင့်စေပြီးလျှင် သံဝရမင်းကြီးထံ ဝင်ကြကုန်၏။

## ညီတော်မြင်ကြ ဝမ်းမြောက်လှ

သံဝရမင်းကြီးလည်း ထိုအကြောင်းကို သိတော်မူလျှင် အမတ်တို့ကို စေလွှတ်ကာ နောင်တော်တို့အား လက်ဆောင်ပဏ္ဏာတို့ကို ပို့စေ၏။ ခရီးဦးကြိုဆိုစေ၏။ မင်းသားတို့လည်း အခြံအရံအနည်းငယ်ဖြင့် ခြေလျင်လာကာ နန်းတော်သို့ တက်ကြကုန်၏။ မင်းကြီးထံရောက်လျှင် ရိုသေနှိမ့်ချသော အမူအရာကိုပြကြကုန်လျက် နိမ့်သောနေရာ၌ နေကြကုန်၏။ သံဝရမင်းကြီးလည်း ထီးဖြူအောက်တွင် များစွာသော စည်းစိမ်အခြံအရံ ဂုဏ်ကျက်သရေဖြင့် တင့်တယ်စွာ စံနေတော်မူ၏။

## ညီငယ်သီလ ရိုသေကြ

ထိုအခါ ဥပေါသထမင်းသားသည် သံဝရမင်းကြီး၏ ကျက်သရေကိုမြင်လျှင်-"မြတ်သောမင်းကြီး ... အရှင်မင်းကြီး၏သီလကို ငါတို့ခမည်းတော်မင်းကြီး သည် သိတော်မူ၍ ဤကိုးကျိပ်ကိုးယောက်သော နောင်တော်မင်းသားတို့အား ဇနပုဒ်တို့ကိုပေးသော်လည်း သင်မင်းကြီးအား တစ်စုံတစ်ခုသောဇနပုဒ်ကို ပေးရမည်ဟု မအောက်မေ့လေသလော" -

"မြတ်သောမင်းကြီး ... ခမည်းတော်မင်းကြီးသည် ထင်ရှားရှိစဉ်လည်း ကောင်း၊ နတ်ရွာလားသော်လည်းကောင်း ကိုယ်တော်၏ အကျိုးစီးပွားကို မြင်သည် ဖြစ်၍ ဆွေမျိုးတို့သည် သင်သံဝရမင်းကြီးကို နှစ်သက်စေကုန်သလော" -

"မြတ်သောမင်းကြီး ... သင်သည် ဘယ်အကျင့်ဖြင့် ဇာတ်တူ ကိုးကျိပ်ကိုးယောက်သော နောင်တော်တို့ကို လွှမ်းမိုး၍တည်သနည်း၊ အဘယ်အကြောင်းကြောင့် အညီအညွတ်ရောက်လာကုန်သော ကိုးကျိပ်ကိုးယောက်သော နောင်တော်တို့သည် သင်မင်းကြီးကို မလွန်ဆန်နိုင်ကုန်သနည်း"-ဟု သံဝရမင်းကြီးကို ပဋိသန္ဓာရစကား ပြောကြားမေးမြန်းလေ၏။

## ကိုယ်ကျင့်တရား ညီမေးငြား

သံဝရမင်းကြီးလည်း နောင်တော်၏အမေးစကားကိုကြားလျှင် မိမိကိုယ်ကျင့်တရား ပြောကြားလို၍ -

"အို နောင်တော်ကြီး ... အကျွန်ုပ်သည် ငြူစူခြင်းမရှိပါ၊ မြတ်သော သီလက္ခန္ဓ စသောကျေးဇူးကို ရှာမှီး၍ သည်းခံကုန်သော ရဟန်းပုဏ္ဏားတို့၏ ခြေတော်တို့ကို ရှိခိုးပါ၏၊ ရဟန်း ပုဏ္ဏားတို့ကို ရိုသေစွာရှိခိုးပါ၏၊ ရဟန်းပုဏ္ဏားတို့ အကျင့်ကျေးဇူး၌ မွေ့လျော်ကုန်သော ရဟန်းပုဏ္ဏားတို့သည် အကျင့်ကျေးဇူးနှင့် ယှဉ်သော တရားစကားကို သူတစ်ပါးကို မငြူစူသောအကျွန်ုပ်အား ဟောကြားဆုံးမကြပါ၏"။

"အကျွန်ုပ်သည် သီလက္ခန္ဓစသော ကျေးဇူးကို ရှာမှီး၍ သည်းခံလေ့ရှိကုန်သော ရဟန်းပုဏ္ဏားတို့၏ တရားစကားကို ကြားနာရ၍ တစ်စုံတစ်ယောက်ကိုမျှ မထီမဲ့မြင်မပြုပါ၊ အကျွန်ုပ်၏ စိတ်နှလုံးသည် တရား၌ အမြဲမွေ့လျော်ပါ၏"။

"အကျွန်ုပ်သည် ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ခြေသည်သူရဲတို့အား ပေးသွင်းအပ်သော ထမင်းရိက္ခာကို မပိတ်ပင်ပါ"။

"အကျွန်ုပ်အား အတိုင်အပင် ပညာနှင့်ပြည့်စုံသော အမတ်ကြီး အမတ်ငယ်တို့ ရှိပါကုန်၏။ ထိုမှတစ်ပါး ကြွယ်ဝချမ်းသာသော ကုန်သည်တို့သည် တိုင်းတစ်ပါးမှလာကြ၍ ဤဗာရာဏသီပြည်၌ များစွာသော ငါး၊ အမဲ၊ သေရည်သေရက်တို့ကို ရောင်းဝယ်ကြကုန်၏။ အကျွန်ုပ်သည် ထိုကုန်သည်တို့၌လည်း အစောင့်အရှောက်ကို စီရင်အပ်ပါ၏"။ ဟု နောင်တော်ကြီးအား မိမိဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်ပြောကြားလေ၏။

**ဆွေမျိုးဂုဏ်ရောင် ညီငယ်ဆောင်**

ထိုအခါ နောင်တော်ကြီးသည် သံဝရမင်းကြီး၏ ဂုဏ်ကျေးဇူးကို ကြားရလျှင်–

"မြတ်သောမင်းကြီး ... သင်မင်းကြီးသည် အဆွေအမျိုး ကိုးကျိပ် ကိုးယောက်သော နောင်တော်တို့ကို တရားသဖြင့် လွှမ်းမိုးသတတ်၊ သင်မင်းကြီးသည် မင်းအဖြစ်ကို ပြုပါလော့၊ သင်မင်းကြီးသည်သာ ထိုးထွင်းသောပညာ၊ အကြောင်း အကျိုးကိုသိသော ပညာရှိပေ၏။ ထိုမှတစ်ပါး ဆွေမျိုးတို့ အကျိုးစီးပွားကိုလည်း ဆောင်ပေ၏"။

"မြတ်သောမင်းကြီး ... အဆွေအမျိုး ကိုးကျိပ်ကိုးယောက်သော နောင်တော်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ အထူးထူးသော ရတနာတို့ဖြင့် သွန်းစီအပ်သော ဂုဏ်အပေါင်းနှင့်ပြည့်စုံသော သင်မင်းကြီးကို ရန်သူတို့သည် မနှိပ်စက်နိုင်ကုန်၊ ဥပမာ အသုရာမင်းသည် သိကြားမင်းကို မနှိပ်စက်နိုင်သကဲ့သို့ ဖြစ်ပါ၏"–ဟု ညီထွေးသံဝရမင်းကြီးအား ချီးမွမ်းစကား ပြောကြားလေ၏။

သံဝရမင်းကြီးလည်း နောင်တော်တို့အား အလုံးစုံသော စည်းစိမ်ကို ပေးလေ၏။ နောင်တော်တို့လည်း တစ်လခွဲမျှနေ၍ ဇနပုဒ်သို့ ပြန်ကြကုန်၏။ သံဝရမင်းကြီးသည် ဆရာအမတ်ကြီး၏ အဆုံးအမ၌တည်၍ နတ်ပြည်ကို ပြည့်စေ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည့်အဆုံး၌ လုံ့လဝီရိယ ယုတ်လျော့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ၂၃။ ကေဒါရဇာတ်

**လယ်ယာရှင်များ အစောင့်ထား**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် မဂဓမင်း မင်းပြုသည်ရှိသော် မြို့တော်မှ အနောက်မြောက်အရပ်၌ သာလိန္ဒိယမည်သော ပုဏ္ဏားရွာတစ်ခု တည်ရှိလေ၏။ ထိုရွာ၌ ကောသိယဂေါတ္တမည်သော ပုဏ္ဏားသည် အရှေ့မြောက်အရပ်၌

တည်ရှိသော မဂဓလယ်တို့တွင် ပယ်တစ်ထောင်မျှသော လယ်ကိုယူ၍ သလေးစပါးတို့ကို စိုက်ပျိုးလေ၏။ ကောက်ပင်ထလတ်သော် စောင့်ရန်းကို မြဲမြံလုံခြုံစွာကာ၏။ ထိုပယ်တစ်ထောင်တို့တွင် ပယ်ငါးရာကို အချို့ငါးဆယ်၊ အချို့ခြောက်ဆယ် စသည်ဖြင့် ပေးကာ စောင့်ရှောက်စေ၏။ ပယ်ငါးရာကိုကား အခစားပြုလုပ်သူ မိမိသူရင်းငှားအားပေးကာ စောင့်ရှောက်စေ၏။ သူရင်းငှားလည်း ထိုလယ်၌ပင် အိမ်ငယ်ဆောက်လုပ်နေထိုင်၍ နေ့ညဥ့်ပတ်လုံး စောင့်ရှောက်ကာနေ၏။

## မိဘအိုလုပ်ကျွေး သားငယ်ကျေး

ထိုလယ်၏ အရှေ့မြောက်အရပ်၌ကား မြေနှင့်ရောသော တောင်တစ်ခုဝယ် ကြီးစွာသော လက်ပံတောသည် တည်ရှိလေ၏။ ထိုလက်ပံတော၌ ကျေးပေါင်းများစွာတို့သည် နေထိုင်ကြကုန်၏။ ထိုအခါ ဘုရားအလောင်းသည် ကျေးမျိုး၌ဖြစ်၍ ကျေးအပေါင်းတို့၏ မင်းဖြစ်၏။ အလွန်အဆင်းလှ၏။ အားအစွမ်းနှင့်ပြည့်စုံ၏။ လှည်းပုံတောင်းပမာဏ ကိုယ်ရှိ၏။ ဘုရားအလောင်း၏အဖ ကျေးမင်းသည် အိုသည်ဖြစ်၍ ကျေးအပေါင်းကို မဆောင်နိုင်သဖြင့် သားအား အပ်နှင်း၏။ သားဖြစ်သော ကျေးမင်းလည်း ထိုနေ့မှစ၍ မိဘအိုတို့အား အစာရှာမသွားစေဘဲ အသိုက်၌နေစေလျက် လုပ်ကျွေး၏။ ကျေးအပေါင်းတို့သည် ဟိမဝန္တာ၌ အလိုလိုဖြစ်သော သလေးစပါးတို့ကို စားသောက်ကြကုန်၏။

## သလေးစပါးခင်း ကျေးများဆင်း

တစ်နေ့သ၌ ကျေးသားတို့သည် ရှေးအခါ၌ ဤအချိန်တွင် မဂဓလယ်တော၌ သလေးစပါးတို့သည် မှည့်ကုန်၏။ ယခုအခါ အဘယ်သို့ဖြစ်သနည်းဟု ကျေးမင်းအား လျှောက်ကြကုန်၏။ ကျေးမင်းလည်း စုံစမ်းရန် ကျေးသားနှစ်ကောင်တို့ကို လွှတ်လိုက်၏။ ကျေးသားနှစ်ကောင်တို့လည်း မဂဓလယ်တောသို့သွားကာ သလေးစပါးတို့ကို အလိုရှိတိုင်းစားပြီးလျှင် သလေးနှံတို့ကိုယူခဲ့၍ ကျေးမင်းရှေ့၌ချကာ ပြကုန်၏။ ကျေးမင်းလည်း သလေးစပါးတို့မှည့်သည်ကိုသိလျှင် နက်ဖြန်ကျေးအပေါင်းခြံရံကာ မဂဓလယ်တောသို့သွား၍ ထိုအခစားသူရင်းငှားစောင့်သော လယ်တောသို့ဆင်းသက်၍ ကျက်စားကုန်၏။ လယ်စောင့်ယောကျ်ားသည် ခြောက်လှန့်တားမြစ်ခြင်းငှာ မတတ်နိုင်၊ ကြွင်းသောကျေးတို့သည် အလိုရှိတိုင်း

စားပြီးလျှင် ပျံကုန်၏။ ကျေးမင်းကား အလိုရှိတိုင်းစားပြီးလျှင် များစွာသောသလေးနှံတို့ကို ချီကာ ပြန်ခဲ့၍ မိဘအိုတို့အား လုပ်ကျွေး၏။ နောက်နေ့မှစ၍ ထို့အတူ ကျက်စားကြကုန်၏။

## လယ်ရှင်တိုင်ကြား သူရင်းငှား

ထိုအခါ သူရင်းငှားယောက်ျားသည် ဤကျေးတို့သည် ဤလိုသာ နှစ်ရက်သုံးရက်သာ စားကုန်ငြားအံ့ စပါးသည် ကုန်ရာ၏။ ပုဏ္ဏားသည် အဖိုးဖြတ်စေ၍ ငါ့အား မြီပြုလတ္တံ့၊ ယခုသွား၍ ပြောကြားမည်ဟု ပုဏ္ဏားထံသွား၍ လျောက်ပတ်သော နေရာ၌နေလျက် –

"အို – ကောသိယအနွယ်ဖြစ်သော ပုဏ္ဏား ... သလေးစပါးစိုက်ပျိုးသော လယ်သည် ပြည့်စုံပါ၏။ သလေးစပါးကို ကျေးတို့သည် စားကုန်၏။ ထိုအကြောင်းကို ပြောကြားပါ၏။ အကျွန်ုပ် ကျေးတို့ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ၊ ထိုကျေးတို့တွင် အလုံးစုံသောအဖို့ဖြင့် ကောင်းသော ကျေးကြီးတစ်ကောင်ကား သလေးစပါးတို့ကို အလိုရှိတိုင်းစားပြီး၍ အပြန်တွင် နှုတ်သီးဖြင့်လည်း ချီ၍သွားသေး၏"–ဟု ကျေးတို့အကြောင်းကို ပြောကြားလေ၏။

## လယ်စောင့်ထောင်သည့် ကျေးမင်းမိ

ပုဏ္ဏားသည် လယ်စောင့်ယောက်ျား၏ စကားကိုကြားလျှင် ကျေးမင်းကို ချစ်ခင်ကြည်ညိုသဖြင့် –

"အို – ယောက်ျား ... ထိုကျေးကြီးကိုမိလောက်အောင် မြင်းမြီးကျော့ကွင်းတို့ဖြင့်ထောင်၍ ငါ့ထံသို့ အရှင်ဖမ်းယူခဲ့ပါ"ဟု မှာထားလေ၏။ ထိုအခါ လယ်စောင့်ယောက်ျားလည်း မြီမပြုသဖြင့် ဝမ်းမြောက်ဝမ်းသာ လယ်တောသို့သွား၍ မြင်းမြီးတို့ကိုကျစ်၍ ကျော့ကွင်းပြုလုပ်ကာ ကျေးမင်းကျလောက်သောနေရာဝယ် ထောင်၍ထားပြီးလျှင် ကျေးမင်းတို့လာခြင်းကို ကြည့်ရှုလျက် အိမ်ငယ်တွင်း၌နေ၏။ ကျေးမင်းလည်း ကျေးအပေါင်းခြံရံကာ လာလတ်၍ သလေးလယ်၌ ကျက်စားပြန်၏။ ခြေ၌ ကျော့ကွင်းမိနေသည်ကိုသိလျှင် ငါသည် ယခုအခါ ကျော့ကွင်းမိသောမြည်သံကို အကယ်၍မြည်အံ့၊ ဆွေမျိုးတို့သည် သေဘေးမှကြောက်သဖြင့် အစာမစားဘဲ

ပျံကုန်ရာ၏။ သို့အတွက် အစာစား၍ ဝလောက်အောင် ဆိုင်းငံ့မည်ဟု ကြံစည်ပြီးလျှင် မပြည်ဘဲ သည်းခံ၍နေ၏။ အတန်ကြာ၍ ဝလောက်သောအခါ သုံးကြိမ် ကျော့ကွင်းမိသော မြည်သံကို မြည်လေ၏။

## ကျေးမင်းမိလို့ လယ်ရှင်ထံပို့

ထိုအခါ ကျေးအပေါင်းတို့သည် ကြောက်လန့်သဖြင့် ပျံကြကုန်၏။ တစ်ကောင်သောကျေးမျှ ပြန်၍မကြည့်ချေ။ ကျေးမင်းသည် -

"အို - ကျေးငှက်အပေါင်းတို့ ... သင်တို့ကား ဝအောင်စားသောက်ကာ ဖယ်သွားကြကုန်၏။ ငါတစ်ကောင်ကိုသာ ကျော့ကွင်းဖြင့်မိခဲ့၏။ ငါသည် အဘယ် မကောင်းမှုကို ပြုဖူးသနည်း" -

ဟု ငိုကြွေးမြည်တမ်းလေ၏။ လယ်စောင့်ယောကျ်ားလည်း ကျေးမင်းမြည်သံ နှင့် ကျေးတို့ပျံသံကိုကြားလျှင် အိမ်ငယ်မှထွက်၍ ကြည့်ရှုရာ ရည်ရွယ်၍ထောင်ထား သော ကျေးမင်းပင် မိနေသည်ကိုမြင်လျှင် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ အသာ ကျော့ကွင်းမှဖြေပြီးလျှင် ခြေနှစ်ချောင်းတို့ကို တပေါင်းတည်းဖွဲ့ချည်လျက် ယူဆောင်၍ လယ်ရှင်ပုဏ္ဏားအား ပေးလေ၏။

## စားဝချီပြေး လယ်ရှင်မေး

ပုဏ္ဏားသည် အားကြီးသောချစ်ခြင်းဖြင့် ကျေးမင်းကို လက်နှစ်ဖက်တို့ဖြင့် မြဲမြံစွာကိုင်၍ ရင်ခွင်၌ နေစေပြီးလျှင် -

"အမောင်ကျေးသား ... အခြားကျေးသားတို့အား သင့်လျော်သောဝမ်းဗိုက် ရှိ၏ဟု ငါအောက်မေ့၏၊ သင်ကျေးသား၏ဝမ်းဗိုက်ကား အလွန်ကြီးယောင်တကား၊ သလေးစပါးတို့ကို အလိုရှိတိုင်းစားပြီး၍ နှုတ်သီးဖြင့်လည်း ချီ၍သွားဘိ၏"။

"အမောင် ကျေးသား ... လက်ပံတော၌ ကျီကိုပြည့်စေသလော၊ အမောင် ကျေးသားအား ငါနှင့်ရန်ငြိုးရှိသလော၊ ငါမေးအပ်သည်ကိုပြောကြားပါ၊ သလေးစပါး တို့ကို အဘယ်အရပ်၌ သိုမှီးသနည်း"။ ဟု ကျေးမင်းအား မေးလေ၏။

## ကြွေးဟောင်းဆပ်လို ပစ္စည်းသို

ထိုအခါ ကျေးမင်းသည် ပုဏ္ဏားစကားကိုကြားလျှင်-"အို - ပုဏ္ဏား ...

အကျွန်ုပ်အား သင်နှင့်ရန်ငြိုးမရှိပါ၊ ကျီကျလည်းမရှိပါ၊ အကျွန်ုပ်သည် ကြွေးမြီဟောင်းကို ဆပ်ရပါ၏၊ ကြွေးမြီသစ်ကိုပေးရပါ၏၊ ဥစ္စာအိုးကိုလည်း မြှုပ်နှံရပါ၏"။ ဟု လူတို့ဘာသာစကားဖြင့် သာယာစွာ ပြောကြားလေ၏။ ထိုအခါ ပုဏ္ဏားသည် ကျေးမင်းစကားကို ကြားလျှင် -

"အမောင်ကျေးသား ... အဘယ်ကို ကြွေးမြီဟောင်းဆပ်သည် ဆိုပါသနည်း၊ အဘယ်ကို ကြွေးမြီသစ်ပေးသည် ဆိုပါသနည်း၊ အဘယ်ကို ဥစ္စာအိုး မြှုပ်နှံသည်ဆိုပါသနည်း၊ ရှင်းလင်းအောင်ပြောကြားပါ၊ ကျော့ကွင်းမှ လွှတ်ပါမည်"။ ဟု မေးမြန်းတောင်းပန်ပြန်၏။

## အသစ်ပေးပြန် အိုးမြှုပ်နှံ

ထိုအခါ ကျေးမင်းသည် မိမိ ကြွေးဟောင်း ကြွေးသစ်မြှုပ်နှံမှုကို ပြောဆိုလို၍ -

"အို-ပုဏ္ဏား အကျွန်ုပ်ငယ်စဉ်က ကျွေးမွေးခဲ့သော မိဘတို့အား အိုမင်းသော အခါ တစ်ဖန်ပြန်၍ ကျွေးမွေးခြင်းကို ကြွေးမြီဟောင်းဆပ်သည်ဟု ဆိုပါသည်"။

"အို-ပုဏ္ဏား ကျွန်ုပ်၌ သားသမီးငယ်များရှိပါ၏၊ ထိုသူတို့အား ကျွေးမွေး ခြင်းကို ကြွေးမည်သစ် ပေးသည်ဟု ဆိုပါသည်။

"အခြား အိုမင်းအားနည်းသောကျေးတို့အား ကျွေးမွေးခြင်းကို ဥစ္စာအိုးကို မြှုပ်နှံသည်ဟု ဆိုပါသည်"-ဟု ရှင်းလင်းအောင် ပြောကြားလေ၏။

## လွန်စွာကြည်ညို ကျေးမင်းကို

ပုဏ္ဏားသည် ကျေးမင်း၏ တရားစကားကိုကြားရလျှင် အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ -

"အချင်းတို့ ... ဤကျေးငှက်ကား ကောင်းစွတကား၊ ဤကျေးငှက်ကား မြတ်သောတရားကို ကျင့်စွတကား၊ ဤကျေးငှက်ကျင့်သောတရားသည် လူအချို့ တို့၌ မရှိပေ"။

"အမောင်ကျေးသား ... အလုံးစုံသော ဆွေမျိုးတို့နှင့်တကွ အလိုရှိတိုင်း

သလေးစပါးကို စားပါလော့"။

"အမောင်ကျေးသား ... နောက်ထပ်တစ်ဖန်လည်း တွေ့မြင်လိုပါ၏။ ငါသည် သင့်အားတွေ့မြင်ခြင်းကို နှစ်သက်မြတ်နိုးပါ၏"။ ဟု ချီးကျူး တောင်းပန်ပြီးလျှင် ချစ်လှသောသားကဲ့သို့ နူးညံ့သောစိတ်ဖြင့် ကြည့်ရှုလျက် ခြေမှ အနှောင်အဖွဲ့ကို ဖြေ၍ အကြိမ်တစ်ရာချက်အပ်သော ဆီဖြင့်ခြေတို့ကို နှိပ်နယ်ပြီးလျှင် ရွှေအင်းပျဉ်၌နေစေ၍ ရွှေခွက်၌ ပျားပေါက်ပေါက်တို့ကို စားစေ၍ သကာရည်ကို သောက်စေ၏။

## ကျေးမင်းဆုံးမ ဝမ်းမြောက်ကြ

ထို့နောက် ကျေးမင်းသည် လယ်ရှင်ပုဏ္ဏားအား ကောင်းမှုကုသိုလ်ပြုရန် တိုက်တွန်းပြန်လို၍ -

"အို - ပုဏ္ဏား ... သင်၏နေရာ သင်၏အထံ၌ ငါတို့အား နေ့ညဉ့်တို့၌ စားအိမ်သောက်အိမ် ဖြစ်ခဲ့ပြီ၊ ချအပ်ပြီးသော လက်နက်ရှိကုန်သော ရဟန်းပုဏ္ဏားတို့၌ အလှူကိုပေးလှူပါလော့၊ အိုမင်းသော မိဘတို့ကိုလည်း ကျွေးမွေးပါလော့"။

ဟု ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ရန် အဆုံးအမပေးလေ၏။ ပုဏ္ဏားသည် အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ -

"အချင်းတို့ ... ငါ့အား ယနေ့ ကျက်သရေရှိစွတကား၊ ငါသည် ငှက်တကာတို့တွင် မြတ်လှသော ကျေးမင်းကို ဖူးမြင်ရပေ၏။ ငါသည် ကျေးမင်း၏ ကောင်းစွာဟောသော တရားစကားတို့ကို ကြားနာရ၍ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုတော့အံ့"ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးလေ၏။

## နယ်စားပေးကြ ဝမ်းမြောက်လှ

ကျေးမင်းလည်း မိမိအားပေးသော ပယ်တစ်ထောင်ရှိသောလယ်ကို စွန့်ပယ်၍ ရှစ်ပယ်မျှသောလယ်ကိုသာ ယူ၏။ ပုဏ္ဏားလည်း မှတ်တိုင်စိုက်လျက် ကျေးမင်းအား လယ်ကိုအပ်နှင်း၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ကန်တော့ပြီးလျှင် အရှင်ကျေးမင်း သွားပါလော့၊ ငိုကြွေးနေသော မိဘအိုတို့ကို နှစ်သိမ့်စေပါလော့ဟု ပြောဆို၍ လွှတ်လေ၏။ ကျေးမင်းလည်း သလေးနှံတို့ကိုယူဆောင်ကာ မိဘတို့ရှေ့၌

ချ၍ ကျွေးမွေးလေ၏။ မိဘအိုတို့လည်း အလွန်ရွှင်လန်းကုန်လျက် ထကြကုန်၏။ ကျေးအပေါင်းတို့လည်း စည်းဝေးကုန်လျက် လွတ်မြောက်လာသောအကြောင်းကို မေးမြန်းကြကုန်၏။ ကျေးမင်းလည်း အကြောင်းစုံကို အကျယ်တဝင့် ပြောကြားလေ၏။

ကောသိယပုဏ္ဏားလည်း ကျေးမင်းဆုံးမသော တရားစကားကို ကြားနာရသော အခါမှစ၍ တရားစောင့်သော ရဟန်းပုဏ္ဏားတို့အား ကြီးစွာသောအလှူကို ဖြစ်စေ၏။

## ၂၄။ မဟာဥက္ကုသဇာတ်

### သားကောင်းများစွာ ပျော်မွေ့ရာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ပစ္စန္တရစ်သား အချို့တို့သည် အမဲသားရရာအရပ်၌ ရွာတည်ကြပြီးလျှင် တော၌လှည့်လည်၍ ငါးအမဲကိုရှာဖွေကာ အသက်မွေးကုန်၏။ ထိုရွာအနီး၌ အလိုလိုဖြစ်သော အိုင်ကြီးသည် ရှိလေ၏။ ထိုအိုင်၏ တောင်အရပ်၌ စွန်ဖိုတစ်ကောင်သည် နေ၏။ အနောက်အရပ်၌ စွန်မတစ်ကောင်သည်နေ၏။ မြောက်အရပ်၌ ခြင်္သေ့မင်းနေ၏။ အရှေ့အရပ်၌ ဝန်လိုင့်ကျသည်နေ၏။ အိုင်၏အလယ်၌ လိပ်ကြီးသည်နေ၏။

### မိတ်ကောင်းရှာဖွေ အတူနေ

ထိုအခါ စွန်ဖိုသည် စွန်မအား မယားပြုရန် ပြောဆို၏။ စွန်မသည် စွန်ဖိုအား "အရှင်...အဆွေခင်ပွန်းရှိ၏လော"ဟု မေး၏။ "ရှင်မ...မရှိပါ"ဟု ပြောသောအခါ "အရှင် ... ငါတို့၌ဖြစ်လာသော ဘေးရန်နှင့်ဆင်းရဲကို အဘယ်သူ ရှက်ဆောင်မည်နည်း၊ ကူညီမည့် အဆွေခင်ပွန်း အပေါင်းအဖော်ရခြင်းငှာ သင့်၏၊ အဆွေခင်ပွန်းဖွဲ့ဦးလော့"ဟု ပြော၏။ "ရှင်မ...အဘယ်သူတို့နှင့် အဆွေခင်ပွန်း ဖွဲ့ရမည်နည်း"ဟု မေး၏။ "အရှင်...အရှေ့အရပ်၌နေသော ဝန်လိုင့်ကျ၊ မြောက်အရပ်၌နေသော ခြင်္သေ့မင်း၊ အိုင်အလယ်၌နေသော လိပ်ကြီးတို့နှင့် အဆွေခင်ပွန်း ဖွဲ့လော့" ထိုအခါ စွန်ဖိုသည် စွန်မစကားကို ဝန်ခံ၍ ဝန်လိုင့်ကျ ခြင်္သေ့မင်း လိပ်ကြီးတို့နှင့် အဆွေခင်ပွန်းဖွဲ့ပြီးလျှင် စွန်မနှင့်အတူတကွ ပေါင်းဖော်၍နေ၏။

## စွန်တို့သိုက်အောက် မုဆိုးရောက်

ထိုစွန်နှစ်ကောင်တို့သည် အိုင်ကြီး၏အလယ်၌ ကျွန်းငယ်တွင်ရှိသော ထိန်ပင်၌ အသိုက်ပြု၍နေကုန်၏။ နောက်မကြာမီ စွန်ငယ်နှစ်ကောင်တို့ကို ဖွားမြင်ကုန်၏။ အမွေးအတောင်မစုံမီ တစ်နေ့သ၌ ဇနပုဒ်သားတို့သည် တစ်နေ့လုံးလှည့်လည်သဖြင့် တစ်စုံတစ်ခုကိုမျှ မရကြ၍ လက်ချည်းသက်သက်အိမ်သို့ပြန်ရန်မသင့်၊ ငါးတို့နှင့် လိပ်တို့ကို ဖမ်းကြမည်ဟု အိုင်ကြီးသို့ဆင်းသက်၍ ကျွန်းငယ်သို့ရောက်လျှင် ထိန်ပင်ရင်း၌အိပ်ကုန်၏။ မှတ်ခြင်တို့ကိုက်ကုန်လတ်သော် မီးမွှေး၍ မီးခိုးကို ပြုလုပ်ကုန်၏။

## ဘေးကိုလွှတ်ကြောင်း ကူညီတောင်း

မီးခိုးတက်လတ်သော် စွန်ငယ်တို့သည် မြည်ကုန်၏။ ဇနပုဒ်သားတို့သည် ငှက်သံကိုကြားလတ်သော် "အချင်းတို့ ... ငှက်သံကြားရသည်၊ ထကြကုန်လော၊ ဆာမွတ်ကုန်ပြီ၊ ငှက်သားကိုစားပြီးမှအိပ်ကုန်အံ့" ဟုပြောဆို၍ မီးရှူးတို့ကို ပြုလုပ်ကုန်၏။ စွန်မသည် လူတို့အသံကိုကြားလျှင် ဤလူတို့ကား သားငယ်တို့ကို စားလိုကြသည်၊ ငါတို့မှာ ဤသို့ဘေးမှ လွတ်မြောက်နိုင်ရန် အဆွေခင်ပွန်းကို ဖွဲ့ရကုန်၏။ သို့အတွက် လင်ကို ဝန်လိုငှက်ထံ စေလွှတ်မည်ဟု ကြံစည်ကာ -

"အရှင် ... ဇနပုဒ်သား မုဆိုးတို့သည် မီးရှူးတို့ကို ပြုလုပ်ကုန်၏၊ ငါတို့ သားငယ်တို့ကို စားလိုကုန်၏၊ အဆွေခင်ပွန်းတို့ကို ပြောဆိုချေလော့၊ ငါတို့ သားငယ်တို့၏ပျက်စီးခြင်းကို ပြောကြားချေလော့"-ဟု စေလွှတ်လေ၏။ စွန်ဖိုလည်း လျင်မြန်သောအဟုန်ဖြင့် ဝန်လိုငှက်မင်း နေသော နေရာသို့သွား၍ လာသောအဖြစ်ကို သိစေ၏။ ဝန်လိုငှက်လည်း လာသော အကြောင်းကိုမေး၏။ ထိုအခါ စွန်ဖိုသည် -

"အို - ဝန်လိုငှက်မင်း ... သင်ကား ငှက်တို့တွင် မြတ်သောငှက်တည်း၊ အကျွန်ုပ်သည် သင်ငှက်မင်းကို ကိုးကွယ်ဆည်းကပ်ပါ၏၊ ဇနပုဒ်သားမုဆိုးတို့သည် အကျွန်ုပ်၏ သားငယ်တို့ကို စားလိုကုန်၏၊ သင်ငှက်မင်းသည် အကျွန်ုပ်အား ချမ်းသာအောင်ပြုလုပ်ပါ"-ဟု အကြောင်းကိုပြောကြား၍ တောင်းပန်လေ၏။

## မိတ်ဆွေစစ်ရေး ကူညီပေး

ထိုအခါ ဝန်လိုင့ကပ်မင်းသည် စွန်ဖိုပြောကြားသောစကားကို ဆင်ခြင်လျက် သွားလော့ အကျွန်ုပ်လာပါမည်ဟုဆိုလျက် -

"အဆွေစွန် ... ပညာရှိတို့သည် အခါဟုတ်သည်၊ မဟုတ်သည်၌ ချမ်းသာကို ရှာမှီးကုန်လျက် အဆွေခင်ပွန်းအပေါင်းအဖော်ကို ဖွဲ့ကြကုန်၏။ စင်စစ် မြတ်သောအကျင့်ရှိသောသူသည် မြတ်သောအကျင့်ရှိသောသူ၏ ကိစ္စကို ပြုလုပ်မြဲဖြစ်၏။" ဟု ပြောဆိုကာ စွန်ကို နှစ်သိမ့်စေပြီးလျှင် "အဆွေ ... ဇနပုဒ်သားမုဆိုးတို့ သစ်ပင်သို့ တက်ကြကုန်ပြီလော"ဟု မေး၏။ "အရှင် ... မတက်ကြကုန်သေး၊ မီးရှူးကို ပြုလုပ်ကြကုန်ပြီ" ဟု ပြော၏။ "အဆွေ ... သွားချေ၊ ငါလာကြောင်းကို အဆွေခင်ပွန်းမကို ပြောကြားချေ" ဟု လွှတ်လိုက်၏။ စွန်လည်း စွန်မအား ပြောကြား၏။ ဝန်လိုင့ကပ်မင်းလည်း လာလတ်၍ ထိန်ပင်၏အနီးဖြစ်သော သစ်ပင်တွင်နားလျက် ဇနပုဒ်သားမုဆိုးတို့တက်သည်ကို ကြည့်ရှုကာနေ၏။ ထိုအခိုက် ဇနပုဒ်သားတစ်ယောက်သည် မီးရှူးကိုကိုင်၍ ထိန်ပင်သို့တက်ရာ စွန်သိုက်အနီးသို့ရောက်လျှင် အိုင်သို့ငုပ်ကာ အတောင် နှုတ်သီးတို့ဖြင့် ရေကိုယူ၍ မီးရှူးပေါ်၌လောင်း၏။ မီးရှူးလည်း ငြိမ်းလေ၏။ ဇနပုဒ်သားသည် ဤဝန်လိုင့ကပ်နှင့် စွန်ငယ်တို့ကိုစားမည်ဟု အောက်သို့ ဆင်းသက်၍ မီးရှူးကိုညှိကာ တစ်ဖန် တက်ပြန်၏။ ဤသို့သောနည်းဖြင့် မီးရှူးကို ညှိလိုက်၊ ငြိမ်းလိုက်နှင့် ပြုလုပ်လာရာ သန်းခေါင်ယံသို့ ရောက်လေ၏။ ဝန်လိုင့ကပ်သည် အလွန်ပင်ပန်း၏။ ရင်မွေးတို့သည် ကျွတ်ကုန်၏။ မျက်စိတို့လည်း နီကုန်၏။

## အသက်စွန့်ကာ ကာကွယ်ရှာ

ထိုအခါ စွန်မသည် "အရှင် ... ဝန်လိုင့ကပ်မင်းသည် အလွန်ပင်ပန်းလှပြီ၊ အတန်ငယ် အပန်းဖြေပါစေ၊ လိပ်ကြီးထံသွား၍ ပြောကြားပါ" ဟု စေခိုင်းပြန်၏။ စွန်ဖိုလည်း စွန်မစကားကိုကြားလျှင် ဝန်လိုင့ကပ်မင်းထံကပ်၍ -

"အရှင် ... မြတ်သောအကျင့်ရှိသော ငါ့အား အမှုကိစ္စဖြစ်လာ၏၊ ထိုအမှုကိစ္စကို မြတ်သောအကျင့်ရှိသော သင်သည် အစဉ်သနားသဖြင့် ပြုလုပ်အပ်ပေပြီ၊ မိမိကိုယ်ကို စောင့်ရှောက်တော်မူပါ၊ မပင်ပန်းပါစေလင့်၊ သင်အသက်ရှည်သည်

ရှိသော် သားငယ်တို့ကို ရကုန်လတ္တံ့" - ဟု ခေတ္တအနားယူရန် တောင်းပန်၏။ ဝန်လိုင်ကသည့် စွန်ဖိုစကားကို ကြားလျှင် -

"အဆွေစွန် ... အစောင့်အရှောက်ကို ပြုလုပ်သော ငါသည် ခန္ဓာကိုယ် ပျက်စီးသော်လည်း မပင်ပန်းပါ၊ စင်စစ် အချို့အဆွေခင်ပွန်းတို့သည် အသက်ကို စွန့်ကုန်လျက် အဆွေခင်ပွန်း၏ အမှုကိစ္စကို ပြုလုပ်ကုန်၏။ ဤအလေ့အကျင့်သည် သူတော်ကောင်းတို့ အလေ့အကျင့်တည်း" - ဟု ခြင်္သေ့မင်း၏ကျူးရင့်သံကဲ့သို့ ကျူးရင့်ပြောဆိုလေ၏။

## လိပ်ကိုတစ်ဖန် တောင်းပန်ပြန်

ထို့နောက် စွန်သည် ဝန်လိုင်ကမင်းအား အတန်ငယ် အပန်းဖြေလော့ဟု တောင်းပန်ပြီးလျှင် လိပ်ကြီးထံသွား၍ -

"အဆွေလိပ် ... အချို့သူတို့သည် စည်းစိမ်ဥစ္စာ အခြံအရံပျက်စီးသော်လည်းကောင်း၊ မိမိအမှုချွတ်ချော်သော်လည်းကောင်း အဆွေခင်ပွန်းတို့အား သနားခြင်း၌ တည်ရှိကုန်၏။ ငါ၏ သားငယ်တို့သည် ကြင်နာကုန်၏၊ သို့အတွက် အဆွေလိပ်ကို ကိုးကွယ်ရာတစ်ခုပြု၍ လာခဲ့ပါ၏၊ ကျွန်ုပ်အကျိုးစီးပွားကို ကျင့်ပါလော့"-ဟု အဖြစ်အပျက်အလုံးစုံကို ပြောကြားပြီးလျှင် တောင်းပန်ပြန်၏။ ထိုစကားကိုကြားလျှင် လိပ်သည် -

"အဆွေစွန် ... ပညာရှိတို့သည် ဥစ္စာဖြင့်လည်းကောင်း၊ စပါးဖြင့်လည်းကောင်း၊ ကိုယ်ဖြင့်လည်းကောင်း အဆွေခင်ပွန်း အပေါင်းအဖော် ဖွဲ့ကြကုန်၏။ ငါသည် သင်၏အမှုကိစ္စကို ပြုလုပ်ပါမည်၊ စင်စစ် မြတ်သောအကျင့် ရှိသောသူသည် မြတ်သောအကျင့်ရှိသောသူ၏ အမှုကိစ္စကို ပြုလုပ်မြဲဖြစ်၏"-ဟု ပြောဆိုဝန်ခံ၏။

## လိပ်ကြီးဆင်ခြင် ပရိယာယ်တွင်

ထိုအခါ လိပ်ကြီး၏သားသည် အနီး၌ဝပ်နေခိုက် ကြားလျှင် ငါ့အဖ မပင်ပန်းစေသတည်း၊ ငါသည် အဖ၏အမှုကိစ္စကိုပြုမည်ဟု ကြံစည်လျက် -

"အို - ဖခင် ... သင်ဖခင်သည် ကြောင့်ကြမဲ့နေပါ၊ သားသည် အဖ၏ အကျိုးစီးပွားကို ကျင့်ရမြဲဖြစ်၏၊ အကျွန်ုပ်သည် စွန်၏သားငယ်တို့ကို ကယ်တင်လျက်

ဖခင်၏အကျိုးစီးပွားကို ကျင့်ပါမည်"-ဟု အဖ၏ကိုယ်စား ဆောင်ရွက်ရန် ဝန်ခံလေ၏။

ထိုအခါ အဖလိပ်ကြီး သည်- "ချစ်သား ... စင်စစ်လျှင် သားတို့မည်သည် အဖ၏အကျိုးစီးပွားကို ကျင့်ရမြဲဖြစ်၏၊ ဤသို့ကျင့်ခြင်းသည် သူတော်ကောင်းတို့ သဘောတည်း၊ ကြီးသော ကိုယ်ရှိသော ငါ့ကိုမြင်လျှင် ဇနပုဒ်သားတို့သည် စွန်၏သားငယ်တို့ကို လွှတ်ကြပေလိမ့်မည်"-ဟု ကိုယ်တိုင်ဆောင်ရွက်ခြင်း အကြောင်းကို ပြောဆိုပြီးလျှင် စွန်အား "အဆွေစွန် ... မကြောက်လင့် သွားလော့၊ ငါယခုပင် လိုက်လာမည်" ပြော၍ လွှတ်လိုက်၏။

## မုဆိုးများလောဘ ဆုံးရှုံးကြ

ထို့နောက် လိပ်ကြီးသည် ရေ၌ကူး၍ ညွန်၊ မှော်တို့ကို ဆွဲငင်၍ယူကာ ကျွန်းပေါ်သို့သွားပြီးလျှင် မီးပေါ်၌ဝပ်၏။ မီးသည် ငြိမ်းလေ၏။ ထိုအခါ ဇနပုဒ်သား တို့သည် ငါတို့အား စွန်ငယ်တို့ဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ လိပ်ကြီးကို လှိမ့်၍ သတ်ကြမည်၊ ငါတို့ အလုံးစုံစားလောက်လိမ့်မည်ဟု နွယ်တို့ဖြင့်လည်းကောင်း၊ ဝတ်သောပုဆိုးတို့ဖြင့်လည်းကောင်း လိပ်ကြီးကိုချည်တုပ်ကာ မြဲမြဲကိုင်ထားကြကုန်၏။ လိပ်ကြီးသည် ရေသို့ဆင်းသက်ကာ ရေနက်ရာသို့ ရုန်းကန်၍သွားလေ၏။ ဇနပုဒ် သားတို့လည်း လိပ်ကြီးဆွဲရာ ရေနက်သို့ ရောက်ကြကုန်၏။ လောဘဇောဖြင့် ဆွဲငင်ပါသော်လည်း မရကုန်။ ဝမ်းဗိုက်၌ ရေပြည့်လျက် ပုဆိုးဆုံးကြကုန်၏။

အလွန်ပင်ပန်းကြသဖြင့် တစ်ဖန် ကျွန်းပေါ်သို့တက်ပြီးလျှင် "အချင်းတို့ ... ဝန်လိုငှက်သည် သန်းခေါင်ယံတိုင်အောင် ငါတို့မီးရှူးတို့ကိုငြိမ်းစေပြီ၊ ယခုလည်း လိပ်ကြီးသည် ရေထဲသို့ဆောင်ယူကာ ဝမ်းကိုရေပြည့်ရုံမက ပုဆိုးတို့ပါ ဆုံးပါစေပြီ၊ အရုဏ်တက်လတ်သော် ဤငှက်ငယ်တို့ကိုစားမည်"ဟု တစ်ဖန်မီးရှူးကို ညှိကြပြန်၏။

## ခြသေ့်ကူမှ ထွက်ပြေးရ

ထိုအခါ စွန်မသည် "အရှင် ... ဤဇနပုဒ်သားတို့သည် ငါတို့သားငယ် တို့ကိုစားရန် ကြိုးစားကြပြန်ပြီ၊ ခြသေ့်မင်းထံသွား၍ တောင်းပန်ချေဦးလော့" ဟု လွှတ်လိုက်ပြန်၏။ စွန်ဖိုလည်း အမြန် ခြသေ့်မင်းထံသွား၍ -

"သားတို့ထက် ဝီရိယဖြင့် မြတ်သော ခြသ့ေမင်း ... သားတို့နှင့် လူတို့သည် ဘေးဖြင့်နှိပ်စက်ကုန်သည်ရှိသော် မြတ်သောသူကို ဆည်းကပ်ကြရကုန်၏၊ အကျွန်ုပ်သားငယ်တို့သည် ကြင်နာကုန်၏၊ သို့အတွက် ခြင်္သေ့မင်းကို ကိုးကွယ်ရာ ပြု၍ လာခဲ့ပါ၏၊ သင်ကား ကျွန်ုပ်တို့၏ မင်းဖြစ်ပါ၏၊ အကျွန်ုပ်အား ချမ်းသာအောင် ဆောင်ရွက်ပါ"ဟု ခြင်္သေ့မင်းအားတောင်းပန်ပြန်၏။ ထိုအခါ ခြင်္သေ့မင်းသည်-

"အဆွေစွန် ... သင်၏အမှုကိစ္စကို ငါသည် ဆောင်ရွက်မည်၊ သင်၏ ရန်သူကို သတ်ဖြတ်ရန်သွားအံ့၊ ရန်သူကို သတ်ဖြတ်ခြင်းငှာစွမ်းနိုင်၍ မိမိအဆွေ ခင်ပွန်းအား ဘေးရန်ဖြစ်လာသည်ကို သိသောပညာရှိသည် အဆွေခင်ပွန်းအား စောင့်ရှောက်ခြင်းငှာ အဘယ်ကြောင့် အားမထုတ်ဘဲရှိအံ့နည်း"ဟု အားပေးစကား ပြောကြားပြီးလျှင် "အဆွေစွန် ... သင်သွားလော့၊ သားငယ်တို့ကို နှစ်သိမ့်စေလော့" ဟု စေလွှတ်ပြီးလျှင် ခြင်္သေ့မင်းသည် ရေကိုဖြတ်၍ လိုက်လေ၏။

## ရန်အောင်မြင်ကြ ဆိုဆုံးမ

ဇနပုဒ်သားတို့သည် ခြင်္သေ့မင်းလာသည်ကိုမြင်လျှင် "အချင်းတို့ ... ရှေးဦးစွာ ဝန်လိုင်ကသည် မီးရှူးတိုင်တို့ကို ငြိမ်းစေပြီ၊ နောက် လိပ်ကြီးသည် ဝမ်းမိုက်ဝအောင် ပုဆိုးဆုံးအောင်ပြုလုပ်ပြီ၊ ယခုလည်း ခြင်္သေ့မင်း လာပြန်ပြီ၊ မုချ ငါတို့သေရလတ္တံ့" ဟု ကြောက်ရွံ့ကြသဖြင့် တော်မိတော်ရာ တရကြမ်း ပြေးကြကုန်၏။

ခြင်္သေ့မင်းသည် လာလတ်၍ သစ်ပင်ရင်း၌ တစ်စုံတစ်ခုကိုမျှ မမြင်ရတော့ချေ။ ထိုအခါ ဝန်လိုင်ကာ၊ လိပ်နှင့် စွန်တို့သည် အနီးသို့ကပ်၍ ခစားကုန်၏။ ခြင်္သေ့မင်းသည် ဝန်လိုင်ကာ၊ လိပ်နှင့် စွန်တို့အား အဆွေခင်ပွန်းတို့၏ အကျိုးဆက်ကို ဟောပြောပြီးလျှင် "အဆွေတို့ ... ဤနေ့မှစ၍ အဆွေခင်ပွန်းသဘောကို မဖျက်ကြကုန်လင့်၊ မမေ့မလျော့နေကြကုန်" ဟု အဆုံးအမပေးကာ ဖဲသွားလေ၏။ ဝန်လိုင်ကာ၊ လိပ်၊ စွန်တို့လည်း မိမိတို့နေရာသို့ ပြန်ကြကုန်၏။

## သားငယ်များရှုကာ ဝမ်းမြောက်စွာ

စွန်မလည်း သားငယ်တို့ကို ကြည့်ရှုလျက် အဆွေခင်ပွန်းတို့ကို အမှီပြု၍ ငါ့သားငယ်တို့ အသက်ကို ရပေသည်ဟု ဝမ်းမြောက်ဝမ်းသာ စွန်ဖိုအား ပြောကြားလျက် –

"အရှင် ... ချမ်းသာသုခရရန် အဆွေခင်ပွန်း အပေါင်းအဖော်တို့ကို ဖွဲ့စည်းရာ၏၊ ချပ်မိန်ညို့ဝတ်သောသူတို့သည် မြားတို့ကိုနှိမ်နင်း၍ ဝမ်းမြောက်ကုန်သကဲ့သို့ ငါတို့သည် သားငယ်တို့နှင့်အတူနေရသဖြင့် ဝမ်းမြောက်ပါကုန်၏"

"အရှင် ... မိမိ၏အဆွေခင်ပွန်းဖြစ်၍ မပြေးမဆုတ်သော အဆွေခင်ပွန်း၏ အမှုကြောင့် မြည်တွန်သောသင့်ကို သားငယ်တို့သည် နှလုံးသို့ဝင်သောအသံကို မြွက်ဆိုကာ အတုပြု၍ မြည်ကြကုန်၏"။

"အရှင် ... ပညာရှိသည် အဆွေခင်ပွန်း အပေါင်းအဖော်ကို ရ၍သာ ခြေလေးချောင်းရှိသောအမျိုးနှင့် ဥစ္စာတို့ကိုရ၍ နှစ်သက်ရ၏။ ငါသည်လည်း အဆွေခင်ပွန်းတို့သနားခြင်းကြောင့် သား၊ လင်တို့နှင့် ပြည့်စုံစွာနေရ၏"။

## မိတ်ကောင်းကူရာ အောင်မြင်စွာ

"အရှင် ... မင်းဟူသော အဆွေခင်ပွန်းရှိသောသူ၊ ရဲရင့်သောအဆွေခင်ပွန်းရှိသောသူတို့သည် အကျိုးစီးပွားကိုပြည့်စုံစေနိုင်၏။ ထိုသူတို့သည် အဆွေခင်ပွန်း၏အကျင့်နှင့် ပြည့်စုံသောသူများ ဖြစ်ကုန်၏။ ဤလောက၌ အဆွေခင်ပွန်းရှိခြင်း၊ အခြံအရံရှိခြင်း၊ ဂုဏ်ကျက်သရေတို့ဖြင့် တိုးတက်ခြင်းရှိသောသူသည် မွေ့လျော်ရ၏"။

"အရှင် ... သူဆင်းရဲသည်လည်း အဆွေခင်ပွန်းကိုဖွဲ့ရာ၏၊ ကြည့်ရှုပါ၊ အဆွေခင်ပွန်းတို့၏ သနားခြင်းကြောင့် ငါတို့သည် သားတို့နှင့် အညီအညွတ်ဖြစ်ရကုန်၏"

"အရှင် ... ငါနှင့်သင်သည် ချမ်းသာသကဲ့သို့ ထို့အတူ ရဲရင့်အားရှိသောသူနှင့် အဆွေခင်ပွန်းပြုလုပ်ပေသော ဝန်လိုငှက်မင်းလည်း ချမ်းသာပါစေ"။

ဟု အဆွေခင်ပွန်းတို့၌ ကျင့်ခြင်း၏ ကျေးဇူးစကားကို ပြောကြားလေ၏။ ထိုအဆွေခင်ပွန်းတို့သည် အသက်ထက်ဆုံး အဆွေခင်ပွန်းသဘောကို မဖျက်ကုန်ဘဲ တည်ကုန်လျက် သေလွန်သောအခါ ကံအားလျော်စွာ လားကြကုန်၏။

## ၂၅။ တိလမုဋ္ဌိဇာတ်

### ပညာသင်လွှတ် မိဘဝတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းအား ဗြဟ္မဒတ်မည်သော သားတစ်ယောက်ရှိလေ၏။ မင်းကြီးသည် မင်းသား ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်လတ်သော် သားတော်ကိုခေါ်၍ "ချစ်သား ... ဆရာအဖို့ဖြစ်သော ဤငွေအသပြာတစ်ထောင်ကိုယူကာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံသွား၍ အတတ်ပညာသင်ချေ" ဟု ပြောဆိုကာ လမ်းတွင်စီးရန် လှာချင်းဖိနပ်နှင့် ဆောင်းရန် သစ်ရွက်ထီးကိုပေး၍ လွှတ်လိုက်၏။

ရှေးမင်းတို့သဘောသည် မိမိတို့တိုင်းပြည်၌ ဒိသာပါမောက္ခဆရာရှိသော်လည်း ပညာမသင်စေဘဲ မင်းသားတို့ မာနကျိုးစေရန်လည်းကောင်း၊ အချမ်းအပူ စသည်ကို သည်းခံနိုင်စေရန်လည်းကောင်း၊ လူတို့စရိုက်ကိုသိစေရန်လည်းကောင်း၊ ဒေသန္တရဗဟုသုတရစေရန်လည်းကောင်း ဤသို့သော အကျိုးထူးတို့ကို မြော်မြင်ကာ ဝေးလံသော တိုင်းတစ်ပါးသို့ သားတော်တို့ကို ပညာသင်လွှတ်လေ့ရှိကြကုန်၏။

ဗြဟ္မဒတ်မင်းသားသည် အမိအဖတို့ကို ရှိခိုးကန်တော့ပြီးလျှင် စားနပ်ရိက္ခာတို့ကို ယူဆောင်ကာ အစဉ်အတိုင်းသွားလေလျှင် တက္ကသိုလ်ပြည်သို့ရောက်၍ ဆရာအိမ်ကို မေးမြန်းကာ အိမ်တံခါးသို့ဝင်လျှင် တပည့်တို့ကို အတတ်ပညာသင်ပြီးသဖြင့် ဆရာကြီး စင်္ကြံသွားနေခိုက်ကြုံ၍ အနီးတွင် ရှိခိုးကာနေ၏။

## ပညာတတ်ဖွယ် နည်းနှစ်သွယ်

ဆရာကြီးလည်း မင်းသားကိုမြင်လျှင် ပင်ပန်းလာသည်ကိုသိ၍ ဧည့်ဝတ်ကို ပြုစေ၏။ မင်းသားလည်း ထမင်းစားပြီးလျှင် ခဏအပန်းဖြေ၍ ဆရာထံသို့ ကပ်လေ၏။ ဆရာလည်း "အမောင် ... ဘယ်အရပ်မှလာသနည်း"ဟု မေး၏။ "ဆရာ ... ဗာရာဏသီပြည်မှလာပါသည်" ဟု ပြော၏။ "အမောင် ... မည်သူ၏ သားနည်း" ဟု မေး၏။ "ဆရာ ... ဗြဟ္မဒတ်မင်း၏ သားတော်ဖြစ်ပါသည်" ဟု ပြော၏။ "အမောင် ... ဘယ်အတွက်လာသနည်း"ဟု မေး၏။ "ဆရာ ... အတတ်ပညာသင်ကြားရန် လာပါသည်"ဟု ပြော၏။ "အမောင် ... ဆရာ၏ အမှုကိစ္စကိုဆောင်ရွက်ကာ အခမဲ့ သင်မည်လော၊ သို့တည်းမဟုတ် ဆရာ့အတွက် အဖိုးအခပေး၍ သင်မည်လော"ဟု မေး၏။ "ဆရာ ... ကျွန်တော်ဆရာ့အတွက် အဖိုးအခပေး၍ သင်ပါမည်"ဟု ပြောဆိုကာ ဆရာ့အတွက် အသပြာတစ်ထောင် ပေး၍ ဆရာထံတွင် အတတ်ပညာ သင်ကြားလေ၏။

ပညာသင်တပည့်နှစ်မျိုးရှိရာ ဆရာ၏အမှုကိစ္စကို ဆောင်ရွက်၍ သင်သော တပည့်မှာ အဖိုးအခမပေးရ၊ တစ်နေ့လုံး ဆရာ၏အမှုကိစ္စကိုဆောင်ရွက်ကာ ညအခါ ၌သာ သင်ကြားရကုန်၏။ ဆရာ့အတွက် အဖိုးအခပေး၍ သင်သောတပည့်မှာကား ဆရာ၏အမှုကိစ္စကို မဆောင်ရွက်ရဘဲ တစ်နေ့လုံး သင်ကြားရကုန်၏။

## အကျင့်ပျက်က ရိုက်ဆုံးမ

တစ်နေ့သ၌ ဆရာသည် ဗြဟ္မဒတ်မင်း၏သားကိုခေါ်၍ ရေချိုးရန်သွားလေ ၏။ ထိုအခါ မိန်းမအိုတစ်ယောက်သည် နှမ်းတို့ကို အခွံချွတ်၍ ထားပြီးလျှင် အနီးတွင် စောင့်လျက်နေ၏။ မင်းသားသည် နှမ်းဖြူတို့ကိုမြင်လျှင် စားလိုသဖြင့် နှမ်းတစ်ဆုပ် ယူ၍ စားမိ၏။ မိန်းမအိုလည်း ဤသူငယ်ကား ချင်ခြင်းများလှသည်အောက်မေ့ကာ ဆိတ်ဆိတ်နေ၏။ မင်းသားသည် သုံးရက်မြောက်နေ့၌လည်း နှမ်းတစ်ဆုပ်ယူ၍ စားပြန်၏။

ထိုအခါ မိန်းမအိုသည် သည်းမခံနိုင်တော့ဘဲ "ဒိသာပါမောက္ခဆရာသည် တပည့်တို့ကို လုယက်စေသည်" ဟု ဆို၍ လက်တို့ကိုမြှောက်ကာ ငိုမြည်တမ်းလေ ၏။ ဆရာသည် နောက်သို့ပြန်၍ "မိခင် ... အဘယ့်ကြောင့် ငိုမြည်တမ်းသနည်း"

ဟု မေး၏။ "ဆရာ ... ဆရာ့တပည့်သည် ယနေ့နှမ်းတစ်ဆုပ် ယမန်နေ့က နှမ်းတစ်ဆုပ် ယူ၍စားသည်၊ ဤလိုသာ နေ့စဉ်စားနေလျှင် အကျွန်ုပ်ဥစ္စာ မကုန်ပါလော" ဟု ပြောကာ တိုင်တန်းလေ၏။ ဆရာသည် "မိခင် မငိုပါလင့်၊ တန်ဖိုးကိုလျော်စေပါမည်" ဟု ပြော၏။ "ဆရာ ... တန်ဖိုးဖြင့် အလိုမရှိ၊ ဤကဲ့သို့သောအမှုကို နောက်တစ်ဖန် မပြုဝံ့အောင်သာ ဆုံးမပါ" ဟု ပြော၏။ ဆရာသည် "မိခင် ... ကောင်းပြီ ကြည့်ပါ" ဟု ဆို၍ မင်းသား၏ လက်နှစ်ဖက်တို့ကို လုလင်နှစ်ယောက်ကို ကိုင်စေ၍ ဝါးခြမ်းစိတ်ဖြင့် ကျောကိုရိုက်၍ ဆုံးမလေ၏။

## တပည့်စိတ်ဆိုး ဖွဲ့ရန်ငြိုး

မင်းသားသည် ဆရာကို အမျက်ထွက်လျက် နီမြန်းသော မျက်လုံးဖြင့် ခြေဖမိုးမှ ဆံဖျားတိုင်အောင် ကြည့်လျက် ဤဆရာကို အခွင့်ရသောအခါ ငါသတ်မည်ဟု ရန်ငြိုးဖွဲ့လေ၏။ ဆရာလည်း မင်းသား အမျက်ထွက်၍ ကြည့်သည်ကို သိလေ၏။ မင်းသားလည်း ဆရာ့ထံမှ အတတ်ပညာ သင်ယူပြီးဆုံးသောအခါ ဆရာကို ခွင့်ပန် ရှိခိုး၍ အကောက်ဉာဏ်ဖြင့် "ဆရာ ... ကျွန်တော် ဗာရာဏသီပြည်တွင် မင်းအဖြစ်သို့ရောက်သောအခါ ဆရာ့ထံ လူလွှတ်၍အကြောင်းကြားပါမည်၊ ကြွဖြစ်အောင် ကြွခဲ့ပါ" ဟု ချစ်ခင်ကြည်ညိုဟန်ဆောင်၍ ဖိတ်ကြားဝန်ခံစေပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်လေ၏။

ခမည်းတော်မင်းကြီးထံရောက်လျှင် မိမိတတ်မြောက်ခဲ့သော အတတ်ပညာတို့ကိုပြရာ မင်းကြီးသည် အလွန်နှစ်သက်အားရတော်မူသဖြင့် ငါ့သားတော် အတတ်ပညာစုံပေပြီ၊ ငါအသက်ရှင်စဉ်ပင် မင်း၏အသရေကို ကြည့်ရှုလိုသည်ဟု အောက်မေ့ကာ အဘိသိက်သွန်း၍ ထီးနန်းစည်းစိမ်ကို အပ်နှင်းလေ၏။

## ကလဲ့စားချေရန် ဖိတ်မံပြန်

မင်းသားလည်း မင်း၏အသရေကို ခံစားရလျှင် တက္ကသိုလ်ဆရာ ဝါးခြမ်းစိတ်ဖြင့် ကျောကိုရိုက်ဖူးသောအဖြစ်ကို သတိရ၍ အသစ်ကဲ့သို့ဖြစ်၍ အမျက်ထွက်ကာ "ယခု မင်းအဖြစ်သို့ရောက်ပေပြီ၊ ဆရာ့ကိုပူဇော်လိုပါသည်၊ အမြန်ကြွလာတော်မူပါ" ဟု မှာထားလျက် ပဏ္ဏာလက်ဆောင်ပေးကာ တက္ကသိုလ်ဆရာထံ တမန်ကိုစေလွှတ်လေ၏။ ဆရာလည်း တမန်၏စကားကိုကြားလျှင် "ဤမင်းကား ငယ်ရွယ်သေးသည်၊

ငါ၏ဆုံးမစကားကို မှတ်သားနာယူနိုင်ဦးမည် မဟုတ်၊ သွားရန်မသင့်လျော်သေး" ဟု ကြံစည်ကာ တမန်နှင့်အတူ ချက်ချင်းမလိုက်သေးဘဲ စောင့်ဆိုင်းကာနေ၏။

ဗာရာဏသီမင်းကြီး ပစ္ဆိမအရွယ်သို့ရောက်သောအခါ တက္ကသိုလ်ဆရာသည် "ယခုအခါ မင်းကြီးသည် အမျက်မာန်နည်းပါးချိန်တော်ပြီ၊ ငါ၏အဆုံးအမစကားကို မှတ်သားနာယူနိုင်လောက်ပြီ၊ မင်းကြီးကို ဆုံးမမည်" ဟု ကြံစည်သတိရကာ ဗာရာဏသီမင်းကြီးထံသို့ သွားလေ၏။ နန်းတော်တံခါးသို့ရောက်၍ အကြောင်းကြားစေရာ မင်းကြီးလည်း နှစ်သက်စွာ ဆရာကိုခေါ်စေ၍ ရှေ့တော်သို့ရောက်လာသော ဆရာကိုမြင်လျှင် အမျက်ထွက်ကာ နီမြန်းသောမျက်လုံးဖြင့်ကြည့်လျက် -

"အို - ပုဏ္ဏား ... သင်သည် နှမ်းတစ်ဆုပ်ကြောင့် ငါ့ကို လက်နှစ်ဖက်တို့ကို ကိုင်စေပြီးလျှင် ဝါးခြမ်းစိတ်ဖြင့် ကျောကိုရိုက်နှက်သည်ကို ယနေ့တိုင်အောင်ပင် အမှတ်ရ၏။

အို - ပုဏ္ဏား ... သင်သည် ယခု ငါ့ထံသို့ရောက်လာခြင်းကြောင့်လည်းကောင်း၊ ငါ့လက်နှစ်ဖက်ကို ကိုင်စေ၍ ဝါးခြမ်းစိတ်ဖြင့် ကျောကို သုံးကြိမ်ရိုက်နှက်ခြင်းကြောင့်လည်းကောင်း၊ သင်ကား အသက်ရှည်စွာ မနေလိုယောင်တကား" - သေဘေးဖြင့် ခြိမ်းခြောက်၍ ပြောဆိုလေ၏။

## ဆရာဆုံးမလေ အမျက်ပြေ

ထိုမင်းကြီးစကားကို ဆရာပုဏ္ဏား ကြားလေလျှင် -"မြတ်သောမင်းကြီး ... မြတ်သောအကျင့်ရှိသူသည် မမြတ်သောအကျင့်ကို ပြုကျင့်သူကို ဒဏ်ဖြင့် တားမြစ်၏။ ထိုတားမြစ်ခြင်းကား ဆုံးမခြင်းဖြစ်၏။ ရန်မဟုတ်ပါ၊ တားမြစ်ခြင်းကို ပညာရှိတို့သိကြ၏"

ဟု အကျိုးအကြောင်းပြ၍ ဆုံးမပြီးလျှင် ထိုထက်အလွန် ဆုံးမလိုပြန်သဖြင့် "မြတ်သောမင်းကြီး ... ဆုံးမသောအရာ၌ ရန်ငြိုးမဖွဲ့ထိုက်။ သင်မင်းကြီးကို ကျွန်ုပ်အကယ်၍ မဆုံးမငြားအံ့၊ ပဲကြီး၊ မုန့်၊ နှမ်းညက်ဖြင့်ပြုအပ်သော ခဲဖွယ်စသည်ကိုလည်းကောင်း လုယက်ခြင်း၊ အိမ်ခြံစပ်ကို ဖောက်ဖျက်ခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ရွာနိဂုံးကို ဖျက်ဆီးခြင်း၊ သူပုန်ထခြင်း စသည်တို့ကိုပြုသဖြင့် မင်း၏

ဆန့်ကျင်ဘက်ဖြစ်ကာ မင်းပြစ်မင်းဒဏ်သင့်လျက် သေကျေပျက်စီးခြင်းသို့ ရောက်ရပေမည်။ ဤကဲ့သို့သော မင်းစည်းစိမ်ကို ရတော့မည်မဟုတ်၊ ဆရာဖြစ်သော အကျွန်ုပ်ကိုမှီ၍သာ ဤစည်းစိမ်ကိုရသည်" ဟု မင်းကြီးအား ပြောကြားလေ၏။

မင်းကြီးကို ခြံရံ၍နေသော အမတ် စသည်တို့လည်း ဆရာစကားကို ကြားလျှင် မင်းကြီးအား "အရှင်မင်းကြီး ... ဆရာ့စကားမှန်ပေသည်၊ ဤမင်းစည်းစိမ်ကား ဆရာ၏ဥစ္စာသာဖြစ်သည်" ဟု လျှောက်ကြကုန်၏။

## ကျေးဇူးကိုဆပ် စည်းစိမ်အပ်

ထိုခဏ၌ မင်းကြီးသည် အမျက်ရန်ငြိုးပြေ၍ ဆရာ၏ဂုဏ်ကျေးဇူးကို အောက်မေ့ကာ "ဆရာ ... ဆရာ့အား အလုံးစုံသောမင်းစည်းစိမ်ကို ပေးပါ၏" ဟု ပြောဆိုလေ၏။

ဆရာလည်း "မြတ်သောမင်းကြီး အကျွန်ုပ်ကား မင်းအဖြစ်ဖြင့် အလိုမရှိပါ" ဟု ပယ်လေ၏။ မင်းကြီးသည် တက္ကသိုလ်ပြည်သို့စေလွှတ်၍ ဆရာ၏ သားမယားတို့ကို ခေါ်ယူစေပြီးလျှင် များစွာသော စည်းစိမ်အခြံအရံကိုပေးလေ၏။ ဆရာကိုလည်း ပုရောဟိတ်ပုဏ္ဏားပြုကာ အဖအရာ၌ထား၍ ဆရာ၏အဆုံးအမ၌တည်လျက် ဒါနစသော ကုသိုလ်ကောင်းမှုကိုပြု၍ သေလွန်သည့်အခြားမဲ့၌ နတ်ပြည်သို့လားလေ၏။

## ၂၆။ သန္ဓိဘေဒဇာတ်

## ခြင်္သေ့နှင့်နွားပင် ချစ်ကျွမ်းဝင်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏သားဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကို သင်ကြားတတ်မြောက်ပြီးလျှင် ဗြဟ္မဒတ်မင်းကြီးသေလွန်သောအခါ မင်းအဖြစ်ကိုရ၍ တရားသဖြင့် မင်းပြုလေ၏။

ထိုအခါ နွားကျောင်းသားတစ်ယောက်သည် တောအရပ်ဝယ် နွားတို့ကို

ခြံ၌ထားလျက် စောင့်ရှောက်ကာနေ၏။ တစ်နေ့သ၌ ကျက်စားရာအရပ်မှ နွားတို့ကို ခြံသို့ မောင်းနှင်စုရုံးလာသည်ရှိသော် မေ့လျော့သဖြင့် ကိုယ်ဝန်ရှိသော နွားမ တစ်ကောင် ကျန်ရစ်လေ၏။

ထိုနွားမသည် ခြသေ့်မတစ်ကောင်နှင့် ချစ်ကျွမ်းဝင်ကာ တောတွင်နေလေ၏။ ခြသေ့်မနှင့် နွားမတို့သည် မြဲမြံသော အဆွေခင်ပွန်းဖြစ်ကြလျက် အတူတကွ ကျက်စားကြကုန်၏။ နောက်အဖို့၌ ခြသေ့်မသည် ခြသေ့်ငယ်ကိုမွေးဖွား၍ နွားမလည်း နွားငယ်ကိုမွေးဖွားလေ၏။ ခြသေ့်ငယ်နှင့် နွားငယ်တို့လည်း အမိမှဆင်းသက်လာသော အဆွေခင်ပွန်းဖြစ်၍ အလွန်ချစ်ကျွမ်းဝင်လျက် အတူတကွနေထိုင်ကာ ကျက်စားကြကုန်၏။

## တောမြေခွေးမိုက် ကုန်းချောတိုက်

မုဆိုးတစ်ယောက်သည် တောသို့လာရာ ချစ်ကျွမ်းဝင်သော ခြသေ့်နှင့် နွားတို့ကိုမြင်လျှင် မြို့သို့ရောက်သောအခါ ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားလေ၏။ ထိုအခါ ဉာဏ်ပညာအမြော်အမြင်ရှိသော မင်းကြီးသည် မုဆိုးအား "သုံးယောက်မြောက်အဖော်သည် ဖြစ်လတ်သော် ဘေးဖြစ်လိမ့်မည်၊ သုံးယောက်မြောက်အဖော်ကိုမြင်လျှင် ငါ့ကို လျှောက်ထားလော့" ဟု မှာထားလေ၏။

တစ်နေ့သ၌ မြေခွေးတစ်ကောင်သည် ခြသေ့်နှင့် နွားဥသဘတို့ကို ခစားလျက် အဆွေခင်ပွန်းဖွဲ့၍ အတူတကွ ကျက်စားလေ၏။ မကြာမီပင် ထိုမြေခွေးသည် "ငါကား ခြသေ့်သားကိုလည်းကောင်း၊ ဥသဘသားကိုလည်းကောင်း မစားဖူးလေ၊ သို့အတွက် ခြသေ့်နှင့် ဥသဘတို့ကို အချစ်ပျက်အောင် ကုန်းတိုက်ကာ အချင်းချင်းသတ်စေမည်" ဟု ကြံစည်၍ ခြသေ့်ထံကပ်ကာ ဥသဘသည် သင့်ကို ဤသို့ပြော၏။ တစ်ဖန် ဥသဘထံကပ်ပြန်ကာ ခြသေ့်သည် သင့်ကို ဤသို့ပြော၏။ ဟု ခြသေ့် ဥသဘတို့အကြားတွင် ကုန်းတိုက်လေ၏။

## ရန်သူထင်မှတ် မိတ်ဆွေသတ်

ခြသေ့်နှင့် ဥသဘတို့သည် မြေခွေးစကားကိုယုံကြည်၍ တစ်ဦးနှင့်တစ်ဦး အချစ်ပျက်ပြီးလျှင် ခိုက်ရန်ဖြစ်လျက် အချင်းချင်းသတ်၍ သေခြင်းသို့ရောက်ကုန်၏။ ထိုအခါ မြေခွေးသည် နှစ်သက်ရွှင်လန်းစွာ ခြသေ့်သားကိုတစ်ကြိမ်၊ ဥသဘသားကို

တစ်ကြိမ် တစ်လှည့်စီ စားကာနေ၏။

မုဆိုးလည်း တောသို့သွားပြန်ရာ ခြင်္သေ့ ဥသဘတို့အကြားတွင် မြေခွေးကို မြင်လျှင် မြို့သို့ပြန်၍ မင်းကြီးအား "မြတ်သောမင်းကြီး ... ခြင်္သေ့နှင့် ဥသဘအပြင် သုံးယောက်မြောက်အဖော်ကိုမြင်ခဲ့ပါပြီ" ဟု လျှောက်ထား၏။ မင်းကြီးသည် "အချင်း မုဆိုး ... အဘယ်တိရစ္ဆာန်နည်း" ဟု မေး၏။ "အရှင်မင်းကြီး ... မြေခွေး ဖြစ်ပါသည်" ဟု လျှောက်၏။ "မုဆိုး ... ခြင်္သေ့နှင့် ဥသဘတို့ကို မြေခွေးသည် အချစ်ပျက်အောင်ကုန်းတိုက်၍ သတ်စေလတ္တံ့၊ ယခုအခါ ခြင်္သေ့နှင့် ဥသဘတို့ သေသောအခါသို့ ရောက်လောက်ပြီ၊ ငါတို့သွား၍ ကြည့်ရှုမည်" ဟု မိန့်ဆိုကာ ခဏချင်းပင် ရထားစီး၍ မုဆိုးကိုလမ်းညွှန်စေလျက် ထိုအရပ်သို့ သွားလေ၏။

## ခိုက်ရန်အမှု ဆုံးမပြု

မင်းကြီးသည် ခြင်္သေ့နှင့် ဥသဘတို့သေ၍ ရွှင်လန်းနှစ်သက်စွာ တစ်ကြိမ်စီ စားနေသော မြေခွေးကိုမြင်လျှင် -

"အို - ရထားထိန်း ... ဤခြင်္သေ့နှင့် နွားဥသဘတို့အား မိန်းမတို့၌ ဆက်ဆံခြင်းလည်း မရှိကုန်၊ အစာတို့၌ ဆက်ဆံခြင်းလည်း မရှိကုန်၊ ထိုသို့ဖြစ်လျက် အချစ်ကို ဖျက်ဆီးတတ်သောမြေခွေး၏ အလွန်အကြံကောင်းသည်ကို ရှုကြည့်လော့-

ယုတ်မာသောမြေခွေးသည် ခြင်္သေ့နှင့်ဥသဘတို့အကြားတွင် ကုန်းတိုက်လျက် ခြင်္သေ့သားကိုလည်းကောင်း၊ နွားဥသဘသားကိုလည်းကောင်း စားဘိ၏။ အလွန် ထက်သော သန်လျက်ကဲ့သို့ ကုန်းတိုက်ခြင်းကား အချစ်ကို ဖြတ်တတ်၏။ အချင်း ရထားထိန်း ... ခြင်္သေ့နှင့် ဥသဘတို့၏ သေလျက်အိပ်ရခြင်းကို မြင်ပြီမဟုတ်လော၊ အချစ်ကိုဖျက်ဆီးတတ်သော ကုန်းတိုက်သူ၏စကားကို ယုံကြည်သောသူသည်လည်း ဤကဲ့သို့ သေလျက်အိပ်ရ၏။ အချစ်ကိုဖျက်ဆီးတတ်သော ကုန်းတိုက်သူ၏စကားကို မယုံကြည်သောသူသည် နတ်၏စည်းစိမ်ချမ်းသာကဲ့သို့ စည်းစိမ်ချမ်းသာကို ရရှိ၏"- ဟု ရထားထိန်းအား အကျိုးအကြောင်းပြ၍ ဆုံးမကာ ခြင်္သေ့၏အစွယ်တို့ကို ယူခဲ့စေ ပြီးလျှင် မိမိနေရာမြို့တော်သို့ ပြန်လေ၏။

## ၂၇။ ဒေဝဓမ္မဇာတ်

### သားနှစ်ပါးဖွားမြင် နတ်ရွာဝင်

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုမင်း၏ မိဖုရားကြီးသည် သားနှစ်ယောက်ဖွားမြင်ပြီးလျှင် နတ်ရွာစံလေ၏။ သားနှစ်ယောက်တို့တွင် သားကြီးကို မဟိံသမင်းသား၊ သားငယ်ကို စန္ဒမင်းသားဟု ခေါ်ဆိုကြလေ၏။

### မိဖုရားငယ်အား ဆုပေးထား

မင်းကြီးလည်း မိဖုရားကြီးမရှိသည့်နောက် အဆင်းအင်္ဂါ လက္ခဏာနှင့်ပြည့်စုံသော မိန်းမတစ်ယောက်ကို မိဖုရားကြီးအရာ၌ထားလေ၏။ ထိုမိဖုရားကြီး၌လည်း သားတစ်ယောက်ဖွားမြင်ကာ ထိုသားကို သူရိယမင်းသားဟု ခေါ်ဆိုကြ၏။ မင်းကြီးသည် ထိုသူရိယမင်းသား ဖွားမြင်စအခါ အလွန်မြတ်နိုးတော်မူသဖြင့် မိဖုရားကြီးအား "လိုသောဆုကိုယူလော့" ဟု ပေးလေ၏။ မိဖုရားလည်း "ကောင်းပြီ၊ အလိုရှိသောအခါတောင်းမည်" ဟု လျှောက်ထားကာ ဆုကိုယူထားလေ၏။

### သားငယ်မင်းမြှောက် ဆုပန်လျှောက်

သူရိယမင်းသား အရွယ်ရောက်လတ်သောအခါ မိဖုရားကြီးသည် မင်းကြီးထံသို့ကပ်၍ "အရှင်မင်းကြီး ကျွန်ုပ်အား သူရိယမင်းသား ဖွားမြင်စအခါ လိုအပ်သောဆုကို ပေးပြီးသည် မဟုတ်တုံလော၊ ယခုအခါ သားတော်အရွယ်ရောက်လတ်ပြီ၊ မင်းအဖြစ်ကို ပေးတော်မူပါ" ဟု တောင်းလေ၏။ မင်းကြီးလည်း "ဟယ် မိဖုရား ... ငါ့သားတော်ကြီးနှစ်ယောက်ကား မီးပုံကြီးများကဲ့သို့ ထင်ရှားလှသည်၊ သားတော်ကြီးများကိုထား၍ သင့်သားငယ်အား မင်းအဖြစ်ကို မပေးနိုင်" ဟု ငြင်းပယ်လေ၏။

### ဘေးရန်ကင်းစေ တောသို့စေ

မိဖုရားကြီးက အဖန်ဖန်တောင်းလတ်သော် မင်းကြီးသည် "ဤမိဖုရားကား တစ်နေ့နေ့မှာ ငါ့သားကြီးများကို မကောင်းကြံကာ ဘေးရန်ပြုလိမ့်မည်" ဟု စိုးရိမ်သဖြင့် သားကြီးများကို ခေါ်တော်မူ၍ "ချစ်သားတို့ ... ငါသည် သူရိယမင်းသား ဖွားမြင်စအခါ မိဖုရားအား ဆုပေးမိပေပြီ၊ ယခုအခါ မိဖုရားသည် သူရိယမင်းသားကို

မင်းအဖြစ်ပေးရန် အဖန်ဖန်တောင်း၍ နေချေပြီ၊ သားကြီးများကိုထား၍ ငါမပေးနိုင်၊ မိန်းမတို့မည်သည် ယုတ်မာ၏၊ ကောက်ကျစ်စဉ်းလဲသောသဘောရှိ၏၊ သင်တို့ကို မကောင်းကြံ၍ ဘေးရန်ပြုရာသည်၊ ယခုအခါ သင်တို့သည် ဝေးရာတောသို့ဝင်ကာ ရှောင်တိမ်း၍နေကြပါ၊ ငါ နတ်ရွာစံသောအခါ လာ၍ မင်းပြုကြလော့" ဟု မှာကြား၍ မျက်ရည်ယိုစီးကာ လွမ်းဆွတ်ပူဆွေးလျက်ပင် သားကြီးနှစ်ယောက်တို့ကို တောသို့ လွှတ်လိုက်၏။

## သားတော်သုံးပါး တောထွက်သွား

သားကြီးနှစ်ယောက်တို့လည်း အဖမင်းကြီး၏ စကားကို မြေဝယ်မကျ နားထောင်ကာ အဖကို ရှိခိုးကန်တော့ပြီးလျှင် နန်းပြာသာဒ်မှ ဆင်းသက်လာကြ၏။ နောင်တော်ကြီးတို့ကို နန်းရင်ပြင်၌ကစားနေသော သူရိယမင်းသား မြင်လေလျှင် အကြောင်းစုံကိုသိ၍ "ငါလည်းမနေလို၊ အစ်ကိုကြီးတို့နှင့်အတူ လိုက်နေမည်" ဟု မင်းသားကြီးတို့နှင့်အတူထွက်ကာ ဟိမဝန္တာတောသို့ ဝင်ကြကုန်၏။

ဟိမဝန္တာတောသို့ရောက်လျှင် မင်းသားသုံးယောက်တို့သည် မောပန်းလှ သဖြင့် သစ်ပင်ရင်းတစ်ခုတွင် နားနေခိုက် နောင်တော်ကြီး မဟိံသမင်းသားက သူရိယမင်းသားကို "ညီထွေး သူရိယ၊ မောပန်းလှပြီ ရေသောက်ရအောင် ရေခပ်ချေ" ဟု စေခိုင်းလေလျှင် သူရိယမင်းသားလည်း အနီးရှိရေအိုင်သို့ ရေခပ်သွားလေ၏။

## ဒေဝဓမ္မမသိ ဘီလူးစာမိ

ထိုရေအိုင်ကား ဒကရက္ခိုသ်တစ်ယောက် စောင့်ရှောက်သော ရေအိုင် ဖြစ်သည်။ ထိုဒကရက္ခိုသ်ကို ဝေဿဝဏ်နတ်မင်းကြီးက "သင်သည် ရေအိုင်တွင်းသို့ ဆင်းသက်သောသူများတွင် ဒေဝဓမ္မတရားကို မသိသူများကိုသာ စားလေ" ဟု အပိုင်စားရရှိလေသည်။ သို့အတွက် ရေအိုင်သို့ဆင်းသက်သူများတွင် ဒေဝဓမ္မတရား မသိသူများကို စားမြဲဖြစ်သည်။

သူရိယမင်းသားလည်း ရေအိုင်သို့ရောက်လျှင် မစူးစမ်း မဆင်ခြင်ဘဲ ရေခပ်ရန် ဆင်းသက်လေ၏။ အိုင်စောင့်ဖြစ်သော ဒကရက္ခိုသ်လည်း သူရိယမင်းသားကို ဖမ်းဆီးကာ "အသင်လူသား ... သင်သည် ဒေဝဓမ္မတရားကို

သိ၏လော” ဟု မေးလေလျှင် သူရိယမင်းသားလည်း “ဒေဝဓမ္မတရားကား နေလ နှစ်ပါးဖြစ်သည်” ဟု ပြောလေလျှင် “သင်ကား ဒေဝဓမ္မတရားကိုမသိ” ဟု ဆို၍ မိမိနေရာဗိမာန်၌ ထားလေ၏။

မဟိံသမင်းသားလည်း “သူရိယမင်းသား ရေခပ်သွားသည်မှာ ကြာမြင့်လှသည်” ဟု စန္ဒမင်းသားကို ထပ်မံ၍လွှတ်ပြန်၏။ စန္ဒမင်းသားလည်း ရေအိုင်သို့ ရောက်၍ ဆင်းသက်ပြန်လျှင် ဒကရက္ခိုသ်သည် ဖမ်းဆီးကာ ဒေဝဓမ္မတရားကို မေးသောအခါ စန္ဒမင်းသားက “ဒေဝဓမ္မတရားဆိုသည်မှာ အရပ်လေးမျက်နှာဖြစ်သည်” ဟု ဖြေလေလျှင် “သင်လည်း ဒေဝဓမ္မတရားကိုမသိ” ဟုဆို၍ သူရိယမင်းသားနှင့် အတူထားပြန်၏။

## ဘီလူးနှင့်တွေ့ လောင်းမဟော့

ဘုရားအလောင်း မဟိံသမင်းသားလည်း စန္ဒမင်းသား ကြာမြင့်ပြန်သော် “တစ်ခုခုသော ဘေးအန္တရာယ်ဖြစ်ရာသည်” ဟု စိုးရိမ်ကြဲဆကာ ထိုရေအိုင်သို့ ကိုယ်တိုင်သွား၍ ကြည့်ရှုဆင်ခြင်သောအခါ ညီတော်တို့ တက်သောခြေရာကိုမမြင်၊ ဆင်းသောခြေရာကိုသာမြင်၍ “ဤရေအိုင်ကား ဒကရက္ခိုသ်စောင့်သော ရေအိုင်ဖြစ်လိမ့်မည်” ဟု ဆုံးဖြတ်လျက် သန်လျက်ကိုလွယ်၍ လေးကိုကိုင်စွဲကာ ကမ်းနားတွင် ရပ်လေ၏။

ဒကရက္ခိုသ်လည်း မဟိံသမင်းသား ရေအိုင်သို့ မဆင်းသည်ကိုမြင်လျှင် တောသွား ယောကျာ်းအဟန် ဖန်ဆင်းကာ –

“အို ယောကျာ်း ... ရေအိုင်သို့ဆင်းသက်ကာ ရေကိုသောက်ချိုးလျက် ကြာပန်းတို့ကို ပန်ဆင်၍ ကြာစွယ် ကြာရင်းတို့ကို အဘယ်ကြောင့် မစားသနည်း” ဟု ပြောလေလျှင်

မဟိံသမင်းသားလည်း ရေစောင့်ဘီလူးမှန်းသိ၍

မေး။ သင်သည် ငါ့ညီတော်နှစ်ယောက်တို့ကို ဖမ်းထားသည်မဟုတ်လော။

ဖြေ။ ဖမ်းထားပါသည်။

မေး။ အဘယ်ကြောင့် ဖမ်းထားသနည်း။

ဖြေ။ ရေအိုင်သို့ဆင်းသောကြောင့် ဖမ်းထားပါသည်။

မေး။ ဆင်းသူတိုင်း ဖမ်းထားနိုင်သလော။

ဖြေ။ မဖမ်းနိုင်ပါ၊ ဒေဝဓမ္မတရားကို မသိသောသူကိုသာ ဖမ်းထားနိုင်ပါသည်။

မေး။ သင်သည် ဒေဝဓမ္မတရားကို အလိုရှိသလော။

ဖြေ။ အလိုရှိပါသည်။

မေး။ ငါ ဒေဝဓမ္မတရားကို ဟောမည်။

ဖြေ။ ကောင်းပြီ၊ ဟောပါ နာလိုပါသည်။

ထိုအခါ မဟိံသမင်းသားသည် "ငါ့မှာ ညစ်နွမ်းသောကိုယ်ဖြင့် မဟောနိုင်ပါ" ဟု ဆိုလေလျှင် ရေအိုင်သို့ဆင်းသက်ကာ ရေချိုးစေပြီးလျှင် နံ့သာရည်တို့ကို လိမ်းကျံစေလျက် တရားပလ္လင်ပေါ်၌ နေစေပြီးလျှင် ဟောစေ၏။ ဒကရက္ခိုသ်လည်း ရိုသေစွာ နာယူလေ၏။

**ဒေဝဓမ္မတရားတော်**

"အို ရေစောင့်ဘီလူး ... ဒုစရိုက်ကိုပြုရမည်မှ ရှက်ခြင်း ဟိရီနှင့် အကုသိုလ် ဒုစရိုက်ကိုပြုရမည်မှ ကြောက်ခြင်း ဩတ္တပ္ပတရားတို့ကို ဒေဝဓမ္မခေါ်ပါသည်။ တစ်နည်း ဟိရီ၊ ဩတ္တပ္ပတရားတို့ကို ကျင့်သူတို့ကိုလည်း ဒေဝဓမ္မခေါ်ပါသည်" - ဟု ဟောလေ၏။

## ကြည်ညိုအထူး နတ်ဘီလူး

ရေစောင့်ဘီလူးလည်း ဒေဝဓမ္မတရားကို ကြားနာရသောအခါ အလွန် ကြည်ညို၍ မဟိံသမင်းသားအား "ကျေးဇူးရှင် ပညာရှိ ... အသင့်ကို ကြည်ညို သည့်အတွက် ညီတစ်ယောက်ကို ပေးပါမည်၊ အဘယ်ညီကို ခေါ်ဆောင်ခဲ့ရမည်နည်း" ဟု မေးလေ၏။ ညီငယ်ကိုခေါ်ဆောင်ခဲ့ပါဟု ဆိုလေလျှင် "အသင်ပညာရှိ ...

အသင်ကား စင်စစ် ဒေဝဓမ္မတရားကို သိသူမှန်၏၊ ကျင့်သူမဟုတ်ပေ၊ အဘယ်ကြောင့် ညီငယ်ကိုတောင်းဘိသနည်း၊ အကြီးကို ချီးမြှောက်သင့်သည်မဟုတ်ပါလော” ဟုဆိုကာ ကဲ့ရဲ့လေ၏။

မဟိံသမင်းသားလည်း “အို ရေစောင့်ဘီလူး ... ငါကား ဒေဝဓမ္မတရားကို သိလည်းသိ၏၊ ကျင့်လည်းကျင့်၏။ ညီငယ်ကိုတောင်းရသည်မှာ ညီငယ်၏မိခင်သည် ညီငယ့်အတွက် မင်းအဖြစ်ကို အဖန်ဖန်တောင်းသည်။ ငါတို့ဖခင်ကြီးက မပေးလို၍ ပစ်ပယ်ကာ သားကြီးတွေဘေးရန်ကင်းအောင် တောသို့သွားစေရာ ညီငယ်လိုက်လာခဲ့သည်။ ၎င်းကို ဘီလူးစားသည်ဟုပြောလျှင် ယုံကြည်ကြမည်မဟုတ်၊ ငါ့ကို ကဲ့ရဲ့ပြစ်တင်ကြပေမည်။ သို့အတွက် ညီငယ်ကိုတောင်းရသည်” ဟု ဆိုလေ၏။

ဒကရက္ခိုသ်လည်း မဟိံသမင်းသားအား အတိုင်းထက်အလွန် ကြည်ညို၍ ညီတော် နှစ်ယောက်လုံးကိုပေးလေ၏။ မဟိံသမင်းသား ဆုံးမသည့်အတိုင်း အကုသိုလ်ဒုစရိုက်ကိုလည်း ရှောင်ကြဉ်လေ၏။

## ပြည်တော်အပြန် ထီးနန်းစံ

တစ်နေ့သ၌ မဟိံသမင်းသားသည် နက္ခတ်တာရာတို့ကို ကြည့်ရှုကာ အဖမင်းကြီး နတ်ရွာစံကြောင်းသိ၍ ညီတော်တို့နှင့် တိုင်းပြည်သို့ပြန်ပြီးလျှင် တရားသဖြင့် မင်းပြုကာ ညီတော် စန္ဒမင်းသားအား အိမ်ရှေ့မင်းအရာ၊ သူရိယမင်းသားအား စစ်သူကြီးအရာကို ပေးလေ၏။

ဤဇာတ်တော်ကို ဟောတော်မူသည့်အဆုံး၌ ပစ္စည်းဥစ္စာပေါ်များသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ၂၈။ မတကဘတ္တဇာတ်

## ယဇ်နတ်အမှု စီရင်ပြု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဗေဒင်သုံးပုံဝယ် တစ်ဖက်ကမ်းရောက် တတ်မြောက်သဖြင့် ဒိသာပါမောက္ခ

ဖြစ်သော ဆရာပုဏ္ဏားသည် မတကဘတ်ကို လှူဒါန်းလို၍ တပည့်တို့ကိုခေါ်ကာ "အမောင်တို့ ... ဤဆိတ်ကုလား (သိုး) တစ်ကောင်ကို မြစ်တွင် ရေချိုးပြီးလျှင် လည်ပင်း၌ ပန်းကုံးစွပ်၍ နံ့သာဖြင့် လက်ငါးချောင်းရာရိုက်နှိပ်ပြီး ငါ့ထံသို့ ဆောင်ယူခဲ့ကြ" ဟု စေခိုင်းလေ၏။

## ငို၊ ရယ်ပြုကာ မေးသောခါ

တပည့်တို့လည်း ဆရာပုဏ္ဏား စေခိုင်းသောအတိုင်း ပြုလုပ်စီမံပြီးလျှင် ဆရာ့ထံ ဆိတ်ကုလားတစ်ကောင်ကို ဆောင်ယူခဲ့ကြကုန်၏။ ဆိတ်ကုလားသည် ဇာတိဿရဉာဏ်ကိုရ၍ ရှေးဘဝက အဖြစ်အပျက်ကိုသိသဖြင့် ရှေးဦးစွာ ဟက်ဟက်ပက်ပက်ရယ်ပြီးနောက် ကျူကျူချကာ ငိုပြန်လေ၏။

ထိုအခါ ဆရာပုဏ္ဏားက အလွန်အံ့ဩကာ "အချင်းဆိတ် ... သင်ကား ရှေးဦးစွာ ဟက်ဟက်ပက်ပက် ရယ်ဘိ၏။ နောက် ကျူကျူချကာ ငိုပြန်၏။ အကြောင်း အဘယ်သို့ရှိသနည်း။ အကြောင်းစုံရှင်းလင်း၍ ပြောကြားပါ" ဟု ဆိုလေ၏။

## ဇာတိဿရ-ရ ပြန်ပြောပြ

ဆိတ်က ဆရာပုဏ္ဏားအား -

"အို ပုဏ္ဏား ... အကျွန်ုပ်ကား ရှေးအခါ အသင်ကဲ့သို့ ဗေဒင်သုံးပုံကို တတ်မြောက်သော ပုဏ္ဏားဖြစ်၍ မတကဘတ်ကိုလှူဒါန်းရန် ဆိတ်ကုလားတစ်ကောင်ကို သတ်ခဲ့ဖူးသော ပါဏာတိပါတ အကုသိုလ်ကံကြောင့် လေးရာကိုးဆယ့်ကိုးဘဝတို့၌ ခေါင်းပြတ်၍ သေခဲ့ဖူးပြီ။ ဤဘဝကား ဘဝငါးရာပြည့်မည့် နောက်ဆုံးဘဝဖြစ်သည်။ ငါ့မှာ ဤဘဝကလွန်လျှင် ခေါင်းပြတ်၍သေရမည့်ဆင်းရဲမှ လွတ်ရမည်ဖြစ်၍ ဝမ်းသာလှသဖြင့် ဟက်ဟက်ပက်ပက် ရယ်မိပါသည်။"

"အသင်ပုဏ္ဏားမှာ ယနေ့ ငါ့ကိုသတ်သည့် ပါဏာတိပါတ အကုသိုလ်ကံကြောင့် ဘဝငါးရာ ခေါင်းပြတ်၍သေရမည့် ဆင်းရဲအတွက် သနားလှသဖြင့် ကျူကျူချကာ ငိုမိပါသည်" ဟု အကြောင်းစုံ ပြောကြားလေ၏။

**စောင့်ရှောက်သော်လည်း ကျိုးမပြီး**

ပုဏ္ဏားလည်း သတိသံဝေဂရသဖြင့် "အချင်းဆိတ် ... မကြောက်ပါလင့်၊ သင့်ကို ငါမသတ်ပါ" "အသင်ပုဏ္ဏား အသင်မသတ်သော်လည်း ငါ့မှာ သေခြင်းက မလွတ်နိုင်၊ မုချသေရတော့မည်" "အချင်းဆိတ် ... မကြောက်လင့်၊ သင့်မှာ ဘေးရန်မရှိအောင် ငါတို့ ဆရာတပည့်တစ်တွေ စောင့်ရှောက်မည်" "ပုဏ္ဏား ... သင်တို့အစောင့်အရှောက်ကား နည်းပါးလှသည်၊ ငါပြုလုပ်ထားသော အကုသိုလ်ကံကား ကြီးမားလှ၏" ဟု ဆိုလေ၏။ ပုဏ္ဏားကြီးသည် ဆိတ်ကိုလွတ်ကာ တပည့်အပေါင်းခြံရံလျက် စောင့်ရှောက်၍ လိုက်လေ၏။

ဆိတ်လည်း လွှတ်လျှင်ပင် ကျောက်ဖျာတစ်ခုတွင် ကပ်၍ပေါက်နေသော ချုံမှ သစ်ရွက်ကို စားမည်ဟု ခေါင်းကိုမော့လျက် ကြိုးစားနေစဉ် ကျောက်ဖျာ၌ မိုးကြိုးကျလျက် ကျောက်ချပ်လွှာတစ်ခု ကွဲပြတ်ကာ ဆန့်တန်းနေသော လည်ပင်း အပေါ်သို့ကျ၍ ခေါင်းပြတ် သေရရှာလေ၏။

**အလောင်းတော်နတ်သား ဟောမိန့်ကြား**

ထိုအခါ ရုက္ခစိုးနတ်သည် စည်းဝေးရောက်လာသော လူအများကို မြင်စေ၍ ကိုယ်ထင်ပြကာ ကောင်းကင်ပြင်၌နေလျက် -

"အို အချင်းတို့ ... သတ္တဝါကို သတ်ဖြတ်ညှဉ်းဆဲသောသူကား အပါယ်လေးပါးသို့ ကျရောက်လျက် ခံစားရခြင်းဆင်းရဲ၊ ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်း ဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊ သေရခြင်း ဆင်းရဲ၊ ချစ်သူနှင့်ကွဲကွာရခြင်း ဆင်းရဲ၊ မုန်းသူနှင့် အတူနေရခြင်းဆင်းရဲ၊ ခြေပြတ်ခြင်း၊ လက်ပြတ်ခြင်း စသော ဆင်းရဲ အမျိုးမျိုးတို့ကို တွေ့ကြုံခံစားရသည်၊ သို့အတွက် သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြပါ"

ဟု ငရဲဘေးဖြင့် ခြိမ်းခြောက်ကာ သာယာစွာသောအသံဖြင့် တရားဟောပြီးလျှင် လူအများအား သီလ၌တည်စေ၏။ လူအများလည်း တရားရကာ ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြသဖြင့် သေလွန်သောအခါ နတ်ပြည်သို့ လားကြရကုန်၏။

## ၂၉။ နဠကပါနဇာတ်

### ဘီလူးစိုးစံ ကျူရေကန်

လွန်လေပြီးသောအခါ လူနေနှင့်ဝေးသော တောအရပ်ဝယ် ကျူပင်တို့ ဝန်းရံလျက် ပေါက်နေသော ရေကန်တစ်ခု ရှိသတတ်။ ထိုရေကန်ကို ကျူပင်တို့ ဝန်းရံလျက် ပေါက်နေသည့်အတွက် နဠကပါနရေကန်ဟု ခေါ်ဝေါ်ပညတ်ကြ၏။ ထိုရေကန်တွင် သက်ဆင်းသော လူသား၊ ငှက် စသော သတ္တဝါတို့ကို စားသောက်နိုင်ရန် ဝေဿဝဏ်နတ်မင်းကြီးထံမှ အမိန့်ကို ခံယူရရှိကာ အုပ်စိုး၍နေသော ဒကရက္ခိုသ် ရေစောင့်ဘီလူးသည် နေထိုင်လေ၏။

### မျောက်မင်းမိန့်ဟ ဩဝါဒ

ရေကန်အနီးဝယ် သမင်ငယ်ပမာဏ ကိုယ်လုံးရှိသော မျောက်မင်းသည် မျောက်ရှစ်သောင်း ခြံရံကာနေ၏။ ထိုမျောက်မင်းသည် မျောက်အပေါင်းတို့ကို "အမောင်တို့ ... ဤတောဝယ် အဆိပ်ပင်များရှိကုန်၏၊ ဒကရက္ခိုသ်စောင့်သော ရေကန်များလည်း ရှိကုန်၏၊ သို့အတွက် သင်တို့သည် မစားဖူးသော သစ်သီး၊ သစ်ရွက်နှင့် မသောက်ဖူးသော ရေတို့ကို ငါ့ကိုမပန်ကြားဘဲ မစားမသောက်ကြလေနှင့်" ဟု ဩဝါဒပေး၍ထားလေ၏။

တစ်နေ့သ၌ မျောက်တို့သည် ရှေးအခါကမရောက်ဖူးသော တော၌ ကျက်စားသွားလာကြသဖြင့် ရေငတ်သဖြင့် ရေကို ရှာလတ်သော် ရေကန်တစ်ခုကို မြင်သော်လည်း သောက်ဖူးသော ရေကန်မဟုတ်သည့်အတွက် မသောက်ဝံ့ကြဘဲ မျောက်မင်းအလာကိုသာ ငံ့မျှော်ကာ နေကြကုန်၏။

### ကေန်တိတိ ဘီလူးရှိ

မျောက်မင်းလာလတ်သော် "အမောင်တို့ ... အဘယ်ကြောင့် ရေကို မသောက်ကြသေးသနည်း" ဟု မေးလျှင် မျောက်များက အရှင်မျောက်မင်း မလာသေး၍ ငံ့ဆိုင်းနေပါကြောင်းကို လျှောက်ထားကြလေ၏။ မျောက်မင်းလည်း "ကောင်းပြီ" ဟု ရေကန်နားသို့သွားကာ ဆင်ခြင်လတ်သော် ဆင်းသက်သော ခြေရာများကိုသာ မြင်ရ၍ တက်သောခြေရာများကို မမြင်ရသဖြင့် ဤရေကန်မှာ

ရေစောင့်ဘီလူး မုချရှိရမည်ဟု ဆုံးဖြတ်ကာ "အမောင်တို့ ... ရေမသောက်နှင့်ကြ သည်မှာ ကောင်းသည်၊ ဤရေကန်မှာ ရေစောင့်ဘီလူးရှိသည်" ဟု ပြောလေ၏။

**ဘီလူး၊ မျောက်မင်း မေး၊ ဖြေခြင်း**

ရေစောင့်ဘီလူးလည်း ညိုမည်းသောဝမ်းဗိုက်၊ ဖြူသောမျက်နှာ၊ နီမြန်းသော လက်ခြေတို့ဖြင့် ဖောက်ပြန်သောအဆင်းကိုပြလျက် ရေထဲမှ ဘွားဘွားပေါ်လာလျက် "အို မျောက်အပေါင်းတို့ ... ရေသောက်ကြကုန်လော့" ဟု တိုက်တွန်းလေ၏။ ထိုအခါ မျောက်မင်းက ရေစောင့်ဘီလူးမှန်း အတတ်သိ၍ -

မေး။ အသင် ရေကန်စောင့်ဘီလူး ဒကရက္ခိုသ် မဟုတ်လော။

ဖြေ။ ဟုတ်ပါသည်။

မေး။ အသင် ဘယ်သတ္တဝါတို့ကို စားနိုင်ပါသနည်း။

ဖြေ။ ရေကန်သို့ဆင်းသက်သော သတ္တဝါတို့ကိုသာ စားနိုင်ပါသည်။ မဆင်း သက်သော သတ္တဝါတို့ကို မစားနိုင်ပါ။ အသင် ငါတို့ကို စားနိုင်မည်မဟုတ်။

မေး။ အသင်တို့ ရေသောက်ကြမည် မဟုတ်လော။

ဖြေ။ ယခုပဲ သောက်ကြမည်၊ သို့သော်လည်း သင်ပိုင်ဆိုင်ရာ နယ်နိမိတ်သို့ မဆင်းဘဲ သောက်ကြမည်။

မေး။ မဆင်းဘဲ ဘယ်လိုသောက်ကြမည်နည်း။

ဖြေ။ ငါတို့ ကျူရိုးဖြင့် ကမ်းပေါ်မှနေ၍ သောက်ကြမည်၊ ထိုအခါ အသင် စားခွင့်ရလိမ့်မည်မဟုတ် - ဟု ပြောဆိုပြီးလျှင် ကျူတစ်ပင်ကို နုတ်ယူစေ၍ ကမ္ဘာပေါင်းများစွာ ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီတော်တို့ကို ဆင်ခြင်သုံးသပ်ပြီးလျှင် "ဤကျူပင်နှင့် တကွ ရေကန်ကို ဝန်းရံလျက် ပေါက်နေသော ကျူပင်တို့သည် အရင်းက အဖျား တိုင်အောင် အဆစ် အပိတ်မရှိ တစ်စပ်တည်း အခေါင်းပေါက်စေသတည်း" ဟု သစ္စာဓိဋ္ဌာန် ပြုကာ ပါးစပ်ဖြင့် မှုတ်လေ၏။ ထိုအခါမှစ၍ ရေကန်ကိုဝန်းရံလျက် ပေါက်နေသော ကျူပင်တို့သည် မျောက်မင်း၏ သစ္စာဓိဋ္ဌာန်ကြောင့်

ဤဘဒ္ဒကမ္ဘာ ကုန်ဆုံးသည့်တိုင်အောင် အဆစ်အပိတ်မရှိ တစ်စပ်တည်း အခေါင်းပေါက်ချည်းဖြစ်၍ တည်ကုန်၏။

မျောက်အပေါင်းတို့လည်း ကျူရိုးတစ်ချောင်းစီ ယူကြကုန်လျက် ကန်ကို ဝန်းရံပြီးလျှင် ကမ်းနားမှနေ၍ အသီးအသီး ကျူရိုးတို့ဖြင့်စုပ်ယူကာ ရေကို သောက်ကြကုန်၏။ ရေစောင့်ဘီလူးလည်း မျောက်တစ်ကောင်ကိုမျှ မစားရဘဲ နှလုံးမသာ ဖြစ်၍ မိမိနေရာသို့ သွားလေ၏။ မျောက်မင်းနှင့်တကွ မျောက်အပေါင်းတို့လည်း မိမိတို့နေရာ တောသို့ ဝင်ကြကုန်၏။

## ၃၀။ မဟိဠာမုခဇာတ်

### လူမိုက်စကား ဆင်တော်ကြား

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် မင်းကိုဆုံးမတတ်သော ပညာရှိအမတ် ဖြစ်သတတ်။ ထိုမင်းအား မဟိဠာမုခ မည်သော မင်္ဂလာဆင်တော်တစ်စီးလည်း ရှိ၏။ အကျင့်သီလနှင့် ပြည့်စုံ၏။ သူတစ်ပါးကို မညှဉ်းဆဲတတ်၊ အလွန်သဘောကောင်း၏။

တစ်နေ့သ၌ မဟိဠာမုခ ဆင်တော်နေသော ဆင်တင်းကုပ်အနီးဝယ် ညဉ့်အခါ သူခိုးတို့လာကုန်၍ "ဤသို့ ခြံစပ်ကိုဖောက်ရမည်၊ ဤသို့ ဥမင်လိုဏ်ကို တူးရမည်၊ ဤလိုသတ်ရမည်၊ ဤလိုညှဉ်းဆဲရမည်၊ ဤသို့တိုက်ရမည်၊ ဤသို့ လုယက်ရမည်၊ ခိုးသောသူမှာ သီလစောင့်နေရမည်မဟုတ်၊ အကျင့်ကောင်းနေရမည် မဟုတ်" ဟု ရက်စက်ကြမ်းကြုတ်ရန် တိုင်ပင်ကြကုန်၏။

### မင်္ဂလာဆင်ယဉ် စိတ်ကြမ်းဝင်

ဤသို့ နေ့စဉ်တိုင်ပင်ဖန်များလတ်သော် မဟိဠာမုခဆင် ကြား၍ "ဤသူတို့ ငါ့ကို သင်ပြနည်းပေးကြသည်" ဟု ထင်မှတ်၍ အတုခိုးကာ ငါလည်း ရက်စက် ကြမ်းကြုတ်မည်ဟု ကြံစည်ပြီးလျှင် နံနက်စောစောတွင်လာသော ဆင်ထိန်းကို

နှာမောင်းဖြင့်ယူလျက် မြေကြီးမှာရိုက်၍ သတ်လေ၏။ ဤသို့ လာတိုင်း လာတိုင်းသော သူတို့ကို ရိုက်သတ်၍ နေလေ၏။

ထိုအခါ လူတို့သည် မင်းကြီးထံသွား၍ "အရှင်မင်းကြီး ... မဟိဥ္စာမုခ ဆင်တော်သည် ရူးသွပ်လေပြီ၊ လာတိုင်း လာတိုင်းသောသူတို့ကို ရိုက်သတ်လေပြီ" ဟု လျှောက်ကြလေလျှင် မင်းကြီးလည်း ပညာရှိအမတ်ကို စုံစမ်းရန် စေလွှတ်လေ၏။

**အမတ်ပညာရှိ စုံစမ်းသိ**

ပညာရှိအမတ်လည်း ဆင်တင်းကုပ်သို့သွား၍ စုံစမ်းရာ ဆင်တော်၌ အနာရောဂါမရှိသည်ကိုသိ၍ ဆက်လက်စုံစမ်းပြန်ရာ ဆင်တင်းကုပ်အနီးတွင် ကြမ်းကြုတ်သော စကားကို လာ၍ပြောကြလိမ့်မည်၊ ဆင်တော်လည်း ၎င်းကိုလာ၍ သင်ကြသည် ထင်မှတ်ကာ ကြမ်းကြုတ်သည်ဖြစ်လိမ့်မည်ဟု ဆင်ခြင်လျက် ဆင်ထိန်းကိုခေါ်၍ "အချင်းဆင်ထိန်း ... ဤဆင်တင်းကုပ်အနီးတွင် ကြမ်းကြုတ်သောစကားကို လာ၍ ပြောကြသလော" ဟု မေးလေ၏။ ဆင်ထိန်းက "အရှင် ... သူခိုးတွေ ညဉ့်အခါ လာ၍ ခဏခဏတိုင်ပင်ကြသည်" ဟု ပြောလေ၏။

ထိုအခါ ပညာရှိအမတ်သည် မင်းထံသို့ပြန်ကာ "အရှင်မင်းကြီး ... ဆင်တော်မှာ တစ်စုံတစ်ခု အနာရောဂါမရှိ၊ သူခိုးတွေတိုင်ပင်သံ ခဏခဏကြားသော အခါ သူ့ကို လာ၍သင်ကြားကြသည် အမှတ်ရှိကာ အကျင့်သီလပျက်၍ ကြမ်းကြုတ် ရက်စက်နေပါသည်" ဟု လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးက "ပညာရှိ ... ယခု အသို့ပြုရမည်နည်း" မေးပြန်၏။ "အရှင်မင်းကြီး ... ရဟန်း၊ ပုဏ္ဏား အစရှိသော သူတော်ကောင်းတို့ကို ပင့်ဖိတ်ကာ ဆင်တင်ကုပ်တွင် ဆွေးနွေးတိုင်ပင် ရမည်" ဟု လျှောက်ထားပြန်၏။ မင်းကြီးက "ပညာရှိ ... သင်လျှောက်ထားသည့် အတိုင်း ပြုလုပ်ပါ" ဟု တောင်းပန်လေ၏။

**ဆင်တော်အပါး ကောင်းစကား**

ပညာရှိအမတ်လည်း ရဟန်းပုဏ္ဏားတို့ကို ပင့်ဖိတ်၍ ဆင်တင်းကုပ်တွင် သူ့အသက်ကို မသတ်ရ၊ မညှဉ်းဆဲရ၊ မခိုးမဝှက်ရ၊ သိမ်မွေ့နူးညံ့သောစိတ် ရှိရမည်၊ မေတ္တာ ကရုဏာရှိရမည် စသည် ဟောပြောတိုင်ပင်ကြသောအခါ ဆင်တော်သည်

မိမိကို သင်ကြားကြသည်ဟု အမှတ်ရှိကာ အတုခိုးလျက် အကျင့်သီလနှင့်ပြည့်စုံကာ သဘောကောင်းလာလေ၏။

မင်းကြီးလည်း မဟိဋ္ဌာမုခဆင်တော် အကျင့်သီလရှိလာကြောင်း သိလေလျှင် ဤပညာရှိအမတ်ကြီးကား လူ၏အလိုသာ သိသည်မဟုတ်၊ တိရစ္ဆာန်၏အလိုကိုပင် သိနိုင်ပေသည်ဟု ချီးမွမ်းအံ့ဩပြီးလျှင် ပညာရှိအမတ်အား စည်းစိမ်များစွာပေး၍ ချီးမြှောက်တော်မူ၏။

## ၃၁။ နစ္စဇာတ်

### ဟင်္သာမအရေး ငှက်စည်းဝေး

လွန်လေပြီးသောအခါ ကမ္ဘာဦးဝယ် အခြေလေးချောင်းရှိ သတ္တဝါတို့သည် ခြင်္သေ့ကို မင်းမြှောက်ကြကုန်၏။ ငါးတို့သည် အာနန္ဒာငါးကို မင်းမြှောက်ကြကုန်၏။ ငှက်တို့သည် ရွှေဟင်္သာကို မင်းမြှောက်ကြကုန်၏။

ထိုရွှေဟင်္သာမင်း၏သမီး ဟင်္သာမငယ်သည် အလွန်အဆင်းလှ၏။ အဘဟင်္သာမင်းသည် သမီးအား မိမိအလိုရှိရာလင်ကို ယူလော့ဟု ဆုပေးထားလေ၏။ သို့အတွက် ရွှေဟင်္သာမင်းသည် သမီးအလိုရှိသောလင်ကို စုံစမ်းရှာဖွေရန် ဟိမဝန္တာရှိ ငှက်အပေါင်းတို့ကို စည်းဝေးစေ၏။ ဟင်္သာ ဥဒေါင်း စသော ငှက်အပေါင်းတို့သည် တပေါင်းတည်းပြုလျက် ကျောက်ဖျာကြီးတစ်ခုဝယ် စည်းဝေးကြကုန်၏။

### ဟင်္သာမကလေး ဥဒေါင်းရွေး

ဟင်္သာမင်းသည် သမီးကိုခေါ်စေ၍ မိမိကြိုက်နှစ်သက်ရာ လင်ကို အရွေး ခိုင်း၏။ ဟင်္သာမငယ်လည်း ငှက်အပေါင်းတို့တွင် ကြည့်ရှုလတ်သော် လှပဆန်းကြယ်သော ဥဒေါင်းကိုမြင်၍ ဤဥဒေါင်းကို ကြိုက်နှစ်သက်သည်ဟု ပြောကြားလေ၏။

ထိုအခါ ငှက်အပေါင်းတို့သည် ဥဒေါင်းသို့ကပ်၍ "အချင်းဥဒေါင်း ... ငှက်တွေ အများအပြားရှိပါလျက် ဟင်္သာမငယ်သည် သင်ဥဒေါင်းကိုသာ ကြိုက်နှစ်သက်ပေသည်" ဟု ပြောဆိုကာ ချီးမွမ်းအံ့ဩကြကုန်၏။

**ရှက်၊ ကြောက်မဖုံး မယားဆုံး**

ဥဒေါင်းလည်း ငြိမ်ငြိမ်မနေဘဲ "ငှက်အပေါင်းကား ယနေ့တိုင်အောင်ပင် ငါ့အစွမ်းကို မသိ မမြင်ကြကုန်သေး၊ ငါ ယခုပြမည်" ဟု အလွန်ဝမ်းမြောက်လှသဖြင့် အရှက်၊ အကြောက်ကို မငဲ့နိုင်ဘဲ ငှက်တို့အလယ်တွင် အတောင်နှစ်ဖက်ကိုဖြန့်ကာ အမြီးကိုထောင်လျက် က လေ၏။

ထိုအခါ မပေါ်သင့်သောကိုယ်အင်္ဂါ ပေါ်သဖြင့် ရွှေဟင်္သာမင်းက "ဤဥဒေါင်းကား အရှက်၊ အကြောက်မရှိ၊ ငှက်တို့အလယ်မှာ ထ၍ကဘိသည်၊ ငါ့သမီးနှင့် မထိုက်တန်"ဟု ငှက်အပေါင်းတို့အား ပြောကြားလေ၏။ ထို့နောက် မိမိ၏ တူရင်းဖြစ်သော ဟင်္သာငယ်နှင့် ပေးစားကာ ထိမ်းမြားလက်ထပ်လေ၏။

ဥဒေါင်းလည်း ဟင်္သာမငယ်ကို မရသဖြင့် ရှက်လှ၍ ထိုအရပ်တွင် မနေဝံ့ဘဲ ပြေးလေ၏။

## ၃၂။ တေမိယဇာတ်

**စကားမပြောသူမင်းသား**

ရှေးအခါက ဗာရာဏသီပြည် ကာသိကရာဇ်မင်း၏ မိဖုရားကြီး စန္ဒာဒေဝီသည် သားတော်တစ်ပါး ဖွားမြင်ရာနေ့၌ မိုးကြီးသည်းထန်စွာရွာ၍ လူအများ ဝမ်းမြောက်ကြသောကြောင့် တေမိယမင်းသားဟု အမည်ပေးသည်။

တစ်လသားအရွယ်တွင် ခမည်းတော်ကြီးက ခိုးသားလေးယောက်ကို အပြစ်ပေးစီရင်သည်။ ထိုမြင်ကွင်းကြောင့် သံဝေဂရလျက် မင်းအဖြစ်ကို စက်ဆုပ်နေ၏။ ဘဝဟောင်းက မယ်တော် ထီးဖြူစောင့်နတ်သမီး၏ အကြံပေးချက်အရ မင်းပြုရမည်ကို ကြောက်သောကြောင့် ဆွံ့အနားထိုင်းဟန်ဆောင်၍ နေခဲ့သည်။

ခမည်းတော် မယ်တော်တို့က ငယ်စဉ်မှစ၍ နို့ဖြတ်ထားခြင်း၊ စားချင်စဖွယ်မုန့်များ၊ သစ်သီးများပြ၍ စမ်းသပ်ခြင်း၊ ကစားစရာများဖြင့် စမ်းသပ်ခြင်း၊

မီးပုံဝိုင်း၍ စမ်းသပ်ခြင်း၊ ဆင်ဖြင့် ခြိမ်းခြောက်၍ စမ်းသပ်ခြင်း စသည်ဖြင့် စကား ပြောလာစေရန် အနည်းနည်းဖြင့် စမ်းသပ်ကြသည်။ တေမိယမင်းသားသည် စကားလုံးဝမပြောဘဲ သည်းခံချုပ်တည်း၍သာ နေသည်။ ထိုမှတစ်ဆင့် တစ်နှစ်ပြီးတစ်နှစ် ကြီးပြင်းလာတိုင်း တစ်နည်းစီပြောင်း၍ အလိုစမ်းကြသည်။ မြွေဖြင့်လည်းကောင်း၊ ကပွဲများဖြင့်လည်းကောင်း၊ ဆီမီးရောင်ကွယ်၍လည်းကောင်း၊ တင်လဲဖြင့်လည်းကောင်း၊ မစင်ဖြင့်လည်းကောင်း၊ အငြိမ့် မင်းသမီးဖြင့်လည်းကောင်း၊ အဆင့်ဆင့် အလိုစမ်းသော်လည်း မင်းသားသည် စကားလုံးဝမပြောချေ။

မင်းကြီးသည် စိတ်ပျက်၍ ပုဏ္ဏားတို့ အကြံပေးချက်အရ သတို့သားကို မြေမြှုပ်၍ သတ်ရန် သုနန္ဒရထားမှူးထံ အပ်လိုက်သည်။ ရထားမှူးက တောသို့ ခေါ်ယူသွားပြီးမြေမြှုပ်ရန် တွင်းကိုတူးလေသော် တေမိယမင်းသားက စကားပြောရန် အချိန်သင့်ပြီဟု ယူဆကာ မိတ္တပူဇာတရားဆယ်ပါးကို ဟောကြားသည်။

ရထားမှူးသည် ထိုအကြောင်းကို မင်းကြီးအား အကြောင်းစုံ သံတော်ဦး တင်လေရာ မယ်တော်၊ ခမည်းတော်တို့ လိုက်လာကြသည်။ မင်းသားလည်း ရဟန်းပြုပြီးဖြစ်၍ ထီးနန်းကိုလက်မခံဘဲ တော၌သာ တရားအားထုတ် နေလေတော့သည်။ ခမည်းတော် မယ်တော်နှင့် ပြည်သူပြည်သားများသာမက ပြည်နီးချင်း ခုနစ်ပြည်ထောင်မင်းများပါ ရဟန်းပြုကြသည်။

## ၃၃။ မဟာဇနကဇာတ်

### (လုံ့လဝီရိယအကျိုး ခံစားရသူ)

ရှေးအခါက ဝိဒေဟရာဇ်တိုင်း မိထိလာပြည်တွင် မဟာဇနကမင်းကြီး နတ်ရွာစံလျှင် သားတော်ကြီး အရိဋ္ဌဇနက မင်းပြု၍ သားတော်ငယ် ပေါလဇနကသည် အိမ်ရှေ့စံအရာရသည်။ နောင်တော်မင်းသည် သူတစ်ပါး ကုန်းချောမှုကြောင့် ညီတော်ကို မယုံကြည်၍ ဖမ်းဆီးရာမှ ညီနောင်နှစ်ဦး စစ်ပြိုင်ကြသည်။ နောင်တော်စစ်ရှုံး၍ စစ်ပွဲ၌ကျလေလျှင် မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာဖြင့် သူဆင်းရဲအသွင်ဆောင်၍ ထွက်ပြေးတိမ်းရှောင်ရသည်။

မိဖုရားကြီးသည် ကာလစမ္ပာနဂိုရ်ပြည်သို့ရောက်သော် ဒိသာပါမောက္ခ ဖြစ်သော ဥဒိစ္စပုဏ္ဏားကြီးက ပြုစုစောင့်ရှောက်ထားရာ အချိန်ရောက်လျှင် သားတော်ကိုဖွားမြင်၍ မဟာဇနကဟု အမည်ပေးထားသည်။

မင်းသားအရွယ်ရောက်လျှင် ခမည်းတော်၏ မိထိလာပြည်ကို ပြန်သိမ်းနိုင်ဖို့ ဥစ္စာရရှိရေးအတွက် သင်္ဘောဖြင့် ကုန်ကူးထွက်ရန် မယ်တော်ထံ ခွင့်တောင်းသည်။ မယ်တော်ကတားမြစ်သော်လည်း တောင်းပန်၍ သင်္ဘောထွက်ခဲ့ရာ ပင်လယ်တွင် လေပြင်းကျသောကြောင့် သင်္ဘောနစ်လေသည်။ မင်းသားလည်း လုံ့လထုတ်၍ ပင်လယ်တွင်ကူးခတ်ရာ ပင်လယ်စောင့် မဏိမေခလာနတ်သမီးက ဆယ်တင်၍ မိထိလာပြည် ကျောက်ဖျာထက်၌ ထားခဲ့လေသည်။

ပေါလဇနကမင်း နတ်ရွာစံသည်မှာ ခုနစ်ရက်ရှိပြီဖြစ်၍ သမီးတော် သီဝလိဒေဝီတစ်ပါးသာ ကျန်ခဲ့သဖြင့် မင်းလောင်း ရှာဖွေရန် ဖုဿရထားကို စေလွှတ်ကြသည်။ ရထားသည် မင်းသားအိပ်စက်ရာကျောက်ဖျာ၌ ဆိုက်၍ မင်းသားကို နန်းတော်သို့ ခေါ်ဆောင်သွားသည်။ ထို့နောက် မင်းသားသည် ရာဇပလ္လင်၏ ခေါင်းရင်းဘက်ကို ပြနိုင်ခြင်း၊ လေးတော်တင်နိုင်ခြင်း၊ ရွှေအိုး တစ်ဆယ့်ခြောက်လုံးကို ဖော်ပေးနိုင်ခြင်းတို့ကြောင့် ဘုန်းကံရှင်မှန်းသိ၍ နန်းတင်ကြသည်။ တစ်နေ့သော် မင်းကြီးသည် သရက်ဥယျာဉ်သို့ ထွက်ရာမှ သံဝေဂရ၍တောထွက်ကာ တရားကျင့်ပြီး နေလေသည်။

## ၃၄။ သုဝဏ္ဏသာမဇာတ်

### (သစ္စာတရား၏အကျိုးကြီးမားပုံ)

ဗာရာဏသီပြည်အနီး မြစ်ကမ်းတစ်ဖက်ရှိ တံငါရွာသူကြီးတစ်ဦး၏သား ဒုကူလကို အခြားတံငါသည် ရွာသူကြီး တစ်ဦး၏သမီး ပါရိကာနှင့် နှစ်ဖက်မိဘတို့ကတိရှိသည့်အတိုင်း လက်ထပ်ပေးကြသည်။

ဒုကူလနှင့် ပါရိကာတို့သည် ပါရမီရှင်များပီပီ အိမ်ထောင်မှုကို စက်ဆုပ်၍ တောထွက်ကာ ရသေ့ဝတ်နေကြသည်။ သိကြားမင်းက ရသေ့တို့သည် တစ်နေ့နေ့

တွင် မျက်စိကွယ်မည်ကို သိသဖြင့် လုပ်ကျွေးမည့် သားသမီးရစေရန် ပါရိကာ၏ ချက်ကို လက်ဖြင့်သုံးသပ်စေရာမှ သားတော် သုဝဏ္ဏသာမကို ဖွားမြင်ခဲ့သည်။

တစ်နေ့တွင် ဒုကူလနှင့် ပါရိကာတို့ တောင်ပို့တစ်ခု၌ မိုးခိုနေရာ မြွေအဆိပ်မှုတ်သဖြင့် မျက်စိကွယ်ကြရသည်။ သားသုဝဏ္ဏသာမက လိုက်လံရှာဖွေ၍ ကျောင်းသို့ခေါ်လာပြီး ဆက်လက်လုပ်ကျွေးပြုစုသည်။

တစ်နေ့သော် သုဝဏ္ဏသာမသည် သမင်များနှင့်အတူ ရေခပ်ဆင်းရာ တောကစားထွက်လာသော ဗာရာဏသီပြည့်ရှင် ပီဠိယက္ခမင်းက လူလော၊ နတ်လော၊ နဂါးလောဟု သိလိုစိတ်ကြောင့် မြားဖြင့်ပစ်လိုက်သည်။ သုဝဏ္ဏသာမသည် မြားထိ၍ လဲကျသွားသည်။ မင်းကြီးက ပြေးသွားလျက် အကျိုးအကြောင်း မေးမြန်းသည့်အခါ မျက်မမြင်မိဘများကို လုပ်ကျွေးနေကြောင်း သိရ၍ စိတ်မကောင်းဖြစ်သွားသည်။ သုဝဏ္ဏသာမကမူ မြားဆိပ်ကြောင့် မေ့မြောသွားသည်။

ထိုအခါ ရှေးခုနစ်ဘဝက သုဝဏ္ဏသာမ၏ မိခင်ဖြစ်ဖူးခဲ့သော ဗဟုသုန္ဒရီနတ်သမီး ရောက်လာ၍ မင်းကြီးအား သုဝဏ္ဏသာမ၏ မိဘများထံ သွားရောက်လုပ်ကျွေးရန် တိုက်တွန်းစေလွှတ်သည်။ မိဘများထံရောက်လျှင် မင်းကြီးက အကြောင်းစုံပြောပြ၍ ဒုကူလနှင့် ပါရိကာတို့ကို သုဝဏ္ဏသာမရှိရာသို့ ခေါ်ဆောင်လာခဲ့ရာ မိဘများက ငိုကြွေးကြသည်။ တစ်ဦးစီလည်း သစ္စာတိုင်တည်ကြသည်။ နတ်သမီးကလည်း သစ္စာတိုင်တည်သည်။ ထိုအခါ သုဝဏ္ဏသာမလည်း အကောင်း ပကတိ ပြန်ဖြစ်သွားကာ မိဘများလည်း မျက်စိမြင်သွားကြသည်။ ထို့နောက် သုဝဏ္ဏသာမက အားလုံးတို့အား တရားဟော ပြောသည်။

## ၃၅။ နေမိဇာတ်

## (ငရဲခန်းနှင့် နတ်ဘုံများကို မြင်တွေ့ခဲ့ရသူ)

ရှေးအခါ၌ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်တွင် မဃဒေဝမင်းကြီးသည် ထိုမင်းမျိုးတွင် သန္ဓေယူကာ နေမိမင်းသားအဖြစ် ဖွားမြင်လာလေသည်။

အရွယ်ရောက်၍ မင်းဖြစ်သော် ဒါနက မြတ်သလော၊ သီလက မြတ်သလော ဟူသော ပြဿနာကို မဝေခွဲနိုင်ဖြစ်နေရာ သိကြားမင်းက သီလကမြတ်ကြောင်း လာရောက်ရှင်းပြသည်။ ထို့နောက် သိကြားမင်းပြန်၍ တာဝတိံသာပြည်ရောက်လျှင် နေမိမင်းကြီးအကြောင်းကို သုဓမ္မာသဘင်၌ ပြောပြရာ နတ်အပေါင်းက နေမိမင်းကြီးကို ဖူးမြော်လိုကြောင်း တောင်းပန်သဖြင့် နတ်ပြည်သို့ပင့်ဆောင်သည်။

မာတလိနတ်သားသည် နေမိမင်းကြီးအား ငရဲပြည်မှ ဖြတ်သန်းခေါ်ဆောင်ရာ ကြိမ်ပိုက်ချောင်း ငရဲ၊ ခွေးကျားကြီး ငရဲ၊ မီးတောက် ငရဲ၊ မီးကျီးတွင်း ငရဲ၊ သံအိုး ငရဲ၊ ပြာပူမြစ် ငရဲ၊ လက်နက် ငရဲ၊ ဦးစောက်ကျ ငရဲနှင့် လက်ပံတော ငရဲဘုံများကို ဖြတ်သန်းသွားရလေသည်။ ငရဲသားတို့သည် သူတို့ အကုသိုလ်အလျောက် ခံစားရပုံများကို နေမိမင်းကြီးအား မာတလိနတ်သားက ရှင်းပြသည်။

ထို့နောက် ရထားဖြင့် ကောင်းကင်ခရီးနှင်လေရာ တောင်စဉ်ခုနစ်ထပ်သို့ မရောက်မီ နတ်တို့၏ အမျိုးမျိုးသော ဗိမာန်တို့ကို ဖြတ်သန်းရ၍ မည်သည့်ကောင်းမှု ပြုခဲ့၍ မည်သို့ခံစားရပုံများကို မာတလိနတ်သားက မင်းကြီးအား ရှင်းပြသည်။

ထို့နောက် သိကြားမင်းက ကြာမြင့်သဖြင့် အမြန်လာရန် မာတလိနတ်သားကို ခေါ်ယူသောကြောင့် စတုမဟာရာဇ် နတ်ဘုံကိုဖြတ်ကာ တာဝတိံသာ နတ်ဘုံ သိကြားမင်းထံ ရောက်ရှိလေသည်။ ထို့နောက်မင်းကြီးသည် နတ်ပရိသတ်အား ဒါန၊ သီလအကျိုးများကို ဟောပြောကာ လူ့ပြည်သို့ ဆင်းသက်ခဲ့ပြီး လူအများကို ပြန်ပြောင်းပြောပြသည်။ တတိယအရွယ် ရောက်၍ ဆံဖြူတစ်ချောင်းမြင်လျှင် တောထွက်တော်မူသည်။

## ၃၆။ မဟာဥမင်(မဟောသဓာ)ဇာတ်

### (ပညာဖြင့် အောင်စေနိုင်သူ)

ရှေးအခါက ဝိဒေဟရာဇ်တိုင်း မိထိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီး၌ သေနက၊ ပက္ကုသ၊ ကာမိန္ဒနှင့် ဒေဝိန္ဒဟူ၍ အမတ်ကြီးလေးဦးရှိသည်။ မြို့တော်အနီး

ပါစီနယဝ မဏ္ဍနိဂုံးရွာ၌ သီရိဝဍ္ဎန သူဌေးနှင့် သုမနာဒေဝီတို့မှ သားတစ်ယောက် ဖွားမြင်ရာ မဟောသဓာဟု အမည်ပေးကြသည်။ မင်းကြီးသည် အိပ်မက်အရ အရပ်ရပ်တွင် ပညာရှာစေရာ ကလေးဘဝ မဟာသဓာ ကြီးကြပ်ဆောက်လုပ်သည့် ဇရပ်ကို တွေ့မြင်ရလေသဖြင့် မဟောသဓာကို စောင့်ကြည့်ကြသည်။

မဟောသဓာကား ဉာဏ်ပညာထူးခြားလှ၍ အမဲသားချီသွားသော စွန်ကိုလိုက်၍ ခြောက်လှန့်ပေးခြင်း၊ နွားခိုးသူကို ဖော်ထုတ်ပေးခြင်း၊ လည်ရွဲခိုးမှု၊ ချည်ထွေးခိုးမှု၊ သားလုမှုနှင့် မယားလုမှုတို့ကို စီရင်ဆုံးဖြတ်ပေးနိုင်ခြင်း၊ ရထားခိုးမှု၊ ရှားလုံတံအရင်းအဖျားဖော်မှု၊ ဦးခေါင်းခွံ ခွဲခြားမှု၊ မြွေဖိုမြွေမ ခွဲခြားမှု၊ မင်းကြီး၏ ကြက်ပြဿနာ၊ ရေကန်ပြဿနာ၊ မြည်းပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်ခဲ့သည်။

မဟောသဓာအား မင်းကြီး၏ မိဖုရား ဥဒုမ္ဗရဒေဝီက ကောက်ယူမွေးစား ခဲ့သည်။ အရွယ်ရောက်လျှင် ဥတ္တရယဝ မဏ္ဍနိဂုံးရွာမှ အမရာနှင့် လက်ထပ် ပေးကြသည်။ မဟောသဓာက ပညာသာ၍ မှူးမတ်များက ကုန်းချောသဖြင့် အကြိမ်ကြိမ် တိမ်းရှောင်ရပြီး ခက်ခဲသောပြဿနာပေါ်သည့်အခါ မဟောသဓာကိုသာ ရှာဖွေ ဖြေရှင်းခိုင်းရသည်။

ထိုအခါ ကပိလဝတ်တိုင်း ပဉ္စာလရာဇ်ပြည် စူဠနီဗြဟ္မဒတ်မင်း၌ ကေဝဋ္ဋအမည်ရှိ အမတ်တစ်ဦးရှိသည်။ ထိုမင်းက ဝိဒေဟရာဇ်ပြည်ကို သိမ်းလိုသဖြင့် ဝိဒေဟရာဇ်မင်းအား သမီးတော်ပေးဆက်လိုကြောင်း ဖိတ်ကြားကာ ပွဲသဘင်၌ အဆိပ်ခတ်၍ သတ်ရန်စီစဉ်သည်။ မဟောသဓာက သူလျှိုမှတစ်ဆင့် အဖြစ်မှန်သိ၍ သူရဲတစ်ထောင်ကိုလွှတ်ကာ အဆိပ်ပါ အရက်အိုးများကို ခွဲပစ်စေသည်။ စူဠနီဗြဟ္မဒတ်မင်း စစ်ချီလာသော် မဟောသဓာသည် ကျေးသားအကူအညီဖြင့် သတင်းယူ၍ ဥမင်လိုဏ်ခေါင်းတူးကာ ပဉ္စလရာဇ်မင်းက ဝိဒေဟရာဇ်ပြည်ကို ထပ်မံဝိုင်းရံသော်လည်း သူ၏မိဖုရား၊ သားတော်နှင့် သမီးတော်များ ရန်သူ့လက်တွင်းရှိနေ၍ အရှုံးပေးလိုက်ရသည်။ မဟောသဓာလည်း ဆုလာဘ်များ ရရှိသည်။ နှစ်ပြည်ထောင်လည်း သင့်မြတ်သွားသည်။

# ၃၇။ ဘူရိဒတ္တဇာတ်

## (သီလဆောက်တည်သူ နဂါးမင်း)

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် အိမ်ရှေ့အရာ ထားသော သားတော်သည် မင်းကြီးကို အန္တရာယ်ပြုမည်စိုးသောကြောင့် တောသို့ပို့လျက် ရသေ့ပြုနေစေသည်။ တစ်နေ့သောအခါ နဂါးပြည်မှ နဂါးမရောက်လာ၍ ရသေ့နှင့်သင့်မြတ်ကာ သား သာဂရနှင့် သမီး သမုဒ္ဒဇာတို့ ဖွားမြင်လာသည်။ ခမည်းတော်နတ်ရွာစံ၍ မင်းသားတိုင်းပြည်သို့ ပြန်လာသော် နဂါးမကို မိဖုရားအဖြစ် စံမြန်းရန်ခေါ်သော်လည်း နဂါးမကား မလိုက်ဘဲ နဂါးပြည်သို့ပြန်လေသည်။

ထိုအခါ လိပ်တစ်ကောင်သည် နဂါးပြည်သို့ ရောက်သွားပြီး သူ့ကိုသူ တမန်ဟုလိမ်လည်ပြောဆိုရာမှ ဓတရဋ္ဌနဂါးမင်းက တမန်ဆိုသူလိပ်မှတစ်ဆင့် မင်းကြီး၏သမီးသမုဒ္ဒဇာကို တောင်းသည်။ သမုဒ္ဒဇာကို နဂါးမင်း၏ တောင်းဆိုချက်အရ နဂါးပြည်သို့ဆက်လေရာ သုဒဿန၊ ဒတ္တ၊ သုဘောဂ၊ အရိဋ္ဌဟူသော သားတော်လေးပါးဖွားမြင်သည်။ သားတော်လေးပါး အရွယ်ရောက်လျှင် နဂါးပြည်ကို ငါးပိုင်းပိုင်း၍ အသီးသီးစံစေသည်။ ဒတ္တသည် ပြဿနာများဖြေနိုင်၍ ဘူရိဒတ်အမည် ရလေသည်။

ဘူရိဒတ်သည် သိကြားမင်းဖြစ်လိုသောကြောင့် ခွင့်ပန်ကာ ဉပုသ်စောင့် လေသည်။ ထိုအခါ ဗာရာဏသီပြည်အနီးနေ နေသာဒပုဏ္ဏားသားအဖကို နဂါးပြည်ခေါ်သွားလျက် ပြုစုထားသည်။ ပုဏ္ဏားပြန်လိုသော် ပတ္တမြားကိုပေးရာ ပုဏ္ဏားကမယူဘဲ ဗာရာဏသီသို့ ပြန်လေသည်။

တစ်နေ့တွင် ပုဏ္ဏားတစ်ယောက်သည် ရသေ့ထံမှ မန္တာန်နှင့်တကွ အလမ္ပာယ်အတတ်ကိုရ၍ ဘူရိဒတ်၏ နဂါးမများ ပျော်စံရာသို့လာရာ နဂါးမများ ထွက်ပြေးကြသော်လည်း ပတ္တမြားကို ရလိုက်လေသည်။ ထိုသူ့ထံမှ ပတ္တမြားကို နေသာဒ ပုဏ္ဏားမြင်လျှင် ရလိုပြန်သဖြင့် ဘူရိဒတ်နဂါး၏ နေရာကိုပြလိုက်လေသည်။ ဘူရိဒတ်၏မယ်တော်နှင့် ညီတော်များက လိုက်ရှာသော် မတွေ့ရချေ။ အလမ္ပာယ်နောက်သို့ သုဒဿနလိုက်ရာ ဗာရာဏသီနန်းရင်ပြင်၌ ပြန်တွေ့ရသည်။

သုဒဿနက ရသေ့အသွင်ဖြင့် ဘူရိဒတ်၏ နမဝမ်းကွဲ အဇမုခီက ဖားယောင်ဆောင်ကာ ပုဏ္ဏားနှင့် အလောင်းအစားတိုက်ရာ ပုဏ္ဏားရှုံး၍ ဘူရိဒတ်ကို လွှတ်လိုက်ရသည်။ ဘူရိဒတ်နှင့် နဂါးများ နဂါးပြည်တွင် ပြန်၍ဆုံမိကြသည်။ ပုဏ္ဏားကို နဂါးပြည်သို့ ခေါ်ဆောင်သွားပြီး သုဘောဂက ယစ်ပူဇော်ခြင်းကို ချီးကျူးသဖြင့် ဘူရိဒတ်က အမြင်မှန်ရအောင် တရားဟောကြားသည်။

## ၃၈။ စန္ဒကုမာရဇာတ်

## (အမှန်တရားကိုသာ စီရင်သူ)

ရှေးအခါက ပုပ္ဖဝတီမည်သော ဗာရာဏသီပြည်ဟောင်းတွင် ဝသဝတ္တိမင်းသား၏သား မင်းပြုရာ ထိုမင်း၏သား စန္ဒကုမာရသည် အိမ်ရှေ့မင်းဖြစ်လာသည်။ ထိုမင်း၌ ခဏ္ဍဟာလပုဏ္ဏားအမတ်ရှိရာ ထိုအမတ်သည် တရားဆုံးဖြတ်ရာ၌ လာဘ်စားလေ့ရှိကာ မမှန်မကန်လည်း ဆုံးဖြတ်လေ့ရှိသည်။

တစ်ခါတွင် မတရားသဖြင့် တရားရှုံးခဲ့သူတစ်ဦး၏အမှုကို စန္ဒကုမာရက မှန်ကန်စွာစီရင်ပေးရာ ခမည်းတော်မင်းကြီးက ပုဏ္ဏားအား ရာထူးချကာ စန္ဒကုမာရမင်းသားကို လွှတ်တက်စီရင်စေသဖြင့် ခဏ္ဍဟာလပုဏ္ဏားက အငြိုးဖွဲ့တော့သည်။

တစ်နေ့တွင် မင်းကြီးသည် တာဝတိံသာနတ်ပြည်သို့ရောက်လိုသဖြင့် ပုဏ္ဏားထံ အကြံတောင်းခံသောအခါ ပုဏ္ဏားက သားတော်လေးပါး၊ သမီးတော်လေးပါး၊ မိဖုရားကြီးလေးပါး၊ သူဌေးကြီးလေးဦး၊ ဆင်လေးစီး၊ မြင်းလေးစီး၊ နွားလား ဥသဘ လေးစီးတို့ဖြင့် ယစ်ပူဇော်ရန် တိုက်တွန်း၍ပူဇော်ရန် ပြင်ဆင်ထားသည်။

မင်းကြီး၏မယ်တော် ခမည်းတော်နှင့် ပြည်သူပြည်သားတို့က စိတ်မချမ်းမသာ ဖြစ်ကြ၍ ဝင်ရောက်တောင်းပန် ကြသည်။ စန္ဒကုမာရမင်းသားကလည်း မိမိကိုပုဏ္ဏား ရန်ငြိုးဖွဲ့ရန် ကြံစည်ကြောင်း သိရသဖြင့် တရားဟောပြောတောင်းပန်သည်။ မင်းကြီးလည်းသနားပြီး အချို့ကို ပြန်လွှတ်လိုက်၊ တဖန်ပြန်၍ ဖမ်းလိုက်နှင့် အကြိမ်ကြိမ် စိတ်မတည်မကျ ဖြစ်နေသည်။

နောက်ဆုံး ယဇ်ပူဇော်မည့်သူအားလုံး ယဇ်တွင်းသို့ ဆောင်ယူလေသော် မိဖုရားဂေါတမီက တောင်းပန်သော်လည်း မရပေ။ မင်းသားတို့၏လည်ကို ဖြတ်တော့မည့်ဆဲဆဲတွင် မင်းသား၏အိမ်ရှေ့မိဖုရား စန္ဒာဒေဝီက သစ္စာပြု၍ နတ်အပေါင်းတို့ကို တိုင်တည်သဖြင့် သိကြားမင်းသိရ၍ ရဲရဲတောက် လှံတံကိုဝင့်လျက် ပုဏ္ဏားအားခြိမ်းခြောက်လေသည်။ ထိုအခါမှ သေအံ့ဆဲဆဲ လူနှင့်ဆင်မြင်းတို့ ချမ်းသာရာရကြသည်။ ပြည်သူတို့က မင်းတို့ကိုဖယ်၍ စန္ဒကုမာရကို ထီးနန်း အပ်ကြရာ ခမည်းတော်အား အဝတ်အစားထောက်ပံ့ကာ ဆက်လက် မင်းပြု လေသည်။

## ၃၉။ နာရဒဇာတ်

## (အမြင်မှန်ရသွားသူ)

ရှေးအခါက ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ အင်္ဂတိမင်းကြီးတွင် အဆင်းလှသောသမီးတော် ရုဇာဒေဝီရှိ၍ မင်းသမီးအား ဘုံခုနစ်ဆင့် ပြာသာဒ်၌ ထားပြီး အလှူပေးရန် တစ်လခွဲလျှင် တစ်ကြိမ်ကျ ဥစ္စာတစ်ထောင်ပေးသည်။

တစ်နေ့ မင်းကြီးသည် သာယာသော တန်ဆောင်မုန်းလပြည့်ညတွင် မည်သည့်အမှုကိုဆောင်ရွက်ရန် သင့်မည်ကို အမတ်တို့အားမေးရာ တရားဆွေးနွေးရန် အတွက် အလာတအမတ်ကြီးက တိတ္ထိတို့ထံ ဆည်းကပ်ရန် အကြံပေးသည်။ မင်းကြီးလည်း ကဿပတက္ကတွန်းကို ဆည်းကပ်ရာ အလှူသည် အကျိုးမရှိ၊ မီး၊ မြေ၊ ရေ၊ လေ၊ ချမ်းသာ၊ ဆင်းရဲ၊ အသက်တို့မြဲသည် စသည်ဖြင့် တက္ကတွန်း ဟောပြောသည်။

မင်းကြီးလည်း သို့ဖြစ်လျှင် ကာမဂုဏ်စည်းစိမ်ခံစား၍ နေတော့မည်ဟု ဆုံးဖြတ်ကာ ပြည်အရေးကို အမတ်တို့အား လွှဲလျက် အလှူဇရပ်ကို ဖျက်ဆီးပြီး မိန်းမပျိုများကို အနိုင်အထက်သိမ်းယူလေရာ ပြည်သူတို့မကျေမနပ်ဖြစ်ကြသည်။ ထိုအကြောင်းကို သမီးတော်ရုဇာဒေဝီမင်းသမီးသိလျှင် ခမည်းတော်အား သူမိုက်တို့ကို ဆည်းကပ်သည်မှာ မှားကြောင်း၊ ကောင်းမှုအကျိုးကြောင့် စံရသကဲ့သို့ မကောင်းမှုအပြစ်ကိုလည်း ခံရမည်သာဖြစ်ကြောင်း၊ မိမိသည် အတိတ်ဘဝက

ရွှေပန်းထိမ်သည်၏ သားဖြစ်စဉ် သူတစ်ပါး သားမယားကိုပြစ်မှားမိခဲ့၍ ဘဝအဆက်ဆက် သင်းကွပ်ခံရပြီး မိန်းမအဖြစ် ခုနစ်ဘဝခံစားရမည်ဖြစ်ကြောင်း စသည်ဖြင့် အတိတ်ကိုပြောပြ၍ ဟောပြသော်လည်း ခမည်းတော်သည် အယူမှားကို မစွန့်ဘဲနေလေသည်။

ထိုအခါ မင်းသမီးက မလျှော့ဘဲ တရားစောင့်သူတို့ လာရောက်ဟောပြောတော်မူပါလော့ဟု တိုင်တည်လျှင် နာရဒဗြဟ္မာသည် ရသေ့အသွင်ဖြင့် ကောင်းကင်မှဆင်းလာလေသော် မင်းကြီးထိတ်လန့်၍ ထိုအကြောင်းကိုမေးမိမိသည် ကောင်းမှုအကျိုးကြောင့် ချာန်ပျံနိုင်ကြောင်းနှင့် တမလွန်လောက ရှိကြောင်းများကို ရသေ့ကဟောပြသည်။ ထို့နောက် ရုဇာမင်းသမီးကို ချီးမွမ်း၍ မိဖုရားအခြွေအရံ ပရိသတ်များကို ဆုံးမကာ ပြဟ္မာ့ပြည်သို့ ပြန်လေသည်။ မင်းကြီးလည်း အမြင်မှန်ရသွားတော့သည်။

# ၄၀။ ဝိဓုရဇာတ်

## (နဂါးပြည်၌ တရားဟောသော ဝိဓုရသုခမိန်)

ရှေးအခါက ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်တွင် ဓနဥ္စယကောရဗျ မင်းကြီးစိုးစံစဉ် ထိုမင်းတွင် ဝိဓုရမည်သော ပညာရှိအမတ် သုခမိန် တစ်ယောက် ရှိသည်။

ဗာရာဏသီပြည် ပုဏ္ဏားသူကြွယ်လေးဦး ရဟန်းပြု၍ တရားအားထုတ်ရာ တစ်ယောက်က တာဝတိံသာ၌ သိကြားမင်း၊ တစ်ယောက်က ဝရုဏနဂါးမင်း၊ တစ်ယောက်က ဂဠုန်မင်း၊ တစ်ယောက်က ဓနဥ္စယမင်း၏ သားတော် ကောရဗျ မင်းတို့ ဖြစ်လာကြသည်။

ထိုလေးပါးတို့တွင် မည်သူ၏သီလက ပို၍မြတ်သလဲဟု ပြဿနာဖြစ်၍ ဝိဓုရအမတ်က ဆုံးဖြတ်ပေးခဲ့ရာမှ ဝိဓုရ အမတ်သည် ထင်ရှားလာသည်။ ဝရုဏနဂါးမင်းက ပတ္တမြားကိုပေးခဲ့ပြီး နဂါးပြည်ပြန်သည်။ နဂါးမင်း၏ မိဖုရား

ဝိမလာဒေဝီက ပတ္တမြားကို မေးရာမှ ဝိဓုရ၏ ပညာသတင်းကိုကြားသဖြင့် ဝိဓုရကိုပင် လက်ဆောင်ပေးရန် ပရိယာယ်ဖြင့် နာမကျန်းပြုပြီး ဝိဓုရ၏ နှလုံးသားကိုရမှ အသက်ရှင်မည့်အကြောင်း ပြောပြသည်။

ဝရုဏနဂါးမင်းလည်း သမီးဣရန္ဓတိကိုခေါ်၍ ဝိဓုရ၏နှလုံးသားကို ယူပေးနိုင်မည့် လင်ကိုရှာချေဟု စေခိုင်းလိုက်ရာ ဣရန္ဓတိသည် ကာဠမျက်စဉ်းတောင်ထိပ်၌ တေးဖွဲ့စပ်ဆိုနေရာ ဝေဿဝဏ်နတ်မင်းကြီး၏တူ ပုဏ္ဏကမည်သော နတ်ဘီလူး စစ်သူကြီးသည် အစည်းအဝေးသွားခိုက် တွေ့မြင်၍ မိမိပင်ဝိဓုရ၏ နှလုံးသားကို ပေးယူမည်ဟု ဝန်ခံခဲ့သည်။ နဂါးမင်းကြီးကလည်း သဘောတူကာ တာဝန်ပေးလိုက်သည်။

ထို့နောက် ပုဏ္ဏကနတ်ဘီလူးသည် ဝေဿဝဏ်နတ်မင်းကြီးကို ခွင့်တောင်းကာ ဝေပုလ္လတောင်ထိပ်မှ မနောဟရ ပတ္တမြားကို ထုတ်ယူလျက် လောင်းကြေးအဖြစ်ထားပြီး ကောရဗျမင်းကြီးနှင့် ကြွေအန်ကစားရန် စကားဆိုသည်။ မင်းကြီးက မိမိလောင်းကြေးအဖြစ် မိမိကိုယ်၊ မိဖုရားနှင့် ထီးနန်းမှအပ လိုရာယူရန် လောင်းကြေးပြုကာ ကြွေအန်ကစားကြလေသည်။

နောက်ဆုံး၌ ပုဏ္ဏကနိုင်၍ ဝိဓုရအမတ်ကိုတောင်းကာ မြင်း၏အမြီးတွင် ချည်ပြီးခေါ်ဆောင်သွားသည်။ ကာဠတောင်ထိပ်တွင် ဝိဓုရကိုသတ်ပြီး နှလုံးကို ထုတ်ယူရန် အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းသော် ဝိဓုရက အကြောင်းရင်းကိုမေး၍ နဂါးမင်း၏မိဖုရား ဝိမလာဒေဝီက တရားကိုနာလိုကြောင်းသိသဖြင့် ပုဏ္ဏကကို တရားဟောပြသည်။ ပုဏ္ဏကက တောင်းပန်ပြီး နဂါးပြည်သို့ပို့ပေး၍ ဝိမလာဒေဝီကို တရားဟောပြရာ ပုဏ္ဏကသည် ဣရန္ဓတိကို ရလေသည်။ ဝိဓုရကိုလည်း သိန္ဓောမြင်းနှင့်တင်၍ ဆုလာဘ်ပေးကာ မင်းကြီးထံ ပြန်ပို့လေသည်။

## ၄၁။ ဝေဿန္တရာဇာတ်

## (သားမယားကိုပင် လှူသောမင်း)

ရှေးအခါက သိဝိတိုင်း စေတုတ္တရာပြည်၌ သိဝိမင်းကြီး၏ သားတော် သိဥ္စည်းမင်းသား အရွယ်ရောက်လျှင် မဒ္ဒရာဇ်မင်း၏သမီး ဖုဿဝတီဒေဝီနှင့် ထိမ်းမြားကာ ထီးနန်းအပ်နှင်းခံရသည်။

မိဖုရားသန္ဓေရှိသောအခါ လှူဒါန်းလိုသော ချင်ခြင်းဖြစ်၍ အလှူဇရပ် ခြောက်ဆောင်ဆောက်ကာ နေ့စဉ်အသပြာ ခြောက်သိန်းဖိုးလှူသည်။ မိဖုရားက သားတော်တစ်ပါး ဖွားမြင်ရာ ဝေဿန္တရာဟု အမည်မှည့်သည်။ ထို့နေ့တွင် ဆင်ဖြူတော်လည်း ရောက်လေသည်။

ဝေဿန္တရာမင်းသားသည် ငယ်စဉ်ကတည်းက အလှူအတန်းရက်ရော၍ မိမိလည်ဆွဲကို အကြိမ်ကြိမ်ချွတ်လှူ ဖူးသည်။ အရွယ်ရောက်လျှင် မဒ္ဒရာဇ်မင်း၏ သမီးတော်မဒ္ဒီဒေဝီနှင့် ထိမ်းမြားကာ ထီးနန်းစံရသည်။ မဒ္ဒီဒေဝီမှ သားတော် ဇာလီမင်းသားနှင့် သမီးတော် ကဏှာဇိန်တို့ ဖွားမြင်ကြသည်။

တစ်နေ့တွင် ကာလိင်္ဂပြည်၌ မိုးခေါင်၍ ဝေဿန္တရာမင်းထံ ဆင်ဖြူတော်ကို အလှူခံလေရာ ဝေဿန္တရာမင်းက လှူလိုက်သည်။ ပြည်သူတို့က အမျက်ထွက်၍ တိုင်းပြည်မှ နှင်ထုတ်ပေးရန် တောင်းဆိုကြသဖြင့် သိဥ္စည်းမင်းကြီးက ဝေဿန္တရာအား တိုင်းပြည်မှ နှင်ထုတ်ပေးသည်။ မယ်တော်က တောင်းပန်သော်လည်း မရချေ။

ဝေဿန္တရာမင်းကြီးသည် မဒ္ဒီဒေဝီ၊ သားတော်၊ သမီးတော်တို့နှင့်အတူ တိုင်းပြည်မှထွက်၍ သုဝဏ္ဏဂိရိတာလတောင်၊ ကောန္တိမာရမြစ်၊ တုဏ္ဍဝီနာလိဒဏ္ဍာရွာ၊ မဒ္ဒတိုင်း၊ ဂန္ဓမာဒနတောင်၊ ဝေပုလ္လတောင်၊ ကေတုမတီမြစ်၊ နာလိက ကျောက်တောင်၊ မုစ္စလိန္ဒာအိုင် တို့ကိုဖြတ်၍ ဝင်္ကပါတောင်သို့ ရောက်ရှိနေထိုင်ကာ ရသေ့ပြုနေသည်။

တစ်နေ့သော် ကလိင်္ဂတိုင်းမှ ဇူဇကာပုဏ္ဏားသည် ဇနီးအတွက် ကျွန်ရရှိရန် ဝေဿန္တရာမင်း၏ သားတော် သမီးတော်တို့ကို အလှူခံ၍ ခေါ်သွားရာ မဒ္ဒီဒေဝီ

သစ်သီးရှာရာမှ ပြန်ရောက်၍သိသော် ငိုကြွေးရှာသည်။ ဇူဇကာသည် ကလေးနှစ်ယောက်ကို ယူဆောင်လာစဉ် သိဝိုည်းမင်းကြီး တွေ့မြင်၍ မြေးတော်များဖြစ်ကြောင်း သိရကာ အဖိုးအခပေးပြီး ရွေးယူသည်။ ဇူဇကာလည်း စားပိုးနင့်၍ သေလေသည်။

သိဝိုည်းမင်းကြီးသည် ဆင်ဖြူတော်လည်း ပြန်ရပြီဖြစ်၍ သားတော်ဝေဿန္တရာနှင့် မဒ္ဒီဒေဝီတို့ကို ပြန်ခေါ်ရန် ဝင်္ကပါတောင်သို့ လိုက်သွားပြီးဆုံမိကြစဉ် ပေါက္ခရဝဿမိုးကြီး ရွာလေသည်။ ထို့နောက် ပြည်တော်သို့ ပြန်ကြ၍ ဆက်လက်မင်းပြုလေသည်။

**အခန်း(၆)ပြီး၏။**

# အခန်း(၇)

## အခြေခံ အဘိဓမ္မာ

အဘိဓမ္မာဘာသာရပ်တွင် သင်ရမည့်အကြောင်းအရာ (ဝါ) ဓမ္မတို့သည် ပရမတ္ထဓမ္မနှင့် ပညတ္တိဓမ္မတို့ဖြစ်သည်။ ပရမတ္ထဓမ္မကို ပါဠိသက် ဝေါဟာရအားဖြင့် ပရမတ်တရားဟုခေါ်၍ ပညတ္တိဓမ္မကိုမူ ပညတ်တရားဟု ခေါ်ပေသည်။

**ပရမတ္ထတရား (၄)ပါး**

ပရမတ္ထတရားသည်-

၁။ စိတ်

၂။ စေတသိက်

၃။ ရုပ်

၄။ နိဗ္ဗာန်ဟူ၍ လေးပါးအပြားရှိပါသည်။

မိမိ၏ပင်ကိုသဘောမှ မဖေါက်ပြန်သည်ဖြစ်၍ မှန်ကန်တည့်မတ် မြတ်သောကြောင့် ပရမတ္ထဟုခေါ်ပါသည်။ မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာအာရုံဖြစ်သောကြောင့်လည်း ပရမတ္ထဟုခေါ်ပါသည်။

**(၁) စိတ်** = အာရုံကို သိခြင်းသဘောတရားဖြစ်သည်။

**(၂) စေတသိက်** = စိတ်ကိုမှီတွယ်ကာ စိတ်ကို ခြယ်လှယ်တတ်သည့် သဘောတရားဖြစ်သည်။

**(၃) ရုပ်** = အအေး၊အပူစသည့် ဆန့်ကျင်ဖက်အကြောင်း တရားတို့ကြောင့် ရှေ့ရုပ်နှင့်နောက်ရုပ်တို့ မတူဘဲ ရုပ်အစဉ်ပြောင်းလွဲဖောက်ပြန်သွားခြင်းသဘော ဖြစ်သည်။

**(၄) နိဗ္ဗာန်** = ကိလေသာအပူမီးငြိမ်းခြင်းသဘောဖြစ်သည်။

**ပညတ်တရား**

**ပညတ္တိ** = ပညတ်တရားတို့သည် အခြေခံအားဖြင့် --

(၁) သဒ္ဒပညတ်နှင့် (၂) အတ္ထပညတ် ဟူ၍ နှစ်မျိုးရှိသည်။

**ပညတ်ဟူသည်** = သိစေတတ်၊ သိစေအပ်သည့်သဘောတရားများ ဟု အဓိပ္ပါယ်ရသည်။

**သဒ္ဒပညတ်** = သဒ္ဒဟူသည် စကားသံအမျိုးမျိုးဖြစ်သည်။ ထိုစကားသံအမျိုးမျိုးသည် မိမိတို့ ဘာသာအားလျော်စွာ ဆိုလိုသည့်အနက်အဓိပ္ပါယ်၊ အထည်ဒြပ်၊ အရာဝတ္ထုကို သိစေတတ်သဖြင့် သဒ္ဒပညတ် အမည်ရသည်။

**အတ္ထပညတ်** = အတ္ထဟူသည် စိတ်ထဲ၌ ပေါ်လာသည့်အနက်ဒြပ်၊ အကောင်အထည်၊ အရာဝတ္ထုတို့ဖြစ်သည်။ ထိုအရာဝတ္ထု အကောင်အထည်ဒြပ်တို့သည် သဒ္ဒပညတ်-ဟူသော စကားသံတို့ဖြင့် သူတစ်ပါးတို့ နားလည်အောင် သိစေအပ်၊ အသိပေးခံရ၊ အမည်မှည့်အပ်၊ အမည်မှည့်ခံရသည့်အတွက်ကြောင့် အတ္ထပညတ်ဟု ခေါ်သည်။

---

**(က) စိတ်အကြောင်း**

**စိတ်ဟူသည်** အာရုံကို သိတတ်သောသဘောတရားဖြစ်သည်။ ယင်းစိတ်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ကုဋေတစ်သိန်းမျှ ဖြစ်ပျက်သည်အထိ လျင်မြန်သည်။ သိစိတ်သည် အာရုံကို သိခြင်းလက္ခဏာအားဖြင့် တစ်မျိုးတည်းသာ ရှိသော်လည်း ထိုတစ်မျိုးသော စိတ်ကိုပင်-ဘူမိဘေဒ (စိတ်ဖြစ်ရာဘုံ)အားဖြင့်လည်းကောင်း၊ ဇာတိဘေဒ(မျိုးဇာတ်တူရာ)အားဖြင့်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာလိုက်သည့်အခါ စိတ်အကျဉ်း (၈၉)၊ အကျယ်(၁၂၁)မျိုး ဖြစ်လာသည်။

**စိတ်အမျိုးအစားများ**

၁။ **ကာမာဝစရစိတ် ၅၄-ပါး**

| | | |
|---|---|---|
| - အကုသိုလ်စိတ် | ၁၂-ပါး။ | |
| - အဟိတ်စိတ် | ၁၈-ပါး။ | |
| - ကာမာဝစရသောဘနစိတ် | ၂၄-ပါး။ | ပေါင်း ၅၄-ပါး။ |

**အကုသိုလ်စိတ် (၁၂)ပါး**

| | | |
|---|---|---|
| - လောဘမူစိတ် | ၈-ပါး။ | |
| - ဒေါသမူစိတ် | ၂-ပါး။ | |
| - မောဟမူစိတ် | ၂-ပါး။ | ပေါင်း ၁၂-ပါး။ |

**အဟိတ်စိတ် (၁၈)ပါး**

| | | |
|---|---|---|
| - အကုသလဝိပါက်စိတ် | ၇-ပါး။ | |
| - အဟိတ်ကုသလဝိပါက်စိတ် | ၈-ပါး။ | |
| - အဟိတ်ကြိယာစိတ် | ၃-ပါး။ | ပေါင်း ၁၈-ပါး။ |

**ကာမာဝစရသောဘနစိတ် (၂၄)ပါး**

| | | |
|---|---|---|
| - မဟာကုသိုလ်စိတ် | ၈-ပါး။ | |
| - မဟာဝိပါတ်စိတ် | ၈-ပါး။ | |
| - မဟာကြိယာစိတ် | ၈-ပါး။ | ပေါင်း ၂၄-ပါး။ |

၂။ **ရူပါဝစရစိတ် ၁၅-ပါး**

| | | |
|---|---|---|
| - ရူပါဝစရကုသိုလ်စိတ် | ၅-ပါး။ | |
| - ရူပါဝစရဝိပါက်စိတ် | ၅-ပါး။ | |
| - ရူပါဝစရကြိယာစိတ် | ၅-ပါး။ | ပေါင်း ၁၅-ပါး။ |

၃။ **အရူပါဝစရစိတ် ၁၂-ပါး**

| | | |
|---|---|---|
| - အရူပါဝစရကုသိုလ်စိတ် | ၄-ပါး။ | |
| - အရူပါဝစရဝိပါက်စိတ် | ၄-ပါး။ | |
| - အရူပါဝစရကြိယာစိတ် | ၄-ပါး။ | ပေါင်း ၁၂-ပါး။ |

**မှတ်ချက်။** ရူပစိတ် ၁၅-ပါးနှင့်အရူပစိတ် ၁၂-ပါး ပေါင်း၂၇-ပါး သောစိတ်တို့ကို မဟဂ္ဂုတ်စိတ်ဟုခေါ်ပါသည်။ (မြတ်သည်၏အဖြစ်သို့ ရောက်တတ်, မြတ်သောဈာန်ရပုဂ္ဂိုလ်တို့ ရအပ်သော ကြောင့် **မဟဂ္ဂုတ်**ဟုခေါ်ပါသည်။)

## ၄။ လောကုတ္တရာစိတ် အကျဉ်း ၈-ပါး/ အကျယ် ၄၀-ပါး

| | | | |
|---|---|---|---|
| (က) | - မဂ်စိတ် | ၄-ပါး။ | |
| | - ဖိုလ်စိတ် | ၄-ပါး။ | ပေါင်း ၈-ပါး။ |
| (ခ) | - မဂ်စိတ် | ၂၀-ပါး။ | |
| | - ဖိုလ်စိတ် | ၂၀-ပါး။ | ပေါင်း ၄၀-ပါး။ |

---------

**စိတ်အကျဉ်း ၈၉-ပါး (ဘူမိဘေဒအားဖြင့်) ရေတွက်ပုံ**

| | | |
|---|---|---|
| - ကာမာဝစရစိတ် | ၅၄-ပါး။ | |
| - ရူပါဝစရစိတ် | ၁၅-ပါး။ | |
| - အရူပါဝစရစိတ် | ၁၂-ပါး | |
| - လောကုတ္တရာစိတ်အကျဉ်း | ၈-ပါး။ | ပေါင်း ၈၉-ပါး။ |

**စိတ်အကျဉ်း ၈၉-ပါး (ဇာတိဘေဒအားဖြင့်)ရေတွက်ပုံ**

| | | |
|---|---|---|
| - အကုသိုလ်စိတ် | ၁၂-ပါး။ | |
| - ကုသိုလ်စိတ် | ၂၁-ပါး။ | |
| - ဝိပါက်စိတ် | ၃၆-ပါး | |
| - ကြိယာစိတ် | ၂၀-ပါး။ | ပေါင်း ၈၉-ပါး။ |

**စိတ်အကျယ် ၁၂၁-ပါး (ဘူမိဘေဒအားဖြင့်) ရေတွက်ပုံ**

| | | |
|---|---|---|
| - ကာမာဝစရစိတ် | ၅၄-ပါး | |
| - ရူပါဝစရစိတ် | ၁၅-ပါး | |
| - အရူပါဝစရစိတ် | ၁၂-ပါး | |
| - လောကုတ္တရာစိတ်အကျယ် | ၄၀-ပါး | ပေါင်း ၁၂၁-ပါး။ |

**စိတ်အကျယ် ၁၂၁-ပါး (ဇာတိဘေဒအားဖြင့်) ရေတွက်ပုံ**

- အကုသိုလ်စိတ် ၁၂-ပါး။
- ကုသိုလ်စိတ် ၃၇-ပါး။
- ဝိပါက်စိတ် ၅၂-ပါး။
- ကြိယာစိတ် ၂၀-ပါး။ ပေါင်း ၁၂၁-ပါး။

**အဓိပ္ပါယ်ရှင်းချက်**

**ကာမာဝစရစိတ်** = ကာမတဏှာ၏ အာရုံဖြစ်သဖြင့် ကာမ(၁၁)ဘုံ၌ ကျင်လည်ကျက်စား အဖြစ်များသောစိတ်။

**ရူပါဝစရစိတ်** = ရူပတဏှာ၏ အာရုံဖြစ်သဖြင့် ရူပ(၁၆)ဘုံ၌ ကျင်လည်ကျက်စားအဖြစ်များသောစိတ်။

**အရူပါဝစရစိတ်** = အရူပတဏှာ၏ အာရုံဖြစ်သဖြင့် အရူပ(၄)ဘုံ၌ ကျင်လည်ကျက်စားအဖြစ်များသောစိတ်။

**လောကုတ္တရာစိတ်** = လောကသုံးပါးမှ လွတ်မြောက်သောစိတ်၊ (ဝါ) လောကသုံးပါး၌ ဖြစ်သောစိတ်တို့ထက် သာလွန်မြင့်မြတ်သောစိတ်။

**အကုသိုလ်စိတ်** = လောဘ၊ ဒေါသ စသည်တို့နှင့်အတူဖြစ်သဖြင့် အပြစ်ရှိပြီး မကောင်းသောအကျိုးကို ဖြစ်စေတတ်သောစိတ်၊ (အကြောင်းစိတ်)

**ကုသိုလ်စိတ်** = အပြစ်ကင်းပြီး ကောင်းကျိုးကို ဖြစ်စေတက်သော စိတ်၊ (အကြောင်းစိတ်)

**ဝိပါက်စိတ်** = ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးဖြစ်သော စိတ်ကို ဝိပါက်စိတ်ဟုခေါ်သည်။ (အကျိုးစိတ်)။

**ကြိယာစိတ်** = ကုသိုလ်၊ အကုသိုလ်ဟုမဆိုရ၊ ပြုကာမျှဖြစ်သောစိတ်၊ဝါ-ဘုရား၊ ရဟန္တာတို့၏ သန္တာန်၌ဖြစ်သောစိတ်ကိုကြိယာစိတ်ဟု ခေါ်သည်။ (အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သောစိတ်)။

ဤသို့လျှင် စိတ်သည် အာရုံကို သိခြင်းလက္ခဏာဖြင့် တမျိုးတည်းသာ ရှိသော်လည်း ထိုတစ်မျိုးတည်းသော စိတ်ကိုပင် ဘူမိဘေဒ= ဘုံအားဖြင့်လည်းကောင်း။ ဇာတိဘေဒ=မျိုးဇာတ်တူရာအားဖြင့်လည်းကောင်း ခွဲလိုက်သောအခါ စိတ်အကျဉ်း(၈၉)၊ အကျယ်(၁၂၁)မျိုး ဖြစ်လာသည်။

## (ခ) စေတသိက်အကြောင်း

စိတ်၌ယှဉ်တတ်သော ၅၂-ခုသော သဘောတရားတို့သည် စေတသိက် မည်ပါသည်။

**စေတသိက်လက္ခဏာ ၄-ပါး**

| | | | |
|---|---|---|---|
| (၁) | ဧကုပ္ပါဒ | = | စိတ်နှင့်အတူဖြစ်ခြင်း။ |
| (၂) | ဧကနိရောဓ | = | စိတ်နှင့်အတူ ချုပ်ခြင်း။ |
| (၃) | ဧကာလမ္ဗဏ | = | စိတ်နှင့်အာရုံတူခြင်း။ |
| (၄) | ဧကဝတ္ထုက | = | စိတ်နှင့်မှီရာတူခြင်း။ |

**စေတသိက်(၅၂)ပါး**

(က) အညသမာန်းစေတသိက် (၁၃)ပါး။
(ခ) အကုသိုလ်စေတသိက် (၁၄)ပါး။
(ဂ) သောဘဏစေတသိက် (၂၅)ပါး။ ပေါင်း ၅၂-ပါး။

**(၁) အညသမာန်းစေတသိက် (၁၃)ပါး**

**အညသမာန်း** = သောဘဏစိတ်၊ အသောဘဏစိတ် နှစ်မျိုးလုံးနှင့် ယှဉ်မှီသည့်စေတသိက်များ။

**(က) သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး**

**သဗ္ဗစိတ္တသာဓာရဏ** = စိတ်အားလုံးနှင့်ဆက်ဆံသော(ဝါ)စိတ် ဖြစ်တိုင်း ပါဝင်သောစေတသိက်များ။

(၁) **ဖဿ** = အာရုံကို တွေ့ထိခြင်းသဘော။
(၂) **ဝေဒနာ** = အာရုံ၏ အရသာကို ခံစားခြင်းသဘော။

(၃) **သညာ** = အာရုံကို မှတ်သားခြင်းသဘော။
(၄) **စေတနာ** = ဖြစ်ပေါ်ဖြစ်ဖက်တရားတို့ကို စေ့ဆော် တိုက်တွန်းခြင်း သဘော။
၅။ **ဧကဂ္ဂတာ** = အာရုံတစ်ခုတည်း၌ တည်နေခြင်းသဘော။
၆။ **ဇီဝိတိန္ဒြိယ** = အတူဖြစ်ဖက် နာမ်တရားတို့ကို စောင့်ရှောက်ခြင်း သဘော။ (နာမ်တို့၏ အသက်)။
၇။ **မနသိကာရ** = စိတ်ထဲ၌ အာရုံပေါ်လာအောင် ပြုလုပ်ခြင်း သဘော၊ နှလုံးသွင်းခြင်း သဘော။

**(ခ) ပကိဏ်းစေတသိက် ၆ ပါး**

၁။ **ဝိတက်** = အတူဖြစ်ဖက် တရားတို့ကို အာရုံသို့ တင်ပေးခြင်း သဘော၊ (ဝါ) အာရုံကို ကြံစည်ခြင်းသဘော။
၂။ **ဝိစာရ** = ဝိတက်တင်ပေးသည့် အာရုံကို အထပ်ထပ် သုံးသပ်ခြင်းသဘော၊
၃။ **အဓိမောက္ခ** = အာရုံကို ဆုံးဖြတ်ခြင်းသဘော၊
၄။ **ဝီရိယ** = အတူဖြစ်ဖက်တရားတို့ကို ထောက်ပံ့နိုင်စေခြင်း သဘော၊ အားထုတ်ခြင်းသဘော၊
၅။ **ပီတိ** = အာရုံကို နှစ်သက်ခြင်း သဘော၊
၆။ **ဆန္ဒ** = အာရုံကို လိုချင်ကာမျှ ဖြစ်ခြင်းသဘော၊

**(၂) အကုသိုလ်စေတသိက် ၁၄ ပါး**

**အကုသိုလ် စေတသိက်** = စိတ်ကို ညစ်နွမ်းအောင်၊ အပြစ်ရှိအောင် ခြယ်လှယ်နေသည့် စေတသိက်များ။

၁။ **မောဟ** = အာရုံ၌ တွေဝေခြင်း၊ မသိခြင်းသဘော။
၂။ **အဟိရိက** = ဒုစရိုက်မှ မရှက်ခြင်းသဘော။
၃။ **အနောတ္တပ္ပ**= ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော။
၄။ **ဥဒ္ဓစ္စ** = စိတ်၏ ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်းသဘော။
(ဤစေတသိက်လေးလုံးတို့ကို အကုသိုလ်ပြုလုပ်တိုင်း ပါဝင်

သည့် စေတသိက်တို့ ဖြစ်သောကြောင့် **အကုသလ သာဓာရဏ**ဟုခေါ်သည်။)

၅။ **လောဘ** = လောကီအာရုံကို လိုချင်တပ်မက်ခြင်း သဘော။

၆။ **ဒိဋ္ဌိ** = မှားယွင်းစွာ သိမြင်ခြင်း၊ အသိအမြင်မှားခြင်း သဘော။

၇။ **မာန** = ထောင်လွှားတက်ကြွခြင်းသဘော။

(ဤစေတသိက် သုံးမျိုးသည် သံသရာကိုချဲ့တတ်သည့် တရားများဖြစ်သဖြင့် **ပပဉ္စတရားများ**ဟုခေါ်သည်။)

၈။ **ဒေါသ** = ခက်ထန် ကြမ်းတမ်းခြင်းသဘော။

၉။ **ဣဿာ** = သူတစ်ပါး၏ဂုဏ်၊ ချမ်းသာကို ငြူစူခြင်း၊ မနာလိုခြင်း သဘော။

၁၀။ **မစ္ဆရိယ** = ကိုယ့်စည်းစိမ်ကို ဝန်တိုခြင်း၊ နှမြောခြင်း သဘော။

၁၁။ **ကုက္ကုစ္စ** = ဒုစရိုက်မှုကို ပြုမိ၊ သုစရိုက်မှုကို မပြုမိခဲ့၍ နောင်တတတဖန် ပူပန်ခြင်းသဘော။

၁၂။ **ထိန** = ယုတ်ဘက်စိတ်၏ ထိုင်းမှိုင်းခြင်းသဘော။

၁၃။ **မိဒ္ဓ** = ယုတ်ဘက်စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းသဘော။

၁၄။ **ဝိစိကိစ္ဆာ** = ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးတရားတို့၌ယုံမှားခြင်း၊ သံသယဖြစ်ခြင်းသဘော။

**လောဘနှင့်ဆန္ဒတို့၏ ခြားနားချက်**

လောဘသည်လည်း လိုချင်ခြင်း၊ ဆန္ဒသည်လည်း လိုချင်ခြင်းဟု အဓိပ္ပါယ်ရသည်။ လောဘ-လိုချင်ခြင်းမှာ အစေးဖြင့်ကပ်သလိုမျိုး အာရုံ၌ ငြိကပ်လိုချင်မှု သဘောဖြစ်ပြီး၊ ကပ်ငြိတွယ်မှုမရှိဘဲ အာရုံကို လိုချင်ကာမျှ သဘော၊ ရလိုကာမျှ သဘောသည် ဆန္ဒဖြစ်သည်။

**(၃) သော်ဘဏစေတသိက်(၂၅)ပါး**

**သောဘဏစေတသိက်** = အပြစ်မရှိ၊ တင့်တယ်ကောင်းမွန်သဖြင့် တင့်တယ် ကောင်းမွန်သည့် သောဘဏစိတ်တို့နှင့်သာ ထိုက်သလိုယှဉ်တွဲ နေသည့် စေတသိက်များ။

**(က) သောဘဏသာဓာရဏစေတသိက် (၁၉)ပါး**

**သောဘဏသာဓာရဏ** = သောဘဏစိတ်(၅၉/၉၁)တို့၌ ယှဉ်နိုင်၊ ဖြစ်နိုင်၊ ဆက်ဆံနိုင်သည့် စေတသိက်များ။ သောဘဏစိတ်ဖြစ်တိုင်းပါဝင်နိုင်သည့် စေတသိက်များ။

| | | |
|---|---|---|
| ၁။ **သဒ္ဓါ** | = | ရတနာသုံးတန်၊ ကံ၊ ကံ၏အကျိုးကို မြတ်နိုး ယုံကြည်ခြင်း သဘော။ |
| ၂။ **သတိ** | = | ကုသိုလ်တရားတို့၌ အောက်မေ့အမှတ်ရခြင်း သဘော။ |
| ၃။ **ဟိရီ** | = | မကောင်းမှုပြုရမည်ကို ရှက်ခြင်း သဘော။ |
| ၄။ **ဩတ္တပ္ပ** | = | မကောင်းမှုပြုရမည်ကို ကြောက်ရွံ့ ထိတ်လန့်ခြင်း သဘော။ |
| ၅။ **အလောဘ** | = | လောကီအာရုံကာမဂုဏ်တို့၌ ကပ်ငြိ တွယ်တာခြင်း မရှိ။ စွန့်လွှတ်နိုင်ခြင်းသဘော။ |
| ၆။ **အဒေါသ** | = | ဆန့်ကျင်ဘက်အာရုံနှင့်ကြုံတွေ့လင့်ကစား ခက်ထန်ကြမ်းကြုတ်ခြင်းမရှိ၊ မေတ္တာဖြင့်နေနိုင်ခြင်းသဘော။ (ဤစေတသိက်ကိုပင် မေတ္တာဟုခေါ်သည်) |
| ၇။ **တတြမဇ္ဈတ္တတာ** | = | စိတ်၊ စေတသိက်တရားတို့ကို ဆိုင်ရာကိစ္စတို့၌ အပို အလွန် မရှိစေဘဲ အလယ်အလတ်၌ တည်စေခြင်းသဘော။ |
| ၈။ **ကာယပဿဒ္ဓိ** | = | စေတသိက်တို့၏ ငြိမ်းအေးခြင်းသဘော။ |
| ၉။ **စိတ္တပဿဒ္ဓိ** | = | စိတ်၏ ငြိမ်းအေးခြင်းသဘော။ |
| ၁၀။ **ကာယလဟုတာ** | = | စေတသိက်အပေါင်း၏ လျင်မြန်ပေါ့ပါးခြင်းသဘော။ |
| ၁၁။ **စိတ္တလဟုတာ** | = | စိတ်၏ လျင်မြန်ပေါ့ပါးခြင်းသဘော။ |
| ၁၂။ **ကာယမုဒုတာ** | = | စေတသိက်အပေါင်း၏ နူးညံ့ခြင်း သဘော။ |
| ၁၃။ **စိတ္တမုဒုတာ** | = | စိတ်၏ နူးညံ့ခြင်းသဘော။ |
| ၁၄။ **ကာယကမ္မညတာ** | = | စေတသိက်တို့၏ ကောင်းမှုလုပ်ငန်း၌ ခံ့ခြင်း သဘော။ |

**၁၅။ စိတ္တကမ္မညတာ** = စိတ်၏ ကောင်းမှုလုပ်ငန်း၌ ခံ့ခြင်းသဘော။
**၁၆။ ကာယပါဂုညတာ** = စေတသိက်တို့၏ ကောင်းမှုလုပ်ငန်း၌ လေ့လာနိုင်ခြင်း သဘော။
**၁၇။ စိတ္တပါဂုညတာ** = စိတ်၏ ကောင်းမှုလုပ်ငန်း၌ လေ့လာနိုင်ခြင်း သဘော။
**၁၈။ ကာယုဇုကတာ** = စေတသိက်အပေါင်း၏ ဖြောင့်မတ်ခြင်း သဘော။
**၁၉။ စိတ္တုဇုကတာ** = စိတ်၏ ဖြောင့်မတ်ခြင်းသဘော။

## (ခ) ဝိရတီစေတသိက်(၃)ပါး

**ဝိရတီဟူသည်** = အသက်မွေးဝမ်းကြောင်းနှင့် မပတ်သက်သော ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှလည်းကောင်း၊ အသက်မွေးဝမ်းကြောင်းနှင့်စပ်လျက် ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှလည်းကောင်း ရှောင်ကြဉ်ခြင်းကို ဆိုလိုသည်။

**၁။ သမ္မာဝါစာ** = မကောင်းမှုဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း သဘော။
**၂။ သမ္မာကမ္မန္တ** = မကောင်းမှုကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း သဘော။
**၃။ သမ္မာအာဇီဝ** = အသက်မွေးဝမ်းကြောင်းနှင့်စပ်လျက် = ကာယ ဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့မှ ရှောင် ကြဉ်ခြင်း သဘော။

## (ဂ) အပ္ပမညာစေတသိက်(၂)ပါး

**အပ္ပမညာဟူသည်** = ဤရွေ့ဤမျှဟု အတိုင်းအရှည်ပမာဏ မထားဘဲ သတ္တဝါ ပညတ်အာရုံပေါ်၌ စိတ်လွှတ်ခြင်းကို ဆိုလိုသည်။

**၁။ ကရုဏာ** = ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုလျက် သနားခြင်း သဘော၊

**၂။ မုဒိတာ** = သုခိတသတ္တဝါပညတ်ကို အာရုံပြုလျက် ဝမ်းမြောက်ခြင်း သဘော။

**ပညာ (သို့မဟုတ်) ပညိန္ဒြေစေတသိက်(၁)ပါး**

**၁။ ပညာ** = အာရုံ၏ သဘောသရုပ်ကို အမှန်အတိုင်း ပိုင်းပိုင်းခြားခြားသိခြင်း သဘော။
(ထိုပညာကိုပင်ဉာဏ်၊ ဝိဇ္ဇာ၊ အမောဟ၊ သမ္မာဒိဋ္ဌိ၊ ပညိန္ဒြေ၊ ပညာဗိုလ်ဟူသော အမည်တို့ဖြင့် ခေါ်သေး၏)

## (ဂ) ရုပ်အကြောင်း

**ရုပ်အမျိုးအစားများ**

**ရူပ = ရုပ်** အအေး-အပူစသည့်ဆန့်ကျင်ဖက်အကြောင်းတို့ကြောင့် ရှေ့ရုပ်နှင့် နောက်ရုပ် မတူဘဲ ရုပ်အစဉ်ပြောင်းလဲ ဖေါက်ပြန်တတ်သော သဘောကြောင့် ရုပ်ဟုခေါ်ပါသည်။

ရုပ်သည် ပြောင်းလဲဖောက်ပြန်ခြင်းအားဖြင့် တစ်မျိုးတည်းသာရှိသော်လည်း ခက်မာခြင်း၊ ယိုစီးခြင်း စသည်ဖြင့် သီးခြားလက္ခဏာအားဖြင့် ရုပ်(၂၈) မျိုး ကွဲပြားသည်။ အကျဉ်းချုပ်အားဖြင့် မဟာဘုတ် (၄)ပါး၊ ဥပါဒါရုပ် (၂၄)ပါးအားဖြင့် ရုပ်ပေါင်း ၂၈-ပါးရှိသည်။

**မဟာဘုတ် - (၄)ပါး**

**မဟာဘုတ်** = ဖွံ့စည်းမိလျှင် ကြီးမားခြင်းသဘော၊ ဥပါဒါရုပ်တို့ထက် ထင်ရှားခြင်း သဘော။

**၁။ ပထဝီ** = အတူဖြစ်ဖက်ရုပ်တို့၏ တည်ရာမှီရာသဘော။
အခဲဓာတ်။ ခက်မာခြင်း၊ နူးညံ့ခြင်းလက္ခဏာ။

**ပထဝီ (၂)မျိုး** (၁)။ လက္ခဏာပထဝီ (က) ခက်မာပထဝီ၊
(ခ) နူးညံ့ပထဝီ
(၂)။ သသမ္ဘာရပထဝီ (က) အတွင်းပထဝီ
(ခ) အပြင်ပထဝီ

**အတွင်းပထဝီ (၂၀)**

၁။ ကေသာ=ဆံပင်၊ ၂။ လောမာ=အမွေး၊
၃။ နခါ=ခြေသည်း၊လက်သည်း၊ ၄။ ဒန္တာ= သွား၊
၅။ တစော=အရေထူ၊ အရေပါး ၆။ မံသံ= အသား၊
၇။ နှာရု=အကြော၊ ၈။ အဋ္ဌိ=အရိုး၊
၉။ အဋ္ဌိမိဉ္ဇ=ရိုးတွင်းခြင်ဆီ၊ ၁၀။ ဝက္ကံ=အညို့၊
၁၁။ ဟာဒယံ=နှလုံး၊ ၁၂။ ကနံ=အသည်း၊
၁၃။ ကိလောမကံ=အမြှေး၊ ၁၄။ ပိဟကံ=အဖျဉ်း(သရက်ရွက်)၊
၁၅။ ပပ္ဖါသံ=အဆုတ်၊ ၁၆။ အန္တံ=အူမ၊
၁၇။ အန္တဂုဏံ=အူသိမ်၊ ၁၈။ ဥဒရိယံ=အစာသစ်၊
၁၉။ ကရီသံ=အစာဟောင်း၊ ၂၀။ မတ္ထလုင်္ဂ=ဦးနှောက်။

**အပြင်ပထဝီ** = မြေကြီး၊ ရွှေ၊ ကျောက်၊ သံ၊ ခဲ၊ သစ်သား၊
အုတ်စသည့် မာကြောသည့် ပြင်ပရှိ အခဲဓာတ်များ။

**၂။ အာပေါ** = အတူဖြစ်ဖက်ရုပ်တို့ကို စုစည်းပေးခြင်း၊ ဖွဲ့စည်းပေးခြင်း
သဘော၊ အရည်ဓာတ်။ ယိုစီးခြင်း၊ ဖွဲ့စီးခြင်းလက္ခဏာ။

**အာပေါ(၂)မျိုး**

၁။ လက္ခဏာအာပေါ (က) ယိုစီးအာပေါ
(ခ) ဖွဲ့စည်းအာပေါ

၂။ သသမ္ဘာရအာပေါ (က)အတွင်းအာပေါ
(ခ) အပြင်အာပေါ

**အတွင်းအာပေါ**

(၁) ပိတ္တံ = သည်းခြေ၊ (၂) သေမှံ= သလိပ်၊

| | |
|---|---|
| (၃) ပုဗ္ဗော = ပြည်၊ | (၄) လောဟိတံ = သွေး |
| (၅) သေဒေါ = ချွေး၊ | (၆) မေဒေါ = အဆီခဲ၊ |
| (၇) အဿု = မျက်ရည်၊ | (၈) ဝသာ= ဆီကြည် |
| (၉) ခေဠော = တံတွေး၊ | (၁၀) သိင်္ဃာဏိကာ= နှပ်၊ |
| (၁၁) လသိကာ= အစေး၊ | (၁၂) မုတ္တံ = ကျင်ငယ်။ |

**အပြင်အာပေါ** = ထန်းရည်၊ ကြံရည်၊ ခနိုရည်၊ ပကတိရေစသောအရည်ဓာတ်များ။

**၃။ ဝါယော** = အတူဖြစ်ဖက်ရုပ်ကလာပ်တို့ကို လှုပ်ရှားစေတတ်၊ ရွေ့ရှားစေတတ်သည့်သဘောအငွေ့ဓာတ်။ ထောက်ကန်ခြင်း၊ လှုပ်ရှားခြင်း လက္ခဏာ။

**ဝါယော(၂)မျိုး** ၁။ လက္ခဏာဝါယော (က) ထောက်ကန်ဝါယော

(ခ) လှုပ်ရှားဝါယော

၂။ သသမ္ဘာရဝါယော (က) အတွင်းဝါယော

(ခ) အပြင်ဝါယော

**အတွင်းဝါယော** (၁) ဥဒ္ဓင်္ဂမဝါယော- အထက်သို့ဆန်သောလေ

(၂) အဓောဂမဝါယော-အောက်သို့စုန်သောလေ

(၃) ကောဋ္ဌာသယဝါယော အူတွင်း၌တည်သောလေ

(၄) ကုစ္ဆိတဝါယော-ဝမ်းတွင်း၌တည်သောလေ

(၅) အင်္ဂမင်္ဂါနုသာရီဝါယော-အင်္ဂါကြီးငယ်ကို လျှောက်သောလေ

(၆) အဿာသပဿာသဝါယော-ထွက်သက်လေ၊ ဝင်သက်လေ။

**အပြင်ဝါယော** အရပ်လေးမျက်နှာမှတိုက်သောလေ၊ ယပ်ခတ်သည့်အခါပေါ်လာသည့် လေ၊ ပန်ကာလေစသည့် လေဓာတ်တို့ ဖြစ်သည်။

**၄။ တေဇော**= အတူဖြစ်ဖက်ရုပ်ကလာပ်တို့ကို ရင့်စေတတ်၊ ကျက်စေတတ်သည့်သဘော။ စွမ်းအင်ဓာတ်၊ အေးခြင်း၊ ပူခြင်း၊ လက္ခဏာ။

**တေဇော (၂)မျိုး** ၁။ လက္ခဏာတေဇော (က) အအေးတေဇော

(ခ) အပူတေဇော

၂။ သသမ္ဘာရတေဇော (က) အတွင်းတေဇော

(ခ) အပြင်တေဇော

**အတွင်းတေဇော**

၁။ သန္တပ္ပနတေဇော = သာမန်ဖျားသောအခါပူလာသော တေဇော။

၂။ ဒဟနတေဇော = အလွန်အပူပြင်းသော တေဇော။

၃။ ဇိရဏတေဇော = ရင့်ရော်အိုမင်းဆွေးမြေ့စေသော တေဇော။

၄။ ပါစကတေဇော = အစာအာဟာရကို ကြေကျက်စေသော တေဇော

**အပြင်တေဇော** =သစ်သားမီး၊ ဖွဲမီးစသည့် ပြင်ပမှာလောင်သည့် မီးအားလုံး။

## ဥပါဒါရုပ်(၂၄)ပါး

**ဥပါဒါရုပ်** = မဟာဘုတ်တို့ကို မှီတွယ်၍ ဖြစ်သောရုပ်များ။

## ပသာဒရုပ်(၅)ပါး

**ပသာဒရုပ်** = မဟာဘုတ်တို့ကို ကြည်လင်စေတတ်သည့် အကြည်ဓာတ် ရုပ်များ။

**၁။ စက္ခုပသာဒ** - မျက်စိအကြည်ဓာတ်၊ (မျက်နက်ဝန်း အလယ်အပြင်က ပုံရိပ်ထင်ရာမျက်လွှာ (၇)လွှာ၌ ပျံ့နှံ့တည်၏။)

**၂။ သောတပသာဒ** - နားအကြည်ဓာတ်၊ (နားအတွင်းလက်စွပ် သဏ္ဌာန်ရှိ အရပ်၌ ပျံ့နှံ့တည်၏။)

**၃။ ဃာနပသာဒ** - နှာအကြည်ဓာတ်၊ (နှာခေါင်းအတွင်း ဆိတ်ခွါ သဏ္ဌာန်ရှိ အရပ်၌ ပျံ့နှံ့တည်၏။)

**၄။ ဇိဝှါပသာဒ** - လျှာအကြည်ဓာတ်၊ (လျှာအလယ် အထက်အပြင်တွင် ကြာရွက်ဖျား သဏ္ဌာန်ရှိအရပ်၌ ပျံ့နှံ့တည်၏။)

**၅။ ကာယပသာဒ** - ကိုယ်အကြည်ဓာတ်၊ (ဆံဖျား၊ မွေးညှင်းဖျား၊ လက်သည်း ဖျား၊ ခြေသည်းဖျား စသည့် မာခြောက်သော အရပ်တို့ကို ချန်လှပ်၍ တကိုယ်လုံးမှာ ပျံ့နှံ့တည်၏။)

**ဂေါစရရုပ် (၄ / ၇)ပါး**

**၁။ ရူပါရုံ** = အဆင်း (ဝဏ္ဏ)။

**၂။ သဒ္ဒါရုံ** = အသံ (သဒ္ဒ)။

**၃။ ဂန္ဓာရုံ** = အနံ့ (ဂန္ဓ)။
**၄။ ရသာရုံ** = အရသာ (ရသ)။
**၅။ ဖေါဋ္ဌဗ္ဗာရုံ** = အတွေ့အထိအာရုံ။(ပထဝီ၊ တေဇော၊ ဝါယော)
(ထိုကြောင့် ဂေါစရရုပ်သည် သရုပ်အရေအတွက်အားဖြင့် (၄)ပါး၊ အာရုံအမည်အားဖြင့် (၅)ပါး၊ တရားကိုယ်အရေအတွက် အားဖြင့် (၇)ပါးဖြစ်သည်)

**အထူးမှတ်ရန်=** ရုပ် ၂၈-ပါးရေတွက်သောအခါ ဖေါဋ္ဌဗ္ဗာရုံအမည်ရသော ပ,တေ,ဝါ-ရုပ်တို့သည် မဟာဘုတ်လေးပါး၌ ပါဝင်ပြီးဖြစ်၍ သီးခြားမယူရ။

**ဘာဝရုပ် (၂)ပါး**

**ဘာဝရုပ်** = အဖို-အမဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ်များ၊

**၁။ ဣတ္ထိဘာဝရုပ်** = အမသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံသောရုပ်၊ (အမသတ္တဝါ၏ တကိုယ်လုံးမှာ ပျံ့နှံ့တည်သည်။)

**၂။ ပုရိသဘာဝရုပ်** = အဖိုသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ်၊ (အဖို သတ္တဝါ၏ တကိုယ်လုံး၌ ပျံ့နှံ့ တည်သည်။)

**ဟဒယရုပ်** နှလုံးသွေးကို မှီ၍ဖြစ်သောစိတ်, စေတသိက်တို့၏ မှီရာဖြစ်သည့် နှလုံးသားအတွင်းရှိ ဝတ္ထုရုပ်များ။

**ဇီဝိတရုပ်** ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ်တို့ကို အသက်ရှည်ရန် စောင့်ရှောက်ပေးသည့်ရုပ်။ (ကမ္မဇရုပ်တို့၏ အသက်)

**အာဟာရရုပ်** ဩဇာဓာတ်၊ အလုပ်အလွေးပြု၍ စားမျိုအပ်သည့် အစားအစာထဲ၌ပါသည့် အဆီအစေးဩဇာဓာတ်။

**ပရိစ္ဆေဒရုပ်** အာကာသဓာတ်၊ ရုပ်ကလာပ်ချင်း မရောယှက်ရအောင် ပိုင်းခြားပေးသော ဟင်းလင်းပြင် သဘောရှိသောရုပ်။

## ဝိညတ်ရုပ်(၂)ပါး

**ဝိညတ်**=မိမိ၏အလိုဆန္ဒကို သူတပါးတို့အား သိစေတတ်သည့် အမူအရာအထူး။

**၁။ ကာယဝိညတ်ရုပ်**= မိမိ၏အလိုဆန္ဒကို သူတပါးတို့အား သိစေတတ်သည့် ကိုယ်အမူအရာထူး။

**၂။ ဝစီဝိညတ်ရုပ်** = မိမိ၏အလိုဆန္ဒကို သူတပါးတို့အား သိစေတတ်သည့် နှုတ်အမူအရာထူး။

## ဝိကာရရုပ် (၃)ပါး

**ဝိကာရ**= ပကတိသဘောထက် ထူးခြားသော အမူအရာ။

**၁။ လဟုတာရုပ်** = ရုပ်ခန္ဓာ၏ ပေါ့ပါးသွက်လက်ခြင်းသဘော။
**၂။ မုဒုတာရုပ်** = ရုပ်ခန္ဓာ၏ နူးညံ့ခြင်းသဘော။
**၃။ ကမ္မညတာရုပ်** = ရုပ်ခန္ဓာ၏ ခန့်ကျန်းခြင်းသဘော။

## လက္ခဏရုပ်(၄)ပါးအဓိပ္ပါယ်

**လက္ခဏာ**= ရုပ်တို့၏ ဖြစ်၊ တည်၊ ပျက်အခိုက်အတန့်ကို မှတ်သားပြသည့် အမှတ်လက္ခဏာ။

**၁။ ဥပစယရုပ်** = ပဋိသန္ဓေအခါ၌ ရှေးဦးစွာရုပ်တို့၏ဖြစ်ခြင်း၊ ထိုနောက် တစ်ဘဝအတွက် ရနိုင်သမျှသောရုပ်တို့၏ ပြည့်စုံသည့် တိုင်အောင် တိုးတက်ဖြစ်ပေါ်ခြင်း။

**၂။ သန္တတိရုပ်** = တစ်ဘဝအတွက်ရထိုက်သော ရုပ်များပြည့်စုံပြီးသည့် တိုင်အောင် ရုပ်များထပ်ကာထပ်ကာ ဖြစ်ပေါ်နေခြင်း။

**၃။ ဇရတာရုပ်** = ရုပ်များဖြစ်ပေါ်လာပြီးနောက် ဌီအခိုက် အမှတ် အသား ဖြစ်ပေါ်ပြီး ရုပ်တို့၏ ချုပ်ပျက်မှုဘင်သို့ ရှေ့ရှုနေသည့် သဘော။

**၄။ အနိစ္စတာရုပ်**= ဖြစ်ပေါ်ပြီးသောရုပ်တို့၏ ချုပ်ဆုံးမှုသဘော။

**ရုပ် ၂၈ ပါး ရေတွက်ပုံ**

| | | |
|---|---|---|
| ၁။ | မဟာဘုတ် | ၄-ပါး |
| ၂။ | ပသာဒရုပ် | ၅-ပါး |
| ၃။ | ဂေါစရရုပ် | ၄-ပါး |
| ၄။ | ဘာဝရုပ် | ၂-ပါး |
| ၅။ | ဟဒယရုပ် | ၁-ပါး |
| ၆။ | ဇီဝိတရုပ် | ၁-ပါး |
| ၇။ | အာဟာရရုပ် | ၁-ပါး |
| ၈။ | ပရိစ္ဆေဒရုပ် | ၁-ပါး |
| ၉။ | ဝိညတ်ရုပ် | ၂-ပါး |
| ၁၀။ | ဝိကာရရုပ် | ၃-ပါး |
| ၁၁။ | လက္ခဏာရုပ် | ၄-ပါး |

## ရူပ ပဝတ္တိက္ကမ

ရုပ်တရားများဖြစ်ပျက်ပုံအစဉ်ကို ပြဆိုရာစကားရပ်ကို "ရူပ ပဝတ္တိက္ကမ"ခေါ်၏။

**ပဋိသန္ဓေအခါ, ပဝတ္တိအခါ သတ်မှတ်ပုံ**

တစ်ဘဝ၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ပထမဆုံးဖြစ်ရာ ဥပါဒ်ခဏကို **ပဋိသန္ဓေအခါဟု** ခေါ်၏။

ပထမဆုံးဖြစ်သော ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ဌီခဏမှစ၍ စုတိစိတ်အတွင်းကို **ပဝတ္တိအခါဟု** ခေါ်၏။

## နိဗ္ဗာန်အကြောင်း

သတ္တဝါတို့ကို သံသရာ၌ ခိုင်မြဲအောင် စပ်ဆက်ပေးတတ်သောကြောင့် ဝါနဟုဆိုအပ်သော တဏှာမှထွက်မြောက်ရာ ဖြစ်သောကြောင့် **"နိဗ္ဗာန်""**ဟု ခေါ်သည်။

**နိဗ္ဗာန်အမျိုးအစား**

နိဗ္ဗာန်သည် ငြိမ်းအေးခြင်း (သန္တိ) လက္ခဏာအားဖြင့် တစ်မျိုးသာရှိ၏။ အရိပ်အမြွက် (ပရိယာယ်) အားဖြင့် နိဗ္ဗာန်သည်

(၁) ကိလေသာ အကြွင်းအကျန်မရှိ ခန္ဓာအကြွင်းအကျန်ရှိသော သဉပါဒိသေသနိဗ္ဗာန်၊

(၂) ကိလေသာ အကြွင်းအကျန်လည်းမရှိ ခန္ဓာအကြွင်းအကျန်လည်း မရှိသော–အနုပါဒိသေသနိဗ္ဗာန်ဟု နှစ်မျိုးရှိ၏။

**အာကာရ(အခြင်းအရာ)အားဖြင့်**

(၁) ရာဂစသည် ကင်းဆိတ်ရာ–သုညတနိဗ္ဗာန်၊

(၂) ပုံသဏ္ဍာန်မရှိရာ–အနိမိတ္တနိဗ္ဗာန်၊

(၃) တောင့်တမှု တဏှာမရှိရာ–အပ္ပဏိဟိတ နိဗ္ဗာန်ဟု သုံးမျိုးပြား၏။

## သတ္တဝါတို့ လားရောက်ရာ ဘုံများကို ပြဆိုရာ
## ဝီထိမုတ်ပိုင်း–(ဘုံပိုင်း)

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သော စိတ် (၁၉)ပါးတို့ကို ဝီထိမှ အလွတ်ဖြစ်သောကြောင့် ဝီထိမုတ်စိတ် ခေါ်၏။ ယင်းဝီထိမုတ်စိတ်တို့ကို ပြရာအပိုင်းအခန်းကို ဝီထိမုတ်ပိုင်းခေါ်၏။

ဝီထိမုတ်စိတ်များဖြင့် သတ္တဝါတို့ ကံအားလျော်စွာ လားရောက်ရသော ဂတိ–ဘုံနှင့် စပ်၍လည်း ပြဆိုထားသောကြောင့် ဘုံပိုင်းဟုလည်း ခေါ်ကြသည်၊

ပဋိသန္ဓေ၊ ဘဝင်၊ စုတိခဏ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို ဆောင်ရွက်ကြသော ဝီထိမုတ်စိတ်တို့၏ ဖြစ်ပုံကို ပြသောကြောင့် ပဝတ္တိသင်္ဂဟ ဟုလည်း ခေါ်ကြသည်။

**စတုက္ကလေးမျိုး**

| | | | |
|---|---|---|---|
| ၁။ | ဘူမိစတုက္က | = | ဘုံလေးမျိုး |
| ၂။ | ပဋိသန္ဓိစတုက္က | = | ပဋိသန္ဓေလေးမျိုး |
| ၃။ | ကမ္မစတုက္က | = | ကံလေးမျိုး |
| ၄။ | မရဏုပ္ပတ္တိစတုက္က | = | သေခြင်းလေးမျိုး။ |

**(၁) ဘူမိစတုက္က**

သတ္တဝါများဖြစ်ရာအရပ်ကို ဘုံခေါ်၏။ ထိုဘုံသည် အပါယ်ဘုံ စသည်ဖြင့် လေးမျိုးပြား၏။ ထိုဘုံလေးမျိုးအပေါင်းကို ဘူမိစတုက္ကခေါ်၏။

**ဘုံလေးမျိုး**

| | | | |
|---|---|---|---|
| ၁။ | အပါယ်ဘုံ | ၂။ | ကာမသုဂတိဘုံ |
| ၃။ | ရူပါဝစရဘုံ | ၄။ | အရူပါဝစရဘုံ |

**အပါယ်လေးဘုံ**

ကုသိုလ်ပြုခွင့်မရ၍ များသောအားဖြင့် ကုသိုလ်မှ ကင်းသောဘုံကို အပါယ်ဘုံခေါ်၏။ ထိုအပါယ် ဘုံသည် အောက်ပါအတိုင်း လေးမျိုးပြား၏။

| | | | |
|---|---|---|---|
| ၁။ | နိရယ | = | ချမ်းသာကင်းသောဘုံ (ငရဲဘုံ) |
| ၂။ | တိရစ္ဆာနယောနိ | = | တိရစ္ဆာန်အပေါင်းအစု |
| ၃။ | ပေတ္တိဝိသယ | = | ပြိတ္တာများနေရာ |
| ၄။ | အသုရကာယ | = | အသူရာအပေါင်း |

**ငရဲဘုံ**

ကြီးပွားချမ်းသာခြင်းမရှိသော ပုဂ္ဂိုလ်ကို ငရဲသားဟုခေါ်၏။ ထိုသို့ ကြီးပွားချမ်းသာခြင်းမရှိသူများဖြစ်ရာအရပ်ကို ငရဲဘုံ ခေါ်၏။ ထိုငရဲဘုံသည် အောက်ပါ အတိုင်း ရှစ်မျိုးပြား၏။

| | | | |
|---|---|---|---|
| ၁။ | သဉ္ဇိုဝ်းငရဲ | ၅။ | မဟာရောရုဝငရဲ |
| ၂။ | ကာဠသုတ်ငရဲ | ၆။ | တာပနငရဲ |
| ၃။ | သံဃာတငရဲ | ၇။ | မဟာတာပနငရဲ |
| ၄။ | ရောရုဝငရဲ | ၈။ | အဝီစိငရဲ။ |

**ဤကမ္ဘာမြေကြီးသည် ယူဇနာပေါင်း နှစ်သိန်းလေးသောင်းအထုရှိ၏။**
**ထိုတွင် အောက်တစ်သိန်းနှစ်သောင်းသည် ကျောက်မြေဖြစ်၏။**
**အပေါ်က တစ်သိန်းနှစ်သောင်းသည် ပကတိမြေသားဖြစ်၏။**
**ထိုအပေါ်က ပကတိ မြေသားအတွင်း၌ အထက်ကဖော်ပြခဲ့သော ရေကြီးရှစ်ထပ် တည်နေ၏။**
**ရေကြီးတစ်ထပ်နှင့်တစ်ထပ် ယူဇနာပေါင်း တစ်သောင်းငါးထောင်စီ ဝေးကွာလျက် တည်ရှိနေကြ၏။**
**ထို့ကြောင့် လူ့ပြည် အောက်ယူဇနာတစ်သောင်းငါးထောင် ဝေးသော အရပ်၌ သဉ္ဇိုင်းငရဲ တည်ရှိ၏။ စသည်ဖြင့် သိပါလေ။**
**ကျန် ငရဲဘုံများ တည်ရှိရာကိုလည်း ဤနည်းအတိုင်း သိပါလေ။**

**ဤငရဲကြီးရှစ်ထပ်တွင် တစ်ထပ် တစ်ထပ်၌**

| | | | |
|---|---|---|---|
| ၁။ | ဘင်ပုပ်ငရဲ၊ | ၄။ | သန်လျက်ရွက်တောငရဲ၊ |
| ၂။ | ပြာပူငရဲ၊ | ၅။ | ကြိမ်ပိုက်ချောင်းငရဲ၊ |
| ၃။ | လက်ပံတောငရဲ၊ | | |

ဤသို့ ဥဿဒခေါ် ငရဲငယ်ငါးထပ် တံတိုင်းခတ်သကဲ့သို့ ဝိုင်းကာ ပတ်ရံလျက် နေကြ၏။

ဆောင်။ ။ **သဉ္ဇိုဝ်း ကာဠ၊ သံဃာတနှင့်၊ ရောရုဝနှစ်၊**
**တာပန်နှစ်၊ တွက်စစ် အဝီစိ။**
**အထပ်တိုင်းမှာ၊ ဘင်ပြာလက်သန်၊**
**ကြိမ်ပိုက်ရံ၊ ငါးတန် ဥဿရှိ။**

## တိရစ္ဆာန်ဘုံ

လူနတ်များကဲ့သို့ အသက်မရှည် မတ်မတ်မသွားဘဲ အလျားလိုက်ရှည်၍ အလျားလိုက်သွားသော ခြေလေးချောင်း သတ္တဝါ၊ ခြေနှစ်ချောင်းသတ္တဝါ ခြေမရှိသော သတ္တဝါတို့ကို တိရစ္ဆာန်ခေါ်၏။ (ဝါ) အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်း (၃)မျိုးကိုသာ အလိုရှိတတ်သောကြောင့် တိရစ္ဆာန်ဟု ခေါ်၏။ တိရစ္ဆာန်ဘုံဟူ၍ သီးခြား မရှိ၊ တိရစ္ဆာန်တစ်မျိုးစီ ၏ စုပေါင်းနေထိုင်ရာအရပ်ကိုပင် "တိရစ္ဆာန်ဘုံ" ခေါ်၏။

**ပြိတ္တာဘုံ**

ချမ်းသာအပေါင်းမှ ကင်းသောသော သတ္တဝါကို ပြိတ္တာခေါ်၏။ ပြိတ္တာများမှာ ဘုံသီးခြားမရှိ။ ပြိတ္တာများနေထိုင်ရာ အရပ်ကိုပင် ပြိတ္တာဘုံခေါ်၏။

**ပြိတ္တာအမျိုးအစား**

ပြိတ္တာသည် သရဲ၊ ဘီလူး၊ တစ္ဆေ၊ မှင်စာ၊ အစိမ်း စသည်ဖြင့် အမျိုးမျိုးရှိ၏။

**ပြိတ္တာများနေရာ**

ပြိတ္တာများသည် တော၊ တောင်၊ မြစ်၊ ချောင်း၊ သုသာန်စသော အရပ်များ၌ နေကြ၏။ အချို့မှာ အိမ်ကြိုအိမ်ကြား၌ သလိပ်၊ နှပ်ချေး၊ ထမင်းလုံး၊ ဟင်းဖတ်၊ တံတွေး စသည်တို့ကို ကောက်စားကြရ၏။ အချို့မှာ မြစ်၊ ချောင်း၊ကမ်းနား၌ သားငါးများကို ရှာဖွေစားသောက်ကြ၏။

**အသုရကာယ်ဘုံ**

အစိုးရမှု၊ မြူးတူးပျော်ပါးမှု စသည်တို့ဖြင့် နတ်များကဲ့သို့ မတောက်ပ နိုင်သောကြောင့် အသုရာခေါ်၏။ အသုရာ များမှာ ဘုံသီးခြားမရှိ အသုရာအပေါင်း၏ နေရာကိုပင် အသုရကာယ်ဘုံခေါ်၏။

ဤအပါယ်လေးဘုံ၌ ပါဝင်သော အသုရာဟူသည် ပြိတ္တာအကြီးစားပင်ဖြစ်၏။ ပြိတ္တာအကြီးစားကိုပင် အသုရာဟု ခေါ်၏။

**အသုရာငါးမျိုး**

၁။ ဝေပစိတ္တိအသုရာ၊
၂။ ဝိနိပါတိကအသုရာ၊
၃။ ဝေမာနိကအသုရာ၊
၄။ လောကန္တရိကအသုရာ၊
၅။ ကာလကဉ္စိကအသုရာ၊

**အသုရာများနေရာ**

အသုရာများသည် သမုဒ္ဒရာ၊ မြစ်ကမ်း စသောအရပ်များ၌ နေကြ၏။

**အသုရာတို့အစာ**

အသုရာများသည် ရေနားမှာနေသော်လည်း ရေမသောက်ရ၊ ရေထဲ ဆင်းသွားသောအခါ ရေပျောက်သွားကာ သဲပူ များကိုသာ တွေ့ရ၏။ အစာစားရဖို့ သာ၍ ဝေးလှ၏။

**ကာမသုဂတိခုနစ်ဘုံ**

ကာမဂုဏ်ကို လိုလားပြီး ငါးပါးသီလကို စောင့်ထိန်းနိုင်လောက်အောင် စိတ်ဓာတ် ယဉ်ကျေးသူများဖြစ်ရာ ကောင်းမြတ်သောဘုံကို ကာမသုဂတိဘုံခေါ်၏။ ထိုကာမသုဂတိဘုံသည် အောက်ပါအတိုင်း ခုနစ်မျိုးပြား၏။

| | | | |
|---|---|---|---|
| ၁။ | မနုဿ (လူ့)ဘုံ၊ | ၅။ | တုသိတာဘုံ |
| ၂။ | စာတုမဟာရာဇ်ဘုံ၊ | ၆။ | နိမ္မာနရတိဘုံ၊ |
| ၃။ | တာဝတိံသာဘုံ၊ | ၇။ | ပရနိမ္မိတဝသဝတ္တိဘုံ။ |
| ၄။ | ယာမာဘုံ၊ | | |

**လူ့ဘုံ**

သတိကောင်းခြင်း၊ ရဲရင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်သုံးရန် သင့်လျော်ခြင်းစသော ဂုဏ်များကြောင့် မြင့်မြတ်ထက်မြက်သောစိတ်ရှိသော ဇမ္ဗူဒိပ်ကျွန်း(မဇ္ဈိမဒေသ)၌ နေသူတို့ကို မုချအားဖြင့် လူ(မနုဿ)ခေါ်၏။

ဇမ္ဗူဒိပ်ကျွန်းနေ လူတို့နှင့် အသွင်အပြင် အဆင်းသဏ္ဌာန်တူသောကြောင့် ဇမ္ဗူဒိပ်ကျွန်းနေလူတို့မှ တစ်ပါးသော လူဟူသမျှကိုလည်း လူ(မနုဿ)ခေါ်၏။

လောကီသဒ္ဒါဆရာများအလိုအားဖြင့် ကမ္ဘာဦးက မနုမည်သော မဟာသမ္မတ မင်း၏ သားသမီးအမျိုးအနွယ်ဖြစ်သောကြောင့် လူ(မနုဿ)ခေါ်၏။

ကုသိုလ်၊ အကုသိုလ်တို့ကို ခွဲခြားသိမြင်တတ်သောကြောင့်လည်း လူ (မနုဿ) ခေါ်၏။ ထိုလူတို့နေထိုင်ရာဘုံကို လူ့ဘုံခေါ်၏။

**စာတုမဟာရာဇ်ဘုံ**

ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရဟူသော နတ်မင်းကြီး လေးယောက်

တို့ကို ဆည်းကပ်ခစားသော လက်အောက်ခံ နတ်များကို စာတုမဟာရာဇ်နတ်ခေါ်၏။ ထိုနတ်များနေရာအရပ်ကို စတုမဟာရာဇ်နတ်ဘုံခေါ်၏။

**တာဝတိံသာနတ်ဘုံ**

မာဃလုလင်အမှူးရှိသော အတူတကွ ကုသိုလ်ပြုဖက် သုံးကျိပ်သုံးယောက်သော သူတို့၏ ဖြစ်ရာ ဒုတိယနတ်ဘုံကို တာဝတိံသာနတ်ဘုံခေါ်၏။

**ယာမာနတ်ဘုံ**

နတ်ချမ်းသာသို့ ကောင်းစွာရောက်ရှိပြီး ဆင်းရဲကင်းလျက် နတ်ချမ်းသာကို ခံစားရသော နတ်များဖြစ်ရာ တတိယနတ်ဘုံကို ယာမာနတ်ဘုံခေါ်၏။ တာဝတိံသာနတ်ဘုံမှ အထက်ယူဇနာပေါင်း လေးသောင်းနှစ်ထောင်ဝေးကွာသော ကောင်းကင်ပြင်၌ ယာမာနတ်ဘုံတည်၏။

တာဝတိံသာနတ်ဘုံ၌ သိကြားမင်းရှိသကဲ့သို့ ယာမာနတ်ဘုံ၌လည်း ယာမ (သုယာမ)နတ်ဘုရင်ကြီးရှိ၏။ ထိုယာမနတ် ဘုရင်ကြီး၏ဖြစ်ရာ အုပ်ချုပ်ရာ တတိယနတ်ဘုံကို ယာမာနတ်ဘုံခေါ်၏။

**တုသိတာနတ်ဘုံ**

ဤနတ်ဘုံ၌ နတ်စည်းစိမ်ကျက်သရေ ကြီးကျယ်မြင့်မြတ်လှ၏။ ထို့ကြောင့် ဤနတ်ဘုံ၌ ဖြစ်ကြသော နတ်သားနတ်သမီးများ အမြဲနှစ်သက် ပျော်ရွှင်ကြသောကြောင့် ဤစတုတ္ထနတ်ဘုံကို တုသိတာနတ်ဘုံခေါ်၏။

တုသိတာနတ်ဘုံသည် ယာမာနတ်ဘုံကို အထက်ယူဇနာလေးသောင်းနှစ်ထောင်ကွာဝေးသော ကောင်းကင်ပြင်၌ တည်ရှိ၏။

**နိမ္မာနရတိနတ်ဘုံ**

ဤနတ်ဘုံ၌ နတ်တို့သည် မူလကရှိနေသော နတ်စည်းစိမ်ချမ်းသာထက် လွန်လွန်ကဲကဲ ခံစားလိုသောအခါ မိမိတို့ စိတ်တိုင်းကျ ဖန်ဆင်းကာ မွေ့လျော်ပျော်ပါးကြ၏။ ထို့ကြောင့် ဤပဉ္စမနတ်ဘုံကို နိမ္မာနရတိနတ်ဘုံခေါ်၏။ နိမ္မာနရတိနတ်ဘုံသည် တုသိတာနတ်ပြည်မှအထက် ယူဇနာပေါင်း လေးသောင်းနှစ်ထောင် ကွာဝေးသော ကောင်းကင်ပြင်၌တည်ရှိ၏။

**ပရနိမ္မိတဝသဝတ္တီနတ်ဘုံ**

အမြဲခံစားနေကျအာရုံထက် ပိုလွန်မွန်မြတ်သောအာရုံကို ခံစားလိုသောအခါ ရှေးဘဝများက မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံ၏ စွမ်းအားကြောင့် မိမိကိုယ်တိုင် ဖန်ဆင်းရန်မလိုဘဲ အခြားနတ်များက မိမိစိတ်တိုင်းကျ ဖန်ဆင်းပေးအပ်သော နတ်ကာမဂုဏ်စည်းစိမ်ချမ်းသာတို့ကို ခံစားကြရ၏။ ထို့ကြောင့် ဤခြောက်ခုမြောက် နတ်ဘုံကို ပရနိမ္မိတဝသဝတ္တိနတ်ဘုံ ခေါ်၏။

ပရနိမ္မိတဝသဝတ္တိနတ်ဘုံသည် နိမ္မာနရတိနတ်ဘုံမှအထက် ယူဇနာပေါင်း လေးသောင်းနှစ်ထောင်ဝေးကွာသော ကောင်းကင်ပြင်၌ တည်ရှိ၏။

ဆောင် ။ ။**လေးသောင်းနှစ်ထောင်၊ အကွာဆောင်၊ လူ့ဘောင်ဆင့်ဆင့်သိ။**

**ကာမ ၁၁ ဘုံ**

၁။ အပါယ် ၄-ဘုံ

၂။ ကာမသုဂတိ ၇- ဘုံ = ပေါင်း ၁၁-ဘုံ

အာရုံငါးပါး ကာမဂုဏ်တရား၌ လိုချင်တပ်မက်မှုကို ကာမတဏှာခေါ်၏။ ထိုကာမတဏှာ၏ ကျက်စားပျံ့နှံ့ရာ နယ်မြေကို ကာမဘုံခေါ်၏။ ထိုကာမဘုံသည် အထက်ပါအတိုင်း တစ်ဆယ့်တစ်ဘုံပြား၏။ အပါယ်လေးဘုံသည် ငါးပါးသီလကို လုံခြုံအောင် မထိန်းသိမ်းနိုင်လောက်အောင် စိတ်ဓာတ်ရိုင်းစိုင်း ကြမ်းတမ်းသူများ ဖြစ်ရာဘုံဖြစ်၏။

ကာမသုဂတိဘုံသည် ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းနိုင်လောက်အောင် စိတ်ဓာတ်ယဉ်ကျေးသူများ ဖြစ်ရာဘုံဖြစ်၏။ လူ့ဘုံသည် ငါးပါးသီလကို လုံခြုံအောင်ထိန်းသိမ်းနိုင်သူများ ဖြစ်ရာဘုံဖြစ်သောကြောင့် လူ့ဘုံ၌ ပတ်ဝန်းကျင် အာရုံတရားများနှင့် တွေ့ကြုံရသောအခါ စိတ်ကို မထိန်းသိမ်းနိုင်ဘဲ လောဘ၊ ဒေါသ၊ မောဟတရားများ ထုပြောလာလျက် ငါးပါးသီလကို ဖောက်ဖျက်လာတတ်ကြ၏။ ထိုသူများ လူ့ဘုံနှင့်မတန်သဖြင့် ယင်းလူသားများကို ရှင်းလင်းရန်အတွက် ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ်ဟူ၍ ကပ်သုံးမျိုးတွင် တစ်မျိုးမျိုးဖြစ်ပေါ်လာခြင်းဖြစ်၏။ ကပ်သုံးမျိုး တစ်မျိုးမျိုးဖြင့် သေလွန်ရပြီးနောက် အပါယ်လေးဘုံ၌ ဖြစ်ရ၏။

## ရူပါဝစရဘုံ

**ပထမဈာန်သုံးဘုံ**

၁။ ဗြဟ္မပါရိသဇ္ဇာဘုံ၊
၂။ ဗြဟ္မပုရောဟိတာဘုံ၊
၃။ မဟာဗြဟ္မာဘုံ။

**ဒုတိယဈာန်သုံးဘုံ**

၁။ ပရိတ္တာဘာဘုံ၊
၂။ အပ္ပမာဏာဘာဘုံ၊
၃။ အာဘဿရာဘုံ။

**တတိယဈာန်သုံးဘုံ**

၁။ ပရိတ္တသုဘာဘုံ၊
၂။ အပ္ပမာဏသုဘာဘုံ၊
၃။ သုဘကိဏှာဘုံ။

**စတုတ္ထဈာန် (၇)ဘုံ**

၁။ ဝေဟပ္ဖိုလ်ဘုံ၊
၂။ အသညသတ်ဘုံ၊
၃။ သုဒ္ဓါဝါသငါးဘုံ။

**သုဒ္ဓါဝါသငါးဘုံ**

၁။ အဝိဟာဘုံ၊
၂။ အတပ္ပါဘုံ၊
၃။ သုဒဿာဘုံ။
၄။ သုဒဿီဘုံ၊
၅။ အကနိဋ္ဌာဘုံ၊

**ရူပါဝစရ ၁၆ ဘုံ**

| | | |
|---|---|---|
| ၁။ | ပထမဈာန် | ၃- ဘုံ |
| ၂။ | ဒုတိယဈာန် | ၃- ဘုံ |
| ၃။ | တတိယဈာန် | ၃- ဘုံ |
| ၄။ | စတုတ္ထဈာန် | ၇- ဘုံ |
| | ပေါင်း | ၁၆-ဘုံ |

**အရူပါဝစရလေးဘုံ**

၁။ အာကာသာနဉ္စာယတနဘုံ၊

၂။ ဝိညာဏဉ္စာယတနဘုံ၊

၃။ အာကိဉ္စညာယတနဘုံ၊

၄။ နေဝသညာနာသညာယတနဘုံ။

**၃၁–ဘုံ**

| | | |
|---|---|---|
| ၁။ | ကာမ | ၁၁ – ဘုံ။ |
| ၂။ | ရူပ | ၁၆ – ဘုံ။ |
| ၃။ | အရူပ | ၄ – ဘုံ။ |
| | ပေါင်း ---- | ၃၁ – ဘုံ။ |

**၁။ ပဉ္စဝေါကာရ ၂၆ ဘုံ**

ခန္ဓာငါးပါးရှိသောဘုံကို ပဉ္စဝေါကာရဘုံခေါ်၏။ ထိုပဉ္စဝေါကာရဘုံသည် အောက်ပါအတိုင်း ၂၆ ဘုံရှိ၏။

| | | |
|---|---|---|
| ၁။ | ကာမ | ၁၁ – ဘုံ။ |
| ၂။ | အသညသတ်ကြဉ်ရူပ | ၁၅ – ဘုံ။ |
| | ပေါင်း ---- | ၂၆ – ဘုံ။ |

**၂။ စတုဝေါကာရလေးဘုံ**

ခန္ဓာလေးပါးသာရှိသောဘုံကို စတုဝေါကာရဘုံခေါ်၏။ အရူပလေးဘုံသည် စတုဝေါကာရဘုံမည်၏။

**၃။ ဧကဝေါကာရဘုံ**

ရူပက္ခန္ဓာတစ်ပါးသာရှိသောဘုံကို ဧကဝေါကာရဘုံခေါ်၏။ အသညသတ်ဘုံသည် ဧကဝေါကာရဘုံမည်၏။

## ဘုံနှင့် ပုဂ္ဂိုလ်ကိုတွဲပြပုံ

**အပါယ်လေးဘုံ၌ရသော ပုဂ္ဂိုလ်**

အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်သာရ၏။

**လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၌ရသော ပုဂ္ဂိုလ် ၁၁ ယောက်**

လူ့ဘုံ၊ စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကြဉ် ပုဂ္ဂိုလ် ၁၁ ယောက်ရ၏။

**အထက်နတ်ပြည် (၅)ထပ်၌ရသော ပုဂ္ဂိုလ် ၁၀**

တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိဟူသော အထက်ကာမာဝစရ နတ်ပြည်ငါးထပ်၌

၁။ ဒွိဟိတ်ပုထုဇဉ် ၁ - ယောက်
၂။ တိဟိတ်ပုထုဇဉ် ၁ - ယောက်
၃။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄ - ယောက်
၄။ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ - ယောက်
ပေါင်း ----- ၁၀-ယောက်

**ဝေဟပ္ဖိုလ်တိုင် ရူပါဝစရ (၁၀)ဘုံ၌ ရနိုင်သော ပုဂ္ဂိုလ် ၉ ယောက်**

၁။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁ - ယောက်
၂။ အရိယာပုဂ္ဂိုလ် ၈ - ယောက်
ပေါင်း ----- ၉ - ယောက်

**အသညသတ်ဘုံ၌ရသော ပုဂ္ဂိုလ် - ၁ ယောက်**

အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်ရ၏။

**သုဒ္ဓါဝါသငါးဘုံ၌ရသော ပုဂ္ဂိုလ်သုံးယောက်**

၁။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊
၂။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊
၃။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်

**အရူပလေးဘုံ၌ရသော ပုဂ္ဂိုလ်ရှစ်ယောက်**

| | | |
|---|---|---|
| ၁။ | တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ် | ၁ - ယောက် |
| ၂။ | သောတာပတ္တိမဂ္ဂဋ္ဌာန်ကြဉ်အရိယာ | ၇ - ယောက် |
| | ပေါင်း ---- | ၈ - ယောက် |

ဆောင် ။ ။**အပါယ်ဒု-ရ၊ လူ့ နတ်စဉ်၌၊ ဒု-ပအက်ဒသ်၊**
**ထက်ငါးနတ်ဝယ်၊ အဟိတ်ပယ်သော၊ ဆယ်ဘုံရူပ၊ တိဟိတ်ရ၏။**
**သညု သု-သာ၊ ငါးသုဒ္ဓါမှာ၊ ရိယာခေါင်ဆုံး၊ သုံးယောက်စီရ၊**
**အရူပဝယ်၊ စ-မဂ်ပယ်သည်၊ ရှစ်ပယ်တိဟိတ်၊ မကြွင်းတည်း။**

**ဘုံလေးပါး**

ဘုံသည် ကာမ(၁၁) ဘုံ၊ ရူပ(၁၆) ဘုံ၊ အရူပ(၄) ဘုံ၊ အသညသတ်(၁)ဘုံဟု လေးမျိုးရှိ၏။

မှတ်ချက်။ အရူပဘုံသည် ရုပ်မရှိ နာမ်သက်သက်ရှိသောဘုံ ဖြစ်သည်။
အသညသတ်ဘုံသည် နာမ်မရှိ ရုပ်သက်သက်ရှိသောဘုံဖြစ်သည်။
ကာမ(၁၁) ဘုံ၊ (အသညသတ်ကြဉ်) ရူပ(၁၆)ဘုံတို့ သည် ရုပ်နာမ် နှစ်ပါးရှိသောဘုံ ဖြစ်သည်။

**ဘူမိစတုက္ကပြီး၏။**

# (၂) ပဋိသန္ဓိစတုက္က

ဘဝဟောင်းအပြတ်တွင် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသည့် အနေဖြင့် အတိတ်ဘဝက မိမိကိုယ်တိုင် ပြုလုပ်ခဲ့သော ကံတရား၏ စွမ်းအားကြောင့် ဘဝသစ်၌ စိတ်၊ စေတသိက်၊ ကမ္မဇရုပ်ဟူသော တရားသုံးမျိုး စတင်ဖွဲ့စည်း ဖြစ်ပေါ်ရ၏။ ထိုသို့ တရားသုံးမျိုး စတင်ဖွဲ့စည်းဖြစ်ပေါ်ခြင်းကို လောက၌ ပဋိသန္ဓေနေသည်ခေါ်၏။

ထိုသို့ ဘဝပြတ်မသွားအောင် ဘဝသစ်တစ်ခုကို ဆက်စပ်ပေးသောကြောင့် ဘဝသစ်၌ ရှေးဦးစွာဖြစ်သော အကျိုးဝိပါက်စိတ်ကို ပဋိသန္ဓေစိတ်ခေါ်၏။ ထိုပဋိသန္ဓေစိတ်သည် လေးမျိုးပြား၏။ ထိုပဋိသန္ဓေစိတ်လေးမျိုးအပေါင်းကို ပဋိသန္ဓေစတုက္ကခေါ်၏။

**ပဋိသန္ဓေလေးမျိုး**

၁။ အပါယ်ပဋိသန္ဓေ၊
၂။ ကာမသုဂတိပဋိသန္ဓေ၊
၃။ ရူပါဝစရပဋိသန္ဓေ၊
၄။ အရူပါဝစရပဋိသန္ဓေ။

**အပါယ်ပဋိသန္ဓေစိတ် ၁ ပါး**

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်လေးဘုံ၌ ပဋိသန္ဓေစိတ်ဖြစ်၏။ ထိုအကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်ပင် ပဝတ္တိအခါ ဘဝင်အမည်ဖြင့်ဖြစ်၏။ ဘဝအဆုံးမှာ စုတိစိတ်အမည် ဖြင့်ဖြစ်၏။

**ကာမသုဂတိပဋိသန္ဓေစိတ် ၉ ပါး**

| | | |
|---|---|---|
| ၁။ အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် | | ၁ - ပါး |
| ၂။ မဟာဝိပါက်စိတ် | | ၈ - ပါး |
| | ပေါင်း ------ | ၉ - ပါး |

**အဟိတ်ကုသလဝိပါက်ပဋိသန္ဓေစိတ်**

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ သန္ဓေကန်းစသော လူသားများနှင့် ဘုမ္မစိုးနတ်ကြီးတို့ကို မှီခိုနေကြသော ဝိနိပါတိကအသုရာတို့၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်၊ အမည်ဖြင့်ဖြစ်၏။

**ဇစ္စန္ဓ။** ။သန္ဓေကန်းပုဂ္ဂိုလ်ကို ဇစ္စန္ဓပုဂ္ဂိုလ်ခေါ်၏။ မျက်စိအကြည်ဓာတ် (စက္ခုပသာဒ) ရုပ်ကိုဖြစ်စေနိုင်သော ကံတရားမရှိခြင်းကြောင့် မျက်စိအကြည်ဓာတ် (စက္ခုပသာဒ) ရုပ်ဖြစ်ပေါ်သင့်သောအချိန်၌ ဖြစ်ပေါ်မှုမရှိသူကို သန္ဓေကန်းခေါ်၏။ **(မျက်စိအကြည်ဓါတ် (စက္ခုပသာဒ) ရုပ်ပျက်စီးသွားသူကို သန္ဓေကန်းမခေါ်ပေ။)**

## လူစဉ်မမီ လူရာမဝင်သူများ

| | | | |
|---|---|---|---|
| ၁။ | ဇစ္စန္ဓ | = | ပဋိသန္ဓေအားဖြင့် မျက်စိကန်းလာသူ၊ |
| ၂။ | ဇစ္စဗဓိရ | = | ပဋိသန္ဓေအားဖြင့် နားထိုင်းသူ၊ |
| ၃။ | ဇစ္စမူဂ | = | ပဋိသန္ဓေအားဖြင့် စကားမပီဘဲ ထစ်အသူ၊ |
| ၄။ | ဇစ္စဠေ | = | ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းဖျင်းအသူ၊ |
| ၅။ | ဇစ္စုမ္မတ္တက | = | ပဋိသန္ဓေအားဖြင့် ရူးသွပ်သူ၊ |
| ၆။ | ပဏ္ဍက | = | ကိလေသာထူပြောပြီး ကာမပူပန်မှု မငြိမ်းအေးနိုင်သူ၊ |
| ၇။ | ဥဘတောဗျဉ္ဇနက | = | ဥဘတောဗျည်း၊ မိန်းမအင်္ဂါ၊ ယောက်ျားအင်္ဂါ နှစ်မျိုးပါရှိသူ။ |
| ၈။ | နပုံသက | = | မိန်းမအင်္ဂါလည်းမထင်ရှား၊ ယောက်ျားအင်္ဂါလည်း မထင်ရှားသူ၊ |
| ၉။ | မမ္မ | = | မန်းစွဲသူ၊ စကားပြောသောအခါ အမျှင်မပြတ်ဘဲ ပြောသူ။ |

**မှတ်ချက်** ။ ။ ကုသိုလ်ပြုလုပ်စဉ်က အသိဉာဏ်မပါဘဲ အလောဘ၊ အဒေါသ၊ ဟိတ်နှစ်ပါးပါရှိသော ဒွိဟိတ်သြမက ကုသိုလ်ကို ပြုလုပ်ခဲ့သဖြင့် ထိုဒွိဟိတ်သြမကကုသိုလ်ကံ၏ အကျိုးပေးမှုကြောင့် ထိုသို့ လူစဉ်မမီသော ဘဝကို ရရှိခဲ့ခြင်းဖြစ်၏။

## ဝိနိပါတိကအသုရာ

စည်းစိမ်ဥစ္စာ အိပ်ရာနေရာများ ကောင်းမွန်စွာမရှိဘဲ ဖောက်ပြန်ပျက်စီးနေသော နတ်သေးနတ်မွှား နတ်အငယ်စား တို့ကို ဝိနိပါတိကအသုရာခေါ်၏။ ဝိနိပါတိကအသုရာတို့သည် ဘုမ္မစိုးနတ်ကြီးများကို မှီခိုနေကြရ၏။

## ကာမပဋိသန္ဓေဆယ်ပါး

၁။ အပယ်ပဋိသန္ဓေစိတ် ၁ - ပါး။
၂။ ကာမသုဂတိပဋိသန္ဓေစိတ် ၉ - ပါး။
ပေါင်း --- ၁၀ - ပါး။

## ကာမပဋိသန္ဓေစိတ် (၁၀)ပါးကို ဘုံနှင့်တွဲပြပုံ

| ပဋိသန္ဓေစိတ် | ဘုံ |
| --- | --- |
| ၁။ အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် | အပါယ်လေးဘုံ |
| ၂။ အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် | လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ |
| ၃။ မဟာဝိပါက်စိတ်ရှစ်ပါး | ကာမသုဂတိ (၇)ဘုံ |

## ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်း

### အသက်တမ်းမမြဲသောပုဂ္ဂိုလ်များ

၁။ အပါယ်လေးဘုံသား သတ္တဝါများ
၂။ လူသားများ
၃။ ဝိနိပါတိကအသုရာများ။

### နတ်သက်ရှာဖွေနည်း

၁။ နတ်သက်ကို မိမိအောက်နတ်ဘုံသက်ဖြင့် ရှာဖွေနည်း။
၂။ နတ်သက်ကို မိမိနတ်ဘုံသက်ဖြင့် ရှာဖွေနည်း။
၃။ နတ်သက်ကို လူနှစ်အရေအတွက်ဖြင့် ရှာဖွေနည်း။

ဤသို့ နတ်သက်ရှာဖွေနည်းသုံးမျိုးရှိ၏။

ထိုတွင် -

၁။ မိမိအောက်နတ်ဘုံသက်ဖြင့် ရှာဖွေရာ၌ မိမိအောက်နတ်ဘုံသက်ကိုတည်၊ ၄-ဖြင့်မြှောက်ပါ။

၂။ မိမိနတ်ဘုံသက်ဖြင့် ရှာဖွေရာ၌ မိမိအောက်နတ်ဘုံသက်ကိုတည် ၂-ဖြင့် မြှောက်ပါ။

၃။ လူနှစ်အရေအတွက်ဖြင့် ရှာဖွေရာ၌ မိမိအောက်နတ်ဘုံ၌ လူနှစ်အရေအတွက်ဖြင့် ရရှိသော အသက်တမ်းကိုတည် ၄ ဖြင့် မြှောက်ပါ။

**နတ်သက်မြှောက်ပုံရှင်းလင်းချက် ။** ။(၁) တာဝတိံသာနတ်သက်သည် စာတုမဟာရာဇ်နတ်သက်ထက် လေးဆတက်မျှရှည်သောကြောင့် တာဝတိံသာနတ်သက်ကို စာတုမဟာရာဇ် နတ်တွက်ကိန်းဖြင့် ရေတွက်လိုပါက စာတုမဟာရာဇ်နတ်သက် ၅၀၀-ကိုတည်၊ ၄-ဖြင့်မြှောက်၊ ၅၀၀ × ၄ = ၂၀၀၀ ဖြစ်၏။ ယင်း(၂၀၀၀)သည် စာတုမဟာရာဇ်နတ်နှစ် အရေအတွက်ဖြင့် ရေတွက်ထားသော တာဝတိံသာနတ်သက်ဖြစ်၏။

(၂) တာဝတိံသာနတ်သက်၏ နေ့တာညဉ့်တာသည် စာတုမဟာရာဇ်နတ်တို့၏ နေ့တာညဉ့်တာထက် နှစ်ဆပိုရှည်၏။ ထို့ကြောင့် စာတုမဟာရာဇ်နတ်သက် ၅၀၀ ကိုတည်၊ နှစ်ဖြင့်မြှောက်ပါ။ ၅၀၀ × ၂ = ၁၀၀၀ ဖြစ်၏။ ယင်း ၁၀၀၀ သည် တာဝတိံသာနတ်အရေအတွက်ဖြင့် ရေတွက်ထားသော တာဝတိံသာနတ်သက်ဖြစ်၏။

(၃) လူနှစ်အရေအတွက်ကား လွယ်၏။ ၄ ဖြင့်မြှောက်ရုံသာဖြစ်၏။

(၁) ယာမာနတ်သက်သည် တာဝတိံသာနတ်သက်ထက် လေးဆတက်မျှရှည်၏။ ထို့ကြောင့် ယာမာနတ်သက်ကို တာဝတိံသာနတ်တွက်ကိန်းဖြင့် တွက်လိုပါက တာဝတိံသာနတ်သက် ၁၀၀၀ ကိုတည်၊ ၄ ဖြင့်မြှောက်ပါ။ ၁၀၀၀ × ၄ = ၄၀၀၀ ဖြစ်၏။ ယင်း ၄၀၀၀ သည် တာဝတိံသာနတ်နှစ်အရေအတွက်ဖြင့် ရေတွက်ထားသော ယာမာနတ်သက်ဖြစ်၏။

(၂) ယာမာနတ်တို့၏ နေ့တာညဉ့်တာသည် တာဝတိံသာနတ်တို့၏ နေ့တာညဉ့်တာထက် နှစ်ဆသာရှည်သောကြောင့် တာဝတိံသာနတ်သက် ၁၀၀၀ ကိုတည်၊ ၂ ဖြင့်မြှောက်ပါ။ ၁၀၀၀ × ၂ = ၂၀၀၀ ဖြစ်၏။ ယင်း ၂၀၀၀ သည် ယာမာနတ်အရေအတွက်ဖြင့် ရေတွက်ထားသော ယာမာနတ်သက်ဖြစ်၏။

(၃) လူနှစ်အားဖြင့်ကား ၃၆သန်း×၄=၁၄၄ကုဋေ ၄ သန်း။

**အမှာ ။** ။ ဤနည်းကိုမှီ၍ အထက်နတ်ဘုံ၏ အသက်တမ်းတို့ကို

ရှာဖွေပါလေ။ အမှတ် (၁) စည်းမျဉ်းအရ လေးဖြင့် မြှောက်၍ ရရှိသောဂဏန်းကို တည်လျက် အခြားအထက်နတ်ဘုံသက်ကို မရှာရပါ။ အမှတ်(၂)စည်းမျဉ်းအရ နှစ်ဖြင့် မြှောက်၍ရရှိသော အမြေဂဏန်းကိုတည်လျက် လေးဖြင့်မြှောက်ရမည်။ ဤနည်းကိုမမှားရအောင် အထူးသတိပြုရမည်။

**ရူပပဋိသန္ဓေ ၆ ပါး**

| | | |
|---|---|---|
| ၁။ | ရူပဝိပါက် (နာမ်) ပဋိသန္ဓေ | ၅ - ပါး။ |
| ၂။ | ဇီဝိတနဝကကလာပ် (ရုပ်) ပဋိသန္ဓေ | ၁ - ပါး။ |
| | ပေါင်း ---- | ၆ - ပါး။ |

**ပထမစျာန်သုံးဘုံ ပဋိသန္ဓေစိတ်**

ရူပပထမစျာန်ဝိပါက်စိတ်သည် ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာဟူသော ပထမစျာန်သုံးဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ တပ်၍ဖြစ်၏။

**ဒုတိယစျာန်သုံးဘုံပဋိသန္ဓေစိတ်**

ရူပဒုတိယစျာန်ဝိပါက်၊ တတိယစျာန်ဝိပါက်စိတ်သည် ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာဟူသော ဒုတိယ စျာန်သုံးဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်၍ ဖြစ်၏။

**တတိယစျာန်သုံးဘုံပဋိသန္ဓေစိတ်**

ရူပစတုတ္ထစျာန် ဝိပါက်စိတ်သည် ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာဟူသော တတိယစျာန်သုံးဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်၍ဖြစ်၏။

**စတုတ္ထစျာန်သုံးဘုံပဋိသန္ဓေစိတ်**

ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံဟူသော စတုတ္ထစျာန်ခြောက်ဘုံ၌ ရူပပဥ္စမစျာန်ဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်၍ ဖြစ်၏။

**အသညသတ်ဘုံပဋိသန္ဓေစိတ်**

ဇီဝိတနဝကလာပ်ရုပ်သည် အာသညသတ်ဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိအမည်ဖြင့်ဖြစ်၏။

**ရူပဗြဟ္မာများအသက်တမ်း**

| ဘုံ | အသက်တမ်း |
|---|---|
| ဗြဟ္မပါရိသဇ္ဇာ | အသင်္ချေယျကပ်သုံးပုံတစ်ပုံ |
| ဗြဟ္မာပုရောဟိတာ | အသင်္ချေယျကပ်တစ်ဝက် |
| မဟာဗြဟ္မာ | အသင်္ချေယျကပ်တစ်ကပ် |
| ပရိတ္တာဘာ | မဟာကပ် ၂ ကပ် |
| အပ္ပမာဏာဘာ | မဟာကပ် ၄ ကပ် |
| အာဘဿရာ | မဟာကပ် ၈ ကပ် |
| ပရိတ္တသုဘာ | မဟာကပ် ၁၆ ကပ် |
| အပ္ပမာဏသုဘာ | မဟာကပ် ၃၂ ကပ် |
| သုဘကိဏှာ | မဟာကပ် ၆၄ ကပ် |
| ဝေဟပ္ဖိုလ် | မဟာကပ် ၅၀၀ ကပ် |
| အသညသတ် | မဟာကပ် ၅၀၀ ကပ် |
| အဝိဟာ | မဟာကပ် ၁၀၀၀ ကပ် |
| အတပ္ပါ | မဟာကပ် ၂၀၀၀ ကပ် |
| သုဒဿာ | မဟာကပ် ၄၀၀၀ ကပ် |
| သုဒဿီ | မဟာကပ် ၈၀၀၀ ကပ် |
| အကနိဋ္ဌာ | မဟာကပ် ၁၆၀၀၀ကပ် |

**အရူပဘုံနှင့် အရူပ ပဋိသန္ဓေလေးပါး**

၁။ အာကာသာနဉ္စာယတနဝိပါက်စိတ်သည် အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်၍ ဖြစ်၏။

၂။ ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စ တပ်၍ ဖြစ်၏။

၃။ အာကိဉ္စညာယတနဝိပါက်စိတ်သည် အာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စ တပ်၍ ဖြစ်၏။

၄။ နေဝသညာ နာသညာယတနဝိပါက်စိတ်သည် နေဝသညာနာသညာယတန ဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စ တပ်၍ ဖြစ်၏။

**အရူပပုဂ္ဂိုလ်များ အသက်တမ်း**

| | ဘုံ | အသက်တမ်း |
|---|---|---|
| ၁။ | အာကာသာနဉ္စာယတနဘုံ | မဟာကပ်နှစ်သောင်း |
| ၂။ | ဝိညာဏဉ္စာယတနဘုံ | မဟာကပ်လေးသောင်း |
| ၃။ | အာကိဉ္စညာယတနဘုံ | မဟာကပ်ခြောက်သောင်း |
| ၄။ | နေဝသညာနာသညာယတနဘုံ | မဟာကပ်ရှစ်သောင်းလေးထောင် |

**ပဋိသန္ဓေ ၂၀ ပါး**

| | | |
|---|---|---|
| ၁။ | ကာမပဋိသန္ဓေ | ၁၀ - ပါး။ |
| ၂။ | ရူပပဋိသန္ဓေ | ၆ - ပါး။ |
| ၃။ | အရူပ ပဋိသန္ဓေ | ၄ - ပါး။ |
| | ပေါင်း ----- | ၂၀ - ပါး။ |

**တစ်ဘဝ၌ တူမြဲတရားသုံးမျိုး**

ပဋိသန္ဓေ၊ ဘဝင်၊ စုတိသုံးပါးလုံးသည် တစ်ဘဝ၌ တစ်မျိုးတည်းသာ ဖြစ်ရ၏။ အာရုံလည်းတူကြရ၏။

**ဥပမာ။** ။ ပဋိသန္ဓေစိတ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြစ်၍ ကံကို အာရုံပြုပါက ပဝတ္တိအခါ ဘဝင်စိတ်နှင့် စုတိစိတ် သည်လည်း အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် များသာဖြစ်၍ ကံအာရုံကိုပင် အာရုံပြုကြ၏။

**(၃)ကမ္မစတုက္က**

ကမ္မဟူသော ပါဠိစကားကို အလုပ်ဟု မြန်မာပြန်ရ၏။ အလုပ်ကို ကမ္မ = ကံဟုခေါ်၏။ လူသည် စေတနာက စေ့ဆော်လှုံ့ဆော်ခြင်းကြောင့် နေ့စဉ်အမြဲ

လက်ခြေအစရှိသော ကိုယ်ဖြင့် အလုပ်အမျိုးမျိုးကို ပြုလုပ်၏။ ထိုကိုယ်ဖြင့် ပြုလုပ်အပ်သော အလုပ်ကို ကာယကံခေါ်၏။

လူသည် စေတနာက စေ့ဆော်လှုံ့ဆော်မှုကြောင့် နေ့စဉ်အမြဲ နှုတ်ဖြင့်စကားအမျိုးမျိုးကို ပြောဆိုနေ၏။ ယင်းနှုတ်ဖြင့် ပြောဆိုအပ်သော စကားကို ဝစီကံခေါ်၏။ လူသည် စေတနာက စေ့ဆော်လှုံ့ဆော်မှုကြောင့် စိတ်ဖြင့် အကြံအမျိုးမျိုးကို ကြံစည်တွေးခေါ်နေ၏။ လူ၏ ယင်းကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုကို ဖြစ်ပေါ်စေသော စေ့ဆော်မှု၊ လှုံ့ဆော်မှုစေတနာကို ကံခေါ်၏။

ထိုကံသည် ကိစ္စနှင့်စပ်၍လည်းကောင်း၊ အကျိုးပေးလှည့်အစဉ်အားဖြင့် လည်းကောင်း၊ အကျိုးပေးရာကာလနှင့် စပ်သဖြင့်လည်းကောင်း၊ အကျိုးပေးရာ ဌာနနှင့်စပ်သဖြင့်လည်းကောင်း၊ လေးမျိုးစီပြား၏။

**ကိစ္စနှင့်စပ်သော ကံလေးမျိုး**

၁။ ဇနကကံ
၂။ ဥပတ္ထမ္ဘကကံ
၃။ ဥပပီဠကကံ
၄။ ဥပဃာတကကံ ဤသို့ ကိစ္စနှင့်စပ်၍ ကံလေးမျိုးပြား၏။

**(၁) ဇနကကံ။** ။ ပဋိသန္ဓေအခါ၌ဖြစ်စေ၊ ပဝတ္တိအခါ၌ဖြစ်စေ၊ အကျိုးပေးခွင့် ရသောအခါ၌ ဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်၊ ကမ္မပစ္စယဥတုဇရုပ်တို့ကို မိမိကိုယ်တိုင်ဖြစ်စေနိုင်သော ကုသိုလ်၊ အကုသိုလ်စေတနာကို ဇနကကံ ခေါ်၏။

ဇနကကံသည် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်များကိုလည်းကောင်း၊ နတ်ဘုံဗိမာန်၊ ရွှေ၌ သင်ဖုန်းစက်စသော ကမ္မပစ္စယ ဥတုဇရုပ်များကိုလည်းကောင်း ဖြစ်စေနိုင်၏။ ပဝတ္တိအခါ၌ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံ၊ မဟာဝိပါက်စသော နာမ်ဝိပါက် တရားများကို လည်းကောင်း၊ ခဏတိုင်း ခဏတိုင်း၌ ကမ္မဇရုပ်များကိုလည်းကောင်း ဖြစ်စေနိုင်၏။

ဆောင်။ ။ **ဝိပါက်စိတ်စေ၊ ရုပ်ထွေထွေကို သန္ဓေပဝတ္တိ၊ ခွင့်ခါရှိသော်၊ မိမိကိုယ်တိုင်၊ ဖြစ်စေနိုင်၊ ခေါ်ပိုင်ဇနကကံ။**

(၂) ဥပတ္ထမ္ဘကကံ။

မိမိကိုယ်တိုင် အကျိုးမပေးနိုင်ဘဲ တစ်ပါးသောကံ အကျိုးပေးခွင့် ရအောင်၊ အကျိုးပေးခွင့်ရနေပြန်လျှင်လည်း အကျိုးပေး သန်မာကြီးထွားလာအောင်၊ အကျိုးပေးပြီးသောအခါ၌လည်း အကျိုးတရားများ ကြာရှည်အောင် သင့်လျော်လျောက်ပတ်စွာ ကူညီထောက်ပံ့တတ်သောကံကို ဥပတ္ထမ္ဘကကံ ခေါ်၏။

ဆောင်။ ။ **အကျိုးပေးခွင့်၊ အခါသင့်ဖို့၊ အခွင့်သင့်ပြန်၊ ကျိုးပေးသန်အောင်၊ ပေးပြန်ပြီးခါ၊ ရှည်မြင့်ကြာဖို့၊ လျော်စွာထောက်မ၊ ကူညီက၊ ဥပတ္ထမ္ဘကကံ။**

(၃) ဥပပီဠကကံ။

တစ်ပါးသောကံကို အကျိုးပေးခွင့်မရအောင်၊ အကျိုးပေးခွင့် ရပြန်လျှင်လည်း အကျိုးပေးမထက်သန်အောင် သိမ်ဖျင်းအောင်၊ ပေးပြီးသော အကျိုးကိုလည်း မဖွံ့ဖြိုး မတိုးပွားအောင် ကပ်၍နှိပ်စက်တတ်သောကံကို ဥပပီဠကကံ ခေါ်၏။

ဆောင်။ ။ **အကျိုးပေးခွင့်၊ မရလင့်ဖို့၊ ရသင့်လေပြန်၊ ကျိုးမသန်အောင်၊ ရပြန်အကျိုး၊ မဖွံ့ဖြိုးဖို့၊ အမျိုးမျိုးက၊ နှိပ်စက်လှ၊ ဥပပီဠကကံ။**

**(၄) ဥပဃာတကကံ။** ကပ်၍နှိပ်စက်ရုံသာမက တစ်ပါးသောကံကို လုံးဝ အကျိုးမပေးနိုင်အောင်၊ ကံတစ်ပါးက ပေးပြီးသော အကျိုးများဖြစ်သော ခန္ဓာအစဉ်ကိုလည်း ပြတ်စဲသွားအောင် သတ်ဖြတ်တတ်သောကံကို ဥပဃာတကကံခေါ်၏။

ဆောင်။ ။ **နှိပ်စက်ရုံတွင်၊ မကချင်ဘဲ၊ ယခင်ထက်တိုး၊ ကံအကျိုးကို၊ ပယ်ချိုးနှိပ်ချ၊ သတ်ဖြတ်က၊ ဥပဃာတကကံ။**

**ကိစ္စလေးမျိုး။** ။ဖြစ်စေခြင်းကိစ္စ၊ ထောက်ပံ့ခြင်းကိစ္စ၊ နှိပ်စက်ခြင်းကိစ္စ၊ သတ်ဖြတ်ခြင်းကိစ္စများသည် ကံတရားများ၏ လုပ်ငန်းကိစ္စများပင်ဖြစ်၏။ ဤသို့ ကိစ္စနှင့်စပ်၍ ကံလေးမျိုးပြား၏။

**အကျိုးပေးလှည့်အစဉ်အားဖြင့် ကံလေးမျိုး**

၁။ ဂရုကကံ

၂။ အာသန္နကံ

၃။ အာစိဏ္ဏကံ

၄။ ကဋတ္တာကံ ဤသို့ အကျိုးပေးလှည့်အစဉ်အားဖြင့် ကံလေးမျိုးပြား၏။

**(၁) ဂရုကံ**

အခြားကံများက မတားမြစ်နိုင်အောင် ကြီးလေးသောကံကို ကရုကံ ခေါ်၏။

ကုသိုလ်အရာ၌ မဟဂ္ဂုတ်(ဈာန်)ကံနှင့် အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံကို ကရုကံအရယူရမည်။

**အမှာ။** ။ နိယတမိစ္ဆာဒိဋ္ဌိကံကိုလည်း ဂရုကံ၌ သွင်းယူကြသေး၏။

**ဆောင်။ ။ကံတစ်ပါးတို့၊ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာဂရုက။**

**ပဉ္စာနန္တရိယကံ ။** အခြားမဲ့ ဒုတိယဘဝ၌ မကောင်းကျိုးကို မုချပေးလတ္တံ့သော ကံငါးပါးကို ပဉ္စာနန္တရိယကံခေါ်၏။ ထိုကံငါးပါးသည် အောက်ပါအတိုင်းဖြစ်၏။

| | | | |
|---|---|---|---|
| ၁။ | မာတုဃာတက | - | အမိကိုသတ်မှု၊ |
| ၂။ | ပိတုဃာတက | - | အဖကိုသတ်မှု၊ |
| ၃။ | အရဟန္တဃာတက | - | ရဟန္တာကိုသတ်မှု၊ |
| ၄။ | လောဟိတုပ္ပါဒက | - | ဘုရားရှင်၌ သွေးခြည်ဥအောင်ပြုမှု၊ |
| ၅။ | သံဃဘေဒက | - | သံဃာသင်းခွဲမှု၊ |

မှတ်ချက်။ ။သိမ်တစ်ခုတည်း၌ တစ်ပြိုင်နက် သံဃာ့ကံကိုခွဲ၍ သီးခြားကံ ပြုပါမှ သံဃဘေဒကကံထိုက်၏။

**ဆောင် ။ ။မိ၊ဘ၊ အရဟံ၊ လောဟိတံ၊ ဘေဒံ နန္တရိ။**

**(၂) အာသန္နကံ-**

ရှေးက ပြုလုပ်ခဲ့ဖူးပြီး သေခါနီးအချိန်၌ သတိရအောက်မေ့ဆင်ခြင်အပ်သော ကံနှင့် သေခါနီးအချိန်၌ ပြုလုပ်အပ်သော ကံကို အာသန္နကံခေါ်၏။

ဆောင် ။ ။ **သေဆုံးလုလု၊ ပြုမှုလည်းကောင်း၊ အဟောင်းပေါ်လာ၊ ကံနှစ်ဖြာ၊ သညာအာသန္န။**

## (၃) အာစိဏ္ဏကံ-

စရိုက်ဝါသနာအားလျော်စွာ ဝတ်ထား၍ နေ့စဉ်အမြဲမပြတ် လေ့ကျက် ပြုလုပ်အပ်သောကံနှင့် တစ်ကြိမ် တစ်ခါပြုလုပ်အပ်သော်လည်း ယင်းသို့ ပြုလုပ်အပ်သည်ကို ထပ်ကာထပ်ကာ သတိရအောက်မေ့အပ်သောကံကို အာစိဏ္ဏကံ ခေါ်၏။

ဆောင်။ ။**နေ့စဉ်လေ့ကျက်၊ ရက်ရှည်မြဲမြဲ၊ အထုံစွဲ၊ ခေါ်မြဲအာစိဏ္ဏ။**

## (၄) ကဋတ္တာကံ-

ဂရုက၊ အာသန္န၊ အာစိဏ္ဏကံအဖြစ်သို့ မရောက်ဘဲ ယခုဘဝမှာ အမှတ်မဲ့သာမန်ပြုလုပ်အပ်သော ကံများနှင့် ရှေးရှေးဘဝက ပြုလုပ်ခဲ့သော ကံများကို ကဋတ္တာကံခေါ်၏။

ဆောင် ။ ။**သုံးပါးမှလျှင်၊ အလွတ်တင်၊ ခေါ်ချင်-ကဋတ္တာ။**

## အကျိုးပေးလှည့်အကြိမ်

သတ္တဝါတစ်ဦးမှာ ဂရုကံစသော ကံလေးမျိုးလုံးကို ပြုလုပ်ထားပါက နောက်ဘဝ၌ ဂရုကံက အကျိုးပေး၏။ ဂရုကံကို ပြုလုပ်ထားမှုမရှိပါလျှင် အာသန္နကံက နောက်ဘဝ၌ အကျိုးပေး၏။ အာသန္နကံကို ပြုလုပ်ထားမှုမရှိလျှင် အာစိဏ္ဏကံက နောက်ဘဝ၌ အကျိုးပေး၏။ အာစိဏ္ဏကံကို ပြုလုပ်ထားမှုမရှိလျှင် ကဋတ္တာကံက နောက်ဘဝ၌ အကျိုးပေး၏။ ဤသို့ အကျိုးပေးလှည့် အကြိမ်အားဖြင့် ကံလေးမျိုးပြား၏။

## အကျိုးပေးရာကာလနှင့် စပ်သော ကံလေးမျိုး

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ။

၂။ ဥပပဇ္ဇဝေဒနီယကံ။

၃။ အပရာပရိယဝေဒနီယကံ။

၄။ အဟောသိကံ။ ဤသို့ အကျိုးပေးရာကာလနှင့်စပ်၍ ကံလေးမျိုးပြား၏။

ဆောင်။ ။**ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇာ၊ ပရာပရိ၊ အဟောသိ၊ ရှိသည် ကံလေးဖြာ။**

**(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ–**

မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသော ပထမဇော စေတနာကို ဒိဋ္ဌဓမ္မဝေဒနီယကံခေါ်၏။

ဆောင် ။ ။**မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဇောဦးသာ။**

**(၂) ဥပပဇ္ဇဝေဒနီယကံ–**

သေလွန်ပြီးနောက် ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇောစေတနာကို ဥပပဇ္ဇဝေဒနီယကံခေါ်၏။

ဆောင် ။ ။**ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပဇောဆုံးသာ။**

**(၃) အပရာပရိယဝေဒနီယကံ–**

တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအတွင်း ဘဝတစ်ခုခု၌ အကျိုးပေးသော အလယ်ဇော ငါးကြိမ်စေတနာကို အပရာပရိယဝေဒနီယကံခေါ်၏။

ဆောင်။ ။ **ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ်ဇော ငါးဖြာ။**

**(၄) အဟောသိကံ–**

လုံးဝအကျိုးမပေးသောကံကို အဟောသိကံ ခေါ်၏။

ပထမဇောစေတနာသည် အကြောင်းမညီညွတ်၍ ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးခွင့်မရလျှင် အဟောသိကံ ဖြစ်သွား၏။ သတ္တမဇော စေတနာသည် အကြောင်းမညီညွတ်၍ သေလွန်ပြီးနောက် ဒုတိယဘဝ၌ အကျိုးပေးခွင့် မရခဲ့လျှင် အဟောသိကံဖြစ်သွား၏။ အလယ်ဇောငါးကြိမ်သည် အကြောင်းမညီညွတ်သဖြင့် တတိယဘဝမှစ၍ နိဗ္ဗာန်မရမီဘဝ တစ်ခုခု၌ အကျိုးပေးခွင့်မရခဲ့လျှင် အဟောသိကံ ဖြစ်သွား၏။

ဆောင် ။ ။**ကံ အဟောသိ၊ ကျိုးမရှိ၊ တြိ–စေတနာ။**

**အကျိုးပေးရာကာလ**

ပထမဇောစေတနာ၏ အကျိုးပေးရာကာလသည် ပစ္စုပ္ပန်ကာလဖြစ်၏။

သတ္တမဇောစေတနာ၏ အကျိုးပေးရာကာလသည် သေလွန်ပြီးနောက် ဒုတိယဘဝကာလဖြစ်၏။

အလယ်ဇောငါးချက်စေတနာ၏ အကျိုးပေးရာကာလသည် တတိယ ဘဝမှစ၍ နိဗ္ဗာန်မရမီကာလဖြစ်၏။ဤသို့ပေးရာကာလနှင့်စပ်၍ ကံလေးမျိုး ပြား၏။

**အကျိုးပေးရာဌာနနှင့် စပ်သောကံလေးမျိုး**

၁။ အကုသိုလ်ကံ၊

၂။ ကာမာဝစရကုသိုလ်ကံ၊

၃။ ရူပါဝစရကုသိုလ်ကံ၊

၄။ အရူပါဝစရကုသိုလ်ကံ၊ ဤသို့ အကျိုးပေးရာဘုံဌာနနှင့်စပ်၍ ကံလေးမျိုးပြား၏။

**မှတ်ချက်။** ။ အကျိုးပေးရာဌာနနှင့်စပ်သော ဤကံလေးမျိုးသာ အဘိဓမ္မာနည်း ဖြစ်၏။ အဘိဓမ္မာနည်းဖြစ်၍ ဤကံလေးမျိုးကိုသာ အကျယ်ပြ၏။ ကိစ္စနှင့်စပ်သော ကံလေးမျိုး၊ အကျိုးပေးလှည့်အစဉ်အားဖြင့် ကံလေးမျိုး၊ အကျိုးပေးရာ ကာလနှင့် စပ်သော ကံလေးမျိုးတို့သည် သုတ္တန်နည်းများ ဖြစ်ကြ၏။

**ကမ္မဒွါရနှင့်စပ်၍ အကုသိုလ်ကံသုံးမျိုး**

ကံ၏ဖြစ်ရာ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရကို ""ကမ္မဒွါရ"" ခေါ်၏။ ဤကမ္မဒွါရသုံးပါးနှင့်စပ်၍ အကုသိုလ် ကံသည် ကာယကံ၊ ဝစီကံ၊ မနောကံဟု သုံးမျိုးပြား၏။

**ကာယကံသုံးပါး**

လက်ခြေစသော ကိုယ်အင်္ဂါဖြင့် ပြုလုပ်အပ်သော အလုပ်ကို ကာယကံခေါ်၏။ ထိုကာယကံသည် အောက်ပါအတိုင်း သုံးမျိုးပြား၏။

၁။ ပါဏာတိပါတ = အသက်သတ်မှု

၂။ အဒိန္နာဒါန = သူတစ်ပါးဥစ္စာကို ခိုးဝှက်၊ တိုက်ခိုက်လုယက်ယူမှု။

၃။ ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်၌ ယုတ်ယုတ်မာမာ မှားယွင်းဖောက်ပြန်စွာ ပြုကျင့်မှု။

ဤသုံးပါးသည် ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရ၌ အဖြစ်များသောကြောင့် ကာယကံမည်၏။ (ကာယဒုစရိုက်သုံးပါးဟုလည်းခေါ်၏။)

**ဆောင် ။ ။သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။**

**အထူး ။** ။ဤနေရာ၌ ကာယဝိညတ်ကို ကာယဒွါရခေါ်၏။ ပကိဏ်းပိုင်း ဒွါရသင်္ဂဟ၌ "ကာယပသာဒ"ကို ကာယဒွါရခေါ်၏။ ကာယဒွါရနှစ်မျိုး ဤသို့ထူး၏။

**ဝစီကံလေးပါး**

နှုတ်ဖြင့် ပြောဆိုအပ်သောစကားကို ဝစီကံခေါ်၏။ ထိုဝစီကံသည် အောက်ပါအတိုင်း လေးမျိုးပြား၏။

၁။ မုသာဝါဒ = မဟုတ်မမှန် လိမ်ညာပြောဆိုမှု၊
၂။ ပိသုဏာဝါစာ = သူတစ်ပါးတို့ ကွဲပြားအောင် ရန်တိုက်ပေးမှု၊
၃။ ဖရုသဝါစာ = ကြမ်းတမ်းသောစကားကို ပြောဆိုမှု၊ ဆဲရေးတိုင်းထွာမှု၊
၄။ သမ္ဖပ္ပလာပ = အနှစ်မဲ့သောစကားကို ပြောဆိုမှု။

ဤလေးပါးသည် ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရ၌ အဖြစ်များသောကြောင့် ဝစီကံခေါ်၏။ (ဝစီဒုစရိုက်လေးပါးဟုလည်းခေါ်၏။)

ဆောင် ။ **။မုသားမိတ်ခွဲ၊ ဆဲရေးပြိန်ဖျင်း၊ အပါယ်မျဉ်း၊ လေးသင်းဝစီကံ။**

**မနောကံသုံးပါး**

စိတ်၌ ကြံစည်တွေးခေါ်မှုကို မနောကံခေါ်၏။ ထိုမနောကံသည် အောက်ပါအတိုင်း သုံးမျိုးပြား၏။

၁။ အဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို မတရားရယူရန်ကြံစည်မှု၊
၂။ ဗျာပါဒ = သူတစ်ပါးသေကျေပျက်စီးရန် ကြံစည်မှု။
၃။ မိစ္ဆာဒိဋ္ဌိ = အယူမှားမှု။

ဤသုံးပါးသည် ကိုယ်လည်းမလှုပ်၊ နှုတ်လည်းမပါ (အတူတကွ ဖြစ်ရာအကုသိုလ်ဇောစိတ်ဟု ဆိုအပ်သော) မနောဒွါရ၌သာ အဖြစ်များသောကြောင့် မနောကံမည်၏။ (မနောဒုစရိုက်သုံးပါးဟုလည်းခေါ်၏)

**ဆောင်။ ။သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ အသေတောင့်တ၊ ပါပဒိဋ္ဌိ၊ အယူငြိ၊ တြိ-မနောကံ။**

**အကုသလကမ္မပထတရား**

အပါယ်ရောက်ကြောင်း မကောင်းသောလမ်းခရီးဖြစ်သောကြောင့် အကုသလကမ္မပထတရား ခေါ်၏။ ထိုအကုသိုလ် ကမ္မပထတရားများသည် အောက်ပါအတိုင်း ဆယ်ပါးပြား၏။

| | |
|---|---|
| ၁။ ကာယကံ | ၃-ပါး |
| ၂။ ဝစီကံ | ၄-ပါး |
| ၃။ မနောကံ | ၃-ပါး |
| ပေါင်း | ၁၀ -ပါး |

**မှတ်ချက်။** ။ မကောင်းမှုပြုလုပ်သူနှင့် ပတ်ဝန်းကျင်ကို ဆင်းရဲစေတတ် သောကြောင့် ဤဆယ်ပါးသည် မကောင်းသော အကျင့်စရိုက်ဖြစ်၏။ ထို့ကြောင့် ဤဆယ်ပါးကို ဒုစရိုက်ဆယ်ပါးဟုလည်းခေါ်၏။

**ကံဖြစ်ကြောင်းတရားသုံးပါး**

၁။ လောဘမူလ၊

၂။ ဒေါသမူလ၊

၃။ မောဟမူလ၊

ဤလောဘ၊ ဒေါသ၊ မောဟ တရားသုံးမျိုးကြောင့် သတ္တဝါများ သန္တာန်၌ အကုသလကမ္မပထ (ဒုစရိုက်) တရားများ ဖြစ်ပေါ်နေကြခြင်းဖြစ်၏။ အကုသလကမ္မပထတရားဆယ်ပါးလုံးဖြစ်တိုင်း မောဟအမြဲပါရှိ၏။ မောဟကြောင့် မဖြစ်သော အကုသလကမ္မပထတရားဟူ၍ မရှိ။ ထို့ကြောင့် မောဟကြောင့်ဖြစ်သော အကုသလကမ္မတရားကို သီးခြားမပြခဲ့။ လောဘ၊ ဒေါသကြောင့်ဖြစ်သော အကုသလကမ္မပထတရားတို့ကိုသာ ပြခဲ့၏။

**ဒေါသမူလကြောင့်ဖြစ်သော အကုသလကမ္မပထတရားသုံးပါး**

၁။ ပါဏာတိပါတ၊

၂။ ဖရုသဝါစာ၊

၃။ ဗျာပါဒ၊

**မှတ်ချက်။** ။ဤသုံးမျိုးတွင် ပါဏာတိပါတနှင့် ဖရုသဝါစာတို့သည် ဒေါသမူလကြောင့် လည်းဖြစ်၏။ ဒေါသမူလ ရှိသောစိတ်ကြောင့်လည်းဖြစ်၏။ ဗျာပါဒသည် ဒေါသမူလရှိသော စိတ်ကြောင့်သာဖြစ်၏။

**လောဘမူလကြောင့်ဖြစ်သော အကုသလကမ္မပထတရားသုံးပါး**

၁။ ကာမေသုမိစ္ဆာစာရ၊

၂။ အဘိဇ္ဈာ၊

၃။ မိစ္ဆာဒိဋ္ဌိ။

**မှတ်ချက်။** ။ ကာမေသုမိစ္ဆာစာရနှင့် မိစ္ဆာဒိဋ္ဌိတို့သည် လောဘမူလကြောင့်လည်း ဖြစ်၏။ လောဘမူလရှိသောစိတ်ကြောင့် လည်းဖြစ်၏။ အဘိဇ္ဈာသည် လောဘမူလရှိသောစိတ်ကြောင့်သာဖြစ်၏။

**လောဘ၊ ဒေါသမူလနှစ်ပါးကြောင့်ဖြစ်သော အကုသလကမ္မပထ တရားလေးပါး**

၁။ အဒိန္နာဒါန၊

၂။ မုသာဝါဒ၊

၃။ ပိသုဏဝါစာ၊

၄။ သမ္ဖပ္ပလာပ။

**မှတ်ချက်။** ။အကုသလကမ္မပထတရားဆယ်ပါးသည် တရားကိုယ်အားဖြင့် အကုသိုလ်စိတ် (၁၂)ပါးပင်ဖြစ်၏။

**ကမ္မဒွါရနှင့် စပ်၍ကာမာဝစရကုသိုလ်ကံသုံးပါး**

ကာမာဝစရကုသိုလ်ကံသည် ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ သုံးမျိုးပြား၏။

**ကာယကံသုံးပါး**

၁။ ပါဏာတိပါတဝိရတိ = အသက်သတ်မှုမှ ရှောင်ကြဉ်မှု။

၂။ အဒိန္နာဒါနဝိရတိ = သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်မှု။

၃။ ကာမေသုမိစ္ဆာစာရဝိရတိ = ကာမဂုဏ်တို့၌ မှားယွင်း ဖောက်ပြန်စွာ ပြုကျင့်မှုမှ ရှောင်ကြဉ်မှု။

ဆောင် ။ ။**ကာ - ဒုသုံးပါး၊ ကြဉ်ရှောင်ငြား၊ သုံးပါးကာယကံ။**

**ဝစီကံ(၄)ပါး**

၁။ မုသာဝါဒဝိရတိ = မဟုတ်မမှန်လိမ်ညာ ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။
၂။ ပိသုဏာဝါစာဝိရတိ = သူတစ်ပါးတို့ကွဲပြားအောင် ရန်တိုက်ခြင်းမှ ရှောင်ကြဉ်မှု။
၃။ ဖရုသဝါစာဝိရတိ = ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။
၄။ သမ္ဖပ္ပလာပဝိရတိ = အနှစ်မဲ့သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

ဆောင် ။ ။**နှုတ်ဒုလေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါးဝစီကံ။**

**မနောကံသုံးပါး**

၁။ အနဘိဇ္ဈာ = အဘိဇ္ဈာမဖြစ်အောင် စောင့်စည်းမှု၊
၂။ အဗျာပါဒ = ဗျာပါဒမဖြစ်အောင် စောင့်စည်းမှု၊
၃။ သမ္မာဒိဋ္ဌိ = အယူမှန်မှု၊

ဆောင် ။ ။ **အနဘိဇ္ဈာ၊ အဗျာပါနှင့်၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သိ၊ တြိမနောကံ။**

**ကုသလကမ္မပထတရားဆယ်ပါး**

| | | |
|---|---|---|
| ၁။ | ကာယကံ | ၃-ပါး |
| ၂။ | ဝစီကံ | ၄-ပါး |
| ၃။ | မနောကံ | ၃-ပါး |
| | ပေါင်း | ၁၀-ပါး |

သုဂတိဘုံသို့ရောက်ကြောင်း ကောင်းသောလမ်းကြောင်း ဖြစ်သောကြောင့် ဤဆယ်ပါးကို ကုသလကမ္မပထတရား ခေါ်၏။

အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းစသော တရားများသည် ရှောင်ကြဉ်သူနှင့် ပတ်ဝန်းကျင်ကို ချမ်းသာစေတတ် သောကြောင့် ကောင်းသောအမူအကျင့်ဖြစ်၏။ ထို့ကြောင့် သုစရိုက်တရားဟုလည်းခေါ်၏။

**ဒါန၊ သီလ၊ ဘာဝနာကုသိုလ်သုံးမျိုး**

ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်သည် ဒါန၊ သီလ၊ ဘာဝနာအားဖြင့် သုံးပါးစီပြားပြန်၏။ ထို့ကြောင့် ကုသလကမ္မပထတရား ဆယ်ပါးကို

ဒါန၊ သီလ၊ ဘာဝနာသုံးမျိုးဖြင့် မြှောက်လျှင် (၁၀ ×၃ = ၃၀) ဖြစ်၏။

**မှတ်ချက်။** ။ ကာမာဝစရကုသိုလ်ကံသည် တရားကိုယ်အားဖြင့် မဟာကုသိုလ်စိတ် ရှစ်ပါးပင်ဖြစ်၏။ မဟာကုသိုလ်စိတ် ရှစ်ပါးသည် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့်လည်းကောင်း၊ ဒါန၊ သီလ၊ ဘာဝနာအားဖြင့် လည်းကောင်းဖြစ်၏။ ထို့ကြောင့် ပါဏာတိပါတ ဝိရတိစသည်နှင့် ဒါနစသည်ကို စိတ်အားဖြင့် တရားကိုယ်ကောက်ပြပါမေးလျှင် မဟာကုသိုလ် စိတ် ရှစ်ပါးပင် ဖြစ်သည်ဟု ဖြေဆိုရမည်။

## ပုညကြိယဝတ္ထုဆယ်ပါး

ပြုလုပ်ကျင့်သုံးနေသူမှာ ယခုဘဝ၌ဖြစ်စေ၊ နောင်သံသရာ၌ဖြစ်စေ၊ ကောင်းသောအကျိုးတရားများ တည်ရာ အကြောင်းတရားဖြစ်ခြင်းကြောင့် လည်းကောင်း၊ ပြုလုပ်သူ၏ စိတ်ဓာတ်ကို သန့်ရှင်းဖြူစင်စေတတ်သောကြောင့် လည်းကောင်း၊ မိမိဘဝကြီးပွားချမ်းသာရေးအတွက် ပြုလုပ်ကျင့်သုံးသင့်သော ကောင်းမှုကုသိုလ်လုပ်ငန်းများကို ပုညကြိယဝတ္ထုခေါ်၏။ ထိုပုညကြိယဝတ္ထုသည် အောက်ပါအတိုင်း ဆယ်ပါးပြား၏။

၁။ ဒါန = မိမိပစ္စည်းဥစ္စာကို ပေးကမ်းစွန့်ကြဲ လှူဒါန်းမှု၊

၂။ သီလ = ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော ကိုယ်ကျင့် သီလကို စောင့်ထိန်းမှု၊

၃။ ဘာဝနာ = သမထဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်မှု၊

၄။ အပစာယန = ပစ္စည်းလာဘ်ကို မမျှော်လင့်ဘဲ အသက် သိက္ခာ ဂုဏ်ကြီးသူတို့အား အရိုအသေပြုမှု၊

၅။ ဝေယျာဝစ္စ = ပစ္စည်းလာဘ်ကို မမျှော်လင့်ဘဲ သူတစ်ပါး ကုသိုလ်ရေး ကိစ္စ၌ ကူညီဆောင်ရွက်ပေးမှု။

၆။ ပတ္တိဒါန = မိမိပြုလုပ်ရရှိသော ကုသိုလ်အဖို့ကို အမျှပေးဝေမှု၊

၇။ ပတ္တာနုမောဒန = သူတစ်ပါးအမျှပေးဝေသော ကုသိုလ်အဖို့ကိုဖြစ်စေ၊ အမျှမပေးဝေသော ကုသိုလ်ကိုဖြစ်စေ ဝန်တိုခြင်း ကင်းလျက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု၊

၈။ ဓမ္မဿဝန = တရားနာမှု၊

၉။ ဓမ္မဒေသနာ = ပစ္စည်းလာဘ်ကို မမျှော်လင့်ဘဲ တရား ဟောမှု၊
၁၀။ ဒိဋ္ဌိဇုကမ္မ = အယူကို ဖြောင့်မတ်စွာပြုမှု။

**ဆောင်။ ။ဒါ, သီ,ဘာ, ပူ၊ ကြောင့်ကြမှုနှင့်၊ အလှူဝေငှ၊ အမျှသာဓု၊ သူ့တရားနာ၊ သိရာပြောလို၊ ကံကိုကိုးရှိ၊ ဆယ်မျိုးဝတ္ထု၊ ပုညမှု၊ သုခပွားများရန်။**

**ပုညကြိယဝတ္ထု ၁၀ ပါးကို ဒါန၊ သီလ၊ ဘာဝနာသို့သွင်းပုံ**

| **မူတည်** | **မူလီတရား** |
|---|---|
| ဒါန | ပတ္တိဒါန၊ ပတ္တာနုမောဒန၊ |
| သီလ | အပစာယန၊ ဝေယျာဝစ္စ၊ |
| ဘာဝနာ | ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ။ |

**ရှင်းလင်းချက်**

၁။ ပတ္တိဒါနနှင့် ပတ္တာနုမောဒနကို ဒါနသဘောရှိသောကြောင့် **ဒါန**၌ ထည့်သွင်းရေတွက်ရမည်။

၂။ စာရိတ္တသီလဖြစ်သောကြောင့် အပစာယနနှင့် ဝေယျာဝစ္စကို **သီလ**၌ ထည့်သွင်းရေတွက်ရမည်။

၃။ ကုသိုလ်တရားကို အဖန်ဖန်အထပ်ထပ် တိုးပွားစေတတ်သောကြောင့် ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတို့ကို **ဘာဝနာ**၌ ထည့်သွင်းရမည်။

ဆောင်။ **ဒါန၊ သီလ၊ ဘာဝနာ၊ သုံးဖြာစဉ်၍ခင်း။**
**စ,နှစ်ကိုလယ်၊ လယ်နှစ်ကိုစ၊ နောက်မှနောက်ချင်းသွင်း။**

**ရူပါဝစရကုသိုလ်ကံငါးပါး**

ရူပါဝစရကုသိုလ်ကံသည်

၁။ မနောကံတစ်မျိုးသာရှိ၏၊

၂။ ဘာဝနာတစ်မျိုးသာရှိ၏၊

၃။ ထိုမနောကံဘာဝနာသည် အပ္ပနာဈာန်သို့ရောက်သော မနောကံ၊ ဘာဝနာမယဖြစ်၏။

၄။ ဈာန်အင်္ဂါတို့ယှဉ်ပုံငါးမျိုးပြားသောကြောင့် ရူပါဝစရကုသိုလ်ကံသည် ငါးမျိုးပြားရ၏။

**အရူပါဝစရကုသိုလ်ကံလေးပါး**

အရူပါဝစရကုသိုလ်ကံသည်လည်း

၁။ မနောကံတစ်မျိုးသာရှိ၏။

၂။ ဘာဝနာမယသာဖြစ်၏။

၃။ အပ္ပနာသို့ရောက်၏။

၄။ အာရုံလေးမျိုးပြားသောကြောင့် အရူပါဝစရကုသိုလ်ကံသည် လေးမျိုးပြား၏။

**ကာမကံ၏အကျိုးပေးရာဘုံ**

**အကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန**

အကုသိုလ်ကံသည်

| | | | |
|---|---|---|---|
| ၁။ | ပဋိသန္ဓေအခါ၌ | အပါယ် | ၄–ဘုံ |
| ၂။ | ပဝတ္တိအခါ၌ | ကာမ | ၁၁–ဘုံ |
| | အသညသတ်ကြဉ် | ရူပ | ၁၅–ဘုံ တို့၌ အကျိုးပေး၏။ |

**ရှင်းလင်းချက်။** ဥဒ္ဓစ္စသဟဂုတ်မှ တစ်ပါးသောအကုသိုလ်ကံ တစ်ဆယ့်တစ်ပါးသည် အပါယ်လေးဘုံ၌ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဟူသော ပဋိသန္ဓေအကျိုးကိုပေး၏။

အကုသိုလ်ကံတစ်ဆယ့်နှစ်ပါးလုံးသည် ကာမတစ်ဆယ့်တစ်ဘုံ၊ အသညသတ်ကြဉ် ရူပတစ်ဆယ့်ငါးဘုံတို့၌ အကုသလဝိပါက်ခုနစ်ပါးဟူသော ပဝတ္တိအကျိုးကိုပေး၏။

ဆောင်။ **ဥစ်–စေကြဉ်လစ်၊ ကံဆယ့်တစ်၊ ဖြစ်စေပါယ်သန္ဓိ၊**
**ဥဒ္ဓစ္စပါ၊ ဆယ့်နှစ်ဖြာမူ၊ ကာမေရူပေ၊ ပဝတ္တေ၊ ဖြစ်စေအကုဝိ။**

**ကာမကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန**

ကာမာဝစရကုသိုလ်ကံသည် –

၁။ ပဋိသန္ဓေအခါ၌ ကာမသုဂတိ ၇–ဘုံ

၂။ ပဝတ္တိအခါ၌ ကာမ ၁၁-ဘုံ
အသညသတ်ကြဉ်ရူပ ၁၅-ဘုံ တို့၌ အကျိုးပေး၏။

**ရှင်းလင်းချက်။** ကာမာဝစရကုသိုလ်ကံသည် ကာမသုဂတိခုနစ်ဘုံ၌သာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ၊ မဟာဝိပါက်စိတ်ရှစ်ပါးဟူ၍ ဤကာမသုဂတိပဋိသန္ဓေ(၉)ပါး ဟူသော ပဋိသန္ဓေ အကျိုးကို ပေး၏။

ကာမသုဂတိခုနစ်ဘုံ၌ မဟာဝိပါက်စိတ်ရှစ်ပါးဟူသော ပဝတ္တိအကျိုး၊ ကာမတစ်ဆယ့်တစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံတို့၌ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါးဟူသော ပဝတ္တိအကျိုးကိုပေး၏။

ဆောင်။ **ကာကုရှစ်သာ၊ ကာသုမှာ၊ ကိုးဖြာသုသန္တိ။**
**ဝိပါက်မဟာ၊ ကာသုမှာ၊ ကာ-ရူ ရှစ်-ကုဝိ။**

**ကာမာဝစရကုသိုလ်ကံအပြား**

ကာမာဝစရကုသိုလ်ကံသည် တိဟိတ်ကုသိုလ်ကံ၊ ဒွိဟိတ်ကုသိုလ်ကံ ဟု နှစ်မျိုးပြား၏။

**တိဟိတ်ကုသိုလ်-**

ကုသိုလ်ပြုလုပ်သောအခါ မက်မောတွယ်တာမှုမရှိဘဲ အရာရာကို စွန့်လွှတ်နိုင်မှု(**အလောဘ**)၊ သတ္တဝါများအပေါ်၌ ချစ်ခင်ပြီး အကျိုးလိုလားမှု(**အဒေါသ**)၊ ကံ၊ ကံ၏အကျိုးကို သိမြင်တတ်သော ကမ္မဿကတာဉာဏ်နှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ် ဆင်ခြင်တတ်သော ဝိပဿနာဉာဏ် (**အမောဟ**) ဟူသော ဟိတ်သုံးပါး ယှဉ်တွဲပါဝင်သော ကုသိုလ်ကို တိဟိတ် ကုသိုလ်ခေါ်၏။ ထိုတိဟိတ်ကုသိုလ်ဟူသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးပါးပင် ဖြစ်၏။

**ဒွိဟိတ်ကုသိုလ်-**

ကုသိုလ်ပြုလုပ်သောအခါ ကံ၊ ကံ၏အကျိုးကို သိမြင် နားလည်သော ကမ္မဿကတာဉာဏ် ယှဉ်တွဲလျက် ပါဝင်မှုမရှိသော ကုသိုလ်ကို အလောဘ၊ အဒေါသ ဟိတ်နှစ်ပါး ပါဝင်သောကြောင့် ဒွိဟိတ်ကုသိုလ်ခေါ်၏။ ထိုဒွိဟိတ်

ကုသိုလ်ဟူသည် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်လေးပါးပင် ဖြစ်၏။

**တိဟိတ်ကုသိုလ် နှစ်မျိုး**

တိဟိတ်ကုသိုလ်သည် တိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ တိဟိတ်ဩမက ကုသိုလ်ဟု နှစ်မျိုးပြား၏။

**တိဟိတ်ဥက္ကဋ္ဌကုသိုလ်-**

ကုသိုလ်ပြုလုပ်သောအခါ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါး ပါဝင်ပြီး ကုသိုလ်မပြု လုပ်မီမှာဖြစ်စေ၊ ပြုလုပ်ပြီး နောက်မှာဖြစ်စေ ကုသိုလ်များ ခြံရံသော်လည်းကောင်း၊ ပြုလုပ်ပြီးသော ကုသိုလ်ကို သတိရတိုင်း အဖန်ဖန် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော်လည်းကောင်း၊ ထိုကုသိုလ်မျိုးကို မြင့်မြတ်သော တိဟိတ်ဥက္ကဋ္ဌကုသိုလ် ခေါ်၏။

**တိဟိတ်ဩမကကုသိုလ်။-**

ကုသိုလ်ပြုလုပ်သောအခါ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါး ပါဝင်ပြီး ကုသိုလ် မပြုလုပ်မီမှာဖြစ်စေ၊ ပြုလုပ်ပြီး နောက်မှာဖြစ်စေ အကုသိုလ်တရားများ ခြံရံနေသော်လည်းကောင်း၊ ပြုလုပ်ပြီးသောကုသိုလ်ကို သတိရတိုင်း စိတ်နှလုံး မသာမယာ ဖြစ်နေသော်လည်းကောင်း ထိုကုသိုလ်မျိုးကို အညံ့စား တိဟိတ် ဩမက ကုသိုလ်ခေါ်၏။

**ဆောင်။** **ဟိဥက္ကဋ္ဌ၊ ဩမကာ၊ နှစ်တန်ခွဲဝေသိ။**
**သုကုသလ်၊ ရှေ့နောက်ရံ၊ ထက်သန်ဥက္ကဋ္ဌ။**
**အကုသလ်၊ ရှေ့နောက်ရံ၊ ယုတ်ပြန်ဩမကာ။**

**ဒွိဟိတ်ကုသိုလ်နှစ်မျိုး**

ဒွိဟိတ်ကုသိုလ်ကံသည်လည်း ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ ဒွိဟိတ်ဩမက ကုသိုလ်ဟု နှစ်မျိုးပြား၏။

**ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်-**

ကုသိုလ်ပြုလုပ်သောအခါ အမောဟဟိတ်မပါဘဲ အလောဘ၊ အဒေါသဟိတ်နှစ်ပါးသာ ပါဝင်ပြီး ကုသိုလ်မပြုလုပ်မီမှာဖြစ်စေ၊ ပြုလုပ်ပြီးနောက်မှာဖြစ်စေ ကုသိုလ်များ ခြံရံနေသော်လည်းကောင်း၊ ပြုလုပ်ပြီးသော ကုသိုလ် ကို သတိရတိုင်း အဖန်ဖန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော်လည်းကောင်း ထိုကုသိုလ်မျိုးကို ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ခေါ်၏။

**ဒွိဟိတ်ဩမကကုသိုလ်-**

ကုသိုလ်ပြုလုပ်သောအခါ အမောဟဟိတ်မပါဘဲ အလောဘ၊ အဒေါသဟိတ်နှစ်ပါးသာ ပါဝင်ပြီး ကုသိုလ်မပြုလုပ်မီမှာဖြစ်စေ၊ ပြုလုပ်ပြီးနောက်မှာဖြစ်စေ အကုသိုလ်တရားများ ခြံရံနေသော်လည်းကောင်း၊ ပြုလုပ်ပြီးသော ကုသိုလ်ကို သတိရတိုင်း စိတ်နှလုံး မသာမယာ ဖြစ်နေသော်လည်းကောင်း ထိုကုသိုလ်နှစ်မျိုးကို ဒွိဟိတ်ဩမက ကုသိုလ် ခေါ်၏။

**ကာမာဝစရကုသိုလ်ကံလေးမျိုး**

အချုပ်အားဖြင့် ကာမာဝစရကုသိုလ်ကံသည် -

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၊
၂။ တိဟိတ်ဩမကကုသိုလ်ကံ၊
၃။ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၊
၄။ ဒွိဟိတ်ဩမကကုသိုလ်ကံဟု ၊ လေးမျိုးပြား၏။

**ကာမကုသိုလ်ကံလေးမျိုးအကျိုးပေးပုံ ရှင်းလင်းချက်**

၁။ တိဟိဥက္ကဋ္ဌကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်လေးပါးဟူသော တိဟိတ်ပဋိသန္ဓေ အကျိုးကိုပေး၍ ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ပေါင်း ၁၆ ပါးသောအကျိုးကို ပေး၏။

၂။ တိဟိတ်ဩမကကုသိုလ်ကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်လေးပါး ဟူသော ဒွိဟိတ်ပဋိသန္ဓေ

အကျိုးကိုပေး၍ ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ ပေါင်း ၁၂ ပါးသော အကျိုးကို ပေး၏။

၃။ ဒွိဟိတ်ဩမကကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဟူသော သုဂတိ အဟိတ်ပဋိသန္ဓေ အကျိုးကိုပေး၍ ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး ဟူသော အကျိုးကို ပေး၏။

**မှတ်ချက်။** ဤဆိုခဲ့ပြီးသော ဝါဒသည် (အများသဘောတူ လက်ခံ အတည်ပြုထားသော တိပိဋကစူဠနာဂထေရ်၏အယူ အဆ) သမာနဝါဒ ဖြစ်၏။

**ဆောင်။** တိဉက်-တိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆယ့်ခြောက်သာ။
တိဩ-ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆယ့်နှစ်သာ။
ဒွိဉက်-ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆယ့်နှစ်သာ။
ဒွိဩ-ကုဝိ၊ သန်-သန္ဓိ၊ ပဝတ္တိ ကုရှစ်သာ။

**ကေစိဝါဒ။** အသင်္ခါရိကကုသိုလ်ကံသည် သသင်္ခါရိက အကျိုးကို မပေးနိုင်။ သသင်္ခါရိကကုသိုလ်ကံသည် အသင်္ခါရိကအကျိုးပေး မပေးနိုင်။ ဟု ကေစိ(အချို့)ဆရာက မိန့်ဆို၏။

## (ကေစိဝါဒအရ)ကာမကုသိုလ်ကံလေးမျိုး အကျိုးပေးပုံ ရှင်းလင်းချက်

၁။ တိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံသည် မဟာကုသိုလ် ဉာဏသမ္ပယုတ် အသင်္ခါရိက နှစ်ပါးဖြစ်အံ့၊ အဟိတ်ကုသလဝိပါက် စိတ်ရှစ်ပါး၊ မဟာဝိပါက် အသင်္ခါရိကစိတ်လေးပါး၊ ပေါင်း တစ်ဆယ့်နှစ်ပါးသော အကျိုးကို ပေး၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်နှစ်ပါးဖြစ်အံ့၊ အဟိတ် ကုသလဝိပါက်စိတ်ရှစ်ပါး၊ မဟာဝိပါက် သသင်္ခါရိကစိတ် လေးပါး၊ ပေါင်း တစ်ဆယ့်နှစ်ပါး။

၂။ တိဟိတ်ဩမကကုသိုလ်ကံနှင့် ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံသည် အသင်္ခါရိက

ကုသိုလ်ကံနှစ်ပါးဖြစ်အံ့၊ အဟိတ်ကုသလ ဝိပါက်စိတ် ရှစ်ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်နှစ်ပါး ပေါင်း ဆယ်ပါး။

၃။ ဒွိဟိတ်ဩမကကုသိုလ်ကံသည် အသင်္ခါရိက၊ သသင်္ခါရိက နှစ်မျိုး လုံးပင် အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါးဟူ သော အကျိုးကိုပေး၏။

**မှတ်ချက်။** မောရဝါပီအရပ်၌ သီတင်းသုံးနေတော်မူသော မဟာဒတ္တထေရ်၏ အယူဝါဒကို ကေစိဝါဒခေါ်၏။

## ရူပါဝစရကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန

ရူပါဝစရ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်တို့တွင် ရူပါဝစရကုသိုလ်ဈာန်တစ်ခုခု သည် ပရိတ္တဈာန်၊ မဇ္ဈိမဈာန်၊ ပဏီတဈာန်ဟု သုံးပါးစီပြား၏။

**ဆောင်။** ပရိတ္တ၊ မဇ္ဈိမ၊ ပဏီတ၊ သုံးဈာန်ကိုယ်စီပြ။

**ပရိတ္တဈာန်။** ပြုလုပ်အားထုတ်စဉ် ပျော့ညံ့သောဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့နှင့်ယှဉ်တွဲဖြစ်သော ဈာန်သည် ပရိတ္တဈာန် မည်၏။

**မဇ္ဈိမဈာန်။** ပြုလုပ်အားထုတ်စဉ် အလယ်အလတ်ဖြစ်သော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့နှင့် ယှဉ်တွဲဖြစ်သောဈာန်သည် မဇ္ဈိမဈာန် မည်၏။

**ပဏီတဈာန်။** ပြုလုပ်အားထုတ်စဉ် မြင့်မြတ်ထက်သန်သောဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့နှင့် ယှဉ်တွဲဖြစ်သော ဈာန်သည် ပဏီတဈာန် မည်၏။

ဆောင်။ **ဆန်၊ ဝီ၊ စိတ်၊ မံ သုံးမျိုးတန်၊ သုံးဈာန်ကွဲပြားမှု။**

### ရူပါဝစရဈာန်၏ အကျိုးပေးရာဘုံ ရှင်းလင်းချက်

### ပထမဈာန်၏အကျိုးပေးရာဘုံနှင့် ပဋိသန္ဓေစိတ်

၁။ ပရိတ္တဈာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရပထမဈာန် ကုသိုလ်စိတ်သည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ရူပါဝစရပထမ ဈာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၂။ မဇ္ဈိမဈာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရပထမဈာန် ကုသိုလ်စိတ်သည် ဗြဟ္မပုရောဟိတာဘုံ၌ ရူပါဝစရ ပထမဈာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၃။ ပဏီတစျာန်ဖြစ်အောင် ပွါးများအပ်သော ရူပါဝစရ ပထမစျာန်ကုသိုလ် စိတ်သည် မဟာဗြဟ္မာဘုံ၌ ရူပါဝစရပဌမစျာန် ဝိပါတ် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

## ဒုတိယစျာန်၊ တတိယစျာန်၏ အကျိုးပေးရာဘုံနှင့် ပဋိသန္ဓေစိတ်

၁။ ပရိတ္တစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရဒုတိယစျာန်၊ တတိယစျာန် ကုသိုလ်သည် ပရိတ္တာဘာဘုံ၌ ရူပါဝစရ ဒုတိယ၊ တတိယစျာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၂။ မဇ္ဈိမစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရဒုတိယစျာန်၊ တတိယစျာန် ကုသိုလ်သည် အပ္ပမာဏာဘာဘုံ၌ ရူပါဝစရဒုတိယစျာန်၊ တတိယစျာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၃။ ပဏီတစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရဒုတိယစျာန်၊ တတိယစျာန်ကုသိုလ်သည် အာဘဿရာဘုံ၌ ရူပါဝစရဒုတိယစျာန်၊ တတိယစျာန် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

## စတုတ္ထစျာန်၏အကျိုးပေးရာဘုံနှင့် ပဋိသန္ဓေစိတ်

၁။ ပရိတ္တစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရစတုတ္ထစျာန် ကုသိုလ်သည် ပရိတ္တသုဘာဘုံ၌ ရူပါဝစရစတုတ္ထ စျာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၂။ မဇ္ဈိမစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရစတုတ္ထစျာန် ကုသိုလ်သည် အပ္ပမာဏသုဘာဘုံ၌ ရူပါဝစရစတုတ္ထစျာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၃။ ပဏီတစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရစတုတ္ထစျာန်ကုသိုလ်သည် သုဘကိဏှာဘုံ၌ ရူပါဝစရစတုတ္ထ စျာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

## ရူပါဝစရပဥ္စမစျာန်ကုသိုလ်၏ အကျိုးပေးရာဘုံနှင့် ပဋိသန္ဓေစိတ်

၁။ ရူပါဝစရကုသိုလ် ပဥ္စမစျာန်သည် ဝေဟပ္ဖိုလ်ဘုံ၌ ရူပါဝစရ ပဥ္စမစျာန် ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၂။ သညာဝိရာဂဘာဝနာဖြစ်အောင် ပွားများအပ်သော ရူပါဝစရ ပဥ္စမဈာန် ကုသိုလ်သည် အသညသတ်ဘုံ၌ ဇီဝိတနဝက ကလာပ်ဟူသော ရုပ်ပဋိသန္ဓေကို ဖြစ်စေပါသည်။

၃။ ရူပါဝစရပဥ္စမဈာန်ကုသိုလ်သည် သုဒ္ဓါဝါသငါးဘုံ၌ ရူပါဝစရ ပဥ္စမဈာန် ဝိပါက်ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

မှတ်ချက်။ ရူပါဝစရ ပဥ္စမဈာန်ကုသိုလ်ကံ၏ အကျိုးပေးရာဘုံဌာနကို ဖော်ပြပါဟုမေးလျှင် ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ် ဘုံ၊ သုဒ္ဓါဝါသ ငါးဘုံဟု ဖြေပါ။

**သညာဝိရာဂဘာဝနာ–**

သညာကို စက်ဆုပ်သော ဘာဝနာကို သညာဝိရာဂ ဘာဝနာခေါ်၏။ ပဥ္စမဈာန်ကိုရပြီးသော ပုထုဇဉ်ပုဂ္ဂိုလ်သည် အမှတ်သညာရှိနေခြင်းကြောင့် အရာရာကို လိုချင်တောင့်တမှု၊ စိုးရိမ်ကြောင့်ကြမှု စသော ဆင်းရဲတရားများ ဖြစ်ကြရ၏။ အမှတ်သညာသည် အိုင်းအမာနှင့်တူ၏။ ရောဂါဆိုးနှင့်တူ၏၊ ရုပ်ခန္ဓာချည်းသာ ရှိနေလျှင် အပြစ်တစ်စုံတစ်ရာ မရှိဘဲ ငြိမ်းချမ်းအေးမြနေမည်သာ ဖြစ်၏။ ဤသို့ စသည်ဖြင့် သညာနှင့်တကွ စိတ်စေတသိက်ဟူသော နာမ်တရားများ အပေါ်၌ အပြစ်မြင်လျက် ရူပါဝစရ ပဥ္စမဈာန်ကို ထပ်ကာထပ်ကာ ဝင်စား၏။

ထို့နောက် ဈာန်မှထပြီးသောအခါ "သညာဂဏ္ဍော၊ သညာရောဂေါ၊ ဓိစိတ္တံ၊ ဓိဗ္ဗတံ စိတ္တံ"ဟု သညာကို စက် ဆုပ်သော ဘာဝနာကို ပွားများ၏။ ဤသို့ ပွားများအပ်သော ဘာဝနာကို သညာဝိရာဂဘာဝနာခေါ်၏။ ထိုသညာဝိရာဂ ဘာဝနာ ဖြစ်အောင် ပွားများအပ်သော ပဥ္စမဈာန်သည် အသညသတ်ဘုံ၌ အကျိုးပေး၏။

ဆောင်။ **နာမ်ပျောက်ကင်းစေ၊ ဆုပန်တွေ၊ သညေရုပ်အစု။**

**သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေခွင့်ရှိသူ**

ပဥ္စမဈာန်ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်များသာ သုဒ္ဓါဝါသငါးဘုံ၌ ပဋိသန္ဓေ နေသောအားဖြင့် ဖြစ်ခွင့်ရှိကြ၏။

**မှတ်ချက်။** သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန်ဟူ၍ ပုဂ္ဂိုလ်သုံးယောက်သာ ရနိုင်၏။ သို့သော် မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်များ ပဋိသန္ဓေနေခွင့်မရှိသောကြောင့် သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်တစ်ဦးသာ ပဋိသန္ဓေနေခွင့်ရှိ၏။

## သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်များဖြစ်ပုံ

ပဥ္စမဈာန်ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်များ သုဒ္ဓဝါသငါးဘုံ၌ ဖြစ်ကြသောအခါ ဣန္ဒြေငါးပါး ထက်မြက်ပုံအစဉ် အားဖြင့် ဖြစ်ကြ၏။

၁။ သဒ္ဓိန္ဒြေ ထက်မြက်လျှင် အဝိဟာဘုံ၌ ဖြစ်ရ၏။
၂။ ဝီရိယိန္ဒြေ ထက်မြက်လျှင် အတပ္ပါဘုံ၌ ဖြစ်ရ၏။
၃။ သတိန္ဒြေ ထက်မြက်လျှင် သုဒဿာဘုံ၌ ဖြစ်ရ၏။
၄။ သမာဓိန္ဒြေ ထက်မြက်လျှင် သုဒဿီဘုံ၌ ဖြစ်ရ၏။
၅။ ပညိန္ဒြေ ထက်မြက်လျှင် အကနိဋ္ဌာဘုံ၌ ဖြစ်ရ၏။

**ဆောင်။ သဒ္ဓါ၊ ဝီရိ၊ သတိ၊ သမာ၊ ဝိပညာ၊ ငါးဖြာဣန္ဒြေခင်း။**
**သုဒ္ဓါဘုံငါး၊ ထက်သူများ၊ စံစားစဉ်တိုင်းသွင်း။**

## အရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံဋ္ဌာန

၁။ အာကာသာနဉ္စာယတနကုသိုလ်ကံသည် အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေ၏။
၂။ ဝိညာဏဉ္စာယတနကုသိုလ်ကံသည် ဝိညာဏဉ္စာယတနဘုံ၌ ဝိညာဏဉ္စာယတနဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေ၏။
၃။ အာကိဉ္စညာယတနကုသိုလ်ကံသည် အာကိဉ္စညာယတနဘုံ၌ အာကိဉ္စညာယတနဝိပါက်ပဋိသန္ဓေစိတ်ကို ဖြစ်စေ၏။
၄။ နေဝသညာနာသညာယတနကုသိုလ်ကံသည် နေဝသညာ နာသညာယတနဘုံ၌ နေဝသညာနာသညာယတနဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေ၏။

**တူသောအကျိုးကိုပေးခြင်း**

မဟဂ္ဂုတ်ကုသိုလ်ကံသည် ပိုင်းခြားသတ်မှတ်ထားသောဘုံ၌ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ တူသောအကျိုးကို ပေး၏။

**မဟဂ္ဂုတ်ကုသိုလ်ကံ၏တူသောအကျိုးပေးပုံ**

ပထမစျာန်ကုသိုလ်သည် ပထမစျာန်ဘုံ၌ ပထမစျာန်ဝိပါက်အကျိုးကိုပေး၏။

ဒုတိယစျာန်၊ တတိယစျာန်ကုသိုလ်သည် ဒုတိယစျာန်ဘုံ၌ ဒုတိယ၊ တတိယစျာန်ဝိပါက် အကျိုးကိုပေး၏။

စတုတ္ထစျာန်ကုသိုလ်သည် တတိယစျာန်ဘုံ၌ စတုတ္ထစျာန်ဝိပါက်အကျိုးကို ပေး၏။

ပဉ္စမစျာန်ကုသိုလ်သည် စတုတ္ထစျာန်ဘုံ၌ ပဉ္စမစျာန်ဝိပါက်အကျိုးကို ပေး၏။

**ကာမာဝစရကံနှင့် မဟဂ္ဂုတ်ကံတို့၏ အကျိုးပေးထူးခြားပုံ**

၁။ အကုသိုလ်ကံသည် မတူသောအကျိုးတစ်မျိုးကိုသာ ပေးနိုင်၏။

၂။ ကာမာဝစရကုသိုလ်ကံသည် တူသောအကျိုး၊ မတူသောအကျိုး နှစ်မျိုးလုံးကို ပေး၏။

၃။ မဟဂ္ဂုတ်ကုသိုလ်ကံသည် တူသောအကျိုးကိုသာ ပေးနိုင်၏။

ဤသို့ အကျိုးပေးပုံ ထူးခြား၏။

## မရဏုပ္ပတ္တိစတုက္က

သေခြင်းဖြစ်ပုံလေးမျိုးအပေါင်းကို မရဏုပ္ပတ္တိစတုက္က ခေါ်၏။

လောက၌ သဘာဝတရားများသည် တစ်ခုနှင့်တစ်ခု အချင်းချင်း အကြောင်းအကျိုး ဆက်သွယ်လျက် ဖြစ်ပေါ်နေ ကြသော နိယာမတရားများသာ ဖြစ်ကြ၏။ အကြောင်းအကျိုး ဆက်သွယ်လျက် ဖြစ်ပေါ်ပုံကို ဗုဒ္ဓက ပဋ္ဌာန်းနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်း၊ သစ္စာလေးပါးနည်းဟု နည်းသုံးမျိုးဖြင့် ဟောပြတော်မူခဲ့၏။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားများ ပြုပြင်စီမံမှုကြောင့် ဖြစ်ပေါ်နေကြသော တရားများကို သင်္ခတ တရားခေါ်၏။ ထိုသင်္ခတ တရားတို့မှာ

မမြဲခြင်း၊ ဆင်းရဲခြင်း၊ အတ္တမဟုတ်ခြင်းဟု အမှတ်အသား လက္ခဏာသုံးမျိုး ရှိကြ၏။ အကြောင်းတရားလည်း မမြဲခြင်းလက္ခဏာရှိ၏။ အကျိုးတရားလည်း မမြဲခြင်းလက္ခဏာရှိ၏။ သဘာဝနာမ်ရုပ် တရားတိုင်း၌ သက်တမ်းများရှိကြ၏။ ထိုသတ်မှတ် သက်တမ်းကုန်ဆုံးသွားသောအခါ အကြောင်းတရား ပျက်စီးသွား၏။ အကြောင်းတရား ပျက်စီးခြင်းကြောင့် ယင်းအကြောင်းတရားကို အခြေခံ၍ ဖြစ်ပေါ်နေသော အကျိုးတရားလည်း ပျက်စီး သွားရ၏။

သတ္တဝါတို့၏ ခန္ဓာကိုယ်၌ ဖွဲ့စည်းဖြစ်ပေါ်နေကြသော နာမ်ရုပ်တရားများသည် စက္ကန့်တိုင်း၊ မိနစ်တိုင်း၌ အမြဲချုပ် ပျောက်ပျက်စီးနေကြ၏။ ယင်းပျက်စီးခြင်းကို ခဏိကမရဏ(ပရမတ္ထမရဏ) ခေါ်၏။

လောကမျက်မြင်အားဖြင့် သတ္တဝါများသည် တစ်ဘဝတွင် တစ်ကြိမ်သေရမြဲဖြစ်၏။ မသေသူမရှိ၊ တစ်ဘဝတွင် တစ်ကြိမ် သေပျောက်ပျက်စီးမှုကို သမ္မုတိမရဏခေါ်၏။

ထိုသို့ သတ္တဝါတိုင်း သေရမည်ဖြစ်၍ လူတို့အသက်တမ်းတိုတောင်းပုံကို သိရှိပြီး နောင်ဘဝ၌ ဘဝကောင်းကို တည်ထောင်နိုင်ရန် ကုသိုလ်တရားကို ကြိုတင်ပြုလုပ်ထားဖို့ ဗုဒ္ဓက အောက်ပါအတိုင်း သတိပေးမိန့်ကြားတော်မူခဲ့၏။

"ရဟန်းတို့၊ လူတို့၏ အသက်သည် တိုတောင်းလှ၏။ တမလွန်ဘဝသို့ သွားရောက်ရမည်၊ စွန့်ကြဲလှူဒါန်းမှု ဒါန၊ ကိုယ်ကျင့်သီလကို စောင့်ထိန်းမှု သီလစသော ကုသိုလ်တရားကို ပြုလုပ်ရမည်။ မွေးဖွားသူများ မသေသူမရှိ"။

**သေခြင်းလေးမျိုး**

၁။ အာယုက္ခယမရဏ = အသက်တမ်းကုန်မှုကြောင့် သေရခြင်း။

၂။ ကမ္မက္ခယမရဏ = ကံစွမ်းအားကုန်မှုကြောင့် သေရခြင်း။

၃။ ဥဘယက္ခယမရဏ = အသက်တမ်း၊ ကံစွမ်းအားနှစ်ပါးစုံ ကုန်မှုကြောင့် သေရခြင်း။

၄။ ဥပစ္ဆေဒကမရဏ = အခြားကံတစ်မျိုးမျိုး ဝင်ရောက် သတ်ဖြတ်မှုကြောင့် သေရခြင်း။

ဤသို့လျှင် သေခြင်းတရားလေးမျိုးပြား၏။

ဆောင်။ ။ **အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အကုန်နှစ်မျိုး၊ ကံဆုံးဖြတ်ချွေ၊ သေမြဲပေ၊ လေးထွေမရထာ။**

**ဥပစ္ဆေဒကကံကြောင့် မသေနိုင်သော သတ္တဝါများ**

၁။ ငရဲသူ၊ ငရဲသား။

၂။ မြောက်ကျွန်းသူ မြောက်ကျွန်းသား။

၃။ နတ်များ။

**သေခါနီး၌ အာရုံများထင်လာပုံ**

သတ္တဝါများသေခါနီးအချိန် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံသုံးမျိုးတွင် တစ်မျိုးမျိုး ထင်လာတတ်၏။

**ရှင်းလင်းချက်**

၁။ သေခြင်းအကြောင်းတရား လေးပါးတို့တွင် တစ်ပါးပါးသော အကြောင်းကြောင့် သေကြရသော သတ္တဝါများ သေခါနီးအချိန်၌ ဘဝသစ်မှာ ပဋိသန္ဓေကို ဖြစ်ပေါ်စေနိုင်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ တစ်မျိုးမျိုးသည် မိမိပြုလုပ်ခဲ့သော ကံများထဲမှ ရွေးရှုပြု ထွက်လာသကဲ့သို့ မနောဒွါရ၌ ထင်လာတတ်၏။

၂။ ထိုကံကို ပြုလုပ်စဉ်အခါက တွေ့ကြုံခဲ့ရသော ရူပါရုံစသော ကမ္မနိမိတ် အာရုံသော်လည်း ဒွါရခြောက်ပါး၌ ထိုက်သည်အားလျော်စွာ ထင်လာတတ်၏။

၃။ လားရောက်ရမည့်ဘဝသစ်၌ တွေ့ကြုံခံစားရလတ္တံ့သော ဂတိနိမိတ် အာရုံသော်လည်း မနောဒွါရ၌ ထင်လာတတ်၏။

ဆောင် ၁။ **အကုသိုလ်နှင့်ကုသိုလ်ကမ္မ၊ ဇနက၊ ခွင့်ရရွေးရှုကံ။**
၂။ **ကံမြောက်ကြောင်းဟူ၊ ဆောက်အဦ၊ မှတ်ယူနိမိတ္တံ။**
၃။ **လားရာဂတိ၊ ထိုမှာမှီ၊ ဂတိနိမိတ္တံ။**
၄။ **ထိုသုံးပါးတွင် တစ်အင်အင်၊ ထင်မြဲထုံးအမှန်။**

**ကံစွမ်းအားကြောင့် ထင်လာခြင်း**

ထိုသို့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံများ ထင်လာခြင်းသည် ပဋိသန္ဓေ အကျိုးကိုပေးမည့် ကုသိုလ်ကံ၊ အကုသိုလ်ကံ တို့၏ စွမ်းအားကြောင့် ထင်လာခြင်းသာဖြစ်၏။

**ကံအာရုံ-**

မိမိသန္တာန်၌ ပါရှိပြီး ယခုအခါတွင် အကျိုးပေးခွင့်ရသဖြင့် အသင့်ရှေးရှုတည်ရှိနေသော အကုသိုလ်ဇနကကံနှင့် ကုသိုလ်ဇနကကံများသည် ကံအာရုံမည်၏။

**ကမ္မနိမိတ်-**

ကံကိုပြုလုပ်စဉ်အခါက တွေ့ကြုံခဲ့သမျှသော အာရုံများကို ကမ္မနိမိတ်ခေါ်၏။ ထိုကမ္မနိမိတ်များသည် ဥပလဒ္ဓပုဗ္ဗ ကမ္မနိမိတ်၊ ဥပကရဏဘူတ ကမ္မနိမိတ်ဟု နှစ်မျိုးပြား၏။

**ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်**

ကံနှင့်ဆက်သွယ်၍ တိုက်ရိုက်ရအပ်ဖူးသော ပဓာနအာရုံကို ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်ခေါ်၏။

**ဥပကရဏဘူတကမ္မနိမိတ်**

ကံပြီးမြောက်ဖို့ရာ အခြံအရံမျှဖြစ်သော အပဓာနအာရုံကို ဥပကရဏဘူတကမ္မနိမိတ်ခေါ်၏။

ဥပမာ ကျောင်းဆောက်လုပ်လှူဒါန်းရာ၌-

၁။ ကျောင်းသည် ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ် မည်၏။

၂။ သက်န်းစသော လှူဖွယ်ရာအခြံအရံပစ္စည်းများသည် ဥပကရဏဘူတကမ္မနိမိတ် မည်၏။

**ဘုရားကို ပန်းလှူရာ၌-**

၁။ ဘုရားသည် ဥပလဒ္ဓပုဗ္ဗ ကမ္မနိမိတ် မည်၏။

၂။ ပန်းသည် ဥပကရဏဘူတ ကမ္မနိမိတ် မည်၏။

**သား၊ ငါးကို သတ်ဖြတ်ရာ၌-**

၁။ သားငါးသည် ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ် မည်၏။

၂။ ပိုက်ကွန်စသော လက်နက်များသည် ဥပကရဏဘူတ ကမ္မနိမိတ် မည်၏။

ဆောင်။ ၁။ **ကျောင်းကန်ဘုရား၊ စေတီများနှင့်၊ သားငါးဥစ္စာ၊ သူ့အိမ်ရာ၊ များစွာဥပလဒ်။**

၂။ **ကျောင်းဆောက်လှူခန်း၊ ဆွမ်းသင်္ကန်းတည့်၊ ပန်းနှင့်ဘုရား၊ သားငါးတို့တွက်၊ လက်နက်လုံကန်၊ ခြံရံဟူသမျှ အဝဝ၊ ဥပကရဏမှတ်။**

## ဂတိနိမိတ်

လားရောက်ရမည့်ဘဝ၌ တွေ့ကြုံရမည့် အာရုံဟူသမျှကို ဂတိနိမိတ် ခေါ်၏။ ထိုဂတိနိမိတ်သည် ဥပလဘိတဗ္ဗ ဂတိနိမိတ်၊ ဥပဘောဂ ဂတိနိမိတ်ဟု နှစ်မျိုးပြား၏။

## ဥပလဘိတဗ္ဗဂတိနိမိတ်

တိုက်ရိုက်ရောက်ထိုက်သောအရပ်ကို ဥပလဘိတဗ္ဗဂတိနိမိတ်ခေါ်၏။ လူ့ဘုံသို့သွားမည့်သူဖြစ်လျှင် အမိဝမ်းရေး၊ ငရဲသို့ရောက်မည့်သူဖြစ်လျှင် ငရဲဘုံ၊ ပြိတ္တာဖြစ်မည့်သူဖြစ်လျှင် တောတောင် မြစ်ကမ်းစသည်၊ နတ်ပြည်သို့ရောက်မည့်သူ ဖြစ်လျှင် နတ်ဘုံ၊ ဗိမာန် စသည်များဖြစ်၏။

## ဥပဘောဂ ဂတိနိမိတ်

ထိုထိုဘုံဘဝ၌ တွေ့ကြုံခံစားရမည့်အတွင်းအပ အသုံးအဆောင် အခြွေအရံများကို ဥပဘောဂ ဂတိနိမိတ်ခေါ်၏။ ခွေး၊ ကျီး၊ လင်းတ၊ ငရဲမီးလျှံ၊ နတ်သမီး၊ နတ်သား၊ ဥယျာဉ် ပဒေသာပင် စသည်များဖြစ်၏။

ဆောင်။ ၁။ **တိုက်ရိုက်ကပ်၍၊ ရအပ်လေမည့်၊ အမိဝမ်းရေ၊ ငရဲပြည်နှင့်၊ တောင်ခြေမြစ်ကမ်း၊ နတ်ဘုံနန်းဟု၊ အစုစု၊ ဥပလဘိတဗ်။**

၂။ **တွင်းပသုံးဆောင်၊ များမြောင်စွာလှ၊ ခွေးလင်းတ ကျီး၊ ငရဲမီးနှင့်၊နတ်သမီးဝေဆာ၊ ပဒေသာဟု၊ အစုစု၊ ဥပဘောဂမှတ်။**

**သတ္တဝါသုံးမျိုး**

၁။ သံသေဒဇသတ္တဝါ

၂။ ဩပပါတိကသတ္တဝါ

၃။ ဂဗ္ဘသေယျကသတ္တဝါ

ဤကား သင်္ဂြိုဟ်ကျမ်းလာ သတ္တဝါသုံးမျိုးဖြစ်၏။

**သတ္တဝါ(ယောနိ)လေးမျိုး**

၁။ သံသေဒဇသတ္တဝါ၊

၂။ ဩပပါတိကသတ္တဝါ၊

၃။ ဇလာဗုဇသတ္တဝါ၊

၄။ အဏ္ဍဇသတ္တဝါ၊

ဤသို့ တစ်နည်းအားဖြင့် သတ္တဝါလေးမျိုးပြား၏။

**မှတ်ချက်။** ။ ဂဗ္ဘသေယျကသတ္တဝါသည် ဇလာဗုဇ၊ အဏ္ဍဇသတ္တဝါဟု နှစ်မျိုး ပြားသောကြောင့် သတ္တဝါလေးမျိုး ပြားရခြင်းဖြစ်၏။ ဤသတ္တဝါလေးမျိုးကို ယောနိလေးမျိုးဟုလည်းခေါ်၏။ ယောနိသဒ္ဒါသည် အမျိုးဇာတ် ဟူသော အနက်ကို ဟော၏။

**၁။ သံသေဒဇသတ္တဝါ**

စိုစွတ်ငြိတွယ်ရာအရပ်၌ဖြစ်သော သတ္တဝါကို သံသေဒဇသတ္တဝါ ခေါ်၏။ ပဒုမ္မာကြာတိုက်၊ ဝါးပင်၊ ကိုယ်ဝန် အညစ်အကြေး၊ ပန်းမှိုက်၊ ရေပုပ်၊ ငါးပုပ်၊ မစင်ပုပ် စသောအရပ်များ၌ သန္ဓေတည်သော သတ္တဝါများဖြစ်၏။

ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသော ပဒုမဝတီမိဖုရား၊ ပေါက္ခရသာတိပုဏ္ဏား၊ ဝါးပင်၌ ပဋိသန္ဓေနေသော ဝေဠုဝတီမိဖုရား၊ ရေပုပ်၊ ငါးပုပ်စသည်တို့၌ ပဋိသန္ဓေနေသော ပိုးလောက် စသော သတ္တဝါများသည် သံသေဒဇ သတ္တဝါများ ဖြစ်၏။

**၂။ ဩပပါတိကသတ္တဝါ**

အမိဝမ်း၌ ကိန်းအောင်းလျက် သန္ဓေမယူရဘဲ ဘဝဟောင်းမှ ခုန်လွှား ကျရောက်လာသကဲ့သို့ ခန္ဓာကိုယ်အထင်အရှားဖြစ်သော သတ္တဝါကို "ဩပပါတိက သတ္တဝါ"ခေါ်သည်။ ကမ္ဘာဦးက လူများ၊ ငရဲ ပြိတ္တာ၊ နတ်၊ ဗြဟ္မာများ ဖြစ်၏။

## ၃။ ဂဗ္ဘသေယျကသတ္တဝါ

အမိဝမ်း၌ ကိန်းအောင်းလျက် သန္ဓေယူရသော သတ္တဝါကို ဂဗ္ဘသေယျက သတ္တဝါဟုခေါ်၏။ အဆိုပါ ဂဗ္ဘသေယျကသတ္တဝါတွင်

(က) **ဇလာဗုဇသတ္တဝါ** = သားအိမ်၌ သန္ဓေယူရသော သတ္တဝါကို "ဇလာဗုဇ"သတ္တဝါခေါ်၏။ လူ၊ နွား၊ ဆင်၊ မြင်း၊ ခွေး စသော သတ္တဝါမျိုး ဖြစ်၏။

(ခ) **အဏ္ဍဇသတ္တဝါ**= ဥခွံအတွင်း၌ ဖြစ်သော သတ္တဝါကို အဏ္ဍဇသတ္တဝါ ခေါ်၏။ ကြက်၊ ငှက်၊ မြွေ၊ လိပ်၊ ငါးစသော သတ္တဝါများဖြစ်၏။

- ၃၁ဘုံ၌ ဖြစ်သော သတ္တဝါတို့တွင် ဘုမ္မစိုးနတ်မှတစ်ပါးသော နတ်၊ ပြဟ္မာများ၊ နိဗ္ဗာမတဏှိကဟုခေါ်သော ပြိတ္တာမျိုး၊ ငရဲဘုံများ၌ ဥပပါတ် ပဋိသန္ဓေ တစ်မျိုးသာရ၏။

- ကြွင်းသောဂတိများ၌ ယောနိလေးမျိုးလုံးကို ရနိုင်၏။

ဆောင်။ ။ **ဘုမ္မစိုးဖြတ်၊ ကြွင်းနတ်၊ နိဗ္ဗာ၊ ငရဲရွာ၊ တစ်သာဥပပါတ်၊ အကြွင်းဂတိ၊ လေးယောနိ၊ ရဘိပုံသေမှတ်။**

❖

## ပရမတ္ထတရားတို့ကို
## ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ဖြင့် ဝေဖန်ခြင်း

### ပုထုဇဉ်

**ပုထုဇဉ်ဟူသည်** လောဘ၊ဒေါသစသော ကိလေသာထူပြောသည့်ပုဂ္ဂိုလ်ဖြစ်သည်။

**ပုထုဇဉ်(၂)မျိုး**

၁။ အန္ဓပုထုဇဉ် ၂။ ကလျာဏပုထုဇဉ် တို့ဖြစ်ပါသည်။

**အန္ဓပုထုဇဉ်-** ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့အကြောင်းမသိသဖြင့် အကန်းနှင့်တူသောကြောင့် အန္ဓ(အကန်း)ပုထုဇဉ်ဟု ခေါ်သည်။

**ကလျာဏပုထုဇဉ်-** ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့အကြောင်းကို သိသဖြင့် ဉာဏ်မြင်ရှိသော ကလျာဏ(သူတော်ကောင်း)ပုထုဇဉ်ဟု ခေါ်သည်။

### ခန္ဓာငါးပါး

**ခန္ဓာဟူသည်** အစုအပုံဟု အဓိပ္ပါယ်ရသည်။ ပရမတ္ထတရားတို့ကို ခန္ဓာ(အစု) ဖွဲ့သောအခါ အောက်ပါအတိုင်း ခန္ဓာငါးပါးရသည်။

**၁။ ရူပက္ခန္ဓာ-** ရုပ်တရားအစုတည်း။ တရားကိုယ်မှာ ရုပ်(၂၈)ပါးဖြစ်သည်။

**၂။ ဝေဒနာက္ခန္ဓာ-** ဝေဒနာတရားအစုတည်း။ တရားကိုယ်မှာ စေတသိက်(၅၂)ပါးတွင် ဝေဒနာ စေတသိက်ဖြစ်သည်။

**၃။ သညာက္ခန္ဓာ-** သညာအစုတည်း။ တရားကိုယ်မှာ စေတသိက်(၅၂)ပါးတွင် သညာ စေတသိက် ဖြစ်သည်။

**၄။ သင်္ခါရက္ခန္ဓာ-** ပြုပြင်ဖန်တီးမှုတရာအစုတည်း။ တရားကိုယ်မှာ ဝေဒနာ၊ သညာမှတပါး ကျန်စေတသိက် (၅၀)ဖြစ်သည်။

**၅။ ဝိညာဏက္ခန္ဓာ-** သိမှုတရားစုဖြစ်သည်။ တရားကိုယ်မှာ စိတ်ကို ကောက်ရသည်။ (နိဗ္ဗာန်သည် ကာလ၊ ဌာန၊ ဂုဏအားဖြင့် ခွဲခြား၍ မရသောကြောင့် ခန္ဓာအဖွဲ့အစည်းမှ အလွတ်ဖြစ်သည်။)

**ရုပ်+နာမ်ခန္ဓာ-** ရူပက္ခန္ဓာသည် ရုပ်ခန္ဓာဖြစ်ပြီး ကျန်ခန္ဓာ(၄)ပါးမှာ နာမ်ခန္ဓာ ဖြစ်သည်။

## အာယတန(၁၂)ပါး

**အာယတနဟူသည်**-နေရာ၊ တည်ရာမှီရာဖြစ်သည်၊ ပရမတ္ထတရားတို့ကို အာယတန ဖွဲ့သည့်အခါ အောက်ပါအတိုင်း(၁၂)ပါးရသည်။

| | |
|---|---|
| ၁။ **စက္ခာယတန** | ရုပ်(၂၈)ပါးတွင် စက္ခုပသာဒ ဖြစ်သည်။ |
| ၂။ **သောတာယတန** | ရုပ်(၂၈)ပါးတွင် သောတပသာဒ ဖြစ်သည်။ |
| ၃။ **ဃာနာယတန** | ရုပ်(၂၈)ပါးတွင် ဃာနပသာဒ ဖြစ်သည်။ |
| ၄။ **ဇိဝှါယတန** | ရုပ်(၂၈)ပါးတွင် ဇိဝှါပသာဒ ဖြစ်သည်။ |
| ၅။ **ကာယာယတန** | ရုပ်(၂၈)ပါးတွင် ကာယပသာဒ ဖြစ်သည်။ |
| ၆။ **ရူပါယတန** | ရုပ်(၂၈)ပါးတွင် ရူပါရုံ ဖြစ်သည်။ |
| ၇။ **သဒ္ဒါယတန** | ရုပ်(၂၈)ပါးတွင် သဒ္ဒါရုံ ဖြစ်သည်။ |
| ၈။ **ဂန္ဓာယတန** | ရုပ်(၂၈)ပါးတွင် ဂန္ဓာရုံ ဖြစ်သည်။ |
| ၉။ **ရသာယတန** | ရုပ်(၂၈)ပါးတွင် ရသာရုံ ဖြစ်သည်။ |
| ၁၀။ **ဖေါဋ္ဌဗ္ဗာယတန** | ရုပ်(၂၈)ပါးတွင်ပထဝီ၊တေဇော၊ဝါယောတို့ ဖြစ်သည်။ |
| ၁၁။ **မနာယတန** | စိတ်(၈၉)ပါးသည် မနာယတန တို့ဖြစ်သည်။ |
| ၁၂။ **ဓမ္မာယတန** | စေတသိက်(၅၂)၊ အထက်ပါရုပ်(၁၀)မျိုးမှတပါးကျန်ရုပ်များ၊ နိဗ္ဗာန်တို့ဖြစ်သည်။ |

## ဓါတ်(၁၈)ပါး

| | |
|---|---|
| ၁။ **စက္ခုဓာတ်** | ရုပ်(၂၈)ပါးတွင် စက္ခုပသာဒ ဖြစ်သည်။ |
| ၂။ **သောတဓာတ်** | ရုပ်(၂၈)ပါးတွင် သောတပသာဒ ဖြစ်သည်။ |
| ၃။ **ဃာနဓာတ်** | ရုပ်(၂၈)ပါးတွင် ဃာနပသာဒ ဖြစ်သည်။ |
| ၄။ **ဇိဝှါယတနဓာတ်** | ရုပ်(၂၈)ပါးတွင် ဇိဝှါပသာဒ ဖြစ်သည်။ |
| ၅။ **ကာယဓာတ်** | ရုပ်(၂၈)ပါးတွင် ကာယပသာဒ ဖြစ်သည်။ |
| ၆။ **ရူပဓာတ်** | ရုပ်(၂၈)ပါးတွင် ရူပါရုံ ဖြစ်သည်။ |
| ၇။ **သဒ္ဒဓာတ်** | ရုပ်(၂၈)ပါးတွင် သဒ္ဒါရုံ ဖြစ်သည်။ |
| ၈။ **ဂန္ဓဓာတ်** | ရုပ်(၂၈)ပါးတွင် ဂန္ဓာရုံ ဖြစ်သည်။ |
| ၉။ **ရသဓာတ်** | ရုပ်(၂၈)ပါးတွင် ရသာရုံ ဖြစ်သည်။ |
| ၁၀။ **ဖေါဋ္ဌဗ္ဗဓာတ်** | ရုပ်(၂၈)ပါးတွင်ပထဝီ၊ တေဇော၊ ဝါယောတို့ဖြစ်သည်။ |

**၁၁။ စက္ခုဝိညာဏဓာတ်** စက္ခုဝိညာဉ်ဒွေး ဖြစ်သည်။
**၁၂။ သောတဝိညာဏဓာတ်** သောတဝိညာဉ်ဒွေး ဖြစ်သည်။
**၁၃။ ဃာနဝိညာဏဓာတ်** ဃာနဝိညာဉ်ဒွေး ဖြစ်သည်။
**၁၄။ ဇိဝှါဝိညာဏဓာတ်** ဇိဝှါဝိညာဉ်ဒွေး ဖြစ်သည်။
**၁၅။ ကာယဝိညာဏဓာတ်** ကာယဝိညာဉ်ဒွေး ဖြစ်သည်။
**၁၆။ မနောဓာတ်** ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေးတို့ ဖြစ်သည်။
**၁၇။ မနောဝိညာဏဓာတ်** ကြွင်းသောစိတ် (၇၆)ပါးဖြစ်သည်။
**၁၈။ ဓမ္မဓာတ်** စေတသိက် (၅၂)၊ သုခုမရုပ်၊ (၁၆)၊ နိဗ္ဗာန်တို့ ဖြစ်သည်။

## သစ္စာ(၄)ပါး

**သစ္စာဟူသည်** အမှန်တရားဖြစ်သည်။ ပရမတ်တရားများကို သစ္စာဖွဲ့သည့်အခါ အောက်ပါအတိုင်း (၄)မျိုးရသည်။

**၁။ ဒုက္ခသစ္စာ** ဆင်းရဲခြင်းအမှန်တရား။
လောကီစိတ်(၈၁)၊ လောဘကြဉ်-စေတသိက်(၅၁)၊ ရုပ်(၂၈) တို့ကို ဒုက္ခသစ္စာအဖြစ် ကောက်ယူရသည်။

**၂။ သမုဒယသစ္စာ** ဒုက္ခဖြစ်ကြောင်းအမှန်တရား။
လောဘစေတသိက်ကို သမုဒယသစ္စာအဖြစ် ကောက်ယူရသည်။

**၃။ နိရောဓသစ္စာ** ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းအမှန်တရား။ နိဗ္ဗာန်ဖြစ်သည်။

**၄။ မဂ္ဂသစ္စာ** ဆင်းရဲဒုက္ခချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့်အမှန်တရား။
မဂ်စိတ်(၄)ပါး၌ ရှိသော မဂ္ဂင်တရား(၈)ပါးသည် မဂ္ဂသစ္စာ ဖြစ်သည်။

## မဂ္ဂင်(၈)ပါး

သမ္မာဒိဋ္ဌိ = မှန်သောအမြင်။
သမ္မာသင်္ကပ္ပ = မှန်သောအကြံ။
သမ္မာဝါစာ = မှန်သောအပြော။
သမ္မာကမ္မန္တ = မှန်သောအလုပ်။

| | | |
|---|---|---|
| သမ္မာအာဇီဝ | = | မှန်သောအသက်မွေးမှု။ |
| သမ္မာဝါယာမ | = | မှန်သောအားထုတ်မှု။ |
| သမ္မာသတိ | = | မှန်သောအောက်မေ့မှု။ |
| သမ္မာသမာဓိ | = | မှန်သောတည်ကြည်မှု။ |

# အခန်း(၈)

# အခြေခံဘာဝနာပွါးနည်း

**ဝိပဿနာ**

ဘုံသုံးပါး၌ ဖြစ်ပေါ်နေသော ရုပ်နာမ်ခန္ဓာအဖြာဖြာကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာယာဉ်သုံးပါးသို့တင်၍ ရှုဆင်ခြင်တတ်သောကြောင့် ဝိပဿနာဟုခေါ်သည်။

မိမိကိုယ်ခန္ဓာရှိ ရုပ်တရား နာမ်တရားတို့ကို လက္ခဏာရေးသုံးပါးဖြင့် ရှုမှတ်ပွားများခြင်းကို ဝိပဿနာရှုသည်။ ဝိပဿနာတရား အားထုတ်သည်ဟု ဆိုသည်။

**ဝိပဿနာအားမထုတ်မီ ကြိုတင်ပြင်ဆင်မှုများ**

ဝိပဿနာကို စနစ်တကျအားထုတ်လိုသူသည် အောက်ပါအချက်အလက်များကို ကြိုတင်ပြင်ဆင်ပြီးမှ အားထုတ်သင့်ပါသည်။ ယင်းတို့မှာ-

၁။ သင့်လျော်သောနေရာကိုရွေးချယ်ခြင်း၊
၂။ သင့်လျော်သော အချိန်ကိုရွေးချယ်ခြင်း၊
၃။ ဘုရားရှိခိုးခြင်း၊
၄။ သရဏဂုံသီလဆောက်တည်ခြင်း၊
၅။ မေတ္တာပို့ခြင်း၊
၆။ ဆရာထံတွင် ဝိပဿနာထိုင်နည်း တောင်းခံခြင်း၊
၇။ ပြစ်မှားမိခဲ့သောအပြစ်များကို ဝန်ချတောင်းပန်ခြင်း၊
၈။ မိမိနှင့်သင့်တော်မည့် ထိုင်နည်းကို ရွေးချယ်ခြင်း၊
၉။ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ရရှိရေးအတွက် စိတ်အားထက်သန်ခြင်း၊
ငြိမ်းအေးခြင်း၊ နိဗ္ဗာန်သို့ စိတ်ကို စေလွှတ်ပေးခြင်းတို့ဖြစ်သည်။

## တရားထိုင်ပုံ လင်္ကာ

တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊
ခါးမှာ ဖြောင့်ဖြောင့်ထား။
မလှုပ်က္လာနွေ ငြိမ်ငြိမ်နေ၊
စိတ်တွေ မလွင့်ပါး။
မျက်စိမှိတ်ကာ၊ ခေါင်းတည့်စွာ၊
ဝမ်းမှာ စိတ်ကိုထား။
(ရုပ် နာမ် နှစ်ဖြာ၊ ရှုမှတ်ပါ၊ မှတ်ပါယောဂီများ)

## ရှင်းချက်

တရားအားထုတ်သည့်အခါ တင်ပျဉ်ခွေ၍ထိုင်ရမည်။

- တင်ပျဉ်ခွေထိုင်သည့်အခါတွင် ယောဂီသည် ဘယ်ဘက်ခြေကို အောက်က ထားပြီး ညာဘက်ခြေကို အပေါ်ကထားကာ တင်ပျဉ်ခွေထိုင်ရပါမည်။ မိန်းမထိုင် သန်သူ၊ ကျုံ့ကျုံ့ထိုင် သန်သူများက မိန်းမထိုင် ကျုံ့ကျုံ့ထိုင် ထိုင်နိုင်ပါသည်။
- ထိုင်ပြီးလျှင် ဘယ်ဘက်လက်ကို အောက်ကထား၍ ညာဘက် လက်ကို အပေါ်ကတင်ကာ လက်မထိပ်ချင်း ထိပြီးထားပါ။
- ခါးအထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထားပါ။ ကိုယ်ကို ရှေ့သို့ မကုန်း စေရ၊ နောက်သို့မလန်စေရ၊ ဘေးကို မစောင်းစေရ၊ တစ်စုံ တစ်ခုကို မှီ၍မနေရ၊
- ဦးခေါင်းကိုလည်း ရှေ့မငိုက်စေရ၊ နောက်ကိုလည်း မလန်စေရပါ။ ဦးခေါင်းကို မတ်မတ်ကလေးထားပါ။
- မိမိ၏စိတ်ကို ပြန့်လွင့်မှုမရှိစေဘဲ ကမ္မဋ္ဌာန်းအာရုံပေါ်၌ စူးစိုက်စွာ ထားရှိရမည်။
- မျက်စိကို အိပ်ခါနီးအချိန်မှာ မှိတ်သလိုလေး သက်သာစွာ မှိတ်ထားပါ။ တအားမှိတ်မထားရပါ၊ မှိတ်တုတ် မှိတ်တုတ်လည်း မဖြစ်စေရပါ၊
- ပါးစပ်ကို စကားမပြောဘဲနေတဲ့အခါ စေ့သလို သက်သာစွာ စေ့ထားပါ။

- စိတ်ကို ဝမ်းဗိုက်မှာ ထား၍ ဝမ်းဗိုက် အမူအရာထူး ပေါ်သည့် အလိုက် ရုပ်နာမ်နှစ်ဖြာကို ရှုမှတ်ရမည်။

ဘုရားရဟန္တာအရှင်မြတ်တို့ ညွှန်ပြသောထိုင်နည်းမှာမူ တင်ပျဉ်ခွေ ထိုင်နည်းဖြစ်သည်။ ခြေနှစ်ဖက်ကို ကွေးယူ၍ ခြေဖဝါးနှစ်ဖက်ကို ပေါင်တစ်ဖက် တစ်ချက် ကြက်ခြေခတ်တင်၍ ထိုင်ခြင်းကို တင်ပျဉ်ခွေ ထိုင်ခြင်းဟု ခေါ်သည်။ ဤသို့ထိုင်တတ်အောင် ထိုင်နိုင်အောင် မကြာခဏ လေ့ကျင့်ပေးရမည်။ ထိုင်စ မရှိပါက သွေးကြောများပိတ်ဆို့ပြီး ထုံကျင်ကိုက်ခဲ နာကျင်လာတတ်သည်။ ယင်းသို့ တင်ပျဉ်ခွေပြီးသောအခါ ကိုယ်ခန္ဓာ အထက်ပိုင်းတစ်ခုလုံး ဖြောင့်ဖြောင့် မတ်မတ် ဆန့်ဆန့်ထားရမည်။ ထိုသို့ထိုင်လျှင် ကြောရိုးအဆစ် (၁၈)ဆစ်တို့သည် အချင်းချင်း အံဝင်ခွင်ကျဖြစ်နေ၍ ကြာရှည်ထိုင်နိုင်မည် ဖြစ်သည်။ အကယ်၍ ဆန့်ဆန့်မထားဘဲ ရှေးသို့ကိုင်းနေပါက ကြောရိုးအဆက်အစပ်များ မတည့်၍ နာကျင်မှု ညောင်းညာကိုက်ခဲမှု ကျောတောင့်ကျောအောင့်မှု မကြာခဏ ဖြစ်တတ်ပြီး ပြင်ထိုင်ရမည်။ အထိုင် ပြင်လိုက်ပါက ကမ္မဋ္ဌာန်းအာရုံပျက်၍ သမာဓိ အရှိန်ကျသွားနိုင်သည်။ မလှုပ် မယှက် ငြိမ်သက်စွာ ထိုင်နိုင်ပါမှ စိတ်တည်ကြည်ကာ သမာဓိစွမ်းအား တိုးပွား၍ ဉာဏ်အမြင်များ ထက်မြက်လာပေမည်။

ထို့ပြင် အောက်ခံကြမ်းပြင် မာကျောမှုကြောင့် နာကျင်မှု ဖြစ်တတ်သည်၊ သက်သာမှုရှိစေရန် ဖျာ၊ သင်ဖြူး၊ ပျော့ပြောင်း နူးညံ့သည့်အခင်း တစ်ခုခု ခင်း၍ ထိုင်သင့်သည်။

**ရှုမှတ်ပုံ**

၁။ ဝိပဿနာ၊ ထင်ရှားရာ၊ ပေါ်ရာ ရုပ်နာမ်ရှုရမည်။
၂။ ကိုယ်နှင့်စပ်ရာ၊ ကိုယ်ထဲမှာ၊ ပေါ်ရာ ရုပ်ဟု ရှုရမည်။
၃။ စိတ်နှင့်စပ်ရာ၊ စိတ်ထဲမှာ ၊ပေါ်ရာ နာမ်ဟု ရှုရမည်။
၄။ သွားချင်တာက နာမ်၊ သွားနေဟန်က ရုပ်။
ငါ မဟုတ် သူ မဟုတ်၊ သွားတာ နာမ်နှင့်ရုပ်။
နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ သွားရင်းအလုပ်လုပ်။
(နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ သွားရင်း ဒိဋ္ဌိပြုတ်)

၅။ ရပ်ချင်တာက နာမ်၊ ရပ်နေဟန်က ရုပ်၊
ငါ မဟုတ်၊ သူ မဟုတ်၊ ရပ်တာ နာမ်နှင့်ရုပ်။
နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ ရပ်ရင်းအလုပ်လုပ်။
(နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ ရပ်ရင်း ဒိဋ္ဌိပြုတ်)

၆။ ထိုင်ချင်တာက နာမ်၊ ထိုင်နေဟန်က ရုပ်၊
ငါ မဟုတ်၊ သူ မဟုတ်၊ ထိုင်တာ နာမ်နှင့်ရုပ်။
နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ ထိုင်ရင်း အလုပ်လုပ်။
(နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ ထိုင်ရင်း ဒိဋ္ဌိပြုတ်)

၇။ လျောင်းချင်တာက နာမ်၊ လျောင်းနေဟန်က ရုပ်၊
ငါ မဟုတ်၊ သူ မဟုတ်။ လျောင်းတာ နာမ်နှင့်ရုပ်။
နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ လျောင်းရင်း အလုပ်လုပ်။
(နာမ်ရုပ်နှစ်သင်း၊ အမြင်ရှင်း၊ လျောင်းရင်း ဒိဋ္ဌိပြုတ်)

၈။ ရှုပွားနေလျှင်၊ ဉာဏ်သက်ဝင်၊ ဉာဏ်မြင်ထက်၍လာလိမ့်မည်။
ရှုခံ ဒုက္ခ၊ ရှုဉာဏ်က၊ မဂ္ဂသစ္စာဖြစ်လေသည်။

၉။ ဒုက္ခသိလာ၊ ငြီးငွေ့လာ၊ နိဗ္ဗိန္ဒဉာဏ်ဆိုက်လိမ့်မည်။

၁၀။ မလိုချင်က၊ ဝဋ်ဒုက္ခ၊ ပျောက်မှ မဂ်ဉာဏ် ဖြစ်တော့သည်။

၁၁။ မဂ်ပေါ်ပြီးကာ၊ ဖိုလ်ရောက်လာ၊ အေးရွာနိဗ္ဗာန်ဆိုက်တော့သည်။

## ရှိတိုင်းသိတာ ဝိပဿနာ

၁။ ခန္ဓာအရှိ၊ ဉာဏ်နှင့်သိ၊ ရှုကြည့်ဝိပဿနာမည်။
၂။ အရှိဆိုတာ၊ ရုပ်နာမ်သာ၊ ဖြစ်တာပျက်တာရှိလေသည်။
၃။ အရှိရှုရာ၊ ရှုစမှာ၊ ခက်တာ ပင်ပန်းဆင်းရဲမည်။
၄။ အလုပ်ဆိုတာ၊ လုပ်စမှာ၊ ခက်တာပင်ပန်းဆင်းရဲမည်။
၅။ သုံးလေးရက်ကျ၊ အသားကျ၊ ရှုရ အဆင်ပြေလာမည်။
၆။ အဆင်ပြေလာ၊ ရှိတိုင်းသာ၊ ဉာဏ်မှာ သိလာမည်။
၇။ ရှိတိုင်းသိက၊ လော ဒေါသ၊ မောဟ ငြိမ်းအေးမည်။

၈။ လောဘ ဒေါ မောဟ၊ ငြိမ်းအေးက၊ ဒုက္ခဆင်းရဲ ငြိမ်းအေးမည်။
၉။ ရှိတိုင်းမသိက၊ လောဘ ဒေါသ၊ မောဟကိလေ တိုးပွားမည်။
၁၀။ ကိလေတိုးက၊ ရှာဖွေရ၊ ကြောင့်ကြမိုက်မဲ ဆင်းရဲသည်။
၁၁။ ဆင်းရဲငြိမ်းရန်၊ ရှိအမှန်၊ သိဉာဏ်ကြိုးစား ရှုရမည်။

**သတိပဋ္ဌာန်**

သတိပဋ္ဌာန်ဆိုသည်မှာ ဆိုင်ရာအာရုံထဲ၌ သတိအမြဲရှိနေခြင်း၊ စွဲစွဲမြဲမြဲ အမှတ်ရနေခြင်းပင်ဖြစ်သည်။

ရုပ်အစု= ကာယ၊

ခံစားမှု= ဝေဒနာ၊

သိမှု= စိတ္တ၊

သဘောတရား= ဓမ္မ တို့အပေါ်၌ အမြဲအမှတ်ရနေခြင်း၊ ဖြစ်ပေါ်လာတိုင်းသော ရုပ်နာမ်သဘာဝများကို တစ်ခုမျှမလွတ်စေဘဲ သတိကပ်၍ အမြဲမပြတ် ရှုမှတ်နေခြင်းဟု ဆိုလိုသည်။

**သတိပဋ္ဌာန် (၄)ပါး**

ထိုသတိပဋ္ဌာန်သည် -

၁။ ကာယာနုပဿနာသတိပဋ္ဌာန် = ရုပ်အပေါင်းတို့ကို သတိကပ်၍အဖန်ဖန် ရှုမှတ်ခြင်း။
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန် = ခံစားမှုများကို သတိကပ်၍အဖန်ဖန် ရှုမှတ်ခြင်း။
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် = ဖြစ်ပေါ်တိုင်းစိတ်ကို သတိကပ်၍ အဖန်ဖန် ရှုမှတ်ခြင်း။
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် = နီဝရဏစသော သဘာဝဓမ္မတို့ကို သတိကပ်၍ အဖန်ဖန်ရှုမှတ်ခြင်း ဟူ၍ လေးမျိုးရှိသည်။

ထိုတွင် လောဘ၊ဒေါသ အစရှိသောကိလေသာများ ဖြစ်ခွင့် မရအောင်

ထင်ရှားပေါ်လာသော ရုပ်တရားမှန်သမျှကို အမြဲမပြတ် သတိကပ် လျက် ရှုမှတ်နေခြင်းကို **ကာယာနုပဿနာသတိပဋ္ဌာန်**ဟုခေါ်သည်။

ဖြစ်ပေါ်လာသော ခံစားမှု (ဝေဒနာ)မှန်သမျှကို အမြဲမပြတ် သတိကပ်လျက် ရှုမှတ်နေခြင်းကို **ဝေဒနာနုပဿနာ သတိပဋ္ဌာန်** ဟုခေါ်သည်။

ဖြစ်ပေါ်လာသော (စိတ်)မှန်သမျှကို အမြဲမပြတ် သတိကပ်လျက် ရှုမှတ်နေခြင်းကို **စိတ္တာနုပဿနာသတိပဋ္ဌာန်**ဟုခေါ်သည်။

နီဝရဏာစသော သဘာဝဓမ္မမှန်သမျှကို အမြဲမပြတ် သတိကပ်လျက် ရှုမှတ်နေခြင်းကို **ဓမ္မာနုပဿနာသတိပဋ္ဌာန်**ဟုခေါ်သည်။

## ဣရိယာပုထ်ကို မှတ်ခြင်း

ဤသတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများသူသည် မိမိ၏ လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုထ်များကို အမြဲ သတိစိုက်လျက်-

- သွားလျှင် သွားသည်ဟု ပိုင်းခြား၍ သိရမည်။
- ရပ်လျှင် ရပ်သည်ဟု ပိုင်းခြား၍ သိရမည်။
- ထိုင်လျှင် ထိုင်သည်ဟု ပိုင်းခြား၍ သိရမည်။
- လဲလျောင်းလျှင် လဲလျောင်းသည်ဟု ပိုင်းခြား၍ သိရမည်။

**အချုပ်အားဖြင့် မိမိ၏ခန္ဓာကိုယ်ကြီးသည် မည်သို့တည်ရှိသည် ဖြစ်စေ၊ ထိုတည်ရှိသည့်အတိုင်း လှုပ်ရှားမှုမှန်သမျှကို သိနေအောင် ရှုမှတ်ရမည်။**

ဤ၌ သွားလျှင်သွားသည်ဟု သိရမည်ဆိုရာ၌ သွားမည်ကြံသော စိတ်နှင့် ထိုစိတ်ကြောင့် ခန္ဓာကိုယ်အနှံ့အပြားတွင် တောင့်တင်းမှု လှုပ်ရှားမှုများ ဖြစ်ပေါ် လာသည်ကိုလည်း သိအောင် ရှုမှတ်ရမည်။

ထို့ပြင် တောင့်တင်းမှု လှုပ်ရှားမှုများ ဖြစ်ပေါ်လာပြီးရှေ့သို့ တစ်ကိုယ်လုံး ရွေ့ရွေ့သွားခြင်းကို သတိပြုလျက် "ဤသို့ ရွေ့ရွေ့သွားခြင်းကိုပင် ငါသွားသည် ဟု ပြောဆိုနေကြခြင်းဖြစ်၏။ စင်စစ် သွားတတ်သော ငါကောင်သူကောင် ဟူ၍ မရှိချေ။"ဟု သိသွားသည်။

ဤနည်းအတူ ရပ်ခိုက်၊ ထိုင်ခိုက်၊ လျောင်းခိုက်များ၌လည်း ရုပ်နာမ် တရားများ အဆင့်ဆင့်ဖြစ်ပျက်နေခြင်းကို ရှင်းလင်းစွာ သိနေရမည် ဖြစ်သည်။

**အသိဉာဏ်သမ္ပဇဉ်ဖြင့် မှတ်ခြင်း**

အသိဉာဏ်သမ္ပဇဉ်ဖြင့် မှတ်ခြင်းဟူသည်-

- ရှေ့သို့ သွားလျှင်လည်း သွားသည်ဟု အသိဉာဏ်ကပ်၍ သိနေရမည်။
- နောက်သို့ဆုတ်လျှင်လည်း ဆုတ်သည်ဟု အသိဉာဏ်ကပ်၍ သိနေရမည်။
- ထိုင်ရင်း ရပ်ရင်း ရှေ့ဘက် နောက်ဘက်သို့ ယိမ်းယိုင်သွားလျှင်လည်း ယိမ်းသည်၊ ယိုင်သည်ဟု စေ့စေ့စပ်စပ် ရှုမှတ်၍ မပြတ်သိနေရမည်။

ထို့ပြင် တူရူ(တည့်တည့်)ဖြစ်စေ၊ စောင်းငဲ့၍ဖြစ်စေ ကြည့်ရာတွင်လည်း ကြည့်ချင်သည်၊ ကြည့်သည်၊ မြင်သည်ဟုလည်းကောင်း၊ လက်ခြေတို့ကို ကွေးတိုင်း ဆန့်တိုင်းလည်း ကွေးချင်သည်၊ ဆန့်ချင်သည်၊ ဆန့်သည်ဟု လည်းကောင်း၊ သပိတ်၊ သင်္ကန်း၊ အဝတ်၊ အိုးခွက်၊ ပန်းကန်အစရှိသော အသုံးအဆောင် ပစ္စည်းများကို ကိုင်တိုင်း၊ ယူတိုင်းလည်း ကိုင်ချင်သည်၊ ကိုင်သည်၊ ယူချင်သည်၊ ယူသည်ဟုလည်းကောင်း၊ စားသောက်တိုင်းလည်း စားချင်သည်၊ စားသည်၊ သောက်ချင်သည်၊ သောက်သည်ဟုလည်းကောင်း၊ ကျင်ကြီး ကျင်ငယ်စွန့်သည့် အခါ၌လည်း စွန့်ချင်သည်၊ စွန့်သည်၊ ဆေးကြောသုတ်သင်သည်ဟု လည်း ကောင်း၊ ရပ်-ထိုင်-လှဲ-အိပ်-နိုး-ထ-ပြောဆို ဆိတ်ဆိတ်နေသည့်အခါများ တွင်လည်း "ရပ်သည်၊ ထိုင်သည်၊ အိပ်သည်၊ နိုးသည်၊ပြောဆိုသည်၊ ဆိတ်ဆိတ် နေသည်"ဟုလည်းကောင်း၊ လှုပ်ရှားမှုမှန်သမျှတစ်ခုမျှ အလွတ်မပေးဘဲ သတိကပ် လျက် စေ့စေ့စပ်စပ် ရှုမှတ်ရမည်။ အချုပ်အားဖြင့် လှုပ်ရှားမှုမှန်သမျှကို သတိစိုက်၍ ရှုမှတ်နေရမည်ဖြစ်သည်။

ထိုသို့ လျောင်း-ထိုင်-ရပ်-သွား လေးပါးသော ဣရိယာပုထ်များ၌ ရုပ်နာမ်သဘာဝတို့၏ အဆင့်ဆင့် ပေါ်လိုက်ပျောက်လိုက်ဖြင့် ဖြစ်ပျက်နေခြင်း များကို ရှင်းလင်းစွာ သိနေခြင်းသည် ရုပ်အပေါင်း (ကာယ)၌ ဖြစ်မှု ပျက်မှုများကို အဖန်ဖန် အထပ်ထပ်ရှုမှတ်၍ နေခြင်းပင် ဖြစ်ပေသည်။

## ဝေဒနာနုပဿနာသတိပဋ္ဌာန် ရှုမှတ်ပွားများပုံ

### သုခဝေဒနာကို ရှုမှတ်ခြင်း

ရှုမှတ်ပွားများနေစဉ် လင်ယောကျ်ား၊ ဇနီးမယား၊ သမီးသား အဝတ်တန်ဆာ စားသောက်ဖွယ်ရာ၊ အိမ်ယာ၊ ခြံမြေ၊ ရွှေငွေရတနာအစရှိသော ဝတ္ထုအာရုံ ကာမဂုဏ်တို့နှင့်ပြည့်စုံခြင်းကို အောက်မေ့နှလုံးသွင်းမိကာ ဝမ်းသာမှု ဖြစ်လာလျှင်လည်း ဝမ်းသာသည်၊ ဝမ်းသာသည်ဟု ရှုမှတ်ပွားများ ရမည်။ သမထ ဝိပဿနာနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်သော ချမ်းသာမှု ဝမ်းမြောက်မှု ပေါ်လာတတ်သည်၊ ထိုအခါတွင်လည်း ဝမ်းသာသည်၊ ဝမ်းသာသည်ဟု ရှုမှတ် ပွားများရမည်။

### ဒုက္ခဝေဒနာကို ရှုမှတ်ခြင်း

ရှေ့၌ဖော်ပြခဲ့သည့်အတိုင်း ဖြစ်ပေါ်ဆဲ ကိုယ်အမူအရာမှန်သမျှကို ဖြစ်ပေါ်ခိုက် လှုပ်ရှားခိုက်တိုင်း၌ သတိအစဉ်လိုက်၍ စူးစူးစိုက်စိုက် ရှုမှတ်နေစဉ် ညောင်းမှု နာကျင်မှု ကိုက်ခဲမှု အစရှိသော ဒုက္ခဝေဒနာ တစ်မျိုးမျိုးပေါ်လာလျှင် ဝေဒနာကို သတိစိုက်လျက် ညောင်းသည်၊ ပူသည်၊ နာကျင်သည်၊ ကိုက်ခဲသည်ဟု ရှုမှတ်ပွားများရမည်။

ထို့ပြင် အားထုတ်နေစဉ်အတွင်း စိတ်မချမ်းသာမှု၊ စိတ်ညစ်မှု၊ ပူပန်မှု၊ ကြောင့်ကြမှု၊ ဝမ်းနည်းပူဆွေးမှု၊ ကြောက်ရွံ့စိုးရိမ်မှု အစရှိသော ခံစားမှု (ဝေဒနာ)ပေါ်လာလျှင်လည်း "စိတ်မချမ်းသာဘူး၊ စိတ်ညစ်သည်၊ ပူပန်သည်၊ ကြောင့်ကြသည်၊ ဝမ်းနည်းသည်၊ ပူဆွေးသည်၊ ကြောက်ရွံ့စိုးရိမ် သည်ဟု ရှုမှတ်ပွားများရမည်။

မိမိအလိုရှိသော ဝတ္ထုအာရုံ ကာမဂုဏ်တို့နှင့်မပြည့်စုံမှု လတ်တလောတွင် ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့နေရမှု၊ ယခင်က ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့ခဲ့ရမှု အစရှိသည်တို့ကို စဉ်းစားမိကာ ဝမ်းနည်းခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်ညစ်ခြင်းများ ဖြစ်ပေါ်လာလျှင်လည်း " ဝမ်းနည်းသည်၊ နှလုံးမသာယာဘူး၊ စိတ်ညစ်သည် "ဟု ရှုမှတ်နေရမည်၊ ထို့အတူ "မဂ် ဖိုလ်တရားထူးကို မည်သည့်အခါတွင် ရပါလိမ့်မည်နည်း၊ ဤဘဝ၌ ရနိုင်မည် မထင်ပါဘူး၊

ရမှာမဟုတ်တော့ပါဘူး" စသည်ဖြင့် မိမိအားထုတ်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပွားလျှင်လည်း "စိုးရိမ်သည်၊ ပူပန်သည်"ဟု ရှုမှတ်ရမည်။

ရှုမှတ်ပွားများမှုအတွက် သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့သာ ရှုမှတ်ရန် ထင်ရှားသိသာ၏ ၊ ဥပေက္ခာဝေဒနာကား လက်တွေ့အားထုတ်ကာစ ပုဂ္ဂိုလ်အတွက် သုခ၊ ဒုက္ခ တို့ကဲ့သို့ မထင်ရှား မသိသာ၊ အသိခက်လှ၏၊ သို့ဖြစ်၍ ဤ၌ ဥပေက္ခာဝေဒနာရှုမှတ်ပုံကို မပြတော့ပါ။

ဤသို့ ခံစားမှု ဝေဒနာများကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း၊ ထိုဝေဒနာတို့၏ ဖျတ်ခနဲပေါ်၍ ရိပ်ကနဲ ကုန်ဆုံး ပျောက်ပျက်သွားသည်ကို ရှင်းလင်းစွာ သိနေခြင်းသည် ခံစားမှုဝေဒနာ၏ ဖြစ်မှုပျက်မှုတို့ကို ရှုမှတ်၍နေခြင်းပင် ဖြစ်သည်။

## စိတ္တာနုပဿနာ သတိပဋ္ဌာန် ရှုမှတ်ပွားများပုံ

ကိုယ်အမူအရာ လှုပ်ရှားမှုတို့ကို ရှုမှတ်နေစဉ်မှာပင် ဟိုဟိုဒီဒီ စိတ်ကူးမှုများ ဖြစ်ပေါ်လာလျှင်လည်း "စိတ်ကူးသည်၊ ကြံသည်၊ သိသည်"အစရှိသည်ဖြင့် ရှုမှတ်ရမည်၊ အချုပ်အားဖြင့် မည်သည့်စိတ် ဖြစ်ပေါ်လာသည်ဖြစ်စေ၊ ထိုဖြစ်ပေါ်လာသည့်စိတ်မှန်သမျှကို ဖြစ်ခိုက်၌ သတိစိုက်၍ ရှုမှတ်နေရမည် ဖြစ်သည်။

တစ်စုံတစ်ခုကို လိုချင်စိတ်၊ သာယာစိတ်၊ နှစ်သက်စိတ် (သရာဂစိတ်)၊ ဖြစ်ပေါ်လာလျှင်လည်း "လိုချင်သည်၊ သာယာသည်၊ နှစ်သက်သည်"ဟု ရှုမှတ်ရမည်။ ထိုစိတ် (သရာဂစိတ်များ) ပျောက်ကင်း ငြိမ်းအေးသွားပြီး ကြည်လင်သန့်ရှင်းသောစိတ် (ဝီတရာဂစိတ်များ)၊ တဖွားဖွား ဖြစ်ပေါ်လာလျှင်လည်း ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း "ကြည်လင်သည်၊ သန့်ရှင်းသည်"ဟု ရှုမှတ်ရမည်။

တစ်ဖန် စိတ်ပျက် စိတ်ဆိုး မုန်းငြိုးစိတ်၊ ညှဉ်းဆဲလို၊ သေစေလိုသော (သဒေါသ)စိတ်များ ဖြစ်ပေါ်လာလျှင်လည်း "စိတ်ပျက်သည်၊ စိတ်ဆိုး သည်၊ မုန်းသည်၊ ငြိုးသည်၊ ညှဉ်းဆဲလိုသည်၊ သေစေလိုသည်"ဟုလည်း ကောင်း၊ ထိုမကောင်းစိတ်များ ငြိမ်းအေးပြီး ကြည်လင်သော (ဝီတဒေါသ)စိတ် ဖြစ်ပေါ်လာပါကလည်း "စိတ်ကြည်လင်သည်"ဟုလည်းကောင်း ရှုမှတ်ရမည်။

ထို့ပြင် ယုံမှားစိတ်၊ တွေဝေ (သမောဟ)စိတ်များ ဖြစ်ပေါ်လာလျှင်

လည်း "ယုံမှားသည်၊ တွေဝေသည်"ဟုလည်းကောင်း၊ ထိုယုံမှား တွေဝေစိတ်များ ငြိမ်းအေးသွားပြီး ကြည်လင်သော (ဝီတမောဟ)စိတ်များ ဖြစ်ပွားသော အခါတွင်လည်း ကြည်လင်သည်ဟုလည်းကောင်း ရှုမှတ်ရမည်။

သည်သာမကသေး ပျင်းရိတွန့်ဆုတ်သော (သံခိတ္တ)စိတ်၊ ပျံ့လွင့် သော (ဝိက္ခိတ္တ)စိတ်၊ တည်ကြည်သော (သမာဟိတ)စိတ်၊ မတည်ကြည်သော (အသမာဟိတ)စိတ်၊ ရှုမှတ်နေစဉ် ကိလေသာမှ တဒင်္ဂ လွန်မြောက်မှု(ဝိမုတ္တ) စိတ်၊ မရှုမှတ်ဘဲ ထိုထိုဤဤ ကြံစည်စဉ်းစားသော အဝိမုတ္တစိတ်များ ဖြစ်ပွားလျှင်လည်း ထိုစိတ်များ ဖြစ်ခိုက်၌ ဖြစ်ပေါ်လာသည့်အတိုင်း ရှုမှတ်ရမည်။

ဤသို့ ရှုမှတ်ပွားများနေစဉ် ဖြစ်ပေါ်နေသော စိတ်တို့သည် ဖျတ်ခနဲ ပေါ်လာ၍၊ ရိပ်ခနဲ ကုန်ဆုံးပျောက်ပျက်သွားခြင်းကို ရှင်းလင်းစွာသိနေခြင်း သည် သိမှုစိတ်၏ ဖြစ်မှုပျက်မှုတို့ကို ရှုမှတ်၍ နေခြင်းပင်ဖြစ်သည်။

## ဓမ္မာနုပဿနာသတိပဋ္ဌာန် ရှုမှတ်ပွားများပုံ

### နီဝရဏကို မှတ်သိခြင်း

ဝတ္ထုအာရုံ ကာမဂုဏ်ကို လိုချင်တောင့်တမှု၊ သာယာနှစ်သက်မှု၊ တပ်မက်ချစ်ခင်မှု၊ ကာမစ္ဆန္ဒနီဝရဏ ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်ခိုက်၌ "လိုချင်တောင့်တသည်၊ သာယာနှစ်သက်သည်၊ တပ်မက်ချစ်ခင်သည်"ဟု ရှုမှတ်၍ သိရမည်။ ထို့ပြင် စိတ်ဆိုးမှု စိတ်ပျက်မှု မုန်းမှု ညှဉ်းဆဲလိုမှု၊ သေကြေ ပျက်စီးလိုမှု (ဗျာပါဒနီဝရဏ)၊ ထိုင်းမှိုင်းမှု (ပျင်းရိမှု)၊ အားလျော့မှု (ထိန-မိဒ္ဓနီဝရဏ)၊ စိတ်ပျံ့လွင့်မှု နောင်တပူပန်မှု (ဥဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏ)၊ တရား အားလုံးကို သိမြင်သည့် မြတ်စွာဘုရား၊ မဂ်ဖိုလ်နိဗ္ဗာန်တရားနှင့် ထိုမဂ်ဖိုလ် နိဗ္ဗာန်ကိုရသည့် သံဃာဆိုသည်မှာ ရှိမှ ရှိပါ၏လော၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်မှုမျှသာ ရှိ၏ဆိုသည်မှာ ဟုတ်မှ ဟုတ်ပါ၏လော၊ ပုဂ္ဂိုလ် သတ္တဝါ ငါကောင် သူကောင်မရှိ ဆိုသည်မှာ ဟုတ်မှ ဟုတ်ပါ၏လော အစရှိသည်ဖြင့် ယုံမှားတွေးတောမှု (ဝိစိကိစ္ဆာနီဝရဏ)များ ဖြစ်ပေါ်လာတိုင်း လည်း ဖြစ်ပေါ်ခိုက်၌ "ထိုတရားဆိုးများ ဖြစ်နေသည်"ဟု ရှုမှတ်၍ သိနေရ မည်။ ထိုကာမစ္ဆန္ဒအစရှိသော တရားဆိုးများ ငြိမ်းအေးသွားသည့်အခါတွင် လည်း "ကာမစ္ဆန္ဒစသည်တို့ မရှိကြတော့ပြီ"ဟု သိနေရမည်။

**ခန္ဓာငါးပါးကို မှတ်သိခြင်း**

- မြင်ဆဲခဏ၌ မြင်သည်ဟု ရှုမှတ်သူသည် မျက်စိကြည်လင်မှုနှင့် မြင်ရသည့် အဆင်း ရူပါရုံတို့ကို ပဓာနပြု၍ သိသောအခါ **ရူပက္ခန္ဓာ** ကို သိ၏။
- မြင်၍ ကောင်းမကောင်းတို့ကို ပဓာနပြု၍ သိသောအခါ **ဝေဒနာက္ခန္ဓာ** ကို သိ၏။
- မြင်ရသည့်အဆင်း ရူပါရုံ၌ မှတ်သားခြင်းသဘောကို သိသောအခါ **သညာက္ခန္ဓာ**ကို သိ၏။ စိတ်၌ အဆင်းရူပါရုံ၌ မှတ်သားခြင်းသဘောကို သိသောအခါ **သညာက္ခန္ဓာ**ကို သိ၏။
- စိတ်၌ အဆင်းရူပါရုံ၌ တွေ့ထိမှု (ဖဿ)၊ မြင်အောင် စေ့ဆော် တိုက်တွန်းမှု (စေတနာ)၊ သာယာနှစ်သက်မှု (လောဘ)၊ ကြည်ညိုမှု (သဒ္ဓါ) အစရှိသော သဘောတို့ကို သိသောအခါ **သင်္ခါရက္ခန္ဓာ**ကို သိမြင်၏။
- မြင်စိတ်ကို ပဓာနပြု၍ သိသောအခါ **ဝိညာဏက္ခန္ဓာ**ကို သိ၏၊ ဤသို့ ရုပ်သဘောမျှ၊ ဝေဒနာသဘောမျှ စသည်ကို သိမှတ်နေရမည်။

ထို့အတူ ကြားဆဲ၊နံဆဲ၊စားဆဲ၊တွေ့ထိဆဲခဏ အစရှိသည် တို့၌လည်း ရှုမှတ် ပွားများရမည်။

ဤသို့ မြင်ဆဲခဏ စသည်တို့၌ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မျက်စိအမြင် ကြည်လင်မှု၊ မြင်ရသည့်အဆင်းရူပါရုံနှင့် ရွေ့လျားမှု အစရှိသော ရုပ်တရား တို့ကား ရိပ်ခနဲပေါ်လာ၍၊ ဖျတ်ခနဲ ကွယ်ပျောက် ကုန်ဆုံးသွားကြသည်ဟု သိနေခြင်း၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ အစရှိသည်တို့ကို ချမ်းသာ သည်၊ ဆင်းရဲသည်ဟု မှတ်တိုင်း ထိုခံစားမှုဝေဒနာများသည်၊ ဖြစ်ပေါ်လာပြီးနောက် ကုန်ဆုံးမှု(ဝယ)ကို သိပုံမှာလည်း ပျောက်ပျက်သွားကြသည်ဟု သိနေခြင်း**(သညာ၊ သင်္ခါရတို့၏ ဖြစ်မှု(ဥဒယ)၊ ကုန်ဆုံးမှု(ဝယ)ကို သိပုံမှာလည်း အတူတူပင် ဖြစ်၏)**ဟု မြင်ဆဲခဏ အစရှိသည်တို့၌ "မြင်သည်၊ ကြားသည်၊ တွေးသည်"အစရှိသည်ဖြင့် ရှုမှတ်တိုင်း "မြင်စိတ် အစရှိသည် တို့သည် ဖြစ်ပေါ်လာပြီးနောက် ကုန်ပျောက် ပျက်စီး သွားကြသည်"ဟု သိနေခြင်းတို့သည်၊ သဘောတရား(ဓမ္မ)၏ ဖြစ်မှုပျက်မှုတို့ကို ရှုမှတ်နေခြင်းပင် ဖြစ်သည်။

**သတိပဋ္ဌာန်တရား ရှုပွားနည်း လင်္ကာ**

၁။ ကိုယ်ဝေဒနာ၊ စိတ်ဓမ္မာ၊ လေးဖြာရှုဖွယ် ရှိလေသည်။
၂။ ထင်ရှားပေါ်ရာ၊ ရှုမှတ်ကာ၊ သိတာ ဉာဏ်စစ် ဖြစ်လေသည်။
၃။ ထိုင်တာ ထတာ၊ သွား ရပ်တာ၊ နှစ်ဖြာ နာမ်ရုပ် ဖြစ်လေသည်။
၄။ ထိုင်ဆဲ ထဆဲ၊ သွားရပ်ဆဲ၊ အမြဲ ရှုမှတ်နေရမည်။
၅။ ကွေးတာ လှမ်းတာ၊ ချနင်းတာ၊ နှစ်ဖြာ နာမ်ရုပ် ဖြစ်လေသည်။
၆။ ကွေးဆဲ ချဆဲ၊ လှမ်းနင်းဆဲ၊ အမြဲရှုမှတ်နေရမည်။
၇။ ဆိုးကောင်းပေါ်လာ၊ ဝေဒနာ၊ မှန်စွာရှုမှတ်နေရမည်။
၈။ ကြံသိ စဉ်းစား၊ စိတ်တရား၊ ပိုင်းခြား ရှုမှတ်နေရမည်။

**တစ်နည်း- သတိပဋ္ဌာန် ရှုပွားပုံ**

၁။ ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။ (ကာယ)
၂။ စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။ (စိတ္တ)
၃။ ကောင်း,ဆိုး,လတ်ပါ၊ ဝေဒနာ၊ မှန်စွာသိရမည်။ (ဒေနာ)
၄။ သဘောတရား၊ ထင်ပေါ်ငြား၊ ပိုင်းခြားသိရမည်။ (ဓမ္မ)

ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်၊
ရုပ်နာမ် နှစ်မျိုး၊ ကြောင်း/ကျိုး သိမြင်၊
မမြဲဆင်းရဲ၊ ဉာဏ်ထဲပေါ်လွင်၊
အနတ္တ၊ သိရ၊ နိဗ္ဗာန်ဝင်။

**သတိပဋ္ဌာန် ရှုမှတ်ပွားများရခြင်း၏ အကျိုးကျေးဇူးများ**

ဤသတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများသူသည်=

၁။ ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာ အညစ်အကြေးများ စင်ကြယ်ခြင်း။
၂။ စိုးရိမ်ပူဆွေးမှု(သောက)၊ ငိုကြွေးမှု (ပရိဒေဝ)တို့ကို လွန်မြောက်ခြင်း။
၃။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှု မရှိခြင်း။
၄။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိခြင်း။
၅။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း ဟူသော အကျိုးကျေးဇူးတို့ကို ခံစားရမည် ဖြစ်သည်။

**ဝိပဿနာဉာဏ်(၁၀)ပါးနှင့် ဝိသုဒ္ဓိ (၇)ပါး**

ဝိပဿနာတရားပွားများအားထုတ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ မဂ်ဖိုလ် နိဗ္ဗာန်တရားကို ရရှိ၍ သံသရာဘေးမှ လွတ်မြောက်ရေးပင်ဖြစ်သည်။ ထိုရည်ရွယ်ချက်သို့ရောက်ရှိရန် နည်းမှန် လမ်းမှန် အကျင့်မှန်ဖြင့် အားထုတ်ရမည် ဖြစ်သည်။ နည်းလမ်းမမှန်ပါက လိုရာပန်းတိုင်သို့ ရောက်မည် မဟုတ်ချေ။ ထိုသို့ နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျ ကြိုးစားအားထုတ်ပါက ဝိပဿနာဉာဏ် ဆယ်ပါးနှင့်ဝိသုဒ္ဓိ ခုနစ်ပါးတို့ အဆင့်ဆင့် ပေါ်လာလိမ့်မည်။ သို့ဖြစ်၍ ဝိပဿနာ အားထုတ်ရာ၌ လွန်စွာအရေးပါလှသည့် ဝိပဿနာဉာဏ်စဉ်ဆယ်ပါးနှင့် ဝိသုဒ္ဓိ ခုနစ်ပါးတို့ကိုလည်း ဆက်လက်ဖော်ပြပါမည်။

**ဝိပဿနာဉာဏ်စဉ် (၁၀)ပါး**

၁။ သမ္မသနဉာဏ် = နာမ်ရုပ်နှစ်ပါး သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမြင်သုံးသပ်ခြင်း။

၂။ ဥဒယဗ္ဗယဉာဏ် = နာမ်ရုပ်နှစ်ပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုမြင်ခြင်း။

၃။ ဘင်ဉာဏ် = နာမ်ရုပ်နှစ်ပါး သင်္ခါရတရားတို့၏ ပျက်ခြင်းကိုသာ ရှုမြင်ခြင်း။

၄။ ဘယဉာဏ် = နာမ်ရုပ်နှစ်ပါး သင်္ခါရတရားတို့ကို ဘေးရန်ဟု ရှုမြင်ခြင်း။

၅။ အာဒီနဝဉာဏ် = နာမ်ရုပ်နှစ်ပါးသင်္ခါရတရားတို့အပေါ်၌ အပြစ်ဟု ရှုမြင်ခြင်း။

၆။ နိဗ္ဗိဒါဉာဏ် = နာမ်ရုပ်နှစ်ပါးသင်္ခါရတရားတို့၌ ငြီးငွေ့ဖွယ်ဟု ရှုမြင်ခြင်း။

၇။ မုစ္စိတုကမျတာဉာဏ် = နာမ်ရုပ်နှစ်ပါး သင်္ခါရတရားတို့မှ လွတ်မြောက်လိုခြင်း။

၈။ ပဋိသင်္ခါဉာဏ် = နာမ်ရုပ်နှစ်ပါး သင်္ခါရတရားတို့ကို ထပ်မံ၍ အနိစ္စ၊ဒုက္ခ၊အနတ္တဟု ရှုမြင်ခြင်း။

| | | |
|---|---|---|
| ၉။ သင်္ခါရုပေက္ခာဉာဏ် | = | နာမ်ရုပ်နှစ်ပါး သင်္ခါရတရားတို့အပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းမရှိ လျစ်လျူရှုနိုင်ခြင်း။ |
| ၁၀။ အနုလောမဉာဏ် | = | မဂ်ဉာဏ်၏ ရှေ့ပြေးဉာဏ် ဖြစ်ပေါ်ခြင်း။ (ဝါ) မဂ်ဉာဏ်နှင့်ရှေ့ပိုင်း ဝိပဿနာဉာဏ်များအား ဆီလျော်သောဉာဏ် ဖြစ်ပေါ်ခြင်း။ |

**ဝိသုဒ္ဓိ (၇)ပါး**

ဝိပဿနာကမ္မဋ္ဌာန်း ပွားများအားထုတ်မည့် ယောဂီပုဂ္ဂိုလ်သည် အထူးဖြူစင် သန့်ရှင်းစင်ကြယ်ခြင်း ဝိသုဒ္ဓိ ခုနစ်ပါးနှင့်ပြည့်စုံရမည်။ ၎င်းတို့မှာ-

| | | |
|---|---|---|
| ၁။ သီလဝိသုဒ္ဓိ | = | သီလစင်ကြယ်ခြင်း။ |
| ၂။ စိတ္တဝိသုဒ္ဓိ | = | စိတ်စင်ကြယ်ခြင်း။ |
| ၃။ ဒိဋ္ဌိဝိသုဒ္ဓိ | = | အယူအမြင် စင်ကြယ်ခြင်း။ |
| ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ | = | ယုံမှားသံသယကို လွန်မြောက်သောဉာဏ်၏ စင်ကြယ်ခြင်း။ |
| ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | = | လမ်းမှန် မမှန်ကို သိသောဉာဏ်အမြင်၏ စင်ကြယ်ခြင်း။ |
| ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | = | မဂ်သို့ရောက်ကြောင်းဖြစ်သောဉာဏ်အမြင်၏ စင်ကြယ်ခြင်း။ |
| ၇။ ဉာဏဒဿနဝိသုဒ္ဓိ | = | သစ္စာလေးပါးကို သိသောဉာဏ်အမြင်၏စင်ကြယ်ခြင်း။ |

**ဘုရားရှင်အဆူဆူ အားထုတ်သော အာနာပါနကမ္မဋ္ဌာန်း**

ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်အဆူဆူနှင့် ပစ္စေကဗုဒ္ဓါဘုရားငယ် အဆူဆူတို့သည် အာနာပါနကမ္မဋ္ဌာန်းကိုသာ အားထုတ်တော်မူကြပြီး ဘုရားအဖြစ်၊ ဘုရားငယ်အဖြစ်သို့ ရောက်တော်မူခဲ့ကြပါသည်။ တပည့်သာဝက ရဟန္တာအရှင်မြတ်အများစုမှာလည်း ဤအာနာပါနကမ္မဋ္ဌာန်း ကိုပင် အားထုတ်တော်မူခဲ့ကြပါသည်။ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြပြီး နောက်၌လည်း ဤအာနာပါနကမ္မဋ္ဌာန်းကိုပင် နှလုံးသွင်းတော်မူကြပြီး အသက်

ထက်ဆုံးဈာန်သမာပတ် ဝင်စားတော်မူချိန်၌ ရှုပွားတော်မူခဲ့ကြပါသည်။ အလား တူပင် ဂေါတမမြတ်စွာဘုရားရှင်သည်လည်း အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရှိတော်မူလာပါသည်။

## အာနာပါနကမ္မဋ္ဌာန်းဖြင့် ဘုရားဖြစ်တော်မူခြင်း

အလောင်းတော်သိဒ္ဓတ္ထမင်းသား တစ်လသားအရွယ်၌ ဖခင်သုဒ္ဓေါဒန ဘုရင် လယ်ထွန်မင်္ဂလာဆင်းနိုက် ပဉ္စောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ၍ ဈာန် ဝင်စားရာ၌ ဤအာနာပါနကမ္မဋ္ဌာန်းဖြင့်ပင် ဈာန်ဝင်စားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ (၂၉)နှစ်အရွယ် တောထွက်ပြီးနောက် ဒုက္ကရစရိယအကျင့်ကို (၆)နှစ်တိုင်တိုင် ပင်ပန်းကြီးစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သော်လည်း တရားထူးမရနိုင်သဖြင့် မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့ ညနေခင်းမှစ၍ ဗောဓိပင်ရင်း အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူပြီး အာနာပါနကမ္မဋ္ဌာန်းကို စတုတ္ထဈာန်ရောက်သည်အထိ အားထုတ်တော်မူခဲ့ပါသည်။

စတုတ္ထဈာန်သမာဓိကြောင့် အလောင်းတော်၏စိတ်သည် အလွန် စင်ကြယ်၍ရှိနေပါသည်၊ ညဉ့်ဦးပိုင်းမှစ၍ ပုဗ္ဗေနိဝါသဟုခေါ်သော ဝိဇ္ဇာဉာဏ် တော်ကြီး သုံးပါးကို ရရှိတော်မူပါသည်။ ယင်းနောက် အရဟတ္တဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်တော်များလည်း ဆက်တိုက်ပင်ပေါ်လာပါသည်။ ပစ္စ ဝေက္ခဏာဉာဏ်ပေါ်လာပြီးနောက် ကိလေသာအားလုံးလည်း ကင်းနေသည် ဖြစ်၍ အရှင်မြတ်၏ စိတ်တော်ဉာဏ်အားအစွမ်းမှာ အတူမရှိ ထက်မြက်နေဆဲ ဖြစ်သည်။ စိတ်ဉာဏ်အားဖြင့် ဆက်လက်သုံးသပ်ဆင်ခြင်တော်မူရာ နေအရုဏ် တက်ချိန်၌ သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ်ဟူသော ဉေယျဓံတရား ငါးပါးကို ထိုးထွင်းသိမြင်သည့် သဗ္ဗညုတဉာဏ်တော်ကြီးလည်း ပေါ်လာပြီး လောကသုံးပါး တွင် အတူမရှိသော ဘုရားသခင်စင်စစ်ကေန် ဖြစ်လာရပါတော့သည်။

## အာနာပါနသမာဓိကို အခြေခံ၍ ဝိပဿနာကူးနိုင်ခြင်း

အာနာပါနတရားတစ်ပါးကို ပွားများလျှင် သတိပဋ္ဌာန်တရားလေးနှင့် ပြည့်စုံ၏၊ သတိပဋ္ဌာန်လေးပါးကို ပွားများလျှင် ဗောဇ္ဈင်တရား ခုနစ်ပါးနှင့် ပြည့်စုံ၏၊ ဗောဇ္ဈင်တရားပွားများလျှင် ဝိဇ္ဇာ၊ဝိမုတ္တိဟူသော တရားနှစ်ပါးနှင့် ပြည့်စုံ၏ဟု

ဟောတော်မူသောကြောင့် အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းပွားများသူ သည် ယင်းအာနာပါနသမာဓိကိုအခြေခံပြီး အလိုလိုပြည့်စုံလာသော သတိပဋ္ဌာန် တရားလေးပါးကို ဆက်လက်ပွားများသောအားဖြင့် ဝိပဿနာဖက်သို့ ကူးနိုင်ပါသည်။

## အာနာပါနဿတိ ပွားများအားထုတ်နည်း

ဝင်လေထွက်လေကို ရှုမှတ်သည့်အာနာပါနဿတိကမ္မဋ္ဌာန်းသည် ယောဂီတိုင်းလိုလိုနှင့်လျော်ကန် သင့်မြတ်လှပေသည်။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ "အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿစ"ဟု မိန့်မှာထားချက်အရ အာနာပါနကမ္မဋ္ဌာန်းသည် မောဟစရိုက်ရှိသူနှင့် ဝိတက်စရိုက်ရှိသူတို့အား သင့်လျော်လျောက်ပတ်သည်။ လူတိုင်းလူတိုင်းသည် မောဟအားကြီးကြသည်၊ သို့မဟုတ် တောင်ကြံမြောက်ကြံ ဝိတက်လွန်ကဲတတ်ကြသည်၊ လေးလံထိုင်းမှိုင်း ငိုက်မြည်း အိပ်ချင်မှု အဖြစ်များလေ့ရှိသည်၊ မအိပ်ချင်ပါက (ဝါ) အိပ်မပျော်ပါက တောင်ကြံမြောက်ကြံ မရပ်မနားစိတ်ဖြင့် ပြေးလွှားကြံစည်လျက် ရှိတတ်ကြသည်။ ထို့ကြောင့် မောဟ ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ဝိတက်ဖြစ်တတ်ကြသည်။ ထိုကဲ့သို့ မောဟနှင့်ဝိတက်မှ မလွတ်ကင်းနိုင်ကြသောကြောင့် လူတိုင်းမှာ မောဟစရိုက် သို့မဟုတ် ဝိတက်စရိုက် ရှိကြသည်။ ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းသည် လူတိုင်းနှင့် သင့်လျော်သည်ဟု ဆိုနိုင်ပေသည်။

## ဝင်လေထွက်လေကို ရှုမှတ်ခြင်း

အာနာပါနခေါ် ဝင်လေထွက်လေကို ရှုမှတ်ရာ၌ ရှေးဦးစွာ ပြင်ပမှလေကို ရှူသွင်းပြီးနောက် တစ်ဖန်အပြင်သို့ ရှူထုတ်ရသည်။ ယင်းသို့ အသက်ရှူသွင်း ရှူထုတ်မှုကို ရှုမှတ်ရာ၌သတိကို နှာသီးဖျား၌ ထား၍ရှုမှတ်ရမည်။ သတိကို ဝင်လေနောက်သို့လိုက်၍ ခန္ဓာကိုယ်တွင်းသို့လည်းကောင်း၊ ထွက်လေနောက်သို့ လိုက်၍ ခန္ဓာကိုယ်ပြင်ပသို့လည်းကောင်း လိုက်ပါမသွားစေရ၊ နှာသီးဖျား၌ သာလျှင် သတိကို မြဲမြံစွာ ချုပ်နှောင်ထားရမည်။ အချို့သောသူများမှာ နှာခေါင်း တိုသဖြင့် ဝင်လေထွက်လေသည် နှုတ်ခမ်းဖျားကို တိုးဝှေ့ထိခိုက်လိမ့်မည်၊ ယင်းပုဂ္ဂိုလ်များမှာ သတိကို နှုတ်ခမ်းဖျား၌ မြဲမြံစွာ ထားရှိရမည်။ ဤသို့ တစ်နေရာတည်း၌ သတိမြဲမြံစွာထားရှိခြင်းကို နွားရိုင်းကလေးအား ချည်တိုင်၌ ချည်နှောင်ထားခြင်းကဲ့သို့ ဖြစ်သည်ဟု ဥပမာဖြင့် ဆိုပါသည်။

**အာနာပါနရှုနည်း အဆင့် ၄-ဆင့်**

အာနာပါနခေါ် ဝင်သက်-ထွက်သက်ကို ရှုရာ၌ အဆင့်လေးဆင့် ရှိသည်။ ၄င်းတို့မှာ-

၁။ ဝင်သက်ထွက်သက်ကို သတိထား၍ ရှုရှိုက်ရမည်။

၂။ ဝင်သက် ထွက်သက်ကို ရှည်လျှင် ရှည်သည်ဟု သိရမည်၊ တိုလျှင် တိုသည် ဟု သိရမည်။

၃။ ဝင်သက်ထွက်သက်၏ အစ၊အလယ်၊အဆုံးကိုသိလျက် အသက်ရှူသွင်း ရှူထုတ်ခြင်းကို လေ့ကျင့်ရမည်။

၄။ ကြမ်းတမ်းသောဝင်သက်ထွက်သက်ကို နူးညံ့သိမ်မွေ့ ချုပ်ငြိမ်းအောင် ရှုရှိုက်လျက် လေ့ကျင့်ရမည်။

**ရှုမှတ်နည်း အဆင့် - ၁။**

အသက်ရှူသွင်းသည့်အခါ အသိစိတ်နှင့် ယှဉ်တွဲလျက် ရှူသွင်း၊ ရှူထုတ်သည့်အခါ၌လည်း အသိစိတ်ဖြင့် ရှူထုတ်ခြင်းဖြစ်သည်။ ဝင်သက် ထွက်သက်ကို သိသောစိတ်သည် နှာသီးဖျား(သို့မဟုတ်) အထက်နှုတ်ခမ်း၌ ခိုင်မြဲစွာ တည်ရှိနေရမည်။

ကိုယ်တွင်းသို့လည်းကောင်း၊ ကိုယ်ပြင်ပသို့လည်းကောင်း လိုက်ပါခြင်း မပြုဘဲ နှာသီးဖျား (သို့မဟုတ်) အထက်နှုတ်ခမ်း၌ သတိကို ခိုင်မြဲစွာ ချည်နှောင်ထား၍ ဝင်လေ ထွက်လေမှန်သမျှကို မလွတ်တမ်း စောင့်၍ ရှုမှတ်နေရမည်။ အသက်ရှူတိုင်း ရှိုက်တိုင်း တစ်ကြိမ်တစ်ခါမျှ အလွတ်မပေးဘဲ အလစ်မပေးဘဲ စောင့်၍ရှုမှတ်ရမည်။ အမှတ်တမဲ့သတိမပြုမိဘဲ၊ သတိမပြုလိုက်ဘဲ အသက်ရှုရှိုက်ခြင်း မရှိစေရ၊ အမြဲသတိဖြင့် စောင့်ကြပ်၍ ကြိုးစားရှုတ်ရမည်။

**ရှုမှတ်နည်း အဆင့် -၂။**

ဝင်သက် ထွက်သက်လေတို့ကို ရှည်လျှင် ရှည်သည်ဟု သိအောင် တိုလျှင် တိုသည်ဟု သိအောင် အားထုတ်သောနည်း ဖြစ်သည်။

ပထမဆင့်ဖြင့် နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်း၌ ထိခိုက်တိုးဝှေ့သောဝင်သက် ထွက်သက်လေကို သတိနိုင်နိုင်ဖြင့် သိမှုပိုင်ပြီးနောက်

ဒုတိယအဆင့်ဖြင့် မိမိရှုသော ဝင်သက်ထွက်သက်လေကို ရှည်လျှင် ရှည်သည်၊ တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ရမည်၊ သိလည်း သိနေရမည်၊ တစ်ထိုင်အတွင်းမှာပင် ဝင်သက်ထွက်သက် အရှည်အတို ရှိနေသည်။ ဝင်သက်ထွက်သက် အဝင်အထွက် နှေးသည်ကို ""ရှည်သည်""ဟုဆိုပြီး လျှင်မြန်သည်ကို ""တိုသည်""ဟုဆိုသည်။ ဝင်သက်-ထွက်သက် ရှည်မှု-တိုမှုတို့ကို တစ်ခုမှ မလွတ်အောင် ရှုမှတ်အားထုတ်ရမည်။ မြန်လျှင် မြန်မှု နှေးလျှင် နှေးမှုကို သိနေရမည်။ ထို့အပြင် ဝင်သက်ထွက်သက်လေ ရှည်ခြင်းတိုခြင်းကို ကိုယ်ကာယ ရှည်ခြင်း တိုခြင်းဖြင့်လည်း သိအပ်၏။

**ရှုမှတ်နည်း အဆင့်-၃။**

ဝင်သက်ထွက်သက်တို့၏ အစ,အလယ်,အဆုံး အလုံးစုံထင်ရှား လာအောင် အားထုတ်ရသောနည်းဖြစ်သည်။ ဤနေရာ၌-

| | | | |
|---|---|---|---|
| ဝင်သက်၏ | အစကား | = | နှာသီးဖျား (အထက်နှုတ်ခမ်း)။ |
| | အလယ်ကား | = | နှလုံး (ရင်ချိုင့်)။ |
| | အဆုံးကား | = | ချက်တည်း။ |
| ထွက်သက်၏ | အစကား | = | ချက်။ |
| | အလယ်ကား | = | နှလုံး (ရင်ချိုင့်)။ |
| | အဆုံးကား | = | နှာသီးဖျား (အထက်နှုတ်ခမ်း) |

ဟုမှတ်ပါ။

ဒုတိယအဆင့်၌ ဝင်သက်ထွက်သက်လေကို အရှည်-အတို အနှေး-အမြန်အားဖြင့် သိမှတ်မှု ပိုင်နိုင်ပြီဆိုလျှင် ကိုယ်ကာယအတွင်း၌ နှာသီးဖျားမှ ချက်တိုင်အောင်၊ ချက်မှ နှာသီးဖျားတိုင်အောင် ဝင်သက်-ထွက်သက်တို့ကို အစ,အလယ်,အဆုံးအကုန်လုံး ထင်ထင်လင်းလင်း စိတ်မှာသိအောင် ရှုမှတ်အားထုတ်ရမည်။

**ရှုမှတ်နည်း အဆင့် -၄ ။**

ရုန့်ရင်းကြမ်းတမ်းသော ဝင်သက်ထွက်သက်လေတို့ကို သိမ်မွေ့နူးညံ့ ချုပ်ငြိမ်းလာအောင် ရှုရှိုက်ရသောနည်း၊ ရုန့်ရင်းကြမ်းတမ်းသော ဝင်သက်

ထွက်သက်လေတို့ကို အဆင့်ဆင့် တဖြည်းဖြည်း သိမ့်မွေ့ချုပ်ငြိမ်းသွားအောင် အားထုတ်ရသောနည်းဖြစ်သည်။

တတိယဆင့်အားထုတ်နည်းဖြင့် ဝင်သက်ထွက်သက်လေတို့၏ အစ, အလယ်,အဆုံး အကုန်လုံးထင်ထင်လင်းလင်း ပိုင်ပိုင်နိုင်နိုင်သိပြီးနောက် ဤစတုတ္ထအဆင့်အားထုတ်နည်းဖြင့် ရုန့်ရင်းကြမ်းတမ်းသော ဝင်သက်-ထွက်သက်လေတို့ကို အဆင့်ဆင့် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ နူးညံ့၍ နူးညံ့၍သွားအောင် အားထုတ်လေ့ကျင့်ရသည်။ ခန္ဓာကိုယ်၌ ဝင်သက်-ထွက်သက် ပျောက်သွားပြီဟု ထင်ရလောက်အောင် အသက်ရှူလို့ ရှူမှန်း မသိအောင် အားထုတ်လေ့ကျင့်ရသည်။ အရှိုက်ပြင်း၍ ရုန့်ရင်းကြမ်းတမ်းသော (ကာယသင်္ခါရ)ကို သာယာဖြည်းညှင်းစွာ ရှိုက်သွင်းခြင်းဖြင့် သိမ်မွေ့ငြိမ်းအေး သွားအောင် အားထုတ်လေ့ကျင့်ရသည်။ အရှူပြင်း၍ ရုန့်ရင်းကြမ်းတမ်းသော ထွက်သက်လေ (ကာယသင်္ခါရ)ကို သာယာဖြည်းညှင်းစွာ ရှူထုတ်ခြင်းဖြင့် သိမ်မွေ့ငြိမ်းအေး သွားအောင် အားထုတ်လေ့ကျင့်ရသည်။

**ဝိပဿနာနည်းအရ အာနာပါနထွက်သက်ဝင်သက်ကို ရှုမှတ်ခြင်း။**

ဆိုခဲ့ပြီးသောအာနာပါနအားထုတ်သူသည် သမထလမ်းစဉ်အရ ချာန်ရအောင် ရှုမှတ်အားထုတ်နည်းဖြစ်သည်။ ဝိပဿနာနည်းအရ ထွက်သက်ဝင်သက်ကို ဆက်လက်ရှုမှတ်နည်းကိုလည်း သိထားသင့်ပါသည်၊ အားထုတ်သင့်ပါသည်။

ထွက်သက်ဝင်သက်ကို ရှုမှတ်ရာတွင် အဆင့်လေးဆင့်လုံးတွင် သမထဘာဝနာအားထုတ်နည်းနှင့်တူညီပါသည်။

ဤသို့ ထွက်သက်ဝင်သက်။ ထွက်လေဝင်လေများကို အတိုအရှည် အကြမ်းအနု စိတ်ထင်သလို စမ်းသပ်ရှူရှိုက်၍ အကြိမ်ကြိမ် အဖန်ဖန် သုံးသပ်လိုက်သောအခါ ရှူရှိုက်မှုကို စိတ်ကဦးဆောင်နေသည်ဟု သိလာရသည်။ ဝင်လေသည် အမြဲတမ်း မတည်နိုင် ထွက်သွားရသည်၊ ထွက်လေသည် အမြဲတမ်း မတည်နိုင် ဝင်လာရပြန်သည်၊ လေထုထည်တစ်ခု ဝင်ချည် ထွက်ချည် လှုပ်ရှားရွေ့လျားနေသည်ကို တွေ့လာရသည်။ ယင်းလေများ ဝင်လိုက်ထွက်

လိုက် ဖြစ်နေစေရန် ရင်ခေါင်း ဗိုက်ခေါင်းဟု ဆိုအပ်သော ဤကိုယ်ကာယ ကြီးသည် ဖေါင်းလိုက်ပိန်လိုက် ဖြစ်နေသည်၊ ရင်ခေါင်းဗိုက်ခေါင်းကို ကျုံ့လိုက် ရှုံ့လိုက်သောအခါ နှာဝမှလေများ ပြန်ထွက်သွားသည်။

ဥပမာအားဖြင့် ပန်းပဲသမား၊ပန်းထိမ်သမားတို့ အသုံးပြုသည့် ဖားဖိုနှင့် တူနေသည်ဟု ထင်မြင်လာသည်။ ဖားဖိုကို ဖေါင်းပွဖွင့်ပေးလိုက်သောအခါ အောက်ဘက်ရှိ လေဝင်ပေါက်မှလေများ ဝင်လာသည်၊ ဖားဖိုကို ပြန်လည် ကျုံ့လိုက်ပိတ်လိုက်သောအခါ လေများသည် မီးဖိုဖက်ရှိနှာဝမှ ထွက်သွား ကြသည်။ ဤသို့ ဖားဖိုတွင်းသို့ လေများ ဝင်လာလိုက် ထွက်သွားလိုက် ဖြစ်နေသကဲ့သို့ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကြီးသည် ဖေါင်းလိုက် ပိန်လိုက် လေများ ဝင်လာလိုက် ထွက်သွားလိုက်ဖြစ်နေရာ ဖားဖိုးကြီးနှင့်တူနေတော့သည် မိမိ အသက်ရှူနေသည်ကို ဖားဖိုကြီးဥပမာ ရှုမှတ်သကဲ့သို့ မိမိအနီးနား ပတ်ဝန်းကျင်ရှိလူများ၊ တိရစ္ဆာန်များ အသက်ရှူနေသည်ကိုလည်း ဖားဖိုကြီးနှင့်ဥပမာတင်၍ ရှုမှတ်ရမည်။

ထိုထွက်သက်ဝင်သက် ထွက်လေဝင်လေများသည် အသက်ရှူရှိုက်လို သည့်စိတ် ရှိနေသောကြောင့်သာ ဖြစ်ပေါ်နေသည်၊ ရှူရှိုက်လိုစိတ်မရှိပါက ထွက်သက်ဝင်သက် ချုပ်ငြိမ်းသွားသည်၊ သူသေကောင်များမှာ အသက်မရှူ တော့သည်ကို တွေ့နိုင်ပေသည်။ ထို့ပြင် ဤကိုယ်ခန္ဓာကြီးရှိနေသောကြောင့်သာ အသက်ရှူရှိုက်နေခြင်းဖြစ်သည်၊ ဤရင်ခေါင်း ဗိုက်ခေါင်းကြီးကို ဓားဖြင့် ခွဲဖွင့်ထားပါက အသက်ရှူရှိုက်မှု မရှိနိုင်တော့ချေ။ ဖားဖိုကြီးရဲ့ လေခိုရန် သားရေ အိတ်ကို ဆုတ်ဖြဲထားပါက ဖားဖိုအတွင်းသို့ လေဝင်လေထွက် ရှိနိုင်တော့ မည် မဟုတ်ချေ။ တစ်ဖန် နှာခေါင်းပေါက်တည်းဟူသော လေဝင်လေထွက် ပေါက် မရှိပါကလည်း အသက်ရှူရှိုက်မှု ဖြစ်နိုင်မည် မဟုတ်ချေ။

ထို့ကြောင့် အသက်ရှူမှုသည် ဤရင်ခေါင်း ဝမ်းခေါင်းနှင့် အခေါင်း အပေါက်ကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း အစွဲပြု၍ ဖြစ်ပေါ်နေသည်၊ ယင်းတရားသုံးပါး မရှိပါက ထွက်သက်ဝင်သက် ချုပ်ငြိမ်းသွားမည်။

ဤသို့ထွက်သက်ဝင်သက်တို့၏ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ခြင်းပျက်ခြင်းသဘောတို့ကို အစဉ်ရှုမှတ်နေရမည်။ ထိုအခါ ဤရင်ခေါင်း

ဝမ်းခေါင်း ဖေါင်းပိန်၍ ဝင်လေထွက်လေ ဖြစ်ပေါ်နေမှုကို လေများဝင်ထွက်နေသည်ဟုသာ ယောဂီ၏ ဉာဏ်တွင်ထင်မြင်လာသည်၊ ဤဝင်လေထွက်လေများကို ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါး ယောက်ျားမိန်းမဟူ၍လည်းကောင်း၊ ငါပိုင် ငါ့ဥစ္စာဟူ၍လည်းကောင်း အခြားသူတစ်ပါးပိုင် ဟူ၍လည်းကောင်း မထင်မြင်တော့ချေ။ ဝင်လေထွက်လေအပေါ်၌ သာယာစွဲလမ်းတပ်မက်မှု မရှိ၊ ထိုဝင်လေထွက်လေကို အသက်၊ ဝိညာဉ်၊ လိပ်ပြာ အတ္တကောင်ဟူ၍ မယူဆတော့ချေ။

ဤဝင်လေထွက်လေများသည်လည်းကောင်း၊ ဝင်လေထွက်လေကို ဖြစ်ပေါ်စေသည့် ဤကိုယ်ကာယကြီးသည်လည်းကောင်း ရှုရှိုက်လိုသည့် စိတ်သည်လည်းကောင်း အမြဲမရှိ အနိစ္စ၊ ယင်းအနိစ္စဖြင့် အဖန်ဖန်နှိပ်စက်ခံ နေရသောကြောင့် ဒုက္ခစင်စစ်ဖြစ်၏၊

ဤဒုက္ခဖြစ်ရခြင်းသည် ရှေးရှေးဘဝ အချိန်ကာလများက ဖြစ်ပေါ်ခဲ့ သော တဏှာသမုဒယကြောင့်ဖြစ်သည်၊ ယင်းဒုက္ခနှင့် သမုဒယတို့ မဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားခြင်းသည် နိရောဓသစ္စာမည်၏။

ဒုက္ခသစ္စာကို ပိုင်းခြားသိလျက် တဏှာသမုဒယကို ပယ်လျက်၊ ချုပ်ငြိမ်းမှု နိရောဓကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့လျှင် ထွက်သက်ဝင်သက် တစ်ခုတည်းကို နှလုံးသွင်းဆင်ခြင်ရာမှ အစပြု၍ အရဟတ္တဖိုလ်နိဗ္ဗာန်တိုင်အောင် ရောက်ရှိနိုင်ပေသည်။

# အခန်း(၉)

# ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်း

**သာသနာတော်သုံးရပ်**

မြတ်စွာဘုရားရှင်၏ အဆုံးအမတော်သည် **"သာသနာ"** မည်ပါသည်။

ထိုသာသနာတော်သည်-

၁။ ပရိယတ္တိ သာသနာ။

၂။ ပဋိပတ္တိ သာသနာ။

၃။ ပဋိဝေဓ သာသနာ ဟူ၍ သုံးပါးအပြားရှိသည်။

ဘုရားရှင် (၄၅)ဝါကာလပတ်လုံး ဟောဖော်ညွှန်ပြ ဆိုဆုံးမအပ်သော အဆုံးအမ သာသနာတော်သည် ပိဋကအားဖြင့် ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကဟူ၍ သုံးပါးရှိသည်၊ ယင်းပိဋကသုံးဖြာသည် သင်ယူအပ်ပို့ချအပ်သောကြောင့် **"ပရိယတ္တိသာသနာ"**မည်၏။

ထိုပရိယတ်ဖြင့်ဟောပြအပ်သည်တွင် ရူတင် (၁၃)ပါး၊ ခန္ဓကဝတ်လာကျင့်ဝတ်(၁၄)ပါးနှင့်၊ ငါးပါး၊ ရှစ်ပါးစသော သီလအကျင့်၊ ကမ္မဋ္ဌာန်း(၄၀)ဟူသော သမာဓိအကျင့်၊ ဝိပဿနာဘာဝနာဟူသော ပညာအကျင့်များသည် ကျင့်သုံးအပ်သောကြောင့် **"ပဋိပတ္တိသာသနာ"**မည်၏။

ထိုအကျင့်ဖြင့် ထိုးထွင်း၍ သိအပ်သော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ သစ္စာလေးပါး၊ နိဗ္ဗာန်ဟူသော တရားထူးများသည် ထိုးထွင်း၍ သိမြင်အပ်သောကြောင့် **"ပဋိဝေဓသာသနာ"**မည်၏။

မြတ်စွာဘုရားဟောတော်မူခဲ့သော ပိဋကသုံးသွယ်တွင် ဝိနည်းပိဋကဖြင့် သီလကို ဟောပြတော်မူ၏၊ သုတ္တန်ပိဋကဖြင့် သမာဓိကို ဟောပြတော်မူ၏။ အဘိဓမ္မာပိဋကဖြင့် ပညာကို ဟောပြတော်မူ၏။

ထို့ကြောင့် **"ဘုရားအဆုံးအမ"**ဟူသော**"သာသနာ"**ကို အနှစ်ချုပ်၍ အနှစ်ထုတ်လိုက်ပါက **"သီလ, သမာဓိ, ပညာ"**ဟူ၍ သိက္ခာသုံးပါးသာရ၏။ သီလသည် သာသနာတော်၏အစ၊ သမာဓိသည် သာသနာတော်၏ အလယ်၊ ပညာသည် သာသနာတော်၏ အဆုံး ဖြစ်သည်။ သို့ဖြစ်၍ သာသနာတော်ကို ကြည်ညိုအားထားသူမှန်သမျှသည် သာသနာ၏ စ,လယ်,ဆုံး သုံးပါးလုံး ကောင်းဖို့ရန်အတွက် သီလ, သမာဓိ, ပညာ သုံးပါးကို ကြိုးစားအားထုတ်ရမည် ဖြစ်ပေသည်။

## သံဂါယနာသမိုင်းအကျဉ်း

### သံဂါယနာတင်ခြင်း

မြတ်စွာဘုရားသည် ခရစ်တော်မပေါ်မီ ၅၄၄(ဘီစီ)ခုနှစ်တွင် ပရိနိဗ္ဗာန် စံတော်မူခဲ့၏။ ထိုနှစ်မှစ၍ သာသနာတော်နှစ်ကို (၁)နှစ် အဖြစ်စတင် ရေတွက်ခဲ့ကြပါသည်။ ယခုအခါ သာသနာတော်နှစ်သည် (၂၅၀၀)ကျော်လွန်ခဲ့ပြီး ဖြစ်သည်။ ထိုနှစ်များအတွင်း ထေရဝါဒသင်္ဂါယနာ (၆)ကြိမ်တိတိ တင်ခဲ့ပြီး ဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိနိုင်ပါသည်။

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များကို အမှားအယွင်းမရှိ ရလေအောင် စုပေါင်းရွတ်ဆို၍ အတည်ပြုခြင်းကို သင်္ဂါယနာတင်သည်ဟု ခေါ်သည်။ ထိုသို့သင်္ဂါယနာတင်ရာတွင် မြတ်စွာဘုရားဟောတော်မူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားဒေသနာများကို ဟောတော်မူသည့်အတိုင်း သင်္ဂါယနာ တင်ခြင်းဖြစ်ပါသည်။ တစ်စုံတရာဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း၊အလျင်း မရှိပါချေ။

### ပထမသံဂါယနာ

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် (၃)လအကြာတွင် ရာဇဂြိုဟ် ပြည်၊ ဝေဘာရတောင်၊ သတ္တပဏ္ဏိမည်သော လိုဏ်ဂူတော်၌ ပထမသံဂါယနာ တင်တော် မူပါသည်။

သင်္ဂါယနာတင်ရခြင်းအကြောင်းမှာ သုဘဒ္ဒမည်သော တောထွက် ရဟန်းကြီးက သာသနာတော်အား ထိပါးပုတ်ခတ်သော စကားများ ပြောဆိုသည့်

အတွက် သာသနာတော်အန္တရာယ်ပေါ်ပေါက်လာမည့်အရေး တွေးပြီး စိတ်မအေးနိုင်ရှာသော အရှင်မဟာကဿပမထေရ်ကြီးက အလဗ္ဗီရဟန်းတို့ အင်အားမကြီးခင် သံဂါယနာတင်ရန် အားထုတ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

**ပထမသံဂါယနာ မှတ်တမ်းအကျဉ်းချုပ်**

| | | | |
|---|---|---|---|
| ၁။ | သံဃာ့မထေရ်အကြီးအမှူး | = | အရှင်မဟာကဿပ |
| ၂။ | သံဂါယနာတင်မထေရ်ပေါင်း | = | ရဟန္တာအပါး ၅၀၀ |
| ၃။ | သံဂါယနာတင်ပွဲ ဦးဆောင်ထောက်ပံ့သူမင်း | = | အဇာတသတ်မင်း |
| ၄။ | သံဂါယနာတင်ပွဲ ကြာမြင့်ချိန် | = | (၇)လ တိတိ။ |
| ၅။ | သံဂါယနာအမျိုးအစား | = | နှုတ်ဖြင့်ရွတ်ဆိုသော သံဂါယနာ။ |
| ၆။ | သံဂါယနာ တင်သည့်နေရာ | = | ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိလိုဏ်ဂူ။ |

## ဒုတိယသံဂါယနာ

ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်(၁၀၀) သာသနာတော်နှစ် (၁၀၀)၊ ခရစ် မပေါ်မီ ၄၄၃(ဘီစီ)တွင် ဝေသာလီပြည်၊ ဝါဠုကာရုံကျောင်းတိုက်၌ ဒုတိယ သံဂါယနာ တင်တော်မူခဲ့ကြပါသည်။

တင်ရခြင်းအကြောင်းရင်းမှာ ဝေသာလီပြည်၊ ဝဇ္ဇီတိုင်းသား ရဟန်းများက ရဟန်းကောင်းတို့၏ ဝိနည်းကျင့်ဝတ်နှင့် မညီသောအကျင့် (အဓမ္မဝတ္ထု ၁၀-ပါး)ကို ဟောပြောပြုကျင့်နေကြသောကြောင့် သာသနာ့အန္တရာယ် ပေါ်လာသောအခြေအနေကို သိရသော အရှင်ယသမထေရ်ကြီးမှာ ဓမ္မသံဝေဂများဖြစ်တော်မူပြီး သာသနာတော်အရှည်တည်တံ့ခြင်းအကြောင်းဖြစ်သော သံဂါယနာတင်ခြင်း အားထုတ်တော်မူလျက် ဒုတိယသင်္ဂါယနာတင်တော်မူခြင်းဖြစ်သည်။

**ဒုတိယ သံဂါယနာတင် မှတ်တမ်းအကျဉ်း**

၁။ သံဃာ့မထေရ်အကြီးအမှူး = အရှင်မဟာယသမထေရ်။

၂။ သံဂါယနာတင်မထေရ်ပေါင်း = ရဟန္တာအပါး(၇၀၀)။
၃။ သံဂါယနာတင်ပွဲ
ဦးဆောင်ထောက်ပံ့သူမင်း = ကာလာသောကမင်း။
၄။ သံဂါယနာတင်ပွဲ ကြာမြင့်ချိန် = (၈)လ တိတိ။
၅။ သံဂါယနာအမျိုးအစား = နှုတ်ဖြင့်ရွတ်ဆိုသော သံဂါယနာ။
၆။ သံဂါယနာတင်သည့်နေရာ = ဝေသာလီပြည် ဝါဠုကာရုံကျောင်း။

## တတိယသံဂါယနာ

မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် (၂၃၅) ခုနှစ်၊ ၃၀၈–ဘီစီတွင် ပါဋလိပုတ်ပြည် အာသောကာရုံကျောင်းတိုက်တော်၌ တတိယ သံဂါယနာတင်ခဲ့ကြပါသည်။

အကြောင်းရင်းမှာ– သီရိဓမ္မာသောကမင်းလက်ထက်တွင် ထိုမင်းကိုမှီ၍ သာသနာတော်၌များစွာသော လာဘ်သပ္ပကာ ပေါများလာသည်ဖြစ်၍ သာသနာတော်မှအပဖြစ်သော ရဟန်းတုရဟန်းယောင် (တိတ္ထိ)ခြောက်သောင်းတို့က ရဟန်းကောင်းအသွင်ဖြင့် သာသနာတော်တွင်းသို့ ဝင်ရောက်ပြီး မိစ္ဆာဝါဒများကို သွတ်သွင်းလာကြသောကြောင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးက ထိုအန္တရာယ်မှ ကာကွယ်ရန်အတွက် သီရိဓမ္မာသောကမင်းကြီး၏အာဏာစက်ဖြင့် ရဟန်းဆိုးတို့ကို နှင်ထုတ်လူထွက်စေပြီး တတိယသံဂါယနာ တင်ခဲ့ကြပါသည်။

### တတိယသံဂါယနာအကျဉ်းချုပ်

၁။ သံဂါယနာတင်ပွဲဦးဆောင်မထေရ် = အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်။
၂။ သံဂါယနာတင်မထေရ်ပေါင်း = ရဟန္တာအပါး(၁၀၀၀)။
၃။ ဦးဆောင်ထောက်ပံ့သူမင်း = သီရိဓမ္မာသောကမင်း
၄။ သံဂါယနာပွဲကြာမြင့်ချိန်ကာလ = (၉)လ
၅။ သံဂါယနာအမျိုးအစား = နှုတ်တိုက်ရွတ်ဆိုရသောသံဂါယနာ။
၆။ သံဂါယနာတင်သည့်နေရာ = ပါဋလိပုတ်ပြည်၊ အာသောကာရုံ ကျောင်းတိုက်။

ထိုတတိယသံဂါယနာတင်သည့်အချိန်တွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးက ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်တော်မူခဲ့ကြသည်။ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ အရှင်သောဏမထေရ်နှင့် အရှင်ဉတ္တရမထေရ်တို့အမှူးပြုသော ရဟန္တာအရှင်မြတ်ကြီးငါးပါးတို့ ကြွရောက်ကာ သာသနာပြုတော်မူခဲ့ကြပါသည်။

## စတုတ္ထသံဂါယနာ

သာသနာတော်နှစ်(၄၅၀)၊ (၉၄-ဘီစီ)တွင်း သီရိလင်္ကာနိုင်ငံ မလယဇနပုဒ်၊ အာလောကလိုဏ်ဂူ၌ စတုတ္ထသင်္ဂါယနာတင်ခဲ့ကြသည်။ အကြောင်းရင်းမှာ သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံတွင် သူပုန်ဘေး၊ ငတ်မွတ်ခေါင်းပါး ဘေးကြီးများ(၁၂)နှစ်ကြာအောင် ခံစားရသောကြောင့် ပိဋကတ်တော်များ မပျောက်ပျက်ရအောင် ရဟန်းသံဃာများက အလွှန်ပင်ပမ်းခက်ခဲစွာ ဆောင်ထား ခဲ့ကြရလေသည်။ နောင်ကာလတွင် ဤသို့ဘေးအန္တရာယ်များ ပေါ်ပေါက်လာ ပါက သတိ၊ သမာဓိ၊ ပညာများဆုတ်ယုတ်ပြီး နှုတ်တိုက် မဆောင်နိုင်မည်ကို မြင်တော်မူကြသောကြောင့် စတုတ္ထသံဂါယနာတင်တော်မူခဲ့ကြခြင်း ဖြစ်ပါသည်။

### စတုတ္ထသံဂါယနာအကျဉ်းချုပ်

၁။ သံဂါယနာတင်ပွဲ ဦးဆောင်သူမထေရ် = အရှင်မဟာဓမ္မရက္ခိတ။
၂။ သံဂါယနာတင်မထေရ်ပေါင်း = ရဟန္တာအပါး(၅၀၀)။
၃။ ဦးဆောင်ထောက်ပံ့သူမင်း = ဝဋ္ဋဂါမဏိမင်း။
၄။ သံဂါယနာပွဲကြာမြင့်ချိန်ကာလ = (၁)နှစ်
၅။ သံဂါယနာအမျိုးအစား = ပေရွက်၌အက္ခရာရေး၍ တင်သော သံဂါယနာ။
၆။ သံဂါယနာတင်သည့်နေရာ = သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံ၊ မလယဇနပုဒ်၊ အာလောကလိုဏ်ဂူ။

## ပဥ္စမသံဂါယနာ

သာသနာတော်နှစ် ၂၄၁၅-ခုနှစ်၊ မြန်မာ သက္ကရာဇ်-၁၂၃၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁-ရက် ခရစ်နှစ် ၁၈၇၁-နေ့တွင် မြန်မာနိုင်ငံ၊ မန္တလေးမြို့(ရတနာပုံ နေပြည်တော်)၌ ပဥ္စမသံဂါယနာတင်ခဲ့ပါသည်။ အကြောင်းမှာ ပိဋကတ်တော်များကို ပေပုရပိုက်များပေါ်တွင် ရေးသားထားခြင်းဖြင့် ကြာရှည်စွာ မခိုင်မြဲနိုင်ခြင်း၊ မူအမျိုးမျိုးကွဲပြားနေခြင်းစသော အန္တရာယ်များ ကင်းပျောက်စေရန် ရည်ရွယ်၍ ကျောက်ထက်အက္ခရာတင်ကာ ပဥ္စမအကြိမ်မြောက် သံဂါယနာတင်ခြင်း ဖြစ်ပါသည်။

### ပဥ္စမသဂါိနာအကျဉ်းချုပ်

| | |
|---|---|
| ၁။ သံဂါယနာတင်ပွဲ ဦးဆောင်သူမထေရ် | = မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ဆရာတော် တိပိဋကဓရ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဇာဂရာ ဘိဝံသ မဟာထေရ်။ |
| ၂။ သံဂါယနာတင်မထေရ်ပေါင်း | = သံဃာတော်အပါး (၂၄၀၀) |
| ၃။ ဦးဆောင်ထောက်ပံ့သူမင်း | = သာသနာ့ဒါယကာ မင်းတုန်းမင်း။ |
| ၄။ သံဂါယနာတင်ကြာမြင့်ချိန် | = (ကျောက်ထက်အက္ခရာရေးသွင်း ၇-နှစ်၊ ၆-လ၊ ၁၄-ရက်)၊ (နှုတ်ဖြင့်ရွတ်ဆို ၅-လနှင့် ၃-ရက်) |
| ၅။ သံဂါယနာအမျိုးအစား | = စကျင်ကျောက်သားပေါ်၌ အက္ခရာများ ရေးထိုး၍ မှတ်တမ်းတင်ခြင်း ကျောက်ထက် အက္ခရာ၊ နှုတ်ဖြင့်ရွတ်ဆို။ |
| ၆။ သံဂါယနာတင်သည့်နေရာ | = မြန်မာနိုင်ငံ၊ မန္တလေးမြို့။ |

မန္တလေးတောင်ခြေရှိ လောကမာရဇိန်( ကုသိုလ်တော်) ဘုရားဝင်းအတွင်း၌ စကျင်ကျောက်ဖြူ (၇၂၉)ချပ်ပေါ်တွင် အက္ခရာရေးထွင်း၍ သံဂါယနာတင်ကြခြင်း ဖြစ်သည်။ ဝိနည်းပိဋကတ်အတွက် ကျောက်ချပ်ရေ ၁၁၁-ချပ်၊ အဘိဓမ္မာ

ပိဋကတ်အတွက် ကျောက်ချပ်ရေ ၂၀၈–ချပ်၊ သုတ္တန်ပိဋကတ်အတွက် ၄၁၀–ချပ်၊ စုစုပေါင်း ၇၂၉–ချပ်တို့အပေါ်၌ ပိဋကတ်သုံးပုံကို အမှားအယွင်း မရှိစေရန် ကြပ်မတ်စီစဉ်ထွင်းထု လှူတော်မူ၏။ ပဉ္စမသံဂါယနာတင်ပွဲအပြီးတွင် ပိဋကတော်များကို နိဿယမြန်မာပြန်ရန် တာဝန်ခွဲဝေဆောင်ရွက်ခြင်း။ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကို တစ်နိုင်ငံလုံးသို့ ထုတ်ပြန်ဆင့်ဆို၍ သာသနာတော် သန့်ရှင်းပြန့်ပွါးအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

## ဆဋ္ဌသံဂါယနာ

သာသနာတော်နှစ်–၂၄၉၈(ခရစ်နှစ်–၁၉၅၄)မြန်မာသက္ကရာဇ်–၁၃၁၆–ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသံဂါယနာ တင်ခဲ့ပါသည်။

အကြောင်းရင်းမှာ– မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၌ နှစ်(၁၀၀)ခန့် နေခဲ့ရ၍ ဗုဒ္ဓသာသနာတော် ညှိုးနွမ်းလျက်ရှိရာ သာသနာတော်သန့်ရှင်းစင်ကြယ်ရေး၊ ပိဋကတ်တော်သန့်ရှင်း စင်ကြယ်ရေးတို့ကို ရှေ့ရှု၍ ဆဋ္ဌမအကြိမ်မြောက် သံဂါယနာတင်တော်မူကြခြင်း ဖြစ်ပါသည်။ ညောင်ရမ်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ၊ မဟာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘဏ(ပုစ္ဆက)၊ မင်းကွန်း တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ (ဝိသဇ္ဇက) စသော ထေရဝါဒ(၅)နိုင်ငံမှ ရဟန်း သံဃာတော် အပါး–၂၅၀၀ တို့က ပိဋကတော်များကို အထူးသန့်စင်အောင် သုတ်သင်ပြီး သံဂါယနာ တင်တော်မူခဲ့ကြပါသည်။

### ဆဋ္ဌသံဂါယနာအကျဉ်းချုပ်

၁။ သံဂါယနာပွဲဦးဆောင်ဆရာတော် = ညောင်ရမ်းဆရာတော်ဘဒ္ဒန္တရေဝတ။

၂။ သံဂါယနာတင် မထေရ်ပေါင်း = ထေရဝါဒ ၅–နိုင်ငံမှ သံဃာ ၂၅၀၀–ပါး။

၃။ ဦးဆောင်ထောက်ပံ့သူ = မြန်မာနိုင်ငံအစိုးရ။

၄။ သံဂါယနာအမျိုးအစား = စာအုပ်အဖြစ် မှတ်တမ်းတင်ခြင်း။ (နှုတ်ဖြင့်ရွတ်ဆိုခြင်း) သံဂါယနာ။

၅။ သံဂါယနာတင်သည့် နေရာ = ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး။

ဆဋ္ဌသံဂါယနာတင်ရာတွင် ပါဠိတော်များကိုသာမက အဋ္ဌကထာ၊ ဋီကာ ကျမ်းများကိုပါ သံဂါယနာတင်နိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူ ပြည်သားများ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားးဟူသော ထေရဝါဒ နိုင်ငံများနှင့်အခြားနိုင်ငံပေါင်း (၂၅)နိုင်ငံတို့ကလည်း အဘက်ဘက်မှ လှူဒါန်းကူညီခဲ့ ကြသည်။

## ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ကြွကြခြင်း

တတိယသင်္ဂါယနာတင်ပွဲအပြီးတွင် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် မြတ်သည် နောင်သောအခါ သာသနာတော်၏ထွန်းလင်းရာ အရပ်ဌာနကို ကြည့်ရှုတော်မူသည်ရှိသော် ပစ္စန္တရစ်အရပ်များ၌ သာသနာတော်တည်တံ့မည်ကို မြင်တော်မူ၍ သာသနာတော်နှစ် ၂၃၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၌ အောက်ပါနေရာဌာနများသို့ မထေရ်မြတ်များကို သာသနာပြုစေလွှတ်တော် မူခဲ့ပါသည်။

၁။ မဟာမဟိန္ဒမထေရ်အမှူးပြုသည့် ရဟန္တာမထေရ်ငါးပါးတို့သည် လင်္ကာဒီပ ခေါ် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့လည်းကောင်း၊

၂။ သောဏမထေရ်နှင့်ဥတ္တရမထေရ်အမှူးပြုသော မထေရ်ငါးပါးတို့သည် သုဝဏ္ဏဘူမိတိုင်း သထုံသို့လည်းကောင်း၊

၃။ မဟာရက္ခိတမထေရ်အမှူးပြုသည့် ရဟန္တာမထေရ်ငါးပါးတို့သည် ယောနကတိုင်းသို့ လည်းကောင်း၊

၄။ ရက္ခိတမထေရ်အမှူးပြုသည့် ရဟန္တာမထေရ်ငါးပါးတို့သည် ဝနဝါသီတိုင်းသို့လည်းကောင်း၊

၅။ ယောနကဓမ္မရက္ခိတမထေရ်အမှူးပြုသည့် ရဟန္တာမထေရ်ငါးပါးတို့သည် အပရန္တတိုင်းသို့လည်းကောင်း၊

၆။ မဇ္ဈန္တိကမထေရ်အမှူးပြုသည့် ရဟန္တာမထေရ်ငါးပါးတို့သည် ကသ္မီရဂန္ဓာရတိုင်းသို့လည်းကောင်း၊

၇။ မဟာဒေဝမထေရ်အမှူးပြုသည့် ရဟန္တာမထေရ်ငါးပါးတို့သည် မဟိံသကတိုင်းသို့လည်းကောင်း၊

၈။ မဟာဓမ္မရက္ခိတမထေရ်အမှူးပြုသည့်ရဟန္တာမထေရ်ငါးပါးတို့သည် မဟာရဋ္ဌတိုင်းကြီးသို့လည်းကောင်း၊

၉။ မဇ္ဈိမမထေရ်အမှူးပြုသည့် ရဟန္တာမထေရ်ငါးပါးတို့သည် စိနရဋ္ဌ စိန့်တိုင်းသို့လည်းကောင်း၊

ဤသို့အားဖြင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူပြီးလျှင် မိမိကိုယ်တိုင်လည်း အသက်တော်တည်သမျှကာလပတ်လုံး သာသနာတော်ကို စောင့်ရှောက်ကြည့်ရှုတော်မူလေသည်။

**ထေရဝါဒနှင့်မဟာယာန ဗုဒ္ဓဘာသာ**

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် နှစ်ပေါင်းတစ်ရာသို့ အရောက်တွင် ဝေသာလီပြည် ဝဇ္ဇီပုတ္တကရဟန်းတို့၏ ဓမ္မဝိနယနှင့် ဆန့်ကျင်သော အဓမ္မဝတ္ထုဆယ်ပါးကို ကျင့်သုံးခဲ့ခြင်းကြောင့် အရှင်မဟာယသအမှူး ရှိသော ရဟန္တာခုနစ်ရာတို့ ဒုတိယသံဂါယနာတင်ခဲ့ကြရသည်။ သို့သော် ဝဇ္ဇီပုတ္တက ရဟန်းတို့သည် သံဂါယတင်မထေရ်တို့၏ အဆုံးအဖြတ်ကို မနာခံပဲ “မဟာသံဃိက” ဟူသော အမည်ဖြင့် ဂိုဏ်းခွဲ၍ ထွက်ခဲ့ကြသည်၊ ထို့မှနောက်တွင် ဝါဒစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစသော အကြောင်းများဖြင့် ဂိုဏ်းကွဲများ တစ်ခုပြီးတစ်ခု ပေါ်လာခဲ့ကြရာ သံဃာ့ဂိုဏ်းပေါင်း (၁၈)ဂိုဏ်းအထိ ရှိလာလေသည်။

ရိုးရာဝါဒစွဲ၊ ဆရာစွဲ၊ ဒေသစွဲ၊ အတ္တစွဲနှင့် လောကီအာရုံကာမဂုဏ် အစွဲကြီးသူများ မြင့်မြတ်သော မြတ်စွာဘုရားသာသနာဘောင်သို့ ဝင်ရောက် သောအခါ အကျင့်သိက္ခာပိုင်းတွင် ကျဉ်းကျပ်လာကြ၏၊ မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်ကပင် အမျိုးမျိုးစောဒကတက်ခဲ့ကြသည်။ မြတ်စွာဘုရား မရှိသည့် နောက်တွင် ဘုရားအမည်ကိုပင် အသုံးပြုကာ သုတ္တန်လက်သစ် တရား သစ်များ တီထွင်လာကြ၏။

သို့ရာတွင် အဆိုပါနောက်ပေါ်သံဃာ့ဂိုဏ်းများသည် အချိန်ကာလ ကြာမြင့်စွာ မတည်ခဲ့ကြချေ။ အချို့ဂိုဏ်းများသည် မကြာမီကွယ်ပျောက်သွား ကြပြီး၊ အချို့ကား တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်းပေါင်းစည်းသွားခဲ့ကြသည်။ ထို့ပြင် ဗြာဟ္မဏဝါဒခေါ် ဟိန္ဒူဝါဒ၏ ဝါးမျိုခြင်းကိုလည်း များစွာခံကြရလေသည်။

မျက်မှောက်ခေတ်တွင် ဗုဒ္ဓဘာသာသည် ထေရဝါဒနှင့်မဟာယာန အားဖြင့် အဓိကဂိုဏ်းကြီးနှစ်ဂိုဏ်းရှိသည်ဟူ၍ ယေဘုယျအားဖြင့် အသိအမှတ်ပြုထားကြသည်။ ထိုတွင် ထေရဝါဒဟူသည် အရှင်မဟာကဿပ အရှင်မဟာယသအစရှိသော သံဂါယနာတင်မထေရ်မြတ်တို့ သတ်မှတ်ပြဋ္ဌာန်း မှတ်တမ်းတင်တော် မူခဲ့ကြသည့် အစီအစဉ်အရ မြတ်စွာဘုရား၏ မူရင်းဟောကြား ဆုံးမချက်များအတိုင်း လိုက်နာနေသောဂိုဏ်းဖြစ်၏။

မဟာယာနကား ထိုသမားရိုးကျ ထေရဝါဒအပေါ်၌ ဆန်းသစ်သော အတွေးအမြင်များဖြင့် လိုချင်သလိုပုံသွင်း၍ ပြုပြင်ပြောင်းလဲထားသော ဝါဒသစ်ဖြစ်လေသည်။ အထူးအားဖြင့် မဟာယာနဗုဒ္ဓဘာသာ၌ ဟိန္ဒူဝါဒ၏ ဩဇာများစွာလွှမ်းမိုးနေလေသည်။ တစ်နည်းအားဖြင့် ပြောမည်ဆိုလျှင် မဟာယာနသည် ဗုဒ္ဓဘာသာစစ်စစ်မဟုတ်၊ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာနှစ်မျိုး ပေါင်းစပ်ထားသည့် အပြင် သက်ဆိုင်ရာ ဒေသနိုင်ငံ လူမျိုးတို့၏ ဓလေ့ထုံးစံများနှင့်ပါ ရောမွှေထားသော ဘာသာဟူ၍သာ ဆိုရသည်။

မဟာယာနဗုဒ္ဓဘာသာသည် သာသနာတော်နှစ် ရှစ်ရာမှတစ်ထောင်အတွင်း၌ စတင်ထင်ရှားလာခဲ့ပါသည်။ အမှန်အားဖြင့် မဟာယာန၏ အခြေခံမျိုးစေ့မှာ ဒုတိယသံဂါယနာအပြီးတွင် ပေါ်ပေါက်ခဲ့သည့် မဟာသံဃိကစသော ဂိုဏ်းကွဲများပင်ဖြစ်သည်။ ထိုဂိုဏ်းကြီး(၁၈)ဂိုဏ်းတို့၏ အယူဝါဒများမှ ကောင်းနိုးရာသည်ဟု ထင်မြင်သော အချက်တို့ကို ပေါင်းစပ်ပြုပြင် ချဲ့ထွင်ထုတ်ယူပြီး မဟာယာနဂိုဏ်းဟူ၍ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

## ၁။ သီရိလင်္ကာနိုင်ငံ၌ သာသနာ စတင်ပြန့်ပွားပုံ

တတိယသံဂါယတင်အပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ရာတွင် အသောကမင်း၏သားတော် အရှင်မဟာမဟိန္ဒမထေရ်ဦးဆောင်သော သံဃာ(၅)ပါးကို ယခုသီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းသို့ သာသနာပြုစေလွှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ သီဟိုဠ်ကျွန်း၌ ထေရဝါဒ သာသနာတော် စည်ပင်ပြန့်ပွားထွန်းကားခဲ့လေသည်။

ထို့နောက်မကြာမီပင် သီဟိုဠ်သူအမျိုးသမီးများကို ဘိက္ခုနီပြုလုပ်ပေးရန်

အတွက် သမီးတော် သံဃမိတ္တာထေရီကိုလည်း သီရိလင်္ကာသို့ စေလွှတ်ခဲ့သည်၊ သံဃမိတ္တာသည် ဗုဒ္ဓဂယာမဟာဗောဓိပင်မှ ပွားယူအပ်သော ဗောဓိပင်တောင်ကိုင်းကိုလည်း သီရိလင်္ကာသို့ ပင့်ဆောင်သွားခဲ့ရာ ထိုဗောဓိပင်မှာ အနုရာဓမြို့၌ ယခုတိုင် ရှင်သန်လျက် ရှိနေပေသည်။

အရှင်မဟာမဟိန္ဒရောက်သွားသောအချိန်တွင် သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်းကြီးအုပ်ချုပ်နေသည်၊ ထိုမင်းသည် သာသနာတော်၌ လွန်စွာသက်ဝင်ကြည်ညို၍ အရှင်မဟာမဟိန္ဒအမှူးရှိသောသံဃာများသီတင်းသုံးရန် မဟာဝိဟာရကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ နောင်နှစ်ပေါင်း တစ်ရာခန့်အကြာတွင် ဒုဋ္ဌဂါမဏိမင်းကြီးက အနုရာဓမြို့၌ မဟာစေတီကြီးကို တည်ထားကိုးကွယ်ခဲ့သည်။

ထို့နောက် ခရစ်တော်မပေါ်မီ တစ်ရာစုတွင် ဝဋ္ဋဂါမဏိမင်းကြီးက အဘယဂိရိကျောင်းတိုက်ကြီးနှင့် အဘယစေတီတော်ကြီးကို တည်ထားခဲ့သည်။ ခရစ်နှစ် လေးရာစုတွင် မဟာသေနမင်းက ဇေတဝနကျောင်းတိုက်တော်ကြီး ဇေတဝနစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့လေသည်။

အဘယဂိရိသံဃာများသည် မူလက မဟာဝိဟာရသံဃာများနှင့် အယူအဆတူမျှကြ၍ တစ်လုံးတစ်စည်းရှိခဲ့ကြသော်လည်း မကြာမီပင် အယူအဆကွဲပြား၍ ဂိုဏ်းသီးခြားခွဲထွက်ပြီး မဟာယာနဗုဒ္ဓဘာသာတရား စာပေများကို အလေးထားကာ သင်ကြားကြလေသည်။ ဝဋ္ဋဂါမဏိမင်းကလည်း မိမိကိုးကွယ်သော အဘယဂိရိဂိုဏ်းသားများကိုသာ ဦးစားပေးကိုးကွယ်ဆည်းကပ်ခဲ့လေသည်။

ထိုအချိန်ကား ဗြာဟ္မဏတိဿသူပုန်ဘေး၊ ဝတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခဘေးများ ဖြစ်ပေါ်လာ၍ ပြည်ထဲရေးမငြိမ်မသက်ဖြစ်နေသောအခါလည်း ဖြစ်၏။ ထို့ကြောင့် သာသနာတော်၏ ရေရှည်ရေးကို မျှော်တွေးဆင်ခြင်မိကြသော မဟာဝိဟာရဂိုဏ်းသား သံဃာများသည် မြို့တော်နှင့်ဝေးရာ အာလောကဝိဟာရ၌ ဘုရားဟောတရားတော်များကို ပေရွက်ပေါ်တွင် အက္ခရာတင်၍ စတုတ္ထသံဂါယနာတင်ခဲ့ကြသည်။ ထိုစတုတ္ထသံဂါယနာမတင်မီကမူ တရားတော်များကို ဆရာစဉ်ဆက်အားဖြင့် နှုတ်တက် အာဂုံဆောင်၍သာလျှင် သင်ယူကျက်မှတ်ခဲ့ကြလေသည်။

ယခုအချိန်တွင်မူ သီရိလင်္ကာနိုင်ငံ၌ မဟာဝိဟာရ၊ အဘယဂိရိ၊ ဇေတဝနဟူသော သံဃာ့ဂိုဏ်းကြီးများ ကွယ်ပျောက်ခဲ့သည်မှာ ကြာမြင့်လေပြီ၊ သီရိလင်္ကာနိုင်ငံ၌ ယနေ့ရှိသောဂိုဏ်းများမှာ ရာမညဂိုဏ်း၊ အမရပူရဂိုဏ်းနှင့် သျှမ်းဂိုဏ်းတို့ဖြစ်၏။

ရှေးခေတ်သီဟိုဠ်ကျွန်းသည် ပရိယတ်ရော ပဋိပတ်ပါ လွန်စွာထွန်းကားခဲ့သည်ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာတော်ပြန့်ပွားရာ ဗဟိုဌာနကြီး ဖြစ်ခဲ့၏။ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သည် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာစာပေကျမ်းဂန်တို့ကို သီဟိုဠ်ကျွန်းမှ ရရှိခဲ့ကြခြင်းဖြစ်၏။ အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်အာနန္ဒာ၊ အရှင်ဗုဒ္ဓဒတ္တ၊အရှင်ဓမ္မပါလ၊ အရှင်သာရိပုတ္တရာ စသော ကျမ်းတတ်အကျော် ဆရာတော်များသည် အဋ္ဌကထာ၊ ဋီကာ ကျမ်းပေါင်းများစွာတို့ကို ပါဠိဘာသာဖြင့် ရေးသားပြုစုခဲ့ကြရာ ထိုကျမ်းဂန်တို့ကို ထေရဝါဒနိုင်ငံများ၌ ယနေ့တိုင်အောင် လေးလေးစားစား သင်ကြားလေ့လာလျက် ရှိကြပေသည်။

## ၂။ ထိုင်းနိုင်ငံ၌ သာသနာစတင်ပြန့်ပွားပုံ

ထိုင်းနိုင်ငံ၌ ရှေးဦးစွာ နေထိုင်ခဲ့ကြသော လူမျိုးများသည် ထိုင်းလူမျိုးများမဟုတ်ကြ၊ မွန်လူမျိုးများဖြစ်ကြသည်။ ထိုင်းလူမျိုးမှာ တရုတ်ပြည် အနောက်တောင်ပိုင်းမှ ယခုထိုင်းဟုခေါ်သောဒေသသို့ ခရစ်နှစ် ၁၁-ရာစုနှင့် ၁၂-ရာစုနှစ်အတွင်း၌ တဖြည်းဖြည်း ရွှေ့ပြောင်းဝင်ရောက်လာကြသော လူမျိုး တစ်စုသာ ဖြစ်လေသည်။

ထိုင်းနိုင်ငံ၏ ရှေးဦးလူမျိုးများဖြစ်သော မွန်တို့သည် ယခုခေတ် ဗန်ကောက်မြို့တော်၏ အနောက်ဘက် မိုင် (၃၀)ခန့်ဝေးသော နခွန်ပထုံဒေသ၌ စတင်နေထိုင်ကြပြီး အရှေ့ဘက်နှင့်မြောက်ဘက်အရပ်ဒေသများသို့ တဖြည်း ဖြည်း ပျံ့နှံ့နေထိုင်ခဲ့ကြသည်။ နခွန်ပထုံဆိုသည်မှာ နဂရပထမပင်ဖြစ်၍ ပထမဦး ဆုံး တည်ထောင်သောမြို့ဟု ဆိုလိုသည်။ နခွန်ပထုံဒေသသည် အသောက မင်းကြီး သာသနာပြုစေလွှတ်သော သုဝဏ္ဏဘူမိအရပ်တွင် ပါဝင်သည်ဟု ယူဆကြသည်။ ယင်းအယူအဆအရဆိုသော် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်

နှစ်ပေါင်း ၂၅၀–ခန့်ကပင် ယင်းဒေသ၌ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိနေပြီဟု ဆိုရ ပေမည်။ သို့သော်လည်း ခိုင်မာသော အထောက်အထားကိုမူ မတွေ့ရသေးချေ။

ထိုဒေသ၌ ရှေးဟောင်းပစ္စည်းများဖြစ်သည့် အိန္ဒိယပြည် ဂုတ္တခေတ် ဘုရားရုပ်တုများ၊ စဉ့်ကွင်းများ၊ ဓမ္မစကြာပုံတော်များကို တူးဖော်တွေ့ရှိခဲ့ကြရသည်။ ယင်းအထောက်အထားများအရ ခရစ်နှစ် ၁–ရာစု၊ ၂–ရာစုလောက်မှာပင် ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိနေပြီဟူ၍ ယူဆရသည်။ ထိုဗုဒ္ဓဘာသာဝင် မွန်လူမျိုးတို့သည် ယခုထက်တိုင် ထိုင်းနိုင်ငံဟုခေါ်သော ဒွါရာဝတီပြည်၌ ခရစ်နှစ် ၁၁–ရာစုအထိ ယဉ်ကျေးမှု အဆင့်မြင့်မားသော ဒေသခံလူမျိုးများ အဖြစ်ဖြင့် နေထိုင်ခဲ့ကြလေသည်။

ခရစ်နှစ် ၈– ရာစု၌မူ အရှေ့ဘက် ဖူနန်(ကမ္ဘောဇ)နိုင်ငံမှ ခမာလူမျိုးတို့သည် အနောက်ဘက်မွန်နိုင်ငံသို့ တဖြည်းဖြည်းတိုးဝင်ကာ ရောနှောနေထိုင်ခဲ့ကြသည်။ ထိုစဉ်က ခမာတို့သည် မဟာယာနဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာ (ဟိန္ဒူဘာသာ) ကို ကိုးကွယ်ခဲ့ကြသည်။ ခရစ်နှစ် ၉–ရာစုမှစတင်ကာ ခမာယဉ်ကျေးမှု ပိုမိုအားကောင်းလာရာ မွန်တို့အပေါ် လွှမ်းမိုးခဲ့သည်။ ခရစ်နှစ် ၁၁–ရာစုနောက်ပိုင်းတွင် ထိုင်းနိုင်ငံ၌ မွန်ယဉ်ကျေးမှု တိမ်ကောလာပြီး မွန်တို့သည်လည်း အနောက်ဘက်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြလေသည်။

ထိုင်းလူမျိုးတို့သည် ခရစ်နှစ် ၁၁ ရာစုတွင် ကမ္ဘောဇနိုင်ငံသို့ ရောက်ရှိလာကြပြီး ခမာတို့၏အောက်၌ပင် နေထိုင်ခဲ့ကြသည်။ အုပ်စိုးသူ ခမာတို့ ကိုးကွယ်သော ဘာသာတို့ကိုပင် ကိုးကွယ်ခဲ့ကြသည်။ ခမာတို့၏ဘာသာများသည် ထိုင်းလူမျိုးတို့၏ ဘာသာစကား၊ စာပေယဉ်ကျေးမှုများအပေါ်သို့ပင် အင်အားကြီးစွာ လွှမ်းမိုးခဲ့သဖြင့် ယခုတိုင် ထိုင်းတို့၏ ဓလေ့ထုံးစံနှင့် ပွဲလမ်း သဘင်အခမ်းအနားတို့၌ မဟာယာနနှင့်ဟိန္ဒူဘာသာအရိပ်အငွေ့များကို တွေ့ရှိနေရသေးသည်။

ခရစ်နှစ် ၁၃–ရာစုအလယ်ပိုင်းတွင် ထိုင်းတို့သည် တဖြည်းဖြည်း အင်အားစုဆောင်း၍ ခမာတို့ကိုတိုက် ထုတ်လိုက်ကြပြီး မြောက်ပိုင်း၌ လန္နာ( Lanna ) နိုင်ငံကိုလည်းကောင်း၊ အလယ်ပိုင်း၌ ဆူခိုထိုင်း (Sukhothai) နိုင်ငံကိုလည်းကောင်း

တည်ထောင်လိုက်ကြသည်။ ဤလန္နာနှင့်ဆူခို ထိုင်းနှစ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ အစပင်ဖြစ်သည်။ ထိုအချိန်မှစတင်ကာ ထိုင်းနိုင်ငံဟု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

နိုင်ငံငယ်များတည်ထောင်ပြီးချိန်၌ သဒ္ဓါတရားနှင့်ပြည့်စုံသော ထိုင်းဘုရင်တို့သည် သီရိလင်္ကာသို့ ရဟန်းတော်များကို စေလွှတ်၍ ပညာသင်ယူစေခြင်း၊ သီရိလင်္ကာမှ ပညာတတ်ရဟန်းတော်များကို ထိုင်းနိုင်ငံသို့ ပင့်ဆောင်ခြင်း စသည်ဖြင့် ထေရဝါဒဗုဒ္ဓဘာသာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြရာ ယခင် ကိုးကွယ်ခဲ့သော မဟာယာနနှင့်ဟိန္ဒူဘာသာတို့ တဖြည်းဖြည်း အားနည်း ကွယ်ပျောက်သွားခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာသည်သာလျှင် ယခုအချိန်အထိ စည်ပင်ပြန့်ပွားနေပြီး နိုင်ငံတော်ဘာသာအဖြစ်သို့ပင် ရောက်ရှိနေပေပြီ ဖြစ်သည်။

ခရစ်နှစ် ၁၉ ရာစု အလယ်ပိုင်းတွင် အုပ်စိုးသော ပဥ္စမရာမမင်းဆက်ဖြစ်သည့် မောင်းကွတ် (Mongkut) ဘုရင်သည် ဘုန်းတန်ခိုးကြီးမား၍ ဘာသာတရားကိုလည်း အလွန်ကြည်ညိုကိုင်းရှိုင်းသည်။ ကိုယ်တော်တိုင် ၂၇-နှစ်တိုင်တိုင် မွန်ဆရာတော်ကြီးထံ ရဟန်းဝတ်ဖြင့်နေပြီးမှ မင်းပြုခဲ့သည်။ သာသနာတော်သန့်ရှင်းစေရန် နှင့် ဝိနည်းစည်းကမ်း တင်းတင်းကြပ်ကြပ် လိုက်နာကျင့်ကြံစေရန် ရည်သန်၍ ထမယုတ် (ခ)ဓမ္မဂုတ္တိဂိုဏ်းကို စတင်တည်ထောင်ခဲ့သည်။ ထိုအချိန်မှ စတင်ကာ ဗုဒ္ဓသာသနာတော်၌ မဟာနိကိုင်(မဟာနိကာယ)ဂိုဏ်း၊ ထမယုတ်(ဓမ္မဂုတ္တိ)ဂိုဏ်းဟူ၍ သံဃာဂိုဏ်း (၂)ဂိုဏ်း ဖြစ်ပေါ်လာလေသည်။

## ၃။ ကမ္ဘောဒီးယားနိုင်ငံ၌ သာသနာ စတင်ပြန့်ပွားပုံ

အင်ဒိုချိုင်းနားကျွန်းဆွယ်သည် ခရစ်နှစ် အစပိုင်းခန့်ကပင် အိန္ဒိယကုန်သည်များ ကူသန်းသွားလာရာ ဒေသဖြစ်ခဲ့သည်။ အိန္ဒိယကုန်သည်တို့သည် ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုပါ ယူဆောင်လာခဲ့ကြရာ ရှေးက ဖူနန်ဟု ခေါ်ခဲ့သော ကမ္ဘောဒီးယား(ကန်ပူးချား)နိုင်ငံသည် စောစီးစွာပင် ဟိန္ဒူဘာသာ၊ ဟိန္ဒူယဉ်ကျေးမှုပြန့်နှံ့ရာ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့လေသည်။

ခရစ်နှစ် ၄-ရာစုတွင် ကမ္ဘောဒီးယား၌ အုပ်စိုးသော ခမာဘုရင်တို့သည် ဟိန္ဒူဘာသာဝင်များဖြစ်လာကြသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူ အနည်းအပါးရှိခဲ့ကြောင်းကိုလည်း သိရှိရသည်။ တရုတ်သမိုင်းနှင့်

သက္ကတဘာသာ ကျောက်စာများ အဆိုအရ ခရစ်နှစ် ၅-ရာစုနှစ်၌ ဟိန္ဒူဘာသာနှင့်အတူ မဟာယာနဗုဒ္ဓဘာသာလည်း ပြန့်နှံ့ခဲ့ကြောင်း သိရှိရလေသည်။

သိဝနတ်ဘုရားကို ကိုးကွယ်သော ဟိန္ဒူပြာဟ္မဏယဉ်ကျေးမှုသည် ခရစ် ၆-ရာစုမှ ၁၀-ရာစုအထိ ကမ္ဘောဒီးယား၌ အင်အားကြီးမားစွာ စည်ပင် ပြန့်ပွား ထွန်းကားခဲ့သည်။ ၉-ရာစု ဟိန္ဒူဝါဒီ ခမာဘုရင်များသည် ကြီးမား ခန့်ငြားသော ဟိန္ဒူဘုရားကျောင်းများကို တည်ဆောက်ခဲ့ကြသည်။ ကမ္ဘာကျော် အန်ကောဝပ်ကျောင်းကြီးမှာ ထိုခေတ်၌ တည်ဆောက်ခဲ့သည့် သိဝနတ်ဘုရား ကျောင်းကြီး ဖြစ်လေသည်။ ၁၃-ရာစုနှစ်တွင် ခမာတို့ ဟိန္ဒူဘာသာကိုစွန့်၍ ထေရဝါဒ ဗုဒ္ဓဘာသာကို ပြောင်းလဲကိုးကွယ်ကြသောအခါမှသာ ဗုဒ္ဓဆင်းတုတော်များ ကိန်းဝပ်ရာ ဗုဒ္ဓဘာသာဘုရားကျောင်းတော်ကြီး ဖြစ်လာခဲ့လေသည်။

ထိုခေတ်၌ ခမာတို့သည် ဟိန္ဒူဘာသာကို ပဓာနထား၍ ကိုးကွယ်ကြသော်လည်း မဟာယာနဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်ထောက်ပံ့ကြသည်။ မဟာယာနဗုဒ္ဓဘာသာသည် ဘုရင်တို့၏ ပူဇော်ထောက်ပံ့မှုကို အထိုက် အလျောက် ရရှိခဲ့လေသည်။

ခရစ်နှစ် ၁၁-ရာစု၌ အချို့သောဘုရင်များသည် ဗုဒ္ဓဘာသာကို ပို၍ ကြည်ညိုလာကြပြီး တိုးတက်ရေးကို အလေးပေးဆောင်ရွက်လာကြသည်။ သို့သော် ထိုအချိန်၌ရှိသော ဗုဒ္ဓဘာသာမှာ မဟာယာနဗုဒ္ဓဘာသာသာလျှင် ဖြစ်၏။ အချို့သော ဘုရင်များမှာမူ ဘာသာနှစ်ခုလုံးကို ရောနှောကိုးကွယ် နေခဲ့ကြသည်။ ခရစ်နှစ် ၁၂-ရာစု၌မူ မြန်မာပြည်မှ ရဟန်းတော်တစ်ပါးသည် ကမ္ဘောဒီးယားသို့ ကြွရောက်၍ ထေရဝါဒဗုဒ္ဓဘာသာတရားတော်များကို ဟောပြောဖြန့်ဖြူးခဲ့သည်။ ခမာဘုရင်တို့များစွာ နှစ်ခြိုက်ကြည်ညိုကြ၍ အားပေးထောက်ပံ့လာကြသည်။ ထိုအချိန်မှစ၍ တဖြည်းဖြည်း ထေရဝါဒဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သူများ များပြားလာခဲ့ကာ ၁၃-ရာစုအကုန်လောက်တွင် ဟိန္ဒူဘာသာနှင့်မဟာယာန ဗုဒ္ဓဘာသာတို့ ကွယ်ပျောက်သွားကြလေသည်။ ထိုအချိန်မှစ၍ ယနေ့အထိ ထေရဝါဒ ဗုဒ္ဓဘာသာသည်သာလျှင် ကမ္ဘောဒီးယား၌ စည်ပင်ပြန့်ပွား ထွန်းကားလျက်ရှိလေသည်။

ခရစ်နှစ် ၁၄-ရာစုမှစ၍ သီရိလင်္ကာဗုဒ္ဓဘာသာနှင့်ကမ္ဘောဒီးယားတို့ ဆက်သွယ်မိကြသောအခါ ကမ္ဘောဒီးယား၌ ထေရဝါဒဘာသာရောင်ရှိန် ထွန်းပြောင်လာသည်။ ထိုင်းဗုဒ္ဓဘာသာ၏ ဩဇာအရှိန်အဝါလည်း ကမ္ဘောဒီးယား၌ အမြဲတစေပြန့်နှံ့လျက်ရှိနေခဲ့လေသည်။

## ၄။ လော (လာအို)နိုင်ငံ၌ သာသနာ စတင်ပြန့်ပွားပုံ

လောနိုင်ငံသည် ခရစ်နှစ် ၁၄-ရာစုမှစတင်၍ သီးခြားနိုင်ငံ တစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ လော နိုင်ငံဖြစ်ပေါ်လာရေးအတွက် ခမာတို့က ကူညီခဲ့ကြသည်။ ထေရဝါဒဗုဒ္ဓဘာသာကိုလည်း ခမာတို့ကပင် လောနိုင်ငံအတွင်းသို့ သွင်းယူပြန့်ပွားခဲ့ကြသည်။ လောနိုင်ငံအဖြစ် မပေါ်ပေါက်မီကမူ ထိုဒေသ၌ မဟာယာနဗုဒ္ဓဘာသာသည်လည်း တည်ရှိခဲ့ဖူးလေသည်။

နောက်ပိုင်းဘုရင်များသည် ထေရဝါဒဗုဒ္ဓဘာသာကို ကာကွယ်စောင့်ရှောက်ထောက်ပံ့ခဲ့ကြသည်။ ၁၄-ရာစုနှစ်မှာပင် ထေရဝါဒဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေငြာခဲ့ကြသည်။ ထိုအချိန်မှစ၍ ကွန်မြူနစ်များ စတင်အုပ်စိုးသည့်အချိန်အထိ လောနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားထွန်းကားလာခဲ့သည်။ ခမာနှင့်ထိုင်းဗုဒ္ဓဘာသာ အရှိန်အဝါသည်လည်း လောနိုင်ငံဗုဒ္ဓဘာသာအပေါ်သို့ အမြဲတစေ အရိပ်ထိုးနေခဲ့သည်။ လော၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့သည် ထေရဝါဒဗုဒ္ဓဘာသာတိုးတက်ရေးအတွက် တူညီသောလမ်းကြောင်းပေါ်၌ လျှောက်လှမ်းခဲ့သော နိုင်ငံများဖြစ်လေသည်။

## ၅။ မြန်မာနိုင်ငံ သာသနာ့သမိုင်း အကျဉ်း/သာသနာ စတင်ရောက်ရှိပုံ

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ၇-သတ္တာဟအလွန် ၈-သတ္တာဟမြောက် လင်းလွန်ပင်ရင်း၌နေတော်မူသောအခါ ဥက္ကလာပဇနပုဒ်သား တပုဿနှင့်ဘလ္လိကမည်သော ကုန်သည်ညီနောင်နှစ်ယောက်တို့သည် မြတ်စွာဘုရားအထံ၌ (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ)ဟူသော ဒွေဝါစိကသရဏဂုံ တည်ကြပြီးလျှင် ကိုးကွယ်ရာကို လျှောက်ထားတောင်းပန်ကြရာ မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကိုသုံးသပ်တော်မူလတ်သောအခါ ညိုသောရောင်ခြည်တော်ဖြင့် တောက်ပလျက် ဆံတော်ရှစ်ဆူ

လက်တော်တွင်ကပ်ငြိပါသဖြင့် ထိုဆံတော်ရှစ်ဆူကို ညီနောင်နှစ်ယောက်တို့အား ပေးသနားတော်မူပါသည်။

ထိုညီနောင်နှစ်ယောက်တို့သည် ဆံတော်ရှစ်ဆူကိုပင့်ဆောင်၍ မိမိတို့ မွေးဖွားရာဇာတိနေရပ်ဖြစ်သော ဥက္ကလာပဇနပုဒ် အသိတဥ္စနမြို့သို့ ပြန်လာခဲ့ကြရာ ဘုရားဖြစ်တော်မူသောနှစ် ဝါခေါင်လဆုတ် ၅-ရက်နေ့မှ ဥက္ကလာပဇနပုဒ် အသိတဥ္စနမြို့(ယခုရန်ကုန်မြို့)သို့ ရောက်လာကြလေသည်။

ထိုဆံတော်ရှစ်ဆူနှင့်တကွ တပုဿနှင့်ဘလ္လိကညီနောင်တို့ ရောက်သည့် နေ့ကစ၍ သာသနာတော်သည် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိသည်ဟု မှတ်ယူသင့်ပါသည်။ ဘုရားဖြစ်၍ သုံးလနှင့်ငါးရက်မှာရောက်သည်။

## ရွှေတိဂုံစေတီတော်

ထိုဆံတော်ရှစ်ဆူကို အသိတဥ္စနမြို့တံခါးအနီး၌ စေတီတည်၍ ထိုစေတီ၌ ဌာပနာပြီးလျှင် ကိုးကွယ်ကြကုန်၏။ ဥပုသ်နေ့တိုင်း ထိုစေတီမှ ရောင်ခြည်တော် လွှတ်ကုန်၏ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ဆိုသည်။ မြို့အမည်မှာ အဆိုမညီကြပါ။ ကေအင်္ဂုတ္တိုရ်၊ တေဒဂ္ဂဝဂ်အဖွင့် အဋ္ဌကထာမှာ အသိတဥ္စနမြို့ ဟုဆိုသည်။ ထေရာအဋ္ဌကထာ၌ ပေါက္ခရဝတီမြို့ဟုဆိုသည်။ ဝိနည်းမဟာဝါ ပါဠိတော်၌ "တေန ခေါ ပန သမယေန တပုဿ ဘလ္လိကာ ဒွေ ဝါဏိဇာ ဥက္ကလာ တံ ဒေသံ အဒ္ဓါန မဂ္ဂပ္ပဋိပန္နာ ဟောန္တိ"ဟု လာရှိသည်။ မြို့တစ်မြို့တည်း အမည်သုံးမျိုးရ၍ ဆိုဟန် လက္ခဏာရှိသည်။ အသိတဥ္စနမြို့၊ ပေါက္ခရဝတီမြို့၊ ဥက္ကလာမြို့ အမည်သုံးပါး ရသောမြို့သည်ပင် နောက်ကာလ၌ ဒဂုံမြို့ဟူ၍လည်းကောင်း၊ တိဂုံမြို့ဟူ၍လည်းကောင်း သမိုင်း ရာဇဝင်စသည်တို့၌ အဆိုရှိပြန်သည်။

အလောင်းမင်းတရားကြီးသည် တလိုင်းသုံးရပ်ကိုအောင်မြင်၍ ထိုအလောင်းမင်းတရားကြီးလက်ထက်၌ ဒဂုံမြို့၊ တိဂုံမြို့ကိုပင် ရန်ကုန်ရာ ဖြစ်သောကြောင့် ရန်ကုန်မြို့ဟု အမည်ပြောင်းလွဲလာသည်ဖြစ်၍ ယခုထက်တိုင် ရန်ကုန်မြို့ဟု ခေါ်တွင်နေကြသည်ဟူ၍လည်း အဆိုရှိ၏။ ပါဠိတော် အဋ္ဌကထာမှာ တပုဿ ဘလ္လိကညီနောင်တို့ ဆောင်ယူလာသောဆံတော်ဓာတ်ရှစ်ဆူကို ဌာပနာ၍ တည်ထား သော စေတီအမည်မထင်ရှားပေ။ သမိုင်းရာဇဝင်တို့၌ တပုဿ ဘလ္လိကညီနောင်

တို့သည် ဆံတော်ဓာတ်ကို ပင့်ဆောင်လာပြီးလျှင် မိမိတို့မြို့သို့ ရောက်သောကာလ သိင်္ဂုတ္တရမည်သောကုန်းထက်၌ တည်ထားကိုးကွယ်ကြသည်ဟု ဆို၍ ထိုစေတီတော်ကိုလည်း ဒိဂုမ္ဘစေတီ အမည်တွင်စေသည်ဟု ဆိုပါသည်။

ဤသို့ဆိုအပ်ခဲ့ပြီးသော ပါဠိတော်အဋ္ဌကထာတို့ကို ထောက်ချင့်၍လည်းကောင်း၊ သံပိုင်း၊ ကျောက်စာ၊ ရာဇဝင်၊ ဥဒါန်းစကားတို့ကို ထောက်ချင့်၍လည်းကောင်း ယခုကာလနေလအသွင်အလွန်ထင်ရှားသော ရာမည တိုင်း၊ ရန်ကုန်မြို့ သည်ပင် ရှေးက တပုဿ-ဘလ္လိကညီနောင်တို့ နေရာမြို့ဖြစ်၍ ရွှေဒိဂုဏ်စေတီတော်မြတ်ကိုလည်း ဆံတော်ရှစ်ဆူကိုဌာပနာ၍ တပုဿ ဘလ္လိကညီနောင်တို့အစတည်သော စေတီတော်ကြီးဟူ၍ မှတ်ယူသင့်သည်။ ယခုအခါ ထိုစေတီတော်ကြီးကို ရွှေဒဂုံစေတီတော်ကြီးဟူ၍လည်းကောင်း၊ ရွှေတိဂုံစေတီတော်ကြီးဟူ၍လည်းကောင်း ခေါ်ဆိုရေးသားကြ၏။ ရွှေတိဂုံ(ရွှေဒဂုံ) ဆံတော်ရှင်ဟု "ရှင်"ထည့်၍ ရေးသားကြခြင်းမှာလည်း မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ဇီဝမာနကဖြစ်သော အသက်ရှင်ဆဲသောကိုယ်တော်မှ ခွဲစိတ်၍ ကိုးကွယ်ရာ ပေးလိုက်သဖြင့် ဆံတော်ကိုလည်း ဇီဝမာနကဆံတော် အသက်ရှင်သော ဆံတော်ဟု ရည်ရွယ်၍ ရွှေတိဂုံ(ရွှေဒဂုံ)ဆံတော်ရှင်ဟု "ရှင်"ထည့်၍ ခေါ်ဆိုရေးသားကြလေသည်။ ဤကား မြန်မာနိုင်ငံသို့ သာသနာစတင် ရောက်ပုံတည်း။

## မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် သာသနာရောက်ပုံ

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူ၍ ရှစ်ဝါရရှိတော်မူသောအခါ ဂဝံပတိမထေရ်သည် လျှောက်ထားသဖြင့် ရာမညရဋ္ဌ သုဓမ္မပုရမြို့ (ယခုသထုံမြို့)သို့ နောက်ပါသံဃာများနှင့် ကြွတော်မူ၍ သီဟမင်းကြီးနှင့် တကွသောလူအပေါင်းတို့အား တရားတည်းဟူသောအမြိုက်အရသာကို သောက်စေတော်မူပြီး၍ သရဏဂုံသီလ၌ တည်စေတော်မူပြီးလျှင် ခြောက်ဆူသောဆံတော်ကိုလည်း ပူဇော်စိမ့်သောငှာ ပေးတော်မူခဲ့၏။

မြတ်စွာဘုရား၏ အဓိဋ္ဌာန်တော်အားလျော်စွာ ဘုရားအလောင်းတော်ကို မီးသင်္ဂြိုဟ်ရာဌာနမှ (၃၃)ချောင်းသော သွားတော်တို့ကို ဂဝံပတိမထေရ်သည် သုဓမ္မပုရမြို့(သထုံ)သို့ ပင့်ဆောင်ခဲ့၍ သီဟမင်းကြီးအား ပေးပြီးလျှင် (၃၃)ဆူသော

စေတီတို့ကို တည်ထားစေသည်။ ဤသို့လျှင် ဘုရားဖြစ်တော်မူပြီးနောက် ရှစ်နှစ်မြောက် ဝဝပတိမထေရ်သည် မြတ်စွာဘုရားကိုပင့်၍ ရာမညရဋ္ဌ သုဓမ္မပုရ မြို့၌ သာသနာတော်ကို ရောက်စေတည်စေသည်ဟု သာသနာလင်္ကာရ ကျမ်း၊ ဝံသဒီပနီကျမ်း၊ သာသနာဝံသပ္ပဒီပိကာကျမ်းစသော သမိုင်းကျောက်စာ ရာဇဝင် တို့၌ အဆိုရှိလေသည်။ ဤကားမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ်သာသနာ ရောက်ပုံတည်း။

## မြန်မာနိုင်ငံသို့ တတိယအကြိမ်သာသနာရောက်ပုံ

မြတ်စွာဘုရားသည် နောင်သောအခါ သာသနာတည်တံ့သော အကြောင်းကို မြင်တော်မူ၍ ပထမဗောဓိအလွန် ဝါတော်နှစ်ဆယ်ကျော်တွင် မြန်မာတို့၏ နိုင်ငံဖြစ်သော သုနာပရန္တဝါဏိဇဂါမသို့ နောက်ပါသံဃာ တစ်ပါးယုတ်ငါးရာနှင့်တကွ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ကြွတော်မူ၍ စန္ဒကူးနံ့သာ ကျောင်းတော်ကို အလှူခံတော်မူခြင်း၊ သုနာပရန္တတိုင်းသူ/တိုင်းသားတို့အား ကိုးကွယ်ရစ်စရာ နမ္မဒါ နဂါးနှင့် သစ္စဗန္ဓရသေ့တို့တောင်းပန်၍ "အောက်ခြေတော်ရာ၊ အထက်ခြေတော်" ရာဟူသော ခြေတော်ရာနှစ်ဆူကို ချထားတော်မူ ခဲ့ခြင်း မဟာပုဏ္ဏမထေရ်ကို သုနာပရန္တတိုင်း ဝါဏိဇဂါမတွင် သာသနာတည်စေရန် ထားတော်မူခဲ့ခြင်း စသောအားဖြင့် သာသနာတော်ကို တည်စေတော် မူပါသည်။

ဝါဏိဇဂါမ ရွာသူ/ရွာသားများ စန္ဒကူးသားဖြင့် ဆောက်လုပ်လှူဒါန်း အပ်သော ကျောင်းတော်နေရာတွင် တည်ထားအပ်သော စေတီတော်ကြီးအား "လယ်ကိုင်းကျောင်းတော်ရာစေတီ"ဟု အမည်ထင်ရှားလျက် ယခုထက်တိုင် တည်ရှိလေသည်။ ဤကား မြန်မာနိုင်ငံသို့ တတိယအကြိမ် သာသနာရောက်ပုံတည်း။

## မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် သာသနာရောက်ပုံ

မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် သာသနာနှစ်(၂၃၅)သို့ ရောက်သောအခါ ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ်တို့သည် တတိယသံဂါယနာတင်ပြီးသော အခါ နောက်ကာလ၌ ဘုရားသာသနာတော်သည် ပစ္စန္တရစ်အရပ်များမှ တည်တံ့သော အကြောင်းကို အနာဂတံသဉာဏ်တော်ဖြင့် မျှော်မြင်တော်မူကြ၍ ကိုးတိုင်းကိုးဌာနသို့

သာသနာပြုစေလွှတ်တော်မူကြရာတွင် သုဝဏ္ဏဘူမိ(ယခုသထုံ)မည်သော မြန်မာနိုင်ငံသို့ သောဏမထေရ် ဥတ္တရမထေရ်တို့သည် အနုရုဒ္ဓါမထေရ်၊ တိဿဂုတ္တမထေရ်၊ သောဏေယျမထေရ်တို့နှင့်အတူတကွ သာသနာသက္ကရာဇ်(၂၃၅)ခုနှစ်တွင် ကြွရောက်တော်မူကြ၍ သာသနာတော်ကို တည်စေတော်မူကြသည်။

ထိုအခါ သုဝဏ္ဏဘူမိမည်သော သထုံပြည်၌ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် ရောက်တော်မူသောသာသနာနှင့် ပရိနိဗ္ဗာန်စံတော်မူမှ ဂဝံပတိမထေရ်သည် သွားတော်ဓာတ်များကို ယူဆောင်၍ စေတီတည်ထားစေသော် ရှေးရောက်ဖူးသော သာသနာများသည် မှေးမှိန်တိမ်မြုပ်၍နေခိုက်တွင် သောဏမထေရ် ဥတ္တရ မထေရ်တို့ရောက်သွားသဖြင့် သထုံပြည်သူပြည်သားများသည် ရဟန်းသံဃာမှန်း မသိကြချေ။

ထိုအခါ သီရိဓမ္မာသောကမည်သောမင်းသည် မင်းပြုနေချိန်ဖြစ်၏။ မင်းအိမ်နန်းတော်၌ ဖွားတိုင်းဖွားတိုင်းသော သားသူငယ်တို့ကို သမုဒ္ဒရာမှတက်လာ၍ ရက္ခိုသ်မတစ်ကောင်သည် စားလေသည်။ ထို့ကြောင့် သောဏနှင့်ဥတ္တရ မထေရ်တို့ရောက်သွားသောအခါ ရဟန်းသံဃာမှန်းမသိကြဘဲ ရက္ခိုက်မ၏ အပေါင်းအဖော်ဟု မှတ်ထင်ကြသဖြင့် စောက်ပုတ်၊ ရဲဒင်းစသော လက်နက်များစွာ စွဲကိုင်လာသော လူအပေါင်းတို့ကို ရဟန်းသံဃာမှန်းသိစေရန် ဟောပြောနေစဉ် မင်းအိမ်မှ ယနေ့မွေးဖွားသောသားငယ်ကိုစားအံ့ဟု ရက္ခိုသ်မသည် အခြံအရံနှင့်တကွ သမုဒ္ဒရာမှတက်လာသဖြင့် မထေရ်တို့သည် ထိုရက္ခိုသ်မတို့ကို တန်ခိုးဖြင့် ကြောက်လန့်စေပြီးလျှင် စည်းဝေးရောက်လာသော လူအပေါင်းတို့အား ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်ကို ဟောကြား၍ ကြည်ညိုစေပြီးလျှင် သရဏဂုံ သီလတို့၌ တည်စေကုန်၏။ ဗြဟ္မဇာလသုတ်ကို ကြားနာရ ပြီးသည်နှင့် အဆုံး၌ ခြောက်သောင်းသောပရိသတ်တို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြလေသည်။ သုံးထောင်ငါးရာသော ယောက်ျားတို့သည် ရဟန်းပြုကြကုန်၏။ တစ်ထောင့်ငါးရာသော အမျိုးသမီးတို့ သည် ရဟန်းမ ပြုကြကုန်၏။ ထိုအခါမှစ၍ သာသနာတည်ပြီးလျှင် ရဟန်းယောက်ျား၊ ရဟန်းမိန်းမပြုကြသည်ကား မရေတွက်နိုင်လောက်အောင် များပြားလေတော့သည်။

## မနုဿသီဟရုပ်

မထေရ်တို့သည်လည်း ဤနေ့မှစ၍ ရက္ခိုသ်အန္တရာယ်တို့သည် မြို့တွင်းသို့ မဝင်နိုင်စေသတည်းဟု အဓိဋ္ဌာန်၏အစွမ်းဖြင့် မြို့၏ထက်ဝန်းကျင်မှ အစောင့်အရှောက်အရံအတား ထားတော်မူကြကုန်၏။

ထိုမထေရ်တို့ ရောက်သောနေ့တွင် မင်းအိမ်၌မွေးဖွားသောသူငယ်မှစ၍ မင်းအိမ်၌ဖွားမြင်တိုင်း ဖွားမြင်တိုင်းသောသူငယ်တို့၏ အမည်ကို "သောဏုတ္တရ"ဟု အမည်မှည့်ကြကုန်၏။ ထိုမြို့တွင်ဖွားမြင်သော အခြားသူငယ်များကိုလည်း အန္တရာယ်ကင်းစိမ့်သောငှာ ထန်းရွက်ပေရွက်စသည်တို့၌ မထေရ်တို့ဖန်ဆင်းသော "မနုဿသီဟ"ရုပ်ကိုရေး၍ လည်ပင်၌ဆွဲထားကြကုန်၏။ ၎င်းကိုနောက်ကာလ၌ "လိပ်ပချုပ်"ဟူ၍လည်း ခေါ်ဆိုကြကုန်၏။ မြို့နေသူလူအပေါင်းတို့သည်လည်း ကျောက်ဖြင့်ပြီးသော"မနုဿသီဟ"ရုပ်ကို ပြုလုပ်၍ မြို့၏အရှေ့မြောက်ထောင့်တွင် တည်ထားကြကုန်၏။ ၎င်းမနုဿသီဟရုပ်သည် ယခုထက်တိုင်ရှိသေးသည်။ ထိုသုဓမ္မပုရမြို့တည်နေရာကား ကေလာသတောင်၏ အနောက်တောင်ထောင့် တောင်စွယ်သည် မြို့နေရာဖြစ်သည်။ ၎င်းမြို့သည်တောင်ပေါ်မှာ တစ်ဝက်တစ်ပိုင်းတည်၍ တောင်ခြေမှာတစ်ဝက်တစ်ပိုင်းစပ်လျက်တည်သည်ဟု သာသနာလင်္ကာရ၊ သာသနာဝံသပ္ပဒီပိကာတို့၌ဆိုသည်။ သုဝဏ္ဏဘူမိဟူသော အမည်သည် တိုင်း၏အမည်။ သုဓမ္မပုရဟူသောအမည်သည် အစိတ်ဖြစ်သော မြို့၏အမည်ဖြစ်သည်။ သုဝဏ္ဏဘူမိရွှေမြေရှိရာအရပ်သည် ရှမ်း(၇၅)မြို့သည် သုဝဏ္ဏဘူမိတိုင်းဟု ဇမ္ဗူဒီပဥဆောင်းကျမ်း၌ နယ်သတ်မှတ်ပိုင်းခြားလျက် အဆိုရှိသည်။

ဤသို့လျှင် သာသနာနှစ် ၂၃၅-ခုနှစ် သာသနာပြုကြွရောက်တော် မူသော သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့မှစ၍ သိဿာနုသိဿအဆက်ဆက် ဆရာအဆက်ဆက် ယနေ့ထက်တိုင်အောင် သာသနာတော်တည်ထွန်းလျက် ရှိလေသတည်း။ ဤကား မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် သာသနာရောက်ပုံတည်း။

## မဟာယာနဗုဒ္ဓဘာသာ ပြန့်ပွားသောနိုင်ငံများ

အာရှအလယ်ပိုင်း၌ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိသောနိုင်ငံသည် ခိုတန်နိုင်ငံဖြစ်သည်၊ ရှေးခေတ်ခိုတန်နိုင်ငံဆိုသည်မှာ တရုတ်ပြည်အနောက်

မြောက်စွန်း ယခုခေတ် တာကစွတန်အနီး၌တည်ရှိခဲ့သည်။ ခိုတန်မှအနီးဖြစ်သော ကူချ (Kucha)၊ ဘရုက၊ အဂ္ဂနိဒေသ၊ တာဖန် (Turfan)နှင့် တရုတ်ပြည်သို့ ဗုဒ္ဓသာသနာတော် ပြန့်နှံ့ခဲ့သည်။ ထိုမှတစ်ဆင့် ကိုရီးယား၊ ဂျပန်နိုင်ငံသို့လည်း ပြန့်နှံ့လေခဲ့ရာ ခိုတန်နိုင်ငံသည် ကမ္ဘာအရှေ့ဖျားသို့ ဗုဒ္ဓသာသနာတော် ပြန့်နှံ့မှုနှင့် ပတ်သက်၍ အရေးပါသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။

ဤသို့အားဖြင့် မဟာယာနဗုဒ္ဓဘာသာ ပြန့်နှံ့ထွန်းကားခဲ့ပြီး ယနေ့တိုင် ကျင့်သုံးနေကြဆဲ နိုင်ငံများမှာ =

၁။ ခိုတန်နိုင်ငံ။

၂။ တရုတ်ပြည်။

၃။ ကိုရီးယားနိုင်ငံ။

၄။ ဂျပန်နိုင်ငံ။

၅။ တိဗက်နိုင်ငံ။

၆။ မွန်ဂိုလီယားနိုင်ငံ။

၇။ နီပေါနိုင်ငံ။

၈။ ဗီယက်နမ်နိုင်ငံ။

၉။ မလေးရှားနိုင်ငံ

၁၀။ အင်ဒိုနီးရှားနိုင်ငံ တို့ဖြစ်ကြပါသည်။ ဆက်လက်၍လည်း ဥရောပနှင့် အနောက်နိုင်ငံများအထိပါ ပြန့်နှံ့နေပြီ ဖြစ်သည်။

**အိမ်တွင်း သာသနာပြုလုပ်ငန်း**

သာသနာတော် တည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခြင်းအတွက် နည်းလမ်းပေါင်းများစွာ ရှိသည့်အနက် အိမ်တွင်းသာသနာပြုလုပ်ငန်းသည်လည်း အရေးပါလှသော လုပ်ငန်းတာဝန်ကြီး တစ်ရပ်ဖြစ်သည်။ အိမ်ထောင်စုတစ်ခုတွင် အမိ၊ အဘ၊ သားသမီးများ ရှိကြသည်၊ အိမ်ထောင်စု၏ ဦးစီးမှာ မိဘများပင် ဖြစ်၍ ထိုအိမ်ထောင်စုတစ်ခု၏ သာယာတိုးတက်ရေးအတွက် အိမ်ထောင်ဦးစီး အပေါ် တည်ရှိသည်၊ အိမ်တွင်းသာသနာပြုလုပ်ငန်း အောင်မြင်ရေးအတွက် လည်း အိမ်ထောင်ဦးစီး မိဘများအပေါ် မူတည်သည်။ ထို့ကြောင့် **"သားသမီး မကောင်း**

**မိဘခေါင်း**"ဟူ၍လည်းကောင်း၊ **"လက်ဦးဆရာ၊ ဗြဟ္မာမိဘ"** ဟူ၍လည်းကောင်း ပြောစမှတ်ပြုကြသည်။ မြတ်စွာဘုရားရှင်ကလည်း သိင်္ဂါလောဝါဒသုတ်တော်၌ အိမ်ထောင်ဦးစီးများအတွက် "မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"ဟူ၍ မိဘဝတ္တရားငါးပါးကို ဟောကြားလမ်းညွှန်တော်မူခဲ့သည်။

မိဘတို့သည် မိမိတို့ဝမ်းဝယ် သားသမီးငယ် သန္ဓေတည်လာချိန်မှစ၍ သားသမီးကောင်းကျိုးအတွက် ကြိုတင် ပြင်ဆင်ကြသည်၊ မိမိတို့မှာ ဗုဒ္ဓဘာသာ ဥပါသကာများဖြစ်ကြသဖြင့် မွေးဖွားလာမည့် မိမိတို့၏ သားသမီးလေးများ ဘေးမသီ ရန်မခစေရန် ဗုဒ္ဓဘာသာဒေသနာတော်များကို နေ့စဉ် ရွတ်ပွားလေ့ ရှိကြသည်၊ မိမိတို့သားသမီးလေးများအတွက် ရည်စူး၍ မြတ်စွာဘုရားထံတော် ပါးတွင် သရဏဂုံဆောက်တည်လေ့ရှိကြသည်။ ဘုရားရှင်သက်တော်ထင်းရှား ရှိစဉ်အခါကပင် ဤဓလေ့သည် ထွန်းကားခဲ့ပါသည်။ ဗောဓိမင်းသား၏ မယ်တော်သည် မြတ်စွာဘုရားထံ သရဏဂုံသီလဆောက်တည်သောအခါ မိမိအတွက်သာမက မိမိဝမ်း၌ လွယ်ထားရသော ဗောဓိမင်းသားအတွက်ပါ ရည်ရွယ်၍ သရဏဂုံ ဆောက်တည်ခဲ့သည်၊ ဗောဓိမင်းသားလေးမှာ မိခင်ကျေးဇူး ကြောင့် ဝမ်း၌ရှိနေစဉ်ကပင် ဗုဒ္ဓဘာသာဥပါသကာ ဖြစ်ခဲ့၏။

ဤသည်မှာ ကောင်းသော အစဉ်အလာတစ်ခုဖြစ်သည်၊ မိမိတို့၏ သားသမီးများကို မမွေးဖွားမီကပင် ဗုဒ္ဓဘာသာဝင်အဖြစ် သွတ်သွင်းချီးမြှင့် ခြင်းသည် အိမ်တွင်းသာသနာပြုလုပ်ငန်း၏ အစပင် ဖြစ်ပါသည်။

သားသမီးလေးများ မွေးဖွားသောအခါ၌လည်း အခက်အခဲမရှိ ပင်ပန်း ဆင်းရဲမှု မရှိစေရန် အင်္ဂုလိမာလသုတ်တော်ကို ရွတ်ဖတ်လေ့ရှိသည်၊ ဘုရား တရား သံဃာ့ဂုဏ် အာရုံပြုရွတ်ဖတ်ကြားရသဖြင့် မိခင်ကိုယ်တိုင် ဝေဒနာမှ သက်သာသကဲ့သို့ပင် မွေးဖွားမည့် သားငယ်သမီးငယ်အတွက်လည်း ဗုဒ္ဓ ဒေသနာတော်တန်ခိုးကြောင့် ကောင်းကျိုးခံစားရပေသည်။

မီးရှူးသန့်စင် ဖွားမြင်ပြီးနောက် နာမည်မှည့်သောအခါ သံဃာတော် တို့ကို ပင့်ဖိတ် ဆွမ်းကျွေး အလှူဒါနပြုလုပ်သည်။ အန္တရာယ်ကင်းစေရန်

ပရိတ်ဒေသနာတော်များ ကြားနာပြီး ကလေးငယ်ကိုရည်ရွယ်၍ သရဏဂုံ ဆောက်တည်ပေးကြသည်။ မွေးစအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြသည်၊ ရက်သားမှ လသား၊ လသားမှ စကားပြောတတ်စအရွယ်တွင် **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"**စသော သရဏဂုံများကို သင်ကြားပေးကြသည်၊ ကလေးငယ်များ မပီကလာ ပီကလာနှင့် လိုက်ဆိုသည်ကို ကြည်နူးဝမ်းသာကြရသည်။ ဗုဒ္ဓဘာသာအမွေကို ခံယူစေကြသည်။

ကလေးငယ်သည် အတော်အတန် သိနားလည်သောအခါ မိမိရင်ခွင်၌ ထား၍ ဘုရား တရား သံဃာတော်များအား ရှိခိုးဦးချ ကန်တော့သည့် အလေ့အထကို စတင်သင်ပေးသည်။ **"ဦးတော်ပါ ဘုရား"**ဟု ကလေးငယ်၏ လက်နှစ်ဖက်ကို ယှက်ပေးကာ ကန်တော့စေခဲ့ကြသည်။ မိဘတို့ကား လက်ဦးဆရာများ ဖြစ်ကြသည်။ မိဘတို့၏သင်ပြမှုသည် သားသမီးတို့အတွက် တစ်သက်တာလုံး ခိုင်မြဲလှသည့်ခံယူချက် ဖြစ်သည်။ မိကောင်း ဖခင်တို့၏သင်ပြမှုကြောင့် ယဉ်ကျေးလိမ္မာသည့် သားကောင်း သမီးကောင်းများ ပေါ်ထွန်းလာကြသည်၊ မိရိုးဖလာဟူသော စကားအတိုင်းပင် မိခင်ဖခင်တို့၏ မျိုးရိုးအကျင့်စရိုက်ကောင်းများနှင့် သာသာယဉ်ကျေးမှုအစဉ်အလာတို့သည် ကလေးများအတွက် ကလေးငယ်အတွက် လေးနက်လှသည့် အမွေကောင်းများ ဖြစ်လာသည်။

ဒုဋ္ဌဂါမဏိမင်း၏ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီးသည် သားတော်နှစ်ဦး (ဂါမဏိနှင့်တိဿ)အား ပထမဆုံး ထမင်းခွံ့မင်္ဂလာ ပြုလုပ်ပေးသည့် အရွယ်မှစ၍ ထမင်းကို သစ္စာဆို၍ စားစေခဲ့သည်။ ဘုရားတရားသံဃာ ရတနာသုံးပါးတို့အား အဦးအဖျား မလှူဒါန်းဘဲ မည်သည့်အခါမှ မစားသောက်ရန် သင်ကြားပေးခဲ့သည်။ ဤသို့ဖြင့် ကလေးငယ်တို့၏ နှလုံးသားဝယ် မြတ်စွာဘုရား ကိန်းဝပ်စေတော်မူခဲ့သည်၊ မိကောင်းဖခင်တို့သည် နုနယ်ငယ်သွေး ကလေးဘဝကပင် သားသမီးတို့အား ဘာသာသွေးကို ထိုးသွင်းပေးခဲ့ကြသည်။

သားသမီးများ အသက်အရွယ် အတော်အတန် ကြီးလာသောအခါ နံနက်အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် အနည်းဆုံး နှစ်ကြိမ် ဘုရားရှိခိုးခိုင်းကြသည်။ ဘုရားရှိခိုးများကိုလည်း သင်ကြားပေးကြသည်။ အိပ်ရာဝင်

အိပ်ရာထ "အနန္တော အနန္တငါးပါး"ရှိခိုးဝပ်ချ သင်ပေးကြသည်။ ညအိပ်ရာဝင်ချိန်ဝယ် ကလေးအရွယ်နှင့်သင့်လျော်သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အစဉ်အလာ ဇာတ် နိပါတ် ဗုဒ္ဓဝင်များကို ပြောပြပေးကြသည်။ ကလေးတို့ သိလိုသဖြင့် မေးလာသော အမေးစကားများကို နှလုံးထဲ စွဲသွားအောင် ဖြေဆိုပြ ကြသည်။

နံနက်အချိန်အခါ ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းလောင်း လှူပုံ သင်ပြကြသည်။ မြတ်စွာဘုရားအား ဆွမ်း၊ရေချမ်း၊ပန်း၊ဆီမီး လှူဒါန်းပုံ နည်းများကို သင်ကြားပေးကြသည်။ ဤသို့ဖြင့် အိမ်တွင်း သာသနာပြုလုပ်ငန်း သည် အခြေခံကောင်းတို့ဖြင့် တိုးတက်လာခဲ့သည်။ အသက်အရွယ် အတော်အတန် ကြီးပြင်းလာသောအခါ မကောင်းမှုများ မပြုလုပ်ရန် သင်ကြား ပေးကြသည်။ မကောင်းမှုများ၏ အကျိုးအပြစ်များကို ပြောပြကြသည်။ ကောင်းရာများကို ညွှန်ကြားကြသည်၊ ကောင်းသော အမှုကိစ္စများ၏ အကျိုးများ ကို ပြောပြကြသည်။

အရွယ်ရောက်လာသောအခါ မိမိတို့ရွာဦးရွာထိပ်ဝယ် ကိုးကွယ်ထား သော ဆရာတော်ထံမှ အခြေခံစာပေများဖြစ်သော သင်ပုန်းကြီး၊ .မင်္ဂလသုတ်၊ သိင်္ဂါလောဝါဒသုတ်၊ လောကနီတိဆုံးမစာများကို သင်ကြားကြရသည်။ ဤသို့ဖြင့် မိကောင်းဖခင်တို့၏ ဗုဒ္ဓဘာသာပီသမှု၊ ဗုဒ္ဓဘာသာအပေါ် သက်ဝင် ယုံကြည်မှု နည်းလမ်းပြသ ဆုံးမမှုတို့ကြောင့် အိမ်တွင်းသာသနာပြုလုပ်ငန်း သည် အောင်မြင်မှုရလာသည်။

မြန်မာတို့၏ ဘိုးဘေးဖြစ်သော ရှေးက ပျူလူမျိုးတို့သည် သားသမီး များ ခုနစ်နှစ်သားအရွယ်ရောက်လျှင် ယောကျ်ားလေးရော၊ မိန်းကလေးများပါ ခေါင်းရိတ်၍ ဘုန်းတော်ကြီးကျောင်းသို့ ပို့ရသည်။ အသက်နှစ်ဆယ်အထိ ဘုန်းတော်ကြီးကျောင်းပညာရေးကို သင်ယူကြရသည်။ ပျူခေတ်မှစတင်၍ ပုဂံခေတ်တွင် အချောကိုင်ပေးခဲ့သော ထိုဗုဒ္ဓဘာသာယဉ်ကျေးမှု အစဉ်အလာ သည် ယနေ့ထက်တိုင် ခိုင်မြဲစည်ပင်၍ အမျိုးသားယဉ်ကျေးမှု အဆင့်သို့ ရောက်ရှိလာခဲ့သည်။

ဗုဒ္ဓဘာသာနှင့်မြန်မာသည် ခွဲခြားမရ၊ ထာဝရယှဉ်တွဲနေခဲ့သည်။ ဗုဒ္ဓဘာသာ အဆုံးအမများသည် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ဖြစ်လာခဲ့ကြပြီး

နှစ်ပေါင်းထောင်နှင့်ချီ၍ အမျိုးသားယဉ်ကျေးမှု ခိုင်မြဲသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့ကြသည်။ အမျိုးဘာသာ သာသနာကို ကာကွယ်နိုင်ခဲ့ကြသည်။

အိမ်တွင်းသာသနာပြုလုပ်ငန်း အောင်မြင်မှု အရှိန်အဟုန် ကောင်းလေလေ သာသနာတော် တည်တံ့ပြန့်ပွား ထွန်းကားလေလေ ဖြစ်သဖြင့် အခြေခံကျလှသည့် အိမ်တွင်းသာသနာပြုလုပ်ငန်း အောင်မြင်စေရန် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း ကြိုးပမ်းကြရပေမည်။

## အခန်း(၁၀)

## ဗုဒ္ဓဒေသနာတော်ဖတ်နည်းနှင့် ဝေါဟာရအဓိပ္ပါယ်များ

### ဗုဒ္ဓဒေသနာတော်ဖတ်နည်း

ဗုဒ္ဓဒေသနာတော်များလာ ပါဠိစာလုံးများကို ကျွမ်းကျင်နားလည်စေရန် ရှေ့ဦးစွာ ပါဠိဘာသာ အက္ခရာ ၄၁-လုံးနှင့် ယင်း ၄၁-လုံးမှ သရနှင့်ဗျည်း ခွဲခြားခြင်း၊ သရကို သံတိုနှင့် သံရှည် ခွဲခြားခြင်း၊ ဗျည်းကိုလည်း ဌာန်တူရာ စုပေါင်း၍ အုပ်စုဖွဲ့ခြင်းများကို နားလည်ရန် လိုအပ်ပါသည်။

### အက္ခရာ ၄၁-လုံး

သရ ၈-လုံးနှင့်ဗျည်း ၃၃-လုံးကိုပေါင်းလျှင် အက္ခရာ ၄၁-လုံးဖြစ်သည်။

### သရ ၈-လုံး

သရ ၈-လုံး = အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ
ယင်းသရ ၈-လုံးကို အသံတို(ရဿ)သရ ၃-လုံး၊
အသံရှည်(ဒီဃ)သရ ၅-လုံး။ အောက်ပါ ဇယားအတိုင်း ခွဲခြားနိုင်ပါသည်-

အသံတို(ရဿ)သရ ၃-လုံး= အ၊ ဣ၊ ဥ။
အသံရှည်(ဒီဃ)သရ ၅-လုံး= အာ၊ ဤ၊ ဦ၊ ဧ၊ ဩ။

### ဗျည်း ၃၃-လုံး

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ယ | ရ | လ | ဝ | သ | ဟ | ဠ | အံ |

ဗျည်း ၃၃-လုံးကို ဌာန်နီးစပ်ရာ ဌာန်တူရာ အုပ်စုဖွဲ့ထားရာ ယင်းအုပ်စုကို ဝဂ်ဟုခေါ်သည်။ ဌာန်မတူသော ဗျည်းများကို အုပ်စုဖွဲ့၍ မရသဖြင့် အ-ဝဂ်ဟု ခေါ်သည်။ ဝဂ်ဗျည်း ၂၅-လုံးကို ဒေါင်လိုက်ဇယားအရ ပထမအက္ခရာ၊ ဒုတိယ အက္ခရာ၊ တတိယအက္ခရာ၊ စတုတ္ထအက္ခရာ၊ ပဉ္စမအက္ခရာဟု ခေါ်ဆိုလေ့ရှိသည်။

ထိုတွင် ပထမအက္ခရာ၊ တတိယအက္ခရာနှင့် ပဉ္စမအက္ခရာတို့သည် မိမိတို့ အချင်းချင်း ဆင့်နိုင်သည်။

ပထမအက္ခရာသည် ဒုတိယအက္ခရာအပေါ်၌ ဆင့်နိုင်သည်။

တတိယအက္ခရာသည် စတုတ္ထအက္ခရာအပေါ်၌ ဆင့်နိုင်သည်။

ပဉ္စမအက္ခရာသည် ရှေးဗျည်း ၄-လုံး အပေါ်၌ ဆင့်နိုင်သည်။

အ ဝဂ်ဗျည်း ၈-လုံးတို့တွင် "ယ"သည် မိမိတို့အချင်းချင်း ဆင့်နိုင်၍ "ယ"အပေါ်သို့ အခြားဗျည်း ၁၈-လုံး ဆင့်နိုင်သည်။ ထိုအခါ အက္ခရာ ရေးသားရာ၌ -ျ(ယပင်း) အဖြစ်ရှိနေမည်။

"ရ"သည် အချင်းချင်းမဆင့်နိုင်ဘဲ အခြားဗျည်း ၇-လုံးတို့က လာရောက် ဆင့်နိုင်သည်။ ထိုအခါ အက္ခရာရေးသားရာ၌ ြ (ရရစ်) အဖြစ်ရှိနေမည်။

"လ"သည် အချင်းချင်း ဆင့်နိုင်၍ "လ"အပေါ်၌ "က"ဗျည်းနှင့် "ပ"ဗျည်းတို့ ဆင့်နိုင်သည်။ ထို့ပြင် "လ"သည် "ယ"ပေါ်၌ ဆင့်နိုင်သည်။

"ဝ"သည် အချင်းချင်းဆင့်နိုင်၍ "ဝ"ပေါ်သို့ က၊ ခ၊ တ၊ ဒ၊ ဇ၊ န၊ ယ၊ သ၊ ဟ ဗျည်း ၉-လုံး ဆင့်နိုင်သည်။

"သ"သည် အချင်းချင်းဆင့်နိုင်၍ န၊ မ အက္ခရာတို့ အပေါ်၌ ဆင့်နိုင်သည်။

ဝဂ်၏အဆုံးဖြစ်သော ဉ၊ ဏ၊ န၊ မ အက္ခရာတို့သည် "ဟ"အပေါ်၌ ဆင့်နိုင်သည်။ ယ၊ ဝ၊ ဠ အက္ခရာတို့သည်လည်း "ဟ"အပေါ်ဆင့်နိုင်သည်။ ထိုအခါ အက္ခရာရေးသားရာ၌ ဟထိုးအဖြစ်ရှိနေမည်ဖြစ်သည်။

အက္ခရာတူဆင့်ခြင်းကို သဒိသဒွေဘော်ဟု ခေါ်၍ အက္ခရာမတူ ဆင့်ခြင်းကို အသဒိသဒွေဘော်ဟု ခေါ်သည်။ (သဒိသ=တူသော။ အသဒိသ=မတူသော။ ဒွေဘော်=နှစ်လုံးထပ်ဆင့်ပြုခြင်း။)

**သဒ္ဒါသဒ္ဒဗေဒ = အက္ခရာတူဆင့်ခြင်း**

**(၁) ပထမအက္ခရာချင်းဆင့်ပုံ**

(အပေါ်စာလုံးကို အသတ်ဟုမှတ်ထား၍ အသံမထွက်ရ၊ အောက်စာလုံးကိုသာ အသံထွက် ရမည်။)

က+က = က္က (သက္က=သိကြားမင်း) (သက်က)

စ+စ = စ္စ (သစ္စ=အမှန်တရား) (သစ်စ)

ဋ+ဋ = ဋ္ဋ (ဝဋ္ဋ=ဝဋ်ဆင်းရဲ) (ဝတ်ဋ)

တ=တ = တ္တ (သတ္တ=သတ္တဝါ) (သတ်တ)

ပ+က = ပ္ပ (သပ္ပ=မြွေ) (သပ်ပ)

**(၂) တတိယအက္ခရာချင်းဆင့်ပုံ**

ဂ+ဂ = ဂ္ဂ (အဂ္ဂ = အမြတ်) (အက်ဂ)

ဇ+ဇ = ဇ္ဇ (အဇ္ဇ = ယနေ့) (အစ်ဇ)

ဍ+ဍ = ဍ္ဍ (အဍ္ဍ = တရားဆိုးဖြတ်ခြင်း) (အတ်ဍ)

ဒ+ဒ = ဒ္ဒ (သဒ္ဒ = အသံ) (သတ်ဒ)

ဗ+ဗ = ဗ္ဗ (သဗ္ဗ = အလုံးစုံ) (သပ်ဗ)

**(၃) ပဉ္စမအက္ခရာချင်းဆင့်ပုံ**

ဉ+ဉ = ည (အညမည = အချင်းချင်း) (အင်ညမင်ည)

**ပါဠိဘာသာ၌** "ည"သည် ဉ နှစ်လုံးဆင့်ဖြစ်သည်။

**မြန်မာဘာသာ၌မူ** "ည"သည် တစ်လုံးတည်းဖြစ်သည်။

ဏ+ဏ = ဏ္ဏ (ကဏ္ဏ = နား၊ နားရွက်) (ကန်ဏ)

န+န = န္န (ဆန္န = အဖုံး၊ အမိုး) (ဆန်န)

မ+မ = မ္မ (ကမ္မ = ကံ၊ အမှုကိစ္စ) (ကမ်မ)

**(၄) အဝဂ် အက္ခရာတူချင်းဆင့်ပုံ**

ယ+ယ = ယျ (သေယျ = အိပ်ရာ) (သေယ)

လ+လ = လ္လ (ကလ္လ = ခံကျင်း) (ကန်လ)

ဝ+ဝ = ဝွ (ကုဗ္ဗတော = ပြုလုပ်သူအား။
ဝွ-ကို ဗ္ဗ-ပြု) (ကုပ်ဗတော)

သ+သ = ဿ (ကဿက = လယ်သမား) (ကတ်သက)

**အသဒိသဒွေဘော် = အက္ခရာမတူဆင့်ခြင်း**

**(၁) ပထမအက္ခရာက ဒုတိယအက္ခရာပေါ်သို့ဆင့်ခြင်း**

က+ခ = က္ခ (ယက္ခ = ဘီလူး) (ယက်ခ)

စ+ဆ = စ္ဆ (အစ္ဆ = ဝံ) (အစ်ဆ)

ဋ+ဌ = ဋ္ဌ (အဋ္ဌ = ရှစ်) (အတ်ဌ)

(ဋ္ဌ ဝမ်းဘဲကို လည်ရစ်ထည့်လျှင် နှစ်လုံးဆင့်ဟု မှတ်ရမည်။)

တ=ထ = တ္ထ (သတ္ထ = လှည်းကုန်သည်) (သတ်ထ)

ပ+ဖ = ပ္ဖ (ပုပ္ဖ = ပန်း) (ပုပ်ဖ)

**(၂) တတိယအက္ခရာက စတုတ္ထအက္ခရာပေါ်သို့ဆင့်ခြင်း**

ဂ+ဃ = ဂ္ဃ (ဗျဂ္ဃ= ကျား) (ဗျက်ဃ)

ဇ+ဈ = ဇ္ဈ (မဇ္ဈ= အလယ်) (မစ်ဈ)

ဍ+ဎ = ဍ္ဎ (အာကဍ္ဎန= ဆွဲငင်ခြင်း) (အာကတ်ဎန)

ဒ+ဓ = ဒ္ဓ (သဒ္ဓါ= ယုံကြည်ခြင်း) (သတ်ဓာ)

ဗ+ဘ = ဗ္ဘ (လဗ္ဘတိ= ရအပ်၏) (လပ်ဘတိ)

**(၃) ပဉ္စမအက္ခရာက ရှေ့လေးလုံးပေါ်သို့ဆင့်ခြင်း**

င+က = င်္က (ဝင်္က = ကောက်ခြင်း) (ဝင်က)

င+ခ = င်္ခ (ကင်္ခါ= ယုံမှားခြင်း) (ကင်ခါ)

င+ဂ = င်္ဂ (မင်္ဂလ= မင်္ဂလာ) (မင်ဂလ)

င+ဃ = င်္ဃ (သင်္ဃ= သံဃာ) (သင်ဃာ)

ဉ+စ = ဉ္စ (ပဉ္စ= ငါးခု) (ပင်စ)

ဉ+ဆ = ဉ္ဆ (ဥ ဉ္ဆ = ရှားမိုးခြင်း) (အုန်ဆ)

ဉ+ဇ = ဉ္ဇ (အဉ္ဇန= မျက်စဉ်း) (အင်ဇန)

ဉ+ဈ = ဉ္ဈ (ဝဉ္ဈာ= အမြုံမ) (ဝင်စယာ)

ဏ+ဍ = ဏ္ဍ (ကဏ္ဍက= ဆူး) (ကန်ဍက)

ဏ+ဌ = ဏ္ဌ (ကဏ္ဌ= လည်ချောင်း) (ကန်ဌ)

ဏ+ဍ = ဏ္ဍ (ကဏ္ဍ= အပိုင်း) (ကဏ်ဍ)
န+တ = န္တ (အနန္တ= အဆုံးမရှိ) (အနန်တ)
န+ထ = န္ထ (ဂန္ထ = ကျမ်းစာ) (ဂန်ထ)
န+ဒ = န္ဒ (ဆန္ဒ = အလို) (ဆန်ဒ)
န+ဓ = န္ဓ (ဂန္ဓ = အနံ့) (ဂန်ဓ)
မ+ပ = မ္ပ (ကမ္ပတိ= တုန်လှုပ်၏) (ကမ်ပတိ)
မ+ဖ = မ္ဖ (သမ္ဖပ္ပလာပ=ပြိန်ဖျင်းသောစကား)(သမ်ဖပ်ပလာပ)
မ+ဗ = မ္ဗ (အမ္ဗ= သရက်ပင်) (အမ်ဗ)
မ+ဘ = မ္ဘ (သမ္ဘူလ= မိဖုရား) (သမ်ဘူလ)

**(၄) "ယ"အပေါ်သို့ဆင့်ခြင်း**

က+ယ = ကျ (သကျမုနိ = မြတ်စွာဘုရား) (သက်ကျမုနိ)
ခ+ယ = ချ (အာချာတ = အာချာတ်) (အာချာတ)
ဂ+ယ = ဂျ (အာရောဂျ = ကျန်းမာခြင်း) (အာရောက်ဂျ)
ဃ+ယ = ဃျ (မာဃျ = သင်းခွေပန်း) (မာဃယ)
စ+ယ = စျ (သဉ္စျာ= ဆည်းဆာ) (သင်စယာ)
ဍ+ယ = ဍျ (ကဍ္ဍျာဒီဟိကော) (ကဍ္ဍယာဒီဟိ)
ဏ+ယ = ဏျ (အာနဏျ=ကြွေးကင်းသူဘာဝ) (အာနဏယ)
တ+ယ = တျ (တျာဟံ = တေ+အဟံ) (တယာဟံ)
ဒ+ယ = ဒျ (အဒျ = အဇ္ဇ= ယနေ့) (အဒယ)
ဓ+ယ = ဓျ (မဓျ = မဇ္ဈ= အလယ်) (မဓယ)
န+ယ = နျ (ကနျာ= ကညာ) (ကနယာ)
ပ+ယ = ပျ (လိပျ= ရေးသား၍) (လိပျ)
ဘ+ယ = ဘျ (ဘျာဒီဟိ) (ဘယာဒီဟိ)
မ+ယ = မျ (မျာယံ= မေ+အယံ) (မျာယံ)
လ+ယ = လျ (ကလျာဏ= ကောင်းသောသူ) (ကလယာဏ)
သ+ယ = သျ (နိသျ = မှီရာ) (နိတ်သယ)
ဟ+ယ = ဟျ (ဂါဟျ = အယူခံသည့်ပစ္စည်း) (ဂါဟယ)

မှတ်ရန် ။ ။ ယ ပေါ်သို့ က၊ ခ၊ ဂ၊ ပ၊ ဗ၊ ဘ၊ မ တို့ကို ဆင့်ရာ၌

မြန်မာအသံထွက်နည်းအရ တစ်သံတည်းဖြစ်အောင် ပူးတွဲသွားသည်၊ အခြားလူမျိုးများမှာ အသံနှစ်ခု နီးကပ်ရုံမျှသာဖြစ်၍ တစ်သံတည်းအဖြစ် ပူးပေါင်းသွားခြင်း မရှိချေ၊ ထို့ကြောင့် ကျကို(ကယ)၊ ချကို(ခယ)၊ ဂျကို(ဂယ) ပျကို(ပယ)၊ ဗျကို(ဗယ)၊ မျကို(မယ)ဟု အသံချင်း နီးကပ်စွာ ထွက်ကြသည်။

## (၅) "ရ"ပေါ်သို့ဆင့်ခြင်း

| | | | |
|---|---|---|---|
| က+ရ | = ကြ | (စကြ = စကြာ) | (စက်ကြ) |
| ဂ+ရ | = ဂြ | (ဂြဟ = ဂြိုဟ်) | (ဂရဟ) |
| တ+ရ | = တြ | (တတြ=ထိုနေရာ၌) | (တတ်တရ) |
| ဒ+ရ | = ဒြ | (ဒြဝ = အရည်) | (ဒရဝ) |
| ပ+ရ | = ပြ | (ပြဘာ= အရောင်) | (ပရဘာ) |
| ဗ+ရ | = ဗြ | (ဗြဟာ = ကြီးကျယ်သော) | (ဗရဟာ) |
| မ+ရ | = မြ | (အမြိတ= အမတ) | (အမရိတ) |

## (၆) "လ"ပေါ်သို့ဆင့်ခြင်း

| | | | |
|---|---|---|---|
| က+လ | = က္လ | (က္လေသ = ကိလေသာ) | (ကလေသ) |
| ပ+လ | = ပ္လ | (ပရိ ပ္လဝ = ပေါ်လွင်သော) | (ပရိပလဝ) |
| | | ( ပ္လဝ=ဖောင်) | (ပလဝ) |

(ယ၊ ရ၊ လ တို့အပေါ်သို့ဆင့်ရာ အပေါ်အလုံးသည် အသတ်အဖြစ် လုပ်ဆောင်ရုံမျှမက အသံပါထွက်ရသည်၊ ပါဠိဆင့်နှစ်လုံးစလုံး အသံထွက်ရသည်။

## (၇) "ဝ"ပေါ်သို့ဆင့်ခြင်း

| | | | |
|---|---|---|---|
| က+ဝ | = ကွ | (ကွတ္ထော=အဘယ်အကျိုးရှိအံ့နည်း) | (ကွတ်ထော) |
| ခ+ဝ | = ခွ | (အထခွသ=အထခေါ်+အသ) | (အထခွပ်သ) |
| တ+ဝ | = တွ | (ကတွာ= ပြုလုပ်၍) | (ကတ်တဝါ) |
| ဒ+ဝ | = ဒွ | (ဒွါရ = တံခါး) | (ဒွါရ) |
| ဓ+ဝ | = ဓွ | (မဓွာသဝ=မုဒရက်သီးစိမ်ရည်) | (မဓွာသဝ) |
| န+ဝ | = နွ | (အန္ဝေတိ=အစဉ်လိုက်၏) | (အန္ဝေတိ) |
| ယ+ဝ | = ယွ | (ယွာဟံ = ယော+အဟံ) | (ယွာဟံ) |

သ+ဝ = သွ (သွာဟံ = သော+အဟံ) (သွာဟံ)
ဟ+ဝ = ဟွ (ဗဟွာဗာဓော=ဗဟု+အာဗာဓော) (ဗဟွာဗာဓော)

**(ဂ) "သ"ဆင့်ခြင်း**

သ+တ = သ္တ (ဉတ္တသ္တ=ထိတ်လန့်) (အုတ်တသတ)
သ+န = သ္န (သ္နေဟ=အစေး) (သနေဟ)
သ+မ = သ္မ (ကသ္မာ= အဘယ်ကြောင့်) (ကတ်သမာ)
သ+တ+ရ= သ္တြ (ဘသ္တြာ= သားရေအိတ်) (ဘသတရာ)
(ပါဌ်ဆင့်နှစ်လုံးစလုံး အသံထွက်ရသည်။)

**(ဃ) "ဟ"ပေါ်သို့ဆင့်ခြင်း**

ဉ+ဟ = ဉှ (ပဉှ=ပြဿနာ) (ပင်ညှ)
ဏ+ဟ = ဏှ (ပုဗ္ဗဏှ=နံနက်အခါ) (ပုပ်ဗန်ဏှ)
န+ဟ = နှ (နှာန=ရေချိုးခြင်း) (နှာန = နဟာန)
မ+ဟ = မှ (အမှ= ငါ၊ တုမှ= သင်) (အမ်မှ ၊ တုမ်မှ)
ယ+ဟ = ယှ (ပဂ္ဂယှ= ချီးမြှောက်ခြင်း) (ပက်ဂယ်ယှ)
ဝ+ဟ = ဝှ (အဝှါယတိ= ခေါ်၏) (အဝှာယတိ)
ဠ+ဟ = ဠှ (ရုဠှီ= အမည်) (ရုံလှီ)

မှတ်ရန်။ ။ ဉှ ၊ ဏှ၊ နှ၊ မှ၊ ယှ၊ ဠှ၊ ပါဌ်ဆင့်များ၌ ဉှ ၊ ဏှ၊ နှ၊ မှ၊ ယှ၊ ဠှ တို့သည် တစ်လုံးတည်းသာ ဖြစ်သော်လည်းနှစ်လုံးဆင့်ကဲ့သို့ ဖြစ်၍ တစ်လုံးကို အသတ်သံ ထွက်၍ တစ်လုံးကို ဟထိုးသံ ထွက်ရသည်။

## အသတ်အသံထွက်နည်း

\-\-\-\-\-\-\-\-

❖ ပထမအက္ခရာ(က၊ စ၊ ဋ၊ တ၊ ပ)ဖြင့် အသတ်ပြုလုပ်ရာ၌ အသံထွက်နည်းကို နားလည် ကြပြီးဖြစ်ပါသည်။

ဒုတိယအက္ခရာ(ခ၊ ဆ၊ ထ၊ ဌ၊ ဖ)စတုတ္ထအရာ(ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ) ကို အသတ်အဖြစ် အသုံးမပြုကြချေ။

❖ တတိယအက္ခရာ(ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ)တို့ကို အသတ်အဖြစ် အသုံးပြုနိုင်သည်။

ထိုအခါ မိမိသက်ဆိုင်ရာ ပထမအက္ခရာ အသတ်အသံအတိုင်း အသံထွက်ရမည်။

ဥပမာ - အဇ္ဇ = (အစ်ဇ)ဟု(စ်)သတ်သံဖြင့် ထွက်ရမည်။

သဒ္ဒါ = (သတ်ဒါ) ဟု (တ်) သတ်သံဖြင့် ထွက်ရမည်။

သဗ္ဗ = (သပ်ဗ)ဟု(ပ်)သတ်သံဖြင့် ထွက်ရမည်။

❖ ပဉ္စမအက္ခရာ(င)နှင့်(ဉ)ကို အသတ်အဖြစ် အသုံးပြုရာ၌(င်)သတ် အသံထွက်ရမည်။ ပဉ္စမအက္ခရာ (ဏ၊ န၊ မ)တို့ကို အသတ်အဖြစ် အသုံးပြုရာ၌ သေးသေးတင်အသံ ထွက်ရမည်။

ဥပမာ - အင်္က = အင်က

အညာ = အင်ညာ

ဝဏ္ဏ = ဝံဏ

အန္န = အံန

ကမ္မ = ကံမ - ဟု အသံ ထွက်ရမည်။

❖ ယနှစ်လုံးဆင့်ရာ၌ အပေါ်ယကို(ယ်)သတ်အဖြစ် မှတ်ယူရမည်။

ဥပမာ - အယျ = အယ်ယ-ဟု အသံ ထွက်ရမည်။

❖ လနှစ်လုံးဆင့်ရာ၌ အပေါ်လကို သေးသေးတင်အသံထွက်ရမည်။

ဥပမာ - မလ္လ = မံလ-ဟု အသံထွက်ရမည်။

❖ သနှစ်လုံးဆင့်ရာ၌ ရှေ့သကို(တ်)သတ်အသံ ထွက်ရမည်။

ဥပမာ - ယဿ = ယတ်သ-ဟု အသံ ထွက်ရမည်။

❖ ဣသရနှင့် ဥသရကို(က၊ ဂ၊ စ၊ ဇ)သတ်ရာ၌ (တ်)သတ်အသံ ထွက်ရမည်။

ဥပမာ - တိက္ခ = တိတ်ခ

ဒုက္ခ = ဒုတ်ခ

ဥဂ္ဂါ = ဥတ်ဂါ

ကိစ္စ = ကိတ်စ

ဥစ္စ = ဥတ်စ

ဘိဇ္ဇန = ဘိတ်ဇနေ

ဥဇ္ဇ = ဥတ်ဇ

❖ ဣလသရနှင့် ဥသရကို ပဉ္စမအက္ခရာ(င၊ ဉ၊ န၊ ဏ၊ မ)တို့ဖြင့် သတ်ရာ၌ (န်)သတ်(မ်)သတ် အသံ ထွက်ရမည်။

ဥပမာ - လိင်္ဂ = လိန်ဂ

ကိဉ္စန = ကိန်စန

တိဏ္ဍ = တိန်ဏ

ဘိန္န = ဘိန်န

တုင်္ဂ = တုန်ဂ

ပုဉ္ဆ = ပုန်ဆ

ပုဏ္ဏ = ပုန်ဏ

စုန္ဒ = စုန်ဒ

ဗိမ္ဗ = ဗိမ်ဗ

ကုမ္ဘ = ကုမ်ဘ

❖ ဣ-သရနှင့် ဥ-သရတို့ကို(ယ၊ လ၊ ဠ)သတ်ရာ၌ (န်)သတ် အသံ ထွက်ရမည်။

ဥပမာ - ဘိယျော = ဘိန်ယော

ယေဘုယျ= ယေဘုန်ယ

ဗိလ္လ = ဗိန်လ

ဝေပုလ္လ = ဝေပုန်လ

ဝိရုဠှ = ဝိရုန်လှ

❖ ဣ-သရနှင့် ဥ-သရတို့ကို (သ်)သတ်ရာ၌(တ်)သတ်အသံ ထွက်ရမည်။

ဥပမာ - တိဿ = တိတ်သ

ဖုဿ = ဖုတ်သ

❖ ဧ-သရကို က်၊ ဂ်၊ စ်၊ ဇ်၊ ဋ်၊ ဍ်၊ တ်၊ ဒ်၊ ပ်၊ ဗ်၊ သ်)တို့ သတ်ရာ၌ (အ)ကို (စ်)သတ်သည့်အသံ (အစ်သံ)ထွက်ရသည်။

ဥပမာ - ပါဠိယေက္ကံ = ပါဠိယစ်ကံ

ဖေဂ္ဂု = ဖစ်ဂု

ပေစ္စ = ပစ်စ

ဆေဇ္ဇ = ဆစ်ဇ

သေဋ္ဌ = သစ်ဋ္ဌ

ဇေဋ္ဌ = ဇစ်ဋ္ဌ

လေဍ္ဍု = လစ်ဍု

ထေ္တ = အစ်ထ

မေတ္တာ = မစ်တာ

ဒေပ္ပ = ဒစ်ပ

ပေဿ = ပစ်သ

❖ ေ-သရကို(ဉ်)သတ်ရာ၌ (အ)ကို(င်)သတ်သည့် အသံ(အင်)ဟု ထွက်ရသည်။

ဥပမာ - အာနေဉ္ဇ = အာနင်ဇ

❖ ဩ-သရကို(က်၊ ဂ်၊ သ်)သတ်ရာ၌(အောက်)အသံထွက်ရသည်။

ဥပမာ - ဩက္ကာက = အောက်ကာက

မောက္ခ = မောက်ခ

မောဂ္ဂလ္လာန = မောက်ဂန်လာန

ယောဂ္ဂ = ယောက်ဂ

ဝေါဿ = ဝေါက်သ

❖ ဩ-သရကို(ဇ်၊ ဋ်၊ တ်၊ ဒ်၊ ပ်၊ ဗ်)သတ်ရာ၌ (အွတ်)အသံ ထွက်ရသည်။

ဥပမာ - ပါမောဇ္ဇ = ပါမွတ်ဇ

ဗောဇ္ဈင်္ဂ = ဗွတ်ဇင်ဂ

ဖေါဋ္ဌဗ္ဗ = ဖွတ်ဋ္ဌတ်ဗ

ယောတ္တ = ယွတ်တ

သောတ္ထာနံ = သွတ်ထာနံ

| | | |
|---|---|---|
| ပေါတ္ထက | = | ပွတ်ထက |
| လောဒ္ဒ | = | လွတ်ဒ |
| သောပ္ပ | = | သွတ်ပ |
| ယောဗ္ဗန | = | ယွတ်ဗန |

❖ ဩ–သရကို(င်)သတ်လျှင် ရိုးရိုးမြန်မာအသံထွက်အတိုင်း(အောင်)ဟု အသံထွက်ရသည်။

ဥပမာ – ပေါင် = ပေါင်ခ

❖ ဩ–သရကို( ဥ်၊ န်၊ ဏ်၊ မ်)သတ်ရာ၌ (ဝ)ဆွဲ(န်)သတ်အသံ (အွန်)ဟု အသံထွက်ရသည်။

| | | |
|---|---|---|
| ဥပမာ – ကောဉ္စ | = | ကွန်စ |
| ကောဉ္ဇည | = | ကွန်ဒညည |
| သောဏ္ဍ | = | သွန်ဏ |
| ဗောန္ဒိ | = | ဗွန်ဒိ |
| ဟောန္တု | = | ဟွန်တု |
| သောမ္မ | = | သွန်မ |

## ဗုဒ္ဓဒေသနာတော် ဝေါဟာရအဓိပ္ပါယ်များ

**ပဟာန=** ပယ်စွန့်ခြင်း။
ကာမဂုဏ်၌ တပ်မက်မှုကို ပယ်စွန့်ခြင်း၊ မဂ်ဉာဏ်ဖြင့် အကုသိုလ်တရားအပေါင်းကို ပယ်စွန့်ခြင်း။

**နိရောဓသမာပတ္တိ=**
နိရောဓသမာပတ်၊ ထွက်သက်, ဝင်သက်, စိတ် , စေတသိက်စိတ္တဇရုပ်များ ချုပ်ခြင်း၊ ပိုင်းခြားထားသော အချိန်ကာလအတိုင်းအတာအတွင်း ခန္ဓာကိုယ် မလှုပ် မယှက် ငြိမ်သက်စွာတည်နေခြင်း။ ဈာန်သမာပတ်ရှစ်ပါးကို ရရှိထားသော အနာဂါမ်များနှင့် ရဟန္တာပုဂ္ဂိုလ်များသာ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြသည်။

**ဖလသမာပတ္တိ=**
ဖလသမာပတ်၊ ဖိုလ်စိတ်များ အကြိမ်များစွာဖြစ်နေခြင်း။

သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်-ဟူသော ဖိုလ်လေးပါးကို အကြိမ်များစွာ ဖြစ်ပေါ်စေခြင်းသို့ ရောက်နေခြင်း၊ ဖိုလ်ဝင်စားနေခြင်းတို့ ဖြစ်သည်။

**မဇ္ဈပါနသံယမ**=

သေရည်အရက်ကို သောက်သုံးမှုမှ စောင့်စည်းခြင်း၊

သေရည်အရက်ကို မသောက်သုံးဘဲ စောင့်စည်းခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။

**ဝိရတိ**= မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၊

ဝိရတီသုံးမျိုးရှိသည်-

(၁) သမာဒါနဝိရတိ = သီလဆောက်တည်ထားလျက် မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၊

(၂) သမ္ပတ္တဝိရတိ = သီလဆောက်တည်မထားဘဲ ပြုလုပ်ရန် အခွင့် ဆိုက်သော်လည်း မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၊

(၃) သမုစ္ဆေဒဝိရတိ = အကုသိုလ်တရားများကို မဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ထားပြီးဖြစ်၍ ရှောင်ကြဉ်ခြင်း။

**ပရိညာ**= ပိုင်းခြား၍ သိခြင်း၊ ပိုင်ပိုင်နိုင်နိုင် သိခြင်း။

ပရိညာသုံးပါး၏ သဘောမှာ-

(၁) ဉာတပရိညာ = ရုပ်နာမ်တရားတို့၏ လက္ခဏာ သဘာဝနှင့် ကြောင်းကျိုး ဆက်စပ်မှုကို ပိုင်းခြား သိမြင်ခြင်း၊

(၂) တီရဏပရိညာ = ရုပ်နာမ်တရားတို့၏ မမြဲသော သဘော၊ ဆင်းရဲ၍ ကျေနပ်ဖွယ် ကင်းသော သဘောနှင့် အနှစ်သာရကင်းမဲ့ခြင်း သဘောတို့ကို ပိုင်းခြား၍ သိမြင်ခြင်း၊

(၃) ပဟာနပရိညာ = ခန္ဓာငါးပါး၌ တွယ်တာ တပ်မက်မှုကို ပယ်ခွာခြင်း-ဟူသော ပိုင်းခြား၍သိမြင်ခြင်း။

**ကမ္မ** = ပြုမှုခြင်း၊ ပြုလုပ်ခြင်း၊ အမှုဆောင်ခြင်း ကံ၊ အမှုကိစ္စ။

ထိုကံသည်-

(၁) အကျိုးစီးပွားကို ဖြစ်စေတတ်သော ကုသိုလ်ကံနှင့်

(၂) အကျိုးမဲ့ကို ဖြစ်စေတတ်သော အကုသိုလ်ကံဟူ၍ နှစ်မျိုးရှိသည်။

ထိုကုသိုလ်ကံ၊ အကုသိုလ်ကံသည်လည်း-

(၁) ကိုယ်ဖြင့်ပြုလုပ်မှု ကာယကံ၊

(၂) နှုတ်ဖြင့်ပြောဆိုမှု ဝစီကံ၊

(၃) စိတ်ဖြင့်ကြံစည်မှု မနောကံ-ဟူ၍ သုံးမျိုးရှိသည်။

**အနုလောမစိတ္တ**= အနုလုံစိတ်၊ ရှေ့စိတ် နောက်စိတ်တို့နှင့် လျော်သောစိတ်။ ရှေ့ပရိကံနှင့် နောက်ဈာန် မဂ် ဖိုလ်ဟူသော အပ္ပနာတို့အား လျော်စွာ ဖြစ်တတ်သောစိတ်။

**ဩဝါဒ** =ဆုံးမခြင်း၊ အဆုံးအမ။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ်-၁၀၃-ခုနှစ်၊ တပို့တွဲလပြည့်နေ့ပထမသာဝကသန္နိပါတ၌ အကျဉ်း ဆုံးမဩဝါဒကို ပေးတော်မူ၏။

**ကပ္ပ** =ကပ်ကမ္ဘာ။

ကပ်လေးမျိုးရှိသည်-

| | | | |
|---|---|---|---|
| (၁) | သံဝဋ္ဋကပ် | = | ပျက်နေသောကမ္ဘာ၊ |
| (၂) | သံဝဋ္ဋဋ္ဌာယီကပ် | = | အပျက်အတိုင်းတည်နေသောကမ္ဘာ၊ |
| (၃) | ဝိဝဋ္ဋကပ် | = | ပြန်၍ဖြစ်ပေါ်နေသောကမ္ဘာ၊ |
| (၄) | ဝိဝဋ္ဋဋ္ဌာယီကပ် | = | ဖြစ်ပြီးတည်နေဆဲကမ္ဘာ။ |

**ဇရာ** = အိုမင်းဟောင်းနွမ်းရင့်ရော်ခြင်း၊ အသက်အရွယ်ကြီးရင့်ခြင်း၊ လျော့ပါးခြင်း၊ ယုတ်လျော့ခြင်း။ အိုမင်းရင့်ရော်ခြင်းသည် ဆင်းရဲခြင်း တစ်မျိုးဖြစ်၏။

**ဇရာမရဏ**= အိုခြင်းနှင့်သေခြင်း၊ အိုမှုနှင့်သေမှု။

ပဋိသန္ဓေနေခြင်းကြောင့် အိုရခြင်း၊ သေရခြင်း ဒုက္ခဖြစ်၏။

**ခန္ဓ**= အစု၊ အစုအပေါင်း၊ အစိုင်အခဲ၊ ခန္ဓာငါးပါး။

ခန္ဓာငါးပါးဆိုသည်မှာ- ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတို့တည်း။

**ဥပါဒါနက္ခန္ဓ=** ပြင်းစွာ စွဲမြဲစွာ စွဲလမ်းစရာအစု။
စွဲလမ်းစရာအာရုံဖြစ်သော ဤဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ဒုက္ခသစ္စာမည်၏။

**ရူပက္ခန္ဓ** - ရုပ်အစု၊ ရူပက္ခန္ဓာ။
ပထဝီ စသော ဓာတ်ကြီးလေးပါးနှင့် ယင်းတို့ကိုမှီ၍ဖြစ်သော ရုပ်အစုသည် ရူပက္ခန္ဓာမည်၏။

**ဝေဒနာက္ခန္ဓ**=ခံစားမှုအစု၊ ဝေဒနာက္ခန္ဓာ။
ကိုယ်ချမ်းသာခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ချမ်းသာခြင်း၊ စိတ်ဆင်းရဲခြင်း၊ လျစ်လျူရှုခြင်းတို့သည် ဝေဒနက္ခန္ဓာမည်၏။

**သညာက္ခန္ဓ=** မှတ်သားမှုအစု၊ သညာက္ခန္ဓာ။
အဆင်းရူပါရုံစသည့် အာရုံခြောက်ပါးကို မှတ်သားခြင်း သညာသည် သညာက္ခန္ဓာမည်၏။

**သင်္ခါရက္ခန္ဓ=** ပြုပြင်စီရင်တတ်သော တရားအစု၊ သင်္ခါရက္ခန္ဓာ။
ခံစားခြင်းဝေဒနာ, မှတ်သားခြင်းသညာမှတပါး အာရုံကိုတွေ့ထိခြင်း ဖဿစသော ကြွင်းကျန်သော စေတသိက်ငါးဆယ်သည် သင်္ခါရက္ခန္ဓာ မည်၏ ။

**ဝိညာဏက္ခန္ဓ** -သိမှုစိတ်အစု၊ အထူးသိမှု စိတ်အစု၊ ဝိညာဏက္ခန္ဓာ။
အာရုံကို သိခြင်းသဘောရှိသော စိတ်အားလုံးသည် ဝိညာဏက္ခန္ဓာ မည်၏။

**ဥပါယာသ=** ပြင်းထန်စွာ ပူလောင်မှု ။
ပဋိသန္ဓေနေခြင်းကြောင့် အိုခြင်း,သေခြင်း, စိုးရိမ်ခြင်း,ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း,စိတ်ဆင်းရဲခြင်း, ပြင်းထန်စွာပူလောင်ခြင်းတို့ ဖြစ်ကုန်၏ ။

**ပတ္တ** = သပိတ် ।
ရဟန်း,သာမဏေများသည် သပိတ်ဖြင့် ဆွမ်းခံတော်မူကြသည်။

**ပိဏ္ဍပါတ=** ဆွမ်း၊ လှူဒါန်းသော စားဖွယ်။

သင့်သော အကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ ဆွမ်းအစရှိသော အာဟာရကို မှီဝဲသုံးဆောင်၏၊မြူးတူးပျော်ပါးခြင်းငှာ မမှီဝဲပါ၊ အရေအဆင်း လှပတင့်တယ်ခြင်းငှာ မမှီဝဲပါ၊ အသားအရေ ပြည့်ဖြိုးခြင်းငှာမမှီဝဲပါ၊ ဤရူပကာယ ရပ်တည်ရုံအတွက်သာလျှင် မျှတရုံသာလျှင် ပင်ပန်းခြင်း ငြိမ်းအေးရုံသာလျှင် သာသနာနှင့် ပြဟ္မစရိယ အကျင့်မြတ်နှစ်ပါးကို ချီးမြှောက်ရုံသာလျှင် ဆွမ်းစသောအာဟာရကို မှီဝဲ၏၊ ဤသို့ မှီဝဲသဖြင့် အဟောင်း ဖြစ်သော ဆင်းရဲဝေဒနာကိုလည်း မဖြစ်စေအံ့။ အသစ်ဖြစ်သော ဝေဒနာကိုလည်း မဖြစ်စေအံ့။ ချမ်းသာစွာနေရခြင်းသည် ဆွမ်းစသောအာဟာရကို ငါ့အားမျှတခြင်း၊ အပြစ်မရှိခြင်း၊ ချမ်းသာစွာ နေရခြင်းသည် ဖြစ်ပါအံ့-ဟူ၍ နှလုံးပြုကာ မှီဝဲသုံးဆောင်၏။

**ဒါန =** အလှူပေးခြင်း၊ လှူဒါန်းခြင်း၊ စွန့်ကြဲခြင်း၊

မိမိ၏ ပစ္စည်းဥစ္စာကို စွန့်ကြဲပေးကမ်းခြင်းသည် ဒါန မည်၏။

**ပဋိသမ္ဘိဒါ** =အရင်းအမြစ်သိအောင် ဖွေရှာစစ်ဆေး တတ်သောဉာဏ် ၊ အစိတ်စိတ် စိစစ် စစ်ဆေးတတ်သောဉာဏ် ။

**ပဋိသမ္ဘိဒါလေးပါးဆိုသည်မှာ-**

(၁) အတ္ထပဋိသမ္ဘိဒါ = အနက်အဓိပ္ပါယ်ကို ထိုးထွင်း သိခြင်း၊ အကျိုးတရားကို သိခြင်း၊

(၂) ဓမ္မပဋိသမ္ဘိဒါ = တရားသဘာဝကို ဖွေရှာစိစစ်၍ ပါဠိကို ထိုးထွင်း သိခြင်း၊ အကြောင်းတရားကိုသိခြင်း၊

(၃) နိရုတ္တိပဋိသမ္ဘိဒါ = ဘာသာစကား တည်ဆောက်မှု သဒ္ဒါစည်းကမ်း နည်းလမ်းကို ထိုးထွင်းသိခြင်း၊

(၄) ပဋိဘာနပဋိသမ္ဘိဒါ = အတ္ထ၊ ဓမ္မ၊ နိရုတ္တိပဋိသမ္ဘိဒါ သုံးမျိုးကို အကျယ် ဝေဖန်၍ သိခြင်းတို့တည်း။

**ဒေါသ =** စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း။

ဒေါသသည် အဖျက်အဆီးတတ်ဆုံးသော တရားဖြစ်သည်။

**အာဃာတ**= ရန်ငြိုးဖွဲ့မှု။
မည်သူ့ကိုမျှ ရန်ငြိုးမဖွဲ့ပါနှင့်။
**ဥဓ္ဓေဒဒိဋ္ဌိ**= ဘဝပြတ်သည်ဟု ယူသောအယူ၊ ဝိဘဝဒိဋ္ဌိ-ဟုလည်းခေါ်သည်။
**တပ** = ဣန္ဒြေစောင့်စည်းခြင်း အစရှိသော အကျင့်ကိုကျင့်ခြင်း။
ဣန္ဒြေစောင့်စည်းခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။
**ပဋ္ဌနာ** = တောင့်တခြင်း၊ ဆုပန်ခြင်း၊ ပဋ္ဌနာပြုခြင်း။
အင်္ဂါငါးပါးနှင့်ပြည့်စုံသော အဘိသိက်သွန်းပြီး မင်းသားကြီးဖြစ်သော မင်းသားသည် အိမ်ရှေ့မင်းအရာကို လည်းကောင်း၊ မင်းအဖြစ်ကို လည်းကောင်း တောင့်တနိုင်သကဲ့သို့ အင်္ဂါ(၅)ပါးနှင့်ပြည့်စုံသော ရဟန်းသည်လည်း အရဟတ္တဖိုလ်ကိုတောင့်တနိုင်သည်။
**ပရိသာ** = အစုအဝေး ပရိသတ်။
ပရိသတ်လေးမျိုးရှိသည်၊ ၎င်းတို့မှာ- ရဟန်းပရိသတ်၊ ရဟန်းမ ပရိသတ်၊ ယောကျ်ားပရိသတ်၊ မိန်းမပရိသတ်တို့ဖြစ်ကြသည်။
**သစ္စကိရိယ**=သစ္စာဆိုခြင်း၊ တိုင်တည်ခြင်း။
မထေရ်ကြီးက ဤသို့သော သစ္စာစကားကြောင့် ငါ၏ မယ်တော်ကြီးအား ကျန်းမာခြင်းသည် ဖြစ်စေသတည်း သစ္စာစကားဆို၏။
**ဗောဓိပက္ခိယဓမ္မ**=သစ္စာလေးပါးကိုသိတတ်သော အရိယမဂ် အသင်းအပင်း တရားများ။
ဗောဓိပက္ခိယတရားသည် အရေအတွက်အားဖြင့်-သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပ္ပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်(ဗလ)ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး အားဖြင့် ၃၇-ပါး ရှိသည်။
**ရာဂ** = တပ်မက်မှု။
ရာဂသုံးမျိုးရှိသည်-
(၁) ကာမဘုံ၌ တပ်နှစ်သက်တတ်သော ကာမရာဂ၊
(၂) ရူပဘုံ၌ တပ်နှစ်သက်တတ်သော ရူပရာဂ၊
(၃) အရူပဘုံ၌ တပ်နှစ်သက်တတ်သော အရူပရာဂ၊

**ကပ္ပိယ=** ရဟန်းတော်များအား ဝိနည်းတော်အရ အပ်စပ်အောင် ပြုလုပ်ပေးသူ။

**မနသိကာရ=** နှလုံးသွင်းမှု။

နှလုံးသွင်းကောင်းသောသူအား ကုသိုလ်တရားဖြစ်ပွား၏။

**မင်္ဂလ =** မင်္ဂလာ၊ မကောင်းမှုများကို ပယ်ဖျက်၍ ကောင်းမှုများကို တိုးပွားစေသောတရား။

လူနတ်ပြဟ္မာတို့ ဆယ့်နှစ်နှစ်တိုင် ကြံစည်၍မရနိုင်သော မင်္ဂလာတရားတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောတော်မူပါသည်။

**ဓုတင် -** ကိလေသာကိုပယ်ရန် ကျင့်ခြင်း၊ ဓုတင်။

မိမိကိုယ်၏ သက်သာမှုကို မကြည့်ဘဲ ဆင်းရဲပင်ပန်းခံ၍ ကိလေသာကို ပယ်စွန့်ရန်နှင့် တရားကျင့်မှုတို့၌ တိုးတက်မှုရရှိရန် တင်းကျပ်စွာကျင့်ခြင်း ၁၃-မျိုးအနက် တစ်ခု သို့မဟုတ် ပို၍ ကျင့်နိုင်သည်။ လူသိများသော ဓုတင်အကျင့်မှာ တော၌ နေ၍ ကျင့်ခြင်း၊ ဆွမ်းခံရသော ဆွမ်းကိုသာ ဘုဉ်းပေးခြင်း၊ စွန့်ပစ်အဝတ်အပိုင်းအစဖြင့် ချုပ်သော သင်္ကန်းကိုဝတ်ဆင်ခြင်း၊ သင်္ကန်းသုံးထည်ကိုသာ ဝတ်ရုံခြင်း တို့ဖြစ်သည်။

**ဓဇ =** တံခွန်၊ အောင်လံ၊ အလံ။

ငါ၏အောင်လံတံခွန်ကို ကြည့်ရှုသည်ရှိသော် ကြောက်ရွံ့ခြင်းသည်လည်းကောင်း၊ ကိုယ်လက် ခတ်တရော်ရှိခြင်းသည်လည်းကောင်း၊ ကြက်သီးမွေးညှင်းထခြင်းသည်လည်းကောင်း ကင်းပျောက်လိမ့်မည်။

**တိပိဋကဓရ=**ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ထားသူ။

မြန်မာပြည်၌ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ထားသည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ၁၃-ပါး၊ တိပိဋကဓရ ၇-ပါး စုစုပေါင်း ၂၀-ပါး ရှိသည်။

**ဂန္ဓမဏ္ဍန=** အမွှေး၊ နံ့သာခြယ်လှယ်ခြင်း။

ဥပုသ်စောင့်ခြင်းသည် ကာမဂုဏ်တွယ်တာမှု လောဘကို ပယ်သတ်ခြင်းဖြစ်သည်။ အမွှေး၊ နံ့သာခြယ်ခြင်းစသည်တို့သည်

ကာမဂုဏ် အကြောင်းခံသည်။ ထိုအကြောင်းခံအားလုံးကို ဥပုသ်သီလမယူမီ ကြိုတင်၍ လည်း မပြုလုပ်ရပါ။

**ခမာပန**= သည်းခံစေခြင်း၊ တောင်းပန်ခြင်း၊ ကန်တော့ခြင်း။

ကာယကံပြစ်မှု၊ ဝစီကံပြစ်မှု၊ တစ်ခုခုပြုမိပါက မိမိပြစ်မှားမိသော သူအား တောင်းပန်မှု၊ ကန်တော့မှုကို ပြုရမည်ဟု မြတ်ဗုဒ္ဓက ဆုံးမခဲ့သည်။ တောင်းပန်ခြင်း၊ ကန်တော့ခြင်းကို ပြုလိုက်သဖြင့် မိမိပြစ်မှားမိသော အပြစ်များ ပပျောက်ငြိမ်းအေးသွားနိုင်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် အခါကြီး ရက်ကြီးများ၌ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ သက်ကြီးဝါကြီးသူတို့အား ပစ္စည်းဝတ္ထုဖြင့် ကန်တော့မှု ပြုကြသည်။ အစဉ်အလာကောင်းအရ ထိုသို့ ကန်တော့လိုက်ခြင်းဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာများကို ရရှိရုံသာမက ပြစ်မှုတစ်စုံတစ်ခု ရှိနေပါကလည်း ပပျောက် ငြိမ်းအေးသွားတော့သည်။ မိမိအပြစ်ကို ဖွင့်ဟဝန်ခံ၍ တောင်းပန်ခြင်းသည် ကြီးပွားတိုးတက် ကြောင်းဖြစ်၏။

**ဝိဘဝဒိဋ္ဌိ**= ဘဝပြတ်၏ ဟူသောအယူ၊ ဥစ္ဆေဒဒိဋ္ဌိဟုလည်းခေါ်သည်။

**ဘဝဒိဋ္ဌိ** = ဘဝမြဲ၏ ဟူသောအယူ၊ သဿတဒိဋ္ဌိ ဟုလည်းခေါ်သည်။

**မောဟ** = အမှန်တရားကို မသိမှု၊ တွေဝေမှု။

လွတ်မြောက်မှု တရားမှန်ကို အမှန်အတိုင်း မမြင်အောင် ဖုံးလွှမ်းခြင်း သဘောသည် မောဟ၏ အမှတ်အသားလက္ခဏာဖြစ်သည်။

**ဇာတိ**= ဖြစ်ပေါ်ခြင်း၊ ပဋိသန္ဓေနေခြင်း၊

တစ်ခုသောဘဝ၌ ရုပ်နာမ်တို့၏ ရှေးဦးစွာဖြစ်ခြင်း။

အတိတ်ကုသိုလ်ကံ အကုသိုလ်ကံတို့ကြောင့် ပဋိသန္ဓေနေခြင်းဖြစ်၏။

**သက္ကာယ** = ထင်ရှားရှိသောကိုယ်၊ ထင်ရှားရှိသော ခန္ဓာငါးပါး၊

(သက္ကာယဒိဋ္ဌိလည်းရှု)

သက္ကာယ-ဟူသည် ဥပါဒါနက္ခန္ဓာငါးပါးတည်း။

**အတ္တ**= အထည်ကိုယ်၊ အတ္တဘော။

ထိုသူသည် မိမိ၏ကိုယ်ကို ရိုက်ထု၍ ရိုက်ထု၍ ငိုကြွေး၏။

**ကာယ** = ခန္ဓာကိုယ်။
ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် မိမိခန္ဓာကိုယ်၌ ကိုယ်ဟူ၍ အဖန်တလဲလဲ ရှုမှတ်၏။

**ကာယဝိညာဏ**= ကာယဝိညာဏ်၊ ထိသိစိတ်။
ကာယပသာဒကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း အစွဲပြု၍ ထိသိစိတ်အစဉ် ဖြစ်ပေါ်လာရသည်။

**ဂန္ထ** = တုပ်နှောင်ခြင်း၊ တုပ်နှောင်တတ်သောတရား။
တုပ်နှောင်တတ်သော တရားလေးပါးရှိသည်-
(၁) အဘိဇ္ဈာကာယဂန္ထ-သူတစ်ပါးစည်းစိမ်ကို မတရားလိုချင်မှု လောဘ။
(၂) ဗျာပါဒကာယဂန္ထ - သူတစ်ပါးကို ပျက်စီးစေလိုမှု ဒေါသ။
(၃) သီလဗ္ဗတပရာမာသကာယဂန္ထ-ကိုယ်ကျင့်သီလ၌ အယူမှားမှု ဒိဋ္ဌိ။
(၄) ဣဒံသစ္စာဘိနိဝေသကာယဂန္ထ-ဤအယူသည်သာမှန်၏- ဟုစွဲမြဲစွာ ယူခြင်းဒိဋ္ဌိ။

**သရီရဓာတု**=ကိုယ်တော်မှဖြစ်သော ဓာတ်တော်။
မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရာတွင် ကိုယ်တော်မှ ကြွင်းကျန်ရစ်သော အရိုးဓာတ်တော်များကို ခေါ်သည်။ ပမာဏအားဖြင့် မုန်ညင်းစေ့မှ ပဲနောက်စေ့တစ်ခြမ်းအထိ အရွယ်အစားအပြားပြားရှိသည်။ ထို့ပြင် မပြိုကွဲနိုင်သော အသမ္ဘိန္န ဓာတ်တော်ကြီး ခုနစ်ဆူလည်းရှိသေးသည်။ ယင်းတို့မှာ-သင်းကျစ်တော်၊ ညှပ်ရိုးတော်နှစ်ဆူနှင့် စွယ်တော်လေးဆူတို့ဖြစ်သည်။

**ဗုဒ္ဓ** = မြတ်စွာဘုရား၊ သစ္စာလေးပါးကို ကိုယ်တိုင်သိသူ၊ ကိုယ်တိုင် သိသည့်အတိုင်း သတ္တဝါတို့အားလည်း သိအောင်ဟောကြားနိုင်သူ။

**ဗုဒ္ဓ** = ဘီစီ-၆၂၃-ခုနှစ်တွင် ကပိလဝတ်မြို့တော်၌ ခမည်းတော် သုဒ္ဓေါဒနမင်း၊ မယ်တော်သိရီမဟာမာယာဒေဝီတို့မှ ဖွားမြင်တော်မူသည်။ သကျသာကီဝင်မင်းမျိုးဖြစ်သည်။ သက်တော်-၁၆-နှစ်တွင်

ဒေဝဒဟမြို့တော်မှ ဘဒ္ဒကစ္စာနာ ယသောဓရာဒေဝီနှင့် လက်ထပ်၍ ထီးနန်းစည်းစိမ် ခံစားတော်မူသည်။ သက်တော်-၂၉-နှစ်တွင် သားတော် ရာဟုလာ မွေးဖွားခဲ့သည်။ ထိုနေ့မှာပင် တောထွက်တော်မူခဲ့၍ ဥရုဝေလတောအုပ်၌ ၆-နှစ်တိုင်တိုင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်ခဲ့သည်။ သက်တော်-၃၅-နှစ်တွင် ဂယာမြို့အနီး ဗောဓိမဏ္ဍိုင်၌ လောကသုံးပါးတွင် အတုမရှိမြင့်မြတ်သော သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ၄၅-ဝါကာလပတ်လုံး တရားတော်များကို လှည့်လည် ဟောကြားတော်မူခဲ့ပြီး သက်တော်-၈၀-အရွယ်တွင် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြု တော်မူခဲ့သည်။ ဗုဒ္ဓသည် သတ္တဝါများစီးပွားချမ်းသာအကျိုးငှာ ပွင့်တော်မူလာခဲ့ခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**ဗုဒ္ဓကိစ္စ** = ဘုရားရှင်တို့၏ အလုပ်ကိစ္စ၊ ဘုရားရှင်တို့နေ့စဉ်ပြုလုပ်နေကျ ကိစ္စ။ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူ၍ ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားကို တစ်နေ့တာ ကာလပတ်လုံး မနေမနား ကြိုးစားပြုလုပ်တော်မူသည်။

**ဘုရားရှင်နေ့စဉ်ပြုလုပ်နေကျ လုပ်ငန်းစဉ်မှာ-၅-မျိုးရှိသည်-**

(၁) ဆွမ်းမဘုဉ်းပေးမီ ပြုလုပ်သော ပုရေဘတ္တကိစ္စ၊ (နံနက်ပိုင်းလုပ်ငန်းစဉ်)

(၂) ဆွမ်းဘုဉ်းပေးပြီး နောက်ပိုင်းအချိန်၌ ပြုလုပ်သော ပစ္ဆာဘတ္တကိစ္စ၊ (နေ့လယ်ပိုင်းလုပ်ငန်းစဉ်)

(၃) ညဉ့်ဦးယံ၌ ပြုလုပ်သော ပုရိမယာမကိစ္စ၊ (ညဉ့်ဦးယံလုပ်ငန်းစဉ်)

(၄) သန်းခေါင်ယံ၌ ပြုလုပ်သော မဇ္ဈိမယာမကိစ္စ၊(သန်းခေါင်ယံ လုပ်ငန်းစဉ်)

(၅) မိုးသောက်ယံ၌ ပြုလုပ်သော ပစ္ဆိမယာမကိစ္စ၊ (မိုးသောက်ယံ လုပ်ငန်းစဉ်)

**ဗုဒ္ဓပဋိမာ**= ဘုရားရုပ်တုတော်၊ ဘုရားဆင်းတုတော်၊ ဘုရားပုံတော်။ မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါအားလုံး၏ ကျေးဇူးအကြီးမားဆုံး ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ အစဉ်သတိရနေထိုက်သူ

အလေးဂရုပြုထိုက်သူ မြတ်နိုးပူဇော်ထိုက်သူဖြစ်သည်။ ကျေးဇူး အကြီးမားဆုံး အလေးဂရုပြုထိုက်ဆုံး ပုဂ္ဂိုလ်မြတ်ဖြစ်သောကြောင့်ပင် မြတ်စွာဘုရားကို အစဉ်သတိရနေစေရန် ရုပ်တုတော်ပြုလုပ်၍ ဥဒ္ဒိဿကစေတီအနေဖြင့် ကိုးကွယ်အပ်၏။ ပူဇော်အပ်၏။ ရှိခိုးအပ်၏။ ရုပ်တုတော်ကို ရှိခိုးပူဇော်မှု၌ စိတ်စေတနာထက်သန်လျှင် ထက်သန်သလောက် သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် မခြား ကြီးမားများပြားသော ကောင်းကျိုးချမ်းသာကို ရရှိနိုင်သည်။

**ဗောဓိသတ္တ=** ဗောဓိသတ်၊ ဘုရားအလောင်း၊ ဘုရားဖြစ်မည့်ပုဂ္ဂိုလ်။

ဘုရားအလောင်း-၃-မျိုးရှိသည်။

(၁) ပညာဓိကဗောဓိသတ္တ-ပညာလွန်ကဲ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်ရသော ဘုရားအလောင်း၊

(၂) သဒ္ဓါဓိကဗောဓိသတ္တ-သဒ္ဓါလွန်ကဲ၍ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်ရသော ဘုရားအလောင်း၊

(၃) ဝီရိယာဓိကဗောဓိသတ္တ -ဝီရိယလွန်ကဲ၍ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်ရသော ဘုရားအလောင်း၊

**ဘာရ =** ဝန်ထုပ်ဝန်ပိုး။

စင်စစ်အားဖြင့် ဝန်ထုပ်ဝန်ပိုးဟူသည် ခန္ဓာငါးပါးပင်ဖြစ်၏။ ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်သူ ဆိုသည်မှာ ပုဂ္ဂိုလ်သတ္တဝါကိုပင် ဆိုလိုသည်။ လောကတွင် ဝန်ထုပ်ဝန်ပိုးဖြစ်သော ခန္ဓာငါးပါးကို ရယူခြင်းသည် ဒုက္ခကိုရယူခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ချမ်းသာသုခဟူသည်မှာ ခန္ဓာငါးပါး ဝန်ထုပ်ဝန်ပိုးကို စွန့်လွှတ်နိုင်သော ဘုရားရဟန္တာအဖြစ်ပင်ဖြစ်သည်။

**ဒေဝ =** နတ်။

နတ်သုံးမျိုးရှိသည်-

(၁) သမ္မုတိဒေဝ - သမ္မုတိနတ် (မင်း၊ မိဖုရား-စသည်)

(၂) ဥပပတ္တိဒေဝ - ဥပပတ္တိနတ် (နတ်၊ ဗြဟ္မာ)

(၃) ဝိသုဒ္ဓိဒေဝ - ဝိသုဒ္ဓိနတ် (မြတ်စွာဘုရား)

**မဥ္ဇူသက**= မဥ္ဇူသက နတ်ပန်း။

ဂန္ဓမာဒနတောင်ပေါ်ရှိ လိုဏ်ဂူများအတွင်း နေထိုင်ကြသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် လပြည့် လကွယ် ဥပုသ်နေ့တို့၌ မဥ္ဇူသကပန်းပင်ရင်းဝယ် စည်းဝေး၍ ဥပုသ်ပြုကြမြဲ ဖြစ်သည်။

**ဒေဝလောက** - နတ်ပြည်။

နတ်ပြည်ခြောက်ထပ်ရှိသည်။ ၄င်းတို့မှာ- စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိ တို့ဖြစ်သည်။

**လက္ခဏာ**- အမှတ်အသား၊ လက္ခဏာ။

လက္ခဏာရေးသုံးပါးမှာ- ရုပ်နာမ်တရားတို့၏ မမြဲခြင်း (အနိစ္စလက္ခဏာ)၊ ဆင်းရဲခြင်း (ဒုက္ခလက္ခဏာ)နှင့် အစိုးမရခြင်း၊ အတ္တမဟုတ်ခြင်း (အနတ္တလက္ခဏာ)တို့ဖြစ်ပါသည်။

**ဒါန**- စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည် ဒါနမည်၏။ ကံ ကံ၏အကျိုးကို ယုံကြည်ပြီး မလှူမီ၊ လှူဆဲ၊ လှူပြီး အချိန်သုံးမျိုးလုံး၌ ထက်သန်ဝမ်းမြောက်မှုရှိသော အလှူသည် အကျိုးကြီးသော အလှူဒါနမည်၏။

ပေးကမ်းခြင်းသည် သူချစ်ဆေးဖြစ်၍ ကောင်းကျိုးမှန်သမျှကို ပြီးစေနိုင်၏။

**သပ္ပုရိသဒါန** = သူတော်ကောင်းများ၏ အလှူဒါန။

သပ္ပုရိသဒါန (၅)မျိုး-

(၁) သဒ္ဓါဒါန - ကံ ကံ၏အကျိုးကို ယုံကြည်၍ ပေးလှူခြင်း၊

(၂) သက္ကစ္စဒါန - ရိုသေစွာလှူခြင်း၊

(၃) ကာလဒါန - အချိန်ကာလ အားလျော်စွာ လှူခြင်း၊

(၄) အနုဂ္ဂဟိတဒါန - ငြိကပ်တွယ်တာမှု ကင်း၍ လှူဒါန်းခြင်း၊

(၅) အနုပဟစ္စဒါန - မိမိနှင့်သူတစ်ပါးကို မထိခိုက်စေဘဲ လှူခြင်း။

**ဥပါဒါန** = ပြင်းစွာစွဲလမ်းမှု။
ဥပါဒါန်-၄-မျိုး-
(၁) ကာမဂုဏ်တို့၌ ပြင်းစွာစွဲလမ်းမှု၊
(၂) အယူဝါဒတို့၌ ပြင်းစွာစွဲလမ်းမှု၊
(၃) အကျင့်သီလတို့၌ ပြင်းစွာစွဲလမ်းမှု၊
(၄) အတ္တဝါဒတို့၌ ပြင်းစွာစွဲလမ်းမှု။

**အာစရိယမုဋ္ဌိ**= ဆရာ ဆုပ်ကိုင်ထား ထိမ်ချန်ထားသော အတတ်ပညာ၊ အယူအဆ (ဆရာ့လက်ဆုပ်)။
ဆရာ့လက်ဆုပ်ဆိုသည်မှာ-အရွယ်ကြီးရင့်၍ သေခါနီးမှ အရင်းနှီးဆုံးတပည့်အား ပြောပြဖို့ရာ သိုဝှက်ထား ချန်ထားသော ဆရာ၏ လက်ဆုပ်လက်ကိုင် အတတ်ပညာ အယူဝါဒဖြစ်သည်။

**နိကာယ** = အပေါင်း၊ နိကာယ်။
မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာအားလုံးကို ပထမသင်္ဂါယနာတင်ပွဲ၌ ပဉ္စနိကာယ် ခေါ် နိကာယ်ငါးရပ်အဖြစ် အောက်ပါအတိုင်း ပိုင်းခြားထားရှိသည်-
(၁) ရှည်လျားသော သုတ်အပေါင်းအစု (ဒီဃနိကာယ်)
(၂) မရှည်လွန်း၊ မတိုလွန်းသော အလတ်စားဖြစ်သော သုတ်အပေါင်းအစု (မဇ္ဈိမနိကာယ်)
(၃) အကြောင်းအရာ စသည်အလိုက် စပ်လျဉ်းရာ သုတ်အပေါင်းအစု (သံယုတ္တနိကာယ်)
(၄) တရားများကို တစ်ပါးစုမှ တစ်ဆယ့်တစ်ပါးစုအထိ အသီးအသီး စုပေါင်း ဖော်ပြထားသော တရားအပေါင်းအစု (အင်္ဂုတ္တရနိကာယ်)
(၅) သေးငယ်သော သုတ်အပေါင်းအစု (ခုဒ္ဒကနိကာယ်) ပိဋကလည်းရှိ။

**အဋ္ဌကထာ**= အဋ္ဌကထာကျမ်းစာ၊ ပါဠိတော်၏အနက်ကို ဖွင့်သောကျမ်း၊ ပါဠိတော်၏ အဖွင့်စကား။

**သဟာဓမ္မိက**= သီတင်းသုံးဖော်။
အယူသီလ တူမျှစွာ အတူတကွ ကျင့်သုံးနေထိုင်သူများကို သီတင်းသုံးဖော်ဟု ခေါ်သည်။ သီတင်းသုံးဖော် ငါးဦးဆိုသည်မှာ-

ဘိက္ခု၊ ဘိက္ခုနီ၊ သိက္ခမာန၊ သာမဏေရ၊ သာမဏေရီ-တို့ဖြစ်သည်။

**ကရုဏာ** = သနားကြင်နာခြင်း၊ သနားညှာတာခြင်း။
ဆင်းရဲသော သတ္တဝါများကို သနားကြင်နာရမည်၊ ကရုဏာ ထားရမည်။

**ဂန္ထ** = သီကုံးခြင်း၊ ထုံးဖွဲ့ခြင်း။
ရေးဖွဲ့ထားသော စာပေ၊ ကျမ်းဂန်၊ ပိဋကတ်စာပေ။

**သမ္ပဇည** = သမ္ပဇဉ်၊ ကောင်းစွာအပြားအားဖြင့် သိမှု၊ ပညာ။
မည်သည့်အလုပ်မျိုးမဆို ပြုလုပ်တိုင်း ပြုလုပ်တိုင်း သတိသမ္ပဇဉ် ရှိရမည်။

**မာန** = မာန်၊ ထောင်လွှားခြင်း။
လူသားတို့သည် ငါသာလျှင် မြတ်၏-ဟု ထောင်လွှားကြသည်။

**သမာဓိ** = တည်ကြည်မှု၊ အာရုံတစ်ခုတည်း၌ စိတ်တည်နေမှု။
အာရုံတစ်ခုတည်း၌ တည်နေမှု၊ ဧကဂ္ဂတာကို သမာဓိ-ဟုခေါ်သည်။

**သင်္ခတ** = ပြုပြင်ခံရသော တရား။
ခန္ဓာငါးပါး ရုပ်နာမ်တရားသည်ကား- ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား တို့ကြောင့် ပြုပြင်ခံရသော တရားတို့ ဖြစ်ကုန်၏။

**သင်္ခါရ** = ပြုပြင်ခံရသော တရား။
ခပ်သိမ်းသော သင်္ခါရတရားတို့သည် မတည်မြဲကုန်။

**သမ္ပတ္တိစက္က** = သမ္ပတ္တိစက်၊ အလိုရှိသမျှ ပြည့်စုံစေနိုင်သော အခြေခံတရားများ။
စီးပွားချမ်းသာ အောင်မြင်ကျော်ကြားခြင်း စသည်တို့ ပြည့်စုံမှုအတွက် အခြေခံ အကြောင်းအရင်းဖြစ်သောကြောင့် ပတိရူပဒေသဝါသ စသော လေးပါးကို သမ္ပတ္တိစက်-ဟုခေါ်သည်။ ထိုစက်လေးမျိုးနှင့် ပြည့်စုံသူသည် အချိန်တိုအတွင်းမှာပင် စီးပွားရေး စသည်၌ အောင်မြင်သူ ဖြစ်ရ၏။ စီးပွားဥစ္စာ အခြံအရံ အကျော်အစောများဖြင့် ပေါ်လွင်ထင်ရှားသူ ဖြစ်ရ၏။

**သမ္ပတ္တိစက်လေးမျိုး-**

(၁) ပတိရူပဒေသဝါသ - စီးပွားရေး၊ ဘာသာရေး စသည်အောင်မြင်တိုးတက်နိုင်သော အရပ်ဒေသ၌ အခြေချနေထိုင်ခြင်း။

(၂) သပ္ပုရိသူပနိဿယ - ဘုရားအစရှိသော သူတော်ကောင်းနှင့် ပညာရှင် မိတ်ဆွေကောင်း အပေါင်းအသင်းများ ရှိရခြင်း။

(၃) အတ္တသမ္မာပဏိဓိ - မိမိကိုယ်ကို လူတော်လူကောင်းဖြစ်အောင်ကောင်းစွာပြုပြင်ပေးရခြင်း။

(၄) ပုဗ္ဗေ စ ကတပုညတာ - ရှေးပိုင်းကာလ ရှေးရှေးဘဝက ဖြည့်ကျင့်ဆည်းပူးခဲ့သော ကောင်းသော လုပ်ဆောင်မှုများရရှိခြင်း။

ထိုသမ္ပတ္တိစက်တို့တွင် ပုဗ္ဗေ စ ကတပုညတာ စက်နှင့် ပြည့်စုံမှုသည် အဓိကအကျဆုံး ဖြစ်သည်။ ပုဗ္ဗေ စ ကတပုညတာ စက်နှင့်ပြည့်စုံပါမှ ပတိရူပဒေသအရပ်၌ နေထိုင်ခွင့် ရရှိနိုင်သည်။ သူတော်ကောင်းနှင့် မိတ်ဆွေကောင်း အပေါင်းအသင်းရရှိနိုင်သည်။ ပညာရှင်မိတ်ဆွေကောင်းနှင့် ပေါင်းသင်းပြီး ကြီးပွားချမ်းသာရေး နည်းစနစ်ရရှိသူမျိုးဖြစ်မှလည်း မိမိကိုယ်ကို လူတော်လူကောင်းဖြစ်အောင် ပြုပြင်ထိန်းသိမ်းနိုင်သည်။

သို့ဖြစ်၍ လောကီ လောကုတ္တရာ ကြီးပွားတိုးတက်ရေး၌ ဘက်စုံအောင်မြင်သူ တစ်ယောက်ဖြစ်စေရန် အခြေခံ အကြောင်းအရင်းဖြစ်သော ကောင်းမှုလုပ်ငန်းများကို ကြိုးပမ်းအားထုတ်ကြရပေသည်။

**ဝိညာဏ-** သိမှုသဘော၊ သိစိတ်။

အာရုံခြောက်ပါးနှင့် အကြည်ဝတ္ထုရုပ် ခြောက်ပါးတို့ တွေ့ဆုံထိတွေ့သောအခါ သိမှုသဘော သိစိတ်ဖြစ်ပေါ်လာ၏။

**ဗုဒ္ဓါဘိသေက-** ဗုဒ္ဓါဘိသေက မင်္ဂလာပြုခြင်း၊ ဘုရားဆင်းတုတော်ကို အနေကဇာတင်ခြင်း။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူသောအခါ အနေကဇာတိ သံသာရံ စသောဂါထာဖြင့် ဥဒါန်းကျူးတော်မူခဲ့သည်။ ဤဂါထာသည် မြတ်စွာဘုရား ပထမဆုံး စိတ်တော်ဖြင့် ဆင်ခြင်သည့် ပထမဗုဒ္ဓဝစနဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် ဆင်းတုတော်များကို မြတ်စွာဘုရား အမှတ်ဖြင့် ကိုးကွယ်လိုသောအခါ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးစ အချိန်၌ ပထမဆုံး ဥဒါန်းကျူးခဲ့သည့်အတိုင်း မြတ်စွာဘုရား၏ တပည့် သံဃာတော်များက မြတ်စွာဘုရား၏ ကိုယ်စား အနေကဇာတိသံသာရံ စသော ဂါထာတော်ကို ရွတ်ဆို ပူဇော်တော်မူကြသည်။ ယင်းသို့ ပူဇော်ခြင်းကို အနေကဇာတင်သည်ဟု ခေါ်သည်။

**ဈာနင်္ဂ** - ဈာန်အင်္ဂါများ။

**ဈာန်အင်္ဂါငါးပါးမှာ**-

ကြံစည်မှု ဝိတက်၊ သုံးသပ်မှု ဝိစာရ၊ နှစ်သက်မှု ပီတိ၊ ချမ်းသာမှု သုခ၊ တည်ငြိမ်မှု ဧကဂ္ဂတာ တို့ဖြစ်သည်။

**ဖဿ**- အတွေ့အထိ၊ ထိတွေ့ခြင်း။

အတွင်းအာယတန-၆-ပါး ကြောင့် ဖဿ-၆-မျိုးဖြစ်ပေါ်သည်။ ၎င်းတို့မှာ-

၁။ မျက်စိအတွေ့၊

၂။ နားအတွေ့၊

၃။ နှာခေါင်းအတွေ့၊

၄။ လျှာအတွေ့၊

၅။ ကိုယ်အတွေ့၊

၆။ စိတ်အတွေ့-တို့ဖြစ်ကြသည်။

**အနုပဿနာ**- ရုပ်နာမ်တရားတို့ကို အနိစ္စ-မမြဲ၊ ဒုက္ခ-ဆင်းရဲ၊ အနတ္တ-အတ္တမဟုတ်ဟု ဉာဏ်ဖြင့် အဖန်ဖန် ရှုမှတ်သုံးသပ်ခြင်း။

**သဒ္ဓါ** - သဒ္ဓါတရား၊ ယုံကြည်မှု၊ ကြည်ညိုမှု။

သဒ္ဓါတရားသည် လူသားတိုင်းမှာ ရှိထိုက်သော အရေးကြီးဆုံး

တရားတစ်မျိုးဖြစ်သည်။ ရတနာမြတ်သုံးပါး ကံ ကံ၏အကျိုးတရား ယခုလက်ရှိဘဝ နောင်ဘဝတို့၌ ယုံမှားသံသယမရှိဘဲ လေးလေး နက်နက် ယုံကြည်မှုကို သဒ္ဓါဟုခေါ်သည်။ အယူဝါဒရေးရာ၌ အမြင်ကြည်လင်ပြတ်သားမှုသည် သဒ္ဓါ၏ အစွမ်းသတ္တိဖြစ်သည်။ ဘုရားဆုပန်ရာမှစ၍ ဖြစ်ပေါ်လာသော ဘုရားအလောင်းတို့၏ သဒ္ဓါတရား (အာဂမသဒ္ဓါ)၊ အရိယာပုဂ္ဂိုလ်တို့၌ ဖြစ်သော သဒ္ဓါတရား (အဓိဂမသဒ္ဓါ)၊ ရတနာမြတ်သုံးပါး၌ မတုံမလှုပ် သက်ဝင်ယုံကြည်မှု (ဩကပ္ပနသဒ္ဓါ)၊ ဘုရားတရားသံဃာ သုံးပါးကို ကြည်ညိုမှု (ပသာဒသဒ္ဓါ) အားဖြင့် လေးမျိုးရှိသည်။

**ရူပ-** ရုပ် ဖောက်ပြန်ပြောင်းလွဲတတ်သော သဘောတရား။
ရုပ်သည်- ဘူတရုပ်၊ ဉပါဒါရုပ်-ဟူ၍ နှစ်မျိုးရှိ၏။

**အဘိဇ္ဈာ-** မတရားသဖြင့် ကြံစည်မှု၊ သူတစ်ပါး စည်းစိမ် ချမ်းသာကို မတရားသဖြင့် လိုချင်မှု။
သူတစ်ပါး စည်းစိမ်ချမ်းသာကို မတရားသဖြင့် လိုချင်ခြင်းသည် အဘိဇ္ဈာမည်၏။

**တဏှာ-** တွယ်တာစွဲလမ်းမှု၊ တပ်မက်မှု။
တဏှာသုံးမျိုးရှိသည်-
၁။ ကာမတဏှာ - ကာမဂုဏ်အာရုံတို့၌ တွယ်တာစွဲလမ်းမှု၊
၂။ ဘဝတဏှာ - ဘဝတို့၌ တွယ်တာစွဲလမ်းမှု၊
၃။ ဝိဘဝတဏှာ - ဘဝပျက်သော အယူ၌ တွယ်တာစွဲလမ်းမှု။

**ဣဿရနိမ္မာန-**
လောကကို အစိုးရသူ မဟာဗြဟ္မာက ဖန်ဆင်းထားသည်ဟု ယုံကြည်ခြင်း၊ အယူဝါဒ။
အစိုးရသော မဟာဗြဟ္မာသည် သက်ရှိသက်မဲ့ တစ်လောကလုံးကို ဖန်ဆင်းအပ်၏ဟု ယူသော အယူဝါဒကို ဣဿရနိမ္မာန ဟု ခေါ်သည်။

**ဝေရ=** ရန်၊ ရန်သူ။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှိခိုးဆုတောင်းတိုင်း ရန်သူမျိုးငါးပါးမှ ကင်းဝေးအောင် ဆုတောင်းလေ့ ရှိကြသည်။

ယင်းရန်သူမျိုးငါးပါးမှာ-

၁။ ရေ

၂။ မီး

၃။ မင်းဆိုး

၄။ ခိုးသူ

၅။ အမွေခံ သားဆိုးသမီးဆိုး တို့ဖြစ်ကြသည်။

**အန္ဓကာရ**= အမိုက်မှောင်၊ အမှောင်ထု။

၁။ လဆုတ်ပက္ခ -၁၄-ရက်ညဖြစ်ခြင်း၊

၂။ သန်းခေါင်ယံ အချိန်ဖြစ်ခြင်း၊

၃။ တခဲနက်ထူထပ်သော တောအုပ်ထဲ၌ဖြစ်ခြင်း၊

၄။ မိုးမှောင်ကျချိန်ဖြစ်ခြင်း။

ဤ အင်္ဂါလေးပါးနှင့်ပြည့်စုံသော အမိုက်မှောင်ကို အန္ဓကာရဟု ခေါ်သည်။

**မရဏ** = သေခြင်း၊ ပျက်စီးခြင်း။

မရဏလေးမျိုး-

၁။ အာယုက္ခယမရဏ - အသက်တမ်းကုန်၍ သေဆုံးခြင်း၊

၂။ ကမ္မက္ခယမရဏ - ကံကုန်၍ သေဆုံးခြင်း၊

၃။ ဉဘယက္ခယမရဏ - အသက်တမ်းနှင့် ကံစွမ်းနှစ်ပါးလုံးကုန်၍ သေဆုံးခြင်း၊

၄။ ဉပစ္ဆေဒကမရဏ-အသက်တမ်းနှင့် ကံစွမ်းနှစ်ပါးလုံး မကုန်သေးသော်လည်းကပ်၍ ဖြတ်တတ်သောကံကြောင့်(ဝါ)ကြားဖြတ်ကံကြောင့် သေဆုံးခြင်း။

**စုတိစိတ္တ** = စုတိစိတ်၊ လက်ရှိဘဝ နောက်ဆုံးစိတ်။

စုတိစိတ်ဆိုသည်မှာ လက်ရှိဘဝအဆုံး၌ တစ်ကြိမ်ဖြစ်ပေါ်သော စိတ်ကို ခေါ်သည်။

**အမတ** = အမြိုက်၊ သေခြင်းကင်းရာ နိဗ္ဗာန်။

သေခြင်းကင်းရာနိဗ္ဗာန်သည် တစ်ဖန် ပဋိသန္ဓေနေရခြင်း၊ အိုခြင်း၊ နာခြင်းတို့မှလည်း လွတ်မြောက်ရာဖြစ်သည်။

**အဝိမောက္ခ**=ဆုံးဖြတ်ခြင်း၊ ဆုံးဖြတ်တတ်သော တရား။

အာရုံ၌ ဆုံးဖြတ်တတ်သော သဘောကို အဓိမောက္ခ ဟုခေါ်သည်။

**ဝိပတ္တိ** = မပြည့်စုံခြင်း၊ ချို့တဲ့ခြင်း၊ ပျက်စီးခြင်း။

ဗုဒ္ဓဘာသာဝင်တို့ ဘုရားရှိခိုးဆုတောင်းသည့်အခါ ဝိပတ္တိတရား လေးပါး မှ ကင်းလွတ်ငြိမ်းအောင် ထည့်၍ ဆုတောင်းလေ့ရှိကြသည်။

ဝိပတ္တိလေးပါး-

၁။ မင်းဆိုး မင်းယုတ် အုပ်စိုးသော ကာလ၌ဖြစ်ခြင်း၊ (ကာလဝိပတ္တိ)

၂။ အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ (ဂတိဝိပတ္တိ)

၃။ ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း၊ (ဥပဓိဝိပတ္တိ)

၄။ အသိအလိမ္မာ ဉာဏ်ပညာနှင့် သတိ ဝီရိယ မရှိခြင်း။ (ပယောဂဝိပတ္တိ)

**ကိလေသာ**= ကိလေသာ၊ စိတ်ညစ်ညူးကြောင်းဖြစ်သော တရား။

ကိလေသာနှစ်မျိုး၊ သုံးမျိုး၊ တစ်ဆယ့်ခုနစ်မျိုး စသည်ဖြင့် အမျိုးမျိုးရှိသည့်အနက် ကိလေသာဆယ်မျိုးမှာ-

၁။ လောဘ - လိုချင်တပ်မက်ခြင်း၊

၂။ ဒေါသ - အမျက်ထွက်ခြင်း၊

၃။ မောဟ - တွေဝေခြင်း၊

၄။ မာန - ထောင်လွှားခြင်း၊

၅။ ဒိဋ္ဌိ - အယူမှားခြင်း၊

၆။ ဝိစိကိစ္ဆာ - ယုံမှားခြင်း၊ မဆုံးဖြတ်နိုင်ခြင်း၊

၇။ ထိန - ထိုင်းမှိုင်းခြင်း၊

၈။ ဥဒ္ဓစ္စ - မတည်ငြိမ် ပျံ့လွင့်ခြင်း၊

၉။ အဟိရိက - မကောင်းမှုပြုလုပ်ရမည်ကို မရှက်ခြင်း၊

၁၀။ အနောတ္တပ္ပ - မကောင်းမှုပြုရမည်ကို မကြောက်မရွံ့ခြင်း-
တို့ဖြစ်သည်။

**ပီတိ**= နှစ်သက်မှု။

ပီတိငါးမျိုးရှိသည်-

၁။ ခုဒ္ဒကာပီတိ - ကြက်သီးမွေးညင်း ထရုံမျှ ပမာဏသေးငယ်သော ပီတိ၊

၂။ ခဏိကာပီတိ - လျှပ်ပြက်သကဲ့သို့ ခဏခဏဖြစ်၍ ပျက်သော ပီတိ၊

၃။ ဩက္ကန္တိကပီတိ - ဒီလှိုင်းကဲ့သို့ တစ်ကိုယ်လုံး၌ လွှမ်းဖုံး သက်ရောက်သော ပီတိ၊

၄။ ဥဗ္ဗေဂါပီတိ - အဟုန်ဖြင့် ကိုယ်ကို ကြွမြောက်လွင့်မျောစေနိုင်သော ပီတိ၊

၅။ ဖရဏာပီတိ - ကြာရှည်စွာ တစ်ကိုယ်လုံး၌ ပျံ့နှံ့နေသော ပီတိ။

**သီမာ** = သိမ်၊ ပိုင်းခြားထားသောနယ်မြေ၊ သံဃာတော်တို့ ကံဆောင်ရာဌာန။ ရဟန်းတော်များ ဥပုသ်ပြုခြင်း၊ ရဟန်းခံခြင်း စသည်ပြုရန် ကမ္မဝါစာဖြင့် ပိုင်းခြားသတ်မှတ် ဖွဲ့ထားအပ်သောမြေ အဆောက်အအုံကို သိမ် ဟုခေါ်သည်။

**ဥပါဒါရူပ** = ဥပါဒါရုပ်၊ မဟာဘုတ်ကြီးလေးပါးကို အမှီပြု၍ ဖြစ်သောရုပ်။ ဥပါဒါရုပ်သည် နှစ်ဆယ့်လေးပါး ရှိသည်။ ထိုနှစ်ဆယ့်လေးပါးသော ရုပ်တို့သည် ဓာတ်ကြီးလေးပါးကို အမှီပြု၍ ဖြစ်ပေါ်လာကြရ၏။

**ပဋိစ္စသမုပ္ပါဒ** =

ပဋိစ္စသမုပ္ပါဒ်၊ ကြောင်းကျိုးဆက်စပ်ပြသောတရား။ ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ- အထိ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ဆယ့်နှစ်ပါးဟု ဆိုသည်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့သည် ဇာတိ၏ အကျိုးဆက်များ ဖြစ်၍ အင်္ဂါဆယ့်နှစ်ပါး၌ မပါဝင်ပါ။

**ပညတ္တိ** = ပညတ်၊ အမည်နာမ၊ ခေါ်ဝေါ်သမုတ်ခြင်း။ ရှင်နာဂသေန-ဟူသော ဝေါဟာရသည် အမည်နာမပညတ်မျှသာ ဖြစ်၏။ ခေါ်ဝေါ်ခြင်းမျှသာဖြစ်၏။

**ဆန္ဒ** = လိုလားမှု၊ အလိုရှိမှု၊ တောင့်တမှု။

အလိုဆန္ဒပြင်းထန်သော ပုဂ္ဂိုလ်အား မပြီးမြောက်နိုင်သော ကိစ္စမျိုးမရှိချေ။

**အပ္ပဋိဟိတ** =တောင့်တခြင်း မရှိသောတရား။

တောင့်တခြင်းမရှိသော အပ္ပဋိတတရားဟူသည်မှာ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားတို့ဖြစ်သည်။

**ဥပါယာသ** = ပြင်းစွာပူလောင်ခြင်း။

**ဂတိ** = လားရာဂတိ၊ ရောက်ရာဘုံဘဝ။

မကောင်းမှုပြုသူသည် မကောင်းသော ဂတိသို့ ရောက်ကြရသကဲ့သို့ ကောင်းမှုပြုသူသည် ကောင်းသောဂတိသို့ လာရောက်ရ၏။

**ဒုက္ကရစရိယာ**=

ပြုနိုင်ခဲသော အကျင့်ကို ပြုကျင့်ခြင်း။

နောက်ဆုံး အစာလုံးဝဖြတ်သည်အထိ အစာအာဟာရကို ဖြတ်ခြင်းတည်းဟူသော အခြားသူတို့ ပြုကျင့်နိုင်ရန် ခက်ခဲသော အကျင့်တရားကို ဘုရားအလောင်းသည် ခြောက်နှစ်တိတိ ကြိုးစား ကျင့်ကြံခဲ့သည်။

**အန္တေဝါသိက**= အနီးနေတပည့်၊ အနီးနေရဟန်းသာမဏေ။

တပည့်လေးမျိုး-

၁။ ပဗ္ဗဇ္ဇန္တေဝါသိက - ရှင်ပြုပေးအပ်သော တပည့်၊

၂။ ဥပသမ္ပဒန္တေဝါသိက - ပဉ္စင်းပြုပေးအပ်သော တပည့်၊

၃။ ဓမ္မန္တေဝါသိက - စာချပေးအပ်သော တပည့်၊

၄။ နိဿယန္တေဝါသိက - နိဿရည်းယူ၍နေသော တပည့်။

**သာဝကသန္နိပါတ**= တပည့်သားသံဃာများ ထူးခြားစွာ စုံညီစုစည်းမိသော အစည်းအဝေး။

ဂေါတမမြတ်စွာဘုရား လက်ထက်တွင် လက်ဝဲတော်ရံအဂ္ဂသာဝက လက်ယာတော်ရံ အဂ္ဂသာဝက အဖြစ် အပ်နှင်းသည့် သံဃာ့ အစည်းအဝေးပွဲကြီး တစ်ကြိမ် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း တော်၌ ကျင်းပခဲ့သည်။

**ဘတ္တာနုမောဒန** = ဆွမ်းအနုမောဒနာ ဆွမ်းအလှူအတွက် ဝမ်းမြောက်စေခြင်း။
ဆွမ်းအနုမောဒနာဆိုသည်မှာ ဆွမ်းလှူရသော ဒါယကာ/ဒါယိကာမများအတွက် ဝမ်းမြောက်မှုဖြစ်စေရန် တရားဟောကြားခြင်းကို ခေါ်ဆိုသည်။

**ဒေဝဒူတ** = ကောင်းမှုပြုရန် သတိပေးနေသော နတ်တမန်။
နတ်တမန်နှင့်တူသူများ၊ သေမင်းတမန်၊ သေမင်းတမန်နှင့်တူသူများ။ ကလေးငယ်၊ သူအို၊ သူနာ၊ သူသေ၊ အညှဉ်းဆဲခံ အကျဉ်းသားငါးဦးတို့သည် သေမင်း၏ တမန်နှင့်တူကြကုန်၏။ ထိုငါးဦးတို့ကို တွေ့မြင်ရသောအခါ မိမိတို့လည်း သေကြရဦးမှာပါလား-ဟူသော သေခြင်းတရားကို ပြန်လည်သတိရတတ်ကုန်၏။ သေခြင်းတရား စသည်တို့ကို သတိရစေရန် ညွှန်ပြနေသည်နှင့် တူသောသူများ ဖြစ်ကြကုန်၏။

**ဓမ္မာစရိယ**= ၁။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ပိဋကတ်စာပေတို့ကို ပို့ချသင်ပြပေးသော ဆရာ၊
၂။ ဓမ္မာစရိယစာချတန်းစာမေးပွဲ အောင်မြင်ပြီးသူ။

**ဒက္ခိဏောဒက**= အလှူရေ၊ အလှူရေစက်။
၁။ အလှူဝတ္ထုကို ပေးလှူရာ၌ မလှူမီ ကြိုတင်ပေးလှူအပ်သော နံ့သာရေစသော ရေစင်ရေသန့်ဖြစ်၏။ အလှူနှင့်စပ်သောရေဖြစ်၍ အလှူရေခေါ်၏။ ရေနှင့်တကွ လှူဖွယ်ဝတ္ထုကို ပေးလှူခြင်းသည် ကမ္ဘာ့စဉ်ဆက် အလှူရှင်တို့၏ လောကရိုးရာကျင့်စဉ်ဖြစ်သည်။ အလှူရေသည် သုံးဆောင်ရန်မဟုတ်၊ အလှူရေကို ခံယူရလျှင် အလှူဝတ္ထုကို ခံယူပြီးဖြစ်၏။ အရှင်စူဠပန်မပါ၍ ဇီဝက၏ ဆွမ်းကို မခံယူလိုသေးသော မြတ်စွာဘုရားသည် အလှူရေကို သပိတ်၌ လောင်းလှူသောအခါ ခံယူတော် မမူခဲ့ပေ။
၂။ အလှူခံပုဂ္ဂိုလ်၏လက်၌ အလှူရေလောင်းထည့်၍လည်း လှူဒါန်းကြသည်။ ရေစက်ချ လှူသည်ဟု ဆိုနိုင်၏။ ဇေတဝန်

ကျောင်းလှူဒါန်းပွဲတွင် အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား လက်တော်၌ အလှူရေကို လောင်းထည့်၍ လှူဒါန်းခဲ့သည်။

၃။ ရေခံခွက် တစ်ခုခု၌ အလှူရေလောင်းထည့်၍ ရေစက်ချ လှူဒါန်းကြသည်။

၄။ အလှူဝတ္ထုမလှူမီ သပိတ်ထဲသို့ အလှူရေကို လောင်းထည့် လှူဒါန်းကြသည်။

**ဓုရ** = ရဟန်းတော်များ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရား။
ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူ၍ ဓုရနှစ်ပါးရှိသည်။
စာပေကျမ်းဂန်များကို သင်ယူပို့ချခြင်းသည် ဂန္ထဓုရ (စာပေ သင်ကြားမှု တာဝန်) ဖြစ်၏။
ကမ္မဋ္ဌာန်းဝိပဿနာတရား အားထုတ်ခြင်းသည် ဝိပဿနာဓုရ ဖြစ်၏။

**ဝီရိယ** = လုံ့လစိုက်မှု။
ဝီရိယ ကြိုးစားအားထုတ်မှသာ ဆင်းရဲဒုက္ခမှ လွန်မြောက်မည်။

**အက္ခဏ** = မဂ်ဖိုလ်ရရန် အခွင့်အခါ မဟုတ်သော အခါကာလ၊ အခွင့်ကောင်း- ခဏကောင်း မဟုတ်သော ကာလဒေသ ရှစ်ပါး။
အပြစ်ရှိသောအရပ်ကို ရပ်ပြစ်ဟုခေါ်သည်။ အပြစ်ဟု ဆိုသော်လည်း ထူးထူးခြားခြားဆိုးဝါးသော အပြစ်မဟုတ်၊ ထိုအရပ်သို့ရောက်နေလျှင် မဂ်ဖိုလ်ရောက်အောင် အားထုတ်ခွင့် မရသော နေရာဖြစ်၍ အပြစ်ရှိသောအရပ်ဟုဆိုလိုသည်။

<u>**ရပ်ပြစ်ရှစ်ပါး ရှိသည်-**</u>

၁။ ငရဲ၊

၂။ တိရစ္ဆာန်၊

၃။ ပြိတ္တာ (အသုရကာယ် အပါအဝင်)၊

၄။ အသက်ရှည်သော အရူပဘုံ၊ အသညသတ်ဘုံ၊

၅။ ဘုရားနှင့်ရဟန္တာများ မရောက်သော ပစ္စန္တရစ်အရပ်၊

၆။ မိစ္ဆာဒိဋ္ဌိ အယူရှိခြင်း၊

၇။ တရားကိုနားလည်နိုင်သော ဉာဏ်မရှိသူဖြစ်ခြင်း၊

၈။ ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သည့်အခါ လူဖြစ်ရခြင်း။
ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှိခိုးတိုင်း ဤရပ်ပြစ်ရှစ်ပါးမှ ကင်းလွတ်ငြိမ်းအေးအောင် ထည့်၍ ဆုတောင်းကြသည်။

**ဥပေါသထသီလ**= အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလ၊ ရှစ်ပါးသီလ။
ရှစ်ပါးသီလဆိုသည်မှာ အောက်ပါသိက္ခာပုဒ်များကို စောင့်ထိန်း ခြင်းဖြစ်သည်-

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
၂။ ပိုင်ရှင်မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊
၃။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊
၄။ မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊
၅။ မူးယစ်မေ့လျော့စေတတ်သော သေရည်သေရက် မူးယစ် ဆေးဝါးကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊
၆။ နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ခြင်း၊
၇။ ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းနှင့် ပန်းနံ့သာ အမွှေးအထုံ ပန်ဆင်လိမ်းကျံ တန်ဆာဆင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
၈။ မြင့်သောနေရာ မြတ်သောနေရာကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ခြင်း။

**အာဇီဝဋ္ဌမကသီလ**= စင်ကြယ်သော အသက်မွေးမှုလျှင် ရှစ်ခုမြောက်သောသီလ။
မတရားနည်းဖြင့် ပစ္စည်းဥစ္စာရှာဖွေအသက်မွေးမှုကို မိစ္ဆာဇီဝ ဟုခေါ်သည်။ ထိုမှရှောင်ကြဉ်ကာ တရားသဖြင့် ပစ္စည်းဥစ္စာရအောင် ရှာဖွေအသက်မွေးမှုကို သမ္မာအာဇီဝ ဟုခေါ်သည်။ ထိုသမ္မာအာဇီဝကို ရှစ်ခုမြောက်ထား၍ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မိစ္ဆာဇီဝတို့မှ ရှောင်ကြဉ်သော သီလဖြစ်သည်။

**ဓာတု** = ဓာတ်၊ မိမိသဘောအတိုင်း ဖြစ်သောတရား။
ပထဝီစသော ဓာတ်ကြီးလေးပါး၊ စက္ခုစသော ဓာတ် တစ်ဆယ့်ရှစ်ပါး စသည်ဖြင့် ဓာတ်အမျိုးမျိုး ရှိသည်။

**အာပေါဓာတု** = အာပေါဓာတ်၊ ရေဓာတ်၊ ဖွဲ့စည်းမှု ယိုစီးမှုသဘော။
ရေသည် ဖွဲ့စည်းမှု ယိုစည်းမှု သဘောရှိသောကြောင့် အာပေါဓာတ် လွှမ်းကဲသောအရာဖြစ်သည်။

**ပထဝီဓာတု**= ပထဝီဓာတ်၊ မြေဓာတ်၊ ခက်မာသောသဘော။
မြေသည် ခက်မာသော သဘောရှိသောကြောင့် ပထဝီဓာတ် လွန်ကဲသောအရာဖြစ်သည်။

**တေဇောဓာတု**= တေဇောဓာတ်၊ မီးဓာတ်၊ ပူမှု အေးမှုသဘော။
မီးသည် ပူမှုသဘောရှိသောကြောင့် ဥဏှတေဇောဓာတ် လွန်ကဲသော အရာဖြစ်သည်။
ရေခဲသည် အေးမှုသဘောရှိသောကြောင့် သီတတေဇောဓာတ် လွန်ကဲသော အရာဖြစ်သည်။

**မနောဓာတု**= မနောဓာတ်၊ အာရုံငါးပါးကို သိကာမျှသဘော။
အာရုံငါးပါးကို သိကာမျှဖြစ်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းစိတ် နှစ်ပါးတို့ကို မနောဓာတ် ဟုခေါ်သည်။

**မနောဝိညာဏဓာတု**= မနောဝိညာဏဓာတ်၊ အာရုံခြောက်ပါးကို အထူးသိမှု သဘော။
ဒွေပဉ္စဝိညာဏ် တစ်ဆယ်၊ မနောဓာတ် သုံးပါးတို့မှ ကြွင်းသော စိတ်-၇၆-ပါးတို့သည် အာရုံခြောက်ပါးတို့ကို အထူးသိတတ် သောကြောင့် မနောဝိညာဏဓာတ်မည်၏။

**ဝါယောဓာတု**= ဝါယောဓာတ် လေဓာတ်၊ လှုပ်ရှားမှုသဘော၊ ထောက်ကန်မှု တွန်းကန်မှုသဘော။
လေသည် ထောက်ကန်မှု တွန်းကန်မှု တောင့်တင်းမှု လှုပ်ရှားမှု သဘောရှိသောကြောင့် ဝါယောဓာတ် လွန်ကဲသော အရာဖြစ်သည်။

**အာကာသဓာတု**= အာကာသဓာတ်၊ ရေးခြစ်၍ မထင်သောသဘော၊ ဟာလာဟင်းလင်း သဘော။
ဥပရိပဏ္ဏာသပါဠိတော် ဓာတုဝိဘင်္ဂသုတ်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝိညာဏ၊ အာကာသ တို့ကို ဓာတ်ခြောက်ပါး အဖြစ် မြတ်စွာဘုရား ဟောကြားတော်မူသည်။

**ဝိမုတ္တိ** = လွတ်မြောက်ခြင်း။
ဝိမုတ္တိငါးမျိုးတို့ကား-

၁။ တဒင်္ဂဝိမုတ္တိ - ကာမာဝစရကုသိုလ်ဖြစ်ခိုက်တွင် ကိလေသာတို့မှ အခိုက်အတန့် လွတ်မြောက်မှု၊

၂။ ဝိက္ခမ္ဘနဝိမုတ္တိ - မဟဂ္ဂုတ်ကုသိုလ်ဖြစ်ခိုက် (ဈာန်ဝင်စားခိုက်)တွင် ကိလေသာမှ လွတ်မြောက်မှု၊

၃။ သမုစ္ဆေဒဝိမုတ္တိ - မဂ်ကုသိုလ်စိတ်ဖြစ်ခိုက်တွင် ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်မှု၊

၄။ ပဋိပဿဒ္ဓိဝိမုတ္တိ - ဖိုလ်စိတ်ဖြစ်ခိုက်(ဖိုလ်ဝင်စားခိုက်)တွင် ကိလေသာမှ လွတ်မြောက်မှု၊

၅။ နိဿရဏဝိမုတ္တိ - နိဗ္ဗာန်ကို မျက်မှောက်ပြုခိုက်တွင် ကိလေသာမှ လွတ်မြောက်မှု။

**အပ္ပဏိဟိတဝိမောက္ခ** = တဏှာဖြင့် တွယ်တာခြင်းမရှိ၍ ဒုက္ခာနုပဿနာဖြင့် ရအပ်သော မဂ်ဖိုလ် နိဗ္ဗာန်တရား။

မဂ်ရအံ့ဆဲဆဲ၌ ရုပ်နာမ် တစ်ခုခုကို ဒုက္ခအားဖြင့် ရှု၍ တောင့်တမှုကို စွန့်လွှတ်နိုင်သောကြောင့် အဆုံးစွန်၌ မဂ်ရလျှင် အပ္ပဏိဟိတဝိမောက္ခ မည်၏။

**အနိမိတ္တဝိမောက္ခ** = အနိစ္စအားခြင့် ရှု၍ဖြစ်သော လွတ်မြောက်မှု မဂ်ဖိုလ်နိဗ္ဗာန်။

**သုညတဝိမောက္ခ**= အတ္တမှ ကင်းဆိတ်ခြင်းကြောင့် ရသောမဂ်။

ရုပ်နာမ်တစ်ခုခုကို အနတ္တအားဖြင့် ရှု၍ အတ္တမှ ကင်းဆိတ်ခြင်းကြောင့် ရရှိသောမဂ်သည် သုညတဝိမောက္ခမည်၏။

**သုညတ** = ဆိတ်သုဉ်းသည့်သဘော၊ အတ္တစသည်မှ ကင်းဆိတ်သည့်သဘော။

ရုပ်နာမ်တစ်ခုခုကို အနတ္တဟု ဝိပဿနာရှု၍ အတ္တဟူသော စွဲလမ်းခြင်းမှ ကင်းဆိတ်သွားသည့် သဘောကို သုညတဟုခေါ်သည်။

**မောဃပုရိသ** -မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သူ။

မဂ်ဖိုလ်မရသေးသောပုဂ္ဂိုလ်နှင့် မဂ်ဖိုလ်မရနိုင်သောပုဂ္ဂိုလ်တို့ကို မောဃပုရိသ-မဂ်ဖိုလ်မှ အချည်းအနှီးဖြစ်သူဟူ၍ ခေါ်ကြသည်။

**သမ္ဗုဒ္ဓါ** = ပြည့်စုံခြင်း၊ မျက်မှောက်ဘဝ၌ ချမ်းသာသုခရကြောင်းတရား။

**မျက်မှောက်ဘဝ၌ ချမ်းသာသုခရကြောင်းတရားလေးပါးတို့မှာ-**

၁။ ဥဋ္ဌာနသမ္ပဒါ – ထကြွလုံ့လရှိမှုနှင့် ပြည့်စုံခြင်း၊
၂။ သမဇီဝိတသမ္ပဒါ – မိမိအခြေအနေနှင့်လိုက်ဖက်သော အသက်မွေးဝမ်းကျောင်းမှုမှ ရရှိသော ဝင်ငွေကို ညီမျှအောင် ခွဲဝေသုံးစွဲတတ်မှုနှင့် ပြည့်စုံခြင်း၊
၃။ အာရက္ခသမ္ပဒါ – ရပြီးသောဥစ္စာတို့ကို ထိန်းသိမ်းတတ်မှုနှင့် ပြည့်စုံခြင်း၊
၄။ ကလျာဏမိတ္တသမ္ပဒါ–အပေါင်းအသင်းဝင်ဆန့်မှုနှင့်ပြည့်စုံခြင်း–တို့ဖြစ်သည်။

**ဗောဓိ** = ၁။ သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ်၊
၂။ သစ္စာလေးပါးကို ထိုးထွင်း၍ သိရာဌာန၊ ဗောဓိပင်၊ ညောင်ပင်၊
၃။ သဗ္ဗညုတဉာဏ်။

**ဗောဓိသည်** သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိ ဟူ၍ သုံးမျိုးရှိ၏။

**ဗောဇ္ဈင်္ဂ** = ဗောဇ္ဈင်၊ မဂ်ဉာဏ်ရခြင်း၏အကြောင်း၊ သမ္ဗောဇ္ဈင်္ဂ–ဟူ၍လည်း ခေါ်၏။

ဗောဇ္ဈင်သည် သတိသမ္ဗောဇ္ဈင်စသောအားဖြင့် ခုနစ်ပါး အပြားရှိ၏။

## ဗောဇ္ဈင် ၇–ပါး

**သတိသမ္ဗောဇ္ဈင်္ဂ**–သတိသမ္ဗောဇ္ဈင်၊ မဂ်ဉာဏ်ရခြင်း၏ အကြောင်းဖြစ်သော အောက်မေ့မှုသတိ။

ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း စသော ကိုယ်နှုတ်အမူအရာ တို့၌ အမြဲမပြတ် သတိချပ်၍ ရှုမှတ်ခြင်း၊ သတိလက်လွတ်နေမှုကို ရှောင်ကြဉ်ခြင်း၊ သတိကောင်းသူကို မှီဝဲခြင်း၊ သတိဖြစ်စေရန် စိတ်ကို ညွှတ်ကိုင်းထားခြင်းတို့သည် သတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတရားတို့ပေတည်း။

**ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂ**–ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ မဂ်ဉာဏ်ရခြင်း၏ အကြောင်း ဖြစ်သော ရုပ်နာမ်တရားတို့ကို စိစစ်မှုပညာ။

ခန္ဓာ အာယတန စသည်တို့ကို အဖန်ဖန်မေးမြန်းခြင်း၊ ကိုယ်ကို သန့်ရှင်းစေခြင်း၊ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိကို ညီမျှစေခြင်း၊ ပညာမဲ့သူကို ရှောင်ခြင်း၊ ပညာရှိကို မှီဝဲခြင်း၊ ခန္ဓာ အာယတန ဓာတ်တို့ကို ဆင်ခြင်ခြင်း၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်စေရန် စိတ်ကို

ညွတ်ကိုင်း ထားခြင်းတို့သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတို့ ပေတည်း။

**ဝီရိယသမ္ဗောဇ္ဈင်**–ဝီရိယသမ္ဗောဇ္ဈင်၊ မဂ်ဉာဏ်ရခြင်း၏ အကြောင်းဖြစ်သော အားထုတ်မှုဝီရိယ။

အပါယ်ဘေးကို ဆင်ခြင်ခြင်း၊ ဝီရိယအကျိုးကို ရှုမျှော်ခြင်း၊ သူတော်ကောင်းတို့၏ လမ်းခရီးကို လိုက်သင့်သည်စု ဆင်ခြင်ခြင်း၊ အလှူရှင်တို့၏ စေတနာကို ထောက်ထားခြင်း၊ မင်ဖိုလ်တို့၏ ကြီးမြတ်မှုကို ဆင်ခြင်ခြင်း၊ မြတ်စွာဘုရားနှင့် ဘုရားသားတော် အမျိုးအနွယ် သီတင်းသုံးဖော်တို့၏ မြင့်မြတ်မှုကို ဆင်ခြင်ခြင်း၊ ပျင်းရိသူကို ရှောင်ကြဉ်ခြင်း၊ ဝီရိယကောင်းသူကို ဆည်းကပ်ခြင်း၊ ဝီရိယဖြစ်စေရန် စိတ်ကို ညွတ်ကိုင်းထားခြင်းတို့သည် ဝီရိယ သမ္ဗောဇ္ဈင် ဖြစ်ကြောင်းတို့ပေတည်း။

**ပီတိသမ္ဗောဇ္ဈင်**– ပီတိသမ္ဗောဇ္ဈင်၊ မဂ်ဉာဏ်ရခြင်း၏ အကြောင်းဖြစ်သော နှစ်သက်မှု ပီတိ။

ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ် ဒါန သီလဂုဏ် ကျေးဇူးများကို အောက်မေ့ခြင်း၊ သဒ္ဓါနည်းသူကို ရှောင်ကြဉ်ခြင်း၊ သဒ္ဓါကောင်းသူကို မှီဝဲခြင်း၊ ကြည်ညိုဖွယ် တရားများကို ရွတ်ဖတ် ဆင်ခြင်ခြင်း၊ ပီတိဖြစ်စေရန် စိတ်ကိုညွတ်ကိုင်း ထားခြင်းတို့သည် ပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတို့ပေတည်း။

**ပဿဒ္ဓိသမ္ဗောဇ္ဈင်**– ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ မဂ်ဉာဏ်ရ ခြင်း၏ အကြောင်းဖြစ်သော ငြိမ်းချမ်းမှု ပဿဒ္ဓိ။

မွန်မြတ်သော ဘောဇဉ်ကိုမှီဝဲခြင်း၊ လျောက်ပတ်သောဉတုကို မှီဝဲခြင်း၊ ချမ်းသာသောဣရိယာပုထ်ကို မှီဝဲခြင်း၊ ကံသာလျှင် ဥစ္စာရှိသည်ကို ဆင်ခြင်ခြင်း၊ ငြိမ်းချမ်းသော ကိုယ်စိတ်ရှိသူကို မှီဝဲခြင်း၊ ပဿဒ္ဓိဖြစ်စေရန် စိတ်ကိုညွတ်ကိုင်းထားခြင်းတို့သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း တို့ပေတည်း။

**သမာဓိသမ္ဗောဇ္ဈင်**– သမာဓိသမ္ဗောဇ္ဈင်၊ မဂ်ဉာဏ်ရခြင်း ၏ အကြောင်းဖြစ်သော တည်ငြိမ်မှု သမာဓိ။

ကိုယ်ကိုသန့်ရှင်းစင်ကြယ်စေခြင်း၊ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိကို ညီမျှစေခြင်း၊ ကသိဏ်းနိမိတ်အာရုံ၌ ကျွမ်းကျင်ခြင်း၊ ဆုတ်နစ်အား လျော့သောစိတ်ကို တက်ကြွစေခြင်း၊ ပျံ့လွင့်သော စိတ်ကိုနှိပ်ခြင်း၊ စိတ်ကိုရွှင်စေခြင်း၊ ကြောင့်ကြမစိုက်ဘဲ လျစ်လျူ ရှုခြင်း၊ ပျံ့လွင့်သူကိုရှောင်ခြင်း၊ တည်ကြည်သူကို မှီဝဲခြင်း၊ လွတ်မြောက်မှုကို ဆင်ခြင်ခြင်း၊ သမာဓိဖြစ်စေရန် စိတ်ကို ညွှတ်ထားခြင်း တို့သည် သမာဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတို့တည်း။

**ဥပေက္ခာသမ္ဗောဇ္ဈင်**- ဥပေက္ခာသမ္ဗောဇ္ဈင်၊ မဂ်ဉာဏ်ရခြင်း၏ အကြောင်းဖြစ်သော လျစ်လျူရှုမှု ဥပေက္ခာ။

ကံသာလျှင်ဥစ္စာရှိ၏ဟု ဆင်ခြင်ကာ ချစ်ခြင်း မုန်းခြင်းမပြုဘဲ လျစ်လျူရှုခြင်း၊ သင်္ခါရတရားတို့၏ ယာယီအခိုက်အတန့် သဘောကိုရှု၍ လျစ်လျူရှုခြင်း၊ သားသမီးစသော သတ္တဝါနှင့် ဥစ္စာပစ္စည်း ချစ်ခင်တတ်မှုကို ရှောင်ကြဉ်ခြင်းတို့သည် ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ကြောင်းတရားတို့ပေတည်း။

**ဌာပနာ**- ဌာပနာသွင်းခြင်း၊ တည်ခြင်း၊ ထည့်သွင်းထားခြင်း။

ဂေါပကအဖွဲ့ဝင် လူကြီးမင်းများသည် စေတီတော်အတွင်းသို့ မြတ်စွာ ဘုရား၏ ဓာတ်တော်များကို ဌာပနာသွင်းလှူ ပူဇော်တော်မူကြသည်။

**ဣဿာ** = မနာလိုမှု၊ ငြူစူမှု။

သူတစ်ပါး တိုးတက်ကြီးပွား ပြည့်စုံနေသည်ကို မနာလို မကြားလို မကြည့်လိုခြင်းသဘောကို ဣဿာ ဟုခေါ်သည်။

**ဥပေက္ခာ** = ဝမ်းမသာ ဝမ်းမနည်းဖြစ်ခြင်း၊ လျစ်လျူရှုခြင်း။

ချမ်းသာသော သတ္တဝါ ဆင်းရဲသော သတ္တဝါများအပေါ်၌ အညီအမျှရှိနိုင်ခြင်းသည် ဥပေက္ခာဗြဟ္မစိုရ် တရားဖြစ်သည်။

**သဿတဒိဋ္ဌိ**-

ဘဝမြဲ၏ဟူသောအယူ၊ ဘဝဒိဋ္ဌိဟုလည်းခေါ်၏။

သဿတဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိ (အတ္တဒိဋ္ဌိ)ကို အခြေခံ၍ ဖြစ်ပေါ် လာသော အယူဝါဒဖြစ်သည်။

**ထာဝရပုညု**- ထာဝရကုသိုလ်။

အမြဲတမ်း ကုသိုလ်ဖြစ်နေသော ဒါနခြောက်မျိုးကို ထာဝရပုညဟု ခေါ်သည်။

(၁) အာရာမရောပဒါန - ပန်းဥယျာဉ် သစ်သီးဥယျာဉ် စိုက်ပျိုး လှူဒါန်းခြင်း၊

(၂) ဝနရောပဒါန - အရိပ်ရပင်၊ စားသုံးပင်များ စိုက်ပျိုး လှူဒါန်းခြင်း၊

(၃) သေတုကာရကဒါန- တံတားခင်း လမ်းဖောက်၍ လှူဒါန်းခြင်း၊

(၄) ပပါဒါန - ရေချမ်းစင်တည်၍ လှူဒါန်းခြင်း၊

(၅) ဥဒပါနဒါန - ရေတွင်းရေကန် ရေမြောင်းတူး၍ လှူဒါန်းခြင်း၊

(၆) ဥပဿယဒါန - ကျောင်းကန်အဆောက်အအုံ လှူဒါန်းခြင်း။

**မာရ** = မာရ်၊ မာရ် ငါးပါး (မာရ်ငါးမျိုး)

(၁) ခန္ဓမာရ် (ခန္ဓာငါးပါး)၊

(၂) အဘိသင်္ခါရမာရ်(ဘဝကို စီမံဖန်တီးပေးသောကုသိုလ် အကုသိုလ်ကံ)၊

(၃) မစ္စုမာရ် (သေခြင်းတရား)၊

(၄) ဒေဝပုတ္တမာရ် (မာရ်နတ်သား)၊

(၅) ကိလေသမာရ် (ကိလေသာတရားများ)။

**ဘဂဝါ** = မြတ်စွာဘုရား၊

ဘုရားဂုဏ်တော် ကိုးပါးတို့တွင် ဘဂဝါဂုဏ်တော်သည် တစ်ပါး အပါအဝင်ဖြစ်သည်။

**ဓမ္မကထိက**= တရားဓမ္မဟောပြောသူ။

ရဟန်းသည် ခန္ဓာငါးပါး၌ ငြီးငွေ့စေခြင်း အလို့ငှာလည်းကောင်း၊ ခန္ဓာကိုယ်တို့၌ ကပ်ငြိခြင်းမှ လွတ်မြောက်စေခြင်း အလို့ငှာ လည်းကောင်း၊ ခန္ဓာတို့၌ ချုပ်ငြိမ်းစေခြင်းအလို့ငှာ သို့မဟုတ် ဘဝ ပြန်မဖြစ်စေခြင်း အလို့ငှာလည်းကောင်း ဟောပြောပြသ၏။ ထိုသူကို ဓမ္မကထိက တရားဟောသူဟူ၍ ခေါ်ဆိုထိုက်၏။

**ဓမ္မဒေသနာ**= တရားဟောခြင်း။

မြတ်စွာဘုရား၏ တရားတော်သည် သတ္တဝါတို့၏ ကောင်းကျိုးချမ်းသာကို အများဆုံးဆောင်ကြဉ်း ပေးနိုင်သဖြင့် သူတစ်ပါးတို့အား တရားဟောခြင်းသည် အလွန်ကြီးကျယ်သည့် ကောင်းမှုတစ်ရပ်ဖြစ်၏။

**စက္ခု** = မျက်စိ၊ အမြင်။

ဗုဒ္ဓစာပေ၌ စက္ခုအမြင် ငါးမျိုးရှိသည်။

စက္ခုငါးပါးကား -

(၁) ဗုဒ္ဓစက္ခု-ဣန္ဒြေအနုအရင့်ကိုလည်းကောင်း၊ သတ္တဝါတို့၏ လိုအင်ဆန္ဒကိုလည်းကောင်း သိသော ဉာဏ်မျက်စိ။

(၂) သမန္တစက္ခု-အလုံးစုံသော တရားတို့ကိုသိသော သဗ္ဗညုတဉာဏ်မျက်စိ။

(၃) ဓမ္မစက္ခု -သစ္စာလေးပါးတရားကို သိသောဉာဏ်မျက်စိ။

(၄) ဒိဗ္ဗစက္ခု-နတ်မျက်စိနှင့်တူသော အဘိညာဉ် မျက်စိ။

(၅) ပသာဒစက္ခု-ရူပါရုံကိုမြင်နိုင်သော အကြည်ဓာတ် မျက်စိ။

**စက္ခုဝိညာဏ**=မြင်သိစိတ်။

ရူပါရုံနှင့် စက္ခုပသာဒ ပေါင်းစုံမိသောအခါ မြင်သိစိတ်ဖြစ်ပေါ်လာ၏။

**စက္ခုန္ဒြိယ**= စက္ခုန္ဒြေ၊ မြင်မှု၌ အစိုးတရရှိသောတရား။

မြင်မှု၌ အစိုးတရရှိသောကြောင့် မျက်စိအကြည်ဓာတ်ကို စက္ခုန္ဒြေဟု ခေါ်သည်။

**ဒါဌာဓာတု**= စွယ်တော်ဓာတ်၊ စွယ်တော်။

စွယ်တော်ဓာတ် လေးဆူအနက် လက်ယာအထက် စွယ်တော်သည် တာဝတိံသာနတ်ပြည်၌ လည်းကောင်း၊ လက်ယာအောက် စွယ်တော်သည် ဂန္ဓာရတိုင်း၌ လည်းကောင်း၊ လက်ဝဲအထက်စွယ်တော်သည် ကလိင်္ဂတိုင်း၌ လည်းကောင်း၊ လက်ဝဲအောက်စွယ်တော်သည် နဂါးပြည်၌ လည်းကောင်း တည်ရှိလေသည်။

**အပရိဟာနိယဓမ္မ**- အပရိဟာနိယတရား၊ ဆုတ်ယုတ်ပျက်စီးခြင်း မရှိသော တရား၊ တိုးတက်ကြီးပွားမှုကိုဖြစ်စေတတ်သောတရား။

တိုင်းပြည်စည်ကားတိုးတက်ကြောင်း အပရိဟာနိယတရား ခုနစ်ပါးမှာ-

၁။ မပြတ်စည်းဝေးခြင်း၊

၂။ အညီအညွတ်စည်းဝေးခြင်း၊ အညီအညွတ်အစည်းအဝေးမှ ထခြင်း၊

၃။ ရှေးကမရှိခဲ့သော ဥပဒေစည်းကမ်းကို အသစ်မပညတ်ခြင်းရှိပြီး ဥပဒေစည်းကမ်းကို မဖျက်ခြင်း၊ ပညတ်ထားသည့်အတိုင်း လိုက်နာကျင့်သုံးခြင်း၊

၄။ အသက်အရွယ်ကြီးသူတို့ကို ရိုသေလေးမြတ်ပူဇော်ခြင်း၊

၅။ အမျိုးသမီးကြီး၊ အမျိုးသမီးငယ်တို့ကို အနိုင်ထက်ပြု၍ မပေါင်းသင်းခြင်း၊

၆။ ကျောင်း၊ ကန်၊ ဘုရားစေတီ စသည်ကို ရိုသေလေးမြတ် ပူဇော်၍ အစဉ်အလာ ပူဇော်မှုမပျက် ဆက်လက်ဆောင်ရွက် အားထုတ်ခြင်း၊

၇။ သီလသမာဓိပညာတို့နှင့် ပြီးပြည့်စုံသော ရဟန်းတို့ကို ချီးမြှောက်စောင့်ရှောက်ခြင်းနှင့် နိုင်ငံတော်သို့ ပင့်ဆောင်၍ ချမ်းသာစွာ သီတင်းသုံးနေထိုင်စေခြင်း။

**ဣန္ဒြိယ** = ဣန္ဒြေ၊ အစိုးတရရှိမှု။
ရုပ်တရား နာမ်တရားတို့တွင် အစိုးတရရှိသော ရုပ်နာမ်တို့ကို ဣန္ဒြေ ဟုခေါ်သည်။

**သမာဓိန္ဒြိယ**= သမာဓိန္ဒြေ၊ တည်ကြည်မှု၌ အစိုးတရရှိသောတရား။
သမာဓိတရားကို တည်ကြည်မှု၌ အစိုးတရရှိသောကြောင့် သမာဓိန္ဒြေဟု ခေါ်သည်။

**သဒ္ဓိန္ဒြိယ**= သဒ္ဓိန္ဒြေ၊ ယုံကြည်မှု၌ အစိုးတရရှိသောတရား။
သဒ္ဒါတရားကို ယုံကြည်မှု၌ အစိုးတရရှိသောကြောင့် သဒ္ဓိန္ဒြေဟု ခေါ်သည်။

**ဝီရိယိန္ဒြိယ**= ဝီရိယိန္ဒြေ၊ အားထုတ်မှု၌ အစိုးတရရှိသောတရား။
ဝီရိယတရားကို အားထုတ်မှု၌ အစိုးတရရှိသောကြောင့် ဝီရိယိန္ဒြေဟု ခေါ်သည်။

**ဣတ္ထိန္ဒြိယ**= ဣတ္ထိန္ဒြေ၊ မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးတရရှိသောတရား။

ကုက္ကုတ္တိဘာဝရုပ်ကို မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးတရရှိသောကြောင့် ကုက္ကုတ္တိန္ဒြေ ဟုခေါ်သည်။

**သောမနဿိန္ဒြိယ**= သောမနဿိန္ဒြေ၊ စိတ်ချမ်းသာမှု၊ ဝမ်းမြောက်မှု၌ အစိုးတရ ရှိသောတရား။

စိတ်ချမ်းသာမှု၊ ဝမ်းမြောက်မှု၌ အစိုးတရရှိသောကြောင့် သောမနဿဝေဒနာကို သောမနဿိန္ဒြေ ဟုခေါ်သည်။

**ပုရိသိန္ဒြိယ** = ပုရိသိန္ဒြေ၊ ယောကျ်ား (အထီး၊ အဖို) ဖြစ်ကြောင်း၌ အစိုးတရ ရှိသောတရား။

ပုရိသဘာဝရုပ်ကို ယောကျ်ား (အထီး၊ အဖို)ဖြစ်ကြောင်း၌ အစိုးတရရှိသောကြောင့် ပုရိသိန္ဒြေ ဟုခေါ်သည်။

**မနိန္ဒြိယ** = မနိန္ဒြေ၊ သိမှု၌ အစိုးတရရှိသောတရား။

သိမှု၌ အစိုးတရရှိသောကြောင့် စိတ်ကို မနိန္ဒြေ ဟုခေါ်သည်။

**သတိန္ဒြိယ**= သတိန္ဒြေ၊ အောက်မေ့မှု၌ အစိုးတရရှိသောတရား။

အောက်မေ့မှု၌ အစိုးတရရှိသောကြောင့် သတိကို သတိန္ဒြေဟု ခေါ်သည်။

**ရူပဇီဝိတိန္ဒြိယ**- ရုပ်ဇီဝိတိန္ဒြေ၊ ရုပ်သက်၊ ဇီဝိတရုပ်။

ဇီဝိတရုပ်သည် ကံကြောင့်ဖြစ်သော ရုပ်ကလာပ်များနှင့် ယှဉ်၍ ဖြစ်ပေါ်ပြီး ထိုရုပ်ကလာပ်အတွင်းရှိ ရုပ်များသက်တမ်းပြည့် တည်တံ့အောင် စောင့်ထိန်းပေး၏။ သေသည့်အခါ၌ ယင်းကမ္မဇရုပ်တို့နှင့် အတူပင် ချုပ်ငြိမ်းသည်။

**ဇီဝိတိန္ဒြိယ**= ဇီဝိတိန္ဒြေ၊ အတူဖြစ်ဖက် ရုပ်နာမ်တရားကို အသက်ရှည်ကြာ တည်တံ့အောင် စောင့်ရှောက်ရာ၌ အစိုးတရရှိသော တရား

ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေဟူ၍ နှစ်မျိုးရှိသည်။ ရုပ်ဇီဝိတိန္ဒြေသည် အတူဖြစ်ဖက် ရုပ်တရားတို့ကို အသက်ရှည်အောင် စောင့်ရှောက်ရာ၌ အစိုးတရရှိသည်။ နာမ်ဇီဝိတိန္ဒြေသည် အတူဖြစ်ဖက် နာမ်တရားတို့ကို အသက်ရှည်အောင် စောင့်ရှောက်ရာ၌ အစိုးတရရှိသည်။

**ပညတ္တိနှိုးယ**= ပညတ်ချေ့၊ ပိုင်းခြားသိမှု၌ အစိုးတရရှိသောတရား။
ပိုင်းခြားသိမှု၌ အစိုးတရရှိသောကြောင့် ပညာကို ပညတ်ချေ့ဟု ခေါ်သည်။

**ပါရာဇိက** = ပါရာဇိကအာပတ်၊ ရဟန်းအဖြစ်မှ ဆုံးရှုံးစေနိုင်သောအပြစ်။
ထိုအပြစ်များမှာ-

၁။ မေထုန်အမှုကို ကျူးလွန်မှု၊
၂။ သူတစ်ပါးပစ္စည်းကို ခိုးယူမှု၊
၃။ လူ၏အသက်ကို သတ်မှု၊
၄။ ဈာန်မဂ်ဖိုလ်တရားထူးများကို မရရှိဘဲ ရရှိသည်ဟု လိမ်ညာပြောဆိုမှု တို့ဖြစ်သည်။

ထိုပြစ်မှုလေးမျိုးကို ကျူးလွန်သော ရဟန်းတော်များသည် သာသနာတော်၌ ရဟန်းဘဝဖြင့် နေထိုင်ခွင့်မရရှိတော့ဘဲ လူ့ဘဝသို့ ပြောင်းရွှေ့နေထိုင်ရသည်။ နောက်ထပ်လည်း ရဟန်းပြုခွင့်မရှိတော့။ သာမဏေဘဝဖြင့်ကား နေခွင့်ရှိသည်။ ၄င်းအပြစ်များသည် မြတ်စွာဘုရား ပညတ်ထားခဲ့သော -၂၂၇-ပါးသော သိက္ခာပုဒ်တို့တွင် အပြစ်အကြီးလေးဆုံး ဖြစ်သည်။

**မုသာဝါဒ** = မဟုတ်မမှန် ပြောဆိုခြင်း၊ မုသားစကား။
နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ကိုယ်လက်လှုပ်ပြ၍ဖြစ်စေ၊ သူတစ်ပါးအကျိုးကို ပျက်စီးအောင် မဟုတ်မမှန် လိမ်ညာလျှင် မုသာဝါဒဖြစ်သည်။
သူတစ်ပါးအကျိုးစီးပွား အနည်းငယ်ပျက်စီးလျှင် အပြစ်ငယ်၏။ များစွာပျက်စီးလျှင် အပြစ်ကြီး၏။

၁။ မဟုတ်မမှန်သောစကားဖြစ်ခြင်း၊
၂။ လိမ်ညာလိုသောစေတနာရှိခြင်း၊
၃။ လိမ်ညာ၍ပြောဆိုခြင်း၊
၄။ ပြောမည့်အဓိပ္ပါယ်ကို သူတစ်ပါးကသိခြင်း-ဟူသော ဤအင်္ဂါလေးပါးနှင့်

ညီက ကံမြောက်သည်။ သေလျှင်အပါယ်ဘုံ၌ ဆင်းရဲစွာခံစားရမည်။ လူဖြစ်လာသော်မှ အောက်ပါဆိုးကျိုးများ ခံစားရမည်။

၁။ စကားမပီခြင်း၊

၂။ သွားမညီညွတ်ခြင်း၊

၃။ ခံတွင်းပုပ်ညှီခြင်း၊

၄။ အသားရေမွဲခြောက်ခြင်း၊

၅။ မျက်စိ၊ နား မကြည်လင်ခြင်း၊

၆။ ရုပ်အဆင်းချို့တဲ့ခြင်း၊

၇။ ဩဇာအာဏာမတည်ခြင်း၊

၈။ နှုတ်၊ လျှာ၊ ပြောဆိုမှုကြမ်းတမ်းခြင်း၊

၉။ စိတ်မတည် လျှပ်ပေါ်လော်လည်ခြင်း။

**ဥပေါသထဒိဝသ**- ဥပုသ်နေ့၊ လူပုဂ္ဂိုလ်များ ရှစ်ပါးသီလကျင့်သုံးသောနေ့၊ သံဃာတော်များ ဥပုသ်ပြုသောနေ့။

မြတ်စွာဘုရား၏ သာသနာတော်၌ ရှစ်ပါးသီလစောင့်ထိန်းရသောနေ့များကို (ဥပေါသထဒိဝသ) ဥပုသ်နေ့များဟု ခေါ်ဆိုသတ်မှတ်ကြသည်။ လဆန်းရှစ်ရက်၊ လဆန်းတစ်ဆယ့်ငါးရက် (လပြည့်နေ့)၊ လဆုတ်ရှစ်ရက်၊ လဆုတ်တစ်ဆယ့်လေးရက် (သို့မဟုတ်) တစ်ဆယ့်ငါးရက် (လကွယ်) နေ့များသည် လူပုဂ္ဂိုလ်တို့၏ ဥပုသ်နေ့များ ဖြစ်ကြသည်။

ရဟန်းတော်များသည် လပြည့်၊ လကွယ်နေ့များ၌ ပါတိမောက်ရွတ်ဆို၍ ဥပုသ်ပြုကြရသည်။

**ဘယ** = ဘေး၊ ကြောက်လန့်ခြင်း။

**ဩတ္တပ္ပ** = မကောင်းမှုမှ ကြောက်လန့်မှု။

**သံယောဇန** = သံယောဇဉ်၊ အနှောင်အဖွဲ့။

ကာမရာဂသံယောဇဉ် စသောအားဖြင့် သံယောဇဉ်ဆယ်ပါး ရှိသည်။

**ရူပဘူမိ** = ရူပဘုံ။

ရူပဗြဟ္မာများနေသော ရူပဘုံသည် ပထမစျာန်ဘုံ စသည်ဖြင့်

တစ်ဆယ့်ခြောက်ဘုံရှိသည်။

**ပုဗ္ဗာစရိယ**= လက်ဦးဆရာ။

မိဘနှစ်ပါးကို လက်ဦးဆရာဟု ခေါ်ဆိုသည်။

**ပဉ္စပတိဋ္ဌိတ**= တည်ခြင်းငါးပါး။

အကျိုးနွံဆုံးသော ကိုယ်အမူအယာ ထင်ရှားစေသောအားဖြင့် ရှိခိုးဦးချသောအခါ တည်ခြင်းငါးပါးမှာ-

၁။ ဒူးနှစ်ဖက် မြေ၌ ညီညာစွာတည်ထားခြင်း၊

၂။ လက်ဝါးနှစ်ဖက်ကို မြေပေါ်၌ ဖြန့်ထားခြင်း၊

၃။ နဖူးနှင့် မြေကို ထိထားခြင်း၊

၄။ တံတောင်ဆစ်နှစ်ဖက် မြေ၌ ထိထားကာ လက်ကိုရှေ့သို့ ဆန့်ထားခြင်း၊

၅။ ခြေနှစ်ဖက် မြေ၌ တည်ခြင်း-တို့ဖြစ်သည်။

**ပဉ္စာနန္တရိယကမ္မ**- ပဉ္စာနန္တရိယကံ၊ သေလွန်သည်နှင့် တစ်ပြိုင်နက် အခြားမဲ့ဘဝ၌ အပါယ်ငရဲသို့ မလွဲမသွေ ရောက်စေနိုင်သော အကုသိုလ်ကံ။

ထိုအကုသိုလ်ကံမှာ-

၁။ အမိကိုသတ်ခြင်း၊

၂။ အဖကိုသတ်ခြင်း၊

၃။ ရဟန္တာကိုသတ်ခြင်း၊

၄။ ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုခြင်း၊

၅။ သံဃာ အသင်းခွဲခြင်း ဟူ၍ ငါးပါးရှိ၏။

**စေတောခိလ**- ရဟန်းစိတ်ဝယ် မပယ်စွန့်ရသေးသော စိတ်၏ဆူးငြောင့်ခလုတ်ငါးမျိုး။

မပယ်ရသေးသော စိတ်၏ဆူးငြောင့်ခလုတ် (စေတောခိလ) ငါးမျိုးတို့မှာ-

၁။ ရဟန်းသည် မြတ်စွာဘုရား၌ ယုံမှား၏။ တွေးတော၏။ မဆုံးဖြတ်နိုင်။ စိတ်မရှင်းလင်း။

၂။ ရဟန်းသည် တရား၌ ယုံမှား၏။ တွေးတော၏။ မဆုံးဖြတ်နိုင်။ စိတ်မရှင်းလင်း။

၃။ ရဟန်းသည် သံဃာ၌ ယုံမှား၏။ တွေးတော၏။ မဆုံးဖြတ်နိုင်။ စိတ်မရှင်းလင်း။

၄။ ရဟန်းသည် အကျင့်သိက္ခာ၌ ယုံမှား၏။ တွေးတော၏။ မဆုံးဖြတ်နိုင်။ စိတ်မရှင်းလင်း။

၅။ ရဟန်းသည်, သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက်၊ စိတ်နာတတ်၏၊ ဆူးငြောင့် ခလုတ်သဖွယ် ဖြစ်၏။

**ပဥ္စသီလ** = ငါးပါးသီလ။

ငါးပါးသီလတွင် ဗုဒ္ဓဘာသာဝင်အားလုံး စောင့်ထိန်းအပ်သည့် သိက္ခာပုဒ်ငါးပါး ပါဝင်၏။ ထိုသိက္ခာပုဒ်များမှာ-

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ ပိုင်ရှင်မပေးအပ်သောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

၃။ ကာမဂုဏ်တရားတို့၌ မှားယွင်းစွာ ကျင့်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊

၄။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

၅။ မူးယစ်မေ့လျော့စေတတ်သော သေရည်သေရက် မူးယစ်ဆေးဝါးများကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း တို့ဖြစ်ပါသည်။

**ဓဇထမ္ဘ** = အလံတိုင်၊ တံခွန်တိုင်။

ဗုဒ္ဓဘာသာဝင်တို့သည် စေတီပုထိုးတိုင်းတွင် အလံတံခွန်တိုင်ကို စိုက်ထူ လှူဒါန်းကြသည်။

**အညတိတ္ထိယ** = ဂေါတမဘုရား အယူမှတစ်ပါး အခြားအယူရှိသူ။

မြတ်စွာဘုရား၏ သာသနာပြင်ပ၌ ဘာသာရေးဂိုဏ်းများစွာ ရှိခဲ့၏။ ၎င်းတို့ကို အညတိတ္ထိယဂိုဏ်း ဟုခေါ်သည်။

**သလာကဘတ္တ**- စာရေးတံမဲချ၍ သံဃာကို ပင့်ဖိတ်လှူဒါန်းသည့်ဆွမ်း။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် သံဃာတော်များအား သလာကဘတ်(စာရေးတံဆွမ်း)ကို ဆက်ကပ်လှူဒါန်းလေ့ရှိကြသည်။

**မတကဘတ္တ**- မတကဘတ်၊ ရက်လည်ဆွမ်း၊ သပိတ်သွတ်ဆွမ်း။

တစ်စုံတစ်ဦး သေလွန်၍ ခုနစ်ရက်မြောက်နေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် သေဆုံးသူအားရည်စူး၍ သာဓုခေါ်နိုင်စေရန် သံဃာတော်တို့အား ဆွမ်းဆက်ကပ်၍ အမျှဝေကြသည်။

**အာရညိက**= တောနေရဟန်း၊ တောရဆောက်တည်သူ။

**စတုသစ္စ** = အရိယာသစ္စာလေးပါး။

အရိယာတို့ သိအပ်သော သစ္စာလေးပါးကား-

၁။ ဒုက္ခသစ္စာ-ခန္ဓာငါးပါးသည် ဆင်းရဲခြင်းသာတည်း၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာနှလုံးမသာယာခြင်းတို့သည် ဒုက္ခသစ္စာမည်၏။

၂။ သမုဒယသစ္စာ - ခန္ဓာကိုယ်ကို တွယ်တာမှုသည် ဆင်းရဲကြောင်း သမုဒယသစ္စာမည်၏။

၃။ နိရောဓသစ္စာ - တဏှာချုပ်ငြိမ်းမှုသည် ဆင်းရဲငြိမ်းမှု နိရောဓသစ္စာမည၏။

၄။ မဂ္ဂသစ္စာ - ဆင်းရဲငြိမ်းကြောင်းဖြစ်သော မဂ်ဉာဏ်သည် မဂ္ဂသစ္စာမည်၏။

**စတုပါရိသုဒ္ဓိသီလ**- ရဟန်းတော်များ စင်ကြယ်အောင် ထိန်းသိမ်းထိုက်သော အကျင့်သီလ ကျင့်ဝတ်လေးပါး၊ ဘိက္ခုသီလ။ (ဘိက္ခုသီလကြည့်)

**စတုမဟာပဒေသ**- မဟာပဒေသလေးမျိုး။

မြတ်စွာဘုရား၏ စကားတော်စင်စစ် ဟုတ်မဟုတ်ကို စိစစ်နည်းလေးမျိုးဖြစ်သည်။

**စတုရာရက္ခကမ္မဋ္ဌာန**- အစောင့်အရှောက်ကမ္မဋ္ဌာန်းလေးပါး။

**စတုရာရက္ခအမည်ရသော အစောင့်အရှောက် ကမ္မဋ္ဌာန်းလေးပါးမှာ-**

၁။ ဗုဒ္ဓါနုဿတိ - မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်း၊

၂။ အသုဘကမ္မဋ္ဌာန်း - လူသေကောင်၏ ရွံ့ရှာဖွယ်သဘောကို အဖန်ဖန် အောက်မေ့ ဆင်ခြင်ခြင်း၊

၃။ မရဏာနုဿတိ - မိမိ၏ သေခြင်းသဘောကို အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်း၊

၄။ မေတ္တာဘာဝနာ - မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခြင်း တို့ဖြစ်သည်။

**အာမိသ**= ကိလေသာတို့ဖြင့် သုံးသပ်အပ်သောအရာ၊ ပစ္စည်းလေးပါး။

ရဟန်းတော်များ လက်ခံနိုင်ခွင့်ရှိသော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးသည် ကိလေသာဖြင့် သုံးသပ်အပ်သောကြောင့် အာမိသမည်၏။

**ဝဏ္ဏ** = အမျိုးဇာတ်။

အမျိုးဇာတ်လေးပါးရှိ၏။ ၄င်းတို့မှာ-

၁။ ခတ္တိယ - မင်းမျိုး၊

၂။ ဗြာဟ္မဏ - ပုဏ္ဏားမျိုး၊

၃။ ဝေဿ - ကုန်သည်မျိုး၊

၄။ သုဒ္ဒ - အလုပ်သမား လူတန်းစားမျိုးတို့ ဖြစ်သည်။

**သာမညဖလ**=ရဟန်းဖြစ်ရခြင်း၏ အကျိုး၊ သာမညဖလသုတ်။

မြတ်စွာဘုရားသည် အဇာတသတ်မင်းအား သာမညဖလသုတ် ဒေသနာကို တန်ဆောင်မုန်းလပြည့် ညချမ်းအချိန်၌ ဟောကြားတော်မူ၏။

**မေတ္တေယျ**= မေတ္တေယျဘုရားရှင်။

ဤဘဒ္ဒကမ္ဘာ၌ ပဉ္စမမြောက်ပွင့်တော်မူမည့် ဗုဒ္ဓမြတ်စွာဘုရား၏ ဘွဲ့အမည်တော်ဖြစ်သည်၊ အချို့ကျမ်းတို့၌ အရိမေတ္တေယျဟုလည်း ရှိသည်။ လူတို့၏ သက်တမ်းအနှစ် ရှစ်သောင်းသို့ ရောက်သောအခါ လောက၌ မေတ္တေယျဘုရားရှင် ပွင့်တော်မူလိမ့်မည်ဟု စက္ကဝတ္တိသုတ်၌ ဟောကြားထားပါသည်။ လူတို့၏သက်တမ်းသည် အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်းအထိ ဆုတ်ယုတ်သွားသော ဆုတ်ကပ်နှင့် ဆယ်နှစ်တမ်းမှ တဖြည်းဖြည်း အသင်္ချေယျတမ်းအထိ

တက်သွားသော တက်ကပ်ဟု နှစ်မျိုးရှိသည့်အနက် တက်ကပ်ကာလ၌ ဘုရားရှင်တို့ပွင့်တော်မမူကြပေ။ ဆုတ်ကပ်ကာလ၌သာ ပွင့်တော်မူကြသည်။ ယခုလက်ရှိ လူတို့၏ သက်တမ်းသည် ဆုတ်ကပ်ကာလဖြစ်၍ ဆယ်နှစ်တမ်းအထိ ဆုတ်ယုတ်ဦးမည်။ ထိုဆယ်နှစ်တမ်းမှ တစ်ဖန် အသင်္ချေယျတမ်းအထိ တက်သွားမည်။ ထိုအသင်္ချေယျတမ်းမှ ဆုတ်လာပြီး အနှစ်ရှစ်သောင်းတမ်းသို့ အရောက်တွင် မေတ္တေယျဘုရားရှင် ပွင့်တော်မူမည်ဖြစ်သည်။

**ရတန** = ရတနာ၊ နှစ်သက်ဖွယ် မြတ်နိုးဖွယ်အရာ။

၁။ ရတနာသုံးပါး၊ ဘုရား တရား သံဃာ။

၂။ ရတနာခုနစ်ပါး-

သုဝဏ္ဏ - ရွှေ

ရဇတ - ငွေ

မုတ္တာ - ပုလဲ

မဏိ - ပတ္တမြား

ဝေဠုရိယ - ကြောင်မျက်ရွဲ

ဝဇိရ - စိန်

ပဝါဠ - သန္တာ

၃။ သားသမီးရတနာ၊ ဆင်၊ မြင်းရတနာ စသည်တို့ဖြစ်သည်။

**စာဂ** = စွန့်ကြဲပေးကမ်းခြင်း။

**ဘဂဝါ** = ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။

**သပဒါနစာရီ** = အိမ်စဉ်ရပ်၍ ဆွမ်းခံခြင်း။

ဘုရားရှင် အဆူဆူတို့သည် အိမ်စဉ်အတိုင်းရပ်၍ ဆွမ်းခံရသော ကျင့်ဝတ်ကို အလေးအမြတ်ထား၍ ပြုကြသည်။ မြတ်စွာဘုရား၏ တပည့်သား ရဟန်းတော်များလည်း ထိုအိမ်စဉ်ရပ်၍ ဆွမ်းခံခြင်းကို ကျင့်ဝတ် တစ်ခုအနေဖြင့် ဖြည့်ကျင့်ကြသည်။ အလှူရှင်များ အကျိုးစီးပွား ဖြစ်ထွန်းရန် အတွက်သာ အိမ်စဉ်ရပ်၍ ဆွမ်းခံခြင်း အမှုကို ပြုကြခြင်းဖြစ်သည်။ အိမ်စဉ်လျှောက်၍ တောင်းရမ်းစားသောက်ကြခြင်းမဟုတ်။

ဆွမ်းကိုရည်မှတ်၍ အိမ်စဉ်ရပ်ခြင်း၌ မမေ့ရ၊ ကောင်းစွာ ကျင့်အပ်သော ဆွမ်းခံခြင်း အကျင့်မြတ်ကို ကျင့်ရာ၏ ဟု ဟောတော်မူသည်။

**ဇာတရူပ** = ရွှေ။
ရွှေတုံးရွှေခဲသာမက ရွှေဖြင့်ပြုလုပ်ထားသော အဝတ်တန်ဆာအားလုံး အကျုံးဝင်သည်။

**လောဘ** = လိုချင်မှု။
လောဘသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သည်။

**ပဥ္စဝဂ္ဂိယ** = ပဥ္စဝဂ္ဂီ၊ ငါးပါးအပေါင်းအစုရှိသော ရဟန်း။
ပဥ္စဝဂ္ဂီငါးပါးတို့သည် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ အဦးဆုံးသော တပည့်သာဝကများ ဖြစ်ကြသည်။ ယင်းတို့၏ အမည်များမှာ- ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်နှင့် အဿဇိတို့ ဖြစ်ကြသည်။

**လောကပါလဓမ္မ**-
လောကကို စောင့်ရှောက်တတ်သော တရား။ (လူသားများကို မပျက်စီးရအောင် စောင့်ရှောက်တတ်သောတရား)
ယင်းတရားတို့သည်-
၁။ ဟိရီ - မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်း။
၂။ ဩတ္တပ္ပ - မကောင်းမှုပြုလုပ်ရမည်ကို ကြောက်လန့်ခြင်း တို့ဖြစ်သည်။ ဟိရီ၊ ဩတ္တပ္ပတရားနှစ်ပါးသည် ကိုယ်ကျင့်သီလ၏ နီးစွာသော အကြောင်းတရားများ ဖြစ်ပါသည်။ ယင်းတရားနှစ်ပါးမရှိက လောက၌ အမိနှင့်သား၊ မောင်နှင့်နှမဟူ၍ မရှိတော့ဘဲ ကြက် ဝက် ခွေးများကဲ့သို့ ပြုကျင့်ကြသဖြင့် လောကကြီး ပျက်စီးခြင်းသို့ ရောက်မည်။

**သုခ** = ချမ်းသာမှု၊ ချမ်းသာခြင်း။
မဂ်လာတရားကို ကျင့်သောသူတို့သည် ခပ်သိမ်းသောအရပ်၌ ချမ်းသာသုခကို ရရှိကြသည်။

**ကက္ခဠ** = ခက်မာခြင်း။

ပထဝီဓာတ်သည် ခက်မာသော သဘောလက္ခဏာရှိ၏။

**ဖရုသဝါစာ**= ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ဆဲရေးကြိမ်းမောင်းခြင်း။ ဆဲဆိုကြိမ်းမောင်းရာ၌ မကောင်းသော စေတနာပါမှ ဖရုသဝါစာ-ဟု ဆိုနိုင်သည်။ မိဘက သားသမီးများအား ဆဲဆိုကြိမ်းမောင်းခြင်းမှာ မကောင်းသောစေတနာမပါခြင်းကြောင့် ဖရုသဝါစာ မဖြစ်ချေ။ ဤမကောင်းမှုကို ကျူးလွန်သူသည် အောက်ပါမကောင်းသော အကျိုးငါးပါးကို ခံစားရသည်-

၁။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံ၌ ဖြစ်ရခြင်း၊

၂။ လူအများ၏ မုန်းတီးမှုကို ခံရခြင်း၊

၃။ မိမိစိတ်ကို မကြည်လင်စေခြင်း၊

၄။ အကဲ့ရဲ့ခံရခြင်း၊

၅။ အသံကြမ်းတမ်း ပျက်စီးခြင်း။

**ဒေါသ** = စိတ်ဆိုးမှု၊ ဖျက်ဆီးမှု၊ ပြစ်မှားမှု။ လောကကို ဖျက်ဆီးတတ်သော တရားသုံးပါးတွင် ဒေါသသည် တစ်ပါးပါဝင်၏-ဟူ၍ ကောသလမင်းကြီးအား မြတ်စွာဘုရားက ဟောကြားတော်မူသည်။

**အပ္ပမာဒ** = မမေ့လျော့ခြင်း၊ မမေ့လျော့ကြောင်းတရား၊ သတိတရား။ စိတ်အစဉ်တွင် ကပ်၍ တည်နေသော ဉာဏ်နှင့်ယှဉ်သော သတိပင်ဖြစ်သည်။ ဤအပ္ပမာဒတရားသည် အလွန်အရေးကြီးသော တရားဖြစ်သည်။ ကုသိုလ်တရားတို့၏ အချုပ်အခြာဖြစ်သည်။ ကျေးဇူးအများဆုံးဖြစ်သည်။ ထို့ကြောင့်ပင် မြတ်စွာဘုရား ကိုယ်တော်တိုင် ဤတရားနှင့် ပြည့်စုံစေရန် အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ ဟု အကြိမ်ကြိမ် ဆုံးမတော်မူခဲ့သည်။ အပ္ပမာဒ တရားသည် မသေခြင်း၏ အကြောင်းဖြစ်သည်။

**ပမာဒ** = မေ့လျော့ခြင်း၊ သတိကင်းလွတ်ခြင်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းဖြစ်သည်။

**သာသနဒါယာဒ**= သာသနာ့အမွေခံ။

၁။ မြတ်စွာဘုရား၏အဆုံးအမတော်များသည် သာသနာ့အမွေမည်၏။

ထိုအမွေကို ခံယူသူသည် သာသနာ့အမွေခံ ဖြစ်သည်။

၂။ ရှင်ရဟန်းများနှင့် ရှင်ဒါယကာ၊ ရဟန်းဒါယကာများသည် သာသနာ့အမွေခံမည်၏။

**ဥစ္စာသယန**= မြင့်သောနေရာ။

အခြေ တစ်ထောင့်ထွာထက်ရှည်သော အိပ်ယာ၊ ခုတင်၊ ကုလားထိုင်ကြီး- စသည်များကို ဥစ္စာသယနဟု ခေါ်သည်။

**အဘိညာ**= အဘိညာဉ်၊ ထူးကဲသော အသိအမြင် ဉာဏ်စွမ်းရည်။

အဘိညာဉ် ခြောက်မျိုးတို့ကား-

၁။ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်၊

၂။ နတ်နားကဲ့သို့ အသံအမျိုးမျိုးကို ကြားနိုင်သော ဒိဗ္ဗသောတ အဘိညာဉ်၊

၃။ သူတစ်ပါးတို့၏ စိတ်အကြံကို သိနိုင်သော ပရစိတ္တဝိဇာနန အဘိညာဉ်၊

၄။ များစွာသော ရှေးရှေးဘဝတို့ကို ပြန်ပြောင်းဆင်ခြင်နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၊

၅။ နတ်မျက်စိကဲ့သို့ အဆင်းအာရုံ အမျိုးမျိုးကို မြင်နိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ်၊

၆။ အာသဝေါတရားတို့ကို ကုန်ခမ်းစေနိုင်သော အာသဝက္ခယ အဘိညာဉ် တို့ဖြစ်သည်။

**နီဝရဏ**= ဈာန်၊ မဂ်၊ ဖိုလ်တို့ကို ပိတ်ပင်တားဆီးတတ်သော တရား။

ထိုနီဝရဏတရားတို့သည်-

၁။ ကာမစ္ဆန္ဒ - ကာမဂုဏ်၌ လိုလားတောင့်တမှု၊

၂။ ဗျာပါဒ - ပျက်စီးစေလိုမှု၊ ဖျက်ဆီးမှု၊

၃။ ထိနမိဒ္ဓ - ထိုင်းမှိုင်းခြင်း၊ ငိုက်မြည်းခြင်း၊

၄။ ဥဒ္ဓစ္စ ကုက္ကုစ္စ - စိတ်၏ မငြိမ်မသက်ခြင်း၊ နောင်တပူပန်ခြင်း၊

၅။ ဝိစိကိစ္ဆာ - ယုံမှားတွေးတောခြင်း၊

၆။ အဝိဇ္ဇာ - အမှန်တရားကို ဖုံးလွှမ်းခြင်း-ဟု ခြောက်ပါးရှိသည်။

**ဂေဟပဝေသနမင်္ဂလ**-

အိမ်တက်မင်္ဂလာ၊ အိမ်သို့ဝင်သော မင်္ဂလာ။
ဗုဒ္ဓဘာသာဝင်တို့သည် အိမ်သစ်များ ဆောက်လုပ်ပြီးသောအခါ သံဃာတော်များနှင့် မိတ်သင်္ဂဟ များကို ဖိတ်ကြား၍ အိမ်တက်မင်္ဂလာ ကျင်းပကြသည်။

**ပေတ** = ပြိတ္တာ၊ ချမ်းသာအပေါင်းမှ ကင်းကွာသူ။
ပြိတ္တာဘဝမှာ အတိတ်အကုသိုလ်ကံ နှိပ်စက်မှုကြောင့် အမြဲဆာလောင် မွတ်သိပ်နေကြရသည်။ စားသောက်ဖွယ်တွေ့ပါလျက် မစားနိုင် မသောက်နိုင်ဖြစ်ရသည်။ ပြိတ္တာဘုံသည် အပါယ်လေးဘုံတွင် ပါဝင်သည်။

**အဝိဇ္ဇာ** = မောဟ၊ အမှန်တရားကို မသိခြင်း။
သစ္စာလေးပါးကို မသိနားမလည်ခြင်းသည် အဝိဇ္ဇာဖြစ်သည်။

**အဗြဟ္မစရိယ**=
မမြတ်သောအကျင့်၊ ယုတ်ညံ့သောအကျင့်။
မိန်းမနှင့်ယောက်ျား နှစ်ဦးသားတို့ ပျော်ပါးမှီဝဲသော မေထုန်အကျင့်မှ ရှောင်ကြဉ်ကြသည်။ လူတို့အနေဖြင့် အခါအားလျော်စွာ ဆောက်တည် ကျင့်သုံးသော ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ တို့တွင် မေထုန်အကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ်တစ်ပါး ပါဝင်သည်။

**အပ္ပမညာ**= အတိုင်းအရှည်မရှိ အာရုံဖြစ်သောတရား။
အတိုင်းမသိ ဖြန့်ချိပွားများရသော အာရုံရှိသော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားတို့ကို အပ္ပမညာလေးပါးဟုခေါ်သည်။

**သက္ကာယဒိဋ္ဌိ**– ထင်ရှားရှိသော ရုပ်ခန္ဓာ၌ အယူမှားမှု။
ခန္ဓာငါးပါးတို့ကို မိမိကိုယ်ဟူ၍ မှားယွင်းစွာ မှတ်ယူခြင်းသည် သက္ကာယဒိဋ္ဌိ မည်၏။

**ဗျာပါဒ**= သူတစ်ပါးကို ပျက်စီးစေလိုမှု။
သူတစ်ပါးကို သေစေလို ပျက်စီးစေလိုသော စိတ်အကြံသည် (ဗျာပါဒ) မနောကံ ဖြစ်သည်။

**အကုသလကမ္မ**–

အကုသိုလ်ကံ၊ အပြစ်မကင်းသော မကောင်းကျိုးကို ပေးတတ်သော အလုပ်၊မကောင်းမှု အကုသိုလ်ကံ။

သတ်ခြင်း၊ ခိုးယူခြင်း၊ လိမ်ညာခြင်း၊ ကုန်းတိုက်ခြင်း စသော မကောင်းသော လုပ်ငန်းများတို့သည် မကောင်းမှုများဖြစ်ကြသည်။

**အနိစ္စ** = မမြဲသောတရား။

အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် မမြဲသော တရားတို့ဖြစ်ကုန်၏။

**အကပ္ပိယမံသ**-

ရဟန်းတို့ မစားကောင်းသော အသားဆယ်မျိုး။

အသားဆယ်မျိုးမှာ-

၁။ ဆင်သား

၂။ မြင်းသား

၃။ ကျားသား

၄။ လူသား

၅။ အောင်းသား

၆။ ခွေးသား

၇။ မြွေသား

၈။ ဝံသား

၉။ ခြင်္သေ့သား

၁၀။ ကျားသစ်သား တို့ဖြစ်သည်။

**ဥပက္ကိလေသ** = ဘာဝနာစိတ်ကို ပူးကပ်၍ ညစ်နွမ်းအောင် ပြုလုပ်တတ်သော တရားများ။

**အသင်္ချေယျ**=အသင်္ချေ၊ မရေတွက်နိုင်အောင် များပြားသောအရာ။

ပွင့်တော်မူလေကုန်သော မြတ်စွာဘုရားတို့ကား ဂင်္ဂါဝါဠုသဲစုမက မရေမတွက်နိုင်အောင် များပြားကုန်၏။

**အစိန္တေယျ** = မကြံစည်နိုင်သောအရာ၊ ကြံစည်စဉ်းစား၍ မသိနိုင်သောအရာ။

လောက၌ ကြံစည်စဉ်းစားခြင်းဖြင့် ပြည့်စုံအောင် မသိနိုင်သောအရာ လေးမျိုးရှိ၏။ ၎င်းကို အစိန္တေယျ လေးပါးဟုခေါ်သည်။

၁။ ဘုရားရှင်တို့အရာကို မကြံစည်နိုင်၊
၂။ ဈာန်၏အရာကို မကြံစည်နိုင်၊
၃။ ကံ၏အကျိုးပေးမှုကို မကြံစည်နိုင်၊
၄။ လောက၏ အကြောင်းအရာကို မကြံစည်နိုင်။

ရဟန်းတို့ လောကသည် မြဲသလော၊ မမြဲသလော၊ အဆုံးရှိသလော၊ အဆုံးမရှိသလော စသည်ဖြင့် လောကအကြောင်းကို မကြံစည်ကုန်လင့်။ ထိုသို့ ကြံစည်ခြင်းသည် အကျိုးမရှိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ မဖြစ်-ဟု မြတ်စွာဘုရားဟောကြားတော်မူသည်။

**ကာမသုခလ္လိကာနုယောဂ**- အာရုံငါးပါး ကာမဂုဏ်ချမ်းသာကို ခံစားသောအကျင့်။

**ကမ္မဿကတာဉာဏ**- ကမ္မဿကတာဉာဏ်၊ မိမိပြုလုပ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်။ ကံမှတစ်ပါး ကိုယ်ပိုင် ဥစ္စာမရှိ-ဟု သိသောဉာဏ်။

**ကမ္မဿကတာသမ္မာဒိဋ္ဌိ**- ကံနှင့်ကံ၏အကျိုးကို ယုံကြည်လက်ခံသောအယူ။
ကံနှင့်ကံ၏အကျိုးကိုယုံကြည်မှ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်သည်။

**ပဗ္ဗဇ္ဇကမ္မ** = ရှင်ပြုခြင်း၊ သာမဏေပြုခြင်း၊ သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း။
ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ သားယောကျ်ား ကလေးများကို အရွယ်ရောက်လာသောအခါ သာသနာ့ဘောင်သို့ သွတ်သွင်းကြသည်။

**ဝိတက္က** = ဝိတက်၊ ကြံစည်ခြင်း၊ စိတ်ကူးခြင်း၊ စိတ်ကိုအာရုံပေါ်သို့ တင်ပို့ပေးခြင်း။

အကုသလဝိတက်သုံးပါးနှင့် ကုသလဝိတက်သုံးပါးရှိသည်။

အကုသလဝိတက်သုံးပါးမှာ-

၁။ ကာမဝိတက် - ကာမဂုဏ်၌ ကြံခြင်း၊
၂။ ဗျာပါဒဝိတက် - သူတစ်ပါးတို့ကို ပျက်စီးစေကြောင်းကြံခြင်း၊
၃။ ဝိဟိံသာဝိတက် - သူတစ်ပါးတို့ကို ညှဉ်းဆဲခြင်းနှင့် စပ်၍ ကြံစည်ခြင်း-တို့ဖြစ်သည်။

**ကုသလဝိတက်သုံးပါးမှာ-**

၁။ နေက္ခမ္မဝိတက် - သံသရာမှ လွတ်မြောက်ရန်ကြံခြင်း၊

၂။ အဗျာပါဒဝိတက် - သူတစ်ပါးချမ်းသာစေရန် ကြံစည်ခြင်း၊
၃။ အဝိဟိံသာဝိတက် - သူတစ်ပါးတို့ကို မညှဉ်းဆဲရန် ကြံစည်ခြင်း- တို့ဖြစ်သည်။

**ဝိပဿနာ** = ရုပ်နာမ်တရားတို့သည် မမြဲ ဆင်းရဲ၏၊ အစိုးမရ-ဟု ဉာဏ်ဖြင့် မြင်အောင်ရှုခြင်း။

ခန္ဓာငါးပါး၌ ရုပ်နာမ်တို့ မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘောနှင့် အစိုးမရ အတ္တမရှိခြင်း သဘောတို့ကို ဉာဏ်ဖြင့် အဖန်ဖန် ရှုပွားခြင်းသည် ဝိပဿနာရှုသည်မည်၏။

**ခန္ဓဝတ္တက**= ခန္ဓကကျင့်ဝတ်။

ဝိနယပိဋက မဟာဝဂ္ဂကျမ်းနှင့် စူဠဝဂ္ဂကျမ်းတို့၌ ပါရှိသော ရဟန်း သာမဏေတို့ ကျင့်သုံး လိုက်နာရမည့် ကျင့်ဝတ်များကို ခန္ဓကဝတ်ဟု ခေါ်သည်။ ထိုခန္ဓကကျင့်ဝတ်များမှာ-

၁။ ဧည့်သည်ရဟန်းကျင့်ရမည့် အာဂန္တုကဝတ်၊ ဧည့်သည် (အာဂန္တုက) ရဟန်းများ အာရာမ်အတွင်းသို့ မဝင်မီ ဖိနပ်ချွတ်ရခြင်း၊
၂။ ကျောင်းနေရဟန်းကျင့်ရမည့် အာဝါသိကဝတ်၊ ဧည့်သည်ရဟန်းကို မြင်လျှင် ခရီးဦးကြိုပြုခြင်း၊ သပိတ်သင်္ကန်းကို လှမ်းယူခြင်း၊ ဧည့်သည်ရဟန်းကြီးကို ရှိခိုးခြင်း၊ ခြေဆေးရေ၊ ခြေဆေးအင်းပျဉ် စသည့်တို့ကို အနီး၌ ထားခြင်းစသည်၊
၃။ ခရီးသွားရဟန်းကျင့်ရမည့် ဂမိကဝတ်၊ ခရီးထွက်ခွာမည့် ရဟန်းသည် ကျောင်းတံခါးမ လေသာတံခါးတို့ကို ပိတ်ခြင်း၊ အတူနေ ရဟန်း သာမဏေတို့ကို ပန်ကြားခြင်း၊
၄။ အနုမောဒနာပြုရာတွင် ကျင့်ရမည့် အနုမောဒနာဝတ်၊
၅။ ဆွမ်းစားဇရပ်၌ ကျင့်ရမည့် ဘတ္တဂ္ဂဝတ်၊
၆။ ဆွမ်းခံရာ၌ ကျင့်ရမည့် ပိဏ္ဍစာရိကကျင့်ဝတ်၊
၇။ တောကျောင်းနေရဟန်း ကျင့်ရမည့် အရညိကဝတ်၊

သောက်ရေ သုံးရေ တည်ထားခြင်း၊ မီးပွတ်ခုံ၊ မီးပွတ်ကျည်၊ တောင်ဝှေးထားခြင်း၊ အရပ်လေး မျက်နှာ နက္ခတ်တာရာ

မှတ်သားထားခြင်း စသည်၊

၈။ ကျောင်းအိပ်ရာ နေရာနှင့် ပတ်သက်၍ ကျင့်ရမည့် သေနာသနဝတ်၊ ညောင်စောင်း၊ အင်းပျဉ်၊ အိပ်ယာနေရာတို့ကို သုတ်သင် သန့်ရှင်းပေးခြင်း၊ နေလှန်းပေးခြင်း၊ ပရိဂုဏ် ရေချိုးအိမ် ဝစ္စကုဋ္ဌိ တို့ကို တံမြက်လှည်းခြင်း စသည်၊

၉။ ဇရုံးအိမ် (ရေချိုးခန်း)၌ ကျင့်ရမည့် ဇန္တာဃရဝတ်၊

၁၀။ ဝစ္စကုဋ္ဌိ(အိမ်သာ)၌ ကျင့်ရမည့် ဝစ္စကုဋ္ဌိဝတ်၊

၁၁။ ဥပဇ္ဈာယ်ဆရာ၌ ကျင့်ရမည့် ဥပဇ္ဈာယဝတ်၊

၁၂။ အတူနေတပည့်၌ ကျင့်ရမည့် သဒ္ဓိဝိဟာရိကဝတ်၊

၁၃။ နိဿရည်းဆရာ၌ ကျင့်ရမည့် အာစရိယဝတ်၊ နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကန်တော့တင်ကာ မျက်နှာ သစ်ရေ ဒန်ပူကပ်ခြင်း၊ ယာဂုဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာနေရာတို့ကို သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်၊

၁၄။ အနီးနေတပည့်၌ ကျင့်ရမည့် အန္တေဝါသိကဝတ်-ဟူ၍ တစ်ဆယ့်လေးပါးရှိ၏။

**ပါဏာတိပါတ** = သူတစ်ပါး၏ အသက်ကို သတ်ခြင်း။

သေစေလိုသော စိတ်ဖြင့် မည်သည့်သတ္တဝါ၏အသက်ကိုမဆို သတ်ဖြတ်ခြင်းသည် ပါဏာတိပါတ ဖြစ်သည်။ သတ္တဝါ အကြီး အငယ်ကို လိုက်၍လည်းကောင်း၊ သတ္တဝါ၏ အကျင့်သီလဂုဏ် သိက္ခာကိုလိုက်၍ လည်းကောင်း အပြစ်ကြီးငယ်ခြားနား၏။ ခန္ဓာကိုယ်နှင့် သီလစသောဂုဏ်တို့ တူညီရာ၌ စေတနာ၊ လုံ့လ အားနည်းလျှင် အပြစ်နည်း၏။ အားကြီးလျှင် အပြစ်ကြီး၏။

**ယမရာဇ** = ယမမင်း၊ ငရဲမင်း၊ ဝေမာနိကပြိတ္တာမင်း။

ယမမင်းသည် အပါယ်ဘုံသား မဟုတ်။ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုးရောစပ် ပြုလုပ်ခဲ့သော ကြောင့် စာတုမဟာရာဇ်ဘုံ အပါအဝင် ဝေမာနိကပြိတ္တာမျိုး၌ ဖြစ်ရသည်။ ရံခါ နတ်နန်းဗိမာန် နတ်သမီး

အခြွေအရံ ဥယျာဉ် ပဒေသာပင် စသော ကုသိုလ်အကျိုးကို ခံစားရသည်။ ကုသိုလ်အကျိုးကို ခံစား၍ ရံခါ အကုသိုလ်အကျိုးကို ခံစားရသည်။ အချို့သော ယမမင်းတို့ကား မဂ်ဖိုလ်နိဗ္ဗာန်ကိုပင် ရကြသည်။ မဂ်ဖိုလ်ရသည့်အခါမှ စ၍ အကုသိုလ်ကံ၏ မကောင်းကျိုးကို မခံစားရတော့ချေ။

**ပညာ** = ဝေဖန်ပိုင်းခြား၍ သိမြင်တတ်သောသဘော၊ အကြားအမြင်ဗဟုသုတ၊ အမှန်သိခြင်း။

ပညာသည်-

၁။ သုတမယပညာ - အကြားအမြင်မှ ရရှိသောပညာ၊

၂။ စိန္တာမယပညာ - အကြံအစည်မှ ရရှိသောပညာ၊

၃။ ဘာဝနာမယပညာ - သမထ ဝိပဿနာတရား အားထုတ်မှ ရရှိသောပညာ-ဟူ၍ သုံးမျိုးရှိသည်။

**အနုသယ** = အနုသယကိလေသာ၊ အစဉ်ကိန်းဝပ် တတ်သောသဘော။

အနုသယဆိုသည်မှာ- မဂ်ဖြင့် ပယ်သတ်ခြင်း မပြုရသေးသဖြင့် သတ္တဝါများ၏ သန္တာန်၌ ရှိနေသော ကိလေသာကို ဆိုလိုသည်။ အာရုံခြောက် ပါးတို့တွင် တစ်ပါးပါး၌ အကြောင်းတိုက်ဆိုင်လျှင် ကိလေသာစိတ် ပေါ်ပေါက်လာတတ်သော သဘောဖြစ်သည်။

**ဂေါစရဂါမ** = ဂေါစရဂါမ်၊ ဆွမ်းခံရာရွာ၊ ဆွမ်းခံရာအရပ်။

ဆွမ်းမခံရသောအရပ်များမှာ- သေတင်းကုပ်၊ ပြည့်တန်ဆာမအိမ်၊ မုဆိုးမအိမ်၊ အပျိုကြီးအိမ်၊ ပဏ္ဍုက်အိမ်၊ ဘိက္ခုနီမကျောင်း တို့ဖြစ်သည်။

**ဥပါသက** = ဥပါသကာ၊ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သူ ယောက်ျား။

**ဥပါသိကာ** = ဥပါသိကာမ၊ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သူ အမျိုးသမီး။

ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သဖြင့် သရဏဂုံတည်သူမှန်သမျှ ကြီးငယ်မဟူ အမျိုးသားများကို ဥပါသကာ၊ အမျိုးသမီးများကို ဥပါသိကာမ ဟုခေါ်သည်။

**ပရိယတ္တိ** = ပရိယတ်၊ သင်ယူအပ်သော စာပေကျမ်းဂန်၊ ပိဋကတ်စာပေ

သင်ကြားပို့ချမှု။

**ဒါယာဒ** = (ဘုရားရှင်၏) အမွေ။

ဘုရားရှင်၏ အမွေတော် နှစ်မျိုးရှိသည်-

၁။ အာမိသဒါယာဒ - ပစ္စည်းလေးပါး အမွေ။

၂။ ဓမ္မဒါယာဒ - တရားအမွေ။

**သာရဏီယဓမ္မ**- အသက်ထက်ဆုံး အောက်မေ့အပ်သောတရား။

ထိုသာရဏီယဓမ္မသည် ခြောက်ပါးရှိသည်-

၁။ မေတ္တာကာယကမ္မ-အတူနေသူတို့အပေါ် မျက်မှောက်မျက်ကွယ်၌ မေတ္တာကာယကံရှိခြင်း၊

၂။ မေတ္တာဝစီကမ္မ-အတူနေသူတို့အပေါ် မျက်မှောက်မျက်ကွယ်၌ မေတ္တာဝစီကံ ရှိခြင်း။

၃။ မေတ္တာမနောကမ္မ-အတူနေသူတို့အပေါ် မျက်မှောက်မျက်ကွယ်၌ မေတ္တာမနောကံ ရှိခြင်း၊

၄။ သာဓာရဏဘောဂီ-တရားသဖြင့်ရလာသော ပစ္စည်းတို့ကို အတူနေထိုင်သူတို့နှင့် သာတူညီမျှ ခွဲဝေသုံးဆောင်ခြင်း။

၅။ သီလသာမညာ-ဖြူစင်သော အကျင့်သီလ တူမျှခြင်း။

၆။ ဒိဋ္ဌိသာမညာ-မှန်ကန်သော အယူတူမျှခြင်းတို့ ဖြစ်ကြသည်။

**နိယတမိစ္ဆာဒိဋ္ဌိ**- သေသည်အထိ စွဲစွဲမြဲမြဲ ယူထားသော မှားသောအယူ။

နိယတမိစ္ဆာဒိဋ္ဌိအယူသုံးမျိုး ရှိသည်။

၁။ နတ္ထိကဒိဋ္ဌိ - ပြုလုပ်မှု၏ ကောင်းကျိုးဆိုးကျိုး တစ်စုံတစ်ရာမရှိဟူ၍ ယူခြင်း၊

၂။ အဟေတုကဒိဋ္ဌိ - အကြောင်းကံကို ပယ်သောအယူ၊

၃။ အကိရိယဒိဋ္ဌိ - ကောင်းမှုပြုသော်လည်း ပြုသည်မမည်၊ မကောင်းမှုပြုသော်လည်း ပြုရာမရောက်ဟု ယူသောအယူ။

**ဂေါတြဘူ** = ဂေါတြဘူစိတ်၊ ပုထုဇဉ်အဖြစ်ကို ကျော်လွန်၍ အရိယာအဖြစ်သို့ ရောက်စေတတ်သောစိတ်၊ ကာမအနွယ်ကို လွှမ်းမိုးနိုပ်စက်၍ မဟဂ္ဂုတ်အနွယ် လောကုတ္တရာအနွယ်သို့ ရောက်စေတတ်သောစိတ်။

**ဓမ္မသဝန** =သူတော်ကောင်းတရားကို နာယူခြင်း။

လောကီလောကုတ္တရာ အကျိုးစီးပွား အမျိုးမျိုးတို့နှင့် စပ်လျဉ်းသော တရားစကားများကို ဖြူစင် ကောင်းမြတ်သောစိတ်ထားဖြင့် ကြားနာမှုသည် ဓမ္မသဝန မည်၏။ မြတ်စွာဘုရား၏ တရားတော်များကို နာကြားရဖို့ အရေးသည် လွန်စွာခဲယဉ်း၏။ သို့ဖြစ်၍ ကမ္ဘာပေါင်းများစွာ လွန်လေပါမှ ပွင့်တော်မူလာသော မြတ်စွာဘုရား၏ လောကီလောကုတ္တရာ အကျိုးစီးပွား အမျိုးမျိုးကို ပေးစွမ်းနိုင်သည့် တရားတော်များကို ကောင်းစွာနာယူ မှတ်သားခြင်းကို ပြုအပ်၏။

**ဗျသန** = ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း။

ထိုပျက်စီးခြင်း ငါးပါးရှိသည်–

၁။ ဉာတိဗျသန – ဆွေမျိုးများ ပျက်စီးခြင်း။

၂။ ဘောဂဗျသန – စည်းစိမ်ဥစ္စာ ပျက်စီးခြင်း။

၃။ ရောဂဗျသန – အနာရောဂါဖြစ်၍ ပျက်စီးခြင်း။

၄။ ဒိဋ္ဌိဗျသန – အယူမှား၍ ပျက်စီးခြင်း။

၅။ သီလဗျသန – သီလပျက်စီးခြင်း။

**မေတ္တာ** = သတ္တဝါများအပေါ် အကျိုးလိုလားသောတရား။

ဗုဒ္ဓဘာသာဝင်တို့သည် ခပ်သိမ်းသော သတ္တဝါတို့ပေါ်၌ မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် နေထိုင်လေ့ရှိကြသည်။

**ရာဂ** = လိုချင်တပ်မက်တတ်သောတရား။

**မဟာသယန**= မြတ်သောနေရာ။

လဲ၊ မွေ့ယာ၊ သားမွေးကော်ဇော စသော အဆင့်အတန်းမြင့်သော အကောင်းစားနေရာများကို မဟာသယန ဟုခေါ်သည်။

ဥပုသ်သီလ ဆောက်တည်ထားသူသည် ဤမြင့်သောနေရာ၊ မြတ်သောနေရာများတွင် မအိပ်ကောင်း၊ မထိုင်ကောင်းပါ။

**ဘေသဇ္ဇ** = ဆေးဝါး။

ရဟန်းတို့အား ခွင့်ပြုသော ပစ္စည်းလေးပါးတွင် ဆေးသည် တစ်ပါးအပါအဝင်ဖြစ်သည်။

**ကသိဏ** = ကသိုဏ်း၊ ကသိုဏ်းဝန်းအာရုံ။

ပထဝီကသိုဏ်းဝန်းပြုလုပ်ပုံမှာ ဝဏ္ဏကသိုဏ်းတို့နှင့် မရောယှက်ရအောင် အညို၊ အရွှေ၊ အနီ၊ အဖြူ အဆင်းရှိသော မြေကို အသုံးမပြုဘဲ အရုဏ်အဆင်း (အနည်းငယ်နီသောအဆင်း) ရှိသော မြေကို အသုံးပြုရသည်။ ယင်းမြေပေါ်တွင် အချင်းတစ်ထွာ၊ လက်လေးသစ် ပမာဏ အဝန်းအဝိုင်းပုံ လိမ်းကျံရသည်။

**ကမ္မဋ္ဌာန** = ကမ္မဋ္ဌာန်းစီးဖြန်းပွားများရာ အာရုံ။

အသုဘကမ္မဋ္ဌာန်း စီးဖြန်းရာ၌ လူသေကောင်သည် အသုဘ ကမ္မဋ္ဌာန ဖြစ်သည်။

**ဘိက္ခု** = ရဟန်း၊ ဘုန်းကြီး၊ သံသရာဘေးကို ရှုလေ့ရှိသူ။

၁။ လူဝတ်ကြောင်ဘဝဖြင့် ဒါန သီလ ဘာဝနာ အလုပ်ကို အချိန်ပြည့် ဖြည့်ကျင့်ရန် မလွယ်ကူ လှချေ။ ရဟန်းဘဝ ဖြင့်သာ ဖြည့်ကျင့်နိုင်၏။ ဆံပင်ကို ပယ်ဖြတ်၍ ခေါင်းတုံး လိုက်ခြင်းဖြင့် ဆံပင်အတွက် ကြောင့်ကြစိုက်ရသော ဖီးလိမ်းပြင်ဆင်ပြုပြင်ရသော လုပ်ငန်း တာဝန်များ လျော့နည်းခဲ့ကြရ၏။ ဆံပင်၌ တွယ်တာ မြတ်နိုးမှု ကိုလည်း ပယ်ဖျောက်ရာရောက်၏။ ဦးခေါင်းတစ်ခုလုံး ပေါ့ပါး ကြည်လင်ကာ စိတ်အေးငြိမ်းမှုကို ခံစားရ၏။ ရဟန်းဘဝကား ကုန်သွယ် လယ်လုပ်ခြင်းစသော လူမှုကိစ္စများမရှိ။ ရိက္ခာသိုမှီး သိမ်းဆည်းရခြင်း မရှိ။ တရားကျင့်နိုင်ရုံ တစ်ထပ်စာမျှ ဆွမ်းကို သပိတ်တစ်လုံးဖြင့် အိမ်စဉ်လှည့်၍ ဆွမ်းခံရ၏။ တစ်ဖွန်း တစ်ယောက်မမျှဖြင့် လှူရသူလည်း ဝန်မလေး၊ အချင်းချင်းငဲ့ညှာ တွယ်တာမှုလည်း မဖြစ်။ ကောင်းကောင်းဆိုးဆိုး ရသမျှနှင့် ရောင့်ရဲခြင်းဖြင့် လောဘကိုပယ်ဖျက်ရာရောက်၏။ အလှူ့ရှင်တို့ အတွက် ကုသိုလ်တရား တိုးပွားနိုင်၏။ အဝတ်အထည် ဝတ်ရုံမှု၌လည်း အပိုင်းပိုင်း အပြတ်ပြတ်ဖြတ်ညှပ် ဆက်စပ်ချုပ် လုပ်၍ ဖန်ရည်ဆိုးသော သင်္ကန်းသုံးထည်ကို ရဟန်းတော်များ

ဝတ်ရုံသုံးဆောင်တော်မူနိုင်ကြ၏။ အဝတ်အတွက်လည်း ကြောင့်ကြရန် တာဝန်မကြီး။ နေထိုင်ရန်အတွက်လည်း သစ်တစ်ပင်ဝါးတစ်ပင်အောက်၌ နေထိုင်ရလျှင်ပင် ကျောင်း၊ အိပ်ရာ နေရာအတွက် ပြီးပြည့်စုံနေပြီးဖြစ်၏။ အချုပ်အားဖြင့် ရဟန်းဘဝသည် စားဝတ် နေရေးအတွက် ခန္ဓာကိုယ်ချမ်းသာရေးကို ဦးစားမပေး။ ခန္ဓာကိုယ်၏ကျေးကျွန်အဖြစ်မှ လွတ်မြောက်ရေး သံသရာထွက်မြောက်ရေးကိုသာ ဦးတည်ချက်ထား၏။ ကိလေသာခေါင်းပါးလျော့နည်းပပျောက်ရေးကိုသာ တစိုက်မတ်မတ် ကျင့်ဆောင်နေရသည်ဖြစ်၍ ရဟန်းဘဝသည် လောက၌ချမ်းသာ၏ဟူသည် အဘယ်နည်း ဟူသော မေးခွန်း၏ အဖြေပင်ဖြစ်သည်။

၂။ ရဟန်းသုံးမျိုးရှိသည်-

(က) ထေရ - ဆယ်ဝါအထက်ရဟန်း၊

(ခ) မဇ္ဈိမ - ငါးဝါမှ ကိုးဝါရပြီးသောရဟန်း၊

(ဂ) နဝ - ငါးဝါအောက်ရဟန်း၊

**ဈာန** = ဈာန်၊ ဆိုင်ရာအာရုံကို စူးစူးစိုက်စိုက် ရှုတတ်သောတရား။ နီဝရဏစသည့် အကုသိုလ်တရားတို့ကို ရှို့မြိုက်တတ်သောတရား။ ရဟန်းသည် ဈာန်ဝင်စား၍ နေ၏။

**မနောကမ္မ**= မနောကံ၊ စိတ်ဖြင့်ကြံစည်တွေးတောမှု။

**စေတသိက**= စေတသိက်တရား။

စိတ်ကိုမှီ၍ စိတ်ကိုချယ်လှယ်တတ်သောတရားကို စေတသိကဟု ခေါ်သည်။

**ဘာဝနာ** = ရှုပွားခြင်း၊ ပွားများအားထုတ်ခြင်း၊ ပွားများအောင် အကြိမ်ကြိမ်အားထုတ်ခြင်း။

ထိုဘာဝနာသည် သမထဘာဝနာနှင့် ဝိပဿနာဟူ၍ ဘာဝနာရှုမှတ်ပွားခြင်း နှစ်မျိုးရှိသည်။ သမထဘာဝနာသည် သမာဓိ ပွားများအောင် ပြုလုပ်သောအလုပ်ဖြစ်သည်။ ဝိပဿနာ ဘာဝနာသည် ပညာ ပွားများအောင် ပြုလုပ်အားထုတ်ခြင်း ဖြစ်သည်။

**သက္ကဝိပဿက**-ဈာန်၊ အဘိညာဉ်၊ တန်ခိုးမရှိသော ရဟန္တာ။

သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်သည် အာသဝက္ခယဉာဏ် ကိုသာ ရရှိ၍ လောကီဈာန် သမာပတ် အဘိညာဉ်တို့ကိုလည်းကောင်း၊ ပဋိသမ္ဘိဒါဉာဏ်ကိုလည်းကောင်း မရရှိချေ။

**ပုည** = ဘုန်းကံ၊ ကောင်းမှုကုသိုလ်။

ဘဝအဆင့်တန်းမြင့်တက်စေတတ်သောအလုပ်၊ ကောင်းမြတ်သော သုဂတိဘဝသို့ ရောက်စေ တတ်သော အလုပ်ကို ပုညဟုခေါ်သည်။ ကောင်းသောအလုပ်များကို များများလုပ်ခဲ့သူကို ရှေးဘုန်းရှေးကံ ကြီးမားသူဟု ခေါ်သည်။

**ကုသလကမ္မ**-ကုသိုလ်ကံ၊အပြစ်ကင်းသော ကောင်းကျိုးပေးသော ကောင်းမှု ကုသိုလ်ကံ။

ပေးကမ်းစွန့်ကြဲမှု သီလဆောက်တည်မှု ဘာဝနာပွားများမှုများသည် ကောင်းမှုကုသိုလ်ကံများ ဖြစ်ကြသည်။

**ပုညကိရိယဝတ္ထု**- ပုညကိရိယဝတ္ထု၊ ပြုထိုက်သော ကောင်းမှုလုပ်ငန်းများ။

ချမ်းသာသုခ ကောင်းကျိုးအမျိုးမျိုးကို ရစေနိုင်သည့် ပြုလုပ်ထိုက်သော ကောင်းမှုလုပ်ငန်းများကို ပုညကြိယဝတ္ထုဟုခေါ်သည်။ ထိုပုညကြိယာဝတ္ထုသည်-

၁။ ဒါန - စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊
၂။ သီလ - ကိုယ်မှု၊ နှုတ်မှုများကို စောင့်ထိန်းခြင်း၊
၃။ ဘာဝနာ - ကောင်းမှုကုသိုလ်များကို တိုးပွားအောင် ပြုလုပ်ခြင်း၊
၄။ အပစာယန - ရိုသေထိုက်သူကို ရိုသေလေးစားခြင်း၊
၅။ ဝေယျာဝစ္စ - သူတစ်ပါး၏ ကောင်းမှုကုသိုလ်ကိစ္စများ၌ ကိစ္စကြီးငယ်များကို ပါဝင်လုပ်ဆောင်ခြင်း၊
၆။ ပတ္တိဒါန - မိမိပြုလုပ်သော ကုသိုလ်အဖို့ကို အမျှအတမ်း ပေးဝေခြင်း၊
၇။ ပတ္တာနုမောဒန - သူတစ်ပါးတို့က ကုသိုလ်အမျှ ပေးဝေသည်ကို ဝမ်းမြောက်ဝမ်းဝမ်းသာ သာဓုခေါ်ခြင်း၊

၈။ ဓမ္မဿဝန - တရားကို ကောင်းစွာ နာယူမှတ်သားခြင်း၊
၉။ ဓမ္မဒေသနာ - တရားကို ဟောပြောပြသခြင်း၊
၁၀။ ဒိဋ္ဌိဇုကမ္မ - အယူကို ဖြောင့်မှန်အောင်ယူခြင်း-ဟူ၍ ဆယ်မျိုးရှိသည်။

**မဇ္ဈိမပဋိပဒါ**- အလယ်အလတ်အကျင့်၊ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရား။ သစ္စာလေးပါး အမှန်တရားကို ထိုးထွင်းသိမြင်၍ ကိလေသာ အညစ်အကြေးများ ကုန်ခန်းပြီး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းအောင် ကျင့်ကြံအားထုတ်ရာတွင် ကာမဂုဏ်ချမ်းသာ ခံစားပြီး သက်သက် သာသာ နေခြင်းဖြင့်လည်း မရရှိနိုင်။ (ကာမသုခလ္လိကာနုယောဂ)၊ မိမိခန္ဓာကိုယ်ကို ဆင်းရဲပင်ပန်းနွမ်းနယ်သွားအောင် ညှဉ်းပမ်း နှိပ်စက်ခြင်းဖြင့်လည်း မရရှိနိုင်။ (အတ္တကိလမထာနုယောဂ)၊ အလယ်လမ်းအကျင့်သည် အစွန်းနှစ်ဖက်မှ လွတ်မြောက်သော အကျင့်ဖြစ်ပြီး ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သော အကျင့်ဖြစ်၏။

အလယ်လမ်း အကျင့်တွင်-

၁။ မှန်စွာသိမြင်ခြင်း၊
၂။ မှန်စွာကြံစည်ခြင်း၊
၃။ မှန်စွာပြောဆိုခြင်း၊
၄။ မှန်စွာပြုလုပ်ခြင်း၊
၅။ မှန်စွာအသက်မွေးခြင်း၊
၆။ မှန်စွာအားထုတ်ခြင်း၊
၇။ မှန်စွာအောက်မေ့ အမှတ်ရခြင်း၊
၈။ မှန်စွာတည်ကြည်ခြင်း-ဟူသော မဂ္ဂင်ရှစ်ပါး ပါဝင်၏။

**မဇ္ဈိမဒေသ**- ဇမ္ဗူဒိပ်ကျွန်း၏ အလယ်ဗဟိုကျသောအရပ်။ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းမှ အရှေ့သို့လားသော် ဇင်္ဂလနိဂုံး၊ အရှေ့တောင်သို့လားသော် သလ္လဝတီမြစ်၊ တောင်သို့လားသော် သေတကဏ္ဏိကနိဂုံး၊ အနောက်သို့လားသော် ထူဏပုဏ္ဏားရွာ၊ မြောက်သို့လားသော် ဥသိရဒ္ဓဇတောင်၊ ဤအတွင်းအရပ်သည်

မဇ္ဈိမဒေသဖြစ်သည်။ မဇ္ဈိမဒေသသည် အလျားယူဇနာ–သုံးရာ၊ အနံယူဇနာ–နှစ်ရာ့ငါးဆယ်၊ အဝန်းယူဇနာ–ကိုးရာ၊ အပိုင်းအခြားရှိ၏။ မြတ်စွာဘုရားနှင့် စကြာမင်းတို့သည် ထိုမဇ္ဈိမဒေသ၌သာ ဖြစ်ပေါ်ကြမြဲဖြစ်သည်။

**စိတ္တ** = စိတ်၊ အာရုံ။

စိတ်သည် သတ္တလောကကြီးကို ဦးဆောင်၍ နေ၏။ သတ္တဝါအားလုံးတို့သည် စိတ်၏အလိုသို့ လိုက်ပါနေကြရ၏။

**သတိ** = အောက်မေ့ခြင်း၊ အမှတ်ရခြင်း၊ တစ်စုံတစ်ခုသော အာရုံကို မမေ့ခြင်း။

သတိပဋ္ဌာနသုတ်သည် သတိတရားပွားများရန် ဟောကြားသော သုတ်ဖြစ်သည်။ သတိကို ကုသိုလ်တရားနှင့် ပတ်သက်သော အမှတ်ရမှုများ အတွက်သာသုံးသည်။ မဂ္ဂင်ရှစ်ပါးတွင် သမ္မာသတိမဂ္ဂင်သည် သတိပင်ဖြစ်သည်။ သတိကိုပင် မမေ့မလျော့ခြင်းတရား အပ္ပမာဒတရားဟုလည်း ခေါ်သည်။

**အာနာပါနသတိ** = ထွက်သက်ဝင်သက်ကို အာရုံပြု၍ဖြစ်သော သတိ။

**သေခိယ** = သေခိယအကျင့်၊ ရဟန်းသာမဏေတို့ ကျင့်ရမည့် အကျင့်များ။

ရဟန်းသာမဏေတို့ လိုက်နာစောင့်ထိန်းရန် ပညတ်ထားသော အကျင့်များကို သေခိယအကျင့် ဟုခေါ်သည်။

ထိုသေခိယအကျင့်များမှာ– ဝတ်ရုံနေထိုင်မှုနှင့် ပတ်သက်သော အကျင့်–၂၆–ပါး၊ ဆွမ်းခံစားခြင်းနှင့် ပတ်သက်၍ ကျင့်ရမည့် ပိဏ္ဍပါတအကျင့်–၃၀–ပါး၊ တရားဟောခြင်းနှင့်စပ်လျဉ်း၍ ကျင့်ရမည့် အကျင့်–၁၆–ပါး၊ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ ကျင့်ရမည့်အကျင့် –၃–ပါး အားဖြင့် အားလုံးပေါင်း –၇၅–ပါးရှိသည်။

**ပါဋိဟာရိယ**–တန်ခိုး၊ ပြာဋိဟာ။

**ဟာသိတ** = ရယ်မောခြင်း။

ရယ်ခြင်းခြောက်မျိုးရှိသည်–

၁။ သိတ – ပြုံးသည့်အသွင်မျှရယ်ခြင်း၊

၂။ ဟာသိတ – သွားပေါ်ရုံမျှ၊ နှုတ်ခမ်းလှုပ်ရုံမျှရယ်ခြင်း၊

၃။ ဝိဟာသိတ - ညင်သာသော အသံထွက်အောင် ရယ်ခြင်း၊
၄။ ဥပဟာသိတ - ဦးခေါင်း၊ပခုံး၊ လက်ရုံးများ လှုပ်အောင်ရယ်ခြင်း၊
၅။ အပဟာသိတ - မျက်ရည်ထွက်အောင်ရယ်ခြင်း၊
၆။ အတိဟာသိတ - ခြေရောလက်ပါ တစ်ကိုယ်လုံး လှုပ်ခါ၍ရယ်ခြင်း။

**သေနာသန** = ကျောင်း၊ ရဟန်းတော်များ နေထိုင်သီတင်း သုံးရာဌာန။
ရဟန်းသည် သင့်သောအကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ ကျောင်းအိပ်ယာ သေနာသနကို သုံးဆောင်မှီဝဲ၏။ အချမ်းအအေးကို ပယ်ခြင်းငှာသာလျှင် အပူကို ပယ်ဖျောက်ခြင်းငှာသာလျှင် မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့အထိကို ပယ်ခြင်းငှာသာလျှင် ရာသီဥတု ဘေးဒဏ်ကို ပယ်ဖျောက်ခြင်းငှာ သင့်လျော် လျောက်ပတ် စေခြင်းငှာသာလျှင် မှီဝဲသုံးဆောင်ပါ၏။

**ဘိက္ခုသီလ** ရဟန်းသီလ၊ စတုပါရိသုဒ္ဓိသီလ။
ရဟန်းသီလ လေးမျိုးရှိသည်-
၁။ ပါတိမောက္ခသံဝရသီလ - ရဟန်းတို့ စောင့်ထိန်းရသောသီလ၊
၂။ ဣန္ဒြိယသံဝရသီလ - ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းခြင်းသီလ၊
၃။ အာဇီဝပါရိသုဒ္ဓိသီလ - အသက်မွေး ဝမ်းကျောင်း ဖြူစင်ခြင်းသီလ၊
၄။ ပစ္စယသန္နိဿိတသီလ - ရဟန်းတို့၏ ပစ္စည်း လေးပါးကိုမှီ၍ ဆင်ခြင်သောသီလ။

**အာသဝ** = အာသဝေါတရား။
အာသဝေါတရားဆိုသည်မှာ သတ္တဝါတို့၏သန္တာန်၌ ယိုစီးနေတတ်သော တရားဖြစ်သည်။ အာသဝေါ တရားတို့သည် မူးယစ်မိန်းမောစေတတ်သော သဘောကိုဆောင်ကြသည်။ ၎င်းတို့သည် လိုချင်မှုလောဘ၊ အယူမှားမှုဒိဋ္ဌိနှင့် အမှားအမှန် မခွဲခြားနိုင်မှု မောဟတို့ဖြစ်ကြသည်။
အာသဝေါတရားလေးပါးရှိသည်-
၁။ ကာမာသဝ - ကာမ၌ မူးယစ်ခြင်း၊
၂။ ဘဝါသဝ - ဘဝ၌ မူးယစ်ခြင်း၊
၃။ ဒိဋ္ဌာသဝ - အယူ၌ မူးယစ်ခြင်း၊

၄။ အဝိဇ္ဇာသဝ - သစ္စာလေးပါး အမှန်တရားကို မသိမြင်ခြင်း၌ မူးယစ်ခြင်း။

အာသဝေါတရား ကုန်ခန်းခြင်းဆိုသည်မှာ အရဟတ္တဖိုလ်ကို ရရှိခြင်း ရဟန္တာဖြစ်ခြင်းပင်ဖြစ်၏။

**သိက္ခာပဒ** = သိက္ခာပုဒ်၊ သီလ။

**ဝါရိတ္တသီလ** = ဝါရိတ္တသီလ၊ မပြုရဟု တားမြစ်ထားသော သီလ။

မြတ်စွာဘုရား၏ ပညတ်တားမြစ်ချက်ကို မပြုလုပ်မိအောင် ရှောင်ကြဉ်သောအားဖြင့် ဖြည့်ကျင့်အပ်သော သီလမျိုးသည် ဝါရိတ္တသီလမည်၏။ ငါးပါးသီလအစရှိသော နိစ္စသီလမျိုးကို မလွန်ကျူး မိအောင် ရှောင်ကြဉ်ခြင်းဖြင့် ပြည့်အောင်ဖြည့်ကျင့် ယူရသည်။

**စာရိတ္တသီလ**-စာရိတ္တသီလ၊ ကျင့်ထိုက်သောသီလ၊ ကျင့်ဝတ်သီလ။

ပြည့်အောင်ဖြည့်ကျင့်အပ်သော သီလမျိုးသည် စာရိတ္တသီလမည်၏။ ဗုဒ္ဓဘာသာ၌ အသက်သိက္ခာ ဂုဏ်ဝါကြီးသူတို့အား ရှိခိုးမှု ခရီးဦး ကြိုပြုမှု၊ လက်အုပ်ချီမှု၊ အရိုအသေပြုမှု၊ ဝတ်ကြီးဝတ်ငယ်ပြုမှု အစရှိသော ဆိုင်ရာဆိုင်ရာ ကျင့်ဝတ်များရှိ၏။ ထိုကျင့်ဝတ်များကို ပြည့်အောင် ဖြည့်ကျင့်ယူရသောကြောင့် စာရိတ္တသီလဟုခေါ်သည်။

**သီလ** = ကိုယ်မှုနှုတ်မှုများကို စောင့်ထိန်းခြင်း။

ကိုယ်မှု (ကာယကံ)၊ နှုတ်မှု (ဝစီကံ) တို့ကို မကျူးလွန်အောင် စောင့်ထိန်းခြင်းသည် သီလမည်၏။

**လောကီယ** လောကီတရား၊ လောကတွင် အကျုံးဝင်သောတရား။

လောက၌ အကျုံးဝင်သော တရားများသည် လောကီ တရားများ ဖြစ်သည်။

**နိယာမ** = မြဲသောတရား၊ ဖြစ်ရိုးဖြစ်စဉ်သဘော။

နိယာမငါးမျိုးရှိသည်-

၁။ ဗီဇနိယာမ - ထိုထိုသစ်ပင် ပန်းပင်တို့၏ မျိုးစေ့မှ ပေါက်ဖွား လာသော သစ်ပင်ပန်းပင်တို့သည် မူလအပင်နှင့်တူညီကြ၏။

ဤသည်ကို ဗီဇနိယာမဟု ခေါ်သည်။

၂။ ဥတုနိယာမ - ရာသီဥတုတို့၏ ဖြစ်စဉ်သဘော၊ နွေရာသီ၌ ပူခြင်း၊ မိုးရာသီ၌ မိုးရွာခြင်း၊ ဆောင်းရာသီ၌ အေးခြင်း၊ ရာသီအလိုက် သစ်ပင်ပန်းပင်များ သီးပွင့်ကြခြင်းစသော ရာသီဥတုတို့၏ ဖြစ်စဉ်သဘောများကို ဥတုနိယာမဟုခေါ်သည်။

၃။ ကမ္မနိယာမ - ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ ဖြစ်စဉ်သဘော၊ သတ္တဝါတို့ပြုလုပ်အပ်သော ကောင်းမှုမကောင်းမှုတို့သည် အချည်းအနှီး ပျောက်ပျက်မသွားကြဘဲ အကြောင်းညီညွတ်သောအခါ ကောင်းမှုကုသိုလ်ကံက ကောင်းသော အကျိုးကို ဖြစ်စေသည်။ မကောင်းမှုအကုသိုလ်ကံကလည်း မကောင်းသောအကျိုးကို ဖြစ်စေသည်။ ဤသို့ဖြစ်စေခြင်းကို ကမ္မနိယာမဟုခေါ်သည်။

၄။ စိတ္တနိယာမ - စိတ်စေတသိက်တို့၏ ဖြစ်စဉ်သဘော၊ ရူပါရုံနှင့် စက္ခုပသာဒ ထိခိုက်လျှင် စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာခြင်း၊ သဒ္ဒါရုံနှင့် သောတပသာဒထိခိုက်လျှင်သောတဝိညာဏ်စိတ် ဖြစ်ပေါ်လာခြင်း စသော စိတ် စေတသိက်တို့၏ ဖြစ်စဉ်သဘောကို စိတ္တနိယာမ ဟုခေါ်သည်။

၅။ ဓမ္မနိယာမ - သဘာဝတရားတို့၏ ဖြစ်စဉ်သဘော၊ မဂ်ဉာဏ် ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ကိလေသာအညစ်အကြေးများ ကုန်ခန်းသွားခြင်း၊ ဘုရားအလောင်းဖွားမြင်သောအခါ ဘုရားရှင် တရားဟောသောအခါ ပရိနိဗ္ဗာန်စံသောအခါတို့၌ မြေငလျင် လှုပ်ခြင်းစသော ဖြစ်စဉ်များကို ဓမ္မနိယာမဟု ခေါ်သည်။

**နိဗ္ဗာန** = နိဗ္ဗာန်၊ တဏှာမှ လွတ်မြောက်မှု။

တဏှာ၏ အကြွင်းမဲ့ချုပ်ငြိမ်းမှု၊ တဏှာကို အကြွင်းမဲ့စွန့်လွှတ်မှု၊ တဏှာမှ လွတ်မြောက်မှုတို့ကို နိဗ္ဗာန်ဟုခေါ်သည်။

**နဝင်္ဂသတ္ထုသာသနာ-**

မြတ်စွာဘုရား၏ အင်္ဂါကိုးပါးရှိသော အဆုံးအမသာသနာ။

အဆုံးအမအင်္ဂါကိုးပါးမှာ-

၁။ သုတ္တ - စကားပြေဖြင့် ဟောပြောသော တရားတော်များ၊
၂။ ဂေယျ - စကားပြေနှင့်ဂါထာ နှစ်ထွေရောသော တရားတော်များ၊
၃။ ဝေယျာကရဏ - စကားပြေနှင့် အကျယ်ရှင်းလင်း ဝေဖန်ပြသော တရားတော်များ၊
၄။ ဂါထာ - ဂါထာဖြင့်ဟောကြားသော တရားတော်များ၊
၅။ ဥဒါန - ဥဒါန်းကျူးရင့်ခြင်းနှင့် စပ်ဆိုင်သောတရားတော်များ၊
၆။ ဣတိဝုတ္တက - ဝုတ္တံ ဟေတံ ဘဂဝတာ ဝုတ္တမရဟတာတိမေ သုတံ အစချီသောတရားတော်များ၊
၇။ ဇာတက - မြတ်စွာဘုရား ဟောကြားတော်မူသော ဇာတ်တော်များ၊
၈။ အဗ္ဘုတဓမ္မ - အံ့ဖွယ်သူရဲဖြစ်သော တရားတော်များ၊
၉။ ဝေဒလ္လ - ပညာရရန်အတွက် အမေးအဖြေ သဘောဖြင့်ဟောကြားတော်မူသော တရားတော်များ၊

**အရိယာသာဝက** = အရိယာဖြစ်သောတပည့်။

အရိယာတပည့်သုံးမျိုးမှာ-

၁။ ပကတိသာဝက - ပါရမီဖြည့်မှု သီးခြားမရှိ၊ အရိယာဖြစ်ချိန်တန်၍ အရိယာဖြစ်သော သူလိုငါလိုပုဂ္ဂိုလ်စုများ၊
၂။ မဟာသာဝက - ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသော ရှစ်ကျိပ်သော အရိယာတပည့်၊
၃။ အဂ္ဂသာဝက - တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသော အမြတ်ဆုံးသော တပည့်သာဝကတို့ဖြစ်သည်။

**အဋ္ဌင်္ဂိကမဂ္ဂ**= မဂ္ဂင်ရှစ်ပါး၊ အလယ်အလတ်လမ်းစဉ်။

မဂ္ဂင်ရှစ်ပါးဆိုသည်မှာ မှန်စွာသိမှု၊ မှန်စွာကြံစည်မှု၊ မှန်စွာပြောဆိုမှု၊ မှန်စွာပြုလုပ်မှု၊ မှန်စွာအသက်မွေးမှု၊ မှန်စွာအားထုတ်မှု၊ မှန်စွာအောက်မေ့အမှတ်ရမှု၊ မှန်စွာတည်ကြည်မှု တို့ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးဟူသော အရိယာလမ်းစဉ်သည် ဆင်းရဲခြင်းဒုက္ခကို ချုပ်ငြိမ်းစေနိုင်သော ကျင့်စဉ်ဖြစ် သည်။

**အရိယ** = အရိယာ၊ မြင့်မြတ်သူ။

အရိယာသည် ကိလေသာအချို့ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ

ပယ်သတ်ပြီးသူဖြစ်၏။ အပါယ်တံခါးပိတ်ပြီးသူဖြစ်သည်။

၁။ သောတာပန္န - သောတာပန်၊ အရိယာမဂ်ရေအလျဉ်သို့ ရောက်ပြီး မဂ်စိတ်၊ ဖိုလ်စိတ် ရပြီးသူ၊ အများဆုံးခုနစ်ဘဝ ဖြစ်ပြီးနောက် ပရိနိဗ္ဗာန်စံဝင်မည့် ပုဂ္ဂိုလ်။

၂။ သကဒါဂါမိ - သကဒါဂါမ်၊ ဤလူ့ဘုံသို့ တစ်ကြိမ်သာ လာတော့မည့် ပုဂ္ဂိုလ်၊

၃။ အနာဂါမိ - အနာဂါမ်၊သေလျှင် ကာမသုဂတိခုနစ်ဘုံ၌ မဖြစ်ရ တော့ဘဲ ရူပ အရူပ ဗြဟ္မာဘုံ၌သာဖြစ်၍ ပရိနိဗ္ဗာန်စံဝင်မည့် ပုဂ္ဂိုလ်၊

၄။ အရဟန္တ - ရဟန္တာ၊ ကိလေသာ အားလုံးပယ်သတ် ပြီးဖြစ်၍ ပရိနိဗ္ဗာန်စံဝင်တော့မည့် ပုဂ္ဂိုလ်။

**တေဝိဇ္ဇပတ္တ** = ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူ။

၁။ လွန်ခဲ့ပြီးသော ဘဝဟောင်းတို့ကို ပြန်ပြောင်း၍ ဆင်ခြင်နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ပညာ။

၂။ နတ်မျက်စိကဲ့သို့ အဆင်းအာရုံအမျိုးမျိုးကို မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ပညာ။

၃။ အာသဝေါတရားလေးပါးကို ကုန်ခန်းစေနိုင်သော အာသဝက္ခယ ဉာဏ်ပညာ-ဟူသော ဉာဏ်ပညာသုံးပါးကို ဝိဇ္ဇာသုံးပါးဟု ခေါ်သည်။

**ဗြဟ္မစရိယ** = မြတ်သောအကျင့်။

မြတ်သောအကျင့်ဆိုသည်မှာ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း။ သိက္ခာသုံးပါးအကျင့်နှင့် မဂ္ဂင်ရှစ်ပါးအကျင့်တို့ဖြစ်သည်။

**အနောဓိသက ဖရဏမေတ္တာ**=

ပုဂ္ဂိုလ်ကိုမပိုင်းခြား မရည်ညွှန်းဘဲ မေတ္တာပွားခြင်း။ မည်သူမည်ဝါ ယောက်ျား မိန်းမစသည် ကန့်သတ်ချက်မထားဘဲ အားလုံးပျံ့နှံ့အောင် ပွားများရသော မေတ္တာမျိုးဖြစ်သည်။

**အရူပဈာန** = အရူပဈာန်။

အရူပဈာန်လေးမျိုး-

၁။ အာကာသာနဉ္စာယတန - အဆုံးမရှိသော ကောင်းကင်ပညတ်

ဟူသော တည်ရာအာရုံရှိသော ဈာန်၊

၂။ ဝိညာဏဉ္စာယတနဈာန - အဆုံးမရှိသော ဝိညာဏ်ဟူသောတည်ရာအာရုံရှိသော ဈာန်၊ အရူပဒုတိယဈာန်ဟုခေါ်သော ဝိညာဏဉ္စာယတနဈာန်ကို ဈာနလာဘီပုဂ္ဂိုလ်များ ဝင်စားလေ့ရှိကြသည်။

၃။ အာကိဉ္စညာယတနဈာန - တစ်စုံတစ်ရာဘာမျှ မရှိခြင်းဟူသော နတ္ထိဘောပညတ်လျှင်တည်ရာအာရုံရှိသောဈာန်၊နတ္ထိဘော ပညတ်ကို အာရုံပြုလျက် အရူပဈာန်သို့တက်ပြီးသော ဈာနလာဘီ ယောဂီ ရသေ့သည် နောက်ဘဝ၌ အရူပပြဟ္မာ့ဘုံသို့ လာရတတ်သည်။

၄။ နေဝသညာနာသညာယတနဈာန - ရုန့်ရင်းသော အမှတ်သညာ ကား မရှိ၊ သိမ်မွေ့သော အမှတ်သညာမရှိသည် မဟုတ်သော ဈာန်၊ နေဝသညာနာသညာယတနဈာန်ကို အရူပစတုတ္ထဈာန်ဟု လည်း ခေါ်ကြသည်။

**ဧကဂ္ဂတာ** =စိတ်၏တစ်ခုတည်းသော အာရုံ၌ တည်ငြိမ် နေခြင်း။ ၎င်းကို စိတ္တဿေကဂ္ဂတာ ဟုလည်းခေါ်သည်။

**ဘဒ္ဒေကရတ္တ**- ကောင်းသောညတစ်ညရှိသူ။ ချုပ်ပျောက်ပြီး အတိတ်ခန္ဓာကိုလည်း မစွဲလမ်း၊ မဖြစ်ပေါ်သေးသော အနာဂတ်ခန္ဓာကိုလည်း မမျှော်လင့် မတောင့်တ၊ ဖြစ်ဆဲပစ္စုပ္ပန် ခန္ဓာကိုသာ ဝိပဿနာရှုနေသော ပုဂ္ဂိုလ်ကို ဘဒ္ဒေကရတ္တပုဂ္ဂိုလ်ဟု ခေါ်သည်။

**အရိယသာဝက-** အရိယာအဖြစ်သို့ရောက်သော မြတ်စွာဘုရား၏ တပည့်။ အရိယာပုဂ္ဂိုလ် ရှစ်ယောက်ကို အရိယသာဝကဟုခေါ်သည်။

**သောတာပတ္တိမဂ္ဂဋ္ဌ-** သောတာပတ္တိမဂ်၌ တည်သောပုဂ္ဂိုလ်။ ထိုပုဂ္ဂိုလ်သည်-

၁။ ဓမ္မာနုသာရီ - ပညာဦးစီးပြီး သောတာပတ္တိမဂ် ရသောပုဂ္ဂိုလ်။

၂။ သဒ္ဓါနုသာရီ - သဒ္ဓါဦးစီးပြီး သောတာပတ္တိမဂ် ရသောပုဂ္ဂိုလ်- ဟူ၍ နှစ်မျိုးရှိသည်။

**သရဏဂတ** = သရဏဂုံတည်သူ၊ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သူ။

ဘုရားတရားသံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူကို သရဏဂုံတည်သူ (သရဏဂတ) ဟုခေါ်သည်။

**ဘိက္ခုနီ** = ဘိက္ခုနီမ၊ ရဟန်းမ။

ဘိက္ခုနီသာသနာသည် မိထွေးတော် မဟာပဇာပတိ ဂေါတမီ၏ စွမ်းဆောင်မှုကို အခြေတည်၍ အရှင်အာနန္ဒာ၏ လျှောက်ထား တောင်းပန်မှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဘိက္ခုနီခေါ် ရဟန်းမများ သည် ရဟန်းယောက်ျားများထက် ပို၍ သိက္ခာပုဒ်-၃၁၁-ပုဒ်ကို တင်းကျပ်စွာ လိုက်နာစောင့်ထိန်းကြရသည်။ ဘိက္ခုနီ ရဟန်းမ ပြုလုပ်သောအခါ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဖက်လုံးထံ ဩဝါဒခံယူကြရသည်။

ဘိက္ခုနီသာသနာ ပေါ်ပေါက်လာခြင်းဖြင့်အမျိုးကောင်းသမီး လေးများသည် အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးများ ရရှိခဲ့ကြ၏။ ရဟန်းမပြုလုပ်၍ မဂ်ဖိုလ်အသီးအပွင့်များကို အမျိုးသမီးများ ခံစားကြရ၏။ ဘုရားရှင်သာသနာ နှစ်ပေါင်း-၆၀၀-ကျော်ခန့်အချိန်တွင် ဘိက္ခုနီသာသနာ ကွယ်ပျောက်ပြီးနောက် ရဟန်းမများ၏ နည်းကိုမှီ၍ အမျိုးသမီးများသည် ရှစ်ပါး၊ ဆယ်ပါး သီလကို စောင့်ထိန်းကာ သာသနာ့နွယ်ဝင် သီလရှင်အဖြစ် ပြုလုပ်လာကြ၏။ ထိုအခါ အမျိုးသမီးကလေးများသည် အမျိုးသားများ နည်းတူ ပရိယတ် ပဋိပတ်တို့ကို ထမ်းဆောင်ခွင့်ကို ရရှိခဲ့ကြပြန်၏။

**ဥပသမ္ပဒါ** = ရဟန်းပြုခြင်း၊ (ရဟန်းဂုဏ်အင်္ဂါနှင့်ပြည့်စုံစေခြင်း)။

သံဃာတော်များသည် ရဟန်းလောင်းကို သိမ်အတွင်း၌ ရဟန်းပြုပေး ကြကုန်၏။

**အာနာပါန** = ထွက်သက်ဝင်သက်။

အမိဝမ်းတွင်း၌ ပဋိသန္ဓေနေရသော သတ္တဝါတို့သည် အမိဝမ်းတွင်း၌ နေစဉ် အသက်မရှုရှိုက်ရသဖြင့် ဖွားမြင်သည်နှင့်တပြိုင်နက် ဝမ်းတွင်းမှလေတို့သည် အပြင်သို့ ရှေးဦးစွာထွက်သည်။ ထို့နောက် အပြင်မှလေ တို့သည် ဝမ်းတွင်းသို့ဝင်ကြသည်။ ထို့ကြောင့်

ထွက်သက်က ပထမဖြစ်၍ ဝင်သက်ကနောက်မှဖြစ်ရသဖြင့် "ထွက်သက်ဝင်သက်"ဟု ဆိုကြသည်။

**ဒေသနာ** = ဒေသနာကြားခြင်း၊ အာပတ်ဖြေခြင်း။

သံဃာတော်အချင်းချင်း ဒေသနာကြားရသည်။ အာပတ်ဖြေရသည်။ ဘုရားရှင်သာသနာတော်၌ ရဟန်းပြု၍နေလျှင် ဘုရားရှင် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို အထူးလိုက်နာ ကျင့်ကြံနေထိုင်ရ၏။ သိက္ခာပုဒ်တစ်ခုခု မကျိုးမပျက်အောင် ရဟန်းတော်များသည် သတိဖြင့် ကောင်းစွာထိန်းချုပ်နေရ၏။ ထိုသို့ အမြဲတစေ ထိန်းသိမ်းလိုက်နာ နေထိုင်သည့်ကြားမှ သိက္ခာပုဒ်တစ်ခုခုကို ကျူးလွန်မိခဲ့လျှင် ထိုအပြစ်ကို ဖုံးလွှမ်း ကွယ်ဝှက်၍ မထားရ။ ဖုံးကွယ်ထားမိလျှင် ဖုံးကွယ်ထားသည့်အတွက် နောက်ထပ်အပြစ်အာပတ်များ ထပ်မံတိုးပွားလာ၏။ ရဟန်းတော်များ သိက္ခာပုဒ်ကို ထိန်းသိမ်းရခြင်းမှာ သိက္ခာပုဒ်များ များလွန်းလှသဖြင့် ဆောက်ဖျားပေါ်၌ မုန်ညင်းစေ့တင်ရသည့်ပမာ အလွန်ခဲယဉ်း၏။

ဤသို့ခဲယဉ်းလှသောကြောင့် ရဟန်းတော်များသည် အမှတ်မထင် သိက္ခာပုဒ်တစ်ခုခုကို ကျူးလွန်မိတတ်၏။ ထိုအခါ ထိုအပြစ်အာပတ်များကို ဖွင့်ဟပြောကြားရ၏။ ကွယ်ဝှက်မထားရချေ။ မိမိ၏ အပြစ်အာပတ်ကို ကွယ်ဝှက်မထားဘဲ ထုတ်ဖော်ပြောကြားခြင်းကိုပင် ဒေသနာကြားသည်ဟု ခေါ်ဆိုကြ၏။ ဤကဲ့သို့ မိမိ၏ အပြစ်အာပတ်များကို ကွယ်ဝှက်မထားဘဲ ထုတ်ဖော်ပြောကြားရသဖြင့် မိမိလိုက်နာရသော အကျင့်သိက္ခာပုဒ်များ အပေါ်၌ စိတ်ကျေနပ်မှုဖြစ်ရ၏။ မိမိ၌ အပြစ်တစ်ခုမျှ မရှိကြောင်းသိရသဖြင့် နှစ်သက်ရ၏။ ဝမ်းမြောက်ရ၏။ အပြစ်ရှိကြောင်း ထုတ်ဖော်ဝန်ခံ ပြောကြားခြင်းသည် ဘုရားသာသနာတော်၌ ကြီးပွားကြောင်းဖြစ်၏။

**ပိဋက** = ကျမ်းဂန်စာပေ။

ပထမသင်္ဂါယနာတင်ပွဲ၌ ဘုရားဟောဒေသနာ အားလုံးကို ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကဟု သုံးမျိုးခွဲခြားထားခဲ့သည်။

**ဝိဟာရ** = နေခြင်း၊ နေထိုင်ခြင်း၊ သီတင်းသုံးခြင်း၊ စံပျော်ခြင်း။
နေထိုင်ခြင်း လေးမျိုးရှိ၏-
၁။ ဒိဗ္ဗဝိဟာရ - ဈာန်ဝင်စား၍နေခြင်း၊
၂။ ဗြဟ္မဝိဟာရ - မေတ္တာဈာန်စသည်ကို ဝင်စား၍ နေခြင်း၊
၃။ အရိယဝိဟာရ - ဖလသမာပတ် ဝင်စား၍နေခြင်း၊
၄။ ဣရိယပထဝိဟာရ - လျောင်းထိုင်ရပ်သွား ဣရိယာပုထ်လေးပါးတွင် တစ်ပါးပါးဖြင့် နေခြင်း။

**မဂ္ဂ** = မဂ်၊ အရိယာမဂ်စိတ်။
သောတာပတ္တိမဂ်စသောတရားလေးပါး၊ ကိလေသာတို့ကို ပယ်ခွာလျက်နိဗ္ဗာန်ကို အာရုံပြုသောတရား။
၁။ သောတာပတ္တိမဂ်၊
၂။ သကဒါဂါမိမဂ်၊
၃။ အနာဂါမိမဂ်၊
၄။ အရဟတ္တမဂ်-အားဖြင့်လေးမျိုးရှိ၏။

**ခန္တီ** = သည်းခံခြင်း။
သည်းခံခြင်းသည် ပါရမီဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။

**ဝန္ဒနာ** = ရှိခိုးခြင်း။
ရတနာမြတ်သုံးပါးတို့အား ရှိခိုးခြင်းအမှုကို ပြုကြရာ၌ ရှိခိုးခြင်းသုံးမျိုးရှိသည်။
၁။ တည်ခြင်းငါးပါးနှင့်အညီ ရှိခိုးခြင်းသည် ကာယဝန္ဒနာမည်၏။
၂။ နှုတ်ဖြင့်ရွတ်ဆိုရှိခိုးခြင်းသည် ဝစီဝန္ဒနာမည်၏။
၃။ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတော်များကို စိတ်အစဉ်တွင် ထင်မြင်စေလျက် စိတ်ဖြင့်ရည်မှတ်၍ ရှိခိုးခြင်းသည် မနော ဝန္ဒနာမည်၏။

**အာဟာရေ ပဋိကူလသညာ**- စားစရာသောက်စရာ အစာအာဟာရ၌ စက်ဆုတ်ရွံရှာဖွယ်ဟု ဆင်ခြင်သော အမှတ်သညာ။

ယောဂီပုဂ္ဂိုလ်သည် စားဖွယ်သောက်ဖွယ်များကို မှီဝဲသုံးဆောင်သောအခါ အာဟာရေပဋိက္ကူလသညာ ဖြင့် ဆင်ခြင်မှီဝဲအပ်ပါသည်။

**အသုဘဒဿန**- အသုဘရှုခြင်း၊ အလောင်းကောင်၏ မတင့်တယ်ရွံရှာဖွယ်ဖြစ်ပုံကို ရှုမြင်ခြင်း။

ကိုယ်ခန္ဓာ၏ မတင့်တယ်ရွံရှာစဖွယ်ရှိပုံနှင့် မမြဲပုံ ဖောက်လွဲဖောက်ပြန်ရှိပုံကို လက်တွေ့သိရှိသဘောပေါက် စေရန်၊ ခန္ဓာကိုယ်၌ တပ်မက်တွယ်တာမှုကင်းစေရန်၊ အသုဘကမ္မဋ္ဌာန်းကို လက်တွေ့သိရှိသဘောပေါက်ရန်၊ အသုဘနိမိတ်ယူပြီး အသုဘကမ္မဋ္ဌာန်းကို အဖန်ဖန်ပွားများနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာဓလေ့ထုံးစံတွင် လူတစ်ယောက်သေဆုံးက အများသူငါ အသုဘကမ္မဋ္ဌာန်းရှုနိုင်ရန် ရည်ရွယ်ပြီး အသုဘရှုကြရန် ဖိတ်ကြားထားသော ဓလေ့၊ အသုဘပို့သောဓလေ့ ဖြစ်ပေါ်လာပါသည်။

**သမ္ဗာသမ္ဗောဓိ** = သစ္စာလေးပါးကို ကောင်းစွာကိုယ်တိုင် သိမြင်နိုင်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်။

**ပါရမီ** = မြင့်မြတ်သူတို့၏ လုပ်ငန်းစဉ်၊ ဘုရားလောင်းကျင့်စဉ်။
ဘုရားအလောင်းတော်တို့သည် ဘုရားဖြစ်ရန်အတွက် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ကြရသည်။

**ပါရမီဆယ်ပါးမှာ-**

၁။ ဒါနပါရမီ
၂။ သီလပါရမီ
၃။ နေက္ခမ္မပါရမီ
၄။ ပညာပါရမီ
၅။ ဝီရိယပါရမီ
၆။ ခန္တီပါရမီ
၇။ သစ္စာပါရမီ
၈။ အဓိဋ္ဌာနပါရမီ
၉။ မေတ္တာပါရမီ

၁၀။ ဥပေက္ခာပါရမီ-တို့ဖြစ်ကြသည်။

**ဒါနပါရမီ**= ပေးကမ်းလှူဒါန်းစွန့်ကြဲမှုကို ဖြည့်ကျင့်ခြင်း။

ဒါနပါရမီကို ဖြည့်ကျင့်ရာတွင် ဘုရားအလောင်းတော်သည် မိမိ၏ ဇနီးနှင့် သားသမီးများ အပါအဝင် မိမိ၏ ပိုင်ဆိုင်မှုများကိုလည်းကောင်း၊ မိမိကိုယ်အင်္ဂါများကိုလည်းကောင်း၊ မိမိ၏ အသက်ကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်တော်ကို ရည်မှန်း၍ စွန့်ကြဲလှူဒါန်းသည်။

**သီလပါရမီ**= သီလစောင့်ထိန်းမှုကို ဖြည့်ကျင့်ခြင်း။

အသက်ကိုသာ အသေခံမည်၊ သီလကိုမူကား အကျိုးအပေါက် မခံနိုင်ဟူသော သဘောထားဖြင့် ဖြည့်ကျင့်ခြင်းသည် သီလပါရမီမည်၏။

**နေက္ခမ္မပါရမီ**= ကာမဂုဏ်မှ ထွက်မြောက်မှုကို ဖြည့်ကျင့်ခြင်း။

လောကီအာရုံကာမဂုဏ်တို့ကို စွန့်ခွါ၍ ရသေ့ ရဟန်း ပြုလုပ်ပြီး တောတောင်၌ နေထိုင်ကာ တရားအားထုတ်ခြင်း။

ဘုရားအလောင်းတော်သည် ဘဝပေါင်းများစွာတို့၌ လောကီအာရုံ ကာမဂုဏ်တရားများကို စွန့်ပယ်၍ တောထွက်ကာ ရသေ့ရဟန်း ပြုတော် မူခြင်းသည် နေက္ခမ္မပါရမီဖြစ်သည်။

**ပညာပါရမီ**= နည်းအမျိုးမျိုးဖြင့် ပညာဆည်းပူးခြင်း။

မိမိပညာကို မချွင်းမချန်ဘဲ ပေးဝေမှုဖြင့် ဖြည့်ကျင့်ခြင်း၊ ပညာဂုဏ်ဖြင့် ဝင့်ကြွားမှုမရှိဘဲ သတ္တဝါအပေါင်း၏ အကျိုးအတွက် မိမိပညာကို ပေးဝေခြင်းသည် ပညာပါရမီဖြစ်သည်။

**ဝီရိယပါရမီ**= ဖွဲလုံ့လကို မလျှော့စေဘဲ မနားမနေ ကြိုးစားအားထုတ်မှုကို ဖြည့်ကျင့်ခြင်း။

အလောင်းတော် မဟာဇနကမင်းသားသည် ပင်လယ်ထဲ သင်္ဘော ပျက်ရာ၌ အားလျှော့ငိုကြွေးမနေဘဲ ခုနစ်ရက်တိုင်တိုင် မလျှော့သော ဖွဲလုံ့လဖြင့် ကူးခတ်ခဲ့၏။ ဤကား ဝီရိယပါရမီအတွက် ကြိုးပမ်းမှု တစ်ရပ်ပေတည်း။

**ခန္တီပါရမီ=** သည်းခံခွင့်လွှတ်မှုကို ဖြည့်ကျင့်ခြင်း။

အလောင်းတော် ခန္တီဝါဒီရသေ့သည် နားရွက်ဖြတ်ခြင်း၊ လက်ခြေဖြတ်ခြင်းတို့ဖြင့် ကလာဗုမင်းနှိပ်စက်သည်ကို အမျက် မထွက်ဘဲ သည်းခံခွင့်လွှတ် တော်မူခြင်းသည် ခန္တီပါရမီဖြစ်သည်။

**သစ္စာပါရမီ=** မှန်ကန်သောစကားကို ပြောဆိုဖြည့်ကျင့်ခြင်း။

ဗုဒ္ဓလောင်းလျာသည် မဟာသုတသောမမင်းဘဝတွင် ပေါရိသာဒထံ သစ္စာပြု၍ သစ္စာစောင့်သောအားဖြင့် မိမိအသက်ကို မငဲ့ဘဲ ပေါရိသာဒထံ ပြန်လာသကဲ့သို့ ဖြည့်ကျင့်အပ်သော ပါရမီပင်ဖြစ်သည်။ အရိယသစ္စာပါရမီ ဟုခေါ်သည်။

**အဓိဋ္ဌာနပါရမီ=** စိတ်ဆုံးဖြတ်သည့်အတိုင်း ခိုင်မြဲစွာ လိုက်နာကျင့်သုံးမှုကို ဖြည့်ကျင့်ခြင်း။

မိမိစိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်၍ ထိုဆုံးဖြတ်ချက်အတိုင်း တိတိကျကျ လိုက်နာကျင့်သုံးမှုကို အဓိဋ္ဌာန်ပြုသည်ဟု ခေါ်သည်။ မြင့်မြတ်သော ရည်မှန်းချက် အောင်မြင်ရန်အတွက် မမိုတ်မသုန် မသွေဖီဘဲ ဆုံးဖြတ်ချက်ချထားသည့်အတိုင်း ကြိုးပမ်း ဆောင်ရွက်ခြင်းသည် အဓိဋ္ဌာနပါရမီဖြည့်ကျင့်ခြင်းမည်၏။

**မေတ္တာပါရမီ=** သူတစ်ပါးအကျိုးဖြစ်ထွန်းရေးအတွက် ဖြည့် ကျင့်ခြင်း။

တုတ်၊ ဓား၊ လက်နက်များကို ချထား၍ သတ္တဝါအားလုံးအား မိမိရင်သွေးပမာ ချစ်ခင်ကြင်နာခြင်း၊ မည်သည့်သတ္တဝါကိုမှ ထိခိုက်နစ် နာအောင် မလုပ်ဆောင်ရခြင်းသည် မေတ္တာပါရမီကို ဖြည့်ကျင့်ခြင်းဖြစ်၏။

**ဥပေက္ခာပါရမီ=** ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း စသည်တို့ကို မတုန်မလှုပ် ကြံ့ကြံ့ခံ ရင်ဆိုင်သည့် အလေ့မျိုးကို ဖြည့်ကျင့်ခြင်း။

**ကဗဠီကာရာဟာရ=** အလုတ်အလွေးပြုအပ်သော စားသောက်ဖွယ်၊ စားမျိုအပ်သော အစာအာဟာရ။

သတ္တဝါတို့ စားမျိုအပ်သော အစားအစာကို ကဗဠီကာရာဟာရဟု ခေါ်သည်။

**ထုပိကာ** = ပြာသာဒ်စသော အဆောက်အအုံတို့၏အထွတ်အဖူး၊

ထိပ်ဖူးငယ်၊ အထွတ်။

ပြာသာဒ်၊ ပြအိုး၊ အမိုးအထက်တွင် ကြာဖူးသဏ္ဌာန် ထုပိကာဖြင့် တန်ဆာဆင်လေ့ရှိသည်။

**သံဝေဇနီယဌာန**=သံဝေဂဖြစ်ရာဌာန၊ ကုသိုလ်တရားဖြစ်ပွားရာဌာန။

**သံဝေဂ ရစေသောဌာန (၄)ခု ရှိသည်-**

(၁) မြတ်စွာဘုရား ဖွားတော်မူရာ လုမ္ဗိနီအင်ကြင်းတော။

(၂) မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ ဘုရားဖြစ်တော်မူရာ မဟာဗောဓိညောင်ပင်ရင်း။

(၃) ဓမ္မစက္ကပဝတ္တနသုတ်ကို မြတ်စွာဘုရား ဟောကြားတော်မူသော မိဂဒါဝုန်တော။

(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံဒေသ။

**ဝါဒိတ** = တီးမှုတ်ခြင်း။

စည်း၊ စောင်း၊ ညှင်း၊ နှဲ၊ ပုလွေ၊ ပတ်သာ စသော တူရိယာများကို ကိုယ်တိုင် တီးမှုတ်ခြင်း၊ သူတပါးကိုလည်း တီးမှုတ်စေခြင်း။

**သုခဝေဒနာ** = ချမ်းသာကို ခံစားမှု။

**သုခသမ္ဖဿ** = ချမ်းသာသော အတွေ့အထိ။

**ကာမ** = တပ်မက်ဖွယ်ရာ၊ တပ်မက်စွဲလန်းမှု

ထိုကာမသည် တပ်မက်ဖွယ်ရာဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရာသာနှင့် တွေ့ထိမှုတို့ကို ဝတ္ထုကာမဟူ၍ ခေါ်ဆိုပြီး၊ လိုချင်မှု ဆန္ဒနှင့် တပ်မက်စွဲလမ်းမှု ရာဂကို ကိလေသာကာမဟု ခေါ်သော ကာမ နှစ်မျိုးရှိသည်။

**ဓမ္မာသန** = တရားဟောပလ္လင်။

ဓမ္မကထိက ပုဂ္ဂိုလ်သည် တရားဟောပလ္လင်သို့ တက်၍ တရားဒေသနာတော်များကို ဟောကြားတော်မူသည်။

**ပဗ္ဗဇ္ဇာပေက္ခ**=ရှင်လောင်း၊ ရဟန်းလောင်း။

**ပဋိပတ္တိ** = ပဋိပတ်၊ အကျင့်၊ ကျင့်ကြံအားထုတ်မှု။

အကျင့်ပဋိပတ်၏ အခြေခံအကြောင်းရင်းသည် ပရိယတ်ဖြစ်၍

အကျိုးတရားကား မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဖြစ်၏။
ထိုအကျိုးတရားကို အကျင့်ပဋိပတ်ဖြင့်သာ ရနိုင်သည်။

**ပရာဘဝ** = ဆုတ်ယုတ်ပျက်စီးကြောင်းတရား။
ဒုစရိုက်ဆယ်ပါးကို ပြုကျင့်ခြင်း၊ မိစ္ဆာဒိဋ္ဌိအယူရှိခြင်း၊ အလှူဒါန မပြုခြင်း၊ မိဘတို့ကို မလုပ်ကျွေးခြင်း၊ အစားအအိပ်ကြီးခြင်း၊ အနေအထိုင်စည်းကမ်းမရှိခြင်း၊ ကာမဂုဏ်ကြူးခြင်း၊ လောင်းကစားကြူးခြင်း စသည်တို့သည် လူတို့ကို ဆုတ်ယုတ်ပျက်စီးကြောင်းတရားများဖြစ်သည်။

**ဓမ္မဒေသက**=တရားဟောပြော သိတတ်စေသောသူ၊ တရား ဟောဆရာ၊ ဓမ္မကထိက။
တရားဟောပြော သိတတ်စေသောသူကို ဓမ္မဒေသကဟု ခေါ်သည်။

**ကောမာရဗြဟ္မစရိယသီလ**- လူပျို၊ အပျိုများ စောင့်ထိန်းအပ်သောသီလ။
ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရ ဝေရမဏီအစား အဗြဟ္မစရိယာဝေရမဏီသိက္ခာပုဒ်ကိုထည့်၍ စောင့်ထိန်းအပ်သော သီလကို ကောမာရဗြဟ္မစရိယသီလဟု ခေါ်သည်။

**ဥပဇ္ဈာယ**= ဥပဇ္ဈာယ်ဆရာ၊ အနီးကပ်သွန်သင်ဆုံးမတတ်သည့် ဆရာ၊ အပြစ်ကြီးအပြစ်ငယ်တို့ကို ဆုံးမတတ်သောဆရာ။
ရှင်သာမဏေပြုရာ၌ (သို့မဟုတ်) ရဟန်းခံရာ၌ ဥပဇ္ဈာယ်ဆရာအဖြစ်ဆောင်ရွက်ပေးသော ဆရာရဟန်းကို ဥပဇ္ဈာယ်ဟု ခေါ်သည်။

**အဓိပတိ**= အကြီးအမှူးဖြစ်ဖော်ဖြစ်ဖက် စိတ်၊ စေတသိက် တို့၏ အကြီးအကဲ။
လူသားစားလို၍ ထီးနန်းစွန့်ကာ တောထဲ၌ လှည့်လည် ကျက်စားလျက်ရှိသော ပေါရိသာဒမင်း၏ သန္တာန်၌ လူသားစား လိုသော ဆန္ဒက ဖြစ်ဖော်ဖြစ်ဖက် စိတ်၊ စေတသိက်တို့ကို ကြီးစိုးနေမှုသည် အဓိပတိ ဖြစ်သည်။

**ပရိကမ္မ** = ပရိကံစိတ်၊ ဈာန်၊ မဂ်ဖိုလ်တရားများ ဖြစ်ပေါ်လာစေရန် ရှေးဦးစွာဆောင်ရွက်သောစိတ်။

**မဟာဘူတ** = မဟာဘုတ်၊ ကြီးကျယ်ထင်ရှားသောရုပ်။

ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော (တစ်နည်း) မြေ၊ ရေ၊ လေ၊ မီး-ဟူသော သက်ရှိသက်မဲ့ အရာခပ်သိမ်း ၌ သဏ္ဌာန် အမျိုးမျိုးဖြင့် ထင်ရှား ပါဝင်၍ ဖောက်ပြန်တတ်သော ဓာတ်ကြီး လေးပါးကို မဟာဘုတ်ဟုခေါ်သည်။

**ဘဝ =** တစ်ခုသော ဘဝကို ဖြစ်စေသောကံ၊ ဘဝတစ်ခု၌ ဖြစ်ခြင်း။

၁။ ကမ္မဘဝ - ဇာတိကို ဖြစ်စေသောကံကို ကမ္မဘဝဟုခေါ်သည်။

၂။ ဥပပတ္တိဘဝ - ကံကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများကို ဥပပတ္တိဘဝဟုခေါ်သည်။

**ပပဉ္စ =** သံသရာရှည်စေသော တရား။

သံသရာရှည်စေသော တရားသုံးပါးမှာ- တွယ်တာတပ်မှု (တဏှာ)၊ ထောင်လွှားမှု(မာန)နှင့် အယူမှားမှု (ဒိဋ္ဌိ)တို့ဖြစ်ကြသည်။

**ယောနိသောမနသိကာရ=** သင့်တင့်မှန်ကန်စွာ နှလုံးသွင်းခြင်း။

ယောနိသော မနသိကာရဟူသော သင့်တင့်မှန်ကန်စွာ နှလုံးသွင်းခြင်း သည် ကုသိုလ်ဖြစ်ခြင်း၏ အကြောင်း ဖြစ်သည်။

**ပရိတ္တ =** ဘေးဆီးရန်ကာ ပရိတ်တရား။

ပရိတ်တရားသည် မကောင်းမှုကို ပယ်၍ ဘေးအန္တရာယ်များမှ ကာကွယ်ပေးသည်။

**နာထ =** ကိုးကွယ်ရာမြတ်စွာဘုရား။

**ဥပစာရ=** ဥပစာရစိတ်၊ ဈာန်၊ မဂ်၊ ဖိုလ်-ဟူသော အပ္ပနာ၏အနီး၌ ဖြစ်သောစိတ်။

အိမ်၊ ကျောင်း၊ ရွာ စသည်တို့၏ အနီးအနားကို အိမ်ဥပစာ၊ ကျောင်းဥပစာ၊ ရွာဥပစာ ဟုခေါ်သကဲ့သို့ ဈာန် မဂ် ဖိုလ်တရားတို့၏ အနီး၌ဖြစ်သောစိတ်ကို ဥပစာစိတ်ဟုခေါ်သည်။

**အရူပဇီဝိတိန္ဒြိယ**=နာမ်ဇီဝိတိန္ဒြေ၊ နာမ်သက် ဇီဝိတိန္ဒြေစေတသိက်။

သတ္တဝါတစ်ဦးတွင် ရုပ်သက် နာမ်သက် ဟူ၍ အသက်နှစ်မျိုးရှိသည်။ နာမ်ဇီဝိတိန္ဒြေသည် ၎င်းနှင့်အတူ ယှဉ်၍ ဖြစ်ကြသော စိတ်၊ စေတသိက်တို့ကို သက်တမ်းပြည့်တည်တံ့အောင် စောင့်ထိန်း

ပေးသော နာမ်သက်သာ ဖြစ်သည်။

**ဝေါဒါန**= ဝေါဒါန်၊ ဖြူစင်သောစိတ်။

၁။ သမထအရာတွင် ဒုတိယစျာန်၊ တတိယစျာန် ဖြစ်ရာ၌ ဂေါတြဘူနေရာတွင် ဖြစ်ပေါ်လာသော ဖြူစင်သော စိတ်သည်လည်းကောင်း၊

၂။ ဝိပဿနာအရာတွင် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့ ဖြစ်ရာ၌ ဂေါတြဘူနေရာတွင် ဖြစ်ပေါ်လာသော စိတ်သည်လည်းကောင်း၊ ဝေါဒါန် ဖြူစင်သောစိတ်မည်၏။

**ဝိသုဒ္ဓိ**= အထူးစင်ကြယ်ခြင်း။

ဝိသုဒ္ဓိခုနစ်ပါးခေါ် စင်ကြယ်သော အဆင့်ခုနစ်ဆင့်တို့မှာ-

၁။ သီလဝိသုဒ္ဓိ - အကျင့်သီလ၏ စင်ကြယ်ခြင်း၊

၂။ စိတ္တဝိသုဒ္ဓိ - စိတ်၏စင်ကြယ်ခြင်း၊

၃။ ဒိဋ္ဌိဝိသုဒ္ဓိ - အယူ၏စင်ကြယ်ခြင်း၊

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ-ယုံမှားခြင်းကိုလွန်မြောက်ခြင်းဖြင့် စင်ကြယ်ခြင်း၊

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ - မဂ်ဟုတ်သည်မဟုတ်သည်ကို ခွဲခြားသိတတ်သော ဉာဏ်၏ စင်ကြယ်ခြင်း၊

၆။ ဉာဏဒဿနဝိသုဒ္ဓိ - အရိယာမဂ်ကိုရကြောင်းအကျင့် ကိုးပါးဟူသော ဉာဏ်၏ စင်ကြယ်ခြင်း၊

၇။ ဉာဏဒဿနဝိသုဒ္ဓိ - မဂ်ဉာဏ်လေးပါး၏ စင်ကြယ်ခြင်းတို့ဖြစ်ပါသည်။

**ဝဿဝါသ**= ဝါဆိုခြင်း၊ ဝါကပ်ခြင်း၊ မိုးသုံးလအတွင်း ဝါဆိုသည့် ကျောင်းတိုက် အာရာမ်အတွင်းမှာ နေရခြင်း။

ဝါဆိုမှုသည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် ရှိခဲ့သည်။ ဝါဆို ဝါကပ် ဥပဒေမပညတ်မီက ရဟန်းများသည် ဥတုသုံးလီ နေပူမိုးရွာမရှောင် လှည့်လည်သွားလာနေခဲ့ကြသည်။ မိုးကာလ လူတို့စိုက်ပျိုး ထားသော စိုက်ပျိုးပင်များကို ပျက်စီးသောကြောင့် လူတို့က ရဟန်းများကို ကဲ့ရဲ့ကြသည်။ မြက်သစ်ပင် ရေပေါက်ယယ်များကိုပင် အသက်ရှိသည်ဟု ယူဆသူများ

လည်းရှိနေသည်။ အဘယ့်ကြောင့် ဘုရားသားတော်ရဟန်းများသည် အပင်ငယ်များနှင့် ပိုးမွှားများကို နင်းခြေဖျက်ဆီးလျက် တစ်နှစ်ပတ်လုံး ခရီးသွားနေကြပါသနည်း။ သာသနာပြင်ပ တိတ္ထိတို့သော်မှ မိုးဥတုတွင် ခရီးမထွက်ကြဘဲ ကြောင့်ကြမဲ့ နေထိုင်ကြသည်။ ယုတ်စွအဆုံး ငှက်တိရစ္ဆာန်တို့သော်မှ မိုးကာလတွင် အသိုက်၌နေကြသည်။ အပင်ငယ်များ သတ္တဝါကလေးများ ပျက်စီးသေကြေကြရသည်ဟု ကဲ့ရဲ့ပြစ်တင် ရှုတ်ချကြသည်။ ထို့ကြောင့် ဘုရားရှင်က ရဟန်းတော်များ မိုးသုံးလကာလပတ်လုံး ခရီးမထွက်ရသော ဝါဆိုဝါကပ် ဥပဒေကို ပညတ်ခဲ့ရသည်။

**ဝါကပ်ခြင်းနှစ်မျိုးရှိသည်** –

၁။ ပုရိမဝဿာဝါသ – ပထမဝါကပ်ခြင်း၊ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့၌ ဝါကပ်၍ သီတင်းကျွတ်လပြည့်နေ့တွင် ဝါကျွတ်သည်။

၂။ ပစ္ဆိမဝဿာဝါသ – ဒုတိယဝါကပ်ခြင်း၊ ဝါခေါင်လပြည့်ကျော် တစ်ရက် နေ့၌ ဝါကပ်၍ တန်ဆောင်မုန်းလပြည့်နေ့တွင် ဝါကျွတ်သည်။

**နိရယ**= ငရဲဘုံ၊ ချမ်းသာကင်းပြီး ဆင်းရဲခြင်းအတိပြီးသော ဘုံဘဝ။ ငရဲသားများသည် ငရဲထိန်းနှင့် ငရဲခွေးတို့၏ နှိပ်စက်မှုကို အမြဲခံနေကြရသည်။ ငရဲမီးလောင်မှုကို အမြဲခံစားနေ ရသည်။ ဤကဲ့သို့ ပြင်းထန်သော ဒုက္ခဝေဒနာကို ခံစားနေရသော်လည်း အသက်မသေနိုင်။ အကုသိုလ်ကံ မကုန်သေးသမျှ အသက်ရှင်လျက် ဆက်လက် တည်နေရသည်။ အကုသိုလ်ကံ ကုန်ဆုံးမှ ငရဲသားဘဝ လွတ်မြောက်၍ အခြားဘဝသို့ ကူးပြောင်းနိုင်သည်။

**ပစ္စဝေက္ခဏာ**= ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း၊ ဉာဏ်ဖြင့်သာ သက်ဝင်၍ အဖန်ဖန်ရှုမှတ် ဆင်ခြင်တတ်သောတရား။

**ဆင်ခြင်ခြင်းနှစ်မျိုးရှိ၏** –

၁။ ရဟန်းသာမဏေတို့သည် ဒါယကာ၊ ဒါယိကာမတို့ လှူဒါန်း

အပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့၌ အဖန်တလဲလဲ ရှုမှတ်ဆင်ခြင်ခြင်း၊

၂။ အရိယာပုဂ္ဂိုလ်တို့သည် မိမိရပြီးသော မဂ်ဖိုလ်တို့ကို လည်းကောင်း၊ ပယ်ပြီးသောကိလေသာနှင့် မပယ်ရသေး ကြွင်းကျန်သော ကိလေသာတို့ကို လည်းကောင်း ပြန်၍ ဆင်ခြင်ခြင်း။

**သရဏ=** ကိုးကွယ်အားထားရာ ရတနာသုံးပါး။

ဆည်းကပ်ကိုးကွယ်သူတို့၏ ဘေးရန်အန္တရာယ်အမျိုးမျိုး ပယ်ဖျောက်ပေးတတ်၍ ဘုရားတရားသံဃာ ရတနာသုံးပါးကို သရဏဟု ခေါ်သည်။

**ပတ္တာနုမောဒနာ=** သူတစ်ပါးတို့ ကုသိုလ်ကောင်းမှုပြုသည်ကို ဝမ်းမြောက်ခြင်း၊ သူတစ်ပါးတို့က အမျှပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း။

သူတစ်ပါးတို့ ကုသိုလ်ကောင်းမှုပြုသည်ကို ဝမ်းမြောက်မှု၊ သာဓုခေါ်မှုတို့သည် စိတ်စေတနာ ထက်သန်လျှင် ထက်သန်သလောက် ဘဝများစွာ ကောင်းကျိုးပေးနိုင်သည်။ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း သာဓုခေါ်ဆိုခြင်းဖြင့် ကုသိုလ်ပြုသူနှင့် ထပ်တူ ထပ်မျှ ကောင်းကျိုးချမ်းသာ ရရှိနိုင်သည်။ သို့ဖြစ်၍ အမျှပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုရ၏။

ထေရဝါဒ ဗုဒ္ဓဘာသာ၌ အမျှပေးဝေခြင်း သာဓုခေါ်ဆိုရခြင်းသည် အလွန်အရေးပါလှသော ကိစ္စရပ်ဖြစ်သည်။ အထူးသဖြင့် ကွယ်လွန်သူ မိဘဘိုးဘွားများ၊ ဆွေမျိုးသားခြင်းများအတွက် သံဃာတော်များ ပင့်ဖိတ်၍ သတ်သတ်မှတ်မှတ် ရည်စူးပြီး ကုသိုလ်ဒါနပြုပေးရသည်။ သာဓု ခေါ်ဆိုနိုင်လျှင် ပြိတ္တာဘဝမှ နတ်ဘဝသို့ ချက်ချင်းရောက်ရ၏။ မတော်တဆ စားရမဲ့ဝတ်ရမဲ့ ပြိတ္တာဘဝရောက်ခဲ့သော် လူအချင်းချင်း ကဲ့သို့ ပေးကျွေး၍ မရ။ ဤအမျှဝေခြင်း သာဓုခေါ်ခြင်း အလုပ်မှတစ်ပါး အခြားလွတ်မြောက်နိုင်သော နည်းလမ်းမရှိ။ သံဃာတော် ဂုဏ်ကျေးဇူးသည် ဤကိစ္စ၌ လွန်စွာထင်ရှားသည်။

**တရုဏဝိပဿနာဉာဏ**=နုသောဝိပဿနာဉာဏ်။

**ထိုနုသော ဝိပဿနာဉာဏ်သည် -**

၁။ နာမရူပပရိစ္ဆေဒဉာဏ် - ရုပ်နာမ်တို့ကို ပိုင်းခြား၍ သိသောဉာဏ်၊

၂။ ပစ္စယပရိဂ္ဂဟဉာဏ် - ရုပ်နာမ်တရားတို့၏ ဖြစ်ကြောင်းကို သိသောဉာဏ်၊

၃။ သမ္မသနဉာဏ် - အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရုပ်နာမ်တရားတို့ကို သုံးသပ် ဆင်ခြင်သောဉာဏ်၊

၄။ ဥဒယဗ္ဗယဉာဏ် - ရုပ်နာမ်တရားတို့၏ ဖြစ်မှုပျက်မှုတို့ကို ရှုမြင်သောဉာဏ်-ဟူ၍ လေးပါးရှိသည်။

**သာသနိကဝတ္ထု=** သာသနာနှင့်ဆိုင်သောမြေ၊ အဆောက်အအုံ၊ ဘုရားကျောင်းကန်-စသည်။

**ဓာတုဂဗ္ဘ** = ဓာတ်တော်တိုက်။

စေတီတော်၏ အတွင်း၌ရှိသော ဓာတ်တော်တိုက်သည် အမွန်မြတ်ဆုံးနေရာဖြစ်သည်။

**အနုဿတိ** = အဖန်ဖန်အောက်မေ့ခြင်း၊ အဖန်ဖန်သတိရခြင်း။

အနုဿတိဆယ်ပါးတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ဗုဒ္ဓါနုဿတိ - မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ဆင်ခြင် ပွားများမှု၊ ဗုဒ္ဓါနုဿတိကို ရှုပွားရာတွင် မြတ်စွာဘုရား၏ ဂုဏ်တော်တစ်ပါးပါးကို ဖြစ်စေ အဖန်ဖန် ရှုပွားရမည်။ ဗုဒ္ဓါနုဿတိသည် စိတ်ကို ဖြူစင်စေပြီး စိတ်တည်ကြည်မှုနှင့် စိတ်ငြိမ်းချမ်းမှုတို့ကို ဖြစ်ပွားစေသည်။

၂။ ဓမ္မာနုဿတိ - တရား၏ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ဆင်ခြင်ပွားများမှု၊ ဓမ္မာနုဿတိကို ရှုပွားရာတွင် မဂ် ဖိုလ် နိဗ္ဗာန် တရားတော်များ၏ ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ဆင်ခြင် ရှုပွားရမည်။ ဓမ္မာနုဿတိသည်လည်း စိတ်ကိုဖြူစင်စေပြီး စိတ်တည်ကြည် မှုနှင့် စိတ်ငြိမ်းချမ်းမှုတို့ကို ဖြစ်စေသည်။

၃။ သံဃာနုဿတိ - သံဃာတော်၏ ဂုဏ်တော်ကို အဖန်ဖန်

အောက်မေ့ဆင်ခြင် ပွားများမှု၊ သံဃာနုဿတိကို ရှုပွားရာတွင် အရိယာသံဃာတော်၏ ဂုဏ်တော်ကိုးပါးအနက် တစ်ပါးပါးကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အဖန်ဖန်ရှုပွားရမည်။ သံဃာနုဿတိသည်လည်း စိတ်ကိုဖြူစင်စေပြီး အလွန်အကျိုးကြီးမားသည်။

၄။ သီလာနုဿတိ - သီလ၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ဆင်ခြင်ပွားများမှု၊ မိမိစောင့်ထိန်းထားသော သီလ၏ မကျိုးမပေါက် မပြောက်မကျားပုံတို့ကို အဖန်ဖန် အောက်မေ့ဆင်ခြင် ပွားများမှုကို သီလာနုဿတိဟု ခေါ်သည်။ သီလာနုဿတိသည် စိတ်ကိုဖြူစင်စေပြီး စိတ်တည်ကြည် မှုနှင့် စိတ်ငြိမ်းချမ်းမှုတို့ကို ဖြစ်စေသည်။

၅။ စာဂါနုဿတိ - လှူဒါန်းပေးကမ်းခဲ့ခြင်းကို အဖန်ဖန် အောက်မေ့ခြင်း။ မိမိ၏ ရက်ရက်ရောရော စွန့်ကြဲပေးကမ်းလှူဒါန်းခဲ့သော ဂုဏ်ကို အာရုံပြု၍ အဖန်ဖန် အောက်မေ့ဆင်ခြင်ပွားများမှုကို စာဂါနုဿတိ ဟုခေါ်သည်။

၆။ ဒေဝတာနုဿတိ - နတ်ပြဟ္မာများကို သက်သေထား၍ မိမိပြုထားသည့် ကုသိုလ်ကောင်းမှုများကို အဖန်ဖန် အောက်မေ့ဆင်ခြင်ပွား များမှု။ သူတော်ကောင်းတရား ခုနစ်ပါးနှင့်ပြည့်စုံသူများ ကွယ်လွန်ကြသည့်အခါ နတ်ပြဟ္မာများ ဖြစ်ကြရသည်။ ငါ့တွင်လည်း ထိုသို့သော သူတော်ကောင်းတရားများ ရှိပေ၏ဟု အဖန်ဖန် အောက်မေ့ ဆင်ခြင်ခြင်းကို ဒေဝတာနုဿတိ ဟုခေါ်သည်။ ဒေဝတာနုဿတိ သည်လည်း စိတ်ကိုဖြူစင်စေနိုင်သော အနုဿတိတစ်ပါးပင်ဖြစ်သည်။

၇။ ဥပသမာနုဿတိ - နိဗ္ဗာန်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်း။

၈။ ကာယဂတာသတိ - မိမိခန္ဓာကိုယ်ကို ကောဋ္ဌာသ-၃၂-မျိုးကို အဖန်ဖန် အောက်မေ့ဆင်ခြင် ပွားများမှု၊ ထိုသို့ ဆင်ခြင်ပွားများခြင်းသည် စိတ်ကိုဖြူစင်စေပြီး သမာဓိကို ဖြစ်ပေါ်စေသည်။

၉။ မရဏာနုဿတိ - သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ငါ၏ အသက်ရှင်ခြင်းသည် မမြဲ၊ ငါ၏

သေခြင်းသည်မြဲ၏ ဟု အဖန်ဖန်အောက်မေ့ဆင်ခြင် ပွားများမှုကို မရဏာနုဿတိဟု ခေါ်သည်။ ဤသို့ ရှုပွားခြင်းသည် မာန လောလ ဒေါသ စသည်တို့ကို လျော့ပါးစေပြီး စိတ်ဖြူစင်မှုကို ဖြစ်ပွားစေ၏။

၁၀။ အာနာပါနဿတိ - ထွက်သက် ဝင်သက်လေတို့ကို သတိထား၍ရှုပွားခြင်း။ ဤသို့ရှုပွားခြင်းသည် စိတ်ကို ဖြူစင်စေပြီး သမာဓိကို ဖြစ်စေသည်။

**ဝိပါက** = ဝိပါက် ၊အကျိုး။

**သမ္မာဒိဋ္ဌိ** = မှန်ကန်သော အမြင်၊ မှန်ကန်သော အယူ၊ ကောင်းသောအမြင်၊ ကောင်းသောအယူ၊

ကံကံ၏အကျိုးကို ယုံကြည်ခြင်း၊ သစ္စာလေးပါးကို သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏။

**သမ္မာသင်္ကပ္ပ** = မှန်ကန်သော အကြံအစည်၊ ကောင်းစွာကြံစည်မှု။

နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်နှင့် အဝိဟိံသာဝိတက်တို့သည် သမ္မာသင်္ကပ္ပမည်၏။

**သမ္မာဝါစာ** = ကောင်းစွာ စကားဆိုခြင်း၊ မှန်ကန်သော စကားကို ဆိုခြင်း။

ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမည်၏။

**သမ္မာကမ္မန္တ** = မှန်ကန်သောအလုပ်ကိုလုပ်ခြင်းသည် သမ္မာကမ္မန္တမည်၏။

**သမ္မာအာဇီဝ** = မှန်ကန်သော အသက်မွေးခြင်း၊ ကောင်းစွာ အသက်မွေးခြင်း။

ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့နှင့် ကင်းလွတ်၍ မည်သူကိုမျှ ထိခိုက်နစ်နာမှု မရှိသော အသက်မွေးမှုသည် သမ္မာအာဇီဝမည်၏။

**သမ္မာဝါယာမ** = မှန်ကန်သော အားထုတ်ခြင်းလုံ့လ၊ ကောင်းစွာအားထုတ်မှု။

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်နိုင်အောင်ကြိုးစား အားထုတ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင် ကြိုးစား အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်အောင်ကြိုးစား အားထုတ်ခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးတက်များပြားလာအောင် ကြိုးစား

အားထုတ်ခြင်းဟူသော သမ္မပ္ပဓာန်လေးပါးနှင့်အညီ ကြိုးစားအားထုတ်ခြင်းသည် သမ္မာဝါယာမဖြစ်သည်။

**သမ္မာသတိ** =မှန်ကန်သော အောက်မေ့အမှတ်ရခြင်း၊ ကောင်းစွာအောက်မေ့ခြင်း။ ကုသိုလ်တရားတို့၌ ကောင်းစွာ အောက်မေ့သတိရခြင်းသည် သမ္မာသတိမည်၏။

**သမ္မာသမာဓိ**= မှန်ကန်သော တည်ကြည်ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်း။

**ပဒက္ခိဏာကမ္မ**= တိုးတက်ကြီးပွားကြောင်းအလုပ်။

ကောင်းမြတ်သော ကံသုံးပါးကို ပြုကြကုန်၍ ကောင်းမြတ်သော အကျိုးကိုရရှိကြကုန်၏။

**စီဝရ** = သင်္ကန်း၊

ရဟန်းသာမဏေတို့ ဝတ်ရုံသုံးဆောင်သည့် အဝတ်အထည်။ ကိလေသာစင်သော ရဟန္တာအရှင်မြတ်တို့၏ အလံတံခွန် (အရဟတ္တဓဇ)ဟုလည်း ခေါ်ဆိုသည်။ သစ်ခေါက်ပြုတ်ရည်ဖြင့် ဆိုးရသော ကြောင့် ဖန်ရည်ဆိုးသော အဝတ်(ကာသာဝ) ဟုလည်း ခေါ်သည်။ လူအနာဂါမ်ပုဂ္ဂိုလ်သည်ပင် သင်္ကန်းဝတ်ဆင်ထားသော ပုထုဇဉ် ရှင်သာမဏေကို အရိုအသေပြုရ၏။ လမ်းခရီး၌ စွန့်ပစ်ထားသော မစင်လိမ်းကျံနေသည့် သင်္ကန်းကိုပင် လူနတ်ပြဟ္မာ သတ္တဝါတို့ လက်အုပ်ချီမိုး ရှိခိုးထိုက်၏။ သင်္ကန်း၌ မမြင်ရသော ဂုဏ်သတ္တိထူးများ တည်ရှိနေသည်။ လူ့ဘဝဖြင့် ရဟန္တာဖြစ်သူသည် ယုတ်ညံ့သော လူ့အသွင်ဖြင့် မနေနိုင်။ ရဟန္တာဖြစ်သော နေ့မှာပင် သင်္ကန်းဝတ်ရုံ၍ ရဟန်းပြုမှ အသက်ရှည်ကြာစွာ နေနိုင်၏။ ရဟန်းမပြုခဲ့လျှင် ထိုနေ့မှာပင် ပရိနိဗ္ဗာန်ပြုရ၏။ သင်္ကန်းသည် သာသနာကွယ်ခြင်း၊ မကွယ်ခြင်း၏ အမှတ်အသားတစ်ခုလည်း ဖြစ်သည်။ သင်္ကန်းတစ်ထွာ၊ တစ်ညှိုဝတ်ရုံထားလျှင် ရှိခိုးခံထိုက်၍ သာသနာတည်နေသေးသူဟုခေါ်ရ၏။ ထိုသာသနာကို (လိင်္ဂသာသနာ) အသွင်သာသနာဟုခေါ်သည်။ ဝတ်ရုံထားသူသည်လည်း အဝတ်နှင့်စပ်၍ စွဲလမ်းမှုမဖြစ်။ အခြားသူများလည်း လိုချင်မှုမရှိအောင် အဝတ်အထည်ကောင်း ကိုပင် လယ်ကွက်များ

ကဲ့သို့ ဖြစ်အောင် ချုပ်စပ်၍ အရောင်တစ်မျိုးတည်း ဆိုးထားသည်။ သင်္ကန်းချုပ်ရန် အဝတ်အထည်ကောင်းမရှိလျှင် အမှိုက်ပုံ သူသေကောင် စသည်တို့မှ ကောက်ယူဖွတ်လျှော်၍ ချုပ်စပ်ဝတ်ရုံရသည်။

**သင်္ကန်းသည် အချုပ်အားဖြင့် သုံးထည်ရှိသည်-**

၁။ သံဃာဋိ - ဒုကုဋ္ဋ (နှစ်ထပ်သင်္ကန်းကြီး)

၂။ ဥတ္တရာသင်္ဂ - ကိုယ်ရုံကေသီ၊

၃။ အန္တရဝါသက - ကိုယ်ဝတ်သင်းပိုင်။

အခြားလဲလှယ်စရာ အပိုမထား၊ မျက်နှာသုတ်ပဝါ၊ စောင် စသည်မရှိ၊ ဤသင်္ကန်းသုံးထည်မျှဖြင့်နေသော အကျင့်ကို "တေစီဝရိက ဓုတင်္ဂ တိစီဝရိတ် ဓုတင်"ဟုခေါ်သည်။

**ဟေတု** = အကြောင်းရင်း၊ အခြေအမြစ်၊ ဟိတ်။
ဆင်းရဲခြင်းကို ဖြစ်စေသော အဓိကအကြောင်းအရင်းသုံးရပ်မှာ- လောဘ ဒေါသ မောဟတို့ဖြစ်သည်။

**သံသာရ** = သံသရာ၊ ဘဝအဆက်မပြတ်ဖြစ်ခြင်း။
ရုပ်နာမ်ခန္ဓာတို့ မပြတ်ဖြစ်ပေါ်ခြင်းကို သံသရာဟုခေါ်သည်။

**ပိဋက** = ပိဋကတ်တော်၊ သင်ယူအပ်သော ပရိယတ္တိစာပေ၊ ခြင်းတောင်း၊ (တိပိဋကကြည့်)

**ကထိနစီဝရ**=ကထိန်သင်္ကန်း၊ ကထိန်ကံဆောင်ရန် လှူအပ်သော သင်္ကန်း။

ဘုရားရှင်လက်ထက်က ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့အား အကြောင်းပြု၍ သံဃာတော်များသင်္ကန်း လုံလောက်ရန် ကထိန်သင်္ကန်း အလှူခံခွင့်ပြုထားသည်။ ကထိန်ခင်းရန် ခွင့်ပြုထားသော ရက်အပိုင်းအခြားသည် သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ တစ်လသာဖြစ်သည်။ ကထိန်သင်္ကန်းကို အမိအဖတို့ထံမှသော်လည်း အလှူမခံရပါ။ သဒ္ဓါအလျောက် ဖြစ်ပေါ်လာသော သင်္ကန်းဖြစ်မှ သိမ်အတွင်း ဝါဆိုသံဃာများစုဝေး၍ ကမ္မဝါစာရွတ်ဖတ်ပြီး ကထိန် ခင်းရသည်။ သင်္ကန်းလှူသောအခါ

ပုဂ္ဂိုလ်ကို မလှူရ။ သံဃာကို ရည်ညွှန်းလှူရသည်၊ သံဃာ့အစည်းအဝေး၌ သက်နီးရှားပါးသော ရဟန်းအား ထိုကထိန်သင်္ကန်းကို ပေးရသည်။ လှူသောသူရော ခံယူသူရဟန်းပါ အကျိုးငါးမျိုးရရှိသည်။

**ဝိဝေက** = ကင်းဆိတ်ခြင်း၊ ငြိမ်းအေးခြင်း။
ယင်းကင်းဆိတ်ခြင်း၊ ငြိမ်းအေးခြင်းတို့သည် သုံးပါးရှိသည်။

၁။ ကာယဝိဝေက-လူအပေါင်းအဖော်တို့မှ ကင်းလွတ်ခြင်း ဟူသော ကိုယ်၏ ကင်းဆိတ်ငြိမ်းအေးမှု။

၂။ စိတ္တဝိဝေက - ကိလေသာ ကာမတရားတို့မှ ကင်းလွတ်ခြင်း ဟူသော စိတ်၏ကင်းဆိတ်ငြိမ်းအေးမှု။

၃။ ဥပဓိဝိဝေက - ဖလသမာပတ်ကိုဝင်စား၍ နိဗ္ဗာန်ကို အာရုံပြုနေခြင်းဟူသော ကင်းဆိတ်ငြိမ်းအေးမှုတို့ဖြစ်သည်။

**ဝိသူကဒဿန** = ပြောင့်တံကျင်သဖွယ်ကို ကြည့်ရှုခြင်း၊ ဘုရားရှင် အဆုံးအမတော်နှင့် ဆန့်ကျင်ဖီလာဖြစ်သော ပွဲစသည်ကို ကြည့်ရှုခြင်း။
ပွဲကြည့်ခြင်းသည် ဘုရားရှင်၏ အဆုံးအမတော်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ဥပုသ်စောင့်သူတစ်ဦးသည် ပွဲကြည့်ခြင်း စသည်ကို ရှောင်ကြဉ်ရသည်။

**အတ္တကိလမထ** = ခန္ဓာကိုယ် ပင်ပန်းဆင်းရဲအောင် ညှဥ်းဆဲခြင်း။
မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင်ပြုကျင့်ခြင်းသည် အစွန်းနှစ်ဖက်သို့ရောက်သော အကျင့်ဖြစ်သည်။

**ဝေဒနာ** = ဝေဒနာ၊ အာရုံခံစားခြင်း။
ခံစားရရှိသော အာရုံအရ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဟု ဝေဒနာသုံးမျိုးရှိသည်။

**ကာမဂုဏ** =ကာမဂုဏ်။
ရူပါရုံစသော အာရုံငါးပါးကို ကာမဂုဏ်ဟုခေါ်သည်။

**ကာမစ္ဆန္ဒ** = ကာမဂုဏ်၌ လိုချင်တောင့်တမှု။

**ကာမဘူမိ** =ကာမဘုံ၊ ကာမဂုဏ်အာရုံငါးပါး ထူပြောသောဘုံ။

**ဝေယျာဝစ္စ** = ကုသိုလ်ရေးကိစ္စ၌ ပါဝင်ဆောင်ရွက်ခြင်း။
လူကြီးသူမများနှင့် မိဘဆရာသမားများ၏ အမှုကိစ္စ၌ လည်းကောင်း၊ ကုသိုလ်ရေးကိစ္စများ၌လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းသည် အလွန် မွန်မြတ်သော ဝေယျာဝစ္စအလုပ်ဖြစ်သည်။

**ကာမေသုမိစ္ဆာစာရ** =
ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်း ကျင့်ခြင်း။
ယောက်ျားများအနေဖြင့် မိမိ၏ဇနီးမယားမှတစ်ပါး ကျန်မိန်းမများနှင့် ကျူးလွန် ဖောက်ပြားခြင်းသည်လည်းကောင်း၊ မိန်းမများ အနေဖြင့်လည်း မိမိ၏ခင်ပွန်းသည်မှတစ်ပါး အခြားယောက်ျား များနှင့် ဖောက်ပြားခြင်းသည်လည်းကောင်း အလွန်အပြစ် ကြီးလေးသော ကာမေသုမိစ္ဆာစာရ ဖြစ်သည်။

**ကာမေသုမိစ္ဆာစာရကျူးလွန်က အောက်ပါဆိုးကျိုးများ ကြုံတွေ့ရမည်**

၁။ အပါယ်လေးပါးသို့ လားရခြင်း၊
၂။ မိန်းမပဏ္ဍုတ်ဖြစ်ရခြင်း၊
၃။ ရန်သူနှင့်တွေ့ရခြင်း၊
၄။ လူအမုန်းများခြင်း၊
၅။ အစားအဝတ် အိပ်ရာနေရာ ရခဲခြင်း၊
၆။ ဆင်းဆင်းရဲရဲ အိပ်ရနိုးရခြင်း၊
၇။ အမျက်ဒေါသကြီးခြင်း၊
၈။ လောကုတ္တရာတရားမရရှိနိုင်ခြင်း၊
၉။ စည်းစိမ်ဥစ္စာပျက်ပြုန်းရခြင်း၊
၁၀။ ယုံကြည်မှု ကင်းမဲ့ခံရခြင်း၊
၁၁။ ဘေးတွေ့ရခြင်း၊
၁၂။ ယုံမှားသံသယများခြင်း၊
၁၃။ ချစ်သူတို့နှင့် ခွဲနေရခြင်း၊
၁၄။ အသက်တိုခြင်း၊

၁၅။ ဆင်းရဲကြီးစွာ တွေ့ရခြင်း။

**ပတ္တိဒါန** = မိမိပြုလုပ်သော ကုသိုလ်အဖို့ကို အမျှအတန်းပေးဝေခြင်း။

မိမိရအပ်ပြီးသော ကုသိုလ်အဖို့ကို သူတစ်ပါးတို့အား မိမိနှင့်ထပ်တူ အကျိုးရစေရန် အမျှအတန်းပေးဝေခြင်းသည် ပတ္တိဒါနမည်၏။ ကုသိုလ်အဖို့ကို အမျှအတန်းပေးလိုက်၍ မိမိကုသိုလ်အဖို့လျော့နည်း မသွားသည့်အပြင် အခြားသူများပါ မိမိကုသိုလ်၏ အကျိုးကို ရရှိနိုင်သဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ပြီးတိုင်း အမျှအတန်း ပေးဝေအပ်၏။ ထိုသို့အမျှအတန်းပေးဝေသော အခါ သာဓုခေါ်ရ သဖြင့် ပြိတ္တာဘဝသို့ ရောက်နေသောသူများပင် ချက်ချင်း ဒုဂ္ဂတိ ဘဝမှ လွတ်မြောက်၍ ချမ်းသာသော ဘုံဘဝသို့ ရရှိကြသည်။

**စေတိယ** = စေတီ၊ ပုထိုး၊ ကိုးကွယ်ပူဇော်အပ်သောအရာ။

လူနတ်ဗြဟ္မာ သတ္တဝါတို့ လေးလေးမြတ်မြတ် ပူဇော်အပ်သော အရာ အုတ် ကျောက် စသည်တို့ဖြင့် မြင့်မြင့် မောက်မောက် တည်ဆောက်ပြုလုပ် ထားအပ်သော အရာကို "စေတီ"ဟူ၍ ခေါ်ဆိုသည်။

**စေတီလေးမျိုးရှိသည်** –

၁။ ပရိဘောဂစေတီ–ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သော ရေစစ်၊ ခါးပန်းကြိုး၊ သင်္ကန်း၊ သပိတ် စသည်လည်းကောင်း၊ ထိုပစ္စည်း များကို ထည့်သွင်းဌာပနာ၍ တည်ထားအပ်သော စေတီသည် လည်းကောင်း၊ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်ရရှိရာ ဗောဓိပင်သည် လည်းကောင်း ပရိဘောဂ စေတီမည်၏။ စေတီထိုက်သော အသုံးအဆောင်များဟု ဆိုလိုသည်။

၂။ ဓာတုစေတီ–ဘုရားရှင်၏ သရီရဓာတ်တော်များသည် လည်း ကောင်း၊ ၎င်းကို ထည့်သွင်း၍ တည်ထားအပ်သော စေတီများသည် လည်းကောင်း ဓာတုစေတီမည်၏။

၃။ ဓမ္မစေတီ–ဘုရားရှင်ဟောကြားထားသော တရားတော်များကို ရေးသားထားသော ပေစာ၊ စာအုပ် စသည်တို့သည်လည်းကောင်း

၄င်းတို့ကို ထည့်သွင်း၌ာပနာ၍ တည်ထားသော စေတီသည်လည်းကောင်း ဓမ္မစေတီမည်၏။

၄။ ဥဒ္ဒိဿကစေတီ–ဘုရားရှင်ကို ရည်မှတ်၍ ပြုလုပ်အပ်သော ဘုရားရှင်ကိုယ်စား ရုပ်ပွားဆင်းတုတော်၊ သဲပုံစေတီ စသည်တို့သည် ဥဒ္ဒိဿက စေတီမည်၏။

**အနိမိတ္တ** = ရုပ်နာမ်တရားတို့ကို အနိစ္စအားဖြင့် ရှုခြင်း။

**ဂတိနိမိတ္တ**= ဂတိနိမိတ်၊ ရောက်ရမည့်ဘဝအာရုံ။

သေခါနီးသောအခါ ထင်လာသော လားရောက်ရမည့် နတ်သမီး၊ ဗိမာန်၊ ပဒေသာပင်၊ အမိဝမ်းရေ စသော ကုသိုလ်အာရုံများနှင့် ငရဲမီး ငရဲထိန်း စသော အကုသိုလ်အာရုံများကို ဂတိနိမိတ်ဟု ခေါ်ဆိုသည်။

**ပစ္စေကဗုဒ္ဓ** = ပစ္စေကဗုဒ္ဓါ၊ ကိုယ်တိုင်သာ သစ္စာလေးပါးကို သိ၍ သူတစ်ပါးတို့ကို တရားမဟောနိုင်သော ဘုရား။

ဘုရားများမပွင့်သော သာသနာပအခါ၌သာ တစ်သီးတစ်ခြား ပွင့်တော် မူလေ့ရှိသော ဘုရားကို ပစ္စေကဗုဒ္ဓါဟု ခေါ်သည်။

**ဂီတ** = သီဆိုခြင်း။

ကိုယ်တိုင်သီဆိုခြင်း၊ သူတစ်ပါးကို သီဆိုစေခြင်း။

**ဆဗ္ဗဏ္ဏရံသီ**= ရောင်ခြည်တော်ခြောက်ပါး။

မြတ်စွာဘုရားရှင်၏ ရောင်ခြည်တော်ခြောက်ပါးရှိသည်–

၁။ နီလ – ညိုမှောင်သော ရောင်ခြည်တော်၊

၂။ ပီတ – ဝါရွှေသော ရောင်ခြည်တော်၊

၃။ ဩဒါတ – ဖြူဖွေးသော ရောင်ခြည်တော်၊

၄။ လောဟိတ – နီမြန်းသော ရောင်ခြည်တော်၊

၅။ မဥ္ဇိဋ္ဌ – ကြက်သွေးရောင်အဆင်းရှိသော မောင်းသော ရောင်ခြည်တော်၊

၆။ ပဘဿရ – ရောင်ခြည်တော်ငါးမျိုးရောယှက်၍ ပြိုးပြိုး ပြက်ပြက် တလက်လက်ထွက်သော ရောင်ခြည်တော်။

**ပိသုဏဝါစာ**– ချောပစ်ကုန်းတိုက်သော စကားကို ပြောကြားခြင်း။

ချစ်ခင်ညီညွတ်နေသူနှစ်ဦး စိတ်ဝမ်းကွဲပြားစေရန် ဖြစ်စေ၊ မိမိအား ချစ်ခင်လာစေရန် ဖြစ်စေ ရည်ရွယ်၍ တစ်ဦး၏မကောင်းကြောင်းကို အခြား တစ်ဦးအား ပြောကြားခြင်းကို ပိသုဏာဝါစာ ဟု ခေါ်ဆိုသည်။ ဤမကောင်းမှုကို ကျူးလွန်၍ ဖြစ်ပေါ်သည့်ဆိုးကျိုးများမှာ-

၁။ အပါယ်လေးပါးသို့ လားရခြင်း၊

၂။ ချစ်ခင်သူတို့နှင့် ကွေကွင်းရခြင်း၊

၃။ မိတ်ဆွေခြွေရံ နည်းပါးခြင်း၊

၄။ သူတော်ကောင်းတရား၌ သဒ္ဓါပျက်တတ်ခြင်း၊

၅။ သူတစ်ပါးတို့လုံ့လကြောင့် သေရခြင်း၊

၆။ စိတ်ညစ်ညူး စိုးရိမ်ရခြင်း-တို့ဖြစ်သည်။

**သင်္ဂဟဝတ္ထု**= သင်္ဂဟတရားလေးပါး၊ ချီးမြှောက်ထောက်ပံ့ရေးတရား။

မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ မိတ်ဆွေအသင်းအပင်း၊ လူသား အချင်းချင်း ပေါင်းသင်းဆက်ဆံကြရာ၌ အောက်ပါ သင်္ဂဟတရား လေးပါး သည် အလွန်လိုအပ်၏။ စည်းရုံးညီညွတ်မှု၊ ချစ်ခင်မှု၊ ငြိမ်းချမ်းမှုကို ဖြစ်စေ၏။

**သင်္ဂဟတရားလေးပါးကား အောက်ပါအတိုင်းဖြစ်သည်-**

၁။ ဒါန - ထောက်ပံ့ပေးကမ်းမှု။
လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌ ထောက်ပံ့ပေးကမ်းခြင်းဖြင့် ချီးမြှောက်ထိုက်သူကို ထောက်ပံ့ပေးကမ်းမှုဖြင့်သာ ပေါင်းသင်းရမည်။

၂။ ပိယဝစန - ချစ်မြတ်နိုးဖွယ်ရာ ချိုသာစွာစကားဆိုမှု။
ပေးကမ်းမှုကို အလိုမရှိ၊ ချစ်မြတ်နိုးဖွယ်ရာ ချိုချိုသာသာ ပြောဆိုဆက်ဆံမှုကိုသာ အလိုရှိသောသူအား ချိုချိုသာသာ ပြောဆိုမှုဖြင့်သာ ပေါင်းသင်းရမည်။

၃။ အတ္ထစရိယာ - ကြီးပွားတိုးတက်ကြောင်းကို သွန်သင်ညွှန်ပြပေးမှု။
ပေးကမ်းမှုစသသည်ကို အလိုမရှိ။ မိမိဘဝ၏ ကြီးပွားတိုးတက်ရေး ကို လိုလားသောသူအား ကြီးပွားတိုးတက်ကြောင်းကို သွန်သင် ညွှန်ပြပေးမှုဖြင့်သာ ပေါင်းသင်းရမည်။

၄။ သမာနတ္တတာ - နေထိုင်စားသောက်ရေး၌ မိမိနှင့် ထပ်တူပြုမှု။ ပေးကမ်းမှုစသည်ကို အလိုမရှိ။ နေထိုင်စားသောက်ရေး၌ ခွဲခြားမှု မပြုဘဲ မိမိနှင့်တန်းတူပြုမှုကိုသာ အလိုရှိသူအား မိမိနှင့် ထပ်တူပြုမှုဖြင့်သာ ပေါင်းသင်းရမည်။

**သုဂတ=** မှန်ကန်၍ အကျိုးရှိသော စကားကိုသာ ပြောဆိုတော်မူသော မြတ်စွာဘုရား။

ဗုဒ္ဓဘုရားရှင်သည် သူတစ်ပါး မလိုလားမနှစ်သက်သော စကားဖြစ်သော်လည်း မှန်ကန်၍ အကျိုးရှိလျှင် အခါအခွင့်ကို ဆင်ခြင်၍ ပြောကြား တော်မူသည်။

**ပါသာဒ=** ပြာသာဒ်၊ ဘုံအဆင့်ဆင့်နှင့် ထုပိကာတင်ထားသော အဆောက်အအုံ။ နန်းတော်များ ဘုန်းတော်ကြီးကျောင်းများကို ဘုံခုနစ်ဆင့် စသည်ဖြင့် ပြီးသော အဆောက်အအုံများအဖြစ် တွေ့ရတတ်သည်။

**သောပါန=** စောင်းတန်း၊ ဘုရားစောင်းတန်းလှေကား။

တောင်ကုန်းထိပ်ရှိ စေတီသို့ စောင်းတန်းလှေကားဖြင့် တက်ရောက် ဖူးမြော်ရသည်။

**မစ္ဆရိယ=** မပေးရက်လိုမှု၊ နှမြောဝန်တိုမှု၊ နှမြောစေးနဲမှု၊ မိမိပိုင်ဆိုင်သော စည်းစိမ်ပစ္စည်းများ သူတစ်ပါးတို့နှင့် မဆက်ဆံစေလိုမှု။

မစ္ဆရိယသည် စေတသိက်တရား တစ်ပါးဖြစ်သည်။ ယင်းဝန်တိုမှု မစ္ဆရိယသည်-

၁။ အာဝါသမစ္ဆရိယ - ကျောင်း အာရာမ် အိမ် စသည်တို့၌ဝန်တိုမှု၊

၂။ ကုလမစ္ဆရိယ - ဆွေမျိုးဉာတိ ဒါယကာ/ဒါယိကာမတို့၌ ဝန်တိုမှု၊

၃။ လာဘမစ္ဆရိယ - ပစ္စည်းလာဘ်လာဘတို့၌ ဝန်တိုမှု၊

၄။ ဝဏ္ဏမစ္ဆရိယ - ရုပ်အဆင်းသဏ္ဌာန်တို့၌ ဝန်တိုမှု၊

၅။ ဓမ္မမစ္ဆရိယ - တရားတော်၌ ဝန်တိုမှု-ဟူ၍ ငါးမျိုးရှိပါသည်။

**ဒိဋ္ဌိဇုကမ္မ=** အယူဝါဒခံယူချက်ကို ဖြောင့်မတ်အောင် ပြုခြင်း။

ပညာရှိကို ဆည်းကပ်ခြင်း၊ တရားစကားနာကြားခြင်း၊ တရားစာပေ လေ့လာဖတ်ရှုခြင်း၊ ချင့်ချိန်စဉ်းစားတွေးခေါ်ခြင်း

စသည်တို့ဖြင့် ဖြောင့်မတ် သော အသိအမြင် ကမ္မဿကတာဉာဏ်သည် ဒိဋ္ဌိဇုကမ္မမည်၏။

ကမ္မဿကတာဉာဏ်ခေါ် အယူမှန်ကို ဖြောင့်မတ်အောင် ပြုလုပ်ပေးနိုင်အောင် ခိုင်မာသော သဒ္ဓါတရားကိုလည်း ဒိဋ္ဌိဇုကမ္မဟု ခေါ်ရသည်။

ဘာသာအယူဝါဒ ခံယူချက် ဖြောင့်မှန်ရေးသည် သတ္တဝါတိုင်းအတွက် အရေးကြီးဆုံးဖြစ်သည်။ အယူဝါဒဖြောင့်မတ်သူမှ ပြုလုပ်သမျှ အကျိုးဖြစ်ထွန်းသည်။ သို့ဖြစ်၍ ပညာရှိကို ဆည်းကပ်ခြင်း စသည်ဖြင့် ဘာသာအယူဝါဒ ခံယူချက်ကို ဖြောင့်မှန်တည့်မတ်အောင် ပြုအပ်၏။

**သောတာပန္န**=သောတာပန်၊ အရိယာမဂ်တည်းဟူသော ရေအလျဉ်သို့ရောက်သူ။

သမထဝိပဿနာ ရှုပွားရာတွင် သောတာပတ္တိမဂ်သို့ ဆိုက်ရောက်ဆဲ ပုဂ္ဂိုလ်ကို သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဟုခေါ်သည်။ မဂ်စိတ်တစ်ချက် လွန်မြောက် သည်နှင့် တစ်ပြိုင်နက် သောတာပတ္တိဖိုလ်ဖြစ်၏။ ထိုအခါ ထိုပုဂ္ဂိုလ်ကို သောတာပန်ဟုခေါ်ဆိုရ၏။ သောတာပန် ပုဂ္ဂိုလ်သည် အောက်ပါအင်္ဂါငါးပါးနှင့် ပြည့်စုံသည်။

သောတာပန်သည်-

၁။ ဘုရားရတနာ၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုသည်။

၂။ ရတနာသုံးပါး၌ မတုန်မလှုပ် ကြည်ညိုသည်။

၃။ ငါးပါးသီလကို စောင့်ထိန်းရာဝယ် အသက်ကိုစွန့်၍ စောင့်ထိန်းသည်။

၄။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ဣဿာ၊ မစ္ဆရိယ သံယောဇဉ်တရားကို အကြွင်းမဲ့ ပယ်သတ်သည်။

၅။ အပါယ်လားကြောင်း အကုသလကမ္မပထဆယ်ပါးတွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယားအိမ်ရာ ပြစ်မှားခြင်း၊ လိမ်ညာပြောခြင်း၊ အယူမှားခြင်းကို အကြွင်းမဲ့ ပယ်သည်။

**ဒါနဝတ္ထု**= လှူဖွယ်ဝတ္ထု၊ လှူရန်ဝတ္ထုပစ္စည်း။

**ဝိနည်းဒေသနာတော်အရ လှူဖွယ်ပစ္စည်းလေးမျိုး-**

၁။ ဆွမ်း
၂။ သင်္ကန်း
၃။ ကျောင်း
၄။ ဆေး

**သုတ္တန်ဒေသနာတော်အရ လှူဖွယ်ပစ္စည်း ဆယ်မျိုး-**

၁။ အန္နဒါန - ထမင်းအလှူ
၂။ ပါနဒါန - အဖျော်ယမကာအလှူ
၃။ ဝတ္ထဒါန - အဝတ်သင်္ကန်းအလှူ
၄။ ယာနဒါန - ဖိနပ်စသော ယာဉ်အလှူ
၅။ မာလာဒါန - ပန်းအလှူ
၆။ ဂန္ဓဒါန - နံ့သာခဲ၊ နံ့သာတုံး အလှူ
၇။ ဝိလေပနဒါန - နံ့သာပျောင်း၊ နံ့သာရည်အလှူ
၈။ သေယျဒါန - ညောင်စောင်း၊ အင်ပျဉ်၊ အိပ်ယာ၊ နေရာအလှူ
၉။ အာဝသထဒါန - ကျောင်း၊ ဇရပ်အလှူ
၁၀။ ပဒီပေယျဒါန - ဆီမီး၊ ဖယောင်းတိုင် စသည်အလှူ။

အဘိဓမ္မာဒေသနာတော်အရ လှူဖွယ်ပစ္စည်းခြောက်မျိုး-

၁။ ရူပဒါန - ရူပါရုံအလှူ
၂။ သဒ္ဒဒါန - သဒ္ဒါရုံအလှူ
၃။ ဂန္ဓဒါန - ဂန္ဓာရုံအလှူ
၄။ ရသဒါန - ရသာရုံအလှူ
၅။ ဖောဋ္ဌဗ္ဗဒါန - ဖောဋ္ဌဗ္ဗာရုံအလှူ
၆။ ဓမ္မာဒါန - အာရုံငါးပါးမှ ကြွင်းသောအလှူ။

**ကောမန္တ** = သင့်လျော် လျောက်ပတ်သောအရပ်။

အသိဉာဏ်ရှိသူတို့သည် ဘုရား တရား သံဃာ ဆရာ မိဘ စသော အလေးဂရုပြုအပ်သူတို့ထံသို့ ဆည်းကပ်ခစားသောအခါ သင့်လျော်လျောက်ပတ်သော အရပ်၌ နေ၍သာ ဆည်းကပ်ခစားကြသည်။ ထိုနည်းဖြင့် ဆည်းကပ်ခစားမှုပြုရခြင်းသည်

ပညာရှိတို့၏ ကောင်းမွန်သော ထုံးတမ်းစဉ်လာ ကျင့်ဝတ် တစ်မျိုးဖြစ်သည်။ အလေးဂရုပြုအပ်သူနှင့် ဝေးကွာလွန်းခြင်း၊ နီးကပ်လွန်းခြင်း၊ လေတင်အရပ်ဖြစ်ခြင်း၊ မြင့်မြတ်သော နေရာဖြစ်ခြင်း၊ ရှေ့ဘက်တည့်တည့်ဖြစ်ခြင်း၊ နောက်ဘက်တည့်တည့် ဖြစ်ခြင်း ဟူသော အပြစ်ခြောက်ပါး ကင်းလွတ်သောနေရာကို "သင့်လျော်လျောက်ပတ်သော နေရာအရပ်"ဟုခေါ်သည်။

**လောကုတ္တရ**=လောကုတ္တရာ၊ လောကမှ လွန်မြောက်သောတရား။ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟူသော တရားကိုးပါးကို လောကုတ္တရာတရားဟုခေါ်သည်။

**ဗြဟ္မ**= ဗြဟ္မာ၊ ဗြဟ္မဝိဟာရတရားလေးပါးကို အမြဲပွားများနေသူ။ သမထကမ္မဋ္ဌာန်းကို အားထုတ်၍ ဈာန်ရရှိသော ပုဂ္ဂိုလ်များသည် ဗြဟ္မာဘုံသို့ လားကြရသည်။ ၎င်းပုဂ္ဂိုလ်များကို ဗြဟ္မာဟုခေါ်သည်။

**မုဒိတာ**= သူတစ်ပါးကောင်းစားခြင်း၌ ဝမ်းမြောက်ခြင်း။ မုဒိတာသည် ဗြဟ္မာဝိဟာရ တရားလေးပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည်။

**သင်္ဂီတိ**= သံဂါယနာ၊ သံဃအစည်းအဝေးကြီး၊ သံဂါယနာတင်ပွဲ။

၁။ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်များကို အရှင်မဟာကဿပ ဦးဆောင်သော ရဟန္တာ မထေရ်ငါးရာတို့သည် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီး သုံးလနှင့် လေးရက်အကြာတွင် ရာဇဂြိုဟ်မြို့၌ စံနစ်တကျ စုစည်း အတည် ပြုခဲ့ကြသည်။

၂။ သာသနာနှစ်တစ်ရာတွင် ဝေသာလီမြို့၌ အရှင်ယသထေရ် ဦးဆောင် သော ရဟန္တာမထေရ် ခုနစ်ရာတို့သည် အဓမ္မဝတ္ထု ဆယ်ပါးကို သုတ်သင်ရှင်းလင်းကာ ဒုတိယသံဂါယနာ တင်ခဲ့ကြသည်။

၃။ သာသနာနှစ် -၂၃၅-တွင် ပါဋလိပုတ်မြို့၌ အရှင်မဟာမောဂ္ဂလိပုတ္တ တိဿ ဦးဆောင်သော ရဟန္တာမထေရ် အပါး တစ်ထောင်တို့သည် အဓမ္မဝါဒများကို စိစစ်သုတ်သင်၍ တတိယသံဂါယနာတင်ခဲ့ကြသည်။

၄။ သာသနာနှစ်-၄၅၀-တွင် သီဟိုဠ်ကျွန်း မလယဇနပုဒ်၌ အရှင်မဟာ

ဓမ္မရက္ခိတ ဦးဆောင်သော မထေရ်ငါးရာတို့သည် ပေထက်အက္ခရာ တင်ကာ စတုတ္ထသံဂါယနာတင်ကြသည်။

၅။ သာသနာနှစ်-၂၄၁၅-တွင် မြန်မာနိုင်ငံ မန္တလေးမြို့၌ အရှင်ဇာဂရာ ဘိဝံသ ဦးဆောင်သော မထေရ်-၂၄၀၀-တို့သည် ကျောက်ထက် အက္ခရာတင်ကာ ပဉ္စမသံဂါယနာတင်ခဲ့ကြသည်။

၆။ သာသနာနှစ်-၂၄၉၈-တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ အရှင်ရေဝတ ဦးဆောင်သော မထေရ်-၂၅၀၀-တို့သည် ပုံနှိပ်စာအုပ် မူသန့်များ ဖြစ်အောင် သုတ်သင်တည်းဖြတ်၍ ဆဋ္ဌသံဂါယနာတင်ခဲ့ကြသည်။

**သုရာမေရယ**= မူးယစ်မေ့လျော့စေတတ်သော သေရည်သေရက် စသည်တို့ကို သောက်စားခြင်း။

သေရည်သေရက်၊ ဘိန်း၊ ဘင်း၊ ကဇော်၊ လှော်စာ၊ ကုတ်ကင်း၊ ဆေးခြောက်၊ ဘိန်းဖြူစသော မူးယစ်စေတတ်သော မည်သည့် ပစ္စည်းတို့ကိုမဆို သောက်စားသုံးစွဲမှုမျိုးကို သုရာမေရယဟု ခေါ်သည်။ ထိုအရာများကို သောက်စားသုံးစွဲခြင်းသည် ကုသိုလ် ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သည်။ ဤသေရည်သေရက်စသည်များကို သောက်သောသူ သည် မူးယစ်မှုအားကြီးလှသောအခါ အချင်းချင်းကို ဖြစ်စေ၊ အခြားသူကို ဖြစ်စေ၊ ရိုက်မှု၊ သတ်မှု၊ ခိုးမှု၊ လိမ်ညာမှု၊ အိမ်ရာပြစ်မှားမှု စသည်များဆက်လက် ကျူးလွန်မိတတ်သည်တတ်သည်။ ဤသူသည် ဤဘဝမှာပင် အသက်ဆုံး ရှုံးရသည်အထိ ဆိုးကျိုးများ ဖြစ်စေပြီး သေသောအခါဝယ် ငရဲ၌ ကျရောက်တတ်သည်။ ဖြစ်လေရာ ဘဝတိုင်းမှာ အောက်ပါဆိုးကျိုးများ ခံစား ရတတ်သည်။

၁။ အရေးအခွင့် သင့်မသင့်ကို မသိခြင်း၊
၂။ ပျင်းရိတတ်ခြင်း၊
၃။ မေ့လျော့မူးဝေတတ်ခြင်း၊
၄။ သူ့ကျေးဇူးမသိခြင်း၊
၅။ အရှက်အကြောက်ကင်းခြင်း၊

၆။ ရှုးသွပ်ခြင်း၊

၇။ မကောင်းမှုကို ကျူးလွန်လွယ်ခြင်း။

**သရဏဂမန**= သရဏဂုံ၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း။
ယုံကြည်မှုသဒ္ဓါ၊ ထိုသဒ္ဓါကို အခြေခံသော အသိဉာဏ်ပညာဖြင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည်ဖြင့် သုံးကြိမ်နှုတ်မြွက် ရွတ်ဆို၍ ခံယူဆောက်တည် ခြင်းသည် သရဏဂုံမည်၏။
သရဏဂုံဆောက်တည်ပုံမှာ-
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
ဓမ္မံ သရဏံ ဂစ္ဆာမိ=တရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃံ သရဏံ ဂစ္ဆာမိ=သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏။ ဟု သုံးကြိမ်တိုင်အောင် ရွတ်ဆိုဆောက်တည်ရသည်။

**အာစရိယ** = ဆရာ။
ဆရာလေးမျိုးရှိသည်-

၁။ ရှင်ပြုစဉ်က သရဏဂုံပေးသော (ရှင်ပြုပေးသော)ဆရာ၊

၂။ ရဟန်းပြုစဉ်က ကမ္မဝါဖတ်ပေးသော (ရဟန်းပြုပေးသော)ဆရာ၊

၃။ စာချပေးသောဆရာ၊

၄။ နိဿရည်းပေးသောဆရာ။

**သာသန** = သာသနာ၊ မြတ်စွာဘုရား၏ အဆုံးအမ၊ ဘုရားဟော တရားတော်။
သာသနာတော်သုံးရပ်မှာ-

၁။ ပရိယတ္တိသာသနာ - ပိဋကတ်စာပေသင်ကြားမှု၊

၂။ ပဋိပတ္တိသာသနာ - ဆုံးမသည့်အတိုင်း ကျင့်ကြံမှု (တရားအားထုတ်မှု)

၃။ ပဋိဝေဓသာသနာ - သိအပ်ရအပ်သော ဈာန် မဂ် ဖိုလ် နိဗ္ဗာန် တရားတို့ဖြစ်သည်။

**အဒိန္နာဒါန**= ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်း။
ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပိုင်ရှင်က မပေးသော ဥစ္စာကို ခိုးယူခြင်း၊ ဓားပြတိုက်ယူခြင်း၊ လိမ်ညာယူခြင်း၊ လှည့်ပတ်ယူခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာ၌ အလေးတင်းတောင်း

ချိန်ခွင်စသည်ဖြင့် မမှန်မကန်ပြုခြင်း၊ ရောင်းကုန်တိုးအောင် ရေထိုးခြင်းစသည်ဖြင့် မရိုးမသား မတရားပြုလုပ်၍ယူခြင်း မှန်သမျှသည် အဒိန္နာဒါနဖြစ်သည်။ အပြစ်ကြီးမှု ငယ်မှုသည် ဥစ္စာရှင်၏ အကျင့်သီလဂုဏ်သိက္ခာကို လိုက်၍လည်းကောင်း၊ ဥစ္စာတန်ဖိုးကိုလိုက်၍လည်းကောင်း၊ ခြားနားသည်။ အဒိန္နာဒါန ပြုလုပ်သူသည် အောက်ပါဆိုးကျိုးများကို ခံစားရတတ်သည်။

၁။ အလွန်ဆင်းရဲမွဲတေခြင်း၊

၂။ မနားမနေ ပင်ပန်းဆင်းရဲကြီးစွာ အလုပ်လုပ်ရခြင်း၊

၃။ ငတ်မွတ်ခြင်း၊ အစာရေစာရှားပါးခြင်း၊

၄။ လိုရာဆန္ဒနှင့် မပြည့်စုံခြင်း၊

၅။ စီးပွားပျက်ခြင်း၊

၆။ ရန်သူမျိုးငါးပါး ဘေးဒဏ်နှင့်ကြုံရခြင်း။

**တိပိဋက** = ပိဋကတ်သုံးပုံ။

ပိဋကတ်သုံးပုံသည် ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋက တို့ဖြစ်ကြ၏။

**ကေသဆွေဒန**= ဆံပင်ရိတ်ခြင်း၊ ဆံချခြင်း။

ပဗ္ဗဇ္ဇမင်္ဂလာတွင် သာမဏေလောင်းအား ဆံချသည့် ကေသဆွေဒန မင်္ဂလာ အခမ်းအနားသည် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ ထိုကေသဆွေဒနမင်္ဂလာကို ပြုသောအခါ ရှင်လောင်းသည် တစပဉ္စက ကမ္မဋ္ဌာန်းကို ရွတ်ဖတ်ဆင်ခြင်၍နေရသည်။ အချို့ပါရမီထူးရှိသော ရှင်လောင်းများမှာ ထိုသို့ ဆင်ခြင်စဉ်ပင် ရဟန္တာဖြစ်သွားခဲ့ကြသည်။

**သိက္ခာ**= သိက္ခာသုံးပါး၊ လေ့ကျင့်မှုသုံးမျိုး။

၁။ သီလသိက္ခာ–သီလအကျင့်၊ သမ္မာဝါစာ–မှန်ကန်သော စကားဆိုခြင်း၊ သမ္မာကမ္မန္တ–မှန်သောအလုပ်ပြုခြင်း၊ သမ္မာအာဇီဝ–မှန်ကန်စွာ အသက်မွေးခြင်းတည်းဟူသော သီလအကျင့်။

၂။ သမာဓိသိက္ခာ – သမာဓိအကျင့်၊ သမ္မာဝါယာမ–မှန်သော အားထုတ်မှု၊ သမ္မာသတိ– မှန်သောအောက်မေ့မှု၊ သမ္မာသမာဓိ– မှန်သော တည်ကြည်မှုတည်းဟူသော သမာဓိအကျင့်။

၃။ ပညာသိက္ခာ - ပညာအကျင့်၊ သမ္မာဒိဋ္ဌိ-မှန်သောအမြင် အယူ၊ သမ္မာသင်္ကပ္ပ-မှန်သောကြံစည်မှုတည်းဟူသောပညာအကျင့် ဤသိက္ခာသုံးပါးကိုပင် မဂ္ဂင်ရှစ်ပါးဟုခေါ်သည်။

**သမထ**= သမာဓိ-စိတ်တည်ငြိမ်အောင် အားထုတ်သောကမ္မဋ္ဌာန်း၊ ကိလေသာနီဝရဏတရားတို့၏ ငြိမ်းအေးမှု။
မြတ်စွာဘုရားသည် စိတ်တည်ငြိမ်အေးချမ်းစေရန် သမထကမ္မဋ္ဌာန်း လေးဆယ်ကို ဟောကြားထားပါသည်။

**ဓမ္မဘဏ္ဍာဂါရိက**= တရားဘဏ္ဍာစိုး၊ တရားတည်းဟူသော ဘဏ္ဍာကို ထိန်းသိမ်း စောင့်ရှောက်သူ။
အရှင်အာနန္ဒာသည် မြတ်စွာဘုရားဟောကြားထားသော တရားတော် များအားလုံးကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သဖြင့် ဓမ္မဘဏ္ဍာ ဂါရိက မည်၏။

**ကလျာဏမိတ္တ**= မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်။
ကြီးပွားကြောင်းတရားလေးမျိုးတွင် မိတ်ဆွေကောင်းရှိမှုသည် တစ်ပါးအပါအဝင်ဖြစ်သည့်အပြင် မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကိုရရန် ရာနှုန်းပြည့် လိုအပ်သောတရားဖြစ်သည်။

**ဝိစိကိစ္ဆာ**= ယုံမှားသံသယ၊ စိတ်နှလုံးနှစ်ခွဖြစ်ခြင်း၊ သဘောအမှန်ကို အတိအကျမဆုံးဖြတ်နိုင်ခြင်း။
မြတ်စွာဘုရားရှင်သည် အမှန်စင်စစ် ဘုရားဟုတ်မဟုတ်၊ တရားတော် သည် အမှန်တရားစင်စစ် ဟုတ်မဟုတ်၊ သံဃာတော်များသည် အရိယာများ ဟုတ်မဟုတ်ကို ယုံမှားသံသယရှိခြင်းသည် ဝိစိကိစ္ဆာ မည်၏။ သောတာပန် ဖြစ်လျှင် ဝိစိကိစ္ဆာမှ လွန်မြောက်သည်။

**အသင်္ခတဓာတု**= အသင်္ခတဓာတ်၊ နိဗ္ဗာန်။
ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါး တို့သည် မပြုပြင်ဘဲ အမြဲတည်ရှိနေသော အငြိမ်းဓာတ်၊ နိဗ္ဗာန ဓာတ်ကို အသင်္ခတဓာတ်ဟုခေါ်သည်။

**အန္တရဝါသက**= သင်းပိုင်၊ ရဟန်းသာမဏေတို့၏ ခါးဝတ်သင်္ကန်း။

ရဟန်းသာမဏေတို့သည် မြို့တွင်းရွာတွင်းသို့ သွားသောအခါ သင်းပိုင်ကို အဝန်းညီစွာ ဝတ်ရုံရ၏။

**စက္ကဝတ္တိရာဇ**= စကြဝတေးမင်း၊ စကြရတနာကို လည်စေတတ်သောမင်း။
စကြဝတေးမင်းသည် သာသနာပအခါမှသာ ဖြစ်ပေါ်လေ့ရှိသည်။ ထိုအခါ တိုင်းသူပြည်သားများအားလုံး ငါးပါးသီလမြဲကြသည်။

**ဝိကာလဘောဇန**- နေလွဲညစာစားခြင်း။
ရှစ်ပါးသီလဆောက်တည်ထားသော ဥပုသ်သည်တို့သည် နေမွန်းတည့် ၁၂-နာရီ အချိန်မှ နောက်နေ့ အရုဏ်တက်သည့် အချိန်တိုင် အောင် ထမင်းဟင်းလျာ မုန့်ပဲသရေစာ သစ်သီးစသော ခဲဖွယ်ဘောဇဉ်ဟူသမျှကို မစားရ။ စားလျှင် ဝိကာလဘောဇန သိက္ခာပုဒ်ပျက်သည်။ ဝိကာလဘောဇနမှ ရှောင်ကြဉ်ခြင်းသည် ကာမဂုဏ်အားနည်း၍ တရားကျင့် သုံးမှု၌ အကျိုးရှိစေသည်။

**ဥတ္တရာသင်္ဂ**= ကေသီ၊ ရဟန်းသံဃာတို့၏ အပေါ်ရုံအဝတ်၊ ကိုယ်ဝတ်သင်္ကန်း။
ရဟန်းသည် ကိုယ်ဝတ်ကေသီသင်္ကန်းကို အသစ်ရလာသောအခါ သင်္ကန်းထောင့်စွန်းတွင် ကပ္ပဗိန္ဒုရေးထိုးရမည်။

**သမ္ဖပ္ပလာပ**= ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း၊ မိမိသူတစ်ပါး အကျိုးမရှိသော စကားကို ပြောဆိုခြင်း။
ပြိန်ဖျင်းစကား ပြောဆိုသူများသည် အောက်ပါဆိုးကျိုးများခံစား ရတတ်သည်။

၁။ မိမိစကား သူတစ်ပါး မယုံကြည်ခြင်း၊
၂။ မိမိကို လူအများက မုန်းတီးခြင်း၊
၃။ အလေးထား မခံရခြင်း၊
၄။ ပညာသေးသိမ် မှေးမှိန်ခြင်း၊
၅။ လာဘ်လာဘ နည်းခြင်း၊
၆။ ဘုန်းတန်ခိုးအာနုဘော်နည်းခြင်း၊
၇။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံ၌ ဖြစ်ရခြင်း။

**ကမ္ဗဝါစာ**= ကမ္မဝါစာ၊ ကံပြုသောအခါ ရွတ်ဆိုအပ်သော ဘုရားဟော တရားပါဠိတော်။

ဘုရားရှင်သာသနာတော်၌ ရဟန်းခံခြင်း၊ ကထိန်ခင်းခြင်း၊ ကထိန်နုတ်ခြင်း၊ သိမ်သမုတ်ခြင်း စသော ရဟန်းသံဃာတော်တို့ ပြုလုပ်အပ်သော ကံကြီးကံငယ်တို့ ရှိကြ၏။ ထိုကံကြီးကံငယ် ကိစ္စကြီးငယ်များ ပြုလုပ်ကြသော အခါ၌ ကမ္မဝါစာရွတ်ဖတ်၍ ပြုလုပ်ကြရ၏။ ကမ္မဝါစာဖတ်ခြင်းသည် ကံကြီးကံငယ်ပြီးမြောက်စေရုံမျှမက ဘေးရန်အန္တရာယ် အနှောင့်အယှက်ကိုပါ ကင်းဝေးစေသည်။

**စေတနာ** = စေတနာစေတသိက်၊ စေ့ဆော်တိုက်တွန်းတတ်သော သဘောတရား၊ ပြုပြင်စီရင်တတ်သော သဘောတရား။

ကောင်းသောအမှု မကောင်းသောအမှုကို ပြုလုပ်ရာ၌ ထိုစေတနာသည် အရင်းခံပဓာနဖြစ်သောကြောင့် စေတနာကို ကံဟု ဘုရားဟောသည်။ ယင်းစေတနာသည် သုံးမျိုးရှိသည်-

၁။ ပုဗ္ဗစေတနာ - မလှူမီရှေ့ပိုင်းကာလ၌ ဖြစ်ပေါ်သော စေတနာ။

၂။ မုဉ္စစေတနာ - ပေးလှူဆဲကာလ၌ ဖြစ်ပေါ်သော စေတနာ။

၃။ အပရစေတနာ - လှူပြီးနောက်ပိုင်းကာလ၌ ဖြစ်ပေါ်သော စေတနာ။

**သင်္ခါရ** = ၁။ ပြုပြင်တတ်သောတရား၊

၂။ ပြုပြင်ခံရသောတရား၊

၃။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏၊

၄။ ခပ်သိမ်းသောသင်္ခါရတရားတို့သည် မတည်မြဲကုန်။

**စင်္ကမ** = ခေါက်တုံ့ခေါက်ပြန် လျှောက်ရန်လမ်း၊ စင်္ကြံ။

မြတ်စွာဘုရားသည် တတိယသတ္တာဟ၌ ဗောဓိပင်အနီးဝယ် ခေါက်တုံ့ခေါက်ပြန် စင်္ကြံကြွတော်မူ၏။

**ပဒက္ခိဏကရဏ** =

လက်ယာရစ်လှည့်ခြင်း။

လိမ္မာယဉ်ကျေးသော ဗုဒ္ဓဘာသာဝင်တို့သည် စေတီပုထိုးများကို ဖူးမြော်ရာ၌ လက်အုပ်ချီပြီး လက်ယာရစ်လှည့်ပတ်လျက် အရိုအသေ ပြုလေ့ရှိကြသည်။

**ပရိဿဝန**= ရေစစ်၊ ဓမ္မကရဏ၊ ဓမ္မကရိုဏ်။

သံဃာတော်များသည် ရေစစ်ဓမ္မကရိုဏ်ဖြင့် ရေကိုစစ်ပြီးမှ ပိုးမွှား ကင်းစင်သော ရေကိုသာ သုံးဆောင်ကြကုန်၏။

**တထာဂတ**= မြတ်စွာဘုရား။

ရှေးဘုရားရှင်တို့ကဲ့သို့ အလား အလာရှိတော်မူသော မြတ်စွာဘုရား။ မြတ်စွာဘုရားရှင် ဤအမည်ဖြင့် ဘုရားရှင်တို့ကို ရည်ညွှန်းပြောဆို လေ့ရှိသည်။

**မာလာဓာရဏာ** = ပန်းပန်ခြင်း။

ဥပုသ်စောင့်ချိန်၌ ပန်းပွင့် ပန်းခိုင်ပန်းကုံးများကို ပန်ဆင်ခြင်း၊ သူတစ်ပါးအား အပန်ခိုင်းခြင်းများ မပြုရ၊ ပြုလျှင် သီလပျက်သည်။

**ဝိလေပန ဝိဘူသန**= ရေမွှေး နံ့သာဆီတို့ဖြင့် လိမ်းကျံခြယ်လှယ်ခြင်း။

ရှစ်ပါးသီလစသော ဥပုသ်သီတင်းစောင့်သူသည် အမွှေးနံ့သာ လိမ်းကျံ ခြယ်လှယ်ခြင်းမှ ရှောင်ကြဉ်ရသည်။

**ဂရုကကမ္မ**= ဂရုကကံ၊ ကြီးလေးသောကံ။

ဂရုက–စသော ကံလေးပါးတို့တွင် ဤဂရုကကံသည် အပြစ်ကြီးဆုံး ကံဖြစ်သည်။ ထိုကံသည်– ကုသိုလ်ဂရုကကံ၊ အကုသိုလ် ဂရုကကံဟူ၍ နှစ်မျိုး ရှိသည်။

**ဓမ္မစက္က**= တရားတည်းဟူသော စက်ဝန်း၊ ဘီး၊ ဓမ္မစကြာတရားဦး။

မြတ်စွာဘုရား ရှေးဦးစွာ ဟောကြားအပ်သောတရားသည် ဓမ္မစကြာ တရားဖြစ်သည်။ ထိုတရားတော်၌ မဇ္ဈိမပဋိပဒါအကျင့်ဖြစ်သော မဂ္ဂင်ရှစ်ပါး နှင့် သစ္စာလေးပါး တရားတို့ပါဝင်သည်။

**ဗုဒ္ဓဝစန**= ဘုရားစကားတော်။

၁။ ပထမဗုဒ္ဓဝစန – ဘုရားအဖြစ်သို့ရောက်ရှိပြီး ပထမဆုံး မြွက်တော်မူသောစကား။ "ခန္ဓာအိမ်ကို တည်ဆောက်ပေးသော တဏှာ ယောကျ်ား အို–လက်သမား၊ သင့်ကို မတွေ့မမြင်ခဲ့သည့်အတွက် ဘဝပေါင်းများစွာ သံသရာတွင် ကျင်လည်ခဲ့ရပြီး အဖန်ဖန် ပဋိသန္ဓေနေရခြင်းဖြင့် ဆင်းရဲတွင်းနက်ခဲ့ရသည်။"စသည်ဖြင့် ဥဒါန်းကျူးရင့်သော ဘုရား စကားတော်။

၂။ မဇ္ဈိမဗုဒ္ဓဝစန – ဘုရားအဖြစ်သို့ရောက်၍ ဥဒါန်း ကျူးရင့်ပြီးသည့်

နောက်မှ ပရိနိဗ္ဗာန်မပြုမီ မြွက်ကြားသည့် နောက်ဆုံးမှာကြား သော စကားမတိုင်မီအတွင်း ဟောကြားခဲ့သော စကားတော်များ၊ တရားတော်များ။

၃။ ပစ္ဆိမဗုဒ္ဓဝစန - မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု အံ့ဆဲဆဲ၌ နောက်ဆုံး မြွက်ကြားတော်မူခဲ့သော "ချစ်သားရဟန်းတို့ သင်တို့ကို ငါဘုရား နောက်ဆုံးစကား မှာကြားခဲ့သည်။ သင်္ခါရတရားမှန်သမျှ ပျက်စီးခြင်း သဘောရှိကုန်၏။ မမေ့လျော့သော သတိတရားနှင့် ပြည့်စုံကြကုန်လော့"ဟူသော စကားတော်။

**ထေရဝါဒ**= မထေရ်အဆက်ဆက်တို့ မပျောက်မပျက်ရအောင် ဆောင်ထား အပ်သော ဘုရားစကားတော် အယူ စကားစဉ်။

အရှင်မဟာကဿပစသော မထေရ်အဆက်ဆက်တို့ မူရင်းမပျက် သံဂါယနာတင်လျက် ထိန်းသိမ်းစောင့်ရှောက်ထားအပ်သော ဘုရားစကား ပါဠိတော်အတိုင်း ကျင့်ကြံနေထိုင်သော အယူဝါဒကို ထေရဝါဒဟုခေါ် ဆိုသည်။

**လောက**= ဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိသော သတ္တဝါ၊ တော တောင် ရေ မြေ-စသည်အားလုံး။

လောကသုံးပါးတို့မှာ-

၁။ ပြုပြင်စီရင်တတ်သော ရုပ်တရား၊ နာမ်တရားတို့၏ အပေါင်းအစု ဖြစ်သော သင်္ခါရလောက၊

၂။ လူ နတ် ဗြဟ္မာ စသော သက်ရှိသတ္တဝါတို့၏ အပေါင်းအစု ဖြစ်သော သတ္တလောက၊

၃။ သတ္တဝါတို့တည်နေရာ ဘုံဌာနဖြစ်သော ဩကာသလောက- တို့ဖြစ်သည်။

**ပုထုဇ္ဇန**= ပုထုဇဉ်၊ အထူးထူးအပြားပြားသော ကိလေသာထူပြောသော သတ္တဝါ၊ အရိယာတို့မှ အသီးအခြားဖြစ်သောသူ၊ လူများစု။

**စက္ကဝါဠ**= စကြဝဠာ၊ လောကဓာတ်။

ဗုဒ္ဓဘာသာအဖွင့်ကျမ်းများ အဆိုအရ-သမုဒ္ဒရာကြီးလေးစင်း၊ ကျွန်းကြီးလေးကျွန်းနှင့် မြင်းမိုရ်တောင်တို့ပါဝင်သော လူ နတ်

ပြဟ္မာ သတ္တဝါတို့ နေထိုင်ရာ ကမ္ဘာလောကကြီးတစ်ခုကို စကြဝဠာ ဟု ခေါ်သည်။ ထိုစကြာဝဠာကို ဝန်းရံနေသော တောင်တန်းကြီး ကိုလည်း စကြဝဠာတောင်ဟုခေါ်သည်။ ဤကဲ့သို့သော စကြဝဠာ ပေါင်း မရေမတွက်နိုင်အောင် ရှိသည်။

**ယောဂ=** ယှဉ်စပ်ခြင်း၊ ထမ်းပိုး။

**ယောဂသည်-**

၁။ ကာမယောဂ - တဏှာထမ်းပိုး၊

၂။ ဘဝယောဂ - ဘဝထမ်းပိုး၊

၃။ ဒိဋ္ဌိယောဂ - အယူထမ်းပိုး၊

၄။ အဝိဇ္ဇာယောဂ-မသိမှုထမ်းပိုး-ဟူ၍ လေးမျိုးရှိသည်။ သတ္တဝါတို့သည် ထိုထမ်းပိုးကို အမြဲတမ်း ပခုံးပေါ်၌ထမ်းလျက် လှည့်လည် နေရသည်။

**ပီတိ=** ပီတိ နှစ်သက်မှု။

## မှီငြမ်းကိုးကားကျမ်းစာများ

၁။ ဓမ္မပဒအဋ္ဌကထာ

၂။ အင်္ဂုတ္တရနိကာယပါဠိ၊ အဋ္ဌကထာ

၃။ ဇာတက အဋ္ဌကထာ

၄။ သုတ္တနိပါတ ပါဠိ၊ အဋ္ဌကထာ

၅။ ဗုဒ္ဓဝံသ အဋ္ဌကထာ

၆။ နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် (မင်းကွန်းဆရာတော်)

၇။ မင်္ဂလတ္ထဒီပနီ (ညောင်ကန်ဆရာတော်)

၈။ ပရာဘဝသုတ်မြန်မာပြန် (စစ်ကိုင်းရွှေဟင်္သာဆရာတော်)

၉။ ငါးရာ့ငါးဆယ်နိပါတ်တော်စကားပြေ(မဟာပညာဗလပဋ္ဌမကျော် ဦးကြီးဖေ)

၁၀။ ဓမ္မပဒဝတ္ထု (သာသနာရေးဦးစီးဌာန)

၁၁။ ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်-သာသနာရေးဦးစီးဌာန)

၁၂။ ဗုဒ္ဓဘာသာကောင်းတစ်ယောက် (သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန)

၁၃။ အခြေပြုသင်္ဂြိုဟ်(မဟာဂန္ဓာရုံဆရာတော်)

၁၄။ ကိုယ်ကျင့်အဘိဓမ္မာ(မဟာဂန္ဓာရုံဆရာတော်)

၁၅။ ရတနာ့ဂုဏ်ရည်(မဟာဂန္ဓာရုံဆရာတော်)

၁၆။ ယဉ်ကျေးမှုဗုဒ္ဓဓမ္မသင်ခန်းစာ(အမျိုးဘာသာသာသနာစောင့်ရှောက်ရေး အဖွဲ့)

၁၇။ မဇ္ဈိမဝံသဗုဒ္ဓဓမ္မသင်တန်း(အလယ်တန်း+အထက်တန်းအဆင့် မဇ္ဈိမဝံသ မြန်မာရဟန်းတော်များအဖွဲ့)

၁၈။ တနင်္ဂနွေဗုဒ္ဓဓမ္မသင်တန်းနှင့် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း (ဒုတိယ+တတိယအဆင့်-မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ပြန့်ပွားရေးအဖွဲ့)

၁၉။ ဗုဒ္ဓဒေသနာတော် ဝေါဟာရ အဘိဓါန် (သာသနာရေးဦးစီးဌာန)

၂၀။ ပိဋကတ်မြန်မာပြန်ကျမ်းစာများ (သာသနာရေးဦးစီးဌာန)

၂၁။ ဗုဒ္ဓဘာသာလက်စွဲကျမ်း (ပ+ဒု-သာသနာရေးဦးစီးဌာန)

၂၂။ ဓမ္မကျောင်းတော်(အရှင်ခေမာနန္ဒ-ရန်ကင်းတောရ၊ သပြေပင်)

# သုတစုံလင် ဗုဒ္ဓဝင်

သမုဒ်ပြင်ထက်၊ ခဏတက်သည့်
ရေပွက်ပမာ၊ လူဖြစ်လာရ၊
ဤဘဝတွင်
ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်
ဘာသာလူမျိုး၊ ဂုဏ်ရှိန်တိုးဘို့
မြတ်နိုးစည်ပင်၊ နည်းသစ်ထွင်၍
ဆင်ယင်ကျင်းပ
"သုတစုံလင် ဗုဒ္ဓဝင်"

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် မေတ္တာဖြူအင်အားစုမှ အလှူငွေ ၁၁-သိန်းကျပ်
(ဆယ့်တစ်သိန်းကျပ်တိတိ) မ-တည် လှူဒါန်းပါသည်။

DESIGN: YE MINN AUNG 2015 09256229167